www.burmeseclassic.com

ဘိက္ခုနီသာသနာဝင်အမျိုးသမီးရဟန်းတို့၏
ဘဝဖြစ်စဉ်များကို ဖော်ပြထားသည့်

## အရှင်ဓမ္မဿာမီဘိဝံသ

စီရင်တော်မူခဲ့သော

ပုံတော်စုံ

# ထေရီ
# အပဒါနဝတ္ထုတော်ကြီး

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်လွှာ

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဦးစိုးမြင့် (သာသနဗေဒသိရီပဝရ ဓမ္မာစရိယ) စေတနာ ရှေ့ထားပြီး ဆဋ္ဌမူပါဠိတော် အဋ္ဌကထာများနှင့် တိုက်ဆိုင်တည်းဖြတ်ပြီး ခေတ်မီသော စကားပြေတို့နှင့် တွဲဖက်၍ ပြင်ဆင်ပေးကြသော ဦးအောင်ညွန့်(ဓမ္မာစရိယ)၊ ဦးကျော်လင်း (ဓမ္မာစရိယ၊ ပါဠိပါရဂူ)၊ ဦးသန်းဆွေတို့အား လည်းကောင်း၊ ကွန်ပျူတာစာစီပေးကြသော ကိုအောင်မင်း (Dream City)နှင့် ကိုဝင်းနိုင်(ဂရပ်ဖစ်ဒီဇိုင်း)တို့အား လည်းကောင်း၊ ကိုမျိုးညွန့် (A-7 Group)ဖလင်၊ ပန်းချီ ဦးသန်းကြွယ်၊ ဦးတင်လှဝင်းထင်တို့အား လည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း ခင်ချိုထွန်းစာပေတိုက်မှ မှတ်တမ်းတင်အပ်ပါသည်။

ဦးသိန်းထွန်း
ခင်ချိုထွန်းစာပေ

BURMESE CLASSIC

**ပုံနှိပ်မှတ်တမ်း**

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀၊ တန်ဖိုး-
ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး
ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍
ဦးသိန်းထွန်း (၀၄၈၂၂) သိန်းထွန်းအော့ဖ်ဆက်
အမှတ် ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ
ပုံနှိပ်သည်။ ဖုန်း-၅၄၂၀၅၆၊ ၅၄၀၅၆၅

**ဖြန့်ချိရေး**

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၅၄၂၀၅၆၊ ၅၄၀၅၆၅

**သန်းမြင့်မြင့်ပိဋကတ်စာအုပ်ဆိုင်**

အမှတ် ၃၇၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁ (လိုင်းခွဲ-၁၇၅)၊ ၀၉-၅၀-၉၉၃၇၆

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဇနကာဘိဝံသ

(ကူးယူပုံနှိပ်ခွင့်မပြု)

www.burmeseclassic.com

www.burmeseclassic.com

# ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး

## နိဒါန်း

ထေရီဟူသော ပါဠိဝေါဟာရစကားလုံးသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလက လွန်စွာလူသိများခဲ့သော ပါဠိစကားလုံးတစ်လုံးဖြစ်သည်။ ထိုသို့ လူသိများသော စကားလုံးဖြစ်ခဲ့ရခြင်းမှာ ထိုအချိန်က သာသနာ့ဝင် အမျိုးသမီးများ များပြားခြင်း၊ ထိုများပြားသော သာသနာ့ဝင် အမျိုးသမီးများနှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။

## သီတင်းသုံးဖော်လေးမျိုး

ဗုဒ္ဓသာသနာတော်တွင် သီတင်းသုံးဖော်၊ တစ်နည်းအားဖြင့် သာဝက လေးမျိုးရှိသည်။ ထိုလေးမျိုးမှာ ၁။ ဘိက္ခုဟုခေါ်သော အမျိုးသား ရဟန်းတော်များ၊ ၂။ ဘိက္ခုနီဟုခေါ်သော အမျိုးသမီး ရဟန်းများ၊ ၃။ သာမဏေဟု ခေါ်သော အမျိုးသား ကိုရင်များနှင့် ၄။ သာမဏေရီဟုခေါ်သော အမျိုးသမီး ကိုရင်များတို့ ဖြစ်ကြသည်။

ထိုလေးမျိုးတို့တွင် အမျိုးသား ရဟန်းတော်များကို ဘိက္ခုဟူ၍ လည်းကောင်း၊ ထေရဟူ၍ လည်းကောင်း၊ အမျိုးသမီး ရဟန်းများကို ဘိက္ခုနီဟူ၍ လည်းကောင်း၊ ထေရီဟူ၍ လည်းကောင်း ခေါ်ဆိုကြသေးသည်။

သာသနာ့ဝင် အမျိုးသားများအတွက် ပထမအဆင့်သည် သာမဏေရခေါ် ကိုရင်တို့ဖြစ်ကြသည်။ ထို့နောက်မှ ဘိက္ခုနှင့် ထေရဟုခေါ်သော ရဟန်း အဖြစ်တက်ရောက်ကြရသည်။

## အမျိုးသမီးတို့အတွက်

အမျိုးသမီးများ သာသနာတော်တွင်းသို့ ဝင်ရောက်ကြရာ၌ ပထမ သိက္ခမာန်၊ ထို့နောက် သာမဏေရီ၊ ထို့နောက်မှ ဘိက္ခုနီ တစ်နည်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထေရီအဖြစ် ကူးပြောင်းနိုင်သည်။ သိက္ခမာန်ဟူသည်မှာ သိက္ခာပုဒ် ခြောက်ပါးကို ကျင့်သုံးနေသူ အမျိုးသမီးများဖြစ်သည်။ ထိုသိက္ခာပုဒ်ခြောက်ပါးမှာ-

၁။ ပါဏာတိပါတာ၊ သူ့အသက်မသတ်ခြင်း၊
၂။ အဒိန္နာဒါန၊ သူ့ဥစ္စာမခိုးရခြင်း၊
၃။ အဗြဟ္မစရိယ၊ မေထုန်အကျင့်မကျင့်ရခြင်း၊
၄။ မုသာဝါဒ၊ မုသားစကားမပြောရခြင်း၊
၅။ သုရာမေရယ၊ သေရည်အရက်မသောက်ရခြင်း၊
၆။ ဝိကာလဘောဇန၊ နေလွဲညစာ မစားရခြင်းတို့ ဖြစ်ကြသည်။

ဘိက္ခု၊ တစ်နည်းအားဖြင့် ထေရတို့တွင် ရဟန္တာမဖြစ်သေးသော ရဟန်းများနှင့် ရဟန္တာဖြစ်ပြီးသော ရဟန်းများ အားလုံးပါဝင်သည်။ အလားတူ ထေရီတို့တွင်လည်း တရားမရသေး၍ ရဟန္တာမဖြစ်သေးသူ အမျိုးသမီး ရဟန်းများနှင့် တရားရပြီး၍ ရဟန္တာ ဖြစ်သွားသော အမျိုးသမီးရဟန်းတို့ပါ ပါဝင်သည်။

## ရဟန်းအစ အညာသိကောဏ္ဍည

သာသနာတော်တွင် ပထမဦးဆုံးဖြစ်သော အမျိုးသားရဟန်းမှာ သိဒ္ဓတ္ထမင်းသားလေးအား ဧကန္တဘုရားဖြစ်မည်ဟု လက်ညှိုးတစ်ချောင်းကိုသာ ထောင်ပြပြီး ဟောကြားခဲ့သည် ကောဏ္ဍညပုဏ္ဏား၊ တစ်နည်းအားဖြင့် ပဉ္စဝဂ္ဂီအဖွဲ့ဝင် အရှင်အညာသိကောဏ္ဍည ဖြစ်သည်။ အရှင်အညာသိကောဏ္ဍညသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်တော်မူပြီး၍ ပထမဦးဆုံးဟောသည့် ဓမ္မစကြာတရားကို နာကြားရသောအခါ သောတာပန်ဖြစ်လာသည်။ ထို့နောက် ဧဟိဘိက္ခုအဖြစ် ရဟန်းဘောင်သို့ ရောက်ခဲ့သည်။

ထို့ကြောင့် အရှင်အညာသိကောဏ္ဍညသည် သာသနာတော်၏ ပထမဦးဆုံးသော ရဟန်းလည်းဖြစ်၍ ပဉ္စဝဂ္ဂီငါးဦးတို့တွင် ပထမဦးဆုံး တရားသိသူလည်း ဖြစ်သည်။ အရှင်အညာသိကောဏ္ဍညကို "ရဟန်းတော်အစ အညာသိ ကောဏ္ဍည"ဟု သတ်မှတ်သမုတ် ပြုထားကြသည်။

အရှင်အညာသိကောဏ္ဍည သာသနာဝင် ရဟန်းဖြစ်ပြီးမှ အခြားသော ပဉ္စဝဂ္ဂီလေးဦးဖြစ်သည့် ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိတို့သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



အညာသိကောဋ္ဌာည နောက်ပိုင်းတွင် အသီးသီး သောတာပန်ဖြစ်ကြပြီး သာသနာ၀င် ရဟန်းများဘ၀ ရောက်လာကြသည်။

## အမျိုးသမီးရဟန်းအစ မိထွေးတော်ဂေါတမီက

အမျိုးသမီးတို့တွင်မူ ဘုရားရှင်၏ မိထွေးတော်ကြီးဖြစ်သော မဟာပဇာပတိ ဂေါတမီသည် ပထမဦးဆုံးရဟန်းပြုခွင့်ရသည့် အမျိုးသမီးဖြစ်သည်။ ဂေါတမီသည် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား၏မယ်တော် မဟာမာယာဒေဝီ၏ ညီမတော်အရင်း ဖြစ်သည်။ ဤဂေါတမီသည်ပင် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားအား ငယ်ရွယ်စဉ် မယ်တော်ကွယ်လွန်ချိန်မှစပြီး တစ်သက်တာလုံး ကျွေးမွေးပြုစု ယုယစောင့်ရှောက်ခဲ့သူ ဖြစ်သည်။ မိထွေးတော်ဂေါတမီသည် အမျိုးသမီးတို့တွင် ပထမဦးဆုံး ရဟန်းပြုခွင့်ရသူဖြစ်၍ "အမျိုးသမီးရဟန်းအစ ဂေါတမီက"ဟု သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။

ဘုရားရှင်သည် အမျိုးသား၊ အမျိုးသမီးတို့အား သာသနာတွင်းသို့ ၀င်ရန် ခွင့်ပြုခဲ့ရာ၌ ကွဲပြားခြားနားသော ပညတ်တော်များ သတ်မှတ်ခဲ့သည်။

## ခြားနားသော ခွင့်ပြုချက်ဖြင့်

အမျိုးသားများ သာသနာတွင်း၀င်ရန်အတွက် ယောက်ျားစင်စစ်ဖြစ်ခြင်း၊ မိဘစသည်တို့၏ ခွင့်ပြုချက်ရခြင်းနှင့် အကြမ်းဖျင်းအားဖြင့် အသက်ကန့်သတ်ချက်တို့သာ ထားရှိခဲ့သည်။ အမျိုးသမီးတို့အတွက်မူ ထိုအချက်များသာမက ဂရုဓမ္မ တရားရှစ်ပါး ပညတ်ပေးတော်မူခဲ့ခြင်း၊ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ နှစ်မျိုးတို့ထံ၌ သိမ်၀င်ကာ ဉတ္တိစတုတ္ထ ကမ္မဝါစာဖတ်ရခြင်း စသည်တို့ပါ ပညတ်ချက်များ ထားရှိခဲ့သည်။ ထို့ကြောင့် ခြားနားသည်ဟု ဆိုနိုင်ပေသည်။

## ခရီးရှည်လာခဲ့သူ မိထွေးတော်

မိထွေးတော် ဂေါတမီသည် ဘိက္ခုနီအဖြစ် သာသနာတွင်းသို့ ၀င်ရန် ရှည်လျားလှသော ခရီးကိုလျှောက်လာခဲ့ရသည်။ ဘုရားရှင်နှင့်တွေ့သောအခါ၌လည်း နှစ်ကြိမ်သုံးကြိမ် ပန်ကြားလျှောက်ထားခွင့် တောင်းခဲ့ရရုံမျှမက အရှင်

www.burmeseclassic.com

www.burmeseclassic.com

(ဃ) နိဒါန်း

အာနန္ဒာမထေရ်ကြီးကပါ ကြိုးကြောင်းတို့ဖြင့် ပါဝင်လျှောက်ထားပေးခဲ့ရသည်။ ထိုအခါမှ မိထွေးတော်ဂေါတမီသည် ဘိက္ခုနီဖြစ်ခွင့်ရကာ သာသနာတွင်း ဝင်ခဲ့ရသည်။

## လေးစားဂုဏ်ပြုခဲ့ကြ

မိထွေးတော် ဂေါတမီသည် သာသနာတော်တွင် အဦးအစပထမဆုံး ရဟန်းပြုခွင့်ရသူဖြစ်၍ မိထွေးတော်ဂေါတမီထေရီကြီးအား ဘိက္ခုနီတို့က ဘိက္ခုနီသာသနာ့မိခင်ကြီး၊ အမျိုးသမီးတို့အား သာသနာတော်အတွင်း ဝင်ခွင့်ရစေရန် ကြိုးစားစွမ်းဆောင်ပေးခဲ့သူကြီး ၊ အမျိုးသမီးထုကြီးအား သာသနာတော်အတွင်းသို့ဝင်ကာ မဂ်လမ်း၊ ဖိုလ်လမ်းမှ နိဗ္ဗာန်အထိ ကူးရောက်နိုင်အောင် လမ်းပြပေးခဲ့သူကြီးအဖြစ် လေးစားဂုဏ်ပြု သိမှတ်တန်ဖိုးထားကြသည်။

## သာသနာတွင်းဝင်လာကြပြီ

မိထွေးတော် ဂေါတမီထေရီ သာသနာတော်အတွင်းဝင်ကာ ဘိက္ခုနီပြုခွင့်ရပြီးသောအခါတွင်မူ နန်းတော် အသိုင်းအဝိုင်းမှ မင်းညီမင်းသားများ၊ ၎င်းတို့၏ ဇနီးမယားနှင့် သမီးများ စသည်တို့သည် သာသနာတွင်းသို့ ဝင်လာခဲ့ကြသည်။ ထို့နောက်တွင်မူ ထိုအချိန်ကရှိနေသော ခတ္တိယ- မင်းမျိုး၊ ဗြာဟ္မဏ- ပုဏ္ဏားမျိုး၊ ဝဿ-ကုန်သည်မျိုးနှင့် သုဒ္ဒခေါ် အခြားသော အမျိုးများမှ အမျိုးသမီးတို့သည်လည်း သာသနာတော်အတွင်းသို့ ဝင်လာကြတော့သည်။

## ရှာဖွေစုဆောင်းပြုစုခဲ့

ဤပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီးသည် မိထွေးတော်ဂေါတမီထေရီမှအစ များစွာသော ဘိက္ခုနီသာသနာဝင် အမျိုးသမီး ရဟန်းတို့၏ အတိတ်နှင့် ပစ္စုပ္ပန်ဘဝ ဖြစ်ပုံအစုံစုံကို သာသနာဝင် ကျမ်းများဖြစ်သော ထေရ၊ ထေရီ ပါဠိတော်များ၊ အဋ္ဌကထာများ၊ အပဒါန်ကျမ်းများ၊ ဇာတကကျမ်းများ၊ အင်္ဂုတ္တိုရ်၊ ဓမ္မပဒ, စသော ကျမ်းပေါင်း များစွာတို့မှ ထုတ်နုတ်ကာ ရှာဖွေစုဆောင်း ပြုစုထားသော ကျမ်းတစ်စောင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤထေရီအပဒါန်ကို ဖတ်လျှင်

ဤပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီးကိုဖတ်လျှင် ဘဝများစွာမှစပြီး ဘဝအဆက်ဆက်တို့၌ ကုသိုလ်ကောင်းမှုများပြုကာ ပါရမီများဖြည့်ခဲ့ကြသူ အမျိုးသမီးများကို တွေ့နိုင်ပေသည်။ ထိုအမျိုးသမီးတို့အထဲတွင် အချို့တို့သည် ဘုရားရှင်၏ လက်ယာတော်ရံနှင့် လက်ဝဲတော်ရံ တပည့်များဖြစ်ဖို့ ရည်ရွယ်ကာ ပါရမီဖြည့်ခဲ့ကြသည်။

အလားတူ အခြားထေရီလောင်းလျာတို့သည်လည်း ထူးထူးခြားခြား ဘုရားရှင်က ဂုဏ်ပြုသော ဧတဒဂ်ဘွဲ့ထူးဂုဏ်ထူးများရရှိကာ သံသရာဘဝ ဇာတ်သိမ်းစေရန် မိဋ္ဌာန်ပြီး ပါရမီဖြည့်ကျင့်ခဲ့ကြသည်။ ထိုသို့ ပါရမီ ဖြည့်ကျင့်ခဲ့သဖြင့် သူတို့ ရည်ရွယ်မျှော်မှန်းသည့်အတိုင်း တရားကို သိမြင်ကာ ပရိနိဗ္ဗာန် စံသွားကြရသူများကိုလည်း တွေ့နိုင်ပေသည်။

## အကောင်းအဆိုး အစုံစုံဖြင့်

ထေရဝါဒ အယူအဆအရ သံသရာသည် ရှည်လျားလှသည်။ ဤသို့ ရှည်လျားလှသော သံသရာခရီးတစ်လျှောက်၌ ဤထေရီတို့သည် အကောင်း ရော အဆိုးပါ ဖြစ်ပုံပျက်ပုံ အဖုံဖုံတို့ဖြင့် ဘဝခရီးကို လျှောက်လှမ်းလာခဲ့ ကြရသည်။ ချမ်းသာသုခ ရရှိစံစားခဲ့ရသော ဘဝများနှင့် ကြုံခဲ့ရသကဲ့သို့ ပြုခဲ့ ဖူးသော အကုသိုလ်မှုကြောင့် ဆင်းဆင်းရဲရဲဖြင့် သံသရာတစ်လျှောက် ကျင်လည်ခဲ့ရသော ထေရီအချို့ကိုလည်း တွေ့မြင်နိုင်ပေသည်။

## ကံသာလျှင် အမိ အဖ

ဘုရားရှင်ကလည်း သတ္တဝါဝေနေယျတို့အား မိမိပြုခဲ့သောအလုပ် (ကောင်းကံ-ဆိုးကံ)သည်သာ အမိဖြစ်သည်။ ကံသာလျှင် အဖဖြစ်သည်။ ကံ၏ (မိမိပြုခဲ့သောအလုပ်၏) ဆိုးမွေ ကောင်းမွေကို သတ္တဝါ ဝေနေယျတို့ ခံယူခဲ့ကြရသည်ဟု ဟောကြားညွှန်ကြားထားပေသည်။ ဤကျမ်းစာ၌ ဖော်ပြ ပါရှိသော ထေရီပေါင်းစုံတို့၏ ဘဝအဖြစ်အပျက်များသည် ဗုဒ္ဓ၏ညွှန်ပြ ဆုံးမမှုများနှင့် လုံးဝ ကိုက်ညီမှန်ကန်နေကြောင်း သက်သေပြလျက် ရှိကြ ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

## ကျမ်းစာ၏ ရည်ရွယ်ချက်

ဤကျမ်းစာ၏ ရည်ရွယ်ချက်မှာ ရဟန်းရှင်လူ ပြည်သူ အရွယ်မရွေး ထေရဝါဒလာ ဘာသာယဉ်ကျေးမှုဆိုင်ရာ အသိပညာများ ပိုမို ရရှိစေရန် ဖြစ်သည်။

## နည်းနှစ်မျိုးဖြင့် ဖော်ပြထား

ထေရီတို့၏ အကြောင်းအရာများကို ဖော်ပြရာ၌ စကားပြေဖြင့် ပထမ ဖော်ပြထားသည်။ ထို့နောက် ထေရီတို့ ရဟန္တာဖြစ်ကြသောအခါ ပြန်လည် ဟောပြချက်များကို ပါဠိဂါထာများ၊ ဂါထာအနက် နိဿယများအားဖြင့် ဒုတိယ ထပ်မံ ဖော်ပြထားသည်ကို တွေ့ရပေမည်။

ဤသို့ နည်းနှစ်မျိုးဖြင့် ဖော် ပြရခြင်းမှာ ပါဠိစာပေ မကျွမ်းကျင်သူများ အနေဖြင့် စကားပြေဖြင့် ဖော်ပြထားသော ထေရီတို့အကြောင်း (ထေရီအပ ဒါန်)တို့ကို ဖတ်ရှုကာ ထေရီတို့ဘဝ အစုံကို သိနိုင်မည်။ ပါဠိကျွမ်းကျင်သူနှင့် တစ်ဆင့်ဟောပြလိုသူတို့အတွက် ပါဠိဂါထာများ၊ ဂါထာအနက်ပေးထား ပုံများကို ဖတ်ရှုကာပိုမို၍ မှတ်သားလွယ်နိုင်သည်။ ဂါထာအနက်ပေးနည်းများ မှာလည်း ရှေးရိုးဆန်ဆန်ဖော်ပြထားခြင်း မဟုတ်ပေ။ ခေတ်စနစ် အခြေ အနေအရ သုံးနှုန်းသောစကားလုံးများဖြင့် ဖော် ပြထားသည်ကို တွေ့ရပေမည်။ ဤသည်မှာ ပါဠိနှင့် ပါဠိအနက်များကို ဖတ်ရှုရာ၌ ငြီးငွေ့မှုနည်းစေရန်ဖြစ် ပေသည်။ အကြောင်းအရာ အချို့၌ ကာလာရောင်စုံပုံများဖြင့် ဖော်ပြထားရာ ပိုမိုသိလွယ်၊ မှတ်မိလွယ်စေပြီး စိတ်ဝင်စားမှုပိုရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

*ဦးအောင်ညွန့် (ဓမ္မာစရိယ)*
*တည်းဖြတ်ပြင်ဆင်သူ*

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းဆရာ၏ ထေရုပ္ပတ္တိအကျဉ်း

မုံရွာမြို့၏ မြောက်ဘက် (၂၅)မိုင်ခန့်အကွာဝေးသောအရပ်၌ သက္ကရာဇ် ၉၇၉ ခုနှစ် (နော့သုံး၊ ဝါးသုံး၊ နော့သုံး = ၉၉၉။ ဝါးသုဉ်း = ဝါးတောကြီး ရှင်းလင်းခုတ်ထွင်ပြီးစီး) ကြီးမားလှစွာသော ဝါးတောကြီးကို ခုတ်ထွင်ရှင်းလင်း ပြီးလျှင် စတင် ရွာတည်လာခဲ့သော "ဝါးတောမရွာ"ကြီး ရှိပေသည်။

ရွာ၏မြောက်ဘက်၌ ဘုရားသုံးဆူ၊ တိုက်ကျောင်းကြီး သုံးကျောင်း၊ သစ်သားကျောင်းကြီးများနှင့် ခမ်းနားကြီးကျယ်သော သိမ်ကုန်းကျောင်း၊ ရွာ၏ အရှေ့ဘက်၌ ကုန်းကျောင်းနှင့် ကျွန်းရင်းကျောင်း၊ ရွာ၏ တောင်ဘက်၌ ဥက္ကံကျောင်း၊ ရွှေညောင်ပင်ကျောင်း၊ ရွာ၏အနောက်ဘက်၌ ဘုရားကြီး ကျောင်းတို့ အသီးသီး ရှိကြ၏။

ရွာ၏ အနောက်တောင်ထောင့် (စနေထောင့်) ၃ ဖာလုံခန့်ဝေးသော အရပ်၌ တစ်နယ်လုံး ကိုးကွယ်နေကြသော တန်ခိုးကြီး "ရွှေစည်းခုံစေတီတော် မြတ်ကြီး" ရှိပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အစဉ်မပြတ် နေထိုင်လာခဲ့ကြသော ဝါးတောမရွာကြီး၏ အရှေ့ပိုင်း ရွှေပန်းထိမ်သည် (ဘုရားဒကာ) ဦးညွန့် - ဒေါ်ရွှေထယ်နှင့် သားသမီးများဖြစ်ကြသော ဦးပေါခင်၊ ဦးပေါတင်၊ ဒေါ်စော ကြွယ်၊ ဒေါ်စောနွဲ့၊ ဦးပေါလှ၊ ဦးပေါသတို့ နေထိုင်ခဲ့ကြသည်။

ရွာလယ်ပိုင်း၌ သက်နိုးပရိက္ခရာကုန်သည်ကြီး ဘုရားဒကာ၊ ကျောင်း ဒကာ (ဦးရွှေပိုင်-ဒေါ်မင်းအုံ)နှင့် သားသမီးများဖြစ်ကြသော ဒေါ်ဖွားမင်၊ ဒေါ်ဖွားမယ်၊ ဦးလူဒင်၊ ဒေါ်စောရှိန်၊ ဒေါ်စောသင့်၊ ဦးလူသင်တို့ နေထိုင်ခဲ့ကြ သည်။

ဦးပေါတင်-ဒေါ်စောသင့်တို့မှ မောင်သောင်းအေး၊ မောင်သောင်းချယ်၊ မောင်သောင်းနွယ်၊ မောင်သောင်းစိန်၊ မောင်သောင်းကြည်၊ မမြကြည်၊ မမြနီ၊ မမြသင်းဟု သားသမီးရှစ်ယောက် ထွန်းကားရာ ဤကျမ်းစာရှင်မှာ ၁၂၉၆ ခုနှစ်၊ တန်ဆောင်းမုန်းလဆုတ် ၈ ရက်နေ့တွင် ဖွားမြင်သော စတုတ္ထမြောက် သားရတနာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၈) ကျမ်းဆရာ၏ ထေရုပ္ပတ္တိအကျဉ်း

၁၃၁၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ၁၃၁၃ ခုနှစ်၌ ပထမငယ်တန်း၊ ၁၃၁၄ ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၆ ခုနှစ်၌ ပထမကြီးတန်း (ပါဠိဂုဏ်ထူး)၊ ၁၃၁၇ ခုနှစ်၌ စာချတန်း ကျမ်းရင်း နှစ်ကျမ်းနှင့် ဂုဏ်ထူးငါးကျမ်း၊ ၁၃၁၉ ခုနှစ်၌ သီလက္ခန်ကျမ်းရင်း တစ်ကျမ်း နှင့် ပါဠိဂုဏ်ထူး အင်္ဂုတ္တရနိကာယ်ကျမ်းတို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၁၉ ခုနှစ်၌ပင် ဘာသန္တရ ပုစ္ဆာပေါင်း ၁၀၀၀ ကို ဖြေဆိုရာ ပထမ ရသဖြင့် ပထမကျော်နှင့် ဝိသိဋ္ဌဓမ္မာစရိယ ရွှေတံဆိပ်ကို ရရှိခဲ့ပါသည်။

၁၃၁၅ ခုနှစ် တပေါင်းလပြည့်နေ့၌ မြောင်းမြမြို့ ပဋ္ဌာဝတာရုံ ပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ သာသနဝိသောဓနီသိမ်၌ ဆရာတော် အရှင်ပညာ ဇောတ(ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော်)ကို ဥပဇ္ဈာယ်ပြု၍ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

### ကျမ်းစာများ ရေးသားခြင်း

| | |
|---|---|
| ၁၃၁၄ ခုနှစ်၌ | ကူညီရေး ရူပသိဒ္ဓိ၊ |
| ၁၃၁၅ ခုနှစ်၌ | ကူညီရေး ဆန်းနိဿယ၊ |
| ၁၃၁၈ ခုနှစ်၌ | ဆန္ဒောသန္နယဒီပ္ပဏီ၊ |
| ၁၃၂၀ ခုနှစ်၌ | အလင်္ကာရသန္နယဒီပ္ပဏီ၊ |
| ၁၃၂၁ ခုနှစ်၌ | စာစပ်နည်းပေါင်းချုပ်၊ |
| ၁၃၂၂ ခုနှစ်၌ | ကူညီရေးပါတိမောက်၊ |
| ၁၃၂၄ ခုနှစ်၌ | ကူညီရေးကခ်ီ၊ |
| ၁၃၂၆ ခုနှစ်၌ | ခေတ်မီ ပါဠိ-မြန်မာအဘိဓာန်၊ |
| ၁၃၂၈ ခုနှစ်၌ | သဒ္ဒသန္နယဒီပ္ပဏီ၊ |
| ၁၃၃၃ ခုနှစ်၌ | ၂၅-ခန်း ကမ္မဝါ၊ |
| | ပုံတော်စုံ ဝိပါက်တော် ၁၂-ပါး၊ |
| ၁၃၃၄ ခုနှစ်၌ | ခေတ်မီသရုပ်ပြ အဘိဓမ္မာ၊ |
| | ဒက္ခိဏာသာခါ ဘုရားသမိုင်းတော်၊ |
| | မဟာသတိပဋ္ဌာန် ဝတ္ထုတော်ကြီး၊ |
| | မဏ္ဍိုင် ရှင်ကျင့်ဝတ်နှင့် ဒုလ္လဘရဟန်းကျင့်ဝတ်။ |

www.burmeseclassic.com

www.burmeseclassic.com



၁၃၃၅ ခုနှစ်၌ အခန်း ၁၀၀ ကမ္ဘဝါ၊
ခေတ်မီ သဒ္ဒါကြီးနိဿယ၊
ခေတ်မီ မာတိကာ ဓာတုကထာ
အရကောက်နှင့် အဖွင့်၊
ခေတ်မီဝင် ကိုးဝင်၊ (ထွက်တော့မည်)
ခေတ်မီ ရေစက်ချနည်းတစ်ထောင်၊
ဝိပါက်တော်တစ်ထောင်၊
ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်၊
ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး (ပ-ဒု)၊
ပုံတော်စုံ ပေတဝတ္ထုတော်ကြီး၊
ပုံတော်စုံ ဝိမာနဝတ္ထုတော်ကြီး၊
ပုံတော်စုံ ထေရအပဒါန်ဝတ္ထုတော်ကြီး၊
ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး၊
ကျမ်းစာအုပ်များ ရေးသားပြုစုခဲ့ပါသည်။

## သာသနာဝင် ကျေးဇူးရှင်များ

ဤကျမ်းစာရှင်၏ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားများမှာ-

မုံရွာခရိုင် အရာတော်မြို့နယ် ဝါးတောမရွာ သိမ်ကုန်းကျောင်း တတိယဆရာတော် အရှင်ကဝိန္ဒ၊ စတုတ္ထ ဆရာတော် အရှင်နာယက၊ စာချ အရှင်ဇနိတ၊ အရှင်သုဇာတ။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ဒသမမြောက် ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ သကျသီဟ ဓမ္မာစရိယ မြောင်းမြဆရာတော် အရှင်ဉာဏာဘိဝံသ။

(ဤဆရာတော်မှာ မိမိ သာမဏေဘဝက အမြဲ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။)

မြောင်းမြမြို့ ပဋ္ဌာတာရုံပါဠိတက္ကသိုလ်အုပ် အရှင်ဉာဏိက (ဓမ္မာစရိယဘာသန္တရဆေက၊ B.A)၊ ကတိက အရှင်ကုမာရ (ဓမ္မာစရိယ၊ ဂန္ထကာရက)၊ ကထိက အရှင်ကုန္တဝံသ (ဓမ္မာစရိယ)၊ စာချ အရှင်အဂ္ဂဝံသ၊ အရှင်နာဂ သင်္ချာနည်းပြ အရှင်ပရမ။



www.burmeseclassic.com

www.burmeseclassic.com

## (ည) ကျမ်းဆရာ၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်၊ ဘာသန္တရနည်းပြ အရှင်ကဝိဓဇ (ဓမ္မာစရိယ)။

အိန္ဒိယပြည် နာလန္ဒာတက္ကသိုလ် သက္ကတနှင့် အင်္ဂလိပ်စာနည်းပြ ဆရာတော် အရှင်ကေလာသ (M.A)။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိက၊ ဂန္ထကာရက၊ ဓမ္မာစရိယ)

[ဤဆရာတော်မှာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါသည်။]

တိုက်ကြီးမြို့ မဖိုးရိမ်ကျောင်းတိုက် ဆရာတော် အရှင်အဂ္ဂိန္ဒ (ဓမ္မာစရိယ) တို့ ဖြစ်ပါသည်။

အထက်ပါ အနန္တ ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အနန္တကျေးဇူးတော်များကို စာပေပို့ချခြင်း၊ ကျမ်းစာရေးသားခြင်း စသော ပရိယတ်၊ ပဋိပတ် အကျင့်မြတ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခြင်းဖြင့် ကျေးဇူးဆပ်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂေါတမီထေရီ အပဒါန်ဝတ္ထု | ၁ |
| ၂။ | ခေမာထေရီ အပဒါန်ဝတ္ထု | ၄၅ |
| ၃။ | ဥပ္ပလဝဏ်ထေရီ အပဒါန်ဝတ္ထု | ၉၄ |
| ၄။ | ပဋာစာရီထေရီ အပဒါန်ဝတ္ထု | ၁၄၀ |
| ၅။ | ဓမ္မဒိန္နာထေရီ အပဒါန်ဝတ္ထု | ၁၆၀ |
| ၆။ | ဘဒ္ဒကစ္စာနာထေရီ အပဒါန်ဝတ္ထု | ၁၈၂ |
| ၇။ | ကိသာဂေါတမီထေရီ အပဒါန်ဝတ္ထု | ၁၉၉ |
| ၈။ | ရူပနန္ဒာထေရီ အပဒါန်ဝတ္ထု | ၂၂၈ |
| ၉။ | ကုဏ္ဍလကေသာထေရီ အပဒါန်ဝတ္ထု | ၂၇၅ |
| ၁၀။ | သောဏာထေရီ အပဒါန်ဝတ္ထု | ၃၀၁ |
| ၁၁။ | နန္ဒုတ္တရာထေရီ အပဒါန်ဝတ္ထု | ၃၁၈ |
| ၁၂။ | ဝိဇယာထေရီ အပဒါန်ဝတ္ထု | ၃၂၅ |
| ၁၃။ | ကာဠီထေရီ အပဒါန်ဝတ္ထု | ၃၃၃ |
| ၁၄။ | သကုလာထေရီ အပဒါန်ဝတ္ထု | ၃၃၉ |
| ၁၅။ | အညတရထေရီ အပဒါန်ဝတ္ထု | ၃၄၇ |
| ၁၆။ | ဝိမလာထေရီ အပဒါန်ဝတ္ထု | ၃၅၂ |
| ၁၇။ | သီဟာထေရီ အပဒါန်ဝတ္ထု | ၃၅၉ |
| ၁၈။ | ဥတ္တရာထေရီ အပဒါန်ဝတ္ထု | ၃၆၅ |
| ၁၉။ | စာလာထေရီ အပဒါန်ဝတ္ထု | ၃၇၀ |
| ၂၀။ | ဥပစာလာထေရီ အပဒါန်ဝတ္ထု | ၃၇၆ |
| ၂၁။ | သီသူပစာလာထေရီ အပဒါန်ဝတ္ထု | ၃၇၉ |
| ၂၂။ | ဝၯမာတာထေရီ အပဒါန်ဝတ္ထု | ၃၈၂ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | ထေရိကာထေရီ အပဒါန်ဝတ္ထု | ၃၉၂ |
| ၂၄။ | မုတ္တာထေရီ အပဒါန်ဝတ္ထု | ၄၀၀ |
| ၂၅။ | ပုဏ္ဏာထေရီ အပဒါန်ဝတ္ထု | ၄၀၇ |
| ၂၆။ | စန္ဒာထေရီ အပဒါန်ဝတ္ထု | ၄၁၁ |
| ၂၇။ | ဘိက္ခုနီသုံးကျိပ်တို့၏ အပဒါန်ဝတ္ထု | ၄၁၉ |
| ၂၈။ | အဘယမာတာထေရီ အပဒါန်ဝတ္ထု | ၄၂၀ |
| ၂၉။ | သုဇာတာထေရီ အပဒါန်ဝတ္ထု | ၄၃၂ |
| ၃၀။ | ပုဏ္ဏိကာထေရီ အပဒါန်ဝတ္ထု | ၄၃၉ |
| ၃၁။ | ဝါသိဋ္ဌီထေရီ အပဒါန်ဝတ္ထု | ၄၄၆ |
| ၃၂။ | သုဘာထေရီ အပဒါန်ဝတ္ထု | ၄၅၃ |
| ၃၃။ | ဣသိဒါသီထေရီ အပဒါန်ဝတ္ထု | ၄၅၈ |
| ၃၄။ | အဘယထေရီ အပဒါန်ဝတ္ထု | ၄၆၅ |
| ၃၅။ | အမ္ဗပါလီထေရီ အပဒါန်ဝတ္ထု | ၄၇၄ |
| ၃၆။ | ဥတ္တမာထေရီ အပဒါန်ဝတ္ထု | ၄၈၀ |
| ၃၇။ | သုကာထေရီ အပဒါန်ဝတ္ထု | ၄၈၆ |
| ၃၈။ | စာပါထေရီ အပဒါန်ဝတ္ထု | ၅၀၂ |
| ၃၉။ | သုမင်္ဂလမာတာထေရီ အပဒါန်ဝတ္ထု | ၅၁၁ |
| ၄၀။ | ဥပ္ပရီထေရီ အပဒါန်ဝတ္ထု | ၅၁၃ |
| ၄၁။ | ဒန္တိကာထေရီ အပဒါန်ဝတ္ထု | ၅၂၀ |
| ၄၂။ | သေလာထေရီ အပဒါန်ဝတ္ထု | ၅၂၈ |
| ၄၃။ | သောမာထေရီ အပဒါန်ဝတ္ထု | ၅၄၃ |
| | ကျမ်းစာ၏နိဂုံး | ၅၅၂ |
| | နိဂုံးချုပ် ကေပိုဒ် | ၅၅၄ |


မာတိကာပြီး၏

www.burmeseclassic.com

www.burmeseclassic.com



## ပုံတော်စုံ

# ထေရီအပဒါန် ဝတ္ထုတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဂေါတမီထေရီ အပဒါန်ဝတ္ထု

ဂေါတမီထေရီသည် ဘုရားရှင်၏ မိထွေးတော်ကြီးဖြစ်သည်။ ဤထေရီမကြီးလောင်းလျာသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်အခါက ဟံသာဝတီနေပြည်တော်၌ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသော အမတ်ကြီးတစ်ဦး၏ သမီးဖြစ်ပြီး ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသော အမျိုးကောင်းသမီးတစ်ဦး ဖြစ်ခဲ့သည်။

တစ်နေ့သောအခါ ထိုအမျိုးသမီးကလေးသည် ဖခင်နှင့်အတူ ကျွန်မပေါင်းများစွာ ခြံရံလျက် ဘုရားရှင်ထံသို့သွားပြီး တရားတော်မြတ်ကို နာကြားသည်။ ထိုစဉ်အခါက ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိထွေးတော်ဖြစ်သည့် ဘိက္ခုနီအရှင်မြတ်ကြီးအား "ရတ္တညူဧတဒဂ်"ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားသည်ကို မြင်ရသဖြင့် ထိုအမျိုးသမီး ကလေးသည်လည်း ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရသော မိထွေးတော် ဘိက္ခုနီမကြီးကဲ့သို့ ဖြစ်လိုသောဆန္ဒများ ဖြစ်ပေါ်ခံစားလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြုခဲ့သောကောင်းမှု

ထို့နောက် အမျိုးသမီးကလေးသည် ဘုရားရှင်ထံမှ အိမ်သို့ပြန်လာပြီး ဖခင်ကြီးထံ ပန်ကြား၍ အလှူမဏ္ဍပ်ကြီးတစ်ဆောင်ကို တင့်တယ်ခမ်းနားစွာ ဆောက်လုပ်စေသည်၊ လှူဖွယ်ဝတ္ထု အမျိုးမျိုးကိုလည်း ပြည့်စုံစွာ စုဆောင်း စီမံထားသည်။ အထွေထွေကိစ္စ အားလုံးစီမံပြီးစီးသောအခါ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ဆောင်ပြီးလျှင် အလှူမဏ္ဍပ်ကြီးအတွင်း၌ ခုနစ်ရက် တိုင်တိုင် အလှူပွဲသဘင် ဆင်ယင်ကျင်းပသည်။

## ရတ္တညူ ဧတဒဂ်ရရပါလို၏

ခုနစ်ရက်စေ့ရောက် အလှူကြီးပြီးမြောက်သည့်နေ့တွင်မူ အလှူရှင် အမျိုး သမီးကလေးသည် ဘုရားရှင်၏ထံပါးသို့ ဝပ်တွားချဉ်းကပ်ပြီး "ဘုန်း တော်ကြီးလှသော အရှင်ဘုရား၊ ဘုရားတပည့်တော်မသည် တင့်တယ်ထူးဆန်း သော ဤမဏ္ဍပ်ကြီးကို ဆောက်လုပ်ပြီး သံဃာတော်များနှင့် ရှင်တော်မြတ် ဘုရားအား ခုနစ်ရက်တိုင်တိုင်အလှူကြီးကို ပေးလှူခဲ့ပါပြီ။ ထိုသို့ လှူရသော ဒါနစေတနာကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တစ်ဆူဆူ၏ လက်ထက်တော်၌ အမျိုးသမီးအပေါင်းတို့တွင် ပထမရှေးဦးစွာ ရဟန်းအဖြစ်ကို ရ၍ ရတ္တညူ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရပါလို၏"ဟု ဆုတောင်းခဲ့သည်။

## ဘုရားရှင်၏ ဗျာဒိတ်တော်

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော် ဆင်ခြင်ပြီး "အို ချစ်သမီး မစိုးရိမ်လင့်၊ သင် တောင့်တသည့်အတိုင်း ပြည့်စုံ လိမ့်မည်။ နောင်ကမ္ဘာတစ်သိန်းတိုင် ရောက်လေသောအခါ လောကသုံးပါး၌ သာကီနွယ်ဖွား ဂေါတမရှင်တော်ဘုရား ပွင့်တော်မူလတ္တံ့။ ထိုအခါ သင် ချစ်သမီးသည် 'ဂေါတမီ'ဟူသော အမည်ဖြင့် ဘုရားရှင်၏ မိထွေးတော်မြတ်ကြီး ဖြစ်ပြီး သာသနာတော်မြတ်အတွင်းမှာ ပထမဦးဆုံး ရဟန်းအဖြစ်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဖြစ်လျက် ရတ္တညူ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူး ခြင်းခံရလိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## နတ်ဖြစ်ရပြီ

ဘုရားရှင်၏ ဗျာဒိတ်တော်မြွက်ကိုကြားရသောအခါ အားရနှစ်သက်, ရွှင်အား တက်ပြီး, အတိုင်းထက်အလွန်, ထူးချွန်မြင့်မြတ်သော စေတနာ သဒ္ဓါတရားတို့ ဖြစ်ပေါ်လာသည်။ သို့ဖြင့် အပတ်တကုတ်နောက်မဆုတ်ဘဲ ကုသိုလ်ရေး အလုပ် ကိုသာ အားထုတ်သည်။ အသက်တမ်းအတိုင်းနေ၍ ထိုဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်တို့ကို အစိုးရသော သိကြားမင်း၏ မိဖုရားခေါင်ကြီးဖြစ်၍ ကြီးကျယ်ခမ်းနားသော နတ်ချမ်းသာကို ခံစားရသည်။ သူမသည် အခြားနတ်သမီးများထက် ဆယ်ပါးသော ဂုဏ်အင်္ဂါတို့ဖြင့် သာလွန်ခဲ့သည်။

### အခြားသူတို့ထက်သာလွန်သော ဂုဏ်အင်္ဂါများ

အခြားသူတို့ထက် သာလွန်သော သူမ၏ ဂုဏ်အင်္ဂါ ဆယ်ပါးတို့မှာ-

၁။ ရုပ်သွင်သဏ္ဌာန်တင့်တယ်ခြင်း၊

၂။ အသံသာယာခြင်း၊

၃။ ကိုယ်ရနံ့ကြိုင်လှိုင်ခြင်း၊

၄။ ဘောဇဉ်အရသာ နတ်သုဓာတို့နှင့်အထူးပြည့်စုံခြင်း၊

၅။ အတွေ့အထိနူးညံ့ခြင်း၊

၆။ အသက်ရှည်ခြင်း၊

၇။ အဆင်း, အရောင် ဝင်းပြောင်တောက်ပခြင်း၊

၈။ ချမ်းသာကြီးခြင်း၊

၉။ အခြံအရံများခြင်း၊

၁၀။ သူတစ်ပါးတို့ကို လွှမ်းမိုး၍ အစိုးတရဖြစ်ခြင်းတို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆောင်ကျွန်မကြီးဘဝ

ထိုမှတစ်ဖန် သံသရာတွင် ဘဝတစ်သိန်းတိုင် ကျင်လည်ခဲ့ရာ၌၊ လူ့ရပ်နတ်ဌာန် အဖန်ဖန်သာ ကျင်လည်ခဲ့ရ၏။ အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရပေ။ ကောင်းမြတ်သည့် ဘဝဘုံဌာနတို့၌သာ လှည့်လည် စံစားခဲ့ရသည်။ ထိုနောက်တွင်ကား ဤဘဒ္ဒကမ္ဘာတွင် တတိယမြောက် ပွင့်တော်မူသည့် ကဿပဘုရားရှင်၏ သာသနာကွယ်ပစဉ်အခါ ဗာရာဏသီပြည်ဝယ် ကုဋေငါးရာကြွယ်ဝသည့် သူဌေးကြီးတည်ထောင်ထားသော "ဒါသဂါမ"ရွာ၌ ကျွန်မပေါင်းငါးရာတို့၏ ခေါင်းဆောင်အချုပ် ကျွန်မကြီး ဖြစ်လာခဲ့ရပါသည်။ သံသရာ၏ သဘောသည် ခေါက်ရှာင့်က်ပုံသကဲ့သို့ မြင့်တုံနိမ့်တုံ ရှိတတ်ပေရာ ကုသိုလ်ကံ အကျိုးပေးရန် အခွင့်မသာသေးသဖြင့် မင်းမျိုး၊ သူဌေးမျိုး မဖြစ်ရပေ။ သူဌေးကြီးတစ်ဦး၏အိမ်၌ ကျွန်မ လာဖြစ်ရသည်။ အမည်အားဖြင့် "ဓမ္မကဒါသီ"ဟူ၍ ဖြစ်ပါသည်။

ထိုသူဌေးကြီးအိမ်၌ ကျွန်ယောကျ်ားအပေါင်း ငါးရာ၊ ကျွန်မိန်းမအပေါင်း ငါးရာရှိရာ ဂေါတမီလောင်းလျာ ကျွန်မသည် ကျွန်မငါးရာတို့၏ အကြီးအကဲ ဖြစ်သည်။ သူမ၏ခင်ပွန်းမှာ ကျွန်ယောကျ်ားငါးရာတို့ကို အုပ်ချုပ်ရသော ကျွန်ခေါင်းဆောင်အချုပ်ကြီး ဖြစ်ပါသည်။

## ပစ္စေကဗုဒ္ဓါငါးရာကြွလာ

တစ်နေ့ ဝါဆိုအချိန်နီးသောအခါ၌ ပစ္စေကဗုဒ္ဓါငါးရာတို့သည် ဟိမဝန္တာဂန္ဓမာဒနတောင်မှ ဗာရာဏသီပြည်သို့ ဝါဆိုရန် ကြွရောက်တော်မူလာကြသည်။ ဗာရာဏသီပြည်သို့ရောက်သောအခါ ဝါဆိုကျောင်းပေါင်း ငါးရာကို အလိုရှိကြသဖြင့် မြို့တွင်းရှိ ကုဋေငါးရာကြွယ်ဝသည့် သူဌေးကြီးအိမ်သို့ ကြွတော်မူလာကြသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ သူဌေးကြီးအိမ် တံခါးဝသို့ ကြွတော်မူကြသော် "ဘယ်အရေး ဘယ်ကိစ္စဖြင့် ကြွတော်မူလာကြပါသလဲဘုရား" ဟု

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးက လျှောက်ထားသည်။ ထိုအခါ "ဒါယကာ သူဌေးကြီး၊ ကျွန်ုပ်တို့သည် ဂန္ဓမာဒနတောင်မှ ကြွရောက်လာကြခြင်းဖြစ်ပါသည်၊ ဗာရာဏသီမြို့အနီး ဣသိပတန တောအုပ်တွင် သီတင်းသုံး ဝါဆိုနေထိုင်ဖို့ ဝါဆိုကျောင်းငါးရာ အလှူခံရန်ကြွလာကြခြင်းဖြစ်ပါသည်"ဟု မိန့်ကြားကြသည်။

ထိုအခါသူဌေးကြီးက " ကန်တော့ပါသေးရဲ့ဘုရား၊ သင့်လျော်ရာဌာနများမှာသာ အရှင်ဘုရားတို့ ကြွရောက်သီတင်းသုံးတော်မူကြပါ"ဟု တိုတိုတောင်းတောင်း လျှောက်ထားလိုက်သည်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ သူဌေးကြီးအိမ်ဝမှ ပြန်လာတော်မူကြရသည်။

ခေါင်းဆောင်ကျွန်မကြီးသည် ဂင်္ဂါမြစ်ဆိပ်မှ ရေခပ်ပြီးပြန်လာသော်လမ်းခရီး ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့နှင့် ပက်ပင်းတွေ့ဆုံရပြန်သည်။ ထိုအခါ မိမိ ဦးခေါင်းထက်မှ ရေအိုးကိုချပြီး ရိုသေစွာရှိခိုးလျက် "အရှင်ဘုရားတို့ မကြာမီကပင် မြို့တွင်းသို့ကြွတော်မူသည်များကို တပည့်တော်မ ဖူးမြော်လိုက်ရပါသည်။ ယခု မြို့တွင်းမှတစ်ဖန် ပြန်ကြွလာပုံများကို ဖူးမြင်ရပြန်ပါပြီ။ ဘယ်လိုအကြောင်းများ ရှိကြပါသလဲဘုရား" ဟု ခေါင်းဆောင်ကျွန်မကြီးက မေးမြန်းလျှောက်ထားသည်။

## မျက်နှာငယ်သူတို့ မလှူရဘူးလား

ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ဗာရာဏသီမြို့တော်အနီး ဣသိပတန တောအုပ်ကြီးအတွင်း၌ ဝါဆိုဖို့ ဝါဆိုကျောင်းငါးရာ အလိုရှိသည့်အတွက် သူဌေးကြီးအိမ်သို့ သွားရောက် အလှူခံခဲ့ကြသည်။ မလှူနိုင်ဟုဆို၍ ကန်တော့လွှတ်လိုက်သည့်အတွက် ပြန်ကြွလာကြရပါသည်ဟု အမိန့်ရှိတော်မူကြသည်။

ထိုအခါ ကျွန်မကြီး၏ စိတ်ထဲတွင် ရုတ်တရက် သဒ္ဓါတရား ဖြစ်ပေါ်လာပြီး "အရှင်ဘုရားတို့ ဝါဆိုကျောင်းငါးရာကို မျက်နှာကြီးသည့် မင်းစိုးရာဇာတို့နှင့် သူဌေးသူကြွယ်များသာ လှူထိုက်ပါသလားဘုရား၊ တပည့်တော်မတို့လို ပစ္စည်းဥစ္စာ မကြွယ်ဝ၍ မျက်နှာငယ်သည့်သူများ လှူဒါန်းခြင်းငှာ မထိုက်ပေဘူးလား ဘုရား"ဟု ထပ်မံ၍ လျှောက်ထား မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက ပြုံးတော်မူပြီး " အို. . . ဇေဠကဒါသီ အမည်ရှိ ဒါယိကာမကလေး။ ဝါဆိုကျောင်းကို မည်သူမဆို လှူဒါန်းနိုင်ပါသည်။ ငါတို့မှာ ချမ်းသာစွာ ဝါဆိုခွင့်ရလျှင် ကိစ္စပြီးစီးတော့သည်"ဟု အမိန့်ရှိတော်မူကြသဖြင့် ကျွန်မက " စိုးရိမ်တော်မမူကြပါနှင့် ဘုရား၊ ဝါဆိုကျောင်းငါးရာကို လွယ်ကူစွာ ဖြစ်မြောက်အောင် ထူထောင်ဆောက်လုပ်၍ တပည့်တော်မက လှူဒါန်းပါမည်။ မနက်ဖြန်ခါ အရှင်ဘုရားတို့ တပည့်တော်မအိမ်သို့ ကြွလာ၍ ဆွမ်းဘောဇဉ် အာဟာရများကို ဘုဉ်းပေးသုံးဆောင်တော်မူကြပါ ဘုရား"ဟု လျှောက်တင်သည်ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက လက်ခံတော်မူပြီး မိမိတို့ သီတင်းသုံးရာဌာနသို့ ပြန်ကြွတော်မူကြသည်။

## ကျွန်မတို့ စည်းဝေးကြပြီ

ဇေဠကဒါသီ ကျွန်မ ခေါင်းဆောင်ကြီးသည် အရှင်ပစ္စေကဗုဒ္ဓါများ ကြွသွားတော်မူပြီးနောက် အိမ်သို့မပြန်သေးဘဲ နောက်ထပ် ရေခပ်လာကြမည့် ကျွန်မများကို စောင့်နေကာ မြစ်ဆိပ်အနီး၌ပင် ဆိုင်းငံ့နေသည်။ ကျွန်မ ငါးရာတို့လည်း ရေအိုးကိုယ်စီဖြင့် သူဌေးကြီးအိမ်မှ ရေဆိပ်သို့ထွက်လာကြသည်တွင် ဇေဠကဒါသီက " ကဲ-ကဲ-နေကြဦး၊ ညီမတို့"ဟု ဆိုသဖြင့် ကျွန်မငါးရာတို့ ကိုယ်စီ ကိုယ်စီ ရေအိုးချပြီး ထိုနေရာမှာပင်ထိုင်နေကြသည်။

ထို့နောက် ဇေဠကဒါသီ က" အို. . . ညီအစ်မအပေါင်းတို့ သင်တို့သည် ကျွန်ဘဝမှ မလွတ်မြောက်ချင်ကြဘူးလား" ဟုမေးမြန်းလိုက်သည်တွင် ကျွန်မငါးရာတို့က "လွတ်မြောက်ချင်ကြပါသည်။ လွတ်မြောက်ချင်ကြပါသည်"ဟု တစ်ပြိုင်နက် ပြောဆိုကြသည်။

ထိုအခါ ဇေဠကဒါသီက" အို-ညီအစ်မအပေါင်းတို့၊ အကျွန်ုပ်တို့သည် ဘဝအဆက်ဆက်က အလှူဒါန နည်းပါးခဲ့ကြသဖြင့် ပစ္စည်းလက်မဲ့နှင့် အားနွဲ့သည့်ကျွန်မျိုး၌ လူဖြစ်လာကြရသည်။ လူပင်မှန်သော်လည်း တိရစ္ဆာန် သာသာမျှသာ ဖြစ်သည်။ ယခုဘဝတွင် ကုသိုလ်ပြုခွင့်ကြုံ၍ ကုသိုလ်ဒါနမပြုဘဲ နေခဲ့ကြပြန်ပါလျှင် နောက်ဘဝတွင်လည်း ဆက်ပြီး ကျွန်တွင်းနစ်ရုံသာ ရှိကြပေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ယခုဘဝ မိမိတို့ တတ်စွမ်းသမျှ ဒါနကုသိုလ်မျိုးကို စိုက်ပျိုးထူထောင်မှ သင့်လျော်ကြလိမ့်မည်။ ယခုအကျွန်ုပ် မြစ်ဆိပ်မှ ရေခပ်၍ ပြန်အလာတွင် အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့နှင့် ကုသိုလ်ကံ နှိုးဆော်သည် အားလျော်စွာ အဆင်သင့် တွေ့ကြုံကြရပြန်သည်။

ဗာရာဏသီမြို့တော်ကြီးအနီး ဣသိပတန တောအုပ်ကြီးအတွင်း၌ ဝါဆိုတော်မူခြင်းငှာ ဝါဆိုကျောင်းငါးရာကို အလိုရှိတော်မူကြောင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က မိန့်ကြားကြသဖြင့် အကျွန်ုပ်တွင် သဒ္ဓါတရားဖြစ်ပေါ် လျက် ညီအစ်မများကို အားကိုးကာ ဝါဆိုကျောင်းငါးရာ လှူဒါန်းပါမည်ဟု လျှောက်ထားခဲ့သည်။ ညီအစ်မတို့တလည်း သဒ္ဓါတရားထက်သန်စွာဖြင့် ဝန်းဝိုင်းကြပါ။ နက်ဖြန်နံနက် အရုဏ်တက်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အား ဆွမ်းကျွေးဖို့ တစ်အိမ်လျှင် တစ်ပါးကျ တာဝန်ယူ ဆွမ်းလှူကြပါ။ ခင်ပွန်းများ အလုပ်မှ ပြန်လာသောအခါ ယခုပြောခဲ့သည့် အကြောင်းအရာများကို စုံစုံလင်လင် ပြောကြားကြပါ။ သည်ကုသိုလ်ကြီး အထမြောက်လျှင် ကျွန်သပေါက် ဘဝမှလွတ်၍ ဘဝအဆက်ဆက် အထက်တန်းကျကျ ချမ်းသာစွာ ငါတို့နေကြရပါမည်”ဟု ပြောပြသည်။

## လှူရန်သဘောတူကြပြီ

ခေါင်းဆောင် ကျွန်မကြီး ဇေဌကဒါသီက ထိုသို့ ပြောကြားသော် ကျွန်မတို့က “သည်လိုကုသိုလ်ရေးနှင့် နှိုးဆော် တိုက်တွန်းသည့်အတွက် အထူးပင် ကျေးဇူးတင်ကြပါသည်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးများနှင့် တွေ့ကြုံခြင်းသည်လည်း ချမ်းသာဖို့အကြောင်း အလွန်ကောင်းသည့် အချက်ကြီးဖြစ်ပါသည်။ ကုသိုလ်ဒါနကို လှလှကြီးပြုကြပါမည်။ ခင်ပွန်းများ ပြန်လာသည့်အခါ ထပ်ဆင့်ပြီး နှိုးဆော်တိုက်တွန်းပါမည်”ဟု ပြောဆိုဝန်ခံကြသည်။

## ကျွန်ယောကျ်ားတို့လည်းစည်းဝေး

ထိုနောက် ဇေဌကဒါသီ၏ခင်ပွန်း ကျွန်ခေါင်းဆောင်ကြီးက ကျွန်ယောကျ်ားငါးရာတို့ကို စည်းဝေးပြီး ဤသို့ ပြောကြားပြန်သည်။ “အို့ . . .

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေအပေါင်းတို့။ ကျွန်ုပ်တို့ဇနီးတို့က ကျွန်ဘဝမှ ထွက်မြောက်ရန် ကုသိုလ်ပြုဖို့ သဘောတူကြပြီ။ နက်ဖြန်နံနက် အရုဏ်တက်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ ကြွရောက်တော်မူလာကြမည်။ ထိုအရှင်မြတ်တို့အား ကျွေးမွေးလှူဒါန်းရန်ကိစ္စမှာ မိန်းမတို့၏ တာဝန်သာဖြစ်သည်။ လင်ယောကျ်ား များဖြစ်သည့် ငါတို့၏တာဝန်ကား ဝါဆိုကျောင်းငါးရာဆောက်လုပ်ရန် တောသို့ သွားကြရမည်။ သူဌေးကြီးက မည်သို့ပင် တားဆီးသော်လည်း ကြောက်ရွံ့ပြီး နောက်မဆုတ်ကြနှင့်။ ညီညွတ်ကြပါ။ လူတစ်ကိုယ်လျှင် ဓားမတစ်ချောင်း၊ တူးရွင်းတစ်ချောင်းနှင့် ပုဆိန်တစ်လက်ပါကြပါစေ။ ငါ့အလုပ်ကိုဖျက်သည်ဟု သူဌေးကြီးက နှိပ်စက်လျှင် အသက်ကိုပင် သေချင်သေပါစေ။ ကုသိုလ်ရေး ဖြစ်၍ အားတင်း ညီညွတ်ကြပါ”ဟု ပြောပြသည်။

## ကျွန်ယောကျ်ားတို့ဝန်ခံပုံ

ထိုအခါ ကျွန်ယောကျ်ားငါးရာတို့က သဘောတူကြပြီး “ကျွန်ုပ်တို့ နောက်မဆုတ်ပါ။ ကုသိုလ်ရေးအလုပ်ကို အားထုတ် ကြိုးစားကြပါမည်”ဟု ဝန်ခံကြသည်။

ညအခါတွင် အိမ်တိုင်းအိမ်တိုင်း မီးတဝင်းဝင်းဖြင့် မိုးလင်းသည် တိုင်အောင် ချက်ပြုတ်ကြသည်။ နံနက်ခင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ ကြွလာ သည့်အခါ တစ်အိမ်လျှင် တစ်ပါးကျ ပင့်ဆောင်ကာ ဆွမ်းကျွေးလှူဒါန်းကြ သည်။

ဆွမ်းကျွေးပွဲကြီး ပြုလုပ်ပုံများကို သူဌေးကြီးမြင်သောအခါ အံ့အားသင့် စွာဖြင့် “သြော်. . . ငါ့ကျွန်တွေ သည်ယနေ့ဖြင့် တယ်ညီညွတ်ကြပါကလား။ ယမန်နေ့က ငါ့အိမ်ရှေ့ကို ကြွရောက်လာကြသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာတို့အား တစ်အိမ်လျှင် တစ်ပါးကျ ကျွေးမွေး လှူဒါန်းလို့နေကြသည်။ လက်အောက်ငယ်သားတွေ ညီညွတ်ခြင်းဟူသော အားရှိလာခဲ့လျှင် အရှင် သခင်ကို အန်တုတတ်ကြသည်။ အာဏာဖြင့် နှောင့်ယှက်ကန့်ကွက်၍မတော်။ ထို့ကြောင့် သူတို့ အခြေအနေကို ကြည့်ပြီး မသိသလိုသာ နေမှတော်မည်” ဟု ကြံစည်တွေးတောကာ ဘာမှမပြောဘဲ အသာပင် နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းငါးရာဆောက်လုပ်ခြင်း

ဆွမ်းကျွေးခြင်းကိစ္စပြီးစီး၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာ ပြန်ကြွသွားတော်မူကြသောအခါ ဇေဋ္ဌကဒါသီ၏ ယောကျ်ားက ဦးဆောင်ပြီး ကျွန်ငါးရာတို့သည် ဓားမ, တူးရွင်း, ပုဆိန်တို့ကို ဆောင်ယူကာ တောသို့ ထွက်သွားကြသည်။ တောအုပ်ကြီးသို့ ရောက်သောအခါ ကျွန်ယောကျ်ားတို့က တစ်ကိုယ်လျှင် တစ်ကျောင်းကျစီ တာဝန်ယူ ဆောက်လုပ်ကြသဖြင့် ကျောင်းပေါင်းငါးရာသည် လျင်မြန်စွာ ပြီးသွားတော့သည်။

## ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများဖြစ်ကြပြီ

ဝါဆိုကျောင်းငါးရာအပြင် စင်္ကြံ၊ ဓမ္မာရုံနှင့် မဏ္ဍပ်များကိုလည်း ဆောက်လုပ်ခဲ့ကြသေးသည်။ သို့ဖြင့် ကျွန်ယောကျ်ားငါးရာနှင့် ကျွန်မိန်းမငါးရာတို့သည် ကျောင်းဒါယကာ ကျောင်းဒါယိကာမများ ဖြစ်သွားကြတော့သည်။

## တိစီဝရိက်သင်္ကန်းလှူဒါန်းခြင်း

သီတင်းကျွတ်သောအခါ အားလုံးတိုင်ပင်ပြီး တစ်အိမ်လျှင် တစ်ပါးကျ တိစီဝရိက်သင်္ကန်းတို့ကို လှူဒါန်းကြသည်။ ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က " ဝါဆိုသောနေ့မှစပြီး ဝါကျွတ်သည်တိုင်အောင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသော ပစ္စည်းတို့ဖြင့် သဒ္ဓါစေတနာ ထက်သန်စွာ လှူဒါန်းကြရသော ကုသိုလ်ကြောင့် လိုရာဆန္ဒ ပြည့်ဝကြပါစေ။ လပြည့်နေ့အချိန် ထွက်ပေါ်နေသော လဝန်းကြီးကဲ့သို့ အကြံကောင်းဟူသမျှ ပြည့်ဝကုံလုံကြပါစေသတည်း" ဟု အနုမောဒနာတရားဖြင့် ဆုပေးတော်မူကြပြီးလျှင် ထိုဝါဆိုရာဌာနမှ ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူကြလေသည်။

ကျောင်း ဒါယကာ, ကျောင်းဒါယိကာမကုသိုလ်ရှင်များသည် ထိုဘဝမှ အသက်တမ်းကုန်၍ လူ့ဘုံကိုစွန့်လွှတ်ကြကာ တာဝတိံသာနတ်နန်း၌ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသော် တခမ်းတနား ပျော်စံစားလျက် နတ်သား, နတ်သမီး,အစုံအစုံ ဘုံဗိမာန် ကိုယ်စီနှင့် ဖြစ်ကြရပြန်လေ၏။

## ရက်ကန်းသည်သမီးဘဝ

ထိုနတ်ပြည်မှ စုတေပြန်သော် ဗာရာဏသီမြို့တော်အနီး ရက်ကန်း သည်တို့ နေထိုင်ရာရွာကြီး၌ ဂေါတမီလောင်းလျာသည် ထိုရွာကို အုပ်ချုပ် သော ရက်ကန်းသည်၏ သမီးကလေး ဖြစ်လာပြန်သည်။ အရွယ်ရောက်သော အခါ ချမ်းသာကြွယ်ဝသည့် သတို့သားတစ်ယောက်နှင့် ထိမ်းမြားပြီး ချမ်းသာစွာ နေထိုင်ရသည်။

ရှေးဘဝက ကုသိုလ်ကောင်းမှု အတူတကွ ပြုလုပ်ခဲ့ကြသော ကျွန် ယောကျ်ားငါးရာနှင့် ကျွန်မိန်းမ ငါးရာတို့သည်လည်း ထိုရက်ကန်းသည် ရွာကြီး၌ပင် ကံတူအကျိုးပေး အတူတကွ ပေါင်းဆုံကာ လူဖြစ်လာကြသည်။ ဂေါတမီလောင်းလျာ အမျိုးသမီးကား သူတို့၏ အကြီးအမှူးဖြစ်သည်။

## ပစ္စေကဗုဒ္ဓါတို့နှင့် တွေ့ကြုံရပြန်ခြင်း

ထိုဘဝတွင် ပဒုမဝတီမိဖုရားကြီး၏သားတော် ပစ္စေကဗုဒ္ဓါအရှင်မြတ် တို့သည် ရက်ကန်းသည်ရွာကြီးသို့ ဒေသစာရီကြွရောက်တော်မူလာကြသည်။ ဂေါတမီလောင်းလျာ အမျိုးသမီးက တွေ့မြင်သဖြင့် သဒ္ဓါတရား ဖြစ်ပွားကာ "အရှင်ဘုရားတို့၊ တပည့်တော်မတို့အား သနားတော်မူသဖြင့် ဤရက်ကန်း သည် ရွာကြီးအနီး၌ပင် ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူကြပါ။ တပည့်တော်တို့က လျှုဒါန်း ပြုစုလုပ်ကျွေးလိုကြပါသည်"ဟု လျှောက်ထား သည်။

ရက်ကန်းသည်တို့၏ လျှောက်ထားချက်အရ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့သည် ထိုရက်ကန်းသည်ရွာကြီးမှ တာပေါင်းငါးရာကွာဝေးသော အရပ်၌ ဝါကပ် သီတင်းသုံးနေတော်မူကြသည်။ ထိုအခါ ယခင်ဘဝကအတိုင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမီလောင်းလျာ အမျိုးသမီးက ရက်ကန်းသည် မိန်းမပေါင်းငါးရာနှင့် ယောကျ်ားပေါင်းငါးရာတို့ကို နှိုးဆော်ပြီး ကျောင်းငါးရာ ဆောက်လုပ်ခြင်း။ နေ့စဉ်မပြတ် ပိဏ္ဍပါတ် ဆွမ်းဝတ်ပြုစုခြင်း။ တိစီဝရိက် သင်္ကန်းလှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ထိုရက်ကန်းသည်ဘဝမှ သက်တမ်းကုန်ကြသော် တာဝတိံသာနတ်ပြည်၌ နတ်ချမ်းသာကို ခံစားကြရပြန်သည်။

## နောက်ဆုံးဘဝ လူဖြစ်လာပုံ

မိထွေးတော် ဂေါတမီလောင်းလျာ အမျိုးသမီးကလေးသည် ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်မှစပြီး ယခု ဘဒ္ဒကမ္ဘာသို့တိုင် ကမ္ဘာပေါင်း တစ်သိန်း အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရပေ။ ယခု အဆုံးစွန်ဖြစ်သော ယခုဘဝတွင်မူ ဂေါတမ ရှင်တော်မြတ်ဘုရား၏ ဘိုးတော် "အဥ္စန"မင်းကြီး၊ ဘွားတော် "ယသော်ဓရာဒေဝီ"၏ ဝမ်းကြာတိုက်တွင် သာကီနွယ်ဇာတ်မြင့်မြတ်သော ပဋိသန္ဓေအဖြစ် တည်နေကိန်းဝပ်တော်မူလာသည်။

ဘိုးတော် အဥ္စနမင်းကြီးသည် ဒေဝဒဟပြည်ကို အစိုးရသော ဘုရင်မင်းမြတ်ကြီးဖြစ်သည်။ ဒေဝဒဟ,ကောလိယ, ကပ္ပိလဝတ်, သည်သုံးပြည်ထောင်သည် သာကီဝင်အများတို့ မွေးဖွားရာဌာနဖြစ်သည်။ ထိုအမျိုးသမီးကလေးသည် ဘုန်းကျက်သရေရှိစွာနှင့် ဖွားမြင်လာခဲ့ကာ ရုပ်ဆင်းအင်္ဂါ လက္ခဏာမှစ၍ မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည်။ လက္ခဏာ ကြန်အင်နှင့် ဗေဒင်ကို တတ်ကျွမ်းသည့် ပုဏ္ဏားတော်များကိုခေါ်ပြီး မင်းသမီးကလေး၏ ကြန်အင်လက္ခဏာများကို ဖတ်ကြားစေရာ ပညာရှိ ပုဏ္ဏားတော်တို့က "ဤမင်းသမီးကလေးသည် အလုံးစုံသော မြင့်မြတ်ခြင်းတို့နှင့် ပြည့်စုံ ညီညွတ်လှပါသည်။ သည်မင်းသမီးကလေး၏ ဝမ်းကြာတိုက်တွင် သားရတနာ ပဋိသန္ဓေ တည်ခဲ့ပါလျှင် ထိုသားရတနာကား စကြာမင်း ဖြစ်လိမ့်မည်။ သမီးရတနာ ပဋိသန္ဓေ တည်ခဲ့ပါလျှင် ထိုသမီးရတနာသည် စကြာမင်း၏ မိဖုရားကြီး ဖြစ်လိမ့်မည်"ဟု ဗေဒင်ကိန်း, လက္ခဏာကိန်းအရ ဟောကြားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဥ္စနမင်းကြီးက ပုဏ္ဏားတော်တို့၏ လျှောက်တင်ချက်ကိုကြားသော် များစွာ အားရနှစ်သက်ခြင်းဖြစ်ပြီး " ငါ့သမီးတော်ကလေးသည် စကြာမင်း၏ မယ်တော်, စကြာဒေဝီမဟေသီ၏ မယ်တော် ဖြစ်လိမ့်မည်၊ အတူမရှိ မြင့်မြတ်သည့် သားရတနာ, သမီးရတနာတို့၏ မယ်တော်စင်စစ် ဖြစ်မည့်နိမိတ်ကြောင့် ငါ့သမီးတော်ကို မဟာပဇာပတိ ဂေါတမီဟူ၍ အမည်ပေးတော်မူမည်"ဟု မိန့်ကြားသည်။

## အမည်အားဖြင့် မဟာပဇာပတိဂေါတမီ

ထိုအခါမှစပြီး မဟာပဇာပတိဂေါတမီဟု သာကီနွယ်အတွင်းမှာ တသင်းသင်း ပျံ့နှံ့ လာခဲ့တော့သည်။ မဟာပဇာပတိဆိုသည်မှာ မြင့်မြတ်သော သားသမီးတို့၏ မိခင်၊ ဂေါတမီ ဆိုသည်မှာ ဂေါတမအနွယ်မှပေါက်ပွား လာသူဟု အဓိပ္ပာယ်ရှိသည်။

ဂေါတမီမင်းသမီးသည် ဘုရားရှင်၏ မယ်တော်ရင်းဖြစ်သည့် "မဟာမာယာဒေဝီ"၏ ညီမတော်အရင်းဖြစ်သည်။ မောင်တော်တစ်ပါးမှာ "သုပ္ပဗုဒ္ဓ" ဖြစ်သည်။ မဟာမာယာဒေဝီနှင့် မဟာပဇာပတိဂေါတမီ ညီအစ်မတော် နှစ်ပါးတို့သည် သာကီဝင်မင်းတို့၏ စည်းစိမ်ဖြင့် ရွှေနန်းတော်တွင် ပျော်ပျော်ပါးပါး ကြီးပွားခဲ့ကြ၍ အရွယ်သို့ရောက်လာသော် ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒန မင်းတရားကြီးနှင့် ကြီးကျယ်ခမ်းနားစွာ ဘိသိက်သွန်းလျက် လက်ထက်ပွဲသဘင်ကို ဆင်ယင် ကျင်းပခဲ့ကြသည်။

## တောင်နှင့်မြောက် နန်းမတော်မိဖုရားများ

ထိုအခါမှစပြီး ဒေဝဒဟပြည်မှ ထွက်ခွာ၍ ကပိလဝတ်နေပြည်တော်ကြီးသို့ လိုက်ပါစံစားတော်မူကြရသည်။ ကပိလဝတ် နေပြည်တော်ကြီး၌ အစ်မတော် မဟာမာယာဒေဝီက တောင်နန်းမတော် မိဖုရားကြီးအဖြစ် လည်းကောင်း၊ ညီမတော် မဟာပဇာပတိဂေါတမီက မြောက်နန်းမတော် မိဖုရားကြီးအဖြစ် လည်းကောင်း စံစားတော်မူရသည်။

www.burmeseclassic.com

www.burmeseclassic.com



## သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူခြင်း

ညီအစ်မနှစ်ဦးတို့ သာကီဝင် မင်းစည်းစိမ်များကို စံစား၍နေတော်မူရာမှ အစ်မတော်ကြီး မဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်တွင် သိဒ္ဓတ္ထမင်းသား သန္ဓေယူတော်မူသည်။ ဖွားမြင်တော်မူကာနီး ဆွေတော်မျိုးတော်များထံ သွားရောက်လိုသည့် ချင်ခြင်းဆန္ဒ အာသီသ ဖြစ်တော်မူလာသည်။ ထို့ကြောင့် သုဒ္ဓေါဒန မဟာရာဇာက ညီမတော် မဟာပဇာပတိ ဂေါတမီနှင့်အတူ ဒေဝဒဟသို့ သွားခွင့်ပြုလိုက်သည်။ ညီအစ်မနှစ်ဖော်တို့သည် ရွှေဝေါတော် အတူစီး၍ ခမ်းနားထည်ဝါစွာ ခရီးနှင်ခဲ့ကြသည်။ ဒေဝဒဟနှင့် ကပိလဝတ္ထုအကြား လမ်းခရီးတစ်နေရာ လုမ္ဗိနီသာမော အင်ကြင်းတောသို့ ခေတ္တနားနေစဉ် အလောင်းတော်မြတ် သိဒ္ဓတ္ထကို ဖွားမြင်တော်မူသည်။ ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်နေ့တွင် ဘုရား၏မယ်တော်တို့ ဓလေ့ဓမ္မတာအတိုင်း မယ်တော် မဟာမာယာဒေဝီသည် တုသိတာနတ်နန်းသို့ စံမြန်းတော်မူရရှာသည်။

## နန္ဒမင်းသားဖွားမြင်လာ

ထိုအခါ ညီမတော်မြောက်နန်းမိဖုရား မဟာပဇာပတိ ဂေါတမီကို အဂ္ဂမဟေသီဘွဲ့ထူးဖြင့် တောင်နန်းကို အပ်နှင်းတော်မူသည်။ မကြာမီပင် မဟာပဇာပတိဂေါတမီမှ နန္ဒမင်းသားကို ဖွားမြင်သည်။ မိထွေးတော်ဂေါတမီသည် အစ်မတော်ဘုရားမှ ဖွားမြင်တော်မူသော သိဒ္ဓတ္ထမင်းသားကို မိမိ ရင်ငွေ့ဖြင့် ချီပွေ့သိမ်းပိုက် နို့ချိုတိုက်၍ ဂရုတစိုက် မွေးမြူပြုစုပေးတော်မူသည်။ သိဒ္ဓတ္ထမင်းသားသည် မိထွေးတော်ဂေါတမီ၏ ရင်ခွင်တွင် အစဉ်သဖြင့် ကြီးပြင်းလာခဲ့ရာမှ အရွယ်တော်တစ်ဆယ့်ခြောက် လူလားမြောက်ခဲ့ရပေပြီ။ သို့ဖြစ်၍ ယသော်ဓရာဗိမ္ဗာဒေဝီနှင့် တူညီစုံဖက် စုလျားဆက်၍ နှစ်သက်မြတ်နိုးစွာ မင်္ဂလာလက်ထပ်ပွဲသဘင်ကို ဆင်ယင်ပေးတော်မူသည်။ ထို့ပြင်တစ်ဝ ရမ္မ၊ သုဘ၊ သုရမ္မဟူသော နန်းမကြီး သုံးဆောင်ကိုလည်း ဆောက်လုပ်ပေးသည်။

## သမ္ဗုဒ္ဓအစစ် ဖြစ်တော်မူပြီ

သို့သော် သိဒ္ဓတ္ထမင်းသား နှစ်ဆယ့်ကိုးနှစ် အရွယ်သို့ရောက်သော် လောကီစည်းစိမ်ကို ငြီးငွေ့၍ နန်းဝယ်လေ့၌လည်း မပျော်ပိုက်နိုင်တော့ပေ။ သက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါမှန်သမျှ မည်သူမျှ မလွန်မြောက်နိုင်ကြသည့် အိုမှု၊ နာမှု၊ သေမှုဘေးဒါဏ် အဖန်ဖန်ကို လွတ်မြောက်ရန်သာ ကြိုးစားရှာဖွေနေတော့သည်။ ထိုစဉ် နိမိတ်ကြီးလေးပါးကိုလည်း တွေ့ကြုံခဲ့ရလေပြီ။ ထို့ပြင် သံယောဇဉ်နှောင်ကြိုး ထပ်တိုးလာဦးတော့မည့် သားတော်ကလေး ရာဟုလာလည်းဖွားမြင်ပြီဆိုလျှင်ပင် သတိသမ္ဗောဇ္ဈင် သံဝေဂဉာဏ်အမြင် ပွင့်လင်းလာပြီး ရွှေနန်းစည်းစိမ်ကို စွန့်ခွာတော့သည်။ တောထွက်ကာ ရဟန်းပြုပြီးနောက် ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။ ထို့နောက် မဇ္ဈိမပဋိပဒါအကျင့်ဖြင့် ဗောဓိမဏ္ဍိုင်တွင် မာရ်ငါးပါးကို အောင်မြင်လျက် လေးခိုင်သော သစ္စာပန်းကို ဆွတ်လှမ်းပန်ဆင်တော်မူကာ သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘုရားအဖြစ် ရောက်တော်မူပြီးသောအခါ သဟံပတိဗြဟ္မာကြီး၏ တောင်းပန်မှုဖြင့် မိဂဒါဝုန်တောကြီးအတွင်း၌ ပဥ္စဝဂ္ဂီငါးဦးကို အမှူးထားလျက် 'ဓမ္မစကြာ'တရားထူးကို လက်ဦးစွာ ဟောကြားတော်မူခဲ့သည်။ ပထမရှေးဦးစွာ ဗာရာဏသီပြည်၌ ဝါဆိုတော်မူပြီး ဒုတိယဝါကိုမူ ရာဇဂြိုဟ်ပြည်၌ ဝါကပ်ဆိုတော်မူသည်။

## နေပြည်တော် ကပိလဝတ်သို့

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဗိမ္ဗိသာရမင်းကြီး၏ လျှောက်ထားချက်ဖြင့် ဒုတိယ ဝါဆိုတော်မူသည်။ ဝါကျွတ်သောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် လျှောက်ထားချက်ကို လက်ခံတော်မူလျက်ကာဠုဒါယီမထေရ်ကို ရှေ့သွားပြုကာ ယူဇနာ ခြောက်ဆယ်ခရီးကို တပေါင်းလပြည့်နေ့မှစ၍ ကဆုန်လပြည့်နေ့သို့တိုင်အောင် တစ်နေ့လျှင် တစ်ယူဇနာကျ နှစ်လတိုင်တိုင် နေပြည်တော် ကပိလဝတ်သို့ ကြွချီတော်မူသည်။

ကပိလဝတ် နေပြည်တော်သို့ ရောက်တော်မူသောအခါ နိဂြောဓာရုံရွှေဘုံဝိဟာ၌ ချမ်းသာစွာ သီတင်းသုံးတော်မူပြီး ဆွေတော်မျိုးတော် အပေါင်းတို့အား ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူသည်။ ထိုသို့ တရားရေအေးတိုက်ကျွေးရင်း နှမတော် ဇနပဒ ကလျာဏီနှင့် လက်ထပ်ခါနီးဆဲဆဲ ညီတော်နန္ဒမင်းသားကို သာသနာ့ဘောင်သို့ ခေါ်ဆောင်သွတ်သွင်းချီးမြှင့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တစ်ဖန် ရင်သွေးတော်ရတနာ စကြာမင်းလောင်းသားတော် ရာဟုလာကလေးကိုလည်း ရှင်သာမဏေအဖြစ် ချီးမြှင့်တော်မူသည်။ပထမ ဦးဆုံး နေပြည်တော်သို့ ကြွရောက်တော်မူစဉ်ပင် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည် သောတပန်မှစ၍ အနာဂါမ်သို့တိုင်အောင် သုံးမဂ်, သုံးဖိုလ်ကို ရတော်မူသည်။ ရဟန္တာဖြစ်ရန် အရဟတ္တမဂ်တစ်ခုသာ ကျန်တော့သည်။

## ကပိလဝတ်နေပြည်တော်မှ ရာဇဂြိုဟ်သို့

ဘုရားရှင်သည် ကပိလဝတ်နေပြည်တော်၌ သင့်လျော်သမျှ သီတင်းသုံးတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူသည်။

## သုဒ္ဓေါဒနမင်းတရားကြီး မကျန်းမာ၍

ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါဆိုတော်မူပြီးနောက် သံဃာတော်များနှင့်အတူ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ဝေသာလီပြည်၌ စံပယ်တော်မူစဉ် ကပိလဝတ်ပြည်ကြီး၏အရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး မကျန်းမမာဖြစ်တော်မူသဖြင့် ဘုရားရှင်ကို လာရောက် ပင့်ဆောင်ကြသည်။

ခမည်းတော် မင်းတရားကြီးအား ချီးမြှောက်တော်မူရန် ဘုရားရှင်သည် နေပြည်တော်သို့ ကြွမြန်းတော်မူခဲ့သည်။

## သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံပြီ

နေပြည်တော်သို့ဆိုက်ရောက်သော် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူပြီး နန်းတော်သို့ မပြတ်ကြွရောက်တော်မူကာ ခမည်းတော် မင်းတရားကြီးအား ဒေသနာအမြိုက်ဆေးဖြင့် တိုက်ကျွေးကုသတော်မူသည်။ ဘုရားရှင် ရောက်တော်မူ၍ သုံးရက်မြောက်သောနေ့တွင် ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည် အနိစ္စသဘော ဓမ္မတာကို မလွန်ဆန်နိုင်သဖြင့် ထီးဖြူအောက်၌ပင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အလောင်းတော်မြတ်ကို စကြဝတေး မင်းတို့၏ အလောင်းကို သဂြိုဟ်သောနည်းဖြင့် ကြီးကျယ်ခမ်းနားစွာ သဂြိုဟ် တော်မူသည်။

## ရခဲသောအဖြစ်

ဘုရားရှင်၏ ခမည်းတော်ကြီးအဖြစ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံရခြင်းသည် လွန်စွာ ကြုံကြိုက်ခဲသော အဖြစ်မျိုးဖြစ်သည်။ သူဌေးသူကြွယ်တို့၏ ဖခင်, ပဒေသရာဇ်, ဧကရာဇ်, စကြဝတေးမင်း တို့၏ ခမည်းတော်ကြီး အဖြစ်မျိုးကိုမူ သံသရာ၌ လွယ်ကူစွာရနိုင်ကြ၏။ ဘုရားရှင်၏ ခမည်းတော်အဖြစ်ကား အလွန် အလွန် ရနိုင်ခဲသော အတိဒုလ္လဘ ဖြစ်သည်။

## မဟာမာယာဒေဝီမှာမူ

လွန်ခဲ့သော အတိတ်သံသရာဘဝပေါင်းများစွာတွင် အတူတွဲ၍ မကွဲ မကွာ ကျင်လည်တော်မူခဲ့ကြသော သုဒ္ဓေါဒန မင်းတရားကြီးနှင့် မဟာမာယာ ဒေဝီ နှစ်ပါးတို့အနက် ခမည်းတော်သုဒ္ဓေါဒနမင်းတရားကြီးကား ခန္ဓာဇာတ် သိမ်း၍ ချုပ်ငြိမ်းတော်မူလေပြီ။ မဟာမာယာဒေဝီမှာမူ ခန္ဓာငါးပါးတို့ အလုံးစုံ ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မမူသေးဘဲ တုသိတာနတ်နန်း၌ "သန္တုသိတ နတ်သား" အဖြစ်ဖြင့် စံစားတော်မူနေဆဲ ဖြစ်သည်။

ခမည်းတော် မင်းတရားကြီး၏ အလောင်းကို တောင်းမွန် ခမ်းနားစွာ သဂြိုဟ်တော်မူပြီး မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌မင် ကိန်းအောင်း စံပယ်နေတော်မူသည်။ ထိုအခါ မိထွေးတော် ဂေါတမီ၏စိတ်တွင်. . .

## မိထွေးတော်အကြံဖြစ်ပုံ

" သြော်. . . ကျေးဇူးရှင် ဘုရင်သုဒ္ဓေါဒန မင်းတရားကြီးသည် ထီးဖြူ တော်အောက်တွင် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန် စံတော်မူလေပြီ။ ငါ တစ်ကိုယ်တည်းဖြင့် သံသရာခရီးကို အဘယ့်နှစ်ရမည်နည်း။ ထီးမွေ့နန်းမွေကို ခံစံကြမည့်သားတော် နန္ဒမင်းသားနှင့် မြေးတော် ရာဟုလာကလေးတို့လည်း လောကီရေးရာကိုရှောင်ပြီး သာသနာတောင်တွင် ပျော်ရွှင်နေကြပေပြီ။ သာကီ ဝင်အစဉ်အဆက်တို့ စိုးစံရာ ကပိလဝတ် ထီးနန်းစည်းစိမ်များသည် ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com



ငါ့လက်တွင်းမှာ ရှိနေသည်။ လက်ရုံး, လက်မောင်းတွေ ပြုတ်၍ အားယုတ်နေပြီဖြစ်သော ငါ့ဘဝတွင် သည်ထီးနန်းစည်းစိမ်ကို အုပ်ချုပ်၍နေခြင်းဖြင့် ဘာအကျိုးရှိဦးမည်နည်း။ သံသရာဝဋ်နှောင် လူ့တို့ဘောင်မှ ကျွတ်အောင်ရှုန်းရပေတော့မည်။ သို့အတွက်ကြောင့် သားတော် ဘုရားနောက်သို့လိုက်၍ သာသနာ့ဘောင်တွင် ရဟန်းအဝတ်နှင့် နေမှသင့်တော့မည်။ ရဟန်းပြုမည်ဆိုသော်လည်း သားတော်ဘုရား၏ သာသနာတော်အတွင်း၌ "မာတုဂါမများကို ရဟန်းပြုကြစေ"ဟူသော ဥပဒေပညတ်ကြီး ထုတ်တော်မမူသေး။ အခက်တစ်ခုကြုံရပြီ။ မိမိကိုယ်တိုင် ရှေ့ဦးပထမ လက်စထွင်ကာ ရဟန်းပြုခွင့်ရလေအောင် သားတော်ဘုရားထံ၌ အခွင့်တောင်းမည်"ဟု စိတ်အကြံဖြစ်လေသည်။

## မာတုဂါမတို့ ရဟန်းပြုခွင့်ပေးရန်

ဤကဲ့သို့ အကြံဖြစ်ပြီးနောက် မိထွေးတော် ဂေါတမီသည် အခြွေအရံ သာကီဝင် မင်းသမီးငါးရာတို့ကို ခေါ်ဆောင်လျက် ဘုရားရှင် သီတင်းသုံးတော်မူရာ နိဂြောဓာရုံကျောင်းသို့ သွားရောက်သည်။ ဘုရားရှင် ရှေ့တော်ထံမှောက်ရောက်သည့်အခါ ရိုသေစွာ ရှိခိုးဝပ်တွားပြီး "ဘုန်းတော်ကြီးမြတ်လှသော သားတော် မြတ်ဘုရား၊ ယခုအခါ အရှင်ဘုရား သာသနာ့တော်ကြီးအတွင်း၌ ယောကျ်ားသားတို့ကိုသာ ရဟန်းပြုရန် အခွင့်ပေးထားတော်မူသဖြင့် ရဟန်းယောကျ်ားများသာ ရှိနေကြပါသည်။ ယောကျ်ားများအဖို့ အလွန် ကံကောင်းကြပါသည်။ တပည့်တော်မတို့လို မိန်းမသားများသည် သာသနာ့ဘောင်၌ ရဟန်းပြုခွင့် မရကြသောကြောင့် မိန်းမတို့၏ ဘုန်းကံနှင့် အခွင့်အရေးသည် လွန်စွာ နိမ့်ကျနေရပါသည် ဘုရား။ သို့ဖြစ်ရခြင်းကြောင့် တပည့်တော်မတို့ မာတုဂါမများကို သနားတော်မူသဖြင့် ရဟန်းပြုရေးကို ခွင့်ပေးချီးမြှင့်တော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်သည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက "အို. . . မယ်တော်မြတ်၊ ငါဘုရား၏ သာသနာတော်၌ မာတုဂါမတို့ ဝင်ရောက်၍ ရဟန်းပြုခြင်းငှါ အခွင့်မလျော်၊

www.burmeseclassic.com

www.burmeseclassic.com



မသင့်တော်ပေဘူး၊ အကယ်၍ မာတုဂါမတို့ သာသနာ၌ ဝင်ရောက်၍ ရဟန်းပြုခဲ့ပါလျှင် သာသနာတော် ရှုပ်ထွေး၍ အညစ်အကြေး များကုန်လိမ့်မည်။ ထို့ကြောင့် ရဟန်းပြုရန် မလိုလားပါနှင့်”ဟု တားမြစ်တော်မူသည်။

သို့သော် မိထွေးတော်ကြီးက ဘုရားရှင်ထံမှ ပြန်မသွားဘဲ မလျှော့သော ဇွဲဖြင့် သုံးကြိမ်တိုင်တိုင် မိန်းမများကို ရဟန်းပြုရန် ခွင့်တောင်းသည်။ ရှင်တော်ဘုရားကလည်း သုံးကြိမ်တိုင်အောင်ပင် ခွင့်မပေးဘဲ တားမြစ်တော်မူသည်။ သုံးကြိမ်တိုင်တိုင် ခွင့်တောင်းမရသောအခါ မိထွေးတော်ကြီးသည် ပူဆာလိုက်လှဲ ဆင်းရဲပြင်းပြင်းလျက် ယူကျုံးမရ တ,သ ငိုကြွေးလေတော့သည်။ နှုတ်မှလည်း “မိန်းမဖြစ်ရတာ လွန်စွာ ဘဝရှုံးလေပြီ၊ လူချင်းတူပါလျက်နှင့် ရဟန်းပြုခွင့်ကို မရခြင်းသည် ကံနည်းလေစွ” စသည်ဖြင့် ညည်းတွားပြီး ဘုရားရှင်ကို ရှိသေစွာ ဦးချလျက် နန်းတော်သို့ ပြန်လာခဲ့ရသည်။

## နောက်တစ်ကြိမ်ထပ်မံ၍ ခွင့်တောင်းပြန်

မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်၌ သီတင်းသုံးတော်မူပြီးနောက် သံဃာငါးရာနှင့်တကွ ဝေသာလီပြည်သို့ ပြန်လည် ကြွသွားတော်မူသည်။ ထိုအခါ မိထွေးတော်ဂေါတမီသည် ရဟန်းပြုရေး အားလျှော့ခြင်းမရှိဘဲ ဇောက်ကန် ရဟန်းပြုခွင့်ရစေရန် သာကီဝင် မင်းသမီးငါးရာတို့ကို အပါးတော်သို့ ခေါ်ပြီး မိမိ အကြံအစည်ကို ဤသို့ မိန့်ကြားတော်မူသည်။

“အို့ . . . သာကီဝင် မင်းသမီးအပေါင်းတို့၊ ယခုအခါ ကပိလဝတ်နေပြည်တော်ကြီးတွင် ထီးနန်းအမွေကို ဆက်ခံထိုက်သည့် သာကီဝင်မင်းသားများ ရဟန်းပြု သွားကုန်ကြပြီ။ ကပိလဝတ် နေပြည်တော်ကြီးသည် ယခင်က လွန်စွာကြီးကျယ် ခမ်းနားခဲ့သော်လည်း ယခုအခါ နေထိသည့် ပန်းကဲ့သို့ ညှိုးနွမ်းခြောက်သွေ့ခဲ့လေပြီ။ တင့်တင့်တယ်တယ် မွေ့လျော်ဖွယ် မရှိတော့။

“လင်ပြစ်၊ သားပြစ်၊ အစွန့်ပြစ်ခံရသည့် ငါတို့ဘဝသည် နောက်ထပ်အိမ်ရာထောင်၍ ဤလူ့ဘောင်၌ ဆက်လက် နေထိုင်ရန် အကြောင်းမရှိတော့ချေ။ ယခုအခါ ရှင်တော်မြတ်ဘုရားသည် ဝေသာလီပြည်၌ သီတင်းသုံး

www.burmeseclassic.com

www.burmeseclassic.com



နေတော်မူသည်။ ဘုရားရှင် သာသနာတော်၌ မိန်းမများ ရဟန်းပြုခွင့်ကို ထပ်မံ၍ ဖွဲ့ကောင်းကောင်းဖြင့် တောင်းခံမည်"ဟု တိုင်ပင်ဆွေးနွေးသည်။

## သာကီဝင်မင်းသမီးတို့ သဘောထား

ထိုအခါ သာကီဝင်မင်းသမီးငါးရာတို့သည် ကန့်ကွက်ငြင်းဆန်ခြင်း မပြုကြဘဲ ရှေးဘဝအဆက်ဆက်က ကုသိုလ်ရေစက် အတူဖက်ခဲ့ကြသူများပီပီ နှစ်သက်ကြည်ဖြူ သဘောတူကာ "အရှင်မဘုရား၊ ထွက်တော်မူရာသို့ မကွာ စိုက်စိုက် နောက်တော်က လိုက်ကြပါမည်။ ရဟန်းပြုခွင့်ကို ရသည့်အခါတွင်လည်း စေတနာဖြူဖြူနှင့် အတူတကွ ရဟန်းပြုကြပါမည် ဘုရား"ဟု အညီအညွတ် လျှောက်ထားကြသည်။

မိထွေးတော်ဂေါတမီသည် ဘုရားရှင်အထံသို့ လူဝတ်ကြောင်ဖြင့် သွားလျှင် ရဟန်းပြုခွင့် လွယ်ကူစွာ ပေးလိမ့်မည်မထင်သဖြင့် ဆတ္တာသည် (ခေါင်းရိတ်သမား)များကို ခေါ်ယူကာ ဆံပင်များကို ပယ်ရှားရိတ်ဖြတ်စေပြီး ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်စေသည်။

## နေပြည်တော်မှဝေသာလီသို့

မိထွေးတော်ဂေါတမီသည် ဖန်ရည်ဆိုး အဝတ်ကိုဝတ်ဆင်လျက် ဆံပင်ကို ရိတ်ဖြတ်ထားကြသည့် သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ကပိလဝတ် နေပြည်တော်ကြီးမှ ဘုရားရှင် သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တောသို့ ထွက်လာခဲ့ကြသည်။

ကပိလဝတ်နှင့် ဝေသာလီသည် နီးသောခရီးမဟုတ်။ ထိုမနီးသော ခရီးကို ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ခြေလျင်လျှောက်ခဲ့ကြရာ တောစခန်းမြေပူနှင့် နေပူနှိပ်စက်၊ ချွေးများထွက်ရသည့်အပြင် ဖုန်အလိမ်းလိမ်းကပ်သဖြင့် ရုပ်ရေတော်များ ညှိုးကုန်ကြသည်။ ရုတ်တရက်တွေ့မြင်လျှင် နဂိုရုပ်သွင်ကို မဖမ်းနိုင်အောင် ဖြစ်နေကြရသည်၊ ဝေသာလီပြည်သို့ရောက်သော် ရှင်တော်ဘုရား သီတင်းသုံးတော်မူရာ "မဟာဝုန်" တောအတွင်း "ကူဋာဂါရ" ဓမ္မာရုံ

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းကြီး၏ တံခါးမုခ်ဝအနီး၌ သာကီဝင်မင်းသမီးပေါင်းငါးရာ မှိုင်တွေ ချကာ ထိုင်နေကြရှာသည်။

### အရှင်အာနန္ဒာကပင် မမှတ်မိ

ဘုရားရှင်၏ ညီတော်၊ မိထွေးတော်ဂေါတမီ၏ တူတော်ဖြစ်သော "ရှင်အာနန္ဒာ" သည် ဘုရားရှင်ထံပါးမှ အပြင်သို့ထွက်တော်မူလာခဲ့ရာ တံခါးမုခ်ဝ၌ သာကီဝင်မင်းသမီး ငါးရာတို့နှင့် တွေ့ဆုံမိလေတော့သည်။ သို့သော် အရှင်အာနန္ဒာသည် မိထွေးတော်ဂေါတမီနှင့် မင်းသမီးများကို ရုတ်တရက် မမှတ်မိဘဲဖြစ်နေသည်။ သာကီဝင်မင်းသမီးတို့ကမူ အရှင်အာနန္ဒာကို မြင်လျှင်မြင်ချင်း မှတ်မိကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

### အရှင်အာနန္ဒာနှင့် မယ်တော်တို့မေးကြ၊ဖြေကြပုံ

အရှင်အာနန္ဒာသည် သူတော်ကောင်း ရုပ်သွင်နှင့် တစ်စုတဝေး ထိုင်နေကြသော အမျိုးသမီးများကို သေချာစွာရပ်၍ ရှုစားတော်မူရာ အတန်ကလေးကြာမှ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးများဖြစ်ကြောင်း ကောင်းစွာ သိတော်မူသည်။

သို့ဖြင့် အံ့အားသင့်စွာချဉ်းကပ်တော်မူလာပြီး အရှင်အာနန္ဒာက "မိထွေးတော်ကြီး၊ အလွန်ထူးခြားသော အသွင်အပြင်အဝတ်အဆင်တို့ဖြင့် အဘယ်အကြောင်းကြောင့် သာကီဝင်မင်းသမီးပေါင်း ငါးရာနှင့်အတူ လာရောက်တော်မူရပါသလဲ"ဟု ပျာယီပျာယာ စိုးရိမ်သောအမူအရာဖြင့် မေးမြန်းတော်မူသည်။

ထိုအခါ မိထွေးတော်ဂေါတမီက စီးကျသောမျက်ရည်ဖြင့် ဆိုက်ရောက်လာရခြင်း၏ အကြောင်းကို အရှင်အာနန္ဒာအား ဤသို့လျှောက်ထားသည်၊

"အို. . . သားတော်မြတ် အာနန္ဒာ၊ သာကီဝင်ထီးနန်းကား ညှိုးနွမ်းယိမ်းယိုင်လို့ သွားချေပြီ။ သုဒ္ဓေါဒနမင်းကြီးလည်း ထီးဖြူရိပ်တွင်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီ။ ထီးနန်းကို ဆက်ခံ၍ စိုးစံမည့်မင်းသားများလည်း သာသနာ့ရိပ်မြုံမှာ ခိုလှုံဝင်ရောက်သွားကြကုန်ပြီ။ တပည့်တော်မတို့ အားကိုးရာမဲ့ ဖြစ်နေပါပြီ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ခိုကိုးရာမဲ့ဖြစ်နေသည့် တပည့်တော်မ အပါအဝင် သာကီဝင် မင်းသမီးငါးရာတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းအဖြစ်ကို ခံယူနိုင်ရန်အတွက် မရအရ အခွင့်တောင်းမည်ဟု စိတ်၌ကြံပြီး ဆံပင်ကို ပယ်ရှင်း၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်လျက် သူတော်ကောင်းအသွင်ဖြင့် လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အလွန်တစ်ရာ ဝေးလံလှသည့် ခရီးခဲကို အားကုန်ကြလျက် ဖိနပ်မစီး၊ ထီးလည်းမဆောင်းဘဲ လာခဲ့ကြရာတွင် ကန္တာရ ခရီးကြမ်းဖြစ်၍ နူးညံ့သည့် ခြေဖဝါးတွင် အဖုအလုံးကြီးများသည် ခပေါင်းရေ ကြည်စေ့များပမာ ဖူးဖူးယောင်လျက်ရှိပါသည် ဘုရား။ နေပူ၊ မြေပူတွင် ခရီး နှင်ခဲ့ရသဖြင့် တစ်ကိုယ်လုံးပင် မြူမှုန်လိမ်းကျံ၊ ချွေးသံရွှဲရွှဲဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲလှပါပြီ ဘုရား"

"မယ်တော်ကြီးတို့ ဖြစ်အင်ကို စုံလင်စွာ ရှုစားတော်မူပါ။ ဤသို့ အဆင်းရဲခံ၍မှ ရဟန်းပြုခွင့်မရလျှင် သေပွဲဝင်ကြရုံသာ ရှိပါတော့သည်။ နေပြည်တော် နိုင်ငံသို့လည်း မပြန်ကြတော့ပါ။ သည်တံခါးမုခ်ဝမှာပင် ငုတ် တုတ်ထိုင်ကာ အသေခံကြရပါတော့မည် ဘုရား"

မိထွေးတော်ကြီး၏ လျှောက်တင်ချက်ကိုကြားသော် အရှင်အာနန္ဒာ သည် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပူပန်ခြင်း ဖြစ်တော်မူရသည်။ သို့သော် မယ် တော်ကြီး စိတ်အားတက်လာစေရန် ဝမ်းမြောက်သော အမူအရာဖြင့် ဤသို့ ပြန်လည် မိန့်ကြားတော်မူသည်။ "အို. . . ကျေးဇူးရှင် မယ်တော်ကြီး၊ သည် အရေးကြောင့် ပူဆွေးစိုးရိမ်တော်မမူပါနှင့်၊ အခွင့်ရစေရန် နောင်တော် ဘုရား ထံသို့ အကြောင်းမျိုးစုံကို ဖော်ပြပြီး လျှောက်တင်ပါမည်" အရှင်အာနန္ဒာအထံမှ အားရနှစ်သက်ဖွယ်စကားကို ကြားရသောအခါ သာကီဝင်မင်းသမီး ငါးရာနှင့် တကွ မယ်တော်ကြီးဂေါတမီမှာ ပင်ပန်းခဲ့သမျှ ပြေပျောက်လျက် ဝမ်းမြောက် နှစ်သက်ခြင်း ဖြစ်တော်မူရှာသည်။

## ဘုရားရှင်ကိုလျှောက်ထားပြီ

အရှင်အာနန္ဒာသည် ဘုရားရှင်ထံပါးသို့ဝင်ရောက်၍ ဤသို့လျှောက် ထားလေသည်။ ဘုန်းတော်ကြီးလှသော နောင်တော်ဘုရား၊ ယခုအခါ မိထွေး

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့နှင့်အတူ ဤကျောင်းတော်၏ တံခါးမုခ်ဝသို့ အရောက်လာခဲ့ကြပါပြီ။ ရဟန်းပြုလိုသော အရေးကြောင့် ဤခရီးကို ဖိနပ်မစီး ထီးမဆောင်းဘဲ ဖုန်မြူလိမ်းကပ်သောကိုယ်ဖြင့် ငိုကြွေး ဆင်းရဲစွာ လာခဲ့ကြခြင်းဖြစ်ပါသည်။ တပည့်တော် လျှောက်ထားတောင်းပန်ပါရစေ နောင်တော်ဘုရား။ မာတုဂါမများအား သာသနာတော်အတွင်း၌ ရဟန်းပြုဖို့အရေး အခွင့်ပေးတော်မူပါ ဘုရား။

ထိုအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "အာနန္ဒာ၊ ငါဘုရား၏ သာသနာတော်၌ မာတုဂါမတို့ ရဟန်းပြုစေရန် မသင့်လျော်။ အကယ်၍ ရဟန်းပြုကာ နေထိုင်ကြပါလျှင် ငါဘုရား၏သာသနာသည် ကြာရှည်စွာ မစင်ကြယ်ဘဲ များပြားသော အညစ်အကြေးတို့ဖြင့် ရှုပ်ထွေးလာလိမ့်မည်။ သို့အတွက်ကြောင့် မာတုဂါမတို့၏ ရဟန်းပြုခြင်းကို သင်မနှစ်သက်ပါနှင့်"ဟု အခွင့်မပေးဘဲ တားမြစ် တော်မူသည်။

အရှင်အာနန္ဒက သုံးကြိမ်တိုင်တိုင် တောင်းပန် လျှောက်ထားသော်လည်း ဘုရားရှင်က ခွင့်ပေးတော်မမူပေ။

## ကြောင်းကျိုးအစုံဖြင့် ထပ်မံလျှောက်ထားပြန်ပြီ

ဘုရားရှင်က အကြိမ်ကြိမ် တားမြစ်သော်လည်း အရှင်အာနန္ဒာက နောက်တစ်ဖန် အကျိုးအကြောင်း အစုံအလင်ဖြင့် တစ်မျိုးပြောင်းကာ ဤသို့ လျှောက်တင်ပြန်သည်။ "ဘုန်းတော်ကြီးလှသော နောင်တောင်ဘုရား၊ အရှင်မြတ်သိတော်မူအပ်ပြီးသော သစ္စာလေးပါး မြတ်တရားကို မာတုဂါမများလည်း သိမြင်ကြရန် မထိုက်မတန်ဖြစ်နေပါသလား ဘုရား။ အရှင်ဘုရား တည်ထောင်တော်မူထားသော ဤဓမ္မဝိနယ သာသနာတော်ကြီးသည် မာတုဂါမများနှင့် မသက်ဆိုင်ဘူးလား ဘုရား။ မာတုဂါမများ သာသနာတော်သို့ဝင်၍ ရဟန်းပြုခဲ့ပါလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို မရစကောင်း ဖြစ်နေပါသလား ဘုရား။ လောကုတ္တရာတရားသည် ယောကျ်ားများနှင့်သာ ထိုက်တန်၍ မိန်းမများနှင့် မထိုက်တန်ဘူးလား ဘုရား"ဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကယ်၍ သာသနာတော်သို့ မာတုဂါမများ ဝင်ရောက် ရဟန်းပြုကြသောအခါ မဂ်တရား ဖိုလ်တရားကို ရနိုင်ရိုးမှန်ပါလျှင် အခွင့်ပေးသင့်ပါသည် ဘုရား။ မိထွေးတော်မြတ်ကြီး မဟာပဇာပတိ ဂေါတမီသည် အရှင်ဘုရား အပေါ်၌ လွန်စွာ ကျေးဇူးကြီးလှပါသည် ဘုရား။ မယ်တော်ရင်းကဲ့သို့ပင် အဆင်းရဲခံခဲ့သူ ဖြစ်ပါသည်။ အရှင်ဘုရားကို မွေးကင်းစအခါ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်မှစ၍ မိထွေးတော်ဂေါတမီ မယ်တော်ကြီးက နူးညံ့သော ရင်ငွေ့ဖြင့် ယုယပိုက်ထွေးကာ နို့ချိုကျွေး၍ မွေးခဲ့ပါသည်။ ဤမျှလောက် ကျေးဇူးကြီးသော မိထွေးတော်ဂေါတမီ၏ တောင်းပန်ချက်ကို မတားမြစ်ဘဲ ကျေးဇူးအဖုံဖုံတို့ကို မြော်တွေးဆင်ခြင်တော်မူကာ ကျေးဇူးရှင် မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီအား ရဟန်းပြုရန် အခွင့်ပေးသနားထိုက်ပါသည် ဘုရား"

## ဂရုဓမ်တရားလိုက်နာလျှင်ခွင့်ပြုမည်

အရှင်အာနန္ဒာ၏ လျှောက်တင်ချက်ကိုကြားသော်ဘုရားရှင်သည် ခေတ္တ ဆင်ခြင်တော်မူပြီး အာနန္ဒာ၊ ငါ၏ ကျေးဇူးရှင် မယ်တော်ကြီး ဂေါတမီသည် ရှစ်ပါးသော "ဂရုဓမ္မ"တရားတို့ကို အသက်ထက်ဆုံး မသွေမလျှ အမြဲမပြတ် လိုက်နာ ကျင့်ကြံခဲ့ပါလျှင် ရဟန်းပြုခွင့်ကို ငါဘုရားပေးသနား တော်မူမည်"ဟု မိန့်ကြား တော်မူသည်။

ထိုအခါ အရှင်အာနန္ဒက မိထွေးတော်ကြီးတို့ လိုက်နာကျင့်ကြံရမည့် ဂရုဓမ္မ တရား ရှစ်ပါးကို အရှင်ဘုရား မိန့်ကြားတော်မူပါဟု လျှောက်ထားရာ ရှင်တော် ဘုရားက ဤသို့ ဂရုဓမ္မတရားရှစ်ပါးကို မိန့်ကြားတော်မူသည်။

## ဂရုဓမ်တရား ရှစ်ပါး

(၁) အာနန္ဒာ၊ ဝါပေါင်းတစ်ရာရပြီးသော ဘိက္ခုနီမကြီးပင်ဖြစ်စေ၊ ယနေ့ ပြုသစ်စဖြစ်သော ရဟန်းယောက်ျားကို ဝပ်တွားရှိသေရမည်၊

(၂) ရဟန်းယောက်ျားမရှိသော ဒေသကျောင်း၌ ဝါဆိုနေထိုင်ခြင်းမပြုရ၊

www.burmeseclassic.com

www.burmeseclassic.com



(၃) လပြည့်နေ့, လကွယ်နေ့တို့၌ ရဟန်း ယောက်ျားတို့ထံမှ ဆုံးမဩဝါဒများ ခံယူရမည်၊

(၄) ဝါကျွတ်သောအခါ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာတို့ အထံ၌ ပဝါရဏာ ပြုရမည်၊

(၅) နှစ်စဉ်မပြတ် တစ်ဆယ့်ငါးရက်တိုင်တိုင် "ပက္ခမာနတ်"ကို ကျင့်ဆောင်ရမည်၊

(၆) သာသနာတော်သို့ဝင်၍ ရဟန်းပြုလိုသော အမျိုးသမီး သည် "ဒွိဝဿ" နှစ်နှစ်တိုင်တိုင် သိက္ခမာန်အဖြစ်ဖြင့် ကျင့်ကြံနေ ထိုင်ပြီးမှ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာတို့ထံ၌ ဥပသမ္ပဒကံ ဆောင်၍ ရဟန်းပြုစေရမည်၊

(၇) ဘိက္ခုနီများသည် ရဟန်းယောက်ျားတို့အား ပရိယာယ်စကားမျှဖြင့်သော်လည်း ဆဲရေးကြိမ်းမောင်း စောင်းမြောင်းပြောဆိုခြင်း မပြုရ၊

(၈) ရဟန်းယောက်ျားတို့ ဟောကြားဆုံးမသည့်အတိုင်း မသွေမတိမ်း လိုက်နာကျင့်ဆောင်၍ နေရမည်။

ဤဂရုဓမ္မတရားရှစ်ပါးကို ရိုသေလေးမြတ်စွာ ကျင့်ဆောင် အားထုတ်၍ အသက်ဆုံးသည်တိုင်အောင် နေထိုင်ပါမည်ဟု ဝန်ခံလျှင် ကျေးဇူးရှင် မိထွေးတော်ကြီးသည် ရဟန်းအဖြစ်ကို ရယူကာ သာသနာတော်တွင်းသို့ဝင်စေ"ဟု ဘုရားရှင်က မိန့်တော်မူသည်။

အရှင်အာနန္ဒာသည် မိထွေးတော် မဟာပဇာပတိ ဂေါတမီအထံသို့ လာပြီး ရှင်တော်ဘုရား မိန့်ကြားတော်မူသော သာသနာ့ဘောင်သို့ ဝင်လိုသည့် မာတုဂါမများ လိုက်နာရမည့် ဂရုဓမ္မတရား ရှစ်ပါးတို့ကို တစ်ဆင့်ပြန်လည် မိန့်ကြားတော်မူသည်။

## ပုလဲရတနာသဖွယ် တန်ဖိုးထားလိုက်နာပါမည်

အရှင်အာနန္ဒာ၏ စကားကို မိထွေးတော်ဂေါတမီကြားသော် အားရနှစ်သက် ရွှင်လန်းစွာဖြင့် "ဂရုဓမ္မတရားရှစ်ပါးကို တစ်သက်ပတ်လုံး အဖိုးထိုက်

www.burmeseclassic.com

www.burmeseclassic.com



တန်သော ပုလဲကုံးရတနာကို လည်မှာ အမြဲ ဆွဲဆင်ထားသကဲ့သို့ ဝမ်းမြောက်ကြည်သာစွာ ကျင့်ကြံလိုက်နာပါမည် ဘုရား"ဟု မိထွေးတော် ဂေါတမီက ပြန်လည် လျှောက်ထားလိုက်သည်။

မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် ဂရုဓမ္မတရားရှစ်ပါးကို ခံယူကာမျှနှင့် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ အမျိုးသမီးတို့အထဲမှ ပထမဆုံး ရဟန်းပြုခဲ့သူ၊ ရဟန်းဖြစ်တော်မူသူလည်း ဖြစ်သွားသည်။

မဟာပဇာပတိ ဂေါတမီနှင့်အတူပါလာသော သာကီဝင်မင်းသမီးငါးရာတို့သည်လည်း ဤဂရုဓမ္မ တရားရှစ်ပါးကို ရိုသေစွာ ခံယူကြသည်။ သို့သော် သူတို့အတွက် ဘုရားရှင်၏ အမိန့်တော်အထူး မပါရှိသဖြင့် ရဟန်းယောကျ်ားများ ရဟန်းခံသည့်အတိုင်း ရဟန်းအဖြစ်ကို ခံယူကြရသည်။

## ရဟန္တာဖြစ်တော်မူပြီ

မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် အလွန် ရခဲလှစွာသော ရဟန်းအဖြစ်ကို ငြိုငြင်ဆင်းရဲစွာ ရခဲ့ပြီးနောက် ရှင်တော်ဘုရားထံမှ တရားမြတ်ကို နာကြားသည်။ ကမ္မဋ္ဌာန်းနည်းကို သင်ယူကာ ဆိတ်ငြိမ်ရာတွင် နေလျက် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်တော်မူလေရာ မကြာမီအတွင်းမှာပင် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသည်။

## တေဒဂ်ဘွဲ့ထူးရရှိခြင်း

မိထွေးတော် ဂေါတမီသည် ပြုဖွယ်ကိစ္စအလုံးစုံကို အကုန်ပြီးစီး၍ ရဟန္တာမကြီးဖြစ်ပြီးနောက် သာသနာတော်အတွင်း၌ ဂေါတမီထေရီဟု ထင်ရှားကျော်စောတော်မူသည်။ ထိုနောက် ရှင်တော်မြတ်ဘုရားက ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့အား တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူရာတွင် မိထွေးတော် ဂေါတမီအား ရတ္တညူတေဒဂ်ဘွဲ့ထူးဖြင့် ဤသို့ ချီးမြှင့်ပေးတော်မူသည်။

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ။

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခုဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏ သာဝိကာနံ၊ တပည့်မဖြစ်ကုန်သော။ ရတ္တညူနံ၊ ညဉ့်အပိုင်းအခြားကို သိကြကုန်သော (ဝါ) သာသနာတော်အတွင်း၌ ရှေးဦးစွာရဟန်းပြုလေ့ရှိကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်း မိန်းမအပေါင်းတို့တွင်။ ယဒိဒံ-ယာ အယံ မဟာပဇာပတိဂေါတမီ။ အကြင် မဟာပဇာ ပတိဂေါတမီသည်၊ အတ္တိရှိ၏။ တေ-ဧသာ၊ ထိုမဟာပဇာပတိ ဂေါတမီသည်။ အဂ္ဂ-အဂ္ဂေါ၊ အမြတ်ဆုံးပေတည်း။

## ဂေါတမီထေရီ ကျူးရင့်လေ့ရှိသော ဂါထာများ

ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခြင်း၊ ဈာန်အဘိညာဉ် တန်ခိုးအမျိုးမျိုးနှင့် ပြည့်စုံခြင်း၊ တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရခြင်းဟူသော လောကုတ္တရာ ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဂေါတမီထေရီသည် ဖလသမာပတ်ချမ်းသာကိုဝင်စား၍ နေတော်မူရာ မကြုံစဖူး အထူးထူးသော ချမ်းသာများကို ကိုယ်တိုင်တွေ့ကြုံရရှိတော်မူသဖြင့် ခြောက်ခုသော ဤဥဒါန်းဂါထာတို့ကို ကျူးရင့်တော်မူလေသည်။

ဗုဒ္ဓ ဝီရ နမောတျတ္ထု၊ သဗ္ဗသတ္တာနမုတ္တမ။
ယော မံ ဒုက္ခာ ပမောစေသိ၊ အညဉ္စ ဗဟုကံ ဇနံ။

ဝီရ၊ ရဲရင့်ထူးချွန်၍ အလွန်မြင့်မြတ်တော်မူပေသော။ ဗုဒ္ဓ၊ အို-ရှင်တော်မြတ်ဘုရား။တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ သဗ္ဗသတ္တာနံ၊ လောကသုံးဘုံ သတ္တဝါအလုံးစုံတို့ထက်။ ဥတ္တမ၊ မည်သူပင်ပြိုင်သော်လည်း မနိုင်အောင်ကင်းပြတ်၍ မြင့်မြတ်ခြင်းကြီးမြင့်မြတ်တော်မူသော။ ဗုဒ္ဓ၊ ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်ဘုရားအား။ နမော၊ ရိုသေမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ ယောတွံ၊ အကြင်ရှင်မြတ်ဘုရားသည်။ မံ၊ တပည့်တော်မကို။ ဒုက္ခာ၊ ဆင်းရဲညွှတ်ကွင်းဝဋ်ခပင်းမှ။ ပမောစေသိ၊ လွတ်စေတော်မူပါပေ၏။ အညံ၊ တပည့်တော်မမှ တစ်ပါးဖြစ်သော။ ဗဟုကံ ဇနံစ၊ ဗိုလ်ခြေသောင်းသောင်းများလှစွာသော သတ္တဝါအပေါင်းကိုလည်း။ ဒုက္ခာ၊ ဆင်းရဲညွှတ်ကွင်း ဝဋ်ခပင်းမှ။ ပမော စေသိ၊ လွတ်စေတော်မူပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗဒုက္ခံ ပရိညာတံ၊ ဟေတု တဏှာ ဝိသောသိတာ။
အရိယဋ္ဌင်္ဂိကော မဂ္ဂေါ၊ နိရောဓော ဖုသိတော မယာ။

မယာ၊ အကျွန်ုပ်သည်။ သဗ္ဗဒုက္ခံ၊ သံသရာဝဋ်ထဲ၌ ဆင်းရဲရပုံ အလုံးစုံ ကို။ ပရိညာတံ၊ ပိုင်းခြားထင်ထင် သိမြင်လေပြီ။ ဟေတုတဏှာ၊ ဆင်းရဲ ကြောင်းအစစ် အမြစ်သိုက်အုံ။ တဏှာ မြူကို။ ဝိသောသိတာ၊ အကုန်ပျောက် ၍ သွေ့ခြောက်စေအပ်လေပြီ။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အရိယော၊ မြတ်သော။ မဂ္ဂေါ၊ မဂ်တရားကို။ ဘာဝိတော၊ ပွားများအပ်လေပြီ။ နိရောဓော၊ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းတုံလတ် နိဗ္ဗာန်ဓာတ်ကို။ ဖုသိတော၊ တွေ့ထိခံစား အပ်လေပြီ။

မာတာ ပုတ္တော ပိတာ ဘာတာ၊ အယျိကာ စ ပုရေ အဟုံ၊
ယထာဘုစ္စ မဇာနန္တီ၊ သံသရိံ ဟံ အနိဗ္ဗိသံ။

အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးသံသရာအဆက်ဆက်၌။ ယထာ ဘုစ္စံ၊ မှန်သောတရားအချက်ကို။ အဇာနန္တီ၊ ထိထိပိုင်ပိုင်မသိနိုင် သောကြောင့်။ အနိဗ္ဗိသံ၊ မဖောက်မခွင်း မထိုးထွင်းနိုင်သောကြောင့်။ သံသရိံ၊ သံသရာရေ ယဉ်ကြောမှာ နစ်မျောကျင်လည်ခဲ့ရပါ၏။ တေန၊ ထိုတရားအမှန်ကို ကိုယ့် ဉာဏ်ဖြင့် မသိ မမြင်လေသောကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးသံရာ အဆက်ဆက်၌။ မာတာ၊ အများတို့၏ မိခင်သည်။ အဟုံ၊ ဖြစ်ခဲ့ ဖူးလှလေပြီ၊ ပုတ္တော၊ အများတို့၏သားသည်။ အဟုံ၊ ဖြစ်ခဲ့ဖူးလှလေပြီ။ ပိတာ၊ အများတို့ ဖခင်သည်။ အဟုံ၊ ဖြစ်ခဲ့ဖူးလှလေပြီ။ ဘာတာ၊ အများတို့၏ မောင်သည်။ အဟုံ၊ ဖြစ်ခဲ့ဖူးလှလေပြီ။ အယျိကာစ၊ အများတို့၏ အဖွားမကြီးသည်လည်း။ အဟုံ၊ ဖြစ်ခဲ့ဖူးလှလေပြီ။

ဒိဋ္ဌော ဟိ မေ သော ဘဂဝါ၊ အန္တိမောယံ သမုဿယော။
ဝိက္ခီဏော ဇာတိသံသာရော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ဣဒါနိ၊ ဤယခုအခါ၌။ မယာ၊ အကျွန်ုပ်ဂေါတမီသည်။ သောဘဂဝါ၊ ထိုရှင်တော်မြတ်ဘုရားကို။ ဟိ-ဧကန်စင်စစ်။ ဒိဋ္ဌော၊ ကိုယ့်ဉာဏ်အလင်းဖြင့် ရှင်းရှင်းကြီး တွေ့မြင်အပ်လေပြီ။ အယံ သမုဿယော၊ ဤကိုယ်ခန္ဓာကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တိမော၊ အဆုံးစွန်ဖြစ်သော ကိုယ်ခန္ဓာကြီးပေတည်း။ ဇာတိသံသာရော၊ ပဋိသန္ဓေ နေ၍မဆုံး ဝဋ်ဇာတိမတုံးနိုင်သော သံသရာကြီးသည်။ ဝိက္ခီဏော၊ ကုန်ဆုံးပြတ်ကင်းခဲ့လေပြီ။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တစ်ဖန် ဘဝသစ်သည်။ နတ္ထိ၊ မရှိတော့ချေ။

အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊ နိစ္စံ ဒဠှပရက္ကမေ။

သမဂ္ဂေ သာဝကေ ပဿ၊ ဧသာ ဗုဒ္ဓါန ဝန္ဒနာ။

ဂေါတမီ၊ အိုး . . . မိထွေးတော်ဂေါတမီ။ အာရဒ္ဓဝီရိယေ၊ အားထုတ်အပ်သော ဝီရိယရှိကုန်သော။ ပဟိတတ္တေ၊ စွန့်လွှတ်အပ်သော စိတ်နှလုံးရှိကုန်သော။ နိစ္စံ ဒဠှပရက္ကမေ၊ အမြဲမလျှော့ မပေါ့တန်သော လုံ့လရှိကုန်သော။ သမဂ္ဂေ၊ ညီညွတ် ကြကုန်သော။ သာဝကေ၊ တပည့်သားတော်အပေါင်းတို့ကို။ ပဿ၊ ကြည့်ရှုစောင်မတော်မူပါလေ။ ဧတံ၊ ဤသို့ တောင်းပန်ခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဝန္ဒနံ၊ ရှိခိုးခြင်းမည်ပေ၏။ ဧဝံ၊ ဤသို့။ အပြောဝီ၊ ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့ပြီ။

ဗဟူနံ ဝတ အတ္ထာယ၊ မာယာ ဇနယိ ဂေါတမံ။

ဗျာဓိမရဏတုန္နာနံ၊ ဒုက္ခက္ခန္ဓံ ဗျာပါနုဒိ။

ဘောန္တော၊ အိုး . . . လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့။ ဗဟူနံ၊ သချ်ာ သင်္ချေ တွက်ရေများတောင်း သတ္တဝါအပေါင်းတို့၏။ အတ္ထာယ၊ မကြုံစဖူး အထူးကြီးမား အကျိုးများစိမ့်သောငှါ။ မာယာ၊ အစ်မတော် မဟာမာယာဒေဝီသည်။ ဂေါတမံ၊ ချမ်းသာဆိုက်ရေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူနိုင်ပေသော သုံးလောကထွတ်တင် ဂေါတမရှင်တော်မြတ်ဘုရားကို။ ဇနယိဝတ၊ ဖွားမြင်တော်မူခဲ့ပေသည်တကား။ သော ဂေါတမော၊ ထိုဂေါတမရှင်တော်မြတ်ဘုရားသည်။ ဗျာဓိမရဏတုန္နာနံ၊ နာဘေးသေဘေးတို့ဖြင့် မအေးနိုင်အောင် ပူလောင်ထိုးကျင်၍ နေကြကုန်သော။ သတ္တာနံ၊ သတ္တဝါ အပေါင်းတို့၏။ ဒုက္ခက္ခန္ဓံ၊ ဘဝမဆုံး အစမဆုံး တဟုန်းဟုန်းတောက်လောင်၍နေသော ဒုက္ခမီးပုံကြီးကို။ ဗျာပါနုဒိ၊ သစ္စာလေး[illegible]င် ကိုယ်တိုင်မြင်၍ ကြည်ရွှင်အောင် ပယ်ဖျောက်တော်မူနိုင်ပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## သာကီဝင်ဘိက္ခုနီမတို့နှင့်တိုင်ပင်

ရတ္တညျူဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်း ခံတော်မူခဲ့ရသော မဟာပဇာပတိ ဂေါတမီထေရီသည် ပါရမီနှင့်ပြည့်စုံသော အမျိုးသမီးပေါင်းများစွာတို့အား သံသရာဝဋ်မှ ကျွတ်လွတ်လေအောင် ဘိက္ခုနီမ သာသနာတော်ကြီးကို စတင် တည်ထောင်ခဲ့လေပြီ။ အသက်အရွယ် တစ်ရာ့နှစ်ဆယ် ရှိတော်မူလတ်သော် အာယုသင်္ခါရကိုလွှတ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီးသည်နှင့် သာကီဝင် ဘိက္ခုနီ ငါးရာတို့ကို ဆိတ်ငြိမ်ရာသို့ခေါ်ပြီး ဤသို့ မိန့်တော်မူခဲ့သည်။ အို . . . ညီမ ချစ်အပေါင်းတို့ အကျွန်ုပ်တို့မှာ အသက်အရွယ်ကြီး၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခါ နီးကြပြီ။ သားတော်ဘုရား၏ ပရိနိဗ္ဗာန်စံပွဲကြီး၊ အရှင်သာရိပုတ္တရာ၊ အရှင် မဟာမောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန်စံပွဲ၊ ရာဟုလာမထေရ်၊ အာနန္ဒာမထေရ်၊ သားတော်ရင်း နန္ဒထေရ်တို့၏ ပရိနိဗ္ဗာန်စံပွဲများကို မြင်ကြရတော့မည် မဟုတ် တော့ပေ။ ကျွန်ုပ်တို့က ပထမရှေ့ဦးစွာ ကြိုတင်၍ ပရိနိဗ္ဗာန်စံဝင်ကြရလိမ့်မည်။ ရှင်တော်ဘုရားထံသို့သွားပြီး ပရိနိဗ္ဗာန်စံဝင်ရမည့် အကြောင်းကို ရှိသေစွာ ခွင့်တောင်းချေကြစို့။ ဤသို့ ပရိနိဗ္ဗာန်စံဝင်တော်မူကြရန် တိုင်ပင်တော် မူသည်နှင့် တစ်ပြိုင်နက် အသက်မဲ့သော မဟာပထဝီမြေကြီးသည် လွမ်းဆွတ် ကြေကွဲသော သဘောအားဖြင့် တသိမ့်သိမ့် တုန်လှုပ်သည်။ အာကာတခွင် ထက်ကောင်းကင်၌လည်း မဖြစ်စဖူး အထူးမြည်ဟီးသည်။ မိုးနတ်စည်တော် ကြီး၏ တီးသံတို့လည်း ဖြစ်ပေါ်ကြသည်။

ထိုအခါ ကျန်သီတင်းသုံးဖော်ဖြစ်သော ဘိက္ခုနီမ အပေါင်းတို့သည် မဖြစ်စဖူး ထူးဆန်းကြီးကျယ်သော နိမိတ်ကြီးများ ထင်မြင်လာသည်နှင့် မိထွေး တော်ဂေါထမီထံသို့ လာရောက်ကြပြီး ရှိသေစွာရှိခိုးဝပ်တွားလျက် အကြောင်း အရာများကို မေးမြန်းလျှောက်ထားကြသည်။ မိထွေးတော်ဂေါတမီက "မကြာမီ အတွင်းမှာပင် ဘုရားရှင်ကို လျှောက်တင်ပန်ကြားပြီး ပရိနိဗ္ဗာန်စံဝင်တော့မည်" ဟု မိန့်ကြားတော်မူသည်။

ထိုအခါ သာကီဝင်ဘိက္ခုနီငါးရာတို့ကလည်း ကျေးဇူးရှင်ကြီးဖြစ်သော ဂေါတမီထေရီ ပရိဗ္ဗာန် စံဝင်ခဲ့ပါလျှင် အတူအကွ ပရိနိဗ္ဗာန်စံဝင်ရမည့် အကြောင်းကို လျှောက်ထားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသမီးပေါင်းများစွာတို့ ငိုကြွေးကြခြင်း

ပုထုဇဉ် ဘိက္ခုနီမအပေါင်းတို့ ငိုကြွေး၍ နေကြစဉ် မိထွေးတော်ဂေါတမီသည် သာကီဝင်ဘိက္ခုနီမ ငါးရာတို့နှင့်အတူ ကျောင်းတိုက်ကြီးမှ ထွက်တော်မူခဲ့သည်။ ဘုရားရှင် သီတင်းသုံးတော်မူရာ မဟာဝုန်တောကြီးသို့ မရောက်မီ လမ်းခရီးတစ်လျှောက် အမျိုးသမီးပေါင်းများစွာတို့က "မိထွေးတော် ဂေါတမီသည် သာကီဝင်ဘိက္ခုနီမငါးရာတို့နှင့်အတူ ပရိနိဗ္ဗာန် စံတော်မူတော့မည်။ ရှင်တော်ဘုရားကို လျှောက်ထားရန် မဟာဝုန်တောကြီးသို့ ထွက်ကြွတော်မူလာပြီ"ဟု သတင်းကြားသဖြင့် များစွာဝမ်းနည်းခြင်း ဖြစ်ကြသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး အဆုံးစွန်သော ဖူးမြင်ခြင်းဖြင့် ဖူးမြင်လိုကြသောကြောင့် အိမ်မှထွက်ကြပြီး လမ်းခရီးတလျှောက်မှ စီတန်းကြို့ဆိုကာ ဖူးမျှော်ကြသည်။

ထိုအခါ မိထွေးတော်ဂေါတမီက လမ်းခရီးတစ်ခွင်ရှိ ပူပင်ငိုယိုလျက်ကြိုဆို ရှိခိုးကြသည့် အမျိုးသမီးတို့အား အပူကင်းပျောက်ကြောင်း တရားကို ဤသို့ ဟောကြားတော်မူသည်။

## ပူပန်မှုကင်းကြောင်းတရားများ

ရုဒိတေန အလံ ပုတ္တာ၊ ဟာသကာလော ယမဇ္ဇ ဝေါ။
ပရိညာတံ မယာ ဒုက္ခံ၊ ဒုက္ခဟေတု ဝိဝဇ္ဇိတော။
နိရောဓော မေ သစ္ဆိကတော၊ မဂ္ဂေါ စာပိ သုဘာဝိတော။

ပုတ္တာ၊ အို. . . ချစ်သမီးအပေါင်းတို့။ ရုဒိတေန၊ ပူပင်ဟစ်ကြွေး တဆွေးဆွေးလျှင် ငိုကြွေးကာ နေကြသဖြင့်။ အလံ၊ အကျိုးမရှိတော့ချေ။ အဇ္ဇ ယနေ့။ အယံကာလော။ ဤအချိန်အခါကြီးသည်ကား။ ဝေါ၊ သင်ချစ်သမီးအပေါင်းတို့၏။ ဟာသကာလော၊ ရွှင်ရွှင်လန်းလန်းနှင့် ရယ်ပန်းပွင့်ရမယ့် အခါကြီးပေတည်း။ မာသောစထ၊ စိုးရိမ်သည့်အရေးကြောင့်။ ငိုကြွေးကာ မနေကြကုန်လင့်။ မယာ၊ သင်တို့ဆရာ ငါသည်မူကား။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာတံ၊ ပိုင်ပိုင်ထင်ထင် သိမြင်အပ်လေပြီ။ ဒုက္ခဟေတု၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တဏှာစာတ်ကိုလည်း။ ဝိဝဇ္ဇိတော၊ ပယ်ရှင်းသတ်ဖြတ်အပ်လေပြီ။ မေ၊ ငါ

www.burmeseclassic.com



သည်။ နိရောဓော၊ နိရောဓတ် နိဗ္ဗာန်မြတ်ကို။ သစ္ဆိကတော၊ မျက်မှောက်ပြု အပ်လေပြီ။ မဂ္ဂေါစာပိ၊ မဂ္ဂသစ္စာကြီး ကိုလည်း။ သုဘာဝိတော၊ ကောင်းစွာပွား များအပ်လေပြီ။

## တဏှာကြိုးကိုဖြတ်တောက်ပြီးပြီ

ပရိစိဏ္ဏော မယာ သတ္ထာ၊ ကတံ ဗုဒ္ဓဿ သာသနံ။
ဩဟိတော ဂရုကော ဘာရော၊ ဘဝနေတ္တိ သမူဟတာ။

ပုတ္တာ၊ အို . . . ချစ်သမီးအပေါင်းတို့။ မယာ၊ သင်တို့ဆရာငါသည်။ သတ္ထာ၊ ရှင်တော်မြတ်ဘုရားကို။ ပရိစိဏ္ဏော၊ လုပ်ကျွေးခစားခြင်းကိစ္စ ပြီးစီးခဲ့ လေပြီ။ ဗုဒ္ဓ သာသနံ၊ ရှင်တော်မြတ်ဘုရား၏ အဆုံးအမတော်ကို။ ကတံ၊ ပြုကျင့်လိုက်နာခြင်း ကိစ္စပြီးစီးခဲ့လေပြီ။ ဂရုကောဘာရော၊ လေးလံလှစွာသော ခန္ဓာဝန်ကြီးကိုလည်း၊ ဩဟိတော၊ ပစ်ချအပ်လေပြီ။ ဘဝနေတ္တိ၊ ဘဝ မပြတ် အောင် ချည်နှောင်၍ထားသော တဏှာကြိုးကိုလည်း။ သမူဟတာ၊ ကောင်းစွာ ဖြတ်တောက်အပ်လေပြီ။

## သံယောဇဉ်ဖြစ်ကုန်ပြီ

ယဿတ္ထာယ ပဗ္ဗဇိတာ၊ အဂါရသ္မာ နဂါရိယံ။
သော မေ အတ္ထော အနုပ္ပတ္တော၊ သဗ္ဗသံယောဇနက္ခယော။

ပုတ္တာ၊ အို. . . ချစ်သမီး အပေါင်းတို့၊ အဟံ၊ သင်တို့ဆရာ ငါသည်။ ယဿတ္ထာယ၊ အကြင်နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်း အကျိုးငှာ၊ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ၊ အနဂါရိယံ၊ အိမ်ရာ မထောင်သော သာသနာဘောင်သို့။ ပဗ္ဗဇိတာ၊ ဝင်ရောက်၍ ရဟန်းပြုခဲ့ပါ၏။ မေ၊ ငါ့အား၊ သော အတ္ထော၊ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်း တည်းဟူသော အကျိုးတော် ကြီးသည်။ အနုပ္ပတ္တော၊ ဖြစ်ပေါ်ပြီးစီးခဲ့လေပြီ။ သဗ္ဗသံယောဇနက္ခယော၊ သံယောဇဉ် အလုံးစုံ အကုန်ခြောက်ခန်းခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓေါ တသ္သ စ သဒ္ဓမ္မော၊ အနူနော ယာဝ တိဋ္ဌတိ။
နိဗ္ဗာတုံ တာဝ ကာလော မေ၊ မာ မံ သောစထ ပုတ္တိကာ။

ပုတ္တိကာ၊ အို . . . ချစ်သမီးအပေါင်းတို့။ ဗုဒ္ဓေါစ၊ ရှင်တော်မြတ်ဘုရားကြီးသည်လည်းကောင်း။ တဿ၊ ထိုရှင်တော်မြင်ဘုရား၏။ သဒ္ဓမ္မောစ၊ တရားတော်မြတ်ကြီးသည်လည်းကောင်း။ ယာဝ၊ အကြင်မျှလောက်။ အနူနော၊ ယုတ်လျော့မှေးမှိန်ခြင်းမရှိဘဲ။ တိဋ္ဌတိ၊ တည်တံ့တော်မူ၏။ တာဝ၊ ထိုတည်တံ့သော အခိုက်၌ပင်လျှင်။ မေ၊ ငါ၏။ နိဗ္ဗာတုံ၊ ပရိနိဗ္ဗာန် စံဝင်ခြင်းငှာ။ ကာလော၊ သင့်လျော်သော အချိန်ကောင်းကြီးပေတည်း။ မံ၊ ပရိနိဗ္ဗာန် ဝင်စံနီးဖြစ်သောငါ့ကို။ ပဋိစ္စ၊ အစွဲပြု၍။ မာ သောစထ၊ စိုးရိမ်ပူဆွေး မငိုကြွေးကြကုန်လင့်။

ကောဏ္ဍညာနန္ဒနန္ဒာဒီ၊ တိဋ္ဌန္တိ ရာဟုလော ဇိနော။
သုခိတော သဟိတော သံဃော၊ ဟတဒဗ္ဗာ စ တိတ္ထိယာ။

ပုတ္တိကာ၊ အို . . . ချစ်သမီးအပေါင်းတို့။ က္ကဒါနိ၊ ဤယခုအခါ၌။ ကောဏ္ဍညာ နန္ဒနန္ဒာဒီ၊ ကောဏ္ဍညထေရ်၊ အာနန္ဒာထေရ်၊ နန္ဒထေရ် အစရှိကုန်သော ထေရ်သံဃာအပေါင်းတို့သည်လည်းကောင်း။ ရာဟုလာ၊ မြေးတော် ရာဟုလာထေရ်သည်လည်းကောင်း။ ဇိနော၊ သားတော် ဘုရားရှင်သည်လည်းကောင်း။ တိဋ္ဌန္တိ၊ ထင်ရှားစွာ တည်ရှိတော်မူကုန်သေး၏။ သံဃော၊ သံဃာတော်အပေါင်းသည်။ သဟိတော၊ ညီညွတ် စည်းလုံးသည်ဖြစ်၍။ သုခိတော၊ ချမ်းချမ်းသာသာ။ တိဋ္ဌတိ၊ တည်နေတော်မူ၏။ တိတ္ထိယာစ၊ အယူမှားယွင်း တိတ္ထိသင်းတို့သည်လည်း။ ဟတဒဗ္ဗာ၊ မာန်စွယ်ကျိုး၍ နွမ်းညှိုးပျက်စီးကြလေကုန်ပြီ။

ဩက္ကာကဝံသဿ ယသော၊ ဥဿိတော မာရမဒ္ဒနော။
နနု သမ္ပတိ ကာလော မေ၊ နိဗ္ဗာနတ္ထာယ ပုတ္တိကာ။

ပုတ္တိကာ၊ အို . . . ချစ်သမီးအပေါင်းတို့။ ဩက္ကာကဝံသဿ၊ ဩက္ကာကရာဇ် နေမြစ်နွယ်ဖွား သာကီဝင်ရှင်တော်ဘုရား၏။ မာရမဒ္ဒနော၊ ငါးပါးမာရ်ကို လှန်ပယ်နှိပ်နင်းနိုင်သော။ ယသော၊ ကျော်စောခြင်း၊ သတင်းဂုဏ်ကို။ ဥဿိတော၊ သုံးလောကတိုက်ဘောင်မှာ စိုက်ထောင်ထူမြှင့်အပ်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗတိ၊ ယခုအခါ၌။ မေ၊ ငါ၏။ နိဗ္ဗာနတ္ထာယ၊ နိဗ္ဗာန်ယူသိမ်း အပြီးငြိမ်းခြင်းငှာ။ ကာလောနနု၊ အချိန်တန်ပြီ မဟုတ်ပါလော။

စိရပဘူတိယံ မယှံ၊ ပတ္တိကံ အဇ္ဇ သိဗ္ဗတေ။
အာနန္ဒဘေရီ ကာလောယံ၊ ကိံ ဝေါ အဿုဟိ ပုတ္တိကာ။

ပုတ္တိကာ၊ အို. . . ချစ်သမီးအပေါင်းတို့။ စိရပဘူတိ၊ ရှည်မြင့်လှစွာ ကမ္ဘာ တစ်သိန်းက အစပြု၍။ ယံ၊ အကြင် နိဗ္ဗာန်ဆုတော်ကြီးကို။ မယှံ၊ ငါသည်။ ပတ္တိတံ၊ ရည်မှန်းတောင့်တအပ်ခဲ့လေပြီ။ တံ၊ ထိုတောင့်တခဲ့သော နိဗ္ဗာန် ဆုတော်ကြီးသည်။ အဇ္ဇ ယနေ့။ သိဗ္ဗတေ၊ အခွင့်ကြုံ၍ပြည့်စုံတော့မည် သာတည်း။ အယံ၊ ဤယနေ့ အခါကြီးသည်ကား။ အာနန္ဒဘေရီကာလော၊ အောင်စည်ဆော်ဟီး အောင်မောင်းတီး၍ အရွှင်ကြီးရွှင်ရမည့် အခါပေတည်း။ ဝေါ၊ သင် ချစ်သမီးတို့အား။ အဿုဟိ၊ တရှိုက်ရှိုက်ငိုလျက် ယိုထွက်သော မျက်ရည်တို့ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိပါအံ့နည်း။

## သာသနာတော်တည်တံ့အောင် အားထုတ်ရစ်ကြ

သ စေ မယိ ဒယာ အတ္ထိ၊ ယဒိ စတ္ထိ ကတညုတာ။
သဒ္ဓမ္မဋ္ဌိတိယာ သဗ္ဗာ၊ ကရောထ ဝီရိယံ ဒဠှံ။

ပုတ္တိကာ၊ အို. . . ချစ်သမီး အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ မယိ၊ ငါ့အပေါ်၌။ ဒယာ၊ ကြင်နာသနားခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ ရှိသည် ဖြစ်အံ့။ ကတညုတာစ၊ ကျေးဇူးမြတ်ကို ဆပ်လိုသော သဘောသည်လည်း။ ယဒိအတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ သဗ္ဗာ၊ အလုံးစုံသော သင်ချစ်သမီး အပေါင်းတို့သည်။ သဒ္ဓမ္မဋ္ဌိတိယာ၊ သာသနာတော်ကြီး အရှည်တည်တံ့ စိမ့်သောငှာ။ ဝီရိယံ၊ လုံ့လဝီရိယကို။ ဒဠှံ၊ နောက်မဆုတ်ဘဲ ခိုင်မြဲပြင်းထန်စွာ။ ကရောထ၊ ပြုလုပ် အားထုတ် ရစ်ကြကုန်လော့။

ထီနံ အဒါသိ ပဗ္ဗဇ္ဇံ သမ္ဗုဒ္ဓေါ ယာစိတော မယာ။
တသ္မာ ယထာဟံ နန္ဒိဿံ၊ တထာ တမနုတိဋ္ဌထ။

www.burmeseclassic.com

www.burmeseclassic.com



ပုတ္တိကာ၊ အို. . . ချစ်သမီးအပေါင်းတို့။ မယာ၊ သင်တို့ ဆရာ ငါသည်။ ယာစိတော၊ အပင်ပန်းခံကာ တောင်းပန်အပ်သည်ဖြစ်၍။ထိန်၊ မိန်းမတို့အား။ ပဗ္ဗဇ္ဇံ ရဟန်းအဖြစ်ကို။ အဒါသိ၊ ပေးသနားတော်မူခဲ့လေပြီ။ တသ္မာ၊ ထိုသို့အခွင့် ရပြီးဖြစ်လေသောကြောင့်။ ယထာ၊ အကြင် ရဟန်းပြုသော အလုပ်ဖြင့်။ အဟံ၊ ငါသည်။ နန္ဒိသံ၊ နှစ်သက်ခဲ့လေပြီ။ တထာ၊ ထို ငါနှစ်သက်သောအတိုင်း။ တံ၊ ထိုရဟန်းပြုခွင့်ကြီးကို။ အနုတိဋ္ဌထ၊ မပယ်မပစ် အစဉ်ချစ်၍ အစဉ်သဖြင့် တည်ရစ်ကြကုန်လော့။

## ဘုရားရှင်ထံသို့ ရောက်ရှိခြင်း

ဤသို့ လမ်းခရီးတလျှောက် ကြိုဆိုကော်ရော် ပူဇော်ရှိခိုးကြသူ အမျိုးသမီးအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့သည်။ ထို့နောက် ဘိက္ခုနီငါးရာ ခြံရံလျက် ကြွသွားတော်မူလေရာ မဟာဝုန်တောကြီးအတွင်း ဘုရားရှင်၏ ထံတော်ရင်းသို့ ရောက်တော်မူသည်။ ဘုရားရှင်ထံ ရောက်ကြသောအခါ မိထွေးတော်ဂေါတမီ နှင့် ဘိက္ခုနီ ငါးရာတို့သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အဆုံးစွန်သော ရှိခိုးခြင်းဖြင့် အကြိမ်ကြိမ် တင်းမတိမ်နိုင်အောင်ရှိခိုးပူဇော်ပြီးဂေါတမီထေရီက ဤသို့ လျှောက်ထားသည်။

## ထေရီ၏လျှောက်ထားချက်

အို. . . သားတော်မြတ်ဘုရား၊ တပည့်တော်မသည်ကား နို့ချိုကျွေး၍ မွေးခဲ့သော အရှင်ဘုရား၏ မယ်တော်ကြီး ဖြစ်ပါသည်။ အရှင်ဘုရားသည်ကား တပည့်တော်မ၏ ခမည်းတော်ကြီး ဖြစ်တော်မူပါပေ၏။ တပည့်တော်မသည် အရှင်ဘုရားမှ တရားရင်ငွေ့ဖြင့် ဖွားမြင်၍လာသော သမီးတော်ကြီး ဖြစ်ပါသည်။

## တရားတည်းဟူသော နို့ရည်ကို တိုက်ကျွေးခဲ့ပြီ

အို. . . သားတော်မြတ်ဘုရား၊ အရှင်ဘုရားကို တပည့်တော်မသည် ဆာလောင်မွတ်သိပ်ခြင်း ကင်းစေရန် ပကတိ နို့ရည်ကို တိုက်ကျွေးခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဧထေရီ – မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီများ ဘုရားရှင်ထံတွင် ပရိနိဗ္ဗာန်ပြုခွင့်ပေးရန်လျှောက်ထားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မကိုလည်း အရှင်ဘုရားက သံသရာတစ်ခွင်တွင် အစဉ်သဖြင့် ငတ်မွတ်လာသည့် တဏှာအပူမီးကို ငြိမ်းအေးစေရန် တရားတည်းဟူသော နို့ရည်ကို တိုက်ကျွေးတော်မူခဲ့ပါပြီ ဘုရား။

## ဘဝပင်လယ်မှ ကယ်ခဲ့ပြီ

အို. . . သားတော်မြတ်ဘုရား၊ လောကကြီးအတွင်း၌ စကြာမင်း၏ မယ်တော်, မန္ဓာတ်မင်း၏ မယ်တော်များ ရှိခဲ့ကြပါ၏။ ထိုမယ်တော်များသည် ဘဝသမုဒ္ဒရာကြီးအတွင်းမှ လွတ်အောင် မကူးမြောက်နိုင်ကြသေးပါ။ မြုပ်မြဲ မြုပ်, မျောမြဲ မျောနေကြရရှာပါသည်။ ဘုရားမယ်တော် တပည့်တော်မကို သားတော်ဘုရားက ဘဝပင်လယ်ကြီးအတွင်းမှ လွတ်မြောက်ရန် ကယ်တင်တော်မူခဲ့ပါပြီ။

## သာမညပါရမီဖြင့် မရနိုင်ပါ

အို. . . သားတော်မြတ်ဘုရား။ ဤလောကအတွင်း၌ စကြာမင်း, မန္ဓာတ်မင်း အစရှိသော မင်းအပေါင်းတို့၏ မယ်တော်၊ အရှင်မိဖုရားခေါင်ကြီး ဟူသော ဘွဲ့မည်များရရှိရန် ခဲယဉ်းသည် မဟုတ်ပါ။ ရနိုင်ပါ၏။ "ဘုရား မယ်တော်ကြီး" ဟူသော ဘွဲ့အမည်ကို သာမည ပါရမီမျိုးဖြင့် ရနိုင်ကြသည် မဟုတ်ပါ။ ရနိုင်ဖို့ အလွန်ခက်ခဲလှပါသည်။ တပည့်တော်မသည်ကား ဘုရား မယ်တော်ကြီး ဘွဲ့ထူးကိုရသဖြင့် မိန်းမတို့ထိပ်ခေါင် ဦးသျှောင်မကိုဋ်ကြီး ဖြစ်ခဲ့ရပါ၏။

အို. . . သားတော်မြတ်ဘုရား။ တပည့်တော်မသည် ဘုရားရှင်၏ မယ်တော်ကြီးဘွဲ့ထူးကို ထင်ရှားစွာ ရရှိခဲ့ပါပြီ။ ဘုရားမယ်တော် ဖြစ်ကြောင်း ကောင်းမြတ်သည့် ဆုတောင်းပါရမီ အလုံးစုံကိုလည်း အကုန်ဖြည့်ဆည်းခဲ့ပါပြီ ဘုရား။

အို. . . သားတော်မြတ်ဘုရား၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အစုံ တို့ဖြင့် တင့်တယ်၍ ပဒုမ္မာ ကြာချပ်ကဲ့သို့ နူးဖပ်သော ခြေတော်အစုံကို ခေတ္တ

www.burmeseclassic.com

www.burmeseclassic.com



ခဏကလေး ဆန့်တန်း ပေးတော်မူပါဘုရား။ ထိုခြေတော်အစုံ ကြာပဒုံတို့ကို၊ ခိုလှုံမြတ်နိုး ရှိခိုးပူဇော်လိုပါသည် ဘုရား။

## ဘုရားရှင်ကခွင့်ပြု

ထိုအခါ မြတ်ဘုရားက ဖူးစေခြင်း အကျိုးငှါ ခြေတော်မြတ်အစုံကို ဆန့်တန်း၍ ခွင့်ပြုတော်မူသည်။ မိထွေးတော်ဂေါတမီကလည်း အားရအောင် ဖူးမြော်တော်မူသည်။

## အပြစ်ရှိလျှင် သည်းခံတော်မူပါ

မိထွေးတော် ဂေါတမီသည် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ဖဝါးတော်မှစပြီး ကိုယ်လုံးတော်ကြီးကို ဖူးမြော်ပြီးသည်နောက် မိမိအပေါ်တွင် တစ်စုံတစ်ရာ အပြစ်ရှိခဲ့ပါလျှင် သည်းခံတော်မူစေရန် ဤသို့ တောင်းပန်တော်မူပြန်သည်။ အို. . . သားတော်မြတ်ဘုရား၊ မိန်းမတို့ကို အပြစ်မျိုးစုံတို့၏ စုပုံရာဌာနကြီးဟု ပြောဆိုသမုတ်လေ့ရှိကြပါသည်။ ဘုရားတပည့်တော်မအပေါ်တွင် အပြစ် တစ်စုံတစ်ရာရှိခဲ့ပါမူ သည်းခံခွင့်လွှတ်ကော်မူပါဘုရား။

အို. . . သားတော်မြတ်၊ တပည့်တော်မသည် မိန်းမတို့ ရဟန်းပြုရန်အတွက် အရှင်ဘုရားက ငြင်းပယ်လိုက်သော်လည်း အတင်းတွယ်ကပ်၍ ခွင့်တောင်းခဲ့မိပါသည်။ ဤကဲ့သို့ ဇွတ်အတင်း ခွင့်တောင်းမှုကြောင့် တစ်စုံတစ်ရာ အပြစ်ရှိခဲ့ပါလျှင် သည်းခံတော်မူပါ ဘုရား။ အို. . . သားတော်မြတ်ဘုရား။ အရှင်ဘုရား၏ ခွင့်ပြုချက်ကြောင့် ဘိက္ခုနီပေါင်း များစွာတို့ကို တပည့်တော်မ အကြိမ်ကြိမ် ဆုံးမခဲ့ပါသည်။ မှားယွင်းသော ဆုံးမချက်များရှိခဲ့ပါလျှင် သည်းခံတော်မူပါ ဘုရား။

## သည်းခံခွင့်လွှတ်ပါ၏

ထိုအခါ ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူ၏။ အို. . . မိထွေးတော်ဂေါတမီ အပြစ်လုံးဝမရှိသော မိထွေးတော်ကို အဘယ်မှာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းကိစ္စ ရှိပါမည်နည်း။ နိဗ္ဗာန်စံဝင်မည့် မိထွေးတော့်ကို သည်းခံ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ၏။ ဤသို့ ရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူသော် ဘိက္ခုနီငါးရာတို့သည် လွန်စွာ ဝမ်းမြောက်ကြသဖြင့် ရွှေမျက်နှာတော်ကို ဖူးမြော်ကာ ခြေတော်အစုံကို ခိုလှုံဦးခိုက်ကြပြန်၏။

မိထွေးတော်ဂေါတမီထေရီသည် ဘုရားရှင်အား ထိုသို့လျှောက်ထား ခွင့်ပန်ပြီးနောက် မြေးတော်ရာဟုလာ, သားတော်နန္ဒ, တူတော်အာနန္ဒာ မထေရ်မြတ်တို့အထံသို့ သွားရောက်ပြီး ပရိနိဗ္ဗာန်ဝင်စံမည့်အကြောင်းကို ခွင့်တောင်းတော်မူပြန်၏။

ထိုအခါ မြေးတော်ရာဟုလာနှင့် သားတော်နန္ဒ မထေရ်တို့သည် ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူကြပြီးဖြစ်သဖြင့် တစ်စုံတစ်ရာမျှ စိုးရိမ်ပူဆွေးမှု မဖြစ်ကြပေ။ အရှင်အာနန္ဒာမှာမူ သောတာပန်မျှသာဖြစ်၍ ဖြေမဆည်နိုင်ဘဲ စိုးရိမ်ပူဆွေးခြင်း ဖြစ်တော်မူရှာသည်။

ထိုအခါ ဂေါတမီထေရီက ဤသို့လျှောက်ထားသည်။ အို. . . ချစ်သားအာနန္ဒာ၊ သင်၏ ကူညီတောင်းပန်ချက်ကြောင့် သားတော်ဘုရားက မိန်းမတို့အား ရဟန်းပြုခွင့်ကြီးကို ပေးတော်မူခဲ့ပြီ။ နှလုံးမသာ မျက်နှာညှိုးငယ်ခြင်း မဖြစ်ပါနှင့်။ သင်၏အပင်ပန်းခံခြင်းသည် အကျိုးကြီး၍နေပြီ မဟုတ်ပါလော။ အို. . . ချစ်သား အာနန္ဒာ၊ တိတ္ထိဂိုဏ်းဆရာကြီးများသည် ရှေးက နိဗ္ဗာန်တရားကို အနည်းငယ်မျှ မကြားသိရှာကြပါ။ ယခုအခါ ဘိက္ခုနီ သာသနာကြီး ထွန်းကားလာသည့်အတွက် ထိုမြင်နိုင်ခဲသော၊ သိနိုင်ခဲသော၊ နိဗ္ဗာန်တရားကို ခုနစ်နှစ်အရွယ် သူငယ်မကလေးများပင် သိမြင်ကုန်ကြပြီ။ ဤသို့ အကျိုးဖြစ်ထွန်းလာခြင်းသည် သင့် ကျေးဇူးကြောင့်ပင်ဖြစ်၍ ဝမ်းမြောက်စရာ ဖြစ်ပါသည်။

အို. . . ချစ်သားအာနန္ဒာ၊ ယခုဖူးမြော်ခြင်းသည် အဆုံးစွန်သော ဖူးမြော်ခြင်းဟု မှတ်တော်မူပါ။ တစ်ခါရောက်က တစ်ခေါက်မပြန်ရသော ရွှေပြည်နိဗ္ဗာန်သို့ တပည့်တော်မ သွားရောက်ပါတော့မည်။ ထိုသို့ အရှင်အာနန္ဒာအား လျှောက်ထားပြီးနောက် မိထွေးတော်ဂေါတမီသည် ဘိက္ခုနီတို့၏ ကျောင်းသို့ ခေတ္တပြန်ကြွသွားသည်။ ထို့နောက် ပရိနိဗ္ဗာန်ပြုရန် အချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားလိုသဖြင့် ဘိက္ခုနီ ငါးရာတို့နှင့်အတူ ဘုရားရှင်ထံသို့ ပြန်လာတော်မူပြန်သည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက ပရိနိဗ္ဗာန် ဝင်စံခါနီးတွင် မိထွေးတော်ဂေါတမီအား တန်ခိုးအစုံစုံ အဖုံဖုံသော ပျာဋိဟာတို့ကို ပြတော်မူစေရန် မိထွေးတော် ဂေါတမီအား ဤသို့ မိန့်ကြားတော်မူသည်။

## တန်ခိုးပြခဲ့ပါ

အို. . . မိထွေးတော်ဂေါတမီ၊ ဉာဏ်ပညာ ထိုင်းမှိုင်း၍ ဟုတ်တိုင်းမသိကြသော သူမိုက်တို့သည် လောက၌ လွန်စွာများကြသည်။ ထိုသူမိုက်များက မိန်းမများ၏ တရားထူးရပုံ၊ တန်းခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံပုံများကို မယုံကြည်နိုင်ကြ။ ဟုတ်နိုင်ပါမည်လောဟု တွေးတောနေကြသည်။ ဤသို့ ယုံမှားမှုများကို ပယ်ဖျောက်ခြင်းငှာ ပရိနိဗ္ဗာန် စံဝင်ခါနီးတွင် အံ့ဩဖွယ်ဖြစ်သော တန်ခိုးဂုဏ်တို့ကို စုံလင်စွာပြခဲ့ပါ။

## မိထွေးတော် တန်ခိုးပြပြီ

ဤသို့ ဘုရားရှင်က တိုက်တွန်းတော်မူသောအခါ မိထွေးတော် ဂေါတမီသည် ရှင်တော်ဘုရားကို ဝပ်တွားရှိခိုးပြီး ကောင်းကင်သို့ ပျံတက်တော်မူ၏။ ကောင်းကင်သို့ရောက်သောအခါ မဖြစ်စဖူး အထူးဆန်းကြယ် အံ့ဩဖွယ် တန်ခိုးတော်များကို ပြတော်မူသည်။ ကိုယ်ပေါင်းများစွာ ခွဲ၍ပြခြင်း၊ ကိုယ်ပေါင်းများစွာတို့မှ တစ်ကိုယ်တည်း ဖြစ်စေခြင်း။ ပရိသတ်မျက်မှောက်၌ ကိုယ်ကိုဖျောက်ခြင်း၊ ကိုယ်ထင်ပြခြင်း၊ တောင်ကြီးအတွင်းသို့ လျှိုထွင်း၍သွားခြင်း၊ မြေပေါ်၌ သွားသကဲ့သို့ ရေပေါ်၌ စင်္ကြံလျှောက်သွားခြင်း၊ ကောင်းကင်အပြင်၌ ငှက်ကဲ့သို့ ပျံသွားခြင်း၊ ကောင်းကင်အပြင်၌ တင်ပလ္လင်ခွေ၍ စံနေခြင်း၊ ပြဟ္မာဘုံသို့တိုင်အောင် ကြွသွားခြင်း၊ မိုးတို့ကို ရွာသွန်းစေခြင်း၊ ခြင်္သေ့မင်း ယောင်ဆောင်၍ ပြခြင်း စသော တန်ခိုးအမျိုးမျိုးတို့ကို ရဟန်းယောကျာ်းပရိသတ်, ရဟန်းမိန်းမ ပရိသတ်၊ လူ နတ် ပရိသတ်တို့၏ရှေ့တွင် အံ့ဩဖွယ်ပြတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မဖြစ်စဖူး အထူးဆန်းကြယ် အံ့ဩဖွယ် တန်ခိုးဣဒ္ဓိပါဒ်ကို မြင်ရသောအခါ လူနတ်ပရိသတ် အပေါင်းသည် အကြိမ်ကြိမ် ဦးခိုက်ပြီး ဖူးထိုက်၍ ဖူးရပေသည်တကားဟု များစွာ အံ့ဩကြသည်။

## ပရိသတ်တို့ လျှောက်ထားကြခြင်း

မိထွေးတော်ဂေါတမီ၏ တန်ခိုးပြပုံများကို ထင်ရှားစွာဖူးမြင်ကြရသူ ပရိသတ်ပေါင်းများစွာတို့သည် တန်ခိုးတော်ကြီးမြတ်လှပါပေသည်ဟု ချီးကျူး အံ့ဩကြပြီးလျှင် ဂေါတမီထေရီအား လေးမြတ်ရိုသေစွာ လျှောက်ထား မေးမြန်းကြသည်။

ဘိက္ခုနီ သာသနာကို ရှေးဦးစွာ ဖြစ်စေတော်မူပေသော သာသနာ့မိခင်ကြီးဘုရား၊ ပြတော်မူသော တန်ခိုးအဖုံဖုံကို စုံလင်စွာ ဖူးမြင် ကြရသည့်အတွက် နှစ်သက်မြတ်နိုးစွာ ကြည်ညိုကြရပါ၏။ အဘယ်သို့သော ပါရမီကုသိုလ်ထူးကို ဆည်းပူးခဲ့သဖြင့် ဤမျှ ကြီးကျယ်၍ အံ့ဩဖွယ်ကောင်းသော တန်ခိုးဂုဏ်များကို ရရှိတော်မူပါသနည်းဘုရား။ အဘယ်ပါရမီကုသိုလ်ထူးကြောင့် ဘုရားရှင်၏ မိထွေးတော်ကြီးဖြစ်ပြီး ဘိက္ခုနီ သာသနာကို ရှေးဦးစွာ ဖြစ်စေတော်မူနိုင်ပါသနည်း ဘုရား။

## မိမိ၏ဘဝ အစုံကိုပြန်လည်မိန့်ကြား

ထိုအခါ ဂေါတမီထေရီ ဘိက္ခုနီမကြီးက မိမိကိုယ်တိုင် ပါရမီဖြည့်ဆည်းခဲ့ပုံများကို ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်စပြီး ယခုနောက်ဆုံးဘဝသို့ ရောက်သည့်တိုင်အောင် ပြန်လည်မိန့်ကြားတော်မူသည်။

ဂေါတမီထေရီသည်မိမိ၏ဘဝအကြောင်းကိုပြန်လည် ဟောကြားတော်မူပြီးနောက် သီတင်းသုံးရာ ဘိက္ခုနီကျောင်းသို့ ပြန်လည် ကြွတော်မူသည်။

## ဝဋ္ဋဒုက္ခသိမ်းပြီ

ပရိသတ်များ ပြန်သွား၍ ဆိတ်ငြိမ်ရာကိုရသဖြင့် မိထွေးတော်ဂေါတမီသည် ဘိက္ခုနီကျောင်းအတွင်း၌ ပထမစျာန်မှစ၍ စတုတ္ထစျာန်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတော်မူသည်။ ဤကဲ့သို့ အနုလုံ, ပဋိလုံ အပြန်အလှန် စျာန်ဝင်စားတော်မူပြီးနောက် စတုတ္ထစျာန်၏ အဆုံးတွင် ဆီနှင့်မီးစာ ကုန်ခမ်းပျောက်သဖြင့် မီးတောက်ငြိမ်းသွားသကဲ့သို့ ဂေါတမီထေရီ ဘိက္ခုနီ အရှင်မြတ်ကြီးသည် ဝဋ္ဋဒုက္ခဇာတ်သိမ်းကာ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

## နိမိတ်ကြီးများ ထင်လာခြင်း

ဂေါတမီထေရီ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နှင့် မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ မြည်ဟီး၍ ငြီးတွားသည့် အလား ကြီးကျယ်စွာ လှုပ်ရှားသည်။ ကောင်းကင်တစ်ခွင်၌ ဥက္ကာပျံသန်း၍ လျှပ်ပန်းများ ကွန့်မြူးကြသည်။ နတ်ဗြဟ္မာပေါင်း၊ နဂါးအပေါင်းတို့သည်လည်း ထိုမှဤမှ ပြေးလွှားပြီး သံဝေဂ မွေများကို ရွတ်ဆိုကြသည်။

## ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရန်

ထိုနောက် နတ်ဗြဟ္မာအပေါင်းတို့သည် ရှင်တော်ဘုရားထံလာရောက်ပြီး မိထွေးတော်ဂေါတမီ အရှင်မြတ်ကြီး ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပြီဖြစ်ကြောင်း လျှောက်ထားကြသည်။ ထိုအခါ ရှင်တော်မြတ်ဘုရားက မိထွေးတော်ကြီး၏ ကျေးဇူးဂုဏ် အဖုံဖုံကို အာရုံပြုတော်မူကာ နောက်ဆုံး ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူလိုသောကြောင့် ညီတော်အာနန္ဒာကိုခေါ်ပြီး ဤသို့ မိန့်တော်မူသည်။ "အာနန္ဒာ၊ မိထွေးတော် ဂေါတမီသည် အနုပါဒိသေသဓါတ်ဖြင့် ဝဋ္ဋဇာတ်သိမ်း၍ ချုပ်ငြိမ်းခဲ့လေပြီ။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်ရန် ရဟန်းတော်များနှင့် စည်းဝေးတိုင်ပင်လေလော့"ဟု မိန့်တော်မူသည်။

ထိုအခါ အရှင်အာနန္ဒာသည် ရဟန်းတော်တို့ကို အကြောင်းကြားကာ အစည်းအဝေးကြီး ပြုလုပ်သည်။ ရဟန်းတော်အချင်းချင်းတစ်ဆင့်စကားမိန့်ကြားတော်မူကြလေရာ မကြာမီအတွင်းမှာပင် ရဟန်းတော်တို့သည် ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တောကြီးသို့ ရောက်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ မိထွေးတော် ဂေါတမီ၏ ရုပ်ကလာပ်တော်ကို သင်္ဂြိုဟ်ရန် ရဟန်းတော်မြတ်များ ကြိုးစားအားထုတ်ပုံကို မြင်ကြရသော် များမြောင်လှစွာသော ပရိသတ်ကြီးသည် မဟာဝုန်တောကြီးသို့ ရောက်လာကြသည်။

## သင်္ဂြိုဟ်ပွဲကြီး

မိထွေးတော် ဂေါတမီနှင့်တကွ ပရိနိဗ္ဗာန်စံဝင်ကြသော ဘိက္ခုနီ ငါးရာတို့၏ ရုပ်ကလာပ်များကို အသီးသီးထုတ်ဆောင်သောအခါ မွန်းတည့်ချိန်နေ့ခင်းအခါကြီးပင်ဖြစ်သော်လည်း ထူးဆန်းအံ့ဩဖွယ်ရာ နေ, လ, နက္ခတ်, တာရာတို့က တင့်တယ်စွာထွန်းလင်းတောက်ပနေကြသည်။ နတ်တို့က ပန်းနံ့သာအမျိုးမျိုး အခိုးအထုံ အဖုံဖုံတို့ဖြင့် ပူဇော်ကြသည်။

မိထွေးတော်ဂေါတမီကြီး၏ ရုပ်ကလာပ်တော်ကို ကျောင်းတော်မှ ထုတ်ဆောင်ခဲ့သောအခါ လူပရိသတ်, နတ်ပရိသတ်, ဗြဟ္မာပရိသတ်, အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန် အစရှိသော သာဝကအရှင်မြတ်ကြီးများ စုံလင်စွာ ပါတော်မူကြသည်။

## တေဇောဓာတ် လောင်ခြင်း

ရုပ်အလောင်းတော်ကို ကျောင်းတော်မှထုတ်ဆောင်၍ မီးသင်္ဂြိုဟ်ရန် သတ်မှတ်ထားသောနေရာသို့ ရောက်သော် အသင့်ပြင်ဆင်ထားသည့် နံ့သာထင်းပုံထက်သို့ မိထွေးတော် ဂေါတမီ၏ ရုပ်အလောင်းကို ညောင်စောင်းနှင့်အတူ တင်ဆောင်ကြသည်။ အလွန်မွှေးကြိုင်သော နံ့သာမှုန့်များကိုလည်း နံ့သာ ထင်းပုံကြီး အတွင်းသို့ ဖြန့်ကြဲကြသည်။ သာကီဝင် ဘိက္ခုနီတို့၏ အလောင်းငါးရာတို့ကိုလည်း နံ့သာထင်းပုံထက်သို့ အသီးသီး တင်ဆောင်သင်္ဂြိုဟ်ကြသည်။

## အရိုးတော်ဓာတ်ကို ကောက်ယူခြင်း

တေဇောဓာတ်ရောင် ပြောင်ပြောင်ထိန်ညီး တောက်လောင်၍ ပြီးသောအခါ အရှင်အာနန္ဒာအရှင်မြတ်ကြီး ကိုယ်တော်တိုင် တေဇောဓာတ် လောင်

www.burmeseclassic.com

www.burmeseclassic.com



ရာမှ ကြွင်းကျန်ရစ်သည့် အရိုးဓာတ်တော်များကို ကောင်းမွန်စွာ ကောက်ယူပြီး နံ့သာရေတို့ဖြင့် ဆေးကြောကာ မိထွေးတော်ဂေါတမီ အမြဲကိုင်စွဲသော သပိတ်တော်ထဲမှာ ထည့်သည်။

## ဘုရားရှင်၏ လက်တော်သို့

အရှင်အာနန္ဒာသည် အရိုးဓာတ်တော်ထည့်ထားသော သပိတ်ကို ပိုက်ပွေ့ကာ ဘုရားရှင်၏လက်တော်သို့ ဆက်ကပ်လိုက်သည်။ ရှင်တော်မြတ်ဘုရားက မိထွေးတော် ဂေါတမီထေရီဘိက္ခုနီ အရှင်မြတ်ကြီး၏ အရိုးဓာတ်တော်များကို လက်တော်ဖြင့်ကိုင်ကာ ပရိသတ်အပေါင်းတို့အား အနိစ္စနှင့် စပ်ယှဉ်သော တရားကို ဤသို့ မိန့်ကြားတော်မူသည်။

## အနိစ္စသဘောဟောကြား

အို. . . ပြဟ္မာ လူ နတ် ပရိသတ်အပေါင်းတို့၊ အနှစ်သာရနှင့်ပြည့်စုံစွာ မားမားမတ်မတ် ရပ်တည် ကြီးပွားနေသော သစ်ပင်ကြီးသည် ပရိသတ်တို့ မျက်မှောက်တွင်ပင် ဖြုန်းခနဲ လဲပြို၍သွားသည့်အလား မိထွေးတော်ဂေါတမီ အရှင်မြတ်ကြီးသည်လည်း ပရိနိဗ္ဗာန် ဝင်စံသောအားဖြင့် ရွေ့လျော့ချုပ်ကွယ်၍ သွားချေပြီ။ မမြဲသောအနိစ္စတရားသည် အလွန်ထင်ရှားလေစွတကား။ အို. . . ပရိသတ်အပေါင်းတို့၊ ယခုအခါ အရိုးတော်ဓါတ်မျှသာ ကြွင်းကျန်တော့သည့် မယ်တော်ကြီးအတွက် စိုးရိမ်ပူဆွေး ငိုကြွေးငြီးတွားခြင်းဖြင့် တစ်စုံတစ်ရာ အကျိုးမရှိတော့။ အို. . . ပရိသတ်အပေါင်းတို့၊ သင်တို့သည် စိုးရိမ်ပူဆွေးခြင်း မဖြစ်ကြနှင့်၊ မိထွေးတော်ဂေါတမီသည် သံသရာဝဋ်ဒုက္ခအပေါင်းမှ ကျွတ်လွတ်တော်မူပြီ၊ အပူအပင် အလုံးစုံတို့မှ အကုန်လွတ်ငြိမ်းလေပြီ။ ကိလေသာမီး ငြိမ်းလေပြီး၍ အအေးကြီး အေးမြလေပြီ။

ဤသို့ ဘုရားရှင်ကိုယ်တော်တိုင် မိထွေးတော် ဂေါတမီ၏ အရိုးဓာတ်တို့ကို ကိုင်ပြီး အနိစ္စသဘောတရားကို ဟောကြားတော်မူသည်။ ထို့နောက် တစ်ဖန် မိထွေးတော်ဂေါတမီ၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးမြွက်ဖော်ကာ ဤသို့ ဟောကြားတော်မူပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အို. . . ဖြဟ္မာ လူ နတ် ပရိသတ်အပေါင်းတို့၊ ငယ်ရွယ်စဉ်အခါကစ၍ ငါဘုရားအား နို့ချိုတိုက်ကျွေး၍ ပိုက်ပိုက်ထွေးထွေး၊ ပြုစုတော်မူခဲ့သော မိထွေးတော် ဂေါတမီသည် ကြီးကျယ်သောပညာ၊ နက်နဲသော ပညာဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။ ရဟန်း မိန်းမ အပေါင်းတို့တွင် ပထမဦးစွာ သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုကာ ဘိက္ခုနီ သာသနာကို ရှေးဦးစွာ တည်ထောင်သူ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်။ ရုပ်သွင်အမျိုးမျိုးကို တန်ခိုးဖြင့် ဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓ အဘိညာဉ်။ အသံအမျိုးမျိုးကို ကြားနိုင်သည့် ဒိဗ္ဗသောတအဘိညာဉ်။ အဆင်းအမျိုးမျိုးကို မြင်နိုင်သည့် ဒိဗ္ဗစက္ခုအဘိညာဉ်။ သူတစ်ပါးတို့၏ စိတ်အကြံအစည်ကိုသိနိုင်သည့် စေတောပရိယအဘိညာဉ်။ ဖြစ်ခဲ့သမျှ ဘဝအလုံးစုံကို အကုန်သိနိုင်သည့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် စသည့် အဘိညာဉ်အမျိုးမျိုးတို့ကိုလည်း ရရှိပေ၏။

အာသဝေါကင်းပြတ်သဖြင့် နောက်တစ်ဖန်ထပ်၍ဘဝအသစ်ဖြစ်ပေါ် ရန် မရှိတော့ပြီ။ ပဋိသမ္ဘိဒါဉာဏ်လေးသွယ်တို့နှင့်လည်း ပြည့်စုံတော်မူပေ၏။ မိထွေးတော်ဂေါတမီ၏ အသိဉာဏ်များသည် လွန်စွာ သန့်ရှင်းစင်ကြယ်တော်မူ၏။ ဤကဲ့သို့သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသည့် ပုဂ္ဂိုလ်တစ်ဦး နိဗ္ဗာန်ကူးသွားခြင်းကို တစ်စုံတစ်ရာမျှ စိုးရိမ်ဖွယ်မရှိ ပူဆွေးနေဖွယ် မလိုဟု မိန့်ကြားတော်မူသည်။

ဘုရားရှင်က မိထွေးတော်ဂေါတမီကြီး၏ ဂုဏ်ကျေးဇူးအဖုံဖုံကို ချီးကျူး မိန့်ကြားတော်မူပြီးနောက် ကိလေသာကုန်ခန်းသော ရဟန္တာ အရှင်မြတ်ကြီး တို့သည် နောက်ထပ် လားရောက်ရမည့် ဘဝအသစ် ဂတိတစ်မျိုးမျိုးလည်း မရှိတော့ကြောင်းကိုလည်း ဤသို့ မိန့်ကြားတော်မူသည်။

### ဘဝအသစ်မဖြစ်တော့ပြီ

အယော ဃနဟတဿေဝ၊ ဇလတော ဇာတဝေဒဿ။
အနုပုဗ္ဗူပသန္တဿ၊ ယထာ န ဉာယတေ ဂတိ။
ဧဝံ သမ္မာဝိမုတ္တာနံ၊ ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံ ဂတိ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ။

www.burmeseclassic.com

www.burmeseclassic.com



ဘောန္တော၊ အို. . . ဖြဟ္မာ, လူ,နတ် ပရိသတ်ပေါင်းတို့။ ဇာလတော၊ တောက်ပ၍နေသော။ ဇာတဝေဒသာ၊ ရှိန်ရှိန်လောင်ညီး မီးတောက်ကြီးအား အယော ယနပဟတဿေဝ၊ သံတူကြီးဖြင့် ထုနှက်အပ်သည်ဖြစ်၍။ အနုပုဗ္ဗူ-ပသန္တဿ၊ အရှိန်တဖြည်းဖြည်းငြိမ်းအေး ကွယ်ပျောက်လေသည်ရှိသော်။ ဂတိ၊ ထိုမီးတောက်၏ သွားရာဌာနကို။ နညာယတေ ယထာ၊ မသိမမြင် အပ်လေဘိ သကဲ့သို့။ ဧဝံ တထာ၊ ထိုနည်းတူ။ သမ္မာဝိမုတ္တာနံ၊ သံသရာဝဋ်တို့မှ ကျွတ်လွတ် တော်မူကြကုန်ပြီးသော။ ကာမဗန္ဓောဃတာရိနံ၊ ကာမဂုဏ်နှောင်ကြိုး အဖွဲ့ မျိုးနှင့် ဆိုးဝါးပေတောင်း ကာမဂုဏ် ဝဲအပေါင်းမှ ကောင်းစွာ ကူးမြောက် တော်မူကြလေကုန်ပြီးသော။ အစလံ သုခံ၊ မလှုပ်မရှားနိုင် ခံ့ခိုင်တုံလတ် နိဗ္ဗာန် တည်းဟူသော ချမ်းသာမြတ်သို့။ ပတ္တာနံ၊ ရောက်တော်မူကြကုန်သော။ ခီဏာ သဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဂတိ၊ လားရာဂတိသည်။ ဝါ၊ လားရာဂတိကို။ ပညာပေတုံ၊ သိအောင်ပြုခြင်းငှါ။ နတ္ထိ၊ ဧကန်စင်စစ် မရှိရိုး မှန်သည်သာ လျှင်တည်း။

## ဒုက္ခအားလုံးငြိမ်းအောင် ကြိုးစားကြပါ

အတ္တဒီပါ တတော ဟောထ၊ သတိပဋ္ဌာနဂေါစရာ။
ဘာဝေတွာ သတ္တဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထ။

ဘောန္တော၊ ဖြဟ္မာ, နတ်, လူ ဝှန်းဆူသောင်းသောင်း အို. . . ပရိသတ် အပေါင်းတို့။ တတော၊ ထိုသို့သော အနိစ္စသဘောတရား ထင်ရှားစွာ ရှိနေခြင်း ကြောင့်။ တုမှေ၊ သင်တပည့်သား အပေါင်းတို့သည်။ အတ္တဒီပါ၊ မိမိကိုယ် ကိုသာလျှင် မှီခိုရာကျွန်းကြီးသဖွယ်ဖြစ်ကြကုန်၍။ သတိပဋ္ဌာနဂေါစရာ၊ သတိ ပဋ္ဌာန်လေးစုံ မြတ်အာရုံတို့၌ အထုံပြုသောအားဖြင့် ကျက်စား၍နေကြကုန် သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တရားခုနစ်ပါး တို့ကို။ ဘာဝေတွာ၊ မနေမနား ပွားများရှုမြင် ဆင်ခြင်ကြကုန်လျက်။ ဒုက္ခဿန္တံ၊ ဝဋ်ဒုက္ခ အလုံးစုံတို့၏ ကင်းကုန်ချုပ်ဆုံးရလေအောင်။ ကရိဿထ၊ သံဝေဂ ဉာဏ် ဖွဲ့သန်သန်ဖြင့် ပြင်းထန်စွာပြုလုပ်ကြိုးစားကြကုန်လော့။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မိန့်ကြားတော်မူပြီး သုံးလောကထွတ်ထား ရှင်တော်ဘုရားသည် ထေရီကြီး၏ သာဓုကီဠနသဘင်ကြီးပြီးသည်နှင့် သိတင်းသုံးတော်မူရာ ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။

ရှင်တော်ဘုရား ပြန်ကြွသွားသည် နှင့် အားလုံးသောလူ နတ် ဗြဟ္မာ သုံးဖြာသော ပရိသတ်တို့သည်လည်း မိမိတို့၏ နေရာဌာနေသို့ ပြန်သွားကြ တော့သည်။

**ဓမ္မဒိန္နာထေရီ အပဒါန်ဝတ္ထုကြီး ပြီး၏။**

■ ■ ■

# ခေမာထေရီ အပဒါန်ဝတ္ထု

ခေမာထေရီလျောင်းလျာသည် ပဒုမုတ္တရဘုရား လက်ထက်တော်၌ အလွန်ဆင်းရဲ၍ သူတစ်ပါးအိမ်တွင် အစေခံကျွန်အဖြစ် အသက်မွေးနေရသော မိန်းကလေးတစ်ဦး ဖြစ်ခဲ့သည်။

## မုန့်လှူဒါန်းလိုက်ပြီ

တစ်နေ့သောအခါ ပဒုမုတ္တရရှင်တော်ဘုရား၏ လက်ယာတော်ရံ မထေရ်မြတ်ကြီး အရှင်သုဇာတ ဆွမ်းခံကြွလာတော်မူသည်ကို ထိုအမျိုးသမီး ကလေးက လမ်းခရီးတွင် ဖူးမြင်ရလေသည်။ သဒ္ဓါတရား အလွန်တရာ တိုးပွားသဖြင့် သူစားသောက်ရန် ယူဆောင်လာသော မောဒကမုန့်သုံးခုကို လှူဒါန်းလိုက်သည်။

## အခြားလှူဖွယ်ပစ္စည်းရှာ

ထို့နောက်တစ်ဖန် သဒ္ဓါတရားတိုးတက် ထက်သန်၍လာပြန်သည်နှင့် ခမ်းခမ်းနားနား လှူဒါန်းရန် အကြံဖြစ်ပေါ်လာသော်လည်း မိမိကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလေးဖြစ်နေ၍ လျှူရန်ဝတ္ထုပစ္စည်းရှာမရဖြစ်နေသည်။ သို့ရာတွင် လှူဖွယ်ဝတ္ထုတစ်ခုအဖြစ် သူ၏ဦးခေါင်းပေါ်မှာ ပေါက်နေသော ဆံပင်များကို သတိရလိုက်သည်။

သူမသည် သူတစ်ပါးအိမ်၌ အစေခံလုပ်နေရသော်လည်း ဆံပင်၏ ကောင်းခြင်း "ကေသကလျာဏ"ဂုဏ်နှင့် ပြည့်စုံသည်။ သူ့ဆံပင်၏ အရောင် အဆင်းသည် ပိတုန်းရောင်ပမာဖြစ်သည်။ အရှည်က သုံးထောင်ထွာရှိသည်။ အမျိုးသမီးများက သူ့ဆံပင်ကလေးကို မြင်တိုင်း လိုချင်ကြသည်။

## ဆံပင်ရောင်းရငွေဖြင့် ကုသိုလ်ပြု

သူ့ဆံပင်ကို သူကိုယ်တိုင်ကလည်း နှစ်သက်သည်။ မည်မျှပင် ဆင်းရဲ၍ သူတစ်ပါးအိမ်၌ ကျွန်အဖြစ်နေရသော်လည်း သူ့ဆံပင်ကိုဖြတ်ပြီး ရောင်းရန် စိတ်ပင် မကူးမိပေ။ ယခုအခါ သူ့တွင် ဖြစ်ပေါ်လာသည့် လှူချင်သည့် စေတနာက လှုံ့ဆော်နေသဖြင့် သည်ဆံပင်ကို တွယ်တာနေခြင်းဖြင့် မည်သို့မျှ အကျိုးမရှိနိုင်။ အနမတဂ္ဂသံသရာတစ်လျှောက်တွင် ဘဝတိုင်း ဘဝတိုင်း၌ ရချင်တိုင်း ရနိုင်သည်။ သည်ဆံပင်ကလေးကိုဖြတ်၍ ရောင်းချပြီး ကုသိုလ်ဒါန ပြုရပါလျှင် နောင်သံသရာတစ်ခွင်တွင် အစဉ်သဖြင့် ကြီးပွားချမ်းသာခွင့်ကို ရလိမ့်မည်။ ကိုယ့်ဆံပင်ကို အရင်းအနှီးပြုပြီး ကုသိုလ်ပါရမီကြီးကို ဆည်းပူး တော့မည်ဟု အကြံဖြစ်ပေါ်လာသည်။

သူ့အကြံကို မိဘများအား ပန်ကြားတိုင်ပင်သောအခါ မိဘများက တားမြစ်ခြင်းမရှိဘဲ "သမီးဦးခေါင်း၌ရှိသော ဆံပင်ကို သမီးသဘောအတိုင်း ဆောင်ရွက်ပါ"ဟု ပြောဆိုကာ ခွင့်ပေးကြသည်။ ထိုအခါ ကျွန်မကလေးသည် စိတ်ဇောတရှိန်ရှိန်ဖြင့် ဆံပင်ကို အလိုရှိသူ အမျိုးသမီးတို့ထံသို့သွားပြီး ရောင်းချ ရန် ပြင်ဆင်သည်။ ဆံပင်ကောင်းကောင်းကို လိုချင်ကြသည့် အမျိုးသမီးတို့က

---

[ခေမာထေရီလောင်းလျာ သတို့သမီးသည် သူဌေးသမီးဖြစ်သည်ဟု ထေရီအပဒါန် ပါဠိတော်၌ ဆိုသည်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ထေရီဂါထာအဋ္ဌကထာ စသော ကျမ်းတို့၌တား ကျွန်မကလေး ဖြစ်သည်ဟု အဆိုရှိသည်။ ဤဝတ္ထုတော်ကြီး၌တား ထေရီဂါထာ အဋ္ဌကထာကို မှီငြမ်းပြုပြီး ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်၌ ခေမာထေရီကို ဆင်းရဲသူ ကျွန်မကလေးဟူ၍ ရေးသားပါသည်။]

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက်ငါ တန်ဖိုးကြီးကြီးပေးပြီး အပြိုင်အဆိုင်ဝယ်ကြရာ တန်ဖိုးအများဆုံးပေးသူကို ဖြတ်ပြီး ရောင်းလိုက်သည်။

## လှူဖွယ်လှူဒါန်းပြီး ဆုတောင်းပုံ

ကျွန်မကလေးသည် လှူဖွယ်ဝတ္ထုတို့ကို ဝယ်ခြမ်းသည်။ ပြီးလျှင် အရှင်သုဇာတမထေရ်ကို အကြောင်းပြုကာ ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ပြီး ဆွမ်း သက်န်းနှင့် လှူဖွယ်တို့ကို လှူဒါန်းသည်။ လှူဒါန်းပြီးသော် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ ဘုရားတပည့်တော်မသည် ဆံပင်ဖြင့် ရင်းနှီး၍ အလှူဒါနကြီးကို ပြုလုပ်ခဲ့ရသည့်အတွက်ကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တစ်ပါးပါး၏ လက်ထက်တော်တွင် လက်ယာရံ သမီးတော်ကြီးဖြစ်ပြီးလျှင် မဟာပညာတေဒဂ်ပန်းကို ပန်ဆင်လျက် ကျွတ်တမ်းဝင်ရပါလို၏ ဘုရား"ဟု ဆုတောင်းပတ္ထနာပြုလိုက်သည်။

## ခေမာအမည်ဖြင့် ဧတဒဂ်ရမည်

ပဒုမုတ္တရ ရှင်တော်ဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော်ပြီးလျှင် "အို. . . ချစ်သမီး၊ မစိုးရိမ်လင့်၊ သင့်တောင်းသည့်ဆုအတိုင်း မချွတ်ပြည့်စုံလတ္တံ့။ နောင်ကမ္ဘာတစ်သိန်း လွန်လေသောအခါ ဂေါတမရှင်တော်ဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်ချစ်သမီးသည် "ခေမာ" ဟူသော အမည်ဖြင့် လက်ယာရံ သမီးတော်ကြီးဖြစ်ပြီးလျှင် မဟာပညာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရလတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

## နတ်ပြည်တို့၌ နတ်သမီးဖြစ်ခဲ့

ဘုရားရှင်၏ ဗျာဒိတ်စကားကိုကြားသော် ကျွန်မကလေး၏ စိတ်မှာ ယနေ့နက်ဖြန်ပင် ဖြစ်ရတော့မလောက် ဝမ်းအမြောက်ကြီးမြောက်ကာ ထိုနေ့မှစ၍ ကုသိုလ်ပုညများကို ဆက်လက် ကြိုးစားအားထုတ်သည်။

ထိုဘဝမှ အသက်တမ်းကုန်၍ စုတေသွားသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရသည်။ ထို့နောက် ပရနိမ္မိတ ဝသဝတ္တီဘုံတိုင်အောင်နတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်တို့၌ ဖြစ်ရပြန်သည်။ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌လည်း သာမည နတ်သမီးမျိုးမဟုတ်ဘဲ နတ်မင်းကြီးတို့၏ မိဖုရားကြီး ဘဝတို့၌သာ ဖြစ်ရသည်။

ထို့နောက် တစ်ဖန် လူ့ပြည်၌ လူဖြစ်လာရပြန်သောအခါ စကြဝတေး မင်းကြီး၊ ပဒေသရာဇ်မင်းကြီးတို့၏ မိဖုရားခေါင်ကြီးဘဝတို့သာ ဖြစ်လာခဲ့ရ သည်။

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်မှစ၍ ဝိပဿီ ဘုရားလက်ထက် တော်တိုင်အောင် တစ်ကြိမ်တစ်ခါမျှ နိမ့်ကျယုတ်ညံ့သော ဘဝမျိုးတို့၌ မဖြစ် ရဘဲ ကြီးကျယ်မြင့်မြတ်သည့် ဘုံဘဝတို့၌သာ ဖြစ်ခဲ့ရသည်။

## ဘိက္ခုနီဘဝ

ဤထေရီလောင်းလျာ အမျိုးသမီးကလေးသည် ဝိပဿီဘုရားရှင် ပွင့်တော်မူလာသောအခါ အမျိုးကောင်းသမီးကလေး ဖြစ်လာရပြန်သည်။ သိ,ကြား, လိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသောအရွယ်သို့ရောက်လာသော် ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် အိမ်ရာတည်ထောင် လူတို့ ဘောင်မှ ခွာရှောင်ပြီး သာသနာ့ဘောင်၌ ရဟန်းပြုသည်။

မဟာပညာတေဒဂ်ရလိုသည့်ဆန္ဒနှင့် ကုသိုလ်ဒါနကို အထူး ဆည်းပူး ခဲ့သည့်အတိုင်း ပညာဂုဏ်နှင့် အထူး ပြည့်စုံသည်။ ပိဋကတ်သုံးပုံကို တစ်ဖက် ကမ်းခပ် တတ်မြောက်ကျွမ်းကျင်သည်။ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါး တရားတို့ကို အထူး သိနားလည်သောကြောင့် သူတစ်ပါးတို့ထက် လွှမ်းမိုး သာလွန်ခဲ့သည်။

## ပညာပါရမီကို အထူးဖြည့်ဆည်းခဲ့သူ

ခေမာထေရီလောင်းလျာသည် လူအများတို့အား ပညာ ဗဟုသုတ ပွားရာပွားကြောင်း တရားတို့ကို သင်ပြပေးတော်မူသည်။ မဟာပညာတေဒဂ် ဘွဲ့ထူးကို ရည်စူး၍ ဆုပန်ခဲ့သူ ဖြစ်သဖြင့် ပညာပါရမီကို အထူးသဖြင့် ဖြည့်ဆည်းခဲ့သည်။ ထိုဘဝမှလွန်သော် ကုသိုလ်ထူးသူတို့ စံရာဌာနဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



တုသိတာနတ်ဘုံသို့ ရောက်ရသည်။ တုသိတာနတ်ဘုံတွင် ဖြစ်ရသောအခါ အခြားနတ်သမီး တို့ထက် စည်းစိမ်ကြီးခြင်း၊ အဆင်းကျက်သရေမှစ၍ အလုံးစုံ သာလွန်မြင့်မြတ်သူ ဖြစ်ရသည်။ တုသိတာဘုံမှ စုတေပြန်သော် တန်ခိုးအရှိန် ဂုဏ်သိန်ကြီးစွာရှိသူ လူဖြစ်ရပြန်သည်။ အထူးအားဖြင့် ပညာပါရမီမျိုးစေ့ကို စိုက်ပျိုးခဲ့၍ အသိအလိမ္မာ ပညာဂုဏ်တန်ခိုးဖြင့် သူတစ်ပါးတို့ကို လွှမ်းမိုးနိုင် ခဲ့သည်။

## ထေရီဟောခဲ့သော အပဒါန်တရား

ကေနဝုတိတော ကပ္ပေ၊ ဝိပဿီ လောကနာယကော။

ဥပ္ပဇ္ဇိ စာရုဒဿနော၊ သဗ္ဗဓမ္မေ ဝိပဿကော။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ကေနဝုတိတော ကပ္ပေ၊ လွန်ခဲ့သော ကိုးဆယ့် တစ်ကမ္ဘာထက်၌။ စာရုဒဿနော၊ ဖူးသူမြင်သူ ကြည်ဖြူနှစ်သက် ပြုံးပြုံး ပြက်နှင့် ဝင်းလက်ထိန်ပြောင်သော ကိုယ်တော်ရောင်လည်း ရှိပေထသော။ သဗ္ဗဓမ္မေဝိပဿ ကော၊ ငြေ ယျငါးပါး တရားအစုကို အကုန်သိမြင်တော်မူပေ ထသော။ လောက နာယကော၊ လူတို့၏ ခရီးညွှန်ကြီး ဖြစ်တော်မူပေထသော။ ဝိပဿီ၊ ဝိပဿီ အမည်တော်ရှိသော ဘုရားရှင်သည်၊ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူခဲ့လေပြီ။

တမဟံ လောကနာယကံ၊ ဥပေတွာ နရသာရထိံ။

ဓမ္မံ ဘဏိတံ သုတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

တဒါ၊ ထိုဝိပဿီဘုရား ထင်ရှားပွင့်တော်မူသော အခါ၌။ အဟံ၊ အကျွန်ုပ် သည်။ နရသာရထိံ၊ မဂ်ရထားမောင်းနှင်၍ နိဗ္ဗာန်နန်းပြည်ခွင်သို့ ကယ်တင် ပို့ဆောင်တော် မူပေထသော။ တံ လောကနာယကံ၊ ထိုရှင်တော်မြတ် ဘုရားကို။ ဥပေတွာ၊ ခိုလှုံဆည်းကပ်၍။ ဘဏိတံ၊ ရှင်တော်ဘုရား ဟောကြား တော်မူအပ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ သုတွာန၊ သဒ္ဓါပွားအောင် နာ ကြားရသည်ရှိသော်။ အနဂါရိယံ၊ အိမ်ရာမထောင် သာသနာဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါသည်။

အသီတိဝဿသဟဿာနိ၊ တဿ ဝီရဿ သာသနေ။

ဗြဟ္မစာရံ စရိတွာန၊ ယုတ္တယောဂါ ဗဟုဿုတာ။

www.burmeseclassic.com

www.burmeseclassic.com



အသီတိဝဿသဟဿာနိ၊ အနှစ်ရှစ်သောင်းတို့ပတ်လုံး။ တဿဝီရဿ၊ ထိုဝီပဿီ မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်မြတ်အတွင်း၌။ ပြဟ္မစာရံ မြတ်သောအကျင့်ကို။ စရိတွာန၊ ကျင့်ခဲ့ပြီးသည်ရှိသော်။ ယုတ္တယောဂါ၊ ပညာပွားရန် အားသန်သန်ဖြင့် မှန်မှန်ကြီး အားထုတ်ခဲ့ ခြင်းကြောင့်။ ဗဟုဿုတာ၊ အကြားအမြင်တိုးပွား၍ အသိဉာဏ်များခဲ့သည်။ အာသိံ၊ ဖြစ်ခဲ့ပါသည်။

ပစ္စယာကာရကုသလာ၊ စတုသစ္စဝိသာရဒါ။
နိပုဏာ စိတ္တကထိကာ၊ သတ္ထုသာသနကာရိကာ။

တဒါ၊ ထိုရဟန်းပြု၍ နေစဉ်အခါ၌။ အဟံ၊ ကျွန်ုပ်သည်။ ပစ္စယာကာရကုသလာ၊ ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ တတ်ကျွမ်းလိမ္မာသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ စတုသစ္စဝိသာရဒါ၊ သစ္စာလေးချက်တရားနက်ဝယ် ထက်မြက်ရဲရင့်သော ဉာဏ်အမြင်နှင့် ပြည့်စုံသည်လည်း။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ နိပုဏာ၊ သိမ်မွေ့နက်နဲသော ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ စိတ္တကထိကာ၊ အဆန်းတကြယ် ကြည်ညိုဖွယ်လျှင် အသွယ်သွယ်သော တရားကို ဟောကြားညွှန်ပြလျက်။ သတ္ထုသာသနကာရိကာ၊ ရှင်တော်ဘုရား၏ သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်ခဲ့သူသည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။

တတော စုတာဟံ တုသိတံ၊ ဥပပန္နာ ယသဿိနီ။
အတိဘောမိ တဟိံ အညေ၊ ပြဟ္မစာရီ ဖလေန ဟံ။

တတော၊ ထိုဘိက္ခုနီ ဘဝမှ။ စုတာ၊ သက်တမ်းကြွေ၍ စုတေခဲ့သည်ရှိသော်။ အဟံ၊ ကျွန်ုပ်သည်။ တုသိတံ၊ နှစ်သိမ့်ဖွယ်ရာ ချမ်းသာပြည့်စုံ တုသိတာဘုံသို့။ ဥပပန္နာ၊ ကပ်ရောက် ဖြစ်ပွားသည်ရှိသော်။ ယသဿိနီ၊ အဖျော်အဖြေ ရံရွေများမြောင် ထိပ်ခေါင်ထိပ်ဖျား လွန်စွာထင်ရှားသော နတ်သမီးသည်။ အာသိံ၊ ဖြစ်ခဲ့ရပါ၏။ တဟိံ၊ ထိုတုသိတာနတ်ဘုံ၌။ အဟံ၊ အကျွန်ုပ်သည်။ ပြဟ္မစာရီ ဖလေန၊ မြတ်သောအကျင့်ကို ကျင့်ခဲ့ခြင်းဟူသော အကျိုးအားဖြင့်။ အညေ၊ တစ်ပါးသော နတ်အပေါင်းတို့ကို။ အတိဘောမိ၊ ဂုဏ်သိရ်အမျိုးမျိုးတို့ဖြင့် လွှမ်းမိုးသာလွန်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယတ္ထ ယတ္ထူပပန္နဟံ၊ မဟာဘောဂါ မဟဒ္ဓနာ။
မေဓာဝိနီ ရူပဝတီ၊ ဝိနီတပရိသာပိ စ။

အဟံ၊ အကျွန်ုပ်သည်။ ယတ္ထယတ္ထ၊ အကြင်အကြင် ဘုံဘဝ၌။ ဥပပန္နာ၊ ကပ်ရောက်ဖြစ်ပွားရလေ၏။ တတ္ထတတ္ထ၊ ထိုထို ဘုံဘဝတို့၌။ မဟာဘောဂါ၊ စည်းစိမ်အားဖြင့် များပြားကြီးကျယ်သည်။ မဟဒ္ဓနာ၊ ပစ္စည်းအားဖြင့်ပေါများကြွယ်ဝသည်။ အာသိံ၊ ဖြစ်ခဲ့ရပါ၏။ တထော၊ ထို့ပြင်။ မေဓာဝိနီ၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသည်။ ရူပဝတီ၊ ဖြူစင်လှစွာ ကျင့်သိက္ခာနှင့် ပြည့်စုံသည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။ ဝိနီတပရိသာပိ၊ ကျိုးနွံယဉ်ကျေးသော ပရိသတ်နှင့် ပြည့်စုံသည်။ အာသိံ၊ ဖြစ်ခဲ့ပါ၏။

ဘဝါမိ တေန ကမ္မေန၊ ယောဂေန ဇိနသာသနေ။
သဗ္ဗာ သမ္ပတ္တိယော မယှံ၊ သုလဘာ မနသော ပိယာ။

အဟံ၊ အကျွန်ုပ်သည်။ ဇိနသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌။ ယောဂေန၊ ကျင့်ကြံ အားထုတ်ခဲ့သော။ တေနကမ္မေန၊ ထို ကုသိုလ်ကံ အထူးကြောင့်။ သုဂတိဘဝေသု၊ ကောင်းမြတ်သော ဘုံဘဝတို့ ၌။ ဘဝါမိ၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်ကာ ဖြစ်ခဲ့ရပါ၏။ မယှံ၊ အကျွန်ုပ်သည်။ မနသော ပိယာ၊ စိတ်နှလုံးကို ချစ်ခင် ပြုံးရွှင်စေနိုင်ကုန်သော။ သဗ္ဗာသမ္ပတ္တိယော၊ အလုံးစုံသော စည်းစိမ်ချမ်းသာကို။ သုလဘာ၊ လွယ်ကူမဆိုင်း လိုချင်တိုင်း ရရှိခဲ့ပါ၏။

ယောပိမေ ဘဝတေ ဘတ္တာ၊ ယတ္ထ ယတ္ထ ဂတာယပိ။
ဝိမာနေတိ န မံ ကောစိ၊ ပဋိပတ္တိဗလေန မေ။

မေ၊ အကျွန်ုပ်၏။ ပဋိပတ္တိဗလေန၊ ဘိက္ခုနီပြုလုပ်၍ အားထုတ်ကြိုးစားခဲ့သော ကံ၏အစွမ်းအားဖြင့်။ ယတ္ထယတ္ထ၊ အကြင်အကြင် ဘုံဘဝ၌။ ကောစိ၊ တစ်စုံတစ်ယောက်သော လင်ယောကျ်ားကပင်သော်လည်း။ မံ၊ အကျွန်ုပ်ကို။ ကဒါစိ၊ တစ်ရံတစ်ခါမျှ။ နဝိမာနေတိ၊ မထီမဲ့မြင်ပြုခဲ့ဖူးသည်ယူ၍ မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



## ညီအစ်မသုံးဖော်

ယခု ဘဒ္ဒ ကပ်ကမ္ဘာ၌ ဒုတိယမြောက် ပွင့်တော်မူသော ကောဏာဂမန ဘုရားရှင်လက်ထက်တော်သို့ ရောက်သောအခါ ဗာရာဏသီနေပြည်တော် ကြီးတွင် လွန်စွာကြွယ်ဝသော သူဌေးမျိုး၌ လူဖြစ်ခဲ့ရပြန်သည်။ ခေနဍာနီထေရီ အလောင်းလျာနှင့် သုဓမ္မာထေရီလောင်းလျာတို့နှင့်လည်း ကံအားလျော်စွာ တွေ့ဆုံပြီး ညီအစ်မသုံးဖော် ဖြစ်လာရသည်။

ထိုအခါ သဒ္ဓါတရားနှင့်ပြည့်စုံ၍ လိမ္မာသူကလေးများပီပီ သူတို့ညီအစ်မ တစ်စုတို့သည် ရှင်တော်ဘုရားထံသို့ ဆည်းကပ်ပြီး အမြဲမပြတ်ပင် တရား နာလေ့ရှိကြသည်။

## ကုသိုလ်အတူပြုကြပုံ

ညီအစ်မ သုံးယောက်တို့သည် သာသနာတော်ကို ချီးမြှောက်လိုသော အားဖြင့် အလွန်တစ်ရာ ကြီးကျယ်ခမ်းနားသည့် သံဃအရံ ကျောင်းတိုက်ကြီး တစ်ခုကို ဆောက်လုပ်ပြီး လှူဒါန်းကြသည်။ ထို့ပြင် အသက်ရှည်သမျှ ကာလ ပတ်လုံး သံဃာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်း ကြသည်။ ထိုမျှဖြင့် တင်းမတိမ်ကြသေးဘဲ အလှူပွဲကြီးပေါင်း တစ်ထောင် ကိုလည်း ကျင်းပကာ တခမ်းတနား လှူဒါန်းကြသည်။

တစ်ဘဝလုံး အသက်ဆုံးသည် တိုင်အောင် ကုသိုလ်အမျိုးမျိုး ပြုလျက် မွေ့လျော်ကာ နေထိုင်ကြပြီး စုတေသောအခါ တာဝတိံသာနတ်ပြည်တွင် ညီအစ်မသုံးယောက် အတူတကွ နတ်သမီးဖြစ်ကြရသည်။ ထိုအခါမှစ၍ ကဿပဘုရား ထင်ရှားပွင့်တော်မူသည်တိုင်အောင် သုဂတိဘုံဘဝတို့၌သာ ကျင်လည်နေကြရသည်။

## ကောဏာဂုံဘုရားလက်ထက် အဖြစ်တော်များ ပြန်လည်ဟောပြ

ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
နာမေန ကောဏာဂမနော၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။

www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒကေ၊ ဘုရားငါးဆူ ပွင့်တော်မူလတ် ကမ္ဘာဖြတ်ဟု ဆိုအပ်သော။ ဣမမှိကပ္ပေ၊ ဤကပ်ကမ္ဘာအတွင်း၌။ ဗြဟ္မဗန္ဓု၊ ဗြဟ္မာမင်းကြီး၏ အဆွေတော်ကြီးဖြစ်သော။ မဟာယသော၊ အခြံအရံပေါ၍ ကျော်စောထင်ရှားတော်မူသော။ ဝဒတံ-ဝဒန္တာနံ၊ အမြွတ်တရား ဟောကြားသော ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ မြင့်မြင့်ထူးချွန်၍ သာလွန် ထူးမြတ်တော်မူပေထသော။ နာမေန၊ အမည်တော်အားဖြင့်။ ကောဏာဂမနော၊ ကောဏာဂုံ ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ၊ အထင်အရှား ပွင့်တော်မူခဲ့လေသတည်း။

တဒါ ဟိ ဗာရာဏသိယံ၊ သုသမိဒ္ဓါ ကုလပ္ပဇာ။
ဓနဉ္စာနီ သုမေဓာ စ။ အဟံပိ စ တယော ဇနာ။

တဒါ၊ ထိုကောဏာဂုံဘုရား ထင်ရှားပွင့်တော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီ နေပြည်တော်ကြီး၌။ သုသမိဒ္ဓါ၊ စည်းစိမ်ချမ်းသာတို့ဖြင့် လွန်စွာကြွယ်ဝသော။ ကုလပ္ပဇာ၊ တစ်မျိုးလုံး၏ တံခွန်မှန်ကင်း သဖွယ်ဖြစ်သော အမျိုးသမီးကလေးသည်။ အာသိံ၊ ဖြစ်ခဲ့ပါသည်။ တဒါ၊ ထိုအခါ၌။ ဓနဉ္စာနီစ၊ ဓနဉ္စာနီထေရီ လောင်းလျာသည် လည်းကောင်း။ သုမေဓာစ၊ သုမေဓာထေရီ လောင်းလျာသည် လည်းကောင်း။ အဟံပိစ၊ အကျွန်ုပ်သည် လည်းကောင်း။ တယောဇနာ၊ ညီအစ်မသုံးဖော်တို့သည်။ အဟေသုံ၊ အတူတကွ ဖြစ်ခဲ့ကြရပြန်ပြီ။

သံဃာရာမ မဒါသိမှ၊ ဒါနသဟာယိကာ ပုရေ။
သံဃဿ စ ဝိဟာရမ္ဗိ၊ ဥဒ္ဒိဿ ကာရိကာ မယံ။

မယံ၊ အကျွန်ုပ်တို့ ညီအစ်မသုံးဖော်တို့သည်။ ပုရေ၊ ကောဏာဂုံဘုရား ထင်ရှားပွင့်တော်မူသော ရှေးအခါ၌။ သံဃာရာမံ၊ ကြီးကျယ်ခမ်းနားသော သံဃာ့အရံကြီးကို။ အဒါသိမှ၊ သာသနာတော်ကို ထောက်ပင့်သောအားဖြင့် လှူဒါန်းခဲ့ကြပါသည်။ စ၊ ထို့ပြင်တစ်ပါး။ ဒါနသဟာယိကာ၊ အလှူပွဲကြီး၌ အတူတကွ ဝိုင်းဝန်းကူညီကြသူတို့ကိုလည်း။ အဒါသိမှ၊ စေတနာဖြူဖွေးလျက် ပေးလှူစွန့်ကြဲခဲ့ကြပါကုန်၏။ စ၊ ထိုမျှသာမဟုတ်သေး။ သံဃဿ၊ သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်ကို။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ ဝိဟာရံပိ၊ ကျောင်းပေါင်းများစွာကိုလည်း။ ကာရိကာ၊ ဆောက်လုပ်လှူဒါန်းကြပါကုန်၏။

တတော စုတာ မယံ သဗ္ဗာ၊ တာဝတိံသူပဂါ အဟုံ။
ယသသာ အဂ္ဂတံ ပတ္တာ၊ မနုဿေသု တထေဝ စ။

တတော၊ ထိုဘဝမှ။ စုတာ၊ သက်တမ်းကြွေ၍ စုတေခဲ့ကြကုန်သည် ရှိသော်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ မယံ၊ အကျွန်ုပ်တို့ ညီအစ်မသုံးဖော်တို့သည်။ တာဝတိံသူပဂါ၊ တာဝတိံသာဘုံသို့ ဆိုက်ရောက်ကြလေကုန်သည်။ အဟုံ၊ ဖြစ်ပါကုန်၏။ တဒါ၊ ထိုနတ်ပြည်သို့ရောက်သောအခါ၌။ ယသသာ၊ ခြံရံပေါ်များ စည်းစိမ်အားဖြင့်။ အဂ္ဂတံပတ္တာ၊ အထွတ်အထိပ်သို့ ရောက်ခဲ့ကြပါကုန်၏။ တထေဝစ၊ ထိုနည်းအတိုင်းပင်လျှင်။ မနုဿေသုစ၊ လူ့ဘုံ လူ့ဘဝတို့၌လည်း။ ယသသာ၊ ခြံရံပေါ်များ စည်းစိမ်အားဖြင့်။ အဂ္ဂတံပတ္တာ၊ အထွတ်အထိပ်သို့ ရောက်ခဲ့ကြပါကုန်၏။

## ကိကီမင်းကြီး၏ အကြီးဆုံးသမီး

ခေမာထေရီ ဘိက္ခုနီလောင်းလျာသည် ယခု ဘဒ္ဒကပ်အခါ ကဿပ ဘုရား ထင်ရှားပွင့်တော်မူခိုက်တွင် ကိကီမင်းကြီး၏ သမီးအကျော်အမော် လောင်းလျာများတွင် အကြီးဆုံး ဖြစ်လာရပြန်သည်။ အမည်အားဖြင့် "သမဏီ" ဟူ၍ဖြစ်၏။ ကိကီမင်းကြီး၌ သမီးတော်ခုနစ်ယောက်ရှိသည်။ ထိုသမီးတော်တို့သည် ခေမာထေရီလောင်းလျာ၊ ဥပ္ပလဝဏ်လောင်းလျာ၊ ပဋာစာရီလောင်းလျာ၊ ကုဏ္ဍလကေသီလောင်းလျာ၊ ကိသာဂေါတမီလောင်းလျာ၊ ဓမ္မဒိန္နာလောင်းလျာ နှင့် ဝိသာခါလောင်းလျာတို့ ဖြစ်ကြသည်။

သူတို့ညီအစ်မများသည် ဘုရားရှင်ထံတော်၌ အမြဲမပြတ် ဆည်းကပ်ပြီး အမြတ်တရားကို နာကြားကြသည်။ ထိုသို့ နာကြားကြရာမှ ကာမဂုဏ် ချမ်းသာ ဖြင့်နေရသော လူတို့ဘောင်တွင် မနေလိုကြပေ။ သာသနာတော်ဘောင်၌ ရဟန်းပြုကာ ဘိက္ခုနီအဖြစ်ဖြင့်သာ နေထိုင်လိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာ့ဘောင်သို့ ဝင်ခွင့်မပြု

သို့အတွက်ကြောင့် သမီးတော်ခုနစ်ပါးတို့သည် ခမည်းတော် မင်းကြီးထံ ရဟန်းပြုခွင့်ရရန် ခွင့်တောင်းကြသည်။ ကိကီမင်းကြီးက "ခွင့်ပေးတော်မမူ၊ လူဝတ်ကြောင်ဘဝဖြင့် လူ့ဘောင်မှာသာနေပြီး ကုသိုလ်ကောင်းမှုများကို စိတ်တိုင်းကျ ပြုလုပ်ကြ"ဟု အမိန့်တော်ရှိသဖြင့် သူတို့လိုလား ရည်မှန်းချက်အတိုင်း အထမမြောက်ခဲ့ကြ။ နန်းတော်အတွင်း၌ လူဝတ်ကြောင်ဘဝဖြင့်သာ နေထိုင်ကြရသည်။

သမီးတော် ခုနစ်ပါးတို့သည် ငယ်ရွယ်စဉ်အခါမှစ၍ အသက်ဆုံးသည့်တိုင်အောင် မကောင်းကျင့်၊ မကောင်းကြံမှုများကို ရှောင်ကြဉ်ကြပြီး စင်စင်ကြယ်ကြယ် ငယ်ဖြူအပျိုစင် သဘောမျိုးဖြင့်သာ ကျင့်ကြံကာနေထိုင်ကြသည်။ ဤသို့သော အကျင့်မျိုးကို "ကောမာရိဗြဟ္မစရိယ" အကျင့်မြတ်ကြီးဟု ခေါ်ကြသည်။ အမျိုးသမီးများသည် အပျိုတော် ဝင်သည်မှစ၍ "အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"ဟူသော သိက္ခာပုဒ်ကို အသက်ထက်ဆုံး စင်စင်ကြယ်ကြယ် ကျင့်နိုင်ကြပါလျှင် ဘဝပေါင်းများစွာ ချမ်းသာရမည်မှာ မလွဲပေ။

ညီအစ်မခုနစ်ဖော်တို့သည် သာသနာတော်ကို ချီးမြှင့်ထောက်ပံ့လိုသော ဆန္ဒများဖြင့် ပျော်ပျော်ပါးပါး ညီညီညွတ်ညွတ် စည်းဝေးတိုင်ပင်ပြီး သံဃိက ကျောင်းတိုက်တာ အခန်းကြီးကို ဆောက်လုပ်ထူထောင်ကြသည်။ ထိုအဆောက်အအုံသည် သမီးတော်ခုနစ်ဖော်တို့၏ ကုသိုလ်အဆောက်အဦကြီးပင်ဖြစ်သည်။ ခေမာထေရီ ဘိက္ခုနီလောင်းလျာ သမဏီမင်းသမီးက ဥက္ကဋ္ဌပြုလုပ်၍ ကြီးမှူးဆောင်ရွက်ပေးခြင်း ဖြစ်သည်။

သမီးတော်ခုနစ်ပါးတို့ ကုသိုလ်ရေးကို ပျော်ပျော်ပါးပါး သိုက်သိုက်ဝန်းဝန်း ကြိုးစားနေကြသဖြင့် တိုင်းသူပြည်သား လူအများတို့က သူတို့အပေါ် မြတ်နိုးချစ်ခင်လေးမြတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခြားသော ဂုဏ်ထူးတစ်မျိုး

တစ်နေ့သောအခါ ကဿပရှင်တော်မြတ်ဘုရားသည် ပရိသတ်လေးပါး အလယ်၌ ဆန်းကြယ်နက်နဲသော မဟာနိဒါနသုတ်တော်ကြီးကို ဟောကြား တော်မူသည်။ သမဏီမင်းသမီးက ဤသုတ္တန်တရားတော်ကြီးကို ကြားနာ ရသဖြင့် ရှေးကထက် သဒ္ဓါတရားတိုး၍ ဖြစ်ပေါ်ပြီး "သြော်. . . အလွန်နက်နဲ ထူးဆန်းသည့် သုတ္တန်တရားတော်ကြီးပါကလား။ နာကြားရုံမျှဖြင့် ကိစ္စမပြီး သင့်ပေ။ နှုတ်တက်ရအောင် အမြဲ ရွက်ဆောင်ပြီး မပြတ်ရွတ်ဖတ်သရဇ္ဈာယ်မှ သင့်မည်"ဟု အကြံဖြစ်ပေါ်လာသည်နှင့် မဟာနိဒါနသုတ္တန်ကြီးကို နှုတ်တက် ရအောင် ကျက်ဆောင်ပြီး အမြဲရွတ်ဖတ်သရဇ္ဈာယ်တော်မူလေ့ရှိသည်။

## ပညာကြီးကျယ်ခြင်း၏အကြောင်း

ခေမာထေရီလောင်းလျာ သမဏီမင်းသမီးသည် မဟာပညာတေဒဂ်ကို ရည်မှန်းပြီး အစွမ်းရှိသမျှ ကြိုးစားအားထုတ်သူ ပုဂ္ဂိုလ်ထူးဖြစ်၍ ပညာအခြေခံ ဖြစ်သော သုတ္တန်မြတ်ကြီးကို ဆောင်ထားတော်မူခြင်းဖြစ်သည်။ ဤသုတ္တန်ပါဠိ တော်မြတ်ကြီးများကို နှုတ်တက်ဆောင်ထားကာ မပြတ်ရွတ်ဖတ် သရဇ္ဈာယ် ခြင်းအလေ့သည် ပညာကြီးကျယ်ခြင်း၏ အကြောင်းရင်းအခြေခံကြီးဖြစ်သည်။ မဟာနိဒါနသုတ္တန်ကြီးသည် ဒီဃနိကာယ် သုတ်မဟာဝါကျမ်း (စာ-၄၇)မှာ ပါရှိသည်။ ဤသုတ္တန်ကို နှုတ်တက်ဆောင်ရသည့် ရည်ရွယ်ချက်ကိုလည်း ဤသို့ မိန့်ဆိုခဲ့သည်။

ကဒါစိ သော နရာဒိစ္စော၊ ဓမ္မံ ဒေသေတိ အဗ္ဘုတံ။

မဟာနိဒါနသုတ္တန္တံ၊ သုတွာ တံ ပရိယာပုဏိံ။

ကဒါစိ၊ တစ်ရံသောအခါ၌။ နရာဒိစ္စော၊ လူတို့၏ နေမင်းကြီးသဖွယ် ဖြစ်တော်မူသော။ သော၊ ထိုကဿပ ရှင်တော်မြတ်ဘုရားသည်။ အဗ္ဘုတံ၊ အလွန်အံ့သြဖွယ်ကောင်းလှစွာသော။ မဟာနိဒါနသုတ္တန္တံ၊ မဟာနိဒါန သုတ္တန် တော်ကြီးဟု ဆိုအပ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ရှေ့ခွန်း လိုမှ်၍ ဟောမိန့်မြွက်ကြားတော်မူလေ၏။ တံ၊ ထိုမဟာနိဒါန သုတ္တန် တရား

www.burmeseclassic.com

www.burmeseclassic.com



တော်မြတ်ကြီးကို။ သုတ္တာ၊ ကြားနာရသည်ရှိသော်။ အဟံ အကျွန်ုပ်သည်။ မုဒိတစိတ္တာ၊ ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍။ တံ၊ ထို သုတ္တန် မြတ်ကြီးကို။ ပရိယာပုဏိ၊ နှုတ်တက်ဆောင်ထား၍ သင်ကြားသရဇ္ဈာယ် ခဲ့ပါ၏။

သမဏီ မင်းသမီးသည် "ကောမာရီပြဟ္မစရိယ"အကျင့်ကို နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် မကျိုးမပေါက် မပြောက်မကျား သန့်ရှင်းဖြူစင်စွာ ကျင့်ကြံ လျက် ကုသိုလ်တရားတို့ကို ပွားများအားထုတ်သည်။ သက်တမ်းကြွေ၍ စုတေ သောအခါ တာဝတိံသာနတ်နန်းတွင် တခမ်းတနား စံစားမွေ့လျော်ရပြန်သည်။

## ဘုရင့်သမီးတော်

ခေမာထေရီလောင်းလျာသည် ကဿပရှင်တော်ဘုရား၏ လက်ထက် တော်မှစ၍ ယခု ဂေါတမရှင်တော်ဘုရား လက်ထက်တော်သို့တိုင်အောင် အမြင့်ဆုံး, အမြတ်ဆုံး ဘုံဘဝတို့၌သာ ပျော်ပျော်ပါးပါး ကျင်လည်ခဲ့ပြီးနောက် ယခု ဘဝသို့ရောက်သော် မဒ္ဒတိုင်း သာဂလပြည်ကြီး၏အရှင် မဒ္ဒရာဇ်မင်း တရားကြီး၏ သမီးတော်ရတနာ ဖြစ်လာရသည်။

## ခေမာဟုအမည်ရပုံ

အမည်အားဖြင့် "ခေမာ"ဟူ၍ဖြစ်သည်။ မင်းသမီးကလေး မွေးဖွားသည် မှစ၍ မဒ္ဒတိုင်းကြီး တစ်တိုင်းလုံး ဘေးအန္တရာယ် အမျိုးမျိုး ကင်းဝေးရသည်။ ဆင်းရဲဒုက္ခ အဖုံဖုံမှလည်း ကင်းငြိမ်းသွားရသည်။ ထို့ကြောင့် မဒ္ဒရာဇ်မင်းကြီးက သမီးတော်ကလေးအား "ခေမာ"ဟု အမည်ပေးတော်မူခြင်း ဖြစ်သည်။

## မဒ္ဒတိုင်းသူတို့လှပ

ပိဋကတ်ကျမ်းဂန်များတွင် မဒ္ဒတိုင်း သာဂလပြည်၌ ဖွားမြင်ကြသည့် သမီးကညာတို့သည် အလွန် ချောမောလှပကြောင်း၊ အလှအချော လွန်စွာ ကျော်စောသူ "ပဘာဝတီ"သည်လည်း မဒ္ဒတိုင်း သာဂလပြည်သူပင်ဖြစ်ကြောင်း ဖော်ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လှဂုဏ်မြင့်မြောက်-မာနရောက်"ဟူသော စကားအတိုင်း ခေမာမင်းသမီးကလေးသည် အမျိုး၏မြင့်မြတ်ခြင်း၊ အလှတွင် အယဉ်ဆင့် ထင်တိုင်းတင့်တယ်ခြင်း၊ စည်းစိမ်ခြွေရံ များပြားခြင်းဟူသည့် ဂုဏ်တို့နှင့် ပြည့်စုံသူဖြစ်၍ မာနကြီးသည်မှာ မဆန်းဟုပင် ဆိုရပေမည်။ အာသဝေါမကုန်သေးသူ ပုထုဇဉ်ဖြစ်သည့်အလျောက် အမြောက်အပင့်နှင့် တွေ့ကြုံရလျှင် မာန်မာန တက်ကြွထောင်လွှားတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။

## ဖခင်၏အတွေး

သာဂလပြည့်ရှင် မဒ္ဒရာဇ်ဘုရင်မင်းမြတ်ကြီးသည် သမီးတော်ရတနာကလေး အရွယ်သို့ရောက်သောအခါ နတ်သမီးတမျှ လှပတင့်တယ်ပုံများကို မြင်တော်မူသဖြင့် "သြော် . . . ငါ့၏သမီးတော်ကလေးသည် ဇမ္ဗူကျွန်းတစ်ခွင်တွင် ယှဉ်ပြိုင်သူရှားအောင် ချောမောလှပပါပေသည်။ သူနှင့် ထိုက်တန်သူမှာ မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းသာ ဖြစ်သည်။ သို့အတွက် သမီးတော်ကလေးကို မဂဓဘုရင်နှင့် ဘိသိက်ပွဲဆင်နွှဲပေးမည်" ဟု အကြံဖြစ်တော်မူသည်။

## ဗိမ္ဗိသာရမင်းနှင့်

မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရမင်းမြတ်သည် သာမန်ပုဂ္ဂိုလ် မဟုတ်။ ဇမ္ဗူဒီပါကျွန်းတစ်ခွင် လွန်စွာထင်ရှားသူ မင်းတစ်ပါးဖြစ်သည်။ ရုပ်ဆင်းသဏ္ဌာန်ကလည်း ရွှေသားဖြင့် သွန်းလုပ်သော ရွှေစင်ရုပ်နှင့် တူတော်မူသည်။ သို့အတွက်ကြောင့် "ဗိမ္ဗိသာရ"ဟူသော ဘွဲ့ထူးကို ရတော်မူခြင်း ဖြစ်သည်။ ဘုန်းတန်ခိုးတေဇာလည်း လွန်စွာ ကြီးမားတော်မူသည်။ စစ်သည်ဗိုလ်ပါအားဖြင့်လည်း အလွန် များပြားသဖြင့် "မဟာသေနိယ" စစ်သည်တို့သခင်စစ်ဘုရင်ကြီးဟူသော ဘွဲ့ထူးကို ရရှိတော်မူသည်။ ထိုသို့သော ဂုဏ်ထူးနှင့် ပြည့်စုံသဖြင့်လည်း မဒ္ဒရာဇ်မင်းကြီးက သမီးတော်ခေမာနှင့် ထိမ်းမြားမင်္ဂလာပြုတော်မူရန် ကြံစည်စဉ်းစားတော်မူခြင်းဖြစ်ပေသည်။

ဤသို့ဖြင့် ဗိမ္ဗိသာရမင်းနှင့် ခေမာမင်းသမီးတို့ကို စုလျားရစ်ပတ် သျှန်တိဖတ်လျက် လက်ထပ်သဘင် ဆင်ယင် ကျင်းပပေးတော်မူခြင်းဖြင့် ခေမာ

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးသည် မဂဓတိုင်းကြီး၏သခင် ဘုရင်ဗိမ္ဗိသာရမင်းတရားကြီး၏ တောင်ညာစံအရှင်မိဖုရားခေါင်ကြီးအဖြစ်သို့ ရောက်သွားသည်။

ဘုရင်မင်းတရားကြီးကလည်း ခေမာမင်းသမီးကို လွန်စွာမြတ်နိုးတော်မူသည်။ မိဖုရားခေါင်ကြီးအဖြစ်သို့ ရောက်လေသောအခါ မာန်မာနတရားကြီးမားပြန်သည်နှင့် ဘုရင်မင်းတရားကြီးကပင် လေးလေးစားစား ယုယတော်မူရသည်။ ရုံရွှေတော်အပေါင်းတို့ကမူ ပြောစရာပင် မလိုတော့ပေ။

## ခေမာမင်းသမီးပြောပြသည့် သူ့အကြောင်း

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ သာဂလာယ ပုရုတ္တမေ။
ရညော မဒ္ဒဿ ဓီတာမှိ၊ မနာပါ ဒယိကာ ပိယာ။

ပစ္ဆိမေ၊ အဆုံးစွန်ဖြစ်သော။ ဣဒါနိဘဝေ၊ ဤယခု ဘဝ၌မူကား။ သာဂလာယ၊ သာဂလအမည်ရှိသော။ ပုရုတ္တမေ၊ မြို့တော်မြတ်ကြီး၌။ မဒ္ဒဿရညော၊ မဒ္ဒတိုင်းကြီးသခင် ဘုရင်မဒ္ဒရာဇ်မင်းတရားကြီး၏။ ဓီတာ၊ နန်းလုံးဥက္ကင်၌ အမြတ်ထွတ်ထား သမီးတော်ရတနာတစ်ပါးသည်။ အမှိ၊ ဖြစ်ရပါ၏။ မနာပါ၊ တိုင်းသူပြည်သားတို့၏ စိတ်နှလုံးကို ရွှင်ပြုံးလေအောင် အမြဲပင် သွေးဆောင်သော ကိုယ်ရောင်ကိုယ်ဝါ ဆင်းလက္ခဏာနှင့်ပြည့်စုံသည်။ အမှိ၊ ဖြစ်ရပါ၏။ ဒယိတာ၊ လူသူအများ မြင်ကြပြားက သနားစဖွယ် တင့်တယ်ပျော့ပျောင်းသောရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်လည်း။ အမှိ ဖြစ်ရပါ၏။ ပိယာ၊ မြင်လျှင်မလွဲ ခင်မင်စွဲမက်၍ လွန်ကဲသောအချစ်ဓာတ်ကို အထပ်ထပ်ပွားများအောင် သွေးဆောင်နိုင်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်လည်း။ အမှိ၊ ဖြစ်ရပါ၏။

သဟ မေ ဇာတမတ္တမှိ၊ ခေမံ တမှိ ပုရေ အဟု။
တတော ခေမာတိနာမံ မေ၊ ဂုဏတော ဥပပဇ္ဇထ။

မေ၊ အကျွန်ုပ်၏။ သဟဇာတမတ္တမှိ၊ ဖွားမြင်သည်နှင့်တစ်ပြိုင်နက်။ တမှိပုရေ၊ ထိုသာဂလနေပြည်တော်ကြီးတစ်ခွင်လုံး၌။ ခေမံ၊ ဘေးကင်းရန်ကွယ် အန္တရာယ်ဆိတ်ငြိမ် စည်းစိမ်ချမ်းမြေ့ မွေ့မွေ့လျော်လျော် အအေးဓာတ်ကြီး

www.burmeseclassic.com



ပေါ်၍လာသည်။ အဟု၊ ဖြစ်လာပါပေ၏။ တတော၊ ထို့ကြောင့်။ မေ၊ အကျွန်ုပ်၏။ နာမံ၊ အမည်တော်သည်။ ခေမာတိ၊ ခေမာဟူ၍။ ဂုဏတော၊ ဂုဏ်ထူးဝိသေသအားဖြင့်။ ဥပပဇ္ဇထ၊ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်မှာ အထင်အရှား ကျော်ကြားစွာ ဖြစ်ပေါ်၍လာရပါ၏။

ယဒါဟံ ယောဗ္ဗနံ ပတ္တာ၊ ရူပလာဝဉ္ဉ ဘူသိတာ။

တဒါ အဒါသိ မံ တာတော၊ ဗိမ္ဗိသာရဿ ရာဇိနော။

ယဒါ၊ အကြင်အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ယောဗ္ဗနံ၊ အပျိုဘော်ဝင်ချစ်ခင်စဖွယ် မ,တို့အရွယ်သို့။ ပတ္တာ၊ ဆိုက်ရောက်လေသည်ရှိသော်။ ရူပလာဝဉ္ဉဘူသိတာ၊ တင့်တယ်ရုပ်ဆင်း ကောင်းခြင်းထွေထွေ အလှဂုဏ်ကျက်သရေဖြင့် ဖြိုးဖြိုးဝေအောင် တန်ဆာဆင်အပ်သည်။ အမှို၊ ဖြစ်ရပါ၏။ တဒါ၊ ထိုအခါ၌။ တာတော၊ ခမည်းတော်ဘုရားကြီးသည်။ မံ၊ အကျွန်ုပ်ကို။ ဗိမ္ဗိသာရဿ၊ ဗိမ္ဗိသာရအမည်ရှိသော။ ရာဇိနော၊ မဂဓတိုင်းကြီး၏သခင်ဘုရင်ဧကရာဇ်မင်းမြတ်အား။ အဒါသိ၊ လက်ထပ်၍ နှင်းအပ်ထိမ်းမြားပေးတော်မူလေ၏။

## ဘုရင်ဗိမ္ဗိသာရ၏ပုံရိပ်

ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ရှင်တော်ဘုရား၏ လက်ဦး ဒါယကာလည်းဖြစ်၊ သာသနာပြုမင်းတရားကြီးလည်းဖြစ်တော်မူပြီး ဝေဠုဝန် ကျောင်းတော်ကြီးကိုလည်း တည်ထောင်ဆောက်လုပ်ပြီး ဆက်ကပ်လှူဒါန်းသူ ဖြစ်သည်။ ဘုရားရှင်ကို အမြဲ မြတ်နိုးကိုးကွယ် ပူဇော်သူလည်း ဖြစ်သည်။ ရှင်တော်ဘုရားနှင့်တွေ့သည့်အချိန်မှစပြီး သောတာပန် အရိယာ ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့ရသည့်အတိုင်း ဝေဠုဝန်ကျောင်းတော်သို့သွားကာ တရားတော်မြတ်ကို မပြတ်နာယူသည်။ ထို့ပြင် တိုင်းသူပြည်သား လူအများတို့အားလည်း ရတနာသုံးပါးကိုကြည်ညိုလာအောင် အထူးသဖြင့် သွေးဆောင်တော်မူလေ့ရှိသူ ဖြစ်သည်။

## ခေမာမိဖုရား၏အတွင်းသရုပ်

ဗိမ္ဗိသာရမင်းကြီးသည် တောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီးဖြစ်သူ ခေမာကိုမူ ဘုရားရှင်ထံသို့ရောက်အောင် သွေးဆောင်ခြင်း မပြုနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ခေမာမိဖုရားကြီးသည် အဆင်းလှပခြင်း၊ မိဖုရားကြီးဟူသော မာန်တက်နေခြင်း၊ စည်းစိမ်ယစ်မူးခြင်း၊ ထောင်လွှားတက်ကြွခြင်း စသည် အကြောင်းတို့ကြောင့် ကျိုးကျိုးနွံနွံ၊ ဝပ်ဝပ်တွားတွား ခစားစား ပြုလုပ်ရမည့် အရေးများကို လွန်စွာ ဝန်လေးနေတော်မူလေ့ရှိသူ ဖြစ်သည်။

ဤသို့သော သွင်ပြင်လက္ခဏာနှင့် စိတ်ဓာတ်ပိုင်ရှင် မိဖုရားကြီးဖြစ်၍လည်း ဘုရင်ကြီးသည် မိဖုရားကို ဘုရားရှင်ထံသို့ရောက်အောင် မပို့ဆောင်နိုင်ခြင်းဖြစ်သည်။ ဘုရားရှင်ထံ မသွားရောက်လိုသည့် အခြားအကြောင်းလည်း မိဖုရားကြီး၌ ရှိသေးသည်။ ထိုအကြောင်းမှာ ရှင်တော်ဘုရားက ဒွတ္တိံသာကာရ တရားကို ဟောကြားရာ၌ သည်ကိုယ်ကောင်ကြီးသည် ဘာမျှနှစ်သက်စရာမရှိ။ ဆံပင်, မွေးညင်း, အသား, အသွေး အစရှိသည့် အပုပ်ဝတ္ထုတို့ စုဆောင်းသိုမှီးထားရာ အပုပ်ကောင်ကြီး ဖြစ်သည်။ သည်လို စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အပုပ်ကောင်ကြီးကို ပိုက်ပိုက်ထုပ်ထုပ်နှင့် အရေးလုပ်နေလျှင် ဘာအကျိုးရှိမည်နည်း။ ဉာဏ်ပညာကင်းမဲ့၍ ညံ့ဖျင်းသူများသာလျှင် အမွှမ်းတင်ကာ သည်ကိုယ်ကောင်ပုပ်ကြီးကို အရေးလုပ်ကြသည်။ သူတော်ကောင်းတို့မျက်စိဖြင့် ကြည့်လိုက်ပါလျှင် လွန်စွာ ရွံရှာဖွယ်ကောင်းလှပေသည်။

## မိဖုရား၏အတွေးအမြင်

ခေမာမိဖုရားသည် ဘုရားရှင်က ဤသို့ ဟောကြောင်းကို တစ်ဆင့်ကြားရသော် သူ့အရှိတရားနှင့် ဆန့်ကျင်နေသဖြင့် မနှစ်သက်။ ဒွတ္တိံသာကာရ ဟူသော ၃၂ ကောဋ္ဌာသအကြောင်းကို လေးလေးနက်နက် နားမလည်ခြင်း စသည့် အကြောင်းတို့ကြောင့် ဘုရားရှင်နှင့် ဘုရားရှင်၏ တရားကို သဘောမကျ ဖြစ်နေရခြင်း ဖြစ်သည်။

ကျွတ်တမ်းဝင်မည့် အဆုံးစွန်ဘဝသို့ ရောက်နေသူဖြစ်သော်လည်း ပုထုဇဉ်သဘောကို မလွန်မြောက်နိုင်သေးသည့်အတွက် မှားမိမှားရာ မှားချင်တိုင်း မှားနေရှာခြင်း ဖြစ်နိုင်ပေသည်။ အမှန်စင်စစ်အားဖြင့် အဆင်းကို သာယာ

www.burmeseclassic.com

www.burmeseclassic.com



သော ရူပတဏှာနှင့် တက်ကြွယစ်မူးနေသော မာန်မာနတရားတို့က သူ၏ အမြင်ကို မှောက်မှားအောင် ဖျားယောင်းသွေးဆောင်နေကြခြင်းပင် ဖြစ်သည်။

## ဗိမ္ဗိသာရမင်းကြီး၏ဖြစ်အင်

မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးသည် မြတ်ဘုရား၏ ဒါယကာရင်းဖြစ်သည်သာမက သောတာပန် ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သို့သော် သူ အလွန် ချစ်ခင်သော မိဖုရားကြီးက မာနခဲ၊ မာနတုံး ယင်းသို့ သဘောချင်း ကွဲပြား၍ စိတ်ထားပုံ ဆန့်ကျင်နေသဖြင့် မင်းတရားကြီးမှာ ကြည်သာချမ်းမြေ့တော်မမူရှာဘဲ စိတ်အလိုမပြည့်နိုင် ဖြစ်နေရသည်။ ကျောင်းတော်သို့ အတူသွား၍ တရားအတူနာကြရန် သွေးဆောင်ဖြားယောင်း ခေါ်ပါသော်လည်း တစ်ရံတစ်ခါမျှ မိဖုရားကမလိုက်ပေ။ သို့သော် မင်္ဂလာဥယျာဉ်တော်သို့ ထွက်၍ ပျော်ပါး ကစားမြူးထူးရန်၊ ရေသဘင် စံနန်းတော်သို့ထွက်၍ ရေကစားရန်၊ ပွဲကြည့်ဆောင်သို့ ထွက်၍ အငြိမ့်သဘင်တော်များကို အတူတကွ ရှုစားရန် ခေါ်လျှင်မူ ခေမာမိဖုရားကြီးမှာ တပြုံးပြုံး တရွှင်ရွှင်ဖြင့် စိတ်အလွန် ကြည်လင်တော်မူကာ ပါသွားလေ့ရှိသည်။

တစ်နေ့တွင်မူ သောတာပန်ကြီးလည်းဖြစ်ပြီး ကေရာဇ်ဘုရင်ကြီးလည်း ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးက မိဖုရားကြီးခေမာအား ဤသို့ ဆွဲဆောင်စည်းရုံး ကြည့်မိသည်။ "အို . . ရှင်မိဖုရား၊ အရွယ်ကလေးကပျိုပျို၊ ကိုယ်ကလေးက နုနု၊ ကျက်သရေတွေကလည်းစုံပုံ၊ သည်လိုဂုဏ်တွေကိုသာ စုံမက်နေလျှင် သံသရာမှာ တဟိုက်ဟိုက် တမောမောနှင့် နစ်မျောနေရပေတော့မည်။ ယခု အခါ ဝေဠုဝန် ဥယျာဉ်တော်ကြီးအတွင်း၌ သုံးလောကထွတ်ထား ဂေါတမ ရှင်တော်ဘုရားသည် သံဃာတော်များနှင့် သီတင်းသုံးတော်မူလျက်ရှိသည်။ တစ်ခါတစ်ရံ ဘုရားရှင်ထံသို့သွားပြီး တရားတော်များကို ကြားနာတော်မူစမ်းပါ။ ဘုရားရှင်၏ အဆင်းတော်နှင့် ကျက်သရေတော်များသည် လွန်စွာ ကြည်ညိုဖွယ်ကောင်းပါ၏။ ကောင်းကင်က လမင်းသည် အဆင်းကျက်သရေ ဂုဏ်နှင့် အလွန်တစ်ရာ ပြည့်စုံသော်ငြားလည်း ရှင်တော်ဘုရား၏ အဆင်း ကျက်သရေဂုဏ်နှင့် နှိုင်းစာလျှင် လမင်းသည် ဘာမျှ မပြောပလောက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြူမှုန်နှင့် မြင့်မိုရ်တောင်ပုံဆောင် နှိုင်းစာသလို ဖြစ်သွားမည်။ ဘုရားရှင်၏ ကျက်သရေတော်က အသချေ်မကအောင် သာလွန်သည်။ အသံတော်မှာလည်း ကြားလျှင် နှစ်သိမ့် ၍ ပီတိစိမ့်သွားစေနိုင်သည်။ သို့အတွက်ကြောင့် ရှင်တော်ဘုရားထံသို့ သွား၍ တရားအတူနာကြစို့။"

ဘုရင်ကြီး၏စကားကိုကြားလျှင် ခေမာမိဖုရားကြီးသည် မျက်နှာကို ခပ်မှုန်မှုန်ထားလျက် "မသွားချင်ပါဘူး အရှင်မင်းကြီး၊ ဘုရားရှင်နှင့် ခေမာမိဖုရား ဘယ်အခါမျှသဘောချင်းတိုက်ဆိုင်မှာမဟုတ်ပါ။ ဟောတဲ့တရားတွေကိုလည်း တစ်ဆင့်စကား ကြားရဖူးပါ၏။ နားဝင်ဖို့ဝေးစွ၊ သီသီကလေးမျှ မနှစ်သက်နိုင်ပါ။ အရှင်မင်းကြီးအနေဖြင့် ဘုရားရှင်၏တရားကို သဘောကျပါလျှင် အပုပ်ကောင် သည်ခေမာ မိဖုရားကြီးကို တပိုက်ပိုက်, တထုပ်ထုပ်နှင့် ဘာလုပ်ဖို့ နှစ်သက် တွယ်တာတော်မူနေပါသနည်း ဘုရား"ဟု မိဖုရားကြီး ခေမာက ပြန်ပြောလေ့ရှိပေသည်။

## မိဖုရားပြောပြပုံ

တဿာဟံ သုပ္ပိယာ အာသိံ၊ ရူပကေ လာယနေ ရတာ။

ရူပါနံ ဒေါသဝါဒီတိ၊ န ဥပေသိံ မဟာဒယံ။

တဒါ၊ ထိုသို့ ဗိမ္ဗိသာရမင်းကြီး၏ တောင်ညာတင်ထား မိဖုရားကြီး ဖြစ်သောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထိုမင်းတရားကြီး၏။ သုပ္ပိယာ၊ နှစ်နှစ်ခြိုက်ခြိုက်, ပိုက်ပိုက်ထွေးထွေး, လေးလေးမြတ်မြတ် ချစ်ခင်အပ်သော မိဖုရားကြီးသည်။ အာသိံ၊ ဖြစ်ခဲ့ရပါ၏။ အဟံ၊ အကျွန်ုပ်သည်။ ရူပကေလာယနေ၊ ရုပ်ဆင်းတင့်တယ်အောင် ခြယ်လယ်မွမ်းမံခြင်း အလုပ်၌။ ရတာ၊ မစွန့်နိုင်ဘဲ စွဲမြဲ ကြိုးကုတ်၍ အားထုတ်မွေ့လျော်ခဲ့သည်။ အာသိံ၊ ဖြစ်ပါ၏။ ရူပါနံ၊ အဆင်းမျိုးစုံ ရူပါရုံတို့ကို။ ဒေါသဝါဒီတိ၊ အပြစ်တင်စကား ဟောကြားသော ဘုရားရှင်ဟူ၍။ မဟာဒယံ၊ သတ္တဝါအများ၌ သနားငဲ့ညှာတော်မူသော ရှင်တော်မြတ်ဘုရားသို့။ နဥပေသိံ၊ မဆည်းကပ်ဘဲ ရှောင်လွှဲ၍ နေခဲ့မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရင်ကြီးအကြံတစ်မျိုးထုတ်ပြီ

သောတာပန် ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်သို့ သွားရန် ဆန္ဒမရှိသူ မိဖုရားကြီး ခေမာအတွက် တစ်မျိုးတစ်ဖုံ ကြံစည်လုပ်ကိုင်ရပြန်သည်။ ဘုရင်ကြီး၏ အကြံအစည်မှာ ကဗျာဂီတ အဖွဲ့အနွဲ့ကောင်းသူ ပညာရှိ ကဝိပုဂ္ဂိုလ်များကို ရွှေတော်သို့ခေါ်၍ ဝေဠုဝန်ဥယျာဉ်တော်ကို ဖွဲ့ဆိုချီးကျူးကာ ကဗျာသီချင်းများ ရေးသားဆက်သွင်းစေရန် ဖြစ်သည်။

ထိုအခါ ကဗျာပညာရှိ ကဝိပုဂ္ဂိုလ်အကျော်တို့သည် အချင်းချင်း ညှိနှိုင်း တိုင်ပင်ကာ ဤသို့သော အဖွဲ့အနွဲ့ စာကဗျာ အမျိုးမျိုးကို ရေးသားဆက်သွင်း ကြသည်။

## ကဝိအကျော်တို့၏ အဖွဲ့အနွဲ့များ

ရမ္မံ ဝေဠုဝနံ ယေန၊ နဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။

ဘောန္တော၊ ဥယျာဉ်တော်တွင် ပျော်ရွှင်လိုလား အို. . . မိတ်ဆွေ အများတို့။ ယေန၊ ဘယ်ပုဂ္ဂိုလ်မဟူ အကြင်သို့သော သူတစ်ယောက်သည်။ ရမ္မံ၊ ဥယျာဉ်ပန်းမန် ခိုင်ညှာတံနှင့် ရေကန်ကြည်လင် ကြာပင်လွှမ်းဖုံး ပိတုန်း မြူးပျော် ရှုသော်တင့်တယ် ပန်းချုံနွယ်တို့ဖြင့် မွှေ့လျော်ဖွယ် အလွန်ကောင်း ပေထသော။ သုဂတာလယံ၊ ရှင်တော်ဘုရား စျာန်ဝင်စား၍ ပျော်ပါးကိန်းစံရာ လည်း ဖြစ်ပေထသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ နဒိဋ္ဌံ၊ တစ်ခါ တစ်ခေါက် မရောက်ဖူးဘဲ တစ်ကြိမ်မျှ မမြင်ရဖူးချေ။ တေန၊ ထိုဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို ရှုမျှော်စိုက်စူး မမြင်ဖူးသောသူသည်။ နန္ဒနံ၊ ဝတီသာမည် နတ်တို့ပြည်ဝယ် အေးကြည်ချမ်းမြ လှပအလွန် နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို။ နဒိဋ္ဌံ၊ ကံကုသိုလ်နည်းသဖြင့် မမြင်ရဘဲ လွဲ၍သာနေရလေတော့သည်။ ဣတိ၊ ဤသို့။ မယံ၊ စည်, စောင်း, ညှင်းနှင့် သီချင်းဖွဲ့ဆို ထိုထိုပျော်ပါး ကျွန်ုပ်တို့ လူအများသည်။ မညာမသေ၊ မလွဲမုချ ဧကန္တပင် မှတ်ထင်ကြပါကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ။

ဘောန္တော၊ ဥယျာဉ်တော်တွင် ပျော်ရွှင်လိုလား အို. . . မိတ်ဆွေအများတို့။ ယေန၊ ဘယ်သူမဆို အကြင်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်သည်။ နရနန္ဒန နန္ဒနံ၊ ကမ္ဘာဝန်းကျင်လူများဖျင်တို့ ဦးတင်ဝပ်လျှိုး မြတ်နိုးမှီခို ကြည်ညိုကြရာ မြတ်စွာထွတ်တင် ဘုရားရှင်၏ ပျော်ရွှင်ကိန်းစက် နှစ်သက်ရာ အစစ်ကြီးဖြစ်ပေထသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိဋ္ဌံ၊ အကြိမ်ကြိမ်, အခေါက်ခေါက် သွားရောက် တွေ့မြင်အပ်လေ၏။ တေန၊ ထိုဝေဠုဝန်ဥယျာဉ်တော်ကို ရှုမျှော်တွေ့မြင်ဖူးသောသူသည်။ အမရိန္ဒသုနန္ဒနံ၊ နတ်တို့သခင် ဘုရင်သိကြား ပျော်ပါးနှစ်သိမ့် စောင်းအငြိမ့်တို့ဖြင့် တစိမ့်စိမ့် မွေ့လျော်ရာဖြစ်သော။ နန္ဒနံ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို။ သုဒိဋ္ဌံ၊ ကုသိုလ်ပင့်ထောက် ကိုယ်တိုင်ရောက်၍ ဝမ်းမြောက်ကြည်နူး တွေ့မြင်ဖူးသည်ဟု ချီးကျူး ပြောဆိုရမည်သာတည်း။

ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩသရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ နတပ္ပန္တိ သုဝိမှိတာ။

ဘောန္တော၊ ဥယျာဉ်တော်တွင် ပျော်ရွှင်လိုလား အို. . . မိတ်ဆွေအများတို့။ ဒေဝါ၊ ဝတိနန်းမြေ ကြဌာန်းဗွေ၌ သန်းရွှေဝန်းရံ ပျော်မျိုးစုံတို့ဖြင့် ခိုလှုံကြပြား နတ်အများတို့သည်။ နန္ဒနံ၊ နန္ဒဝန်ခေါ် ဥယျာဉ်တော်ကို။ ဝိဟာယ၊ ခြောက်ခြောက်သွေ့သွေ့နှင့် ပျော်မွေ့ဖွယ်မကောင်းဟု ရုံးပေါင်းစုဝေးကာ ပယ်စွန့်၍ လာကြကုန်ပြီးသော်။ မဟီတလံ၊ မြရောင်ရွှန်းစို စိမ်းညိုကြည်လင် မြေပြင်တဝန်း ဇမ္ဗူကျွန်းသို့။ ဩသရိတွာ၊ တန်ခိုးအဟုန်ဖြင့် အစုံအစုံ သက်ဆင်းလာကြကုန်လျက်။ ရမ္မံ၊ ဥယျာဉ် ရေကန် ခိုင်ညာတံနှင့် ပန်းမန် စုံလင် ကြည်လင်ဖွယ် အလွန်ကောင်းသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ် ဓော်ကို။ ဒိသွာ၊ အာရုံစက္ခု နှစ်ဖက်လုံ၍ ကြည့်ရှုတွေ့မြင်ကြရကုန်သည်ရှိသော်။ သုဝိမှိတာ၊ တို့နတ်ပြည်တွင် မမြင်စဖူးဟု ချီးကျူး အံ့ဩကြကုန်လျက်။

www.burmeseclassic.com

www.burmeseclassic.com



နတပွဲ့တို့၊ က,လား,ခုန်,လား မြူးပျော်ပါးလျက် ကစားနှစ်ခြိုက် စရိုက်စည်းစိမ် ရမွက်ရှိန်ဖြင့် မတင်းမတိမ်နိုင်အောင် ရှိနေကြလေကုန်၏။

ရာဇပုညေန နိဗ္ဗတ္တာ၊ ဗုဒ္ဓပုညေန ဘူသိတာ။
ကော ဝတ္ထာ တဿ နိသေသံ၊ ဝနဿ ဂုဏသဥ္စယံ။

ဘောန္တော၊ အို. . . မိတ်ဆွေအပေါင်းတို့။ ရာဇပုညေန၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ဘုန်းတော်ကြောင့်။ နိဗ္ဗတ္တာ၊ ပျော်မွေ့စဖွယ် ဆန်းတကြယ်လျှင် တင့်တယ်စွာဖြစ်ထွန်း၍နေသော။ ဗုဒ္ဓပုညေန၊ ဘုရားရှင်၏ ဘုန်းတော်ဖြင့်။ ဘူသိတာ၊ တအံ့တသြပြော၍မကုန်ဆန်းစုန်စည်ပင် တန်ဆာဆင်ယင်၍ထားအပ်သော။ တဿဝနဿ၊ ဝေဠုဝန်ခေါ် ထိုဥယျာဉ်တော်ကြီး၏။ ဂုဏသဥ္စယံ၊ နတ်ရော, လူရော သောသောကျွက်ကျွက် နှစ်သက်သမှု ဂုဏ်အစုကို။ နိသေသံ၊ အကြွင်းအကျန်မရှိလေအောင်။ ကော၊ ကဗျာဉာဏ်ရှိ ကဝိခေါ်ဆို အဘယ်ပုဂ္ဂိုလ်သည်။ ဝတ္ထာ၊ ထံတျာနွဲ့နွဲ့ ကဗျာဖွဲ့၍ အကျယ်ချဲ့ကာ သီကုံးနိုင်ပါအံ့နည်း။

## ဘုရင့်အမိန့်တော်

ပညာအကျော် ကဝိမော်တို့က ဤကဲ့သို့ ဂါထာများကို ဖွဲ့ဆိုကာ ဆက်သွင်းကြသည်။ ဗိမ္ဗိသာရမင်းကြီးက ဝမ်းမြောက်ဝမ်းသာ လွန်စွာ နှစ်သက်တော်မူလှသဖြင့် ခေမာမိဖုရားကြီး မသိအောင် နန်းတော်သူ နန်းတော်သား အပေါင်းတို့အား သည်ကဗျာများကို နှုတ်တက်ရအောင် ကျက်ဆောင်ကြရမည်။ နှုတ်တက်ရသောအခါ သာယာသည့်အသံဖြင့် တစ်နန်းတော်လုံး ဆူညံအောင် သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း သီဆိုကြရမည်ဟု အမိန့်ပေးတော်မူသည်။

ဘုရင့်အမိန့်တော်အတိုင်း နန်းတွင်းသူနန်းတွင်းသားတို့က လိုက်နာကာ သီချင်းဂါထာ ပါဠိကဗျာများကို နှုတ်သွက်သွက်နှင့် အရကျက်သည်။ ထို့နောက် သာယာသောအသံဖြင့် တစ်နန်းတော်လုံး ဆူညံစွာ သီဆိုကြကုန်၏။ အချို့က တူရိယာဖြင့် စည်းတိုက်၍ သီချင်းသွားကိုက်အောင် နှစ်ခြိုက်စွာ သီဆိုကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## ခေမာမိဖုရား စိတ်ပြောင်းလာပြီ

ခေမာမိဖုရား၏ အပျိုတော်များမှအစ နန်းတွင်းသူ နန်းတွင်းသား အပေါင်းတို့သည် ကောင်းမွန်သာယာသော အသံဖြင့် တစ်နန်းတော်လုံး သောသောညံညံ ရွတ်ဆိုကြသည်။ ကဗျာသီချင်းသံများကို ခေမာမိဖုရားကြီး လည်း ကြားနေရသည်။ ထိုအခါ မိဖုရားကြီး၏စိတ်၌ အားရနှစ်သက် ရွှင်လန်းလာပြီး "သြော်.... ဝေဠုဝန်ဥယျာဉ်တော်ကြီးဆိုသည်မှာ အလွန့် အလွန် ဆန်းကြယ်သည့် ဥယျာဉ်တော်ကြီးဖြစ်သည်ဟု ဆိုကြပါတကား။ တာဝတိံသာမှ နန္ဒဝန်ဥယျာဉ်တော်ကြီးထက်ပင် မွေ့လျော်ဖွယ်ကောင်းသည်ဟု ဆိုကြသည်။ ငါကိုယ်တိုင်မူကား တစ်ခါတစ်ခေါက်မျှ မရောက်ဖူးချေ။ ဝေဠုဝန် ဥယျာဉ်တော်ကြီးအတွင်း၌ အလှအပတရားကို ရှုံ့ချအပြစ်တင်သည့် မြတ်စွာ ဘုရား သီတင်းသုံးတော်မူနေသည်ဟု သိရ၍ ဤမျှကြာအောင် ငါမသွားဘဲ နေခဲ့သည်။ ခုတစ်ခါတော့ သွားရောက်ရှုစားတော်မူမည်။ ဤမျှဆန်းကြယ် သောဥယျာဉ်ကို မမြင်ဖူးလျှင် သူအ,ဖြစ်သွားလိမ့်မည်"ဟု တွေးမိလျက် ကျောင်း တော်သို့ သွားရောက်လိုသော ဆန္ဒများ ပေါ်ပေါ်လာသည်။

ခေမာမိဖုရားကြီးသည် ဘုရားရှင်ရှိရာ ဝေဠုဝန်သို့ သွားလိုသည့် ဆန္ဒ ကြောင့် ဘုရင်မင်းကြီးထံသို့ သွားရောက်ပြီး ဝေဠုန်ဝန် ဥယျာဉ်တော်ကို ရှုမြော်လိုသဖြင့် ဥယျာဉ် ကစားထွက်လိုကြောင်း လျှောက်ထားလေသည်။ မိဖုရား ထိုသို့လျှောက်ထားလေသော် ဗိမ္ဗိသာရမင်းကြီးသည် ဝမ်းသာအားရ ဖြစ်ပြီး "ငါ့အကြံအစည် အောင်မြင်တော့မည်။ ခေမာမိဖုရားကြီး ရတနာ သုံးပါးကို ကြည်ညို၍ သာသနာတော်၌ လေးမြတ်လာလျှင် ငါနှင့် ရှေ့သွား နောက်လိုက် ညီညွတ်ပေတော့မည်"ဟု နှလုံးသွင်းကာ "မိဖုရားကြီး၏ အလို ဆန္ဒအတိုင်း ဝေဠုန်ဝန်ဥယျာဉ်တော်သို့ ထွက်ပါ။ နှလုံးမွေ့လျော် ပျော်ရွှင် ဖွယ်ရာများကို မိဖုရားကြီးကိုယ်တိုင် တွေ့ကြုံရပါလိမ့်မည်။ ဥယျာဉ်သို့ ထွက် သောအခါ ခမ်းခမ်းနားနားနှင့် သိုက်သိုက်ဝန်းဝန်း ထွက်ပါ။ ဗိုလ်ပါဆင်မြင်း နှင့်တကွ တပ်ဝန်းအခင်းအကျင်းများကိုလည်း စေ့စုံစွာ စီမံ၍ ပေးတော်မူမည်" ဟု မိန့်တော်မူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မင်းကြီးက ဗိုလ်ပါသင်းပင်းများကို ရှေ့တော်သို့ ခေါ်ယူပြီး "ခေမာမိဖုရားကြီး ဝေဠုဝန်ကျောင်းတော်သို့ ထွက်တော်မူလိမ့်မည်။ ဆင်,မြင်း ဗိုလ်ပါနှင့်တကွ တပ်ဝင်းအခင်းအကျင်းများကို ကြီးကျယ် ခမ်းနားစွာ စီမံကြ။ ဝေဠုဝန်ဉယျာဉ်သို့ ရောက်သည့်အခါ မိဖုရားသည် ဘုရားရှင်ထံသို့ မဝင်ဘဲ မပြန်ခဲ့စေနှင့်။ ဘုရားရှင်ထံသို့ ရောက်အောင်ပို့ဆောင်ကြရမည်။ ဘုရားရှင် ထံသို့မဝင်ဘဲ ပြန်ခဲ့လျှင် သင်တို့ကို ရာဇဒဏ်ခတ်၍ နှိပ်ကွပ်တော်မူမည်"ဟု အမိန့်တော်ရှိလေ၏။

## ဉယျာဉ်သို့ ထွက်တော်မူခြင်း

ထို့နောက် ခေမာမိဖုရားကြီးသည် ဝေါယာဉ်ကိုစီးကာ တပ်ဝင်းအခင်း အကျင်းဖြင့် ဝေဠုဝန် ဉယျာဉ်တော်သို့ တခမ်းတနား ထွက်တော်မူသည်။ နံနက် ခင်းအချိန်တွင် ဘုရားရှင်ကိုယ်တော်မြတ် ဆွမ်းခံကြွမြဲ အချိန်ဖြစ်သဖြင့် ဘုရား ရှင်နှင့် မတွေ့နိုင်ဟု မိဖုရားကြီးက ထင်နေသည်။

ခေမာမိဖုရားကြီး ဝေဠုဝန် ဉယျာဉ်တော်အတွင်း လှည့်လည်ရှုစား တော်မူစဉ် ရဟန်းပျိုကလေးတစ်ပါးသည် တစ်ခုသော သစ်ပင်ရင်း၌ ဆိတ်ဆိတ် ငြိမ်ငြိမ် ကြွေဖြင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် စူးစူးစိုက်စိုက် တရား ရှုမှတ်နေတော်မူသည်ကို ခေမာမိဖုရားကြီး မြင်သော် "ဩော်. . . ရှုံးလေစွ၊ ရှုံးလေစွ၊ အသက်ကလည်းငယ်၊ ရုပ်အဆင်းကလည်းတင့်တယ်၊ အရွယ် ကလည်း ကောင်းပါဘိသနှင့် ဘာကြောင့်များ အဆင်းရဲခံပြီး အရွယ်နှင့် မလိုက် သော တရားအလုပ်ကို အားထုတ်နေပါလိမ့်။ ဤအရွယ်သည် ကိုယ် နှစ်သက် သည့် အာရုံကို ခုံခုံမင်မင် ပျော်ရွှင်မြူးတူးနေဖို့ သင့်ပါသည်။ ငယ်ရွယ်စဉ် အခါတွင် မွေ့တာအတိုင်း ပျော်ပျော်ပါးပါး နေထိုင်သွားပြီး အိုမင်းသွားတော့မှ တရားအားထုတ်ဖို့ သင့်ပါသည်" စသည်ဖြင့် တွေးတော နေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## နန်းတော်သို့ပြန်ရန်ပြင်ဆင်ပုံ

ခေမာမိဖုရားကြီးသည် ဝေဠုဝန်ဥယျာဉ်တော်၌ အတန်ကြာအောင် လှည့်လည်ကာ ရှုစားပြီးနောက် ရှင်တော်ဘုရား သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက်တော်အတွင်းသို့မဝင်ဘဲ နန်းတော်သို့ပြန်ရန် တပ်ဝင်း အခင်းအကျင်းများကို စီမံကြဟု အမိန့်ပေးတော်မူသည်။

## ဘုရင့်အမိန့်တော်ကိုရှင်းပြ

ထိုအခါ မှူးမတ်များက ဘုရင့်အမိန့်တော်ကြီးကို ဦးထိပ်ထက်ပန်ဆင်၍ လာခဲ့ကြရကြောင်း။ အမိန့်တော်မှာ အရှင်မိဖုရားကို မြတ်စွာဘုရားထံသို့ ရောက်အောင် ပို့ဆောင်ကြရမည်။ အရှင်မိဖုရားကြီး မြတ်စွာဘုရားထံမှောက်သို့ ဝင်ရောက်ခြင်းမပြုဘဲ နန်းတော်သို့ ပြန်လာတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးများအား ရာဇဝတ်ဘေးဖြင့် အပြစ်ကြီးပေးတော်မူမည်ဖြစ်ကြောင်း။ ယခုအခါ ရှင်တော်မြတ်ဘုရားသည် ဂန္ဓကုဋီတိုက်တော်အတွင်း၌ သီတင်းသုံးတော်မူလျက်ရှိပါကြောင်း၊ ဘုရားရှင်ထံမှောက်သို့ ဝင် ရောက်တော်မူပါမည့်အကြောင်း အသိပေးလျှောက်ထားလိုက်ကြသည်။

## မိဖုရားတငြင်းဆို

ထိုအခါ မိဖုရားကြီးက "အို. . ဘယ့်နှယ်လဲ၊ ငါ မနှစ်သက်တဲ့စကားကို ဘာကြောင့် လျှောက်တင်ကြရသလဲ။ ငါ နန်းတော်မှ ထွက်လာရခြင်းမှာ ဘုရားရှင်ထံသို့ ဝင်ရောက်ရန် ထွက်လာခြင်းမဟုတ်။ ဥယျာဉ်တော်ကို ပျော်ပျော်ပါးပါး ရှုစားရန် ထွက်လာခဲ့ခြင်းသာဖြစ်သည်။ သို့အတွက် နောက်ထပ် ဘာမျှ မတိုက်တွန်းကြပါနှင့်"ဟု မိန့်ဆိုလေသည်။

ထိုအခါ ဗိုလ်ပါမှူးမတ်များက "ဘုရား ကျွန်တော်မျိုးတို့သည် အမိန့်တော်ကြီးကို ဦးထိပ်ထက်ပန်ဆင်၍ လာခဲ့ကြရပါကြောင်း။ ဘုရားရှင်ထံသို့ ဝင်တော်မမူဘဲပြန်လျှင် ရာဇဝတ်ရေးဖြင့် ဘေးဒဏ်ထိကုန်မည် ဖြစ်ကြောင်း၊ အမိန့်တော်အတိုင်း ခေတ္တမျှဖြစ်စေ ဝင်ရောက်တော်မူပါမည့်အကြောင်း၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မျိုးများမှာ အမိန့်တော်ကို လွန်ဆန်ဝံ့သူများမဟုတ်သောကြောင့် သည်အရေးတွင် မိဖုရားကြီးကိုပင် ထောက်ညှာနိုင်ကြမည် မဟုတ်ပါကြောင်း” ခပ်တင်းတင်း လျှောက်ထားကြသည်။

## ဘုရားရှင်ထံသို့

အမတ်စစ်သူကြီးတို့၏ လျှောက်တင်ချက်ကို ကြားလိုက်ရသည်ဆိုလျှင်ပင် ခေမာမိဖုရား၏မျက်နှာသည် သုန်မှုန်နီမြန်းသွားသည်။ မိမိ မသွားလိုသည့် နေရာကို အတင်း ဖွတ်တွန်းပို့နေသည့် မင်းကြီးကို စိတ်ထဲက မကျေမချမ်းဖြစ်နေသည်။ “ရွှေနန်းတော်ကြီးအတွင်း၌ ဤလိုစကားမျိုး၊ ဤလိုအခြေအနေမျိုးကြုံရလျှင်” . . . ခေမာမိဖုရားကြီး ဆက်စဉ်းစားနေသည်။ ယခုတော့ ဤအခြေအနေမျိုးမဟုတ်။ “အင်းလေ. . . မတတ်နိုင်တဲ့အဆုံး အမိန့်ကို နာခံလိုက်ရုံပေါ့။ ဆူဆူပူပူ လုပ်နေလို့ကလည်း ဘာမှ အကြောင်းထူးလာမှာမဟုတ်။ ပြီးတော့ ဒီအချိန်မျိုးဟာ ဘုရားရှင် ဆွမ်းခံကြွသည့်အချိန်။ ဂန္ဓကုဋီတိုက်တော်အတွင်း၌ ဘုရားရှင် ရှိနေမှာမဟုတ်ပါဘူး”ဟု တွေးတောရင်း ခြေသေ့မင်းရှိရာယုန်သူငယ်လာသကဲ့သို့ ဝင်လိုက်သည်။

ခေမာမိဖုရားကြီး၏ မျှော်လင့်မှန်းဆချက်သည် အလွဲကြီး လွဲခဲ့ရလေပြီ။ ထိုအချိန်က ရှင်တော်မြတ်ဘုရားသည် ဂန္ဓကုဋီတိုက်တော်ကြီးအတွင်းရှိ ခင်းထားအပ်သော သလွန်ထက်တွင် ငြိမ်သက်သော ဣန္ဒြေတော်ဖြင့် တင့်တယ်စွာ စံပါယ်လျက်ရှိသည်။ ဘုရားရှင်၏ ရှေ့တော်မှောက်တွင် တုမရ နှိုင်းမမှီ ဘုရဏီနတ်သမီးတမျှ ချောမောလှပသည့် မိန်းမပျိုကလေးတစ်ဦးက ရှင်တော်ဘုရားအား ရတနာမဏိ ယပ်တော်ဖြင့် တလွှဲလွှဲခတ်လျက် ပူဇော်နေသည်။

ထိုအခြင်းအရာကို မြင်လိုက်လျှင်ပင် မိဖုရားကြီး၏ နှလုံးအိမ်တွင်း၌ ဝင်းခနဲ လျှပ်စီးလက်သကဲ့သို့ ဖြစ်သွားလေသည်။ နှုတ်မှလည်း “အို. . . မတွေ့စဖူး အတွေ့ထူးလှချည်းလား။ ဤကျွန်းဇမ္ဗူတွင် ငါနှင့်တူအောင် လှပသူမရှိဟု ရှေးက ငါ ထင်ထားတာဟာ အမှားသာဖြစ်ချေပြီ။ ယခု ဘုရားရှင်ရှေ့တော်၌ ယပ်လေခတ်နေသူ မိန်းမပျိုကလေးလောက် လှပသူကို ငါ တစ်ခါမျှ မတွေ့ဘူး၊ မမြင်ဘူးပါတကား။ တာဝတိံသာမှ သက်ဆင်း၍ ဘုရားရှင်၏ စက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ထံတော်မှောက်တွင် ဝပ်စင်းနေသူကလေးသည် နတ်မိမယ်လေး တစ်ပါး များလား။ သူနှင့် နှိုင်းစာလိုက်လျှင် ငါ့အလှဆိုတာ ဘာမျှ မဟုတ်တော့ပါ ကလား" ဤသို့ဖြင့် အလှမာန်တက်ခဲ့သော မိဖုရားကြီးသည် တစ်ဒင်္ဂ တစ်ခဏ လေးအတွင်းမှာပင် မာန်မာနကင်း၍ စိတ်ရင်းမှန်ဖြင့် ယပ်လေခတ်နေသူ မိန်းမ ချောကလေးအား တစိမ့်စိမ့်ကြည့်ရင်း ရင်ဝယ်တသိမ့်သိမ့် ကြည်နူးနေမိသည်။ ပါရမီရင့်သန်ပြီးသူမို့ သတိသံဝေဂရကာ အသိတရား ရသွားလေတော့သည်။

## ဖန်ဆင်းခံသမီးကညာ၏ပုံရိပ်များ

သုညကန္တိ ဝိဒိတွာန၊ ဂန္တွေဟံ ဇိနာလယံ။
ဥပေတွာ ဇိနမဒ္ဒက္ခိံ၊ ဥဒယန္တံဝ ဘာကရံ။

အဟံ၊ အကျွန်ုပ်သည်။ ဇိနာလယံ၊ ရှင်တော်ဘုရား စံစားမွေ့လျော်ရာ ဖြစ်သော။ ဂန္တွေဟံ၊ ဂန္ဓကုဋိတိုက်ကြီးကို။ သုညကန္တိ၊ ဘုရားမရှိဘဲ ဟောင်း လောင်းကြီး ဖြစ်နေလိမ့်မည်ဟု။ ဝိဒိတွာန၊ မှတ်ထင်မိလေသော ကြောင့်။ ဥပေတွာ၊ ချဉ်းကပ်ဝင်ရောက်ခဲ့သည်ရှိသော်။ ဥဒယန္တံ၊ ဥဒည် စွန်းမှ ပေါ်ထွန်း ၍လာသော။ ဘာကရံဝ၊ မကရာထောင် အရောင်ထိန်လင်း ရှင်နေမင်းကဲ့သို့။ ဇိနံ၊ ခြောက်ဖြာရောင်ရှိန် တထိန်ထိန်ဖြင့် ဇနီးထွတ်ထား မြတ်ဘုရားကို။ အဒ္ဒက္ခိံ၊ ရုတ်တရက်ပင် ရှုမြင်ဖူးမြော်ရပါပေ၏။

ဧကကံ သုခမာသိနံ၊ ဗီဇမာနံ ဝရိတ္ထိယာ။
ဒိသွာနေဝံ ဝိစိန္တေသိံ၊ နာယံ လူခေါ နရာသဘော။

တတော၊ ထိုသို့ဘုရားရှင်ကို ဖူးတွေ့မြင်ပြီးသောနောက်၌။ ဧကကံ၊ ကိုယ် တော်တစ်ပါးတည်း။ သုခမာသိနံ၊ ချမ်းသာသိမ်မွေ့စွာ သီတင်းသုံးတော်မူ သော။ ဇိနံ၊ ဘုရားရှင်ကို။ ဝရိတ္ထိယာ၊ လူတို့ဘောင်တွင် မမြင်စဖူး ထူးထူး ချွန်ချွန် အလှလွန်သော သမီးကညာပျိုကလေးတစ်ယောက်က။ ဗီဇမာနံ၊ ယပ်လေခတ်၍နေပုံကို။ ဒိသွာန၊ မြင်ရပြန်သည်ရှိသော်။ အဟံ၊ အကျွန်ုပ် သည်။ ဧဝံ၊ ဤသို့။ ဝိစိန္တေသိံ၊ ကြံစည်မိပါ၏။ နရာသဘော၊ လူတို့၏ထွတ်ဖူး ခေါင်ညွှန့်နွား ဖြစ်တော်မူပေသော။ အယံ၊ ဤဘုရားရှင်သည်။ နလူခေါ၊ ဘုန်းမဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ကံမဲ့ ချို့တဲ့ခေါင်းပါးသူ မဟုတ်ပေ။ ဘဝသမ္ပတ္တော၊ ဘုန်းတော် ဂုဏ်မြတ်နှင့် လျောက်ပတ်ပြည့်စုံသော ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။

သာ ကညာ ကနကာဘာသာ၊ ပဒုမာန နလောစနာ။
ဗိမ္ဗော္ဋီ ကုန္ဒဒသနာ၊ မနောနေတ္တရသာယနာ။

သာကညာ၊ ထိုယပ်လေခတ်နေသော သမီး ကညာပျိုကလေးသည်။ ကနကာဘာသာ၊ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ဝါဝင်းသော အဆင်းအရောင်လည်း ရှိပေ၏။ ပဒုမာန နလောစနာ၊ ပဒုမ္မာကြာပန်းကဲ့သို့ တင့်ဆန်းသော မျက်နှာနှင့် လွန်စွာကြည်လင်သော မျက်လုံးလည်း ရှိပေ၏။ ဗိမ္ဗော္ဋီ၊ ကျီးအာသီးမှည့် အသွေးကဲ့သို့ တွေးတွေးနီမြန်းသော နှုတ်ခမ်းလည်းရှိပေ၏။ ကုန္ဒဒသနာ၊ သင်းခွေပန်းငုံ, စံပယ်ငုံကဲ့သို့ အစုံအစုံညီညွတ်၍ ဖြူဆွတ်သော သွားအစဉ် လည်းရှိပေ၏။ မနောနေတ္တရသာယနာ၊ သူတစ်ပါးတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ပျော်မွေ့ အရသာတွေ့အောင် ရွက်ဆောင်ဖော်လည်းရပေ၏။


ဟေမဒေါလာဘသဝနာ၊ ကလိကာ ကာရသုတ္တနီ။
ဝေဒိမဇ္ဈာ သုသောဏီ၊ ရမ္ဘောရူ စာရုဘူသနာ။

သာကညာ၊ ထိုယပ်လေခတ်နေသော သမီးကညာပျိုကလေးသည်။ ဟေမ ဒေါလာဘသဝနာ၊ ရွှေယောဉ်လွဲသည့်အလား စိန်နားတောင်းပန်ဆင်၍ ထားသဖြင့် တလှုပ်လှုပ် တလျားလျား လွန်စွာ တင့်တယ်သော နားလည်း ရှိပေ၏။ ကလိကာ ကာရသုတ္တနီ၊ စံပယ်ငုံ မျှစ်စို့ပေါက်ကဲ့သို့ မိုးမောက်တင့်ထွား သော ရင်သားရတနာလည်း ရှိပေ၏။ ဝေဒိမဇ္ဈာဝ၊ အလယ်၌ သိမ်သေးသော ရွှေပွတ်တိုင် ကလေးကဲ့သို့။ သုသောဏီ၊ တင့်တယ်ယဉ်ကျေးသော ခါးနွဲ့ ကလေးလည်း ရှိပေ၏။ ရမ္ဘောရူ၊ ရွှေငှက်ပျောတုံးကဲ့သို့ လုံးလုံးဖြိုးသွယ်၍ တင့်တင့်ချောမွေ့သောပေါင်လည်းရှိပေ၏။ စာရုဘူသနာ၊ ရှုချင်စဖွယ် တင့်တယ် ကောင်းမြတ်သော အဆင်တန်ဆာလည်း ဆင်လျက်ရှိပေ၏။

ရတ္တံသကုပသံဗျာနာ၊ နီလမဋ္ဌနိဝါသနာ။
အတပ္ပနေယျရူပေန၊ ဟာသ ဘာဝ သမန္တိတာ။

သာကညာ၊ ထိုယပ်လေခတ်နေသော သမီးကညာပျိုကလေးသည်။ ရတ္တံသကုပသံဗျာနာ၊ နီရောင်ညီးညီး ပတ္တမြားဘီးဖြင့် ဖြီးအပ်သော ဆံပင်

www.burmeseclassic.com



ထေရီ – ဘုရားရှင်က ခေမာမိဖုရားကြီးအား ဇရာ–မရဏာ ပုံရိပ်ကို ဖန်ဆင်းပြသနေပုံ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိပေ၏။ နီလမဏ္ဍနိဝါသနာ၊ စိမ်းညိုနုထွတ် ဖဲထည်ဝတ်ကိုလည်း တိမ်းညွတ်စဖွယ် တင့်တယ်စွာ ဝတ်ဆင်၍ထားပေ၏။ အတပ္ပနေယျရူပေန၊ ရှုဆဲ မြင်ဆဲ မရောင့်ရဲနိုင်သော အဆင်းဖြင့်။ ဟာသ ဘာဝ သမန္တိတာ၊ မြင်မြင် သူအများကို ရွှင်အားနှင့်ပြုံးအောင် ရွက်ဆောင်နိုင်သော ဘာဝဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏။

ဒိသွာ တမေဝံ စိန္တေသိ၊ အဟောယမဘိရူပိနီ။
န မယာနေန နေတ္တေန၊ ဒိဋ္ဌပုဗ္ဗာ ကုဒါစနံ။

တံ၊ ထိုမြင်စဖူး အထူးလှပသော ကညာပျိုမကလေးကို။ ဒိသွာ၊ မိမိရှေ့ တွင် တွေ့မြင်ရှုစားရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ ဧဝံ၊ ဤသို့။ စိန္တေသိ၊ ကြံစည်မိပါ၏။ အယံ၊ ဤကညာပျိုကလေးသည်။ အဘိရူပိနီ၊ ဇမ္ဗူ ဒိပ်တိုင်း အလယ်မှာ နှိုင်းဖွယ်မမြင်အောင် အလွန်ပင်လှပသော အရောင် အဆင်းဂုဏ် နှင့် ပြည့်စုံပါပေ၏။ အဟော၊ ဩော် . . . အံ့ဖွယ်ရှိပေစွတကား။ မယာ၊ အကျွန်ုပ်သည်။ အနေနနေတ္တေန၊ ဤယခုရရှိသော မျက်လုံးနှစ်ခုဖြင့်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ။ နဒိဋ္ဌပုဗ္ဗာ၊ တွေ့မြင်ဖူးသည်မဟုတ်ပါပေ။

## ပျိုမျစ်ခြင်းမှ အိုမင်းခြင်းသို့

ပါရမီပန်းငုံ ပွင့်ချိန်ကြုံက အစုံငွါးငွါး ဘွားဘွား ပေါ်လာရမြဲ ဓမ္မတာ ရှိသည့်အတိုင်း ခေမာမိဖုရားကြီးသည် ရှင်တော်ဘုရား ဖန်ဆင်း၍ပြထားသူ သမီးကညာပျိုကလေးကို ငေးစိုက်ကာ ရှုစားနေ၏။ ထိုအခါ၌ ဇရာနိမိတ်ကို ပြလိုသော ရှင်တော်မြတ်ဘုရားသည် တန်ခိုးတော်အားဖြင့် ထိုသမီးကညာပျို ကလေးကို တဒင်္ဂအတွင်း ပျိုရုပ်များ ပျက်ယွင်းလျက် အိုမင်းရင့်ရော်ခြင်းသို့ ရောက်အောင် ဖန်ဆင်းပြတော်မူလေ၏။ သဲကမ်းပါးပြိုသွား၍ မြစ်ရေအယာဉ် စီးဝင်လာသည့်အလား ဖန်ဆင်းခံ ကညာလေး၏ ပျိုရုပ်များ ရိပ်ရိပ်,ရိပ်ရိပ်ဖြင့် ပျက်စီးသွားလေသည်။ ပိတုန်းရောင်အသွင် ညိုမှောင်သော ဆံကေရှင်များသည် ပြောင်းဖူးမွေးကဲ့သို့ ဖြူဖွေးတွန့်လိမ်နေကြပြီ။ ခိုင်မာဖြူဖွေးသော ပုလဲရောင် သွားကလေးများသည်လည်း ခေမာမိဖုရား၏ ရှေ့မှောက်၌ပင် မြင်၍မကောင်း အောင် ကျွတ်ကြွေလျက် ပါးရေများသည်လည်း ရှုံ့တွတွ ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က စိုစိုပျိုပျိုဖြင့် မိုမိုမောက်မောက် အံ့လောက်စဖွယ်တင့်တယ်သော ရုပ်ဆင်းသွင်ပြင်သည် တစ်ခဏချင်းပင် ပိန်ကြုံချည့်နဲ့လျက် ရုပ်သွင်ပုံပျက်ခဲ့ရလေပြီ။ သမင်မျက်လုံးကဲ့သို့ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံသည် ရုတ်တရက် ချိုင့်ဝင်သွားကြပြီး မျောက်အိုမကြီးကဲ့သို့ ဖြစ်လာသည်။ ရွှေယမင်းရုပ်ကလေးသည် အရိုးတငေါငေါ အကြောတပြိုင်းပြိုင်းဖြင့် ခါးကိုင်းရွတ်တွ အမယ်အိုမကြီးကဲ့သို့ တုန်တုန်ယင်ယင် ရှိနေရာမှ ဖြုန်းခနဲ လဲကျသွားသည်။ အလွန်မောဟိုက်သဖြင့်လည်း ထွက်သက်ဝင်သက်ကို ဖိုဖိုလှိုက်လှိုက် ဘဝင်ခိုက်အောင် ရှုရှိုက်နေရင်းမှ မျက်ဖြူဆိုက်၍ သွားရှာလေတော့သည်။ မြင်၍မကောင်း၊ ရှု၍မတော်သည့် သည်အလောင်းကောင်ကြီးကိုသာ ခေမာမိဖုရားကြီး တအံ့တဩ ကြည့်နေမိသည်။

## သံဝေဂ အတွေး အမြင် အသိ

ဤသို့လျှင် အဖြစ်မှ အပျက်သဘောသို့ ရွေ့လျားပြောင်းလဲသွားပုံ ရုပ်သွင်ကို ခေမာမိဖုရားကြီး မြင်လေသော် သံဝေဂစိတ်ဖြင့် "အို. . . ဘယ်လိုဖြစ်ကုန်ပါလိမ့်။ ခန္ဓာကိုယ် အပုပ်ကောင်ကြီး၏ ဖောက်ပြန်ပုံသည် ကြောက်စရာ အလွန်ကောင်းပါပေ၏။ အလွန်လှပသော ရုပ်သွင်ကလေးသည် တစ်ခဏချင်းပင် အမြင်မကောင်းအောင် ယွင်းယို၍သွားလေပြီ။ သည်ခန္ဓာကိုယ် ရုပ်ကြီးသည် လွန်စွာ ပျက်စီးလွယ်သော ရုပ်ကြီးပါပေတကား။ ဤအစိုးမရသည့် ရုပ်ခန္ဓာကိုယ်ကြီးကို ဖီးဖီးလိမ်းလိမ်းပြုပြင်ကာ ချစ်ခင်မြတ်နိုး အားကိုးတစ်ခု ပြုနေသဖြင့် ဘာအသုံးကျဦးမည်နည်း။ ရုပမာန် တကြွားကြွား ပျော်ပါးမြူးထူးနေမိခြင်းသည် ဘာမျှအဓိပ္ပာယ် မရှိပါပေတကား။ ရုပ်အဆင်း မာန်မာနဖြင့် ငါတကော, ကောခဲ့လေသမျှ မှားခြင်းကြီး မှားကုန်ပါပြီ။ ရှင်တော်ဘုရားသာလျှင် ငါ့အတွက် အားထားရာ ဖြစ်ပေတော့သည်တကား"ဟု မိဖုရားခေမာသည် သံဝေဂစိတ်များ ဖြစ်ပေါ်လာလေ၏။

## စာဖွဲ့မတုန်ရုပ်၏ဖြစ်ပျက်ပုံ

တတော ဇရာဘိဘူတာသာ၊ ဝိဝဏ္ဏာ ဝိကတာနနာ။
ဘိန္နဒန္တာ သေတသိရာ၊ သလာလာ ဝဒနာ သုစိ။

www.burmeseclassic.com

www.burmeseclassic.com



တတော၊ ထိုရှုမြင်နေဆဲအခါ၌။ သာ၊ ထို အတူမရှိအောင် လှပသူ သမီး ကညာပျိုကလေးသည်။ ဇရာဘိဘူတာ၊ ဇရာတရားဆိုးကြီး ဖိစီးနှိပ်စက် အပ်လေသောကြောင့်။ ဝိဝဏ္ဏာ၊ ရုပ်သွင်အဆင်း ပျက်ယိုယွင်းလျက်။ ဝိကတာ နနာ၊ မျောက်အိုမပုံမျိုး အရုပ်ဆိုးကြီးသည်။ အာသိ၊ ဖြစ်လာပါလေပြီ။ ဘိန္နဒန္တာ၊ သွားများကျွေလျက် ပါးချိုင့်ခွက်သည်ဖြစ်၍။ သေတသိရာ၊ ပြောင်းဖူးမွေးအတူ ဖြူသောဆံပင် ဦးခေါင်းရှိသည်။ အာသိ၊ ဖြစ်လာပါလေ၏။ သလာလာ ဝဒနာ၊ အရိအရွဲတစိုစိုနှင့် စီးယိုသော ခံတွင်းရှိသည်ဖြစ်၏။ အသုစိ၊ ထွီဖွယ်, ရွံဖွယ်, စက်ဆုပ်ဖွယ် အကောင်ပုပ်ကြီးသည်။ အာသိ၊ ဖြစ်လာပါလေ၏။

သံခိတ္တကဏ္ဏာ သေတက္ခီ၊ လမ္ဗာ သုဘပယောဓရာ။
ဝလိ ဝိတတသဗ္ဗင်္ဂီ၊ သိရာဝိတတ ဒေဟိနီ။

သာ၊ ထိုရှေးအခါက အလွန်လှသော ကညာပျိုကလေးသည်။ သံခိတ္တကဏ္ဏာ၊ တွန့်လိမ်ရှုံ့တွသော နားရွက်ရှိသည်ဖြစ်၍။ သေတက္ခီ၊ တမောမော တဟိုက်ဟိုက် မျက်ဖြူဆိုက်ကာ နေရရှာလေ၏။ သုဘပယောဓရာ၊ အသွင်တင့်ထူး ပန်းငုံဖူးကဲ့သို့သော ရင်သားရတနာ ပန်းနှစ်မွှာတို့သည်။ လမ္ဗာ၊ မမောက်နိုင်ဘဲ တွဲရရွဲပျောင်းအိကာ ကျလာလေကုန်၏။ ဝလိ၊ မျောက်အိုကြီးပမာ လွန်စွာရှုံ့တွသော အရေရှိသည်ဖြစ်၍။ ဝိတတသဗ္ဗင်္ဂီ၊ အရိုးကျဲကျဲ အကြောဆွဲလျက်လျော့ရဲသော ကိုယ်အင်္ဂါအလုံးတို့ဖြင့် တုန့်တုန့်ခိုက်ခိုက်ဖြစ်၍ နေရှာလေ၏။ သိရာဝိတတဒေဟိနီ၊ ဦးခေါင်းကကြီးမား ကိုယ်ကသေးသိမ်လျက် ပိန်ကြုံ ငေါငေါနှင့် အရုပ်ဆိုးသော ကိုယ်အင်္ဂါလည်း ရှိပေ၏။

နတင်္ဂီ ဒဏ္ဍဒုတိယာ၊ ဥပ္ပါသုလိ ကတာ ကိသာ။
ပဝေဓမာနာ ပတိတာ၊ နိဿသန္တီ မုဟုံ မုဟုံ။

သာ၊ ထိုရှေးအခါက အလွန်လှသော ကညာပျိုကလေးသည်။ နတင်္ဂီ၊ အသုံးမကျ ကုန်းကွသော ကိုယ်အင်္ဂါရှိသည်ဖြစ်၏။ ဒဏ္ဍဒုတိယာ၊ တောင်ဝှေးကိုသာ အားပြုကာနေရရှာလေ၏။ ဥပ္ပါသုလိကတာ၊ အရိုးငေါငေါ အကြောပြိုင်းပြိုင်း ထလျက်။ ကိသာ၊ ပိန်ကြုံလျော့ပါး၍ ဒုနေရှာလေ၏။ ပဝေဓမာနာ၊ ယိမ်းယိုင်တုန်လှုပ်လျက်။ ပတိတာ၊ မြင်နေဆဲမှာပင် လဲ၍ကျသွားပြီးသည်ရှိသော်။ မုဟုံမုဟုံ၊ လျင်လျင်မြန်မြန်။ နိဿသန္တီ၊ ဖိုလှိုက်ဖိုလှိုက်ဖြင့် ရှူရှိုက်ကာ နေရရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တတော မေ အာသိ သံဝေဂေါ၊ အဗ္ဘုတော လောမဟံသနော။
မိရတ္တု ရူပံ အသုစိ၊ ရမန္တေယတ္ထု ဗာလိသာ။

တတော၊ ထိုဖောက်ပြန်သော ရုပ်သွင်ကို တွေ့မြင်ရသော အခါ၌။ မေ၊ အကျွန်ုပ်အား၊ သံဝေဂေါ၊ ကြောက်ရွံ့လန့်ထိတ် သံဝေစိတ်သည်။ အာသိ၊ တဟုန်တည်း ဖြစ်ပေါ်၍ လာခဲ့ပါလေ၏။ အဗ္ဘုတော၊ မဖြစ်စဖူး အဖြစ်ထူးသော။ လောမဟံသနော၊ ဦးခေါင်းကြီး၍ ကြက်သီးမွေးညင်းထခြင်းသည်။ အာသိ၊ ဖြစ်ရပါလေ၏။ ဘောန္တော၊ အို . . . လူများအပေါင်းတို့။ ရူပံ၊ ပြုပြင်ရုပ်ဆောင် ဤရုပ်ကောင်ကြီးသည်။ မိရတ္တု၊ ထွီဖွယ်, ရွံဖွယ်, စက်ဆုပ်ဖွယ်ကြီးပင် ဖြစ်ပါလေ၏။ အသုစိ၊ မစင်မကြယ် တကယ် ဆိုးယုတ်လှပါပေ၏။ ယတ္ထု၊ အကြင်ရုပ်ကောင်ကြီး၌။ ဗာလိသာ၊ ဘာမှန်းမသိဘဲ မှိုင်းမိသော စရိုက်မှောင်ဖြင့် အမိုက်ကောင်ဖြစ်၍နေကြကုန်သော လူတသင်းတို့သည်။ ရမန္တေ၊ တခုံခုံ တမင်မင်ဖြင့် ချစ်ခင်ပျော်မြူးကာ နေကြလေကုန်၏။

## ရှင်တော်ဘုရားက တရားပြတော်မူခြင်း

ဘုရားရှင် ဖန်ဆင်းပြသော ရုပ်သွင်ကို မြင်မိသူ ခေမာမိဖုရားကြီးသည် အထိတ်တလန့် သံဝေဂဖြစ်သွားပုံများကို ရှင်တော်ဘုရား သိမြင်တော်မူသော် ကျွတ်လွတ်ဖို့ရန် အချိန်တန်ပြီဟု ဗျောဏ်တော်ဖြင့် ဆုံးဖြတ်၍ ဤသို့ တရားပြတော်မူလေ၏။

## ချစ်သမီး ရှုစားပါလော့

အာတုရံ အသုစိ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

ခေမေ၊ အို . . . ချစ်သမီး ခေမာ။ အာတုရံ၊ အဖုံဖုံသော ရောဂါအစုတို့ဖြင့် နှိပ်စက်၍နေသော။ အသုစိ၊ ဘယ်နေရာတကွက်မှာမျှ နှစ်သက်ဖွယ်မရှိ ပကတိ မစင်တုံးကြီးဖြစ်၍နေသော။ ပူတိံ၊ မွှေးတယ်လို့ သမုတ်သော်လည်း အပုပ်နံ့ တထောင်းထောင်းနှင့် နှာခေါင်းရှုံ့ရအောင် ညှီဟောက်၍လည်း နေထသော။ ဥဃ္ဃ ရန္တံ၊ ကိုယ်အထက်သို့ တပွက်ပွက် ပန်းထွက်၍လည်း

www.burmeseclassic.com

www.burmeseclassic.com



နေထသော။ ပဠ္ဌရန္တံ၊ ကိုယ်ခန္ဓာ၏ အောက်တခွင်သို့ အစဉ်ယိုစီး၍လည်း နေထသော။ ဗာလာနံ၊ အသိဗလာဖြင့် အမိုက်ကောင် ဖြစ်၍နေသော သူတို့ သည်သာလျှင်၊ အဘိနန္ဒိတံ၊ တခုံမင်မင် တခင်မက်မက် နှစ်သက်မြတ်နိုး၍ နေထသော။ သမုဿယံ၊ ဤကိုယ်ကောင်မျိုး မစင်အိုးကြီးကို။ ပဿ၊ စေ့စေ့ငုငု သင်ချစ်သမီး၊ ရှုစားပါလော့။

အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာတျတ္ထု၊ နိဗ္ဗိဒါ ဗဟုလာ ဘဝ။

ခေမေ၊ အို. . . ချစ်သမီးခေမာ။ စိတ္တံ၊ သင်၏စိတ်ကို။ အသုဘာယ၊ မတင့်မတယ် မဖွယ်မရာဖြစ်သော အသုဘထင်ခြင်းအကျိုးငှာ။ ဧကဂ္ဂံ၊ အာရုံ တစ်ခုတည်း၌ စွဲမြဲစူးစိုက်နေအောင်။ သုသမာဟိတံ၊ မလွင့်မပြန့် ခိုင်ခံ့တည်တံ့ နေအောင်။ ဘာဝေဟိ၊ နှစ်နှစ်ခြိုက်ခြိုက် ပွားများလိုက်ပါလော့။ ကာယဂတာ သတိ၊ ကိုယ်ကောင်ကြီးထဲ၌ အမြဲ စိုက်စူး၍နေသော။ သတိ၊ ဆင်ခြင်တုံလေ့ အောက်မေ့တုံလတ် သတိမြတ်သည်။ အတ္ထု၊ ဖြစ်ပါစေလော့။ နိဗ္ဗိဒါ ဗဟုလာ၊ ကာယဂတာ သတိတရားဖြင့် ငြီးငွေ့ပွား များခြင်းသည်။ ဘဝ၊ ဖြစ်ပါစေလော့။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တာ စရိဿသိ။

ခေမေ၊ အို. . . ချစ်သမီးခေမာ။ အနိမိတ္တဉ္စ၊ သင်္ခါရနိအရိပ် နိမိတ် အရောင်ကို ပျက်အောင် ဖျက်ဆီးနိုင်သော အနိစ္စ ဘာဝနာကြီးကိုလည်း။ ဘာဝေဟိ၊ စိတ်၌ထင်မြင်အောင် ဆင်ခြင်ပွားများလိုက်ပါလော့။ မာနာနုသယံ၊ ထောင်ထောင် လွှားလွှား တကြွားကြွားနှင့် ငါတကားဟု ဟက်ကြွ၍နေသော သင်၏ မာနကိုလည်း။ ဥဇ္ဇဟ၊ မငြိမတွယ်အောင် စွန့်ပယ်လိုက်ပါလော့။ တတော မာနာဘိ သမယာ၊ ထိုမာနခံတပ်ကြီးကို ဖျက်ဆီးနိုင်ခြင်း အကြောင်း ကြောင့်။ ဥပသန္တာ၊ ဆင်းရဲနှင့်မတွေ့ဘဲ ချမ်းမြေ့သက်သာ အေးငြိမ်းစွာ နေထိုင် လျက်။ စရိဿသိ၊ ကျင့်ကြံပျော်မွေ့နေရပေလိမ့်မည်။

ရှင်တော်မြတ်ဘုရားသည် ခေမာမိဖုရားကြီး၏စရိုက် အားလျော်စွာ အသုဘဘာဝနာ ထင်မြင်အောင် မာနတံခွန် အောင်လံကျိုး၍ မြင့်မောက် နေလေသောစိတ်များ ညှိုးကျသတိရသွားစေရန် ဟောတော်မူခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤဒေသနာကို ကြားရသော် ခေမာမိဖုရားကြီး၏ စိတ်များသည် မြွေမိသော ဖားကဲ့သို့ ပြားပြားဝပ်၍ ကျွတ်တမ်းဝင်ဖို့ အရေးကိုသာ စိတ်ထဲ၌ စွဲမြဲစွာ ကြံစည် စဉ်းစားတော့သည်။

ထို့နောက် ဘုရားရှင်က ဤသို့ ဆက်လက် တရားပြတော်မူသည်။

ယေ ရာဂရတ္တာနုပတန္တိ သောတံ။

သယံ ကတံ မက္ကဋကောဝ ဇာလံ။

ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ။

အနပေက္ခိနော ကာမသုခံ ပဟာယ။

မက္ကဋကော၊ ပင့်ကူသည်။ သယံကတံ၊ မိမိကိုယ်တိုင် ပြုလုပ်တည်ထောင်၍ထားသော။ ဇာလံ၊ အမျှင်တန်းပိုက်ကွန်ကြီးကို။ အနုပတိက္ကဝ၊ အစဉ်လျှောက်ကာ ဝမ်းမြောက်ဝမ်းသာ နေလေဘိသကဲ့သို့၊ ဧဝံတထာ၊ ထိုနည်းတူစွာ။ ရာဂရတ္တာ၊ ကိလေသာရာဂ အလေ့ဖြင့် ပျော်မွေ့မက်မော လောဘဇောငမ်းငမ်းတက်၍ နေကြကုန်သော။ ယေ၊ အကြင်သတ္တဝါ အပေါင်းတို့သည်။ သယံကတံ၊ မိမိတို့ ကိုယ်တိုင်ပြုလုပ်တည်ထောင်၍ထားအပ်သော။ သောတံ၊ သံသရာရေအယဉ်ခေါ် ပိုက်ကွန်အမျှင်တန်းကြီးကို။ အနုပတန္တိ၊ အစဉ်တစိုက်နှစ်ခြိုက်ပျော်ပါး လျှောက်သွားမြူးထူးကာ နေကြလေကုန်၏။ ဓီရာ၊ တကယ်ဉာဏ်အမြင်ရှိသူ ပညာရှင် ပုဂ္ဂိုလ်ကြီးတို့သည်ကား။ အနပေက္ခိနော၊ ဘာတစ်ခုမျှထောက်ရှုငဲ့ညှာခြင်း မရှိကြကုန်ဘဲ။ ကာမသုခံ၊ လူတွေအများ လိုက်စားဝန်းရံ ကာမဂုဏ်သမိုက် ချမ်းသာသိုက်ကို။ ပဟာယ၊ စက်ဆုပ်သမှု စွန့်ပယ်ပြု၍။ ဧတမ္ပိ၊ ထိုသံသရာခေါ်တဲ့ ပိုက်ကွန်ကြိုးတန်းကြီးကိုလည်း။ ဆေတွာန၊ ဉာဏ်သန်လျက်ဖြင့် ဖောက်ဖျက်ခုတ်ထွင်ကြကုန်လျက်။ ပရိဗ္ဗဇန္တိ၊ အမြိုက်ကြငှန်း တစ်ဖက်ကမ်းသို့ တက်လှမ်း ကြွရောက်တော်မူကြလေကုန်၏။

ဤတရားဒေသနာကို ဘုရားရှင်က ဟောကြားလိုက်သောအခါ ခေမာမိဖုရားကြီး၏ ဉာဏ်၌ သံသရာတစ်ခွင်တွင် သတ္တဝါတို့၏ ဖြစ်ပုံပျက်ပုံ အစုံအလင်ကို ကွက်ကွက်ကွင်းကွင်း အကုန်ထင်မြင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ခေမာမိဖုရားရဟန္တာဖြစ်ပြီ

ထိုအခါ ရှင်တော်ဘုရားသည် ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် မဟာနိဒါန သုတ္တန်ကို ထပ်မံကာ ဟောကြားတော်မူပြန်သည်။ ဤတရားဒေသနာတော်ကြီးကို ကြားရသော် ရှေးဘဝကတည်းက ရင်းနှီးလေ့ကျက်ခဲ့ရင်းရှိသူဖြစ်၍ ပုထုဇဉ်အနွယ်ကိုဖြတ်လျက် မဂ်အဆင့်ဆင့်ကူးပြီး ထူးမြတ်သော ရဟန္တာအဖြစ်သို့ ကိလေသာမခြားဘဲ ရောက်ရှိသွားလေတော့သည်။

တတော ကလ္လိတ စိတ္တံ မံ၊ ဉတွာန နရသာရထိ။
မဟာနိဒါနံ ဒေသေသိ၊ သုတ္တန္တံ ဝိနယာယ မေ။

တတော၊ ထိုပင့်ကူဥပမာတရားကို ဟောကြားတော်မူပြီးနောက်၊ နရသာရထိ၊ လူတို့ရှေ့ဆောင် ဘုန်းခေါင်ထွတ်ထားမြတ်ဘုရားသည်။ မံ၊ အကျွန်ုပ်ကို။ ကလ္လိတ စိတ္တံ၊ တရားမြင်ရန် လျော်ကန်သင့်မြတ်သော စိတ်ရှိလာပုံကို။ ဉတွာန၊ သိမြင် တော်မူလေသောကြောင့်။ မေ၊ အကျွန်ုပ်အား။ ဝိနယာယ၊ ကျွတ်တမ်းဝင်ရေး ယဉ်ကျေးအောင် ဆုံးမတော်မူခြင်းငှာ။ မဟာနိဒါနံ၊ မဟာနိဒါန အမည်ရှိသော။ သုတ္တန္တံ၊ သုတ္တန်ဒေသနာတော်မြတ်ကို။ ဒေသေသိ၊ ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် ဟောကြားတော်မူပေသတည်း။

သုတွာ သုတ္တန္တသေဋ္ဌံတံ၊ ပုဗ္ဗသညမနုဿရိံ။
တတ္ထ ဋ္ဌိတာဟံ ဝသန္တိ၊ ဓမ္မစက္ခုံ ဝိသောဓယိံ။

အဟံ၊ အကျွန်ုပ်သည်။ သေဋ္ဌံ၊ မြတ်လှစွာသော။ တံသုတ္တန္တံ၊ ထိုမဟာနိဒါန သုတ္တန်ကြီးကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ပုဗ္ဗသညံ၊ ဟိုရှေးသော ဘဝကာလ တစ်ခု၌ သင်ကြား၍ မှတ်သားခဲ့ဖူးသည်များကို။ အနုဿရိံ၊ တမြေ့မြေ့နှင့် အောက်မေ့ဆင်ခြင်မိလာပါ၏။ အဟံ၊ အကျွန်ုပ်သည်။ တတ္ထ၊ ထိုဘုရားရှင်၏ ရှေ့တော်မှောက်၌။ ဋ္ဌိတာဝသန္တိ၊ တည်လျက်နေစဉ်ပင်လျှင်။ ဓမ္မစက္ခုံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, တည်းဟူသော တရားမျက်လုံးကို။ ဝိသောဓယိံ၊ ကြည်ကြည်လင်လင် သုတ်သင့်ရှင်းလင်းနိုင်ခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ခေမာမိဖုရားကြီး နောင်တရခြင်း

ဘုရားရှင်၏ ရှေ့တော်မှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်လေသောအခါ ခေမာမိဖုရားကြီး၏စိတ်တွင် ဤသို့ တွေးမြင်လေတော့သည်။ "ဩော်. . . ဘုရားရှင်ထံသို့ အရောက်နောက်ကျလေခြင်း၊ မှားယွင်းသောအသိဖြင့် အချိန်တွေ များစွာကုန်ခဲ့လေပြီ။ မင်းတရားကြီးက ငါ့ကို ဘုရားရှင်ထံသွားရန် တိုက်တွန်းခဲ့ပါ၏။ သူ့စကားကို နားမထောင်မိခဲ့။ စောစောစီးစီး ဘုရားရှင်ထံသို့ ရောက်ရှိခဲ့ပါလျှင် မသိမမြင်ဖူးသော တရားအထူးကို ဦးဦးဖျားဖျား စောစောစီးစီးကပင် သိမြင်ရပေမည်။ မောဟမှောင်ကြီး ပိတ်ဆီးခဲ့၍သာ ဤသို့ မှားယွင်းခဲ့ရခြင်းဖြစ်သည်"ဟု နောင်တရလျက် ဘုရားရှင်အား ပြစ်မှားမိခဲ့သမျှ ဝန်ချလိုသော ခေမာထေရီရီ ရဟန္တာသည် ဤသို့ ရွတ်ဆို ကျူးရင့်လေတော့သည်။

နိပတိတွာ မဟေသိဿ၊ ပါဒမူလမှိ တာဝဒေ။
အစ္စယံ ဒေသနတ္ထာယ၊ ဣဒံ ဝစန မဗြဝိ။

တာဝဒေ၊ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တည်းဟူသော တရားထူးကို ရရှိပြီး ရဟန္တာ ဖြစ်ပြီးသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ မဟေသိဿ၊ ရှင်တော်မြတ်ဘုရား၏။ ပါဒမူလမှိ၊ ခြေတော်ရင်း၌။ နိပတိတွာ၊ ညွတ်လျှိုးဝပ်တွားလျက်။ အစ္စယံ၊ မိမိ၏ အပြစ်ကို။ ဒေသနတ္ထာယ၊ ဖွင့်ဖော် လျှောက်ထားလျက် ဖြေကြားခြင်းအလို့ငှာ။ ဣဒံဝစနံ၊ ဤစကားကို။ အဗြဝိ၊ ကျူးရင့်မြွက်ဆိုခဲ့ပါ၏။

## ရဟန္တာခေမာကျူးရင့်ပုံ

နမော တေ သဗ္ဗဒဿာဝီ၊ နမော တေ ကရုဏာ ကရ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝီ၊ ခေ ယျမ်ခေါ် တရားငါးဖော်ကို အကုန်သိမြင်တော်မူပေသော မြတ်စွာဘုရား။ တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။

www.burmeseclassic.com

www.burmeseclassic.com



နမော၊ ကြည်ညိုမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။ ကရုဏာကရ၊ သတ္တဝါ အများ၌ သနားငဲ့ညှာ ကရုဏာသခင် အရှင်တစ်ဆူ ဖြစ်တော်မူပေသော မြတ် စွာဘုရား။ တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။ နမော၊ ကြည်ညို မြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။ တိဏ္ဏသံသာရ၊ သံသရာဝဋ်ဗွက် ကန္တာရ်စက်မှ လွတ်ထွက်ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား။ တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။ နမော၊ ကြည်ညို မြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။ အမတံဒဒ၊ အမြိုက်နိဗ္ဗာန် ချမ်းသာမှန်ကို ဧကန်ပေးတော်မူတတ်သော မြတ်စွာဘုရား။ တေ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားအား။ နမော၊ ကြည်ညိုမြတ်နိုး ဦးညွှတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

ဒိဋ္ဌိဂဟနပက္ခန္ဒာ၊ ကာမရာဂ ဝိမောဟိတာ။
တယာ သမ္မာ ဥပါယေန၊ ဝိနီတာ ဝိနယေ ရတာ။

ဘဂဝါ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ပုရေ၊ ရှေးအခါ၌။ အဟံ၊ တပည့်တော်မသည်။ ဒိဋ္ဌိဂဟနပက္ခန္ဒာ၊ ဒိဋ္ဌိမှောင် ဂနိုင်တွေမှာ ရောင်ပေပေ ပြေးလွှား၍ မိုက်မှားစွာ နေခဲ့မိပါသည်ဘုရား။ ကာမရာဂ ဝိမောဟိတာ၊ ကာမ ဂုဏ်တွင် ခုံမင်ပျော်ပိုက် မှိုင်းကြီးတိုက်၍ အမိုက်သဘောဖြင့် မေ့မောကာနေခဲ့မိပါသည်ဘုရား။ ဣဒါနိ၊ ယခုအခါ၌မူကား။ တယာ၊ ရှင်တော်မြတ်ဘုရားက။ သမ္မာ ဥပါယေန၊ ကောင်းသော ဥပါယ် ပရိယာယ်ဖြင့်။ ဝိနီတာ၊ ဆုံးမအပ်လေသောကြောင့်။ ဝိနယေ၊ ယဉ်ကျေးစေကြောင်း တရားကောင်း၌။ ရတာ၊ နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက်မွေ့လျော်၍ နေပါပြီဘုရား။

အဒဿနေန ဝိဘောဂါ၊ တာဒိသာနံ မဟေသိနံ။
အနုဘောန္တိ မဟာဒုက္ခံ၊ သတ္တာ သံသာရသာဂရေ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းတထိန်ထိန် သာကီ ဦးသျှောင် ထွဋ်ဘုန်းခေါင်။ တာဒိသာနံ၊ မြတ်စွာဘုရားတို့ကို။ အဒဿနေန၊ ဖူးမြင်ကြုံတွေ့ရခြင်း မရှိဘဲ။ ဝိဘောဂါ၊ ရှောင်ကွင်းသွေဖည်ကာ လာဘ်ကြီးလွဲခြင်းကြောင့်။ သတ္တာ၊ ပုထုဇဉ်များစွာ သတ္တဝါတို့သည်။ သံသာရသာဂရေ၊ သံသရာပြင်ကျယ် ပင်

www.burmeseclassic.com

www.burmeseclassic.com



လယ်ဝင့်ဘုံ ကရွတ်မြုံကြီးထဲ၌။ မဟာဒုက္ခ၊ တန္ဓမ်းန္ဓမ်း တဟိုက်ဟိုက်, တပန်းပန်းတရှိုက်ရှိုက်ဖြင့် မီးမြိုက်သည့်ပမာ လွန်စွာ ဆင်းရဲသည့် ဒုက္ခတွေကို။ အနုဘောအ္ဘိ လူးလားတုံ့ပြန် အဖန်ဖန်လျှင် တရံမစဲ အမြဲခံစားနေကြရပါကုန်၏။

## ဘုရားရှင်အား ဝန်ချတောင်းပန်

ယဒါဟံ လောကသရဏံ၊ အရဏံ အရဏန္တဂုံ။

နာဒ္ဒသာမိ အဒူရဋ္ဌံ၊ ဒေသယာမိ တမစ္စယံ။

ဇိနံ၊ ငါးပါးမာရ်နှင် စောချစ်ရှင်။ ယဒါ၊ အကြင်လွန်ခဲ့ပြီးသော ရှေးအခါ၌။ အဟံ၊ တပည့်တော်မသည်။ လောကသရဏံ၊ တစ်လောကလုံး ညွတ်ရှိုးကြည်ညို ၍ မှီခိုစရာအစစ်ကြီး ဖြစ်တော်မူပေထသော။ အရဏံ၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးတော်မူပြီးထသော။ အရဏန္တဂုံ၊ ကိလေသာအလုံးစုံ ကင်းကုန်ရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်စွာ ကူးမြောက်တော်မူပြီးထသော။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ အဒူရဋ္ဌံ၊ ခရီးမဝေးဘဲ နီးနီးကလေးမှာ တည်နေတော်မူပါလျက်။ နာဒ္ဒသာမိ၊ ရှင်တော်ဘုရားအထံသို့ ဖူးမြင်ရန် မကပ်ရောက်ခဲ့မိပါဘုရား။ တံအစ္စယံ၊ ထိုတပည့်တော်မ၏ အပြစ်ကြီးကို။ ဒေသယာမိ၊ ရှိခိုးလျှောက်ထား၍ ပန်ကြားတောင်းပန်ပါသည်ဘုရား။

မဟာ ဟိတံ ဝရဒံ၊ အဟိတောတိ ဝိသင်္ကိတာ။

နောပေသိံ ရူပနိရတာ၊ ဒေသယာမိ တမစ္စယံ။

ဗုဒ္ဓ၊ သစ္စာလေးတန် တရားမှန်ကို ရွှေဉာဏ်တော်လက်ကိုင်ဖြင့် ပိုင်ပိုင်ကြီးသိတော်မူသော ရှင်တော်မြတ်ဘုရား။ မဟာဟိတံ၊ အနန္တသတ္တဝါတို့၏ကြီးကျယ်သော အကျိုးစီးပွားကို လိုလားစွာ ဆောင်ရွက်တော် မူလေ့ရှိပေသော။ ဝရဒံ၊ သံသရာဝဋ္ဋဗွက် ကရွတ်စက်မှ လွတ်ထွက်စေမှု နိဗ္ဗာန်ဆုကိုကြည့်ရှုထောက်ထား၍ ပေးသနားတော်မူလေ့ရှိပေသော။ ဘဂဝန္တံ၊ ရှင်တော်မြတ်ဘုရားကို။ အဟိတောတိ၊ အကျိုးမဲ့ကြီးဟူ၍။ ဝိသင်္ကိတာ၊ မောဟအားဖြင့် ယုံမှားမိခဲ့လေသောကြောင့်။ ရူပနိရတာ၊ ကိုယ်အရုပ်အဆင်း၌သာပြင်းစွာနှစ်ခြိုက် ပျော်ပိုက်သမှု အလေးပြုလျက်။ နောပေသိ-နဥပေသိ၊ ထံတော်

www.burmeseclassic.com

www.burmeseclassic.com



ပါးသို့ ခစားဆည်းကပ်ခြင်း မပြုမိခဲ့ပါဘုရား။ တံ အစ္စယံ၊ ထိုတပည့်တော်မ၏ အပြစ်ကြီးကို။ ဒေသယာမိ၊ ခြေတော်အစုံ ကြာပဒုံကို ခိုလှုံဝပ်လျှိုး ရှိခိုးတောင်းပန်ပါသည် ဘုရား။

ခေမာမိဖုရားသည် ရှင်တော်ဘုရား၏ ရှေ့တော်မှာပင် လူတို့အသွင်ဖြင့် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်တော်မူခြင်းဖြစ်သည်။ လူဝတ်ကြောင်ဖြင့် ရဟန္တာဖြစ်သွားခဲ့လျှင် ထိုနေ့အတွင်းမှာပင် ရဟန်းပြုရသည်။ လူတို့အဝတ်အစားနှင့် အသွင်အပြင်များသည် လွန်စွာ ယုတ်ညံ့လှသဖြင့် အလွန်ထူးမြတ်သော အရဟတ္တဖိုလ်တရားကို လက်ခံထားခြင်းငှာ မစွမ်းနိုင်ပေ။ 'ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာသာ တည်၏' ဆိုသောစကားအတိုင်း မြင့်မြတ်သော အရဟတ္တဖိုလ်တရားကို သင်္ကန်းဝတ်သည့် ရဟန်းအသွင်ဖြင့်သာ လက်ခံထားနိုင်ကြသည်။

## နန်းတော်သို့ပြန်လာ

ခေမာမိဖုရားကြီးသည် ရှင်တော်ဘုရားအား ဝပ်တွားရှိခိုးကာ ကန်တော့ပြီးနောက် အရှင်သခင်ဖြစ်တော်မူသော ဗိမ္ဗိသာရမင်းကြီးအား အခွင့်ပန်ကြားလိုသဖြင့် ရွှေနန်းတော်ကြီးသို့ ခြွေရံပရိသတ် ဝန်းရံကာပြန်လာခဲ့သည်။ ရွှေနန်းတော်သို့ရောက်သော် ရှေးကနှင့်မတူသည့် အမူအရာ ဣန္ဒြေတို့ဖြင့် ခန့်ညားတည်ကြည်စွာ ဗိမ္ဗိသာရမင်းကြီးအထံသို့ ဝင်လာခဲ့သည်။ မင်းတရားကြီးကလည်း မြင်လျှင်မြင်ချင်း အရိယာပုဂ္ဂိုလ်တို့၏ စိတ်သဘောဖြင့် တည်တည်ငြိမ်ငြိမ် ဣန္ဒြေရှိစွာရှေ့တော်သို့ ဆိုက်ရောက်လာသော မိဖုရားကြီးအား ဤသို့မေးမြန်းလေ၏။ 'အို ရှင်မိဖုရား၊ ဝေဠုဝန်ဥယျာဉ်တော်သို့ ထွက်တော်မူရာ ဘုရားရှင်ကို တွေ့မြင်ဖူးမြော်ခဲ့ရပါ၏လော၊ ဟောတော်မူသည့် တရားမြတ်ကို နားနှင့်ဆတ်ဆတ်ကြားနာခဲ့ရပါ၏လော'ဟု မေးမြန်းတော်မူလေ။

ထိုအခါ ခေမာမိဖုရားကြီးက "အို. . . ကျေးဇူးတော်သခင်, အရှင်မင်းကြီး၊ အရှင်၏ ပရိယာယ်သည် ဆန်းကြယ်မြင့်မြတ်ပါပေ၏။ အရှင်၏ ပရိယာယ်ကြောင့်ကွင်း၌ တိုးဝင်မိသဖြင့် အကျိုးရှိလှပါပေ၏။ ဝေဠုဝန် ဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com



တော်သို့ သွားရောက်ခဲ့ရာတွင် လွန်စွာထူးဆန်းသည့် ပန်းဂနိုင်၏ ကျက်သရေများကိုလည်း တွေ့မြင်ခဲ့ရပါပေ၏။ ဉယျာဉ်တော်၏ ထူးဆန်းပုံသည် လောကီအာရုံသာ ဖြစ်ပါ၏။ မြင့်မြတ်သည်ဟု မချီးမွမ်းလောက်ပါ။ အတိုင်းမသိ, အနှိုင်းမရှိ, အဓိပတိတစ်ဆူ ဖြစ်တော်မူသော ဘုရားရှင်ကို တွေ့မြင် ဖူးမြော်ရခြင်းသည်သာ အနမတဂ္ဂသံသရာတွင် ဘယ်အခါမျှ မကြုံဖူးသော အကျိုးထူးဝိသေသကို ရရှိခဲ့ပါပြီ။ အရှင်မင်းမြတ်၏ ကျေးဇူးတော်သည် လွန်စွာ ကြီးကျယ်ပါပေ၏"ဟု ပြန်လည်လျှောက်တင်လိုက်သည်။

အဟော သမ္မာ ဥပါယော တေ၊ စိန္တိတောယမရိန္ဒမ။
ဝနဒဿနကာမာယ၊ ဒိဋ္ဌော နိဗ္ဗာနတော မုနိ။

အရိန္ဒမ၊ အတွင်းရန်, အပြင်ရန်တို့ကို တွန်းလှန်ဖြိုခွင်းအောင်ပွဲခင်းတော်မူပေသော အမင်းမင်းတို့သခင် ကျွန်ုပ်ထိပ်တင် အရှင်မင်းကြီး။ တေ၊ အရှင်မြတ်သည်။ စိန္တိတော၊ ကြံစည်သွေးဆောင်တော်မူအပ်သော။ ဥပါယော၊ ဘုရားရှင်ကို တွေ့မြင်လေအောင် သွေးဆောင်ခြယ်လှယ် ဉာဏ်ဥပါယ်သည်။ အဟော၊ ဩော်. . . ဆန်းဆန်းကြယ်ကြယ် အံ့သြဖွယ်ရှိလှပါပေ၏။ တေန၊ အဆန်းတကြယ် ထိုဥပါယ်ဖြင့်။ ဝနဒဿနကာမာယ၊ ဉယျာဉ်တော်ကို ရှုမျှော်လိုသောအကျွန်ုပ်သည်။ နိဗ္ဗာနတော၊ ကိလေသာအလုံးစုံကို ခန်းကုန်ပျောက်သွေလွတ်ငြိမ်းစေသော သဘောအားဖြင့်။ မုနိ၊ လောကအလုံး ညွတ်ရုံးကြည်ညိုမှီခိုရာအစစ် ကျေးဇူးရှင်ကြီး အမှန်ဖြစ်ပေသော ရှင်ချစ်ထွတ်ထား မြတ်ဘုရားကို။ ဒိဋ္ဌော၊ အရှင့်ဥပါယ် ပရိယာယ်ကြောင့် နှိုင်းဖွယ်မမြင် အကျိုးထင်အောင်ဖူးမြင်ခဲ့ရပါ၏။

## ရဟန်းပြုခွင့်တောင်းပြီ

ထိုနောက်တစ်ဖန် ခေမာမိဖုရားကြီးက ဆက်လက်၍ လျှောက်တင်ပြန်လေ၏။ "အို. . . အရှင်မင်းမြတ်၊ တစ်လောကလုံး ညွတ်ရုံးပူဇော်ရာရှင်တော်မြတ်ဘုရားသည် သုံးဆယ့်နှစ်ဖြာသော မဟာပုရိသလက္ခဏာတော်ကြီးတို့ဖြင့် ရှုလို့မငြီးနိုင်စဖွယ် အလွန်သပ္ပာယ်တော်မူလှပါပေ၏။ အသံတော်၏

www.burmeseclassic.com

www.burmeseclassic.com



သာယာခြင်းကလည်း ပြဟ္မာမင်း၏ အသံသာယာခြင်းနှင့် တူလှပါပေ၏။ ဂ္ဂန္ဓြေတော်များကလည်း ဝပ်တွားကာ ဦးခိုက်၍ ဖူးထိုက်အောင် ကြည်လင် ငြိမ်သက်တော်မူပါပေ၏။ ဤသို့ မြင့်မြတ်တော်မူသော ဘုရားရှင်ထံသို့ အမြန် သွားရောက်ကာ ရဟန်းပြုလိုပါ၏။ သည်အရေးကိုသာ ခွင့်ပေးတော်မူပါ"ဟု ထပ်မံ လျှောက်ထားလေသည်။

## ရဟန်းပြုရန်ခွင့်တောင်း

ယဒိ တေ ရုစ္စတေရာဇ သာသနေ တဿ တာဒိနော။
ပဗ္ဗဇိဿာမိ ရူပေဟံ၊ နိဗ္ဗိန္နာ မုနိဝါဏိနာ။

ရာဇ၊ ကျေးဇူးတော်သခင် ရွှေနန်းရှင်ဘုရား။ တေ၊ အရှင်မင်းမြတ် သည်။ ယဒိရုစ္စ တေ၊ အကယ်၍ နှစ်သက်တော်မူသည်ဖြစ်ငြားအံ့။ တာဒိနော၊ လောကဓံ လေအဟုန်ကြောင့် တုန်လှုပ်ခြင်းရှိတော်မမူသော။ တဿ၊ ထို ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ သာသနာတော်မြတ်အတွင်း၌။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပါတော့အံ့။ မုနိဝါဏိနာ၊ ရှင်တော်မြတ် ဘုရား၏ တရားအနက် ဆုံးမချက်ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ ရူပေ၊ ရုပ်ဆင်းကိုယ်ကောင်၌။ နိဗ္ဗိန္နာ၊ လူတို့အလေ့၌ မပျော်မွေ့ဘဲ ငြီးငွေ့လို့နေပါပြီ။

မိဖုရားက ရဟန်းပြုရန် ခွင့်တောင်းပန်သော် သောတာပန်ဘုရင်မင်း တရားကြီးသည် မိမိ၏ ချစ်လှစွာသော အလှရတနာကလေးတို့ စွန့်လွှတ် ရတော့မည်ဖြစ်သဖြင့် ဝမ်းနည်းမိသော်လည်း သာသနာတော်ကြီးအတွက်ကား ဝမ်းသာစရာပင် ဖြစ်တော့သည်။ သို့အတွက် မိမိထက် ရင့်ကျက်နေပြီဖြစ်သည့် ခေမာမိဖုရားကြီးအပေါ် ကြည်ညိုလှစွာ သဒ္ဓါရွှင်ဖြိုး လွန်မြတ်နိုး သဖြင့် ရှိခိုးအဉ္ဇလီ လက်အုပ်ချီလျက် ဤကဲ့သို့ ခွင့်ပြုတော်မူလေ၏။

## ဘုရင်ကြီးက ရဟန်းပြုခွင့်ပေးပါပြီ

အဉ္ဇလိံ ပဂ္ဂဟေတွာန၊ တဒါဟ သ မဟီပတိ။
အနုဇာနာမိ တေ ဘဒ္ဒေ၊ ပဗ္ဗဇ္ဇာ တဝ သိဇ္ဈတု။



www.burmeseclassic.com

www.burmeseclassic.com



တဒါ၊ ထိုရဟန်းပြုရန်ခွင့်တောင်းပန်သောအခါ၌။ မဟီပတိ၊ ရေ မြေ၊ ပိုင်စိုး တန်ခိုးအရှင်ဖြစ်တော်မူပေသော။ သ-သော ရာဇာ၊ ထိုဗိမ္ဗိသာရ မင်းတရားကြီးသည်။ အာဟ၊ ဤစကားကို မိန့်ကြားတော်မူလေသတည်း။ ဘဒ္ဒေ၊ တောင်ညာနန်းနေ သန်းရွှေထွတ်ထား အို. . . ရှင်မိဖုရား။ တေ၊ သင်မိဖုရားကြီးအား။ အနုဇာနာမိ၊ ရဟန်းပြုရေးကို ခွင့်ပေးတော်မူလိုက်ပါ၏။ တဝ၊ သင်မိဖုရားကြီး၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ သိဇ္ဈတု၊ မနှောင့်မယှက် နှစ်သက်စွာပင် အောင်မြင်သောထွေ ပြီးစီးပါစေသတည်း။

မင်းတရားကြီးသည် ပထမအရိယာ မဟာသောတာပန်ကြီး ဖြစ်နေသည့်အတွက် အနှောင့်အယှက်နှင့် မနှစ်မသက်ဖြစ်တော်မမူဘဲ ချောချောမောမော ဖြင့် ပေါပေါ ဒိုင်းဒိုင်းကြီးပင် ခွင့်ပေးတော်မူလိုက်သည်။ ထိုမျှသာမက ရဟန်းမပြုရသေးခင် ရဟန်းပြုရန်တောင်းပန်းစဉ်မှာပင် သူ့မိဖုရားကြီးကို အလွန်ကြည်ညိုလှသဖြင့် အဥ္စလီတင်ချီမိုး၍* ရှိခိုးတော်မူသည်။

## ကျောင်းတော်ပို့ မင်္ဂလာ

မိဖုရားကြီးအား ရဟန်းပြုရန် ခွင့်ပေးပြီးနောက် မင်းတရားကြီးသည် သာသနာတော်အရေးကိစ္စနှင့် စပ်လျဉ်း၍ အဆုံးစွန်သော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်မူလိုသောကြောင့် ဗိုလ်ပါမှူးမတ်နှင့် တကွ တိုင်းသူပြည်သား လူအများတို့အား ခမ်းနားကြီးကျယ်စွာ 'ကျောင်းတော်ပို့ မင်္ဂလာ' သဘင်ကို ဆင်ယင်ကျင်းပကြရမည်ဟု အမိန့်တော်မြွက် မှတ်တော်မူသည်။ ခေမာမိဖုရားကြီးသည် တရားထူးကို သိမြင်၍ ထီးနန်းစည်းစိမ်ကို စွန့်ခွာပြီး သာသနာတော်ကြီးအတွင်း ရဟန်းပြုမည်ဆိုသော သတင်းကို ကြားကြသော် တိုင်းသူပြည်သား လူအများတို့သည် တအံ့တသြပြောဆိုချီးမွမ်းကာ ဝမ်းမြောက်ဝမ်းသာ သူ့ထက်ငါ လိုက်ပါကူညီကြသည်။

---

* ဗိမ္ဗိသာရမင်းကြီးသာလျှင် မိဖုရားကြီးကို ရှိခိုးသည်မဟုတ်၊ အနာဂါမ်ဖြစ်သူ ဝိသာခသူဌေးကြီးသည်လည်း ဓမ္မဒိန္နာကို ရှိသေစွာ ရှိခိုးကြောင်း ကျမ်းဂန်များ၌ ဖော်ပြထားကြသည်။ တရားဓမ္မ အရာတွင် မိမိထက် သာလွန်၍ ထူးချွန်ပုဂ္ဂိုလ်များကို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ရှိသေမြတ်နိုး ရှိခိုးပူဇော်ထိုက်သည်သာဖြစ်ပေသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် ဝိသာခတို့၏ထုံးကို နှလုံးသွင်းပြီး အိမ်သူဇနီးဖြစ်သူများက တရားဓမ္မတ်အရာတွင် လင်ယောကျ်ားတို့ထက် သာနေပါလျှင် ကြည်ညိုလှစွာ သဗ္ဗါအရှိန်ဖြင့် မြိန်မြိန်ရှက်ရှက်ကြီးပင် ရှိခိုးသင့်ကြပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းတရားကြီးက ခေမာမိဖုရားကြီးအား ရွှေဝါယာဉ်ဖြင့် တင်ဆောင်စေသည်။ တစ်မြို့လုံးသို့ လှည့်လည်စေပြီး မင်းတရားကြီး ကိုယ်တိုင် ကျောင်းတော်သို့ရောက်အောင် လိုက်၍ ပို့တော်မူသည်။ သဒ္ဓါတရားနှင့် ပြည့်စုံသူ အမျိုးသမီးများက ခေမာမိဖုရားကြီး၏ ကျောင်းပို့မင်္ဂလာ အခမ်းအနားကြီးကို တွေ့မြင်ကြသောအခါ "ထီးနန်းစည်းစိမ်ကို ခံစားလျက် တခမ်းတနား မွေ့လျော်တော်မူသော မိဖုရားကြီးတောင်မှ သာသနာ့ဘောင်ဝင်၍ ရဟန်းပြုသေးသည်။ ငါတို့သည် ဘယ်မှာ ရဟန်းမပြုဘဲ နေလို့သင့်ပါမလဲ"ဟု ကြံစည်တွေးတော ချီးမွမ်းပြောဆိုကြလေသည်။

## ဘိက္ခုနီဖြစ်ပြီ

ဝေဠုဝန် ကျောင်းတော်ကြီးသို့ ဆိုက်ရောက်သောအခါ ခေမာမိဖုရားကြီးသည် ဘုရားရှင်ထံသို့ချဉ်း၍ ရဟန်းပြုရန် အခွင့်ပန်သည်တွင် ဘုရားရှင်ကလည်း "ငါ့မှာ လက်ယာရံ သမီးတော်ကြီးတစ်ပါး ထွန်းကားပေါ် ပေါက်လာပေပြီ"ဟု ဆင်ခြင်တော်မူကာ ရဟန်းပြုရန် လျင်မြန်စွာ ခွင့်ပေးတော်မူသည်။ သို့ဖြင့် ခေမာမိဖုရားခေါင်ကြီးသည် ဘိက္ခုနီအဖြစ်သို့ ရောက်တော်မူသွားလေသည်။

ခေမာဘိက္ခုနီ၏ ဘွဲ့အမည်မှာလည်း ရှေးကအမည်တော်ရင်းအတိုင်း "ခေမာဟူသော စကားလုံးအနောက်မှ ထေရီ" ဘိက္ခုနီဟု တွဲဖက်ပါဝင်လာကာ ခေမာထေရီဟု ထင်ရှားကျော်စောတော်မူသည်။ ပညာအရာတွင် ပါရမီဓာတ်ခံ အထူးထက်သန်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဘိက္ခုနီတို့တွင် နှိုင်းယှဉ်ဖွယ်ရာ လွတ်ကင်းသူဖြစ်သည်။

## မဟာပညာဧတဒဂ်ရှင်

ခေမာထေရီ ဘိက္ခုနီသည် ပါရမီကုသိုလ်မျိုးကို စိုက်ပျိုးထူထောင် ခါစက ပင်လျှင် မဟာပညာဧတဒဂ်ဘွဲ့ထူးကို စိတ်ကူးရည်သန်တော်မူရင်း ရှိခဲ့သည်၊

---

[ထေရီအပဒါန်၌ ရဟန်းပြုပြီး၍ ၁၅-ရက်ကြာမှ ရဟန္တာဖြစ်သည်ဟု ဆော်ပြသည်။ ထေရီ ဂါထာ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌မူကား လူဝတ်ကြောင်နှင့်ပင် ရဟန္တာ ဖြစ်သည်ဟု ပြဆိုတော်မူကြသည်။ ဤပုံတော်စုံတွင် အဋ္ဌကထာ ဆရာကြီးတို့စကားအတိုင်း ဆော်ပြ လိုက်ပါသည်။]

www.burmeseclassic.com



နောက်ဆုံးဘဝသို့ရောက်၍ ရဟန္တာဖြစ်သောအခါ ပညာဉာဏ်ကြီးကျယ်ခြင်း ဂုဏ်ထူးဖြင့် ချီးကျူးလောက်အောင် ပြည့်စုံသူဖြစ်သည်။ ထိုထေရီသည် ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းစသော ဆန်းကြယ်နက်နဲသည့်အရာတို့၌လည်း လွန်စွာ သက်ဝင်စူးရှသော အသိရှိတော်မူသည်။ ပိဋကတ်သုံးဖြာ ဒေသနာအချက်တို့၌လည်း ကွက်ကွက်ကွင်းကွင်း ကျောက်စာထွင်းသကဲ့သို့ ထင်လင်းစွာ သိမြင်တော်မူသည်။ တစ်ခုသောပုဒ်ကို နည်းပေါင်းအရာ၊ အထောင်မက တန်ဆာဆင်ပြီး ချဲ့ထွင်ကာ ဖွင့်ဆိုပြနိုင်သည်။ သိမ်မွေ့နက်နဲသော ပုစ္ဆာပြဿနာများကို သူတစ်ပါးတို့ မေးလာလျှင် လွယ်ကူထင်လင်း အသိဉာဏ်အမြင်သန့်ရှင်း အောင်ဖြေဆိုတော်မူနိုင်သည်။ ထို့ကြောင့် ဘိက္ခုနီအပေါင်းတို့တွင် ခေမာထေရီကို အထွတ်မြတ်ဆုံးဟု သတ်မှတ်တော်မူခြင်းဖြစ်သည်။

## ကောသလမင်းကြီးက ပုစ္ဆာမေးပုံ

ခေမာထေရီဘိက္ခုနီ၏ ပညာဉာဏ်ကြီးကျယ်ကြောင်း ဂုဏ်သတင်းများ ထွန်းကားပျံ့နှံ့နေပုံကို ကောသလမင်းကြီး ကြားသိတော်မူသည်။ ထို့ကြောင့် မင်းကြီးသည် နက်နဲသိမ်မွေ့သည့် ပုစ္ဆာများကို မေးမြန်းလိုသဖြင့် "တောရဏဝတ္ထု" အမည်ရှိ အရပ်ဌာနတွင် ခေမာထေရီ ဘိက္ခုထံသို့ ရောက်လာပြီး ကောသလမင်းကြီးက သိမ်မွေ့နက်နဲသော ပြဿနာများကို မေးမြန်းတော်မူသည်။ ထိုအခါ ခေမာထေရီက ကောသလမင်းကြီး၏ ဉာဏ်အတွင်းမှာ ရှင်းရှင်းလင်းလင်း ကြီးဖြစ်သွားအောင် တစ်ခဏချင်း ဖြေကြားတော်မူလိုက်ရာ ကောသလမင်းကြီးသည် ထပ်ကြော၍ မေးမြန်းဖွယ် မရှိအောင် ကျေကျေနပ်နပ် ဖြစ်သွားတော်မူသည်။

ထို့နောက်တစ်ဖန် ကောသလမင်းကြီးက ရှင်တော်ဘုရားထံသို့သွားပြီး ယခင် ပုစ္ဆာများကိုပင် ထပ်မံ၍မေးကြားလျှောက်ထားပြန်သည်။ ထိုအခါ ရှင်တော်ဘုရားက ခေမာထေရီ ဘိက္ခုနီ၏ ဖြေကြားချက်အတိုင်း တစ်ထပ်တည်းကျအောင်ပင်ဖြေကြား တော်မူပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကောသလမင်းကြီးက "ဘုန်းတော်ကြီးလှသော ရှင်ပင် ဘုရား၊ သည်ပုစ္ဆာကို အရှင်ဘုရား ဖြေကြားတော်မူသည့်အတိုင်းပင် သမီးတော် ထေရီ ဘိက္ခုနီခေမာကလည်း ဖြေကြားတော်မူထားပါသည်။ ခေမာထေရီ၏ ပညာဉာဏ်သည် လွန်စွာ ချီးမွမ်းဖွယ် ကောင်းလှပါပေသည်ဘုရား" လျှောက်ထားသည်။

ဤသို့ ထူးချွန်သဖြင့် ရှင်တော်ဘုရားက ထေရီ၏ ဉာဏ်ပညာကို လွန်စွာအားရ နှစ်သက်တော်မူလှသောကြောင့် မဟာပညာတေဒဂ်ရာထူးဖြင့် ချီးမြှင့်သည်။

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံခေမာ"

ဟု တေဒဂ်အရာ၌ ထားတော်မူသည်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်ကုန်သော။ မဟာပညာနံ၊ အံ့ဩစဖွယ်ကြီးကျယ်သော ပညာဉာဏ်ရှိကုန်သော။ ဘိက္ခု နီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်။ ယဒိဒံ-ယာအယံခေမာ၊ အကြင်ခေမာထေရီ ဘိက္ခုနီသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသော၊ ထိုခေမာထေရီ ဘိက္ခုနီသည်။ အဂ္ဂံ- အဂ္ဂါ၊ အထွတ်မြတ်ဆုံးပေတည်း။

## ခေမာထေရီ၏ အပဒါန်တရားတော်

ကုသလာဟံ ဝိသုဒ္ဓီသု၊ ကထာဝတ္ထု ဝိသာရဒါ။
အဘိဓမ္မနယညူ စ၊ ဝသီပတ္တာမှိ သာသနေ။

အဟံ၊ အကျွန်ုပ်သည်။ ဝိသုဒ္ဓီသု၊ ဝိသုဒ္ဓိတရားခုနစ်ပါးတို့၌။ ကုသလာ၊ တတ်ကျွမ်းလိမ္မာခဲ့သည်။ အမှို၊ ဖြစ်ပါ၏။ ကထာဝတ္ထုဝိသာရဒါ၊ စကားပြောမှုဝတ္ထုတည်ရာ အဖြာဖြာတို့၌ လွန်စွာရဲရင့် ပွဲလယ်တင့်သည်။ အမှို၊ ဖြစ်ပါ၏။ အဘိဓမ္မ နယညူစ၊ အဘိဓမ္မာဆိုင်ရာ နည်းနာအလုံးစုံတို့၌ အကုန်တတ်မြောက် တစ်ဖက်ကမ်း ရောက်ခဲ့သည်လည်း။ အမှို၊ ဖြစ်ပါ၏။ သာသနေ၊ သာသနာတော်မြတ်ကြီးအတွင်း၌။ ဝသီပတ္တာ၊ ဈာန်အဘိညာဉ်တန်ခိုး အမျိုးမျိုးတို့၌ စိုးပိုင်နိုင်ခဲ့သည်။ အမှို၊ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပညာဉာဏ်ဂုဏ်နှင့် ပြည့်စုံတော်မူပုံ

တတော တောရဏဝတ္ထုသ္မိံ၊ ရညာ ကောသလသာမိနာ။
ပုစ္ဆိတာ နိပုဏော ပဉှေ၊ ဗျာကရောန္တိ ယထာတထံ။

တတော၊ ထိုမှနောက်၌။ တောရဏဝတ္ထုသ္မိံ၊ တောရဏဝတ္ထုအမည်ရှိသော အရပ်၌။ ကောသလသာမိနာ၊ ကောသလတိုင်းကြီး၏ အရှင်သခင်ဖြစ်တော်မူသော။ ရညာ၊ ပသေနဒီကောသလမင်းကြီးသည်။ နိပုဏော၊ သိမ်မွေ့နက်နဲ၍ အလွန်တရာ ခက်ခဲကုန်သော။ ပဉှေ၊ အမေးပုစ္ဆာပြဿနာတို့ကို။ ပုစ္ဆိတာ၊ မေးမြန်းအပ်သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ ယထာတထံ၊ ဟုတ်မှန်သောအတိုင်း။ ဗျာကရောန္တိ၊ အသိဉာဏ် အမြင်ရှင်းအောင် ထင်လင်းစွာ ဖြေကြားလိုက်ပါ၏။

တဒါ သိ ရာဇာ သုဂတံ၊ ဥပသင်္ကမ္မ ပုစ္ဆထ။
တထေဝ ဗုဒ္ဓေါ ဗျာကာသိ၊ ယထာ တေ ဗျာကတာ မယာ။

တဒါ၊ ထိုအမေးပုစ္ဆာများကို ငါဖြေကြားလိုက်ပြီးသောအခါ၌။ သ-သော ရာဇာ၊ ထိုကောသလမင်းကြီးသည်။ သုဂတံ၊ ရှင်တော်ဘုရားထံ။ ဥပသင်္ကမ္မ၊ ချဉ်း ကပ်၍။ ပုစ္ဆထ၊ ဆွေးနွေးတစ်ဖန် မေးမြန်းပြန်လေ၏။ တဒါ၊ ထိုသို့မေးမြန်းသောအခါ၌။ မယာ၊ အကျွန်ုပ်သည်။ ဗျာကတာ ယထာ၊ ဖြေကြားအပ်ကုန်ဘိသကဲ့သို့။ တထေဝ၊ ထိုနည်းတူစွာပင်လျှင်။ ဗုဒ္ဓေါပိ၊ ရှင်တော်မြတ်ဘုရားသည်လည်း။ ဗျာကာသိ၊ ထပ်၍တစ်ဖန် ဖြေကြားပေးတော်မူပြန်ပါ၏။

ဇိနော တသ္မိံ ဂုဏော တုဋ္ဌော၊ ဧတဒဂ္ဂေ ဌပေသိ မံ။
မဟာပညာနမဂ္ဂါတိ၊ ဘိက္ခုနီနံ နရုတ္တမော။

နရုတ္တမော၊ လူတို့ဦးသျှောင် ဖူးခေါင်ညွှတ်ရှုံး အထွဋ်ဆုံးဖြစ်တော်မူပေသော။ ဇိနော၊ ရှင်တော်မြတ်ဘုရားသည်။ တသ္မိံ ဂုဏော၊ ထိုဉာဏ်ပညာကြီးကျယ်သော ဂုဏ်ထူး၌။ တုဋ္ဌော၊ နှစ်သက်အားရ ဝမ်းမြောက်တော်မူလှသည်ဖြစ်၍။ မံ၊ အကျွန်ုပ်ကို။ မဟာပညာနံ၊ ကြီးကျယ်သောပညာရှိကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်။ အဂ္ဂါတိ၊ အမြတ်ဆုံးဟူ၍။ ဧတဒဂ္ဂေ၊

www.burmeseclassic.com



တေဒဂ်ရာထူး၌။ ဌပေသိ၊ မြှောက်မြှောက်စားစား တင်ထား ချီးမြှင့်တော်မူပါ၏။

## မာရ်နတ်လာပြီ

မဟာပညာတေဒဂ်ဖြင့် ထက်မြတ်ထူးချွန် ပုဂ္ဂိုလ်မွန်တစ်ဆူဖြစ်တော်မူသော လက်ယာတော်ရံထေရီခေမာဘိက္ခုနီသည် တစ်နေ့တွင် ဝိမုတ္တိချမ်းသာကို ခံစား တော်မူလိုသဖြင့် တောအုပ်တစ်ခုအတွင်းရှိ တစ်ခုသောသစ်ပင်ရင်း၌ ငြိမ်သက်တည်ကြည်စွာ သီတင်းသုံးတော်နေတော်မူသည်။ ထိုအခါ သာသနာ့ရန်စွယ် အန္တရာယ် အစစ်ဖြစ်သော မာရ်နတ်သည် ခေမာထေရီ၏ သမာဓိ ပျက်ပြားစေလျက် တောအုပ်အတွင်းမှ ထွက်သွားစေရန် ကြံကာ လွန်စွာ လှပချစ်ခင်ဖွယ်ကောင်းသော လုလင်ပျိုကလေးအသွင်ကို ဖန်ဆင်း၍ ထေရီ၏ မျက်မှောက်သို့ ရုတ်တရက် ဆိုက်ရောက်လာလေသည်။

မာရ်နတ်အယုတ်တမာသည် သာသနာရေးနှင့် စပ်လျဉ်း၍ ဖျက်လိုဖျက်ဆီးလုပ်ရာ၌ လွန်စွာညဏ်များသူဖြစ်သည်။ မအပ်မရာ ခေမာထေရီဘိက္ခုနီ ရဟန္တာမြတ်ကြီးကို ကာမဂုဏ်အရေးဖြင့် သွေးဆောင်ခြင်းဖြစ်သည်။ သူကိုယ်၌ ဝတ်ဆင်ထားသည့် တန်ဆာတွေကလည်း တထိန်ထိန် တဝင်းဝင်းနှင့်။ ပုထုဇဉ် အမျိုးသမီးဖြစ်ခဲ့ပါလျှင် သူစက်ကွင်းမှ မလွတ်ကင်းနိုင်အောင် ညှိတ်ကွင်းထောင်ခြင်းဖြစ်သည်။ မာရ်နတ်က အနားမှာလာ၍ ရပ်သော်လည်း ခေမာထေရီက သမာဓိစျာန်တရားကို ဝင်စားနေသည့်အတွက် ရုတ်တရက် သူ့ကို မမြင်။

ထိုအခါ လုလင်ပျိုအသွင် ဖန်ဆင်းလာသူ မာရ်နတ်က ခေမာထေရီ ကြားအောင် ဤသို့ သွေးဆောင်ရွက်ဆိုလိုက်သည်။

ဒဟာရာ တွံ ရူပဝတီ၊ အဟမ္ပိ ဒဟာရော ယုဝါ။
ပဉ္စင်္ဂိကေန တူရိယေန၊ ဧတိ ခေမေ ရမာမသေ။

ခေမေ၊ ရုပ်ဆင်းတင့်တယ် ချစ်ဖွယ်မူရာ ရှင်ခေမာ။ တွံ၊ သင်သည်။ ဒဟာရာ၊ အသားအရေစိုစိုနှင့် ပျိုလည်းပျိုရွယ် ငယ်လည်း ငယ်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ရူပဝတီ၊ အများမြင်လျှင် ခင်မင်စဖွယ်တင့်တယ်လှပသော အဆင်းဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏။ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း၊ ဒဟရော၊ အရွယ်ငယ်ငယ်နှင့် နှစ်သက်စဖွယ် တင့်တယ်ခြင်းလည်း ရှိပါ၏။ ယုဝါ၊ အမှုမအိုသူ လူပျိုကလေး စစ်စစ်ပါတည်း။ ခေမေ၊ ရုပ်ဆင်းတင့်တယ် ရှုဖွယ်မှုရာရှိသူ ရှင်ခေမာ။ ဧဟိ၊ သည်မောင့်ထံသို့ အမြန်ကြွလာတော်မူခဲ့ပါ။ ပဉ္စင်္ဂိကေန၊ အင်္ဂါငါးပါးရှိသော။ တူရိယေန၊ တီးမှုတ်တန်ဆာ တူရိယာဖြင့်။ ရမာမသေ၊ ငါးနှစ်လောက် နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက်ရွှင်မြူး အားကုန်မြူးလျက် မြူးထူးပျော်ပါးကြကုန်စို့။

မာရ်နတ်ယုတ်၏ စကားသည် နားမသက်သာအောင် လွန်စွာ ရိုင်းစိုင်းသည်။ ရဟန္တာပုဂ္ဂိုလ်ကြီးကို မပြောအပ်၊ မပြောရာ ရိုင်းစိုင်းစွာ ပြောကြားခြင်းဖြစ်သည်။

ဤကဲ့သို့ ပြောဆိုသွေးဆောင်သောစကားကို ခေမာထေရီကြားသော် ကြိမ်းဝါးသည့်သဘောဖြင့် မာရ်နတ်အား ဤသို့ပြောဆိုတော်မူလိုက်လေသည်။

ဣမိနာ ပူတိကာယေန၊ အာတုရေန ပဘင်္ဂုနာ။
အဋ္ဋီယာမိ ဟရာယာမိ၊ ကာမတဏှာ သမူဟတာ။

ဟရေ၊ လူငယ်အသွင်ရုပ်ဆောင် ဟယ်. . . မာရ်နတ်အယုတ်ကောင်။ အာတုရေန၊ ကိုး ဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ဖြင့် အခါခပ်သိမ်း နှိပ်စက်ခြင်းခံနေရသော။ ပဘင်္ဂုနာ၊ ပျက်စီးခြင်းအမျိုးစုံဖြင့် တသုန်သုန် ပျက်စီး၍ နေသော။ ဣမိနာပူတိကာယေ န၊ ဤကိုယ်ခန္ဓာ အပုပ်ကောင်ကြီးဖြင့်။ အဋ္ဋီယာမိ၊ နားလည်းရှက်လှပါ၏။ မာယာ၊ ခေမာသည်ီ ငါထေရီသည်။ ကာမတဏှာ၊ ကာမဂုဏ်၌ ခုံမင်ပျော်ပိုက် တဏှာမိုက်ကို။ သမူဟတာ၊ အမြစ်ပါ မကြွင်းအောင် ရှင်းလင်းခုတ်ထွင်အပ်ပြီးလေပြီ။

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာသံ အဓိကုဋ္ဋနာ။
ယံတွံ ကာမရတိံ ဗြူသိ၊ အရတိ ဒါနိ သာ မမ။

ဟရေ၊ လုလင်ယောင်ဆောင်၊ ဟယ်. . . မာရ်နတ်အယုတ်ကောင်။ ကာမာ၊ ကာမဂုဏ်ငါးပါးတို့သည်။ သတ္တိသူလူပမာ၊ လှံတံကျင်အစူးအချွန်တွေနှင့် တူကြလေကုန်၏။ ခန္ဓာသံ၊ ခန္ဓာငါးပါးတို့သည်။ အဓိကုဋ္ဋနာ၊ စင်းတီတုံးကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့နှင့် တူကြလေကုန်၏။ တွံ၊ သင်သည်။ ယံ ကာမရတိံ၊ အကြင်ကာမဂုဏ် အလေ့ဖြင့် ပျော်မွေ့ခြင်းကို။ ဗြူသိ၊ ငါ့ထံပါး၌ ဖြားဖြားယောင်းယောင်း တောင်းဆိုလှာဘိ၏။ သာ၊ ထို သင်ပြောဆိုသော ကာမဂုဏ်မွေ့လျော်မှုသည်။ အရတိ၊ ပျော်မွေ့ဖွယ်မဟုတ် စက်ဆုပ်ဖွယ်အစစ် ရွံမုန်းဖွယ်ကြီးသာဖြစ်ပေ၏။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမော ခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

ပါပိမ၊ အမိုက်ဗိုလ်ချုပ် ဟယ်. . . အယုတ်။ မယာ၊ ငါသည်။ သဗ္ဗတ္ထ၊ ဘုံဘဝ အာရုံအလုံးစုံတို့၌။ နန္ဒီ၊ စွဲလမ်းတုံလတ် တဏှာတော်ကို။ ဝိဟတာ၊ အနွယ် ပြတ်အောင် ပယ်သတ်ထားအပ်လေပြီ။ တမောခန္ဓော၊ မောဟ တည်းဟူသော အမိုက်တုံး အမိုက်ခဲကြီးကိုလည်း။ ပဒါလိတော၊ ဖောက်ခွဲဖျက်ဆီးအပ်လေပြီ။ အန္တက၊ သတ္တဝါ တွေကို အသေစာရင်း အမြဲသွင်း၍နေသော မိုက်တွင်းနက်ခေါင် ဟယ်. . . မာရ်နတ် မင်းအယုတ်ကောင်။ ဧဝံ၊ ယခု ငါဆိုခဲ့ပြီးသောအတိုင်း။ တွံ၊ သင်သည် ဇာနာဟိ၊ အမြဲမသွေမှတ်ထားလော့။ တွံ၊ သင်သည်။ ဣဒါနိ၊ ယခု၊ နိဟတော၊ ငါ၏တရား လက်နက်ဖြင့် ကြေပျက်ဆုံးရှုံးခဲ့သည်၊ အသိ၊ ဖြစ်လေ သည်တကား။

နက္ခတ္တာနိ နမဿန္တာ၊ အဂ္ဂိံ ပရိစရံ ဝနေ။
ယထာဘုစ္စမဇာနန္တာ၊ ဗာလာ သုဒ္ဓိံ မမညထ။

ဗာလာ၊ ဘာမှန်းမသိသော လူဒိဋ္ဌိတို့သည်။ နက္ခတ္တာနိ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာ တို့ကို။ နမဿန္တာ၊ အမြတ်တနိုး လွန်အားကိုးကာ ရှိခိုးပူဇော်ကြကုန်လျက်။ ဝနေ၊ တောတောင်အတွင်း၌။ အဂ္ဂိံ၊ မီးကို။ ပရိစရံ- ပရိစရန္တာ၊ လုပ်ကျွေးကြကုန် လျက်။ ဝသန္တိ၊ နေထိုင်ကြလေကုန်၏။ တေ၊ ထိုသူတို့သည်။ ယထာဘုစ္စံ၊ ဟုတ်မှန် သော တရားနည်းလမ်းကို။ အဇာနန္တာ၊ မောဟမှောင်မိ ဒိဋ္ဌိလွှမ်းမိုး မသိသား ဆိုးဝါးကြကုန်သောကြောင့်။ သုဒ္ဓိံ၊ မိမိတို့အလုပ်ဖြင့် စင်ကြယ်၏ဟူ၍။ အမညထ၊ မှတ်ထင် မှောက်မှား၍ နေကြလေကုန်သတည်း။

အဟဉ္စ ခေါ နမဿန္တီ၊ သမ္ဗုဒ္ဓံ ပုရိသုတ္တမံ။
ပမုတ္တာ သဗ္ဗဒုက္ခေဟိ၊ သတ္ထုသာသနကာရိကာ။

www.burmeseclassic.com



ဟာရေ ဟယ်. . . မာရ်နတ်အယုတ်ကောင်ကြီး။ အဟာဠ၊ ငါမှူကား။ ခေါ်၊ ကေန်စင်စစ်။ ပုရိသုတ္တမ်၊ ယောကျ်ားမြတ်ကြီးဖြစ်တော်မူပေသော။ သမ္ဗုဒ္ဓ၊ လောက ထွတ်ထား ဂေါတမ ရှင်တော်ဘုရားကို။ နမဿန္တီ၊ မြတ်မြတ်နိုးနိုးရှိခိုးလျက်။ ဝသာ မိ၊ သမာဓိမဏ္ဍိုင်ဖြင့် အခဲ့အခိုင် နေထိုင်လေ့ရှိပါ၏။ အဟံ၊ ငါသည်။ သဗ္ဗာဒုက္ခေဟိ၊ ဝဋ်သံသရာ ကိလေသာ အမျိုးမျိုး ဒုက္ခဆိုးတို့မှ။ ပမုတ္တာ၊ အရှောင်ကြီး ရှောင်ကွင်း လျက် လွတ်ခြင်းကြီး လွတ်ထွက်ခဲ့လေပြီ။ သတ္ထုသာသနကာရိကာ၊ ဘုရားရှင် ဆုံးမသော အမိန့်သံကို အစဉ်တစိုက် နာခံ၍ ကျင့်ကြံလိုက်နာနေသော ပုဂ္ဂိုလ် တစ်ဦးသည်။ အမှိ၊ ဖြစ်ပါပေ၏။

ခေမာထေရီ၏ ထိုသို့ရွတ်ဆိုသော အမိန့်သံကိုကြားသောအခါ မာရ်နတ် ယုတ်သည် ကြက်သီးမွေးညင်းထသည်အထိ ကြောက်လန့်သဖြင့် ဆုတ်ခွာထွက် ပြေးသွားတော့သည်။

ခေမာထေရီ အပဒါန်ဝတ္ထုပြီး၏။

■ ■ ■

# ဥပ္ပလဝဏ်ထေရီ အပဒါန်ဝတ္ထု

ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းအခါ ပဒုမုတ္တရ ရှင်တော်ဘုရား ထင်ရှားပွင့်တော်မူစဉ်တွင် ဥပ္ပလဝဏ်ထေရီ လောင်းလျာသည် ဟံသာဝတီ နေပြည်တော်ကြီး၌ ချမ်းသာကြွယ်ဝသူ သူဌေးသမီးဖြစ်ခဲ့ရသည်။

## သူမြတ်တို့လက္ခဏာနှင့် ပြည့်စုံသူ

သဒ္ဓါစာတ်ခံ ရင့်သန်ထက်မြက်ခဲ့သည့်အတိုင်း သူမသည် ရတနာ သုံးပါးကို ကြည်ညိုသည်။ ကုသိုလ်ပုညများကို တိုးပွားအောင် ဖြည့်ကျင့်လေ့ ရှိသည်။ သူတော်ကောင်း မိတ်ဆွေများနှင့် ဘုရားရှင်ထံသို့ မကြာမကြာ

www.burmeseclassic.com

www.burmeseclassic.com



သွားကာ တရားနာလေ့ရှိသည်။ တရားများကိုလည်း မှတ်မှတ်သားသားနှင့် သူတစ်ပါးတို့အား မိမိ နာကြားခဲ့ရသည့်အတိုင်း အဖန်ဖန် ပြန်လှန်ကာ ဟောကြားလေ့ရှိသည်။ သူတော်သူမြတ်တို့ လက္ခဏာနှင့် ပြည့်စုံလိမ္မာ၍ လွန်စွာ မြင့်မြတ်သူ အမျိုးသမီးကလေး တစ်ယောက်ဖြစ်သည်။

တစ်နေ့တွင် ရှင်တော်ဘုရားထံသို့ သွားရောက်၍ တရားနာရာ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသူ ဘိက္ခုနီတစ်ပါးကို ရှင်တော်မြတ်ဘုရားက ပရိသတ်အလယ်တွင် ချီးမွမ်းတော်မူလျက် ဣဒ္ဓိမန္တာတေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပုံများကို တွေ့မြင်ခဲ့ရသည်။

## တရားပွဲမှ မြင်ကွင်း

ထိုအခါ အမျိုးသမီးလေး၏ စိတ်ထဲ၌ လွန်စွာကြည်နူးလျက် ထို ဘိက္ခုနီကဲ့သို့ ဖြစ်ချင်သောဆန္ဒ ဖြစ်ပေါ်လာသဖြင့် 'ဩော်. . . သည်ဘိက္ခုနီ အရှင်မြတ်သည် လွန်စွာဂုဏ်ကြီးပါပေ၏။ ဘုရားရှင် ကိုယ်တော်တိုင် ချီးကျူးပြီး တေဒဂ်ဘွဲ့ထူးဖြင့် မြှောက်စားခြင်းကို ခံရပေ၏။ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင် တို့၏ လက်ထက်တော်၌ သည်ဘိက္ခုနီကဲ့သို့ ငါကိုယ်တိုင်ဖြစ်ရလျှင် ကောင်းလေစွ'ဟု တွေးတောကြံဆကာ ဆန္ဒထက်သန်စွာဖြင့် တရားနာပြီးလျှင် အိမ်သို့ ပြန်လာခဲ့သည်။

## ဆန္ဒကိုဖြည့်ဖို့ အလှူမဏ္ဍပ်ဆောက်ပြီ

အိမ်သို့ရောက်သော် တွေ့မြင်ခဲ့ရသည့် ဘိက္ခုနီကြီးကို အားကျသဖြင့် ဒါန ကုသိုလ်တော်ပြုလုပ်နိုင်ရန် လွန်စွာဆန်းကြယ်၍ တင့်တယ်ကောင်းမြတ်သော အလှူမဏ္ဍပ်ကြီးကို ဆောက်လုပ်စေသည်။ မဏ္ဍပ်ကြီးကို ကြာပန်းတို့ဖြင့် အဆန်းတကြယ်ဖြစ်အောင် ခြယ်လှယ်မွမ်းမံသည်။ ဤကြာပန်းမဏ္ဍပ်ကြီးကို မြင်ရသူအပေါင်းက ထူးဆန်းလှပါတကားဟု ချီးမွမ်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှင်ကြွလာ

မဏ္ဍပ်ကြီးဆောက်လုပ်စေလျက် လှူဖွယ်ဝတ္ထုအမျိုးစုံကို လုံလောက်အောင် စီရင်ပြီးနောက် သူမသည် သံဃာတော်များနှင့်တကွ ရှင်တော်ဘုရားကို ပင့်လျှောက်သည်။ ရှင်တော်ဘုရားက ကုသိုလ်ရှင်အမျိုးသမီးကလေးအား ချီးမြှင့်တော်မူလိုသည့်အတွက် နောက်တော်ပါသံဃာများနှင့်အတူ ကြာပန်းမဏ္ဍပ်ကြီးအတွင်းသို့ ကြွရောက်တော်မူလာသည်။

## တိစီဝရိတ်သင်္ကန်းလှူ

ထိုအခါ ကုသိုလ်ရှင် အမျိုးသမီးလေးသည် ဆွမ်းဘောဇဉ်နှင့် လှူဖွယ်တို့ကို ကပ်လှူကာ တရားတော်မြတ်ကို ကြားနာသည်။ တစ်ရက်မျှသာ လှူဒါန်းရသည်ကို အားရတင်းတိမ်ခြင်းမရှိသောကြောင့် ခုနစ်ရက်တိုင်တိုင် သံဃာတော်အပေါင်းနှင့်တကွ ဘုရားရှင်အား ဆွမ်းစသည်တို့ဖြင့် လှူဒါန်းသည်။ အလှူပွဲကြီး ပြီးစီးသည့်နောက်ဆုံးနေ့တွင် သံဃာတော်များနှင့်အတူ ဘုရားရှင်အား တိစီဝရိတ် သင်္ကန်းအစုံတို့ဖြင့် ထပ်မံ လှူဒါန်းပူဇော်သည်။

## ဣတ္ထိမန္တတေဒဂ်ဆုပန်ခဲ့

ဤသို့ လှူဒါန်းပူဇော်ပြီးနောက် ကုသိုလ်ရှင် အမျိုးသမီးကလေးသည် အဆင်းအနံ့နှင့် ပြည့်စုံသော ကြာပန်းခုနစ်ခိုင်ကို လက်ဖြင့်ကိုင်လျက် ဘုရားရှင်၏ ခြေတော်ရင်း၌ ရိုသေမြတ်နိုးစွာ ဝပ်စင်းဦးခိုက်ကာ လှူဒါန်းပြီး "ဘုန်းတော်ကြီးလှသော ရှင်တော်မြတ်ဘုရား၊ တပည့်တော်မ လှူဒါန်းရသည့် ဤဒါနကုသိုလ်စေတနာကြောင့် ဖြစ်လေရာဘဝတိုင်း၌ ဤကြာညိုပန်း အဆင်းကဲ့သို့ ကြိုင်သင်းလှပပါလို၏။ မြင့်မြတ်သော ရုပ်လက္ခဏာနှင့် ပြည့်စုံ၍ အဆုံးဘဝ၌ ရှင်တော်ဘုရားကိုယ်တိုင် ချီးကျူးသော တေဒဂ်ဘွဲ့ထူးကိုရရှိကာ ကျွတ်တမ်းဝင်ရပါလို၏ ဘုရား"ဟု လျှောက်ထားဆုပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗျာဒိတ်စကားမိန့်ကြား

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်ပြီး အို. . . ချစ်သမီး၊ သင်၏အလိုဆန္ဒအတိုင်း ပြည့်ဝစုံလင်လတ္တံ့။ နောင် ကမ္ဘာတစ်သိန်း လွန်မြောက်ပြီးနောက် ဘဒ္ဒကမ္ဘာသို့တိုင် ရောက်လေသော် ဂေါတမရှင်တော်မြတ်ဘုရားသည် ထင်ရှားစွာ ပွင့်တော်မူလိမ့်မည်။ ထိုဘုရားရှင်၏ လက်ထက်တော်၌ သင်ချစ်သမီးသည် 'ဥပ္ပလဝဏ္ဏာ' ဟူသော အမည်ဖြင့် လက်ဝဲတော်ရံ ဘိက္ခုနီ ဖြစ်ပေလိမ့်မည်။ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံလျက် ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့ထူးကိုလည်း ဖန်ဆင်းရပြီး ကျွတ်တမ်းဝင်လိမ့်မည်'ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်စကားကိုကြားရသော် သဒ္ဓါတရား အတိုင်းထက် အလွန် တိုးပွားပြီး ကြိုးကြိုးစားစားနှင့် အသက်ဆုံးသည့်တိုင်အောင် ကုသိုလ်ပါရမီ အထူးတို့ကို ဆည်းပူးစုဆောင်းလေသည်။

## ကြာညိုပန်းအဆင်းကဲ့သို့

ထိုဘဝမှ စုတေသွားသောအခါ ပြုခဲ့သော ကုသိုလ်အဟုန်ကြောင့် တာဝတိံသာ နတ်ဘုံတွင် ကြီးကျယ်မြင့်မြတ်သည့် နတ်ချမ်းသာကို ခံစားစံစားရသည်။ နတ်သက်တမ်းကုန်၍ နတ်ဘုံမှ စုတေလာသော် ဝိပဿီဘုရားရှင် ပွင့်တော်မမူမီအတွင်း တွေ့ကြုံဆုံစည်းရသည့် ဘုရား ပစ္စေကဗုဒ္ဓါတို့၏အထံတော်၌ သပိတ်ကို ကြာညိုပန်းတို့ဖြင့် ဖုံးအုပ်လျက် ပိဏ္ဍပါတ်ဆွမ်းအလှူများကို လှူဒါန်းပူဇော်သည်။ လှူတိုင်းလှူတိုင်း ကြာပန်းကို လက်မလွှတ်ဘဲ အမြဲပါစေလျက် ဆုတောင်းသည့်အခါ၌လည်း ကြာညိုပန်းနှင့်တူစွာ အဆင်းကျက်သရေနှင့် ပြည့်စုံပါစေဟု ဆုတောင်းလေ့ရှိသည်။

## ပဒုမုတ္တရဘုရားရှင်လက်ထက်

ပဒုမုတ္တရော နာမဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။

ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

www.burmeseclassic.com

www.burmeseclassic.com



ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ သတသဟဿမှိကပ္ပေ၊ လွန်ခဲ့သော ကမ္ဘာ တစ်သိန်းထက်၌။ သဗ္ဗဓမ္မာနပါရဂူ၊ တရားအလုံးစုံကို အကုန်ထွင်း ဖောက် တစ်ဖက်ကမ်းသို့ ရောက်တော်မူပြီးသော။ နာယကော၊ လူတို့၏ ဦးသျှောင် ရှေ့ဆောင် ခရီးညွှန်ကြီးလည်း ဖြစ်တော်မူပေထသော။ ပဒုမုတ္တရော နာမ၊ ပဒုမုတ္တရ အမည်တော်ရှိသော။ ဇိနော၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည်။ ဥပ္ပဇ္ဇိ ပွင့်ထွန်းတော်မူခဲ့လေ၏။

တဒါ ဟံ ဟံသဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။

နာနာရတနပဇ္ဇောတေ၊ မဟာသုခ သမပ္ပိတာ။

တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီ နေပြည်တော်ကြီး၌။ နာနာရတနပဇ္ဇောတေ၊ အမျိုးမျိုးသော ရတနာရောင် တို့ဖြင့် တောက်ပြောင်ထိန်လင်း၍နေသော။ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌။ ဇာတာ၊ ဖြစ်ပွားပေါ်ပေါက်ခဲ့၍။ မဟာသုခသမပ္ပိတာ၊ ကြီးကျယ်များပြား စည်းစိမ်ချမ်းသာအားဖြင့် ခံစားမွေ့လျော်နေရသော သူဌေးသမီးသည်။ အဟုံ ဖြစ်ခဲ့ပါ၏။

ဥပေတွာ တံ မဟာဝီရံ၊ အဿောသိံ ဓမ္မဒေသနံ။

တတော ဇာတပ္ပသာဒါဟံ၊ ဥပေသိံ သရဏံ ဇိနံ။

အဟံ၊ အကျွန်ုပ်သည်။ တံမဟာဝီရံ၊ ထိုပဒုမုတ္တရ ရှင်တော်မြတ် ဘုရားထံသို့။ ဥပေတွာ၊ ခစားချဉ်းကပ်၍။ ဓမ္မဒေသနံ၊ ဟောကြားတော်မူ အပ်သော တရားဒေသနာတော်ကို။ အဿောသိံ၊ ရိုသေစွာကြားနာခဲ့ရပါ၏။ တတော၊ ထိုသို့ ကြားနာရခြင်းကြောင့်။ ဇာတပ္ပသာဒါ၊ သဒ္ဓါရွှန်းစို ကြည်ညိုမှု ဖြစ်ပွားလာသဖြင့်။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေသိံ၊ ဆည်းကပ်ခဲ့ပါ၏။

ဘဂဝါ ဣဒ္ဓိမန္တီနံ၊ အဂ္ဂံ ဝဏ္ဏေသိ နာယကော။
ဘိက္ခုနိံ လဇ္ဇိနိံ တာဒိံ၊ သမာဓိဈာန ကောဝိဒံ။

www.burmeseclassic.com

www.burmeseclassic.com



တဒါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ နာယကော၊ ရှင်တော်မြတ်ဘုရားသည်။ သမာဓိဈာနကောဝိဒ၊ သမာဓိဈာန် အရာတွင် လိမ္မာကျွမ်းကျင်ပေသော။ တာဒီ၊ လောကဓံလေးပါးကြောင့် တုန်လှုပ်ခြင်း မရှိသော။ လဇ္ဇိနီ၊ လဇ္ဇီဂုဏ်နှင့်ပြည့်စုံသော။ ဘိက္ခုနီ၊ ဘိက္ခုနီ တစ်ပါးကို။ ဣဒ္ဓိမန္တီနံ၊ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာအပေါင်း တို့တွင်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဝဏ္ဏေသိ၊ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူး တော်မူပါ၏။

တဒါ မုဒိတ စိတ္တာဟံ၊ တံ ဌာနံ အဘိကင်္ခိနီ။
နိမန္တိတွာ ဒသဗလံ၊ သသံဃံ လောကနာယကံ။
ဘောဇယိတွာန သတ္တာဟံ၊ ဒတွာန စ တိစီဝရံ။
သတ္တမာလာ ဂဟေတွာန၊ ဥပ္ပလာ ဒေဝဂန္ဓိကာ။
သတ္ထုပါဒေ ဌပေတွာန၊ ညာဏမှိ အဘိပူဇိယ။
နိပစ္စ သိရသာ ပါဒေ၊ ဣဒံ ဝစနမဗြဝိ။

တဒါ၊ ထိုဘိက္ခုနီတစ်ပါးကို ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူသော အခါ၌။ မုဒိတစိတ္တာ၊ အားကျရွှင်လန်းသော စိတ်နှလုံးရှိသော။ အဟံ၊ အကျွန်ုပ် သည်။ တံ ဌာနံ၊ ထိုကဲ့သို့သော ဧတဒဂ်ရာထူးကို။ အဘိကင်္ခိနီ၊ တောင့်တောင့် တတ လိုချင်လှသည်ဖြစ်၍။ ဒသဗလံ၊ အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော။ လောကနာယကံ၊ သုံးလောကထွဋ်ခေါင် ရှေ့ဆောင်ခရီး လမ်းညွှန်ကြီးဖြစ်သော ရှင်တော်မြတ်ဘုရားကို။ သသံဃံ၊ သံဃာတော် အပေါင်းနှင့်တကွ။ နိမန္တိတွာ၊ ရိုသေစွာ ပင့်ဖိတ်ပြီးသော်။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်။ ဘောဇယိတွာန စ၊ ဆွမ်းလုပ်ကျွေး၍ လည်း ကောင်း။ တိစီဝရံ၊ တိစီဝရိက်သင်္ကန်းအစုံကို။ ဒတွာန စ၊ ပေးလှူ၍လည်း ကောင်း။ ဒေဝဂန္ဓိကာ၊ နတ်ပန်းရနံ့တို့ဖြင့် ပြန့်ပြန့်ကြိုင်လှိုင်ကုန်သော။ ဥပ္ပလာ၊ ကြာညိုပျိုးဖြူ ကုန်သော။ သတ္တမာလာ၊ ပန်းခုနစ်ခိုင်တို့ကို။ ဂဟေတွာန၊ ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လျက်။ သတ္ထုပါဒေ၊ ဘုရားရှင်၏ ခြေတော်ရင်း၌။ ဌပေတွာန၊ ချထား၍။ ဉာဏမှိ၊ ဘုရားရှင်၏ ဉာဏ်တော်မြတ်၌။ သိရသာ၊ မိမိ ဦးခေါင်းဖြင့်။ နိပစ္စ၊ နှိပ်ချဝပ်တွားလျက်။ ဣဒံဝစနံ၊ ဤသို့သော ဆုတောင်းစကားကို။ အဗြဝိ၊ လျှောက်ထားတောင်းဆိုခဲ့ပါ၏။

ယာဒိသာ ဝဏ္ဏိတာ ဓီရ၊ ဣတော အဋ္ဌမကာဟနိ။
တာဒိသာဟံ ဘဝိဿာမိ၊ ယဒိ သိဇ္ဈတိ နာယက။

နာယက၊ လူတို့၏ ရှေ့ဆောင်ဖြစ်တော်မူပေသော။ ဓီရ၊ အိုမြတ်စွာဘုရား။ ယဒိသိဇ္ဈတိ၊ အကယ်၍တောင့်တတိုင်း ပြီးပါမူကား။ ဇဝံ-ဣစ္ဆာမိ၊ ဤကဲ့သို့ အလိုရှိပါသည်ဘုရား၊ ဣတော၊ ဤယခုနေ့မှ။ အဋ္ဌမကာဟနိ၊ လွန်ခဲ့ပြီးသော ရှစ်ရက်မြောက်သောနေ့၌။ တယာ၊ ရှင်ပင်မြတ်ဘုရားသည်။ ယာဒိသော၊ အကြင်သို့သော ဘိက္ခုနီတစ်ပါးကို။ ဝဏ္ဏိတာ၊ ဣဒ္ဓိမန္တ စတေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော် မူအပ်ပေ၏။ အဟံ၊ တပည့်တော်မသည်လည်း။ တာဒိသာ၊ ထို ဘိက္ခုနီနှင့်တူစွာ။ ဘဝိဿာမိ၊ ဖြစ်လိုလှပါသည်ဘုရား။

တဒါ အဝေါစ မံ သတ္ထာ၊ ဝိဿတ္ထာ ဟောဟိ ဒါရိကေ။

အနာဂတမှိ အဒ္ဓါနေ၊ လစ္ဆသေတံ မနောရထံ။

တဒါ၊ ထိုသို့တောင်းဆို လျှောက်ထားလိုက်သောအခါ၌။ သတ္ထာ၊ ရှင်တော်မြတ်ဘုရားသည်။ အဝေါစ၊ ဗျာဒိတ်စကားဤကဲ့သို့ မိန့်ကြားတော်မူပါ၏။ ဒါရိကေ၊ အို... အမျိုးသမီးကလေး။ ဝိဿတ္ထာ၊ ယုံကြည်စိတ်ချ၍ နေသည်။ ဟောဟိ၊ ဖြစ်ပါလော့။ အနာဂတမှိအဒ္ဓါနေ၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌။ ဧတံမနောရထံ၊ ဤသင်တောင့်တသော အလိုဆန္ဒ အတိုင်း။ လစ္ဆသိ၊ မချွတ်ဧကန် အမှန်ရရှိလတ္တံ့။

တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။

နာမေနုပ္ပလဝဏ္ဏာတိ၊ ရူပေန စ ယသဿိနီ။

တဒါ၊ ထိုဂေါတမရှင်တော်ဘုရား ထင်ရှားပွင့်တော်မူသောအခါ၌။ တဿ၊ ထိုဘုရားရှင်၏။ ဓမ္မေသု၊ တရားဘဏ္ဍာ ရတနာတို့၌။ ဒါယာဒါ၊

www.burmeseclassic.com

www.burmeseclassic.com



အမွေခံစစ် အမှန်ဖြစ်သော။ ဓမ္မနိမ္မိတာ၊ တရားတော်ဖြင့် အာနုဘော်ဖြင့် ဖန်ဆင်းအပ်သော။ ဩရသာ၊ ရွှေရင်တော်နှစ်သမီးချစ်သည်။ ဟောသတိ၊ ဖြစ်လတ္တံ့။ ရူပေန၊ အဆင်းအရောင်အားဖြင့်။ သောဘဏ္ဍီ ရှုချင်စဖွယ် တင့်တယ်လှပသည်ဖြစ်၍။ နာမေန၊ အမည်အားဖြင့်၊ ဥပ္ပလဝဏ္ဏာတိ၊ ဥပ္ပလဝဏ်ဟူ၍။ ယသဿိနီ၊ အခြံအရံများ သော ဘိက္ခုနီတစ်ပါးသည်။ ဟေဿသိ၊ ဖြစ်လတ္တံ့။

အဘိညာသု ဝသိပ္ပတ္တာ၊ သတ္ထုသာသနကာရိကာ။

သဗ္ဗာသဝပရိက္ခီဏာ၊ ဟေဿတိ သတ္ထုသာဝိကာ။

တဒါ၊ ထိုဂေါတမဘုရား ထင်ရှားပွင့်တော်မူသောအခါ၌။ တွံ၊ သင်ချစ်သမီးသည်။ သတ္ထုသာသနကာရိကာ၊ ဘုရားရှင်၏ အဆုံးအမကို ကောင်းစွာလိုက်နာသည် ဖြစ်သောကြောင့်။ အဘိညာသု၊ တန်ခိုးထင်ရှား အဘိညာဉ်ခြောက်ပါးတို့၌။ ဝသိပ္ပတ္တာ၊ နိုင်နင်းပေါက်ရောက် ဝသီဘော်ခြောက်သည်ဖြစ်၍။ သဗ္ဗာသဝ ပရိက္ခီဏာ၊ အာသဝေါအလုံးစုံ အကုန်ခန်းခြောက်ပြီးဖြစ်သော။ သတ္ထုသာဝိကာ၊ ဘုရားရှင်၏သမီး တပည့်မအမြတ်ကြီးသည်။ ဟေဿတိ၊ မချွတ်ကေန် အမှန် ဖြစ်လတ္တံ့။

တဒါ ဟံ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။

မေတ္တာစိတ္တာ ပရိစရိံ သသံဃံ လောကနာယကံ။

တဒါ၊ ထိုသို့ဗျာဒိတ်တော်စကားကို ကြားနာရသောအခါ၌။ အဟံ အကျွန်ုပ်သည်။ မုဒိတာဟုတွာ၊ သဒ္ဓါတရားဖြစ်ကာ ဝမ်းမြောက်လှသည် ဖြစ်သောကြောင့်။ လောကနာယကံ၊ လောက၏ရှေ့ဆောင် ဖြစ်တော်မူပေသော။ သသံဃံ၊ သံဃာတော်အများနှင့်တကွဖြစ်သော။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို။ မေတ္တာစိတ္တာ၊ ကြည်ညိုချစ်ခင်သော စိတ်ရှိသည်ဖြစ်၍။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ပရိစရိံ အမြဲမပြတ်အလှူပေး၍ လုပ်ကျွေးခစားခဲ့ပါ၏။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။

ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။



www.burmeseclassic.com

www.burmeseclassic.com



သုကတေန၊ ကောင်းစွာပြုအပ်သော။ တေနကမ္မေန၊ ထိုကုသိုလ်ကြောင့် လည်းကောင်း။ စေတနာပဏိဓီဟိစ၊ ဆုပန်ခဲ့သော စေတနာစိတ်ထားတို့ ကြောင့် လည်းကောင်း။ မာနုသံဒေဟံ၊ လူ့ခန္ဓာကို။ ဇဟိတွာ၊ စွန့်ခဲ့ရသည် ရှိသော်။ တာဝတိံသံ၊ တာဝတိံသာဘုံသို့။ အဟံ ငါသည်။ အဂစ္ဆိံ ရောက်ခဲ့ရ ပါ၏။

တတော စုတာဟံ မနုဇေ ဥပပန္နာ သယမ္ဘုနော။

ဥပ္ပလေဟိ ပဋိစ္ဆန္နံ၊ ပိဏ္ဍပါတမဒါသဟံ။

တတော၊ ထိုတာဝတိံသာနတ်ပြည်မှ။ စုတာ၊ ရွေ့လျောစုတေခဲ့သည်ရှိ သော်။ အဟံ၊ အကျွန်ုပ်သည်။ မနုဇေ လူ့ဘဝ၌။ ဥပပန္နာ၊ ဖြစ်ပေါ်၍လာစဉ်။ သယမ္ဘုနော၊ တွေ့ကြုံဆုံဆည်းသော ဘုရားပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား။ ဥပ္ပလေဟိ၊ ကြာညိုပန်းတို့ဖြင့်။ ပဋိစ္ဆန္နံ၊ တင့်တယ်စွာ ဖုံးလွှမ်းအပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းဒါနအလှူကြီးကို။ အဒါသိံ၊ ပေးလှူခဲ့ပါ၏။

## ဝိပဿီဘုရားရှင်လက်ထက်

ဤ အမျိုးသမီးလေးသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်တော်မှစ၍ သုဂတိ သံသရာတို့၌သာ မြင့်မြတ်စွာ ကျင်လည်ခဲ့ရသည်။

ထို့နောက် ဝိပဿီဘုရားရှင်လက်ထက်တော်သို့ ရောက်သော် ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာသည့် သူဌေးသမီးကလေး ဖြစ်လာရပြန်သည်။ ထိုအခါ အလိမ္မာဂုဏ်ရည် စုံညီပြည့်ဝခဲ့သည့်အတိုင်း ရတနာသုံးပါးကို ကြည်ညိုဆည်း ကပ်လျက် ထူးမြတ်သောပါရမီ ကုသိုလ်မျိုးကိုသာ ပြုလုပ်နေခဲ့သည်။ တစ်နေ့ တွင် ကြီးကျယ်ခမ်းနားလှစွာသော အလှူပွဲသဘင်ကို ဆင်ယင်ကျင်းပလိုသဖြင့် ထူးဆန်းမြင့်မြတ်သော ကြာပန်းတို့ဖြင့် တန်ဆာဆင်ထားသော မဏ္ဍပ်ကြီးကို ဆောက်လုပ်ပြီး ဘုရားရှင်အား သံဃာတော်များနှင့်တကွ ဆွမ်းစားကြွရောက် ရန် ပင့်လျှောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကုသိုလ်လည်းပြု၊ ဆုလည်းတောင်း

ဘုရားရှင်နှင့် သံဃာတော်များ ကြွလာသောအခါ ကြာပန်းမဏ္ဍပ်ကြီး အတွင်း ကြာပန်းများ ဖြန့်ခင်းထားသည့် နေရာထက်၌ ကြာပန်းထီးများ ဖြန့်မိုးပြီး ပူဇော်သည်။ ထို့နောက် ဆွမ်း, သက်န်းလှူခြင်း စသည့် ဒါနကုသိုလ်ကို လှူဒါန်း ပြန်၏။ လှူဖွယ်ဝတ္ထု ဟူသမျှကိုလည်း ကြာညိုပန်းတို့ဖြင့်သာ ဖုံးလွှမ်းကာ လှူဒါန်းသည်။ ဆုတောင်း ဆုယူပြည်လုပ်ရာမှာလည်း ကြာညိုပန်းဝတ်ဆန် အဆင်းကဲ့သို့ လှပတင့်တယ်ခြင်းဂုဏ်နှင့် ပြည့်စုံပါစေသားဟု ဆုတောင်းသည်။ အဆင်းဝုဏ်ကို အလွန်စုံမက်သူ အမျိုးသမီးကလေးဖြစ်သည်။ အသက်တမ်း အတိုင်းနေ၍ ထိုဘဝမှ စုတေသွားသော် လူ့ပြည်နတ်ရပ် မြင့်မြတ်သော ဘုံဘဝတို့၌သာ ကျင်လည်ခဲ့ရပြန်သည်။

## သူဌေးသမီးဘဝ

ဧကနဝုတိ တော ကပ္ပေ၊ ဝိပဿီ နာမ နာယကော။

ဥပ္ပဇ္ဇိ စာရုဒဿနော၊ သဗ္ဗဓမ္မေသု စက္ခုမာ။

ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ဧကနဝုတိတောကပ္ပေ၊ လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌။ သဗ္ဗဓမ္မေသု၊ တရားဥဿုံအလုံးစုံတို့၌။ စက္ခုမာ၊ ဉာဏ်မျက်စိ ထွင်းဖောက်၍ အလင်းရောင် တောက်တော်မူပေသော။ စာရု ဒဿနော၊ ရှုမြင်တိုင်းတင့်တယ်၍ ကြည်ညိုဖွယ် အလွန်ကောင်းပေသော။ ဝိပဿီနာမ၊ ဝိပဿီအမည်တော်ရှိသော။ နာယကော၊ ရှင်တော်မြတ်ဘုရား သည်။ ဥပ္ပဇ္ဇိ၊ သစ္စာလေးစုံ ကြာပန်းရုံဝယ် ဖူးငုံစွင့်စွင့် ချပ်လှာဆင့်၍ ပွင့်တော် မူခဲ့ပါလေ၏။

သေဋ္ဌိဓီတာ တဒါ ဟုတွာ၊ ဗာရာဏသိပုရုတ္တမေ။

နိမန္တေတွာန သမ္ဗုဒ္ဓံ၊ သသံဃံ လောကနာယကံ။

တဒါ၊ ထိုဝိပဿီဘုရားရှင် လက်ထက်တော်အခါ၌။ အဟံ၊ အကျွန်ုပ် သည်။ ဗာရာဏသိပုရုတ္တမေ၊ ဗာရဏသီမြို့တော်မြတ်ကြီး၌။ သေဋ္ဌိဓီတာ၊ စည်းစိမ်ကြီးသော သူဌေးသမီးသည်။ ဟုတွာ၊ ကံအားလျော်စွာ ဖြစ်ခဲ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



ရှိသော်။ သမ္မုဒ္ဓိ၊ သစ္စာလေးတန်တရားမှန်ကို အမှန်သိမြင်တော်မူပေသော။ လောက နာယကံ၊ ရှင်တော်မြတ်ဘုရားကို။ သသံဃံ၊ သံဃာတော်နှင့်တကွ။ နိမန္တေတွာန၊ ရှိသေစွာ ဖိတ်ကြားပြီးသည်ရှိသော်။

မဟာဒါနံ ဒဒိတွာန၊ ဥပ္ပလေဟိ ဝိနာယကံ။
ပူဇယိတွာ စေတသာဝ၊ ဝဏ္ဏသောဘံ အပတ္ထယိံ။

ဥပ္ပလေဟိ၊ ကြာညိုပန်းတို့ဖြင့်။ ဝိနာယကံ၊ လမ်းပြရှေ့ဆောင် အခေါင်ထွတ်ထား မြတ်ဘုရားကို။ မဟာဒါနံ၊ အလှူတော်ကြီးကို။ ဒဒိတွာန၊ ပေးလှူ၍။ စေတသာဝ၊ စိတ်တို့ဖြင့်သာလျှင်။ ပူဇယိတွာန၊ လှူဒါန်းပူဇော်ပြီးသည်ရှိသော်။ ဝဏ္ဏသောဘံ၊ အရောင်အဆင်းတင့်တယ်၍ နှစ်သက်ဖွယ်ရှိခြင်းကို။ အပတ္ထယိံ၊ ဆုတောင်းခဲ့ပါ၏။

## ကဿပဘုရားလက်ထက်

မဟာဘဒ္ဒကပ် မြင့်မြတ်သော ဤကမ္ဘာအတွင်း၌ သုံးဆူသော နောင်တော် ဘုရားတို့ ထင်ရှားစွာ ပွင့်တော်မူပြီးနောက် ကဿပအမည်တော်ရှိသော မုနိထွတ်ထား ရှင်တော်မြတ်ဘုရားသည် လောကသုံးပါးဝယ် သစ္စာလေးပါးကိုသိမြင်၍ ဘုရားရှင်အဖြစ်သို့ ဆိုက်ရောက်တော်မူလာသည်။

## သမီးခုနစ်ယောက်

ထိုအခါ ဗာရာဏသီပြည့်ရှင် ဘုရင် 'ကိကီ' မင်းတရားကြီးသည် သဒ္ဓါတရားနှင့်ပြည့်စုံသူဖြစ်၍ သာသနာတော်ကို ချီးမြှောက်ရန် သံဃာတော်အပေါင်းနှင့်တကွ ဘုရားရှင်အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပင့် လှူဒါန်းသည်။ ထို ကိကီမင်းကြီးတွင် လိမ္မာယဉ်ကျေး၍ အပြစ်ဒုစရိုက်တို့မှ ကင်းဝေးသူ သမီးတော် ခုနစ်ယောက်ရှိသည်။ ထိုသမီးတော် ခုနစ်ယောက်တို့၏ အမည်မှာ (၁) သမဏီ၊ (၂) သမဏဂုတ္တာ၊ (၃) ဘိက္ခုနီ၊ (၄) ဘိက္ခုဒါယိကာ၊ (၅) ဓမ္မာ၊ (၆) သုဓမ္မာ၊ (၇) သင်္ဃဒါယိကာတို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသမီးတော်ခုနစ်ယောက်တို့တွင် သမဏဂုတ္တာသည် ဥပ္ပလဝဏ် ထေရီ၏ အလောင်းလျာဖြစ်သည်။

## ရဟန်းပြုခွင့်တောင်းကြသော်လည်း

ထိုသမီးတော်ခုနစ်ယောက်တို့သည် ငယ်စဉ်ကစ၍ ခမည်းတော် မင်း တရားကြီးနှင့်အတူ ကျောင်းတော်သို့သွားကြကာ တရားနာလေ့ ရှိကြသည်။ ထိုသို့ တရားနာလေ့ရှိကြရာမှ အရွယ်ရောက်သောအခါ အိမ်ရာတည်ထောင် လူတို့ဘောင်တွင် မနေလိုကြပေ။ ထို့ကြောင့် ခမည်းတော် မင်းတရားထံသို့ ဝင်ပြီး ဤသို့ လျှောက်ထားကြသည်။ ကျေးဇူးတော်ရှင် ခမည်းတော်ကြီးဘုရား၊ သမီးတော်တို့မှာ သူတော်ကောင်းတို့၏ တရားကို ကြိမ်ဖန်များစွာ ကြားနာကြရ သည့်အတွက် လောကီလူ့ဘောင်တွင် လူဝတ်ကြောင်အဖြစ် မနေလိုကြပါ။ သာသနာ့ဝန်ကိုထမ်းပြီး ရဟန်းပြုလိုကြပါသည်။ သို့ပါ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့်ပြုပြီး ရဟန်းပြုခွင့် ပေးသနားတော်မူပါဘုရား။

## ဖခင်က ရဟန်းပြုခွင့်မပေး

သမီးတော်များ လျှောက်တင်စကားကိုကြားသော် ကိကီမင်းကြီး၏စိတ်၌ ခွဲခွာရမည့် အရေးအတွက် မသက်မသာ လွန်စွာ ပူဆွေးတော်မူလှသဖြင့် ညည်းညည်းညူညူဖြင့် ဤသို့ မိန့်ကြားတော်မူသည်။ "ရွှေရင်တော်နှစ် သမီး ချစ်တို့၊ ရဟန်းပြုလိုကြောင်း ခွင့်တောင်းကြသည့်အရေးမှာ သူတော်ကောင်းတို့ စရိုက်မို့ တားထိုက်သည် မဟုတ်ပါ။ သို့ရာတွင် သင်တို့ဖခင် ရွှေနန်းရှင်မှာ သမီးတော်များကိုသာ အားထားနေတော်မူရပါသည်။ ဖန်ဝါသက်န်းနှင့် ရဟန်း ပြုကြပါလျှင် သည်နန်းတော်ကြီးအတွင်း၌ ယခုလို ရွှင်လန်းချမ်းမြေ့စွာ အတူ တကွ စံနေတော်မူရလိမ့်မည် မဟုတ်ပါ။ လူအိုလူမင်း၊ ဘဝရောက်နေရပြီ ဖြစ်သည့် ဖခမည်းတော်ကို ထောက်ထားပြီး သမီးတော်များ၏ ရဟန်းပြု လိုကြောင်း ခွင့်တောင်းခြင်းကို နုတ်သိမ်းကြပါ။ ရွှေနန်းတော်ကြီးမှာ ခမည်း

www.burmeseclassic.com

www.burmeseclassic.com



တော်နှင့်အတူ ပျော်ပျော်ပါးပါး ကုသိုလ်တရားကို အားထုတ်နေကြရအောင်။ ကုသိုလ်တရားကို လူဝတ်ကြောင်ဘဝနှင့် အားထုတ်လျှင်လည်း ရပါသည်။ စိတ်သာလျှင်လိုရင်းမို့ သန့်ရှင်းစင်ကြယ်စွာ ကျင့်ကြံအားထုတ်ကြပါစို့" ဟု ညည်းညည်းညူညူနှင့် မိန့်ကြားပြီး တားမြစ်တော်မူသည်။

## ကောမာရီဗြဟ္မစရိယကျင့်မည်

ခမည်းတော်ဘုရားကြီးက ခွင့်မပေးသဖြင့် သမီးတော်များ ရဟန်းပြုခွင့်မရကြပေ။ ထိုအခါ လူဝတ်ကြောင်နှင့်ပင် စင်စင်ကြယ်ကြယ် ကျင့်ကြံနေထိုင်ကြရန် ဆုံးဖြတ်ကြပြီး "ကောမာရီဗြဟ္မစရိယ" အကျင့်မြတ်ကို ကျင့်ကြံကြရန် သဘောတူ တိုင်ပင် ဆွေးနွေးကြသည်။

ထိုသို့တိုင်ပင်ပြီးနောက် အိမ်ထောင်မှုကို ကြဉ်ရှောင်ခြင်းဟူသော "ကောမာရီဗြဟ္မစရိယ" သိက္ခာပုဒ်နှင့်တကွ ငါးပါးသီလကို အသက်တမျှ လုံခြုံစွာ စောင့်ထိန်းကြသည်။ ထိုအခါမှစပြီး စိတ်ထားဖြူစင်စွာဖြင့် ဘုရားကိစ္စ, တရားကိစ္စ, သံဃကိစ္စများကိုသာ နေ့မအား, ညမနား ကြီးစားဆောင်ရွက်ကြသည်။ မိမိတို့ ကိုယ်နှင့်အသက်ကို သာသနာတော်တွင်း၌ အပ်နှင်း လှူဒါန်းပြီး အသက်နှစ်သောင်းတိုင်တိုင် နေထိုင်မွေ့လျော်နေခဲ့ကြသည်။

ကောမာရီဗြဟ္မစရိယ အကျင့်ဓာတ်နှင့် မြင့်မြင့်မြတ်မြတ် နေထိုင်ခြင်းဟူ သည်မှာ လွန်စွာမြင့်မြတ်သည့် နေထိုင်ခြင်းမျိုးဖြစ်သည်။ ထိုသို့ နေထိုင်ခြင်းဖြင့် လင်ယောကျ်ား၏ ကျွန်အဖြစ်မှ လွတ်ကင်းရသည်။ သားကျွန်၊ သမီးကျွန်အဖြစ်လည်း မခံစားရ။ ထို့ပြင် မိမိကိုယ်ကို သူတစ်ပါးတို့အား အပိုင်မအပ်နှင်းရခြင်း စသော ဝတ်တရားတို့မှ ကင်းလွတ်သွားကြလေသည်။

ညီအစ်မခုနစ်ဖော်တို့သည် အသက်တမ်းကုန်အောင်နေခဲ့ရပြီး စုတေသော် တာဝတိံသာနတ်ပြည်၌ ကြီးကျယ်မြင့်မြတ်သည့် ချမ်းသာများကို ခံစားစံစားကြရသည်။

## သမဏဂုတ္တာဘဝ

ဣမမှိ ဘဒ္ဒကေကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါ နာမ ဂေါတ္တေန၊ ဥပ္ပဇ္ဇိ ဝဒတံ-ဝရော။

www.burmeseclassic.com

www.burmeseclassic.com



ဣမမှိဘဒ္ဒကေ ကပ္ပေ၊ ဤဘဒ္ဒကပ်ကမ္ဘာ၌။ ဗြဟ္မဗန္ဓု၊ ဗြဟ္မဗန္ဓု ပုဏ္ဏားဇာတ်မှ မြင့်မြတ်စွာဖြစ်ပေါ်၍လာသော။ မဟာယသော၊ တန်ခိုးဂုဏ်ကြီးမား၍ များသော အခြွေအရံ ရှိတော်မူပေထသော။ ဝဒတံ-ဝဒန္တာနံ၊ အမြတ်တရားဟောကြားသော ပုဂ္ဂိုလ်အပေါင်းတို့ထက်။ ဝရော၊ ထူးထူးချွန်ချွန် အလွန်မြင့်မြတ်တော်မူပေသော။ ဂေါတ္တေန၊ အနွယ်တော်အားဖြင့်။ ကဿပေါနာမ၊ ကဿပအမည်တော်ရှိသော။ ဘဂဝါ၊ ဘုန်းတော်သခင်ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ အထင်အရှား ပွင့်ထွန်းတော်မူခဲ့ပါ၏။

ဥပဋ္ဌာကော မဟေသိဿ၊ တဒါ အာသိ နရိဿရော။

ကာသိရာဇာ ကိကီ နာမ၊ ဗာရာဏသိပုရုတ္တမေ။

တဒါ၊ ထိုအခါ၌။ ဗာရာဏသိပုရုတ္တမေ၊ ဗာရာဏသီမြို့တော်မြတ်ကြီး၌။ နရိဿရော၊ လူအပေါင်းတို့ကို အစိုးရသော။ ကိကီနာမ၊ ကိကီအမည်ရှိသော။ ကာသိရာဇာ၊ ကာသိတိုင်းကြီး၏အရှင် ဘုရင်မင်းမြတ်ကြီးသည်။ မဟေသိဿ၊ ကဿပမြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ သာသနာပြုစုရေးဖြင့် အလုပ်အကျွေးဒါယကာကြီးသည်။ အာသိ၊ ဖြစ်လေ၏။

တဿာသိ ဒုတိယာ ဓီတာ၊ သမဏဂုတ္တာသဝှယာ။

ဓမ္မံ သုတွာ ဇိနဂ္ဂဿ၊ ပဗ္ဗဇ္ဇံ သမရောစယိံ။

အဟံ၊ အကျွန်ုပ်သည်။ တဒါ၊ ထိုကဿပ ဘုရားရှင်လက်ထက်တော်အခါ၌။ တဿ၊ ထိုကိကီမင်းတရားကြီး၏။ ဒုတိယာဓီတာ၊ နှစ်ယောက်မြောက်သမီးတော်ဖြစ်သော။ သမဏဂုတ္တာသဝှယာ၊ သမဏဂုတ္တာ အမည်ရှိသော မင်းသမီးသည်။ ဟုတွာ၊ ဖြစ်ခဲ့လေ၍။ ဇိနဂ္ဂဿ၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏။ ဓမ္မံ၊ ဟောကြားမြွက်ဖော် တရားတော်ကို။ သုတွာ၊ ကြိမ်ဖန်များစွာ ကြားနာရသည်ရှိသော်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ သမရောစယိံ၊ ပြချင်သောအားဖြင့် လိုလားနှစ်သက်ခဲ့ပါသည်။

အနုဇာနိ န နော တာတော၊ အဂါရေဝ တဒါမယံ။

ဝီသံဝဿသဟဿာနိ၊ ဝိစရိမှ အတန္ဒိတာ။

www.burmeseclassic.com

www.burmeseclassic.com



တာတော၊ ခမည်းတော် မင်းတရားကြီးသည်။ နော၊ အကျွန်ုပ်တို့အား။ ပဗ္ဗဇ္ဇံ ရဟာန်းအဖြစ်ကို။ နအနုဇာနိ၊ ခွင့်ပြုတော်မမူချေ။ တဒါ-တေန၊ ထိုသို့ ခွင့်မပြုခြင်းကြောင့်။ မယံ၊ အကျွန်ုပ်တို့ သမီးတော် ခုနစ်ဖော်တို့သည်။ အဂါရေဝ၊ နန်းတော်အတွင်း၌သာလျှင်။ ဝီသံ ဝဿသဟဿာနိ၊ အနှစ်-နှစ်သောင်းတို့ပတ်လုံး။ အတန္ဒိတာ၊ ငြီးငွေ့ပျင်းရိခြင်းမရှိကြကုန်ဘဲ။ ဝိစရိမှ၊ ကျင့်ကြံအားထုတ်ကာ နေထိုင်ခဲ့ကြပါသတည်း။

ကောမာရိဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ။

ဗုဒ္ဓုပဋ္ဌာနနိရတာ၊ မုဒိတာ သတ္တ ဓိတရော။

ရာဇကညာ၊ ထီးပျော်နန်းပျော်မင်းကြီး၏ သမီးတော်များ ဖြစ်ကြကုန်သော။ သုခေဓိတာ၊ နန်းဆောင်မြင့်, ခန်းသာဝယ် ချမ်းသာစွာ ကြီးပွား၍ နေကြကုန်သော။ သတ္တဓိတရော၊ အကျော်အမော် သမီးတော်ခုနစ်ဖော်ဖြစ်ကြကုန်သော။ မယံ၊ အကျွန်ုပ်တို့သည်။ မုဒိတာ၊ ညီညွတ်သောစေတနာဖြင့် ဝမ်းသာနှစ်သက်ကြကုန်သည်ဖြစ်၍။ ဗုဒ္ဓုပဋ္ဌာနနိရတာ၊ ဘုရားရှင်ကို ကြည်ညို ခစားမှုအလုပ်ဖြင့် အားထုတ်မွေ့လျော်ကြကုန်လျက်။ ကောမရိဗြဟ္မစရိယံ၊ ကုမ္မာရီရွယ် ငယ်ငယ်ကပင် ချစ်ခင်သူမရှာ စင်ကြယ်စွာသော အကျင့်မြတ်ကို။ ဝိစရိမှ၊ မဖောက်မပြန် ကျင့်ကြံအားထုတ်ခဲ့ကြပါသတည်း။

သမဏီ သမဏဂုတ္တာ စ၊ ဘိက္ခုနီ ဘိက္ခုဒါယိကာ။

ဓမ္မာ စေဝ သုဓမ္မာစ၊ သတ္တမီ သဃံဒါယိကာ။

တဒါ၊ ထိုကဿပဘုရားရှင် လက်ထက်တော်အခါ၌။ သမဏီစ၊ သမဏီမင်းသမီးသည်လည်းကောင်း။ သမဏဂုတ္တာစ၊ သမဏဂုတ္တာမင်းသမီးသည်လည်းကောင်း။ ဘိက္ခုနီစ၊ ဘိက္ခုနီမင်းသမီးသည်လည်းကောင်း။ ဘိက္ခုဒါယိကာစ၊ ဘိက္ခု ဒါယိကာမင်းသမီးသည်လည်းကောင်း။ ဓမ္မာစေဝ၊ ဓမ္မာမင်းသမီးသည်လည်းကောင်း။ သုဓမ္မာစ၊ သုဓမ္မာမင်းသမီးသည် လည်းကောင်း။ သတ္တမီ၊ ခုနစ်ယောက်မြောက်ဖြစ်သော။ သဃာဒါယိကာစ၊ သဃာဒါယိကာ မင်းသမီးသည်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဓိတရော၊ အကျော်အမော်ဖြစ်သော သမီးတော်ခုနစ်ပါးတို့သည်။ အာသိမှ၊ ဖြစ်ခဲ့ဖူးကြပါကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အဟံ ခေမာ စ သပ္ပညာ၊ ပဋာစာရာ စ ကုဏ္ဍလာ။
ကိသာဂေါတမီ ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ။

ဣတ္ထဒါနိ၊ ဤဂေါတမဘုရားရှင် လက်ထက်တော် အခါ၌။ သပ္ပညာ၊ ပညာဂုဏ်နှင့်ပြည့်စုံတော်မူသော။ ခေမာစ၊ အစ်မတော် ခေမာထေရီမြတ်သည်လည်းကောင်း။ အဟံစ၊ အကျွန်ုပ်ဥပ္ပလဝဏ်ထေရီသည် လည်းကောင်း။ ပဋာစာရာစ၊ ပဋာစာရီထေရီသည်လည်းကောင်း။ ကုဏ္ဍလာစ၊ ကုဏ္ဍလ ကေသာထေရီသည်လည်းကောင်း။ ကိသာဂေါတမီစ၊ ကိသာဂေါတမီ ထေရီသည်လည်းကောင်း။ ဓမ္မာဒိန္နာစ၊ ဓမ္မဒိန္နာထေရီသည် လည်းကောင်း။ သတ္တမီ၊ ခုနစ်ယောက်မြောက်သော။ ဝိသာခါစ၊ ဝိသာခါ ကျောင်းအမကြီးသည်လည်းကောင်း။ ဟောတိ၊ ကံအားလျော်စွာ ဖြစ်ပေါ်၍လာခဲ့ပေသတည်း။

ဥပ္ပလဝဏ်ထေရီ၏ လောင်းလျာအမျိုးသမီးသည် ကိကီမင်းကြီး၏ သမီးတော်အဖြစ်မှ စုတေကာ တာဝတိံသာ နတ်ပြည်သို့ရောက်ပြီး နတ်တို့စည်းစိမ်ချမ်းသာကို ကြီးကျယ်စွာ ခံစားရသည်။ ထို့နောက် ကံအကြောင်းအားလျော်စွာ တစ်ခုသော ဘဝဇာတ်တွင် ဗာရာဏသီပြည်ကြီး၌ ပစ္စည်းဥစ္စာမပြည့်စုံဘဲ ဆင်းရဲ နွမ်းပါးသည့်အမျိုး၌ သိမ်ငယ်စွာ ဖြစ်ခဲ့ရပြန်သည်။

ဤသည်မှာ သံသရာတည်းဟူသော ရေအလျင်တွင် ကံကြမ္မာတည်းဟူသော လေနှင်ရာအတိုင်း သတ္တဝါတို့မွေ့တာ မျောမိ, မျောရာ မျောပါနေကြရသည့် သဘောပင်ဖြစ်သည်။

## ပင်ပန်းဆင်းရဲသူ

ဥပ္ပလဝဏ်ထေရီလောင်းလျာ အမျိုးသမီးကလေးသည် ပစ္စည်းဥစ္စာချို့တဲ့သည့်အတွက် အစားအသောက်, အနေအထိုင်မှစ၍ ပင်ပန်းဆင်းရဲစွာ စားသောက်နေထိုင်ရသည်။ တစ်နေ့သောအခါ ဗာရာဏသီ နေပြည်တော်ကြီး၌ ကြတ္တိကာနက္ခတ်သဘင်ပွဲကြီး ကျင်းပသည်။ လူပေါင်းများစွာတို့သည် ဝတ်ပန်းပုဆိုးကို ဝတ်ဆင်ကာ ပျော်ရွှင်စွာ သွားလာနေကြသည်။

16A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



## ဝတ်ပန်းပုဆိုးဝတ်လိုသူ

ဆင်းရဲသူ အမျိုးသမီးကလေးသည်လည်း ဝတ်ပန်းပုဆိုးကို ဝတ်ချင်သော ဆန္ဒရှိသည်နှင့် မိဘတို့ထံသွားကာ "အို. . . မိခင်ဖခင်ကျေးဇူးရှင်တို့၊ သမီးလည်း နက္ခတ်သဘင် ပျော်ရွှင်စွာ သွားလာဆင်နွှဲနေကြသူများကဲ့သို့ ဝတ်ပန်းပုဆိုးကို ဝတ်ဆင်ကာ ပျော်ရွှင်စွာ သွားလာဆင်နွှဲချင်ပါသည်။ ကျွန်မအား ဝတ်ပန်းပုဆိုးတစ်ထည်ကို ပေးသနားတော်မူကြပါ"ဟု ပြောဆိုတောင်းပန်သည်။

ထိုအခါ မိဘများက "အို. . . ချစ်သမီး၊ မိခင် ဖခင်တို့မှာ လွန်စွာ ဆင်းရဲကြပါသည်။ ပြုပြင်ပင်ပန်းစွာ လုပ်ကိုင်နိုင်ပါမှ စားရရုံသာရှိသည်ကို သမီးလည်း သိသည်။ အကယ်၍ ထိုကဲ့သို့သော ဝတ်ပန်းပုဆိုးကို ဝတ်ဆင်လိုပါလျှင် ချစ်သမီးကိုယ်တိုင် သူဌေးကြီးတို့၏အိမ်၌ သုံးနှစ်တိုင်တိုင် ကျွန်ခံ၍ ရရှိသည့် ငွေအသပြာဖြင့် ဝယ်ယူဝတ်ဆင်ပေတော့"ဟု ပြောဆိုကြသည်။

## တစ်ကိုယ်တည်း အိမ်မှထွက်လာခဲ့

ထိုစကားကိုကြားသော် သမီးကလေးသည် ဝတ်ပန်းပုဆိုးကို ဝတ်လိုသောကြောင့် "ကောင်းပါပြီ၊ ဝတ်ပန်းပုဆိုးကို ဝတ်ရအောင် သူဌေးကြီးတို့ အိမ်၌ သုံးနှစ်တိုင်တိုင် ကျွန်ခံပါတော့မည်။ မိဘနှစ်ပါးတို့ကသာ အခွင့်ပေးတော်မူကြပါတော့"ဟု ပြောဆိုခွင့် တောင်းပြီး တစ်ကိုယ်တည်း အိမ်မှ ထွက်လာခဲ့သည်။ မိဘများကလည်း ပစ္စည်းနွမ်းပါး၍ သမီး၏အလိုဆန္ဒ ပြည့်ဝပါစေဟု သဘောထားကာ တားမြစ်ခြင်းမပြုဘဲ ခွင့်လွှတ်လိုက်ကြသည်။

ဆင်းရဲသူ အမျိုးသမီးကလေးသည် သူဌေးကြီးတစ်ဦး၏အိမ်သို့ သိမ်ငယ်သော မျက်နှာဖြင့် ဝင်ရောက်ပြီး "အရှင်သူဌေးမင်း၊ ကျွန်တော်မကို သုံးနှစ်တိုင်တိုင် ခိုင်းစေတော်မူပါ။ ခိုင်းစေတော်မူသမျှကို မသွေမလွန်နာခံ၍ ပြုလုပ်ဆောင်ရွက်ပါမည်။ သုံးနှစ်စေ့မြောက်သောအခါ ကျွန်တော်မအား ကောင်းမွန်သည့် ဝတ်ပန်းပုဆိုးတစ်ထည်ကိုသာ ပေးသနားပါ"ဟု ပြောဆိုပြီး မိမိကိုယ်ကို အပ်နှင်းကာ ကျွန်အဖြစ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ကလည်း သူငယ်မကလေး၏ သိမ်သိမ်မွေ့မွေ့ အသွင်နှင့် ယဉ်ကျေးသောအမူအရာကို မြင်ကြ၍ ကြင်နာသနား ကရုဏာပွားသဖြင့် ကောင်းမွန်စွာ လက်ခံထားသည်။ သင့်တော်သည့် အလုပ်ကိစ္စများကိုသာ စေခိုင်းကြသည်။ ဆင်းရဲသူမကလေးလည်း ခိုင်းစေသမျှကို နာခံပြီး ကျိုးကျိုးနွံနွံ ဖိဖိစီးစီး လုပ်ပေးသည်။ ကိုယ်သက်သာအောင် တိမ်းရှောင်ခိုကပ်မှုကို မပြုလုပ်ခဲ့ပေ။

## သုံးနှစ်မတိုင်ခင် ဝတ်ပန်းပုဆိုးပေးပြီ

ဤကဲ့သို့ အမှုကိစ္စတို့ကို ရိုသေစွာနှင့် ကျိုးကျိုးနွံနွံ လုပ်ကိုင်၍လာခဲ့ရာ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က ဆင်းရဲသူမကလေး၏ ရိုးဖြောင့်မှုသဘောကို သိရှိကြသဖြင့် ကရုဏာ ညှာတာ သနားစိတ်ဖြစ်ပေါ်လာပြီး သုံးနှစ်မတိုင်မီ အိမ်မှလွှတ်၍ ဝတ်ပန်းပုဆိုးကို ပေးလိုက်ရန် ကြံစည်ကြသည်။

ထို့နောက် အစေခံမကလေးကိုခေါ်ယူကာ "ချစ်သမီး၊ သင်သည်ကား လူကောင်းစင်စစ်မှ ကျွန်ဖြစ်လာရပါသည်။ အမိန့်သြဝါဒကိုနာခံတတ်ပြီး ရိုးသားဖြောင့်မတ်ခြင်းလည်းရှိသည်။ သင်သည် ပစ္စည်းဥစ္စာမဲ့၍ ဆင်းရဲခြင်းဖြစ်သော်လည်း စိတ်ထားမြင့်မြတ်သူအမျိုးသမီးဖြစ်သည်။ သင့်ကို သုံးနှစ်စေ့အောင် မခိုင်းလိုတော့ပါ။ သင်အလိုရှိသော ဝတ်ပန်းပုဆိုး အစုံကိုယူပြီး သင့်မိဘထံသို့ ပြန်သွားပေတော့"ဟု ပြောဆိုကာ အမျိုးသမီးကလေးကို ဝတ်ပန်းပုဆိုးတစ်စုံကိုပေးပြီး ကျွန်အဖြစ်မှ လွှတ်လိုက်ကြသည်။

## မိဘထံပြန်ခဲ့ပြီ

ဆင်းရဲသူမကလေးသည် မိမိလိုချင်သည့် ဝတ်ပန်းပုဆိုးလည်းရ၊ ကျွန်ဘဝမှလည်း လွတ်မြောက်သဖြင့် ဝမ်းသာစွာဖြင့် သူဌေးကြီးများကို ရိုသေစွာ ကန်တော့ကာ မိဘတို့ထံသို့ ပြန်လာခဲ့သည်။

မိမိတို့ ရပ်ရွာနှင့် မနီးမဝေး တောအုပ်တစ်ခုအတွင်းသို့ရောက်သော် ကြည်လင်အေးမြ၍ ကြာပန်းတို့ဖြင့် ပြည့်ဖုံးလျက်ရှိသော ရေကန်တစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသည်။ ထိုအခါ မိန်းကလေး၏စိတ်တွင် "ငါ့မှာ ကျွန်အဖြစ် နေခဲ့ရသည့်ကာလ အတော်ကလေးကြာသွားပြီ။ ကျွန်ရုပ်ကျွန်သွေးနှင့် လူမွေးလူရောင် မပြောင်ဘဲနေခဲ့ရသမျှကို သည်တန်ထဲမှာဆင်း၍ ရေချိုးခြင်းအားဖြင့် ဆေးလျှော်ပစ်လိုက်မည်။ ပြီးသော် ကြည်ကြည်လင်လင် ငါ့ရုပ်သွင်ကို ဝတ်ပန်းပုဆိုးဖြင့် ဆင်ယင်ကာ မိခင်ဖခင်တို့အား မျက်နှာပြမည်"ဟု ကြံစည်ပြီး ဝတ်ပန်းပုဆိုးထုပ်ကလေးကို ကန်ဘောင်ရိုးပေါ်မှာထားလျက် ရေကန်တွင်းသို့ သက်ဆင်းကာ ရေချိုးသည်။

ထိုမိန်းကလေး ရေချိုးပြီး ဝတ်ပန်းပုဆိုးကို ဝတ်တော့မည်ဟု ပြင်ဆင်နေစဉ် ကိုယ်ကို သစ်ခက်, သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းထားသည့် ရဟန္တာတစ်ပါးကို ဖူးမြင်လိုက်ရသည်။

## ရဟန္တာကို လုယက်သူ

ကဿပ ဘုရားရှင်၏ သာသနာတော် အနှောင်းပိုင်းတွင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသည့် ထိုပုဂ္ဂိုလ်မြတ်တစ်ပါးသည် တောလမ်းခရီးဖြင့် ခရီးဒေသစာရီ ကြွတော်မူခဲ့ရာ အလွန်ယုတ်မာလှသည့် တောပုန်းဓားပြများက ထိုအရှင်မြတ်၏ သင်္ကန်းအစုံကို တိုက်ခိုက်လုယက်ကြသည်။ ထို့ကြောင့် ရဟန္တာအရှင်မြတ်ကြီးသည် သင်္ကန်းအစား ကိုယ်ကို သစ်ခက်, သစ်ရွက်များဖြင့် ဖုံးလွှမ်းကာ ကြွလာတော်မူခြင်း ဖြစ်ပေသည်။

အမျိုးသမီးကလေးကလည်း ရေချိုးအပြီး ဝတ်ပန်းပုဆိုးကို ဝတ်ဆင်ရန် ပြင်ဆင်နေစဉ် ရဟန္တာအရှင်မြတ်ကြီးကို မြင်သည်နှင့် "ဩော် . . . သည်ပုဂ္ဂိုလ်မြတ်ကြီးမှာ သင်္ကန်းမရှိ၍ သစ်ခက်, သစ်ရွက်ကို ဝတ်ရုံဖုံးလွှမ်းကာ ကြွလာခြင်း ဖြစ်တန်ရာသည်။ ယခုအခါ ငါ့အတွက် အခွင့်သာခဲ့ပြီ။ ငါသည် ရှေးရှေးဘဝက ဒါနကုသိုလ်နည်းပါးခဲ့၍ ယခုဘဝတွင် သူဆင်းရဲမျိုး၌ ဖြစ်ရသည်။ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့တိုင်အောင် ဝတ်ပန်းပုဆိုး တစ်ထည်ကိုမျှ မဝတ်ရဘဲ ချို့တဲ့ရသည်။ သည်ဘဝမှာလည်း ဒါနနည်းခဲ့ပြန်လျှင် နောင်သံသရာတွင် ပို၍ပင် ဆင်းရဲလိမ့်မည်။ ကျွန်ခံ၍ရခဲ့သော ဝတ်ပန်းပုဆိုးကို ဝတ်ဆင်လိုသော်လည်း မိမိကိုယ်တိုင် မဝတ်ဆင်ဘဲ သင်္ကန်းမရှိသူ အရှင်မြတ်ကြီးအား လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့အံ့"ဟု ကြံစည်ဆုံးဖြတ်ပြီး ရဟန္တာအရှင်မြတ်၏ထံပါးသို့ ဝပ်တွား ချဉ်းကပ်လျက် ဝတ်ပန်းပုဆိုးအစုံကို လှူဒါန်းလိုက်သည်။

ရဟန္တာအရှင်မြတ်ကလည်း လှူဒါန်းသည့်အဝတ်ကို ခံယူတော်မူပြီး ဆိတ်ကွယ်ရာဌာန၌ ဖုံးလွှမ်းလာခဲ့သော သစ်ခက်, သစ်ရွက်တို့ကို ဖယ်ရှားခဲ့ပြီး ဝတ်ပန်းပုဆိုးအစုံကို ဝတ်ရုံတော်မူကာ အမျိုးသမီးကလေးအနီး ကြွလာတော်မူသည်။

## ဆုတောင်းခဲ့ပြီ

ဝတ်ပန်းပုဆိုးကို သင်္ကန်းအမှတ်ဖြင့် ဝတ်ရုံတော်မူလိုက်သော ရဟန္တာအရှင်မြတ်ကြီးသည် ကြည်ညိုဖွယ်ဖြစ်လာသည်။ ထို့နောက် အမျိုးသမီးကလေးသည် ရဟန္တာအရှင်မြတ်ကြီးထံ ဤသို့ ဆုတောင်းသည်။ "အရှင်ဘုရား၊ ဤဝတ်ပန်းပုဆိုးကို လှူဒါန်းရသော စေတနာကြောင့် နောင်ဖြစ်လေရာရာ ဘဝတိုင်း၌ အမျိုးသမီးတကာတို့ထက် ကဲလွန်၍ မွန်မြင့်တင့်တယ်နှစ်သက်ဖွယ်ရှိသော အရောင်အဆင်းကို ရရပါလို၏။ ပုထုဇဉ်ယောက်ျား အမျိုးသားများ တပည့်တော်မကိုမြင်ခဲ့ပါလျှင် တွယ်တာနှစ်သက် စုံမက်တိမ်းညွတ်သတိလွတ်လျက် ရူးသွပ်သည့် ဝေဒနာကြောင့် မေ့လျော့ယစ်မူးကြပါစေဘုရား"ဟု ဆုတောင်းခဲ့သည်။

ရဟန္တာရှင်မြတ်ကြီးကလည်း အမျိုးသမီးကလေးနှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အနုမောဒနာတရားကို မိန့်ကြားတော်မူပြီး ခရီးဒေသစာရီ ဆက်လက် ကြွချီတော်မူသည်။

သူဆင်းရဲမကလေး မိဘတို့အိမ်သို့ ပြန်ရောက်လာသော် သူ၏ မိဘများအား အကြောင်းစုံတို့ကိုပြောကြား၍ မိမိလှူဒါန်းခဲ့သော ကုသိုလ်ဒါနကို အမျှပေးဝေသည်။ မိဘများကလည်း အားရဝမ်းမြောက်စွာ သာဓုခေါ်ကြသည်။

## ကုသိုလ်ကြောင့် တာဝတိံသာရောက်ရပြီ

ထိုအမျိုးသမီး သူဆင်းရဲမကလေးသည် မိမိလှူဒါန်းခဲ့သည့် ဒါနစေတနာကို အစဉ်မပြတ် သတိရ တွေးတောဆင်ခြင်ကာ ကြည်နူးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝမှ အသက်အတိုင်းနေ၍ စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစား စံစားရပြန်သည်။

## သူဌေးသမီးဥမ္မာဒန္တီဘဝ

ထိုနတ်သမီးဘဝမှ သက်တမ်းကျွေ၍ စုတေခဲ့ပြီးသော် သိဝိတိုင်း အရိဋ္ဌပုရမြို့ကြီးဝယ် ကုဋေရှစ်ဆယ်ကြွယ်သူ 'တိရိဋိဝစ္ဆ' မည်သော သူဌေးကြီး၏ သမီးရတနာ 'ဥမ္မာဒန္တီ' အဖြစ်သို့ ရောက်ရှိမွေးဖွားလာခဲ့သည်။

တတော စုတာ' ရိဋ္ဌပုရေ၊ ဇာတာ ဝိပ္ပကုလေ အဟံ။
ဓီတာ တိရိဋိဝစ္ဆဿ၊ ဥမ္မာဒေန္တီ မနောဟရော။

တတော၊ ထိုတာဝတိံသာနတ်ပြည်မှ။ စုတာ၊ သက်တမ်းကျွေ၍ စုတေခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ အရိဋ္ဌပုရေ၊ အရိဋ္ဌပုရ နေပြည်တော်ကြီး၌။ ဝိပ္ပကုလေ၊ ကြွယ်ဝသော ပုဏ္ဏား သူဌေးအမျိုး၌။ ဇာတာ၊ ဖြစ်ပွားပေါ် ပေါက်၍လာခဲ့ပါသတည်း။ တိရိဋိဝစ္ဆဿ၊ တိရိဋိဝစ္ဆအမည်ရှိသော သူဌေးကြီး၏။ ဓီတာ၊ ရင်သွေးရတနာ သမီးကညာသည်။ ဟုတွာ၊ ဖြစ်၍။ မနောဟရာ၊ အဆင်းဂုဏ်အားဖြင့် ယောကျ်ားတို့၏စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သော။ ဥမ္မာ ဒန္တီ၊ ဥမ္မာ ဒန္တီ အမည်ရှိသော အမျိုးသမီးသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

## ဗုဒ္ဓလောင်းလျာ သိဝိမင်းကြီး

ကဿပဘုရားရှင်၏ သာသနာတော် ကွယ်ပပြီးနောက် ဂေါတမ ဘုရားရှင်ပွင့်တော်မမူမီ ခေတ်ကာလအတွင်း၌ သိဝိတိုင်း အရိဋ္ဌပူရမည်သော မြို့တော်ကြီးတွင် ဂေါတမရှင်တော်ဘုရားလောင်းလျာသည် သိဝိမင်းကြီးဖြစ်ခဲ့ရဖူးသည်။ ထိုမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ စိုးစံအုပ်ချုပ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရိဋ္ဌပူရ နေပြည်တော်ကြီး၌ ကုဋေရှစ်ဆယ်ကြွယ်ဝသူ 'တိရိဋိဝစ္ဆ' အမည်ရှိသူဌေးကြီးတစ်ဦးရှိခဲ့သည်။ ထိုသူဌေးကြီး၌ ကံထူးချွန်၍ အလွန်မြင့်မြတ်သူ သမီးရတနာကလေး တစ်ယောက်လည်းရှိသည်။ သမီးရတနာကလေးသည် ရုပ်ဆင်းအင်္ဂါ လက္ခဏာအားဖြင့် လူလောက်မက နတ်တမျှ နီးနီးလှပသည်။ မွေးဖွားစဉ်အခါမှစပြီး မြင်မြင်သမျှ လူအများတို့က အံ့အားသင့်စွာ ငေးစိုက်ပြီး လှိုက်လှိုက်လှဲလှဲ ချီးမွမ်းကြရသူဖြစ်သည်။

## ဆုတောင်းခဲ့ခြင်း၏ အကျိုး

သူမကို မြင်ကြရသူယောကျ်ားသူသည် ပကတိစိတ်ဖြင့် မရပ်တည်နိုင်ကြဘဲ အချစ်တဏှာပြီးပြွမ်း၍ ငမ်းငမ်းထသည့် စိတ်ဓာတ်ကြောင့် မရပ်နိုင်၊ မတည်နိုင်။ သောကဗျာပွေ မူးမေ့ကြရသည်အထိ လှပသူဖြစ်သည်။ ရှေးဘဝက ဝတ်ပန်းပုဆိုး လှူဒါန်းပြီး ရည်မှန်းဆုတောင်းခဲ့သည့် စေတနာ အဟုန်ကြောင့် သည်ပုံ, သည် နည်းအတိုင်း အကျိုးပေးရခြင်းဖြစ်သည်။

မိခင်, ဖခင် သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က သမီးရတနာကို အမည်သညာပေးကြသောအခါ 'ဥမ္မာဒန္တီ' ဟု အမည်ပေးကြသည်။ ထို အမည်သညာ၏ အဓိပ္ပာယ်မှာ ရှုမြင်ကြသူယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်ကာ မူးရူးအောင်ပြုတတ်သူဟူ၍ ဖြစ်သည်။

ထိုဥမ္မာဒန္တီ သူဌေးသမီးသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဆံပင်ဖျားမှ ခြေဖဝါးသို့တိုင်အောင် မှဲ့တစ်စက်မျှမရှိဘဲ အလုံးစုံ အပြစ်ကင်း၍ ဝါဝင်းထိန်ပြောင်ကိုယ်ရောင် တလျှပ်လျှပ်နှင့် မြင့်မြတ်သူ သမီးကညာတစ်ဦးဖြစ်လာခဲ့သည်။ ယောကျ်ားမှန်သမျှ ဥမ္မာဒန္တီကို မြင်ကြရပါလျှင် သေရည်

[ပဿန္တာနံ ပုရိသာနံ စိတ္တံ ဥမ္မာ ဒေတီတိ ဥမ္မာဒန္တီ။ ယာ၊ အကြင်သတို့သမီးသည်။ ပဿန္တာနံ၊ မိမိကိုရှုမြင်ကြကုန်သော။ ပုရိသာနံ၊ ယောကျ်ားတကာတို့၏။ စိတ္တံ၊ စိတ်နှလုံးကို။ ဥမ္မာဒေတိ၊ မရပ်မတည် ဝတ်ပတ်လည်အောင် မူးရူးစေနိုင်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုအမျိုးသမီးသည်။ ဥမ္မာဒန္တီ၊ ဥမ္မာဒန္တီမည်၏။ ဥမ္မာဒန္တီတု အမည်ရင်းဖြစ်သော်လည်း အခေါ်ရလွယ်စေရန် ဥမ္မာဒန္တီဟု ခေါ်ဝေါ်ရေးသားကြသည်။]

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြူး၍ ယစ်မူးခြင်းကဲ့သို့ ယစ်မူးမပြေနိုင်ဖြစ်ကြရသည်။ အိမ်ထောင်ပြုချိန်ရောက်သော် အဘိပါရက စစ်သူကြီးနှင့် အိမ်ထောင်ပြုခဲ့ရသည်။

## လယ်သမားသမီး ဘဝ

ဥမ္မာဒန္တီ သူဌေးသမီးဘဝမှ စုတေပြန်သော် ရွာငယ်တစ်ခုတွင် လယ်သမားကြီးတစ်ဦး၏ သမီးဖြစ်လာရပြန်သည်။ တစ်နေ့သ၌ ထိုသူငယ်မသည် လယ်လုပ်တဲသို့ သွားလတ်သော် လမ်းခရီးအကြား ရေအိုင်တစ်အိုင်၌ နံနက်စောစော ပွင့်၍နေသော ပဒုမာကြာပန်းကို မြင်တွေ့ရသဖြင့် ရေအိုင်သို့ ဆင်းသက်ကာ ထိုပဒုမာ ကြာပန်းကို လည်းကောင်း ပေါက်ပေါက်ထည့်ရန် ပဒုမာကြာရွက်ကိုလည်းကောင်း ခူးယူခဲ့သည်။ လယ်တဲသို့ ရောက်သောအခါ သလေးနှံတို့ကို ရိတ်ဖြတ်ပြီးလျှင် ပေါက်ပေါက်တို့ကို လှော်သည်။ ပေါက်ပေါက်ပွင့်ပေါင်း ငါးရာစေ့အောင် ရေတွက်၍ လှော်သည်။

ထိုခဏ၌ပင် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်ဝင်စားတော်မူရာမှ ထတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးသည် သူငယ်မ၏ မနီးမဝေး၌ ကြွရပ်တော်မူလာ၏။

## ပေါက်ပေါက်ပွင့် လှူခဲ့သူ

သူငယ်မသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်လိုက်ရလျှင်ပင် ကြည်ညိုသဒ္ဓါ ထက်သန်လာသဖြင့် ပေါက်ပေါက်ပွင့်တို့နှင့် ပဒုမာကြာပန်းကိုယူခဲ့ပြီး ပေါက်ပေါက်ပွင့်ကို အရှင်မြတ်၏သပိတ်အတွင်း၌ လောင်းထည့်ပြီးလျှင် ပဒုမာကြာပန်းဖြင့် ဖုံးအုပ်၍ လှူဒါန်းလိုက်သည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွသွားတော်မူပြီးနောက် ခရီးအတန်ငယ်ရောက်သော် သူငယ်မ၏စိတ်တွင် "ရဟန်းတို့မည်သည် ပန်းကို အလိုမရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြကုန်။ ငါသည် ပန်းကို ပြန်ယူပြီး ပန်ဆင်အံ့”ဟု ကြံစည်လျက် ပစ္စေကဗုဒ္ဓါထံ လိုက်သွားသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်အတွင်းမှ ပန်းကို ပြန် တောင်းယူပြီးနောက် တစ်ဖန် “ဩော် . . . အကယ်၍သာ အရှင်ပစ္စေက ဗုဒ္ဓါသည် ငါလှူသည့်ပန်းကို အလိုတော်မရှိခဲ့လျှင် လှူစဉ်ကပင် သပိတ်ထက်၌ တင်ထားခွင့်ပေးလိမ့်မည် မဟုတ်၊ မချွတ်ဧကန်ပင် အရှင်ပစ္စေကဗုဒ္ဓါသည် ငါလှူသည့်ပန်းကို အလိုရှိတော်ပေလိမ့်မည်” ဟု ကြံစည်မိပြန်သဖြင့် တစ်ဖန် သွားရောက်၍ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထက်၌ ပဒုမာကြာပန်းကို တင်လှူ ပြန်လေသည်။*

## သူငယ်မ၏ ဆုတောင်း

ထိုသို့ ပဒုမာကြာပန်းကို ပြန်လှူကာ အရှင်ပစ္စေကဗုဒ္ဓါကို ဝန်ချတောင်း ပန်ကန်တော့ပြီးလျှင် “အရှင်ဘုရား၊ ဤပေါက်ပေါက်ပွင့်များ လှူဒါန်းရသော အကျိုးဆက်ကြောင့် တပည့်တော်မမှာ ဤပေါက်ပေါက်ပွင့်များ အရေအတွက် နှင့်အမျှ ရင်ငွေ့သည်းချာ သားရတနာများ ဖြစ်ထွန်းပါစေသတည်း။ ** ထို့ပြင် လည်း ပဒုမာကြာပန်းလှူဒါန်းရသော အကျိုးဆက်ကြောင့် ဖြစ်လေရာ ဘုံဌာန ၌ တပည့်တော်မ၏ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမ္မာကြာပန်းတို့သည် မြေမှ ပေါ်ထွက်လာကြပါစေသတည်း”ဟု ဆုတောင်းပတ္ထနာပြုလေ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ထိုသူငယ်မ ကြည့်ရှုနေစဉ်ပင် ကောင်းကင်ခရီး ဖြင့် ဂန္ဓမာဒနတောင်သို့ကြွတော်မူလျက် ထိုပဒုမာကြာပန်းကိုနန္ဒမူလိုဏ်၌အရှင် ပစ္စေကဗုဒ္ဓါတို့ နင်းကြွရာ လှေကားရင်းဝယ် ခြေသုတ်ပြုဂုံကာထားတော်မူ‌လေ၏။

---

* [ဤသို့ ပြုမူခြင်းသည် လှူရာ၌ အပရစေတနာပျက်သည့်သဘောဖြစ်၍ အကျိုးပေး မကောင်း ဖြစ်တတ်သည်ကို နောက်ပိုင်း၌ တွေ့ရမည်။]

** ဥပ္ပလဝဏ္ဏာ ထေရီအပဒါန် အလိုအားဖြင့် လယ်စောင့်အမျိုးသမီး ပေါက်ပေါက်ပွင့်နှင့် ကြာပန်းလှူ၍ ဆုတောင်းမှုပြုသည့်အခါ လယ်စောင့်အမျိုးသား ငါးရာတို့ကလည်း အရှင်ပစ္စေက ဗုဒ္ဓါအား ပျားရည်တိုလှူကြ၍ ထိုသူငယ်မ၏ သားငါးရာတို့ ဖြစ်ကြရပါလိုကြောင်း ဆုတောင်း ပတ္ထနာပြုကြသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



## နတ်သမီးဘဝ

ထိုကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ထိုသူငယ်မသည် ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်ရပြန်လေသည်။ နတ်ပြည်၌ဖြစ်သောအချိန်မှ စ၍ ထို နတ်သမီး ခြေလှမ်းတိုင်း လှမ်းတိုင်း၌ ကြီးစွာသော ပဒုမာကြာပန်းသည် ထွက်ပေါ်လာကာ နတ်သမီး၏ခြေအောက်၌ ခံလျှာလေ၏။

ထိုနတ်သမီးသည် ထိုဘဝမှ စုတေသော် လူ့ပြည်လောကသို့ ရောက်ရှိလာရသည်။ တစ်ခုသော တောင်ခြေ၏အနီး ပဒုမာကြာအိုင်ကြီးအတွင်းရှိ ကြာဖူးကြီးအတွင်း၌ သံသေဒဇ ပဋိသန္ဓေနေရပြန်ကာ လူဖြစ်လာရပြန်သည်။

## ကြာပန်းကိုရသေ့ကမြင်သော်

ရသေ့တစ်ပါးသည် ထိုကြာအိုင်ကို အမှီပြု၍ နေထိုင်၏။ ရသေ့သည် နံနက်စောစော မျက်နှာသစ်ရန် ကြာအိုင်သို့ သွားလတ်သော် ထူးခြားသည့် ပဒုမာကြာဖူးကြီးကို မြင်သဖြင့် 'ဤကြာဖူးသည် အခြား ကြာဖူးများထက် အထူးသဖြင့် ကြီး၏။ အခြားကြာဖူးတို့မှာ ပွင့်ကြ၍ ဤကြာဖူးကြီးမှာမူ ငုံလျက်သာ တည်ရှိနေ၏။ ထိုသို့ဖြစ်ရာ၌ အကြောင်းထူးဧကန်ရှိရမည်"ဟု ကြံလျက် ရေအိုင်သို့ဆင်းကာ ထိုပဒုမာကြာငုံဖူးကြီးကို ဆွတ်ယူလေ၏။

## ကြာပန်းအတွင်းမှ အမျိုးသမီး

ထိုကြာငုံဖူးကြီးသည် ရှင်ရသေ့ ဆွတ်ခူးလိုက်လျှင်ပင် ပွင့်အာ၍ လာလေ၏။ ရှင်ရသေ့သည် ပဒုမာကြာဖူးအတွင်း၌ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သတို့သမီးငယ်ကို တွေ့မြင်ရလေ၏။ ထိုမိန်းကလေးငယ်ကို တွေ့မြင်သည့်အချိန်မှအစပြုကာ ရှင်ရသေ့၏စိတ်တွင် သမီးဟူသော ချစ်ခြင်းမေတ္တာသည် ဖြစ်ပေါ်လာသည်။ ထို့နောက် ပဒုမာကြာပန်းနှင့်တကွ သတို့သမီးငယ်ကို မိမိရသေ့ကျောင်းသို့ ယူဆောင်လာပြီး ခုတင်ငယ်၌ သိပ်၍ထားလေ၏။ သတို့သမီးငယ်ကလေး နို့ဆာ၍ ငိုကြွေးသည့်အခါ သူငယ်မကလေး၏ ကုသိုလ်အာနုဘော်ကြောင့် ရှင်ရသေ့၏ လက်ညှိုး၌ နို့ရည်အယဉ်ဖြစ်ကာ ထွက်၍ လာလေ၏။ ရှင်ရသေ့သည် ထိုပဒုမာကြာပန်း ညှိုးနွမ်းလေလျှင် အခြား

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းအသစ်ကို ခူးယူ၍ သတို့သမီးကို ထိုကြာပန်းအသစ်၌ သိပ်၍ ထားလေ၏။

ထို့နောက် သတို့သမီးငယ် ပြေးကာလွှားကာ ကစားနိုင်သောအချိန်မှစ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပဒုမာကြာပန်းသည် အဆန်းတကြယ် မြေမှပေါ် ထွက်ကာ သတို့သမီးငယ်၏ ခြေဖဝါးအောက်၌ ခံလှာလေ၏။ ထိုသတို့သမီး ငယ်၏ ကိုယ်ရေအဆင်းသည်လည်း ကုက်ိမံ = မာလာကျိုကျူ ပန်းအစုအပုံ၏ အဆင်းကဲ့သို့ အလွန်လျှင် တင့်တယ်လှပ၏။ သတို့သမီးငယ်သည် လူမက နတ်မမှီ လှပသူကလေး ဖြစ်လာလေ၏။

## ပဒုမဝတီ

ထိုသတို့သမီးငယ်ကို ပဒုမာကြာပန်းမှ ဖွားအပ်သောကြောင့် ဖခင် ရှင်ရသေ့က 'ပဒုမဝတီ' ဟု အမည်ပညတ် မှည့်ခေါ်လေသည်။ ပဒုမဝတီသည် ဖခင်ရှင်ရသေ့ သစ်သီးရှာရန် တောသို့သွားလျှင် သင်္ခမ်းကျောင်း၌ တစ်ဦး တည်းသာ ကျန်ရစ်နေရရှာ၏။

## ရသေ့ကျောင်းသို့ မုဆိုးရောက်လာ

တစ်နေ့သ၌ ဖခင် ရှင်ရသေ့ သစ်သီးရှာရန် တောသို့သွားခိုက် မုဆိုး တစ်ယောက် သင်္ခမ်းကျောင်းသို့ ရောက်ရှိလာသည်။ ပဒုမဝတီ သတို့သမီးကို တွေ့မြင်ရလေလျှင် "လူသားမှန်လျှင် ဤမျှတင့်တယ်လှပသော အဆင်းမရှိ နိုင်ချေ။ ဤသတို့သမီးအကြောင်းကို ငါသိအောင် စုံစမ်းဦးအံ့"ဟု ကြံစည်လျက် ရှင်ရသေ့ပြန်လာချိန်ကို စောင့်မျှော်လျက် ရသေ့သင်္ခမ်းကျောင်း၌ပင် ထိုင်စောင့် နေလေ၏။

ပဒုမဝတီသတို့သမီးသည် ဖခင်ရှင်ရသေ့ တောမှပြန်လာလျှင် သွား ရောက် ဆီးကြိုသည်။ ရှင်ရသေ့၏ လက်မှ ထမ်းပိုး, ရေကရား စသည်တို့ကို ယူငင်၏။ သင်္ခမ်းကျောင်းသို့ ရောက်သော် ဖခင်ရှင်ရသေ့အတွက် သူပြုရမည့် ဝတ်တရားများကို ကျေပွန်အောင် ပြုလုပ်ဆောင်ရွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မုဆိုးသည် သူမြင်တွေ့ရသူသတို့သမီးမှာ လူစင်စစ်ဖြစ်ကြောင်း သိလေ၏။ ရှင်ရသေ့သည် မုဆိုးကို တောသစ်သီး ကြီးငယ်, သောက်ရေတို့ဖြင့် တိုက်ကျွေး ဧည့်ခံသည်။ ထို့နောက် "အမောင်ယောကျ်ား၊ သင်သည် ဤတော အရပ်၌ပင် နေမည်လော၊ သို့မဟုတ် ပြန်သွားမည်လော"ဟု မေးလေ၏။

ထိုအခါ မုဆိုးက "ပြန်သွားပါမည် အရှင်ဘုရား၊ ဤတောအရပ်၌နေရန် အကြောင်းမရှိပါ"ဟု ပြန်ကြားပြောဆိုသည်။ ရသေ့က "ဤယခု သင်တွေ့မြင်ခဲ့ရသည့် အကြောင်းအရာတို့ကို ဤတောအရပ်မှမြို့သို့ ပြန်ရောက်သောအခါ မည်သူ့ကိုမျှ မပြောဆိုဘဲနေနိုင်ပါမည်လော"ဟု ထပ်မံ၍ မေးပြန်လေ၏။

## မုဆိုးပြန်ပြီ

မုဆိုးက "အကယ်၍ အရှင်မြတ်က အလိုမရှိလျှင် တပည့်တော်သည် မည်သူ့ကိုမျှ မပြောဆိုပါဘုရား"ဟု နှစ်သက်အောင် ပြောကြားလျက် ရသေ့ကို ရှိခိုးပြီး ပြန်သွားလေသည်။ မုဆိုးသည် လမ်းခရီးကို မှတ်မိစိမ့်သောငှာ သစ်ခက်, သစ်ပင်တို့၏ အနေအထားကို ကောင်းစွာ မှတ်သားထားလေသည်။

## ဗာရာဏသီသို့ ပြန်ရောက်သော်

မုဆိုးသည် ဗာရာဏသီပြည်သို့ ပြန်ရောက်လျှင်ရောက်ချင်း မိမိ တွေ့မြင်ခဲ့ရသော မိန်းကလေးအကြောင်းကို မင်းကြီးအား သွားရောက်လျှောက်ထားလေ၏။

## မင်းကြီးလိုက်သွားပြီ

မင်းကြီးသည် မုဆိုး၏စကားကို ကြားရပြီးနောက် လျင်မြန်စွာပင် တောင်ခြေသို့ သွားရောက်သည်။ ရသေ့ကျောင်းနှင့် မနီးမဝေးအရပ်၌ ယာယီ သစ်ခက်, နန်း တည်ဆောက်သည်။ မုဆိုးနှင့် အခြားမင်းချင်း ယောကျ်ားများကို ခေါ်ဆောင်ကာ ရသေ့ကျောင်းသို့သွားသည်။

မင်းကြီးသည် ရသေ့အတွက် ယူဆောင်လာခဲ့သော ရသေ့တို့၏ ပရိက္ခရာများကို ရသေ့၏ခြေရင်း၌ထားပြီးလျှင် "အရှင်ဘုရား ဤတောအရပ်၌

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် နေနေရပါသနည်း၊. သွားကြပါစို့” ဟု အကဲစမ်းစကား ပြောကြားလေ၏။ ရသေ့က “မင်းကြီး၊ သင်မင်းကြီးတို့သာ သွားကြပါကုန်”ဟု ပြောဆိုလေသော် မင်းကြီးက ရသေ့ကို “အရှင်ဘုရား၊ ကောင်းလှပါပြီ။ တပည့်တော် ပြန်သွားပါတော့မည်။ အထူးသဖြင့် အရှင်ဘုရား၏အနီး၌ မာတုဂါမ တည်းဟူသော ဝိသဘာဂပရိသတ်ရှိသည်ဟု တပည့်တော် ကြားသိရပါသည်။ ဤမာတုဂါမဟူသော ဝိသဘာဂပရိသတ်သည် ရသေ့ရဟန်းတို့နှင့် မသင့် လျော်ပါ ဘုရား။ ထိုမာတုဂါမကို တပည့်တော်တို့နှင့်အတူ လိုက်ပါစေချင် ပါသည်”ဟု တိုက်ရိုက်ပင် လျှောက်ကြားလေ၏။

## မိဖုရားအရာ ထားငါမည်

ရသေ့က “တကာတော်မင်းကြီး၊ လူတို့၏ စိတ်,သည် ကျေနပ်ရောင့်ရဲမှု ရှိစေရန် ခဲယဉ်းလှပါ၏။ ငါ့သမီးသည် အဘယ်သို့လျှင် မင်း,မောင်းမ, မိဖုရားတို့ အလယ်၌ မည်သို့ နေတတ်ပါလိမ့်မည်နည်း။ နေတတ်လိမ့်မည် မထင်ပါ”ဟု စိုးရိမ်စကား ပြောကြားသည်။ ထိုအခါ မင်းကြီးက ရှင်ရသေ့ စိတ်ချစေရန် ‘အရှင်ဘုရား တပည့်တော်သည် ဤမိန်းကလေးကို မင်းမောင်းမတို့၏ အကြီး အကဲ မိဖုရားကြီးအရာ၌ထားကာ ပြုစုစောင့်ရှောက်ပါမည်”ဟု ဖြေသိမ့်စကား ပြန်လည်ပြောကြားခဲ့သည်။

ရသေ့သည် မင်းကြီး၏စကားကို ကြားရလေလျှင် ငယ်စဉ်အခါက မှည့် ခေါ်အပ်သော အမည်အတိုင်း “ချစ်သမီး ပဒုမဝတီ”ဟု သမီးကို ခေါ်လိုက် လေ၏။ ပဒုမဝတီ သတို့သမီးသည် စကားတစ်ခွန်းတည်းဖြင့်ပင် သင်္ခမ်း ကျောင်းမှ ထွက်ခဲ့၍ ဖခင်ရှင်ရသေ့ကို ရှိခိုးပြီးလျှင် ရပ်တည်နေလေ၏။

ဖခင်ရသေ့ကြီးက မိန်းကလေးကို “ချစ်သမီး၊ သင် ချစ်သမီးသည် အရွယ်သို့ရောက်ပြီ။ ယခုအချိန်မှစ၍ ဤကျောင်းသင်္ခမ်း၌ နေခြင်းငှာ မသင့် လျော်တော့ချေ။ မင်းကြီးနှင့် အတူတကွသာလျှင် လိုက်ပါသွားလော့ ချစ်သမီး” ဟု ပြောကြားလေ၏။

## ရသေ့ရှေ့၌ပင် အဘိသိက်သွန်းပေးပြီ

ပဒုမဝတီသည် ဖခင်ရသေ့ကြီး၏ စကားကို မငြင်းမဆန် ဝန်ခံလျက် မျက်ရည်စက်လက်ဖြင့် ရပ်လျက်သာ ဆက်၍နေလေ၏။ ဗာရာဏသီမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ဤပဒုမဝတီ သတို့သမီး၏ ဖခင်ရသေ့စိတ်ကို ငါ ဆွဲဆောင်ယူအံ့ဟု ကြံစည်ကာ ထိုနေရာ၌ပင်လျှင် ပဒုမဝတီကို ရွှေငွေအသပြာ ရတနာအစုအပုံကို တင်ထားပြီး အဘိသိက်သွန်းကာ မိဖုရားကြီးအဖြစ် တင်မြှောက်ပေးလေ၏။

ထို့နောက် မင်းကြီးသည် ပဒုမဝတီမိဖုရားကို နန်းတော်သို့ ခေါ်ဆောင်သွားသည်။ ထိုအချိန်မှအစပြု၍ ကျန်သော မောင်းမ မိဿံ, မိဖုရားတို့ကို မင်းကြီးသည် ကြည့်ရှုမျှပင် မကြည့်တော့ဘဲ ပဒုမဝတီမိဖုရားနှင့်သာလျှင် မွေ့လျော်ပျော်ပိုက်၍နေလေ၏။

## မနာလိုဖြစ်ကာ ဘီလူးမဟု ပြောကြပြီ

အခြားနန်းတွင်းသူတို့သည်လည်း ပဒုမဝတီ မိဖုရားကြီးအပေါ် မနာလိုခြင်း ပြင်းစွာဖြစ်ကြသည်။ ပဒုမဝတီမိဖုရားနှင့် မင်းကြီးတို့၏ ချစ်ခင်မှု ပျက်စေရန် ကုန်းတိုက်စကား အမြဲတစေ လျှောက်ထားကြသည်။ "အရှင်မင်းကြီး၊ ဤပဒုမဝတီသည် လူသားစင်စစ်မဟုတ်ပါ။ အရှင်မင်းကြီး၊ အဘယ်အရပ်ဒေသ၌ လူသားတို့ လှည့်လည်သွားလာရာ ဖဝါးအောက်၌ ပဒုမာကြာပန်းတို့ အဆန်းတကြယ် ပေါ်လာသည်ကို မြင်ဖူးပါသနည်း။ မချွတ်ဧကန်ပင် ဤပဒုမဝတီသည် ဘီလူးမဖြစ်နိုင်ပါ၏။ ပဒုမဝတီကို ရွှေနန်းတော်မှ အမြန်နှင်ထုတ်တော်မူပါ အရှင်မင်းကြီး"ဟု လျှောက်ထားကြလေ၏။ မင်းကြီးသည် နန်းတွင်းသူတို့၏ စကားကိုကြားသော်လည်း ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

နန်းတွင်းသူတို့က မည်သို့ပင် မလိုစကား ပြောကြားကြသော်လည်း မင်းကြီးသည် ပဒုမဝတီ မိဖုရားကြီးကို ဆထက်ထမ်းပိုး တိုးလို့သာ အကြင်နာပိုခဲ့သည်။ ဤသို့ဖြင့် မကြာမီပင် မိဖုရားကြီးတွင် နှုတ်ငုံသန္ဓေ ရှိလာပေပြီ။ ပဒုမဝတီ မိဖုရားကြီး ကိုယ်ဝန်ရင့်လာသည့်အချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်မင် ဗာရာဏသီမင်းကြီးသည် တိုင်းစွန်ပြည်ဖျား ပစ္စန္တရစ်အရပ်၌ သူပုန်သူကန် ထကြွသဖြင့် စစ်ချီခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခွင့်ကောင်းရပြီ

ထိုအခါ နန်းတွင်းသူ မိဖုရားငယ်တို့အတွက် အခွင့်ကောင်းကို ရရှိသွားကြသည်။ ပဒုမဝတီမိဖုရားကြီး၏ အလုပ်အကျွေး မိန်းမတို့အား တံစိုးလက်ဆောင်ပေးပြီးလျှင် ပဒုမဝတီမိဖုရား သား ဖွားပြီးလျှင်ပြီးချင်း ကလေးငယ်ကို အခြားသို့ ဖယ်ရှားထားရန်နှင့် သစ်တုံးတစ်ခုကို သွေးဖြင့် သုတ်လိမ်းကာ ပဒုမဝတီ၏အနီး၌ ထားပါဟု ပြောဆိုထားကြလေ၏။

## သွေးစက်၌ သန္ဓေတည်ခဲ့သူလူသားများ

ပဒုမဝတီမိဖုရားသည်လည်း မကြာမီပင် သားတော်များကို မီးရှူးသန့်စင် ဖွားမြင်ခြင်းဖြစ်လေ၏။ မဟာပဒုမမင်းသား တစ်ဦးသာလျှင် မယ်တော့်ဝမ်းရေကို အမှီပြု၍ ပဋိသန္ဓေ တည်နေခဲ့ရသည်။ အခြားသော လေးရာ့ကိုးဆယ်ကိုးယောက်သော သူငယ်မင်းသားတို့ကား မဟာပဒုမမင်းသား မယ်တော့်ဝမ်းမှ ဖွားမြင်ပြီးနောက် မောပန်း၍ လျောင်းစက်နေစဉ် ယိုစီးကျသော သွေးစက်၌ သန္ဓေမှီလျက် သံသေဒဇ ပဋိသန္ဓေဖြင့် လူဖြစ်လာသူများ ဖြစ်သည်။

## သစ်တုံးကိုသွေးလိမ်းပြီးကြုတ်၌ထည့်ကာ

ပဒုမဝတီမိဖုရား၏ အလုပ်အကျွေး ဝမ်းဆွဲသည်မိန်းမသည် မိဖုရားကြီး သတိမရသေးသည်ကို သိရှိကာ သစ်သားတုံးတစ်ခုကို သွေးဖြင့် သုတ်လိမ်းလျက် ပဒုမဝတီမိဖုရား၏အနီး၌ထားသည်။ ထို့နောက် အခြား မိဖုရားငယ်ငါးရာတို့အား ပဒုမဝတီမိဖုရားကြီး သားဖွားပြီဖြစ်ကြောင်း အသိပေးလေ၏။ ထိုမိဖုရားငယ်ငါးရာလုံးတို့သည် တစ်ယောက်တစ်ယောက်လျှင် သံသေဒဇ မင်းသား [သွေးစက်ဖြင့် သန္ဓေတည်နေခဲ့သူ] တစ်ယောက်စီ တစ်ယောက်စီကို ဝှက်ယူကြပြီး ပွတ်သမားတို့ထံ လူလွှတ်ကာ ကြုတ်အလုံးငါးရာတို့ကို ယူဆောင်ခဲ့ကြစေသည်။ ထို့နောက် မိမိတို့ ဆောင်ယူခဲ့သော မင်းသားငယ်တို့ကို ကြုတ်၌ ထည့်၍ အမှတ်အသား ပြုလုပ်ထားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမဝတီမိဖုရားကြီး ပြန်လည်သတိရလာသော် အလုပ်အကျွေး ဝမ်းဆွဲသည်မိန်းမကို "အို. . . အမိ၊ အသို့နည်း၊ ငါသည် မီးရှူးသန့်စင် ဖွားမြင်ပြီးပြီလော"ဟု မေးလေ၏။ အလုပ်အကျွေး ဝမ်းဆွဲသည် မိန်းမယုတ်သည် ပဒုမဝတီမိဖုရားကို ခြိမ်းခြောက်စကားပြောကြားကာ ဤသည်ပင် ရှင်မိဖုရား၏ဝမ်းမှ ဖွားသော သူငယ်တည်းဟု ပြောဆိုပြီးလျှင် မိမိ စီမံထားသည့် သွေးသုတ်လိမ်းထားသော သစ်သားတုံးကို ပဒုမဝတီမိဖုရားကြီး ရှေ့၌ ချပြလေ၏။

ပဒုမဝတီမိဖုရားသည် ထိုသစ်သားတုံးကိုမြင်သော် နှလုံးမသာမယာဖြစ်ကာ "အမိ၊ ထိုသစ်သားတုံးကို ခွဲစိတ်၍ လျင်မြန်စွာ ဖယ်ရှားပစ်ပါလော့၊ အကယ်၍ တစ်ဦးတစ်ယောက်မြင်သွားလျှင် ရှက်ဖွယ်ရာသာ ဖြစ်လေရာ၏"ဟု ဝမ်းနည်းစကား ပြောကြားလေသည်။ အလုပ်အကျွေး ဝမ်းဆွဲသည် မိန်းမယုတ်သည် မိဖုရား၏စကားကိုကြားရသောအခါ ပဒုမဝတီမိဖုရားကို လိုလားသူကဲ့သို့ ဟန်ဆောင်လျက် သစ်သားတုံးကိုခွဲစိတ်ကာ မီးဖိုအတွင်းသို့ ပစ်ချလိုက်လေ၏။

## အထင်လွဲကာ ပဒုမဝတီကို နှင်ပြီ

မင်းကြီးသည်လည်း ပစ္စန္တရစ်အရပ်မှ ပြန်လာပြီးနောက် နက္ခတ်အချိန်ကောင်းကို စောင့်ဆိုင်းငံ့လင့်ကာ မြို့ပြင်ပ၌ ယာယီတဲနန်း ဆောက်လုပ်စံမြန်းနေသည်။ ထိုစဉ် မိဖုရားငယ်ငါးရာတို့သည် မင်းကြီးအား ခရီးဦးကြိုလာရောက်ကြလျက် "အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ကျွန်တော်မျိုးမတို့၏ လျှောက်ထားချက်ကို ယုံကြည်တော်မမူခဲ့ချေ။ ယခု အရှင်မင်းကြီး၏ အမြတ်နိုးဆုံး မိဖုရား ပဒုမဝတီသည် သစ်သားတုံးကြီးကို မီးဖွားခဲ့ပါပြီ။ ကျွန်တော်မျိုးမတို့၏ လျှောက်ထားချက်ကို မင်းကြီး ယုံကြည်တော်မမူလျှင် ပဒုမဝတီ မိဖုရားကြီး၏ အလုပ်အကျွေး ဝမ်းဆွဲသည် မိန်းမကိုခေါ်၍ မေးမြန်းတော်မူပါ"ဟု ကုန်းချောစကား ပြောကြားကြလေ၏။

မင်းကြီးသည် အကြောင်းစုံကို မမေးမမြန်း မစူးစမ်းမဆင်ခြင်ဘဲ ပဒုမဝတီမိဖုရားကို နန်းတော်မှ နှင်ထုတ်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ကြာပန်းလှူပြီး ပြန်ယူခဲ့ခြင်း၏ဆိုးကျိုး

မီးဖွားပြီးစ သွေးနုသားနုဖြစ်သော ပဒုမဝတီသည် ရွှေနန်းတော်မှ ထွက်ရသည်ဆိုလျှင်ပင် ခြေလှမ်းတိုင်းလှမ်းတိုင်း၌ ပဒုမာကြာပန်းတို့ မခံကြတော့ပေ။ ကိုယ်ရေအဆင်းသည်လည်း ယိုယွင်းမဖာက်ပြန် အကျည်းတန်၍သွားလေ၏။ ဤသို့ ဖြစ်ရသည်မှာ ပစ္စေကဗုဒ္ဓါအား ကြာပန်းလှူခဲ့ပြီး ပြန်ယူမိသောကြောင့် ဖြစ်၏။ အလှူဒါနပြုပြီးနောက် ဖြစ်ပေါ်လာသော အပရ စေတနာ မကောင်းခဲ့မှု၏ အကျိုးတရား ဖြစ်သည်။

## ခိုကိုးရာမဲ့သွားလာနေစဉ်

ပဒုမဝတီသည် ခိုကိုးရာမဲ့ဖြစ်လျက် လမ်းခရီးအကြား၌ တစ်ယောက်တည်း သွားနေလေ၏။ ထိုအခါ အရွယ်ယွင်းယို အမယ်အိုတစ်ယောက်သည် ပဒုမဝတီကို တွေ့မြင်ရလျှင် သမီးဟူသော ချစ်ခြင်းမေတ္တာ သွေးဆောင်လာသဖြင့် "သမီး အဘယ်သို့ သွားမည်နည်း"ဟု မေးလေ၏။

## အမယ်အိုက ခေါ်ပြီးကျွေးမွေးထားပြီ

ပဒုမဝတီက "အို. . မိခင်၊ ကျွန်တော်မကား ခိုကိုးရာမဲ့နေသူ ညှိုးသည် ဖြစ်ပါသည်။ နားခိုရာ နေရာဌာနကို ရလိုရငြား ရှာဖွေနေမိပါသည်"ဟု ပြောဆိုလေသည်။ အမယ်အိုသည် ပဒုမဝတီ၏ စကားကိုကြားသော် "သမီး၊ ထိုသို့ ဖြစ်လျှင် အမေ့အိမ်သို့ လိုက်ခဲ့လော့"ဟု ပြောဆိုခေါ်ဆောင်ကာ နားခိုရာ နေရာထိုင်ခင်းအပြင် အစားအစာပါ ကျွေးမွေး၍ထားလေ၏။

## မြစ်စောင့်နတ်ကို အသိပေးကြစို့

ထိုအချိန်၌ မိဖုရားငယ်ငါးရာတို့သည် မင်းကြီးကို "အရှင်မင်းကြီး၊ အရှင်မင်းကြီးတို့ စစ်ထိုးသွားတော်မူကြစဉ် ကျွန်တော်မျိုးမတို့သည် ဂင်္ဂါမြစ်စောင့်နတ်အား မင်းကြီးစစ်အောင်နိုင်၍ ပြန်လာလျှင် ပူဇော်မှုကိုပြု၍ ရေကစားကြပါကုန်အံ့"ဟု ဆုတောင်းပန်ထွာမှု ပြုလုပ်ထားပါသည်။ အရှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၊ အရှင်မင်းကြီးတို့ စစ်အောင်မြင်သည့် အကြောင်းကို ဂင်္ဂါမြစ်စောင့်နတ်ကို အသိပေး ပူဇော်ကြပါစို့”ဟု လျှောက်ထားပြောဆိုကြလေ၏။

မင်းကြီးသည် မိဖုရားငယ်တို့၏ လျှောက်ထားချက်ကို လက်ခံကာ ဂင်္ဂါမြစ်၌ ရေကစားရန် သွားရောက်လေ၏။

## ကြုတ်များပိုက်ကွန်၌ မိနေ

မိဖုရားငယ် ငါးရာတို့သည်လည်း မိမိတို့ယူခဲ့သော ကြုတ်များကို အပေါ်ရုံဘာကိအောက်၌ ဖုံးလွှမ်းကာ သယ်ဆောင်ခဲ့ကြသည်။ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်ကြလျှင် အပေါ်ရုံကိုယ်ဝတ်များကို ခြုံလျက်ရုံလျက်ပင် ရေ၌ ခုန်ဆင်းကြပြီး ကြုတ်တို့ကို ရေ၌ မျှောလိုက်ကြလေ၏။ ကြုတ်ငါးရာတို့သည် ရေထဲ၌ မျောပါကြလျက် ရေအောက်တွင် ဖြန့်ကြက်ကာရံထားအပ်သော ပိုက်ကွန်၌ ငြိတွယ်၍ နေကြလေကုန်၏။

## ထူးဆန်း၍ မင်းကြီးထံဆက်သ

ရေကစားပြီးသောအခါ ပိုက်ကွန်ကို ရုပ်သိမ်းလိုက်ကြသည်။ ထိုအခါ ပိုက်ကွန်၌ ငြိတွယ်နေ ကြုတ်တို့ကို အထူးအဆန်းသဖွယ် တွေ့ရ၍ မင်းကြီးထံသို့ ပို့ဆက်ကြလေကုန်၏။ မင်းကြီးက ကြုတ်တို့ကိုမြင်သော် “အမောင်တို့၊ ဤကြုတ်များအထဲ၌ အဘယ်ပစ္စည်းပါရှိသနည်း”ဟု မေး၏။ မင်းမှုထမ်းတို့က “အရှင်မင်းကြီး၊ အကျွန်ုပ်တို့ မသိကြပါ။ ပိုက်ကွန်တွင် ထူးဆန်းစွာ ငြိတွယ်နေသည်ကို တွေ့ရှိ၍ ဆက်သကြခြင်း ဖြစ်ပါသည်”ဟု လျှောက်ထားကြလေ၏။

မင်းကြီးသည် ကြုတ်များကို ဖွင့်စေ၍ ကြည့်ရှုလတ်သော် အထဲ၌ ဖွားမြင်ကာစ ကလေးများကို တွေ့ရသည်။

## ကြုတ်အတွင်းမှ သိကြားမင်း၏စာ

မင်းသား ငါးရာတို့ကို ကြုတ်အတွင်း၌ ထည့်သည့်နေ့မှာပင် မင်းသားတို့၏ လက်မမှ နို့ရည်များ ယိုစီးဖြစ်ပွားလာသဖြင့် မင်းသားငယ်လေးများ

www.burmeseclassic.com

www.burmeseclassic.com



မထရီ – ပဒုမဝတီက အမယ်အိုအား ဆင်ထက်မှ အသပြာထောင်ထုပ်ကို သွားယူရန်ပြောကြားနေစဉ် 

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အတွက် အာဟာရကိစ္စ ပြီးစီးကြရလေသည်။ ထို့ပြင် သိကြားနတ်မင်းသည် ကြုတ်များအတွင်း၌ "ဤမင်းသားတို့ကား ပဒုမဝတီမိဖုရားကြီး မွေးဖွားခဲ့သည့် ဗာရာဏသီမင်းကြီး၏ သားတော်များဖြစ်ကြသည်။ ပဒုမဝတီမိဖုရားကို မလိုလားကြသူ ရန်သူမိဖုရားငယ်ငါးရာတို့က မိဖုရားကြီး၏ သားတော်များကို ကြုတ်၌ထည့်၍ ရေ၌မျှောလိုက်ကြကုန်ပြီ။ ဗာရာဏသီမင်းကြီးသည် ဤအကြောင်းကို သိစေသတည်း"ဟူ၍ စာကို ရေးသားထည့်သွင်းခဲ့လေသည်။

## သိကြားမင်း၏စာကို မင်းကြီးတွေ့ပြီ

မင်းကြီးသည် ထိုစာကို ဖတ်ပြီးသော် မဟာပဒုမမင်းသားကို မင်းကြီးကိုယ်တိုင် ပွေ့ချီသည်။ ထို့နောက်မှ "အချင်းတို့၊ ရထားတို့ကို အလျင်အမြန် ကကြကုန်လော့၊ မြင်းတော်တို့ကို တန်ဆာဆင်ကြကုန်လော့၊ ငါသည် ယနေ့ပင် မြို့တွင်းနန်းတော်သို့ ပြန်ကြွမည်" နန်းတော်သို့ရောက်သော် "အကြင်သူသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ရ၏။ ထိုသူသည် ဤအသပြာတစ်ထောင်ကို ယူလော့"ဟု ဆင်ပေါ်တွင် အသပြာတစ်ထောင်ကို တင်၍ စည်လည်စေလေ၏။

## အသပြာထောင်ထုပ်ကိုယူပါ

ထိုသို့ စည်လည်သောအသံကို ကြားရသော် ပဒုမဝတီသည် အမယ်အိုအား "အို . . မိခင်၊ ဆင်တော်ထက်မှ အသပြာထောင်ထုပ်ကို ယူလိုက်ပါလော့"ဟု ပြောဆို အသိပေးလေ၏။ အမယ်အိုက "သမီး၊ ငါ မယူဝံ့ပါ"ဟု ပြောဆိုသော် ပဒုမဝတီက နှစ်ကြိမ်၊ သုံးကြိမ် ထပ်၍ ထပ်၍ယူရန် ပြောဆိုလေလျှင် အမယ်အိုသည် "သမီး၊ အဘယ်သို့ ပြော၍ ယူလိုက်ရမည်နည်း"ဟု မေးလေ၏။

ပဒုမဝတီက "အို . . . မိခင်၊ ငါ့သမီးသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ခဲ့ရ၏ဟုပြော၍ ယူလိုက်ပါလော့" ဟု ဆို၏။ အမယ်အိုသည် ဖြစ်ချင်ရာ ဖြစ်စေတော့ဟု အောက်မေ့ကာ မင်းချင်းတို့ စည်လည်ရာသို့သွားလျက် အသပြာထောင်ထုပ်ကို တောင်းယူလေ၏။ မင်း၏လူများက "အို . . . အဖွား၊ အဖွား

www.burmeseclassic.com

www.burmeseclassic.com



သည် ပဒုမဝတီမိဖုရားကို တွေ့မြင်ဘူးသလော”ဟု မေးကြလျှင် အမယ်အိုက “ငါကား မတွေ့မြင်ဘူးပါ၊ ငါ့သမီးသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ဘူး၏” ဟု ပြန်လည် ဖြေကြားလေ၏။

## မိဖုရားကို ပြန်တွေ့ပြီ

မင်းမှုထမ်းတို့သည် “အို. . . အဖွား၊ အဖွား၏ သမီးသည် ယခုအခါ အဘယ်မှာရှိသနည်း”ဟု မေးမြန်းပြီး အမယ်အိုနှင့်အတူ မိဖုရားရှိသည့် နေရာသို့ လိုက်ပါလာကြလေ၏။ အဖွားအို၏ အိမ်ရောက်သော် ပဒုမဝတီ မိဖုရားကို တွေ့ရသဖြင့် မင်းမှုထမ်းတို့သည် မိဖုရား၏ ခြေရင်း၌ ရှိသေစွာ ဝပ်စင်းနေကြလေသည်။

ထိုအခါကျမှပင် အမယ်အိုသည် မိမိ စောင့်ရှောက်ထားသူ အမျိုးသမီးကား ပဒုမဝတီမိဖုရားတည်းဟု သိရှိသွားပြီး မင်းကြီး၏မိဖုရားကြီးဖြစ်ပါလျက် ဤငါ့အိမ်၌ အစောင့်ကင်းမဲ့စွာ နေရရှာဘိ၏ဟု သနားကရုဏာစိတ်ဖြင့် ဒေါသစကားကို ပြောဆိုမိလေ၏။

## မိဖုရားထံ ရွှေထမ်းစင်ပို့လိုက်ပြီ

မင်းချင်းယောကျ်ားတို့သည်လည်း ပဒုမဝတီမိဖုရား တည်းခိုနေထိုင်သော အိမ်ကို ထင်းတိမ်ကန့်လန့်ကာ အဖြူထည်တို့ဖြင့် ဝန်းရံပိတ်ဆီးကာ တံခါး၌ အစောင့်ချထားပြီး မင်းကြီးအား အကြောင်းစုံကို ပြန်ကြားလျှောက်ထားကြလေကုန်၏။ ထိုအခါ မင်းကြီးသည် မိဖုရားထံ ရွှေထမ်းစင်ကို ပို့သစေ၏။

ပဒုမဝတီမိဖုရားက “ငါသည် ဤကဲ့သို့ မထင်မရှားသော အသွင်ဖြင့် နန်းတော်သို့ မလိုက်ပါနိုင်။ ငါနေထိုင်ရာ ဤအိမ်မှ ရွှေနန်းတော်တိုင်အောင် မွှန်မြတ်ဆန်းကြယ်သော အခင်းတို့ကို ခင်းထားစေ။ ထို့ပြင် ရွှေ ကြယ်တို့ဖြင့် ဆန်းကြယ်သော ပိတ်သားမျက်နှာကြက်ကို အမိုးအဖြစ်တင်စေမည်။ ဝတ်စား ဆင်ယင်ရန် မိဖုရားတို့ အဆင်တန်ဆာ အလုံးစုံတို့ကိုလည်း ငါ့ထံ ပို့ပေးရမည်။ ထို့နောက် ငါသည် ရွှေနန်းတော်သို့ ခြေလျင်ခရီးဖြင့် လိုက်ပါအံ့၊ ဤနည်းဖြင့် ငါ၏စည်းစိမ်ချမ်းသာကို မြို့သူမြို့သားတို့ မြင်ကြရလိမ့်မည်”ဟု ပြောဆို လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပြန်ဖို့ပြင်ပြီ

မင်းကြီးကလည်း 'ပဒုမဝတီမိဖုရား၏ အလိုဆန္ဒအတိုင်း ပြုလုပ်စိမ့်ကြလော့'ဟု အမိန့်တော် ချမှတ်လိုက်သည်။ ပဒုမဝတီမိဖုရားကြီးသည် အလုံးစုံသော အဆင်တန်ဆာတို့ကို တန်ဆာဆင်ပြီးလျှင် ရွှေနန်းတော်သို့ ခြေလျင်ခရီးဖြင့် လိုက်ပါရန် စတင်ပြင်ဆင်လေ၏။

## ကုသိုလ်အကျိုးပြန်ခံစားရပြီ

ရွှေနန်းတော်သို့ အပြန်ခရီး စတင်သည်နှင့် တစ်ပြိုင်နက် ပဒုမဝတီမိဖုရားကြီး ခြေဖြင့်နင်းတိုင်း နင်းတိုင်းသော နေရာတိုင်း၌ အခင်းကို ဖောက်ခွဲကာ ပဒုမာကြာပန်းတို့သည် အဆန်းတကြယ် မြေမှ ထွက်ပေါ်လာကြကုန်၏။ ဤသည်မှာ ရှေးကပြုခဲ့ဖူးသော ကုသိုလ်၏အကျိုးကို ပြန်လည် ခံစားရခြင်းဖြစ်သည်။

ပဒုမဝတီသည် ရွှေနန်းတော်သို့ရောက်ပြီးသော် မွန်မြတ်ဆန်းကြယ်သည့် အခင်းအားလုံးကို အမယ်အိုအား ကျေးဇူးကို ဆပ်သည့်အနေဖြင့် ပေးစေလေ၏။

## သဘောထားကြီးမြတ်ပုံ

မင်းကြီးသည်လည်း မိဖုရားငယ်ငါးရာတို့ကို ခေါ်၍ ပဒုမဝတီမိဖုရားကို "ရှင်မိဖုရား၊ ဤမိဖုရားငယ်ငါးရာတို့ကို ရှင်မ၏ ကျွန်များအဖြစ် ငါပေး၏"ဟု ပြောဆိုလေ၏။ ပဒုမဝတီမိဖုရားက ကောင်းပါပြီ အရှင်မင်းကြီး၊ ဤမင်းမိန်းမ မိဖုရားငယ်ငါးရာတို့ကို ကျွန်တော်မအား ပေးအပ်ကြောင်းကို မြို့သူမြို့သားအားလုံးတို့အား အသိပေးတော်မူပါဟု လျှောက်ထားသည်။ မင်းကြီးသည် "ပဒုမဝတီမိဖုရားအား ပြစ်မှားကြသည့် မိဖုရား, မောင်းမငယ် ငါးရာတို့ကို ပဒုမဝတီမိဖုရား၏ ကျွန်များအဖြစ် ငါပေးအပ်ထားပြီ"ဟု စည်လည်စေ၏။

ထိုနောက် ပဒုမဝတီမိဖုရားကြီးသည် မင်းကြီးပေးအပ်ထားသည့် မင်းမိန်းမ မိဖုရားငယ်ငါးရာတို့ကို ကျွန်မအဖြစ်မှ လွှတ်လိုက်ပြီဟု တစ်ဖန် စည်လည်စေပြန်သည်။ ပဒုမဝတီမိဖုရားသည် ထိုမင်းမိန်းမ မိဖုရားငယ်

www.burmeseclassic.com

www.burmeseclassic.com



ငါးရာတို့အား ကျွန်မအဖြစ်မှ လွှတ်ပြီးသော် မင်းသား လေးရာ့ကိုးဆယ့်ကိုးယောက်တို့ကို ထိုမိဖုရား၊ မောင်းမတို့၏လက်၌ ပြုစုကျွေးမွေးရန် အပ်နှံပေးပြီးလျှင် ကိုယ်တိုင်ကမူ မဟာပဒုမမင်းသားကိုသာလျှင် ယူလေ၏။

## မင်းသားတို့ကစားရန်

ထို့နောက် မင်းသားငါးရာတို့ မြူးတူးပျော်ပါးကစားသည့်အရွယ်သို့ ရောက်လတ်သော် ခမည်းတော်မင်းကြီးသည် မင်းသားတို့ကစားရန် မင်္ဂလာဥယျာဉ်တော်အတွင်း၌ ကစားကွင်း အမျိုးမျိုးနှင့် ပဒုမာကြာပန်းအပြည့် ဖုံးအုပ်လျက်ရှိသော မင်္ဂလာရေကန်ကြီးကို တူးဖော်စေသည်။

## ဝိပဿနာပွားများကြပြီ

မဟာပဒုမ မင်းသားနှင့်တကွ သားတော်ငါးရာတို့သည် ဥယျာဉ်တော်သို့ မကြာခဏ လာရောက်၍ ပျော်ရွှင်မြူးတူး ဆော့ကစားလာကြရာ သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ပင် ရောက်ရှိလာခဲ့ပေပြီ။ တစ်နေ့သ၌ သားတော် ငါးရာတို့ ဥယျာဉ်တော်၌ ပျော်ရွှင်စွာ ကစားမြူးတူးနေကြစဉ် နံနက်ခင်းအချိန်က ငွားငွားစွင့်စွင့် ပွင့်လန်း၍နေကြသော ပဒုမာကြာပန်းတို့သည် ညနေခင်း နေရင့်လာသည့်အခါ ဦးခေါင်းငိုက်၍ ညှိုးနွမ်းသွားကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်၏။ ထိုသို့ ကြာပန်းများ ငုံရာမှပွင့်၊ ပွင့်ရာမှ ညှိုးလျော်ကြွေကျ ပျက်စီးကြရသည့် သဘာဝကို မင်းသားတို့ သတိပြု ဆင်ခြင်မိရာမှ အတည်မမြဲ ဖောက်လွဲတတ်သော အနိစ္စသဘောကို ဆင်ခြင်သုံးသပ်မိကြသည်။ ထိုသို့ သုံးသပ်ဆင်ခြင်မိရာမှ ဝိပဿနာပွားများကြသည်။

## ပစ္စေကဗုဒ္ဓါဖြစ်ကြပြီ

'ကံနှင့်မသိ၊ မြေအဆီနှင့်၊ ရေသီတာငွေ့၊ ဥတုအတွေ့ကြောင့်၊ ဓလေ့ပွင့်ဆန်း၊ ဤကြာပန်းသို့၊ ညှိုးနွမ်းရင့်ကာ၊ ကြွေကျပါအောင်၊ ဇရာရန်ဘေး၊ ရောက်တုံသေး၏။ လေးရပ်ကြောင်းစု၊ ပေါင်း၍ပြုသား၊ နုဖပ်ရွှန်းစို၊ ငါတို့ကိုယ်သို့၊ ထိုကြောက်ဖွယ်ရာ၊ ဘေးဇရာကား၊ ဘယ်မှာမရောက်၊ ရှိတုံ

www.burmeseclassic.com

www.burmeseclassic.com



မြောက်လိမ့်။ ညှိုးခြောက်ယွင်းယို၊ ငါတို့ကိုယ်လည်း၊ ထိုကြာပန်းသွင်၊ တစ်နေ့တွင်၌၊ ရွှေ့စင်လျှောကျ၊ မြေသို့ခမည်၊ မုချမချွတ်ပါတကား’ ဟု ဝိပဿနာကမ္မဋ္ဌာန်း အာရုံကိုယူကြပြီး ရုပ်, နာမ် ဓမ္မ သင်္ခါရကို လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်ပွားများကြရာမှ ပစ္စေကဗောဓိဉာဏ်ကို ရကြသည်။

မင်းသားတို့အား လိုက်ပါစောင့်ရှောက်ရသည့် မင်းချင်းယောက်ျားတို့သည် နေ့အချိန် ကုန်လွန်သွားသဖြင့် “အရှင့်သားတို့ ရွှေနန်းတော်သို့ ပြန်ရန်အချိန်တန်ပါပြီ”ဟု လျှောက်တင်ကြလေကုန်၏။ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် အဖြေမပေးဘဲ ဆိတ်ဆိတ်သာလျှင်နေတော်မူကြလေကုန်၏။ ထိုအခါမင်းချင်းယောက်ျားတို့သည် ရွှေနန်းတော်သို့ သွားကြပြီးလျှင် ဗာရာဏသီပြည့်ရှင် ခမည်းတော်မင်းကြီးအား သားတော်များအကြောင်းကို လျှောက်ထားကြလေ၏။

ခမည်းတော်မင်းကြီးက “ငါ၏ သားတော်များအား သူတို့ နှစ်သက်သလိုနေပါစေ”ဟု အမိန့်တော်မြွက်မှတ်လေ၏။

## နန်းတော်ပြန်ချိန်ရောက်ပါပြီ

မင်းသားပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် တစ်ညဉ့်ပတ်လုံးအစောင့်များခြံရံလျက် ပဒုမာကြာချပ်ထက်၌ နေအရုဏ်တက်သည့်တိုင်ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကြကုန်၏။ မင်းချင်းယောက်ျားတို့သည်သားတော်တို့၏ အဖြစ်မှန်ကို မသိကြသေးသဖြင့် အနီးသို့ ချဉ်းကပ်ကြကာ“အရှင်မင်းသားတို့၊ ရွှေနန်းတော်သို့ပြန်ချိန်ကို နှိုင်းချိန်ဆင်ခြင် သိမြင်တော်မူကြပါကုန်လော့”ဟု လျှောက်တင်ကြလေ၏။ မင်းသား ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့က “အို. . . ဒါယကာတို့ ငါတို့ကား မင်းသားတို့ မဟုတ်ကြကုန်၊ ပစ္စေကဗုဒ္ဓါများ ဖြစ်ကြကုန်၏”ဟု မိန့်ဆိုကြလေလျှင် မင်းချင်းယောက်ျားတို့က အရှင်တို့၊ အရှင်တို့သည် အလွန် ဝန်လေးသောစကားကိုပြောကြားကြကုန်၏။ ပစ္စေကဗုဒ္ဓါတို့မည်သည် အရှင်တို့ကဲ့သို့ မဟုတ်ပါကုန်။ပစ္စေကဗုဒ္ဓါတို့သည် လက်နှစ်သစ်မျှသော ဆံ, မုတ်ဆိတ်ကိုသာ ဆောင်ကြထားကြကုန်လျက် ကိုယ်၌ ပရိက္ခရာရှစ်ပါးတို့ ဆင်မြန်းဝတ်ရုံပြီး ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်တို့မှာမူ ဆံ, မုတ်ဆိတ်လည်း ထားလျက်။ မင်းသားတို့ အဆင်တန်ဆာတို့ကိုလည်း ကိုယ်၌ဝတ်ဆင်ထားသဖြင့် အဘယ်မှာ ပစ္စေကဗုဒ္ဓါတို့ ဖြစ်နိုင်ကုန်အံ့နည်း"ဟု မိမိတို့ သိကြသလောက် ရိုးရိုးဝင် ပြောဆိုလျှောက်ထားကြလေကုန်၏။

## ကောင်းကင်ခရီးဖြင့်ကြွကြပြီ

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် လက်ယာလက်ဖြင့် မိမိတို့၏ ဦးခေါင်းကို သုံးသပ်လိုက်ကြလေ၏။ ထိုခဏမှာပင် လူ့အသွင်ကွယ်ပျောက်ကာ ပရိက္ခရာရှစ်ပါးတို့ ကိုယ်၌ ဝတ်ရုံဆင်မြန်းပြီးသား ဖြစ်ကြလေကုန်၏။ ထို့နောက်မှ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် လူအများ ကြည့်ရှုနေစဉ်ပင် ကောင်းကင်ခရီးဖြင့် နန္ဒမူလိုဏ်ဂူသို့ ကြွတော်မူကြလေကုန်၏။

ပစ္စေကဗုဒ္ဓါတို့၏ မယ်တော် ပဒုမဝတီမိဖုရားမှာ မိမိ၏သားတော်များအားလုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်များဘဝ ရောက်သွားရသည်ကို သိရှိသဖြင့် ဝမ်းသာရမည်ဖြစ်သော်လည်း ပုထုဇဉ်ပီပီ ဝမ်းနည်းခြင်းသာ ဖြစ်ရရှာသည်။ သူများထက် ထူးခြားစွာ ငါးရာသော သားတော်များ ဖွားမြင်ထားပါလျက် တစ်ယောက်မျှ မိမိအနားတွင် မကျန်ရစ်တော့။ ထိုအခါ ဖြေမဆည်နိုင်ဖြစ်ပြီး လွမ်းဆွတ်သောဝေဒနာဖြင့် မကြာမီ ကွယ်လွန်ရရှာတော့သည်။

## ဘဝခြားလျက် သားတို့နှင့် ပြန်တွေ့ရပုံ

နှလုံးပူပန် စိုးရိမ်ဒဏ်ဖြင့်ပင် ထိုဘဝမှ ကွယ်လွန်ခဲ့ပြီးနောက် ရာဇဂြိုဟ်မြို့တံခါးဝရှိ ရွာငယ်တစ်ရွာတွင် လက်လုပ်လက်စား သူဆင်းရဲအဖြစ် မွေးဖွားလာခဲ့ရပြန်သည်။ သူမအရွယ်ရောက်သော် လယ်လုပ်ယောကျ်ား၊ သူဆင်းရဲတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ရ၏။ တစ်နေ့တွင် အရှင်သခင် ယောကျ်ားအတွက် လယ်တောသို့ ယာဂုပို့ဆောင်ရန်သွားစဉ် ရှေးဘဝက မိမိ၏သားများ တော်စပ်ခဲ့ဘူးသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အနက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါးတို့ ဆွမ်းခံချိန်၌ ကောင်းကင်ခရီးဖြင့် ကြွသွားသည်ကို ဖူးမြင်ကြရလေသည်။ ပါရမီအဟုန် ပြည့်စုံသူဖြစ်ရကား ပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား

www.burmeseclassic.com

www.burmeseclassic.com



ဖူးတွေ့ရသည်နှင့် မိမိ၏ အရှင်လင်ယောက်ျားထံ အလျင်အမြန်သွားကာ "အို. . . အရှင်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကို ဖူးမြင်ပါလော့။ ဤပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့ကို အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကျွေးကြစို့"ဟု တိုင်ပင်စကား ပြောကြားလေသည်။

အိမ်ရှင်ယောက်ျား လယ်လုပ်သားသည် ဇနီးသည်နှင့်မတူ အယူကွဲပြား ဘာသာခြား ဖြစ်နေသည့်အတွက် ပစ္စေကဗုဒ္ဓါတို့ကို ကြည်ညိုလေးစားမှုမရှိ။ ထို့ကြောင့် ဇနီးသည်က တိုင်ပင်သည်ကို လက်မခံပေ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ဆူတို့သည် လယ်လုပ်သမား ဇနီးမောင်နှံ တို့၏ မနီးမဝေးအရပ်၌ မြေသို့ သက်ဆင်းတော်မူကြလေကုန်၏။ အိမ်ရှင်မ အမျိုးသမီးသည် ထိုနေ့၌ မိမိအတွက်ဝေစုရရှိသော ထမင်း၊ ခဲဖွယ်၊ ဘောဇဉ်ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ဆူတို့အား လှူဒါန်း ဆက်ကပ်၍ နက်ဖြန်နံနက်လည်း အရှင်မြတ်တို့ရှစ်ပါးလုံးပင် တပည့်တော်မ၏ဆွမ်းကို အလှူခံတော်မူကြပါ ဘုရားဟု ပင့်ဖိတ်လိုက်လေ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ဆူတို့သည် ကောင်းပြီ ဒါယိကာမကြီး၊ သင်၏ လှူဖွယ်ဝတ္ထုတို့သည် ဤမျှ (ရှစ်ပါးစာသာလျှင်)ဖြစ်ပါစေ။ နေရာထိုင်ခင်း အတွက်လည်း ရှစ်နေရာတို့သာ ဖြစ်ကြပါစေ။ မယ်တော်ဟောင်းဖြစ်သူ အိမ်ရှင်မ အမျိုးသမီးသည် နောက်တစ်နေ့၌ နေရာရှစ်နေရာ ခင်းကျင်းထားပြီး လှူဖွယ်ဝတ္ထုများကိုလည်း ရှစ်ပါးစာစီမံ၍ အရှင်မြတ်တို့အား အသင့်စောင့်ဆိုင်း လျက်နေလေ၏။

## မိခင်ကို ချီးမြှောက်ပါ

အပင့်ခံ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့သည် ကျန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ် လေးရာ့ကိုးဆယ့်နှစ်ပါးတို့အား "ဒုက္ခငြိမ်းငြား အရှင်ဘုရားတို့. . . ယနေ့ အခြားအရပ်တစ်ပါးသို့ ဆွမ်းခံကြွခြင်း မပြုကြဘဲ အရှင်တို့၏ မိခင်အား ချီးမြှောက်သမှု ပြုတော်မူကြပါ"ဟု အသိပေး လျှောက်ထားကြလေ၏။ အချိန် တန်သောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် ကောင်းကင်ခရီးဖြင့် ကြွလာကြပြီး မယ်တော်၏ အိမ်ရှေ့တွင် သက်ဆင်းတော်မူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်သည် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာလုံးကို အိမ်တွင်းသို့ ပင့်ဆောင်လေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ အစဉ်အတိုင်း တန်းလျက် ထိုင်နေမိကြလျှင် ကိုးပါးမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အခြားရှစ်နေရာတို့ကို တန်ခိုးဖြင့် ဖန်ဆင်းလျက် မိမိကိုယ်တိုင် အဦးဖြစ်သောနေရာ၌ ထိုင်နေလေ၏။ ဤသို့ဖြင့် နေရာများ တိုးပြန့်ကျယ်ဝန်းလာသလောက် အိမ်ကလည်း တိုးပြန့်ကျယ်ဝန်း၍လာလေ၏။

## ကြာညိုပန်းအလား

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့ အိမ်ထဲတွင် ထိုင်နေတော်မူမိကြလျှင် မယ်တော်ဟောင်း အိမ့်ရှင်မသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ပါးစာ စီရင်ထားအပ်သောအလှူဝတ္ထုကို ပစ္စေကဗုဒ္ဓါငါးရာလုံးအား အလို့ရှိတိုင်း လောက်လောက်ငငလှူဒါန်းသည်။ ထို့ပြင် ကြာညိုပန်းရှစ်ပွင့်တို့ကိုလည်း ဆောင်ယူခဲ့လျက် ပင့်ဖိတ်ရင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူတို့၏ ခြေရင်း၌ ချထားပြီးလျှင် "အရှင်မြတ်တို့ဘုရား. . . ဖြစ်လေရာ သံသရာဘဝ၌ တပည့်တော်မ၏ ကိုယ်အဆင်းသည် ဤကြာညိုပန်းတို့၏ အတွင်းသားကဲ့သို့ ဖြစ်ပါစေသား"ဟု ဆုတောင်းပတ္ထနာမှုပြုလေ၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် မယ်တော်အား အနုမောဒနာပြုကြပြီးလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူကြလေကုန်၏။

## ဂေါတမဘုရားရှင်လက်ထက်၌ ဥပ္ပလဝဏ္ဏာ

ထိုအမျိုးကောင်းသမီးသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြုလုပ်၍ ထိုဘဝမှ ကွယ်လွန်လတ်သော် နတ်ပြည်၌ ဖြစ်ရပြန်သည်။ နတ်ဘဝမှ စုတေကွယ်လွန်ပြီးနောက်သော် အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလ၌ သာဝတ္ထိပြည်ဝယ် သူဌေးမျိုး၌ ပဋိသန္ဓေယူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးသမီး၏ ကိုယ်ရေအဆင်းကား ရှေးဘဝက ဆုတောင်းခဲ့သည့်အတိုင်း ကြာညိုပန်း၏အတွင်းသားကဲ့သို့ လှပတင့်တယ်သည်။ ထို့ကြောင့် သူဌေးသမီး၏အမည်ကို 'ဥပ္ပလဝဏ္ဏာ' ဟူ၍ မှည့်ခေါ်ကြလေ၏။ ဥပ္ပလဝဏ္ဏာ သူဌေးသမီး အရွယ်သို့ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိကြသည့် မင်းများ, သူဌေးများ အားလုံးကပင် ဖခင် သူဌေးကြီး၏ထံသို့ သူတို့နှင့် လက်ဆက်ရန် စာသဝဏ်နှင့် တမန်စေလွှတ် တောင်းခံကြလေသည်။

ထိုအခါ ဖခင်သူဌေးကြီးသည် ငါ့မှာ သမီးကလေး တစ်ယောက်တည်းသာရှိသည်။ တောင်းဆိုလာသူအားလုံးတို့၏ စိတ်ကျေနပ်မှုကို ရယူရန် မည်သည့်နည်းနှင့်မျှ စွမ်းနိုင်လိမ့်မည်မဟုတ်။ သို့အတွက် ဥပါယ်တံမျဉ်ကို ငါ ပြုအံ့ဟု ကြံစည်လျက် သမီးကိုခေါ်ပြီးလျှင် "ချစ်သမီး၊ ယခုအခါ ချစ်သမီးကို လက်ဆက်ပေးရန် တောင်းဆိုလာကြသူတွေ တစ်နေ့တစ်ခြား များပြားလာပြီ။ သူတို့ထဲက တစ်ဦးဦးနှင့် သမီးကို လက်ဆက်ပေးလျှင် ကျန်လူတွေက ကျေနပ်ကြမှာမဟုတ်။ ဒါကြောင့် ဒီအခက်အခဲ အကျပ်အတည်းကလွတ်အောင် သမီး အနေနဲ့ ရှင်တော်ဂေါတမ သာသနာမှာ ရဟန်းမ, ပြုနိုင်ပါ့မည်လား"ဟု မေးလေသည်။ ဖခင်ကြီး၏စကားကို ကြားရလျှင် ဥပ္ပလဝဏ္ဏာ သတို့သမီးသည် အတိုင်းထက်အလွန် ဝမ်းမြောက်သွားသည်။ မိမိကိုယ်တိုင်က သံသရာတွင် နောက်ဆုံးဘဝ၌ လူဖြစ်ရသူ ပစ္ဆိမဘဝိကဖြစ်သဖြင့် လူ့ဘောင်လောကတွင် နေရမည်ကို ငြီးငွေ့နေပြီ ဖြစ်သည်။ ထို့ကြောင့် မိခင် ဖခင်တို့က ဘုရားရှင်၏ သာသနာ့ဘောင်သို့ ဝင်ရောက်ရန် တိုက်တွန်းချက်ကို ဝမ်းပန်းတသာ လက်ခံခဲ့လေသည်။

## ခြိမ့်ခြိမ့်သဲစည်ကား

ဘုရားရှင်၏ သာသနာတော်အတွင်းသို့ အမျိုးသမီးများ ဝင်ရောက်ခွင့်ရကြောင်း သိရသည့်အချိန်မှစ၍ ဥပ္ပလဝဏ္ဏာသည် သာသနာတော်တွင်းသို့ ဝင်ရောက်ချင်စိတ်များ ဖြစ်ပွားလာခဲ့သည်။ မိဘများ၏ သဘောထားကို မသိရသေး၍သာ အခြေအနေကို စောင့်ကြည့်နေခဲ့ရ၏။ ယခု သူ၏ စိတ်အလို

www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝရန် အခြေအနေပေးလာပြီဖြစ်၍ ဥပ္ပလဝဏ္ဏာက မဆိုင်းမတွ ဝန်ခံလိုက်ခြင်းဖြစ်၏။ သမီးဖြစ်သူနှင့်တကွ မိဘများကပါ စိတ်အားထက်သန်ကြသဖြင့် ဥပ္ပလဝဏ္ဏာ၏ ရဟန်းခံပွဲသည် ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပေသည်။

ရဟန်းအဖြစ်သို့ ရရှိပြီး မကြာမီမှာပင် အရှင်မ ဥပ္ပလဝဏ္ဏာသည် ဥပုသ်ပြုရန်အတွက် သိမ်အပြင်၌ ပုဗ္ဗကိစ္စများပြုလုပ်သည့် တာဝန်ကိုပေးအပ်ခြင်းခံရ၏။ သို့ဖြစ်၍ ဥပုသ်ကံပြုရန် ရဟန်းမများ မကြွလာမီ ဥပုသ်သိမ်အပြင်၌ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေများ ထည့်ထားခြင်း၊ နေရာထိုင်ခင်းများ ခင်းထားခြင်းနှင့် မှောင်ရီသန်းလာသော် ဆီမီးများ ညှိထွန်းထားခြင်း စသည်တို့ကို ပြုလုပ်ရသည်။

## အရဟတ္တဖိုလ်ရပြီ

သီတင်းသုံးဖော် အရှင်မများ ကြွရောက်မလာသေးမီ အချိန်ကလေးအတွင်း၌ အရှင်မ ဥပ္ပလဝဏ္ဏာသည် မိမိ ထွန်းညှိထားသော ဆီမီးတောက်ကို စူးစူးစိုက်စိုက်ရှုကာ တေဇောကသိုဏ်းကို ပွားများသဖြင့် ဈာန်သမာပတ်များ ရရှိလာ၏။ ရရှိလာသော ဈာန်သမာပတ်များကိုပင် အခြေပြုလျှက် ဝိပဿနာကမ္မဋ္ဌာန်းကို ဆက်လက်စီးဖြန်းလေရာ ထိုနေရာ ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

## မောင်တော်သူ နန္ဒလုလင်၏လုပ်ရပ်

ရဟန်းပြု၍ တစ်ဆယ့်ငါးရက် မပြည့်မီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သော ဥပ္ပလဝဏ္ဏာထေရီအား လူအများက ကြည်ညိုလေးစားကြသည်။ ထိုကြည်ညိုလေးစားကြသူ ပုဂ္ဂိုလ်များထဲ၌ မောင်တစ်ဝမ်းကွဲတော်သူ နန္ဒလုလင် မပါပေ။

အရှင်မ၏ တစ်ဝမ်းကွဲ မောင်ဖြစ်သူ နန္ဒသည် နှမဖြစ်သူ ဥပ္ပလဝဏ္ဏာကို လူ့ဘဝမှာရှိစဉ်ကပင် တဏှာရာဂဖြင့် စွဲလမ်းခဲ့သူဖြစ်၏။ သို့ရာတွင် မိမိတို့ဘက်က အခြေအနေနိမ့်ကျနေသဖြင့် အခြားအခြားသော သူဌေးသားများ၊ မင်းညီမင်းသားများကဲ့သို့ အိမ်ထောင်ဘက်အဖြစ်ဖြင့် မကမ်းလှမ်းဝံ့ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



တူနှစ်ကိုယ်ပေါင်းနိုင်ရေးအတွက် မည်သို့သော အခွင့်အလမ်းများပေါ်လာမည် နည်းဟူ၍သာ မျှော်လင့်စောင့်စားနေခဲ့ရသူဖြစ်သည်။

ထိုစဉ်အခါက ဘုရားရှင်သည် ဘိက္ခုနီတို့အား တောရဆောက်တည် ခွင့်ပြုတော်မူထားသဖြင့် ဥပ္ပလဝဏ္ဏာထေရီသည် ဇေတဝန်ကျောင်းတော်နှင့် မလှမ်းမကမ်းမှာရှိနေသည့် အန္ဓဝန်တောတွင်းရှိ သင်္ခမ်းကျောင်းကလေး တစ်ဆောင်တွင် တစ်ပါးတည်း သီတင်းသုံးနေ၏။

တစ်နေ့သ၌ အရှင်မသည် သာဝတ္ထိမြို့တော်အတွင်းသို့ ဆွမ်းခံဝင်ကာ ရရှိလာသော ဆွမ်းသပိတ်ကို ပွေ့ပိုက်လျက် သင်္ခမ်းကျောင်းကလေးသို့ ပြန်လာခဲ့၏။ နေရောင်ခြည်များ လင်းထိန်နေသည့် နေရာမှ ခပ်မှောင်မှောင် အခန်းတွင်းသို့ ဝင်လာရသဖြင့် အရှင်မ၏ မျက်စိအမြင်သည် မှုန်တရီဝိုးတဝါး ဖြစ်နေ၏။

ထိုစဉ်ခိုက်ကလေးမှာပင် ညောင်စောင်းအောက်၌ ပုန်းအောင်း၍ စောင့်နေသော နန္ဒလုလင်သည် ရုတ်တရက် ထွက်လာကာ အရှင်မအား အနိုင့်အထက်ပြု၍ ပြစ်မှားလေတော့သည်။

## နန္ဒလုလင်မြေမျိုခံရပြီ

မပြစ်မှားထိုက်သော ရဟန္တာအရှင်မကို ယုတ်ယုတ်မာမာ ပြစ်မှားပြီး သင်္ခမ်းကျောင်းမှ ထွက်လာသည့် နန္ဒလုလင်အား မဟာပထဝီမြေကြီးသည် မီးလျှံများဖြင့် ရဲရဲတောက်နေသော အပေါက်ကြီးကို ဟပေးလျက် မဟာအဝီစိ ငရဲထိအောင် ဝါးမျိုလိုက်သည်။

ထို့နောက် ဥပ္ပလဝဏ္ဏာထေရီသည် မိမိ၏အဖြစ်သနစ်ကို သီတင်းသုံး ဖော်ရဟန်းမများထံသွား၍ လျှောက်ထား၏။ ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်ထား ခိုင်မာမှုကို သိရှိပြီးသော ဘိက္ခုနီများသည် အရှင်မ၏ သီလသိက္ခာအတွက် မည်သို့မျှ သံသယမရှိကြပေ။ မဖြစ်သင့်သော ကိစ္စကြီးဖြစ်လာရသဖြင့် သတိ သံဝေဂတရားများသာ ပွားများကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အချို့ကသံသယဖြစ်ကြပြီ

သူတို့ကဲ့သို့ သဘောမပေါက်သော သူများကား သံသယမပွားဘဲ မနေနိုင်ကြပေ။ ကာမဂုဏ်ချမ်းသာကို ခံစားနေကြသည့် ရပ်သူရွာသူများကဲ့သို့ပင် အရှင်မ၏ အသွေးအသားတို့သည်လည်း စိုစိုပြည်ပြည် ဖြစ်နေကြ၏။

ဤသို့သော အသွေးအသားရှိနေပါလျက် ဤသို့သော အတွေ့အကြုံကို အာရုံခံစားမှု မပြုဘဲ မနေနိုင်တန်ရာ။ မနေနိုင်၍ သာယာခဲ့ပါလျှင် အရှင်မမှာ သာသနာတော်၌ ဆက်လက် မနေထိုက်တော့ပေ။ ရဟန်းကျင့်ဝတ်သိက္ခာ ကျိုးပေါက်ရပေတော့မည်။ ဤသို့သော စကားရပ်များသည် တစ်စတစ်စ ပြန့်ပွားကာ ဘုရားရှင်ထံတော်အထိ ဆိုက်ရောက်သွား၏။

## ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့

ဤတွင် ဘုရားရှင်သည် ဘိက္ခု ဘိက္ခုနီ သံဃာနှစ်ရပ်လုံးကို ရှေ့သို့ ခေါ်ယူတော်မူကာ အကြင်ပုဂ္ဂိုလ်သည် ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်တွင် မုန်ညင်းစေ့ မတင်နိုင်သကဲ့သို့လည်းကောင်း ကာမဂုဏ်တို့၌ လိမ်းကျံကပ်ငြိခြင်းမရှိ။ ထိုပုဂ္ဂိုလ်ကို သူတော်သူမြတ်ဟူ၍ ငါဘုရားဟောကြားပေ၏ဟု ဘုရားရှင်က ဟောကြားတော်မူ၏။

ဤတွင် မှ အရှင်မ ဥပ္ပလဝဏ္ဏာ၏ ဂုဏ်သတင်းသည် ညှိုးနွမ်းခြင်းမရှိတော့ဘဲ ရှေးကထက်ပိုကဲ၍ ကျော်စောထင်ရှားလာပေသည်။

ကြာညိုပန်းကဲ့သို့ လန်းဆန်းလှစွာသော ဥပ္ပလဝဏ္ဏာထေရီသည် သာသနာတော်ကြီး၏ အကျိုးကို သယ်ပိုးနိုင်ရန် ယခင်က ရရှိထားသော ဈာန် အဘိညာဉ်တို့ကို အဖန်ဖန်ဝင်စား၍ ပွားများ၏။ အထူးသဖြင့် မိမိ အလိုရှိရာ တန်ခိုးပြာဋိဟာ အမျိုးမျိုး ပြသနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်ကို အလေးထားကာ ပွားများ၏။

## ပိုမိုအရှိန်အဝါကြီးမား

သို့ဖြစ်၍ အရှင်မ၏ တန်ခိုးအရှိန်အဝါသည် ထူးထူးခြားခြား ကြီးမားလာ၏။ မိမိထက်အရင် ရှေ့က တန်ခိုးကြီးခဲ့ကြသည့် အရှင်မများ၏ အရှိန်အဝါကိုပင် ကျော်လွန်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဣဒ္ဓိဝိဓ အဘိညာဉ်ကို ထပ်ကာထပ်ကာ ပွားများနေစဉ် ဘုရားရှင်သည် သာဝတ္ထိမြို့တော်အနီး ကဏ္ဍမည်သော သရက်ဖြူပင်အနီး၌ ဒိဋ္ဌိတို့အား တန်ခိုးပြာဋိဟာပြတော်မူရန် ကြွရောက်လာ၏။ မကြုံစဖူး ထူးကဲလှစွာသော တန်ခိုးပြာဋိဟာကို ဖူးမြော်ကြည်ညိုကြရန် လူနတ်ဗြဟ္မာ ပရိသတ်များ စုဝေးလာကြ၏။

## တန်ခိုးပြခွင့်တောင်းပုံ

ဤအချိန်တွင် ဥပ္ပလဝဏ္ဏာထေရီသည် လေးထောင့်ရှိသော ပြာသာဒ်ပေါ်မှာစီးလျက် ဘုရားရှင်ခြေတော်ရင်းသို့ ပေါ်ရောက်ဦးခိုက်ကာ မိမိအား တန်ခိုးပြာဋိဟာ ပြခွင့်ပေးပါရန် လျှောက်ထား၏။ ဘုရားရှင်သည် ဥပ္ပလဝဏ္ဏာထေရီ၏ လျှောက်ထားချက်ကို ခွင့်ပြုတော်မမူဘဲ ရေအစုံ မီးအစုံ စသော တန်ခိုးပြာဋိဟာကို ကိုယ်တော်တိုင်သာပြတော်မူသည်။

## ဧတဒဂ်ဂုဏ်ထူးရပြီ

ထိုကဲ့သို့ တန်ခိုးအရှိန်အဝါ ကြီးမားသောအကြောင်းများကြောင့် ဘုရားရှင်က ဥပ္ပလဝဏ္ဏာထေရီအား တန်ခိုးကြီးသော အရာဌာန၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူလေသည်။

ဧတဒဂ်ဂုဏ်ထူးဆောင် ဥပ္ပလဝဏ္ဏာထေရီသည် အစွမ်းသတ္တိ ထက်မြက်လှစွာသော ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် သာသနာတော်ကြီး၌ မကြည်ညိုသေးသောပုဂ္ဂိုလ်များကို ကြည်ညိုလာအောင် ဆောင်ရွက်၏။ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များအားလည်း ဆထက်ထမ်းပိုးတိုး၍ ကြည်ညိုလာစေရန် လုံ့လပြု၏။

ဤသို့ သာသနာတော်ကြီး၏အကျိုးကို သယ်ပိုးလျက် ရှိစဉ်မှာပင် မိမိအတွက် ချမ်းချမ်းသာသာ နေနိုင်ရေးကိုလည်း ရှေးရှုသည်။ နေ့လယ်ခင်း အချိန်များ၌ လူသူတစ်ပါးတို့ အရောက်အပေါက်နည်းသော ဥယျာဉ်များသို့ သွားရောက်ကာ တစ်ပါးတည်း ဖလသမာပတ် ဝင်စားနေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မာရ်နတ်နှောင့်ယှက်

ဤသို့နေထိုင်စဉ် တစ်နေ့သ၌ မာရ်နတ်သားသည် အရှင်မထံသို့ ချဉ်းကပ်လာကာ ငယ်ရွယ်နုပျိုသော ရဟန်းမ၊ သင်သည် ပင်လုံးကျွတ် ဖူးပွင့်နေသော သရက်ပင်ခြေရင်းသို့ ချဉ်းကပ်လျက် အဖော်မမှီး တစ်ပါးတည်း ထိုင်နေဘိ၏။ သင်သည် ကျူးလွန်ဖောက်ပြားတတ်သော ယောကျာ်းဆိုးများကို မကြောက်လေသလော။

ယခင် တစ်ကြိမ်က အတွေ့အကြုံကိုသိထား၍ မာရ်နတ်က ဤစကားကိုပြောကာ ခြောက်လှန့်လိုက်ခြင်းဖြစ်၏။ ဥပ္ပလဝဏ္ဏာထေရီသည် မိမိအား ခြောက်လှန့်လာသော မာရ်နတ်သားကို ဤသို့ ပြန်လည်ကြိမ်းမောင်းလိုက်လေ၏။

'ဟယ် မာရ်နတ်၊ သင်ကဲ့သို့သော ဟော့ရမ်းကြော့ကြမ်းသော ယောကျာ်း ဆိုးများ အရာအထောင်မျှ လာကြသော်ငြားလည်း ငါ၏ မွေးညှင်းတစ်ပင်ကိုမျှ တုန်လှုပ်အောင် မစွမ်းနိုင်ကြပေ။ အသင် တစ်ယောက်တည်းဖြင့်မူ ငါ့ကိုမည်သို့ ပြုနိုင်ပါမည်နည်း။

ဤသို့ကြောက်ခြင်းကင်းသည့် ဒေသနာများ ဟောကြားလိုက်ရာ မာရ်နတ်သည် ထိုနေရာမှာပင် ကွယ်ပျောက်သွားလေ၏။

ဥပ္ပလဝဏ္ဏာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ပဋာစာရီထေရီ အပဒါန်ဝတ္ထု

ပဋာစာရီလောင်းလျာအမျိုးသမီးသည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားပွင့်တော်မူစဉ် ဟံသာဝတီနေပြည်တော်၌ သူဌေးသမီးတစ်ဦး ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူဌေးသမီးကလေးသည် ဘုရားရှင် ကျောင်းတော်သို့သွား၍ တရားနာသည်တွင် ရှင်တော်မြတ်ဘုရားက ဘိက္ခုနီတစ်ပါးအား ဝိနည်းမိုရ်အရာတွင် ဧတဒဂ်ထား၍ ချီးမြှင့်မြှောက်စားတော်မူသည်ကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံရသည်။ ထိုအခါ စေတနာ သဒ္ဓါလွန်စွာတက်ကြွပြီး "နောင်ဘုရားရှင်တို့ လက်ထက်တော်တွင် ယခုတွေ့ကြုံရသော ဘိက္ခုနီကဲ့သို့ ဝိနည်းမိုရ်ဧတဒဂ်ရာထူးကို ရရှိလေအောင် ကြံဆောင်ကြိုးစားမည်"ဟု အကြံဖြစ်ပေါ်သည်။

## ဆုတောင်းခဲ့ပုံ

ထို့နောက် များမကြာမီအချိန်အတွင်းမှာပင် အလှူမဏ္ဍပ်ကြီးကိုဆောက်လုပ်စေ၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်သည်။ ဤကဲ့သို့ပြုလုပ် လှူဒါန်းရသော ဒါနကုသိုလ်စေတနာကြောင့် နောင်ပွင့်တော်မူမည့် ဘုရားရှင်တို့၏ လက်ထက်တော်၌ ဝိနည်းမိုရ်ဧတဒဂ်ရာထူးကို ရပါလို၏ဘုရားဟု ပဒုမုတ္တရာဘုရားရှင်ထံ ဆုတောင်းပတ္ထနာပြုခဲ့သည်။

## ဗျာဒိတ်တော်

ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်ပြီးလျှင် အိုချစ်သမီး၊ နောင်ကမ္ဘာတစ်သိန်းလွန်သောအခါ ဂေါတမဘုရားသည် ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်ချစ်သမီးသည် 'ပဋာစာရာ = ပဋာစာရီ' ဟူသော အမည်ဖြင့် ဝိနည်းမိုရ်ဧတဒဂ်ကို ရရှိလိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဤဗျာဒိတ်စကားကို ကြားရသောအခါ ဤထေရီလောင်းလျာသည် အလွန်တရာဝမ်းမြောက်ပြီး ဒါန, သီလအစရှိသော ကုသိုလ်တရားတို့ကို မနေမနား အားထုတ်သည်။ အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေသွားသည့်အခါ တာဝတိံသာနတ်ဘုံ၌ နတ်သမီးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားလက်ထက်၌ ဝိနည်းခိုရ် ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ပြီးနောက် ယခုဘဒ္ဒတပ်ကမ္ဘာသို့တိုင်အောင် သုဂတိ သံသရာတို့၌သာ ချမ်းသာစွာ ကျင်လည်ခဲ့ရသည်။

## ကဿပဘုရားရှင်လက်ထက်၌

ကဿပဘုရားရှင်လက်ထက်တော်တွင်မူ ဗာရာဏသီပြည်ကြီး၏သခင် ဘုရင်ကိကီမင်းကြီး၏ သမီးတော်ခုနစ်ပါးတို့တွင် 'ဘိက္ခုနီ' အမည်ရှိ တတိယ သမီးတော်မြတ်ဖြစ်လာသည်။

## သံဃာတော်များအားပြုစုခဲ့

ထိုအခါ သဒ္ဓါသီလနှင့်ပြည့်စုံသူဖြစ်ခဲ့သည့်အတိုင်း သာသနာဘောင်သို့ ဝင်၍ ရဟန်းပြုလိုပါသော်လည်း ခမည်းတော်ဘုရားက အခွင့်မပြု၍ ရဟန်း မပြုခဲ့ရပေ။ ရဟန်းပြုခွင့်မရသည့်အတွက် တစ်သက်ပတ်လုံး ကောမာရီပြဟ္မ စရိယ အကျင့်မြတ်ကို ကျင့်သုံးပြီး ကုသိုလ်ကောင်းမှုတို့ဖြင့်သာ မွေ့လျော် နေခဲ့သည်။ အထူးဝိသေသအားဖြင့် သံဃာတော်အရှင်မြတ်တို့ နေထိုင်ရန် ကျောင်းတိုက်တာ အရာမ်ကြီးတစ်ခုကို တည်ထောင်၍ သံဃာတော်အပေါင်း တို့အား ကောင်းမွန်ရှိသေစွာ လုပ်ကျွေးပြုစုခဲ့သည်။ ထိုဘဝတွင် အသက် အတိုင်းနေ၍ စုတေသွားသော် တာဝတိံသာ၌ တခမ်းတနား ခံစားရသူ နတ်သမီး ဖြစ်ရပြန်သည်။

## ဂေါတမဘုရားရှင်လက်ထက်

ထိုနတ်သမီးဘဝမှ တစ်ဖန် ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သောအခါ သာဝတ္ထိနေပြည်တော်ကြီး၌ ချမ်းသာကြွယ်ဝသော သူဌေးကြီး တစ်ဦး၏ သမီးကလေး ဖြစ်လာသည်။ ဘဝါ ဘဝက ပြုခဲ့သမျှသောကောင်းမှု နှင့် ဆုတောင်းများအရ ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံသည်။

ထိုသူဌေးသမီးကလေး အရွယ်ရောက်လာသော် ကာမဘုံသားတို့ မေ့တာ တဏှာစရိုက်ဖြင့် ကြိုက်ခြင်း, ချစ်ခြင်းသဘော ဖြစ်ပေါ် ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးဖြစ်သည့်အတိုင်း ပြင်ပကမ္ဘာသို့ သွားခွင့်, ထွက်ခွင့်, မရပေ။ ထို့ကြောင့် 'အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိ' ဟူသော စကားအတိုင်း မိမိနှင့်မကြာမကြာ အကြည့်ချင်း ဆုံနေရသူ အစေခံ ကျွန်တစ်ယောက်နှင့် ငြိစွန်းနေခဲ့သည်။ ထိုအဖြစ်ကို မိခင်နှင့် ဖခင်တို့က ရိပ်မိသိရှိခြင်း မရှိကြပေ။

အိမ်ထောင့်ဦးစီး လူကြီးသူမများသည် ပြင်ပက အကြောင်းမျိုးစုံ သတင်းစုံကို စုံလင်စွာ သိနိုင်ကြသော်လည်း အိမ်တွင်း၌ဖြစ်ပျက်သည့် အတွင်းရေးအကြောင်းများကိုမူ လွယ်ကူလျှင်မြန်စွာ မသိဘဲဖြစ်နေတတ်ကြသည်။ မျက်လုံးများသည် အပြင်အာရုံအမျိုးမျိုးကို မြင်နိုင်သော်လည်း မိမိနှင့် အနီးကပ်ဆုံး မျက်ခွံအတွင်းသားကို မမြင်နိုင်သကဲ့သို့ ဖြစ်နေသည်။

မိဘများသည် မိမိတို့သမီးရတနာကလေးတစ်ယောက်ကို ဝတ်တရားအတိုင်း ချီးမြှောက်လိုကြသဖြင့် အမျိုးတူ, ဂုဏ်တူ, အရွယ်တူ သူဌေးသားတစ်ယောက်နှင့်လက်ထပ် ထိမ်းမြားရန် ပြောဆိုပြီးဖြစ်သည်။

သူဌေးသမီးကလေးအနေဖြင့် မိဘတို့ စီစဉ်ပေးသူ ထိုသူသည် မည်မျှပင်ချောချော၊ မည်မျှပင် ပစ္စည်းပေါပေါ မနှစ်သက်မချစ်ခင်နိုင်ပေ။ မိမိနှင့် တိတ်တခိုး တွေ့နေရသူ အချစ်ဦးအပေါ်၌သာ မေတ္တာနှောင်ကြိုး ရစ်ဖွဲ့နေတော့သည်။

သူဌေးသမီးနှင့် အစေခံကျွန်ကလေးတို့မှာ သံယောဇဉ်ကြိုး အထပ်ထပ်ရစ်ပတ်နေကြပြီဖြစ်သော်လည်း ဂုဏ်ချင်းမတူမှုသဖြင့် ပုန်းလျှိုး, ကွယ်လျှိုးနှင့် ကြွက်လျှိုး, ကြောင်လျှိုးသာ ဆုံဆည်းကြရရှာသည်။

မိဘဖြစ်သူ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် သမီးနှင့် ထိမ်းမြားရန် ကြောင်းလမ်းထားသူ သူဌေးသားကလေး၏ မိဘတို့နှင့် မင်္ဂလာ အခမ်းအနားကျင်းပရန် နေ့ရက်ကို ချိန်းဆိုကြသည်။ ထိုအကြောင်းကို သိလျှင်သိခြင်း သူဌေးသမီးသည် လက်ဝတ်လက်စားအချို့ကို ယူငင်ကာ ချစ်ရသည့် လုလင်ပျိုနှင့်အတူ အိမ်ကြီးပေါ်မှ တိတ်တဆိတ် ထွက်ခွာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တောရွာလေး၌ နေထိုင်နေကြပြီ

သူတို့သည် သာဝတ္ထိပြည်နှင့် လေးယူဇနာကွာသော ရွာကလေး တစ်ရွာသို့ ရောက်လာကြသည်။ ရှေ့သို့ ဆက်လက်၍ မသွားနိုင်ကြသဖြင့် ထိုရွာကလေး၌ပင် လုပ်ကိုင်စားသောက် နေထိုင်ကြသည်။

## ဆွေမျိုးရင်းချာမရှိ၍

ထိုရွာကလေးတွင် ဆင်းရဲပင်ပန်းစွာ အသက်မွေးဝမ်းကြောင်း နေထိုင်ရသော်လည်း သူဌေးသမီးကလေးအနေဖြင့် ဆင်းရဲပင်ပန်းသည်ဟု မထင်။ ချစ်သူမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်သိမ့် ကြည်နူးနေရသည်ကိုပင် ဘဝဟု ထင်နေမိသည်။ သည်လိုနှင့် သည်လိုနှင့် အချိန်ကာတည်းဟူသော ယန္တရား၏ လှည့်ပတ်မှုကြောင့် လေးငါးခြောက်လ ကြာလာခဲ့သော် ကိုယ်ဝန်ကလေးနှင့် ဖြစ်လာရသည်။ ဆွေမရှိ မျိုးမရှိ မိဝေးဖဝေးဖြစ်နေသည့် ဤရွာကလေးတွင် သည်ကိုယ်ဝန်ကို လွယ်ထားရသည်မှာ စိုးရိမ်စရာ ဖြစ်လာသည်။ မိဘဆွေမျိုးများ၏ အားပေးကူညီစောင့်ရှောက်မှုကို ခံယူချင်လာပြီ။ ထိုအကြောင်းကို လင်တော်မောင်ကို ပြောပြတိုင်ပင်မိသည်။

လင်ဖြစ်သူကလည်း မိမိ၏ အရှင်သခင်ဟောင်းများကို မည်ကဲ့သို့ မျက်နှာပြဝံ့ပါမည်နည်း။ ကျေးပိုင်ကျွန်ပိုင်ခေတ်တွင် မိမိကဲ့သို့ ငွေဝယ်ကျွန် တစ်ယောက်ကို အရှင်သခင် ဖြစ်သူတို့က လုပ်အားသာမက အသက်ကိုပါ စီရင်ပိုင်ခွင့် ရှိနေသည် မဟုတ်ပါလော။ ယခု မိမိ ကျူးလွန်ခဲ့သော အမှုသည် အရှင်သခင်တို့အတွက် မည်သို့မျှ ခွင့်လွှတ်နိုင်သည့် အမှုမျိုးမဟုတ်။ ထို့ကြောင့် ဇနီးချောကလေးက မိဘရပ်ထံ ပြန်ချင်သည်ဟု တိုင်ပင်လာတိုင်း သူ့မှာ စိတ်ညစ်စရာ၊ ရင်ခုန်စရာတွေသာ ဖြစ်နေသည်။ ဤလိုဖြင့် တစ်နေ့ပြီးတစ်နေ့ တရွေ့ရွေ့ လာခဲ့သည်မှာ မီးဖွားရန်အချိန်ပင် နီးကပ်၍ လာတော့သည်။

နောက်ဆုံးတော့ သူဌေးသမီးကလေးသည် ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ချလိုက်သည်။ မိမိ တစ်ယောက်တည်း အမိအဖတို့ထံ ပြန်၍ သည်ကိုယ်ဝန်ကို မွေးမည်။ လင်တော်မောင်ကိုလည်း အသိမပေးဘဲ ထားခဲ့မည်။ ဤသို့ဖြင့် သူဌေးသမီးကလေးသည် အထုပ်ကလေးဆွဲကာ အိမ်မှထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားဖြစ်သူပြန်လာသော် မိမိဇနီးသည်ကို မတွေ့မမြင်သည်နှင့် အိမ်နီးချင်းဝန်းကျင်ကို မေးမြန်းရာ 'အထုပ်ကလေးဆွဲပြီး ထွက်သွားသည်'ဟု ပြောကြားသည်နှင့် တစ်ပြိုင်နက် သူ့ဇနီးချောကလေးကို သနားချစ်ခင်လှသောကြောင့် အဆောတလျင် နောက်မှလိုက်လာခဲ့သည်။ လမ်းခရီးတစ်နေရာတွင် အချင်းချင်း ပြန်လည်ဆုံမိကြသည်။

## သားကလေး ဖွားမြင်

လင်မယားနှစ်ယောက် တွေ့ဆုံ၍ မကြာမီအတွင်းမှာပင် ဇနီးသည်က သားယောကျ်ားလေး ဖွားမြင်လေသည်။

ထို့နောက် သူဌေးသမီး၏ ဆန္ဒအတိုင်း သူ့မိဘရပ်ထံသို့ ဆက်မသွားကြတော့ဘဲ ဖခင်ဖြစ်သူက ကလေးကိုပွေ့ပြီး မိခင်က အထုပ်ကလေးကို ရွက်ကာ သူတို့နေထိုင်ရာ ရွာကလေးသို့ ပြန်လာကြသည်။ ရွာသူရွာသားများက သူတို့ကို ဝမ်းသာအားရနှင့် ဆီးကြိုနှုတ်ဆက်ကြသည်။ သူတို့လင်မယားနှစ်ယောက်မှာ သားကလေးတစ်ယောက် တိုးလာသဖြင့် ဒုက္ခတစ်မျိုး ပိုလာရပြန်ပြီဖြစ်သည်။ မိဘအိမ်မှာသာဆိုလျှင် သည်လို သားယောကျ်ားကလေး မွေးလာပါလျှင် ဦးခေါင်းဆေးမင်္ဂလာ, ကင်ပွန်းတပ်မင်္ဂလာ, ပုခက်တင်မင်္ဂလာ, ထမင်းခွံ့မင်္ဂလာမှစ၍ မင်္ဂလာမျိုးစုံတို့ကို စုံလင်ဆန်းပြား ခမ်းနားကြီးကျယ်စွာ ပြုကြပေရော့မည်။ ယခုတော့ မင်္ဂလာအခမ်းအနားကို ဆန်းပြားစွာပြုဖို့နေနေသာသာ အနှီးကလေးတစ်ထည်မျှပင် သစ်သစ်လွင်လွင်နှင့် ဖြုဖြုစင်စင်မရှိပေ။

လင်ယောကျ်ားမှာလည်း နေ့ရောညပါ အခါမလပ် အလုပ်ကြမ်း အမျိုးမျိုးကိုရှာပြီး ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရသည်။ သူဌေးသမီးမှာလည်း ကလေးတစ်ယောက်နှင့် အားလပ်ခွင့်မရအောင် ပင်ပန်းနေရသည်။

## ဒုတိယသန္ဓေတည်ပြန်

ဤသို့ဖြင့် ရက်ရှည်လများ ကြာလာခဲ့ရာ သားဦးကလေးသည်ပင် မတ်တတ်သွား၍ စကားတီတီတာတာ ပြောနိုင်လာသည့် အရွယ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ထိုအခါ သူဌေးသမီးကလေး၌ ဒုက္ခဝန်ထုပ်ကြီး တစ်ထုပ် တိုးလာပြန်သည်။ တခြားသော ဒုက္ခမဟုတ်၊ ဒုတိယတစ်ဖန် ပဋိသန္ဓေ တည်လာနေခြင်းပင် ဖြစ်သည်။ 'ဘူးလေးရာ ဖရုံဆင့်'ဆိုသော စကားကဲ့သို့ ပစ္စည်းကပါးရှား၊ သားဦးအတွက်ပင် အစစ အဆင်မပြေသည့်အထဲ နောက် တစ်ယောက်ပဋိသန္ဓေ တစ်ဖန် တည်လာပြန်၍ ဒုက္ခပိုလာပြီဖြစ်သည်။

## ဒုတိယအကြိမ်အိမ်မှထွက်ခဲ့

ထိုအခါ သူဌေးသမီးက မိဘတို့ထံသို့ပြန်၍ မွေးဖွားရန် တောင်းပန်ပြော ဆိုရာ လင်ယောကျ်ားဖြစ်သူက အချိန်ကြာအောင် ဆွဲနေပြန်သည်။ တစ်နေ့ တစ်နေ့နှင့် တရွှေ့ရွှေ့ အချိန်ကြာသွားခဲ့ရာ မွေးခါနီးကာလသို့ ရောက်လာ ပြန်သည်။ သို့ဖြင့် လင်ယောကျ်ားကို မတိုင်ပင်ဘဲ သားဦးကလေးကို လက် ဆွဲပြီး ဒုတိယအကြိမ် မိဘထံသို့ရောက်အောင် ထွက်ပြေးခဲ့ပြန်သည်။ လင် ယောကျ်ားကလည်း ပူပင်သောက ဗျာပါရကြီးစွာဖြင့် နောက်မှ လိုက်သွားရာ လမ်းခရီးမှာပင် တွေ့ကြပြန်သည်။

## ဖွားခါနီး မိုးကြီးလေးကြီးကျလာခြင်း

'ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ' ဆိုသည့်စကားသည် သူဌေးသမီး လေးအတွက် သံက်သက်ရည်ညွှန်း၍ ပြောကြ၊ ဆိုကြသည်များဖြစ်လေရော့ သလား။ လူသူမနီးသည့် တောလမ်းတောင်လမ်း စခန်းတစ်နေရာအရောက် တွင် ကမ္ဘာလေလှုပ်ရှား၍ ဝမ်းထဲက ထိုးကျင်နာလာသည်။ ထိုအချိန်မှာပင် ပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်လုံး မှုန်မှိုင်း၍ အုံ့ဆိုင်းလာပြီး ကိုရွှေမိုးက အညိုး ကြီးစွာ သွန်ချပါတော့သည်။ မိုးနှင့်အတူ လေပြင်းတိုက်သံ၊ မိုးချုန်းသံတို့ ကလည်း တောလုံးညံမျှ မြည်ဟီးလျက်ရှိသည်။ တစ်ခါတစ်ရံ လျှပ်နွယ် လျှပ်ပန်းတို့ကလည်း တဝင်းဝင်း တလက်လက်။ အားငယ်သူ သည်းခြေပျက် လောက်အောင် ခြိမ်းခြောက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သားအမိ သားအဖ သုံးဦးစလုံး မှောင်ကြီးမည်းမည်း မိုးသဲသဲတွင် ရွှဲရွှဲ စိုလျက် ရှိကြသည်။ ချမ်းလိုက်သည်မှာလည်း ခိုက်ခိုက်တုန်ပင်။ ထို့ကြောင့် သူဌေးသမီးသည် လင်ယောကျ်ားဖြစ်သူအား မီးဖွားရန်အတွက် လေလုံမိုးလုံ သည့်နေရာ တစ်နေရာကို ရှာဖွေရန် ပြောကြားသည်။ လင်တော်မောင် ကလည်း မဆိုင်းမတွပင် မိုးထဲရေထဲ ပြေးထွက်သွားသည်။ သားကြီးကိုတော့ မိခင်ထံမှာပင် ထားခဲ့သည်။

## လင်ဆုံးရပြီ

ခဏအကြာတွင် တောချုံကောင်းကောင်းတစ်ခုကို တွေ့လိုက်ရသည်။ အပေါ်မှ သစ်ရွက် သစ်ခက်များကို ဖြန့်ခင်းပြီး အောက်ခြေကိုလည်း ရှင်းလိုက် သည်။ မီးဖိုရန် ထင်းတုံးများကိုလည်း စုဆောင်းသည်။ တောင်ပို့တစ်ခုပေါ်တွင် ကန့်လန့်တင်နေသော ထင်းတုံးတစ်ခုကို ဆွဲယူလိုက်ရာ တွင်းဝ၌ ရှိနေသည့် မြွေဆိုးက သူ့ကို လှမ်းပေါက်လိုက်သည်။

## ဒုတိယသားကလေး ဖွားပြန်

မိုးကြားလေကြားတွင် ခင်ပွန်းသည်ပြန်အလာကို မိခင်နှင့်သားဦးကလေး တို့ စောင့်နေစဉ်ဆဲမှာပင် သူဌေးသမီးသည် ဒုတိယသားကလေးကို မွေးဖွားခဲ့ရ ပြန်သည်။ ပထမသားဦးမွေးဖွားစဉ်က အနားမှာလင်ယောကျ်ားရှိ၍ အားတက် နိုင်ပါသေး၏။ ယခုအကြိမ် မွေးဖွားရာ၌မူ လင်ယောကျ်ားက အနားမှာမရှိ။ သားငယ်ကလေးကလည်း တစ်စုံတစ်ရာ ဘာမျှ မကူညီနိုင်။

## ဒုတိယသားလေး

တစ်ဦးတည်း ခက်ခက်ခဲခဲ ပင်ပန်းဆင်းရဲစွာ သားကလေးကို မွေးဖွား ခဲ့ရသဖြင့် အားအင်ချည့်နဲ့ပြီး အရုပ်ကြိုးပြတ်သည့်နှယ် မောဟိုက်ခွေယိုင် နေရှာသည်။ ချမ်းလိုက်သည်မှာလည်း အရိုးကွဲမတတ်။ ကိုရွှေမိုးကလည်း ခုချိန်တိုင် မစဲသေး။ မွေးကင်းစကလေးငယ်ကလေး၏ စူးစူးဝါးဝါး အော်ဟစ် သံက မိုးသံနှင့်အတူ ဆူညံနေသည်။ ခင်ပွန်းသည်၏ အရိပ်အယောင်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



မမြင်သေး။ မတတ်သာသည့်အဆုံး မွေးကင်းစကလေးကို ရင်မှာပိုက်ပြီး သားကြီးကိုလည်း ရင်ခွင်ထဲအတွင်း ဆွဲသွင်း၍ အချမ်းအအေးဒဏ်ကို ခုခံနေရရှာသည်။ ညအချိန်ရောက်သည့်တိုင် ခင်ပွန်းဖြစ်သူကို မမြင်ရ။ သည်လိုနှင့်နောက်တစ်နေ့မနက်ကူးခဲ့ရသည်။ အပြင်၌ မိုးလည်းစဲလေပြီ။ နေရောင်ခြည်နုနုထွေးကလေးကြောင့် အချမ်းတော့ အနည်းငယ် ပြေခဲ့ရပါပြီ။

သူဌေးသမီးသည် လင်ယောကျ်ားကို တွေ့လျှင်လည်းတွေ့၊ မတွေ့လျှင်လည်း နေပါစေတော့။ မိဘရပ်ထံ အရောက်ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ခရီးထွက်လာခဲ့သည်။ မီးဖွားပြီးစ သွေးနုနု သားနုနုမို့ လမ်းမှာ သေချင်လည်း သေပေစေတော့။ သားငယ်နီတာရဲကို ရင်မှာ ထွေးပိုက်ပြီး သားကြီးကို လက်ဆွဲလျက် အားခဲပြီး ခရီးနှင်ခဲ့သည်။

သူဆက်၍လာခဲ့ရာ လမ်းခရီးတစ်နေရာ တောင်ပို့အနီး၌ လဲကျသေဆုံးနေသော လင်ယောကျ်ားကို တွေ့လိုက်ရသည်။ ထိုအခါ သူ့ရင်အစုံကို အားကုန်ဆွဲကိုင်လှုပ်သကဲ့သို့ တုန်လှုပ်သွားရသည်။ မိမိချစ်ရတဲ့ လင်ယောကျ်ား၊ မိမိ အားကိုးရတဲ့ လင်ယောကျ်ား ယခုတော့ သူက ဘဝကို အလွတ်ရုန်း၍ အရှုံးပေးသွားချေပြီ။ မိမိမှာသာ သားငယ်နီထွေး ပိစိကွေးနှင့် သားကြီးကို လက်ဆွဲ၍ ဘဝဆိုတဲ့ ဒီတိုက်ပွဲကို ဆင်နွှဲရပေဦးတော့မည်။ သို့ဖြင့် ရှေ့သို့ ခရီးဆက်ခဲ့ရပြန်သည်။

လမ်းခရီးတစ်နေရာတွင် ချောင်းငယ်တစ်ခုကို သူ တွေ့ရပြန်သည်။ ထိုအခါ 'ငါကား သားနှစ်ယောက်လုံးတို့ကို တစ်ပြိုင်နက်တည်း ယူဆောင်၍ ကူးသွားခြင်းငှာ တတ်နိုင်မည်မဟုတ်'ဟု ဆင်ခြင်မိပြီး သားအကြီးကို လာခဲ့ရာ ချောင်းငယ်တစ်ဖက်ကမ်း၌ ထားခဲ့မည်။ သားအငယ်ကို ဟိုမှာဘက်ကမ်းသို့ ပို့ဆောင်ပြီး အနှီးအဝတ်၌ သိပ်ထားမည်။ ပြီးမှ ပြန်၍ 'သားအကြီးကို ပွေ့ချီကာ ဤချောင်းငယ်ကို ကူးသွားတော့အံ့'ဟု ကြံစည်လျက် ချောင်းအတွင်းသို့ ဆင်းလာခဲ့ပြီး သားအငယ်ကို တစ်ဖက်ကမ်းသို့ ပို့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ဟိုဂှ်ဍာ်နှင်ဇကြုံး မွဲဖေဟ်ဂ ဒှ်ကြက်ဗိုဒ်ပွ်ပ္ဍဲဂလက်အဴဗှ်လဒေှ်လ — မွဲထဝ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## သားသေ လင်ဆုံးရပြီ

ထို့နောက် သူဌေးသမီးသည် ချောင်းတွင်းပြန်ဆင်းလာခဲ့သည်။ ချောင်းအလယ်သို့ရောက်သောအခါ သိန်းစွန်ရဲတစ်ကောင်သည် အနှီးဖြင့်ထုပ်ကာ ချထားခဲ့သော သားငယ်ကို စားစရာ အသားတုံးထင်၍ ထိုးသုတ်ရန် တဟုန်တည်းပြေးဆင်းလာခဲ့သည်။ သူဌေးသမီးသည် သူနှင့်ဝေးနေသဖြင့် လက်ကို ဆန့်တန်းကာ သိန်းစွန်ရဲကို ပြေးစေရန် အသံပြုအော်ဟစ်ပြီး ခြောက်လှန့်သည်။ မိခင်သူဌေးသမီး လက်ဆန့်တန်းသော အမူအရာကိုမြင်ရသဖြင့် တစ်ဖက်ကမ်း၌ ကျန်ခဲ့သော သားအကြီးသည် 'ငါ့ကိုမိခင်သည် ခေါ်၏'ဟူသော အမှတ်သညာဖြင့် မြစ်ချောင်းတွင်းသို့ ပြေးဆင်းလာရာ ချောင်းရေအဟုန်ဖြင့် မျောပါသေဆုံးသွားလေ၏။ သိန်းစွန်ရဲသည်လည်း သူဌေးသမီးကလေး အနီးသို့ မရောက်မီပင် သားအငယ်ကို သုတ်ချီသွားလေတော့၏။

သူဌေးသမီးသည် လင်ကလည်း မြွေကိုက်ခံရ၊ သားကြီးက ရေမျော၊ သားငယ်က စွန်ချီခံရ၍ အပူပေါ် အပူဆင့်ကာ. . .

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိ မတော။

မယှံ၊ ပဋ္ဌာစရီ သညာမည်ထ ကျွန်တော်မ၏။ ဥဘောပုတ္တာ၊ အကြီး, အငယ် သားနှစ်သွယ်တို့သည်။ ကာလင်္ကတာ၊ တစ်ဦးရေမျော တစ်ဦးကို သိန်းစွန်သုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ။ ပန္ထေ၊ ခိုရာမဲ့တီး လမ်းခရီး၌။ ပတိ၊ အားကိုးအားထားရာ လင်ယောက်ျားသည်။ မတော၊ ထင်းရှာသွားရင်း သေမင်းထံသို့ ရောက်သွားခဲ့ရပြီ။ ဤသို့ ရွတ်ဆိုလျက် သာဝတ္ထိပြည်ဘက်သို့ ဦးတည် ခရီးဆက်ခဲ့လေ၏။

## မိဘအိမ်ကို မမှတ်မိတော့

သူဌေးသမီးသည် နှုတ်မှဟစ်အော် ကြွေးကြော်ရင်း သာဝတ္ထိပြည်ရှိ မိဘအိမ် အနီးသို့ ရောက်သွားသည်။ သောကအဟုန်အားကြီးသဖြင့် မိမိ၏ မိဘအိမ်ကိုပင် မမှတ်မိနိုင်ဘဲ ဖြစ်နေရသည်။ လမ်းတွင် တွေ့သောသူများကို သူ့မိဘအိမ် အခြေအနေကို ပြောပြလျက် မည်သည့်နေရာ၌ ရှိနေကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းနေ၏။ အမေးခံရသူများက ထိုသူဌေးမိသားစုတို့၏ နေအိမ်သည် ယမန်နေ့ညက လေပြင်းတိုက်ခတ်သောကြောင့် ပြိုကျသွားခဲ့ပြီ။ ထိုတိုက်ပြို ကြီးထဲမှာပင် သူဌေးမိသားစု အားလုံးတို့သည် အသက်ပျောက်ကုန်ကြပြီ။ ထိုသူဌေးမိသားစု ကြီး,ငယ်တို့ကို ထင်းပုံတစ်ခုထက်သို့တင်ကာ ယနေ့ပင် မီးသင်္ဂြိုဟ်လိုက်ကြရပြီဟု ဝမ်းနည်းစကား ပြောကြားကြသည်။

ထိုအခါ သူဌေးသမီးကလေးက "အို. . . မိတ်ဆွေတို့၊ ဘာတွေကို ဘယ်လိုများ ပြောလိုက်ကြတာပါလိမ့်"ဟု တစ်ခွန်းတည်းသော စကားကိုသာ ပြောနိုင်ရှာတော့သည်။ ဘယ်ရှေးကြမ္မာက ဖန်လာသလဲတော့ သူ့ခမျာ မသိရှာ။ သားဆုံး၊ မိဘမောင်ဘွားတွေပါ ဘဝတုံးခဲ့ရပေပြီ။ သူခံစားနေရသည့် ဝေဒနာသည် ဘယ်၍မည်မျှဟု နှိုင်းဆ၍မရအောင် ကြီးမားလှပေသည်။ ထိန်းချုပ်၍ မရတော့သည့် သောကဗျာပါဒ ဝေဒနာကြောင့် တစ်စတစ်စ သတိတရား ကင်းတွာသွားပေပြီ။ အရှက်အကြောက် တရားဆိုသည်မှာ ဘာကို ဆိုလိုမှန်းပင် မသိတော့။ နှုတ်မှလည်း အော်ကာဟစ်ကာဖြင့် မရပ်မနား ရေရွတ်နေသည်။ လက်ခြေမြှောက်ကာ ရောက်တတ်ရာရာ ပြေးလွှား၍သာ နေတော့သည်။ အဝတ်ပုဆိုးပင် မကပ်နိုင်တော့။

တစ်ခါတစ်ရံ သတိတရား ပြန်ကပ်လာသည့်အခါတွင် ဤသို့ ငိုကြွေး ရှာပြန်သည်. . .

ဥဘော ပုတ္တာ ကာလကတာ၊ ပန္ထေ မယှံ ပတီ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ဧကစိတမှိ ဍယှရေ။

မယှံ၊ ပဋာစာရီ သညာမည်ထ ကျွန်တော်မ၏။ ဥဘောပုတ္တာ၊ အကြီး အငယ် သားနှစ်သွယ်တို့သည်။ ကာလကတာ၊ တစ်ဦးရေမျော တစ်ဦးကို သိမ်းစွန်သုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ။ ပန္ထေ၊ ခရီးမဲ့တီး လမ်းခရီး၌။ ပတီ၊ အားကိုးအားထားရာ လင်ယောက်ျားသည်။ မတော၊ စုတိပြတ်ကြွေ သေခဲ့လေပြီ။ မာတာပိတာ စ၊ မွေးမိသခင်ဖခင်နှင့် ကျေးဇူးရှင်ကိုလည်းကောင်း၊ ဘာတာ စ၊ တစ်မိဝမ်းတွင်း ထက်အောက်ဆင်းသည့် မောင်ရင်းကို လည်း ကောင်း။ ဧကစိတမှိ တိုက်ပြို၍ အသက်ကုန်သဖြင့် တစ်ခုတည်းသော ထင်းပုံ၌။

www.burmeseclassic.com

www.burmeseclassic.com



ဒုယှရေ-ဒုယှန္တိ၊ ရှာပနပျာချကာ မီးသင်္ဂြိုဟ်အပ်ကုန်ပြီတကား. . . ဟု ရေရွတ်နေပြန်သည်။

## ပဋာစာရီအမည်ရခြင်း

ထိုသူဌေးသမီးမှာ မိမွေးတိုင်းအသွင်ဖြင့် လှည့်လည်သွားလာနေရာ အမြင်မတော်သူ တစ်ဦးတစ်ယောက်က အရှက်အကြောက်ဖုံးအုပ်ရန် အဝတ်ထဘီကို ပေးအပ်သည်။ သို့သော်လည်း သူ့ခမျာ ဝတ်ဆင်ရန် သတိမရဘဲ ဆုတ်ဖြဲ၍သာ စွန့်ပစ်နေတော့၏။

ထိုအခါ သူဌေးသမီးကို မြင်တိုင်း မြင်တိုင်းသောနေရာ၌ လူအများက ဝိုင်းအုံကြည့်ရှုနေကြသည်။ အဝတ်မပါ ဗလာကိုယ်တည်းဖြင့်သာ လှည့်လည်သွားလာနေလေ၏။ သူဌေးသမီး၏အမည်ကို "ပဋာစာရ (ပဋာစာရီ) အဝတ်ထဘီမဝတ်သူ"ဟု ခေါ်ဆိုကြလေ၏။ တစ်နည်းအားဖြင့်လည်း အဝတ်မဝတ်သည့်အတွက် အရှက်မဲ့သူတို့၏ အကျင့်မျိုးထင်ရှားသူဟူသော အဓိပ္ပာယ်ဖြင့် "ပဋာစာရီ"ဟု ခေါ်ဆိုသမုတ်ကြလေ၏။

## ဦးတည်ရာသွားလာနေ

ပဋာစာရီ သူဌေးသမီးသည် မိမိစိတ်ကို အစိုးမရဘဲ မိမွေးတိုင်းအသွင်ဖြင့် ခြေဦးတည်ရာ လှည့်လည်သွားလာ၍ ငိုကြွေးနေလေရာ ထိုသူဌေးသမီးကို တွေ့မြင်ကြရသူတို့က အုတ်ကျောက်ခဲများဖြင့် ပစ်ပေါက်ကာ ဝေးရာသို့ နှင်ထုတ်ကြသည်။

## ဘုရားရှင်၏အစီအမံ

ဘုရားရှင်သည် ဇေတဝန် ကျောင်းတိုက်တော်ဝယ်များစွာသော ပရိသတ်အလယ်၌ ထိုင်နေတော်မူကာ တရားဟောတော်မူနေသည်။ အဝတ်မပါ ဗလာကိုယ်တည်းဖြင့် ခြေဦးတည့်ရာ လှည့်လည်သွားလာနေသော ပဋာစာရီသူဌေးသမီးကို ရွှေဉာဏ်တော်ဖြင့် မြင်တော်မူသည်။ သူမ၏အသိဉာဏ်ရင့်ကျက်ချိန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်ကိုလည်း သိတော်မူသောကြောင့် ပဋာစာရီ သူဌေးသမီးကို ကျောင်းတိုက်တော်သို့ လာရောက်ရန် အဓိဋ္ဌာန်ပြုတော်မူ၏။

## ချစ်သမီးသတိရပါ

တရားနာပရိသတ်သည် ပဋာစာရီ လာနေသည်ကို မြင်ရ သော် "အရူးမ ဒီကို မလာစေနှင့်"ဟု ပြောဆိုကြလေ၏။ ထိုအခါ ဘုရားရှင်က "ပဋာစာရီကို မတားမြစ်ကြနှင့်"ဟု မိန့်တော်မူသည်။ အနီးသို့ရောက်လာသောအခါ ပဋာစာရီကို "ချစ်သမီး၊ သတိရလော့"ဟု မဟာကရုဏာ ကြီးစွာဖြင့် မိန့်ဆိုတော်မူလေ၏။

ပဋာစာရီသည် ထိုခဏအတွင်းမှာပင် ဘုရားရှင်၏ မေတ္တာတော်ကြောင့် အသိစိတ်ပြန်ဝင်လာသည်။ ထဘီအဝတ် ကျွတ်နေသည်ကိုလည်း အမှတ်ရကာ အရှက်အကြောက်ကြီးစွာ ဖြစ်နေသည်။ အတတ်နိုင်ဆုံး မိမိကိုယ်ကို ဖုံးအုပ်ပြီး ဒူးထောက်ခါးညွှတ်ကာ ခေါင်းငုံ့၍ ထိုင်နေရှာလေ၏။ ထိုအချိန်တွင် လူတစ်ယောက်က အပေါ်ရုံ အဝတ်ကိုပစ်၍ ပေးလိုက်သည်။ ပဋာစာရီသည် ထိုအဝတ်ကို လျင်မြန်စွာ ဝတ်ဆင်၍ မြတ်စွာဘုရားအထံတော်သို့ ချည်းကပ်ကာ တည်ခြင်းငါးဖြာဖြင့် ရိုသေစွာ ရှိခိုးသည်။ ထို့နောက် ဤသို့ လျှောက်ထားသည်။

## အကြောင်းစုံလျှောက်ထားပြီ

"မဟာကရုဏာရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်မ၏ မှီခိုအားထားရာ ဖြစ်တော်မူပါဘုရား၊ တပည့်တော်မ၏ သားအငယ်ကို သိမ်းစွန်ယုတ်က ချီသုတ်၍ သွားခဲ့ပါပြီ။ သားအကြီးကိုလည်း ချောင်းရေကြမ်းက တိုက်လွှမ်းမျောဆောင်၍ ခေါ်ဆောင်သွားခဲ့ပါပြီ။ လမ်းခရီးအကြား၌ ခင်ပွန်းသည် လင်ယောက်ျားလည်း ဆုံးပါးခဲ့ပါပြီ၊ မိဘနှစ်ပါးနှင့် မောင်တို့သည်လည်း တိုက်အိမ်ပိကာ သေဆုံးကြပါသဖြင့် ထင်းပုံတစ်ခုအတွင်း၌ မီးသင်္ဂြိုဟ် ပြီးခဲ့ကြပါကုန်ပြီ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



## သောကအေးရန် တရားပြပြီ

ထိုအခါ ဘုရားရှင်က "ချစ်သမီး ပဋာစာရီ ထွေရာလေးပါး အကြံများ မနေလင့်။ သင်ချစ်သမီး၏ မှီခိုကိုးစား အားထားရာဖြစ်နိုင်သည့် ငါ၏အထံသို့ သင်ချစ်သမီး ရောက်လာခဲ့လေပြီ။ သင်ချစ်သမီးသည် ယခုအခါ သား, လင်, မိဘ, မောင်တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် မျက်ရည်ပေါက်ကြီးငယ်ကို ဖြစ်စေရသကဲ့သို့ ဤအတူပင် အနမတဂ္ဂအစမထင် သံသရာတစ်ခွင်၌လည်း သား, လင်, မိဘ, မောင်တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် ကျခဲ့ရသည့် မျက်ရည်ပေါက်များကား မဟာသမုဒ္ဒရာလေးစင်းအတွင်း၌ ရှိသော ရေပေါက်တို့ထက် မြားမြောင်လှပေ၏"ဟု တရားဓမ္မ ညွှန်းဖော်ပြတော်မူသည်။

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။

ပဋာစာရေ ချစ်သမီး ပဋာစာရီ စတူသု သမုဒ္ဒေသု၊ အရှေ့, အနောက်, တောင်, မြောက် လေးမျက်နှာ သမုဒ္ဒရာတို့၌။ ဇလံ၊ ရေပေါက်သည်။ ပရိတ္တကံ၊ သတ္တဝါတစ်ယောက် သံသရာတစ်လျှောက်၌ ကျခဲ့ရဖူးသော မျက်ရည်ပေါက်နှင့် နှိုင်းစာလျှင် နည်းလှစွာသေး၏။ ဒုက္ခေန ဖုဋ္ဌဿ၊ သား, လင်, မိဘ,မောင်နှမတို့ သေဆုံးရ၍ ကာယ, စိတ္တ ဒုက္ခနှစ်ဖုံ တွေ့ကြုံနှိပ်စက် ခံစားနေရသော။ နရဿ၊ ဒေါသကီလေသာ မခွာရသေးသူ လူတစ်ယောက်၏။ သော စနာ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကြောင့်။ ပဝတ္တံ၊ ဖြစ်ပေါ် ယိုစီး၍လာသော။ အနပ္ပကံ၊ တစ်ပါးမက ဂဏန်းမချနိုင်သော။ အဿုဇလံ၊ မျက်ရည်ပေါက်သည်။ တတော၊ ထို မဟာသမုဒ္ဒရာလေးစင်းအတွင်း၌ရှိသော ရေထက်။ ဗဟုံ၊ သချာဆပွားများလှပေ၏။ အမ္မ၊ ချစ်သမီး ပဋာစာရီ။ တုဝံ၊ သင်ချစ်သမီးသည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ၊ သတိယွင်းပေါ့ ချစ်သမီး မေ့လျော့၍ နေဘိသနည်း။ မာ ပမဇ္ဇ၊ သတိတရား လက်ကိုင်ထား၍ သင်ကား မမေ့မလျော့နေလေလင့်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုရားရှင်က သောကသိမ်းတရားကို ဟောကြားတော်မူလေ၏။ ဘုရားရှင်က အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်နှင့် စပ်သော တရားစကား ဟောကြားတော်မူလေလျှင် ပဋာစာရီ၏ စိတ်သန္တာန်၌ သောကတရား အထူးသဖြင့် လျော့ပါး၍သွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပဋာစာရီ၏ စိတ်အစဉ်တွင် သောကတရား လျှောကျနည်းပါးလာနေသည်ကို သိမြင်တော်မူသဖြင့် "ချစ်သမီး ပဋာစာရီ တမလွန်လောကသို့သွားရောက်ရတော့မည့် သူအတွက် သား, လင်, ခင်ပွန်းစသော သူများသည် အစောင့်အရှောက်လည်း မဖြစ်နိုင်ကြ၊ ပုန်းအောင်း မှီခိုအားထားစရာလည်း မဖြစ်နိုင်ကြ။ ထို့ကြောင့် ပညာရှိသောသူသည် မိမိ၏ သီလကို သုတ်သင်စင်ကြယ်စေ၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း လမ်းစဉ်ကိုသာ ကောင်းစွာ ပွားစီးစေရမည်"ဟူ၍ သဘောအနက် ဖော်ပြတော်မူလျက် ဤသို့ ဆက်လက် ဟောကြားတော်မူ၏။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ အန္တကေန၊ ဘဝဆုံးလျှင်း ရှင်သေမင်းသည်။ အဓိပန္နဿ၊ အချိန်ရောက်ကာ နှိပ်စက်လာသောသူ၏ (အဖို့ရာ)။ ပုတ္တာ၊ သားသမီးတို့သည်။ တာဏာယ၊ သေမင်းရန်ကို တွန်းလှန်စောင့်ရှောက်ခြင်းငှာ။ န သန္တိ၊ မဖြစ်နိုင်ကြကုန်။ ပိတာ၊ ဘ, မိနှစ်ပါး ကျေးဇူးရှင်များသည်လည်း။ နသန္တိ၊ အားထားရာတို့မဖြစ်နိုင်ကြကုန်။ ဗန္ဓဝါပိ၊ မေတ္တာဖွဲ့ပျိုး ဆွေမျိုး မိတ်သင်္ဂဟတို့သည်လည်း။ နသန္တိ၊ အားထားရာတို့ မဖြစ်နိုင်ကြကုန်။ ဉာတီသု၊ မိဘ, သမီး, သား ဆွေမျိုးများတို့၌။ တာဏတာ၊ သေမင်းရန်ကို တွန်းလှယ်ပယ်ဖျောက် စောင့်ရှောက်နိုင်ခြင်းသည်။ နတ္ထိ၊ တစိုးတစိမျှ မရှိချေ။

ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ပဏ္ဍိတော၊ ရှေ့နောက်အရေး ထောက်တွေးမြော်မြင် ပညာရှင်သည်။ ဧတံအတ္ထဝသံ၊ သေမင်းရန်ရောက် ကြုံလာမြောက်သော် စောင့်ရှောက်မည့်

www.burmeseclassic.com

www.burmeseclassic.com



သူ တလူတမင်းမျှ မရှိခြင်း၏ အကြောင်းရင်းကို။ ဥတ္တာ၊ ပညာဆင်ခြင် မြော်သိမြင်၍။ သီလသံဝုတော၊ ကိုယ်ကျင့်သီလ မပျက်ရအောင် နိစ္စ ကျင့်ဆောက် စောင့်ရှောက်သည်ဖြစ်၍။ နိဗ္ဗာနဂမနံ၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်သော။မဂ္ဂံ၊ မဂ္ဂင်ရှစ်ခန်း အကျင့်လမ်းကို။ ခိပ္ပမေဝ၊ ဆောလျင်စွာ သာလျှင်။ ဝိသောဓယေ၊ ကျင့်ဆောင်နေ့စဉ် သုတ်သင်ရှင်းလင်းရာ၏။

## ပဋာစာရီသောတာပန်ဖြစ်ပြီ

ဘုရားရှင်ဟောကြားသော ဒေသနာနိဂုံး ဆုံးလတ်သောအခါ ပဋာစာရီ သူဌေးသမီးသည် မဟာပထဝီမြေမှုန့်ပမာဏ များလှစွာသော ကိလေသာတို့ကို သောတာပတ္တိမဂ် ပညာမီးဖြင့် အပြီးတိုင် လောင်ကျွမ်းပြာဖြစ်စေလျက် သောတာပတ္တိဖိုလ်၌တည်၍ သောတာပန် အရိယာဖြစ်လေ၏။

သောတာပန် ဖြစ်ပြီးသောအခါ ပဋာစာရီသူဌေးသမီးသည် ဘုရားရှင်ကို မိမိအား ဘိက္ခုနီပြုခွင့်ပေးပါရန် တောင်းပန်လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ပဋာစာရီ သူဌေးသမီးကို ဘိက္ခုနီတို့ထံ ခေါ်ဆောင် ကာ ရှင်ရဟန်းပြုပေးစေတော်မူ၏။ ပဋာစာရီ ဘိက္ခုနီသည် ရဟန်းမိန်းမ အဖြစ်ကို ရပြီးသည့်နောက် အထက်မဂ်အလို့ငှာ ဝိပဿနာအလုပ် အားထုတ် ကျင့်ကြံနေသည်။ တစ်နေ့သ၌ ရေအိုးဖြင့် ရေကိုခပ်၍ ခြေတို့ကို ဆေးကြောရန် ရေလောင်းလေ၏။ လောင်းလိုက်သောရေသည် အနည်းငယ်သော အရပ် တိုင်အောင် စီးမျော၍ ကုန်ခမ်းသွား၏။ ဒုတိယအကြိမ် လောင်းလိုက်ပြန် သောအခါ ထိုအရပ်ထက် အနည်းငယ်ဝေးသောအရပ်တိုင်အောင် စီးမျော၍ ကုန်ခမ်းသွားပြန်လေ၏။ တစ်ဖန် တတိယအကြိမ် လောင်းလိုက်သောအခါ ထိုဒုတိယ အရပ်ထက် အနည်းငယ်ဝေးသော အရပ်သို့တိုင် ရောက်အောင် စီးမျော၍ ကုန်ခမ်းသွားပြန်လေ၏။

## အရွယ်သုံးပါးကိုကြည့်မြင်ပုံ

ပဋာစာရီထေရီသည် ထိုရေသုံးမျိုးတို့ စီးမျောရာ အရပ်သုံးမျိုးကိုပင် အာရုံယူလျက် အရွယ်သုံးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားပြီးလျှင် 'ငါ ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သွန်းလောင်းအပ်သော ရေကဲ့သို့ သတ္တဝါတို့သည် ပထမအရွယ်၌ပင် စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏။ ထို ပထမရေထက် အနည်းငယ်ဝေးသော အရပ်သို့တိုင်အောင် စီးမျော၍ ကုန်ခမ်းလေသော ဒုတိယအကြိမ် လောင်းအပ်သောရေကဲ့သို့ မဇ္ဈိမအရွယ်၌လည်း စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏။ ထိုဒုတိယရေထက် အနည်းငယ်ဝေးသော အရပ်သို့တိုင်အောင် ရောက်၍ ပြတ်လေသော တတိယအကြိမ် လောင်းအပ်သော ရေကဲ့သို့ ပစ္ဆိမအရွယ် နောက်ဆုံးအရွယ်၌လည်း စုတိပြတ်ကြွေ ဧကန်ပင် သေကြကုန်၏။'ဟု ပညာဉာဏ် သက်ဝင်၍ ဆင်ခြင် စဉ်းစားနေလေ၏။

ထို့ကဲ့သို့ ကမ္မဋ္ဌာန်းအာရုံကို ရယူဆင်ခြင်ပြီးလျှင် ပဋာစာရီထေရီသည် ဤရေသုံးမျိုးလုံးပင် ကုန်ခန်းပျက်စီးခြင်းသဘောရှိသကဲ့သို့ ဤအတူသတ္တဝါတို့၏ အာယုသင်္ခါရများသည်လည်း ကုန်ခန်းပျက်စီးခြင်း သဘောရှိကုန်၏ဟု အနိစ္စလက္ခဏာကိုလည်းကောင်း၊ ထိုအနိစ္စလက္ခဏာကို အစဉ်လျှောက်သဖြင့် ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ နှစ်ပါးတို့ကိုလည်းကောင်း စူးစမ်းဆင်ခြင်လျက် ဝိပဿနာအလုပ် ပွားများအားထုတ်သည်။ ထိုသို့အားထုတ်နေစဉ် ဥတုသပ္ပါယကို ရယူလိုသဖြင့် မိမိနေရာ ကျောင်းတိုက်ခန်းသို့ အမိုက်မှောင်ကို ပယ်ဖျောက်ရန် ဆီမီးခွက်ကို စွဲကိုင်ကာ ဝင်ရောက်၏။ ဆီမီးခွက်ကို နေရာတကျထားပြီးလျှင် ညောင်စောင်းငယ် ၌ ထိုင်လျက်ပင်လျှင် ဆီမီးခွက်ကို ငြိမ်းစေရန် သံချွန်ဖြင့် ဆီမီးစာကို ဆီရှိရာဘက်သို့ ရွှေ့ရှုဆွဲလိုက်သည်။

ထိုအချိန်၌ ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်၌ ထိုင်နေတော်မူရင်းကပင် ကိုယ်တော်ရောင်ကို ဖြန့်လွှတ်၍ ထေရီ၏ မျက်မှောက်၌ ရပ်တည်ကာ. . .

ချစ်သမီး ပဋာစာရာ၊ သင်ချစ်သမီး စဉ်းစားဆင်ခြင်သော ဤအကြောင်းအရာသည် စဉ်းစားဆင်ခြင်သည့်အတိုင်း မှန်ပေ၏။ ခပ်သိမ်းသော သတ္တဝါတို့သည် "စုတိပြတ်ကြွေ သေလွန်ခြင်းသဘောရှိကြကုန်၏။ သို့အတွက် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ပညာဖြင့် မသိမမြင်သောသူ၏ အနှစ်တစ်ရာ အသက်ရှင်နေရခြင်းထက် ခန္ဓငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ဖြင့် သိမြင်သောသူ၏ တစ်ရက်မျှသော်လည်းကောင်း၊ တစ်ခဏမျှသော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း အသက်ရှင်နေရခြင်းသည် ချီးမွမ်းအပ် အထူးသဖြင့် မြတ်လှပေ၏”ဟု တရားပြတော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ပဋာစာရေ၊ ချစ်သမီး ပဋာစာရီ။ ယော၊ အမှတ်မထင် အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်သင်းဖြစ်ပျက်ခြင်းကို။ အပဿံ အပဿန္တော၊ ဝိပဿနာဉာဏ်မျက်စိဖြင့် မသိမမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာ ရှည်မြင့်ကြာအောင်။ ဇီဝေ ဇီဝေယျ၊ အသက်ရှည်ကြာ တည်နေရာ၏။ တဿ၊ ထိုသူ၏။ ဇီဝတော၊ အနှစ်တစ်ရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ် နှစ်သင်း ဖြစ်ပျက်ခြင်းကို။ ပဿတော၊ ဝိပဿနာဉာဏ် မျက်စိဖြင့် ကြည့်ရှုဆင်ခြင် သိမြင်နေသောသူ၏။ ဧကာ ဟံ၊ ကာလမကြာ တစ်ရက်တာမျှ။ ဇီဝိတံ၊ ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းသည်။ သေယျော၊ အထူးသဖြင့် ချီးမွမ်းအပ်မြတ်လှပေ၏။

## ပဋိသမ္ဘိဒါရဟန္တာဖြစ်ပြီ

ဂါထာနိဂုံး ဆုံးသောအခါ ပဋာစာရီထေရီသည် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီဖြစ်လေ၏။

## ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ပဋာစာရီထေရီသည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးနောက် ဝိနည်းနှင့်စပ်သော အကြောင်းအရာများကို ဟုတ်မှန်သည့် အတိုင်း ဟောကြားဖြေဆိုလေ့ရှိလေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် နောက်တစ်ချိန်ဝယ် ဇေတဝန်ကျောင်းတိုက်၌ စံနေတော်မူကာ ဘိက္ခုနီတို့ကို အစဉ်အတိုင်း ရာထူးဌာနန္တရ် ထားတော်မူသည်ရှိသော် ဤပဋာစာရီ ရဟန္တာထေရီကို ဤသို့ ဧတဒဂ်ရာထူး ထားတော်မူလေ၏။

22A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



တေဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ။

ရဟန်းတို့၊ ဝိနည်းကိုဆောင်ကုန်သော ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီတို့တွင် ပဋာစာရီ ဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံးဖြစ်ပေ၏။

အဘိညာဉ်ခြောက်ဖြာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ပြီး ဝိနည်းမိုရ် တေဒဂ်ဘွဲ့ထူးကြီးကို ရရှိပြီးနောက် ပဋာစာရီဘိက္ခုနီသည် မိမိအဖြစ်အပျက်များကို ပြန်လှန်စဉ်းစားရာ လွန်စွာဝမ်းမြောက်လှသဖြင့် ဤသို့ ရွတ်ဆို ကျူးရင့်တော်မူလေ၏။

## ပဋာစာရီထေရီ ကျူးရင့်ပုံ

နင်္ဂလေဟိ ကသံ ခေတ္တံ၊ ဗီဇာနိ ပဝပ္ပ ဆမာ။

ပုတ္တဒါရာနိ ပေါသေန္တာ၊ ဓနံ ဝိန္ဒန္တိ မာဏဝါ။

လောကေ၊ ဤလောကကြီးအတွင်း၌။ ပုတ္တဒါရာနိ၊ သားမယားတို့ကို။ ပေါသေန္တာ၊ ကျွေးမွေးကြကုန်သော။ မာဏဝါ၊ လုလင်ယောက်ျားလယ်သမားတို့သည်။ နင်္ဂလေဟိ၊ ထွန်တို့ဖြင့်။ ခေတ္တံ၊ လယ်ကွင်းပြင်ကြီးကို။ ကသံ- ကသန္တာ၊ ထွန်ယက်ကြကုန်ပြီးသည်ရှိသော်။ ဆမာ၊ ထွန်ရေးညက်ညက်မြေပြင်ထက်၌။ ဗီဇာနိ၊ မျိုးစေ့အမျိုးမျိုးတို့ကို။ ပဝပ္ပ - ပဝပန္တော၊ စိုက်ပျိုးကြကုန်လျက်။ ဓနံ၊ ဆန်ရေစပါး ဥစ္စာများကို။ ဝိန္ဒန္တိ၊ လောက်လောက်လုံလုံ ပြည့်စုံစွာ ရရှိကြလေကုန်၏။

ကိမဟံ သီလ သမ္ပန္နာ၊ သတ္ထုသာသနကာရိကာ။

နိဗ္ဗာနံ နာဓိဂစ္ဆာမိ၊ အကုသီတာ အနုဒ္ဓတာ။

အဟံ၊ အကျွန်ုပ်ပဋာစာရီသည်။ သီလသမ္ပန္နာ၊ အကျင့်သီလဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ အကုသီတာ၊ ပျင်းရိထိုင်းမှိုင်းခြင်း မရှိဘဲ။ အနုဒ္ဓတာ၊ တက်ကြွထော်လော် လျှပ်ပေါ်လှုပ်ရှားခြင်း မရှိဘဲ။ သတ္ထုသာသနကာရိကာ၊ ရှင်တော်ဘုရား၏ အဆုံးအမတော်အတိုင်း လိုက်နာကျင့်ကြံခဲ့သည်ရှိသော်။ နိဗ္ဗာနံ၊ သံသရာဝဋ် ကျွတ်လွတ်ရာမှန် ပြည်နိဗ္ဗာန်သို့။ ကိံနာဓိဂစ္ဆာမိ၊ အဘယ် မှာမရောက်နိုင်ဘဲ ရှိပါတော့အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ပါဒေဒ ပက္ခာလယိတွာန၊ ဥဒကေသု ကရောမဟံ။
ပါဒေါဒကဥ္စ ဒိသွာန၊ ထလတော နိန္နမာဂတံ။
တတော စိတ္တံ သမာဓေသိံ၊ အဿံဘဒြံဝဇာနိယံ။

အဟံ၊ အကျွန်ုပ်သည်။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလယိတွာန၊ ဆေးသည်ရှိသော်။ ထလတော၊ ကုန်းမြင့်ထက်မှ။ နိန္နမာဂတံ၊ အနိမ့်သို့ စီးဆင်းလေသော။ ပါဒေါဒကဥ္စ၊ ခြေဆေးရေကိုလည်း။ ဒိသွာန၊ မျက်မှောက်ထင်ထင် တွေ့မြင်ရသည်ရှိသော်။ ဥဒကေသု၊ စီးဆင်းပျောက်ဆုံးလေသော ရေတို့၌။ ဘာဝနံ၊ ခယ, ဝယ တင်၍ ဆင်ခြင်သောဘာဝနာကို။ ကရောမိ၊ ပွားများသမှုပြုခဲ့ပါ၏။ တတော၊ ထိုဝိပဿနာတင်၍ ဆင်ခြင်သောအခါ၌။ ဒက္ခော၊ လိမ္မာသော။ သာရထိ၊ ရထားထိန်းသည်။ အာဇာနိယံ၊ အာဇာနည်အမျိုး၌ဖြစ်သော။ ဘဒြံ၊ ကြန်အင်လက္ခဏာအားဖြင့် ကောင်းမြတ်သော။ အဿံ၊ အဿတိုရ်မြင်းမွန်ကို။ သမာဓေသိက္က၀၊ ဖြောင့်ဖြောင့်မတ်မတ်ကောင်းစွာ လေ့ကျင့်ပေးလိုက်သကဲ့သို့။ အဟံ၊ အကျွန်ုပ်သည်။ စိတ္တံ၊ စိတ် တည်းဟူသော အဿတိုရ်မြင်းကောင်းကို။သမာဒေသိံ၊ ဘာဝနာလမ်းစခန်း၌ ဖြောင့်တန်းစွာ မောင်းနှင်ခဲ့ပါသတည်း။

တတော ဒီပံ ဂဟေတွာန၊ ဝိဟာရံ ပါဝိသိံ အဟံ။
သေယျံ ဩလောကယိတွာန၊ မဉ္စကမှိ ဥပါဝိသိံ။

တတော၊ ထိုနောက်မှ။ အဟံ၊ အကျွန်ုပ်သည်။ ဒီပံ၊ ဆီမီးခွက်ကို။ ဂဟေတွာန၊ ကိုင်ဆောင်၍။ ဝိဟာရံ၊ ကျောင်းအတွင်းသို့။ ပါဝိသိံ၊ ဝင်ခဲ့ပါပြီ။ တတော၊ ထို့နောက်။ သေယျံ၊ အိပ်ရာကို။ ဩလောကယိတွာန၊ ကြည့်ရှုပြီးသည်ရှိသော်။ မဉ္စကမှိ၊ ညောင်စောင်းထက်၌။ ဥပါဝိသိံ၊ ချဉ်းကပ်ဝင်ရောက်ကာ လျောင်းစက်လိုက်ပါပြီ။

တတော သူစိံ ဂဟေတွာန၊ ဝဋ္ဋိံဩကဿယာမဟံ။
ပဒီပဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော အဟု စေတသော။

တတော၊ ထိုအိပ်ရာ ညောင်စောင်း၌ လျောင်းစက်ပြီးသည်ရှိသော်။ သူစိံ၊ မီးငြိမ်းသော သံချောင်းတစ်ခုကို။ ဂဟေတွာန၊ ယူ၍။ အဟံ၊ အကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝဋ္ဋ၊ ဆီမီးစာကို။ ဩကဿယာမိ၊ ကော်၍ပစ်ကာ ဆီထဲ၌ နှစ်လိုက်ပါသတည်း။ တဒါ၊ ထိုအခါ၌။ ပဒီပေါ၊ ဆီမီးသည်။ နိဗ္ဗာယိ၊ ငြိမ်းသွား၏။ ပဒီပဿ၊ ဆီမီးတောက်၏။ နိဗ္ဗာနံ ဣဝ၊ ငြိမ်းသွားလေဘိသကဲ့သို့၊ စေတသော၊ စိတ်၏။ ဝိမောက္ခော၊ ကိလေသာဝဋ်မှ ကျွတ်လွတ်ခြင်းသည်။ အဟု၊ ဖြစ်လေသတည်း။

ပဋာစာရီဘိက္ခုနီ အရှင်မကြီးသည် သာသနာရေးနှင့်ဆိုင်သော လောကုတ္တရာဂုဏ်တို့နှင့် အလုံးစုံပြည့်စုံတော်မူကာ သာသနာတော်၏ဝန်ကို အသက်ဆုံးသည်တိုင်အောင် ထမ်းဆောင်တော်မူပြီးလျှင် အဆုံးစွန်သော ကာလ၌ ဒုက္ခအမျိုးမျိုးတို့ ချုပ်ငြိမ်းရာ ချမ်းသာတကာတို့၏ မကိုဋ် အမြိုက်ကြဝှာန်း နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူလေသတည်း။

ပဋာစာရီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဓမ္မဒိန္နာထေရီ အပဒါန်ဝတ္ထု

ဓမ္မဒိန္နာထေရီလောင်းလျာသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါက ဟံသာဝတီမင်းနေပြည်၌ ဆင်းရဲနွမ်းပါးသော အလုပ်သမကလေးတစ်ဦး ဖြစ်ခဲ့ရသည်။

## သီလစောင့်ထိန်းသူ

သူမသည် ရင့်ကျက်သူ၊ ဉာဏ်ပညာရှိသူ၊ သီလစောင့်ထိန်းသူလည်း ဖြစ်သည်။ တစ်နေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝက သုဇာတမထေရ် ဆွမ်းခံကြွတော်မူလာသည်ကို ရေခပ်သွားရင်း ဤထေရီလောင်းလျာက ဖူးတွေ့ရသည်။ မထေရ်မြတ်အား မိမိစားသုံးရန် ယူဆောင်ခဲ့သည့်မုန့်ကို သဒ္ဓါကြည်ညိုစွာ သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းသည်။ မထေရ်မြတ်

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ထိုအမျိုးသမီးကို ချီးမြှောက်တော်မူသောအားဖြင့် မုန့်ကို အလှူ ခံပြီးလျှင် ထိုနေရာ၌ပင် ထိုင်၍ ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။

ထိုသို့ မုန့်အလှူဒါနကို ခံယူတော်မူသော အရှင်သုဇာတမထေရ်မြတ်ကား နိရောဓသမာပတ်မှ ထသစ်စဖြစ်လေသည်။ ထို့ကြောင့် ထိုကောင်းမှုကား မကြာမီပင် အကျိုးပေးနိုင်စွမ်း ရှိလေသည်။

## သူဌေးချွေးမဘဝ

အမျိုးသမီး အလုပ်သမကလေးသည် ဤမျှ မုန့်လှူဒါန်းခွင့်ရရုံဖြင့် မရောင့်ရဲနိုင်ဘဲရှိသဖြင့် မိမိ၏ ဆံပင်တို့ကိုဖြတ်၍ ရသမျှနှင့် ရောင်းချသည်။ အရှင်သုဇာတမထေရ်မြတ်အား အိမ် သို့ပင့်ဆောင်ကာ မွန်မြတ်သောဆွမ်းကို ဆက်ကပ် လှူဒါန်းသည်။ ထို အကြောင်းကို အလုပ်သမကလေး၏ အရှင်ဖြစ်သူ သူဌေးကြားသိရ၍ နှစ်သက်အားရ ဝမ်းမြောက်ကာ မိမိ၏သားနှင့် ထိမ်းမြားပေးလျက် ထိုအလုပ်သမကလေးကို ချွေးမအဖြစ် ခေါ်ယူထားလိုက်လေ၏။

## ပဒုမုတ္တရဘုရားရှင်ထံမှ

ထို သူဌေးချွေးမသည် တစ်နေ့သ၌ ယောက္ခမမိန်းမသူဖြစ်သည့် သူဌေးကတော်ကြီးနှင့် အတူတကွ ပဒုမုတ္တရမြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက်ကြကာ တရားနာယူသည်။ ပဒုမုတ္တရဘုရားရှင်က ဘိက္ခုနီထေရီတစ်ပါးကို 'ဓမ္မကထိက = တရားဟောကောင်းသော အရာ' ၌ ဧတဒဂ် ထားတော်မူသည်ကို တွေ့မြင်ရ၍ အားရဝမ်းသာဖြစ်ကာ မြတ်စွာဘုရား အမှူးပြုသော သံဃာတော်များအား ကြီးစွာသော အလှူဒါနကို ပြုသည်။ ထိုကဲ့သို့ ဧတဒဂ် ရာထူးဌာနန္တရ ရစေရန်လည်း ဆုတောင်းပတ္ထနာမှု ပြုလေသည်။

ပဒုမုတ္တရ ဘုရားရှင်ကလည်း ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် လက်ထက်တော်ဝယ် ထိုဆုတောင်းပြည့်ဝမည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖုဿဘုရားရှင်လက်ထက်

ထို သူဌေးချွေးမသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ခဲ့ရသည်။ ဤကမ္ဘာမှ လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်ဝယ် ဖုဿမြတ်စွာဘုရားပွင့်ထွန်းတော်မူသည်။ ထိုကာလ၌ မြတ်စွာဘုရားနှင့် ဖတူမိကွဲဖြစ်သည့် မင်းသားသုံးဦးတို့၏ ဘဏ္ဍာစိုးသူဌေးကတော်ဖြစ်ရပြီး သဒ္ဓါတရားကြီးမားထက်သန်သူဖြစ်ကာ လင်ဖြစ်သူက အလှူခံများကို 'တစ်ခုကို လောင်းလှူပါ'ဟု တောင်းဆိုလျှင် နှစ်ခုလောင်းပေးသူဖြစ်သည်။

## ကဿပဘုရားရှင်လက်ထက်

ထိုဘဏ္ဍာစိုးသူဌေးကတော်သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုသဖြင့် ကွယ်လွန်သော် နတ်ပြည်, လူ့ပြည်တို့၌သာ ကျင်လည် ကျက်စားခဲ့ရ၏။ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတွင် ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် ခြောက်ယောက်မြောက် 'သုဓမ္မာ'မည်သော သမီးတော် ဖြစ်ခဲ့ရသည်။ နှစ်ပေါင်း နှစ်သောင်းကြာ ကောမာရီပြဟ္မစရိယ အကျင့်ကိုကျင့်လျက် ရဟန်းသံဃာတော်တို့အား သံဃာ့အရံ ပရိဝုဏ် ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။

## ရရှိသောကောင်းမှု၏အကျိုး

ထိုမင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေပြန်သော် တစ်ဖန်နတ်ပြည်၌ဖြစ်ရပြန်သည်။ ဘုရားနှစ်ဆူတို့၏အကြား မရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒ ကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌သာ ကျင်လည်ကျက်စားခဲ့ရသည်။

## ဝိသာခသူဌေးကတော်

ဤအကျွန်ုပ်တို့၏ ဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်ခဲ့ရသည်။ ထိုသူဌေးသမီး အရွယ်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



လတ်သော် ဝိသာခသူဌေးနှင့် မိဘတို့က စုံဖက်ပေးသဖြင့် ဝိသာခသူဌေးအိမ်သို့ ရောက်ရှိကာ သူဌေးကတော် ဓမ္မဒိန္နာဟူ၍ ထင်ရှားခဲ့သည်။

လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရားရှင် လက်ထက်တော် အခါက သဒ္ဓါတရားကြီးမားလှသော ဘဏ္ဍာစိုးဇနီးမောင်နှံတို့သည် ဤ အကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ဝိသာခ သူဌေးနှင့် သူဌေးကတော် ဓမ္မဒိန္နာတို့ဖြစ်လာကြသည်။

ဝိသာခသူဌေးသည် မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ပထမဆုံး အကြိမ် (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်နေ့၌) ကြွရောက်ပြီး ဗိမ္ဗိသာရ မင်းကြီးအား တရားဓမ္မ ဟောကြားစဉ်က တစ်သိန်းနှစ်သောင်းသော တရားနာ ပရိသတ်များအနက် ဗိမ္ဗိသာရမင်းကြီး အပါအဝင် တစ်သိန်းတစ်သောင်းသော ပုဂ္ဂိုလ်တို့ သောတာပတ္တိဖိုလ်သို့ ရောက်ကြသော သူတို့တွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီးနှင့် ကစားဖော် ကစားဖက် အလွန်ရင်းနှီးသော မိတ်ဆွေသူဌေး ဖြစ်သည်။

## အနာဂါမ်ဖြစ်သော်

ဝိသာခသူဌေးသည် ပထမအကြိမ် မြတ်စွာဘုရားကို ဖူးမြော်ရစဉ် ကတည်းကပင် သောတာပတ္တိဖိုလ်၌ တည်နေခဲ့သူဖြစ်သည်။ နောက်ထပ် တစ်ဖန် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်၍ တရားနာပြန်သော် သကဒါ ဂါမိဖိုလ်သို့ ရောက်ရှိလေသည်။ ထို့မှနောက် ဆက်လက်၍ တရားနာပြန်ရာ အနာဂါမိဖိုလ်၌ တည်လေသည်။ ဝိသာခသူဌေးသည် အနာဂါမ် အရိယာ ဖြစ်ပြီးနောက် အိမ်သို့ပြန်လာသည်ရှိသော် အခြားလွန်ခဲ့သော နေ့များကဲ့သို့ ထိုမှဤမှ ကြည့်ကာရှုကာ ပြုံးရွှင်ကာဖြင့် ပြန်လာခြင်းမျိုးမဟုတ်ဘဲ အလွန် ငြိမ်းအေးငြိမ်သက်သောဣန္ဒြေဖြင့် ပြန်လာလေသည်။

သူဌေးကတော် ဓမ္မဒိန္နာသည် ခြသေ့်ခံ လေသာပြတင်းကို ဖွင့်၍ လမ်းမ ဘက်သို့ မျှော်ကြည့်လတ်သော် ဝိသာခသူဌေး၏ ငြိမ်းအေးငြိမ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



က္ကန္ဒြေဖြင့်လာနေပုံကို မြင်သွားသည်။ ထိုသို့မြင်လေလျှင် 'ငါ၏အရှင်သခင် ဝိသာခသူဌေး ဤကဲ့သို့ က္ကန္ဒြေကြီးစွာဖြင့် လာနေခြင်းသည် အဘယ်သို့ အကြောင်း ထူးရှိပါလိမ့်' ဟု ကြံစည်အောက်မေ့ကာ သူဌေးကို ကြိုဆိုလိုသဖြင့် အိမ်လှေကားဦး၌ ရပ်လျက် လက်ကို ဆန့်တန်းပေးလိုက်သည်။

## ထမင်းအတူမစား

ဝိသာခသူဌေးသည် အခြားသောနေ့များ၌ သူဌေးကတော် ဓမ္မဒိန္နာ၏ လက်ကိုဆွဲကိုင်၍ အိမ်ပေါ်သို့တက်ရောက်သည်။ ယနေ့၌မူ သူဌေးကတော်၏ လက်ကို ဆွဲကိုင်ဖို့ နေနေသာသာ သူ့လက်ကိုပင် ကွေး၍ထားလိုက်လေ၏။ ထိုအခါ သူဌေးကတော်က 'နံနက်စာ စားသောအခါ၌ သိရပေလိမ့်မည်'ဟု ကြံစည်အောက်မေ့ကာ စိတ်ကို ဖြေထားလိုက်၏။ ဝိသာခသူဌေးသည် ရှေးအခါက သူဌေးကတော် ဓမ္မဒိန္နာနှင့် အတူတကွ ထမင်းစားနေကျဖြစ်သည်။ သို့သော်လည်း ယနေ့၌မူ သူဌေးကတော်ကို မခေါ်ငင်တော့ဘဲ ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်းတော်တစ်ပါးကဲ့သို့ က္ကန္ဒြေကြီးစွာဖြင့် တစ်ယောက်တည်းသာ ထမင်းစားလေ၏။

ထိုအခါ သူဌေးကတော်က 'ညချမ်းကာလ၌ သိရပေလိမ့်မည်'ဟု ကြံစည်အောက်မေ့ကာ စိတ်ကို ဖြေသိမ့်ထားခဲ့ရပြန်သည်။

ညချမ်းကာလရောက်လတ်သော် ဝိသာခသူဌေးသည် အိပ်ရာတိုက် ခန်းသို့မဝင်ဘဲ အခြားအခန်းတစ်ခုကို သုတ်သင်ရှင်းလင်းစေကာ ညောင် စောင်းတစ်ခုကိုခင်းစေလျက် တစ်ယောက်တည်းသာ အိပ်စက်လေ၏။ သူဌေး ကတော် ဓမ္မဒိန္နာသည် ထိုအခါကျမှ 'ဤသူဌေးအဖို့ အပြင်အပ၌ ချစ်ခင် နေသူရှိလေသလော၊ သို့မဟုတ် တစ်စုံတစ်ယောက်က စိတ်ဝမ်းကွဲအောင် ပြုလုပ်အပ်လေသလော၊ သို့မဟုတ် ငါ၌အပြစ် တစ်စုံတစ်ရာပင် ရှိလေ သလော' ဟု တွေးတောမိကာ အလွန် စိတ်နှလုံးမချမ်းမသာ ဖြစ်ရသည်။ တစ်ရက်နှစ်ရက် နေပြီးသောအခါ၌ 'ဤမျှလောက်ဆိုလျှင် သိနိုင်လောက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြံစည်ဆင်ခြင်ကာ ဝိသာခသူဌေးအား ပြုစုယုယရန် သွားရောက်၍ လက်အုပ်ချီလျက် ရပ်၏။

ထိုအခါ ဝိသာခသူဌေးက သူဌေးကတော် ဓမ္မဒိန္နာအား ဤသို့ မေးမြန်းသဖြင့်. . .

## အပြန်အလှန် မေးကြဖြေကြပုံ

သူဌေး။ ။ဓမ္မဒိန္နာ၊ အခါမဟုတ်ဘဲ အဘယ့်ကြောင့် လာသနည်း။

သူဌေးကတော်။ ။အရှင့်သား ကျွန်တော်မသည် အခါမဟုတ်ဘဲ လာမိပါသည်။ အရှင့်သားသည် ယခုအခါ ရှေးကနှင့်မတူပါ။ အရှင့်သားသည် ကျွန်တော်မမှ တစ်ပါး အပြင်အပ၌ ချစ်ရခင်ရသူ ရှိနေပါသလော။

သူဌေး။ ။မရှိပါဘူး ဓမ္မဒိန္နာ။

သူဌေးကတော်။ ။သို့မရှိလျှင် အခြား တစ်စုံတစ်ယောက်က စိတ်ဝမ်းကွဲအောင် ပြုလုပ်ထားပါသလော။

သူဌေး။ ။စိတ်ဝမ်းကွဲအောင် ပြုလုပ်သူလည်း မရှိပါ။

သူဌေးကတော်။ ။ထိုသို့ဖြစ်လျှင် ကျွန်တော်မမှာ အပြစ်တစ်စုံတစ်ရာ များ ရှိနေပါသလော။

သူဌေး။ ။သင့်၌လည်း အပြစ်တစ်စုံတစ်ရာ မရှိပါ။

သူဌေးကတော်။ ။ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့် အရှင့်သားသည် ကျွန်တော်မနှင့် ဇနီးမောင်နှံသဘောဖြင့် နှုတ်ဆက်စကားမျှကိုပင် မပြောမဆိုဘဲ နေရပါသနည်း။

## အလွန်အလေးပြုအပ်သည့်တရား

ထိုသို့ တိုက်ရိုက်မေးမြန်းသောအခါ ဝိသာခ သူဌေးသည် 'ဤ ငါသိရသော လောကုတ္တရာတရားသည် အလွန်အလေးပြုအပ် မြတ်သည့်တရား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အရပ်စကား အရပ်နားဖြင့် ထင်ရှားပြထိုက်သည့် တရားမဟုတ်။ လျှို့ဝှက်ထားသင့်သော တရားဖြစ်ချေ၏။ သို့သော်လည်း အကယ်၍ ငါမဖြေကြားလျှင် ဓမ္မဒိန္နာသည် နှလုံးကွဲကာ ဤနေရာမှာပင် သေလေရာ၏'ဟု ဆင်ခြင် စဉ်းစားမိသဖြင့် ဤသို့ ရှင်းလင်းပြောကြားလေ၏။

## နှမ သို့မဟုတ် သမီးအရာ၌ထား၍ စောင့်ရှောက်မည်

"ဓမ္မဒိန္နာ၊ ငါသည် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရသောကြောင့် လောကုတ္တရာတရား၏ အနှစ်သာရကို ရရှိသိမြင်ခဲ့ပြီ။ ထိုသို့ လောကုတ္တရာ၏ အနှစ်သာရတရားကို ရရှိသိမြင်ပြီးသောသူအဖို့ ဤသို့ သဘောရှိသည့် လောကီအပြုအမူများနှင့် လားလားမျှ မသင့်တော်တော့ချေ။ အကယ်၍ ငါ့နှမ အလိုရှိခဲ့ပါလျှင် နှမဘက်က ပါရှိလာသော ကုဋေလေးဆယ်, ငါ့ဘက်ကပါရှိလာသော ကုဋေလေးဆယ် နှစ်ရပ်ပေါင်း ကုဋေရှစ်ဆယ်သော ဥစ္စာများသည် ဤအိမ်၌ရှိပေသည်။ ဤကုဋေရှစ်ဆယ်သော ဥစ္စာ၌ သင်သည် စိုးပိုင်သူဖြစ်ကာ ငါ၏ အမိအရာ၌ဖြစ်စေ၊ အစ်မကြီးအရာ၌ဖြစ်စေ တည်နေပါလော့။ သင်ပေးအပ်သည့် ထမင်းအစာမျှဖြင့်ပင် ငါသည် မျှတ၍နေပါမည်။ အကယ်၍ ဤသို့မပြုလုပ်လိုလျှင်လည်း ဤစည်းစိမ်ဥစ္စာတို့ကို ယူဆောင်ကာ သင်၏ အမိအဖအိမ်သို့ ပြန်သွားပါလေ။ အကယ်၍ သင့်အဖို့ရာ အပြင်အပ၌ တောင့်တမှုမရှိဟုဆိုလျှင် ငါသည် သင့်ကို နှမငယ်အရာ၌သော် လည်းကောင်း၊ သမီးအရာ၌သော် လည်းကောင်း ထား၍ ကျွေးမွေးစောင့်ရှောက်ပါမည်။

## မာတုဂါမတို့ မသိထိုက်သောတရားလော

သူဌေးကတော် ဓမ္မဒိန္နာသည် ထိုစကားကို ကြားရလျှင် ကေန်ပင် ဤအရှင့်သားသည် လောကုတ္တရာတရားကို ပိုင်းခြားထိုးထွင်း သိမြင်အပ်ပြီးလေပြီ။ အထူးသဖြင့် ငါသိလိုသည်မှာ လောကုတ္တရာတရားကို ယောကျ်ားများသာ ထိုးထွင်းသိစွမ်းနိုင်ပါသလော၊ သို့မဟုတ် မိန်းမသားများလည်း ထိုးထွင်း သိမြင်ခြင်းငှာ စွမ်းနိုင်သလောဟု ကြံစည်ပြီးလျှင် ဝိသာခသူဌေးကို 'အရှင့်သား၊

www.burmeseclassic.com

www.burmeseclassic.com



ယခု အရှင့်သား သိမြင်ခံစားရသည့် ဤလောကုတ္တရာတရားကို ယောကျ်ား များသာ သိထိုက်ရထိုက်ပါသလော။ မိန်းမသားများလည်း သိထိုက် ရထိုက် ပါသလော'ဟု တိုက်ရိုက်ပင် မေးမြန်းလေ၏။

## ရှေးကုသိုလ်ရှိသူတိုင်း သိနိုင်

ထိုအခါ ဝိသာခသူဌေးက 'အို. . . နှမ၊ ဘယ့်နှယ်ပြောပါလိမ့်. . . ဝိပဿနာတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြသောသူတိုင်းပင် ဤ လောကုတ္တရာ တရားအမွေကို ရယူနိုင်ကြကုန်၏။ မဂ်ဖိုလ်ရရာရကြောင်း ရှေး ကုသိုလ်ကံရှိသူတိုင်းပင် ဤလောကုတ္တရာ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ ရယူနိုင်ကြကုန်၏'ဟု ဖြေကြားပြောဆိုလေ၏။

ထိုအခါ သူဌေးကတော် ဓမ္မဒိန္နာသည် 'အရှင့်သား၊ ထိုသို့ဖြစ်လျှင် ကျွန် တော်မအား ရှင်ရဟန်းပြုရန် ခွင့်ပြုတော်မူပါလော့'ဟု ခွင့်ပန်စကား ပြောကြား လေ၏။

ထိုအခါ ဝိသာခသူဌေးက 'ကောင်းပြီ ရှင်မ၊ ငါသည်လည်း သင့်ကို ဤလောကုတ္တရာတရားလမ်းခရီး၌ပင် ယှဉ်စေလိုပါ၏။ ရှင်မ၏ စိတ်အလိုကို မသိသည့်အတွက် မပြောကြား မတိုက်တွန်းခဲ့မိချေ'ဟု ပြောဆိုသည်။ ထို့နောက် ဗိမ္ဗိသာရမင်းကြီးရှိရာ နန်းတော်သို့ သွားရောက်လျက် လက်အုပ်ချီကာ ရပ်တည်နေလေ၏။

## ဘာအလိုရှိပါသနည်း

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက "သူဌေး၊ အဘယ့်ကြောင့် အခါမဟုတ်ဘဲ လာသနည်း"ဟု မေးလေလျှင် ဝိသာခသူဌေးက "မြတ်သောမင်းကြီး၊ သူဌေး ကတော် ဓမ္မဒိန္နာသည် ရှင်ရဟန်းပြုတော့မည် ပြောဆိုပါသည်"ဟု လျှောက်ထား လေ၏။ မင်းကြီးက "သူဌေးကတော် ဓမ္မဒိန္နာအတွက် အဘယ်ဝတ္ထုကို ရလို သနည်း"ဟုမေးလေလျှင် ဝိသာခသူဌေးသည် "အခြားတစ်စုံတစ်ရာသော ဝတ္ထု ကိုမျှ ရလိုမှုမရှိပါ။ အရှင်မင်းကြီး၏ ရွှေထမ်းစင်ကိုသာ ရလိုပါ၏။ မြို့တော် ကိုလည်း သုတ်သင်ရှင်းလင်းပေးစေချင်ပါ၏"ဟု လျှောက်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ဝိသာခသူဌေးလျှောက်ထားသည့်အတိုင်း ရွှေထမ်းစင်ကို ပေး၍ မြို့တော်ကိုလည်း သုတ်သင်ရှင်းလင်းစေလေ၏။

## ရှင်ရဟန်းပြုပေးတော်မူကြပါ

ဝိသာခသူဌေးသည် သူဌေးကတော် ဓမ္မဒိန္နာကို နံ့သာရေဖြင့် ရေချိုးသန့်စင်စေသည်။ ထို့နောက် အဆင်တန်ဆာမျိုးစုံတို့ဖြင့် တန်ဆာဆင်စေပြီးလျှင် ရွှေထမ်းစင်ထက်၌ တက်ရောက်နေရာယူစေသည်။ ဆွေမျိုးအပေါင်းတို့ ဝန်းရံလိုက်ပါစေပြီးနောက် မြို့တော်ကို နံ့သာဖြင့် ထုံလှိုင်အောင် ပြုသည့် အလား များစွာသော နံ့သာ, ပန်း စသည်တို့ဖြင့် ပူဇော်မှု ပြုလုပ်သည်။ ထို့နောက် ဘိက္ခုနီများနေ ထိုင်ရာ ကျောင်းတိုက်သို့ သွားရောက်ပြီး 'အရှင်မကြီးတို့ဘုရား၊ အကျွန်ုပ်၏ ကြင်ဖော်သူဌေးကတော် ဓမ္မဒိန္နာကို ရှင်ရဟန်း ပြုပေးတော်မူကြပါဘုရား'ဟု လျှောက်ထားပြောဆိုလေ၏။

ဘိက္ခုနီတို့က အပြစ်ရှိ၍ ထိုသို့လျှောက်ထားသည်ဟု ထင်မှတ်ကြကာ 'ဒါယကာသူဌေး၊ တစ်ခါနှစ်ခါ မှားမိသောအပြစ်များကို သည်းခံသင့်ပါသည်'ဟု ပြောဆိုကြလေ၏။ ထိုအခါ ဝိသာခသူဌေးသည် 'အရှင်မကြီးတို့ဘုရား . . . သူဌေးကတော် ဓမ္မဒိန္နာမှာ အပြစ်ဆို၍ တစိုးတစိမျှ မရှိပါ။ ဓမ္မဒိန္နာသည် မြတ်ဘုရား သာသနာတော်ကို သဒ္ဓါကြည်ညိုသဖြင့် ရှင်ရဟန်းပြုလိုသူ ဖြစ်ပါသည်'ဟု လျှောက်ထားလေ၏။

ထိုအခါ ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သော ထေရီတစ်ပါးသည် သူဌေးကတော် ဓမ္မဒိန္နာအား တစပဉ္စက ကမ္မဋ္ဌာန်းကို ဟောကြားပြီးလျှင် ဆံတို့ကို ပယ်ချ ရိတ်ဖြတ်ပြီး ရှင်ရဟန်းပြုပေးလေ၏။ ဝိသာခသူဌေးသည်လည်း ဓမ္မဒိန္နာထေရီကို လက်အုပ်ချီမိုးရှိခိုးလျက် 'အရှင်မဘုရား၊ သာသနာတော်၌ မွေ့လျော်စွာ နေတော်မူပါ၊ မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, ဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နှင့်ပြည့်စုံထင်ရှားဟောကြားအပ်ပါပြီ' ဟု လျှောက်ထားပြီး အိမ်သို့ ပြန်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒိန္နာထေရီသည် ရဟန်းပြုသောနေ့မှစ၍ များစွာသော လာဘ်ပူဇော်သက္ကာရ ရရှိလေသည်။ ထေရီသည် ထိုသို့ လာဘ်ပူဇော်သက္ကာရများ များပြားလှသောကြောင့် ရဟန်းတရားအားထုတ်ခွင့်ကို မရနိုင်ဘဲ ဖြစ်နေရလေသည်။

## နန်းတော်အသိုင်းအဝိုင်းမှ ရဟန်းပြုသူဖြစ်၍

ဓမ္မဒိန္နာထေရီသည် ရဟန်းဖြစ်ပြီးသော် ဝိသာခသူဌေးသည် အိမ်၌ နေထိုင်ရင်းပင်လျှင် သံသရာဝဋ်ဒုက္ခဆုံးအောင် ပြုတုံသေး၏။ ရှင်ရဟန်းအဖြစ်ကို ရသောအချိန်မှစ၍ ငါသည်လည်း သံသရာဝဋ် ဒုက္ခဆုံးအောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်မှ သင့်တော်မည်' ဟု ကြံစည်ဆင်ခြင်ကာ ဆရာ, ဥပဇ္ဈာယ်ဖြစ်သော ထေရီကြီးတို့ထံသို့ သွားရောက်ပြီး 'အရှင်မကြီးတို့ဘုရား၊ တပည့်တော်သည် အာရုံငါးပါး ရောပြွမ်းရှုပ်ထွေးသော နေရာဌာန၌ မပျော်ပိုက်ပါ။ ရွာငယ်တောကျောင်းတစ်ခုသို့ သွားရောက် နေထိုင်၍ ကမ္မဋ္ဌာန်းတရား စီးဖြန်းအားထုတ်လိုပါသည် ဘုရား'ဟု လျှောက်ထားလေ၏။

ထေရီကြီးတို့သည်လည်း ဓမ္မဒိန္နာထေရီမ၏ တောကျောင်းနေလိုသော ဆန္ဒကို မတားမြစ်ကြဘဲ ကြည်ဖြူစွာပင် ရွာငယ်ကျောင်းတစ်ခုသို့ ခေါ်ဆောင်သွားကြလေကုန်၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ပြီ

ဓမ္မဒိန္နာထေရီသည် ရှေးလွန်လေပြီးသော ဘဝများစွာကပင် သင်္ခါရတရားတို့ကို ဉာဏ်ပညာဖြင့် သုံးသပ်ခဲ့ဖူးသူ ဖြစ်သည်။ ထို့ကြောင့် ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်သော် မကြာမီမှာပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီး ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်လေ၏။

ထို့နောက် ဓမ္မဒိန္နာထေရီသည် 'ငါ၏ရဟန်းကိစ္စသည် အထွတ်အထိပ်သို့ ရောက်ခဲ့ပြီ။ ဤတောအရပ်၌နေ၍ အဘယ်အကျိုးရှိအံ့နည်း။ ရာဇဂြိုဟ်ပြည်သို့သာ ငါပြန်ပေအံ့။ ရာဇဂြိုဟ်မြို့၌ ငါ့ကိုအမှီပြု၍ များစွာသော ဆွေမျိုး

www.burmeseclassic.com



အပေါင်းတို့သည် ကောင်းမှုကုသိုလ်တို့ကို ပြုကြပေလိမ့်မည်'ဟု ကြံစည် တွေးဆကာ ဆရာ, ဥပဇ္ဈာယ် ထေရီမကြီးတို့ကို ပင့်ခေါ်ခဲ့ပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့လေ၏။

ဝိသာခသူဌေးသည် 'ဓမ္မဒိန္နာထေရီ ရာဇဂြိုဟ်ပြည်သို့ ပြန်လာသတဲ့' ဟူသော သတင်းစကားကို ကြားသိရ၍ 'ဓမ္မဒိန္နာသည် ရဟန်းပြုပြီး မကြာမီပင် ဇနပုဒ်ရှိ ရွာငယ်တစ်ရွာသို့ သွားနေခဲ့သည်။ သွားပြီး မကြာမီပင် ပြန်လာလေပြီ။အဘယ်သို့ ဖြစ်ပါလိမ့်၊ ငါကိုယ်တိုင်သွားရောက်၍ သိအောင်စုံစမ်းဦးအံ့'ဟု ကြံစည်လျက် ညနေချမ်းအခါ၌ ဓမ္မဒိန္နာထေရီအထံသို့ရောက်လေသည်။

## ပြဿနာမေးပြီ

ဓမ္မဒိန္နာထေရီထံသို့ရောက်သော် လက်အုပ်ချီလျက် အပြစ်လွတ်ရာအရပ်၌ ရပ်ပြီး 'အရှင်မ၊ သာသနာတော်၌ မွေ့လျော်ပါ၏လော, မွေ့လျော်ခြင်း မရှိဘူးလော'ဟု မေးခြင်းသည် ပညာရှိတို့အလုပ်မဟုတ်ချေ။ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဆောင်၍ပြဿနာကို မေးလျှောက်ပေအံ့။ အမေးပုစ္ဆာပြဿနာကို ဖြေဆိုပုံ ဖြင့်ပင် ထိုဓမ္မဒိန္နာသာသနာ၌ မွေ့လျော်ခြင်း, မမွေ့လျော်ခြင်းကို ငါသိပေအံ့'ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ခန္ဓာငါးပါးအစရှိသော အစွမ်းအားဖြင့် ပြဿနာတို့ကို ဤသို့ မေးမြန်းလေသည်။

## ဝိသာခနှင့် ဓမ္မဒိန္နာဆွေးနွေးကြသော အကြောင်းများ

အရှင်မ။ ။သက္ကာယ သက္ကာယဟု ဆို၏။ အရှင်မ၊ အဘယ်တရားကို သက္ကာယဟု မြတ်စွာဘုရား ဟောအားပါသနည်း။

ဒါယကာဝိသာခ။ ။ဤစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ကို သက္ကာယဟု မြတ်စွာဘုရား ဟောတော်မူ၏။ အဘယ်ခန္ဓာငါးပါးတို့နည်းဟူမူ ရုပ်ဟူသော စွဲလမ်းဖွယ် ခန္ဓာ၊ ခံစားမှုဟူသော စွဲလမ်းမှုခန္ဓာ၊ မှတ်သားမှုဟူသော စွဲလမ်း

www.burmeseclassic.com

www.burmeseclassic.com



ရာခန္ဓာ၊ ပြုပြင် စီရင်မှုဟူသော စွဲလမ်းမှုခန္ဓာ၊ အထူးသိမှုဟူသော စွဲလမ်းဖွယ်ခန္ဓာတို့တည်း။ ဒါယကာ ဝိသာခ၊ ဤစွဲလမ်းဖွယ်ခန္ဓာငါးပါးတို့ကို သက္ကာယဟု မြတ်စွာဘုရား ဟောတော်မူ၏။

ဝိသာခဉပါသကာသည် ဓမ္မဒိန္နာရဟန်းမ၏ အဖြေစကားကို အလွန်နှစ်သက်ဝမ်းမြောက်သဖြင့် 'အရှင်မ၊ အရှင်မ၏ အဖြေသည် ကောင်းမွန်လှပါပေ၏'ဟု ဝန်ခံပြီး ပြဿနာကို ဆက်၍မေးလျှောက်ပြန်၏။

အရှင်မ၊ သက္ကာယ ဖြစ်ပေါ်ကြောင်း သက္ကာယဖြစ်ပေါ်ကြောင်းဟုဆို၏။ အဘယ်ကို သက္ကာယဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း။

ဒါယကာဝိသာခ၊ တစ်ဖန် ဘဝသစ်ကိုဖြစ်စေတတ်သော နှစ်သက်တပ်စွန်းမှု 'နန္ဒီရာဂ' နှင့်တကွဖြစ်သော ထိုထိုဘုံဘဝ၌ အလွန်နှစ်သက်တတ်သော ကာမဂုဏ်ကို တပ်မက်မှု 'ကာမတဏှာ'၊ ဘုံဘဝကို တပ်မက်မှု 'ဘဝတဏှာ'၊ ဘုံဘဝကင်းပြတ်မှုကို တပ်မက်မှု 'ဝိဘဝတဏှာ'။ ဤတပ်မက်မှု 'တဏှာ'ကို သက္ကာယဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရား ဟောတော်မူ၏။

အရှင်မ၊ သက္ကာယချုပ်ရာ သက္ကာယချုပ်ရာဟု ဆို၏။ အဘယ်ကို သက္ကာယချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူသနည်း။

ဒါယကာဝိသာခ၊ တပ်မက်မှု 'တဏှာ'၏ အကြွင်းမဲ့ တပ်စွန်းခြင်း ကင်းသောအားဖြင့်ချုပ်ရာ၊ စွန့်ပစ်ရာ၊ တစ်ဖန် စွန့်လွှတ်ရာ၊ လွတ်မြောက်ရာ၊ တွယ်တာကပ်ငြိမှု မရှိရာ (နိဗ္ဗာန်)ကို သက္ကာယချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူ၏။

အရှင်မ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၊ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟုဆို၏။ အဘယ်ကို သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗန်သို့ရောက်ကြောင်းအကျင့်

ဒါယကာဝိသာခ၊ မြတ်သောအင်္ဂါရှစ်ပါးရှိသောမဂ်ကိုပင်လျှင် သက္ကာယချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဟု မြတ်စွာဘုရားဟောတော်မူ၏။ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ဟူသည် မှန်သောအယူ သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည် သမ္မာသင်္ကပ္ပ၊ မှန်သောစကား သမ္မာဝါစာ၊ မှန်သောအမှု သမ္မာကမ္မန္တ၊ မှန်သော အသက် မွေးမှု သမ္မာအာဇီဝ၊ မှန်သောအားထုတ်မှု သမ္မာဝါယာမ၊ မှန်သောအောက်မေ့မှု သမ္မာသတိ၊ မှန်သောတည်ကြည်မှု သမ္မာသမာဓိ ဤသည်တို့ပေတည်း။

အရှင်မ၊ ထိုစွဲလမ်းမှု 'ဥပါဒါန်'သည်ပင်လျှင် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့လော၊ သို့မဟုတ် စွဲလမ်းမှု 'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့မှ အခြားပေလော။

ဒါယကာဝိသာခ၊ စွဲလမ်းမှု 'ဥပါဒါန်'သည်ပင်လျှင် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ မဟုတ်ကုန်၊ စွဲလမ်းမှု 'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့မှ တခြား လည်းမဟုတ်။ ဒါယကာဝိသာခ၊ စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ လိုချင် တပ်မက်မှု 'ဆန္ဒရာဂ' သည် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ စွဲလမ်းမှု 'ဥပါဒါန်'မည်၏။

အရှင်မ၊ အဘယ်သို့ သက္ကာယဒိဋ္ဌိဖြစ်သနည်း။

ဒါယကာဝိသာခ၊ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော၊ အရိယာတို့၏တရား၌ မကျွမ်းကျင်သော၊ အရိယာတို့၏တရား၌ မယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော၊ သူတော်ကောင်းတို့၏ တရား၌ မကျွမ်းကျင်သော၊ သူတော်ကောင်းတို့၏တရား၌ မယဉ်ကျေးသော, အကြားအမြင်မရှိသော ပုထုဇဉ်ရုပ်သည် အတ္တ 'ကိုယ်'ဟုရှု၏။ ကြွင်းသော ခန္ဓာကို ရုပ်ရှိသော အတ္တဟုလည်းကောင်း၊ အတ္တ၌ ရုပ်ဟုလည်းကောင်း၊ ရုပ်၌ အတ္တဟုလည်းကောင်း ရှု၏။ ခံစားမှု မှတ်သားမှု ပြုစီရင်မှု အထူးသိမှုကိုလည်း ဤနည်းအတူ အတ္တ'ကိုယ်'ဟု ရှု၏။ ကြွင်းသောခန္ဓာကို အထူးသိမှုရှိသော

www.burmeseclassic.com

www.burmeseclassic.com



အတ္တဟုလည်းကောင်း၊ အတ္တ၌ အထူးသိမှုဟု လည်းကောင်း၊ အထူးသိမှု၌ အတ္တဟုလည်းကောင်း ရှု၏။ ဒါယကာ ဝိသာခ၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏။

အရှင်မ၊ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်သနည်း။

ဒါယကာဝိသာခ၊ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော၊ အရိယာတရား၌ ကျွမ်းကျင်သော၊ အရိယာတို့၏တရား၌ ယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော၊ သူတော်ကောင်းတို့၏တရား၌ ကျွမ်းကျင်သော၊ သူတော်ကောင်းတို့၏တရား၌ ယဉ်ကျေးသော၊ အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်ကို အတ္တ 'ကိုယ်'ဟုမရှု၊ ကြွင်းသော ခန္ဓာကို ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှု မှတ်သားမှု ပြုပြင်စီရင်မှု၊ အထူးသိမှုကို အတ္တ'ကိုယ်'ဟု မရှု၊ ကြွင်းသော ခန္ဓာတို့ကို အထူးသိမှုရှိသော အတ္တဟု မရှု၊ အတ္တ၌ အထူးသိမှုဟု မရှု၊ အထူးသိမှု၌ အတ္တဟု မရှု၊ ဒါယကာ ဝိသာခ၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်။

အရှင်မ၊ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း။

ဒါယကာဝိသာခ၊ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် မှန်သော အယူ သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည် သမ္မာသင်္ကပ္ပ၊ မှန်သောစကား သမ္မာဝါစာ၊ မှန်သောအမှု သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးမှု သမ္မာအာဇီဝ၊ မှန်သောအားထုတ်မှု သမ္မာဝါယာမ၊ မှန်သောအောက်မေ့မှု သမ္မာသတိ၊ မှန်သော တည်ကြည်မှု သမ္မာသမာဓိ တို့ပေတည်း။

## မဂ်သည်အပြုအပြင်ခံတရားလော

အရှင်မ၊ မြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်သည် အပြုအပြင်ခံတရားလော၊ သို့မဟုတ် အပြုအပြင်ခံ မဟုတ်သော တရားလော။

ဒါယကာဝိသာခ၊ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်သည် အပြုအပြင်ခံတရားပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မ၊ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု 'ခန္ဓာ'သုံးပါးတို့ကို သိမ်းယူရသလော၊ သို့မဟုတ် အစု 'ခန္ဓာ'သုံးပါးတို့ဖြင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိမ်းယူရသလော။

ဒါယကာဝိသာခ၊ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု 'ခန္ဓာ'သုံးပါးတို့ကို မသိမ်းယူရ။ အစု 'ခန္ဓာ' သုံးပါးတို့ဖြင့်သာ မြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်ကို သိမ်းယူရ၏။ ဒါယကာဝိသာခ၊ မှန်သောစကား သမ္မာဝါစာ၊ မှန်သောအမှု သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးမှု သမ္မာအာဇီဝ၊ ဤတရားတို့ကို သီလအစု သီလက္ခန္ဓာ၌ သိမ်းယူရကုန်၏။ မှန်သောအားထုတ်မှု သမ္မာဝါယာမ၊ မှန်သောအောက်မေ့မှု သမ္မာသတိ၊ မှန်သောတည်ကြည်မှု သမ္မာသမာဓိ၊ ဤတရားတို့ကို တည်ကြည်မှုအစု 'သမာဓိက္ခန္ဓာ'၌ သိမ်းယူရကုန်၏။ မှန်သောအယူ သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည် သမ္မာသင်္ကပ္ပ၊ ဤတရားတို့ကို သိမှုအစု 'ပညာက္ခန္ဓာ'၌ သိမ်းယူရကုန်၏။

အရှင်မ၊ အဘယ်သည် တည်ကြည်မှု သမာဓိ ပါနည်း၊ အဘယ်တရားတို့သည် တည်ကြည်မှုဖြစ်ကြောင်း သမာဓိနိမိတ်တို့ ပါနည်း။ အဘယ်တရားတို့သည် တည်ကြည်မှု၏အခြံအရံတို့ပါနည်း၊ အဘယ်သည် တည်ကြည်မှုကို ပွားများခြင်းပါနည်း။

ဒါယကာဝိသာခ၊ စိတ်၏အာရုံ တစ်မျိုးတည်းသာရှိခြင်းသည် တည်ကြည်မှု သမာဓိတည်း။ လေးပါးသော အောက်မေ့မှုထင်ခြင်း သတိပဋ္ဌာန်တို့သည် တည်ကြည်မှုဖြစ်ကြောင်း သမာဓိနိမိတ်တို့တည်း။ လေးပါးသော ကောင်းစွာ အားထုတ်ခြင်း သမ္မပ္ပဓာန်တို့သည် တည်ကြည်မှု၏ အခြံအရံတို့တည်း။ ထို တရားတို့ကိုသာလျှင် မှီဝဲခြင်း၊ ပွားများခြင်း၊ ကြိမ်ဖန်များစွာပြုခြင်းသည် ဤအရာ၌ တည်ကြည်မှုကို ပွားများခြင်းတည်း။

အရှင်မ၊ သင်္ခါရတို့သည် အဘယ်မျှတို့နည်း။

ဒါယကာဝိသာခ၊ သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ၊ နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ၊ စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ ဤသုံးပါးတို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မ၊ အဘယ်သည် ကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရ မည်သနည်း။ အဘယ်သည် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ မည်သနည်း။ အဘယ်သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ မည်သနည်း။

ဒါယကာ ဝိသာခ၊ ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယ သင်္ခါရ မည်၏။ ဝိတက်၊ ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ မည်၏။ သညာ၊ ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရမည်၏။

အရှင်မ၊ အဘယ်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ မည်သနည်း။ အဘယ်ကြောင့် ဝိတက်၊ ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ မည်သနည်း၊ အဘယ့်ကြောင့် သညာ၊ ဝေဒနာတို့သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ မည်သနည်း။

ဒါယကာ ဝိသာခ၊ ထိုထွက်သက် ဝင်သက်တရားတို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ကိုယ်နှင့်စပ်ကုန်၏၊ ထို့ကြောင့် ထိုထွက်သက် ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ မည်၏။ ဒါယကာ ဝိသာခ၊ ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှစကားကို မြွက်ဆို၏။ ထို့ကြောင့် ဝိတက်၊ ဝိစာရတို့သည် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရမည်၏။ သညာ၊ ဝေဒနာတရားတို့သည် စိတ်၌ဖြစ်ကုန်၏။ စိတ်နှင့်စပ်ကုန်၏။ ထို့ကြောင့် သညာ ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရ မည်၏။

အရှင်မ၊ သညာ ဝေဒနာချုပ်နေခြင်းသို့ရောက်မှု နိရောဓသမာပတ်သည် အဘယ်သို့ဖြစ်ပါသနည်း။

ဒါယကာ ဝိသာခ၊ သညာ၊ ဝေဒနာချုပ်နေခြင်း သို့ရောက်သော ရဟန်းအား 'ငါသည် သညာ ဝေဒနာ ချုပ်နေခြင်းသို့ ရောက်လိမ့်မည်ဟူ၍ လည်းကောင်း၊ ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်၏ဟူ၍လည်းကောင်း၊ ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်ပြီ ဟူ၍လည်းကောင်း စိတ်မဖြစ်။ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ ချုပ်စိမ့်သောငှာ စွမ်းဆောင်နိုင်သောစိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာဖြင့် ပွားများထား၏။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မ၊ သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်သော ရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ချုပ်ကြပါသနည်း၊ ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရလော၊ သို့မဟုတ် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရလော၊ သို့မဟုတ် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရလော။

ဒါယကာ ဝိသာခ၊ သညာ ဝေဒနာချုပ်နေခြင်းကို ရောက်သော ရဟန်းအား နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရသည် ရှေးဦးစွာချုပ်၏။ ထို့နောက် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ၊ ထို့နောက်စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရတို့ ချုပ်ကုန်၏။

အရှင်မ၊ သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်ခြင်းမှ ထမှုသည် အဘယ်သို့ ဖြစ်သနည်း။

ဒါယကာ ဝိသာခ၊ သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်ခြင်းမှ ထသော ရဟန်းအား 'ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထတော့မည်ဟူ၍လည်းကောင်း၊ ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်ခြင်းမှ ထ၏ဟူ၍လည်းကောင်း၊ ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးပြီ'ဟူ၍လည်းကောင်း စိတ်မဖြစ်။ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ထစိမ့်သောငှာ စွမ်းဆောင်နိုင်သောစိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာဖြင့် ပွားများထား၏။

အရှင်မ၊ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှထသော ရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ဖြစ်ပေါ်ကြပါသနည်း။ ကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရလော၊ သို့မဟုတ် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရလော၊ သို့မဟုတ် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရလော။

ဒါယကာ ဝိသာခ၊ သညာဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှထသော ရဟန်းအား စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရ ရှေးဦးစွာ ဖြစ်ပေါ်၏။ ထို့နောက် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ၊ ထို့နောက် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ ဖြစ်ပေါ်၏။

အရှင်မ၊ သညာ ဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသောရဟန်းကို အဘယ်မျှသော တွေ့ထိမှု ဖဿတို့သည် တွေ့ထိကုန်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ ဝိသာခ၊ သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်းကို ဆိတ်သုဉ်းသော တွေ့ထိမှု သုညတဖဿ၊ အာရုံနိမိတ်မရှိသော တွေ့ထိမှု အနိမိတ္တဖဿ၊ တောင့်တမှု မရှိသော တွေ့ထိမှု အပ္ပဏိဟိတဖဿ ဟူသော တွေ့ထိမှု သုံးပါးတို့သည် တွေ့ထိကုန်၏။

အရှင်မ၊ သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ပါသနည်း။ အဘယ်သို့ ကိုင်းပါသနည်း။ အဘယ်သို့ ရှိုင်းပါသနည်း။

ဒါယကာ ဝိသာခ၊ သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှထပြီးသော ရဟန်း၏စိတ်သည် ကင်းဆိတ်မှု 'ဝိဝေက' (နိဗ္ဗာန်)သို့ ညွတ်၏။ ကင်းဆိတ် မှု 'ဝိဝေက' (နိဗ္ဗာန်)သို့ ကိုင်း၏။ ကင်းဆိတ်မှု 'ဝိဝေက' (နိဗ္ဗာန်)သို့ ရှိုင်း၏။

အရှင်မ၊ ခံစားမှု 'ဝေဒနာ'တို့သည် အဘယ်မျှတို့ပါနည်း။

ဒါယကာ ဝိသာခ၊ ခံစားမှု 'ဝေဒနာ' တို့သည် ချမ်းသာခံစားမှု, ဆင်းရဲခံစားမှု, ဆင်းရဲမဟုတ်ချမ်းသာမဟုတ်သော ခံစားမှု ဤသုံးပါးတို့တည်း။

## ချမ်းသာခြင်းဟူသည် အဘယ်နည်း

အရှင်မ၊ ချမ်းသာခံစားမှုသည် အဘယ်ပါနည်း၊ ဆင်းရဲခံစားမှုသည် အဘယ်ပါနည်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် အဘယ်ပါနည်း။

ဒါယကာဝိသာခ၊ ကိုယ်၌သော်လည်းကောင်း၊ စိတ်၌သော်လည်းကောင်း ဖြစ်သည့် ချမ်းမြေ့သာယာစွာ ခံစားခြင်းသည် ချမ်းသာခံစားမှုပင်တည်း။ ဒါယကာ ဝိသာခ၊ ကိုယ်၌သော်လည်းကောင်း၊ စိတ်၌သော်လည်းကောင်းဖြစ်သည့် ဆင်းရဲငြိုငြင်စွာ ခံစားခြင်းသည် ဆင်းရဲခံစားမှုပင်တည်း။ ဒါယကာ ဝိသာခ၊ ကိုယ်၌သော်လည်းကောင်း၊ စိတ်၌သော်လည်းကောင်း ဖြစ်သည့် သာယာစွာလည်းမဟုတ်၊ မသာမယာသည်လည်း မဟုတ်သော ခံစားခြင်းသည် ဆင်း ရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မ၊ ချမ်းသာခံစားမှုသည် မည်သို့ချမ်းသာပါသနည်း၊ မည်သို့ ဆင်းရဲပါသနည်း၊ ဆင်းရဲခံစားမှုသည် မည်သို့ ချမ်းသာပါသနည်း၊ မည်သို့ဆင်းရဲပါသနည်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် မည်သို့ချမ်းသာပါသနည်း၊ မည်သို့ဆင်းရဲပါသနည်း။

ဒါယကာ ဝိသာခ၊ ချမ်းသာခံစားမှုသည် တည်နေဆဲအားဖြင့် ချမ်းသာ၏။ ပြောင်းလဲသော အားဖြင့် ဆင်းရဲ၏။ ဆင်းရဲခံစားမှုသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏။ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် သိသောအားဖြင့် ချမ်းသာ၏။ မသိသော အားဖြင့် ဆင်းရဲ၏။

အရှင်မ၊ ချမ်းသာခံစားမှု၌ အဘယ်အနုသယသည် ကိန်းဝပ်သနည်း၊ ဆင်းရဲခံစားမှု၌ အဘယ်အနုသယသည် ကိန်းဝပ်သနည်း၊ ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှု၌ အဘယ်အနုသယသည် ကိန်းဝပ်သနည်း။

ဒါယကာဝိသာခ၊ ချမ်းသာခံစားမှု၌ ရာဂါနုသယသည် ကိန်းဝပ်၏၊ ဆင်းရဲခံစားမှု၌ ပဋိဃာနုသယသည် ကိန်းဝပ်၏။ ဆင်းရဲမဟုတ်၊ ချမ်းသာ မဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်၏။

အရှင်မ၊ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယသည် ကိန်း ဝပ်ပါသလော၊ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယသည် ကိန်းဝပ်ပါသလော၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်ပါသလော။

ဒါယကာ ဝိသာခ၊ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယသည် မကိန်းဝပ်၊ ဆင်းရဲခံစားမှုအားလုံး၌ ပဋိဃာနုသယသည် မကိန်းဝပ်၊ ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ်။

အရှင်မ၊ ချမ်းသာခံစားမှု၌ အဘယ်ကိုပယ်ရပါမည်နည်း။ ဆင်းရဲခံစားမှု၌ အဘယ်ကို ပယ်ရပါမည်နည်း။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၌ အဘယ်ကို ပယ်ရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ ဝိသာခ၊ ချမ်းသာခံစားမှု၌ ရာဂါနုသယကို ပယ်ရမည်။ ဆင်းရဲခံစားမှု၌ ပဋိဃာနုသယကို ပယ်ရမည်။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယကို ပယ်ရမည်။

အရှင်မ၊ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယကို ပယ်သင့်ပါသလော၊ ဆင်းရဲခံစားမှုအားလုံး၌ ပဋိဃာနုသယကို ပယ်သင့်ပါသလော၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယကို ပယ်သင့်ပါသလော။

ဒါယကာ ဝိသာခ၊ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယကို မပယ်ရ၊ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယကို မပယ်ရ၊ ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှု အားလုံး၌ အဝိဇ္ဇာနုသယကို မပယ်ရ။

ဒါယကာ ဝိသာခ၊ ဤသာသနာ တော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင်၊ အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ၊ သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏ ကင်းခြင်းကြောင့်ဖြစ်သည့် နှစ်သိမ့်ခြင်း 'ပီတိ'၊ ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ထိုပဌမဈာန် ဖြင့် တပ်မက်မှု 'ရာဂ'ကိုပယ်၏။ ထိုပဌမဈာန်၌ ရာဂါနုသယသည် မကိန်းဝပ်။ ဒါယကာ ဝိသာခ ဤသာသနာ တော်၌ ရဟန်းသည် 'ယခုအခါ၌ အရိယာတို့ ရောက်၍နေကြသည့် တည်ရာ 'အရဟတ္တဖိုလ်' ကို ငါသည် အဘယ်အခါ၌ ရောက်၍နေရအံ့ နည်း'ဟု ဆင်ခြင်၏။ ဤသို့မြတ်သော လွတ်မြောက်ရာ အရဟတ္တဖိုလ်၌ တောင့်တမှုကို ဖြစ်စေသော ရဟန်းအား တောင့်တမှု ဟူသော အကြောင်းကြောင့် စိတ်ဆင်းရဲမှု 'ဒေါမနဿ' ဖြစ်၏။ ထိုစိတ်ဆင်းရဲ မှု 'ဒေါမနဿ'ဖြင့် ထိခိုက်မှု 'ပဋိဃ'ကို ပယ်၏။ ထိုစိတ်ဆင်းရဲမှု 'ဒေါမနဿ'၌ ပဋိဃာနုသယသည် မကိန်းဝပ်။ ဒါယကာ ဝိသာခ၊ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်လည်းကောင်း၊ ဝမ်းမြောက်ခြင်း၊ နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်လည်းကောင်း ဆင်းရဲချမ်းသာမရှိသော

www.burmeseclassic.com

www.burmeseclassic.com



လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ ထိုစတုတ္ထဈာန်ဖြင့် မသိမှု 'အဝိဇ္ဇာ'ကိုပယ်၏။ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ်။

## ချမ်းသာ၏ပြိုင်ဘက်ကားအဘယ်နည်း

အရှင်မ။ ။ချမ်းသာ ခံစားမှု၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။ချမ်းသာ ခံစားမှု၏ ပြိုင်ဘက်ကား ဆင်းရဲမှုပင်တည်း။

အရှင်မ။ ။ဆင်းရဲခံစားမှု၏ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။ဆင်းရဲခံစားမှု၏ ပြိုင်ဘက်ကား ချမ်းသာ ခံစားမှုပင်တည်း။

အရှင်မ။ ။ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၏ ပြိုင် ဘက်ကား မသိမှု 'အဝိဇ္ဇာ' ပင်တည်း။

အရှင်မ။ ။မသိမှု 'အဝိဇ္ဇာ'၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။မသိမှု 'အဝိဇ္ဇာ'၏ ပြိုင်ဘက်ကား သိမှု 'ဝိဇ္ဇာ' ပင်တည်း။

အရှင်မ။ ။သိမှု 'ဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။သိမှု 'ဝိဇ္ဇာ' ၏ ပြိုင်ဘက်ကား လွတ်မြောက်မှု 'ဝိမုတ္တိ'ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မ။ ။လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား အဘယ်ပါနည်း။

ဒါယကာ ဝိသာခ။ ။လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား ငြိမ်းအေးမှု 'နိဗ္ဗာန်'ပင်တည်း။

အရှင်မ။ ။ငြိမ်းအေးမှု နိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်ပါသနည်း။

ဒါယကာ ဝိသာခ။ ။ပြဿနာကို လွန်၍သွားပြီ။ ပြဿနာတို့၏ အဆုံး အပိုင်းအခြားကို ယူရန်မစွမ်းနိုင်။ ဒါယကာ ဝိသာခ မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် လားရာရှိ၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဒါယကာ ဝိသာခ အလိုရှိခဲ့မူ သင်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအဓိပ္ပါယ်ကို မေးလျှောက်လော့။ သင့်အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အခါ ထို ဖြေကြားတော်မူသည့်အတိုင်း ထိုအဓိပ္ပာယ်ကို မှတ်လော့။

ထိုအခါ ဝိသာခ ဥပါသကာသည် ဓမ္မဒိန္နာထေရီ၏စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှထလျက် ဓမ္မဒိန္နာထေရီကို ရှိသေစွာ ရှိခိုး၏။

ထို့နောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးလျက် တစ်ခုသော နေရာ၌ ထိုင်ပြီးသော် ဓမ္မဒိန္နာထေရီနှင့် ပြောဆိုနှီးနှောခဲ့သမျှသော စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြား၏။

ဤသို့ လျှောက်ကြားသော် မြတ်စွာဘုရားသည် ဝိသာခ ဥပါသကာအား 'ဝိသာခ၊ ဓမ္မဒိန္နာရဟန်းမသည် ပညာရှိ၏။ ဝိသာခ၊ ဓမ္မဒိန္နာ ရဟန်းမသည် များသောပညာရှိ၏။ ဝိသာခ၊ ငါ့ကိုလည်း အကယ်၍ထိုအဓိပ္ပာယ်ကို မေးငြားအံ့၊ ငါသည်လည်း ထိုအဓိပ္ပာယ်ကို (ဓမ္မဒိန္နာဖြေကြားသကဲ့သို့)ပင်လျှင် ဖြေကြား

www.burmeseclassic.com

www.burmeseclassic.com



ရာ၏။ ဝိသာခ ဥပါသကာသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို သဘောကျသည်ဖြစ်၍ ဝမ်းမြောက်စွာ လက်ခံလေ၏။

## ဓမ္မဒိန္နာဧတဒဂ်ရပြီ

နောက်တစ်ချိန်ဝယ် ဘုရားရှင်သည် သာဝတ္ထိပြည်မွန်ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူစဉ် ဘိက္ခုနီတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤစူဠဝေဒလ္လသုတ္တန်ကိုပင် အကြောင်းရင်း ပြုတော်မူကာ ဓမ္မဒိန္နာထေရီအား ဤသို့ ဧတဒဂ်ရာထူးပေးတော်မူ၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မ ကထိကာနံ ယဒိဒံ ဓမ္မ ဒိန္နာ၊

ရဟန်းတို့ တရားဟောကောင်းကြ၊ တရားဟောခြင်း၌ လိမ္မာကြသည့် ငါဘုရား၏ တပည့်မ သာဝိကာ ဘိက္ခုနီတို့တွင် ဓမ္မဒိန္နာဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

ဘုရားရှင်သည် ဓမ္မဒိန္နာထေရီအား ချီးကျူးမိန့်မြွက်တော်မူကာ ဓမ္မကထိက = တရားဟောကောင်းသော အရာဝယ် အသာဆုံး အမြတ်ဆုံးဟု ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဓမ္မဒိန္နာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဘဒ္ဒကာပိလာနီထေရီ အပဒါန်ဝတ္ထု

ဂေါတမဘုရားရှင် လောင်းလျာသည် လွန်လေပြီးသော သင်္ချေနှစ်ဆယ်၌ ပွင့်တော်မူခဲ့သော ဖြပ္ပဒေဝ စသော ဘုရားရှင်များစွာထို့ထံတော်၌ စိတ်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘုရားဆုပန်လာခဲ့သည်မှာ ခုနစ်သင်္ချေကြာခဲ့၏။ ထို့နောက်လွန်လေပြီးသော တစ်ဆယ့်သုံးသင်္ချေ၌ ပွင့်တော်မူခဲ့သော ပေါရာဏဂေါတမဘုရားရှင်မှစ၍ များလှစွာသော ဘုရားရှင်တို့ထံတော်၌ နှုတ်အားဖြင့် ဘုရားဆုကိုပန်ခဲ့၏။

ထိုစဉ်အခါကပင် ဤဘဒ္ဒကစ္စနာထေရီအရှင်မ လောင်းလျာသည် ဗုဒ္ဓဂေါတမလောင်းလျာနှင့် အတူတကွ ပါရမီဖြည့်ဖော်ဖြည့်ဖက်ဖြစ်ရန် ဆုပန်လာခဲ့၏။ ပါရမီပြည့်စေကြောင်း ကောင်းမှုကုသိုလ် အမျိုးမျိုးတို့ကိုလည်း ဘဝသံသရာတစ်လျှောက်လုံး၌ ပြုလုပ်ဆည်းပူးခဲ့သူဖြစ်သည်။

## သုမိတ္တာအမျိုးသမီးဘဝ

လွန်လေပြီးသော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်က ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူခဲ့၏။ ထိုဘုရားရှင်၏ လက်ထက်တော်တွင် ဗုဒ္ဓဂေါတမလောင်းလျာသည် သုမေဓာမည်သော ရှင်ရသေ့ဖြစ်နေ၏။ ဤအရှင်မလောင်းလျာသည်လည်း ရမ္မာဝတီမြို့တော်၌ပင် သုမိတ္တာမည်သော အမျိုးကောင်းသမီးတစ်ယောက်ဖြစ်ခဲ့ရ၏။

တစ်နေ့သောအခါ သုမေဓာရှင် ရသေ့သည် ရမ္မာဝတီမြို့တော်သို့ ကောင်းကင်မှလာခဲ့ရာ မြို့သူမြို့သား အပေါင်းတို့သည် ဒီပင်္ကရာဘုရားရှင် ဆွမ်းခံကြွလာတော်မူမည့် လမ်းမကြီးကို ပြုပြင်ရှင်းလင်းနေကြသည်ကို တွေ့၏။ လမ်းမကြီး တစ်နေရာတွင် ရွှံ့ဗွက်အိုင်ကြီး တစ်ခုရှိလေရာ မြို့သူမြို့သားတို့သည် ထိုရွှံ့ဗွက်အိုင်ကြီးကိုဖို့ရန် သဲများ၊ မြေများသယ်ကာ လုပ်အားပေးနေကြ၏။ သုမေဓာရှင်ရသေ့လည်း ထိုရွှံ့ဗွက်အိုင်ကြီးကို ဖို့ရာတွင် နေရာတစ်နေရာ ပါဝင်ကုသိုလ်ယူခဲ့လေသည်။

သုမေဓာရှင်ရသေ့တို့ ဗွက်ဖို့၍ မပြီးသေးမီမှာပင် ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါသံဃာတော်များနှင့်အတူ ဆွမ်းခံကြွတော်မူလာ၏။ သုမိတ္တာအမျိုးသမီးသည်လည်း ကြာပန်းရှစ်ပွင့်ကို ကိုင်ဆောင်ကာ ထိုသုမေဓာ ရှင်ရသေ့အနီးမှာရှိနေ၏။ သုမေဓာရှင်ရသေ့သည် မြေဖို့ရန် အတန်ငယ်ကျန်နေသေးသော မိမိ၏နေရာတွင် ဒီပင်္ကရာဘုရားရှင်အား တံတားအမှတ်ဖြင့် နင်း၍ လျှောက်တော်မူရန် မိမိကိုယ်ကို တံတားခင်းပေးထားခဲ့သည်။

www.burmeseclassic.com



## ကြာပန်းဖြင့် ပူဇော်ခဲ့သူ

ထိုအချိန်ကလေးမှာပင် သုမိတ္တာ သတို့သမီးသည် မိမိလက်ဝယ်ရှိ ကြာပန်းရှစ်ပွင့်မှ ငါးပွင့်ကို သုမေဓာရှင်ရသေ့ထံ ကမ်းလှမ်းလိုက်၏။ ကျန်သော သုံးပွင့်ကို ဒီပင်္ကရာဘုရားရှင်အား သူမကိုယ်တိုင် လှူဒါန်းပူဇော်ခဲ့လေသည်။

သုမေဓာရှင်ရသေ့သည် မိမိဦးခေါင်းအနီးသို့ ရောက်ရှိတော်မူလာသော ဒီပင်္ကရာဘုရားရှင်၏ ထံတော်တွင် 'ဤသို့ ကိုယ်ကိုတံတားအဖြစ် ခင်းပေးရသော ကုသိုလ်ကောင်းမှုကြောင့် နောင်အနာဂတ်ကာလတွင် အရှင်ဘုရားကဲ့သို့ပင် သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးသခင် ဘုရားရှင်တစ်ဆူ ဖြစ်ရပါလို၏ ဘုရား'ဟု ဆုမွန်ကောင်းတောင်းလိုက်၏။

ဒီပင်္ကရာ ဘုရားရှင်ကလည်း 'သုမေဓာရှင်ရသေ့၊ သင်သည်လည်း ဤသို့ပြုရသော ကုသိုလ်ကောင်းမှုကြောင့် နောင် လာမည့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်တွင် "ဂေါတမ"ဟူသော ဘွဲ့တော်ဖြင့် သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးသခင် ဘုရားရှင်တစ်ဆူ ဖြစ်ပေလတ္တံ့'ဟု နိယတဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။

## သုမိတ္တာကလည်း ဆုမွန်တောင်းခဲ့

အနီးတွင်ရှိနေသော သုမိတ္တာ အမျိုးသမီးသည်လည်း ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရသဖြင့် အားရဝမ်းသာဖြစ်ကာ 'ဖြစ်လေရာရာ ဘဝတိုင်း၌ ဤဗုဒ္ဓလောင်းလျာ၏ ပါရမီကို ကူညီ၍ ဖြည့်ပေးသူ ဖြစ်ရပါလို၏ ဘုရား' ဟု ဆုမွန်ကောင်း တောင်းခဲ့လေသည်။

## ပဒုမုတ္တရဘုရားရှင်လက်ထက်

ဤသို့ ဆုမွန်ကောင်း တောင်းခဲ့သည့်အတိုင်း သုမိတ္တာသည် ဘဝ သံသရာ ခရီးတစ်လျှောက်လုံး၌ ဗုဒ္ဓလောင်းလျာနှင့် အတူတကွ ပေါင်းဆုံခဲ့ရသည်က များ၏။ ထိုသို့ ကြည်ဖြူစွာ လက်တွဲလာခဲ့၍ လေးအသင်္ချေကျော်လွန်

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်သို့ ရောက်ရှိလေသည်။ ထိုဘုရားရှင်၏လက်ထက်တော်တွင် ဘဒ္ဒကစ္စာနာ လောင်းလျာသည် ဟံသာဝတီ မြို့တော်၌ အမျိုးကောင်းသမီးတစ်ယောက်ဖြစ်လာရပြန်၏။

## နိယတဗျာဒိတ်ပန်း

တစ်နေ့သ၌ ပဒုမုတ္တရဘုရားရှင်သည် တပည့် ရဟန်းမတစ်ပါးအား အဘိညာဉ်စွမ်းအား ကြီးမားသော အရာဌာန မဟာဘိညာပ္ပတ္တအရာ၌ ဧတဒဂ် ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူ၏။ ဘဒ္ဒကစ္စာနာ လောင်းလျာ အမျိုးသမီးသည် ထိုကဲ့သို့သော ဆုထူးကို ရယူပန်ဆင်လိုသဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးလျှင် ထိုဆုကို တောင်းခဲ့လေသည်။ ပဒုမုတ္တရဘုရားရှင်၏ ရွှေနှုတ်တော်မှ ဂေါတမဘုရားရှင်၏သာသနာတော်၌ ဆုတောင်းတိုင်း ပြည့်မည့်အကြောင်း နိယတဗျာဒိတ်စကား မိန့်ကြားခြင်းကို ခံယူခဲ့ရသည်။

## ဘဒ္ဒကစ္စာနာအမည်တွင်ခဲ့

ထိုဘဝမှ တစ်ဖန် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကုသိုလ်ထူးများ ဆည်းပူးလာခဲ့သော အရှင်မလောင်းလျာသည် ဂေါတမရှင်တော်ဘုရားလောင်းလျာနှင့် တစ်နေ့တည်းမှာပင် ဒေဝဒဟမြို့၌ သုပ္ပဗုဒ္ဓမင်းနှင့် အမိတာမိဖုရားတို့မှ ဖွားမြင်လာခဲ့၏။ အမျိုးအစားကောင်းမြတ်လှသော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ထိုမင်းသမီး၏ အသားအရေသည် ဝါဝင်းတောက်ပနေသဖြင့် 'ဘဒ္ဒကစ္စာနာ' မင်းသမီးဟု အမည်သညာ ခေါ်ခဲ့ကြသည်။ ထိုနောက်မှ နှုတ်ထွက်စကားလုံးများ ရွေ့လျားလာကာ ဘဒ္ဒကဥ္စနာ မင်းသမီးဟုခေါ်ဝေါ်လာကြလေသည်။

ဘဒ္ဒကဥ္စနာမင်းသမီးသည် အရွယ်ရောက်လာသည်နှင့်အမျှ ကိုယ်လက်အင်္ဂါများ ဖွံ့ဖြိုး၍ အလှကျက်သရေ တိုးလာသည်။ တစ်ဆယ့်ခြောက်နှစ်သမီးအရွယ်သို့ရောက်လျှင်ကား ဤလောကလူ့မြေတွင် ဖက်ပြိုင်သူ မရှိလောက်အောင် ချောမောလှပသူ ဖြစ်ခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ယသော်ဓရာဟုလည်းခေါ်ခဲ့

မင်းသမီး၏ ကောင်းသတင်းအဖြာဖြာတို့သည် တိုင်းပြည် မြို့ရွာအနှံ့ ကျော်စောလာသည်။ သက်တူရွယ်တူ လှပချောမောသည့် ရံရွေတော်များလည်း သူ့မှာ ပေါများလှ၏။ ထို့ကြောင့်ပင် သူ့ကို ယသော်ဓရာ (ရံရွေတော်များစွာရှိသူ) မင်းသမီးဟူ၍ ခေါ်ဝေါ်ကြသည်။

ဤကဲ့သို့ ငွားငွားစွင့်စွင့် အလှပန်းပွင့်၍ တင့်တင့်တယ်တယ် လှသွေးကြွယ်သည့်အရွယ်တွင် ကပိလဝတ်ရွှေနန်းသို့ ပို့ဆောင်ကာ သိဒ္ဓတ္ထမင်းသားနှင့် လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပသည်။ ထိုအချိန်မှစ၍ ရမ္မ၊ သုဘ၊ သုရမ္မဟူသော နန်းပြာသာဒ်သုံးဆောင်ပေါ်တွင် ပျော်ရွှင်ချမ်းမြေ့စွာ ခံစား၍ လာခဲ့ရ၏။ ဘဝါဘဝက ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်လာခဲ့သည့်အားလျော်စွာ ယသော်ဓရာသည် အလောင်းတော်မင်းသားအား အလွန်တရာ ချစ်မြတ်နိုး၏။ ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေး၏။ စားဝတ်နေမှု အစုစုသော ကိစ္စများတွင် မိမိ၏အလိုဆန္ဒကို လုံးဝ ဦးစားမပေးဘဲ မောင်တော် သိဒ္ဓတ္ထမင်းသား၏ လိုအင်ဆန္ဒကိုသာ အလေးထား၍ ဆောင်ရွက်ပေးသည်။

## သားတော်လေး ဖွားမြင်

ဤသို့ ပြုစုလုပ်ကျွေးလာခဲ့ရာမှ သက်တော် နှစ်ဆယ့်ကိုးနှစ်အရတွင် သားတော်လေးတစ်ပါးကို ဖွားမြင်လာ၏။ ထိုအချိန်၌ အလောင်းတော် မင်းသား သိဒ္ဓတ္ထသည် နန်းတော်ထက်၌ မရှိပေ။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးနှင့် မကင်းနိုင်သည့် ဝဋ်ဘဝသံသရာတွင် ပျော်စရာ ရှာမရနိုင်သည့်အတွက် စိတ်သက်သာရာ ရလိုရငြား ဥယျာဉ်တော်သို့ ထွက်ခွာသွားနေစဉ် ဖြစ်၏။

မောင်တော်မြတ်၏ စိတ်မပျော်ရွှင်ပုံကို အကဲခတ်မိသည့် အချိန်မှစ၍ ယသော်ဓရာသည်လည်း ထပ်တူ ခံစားခဲ့ရသည်။ လင်ယောကျ်ားဖြစ်သူ၏ မပျော်ရွှင်နိုင်သောစိတ်ဓာတ်ကို မိန်းမသားတစ်ယောက်၏ ပြုစုယုယမှုဖြင့် ထိန်း၍မထားနိုင်သော တစ်နေ့တွင် သားမောင်ရွှေသွေး ပုလုကွေး၏ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သာယာအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ထို့ကြောင့် သားတော်လေး ဖွားလျှင်ဖွားချင်း အမတ်တစ်ယောက်ကို ဥယျာဉ်တော်သို့ စေလွှတ်ကာ သားလေးဖွားပြီဖြစ်ကြောင်း သတင်းကောင်းကို လျှောက်ထားစေလိုက်သည်။

ယသော်ဓရာနှင့်တကွ ဆွေတော်မျိုးတော် အပေါင်းတို့အတွက် သုတိသြဘာ မင်္ဂလာရှိလှသော ဤသတင်းသည် တောထွက်ရန် ကြံစည်နေသော အလောင်းတော်မြတ်အတွက်ကား ထိန်ထိန်သာနေသောလဝန်းကြီးကို ရာဟု ဖမ်းသကဲ့သို့ ဖြစ်သွားရ၏။

## ရာဟုလာ

ထို့ကြောင့်ပင် ရှေ့နူတ်တော်မှ "ဩော်. . . ငါ့ကိုဖမ်းမည့် ရာဟုပါလား" ဟု ထုတ်ဟ၍ ညည်းတွားလိုက်ရာ လျှောက်ထားလာသော အမတ်က သားတော်လေးအတွက် အမည်နာမပေးအပ်လိုက်သည်ဟု ယူဆမှတ်သား၍ လာခဲ့၏။ ယသော်ဓရာနှင့်တကွ ဆွေတော်မျိုးတော်များကလည်း အကြောင်းရင်းမှန်ကို ဝေဖန်သုံးသပ်၍ မနေကြတော့ဘဲ အလောင်းတော်မြတ်၏ နှုတ်ထွက်စကားသံကိုပင် ဦးထိပ်ရွက် ပန်ဆင်ကြပြီးလျှင် ဖွားမြင်ခါစ သားတော်လေးအား "ရာဟုလာ"ဟု အမည်နာမ ပေးအပ်ခဲ့ကြသည်။

## ရဟန်းကို တွေ့မြင်ခဲ့ရ၍

အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ မျက်နှာသည် ရာဟုဖမ်းစားခြင်းခံနေရသည့် လမင်းကြီးကဲ့သို့ ကြည်လင်ရွှင်ပျခြင်း မရှိတော့။ ထိုနေ့ တစ်နေ့လုံး ဥယျာဉ်တော်ထဲ၌ ဟိုလျှောက်သည်လျှောက်ဖြင့် ခြေဦးတည့်ရာ လျှောက်နေတော့သည်။ တစ်ခါတစ်ရံ သက်ပြင်းချသံကို အဝေးမှပင် ကြားနေရသည်။ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ရှေ့နူတ်တော် မဟတော့။ သစ်ရိပ် ကောင်းကောင်းတွေ့လျှင် အတန်ကြာ ထိုင်နေသည်။ ထိုအခါ မျက်နှာမူရာ အဝေးသို့သာ ငေးစိုက်ကြည့်နေသည်။ ရှေ့နောက် ဝဲယာတို့လည်း စောင်းငဲ့၍မျှ

www.burmeseclassic.com

www.burmeseclassic.com



မကြည့်တော့ပေ။ သို့ဖြင့် ထိုနေ့အဖို့ နေမင်းသည် တာဝန်ချိန်ပြီးသည်မို့ အနောက်ဘက်သို့ ဝင်ရောက် ပျောက်ကွယ်သွားပေပြီ။ ရောင်ခြည်တန်း ကလေးတွေကိုတော့ အမျှင်တန်းခါ ချန်ထားခဲ့ပါသေးသည်။ သို့ဖြင့် ညဦး အမှောင် ရောက်လာပေပြီ။ ထိုစဉ် ကောင်းကင်ထက်မှ ငွေကြယ်ပွင့်ကလေးက မလင်းတစ်ချက် လင်းတစ်ချက်ဖြင့် အလင်းရောင်ပေးပြန်သဖြင့် ဝိုးတဝါး ပုံရိပ် ကိုကား မြင်သာပါသေးသည်။ သိပ်မကြာမီပင် အရှေ့လောကဓာတ်မှ လမင်း ကြီးသည် တောင်စွယ်ကြားမှ တရိပ်ရိပ် ပေါ်ထွက်လာသည်။ ထိုအချိန်ကျမှ နန်းမသို့ ပြန်ခဲ့သည်။ မနက်ခင်းက ဥယျာဉ်ထက်သို့အလာ လမ်းခရီး တစ် နေရာတွင် တွေ့ခဲ့ရသည့် ရဟန်းသာမဏေ၏ ပုံရိပ်သည် အလောင်းမင်းသား ၏စိတ်တွင် တရိပ်ရိပ် ပေါ်လွင်လာနေသည်။ ထိုရဟန်းသည် တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရပင် မင်းလမ်းမတွင် လှမ်းကြွနေသည်။ သူ့ကိုယ်ပေါ်တွင် အဖိုးထိုက် အဖိုးတန် အဆင်တန်ဆာဟူ၍ ဘာမျှမရှိ။ ဖန်ရေဆိုးသော သင်္ကန်းတစ်စုံသာ လွှမ်းခြုံထားသည်။ လက်တွင် ကိုင်စွဲထားသည်က နှုတ်ခမ်းစွန်းပွဲနေသည့် မြေအိုး တစ်လုံးသာ။ ထို့ကြောင့် သူ့မှာ တွယ်တာစရာဆို၍ နတ္ထိ။ ပကတိ အေးချမ်းလှပါပေ၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးကြောင့် ဖြစ်ပေါ်လာ ရသည့် ပူဆွေး သောက ဗျာပါဒတို့၏ အရိပ်အယောင်ကို သူ့မှာ မတွေ့ရပေ။ သူများနှင့်မတူ တစ်မူထူးသည့် ပုံရိပ်ပါပေတကား။ သို့ဖြင့် အလောင်းမင်းသား ဆုံးဖြတ်ချက် ချလိုက်သည်။ သူလည်း ထိုရဟန်းဘွဲ့သို့ တောထွက်ကာ မသေ တရား ရှာတော့မည်ဟု. . .

ယသော်ဓရာကား မောင်တော်မြတ်၏ စိတ်ဓာတ်ပြောင်းလဲနေပုံကို လုံးဝ မသိခဲ့ပေ။ ခါတိုင်းလိုပင် အချိန်တန်လျှင် မောင်တော်မြတ်ရောက်လာလိမ့် မည်ဟု ခန်းဆောင်ထဲမှ စောင့်နေခဲ့၏။ သားတော်လေး ရာဟုလာကို ရင်ခွင် မှာ သက်သောင့်သက်သာထားကာ အပန်းပြေအိပ်စက်နေခဲ့၏။

## သားတော်လေးထံသို့ ရောက်ရှိလာခဲ့ပါသည်

ယသော်ဓရာ မျှော်လင့်ထားခဲ့သည့်အတိုင်းပင် ထိုညသန်းခေါင်ယံ၌ အလောင်းတော်မင်းသားသည် သူ့ခန်းဆောင်သို့ လာခဲ့သည်။ သူတို့သားအမိ

www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ရာ ဉောင်စောင်းအနီးသို့ ချဉ်းကပ်ကာ ကြာချည်တော်ကို လှပ်လျက် သားတော်လေးကို အတန်ကြာ ရှုစားနေ၏။

ထို့နောက် ကြာချည်တော်ကိုပြန်ချကာ ခန်းဆောင်ထဲမှ အသာအယာ ပြန်၍ ထွက်ခွာသွားခဲ့လေသည်။

စီစဉ်ထားသည့်အတိုင်း သိဒ္ဓတ္ထမင်းသားသည် ဖွားဘက်တော် မောင်ဆန်နှင့် စီးတော်မြင်း ကဏ္ဍကတို့ကိုခေါ်ကာ အနော်မာမြစ်ကမ်းဘက်သို့ မောင်းထွက်သွားလေသည်။ ယင်းမြစ်မင်း၏ ငွေရောင်လက်သည့် သဲခုံထက်၌ အလောင်းမင်းသား၏ ရဟန်းပြုခြင်းကိစ္စ ပြီးစီးလေပြီ။ မင်းသား တောထွက်သွားပြီဟု သိလိုက်သည့်အချိန်တွင်မူ တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက် ဆူပွက်သွားတော့သည်။ ရှိုက်ငင်လှိုက်ဖို ငိုကြွေး၍ မဆုံးနိုင်အောင်ဖြစ်ကြရ၏။

မောင်တော်မင်းသား တောထွက်သွားပြီဆိုသည့် သတင်းကို ကြားစကယသော်ဓရာ မင်းသမီးသည် အံ့သြတုန်လှုပ် ကျောက်ရုပ်သဖွယ် ဖြစ်သွားရှာသည်။ လောကဓာတ်ကြီးတစ်ခုလုံး ပျက်ကြေသုဉ်းသွားပြီဟု ထင်မှတ်ခဲ့သည်။ သူ့စိတ်ကို တဖြည်းဖြည်း ပြန်လည် တည်ငြိမ်အောင် စုစည်းပြီးသည့်အခါ တည်ငြိမ်မှုရလာသည်။ ထိုအခါ စောစောက သူ ကြားသိရက်ရသည့် သတင်းသည် တကယ်အမှန်ဖြစ်သည်ဟု သူ မယုံ။ ဘယ်လိုမှလည်း ယုံလို့မရ။ မနေ့ကပင် သူလာသေးသည်။ မီးဖွားခါနီးမို့ အစစ အရာရာ သတိထားပြီး ဂရုတစိုက် နေထိုင်ရန်နှင့် စိတ်အားမငယ်ရန် ပြောခဲ့သေးသည်။ ဒီနေ့မနက် သားတော်ကလေးကို မွေးဖွားသည့် သတင်းကို လျှောက်ကြားစေခိုင်းတော့ သူကိုယ်တိုင်ပင် သားတော်ကလေးကို "ရာဟုလာ"ဟု အမည်နာမပေးခဲ့သည် မဟုတ်လော။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မဟာပဇာပတိ ဂေါတမီတို့သည် တူမတော်လည်းဖြစ်၊ ချွေးမတော်လည်းဖြစ်သည့် လင်ပစ်မကလေး ယသော်ဓရာအတွက် စိတ်လက်မကြည်သာ။ စာနာစိတ်ဖြင့်သာ အကြင်နာစကားများဆို၍ အားပေးနေကြရသည်။ ဒေဝဒဟမြို့တော်မှ ခမည်းတော်နှင့် မယ်တော်တို့ကလည်း သတင်းကြားလျှင်ကြားချင်း ယသော်ဓရာကို သူတို့ထံသို့ ပြန်လာနေရန် အထောက်တော်များ စေလွှတ်၍ အခေါ်လွှတ်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ကပိလဝတ်နန်းတော်၌သာနေခဲ့

သို့ရာတွင် ယသော်ဓရာကား မိဘရပ်ထံ မပြန်နိုင်ပါ။ မော်တော်မြတ်ကို ချစ်ခင်လေးစားသော အထိမ်းအမှတ်အဖြစ်ဖြင့်မောင်တော်မြတ်နှင့်အကြောင်း ဆုံဆည်းခဲ့ရာ ကပိလဝတ်နန်းတော်မှာသာ ဆက်လက်၍ နေခဲ့လေသည်။

## အတုယူကျင့်ကြံ

မင်းသမီးတစ်ပါး ဖြစ်ခဲ့၍ ရွှေနန်းထက်မှာ နေလာခဲ့ရသော်လည်း ယသော်ရောသည် မောင်တော် သိဒ္ဓတ္ထ တောထွက်သွားသည့် အချိန်မှစ၍ မင်းသမီးတို့၏ အဆောင်အယောင်များကို လုံးဝလက်မခံတော့။ အလောင်းတော်မင်းသားသည် လူဝတ်ကြောင်တို့၏ ပုဆိုးကိုပယ်စွန့်ကာ ဖန်ရည်ဆိုးသောအဝတ်ကိုသာ ဝတ်ဆင်နေပြီဟု ကြားသိရသည်နှင့် သူမကလည်း အတုယူကာ ဖန်ရည်ဆိုးသော အဝတ်များသာ ဝတ်ဆင်တော့သည်။

အလောင်းတော်မင်းသားသည် ညစာမစား၊ နံနက်စာ တစ်ထပ်တည်းသာ စားသုံးတော့ကြောင်း သတင်းကြားသိရသောအခါ သူမကလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲ၍ တစ်ထပ်တည်းဖြင့်သာ ကျေနပ်ရှာတော့သည်။ အလောင်းတော်မင်းသားက ခုတင်ညောင်စောင်းမပါ၊ မြေပေါ်မှာသာ အိပ်သည်ဟုဆိုလျှင် သူကလည်း ခုတင်ညောင်စောင်းထက်မှဆင်းကာ ကြမ်းပြင်ပေါ်မှာသာ အိပ်ခဲ့၏။

အလောင်းတော်မင်းသားသည် အမွှေးနံ့သာကို သုံးစွဲခြင်း မပြုတော့ဟု ကြားသိရသော် သူကလည်း မိန်းမသားတို့ သည်းခြေကြိုက် အလှအပ အဆင်တန်ဆာ လိမ်းကျံခြယ်သ၊ အလှဆင်စရာဟူသမျှတို့ကို ပယ်စွန့်၍ထားလိုက်၏။

အလောင်းတော်မြတ်ကဲ့သို့ တောထွက်ကျင့်ကြံလိုသည့် နိက္ခမဓာတ်ကိန်းဝပ်မလာသေးသော်လည်း အလောင်းတော်မြတ်အပေါ် ချစ်ခင်တွယ်တာငဲ့ညှာသနားသောအားဖြင့် အတုလိုက်၍ ပြုကျင့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နေထိုင်ရသည့်အတွက် ယသော်ဓရာ၏ စိတ်အဲနာသည် ပြင်းထန်စွာ မခံစားရတော့ပေ။ ထို့ပြင် တစ်နေ့တခြား ကျန်းမာဝဖြိုး အလှတိုးလာသည့် ရာဟုလာကလေးကလည်း မိခင် ရင်ခွင်ထက်တွင် တီတီတာတာ ပြုံးရွှင်စွာဖြင့် ခြေမြှောက်လက်မြှောက် ဆော့ကစားနေသည်ကြောင့် ယသော်ဓရာ၏ စိတ်ဘဝင်သည် ကြည်လင်ရွှင်ပျ ဖြစ်လာရသည်။

ဘိုးတော်သုဒ္ဓေါဒနမင်းကြီးနှင့် ဘွားတော် မဟာပဇာပတိဂေါတမီတို့မှာလည်း မြေးတော်ကလေးကို ချီရင်းပိုးရင်း ချော့မြှူရင်းဖြင့် သားတော်အတွက် လွမ်းရသည့် ဝေဒနာမှ စိတ်ဖြေရာရလာကြသည်။

## ခုနစ်နှစ်သားအရွယ် ရာဟုလာ

သို့ဖြင့် ဘိုးတော်၊ ဘွားတော်၊ မယ်တော်တို့နှင့်အတူ အထိန်းတော်၊ အချီတော်၊ အချော့တော်တို့၏ ဝိုင်းဝန်းယုယ ပြုစုကြသဖြင့် ရာဟုလာကလေးသည် ခုနစ်နှစ်သား အရွယ်သို့ပင် ရောက်ခဲ့ရပေပြီ။ ယနေ့အထိ သူ့ခမည်းတော်ကို မမြင်ဖူးသေးပေ။ သူ့ဖခမည်းတော်သည် ဟိုး. . . လူသူမနီးသည့် တောကြီးအတွင်း၌ နေထိုင်ပြီး "လောကမှ လွတ်မြောက်ရာ တရားကို ရှာနေသည်"ဟု နန်းတွင်းသူများက ပြောဆိုကြသည်ကို သူ ကြားဖူးသည်။ "လောကမှ လွတ်မြောက်ရာတရား"ဆိုသည်မှာ အဘယ်တရားမျိုးပါလိမ့်။ သူ မစဉ်းစားတတ်။ ယခု ဖခမည်းတော်သည် ဗုဒ္ဓအဖြစ်ဖြင့် ကပိလဝတ် ရွှေမြို့တော်သို့ ဆိုက်ရောက်လာပြီဟု နန်းတွင်းသူများ ပြောဆိုနေကြပြန်သည်။ ဗုဒ္ဓဆိုသည့် ဖခမည်းတော်သည် ဘယ်လိုပုဂ္ဂိုလ်များပါလိမ့်။ မြင်ချင်တွေ့ချင်စမ်းပါဘိ ဖခမည်းတော်ကို. . .

## ယသော်ဓရာ၏ ဘုရားရှင်အပေါ် စိတ်ကူးပုံရိပ်

ဘုရားရှင် ကပိလဝတ် ရွှေမြို့တော်သို့ ဆိုက်ရောက်လာသည့်အခါ ဘုရားရှင်အား သကျမင်းသားငယ်၊ မင်းသမီးငယ်များက သောင်းသောင်းဖြဖြ

www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြိုဆို ပူဇော်ကြသည်။ ထိုသို့ ပူဇော်ကြသူများအထဲတွင် ရာဟုလာမယ်တော်တို့ သားအမိ မပါဝင်ခဲ့ချေ။ ယသော်ဓရာသည် မိမိနှင့် သားငယ်ကို စွန့်ပစ်သွားသည့် မောင်တော်သိဒ္ဓတ္ထကို စိတ်ထဲ၌ တမ်းတနေမိသည်အမှန်။ သို့သော် ယခုအခါ မိမိ၏ မောင်တော်သည် လူသားများတွင် အထွတ်ဆုံး အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်နေသဖြင့် တွေ့ရမှာ မဝံ့မရဲ ဖြစ်နေသည်။ ထို့ကြောင့် မောင်တော်၏သတင်းကို ခန်းဆောင်တွင်းမှသာ နားစွင့်၍ နေခဲ့ရသည်။

ယနေ့နံနက်တွင် ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ ကပိလဝတ် ရွှေမြို့တော်အတွင်းသို့ ဆွမ်းခံကြွတော်မူသည်။ ယသော်ဓရာသည် ဤသတင်းကို ကြိုတင် ကြားသိထားပြီး ဖြစ်သည်။ ထို့ကြောင့် စံနန်းတော်၏ လေသာပြတင်းထက်မှ မင်းလမ်းမဆီသို့ လှမ်းမျှော်ကြည့်ရှုနေသည်။ နှစ်ပေါင်းများစွာ အတန်ကြာအောင် မတွေ့ရ မမြင်ရသည့် ကိုယ်ရှင်တော်မြတ်၏ ရုပ်သွင်ပြင်ကို အမှန်တကယ်ပင် တွေ့ချင်မြင်ချင်နေမိသည်။ ရှင်တော်မြတ်၏ ဖြစ်တန်ရာရာ ရုပ်သွင်လွှာကို စိတ်ကူးဖြင့်သာ ပုံဖော်၍ ကြည့်နေမိသည်။

ဟိုးယခင်က အရှင့်သားသည် မည်းနက်တောက်ပြောင် ပိတုန်းရောင်ကဲ့သို့သော ဦးသျှောင်တော်ကို ဆီမွှေးများဖြင့် သုတ်သင်ကာ ရတနာမျိုးစုံတို့ဖြင့် ပြုံးပြုံးပြက်မျှ ခြယ်သခဲ့သည်။ ယခုသော် ထိုကဲ့သို့ နှစ်လိုဖွယ်သော ဦးသျှောင်တော် မရှိတော့ဟု ဆိုကြသည်။ ဆံကေသာကိုပယ်၍ ဦးပြည်းကတုံး တုံးထားသည်ဟု ကြားရသည်။ အရှင်မြတ်သည် ရှေးကကဲ့သို့ နှစ်လိုဖွယ်မှ ရှိပါဦးမည်လော။

ဟိုးယခင်ကဆိုလျှင် အရှင့်သားသည် အဖိုးထိုက် အဖိုးတန်သည့် ပိုးဖဲကတ္တီပါများကိုသာ ဆင်ယင်ခဲ့သည်။ ယခုအခါတွင်တော့ ဖန်ရေဆိုးသော သင်္ကန်းကိုသာ ဝတ်ရုံတော့သည်ဟု သိရသည်။ ထိုသင်္ကန်းနှင့် အရှင့်သား ကြည်ညိုဖွယ်ရာ ရှိပါဦးမည်လော။

ဟိုးယခင်က အရှင့်သားသည် ခရီးသွားလျှင် ရထားသော် လည်းကောင်း၊ ဝေါယာဉ်သော် လည်းကောင်း၊ မြင်းသော် လည်းကောင်း တစ်ခုခုဖြင့် သွားလေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ယခုအခါသော်ကား မြေအပြင်မှာ ခြေလျင်ကြွတော်မူသည်ဟု ပြောကြဆိုကြသည်။ ယာဉ်မစီးဘဲ ခြေလျင်ခရီးသာ ကြွတော်မူသည့် အရှင့်သားသည် ရှေးယခင်အခါများကကဲ့သို့ အရှိန်အဝါ ရှိပါဦးမည်လော။ ထို့ပြင် ရှေးယခင်က အရှင့်သားသည် အသင့်ပြင်ထားသော ပွဲတော်စာကို မြိန်မြိန် ယှက်ယှက် စားတော်မူရှာခဲ့သည်။ ယခုအခါသော်ကား တစ်ဆုပ်တစ်ခဲသော ထမင်းအတွက် အိမ်တကာလှည့်၍ တောင်းရမ်းကာ စားသောက်နေရသည် ဟု ပြောကြဆိုကြသည်။ သူတကာစွန့်သမျှနှင့်သာ မဝတဝ စားနေရသည့် အရှင့်သားသည် ယခင်ကကဲ့သို့ စိုစိုပြည်ပြည် လှလှပပ ရှိပါဦးမည်လော။

ယခု မောင်တော်ဘုရား အရှင့်သားသည် နောက်ပါ သံဃာ ခြံရံကာဖြင့် အိမ်စဉ်လှည့်ကာ ဆွမ်းရပ်လာသည်ကို အများသူငါကဲ့သို့ ပြေးပြေးလွှားလွှား ကိုယ်တိုင်သွားချင်သော်လည်း မတင့်မတယ် မဖွယ်မရာဟု ထင်မိသဖြင့် မသွားနိုင်။ ထို့ကြောင့် မောင်တော်၏ပုံရိပ်ကို အတိတ်က အသွင်အပြင်ဖြင့် စိတ်တွင် တွေးဆကာ လွမ်းမော၍ နေရပါသည်။ ထိုစဉ်ခိုက်မှာပင် ဘုရား ရှင်နှင့် နောက်ပါ သံဃာတော်များသည် ယသော်ဓရာ ကြည့်ရှု ငေးမောနေရာ မြင်ကွင်းသို့ ရောက်လာပေပြီ။

ရှေးယခင်က မောင်တော် သိဒ္ဓတ္ထ၏ ပုံရိပ်အလှသည် ရမ္မက်လွှမ်းခြုံသည့် တဏှာ ရာဂ မာန်မာနတို့ဖြင့် ယှဉ်သည့်အလှ ဖြစ်သည်။ ပြုနိုင် ပြင်နိုင် ဝတ်ဆင် နိုင်သဖြင့်သာ လှပနေသည့် အလှမျိုးဖြစ်သည်။ ယခုသော်ကား တည်တည် ငြိမ်ငြိမ် ဣန္ဒြေရရ၊ ကိလေသာ ကာမတို့နှင့် တစ်စွန်းတစ်စမျှ မယှဉ်။ ပင်ကို အားဖြင့် ကြည်လင်အေးမြ ကျက်သရေရှိသည့် အလှမျိုး။

## ခမည်းတော်ထံ သံတော်ဦးတင်ပြီ

ယခုမြင်တွေ့ရသော အလှကား နဖူးတော်မှသည် ခြေဖျားသို့၊ ခြေဖျား တော်မှသည် နဖူးတော်သို့ အပြန်ပြန်အလှန်လှန် ကြိမ်ဖန်များစွာ ဖူးမြင်သုံးသပ် ပါသော်လည်း အားရတင်းတိမ်ခြင်း မရှိနိုင်သော အလှကျက်သရေပင် ဖြစ်သည်။ ယသော်ဓရာသည် ကိုယ်တော်မြတ် နန်းအိမ်မှ လွန်မသွားမီ ခမည်းတော်ကြီးထံ အပြေးအလွှားသွား၍ သံတော်ဦးတင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်စေ့မျှ ဆွမ်းခံခြင်းဖြင့် မိမိတို့ ဆွေတော်မျိုးတော်များကို အရှက်ရအောင် ပြုရက်လေခြင်းဟု ဒေါနှင့်မာန်နှင့် ဘုရားရှင်ထံပြေးသွားခဲ့သော ခမည်းတော်ကြီးသည် ဘုရားရှင်ထံမှ အပြန်တွင်ကား ဒေါသနှင့် မာန်မာနတို့ ကင်းစင်သွားပြီး ကြည်လင်ရွှင်ပျသော မျက်နှာဖြင့် နန်းတော်ထက်သို့ ပြန်တက်လာခဲ့သည်။ ထို့ပြင် နောက်နေ့တွင် မြတ်စွာဘုရားနှင့် သံဃာတော်များ ရွှေနန်းတော်သို့ ဆွမ်းစားကြွရောက်ရန် ပင့်ဆောင်လာခဲ့၏။

ယသော်ဓရာကား ဆွမ်းကျွေးပွဲတော်သို့ မသွားပေ။ ဘုရားရှင်အား သွားရောက်ပူဇော်ရန် အခြွေအရံများက ပြောဆို တိုက်တွန်းကြသော်လည်း ယသော်ဓရာက လက်မခံ။ 'ဖောင်တော်မြတ်အပေါ် မှာ ငါ၏ ကျေးဇူးတရား ရှိခဲ့သည်။ ထိုကျေးဇူးကို အသိအမှတ်ပြုတော်မူပါလျှင် မောင်တော်မြတ် ကိုယ်တိုင် ငါ့နန်းဆောင်သို့ ကြွလာတော်မူပေလိမ့်မည်'ဟူသော ယုံကြည်စိတ်ဖြင့် နန်းဆောင်ထဲမှသာ စောင့်မျှော်၍နေလေသည်။

## ယသော်ဓရာက ကန်တော့ပြီ

ယသော်ဓရာ စောင့်မျှော်နေခဲ့သည့်အတိုင်းပင် ဘုရားရှင်သည်လည်း ယသော်ဓရာ၏ ခန်းဆောင်ရှိရာသို့ ကြွတော်မူလာခဲ့၏။ အရှင်မဟာသာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် လက်ဝဲ၊ လက်ယာမှ ခြံရံလျက် လိုက်ပါလာကြ၏။ ခမည်းတော် မင်းတရားကြီးကလည်း သပိတ်တော်ကိုပိုက်ကာ နောက်တော်ပါးမှ ပါလာခဲ့၏။ မြင့်မြတ်သော သလွန်ထက်တွင် အရံသင့် ခင်းထားပြီးသောနေရာ၌ ဘုရားရှင် ထိုင်တော်မူမိသောအခါ ယသော်ဓရာသည် ရှိသေစွာချဉ်းကပ်လာပြီးလျှင် ကိုယ်တော်မြတ်၏ခြေရင်း၌ ဝပ်စင်း၍ ရှိခိုး၏။ ကိုယ်တော်မြတ်၏ ခြေတော်အစုံကို တုန်ယင်သော လက်များဖြင့် ဆုပ်ကိုင်ပွတ်သပ်ကာ အခါခါ နမ်းရှုပ်၏။ ဝမ်းနည်းဝမ်းသာ နှစ်ဖြာတွဲစပ်၍ ထွက်ပေါ်လာကြသော မျက်ရည်များသည် ခြေတော်အစုံ ကြာပဒုံသို့ ပူဇော်ကန်တော့သည့်အလား စီးကျ၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်အလလ လွမ်းဆွတ်ကြေကွဲခဲ့ရလေသမျှ စိတ်တိုင်းကျ ပူဇော်ကန်တော့၍နေသော ယသော်ဓရာကို ခမည်းတော်ကြီးကလည်း မတားမြစ်ပေ။ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးကလည်း မတားဆီးကြပေ။ ဘုရားရှင်ကိုယ်တိုင်က 'ယသော်ဓရာမင်းသမီးသည် သူနှစ်သက်သလို ရှိခိုးပူဇော်ကန်တော့ပါစေ၊ သူ့ကို မည်သူကမျှ မတားမြစ်ကြပါနှင့်' ဟု မေတ္တာကရုဏာနှစ်ဖြာရောသော စေတနာဖြင့် မိန့်ကြားတော်မူခဲ့၍ ဖြစ်ပေသည်။

ကိုယ်တော်မြတ်အား စိတ်တိုင်းကျ ပူဇော်ကန်တော့လိုက်ရသဖြင့် အားရကျေနပ်မှုရပြီးဖြစ်သော ယသော်ဓရာသည် မောင်တော် နန္ဒမင်းသားနှင့် သားတော် ရာဟုလာတို့ ဘုရားရှင်၏နောက်တော်သို့ လိုက်ပါသွားသည်တွင်ကား ကိုယ်ရောစိတ်ပါ ညှိုးနွမ်းရပြန်၏။ ထိုမှတစ်ဖန် ခမည်းတော်ကြီး သုဒ္ဓေါဒန ပရိနိဗ္ဗာန် ဝင်စံပြန်သောကြောင့် စိတ်အားငယ်စရာ ကြုံရပြန်၏။ ထို့ထက်မို၍ ဆိုးသည်ကား မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီနှင့်တကွ သကျမင်းသမီးငါးရာတို့ ထွက်ခွာသွားကြသော အချိန်ဖြစ်ပေသည်။

## အမျိုးသမီးတို့ သာသနာတော် ဝင်ခွင့်ရပြီ

သာသနာတော်တွင်းသို့ ဝင်ရောက်ခွင့်ရမည်၊ မရမည်ကို မသေချာမရေရာဘဲလျက် စွန့်စွန့်စားစား ထွက်ခွာ၍သွားခဲ့ကြသော မဟာပဇာပတိ ဂေါတမီတို့အား အရှင်အာနန္ဒာက ကူညီလျှောက်ထားပေးသဖြင့် ဘုရားရှင်က ဘိက္ခုနီ ဝတ်ခွင့်ပြုတော်မူ၏။ ဘိက္ခုနီသာသနာတော် ပေါ်ထွန်းလာသဖြင့် အနယ်နယ် အရပ်ရပ်မှ အမျိုးသမီးများ သာသနာတော်တွင်းသို့ ဝင်ရောက်လာကြသည်။

ထိုအချိန်တွင် ယသော်ဓရာသည် ညီမတော် ဇနပဒကလျာဏီနှင့်အတူ ရွှေနန်းတော်ကြီး၌ ရှိနေဆဲဖြစ်သည်။ ဘဝအကျိုးပေးချင်း တူနေကြသော ညီအစ်မနှစ်ယောက်သည် သူများနည်းတူ သာသနာတော်တွင်းသို့ ဝင်ရောက်လိုစိတ်ကားရှိကြပါ၏။ သို့ရာတွင် သူတို့စိတ်ကိုကား သူတို့မယုံနိုင်ကြသေးပေ။ ဟိုးယခင်က သံယောဇဉ်အမျှင်တန်းခဲ့ကြသူများဖြစ်၍ မောင်တော်မြတ်များ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ မှောက်ဝယ် ဣန္ဒြေမဆည်နိုင်မည့်အရေးကို တွေးတော၍ ပူနေမိကြလေသည်။

ဤသို့ရှိနေရာမှ ကပိလဝတ်နန်းတော်ကြီးရှိ လင်တော်မောင်တို့၏ အစွန့်ပစ်ခံ အမျိုးသမီးများသည် တစ်သုတ်ပြီးတစ်သုတ် သာသနာတော်တွင်းသို့ ဝင်ရောက်သွားကြသည်။ ထီးတည်းမားမား အားကိုးဖွယ်ရာ ဆွေတော်မျိုးတော်ဟူ၍ ကပိလဝတ်နန်းတော်၌ ရှားပါးသွားပေပြီ။

ဤတွင် ယသော်ဓရာနှင့် ညီမတော် ဇနပဒကလျာဏီတို့သည် စိတ်နှလုံး ဒုန်းဒုန်းချကာ သာဝတ္ထိမြို့တော်သို့ လိုက်ပါလာခဲ့ကြ၏။ လာခြင်းကောင်းသော မယ်တော်နှင့်ဒွေးတော်တို့အား သားတော်ရှင်ရာဟုလာက ဇေတဝန်ကျောင်းတော်ဝမှ ဆီး၍ကြိုနေသည်။

## ဘဒ္ဒကစ္စာနာထေရီ ဖြစ်လာပြီ

ဘဝသချေကမ္ဘာကမ္ဘာက ဆုတောင်းလာခဲ့ရသည့်အတိုင်း ယသော်ဓရာသည် မိမိလေးမြတ်ကြည်ညိုခဲ့ရသော ကိုယ်တော်မြတ်၏ အရိပ်အာဝါသတွင် ခိုလှုံခွင့်ရလာ၏။ ရဟန်းမအဖြစ်ကိုရရှိပြီးလျှင် အရှင်မ ယသော်ဓရာသည် ငယ်နာမည်ပြန်ပေါ်လာကာ ဘဒ္ဒကစ္စာနာထေရီဟု ဘွဲ့တော်ထင်ရှားလာခဲ့၏။


## အရဟတ္တဖိုလ်ရပြီ

ဘဒ္ဒကစ္စာနာထေရီသည် ဇေတဝန်ကျောင်းတော်အနီးရှိ ဘိက္ခုနီများကျောင်း၌နေလျက် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ မကြာမီမှာပင် အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ရဟန္တာပုဂ္ဂိုလ် ဘဒ္ဒကစ္စာနာထေရီသည် မိမိရထားသော အဘိညာဉ်ခြောက်ပါးကို ထူးထူးခြားခြား လေ့လာဝင်စား၏။ ထို့ကြောင့် တစ်ထိုင်တည်းဖြင့် အဘိညာဉ်များဝင်စားကာ အာဝဇ္ဇန်းပါသော ဝီထိစိတ်စဉ်တစ်ခုတည်းဖြင့် သုံးသပ်ဆင်ခြင်လိုက်ရာ လွန်လေပြီးသော တစ်သချေနှင့် ကမ္ဘာတစ်သိန်းအထိ ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထေရီ – မယ်တော်နှင့်ဒွေးတော်တို့အား ကျောင်းဝမှဆီးကြိုနေသော ရာဟုလာ 

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## တေဒဂ်ချီးမြှင့်ပြီ

ဘုရားတစ်ဆူတစ်ဆူ၏ သာသနာတော်တွင် ကမ္ဘာတစ်သိန်းအထိ ပြန်လည် ဆင်ခြင်အောက်မေ့နိုင်သော မဟာသာဝက အမြောက်အမြား ရှိနေကြ၏။ သို့သော် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိ အောက်မေ့ ဆင်ခြင်နိုင်သူကား လေးပါးမျှသာ ရှိမြဲဖြစ်၏။ ဤဘုရားရှင်၏ သာသနာ တော်တွင်မူ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါး၊ အရှင်ဗာကုလနှင့် ဤအရှင်မ အားဖြင့် လေးပါးရှိကြ၏။ ထို့ကြောင့် ဘုရားရှင်က ဘဒ္ဒကစ္စာနာထေရီအား အဘိညာဉ်တန်ခိုးစွမ်းအား ကြီးမားသော အရာဌာနတွင် ဧတဒဂ်ဂုဏ်ထူးဖြင့် ဤသို့ ချီးမြှင့်တော်မူလေသည်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ မဟာဘိညာပ္ပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စနာ. . .

ရဟန်းတို့၊ ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်ရှိကြသည့် ငါ ဘုရား၏တပည့်မ ဘိက္ခုနီတို့တွင် ဘဒ္ဒကစ္စာနဘိက္ခုနီသည် အသာဆုံး အမြတ် ဆုံးဖြစ်ပေ၏။

မဟာအဘိညာ ပတ္တ ဧတဒဂ်ဂုဏ်ထူးဆောင် ဘဒ္ဒကစ္စာနာထေရီသည် စူးရှထက်မြက်လှသော အဘိညာဉ်တန်ခိုးဖြင့် သာသနာတော်ကြီးအကျိုးကို သယ်ပိုးခဲ့၏။ ထိုမျှလောက် တန်ခိုးစွမ်းအား ကြီးမားလှသော အရှင်မကြီးသည် စိတ်မှာဖြစ်သော ဆင်းရဲခြင်းတို့ကို ကင်းကင်းရှင်းရှင်းကြီး ပယ်ဖြတ်နိုင်သော် လည်း ရုပ်ခန္ဓာမှာ ဖြစ်ပေါ်လာသော ဝေဒနာကိုကား ပယ်စွန့်၍မရနိုင်ချေ။

## လေနာရောဂါခံစားရ

ယယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရွှေနန်းထက်မှာ သက်သောင့်သက်သာ နေလာခဲ့ရသည့် အရှင်မ၏ ရုပ်ခန္ဓာသည် နူးညံ့ သိမ်မွေ့လှ၏။ အပြောင်းအလဲတစ်ခုနှင့် ကြုံလာလျှင် အရှင်မှာ လေနာ ရောဂါကို ခံစားရတတ်၏။ ရွှေနန်းထက်၌ စံမြန်းနေရစဉ်တုန်းကတော့ ဤလို

www.burmeseclassic.com



ဝေဒနာ ပေါ်ပေါက်လာလျှင် အလွယ်တကူဖြင့် ကုသဖြေဖျောက်နိုင်ခဲ့၏။ သရက်သီးမှည့်ကို ဖျော်ရည်ပြု၍ သောက်လိုက်ရလျှင်ပင် လေနာရောဂါ ကင်းပျောက်သွားမြဲ ဖြစ်သည်။

ယခု ဘိက္ခုနီဘဝ ရောက်လာသည်တွင်ကား မိမိအတွက် သည်ဆေး တစ်ဖုံကို အလွယ်တကူ မရနိုင်တော့ပေ။ သို့ဖြစ်၍ ကျောင်းခန်းထောင့် တစ်နေရာတွင် ဝေဒနာကို သတိသမ္ပဇဉ်ဖြင့်သာ သည်းခံလျက် နေရရှာ တော့၏။

မယ်တော်မြတ်ထံသို့ နေ့စဉ်လိုလို လာရောက်တွေ့ဆုံနေကျဖြစ်သော ရှင်ရာဟုလာသည် မယ်တော်မြတ် လေနာရောဂါ ခံစားနေရကြောင်း သိရ သဖြင့် စိတ်နှလုံး မချမ်းမသာဖြစ်ရ၏။ မကြည်လင်သော မျက်နှာဖြင့် ဘိက္ခု နီများကျောင်းမှ ထွက်လာပြီးလျှင် ဆေးရနိုင်မည့်နည်းလမ်းကို စူးစမ်းလေရာ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မဟာသာရိပုတ္တရာကို သတိရလာသည်။ သို့ဖြစ်၍ အရှင်မဟာသာရိပုတ္တရာထံ ချဉ်းကပ်လျက် ထေရီမ၏အခြေအနေကို လျှောက်ထားလိုက်သည်။ အရှင်မြတ်ကြီးသည် ချက်ချင်းပင် သပိတ်ကိုပိုက်လျက် ကောသလမင်းကြီး၏နန်းတော်သို့ ဆေးရနိုင်ရန် ကြွသွား၏။

## လေနာရောဂါပျောက်ပြီ

ထို့နောက် နန်းတော်မှ လောင်းလှူလိုက်သော သရက်သီးမှည့် အဖျော် ရည်များကို အရှင်မြတ်ကြီးက သပိတ်နှင့်တကွ ရှင်ရာဟုလာထံ ပေးအပ်၏။ ရှင်ရာဟုလာကလည်း မယ်တော်မြတ်ထံ ဝမ်းမြောက်ဝမ်းသာ ဆက်ကပ် လေရာ ခံစားနေရသော လေနာရောဂါများ ပျောက်ကင်းသွားခဲ့ရသည်။

ထို့နောက် ဘဒ္ဒကစ္စာနာထေရီသည် သားတော် ရှင်ရာဟုလာ၏ ရဟန်း ဘဝရောက်လာပုံ၊ ရဟန္တာအဆင့်သို့ ရောက်ရှိလာပုံများကို ဝမ်းမြောက်ဝမ်းသာ ဖူးမြင်ရ၏။ သက်တော်၊ ဝါတော်ကြီးရင့်လာသည်တွင်ကား နောက်ပါ ဘိက္ခုနီ များနှင့်တကွ ဘုရားရှင်ထံ နောက်ဆုံးပူဇော်ကန့်တော့ပြီး ပရိနိဗ္ဗာန်စံတော့မည့် အကြောင်း ဘုရားရှင်ထံ ခွင့်ပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် အဘိညာဉ်တန်ခိုး အမျိုးမျိုးပြသည်။ ထို့နောက် ထေရီသည် ဘုရားရှင်အား ဤသို့လျှောက်ထားသည်။ အရှင်ဘုရား၊ တပည့်တော်သည် အသက် ခုနစ်ဆယ့်ရှစ်နှစ်ရှိပါပြီ။ နောက်ဆုံးအရွယ်သို့ရောက်ပါပြီ။ ကုန်းကိုင်းသော ပစ္ဆာရဒသက အရွယ်ဖြစ်ပါ၏။ နောက်ဆုံးဖြစ်သော အရွယ်၌ သေခြင်းတရားသည် နှိပ်စက်၏။ မြတ်စွာဘုရား ယနေ့ ညဉ့်၌ပင် နိဗ္ဗာန်သို့ရောက်ရတော့အံ့။ အကြင်နိဗ္ဗာန်၌ ပဋိသန္ဓေနေရခြင်း၊ အိုနာ၊ သေခြင်း မရှိ၊ ထိုနိဗ္ဗာန်သို့ သွားရပါတော့မည် ဘုရား။

ထေရီမသည် ဘုရားရှင်အား နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ကာ ပရိနိဗ္ဗာန်စံဝင်လေ၏။

ဘဒ္ဒကစ္စာနာထေရီအပဒါန်ပြီး၏။

■ ■ ■

# ကိသာဂေါတမီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရ ဘုရားရှင်လက်ထက်တွင် ဟံသာဝတီနေပြည်တော်၌ အမျိုးကောင်းသမီး ဖြစ်ခဲ့ရသည်။

## ပဒုမုတ္တရဘုရားရှင်လက်ထက်က

ထိုအမျိုးကောင်းသမီးအရွယ်သို့ ရောက်သော် ရတနာသုံးပါးဦးထိပ်ထားလျက် တရားဝါသနာအထုံပါသဖြင့် မကြာမကြာပင် ဘုရားရှင်ရှိရာ ကျောင်းတော်သို့ သွားရောက် တရားနာသည်။ တစ်နေ့တွင် တရားနာသွားရောက်ရာ ပဒုမုတ္တရဘုရားရှင်က ဘိက္ခုနီတစ်ပါးအား 'လူခစီဝရဓာရဏ' ဗွမ်းပါးရှိဗွမ်းသောသက်န်းကို ဆောင်ရာ၌ အမြတ်ဆုံးဟု ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုသည်ကို မြင်တွေ့ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလှူဒါနပြုခဲ့

ထိုမြင်ကွင်းကိုမြင်တွေ့ရသဖြင့် ဂေါတမီထေရီလောင်းလျာသည် ဘုရားရှင်ချီးကျူးခံရသော ထိုဘိက္ခုနီကဲ့သို့ ဖြစ်လိုသောဆန္ဒများ ဖြစ်ပေါ်ခံစားရသည်။ သို့ဖြင့် သူသည် အိမ်သို့ပြန်လာပြီး သူတတ်စွမ်းသမျှ အလှူဒါနပြုလုပ်သည်။

## ဆုတောင်းခဲ့ပုံ

တစ်နေ့တွင် ဘုရားရှင်နှင့် သံဃာတော်များ ပင့်ဆောင်ကာ အလှူကြီးပေးလှူသည်။ လှူဖွယ်အမျိုးမျိုးတို့ လှူဒါန်းပြီးနောက် ဘုရားရှင်ထံ၌သို့ ဆုတောင်းသည်။ ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ဤသို့ လှူရသော ဒါနစေတနာကြောင့် နောင်ပွင့်တော်မူလာမည့် ဘုရားရှင်၏ လက်ထက်၌ (လူ့ခစီဝရဓာ်ရဏ) နွမ်းပါးရိနွမ်းသော ပံ့သကူသင်္ကန်းဆောင်သည့် ဘိက္ခုနီကဲ့သို့ ဖြစ်ရပါလို၏ ဘုရားဟု ဆုတောင်းခဲ့သည်။

## ဘုရားရှင်၏ ဗျာဒိတ်တော်

ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားသည် အနာဂတံသဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်ပြီး 'အို. . . ချစ်သမီး၊ သင်ဆုတောင်းသည့်အတိုင်း ပြည့်စုံလတ္တံ့၊ နောင်ကမ္ဘာတစ်သိန်း လွန်လေသော် လောကသုံးပါး၌ ဂေါတမ ဘုရားရှင်သည် ထင်ရှားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်ချစ်သမီးသည် "ကိသာဂေါတမီ" ဟူသော အမည်ဖြင့် ထေရီတစ်ပါးဖြစ်ပြီးလျှင် ဤဘိက္ခုနီမရရှိသော တေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရလိမ့်မည်'ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရသော နေ့မှစ၍ ထိုအမျိုးကောင်းသမီးသည် ကုသိုလ်တရားတို့ကို စွမ်းအားရှိသမျှ ဖြည့်ဆည်းသည်။ အသက်တမ်းကြွေ၍ ထိုဘဝမှစုတေသွားသော် တာဝတိံသာ နတ်ပြည်၌ ကြီးကျယ်မြင့်မြတ်သော နတ်၏ချမ်းသာတို့ကို ခံစား, စံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထေရီ၏ပြောပြချက်

ထေရီသည် မိမိ၏ဖြစ်စဉ်များကို ဤသို့ ပြောပြခဲ့သည်။

ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာနပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ သတသဟဿမှိကပ္ပေ၊ ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းထက်၌။ သဗ္ဗဓမ္မာနပါရဂူ၊ တရားအလုံးစုံကို အကုန်ထွင်းဖောက် တစ်ဖက်ကမ်းသို့ ရောက်တော်မူပြီးထသော။ နာယကော၊ လူ, နတ်, ပြဟ္မာ သတ္တဝါတို့၏ ရှေ့ဆောင်လမ်းညွှန်ကြီးလည်း ဖြစ်တော်မူပေထသော။ ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရအမည်ရှိသော။ ဇိနော၊ ငါးမာရ်အောင်မြင်ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ တိုက်သုံးဘုံ နယ်တစ်လွှား၌ အထင်အရှားပွင့်တော်မူခဲ့လေပြီ။

တဒါ ဟံ ဟံသဝတိယံ၊ ဇာတာ အညတရေ ကုလေ။
ဥပေတွာ တံ နရဝရံ၊ သရဏံ သမုပါဂမိံ။

တဒါ၊ ထိုပဒုမုတ္တရဘုရား ထင်ရှားပွင့်တော်မူသောအခါ၌။ အဟံ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီနေပြည်တော်ကြီး၌။ အညတရေကုလေ၊ မထင်ရှားသောအမျိုးတစ်ခု၌။ ဇာတာ၊ ကံအားလျော်စွာ ဖြစ်ပွား၍ လာခဲ့ပါ၏။ တဒါ၊ ထိုအခါ၌။ အဟံ အကျွန်ုပ်သည်။ တံနရဝရံ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ ဥပေတွာ၊ လေးလေးမြတ်မြတ် ဆည်းကပ်ခစားပြီးသော်။ သရဏံ၊ ကိုးကွယ်အားထားရာဟူ၍။ သမုပါဂမိံ၊ သရဏဂုံ သဘောအားဖြင့် ဝပ်တွားဆည်းကပ်ခဲ့ပါပြီ။

ဓမ္မဉ္စ တဿ အဿောသိံ၊ စတုသစ္စူ ပသံဟိတံ။
မဓုရံ ပရမဿာဒံ၊ စိတ္တသန္တိသုခါဝဟံ။

တဒါ၊ ထိုအခါ၌။ အဟံ အကျွန်ုပ်သည်။ တဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ မဓုရံ နားစည်းစိမ်ဖြင့် ချိုမြိန်

www.burmeseclassic.com



သာယာလှစွာသော။ ပရမသာဒံ၊ အလွန်အကျူး အထူးနှစ်သက်ဖွယ်ရှိသော။ စိတ္တသန္တိသုခါဝဟံ၊ ငြိမ်သက်လှစွာ စိတ်ချမ်းသာကို ကောင်းစွာဆောင်ပေထသော။ စတုသစ္စပ္ပကာသိတံ၊ သစ္စာလေးပါးနှင့်စပ်ဆိုင်သော။ ဓမ္မံ၊ တရားတော်မြတ်ကိုလည်း။ အဿောသိ၊ နှစ်ခြိုက်ရှိသေစွာ ကြားနာခဲ့ပါ၏။

တဒါ စ ဘိက္ခုနီ ဝီရော၊ လူခစီဝရဓာရိနိ။
ဥပေစ္စော ဧတဒဂ္ဂမှိ၊ ဝဏ္ဏယိ ပုရိသုတ္တမော။

တဒါစ၊ ထိုအခါ၌မူကား။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်ဖြစ်တော်မူပေထသော။ ဝီရော၊ ရဲရင့်ထက်သန် နိဗ္ဗာန်သခင် ဘုရားရှင်သည်။ လူခဝစီရဓာရိနိ၊ ခေါင်းပါးရိန္တမ်းသော သင်္ကန်းကို ဆောင်လေ့ရှိပေထသော။ ဘိက္ခုနိံ၊ ရဟန္တာမတစ်ပါးကို။ ဧတဒဂ္ဂမှိ၊ ဧတဒဂ်ရာထူး၌။ ဥပေစ္စော၊ ထင်ထားမြှောက်စားတော်မူလျက်။ ဝဏ္ဏယိ၊ ပရိသတ်အလယ်တွင် ချီးမွမ်းတော်မူလေ၏။

ဇာနေတွာ နပ္ပကံ ပီတိ၊ သုတွာ ဘိက္ခုနိယာ ဂုဏံ။
ကာရံ ကတွာန ဗုဒ္ဓဿ၊ ယထာသတ္တိ ယထာဗလံ။
နိပစ္စမုနိ မီရံ တံ၊ တံ ဌာနမဘိပတ္ထယိံ။
တဒါနုမောဒိသမ္ဗုဒ္ဓေါ၊ ဌာနလာဘာယနာယကော။

ဘိက္ခုနိယာ၊ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော ဘိက္ခုနီ၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးစကားကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ အနပ္ပကံ၊ အတိုင်းမသိ များဘိလွှမ်းခြုံ ကိုယ်လုံးထုံသော။ ပီတိ၊ နှစ်သက်ခြင်းပီတိကို။ ဇာနေတွာန၊ ဖြစ်ပွားစေလျက်။ ယထာသတ္တိ၊ အစွမ်းရှိသမျှ။ ယထာဗလံ၊ ခွန်အားရှိသမျှ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရားအား။ ကာရံ၊ ပြုဖွယ်ကိစ္စလှူဒါနကို။ ကတွာန၊ ပြုလုပ်ဆောင်ရွက်၍။ တံမုနိမီရံ၊ ထိုရှင်တော်မြတ်ဘုရားကို။ နိပစ္စ၊ ရှိသေဝပ်တွားခစားဦးခိုက်လျက်။ တံဌာနံ၊ ထိုဧတဒဂ်ရာထူးကို။ အဘိပတ္ထယိံ၊ ဆုတောင်းခဲ့ပါပြီ။ တဒါ၊ ထိုဆုတောင်းမှုကိုပြုလုပ်သောအခါ၌။ နာယကော၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ကြီးဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ ပဒုမုတ္တ

www.burmeseclassic.com

www.burmeseclassic.com



ရ ရှင်တော်မြတ်ဘုရားသည်။ ဌာနလာဘာယ၊ ဧတဒဂ်ရာထူးကို ရစိမ့်သော ငှာ။ အနုမောဒိ၊ ဝမ်းမြောက်ဝမ်းသာ ဤသို့သော ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။

သတသဟဿေ ကပ္ပေ၊ ဩက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ နာမေန၊ သတ္ထာ လောကေ ဘဝိဿတိ။

သတသဟဿေ ကပ္ပေ၊ ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းလွန်သော အခါ၌။ ဩက္ကာကကုလသမ္ဘဝေါ၊ ဩက္ကာက မင်းမျိုး၌ဖြစ်သော။ ဂေါတမော နာမနာမေန၊ ဘွဲ့အမည်တော်အားဖြင့် ဂေါတမအမည်ရှိသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဘဝိဿတိ၊ ပွင့်ထွန်းတော်မူလတ္တံ့။

တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
ကိသာဂေါတမီ နာမေန၊ ဟေဿသိ သတ္ထုသာဝိကာ။

တဿ၊ ထိုဂေါတမဘုရားရှင်၏။ ဓမ္မေသု၊ တရားဘဏ္ဍာရတနာတို့၌။ ဒါယာဒါ၊ အမွေခံဖြစ်ပေသော။ ဓမ္မနိမ္မိတာ၊ တရားဖြင့်ဖန်ဆင်းအပ်သည်ဖြစ်၍။ ဩရသာ၊ ရွှေရင်တော်နှစ် သမီးချစ်မှန်ပေသော။ နာမေန၊ အမည်အားဖြင့်။ ကိသာဂေါတမီ၊ ကိသာဂေါတမီအမည်ရှိသော။ သတ္ထုသာဝိကာ၊ ဘုရားရှင်၏ တပည့်မသည်။ ဟေဿသိ၊ မချွတ်ကေန် အမှန်စင်စစ် ဖြစ်လတ္တံ့။

တံ သုတွာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တာ ပရိစရိံ ပစ္စယေဟိ ဝိနာယကံ။

တဒါ၊ ထိုအခါ၌။ အဟံ အကျွန်ုပ်သည်။ တံ၊ ထိုဗျာဒိတ်တော်စကားကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ မုဒိတာဟုတွာ၊ ဝမ်းမြောက်အားရ နှစ်သက်လှသည်ဖြစ်၍။ ဝိနာယကံ၊ သတ္တဝါအပေါင်းကို ယဉ်ကျေးအောင် ဆုံးမတော်မူပေတတ်သော။ ဇိနံ၊ ရှင်တော်မြတ်ဘုရားကို။ ယာဝဇီဝံ၊အသက်ဆုံးသည်တိုင်အောင်။ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ မေတ္တစိတ္တာ၊ ကြည်ဖြူခင်မင်သော စိတ်ရှိသည်ဖြစ်၍။ ပရိစ ရိံ ပြုစုလုပ်ကျွေးလျက် ကုသိုလ်ရေးဆောင်ရွက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ကဿပဘုရားရှင်လက်ထက်

ပဒုမုတ္တရရှင်တော်ဘုရားထံမှ ဗျာဒိတ်အထူးရလာခဲ့သူ အမျိုးသမီးကလေးသည် သုဂတိသံသရာတို့၌ ဘဝများစွာ ကျင်လည်ခဲ့ရသည်။ ဤဘဒ္ဒကမ္ဘာ၌ပွင့်တော်မူသော ကဿပဘုရားရှင်လက်ထက်တော်၌မူ ကိသာဂေါတမီလောင်းလျာ အမျိုးသမီးကလေးသည် ကိကီမင်းကြီး၏ သမီးတော်ဖြစ်လာရပြန်သည်။ ဗာရာဏသီပြည့်ရှင် ဘုရင်ကိကီမင်းကြီးသည် ဘုရားရှင်ကို အမြဲဆည်းကပ်ပြုစုသူဖြစ်သည်။

ကိကီမင်းကြီး၌ သမီးကော်ခုနစ်ပါးရှိသည်။ ကိသာဂေါတမီလောင်းလျာသည် ပဥ္စမမြောက် သမီးတော်ဖြစ်သည်။ အမည်အားဖြင့် 'ဓမ္မာ'ဖြစ်သည်။ ရတနာသုံးပါးကို အလွန်ကိုင်းရှိုင်းသူလည်းဖြစ်သည်။ သမီးတော်တို့သည် လူ့ဘောင်၌ မနေလို၍ ရဟန်းပြုရန် ဖခင်ထံခွင့်တောင်းသော်လည်း မရခဲ့ကြပေ။ သို့ဖြင့် သမီးတော်တို့သည် 'ကောမာရီဗြဟ္မစရိယ' အကျင့်မြတ်ကိုသာ ကျင့်သုံးဆောက်တည်နေခဲ့ကြသည်။

ကိသာဂေါတမီလောင်းလျာ 'ဓမ္မာ'အမျိုးသမီးသည် ထိုဘဝမှစုတေသော် တာဝတိံသာ နတ်ပြည်သို့ရောက်ရပြန်သည်။

## အပိန်မလေးဂေါတမီ

ကဿပဘုရားရှင် လက်ထက်တော်မှစ၍ ဂေါတမဘုရား ထင်ရှားပွင့်သည်တိုင်အောင် လူ့ပြည် နတ်ရပ်မြင့်မြတ်သော သုဂတိသံသရာတို့၌ ချမ်းသာစွာ ကျင်လည်ခဲ့ရသည်။ ယခုနောက်ဆုံးဘဝသို့ ရောက်သော် သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသူ သူဌေးမျိုးတွင် လူဖြစ်လာရပြန်သည်။ အနွယ်မှာ 'ဂေါတမအနွယ်' ဖြစ်သည်။ အမျိုးအနွယ်၏ အမည်ကိုယူပြီး 'ဂေါ တမီ'ဟု ခေါ်ဝေါ်ကြသည်။ သူ၏ ကိုယ်နေကိုယ်ဟန် ပုံပန်းသဏ္ဌာန်က ပါးပါးလျလျ

www.burmeseclassic.com

www.burmeseclassic.com



ပိန်ကြုံလှသည့်အတွက် ကိသာဂေါတမီ၊ အပိန်မလေးဂေါတမီဟု အများက ခေါ်ဝေါ်ကြလေသည်။*

ကိသာဂေါတမီ အပျိုပေါက်ကလေးအဖြစ်သို့ရောက်သော် သူ့မိဘတို့မှာ ပစ္စည်းဥစ္စာကုန်ခန်းသဖြင့် ပင်ပန်းဆင်းရဲသွားကြရရှာသည်။ မိဘတို့စီးပွားပျက်သဖြင့် သမီးကလေးလည်း မျက်နှာငယ်ငယ်နှင့် ဆင်းရဲနွမ်းပါးရတော့သည်။ မိဘနှစ်ပါးက သက်ကြီးရွယ်အိုဖြစ်နေကြရပြီး အလုပ်အကိုင် လုပ်ကိုင်ကြံစည်နိုင်စွမ်း မရှိကြတော့ပေ။ ထို့ကြောင့် ကိသာဂေါတမီကိုယ်တိုင် မိဘများကို လုပ်ကိုင်ကျွေးမွေးနေရသည်။ မူလက ပိန်ကြုံနွမ်းလျ၍ အားနည်းရသည့်အထဲ ပင်ပန်းသော အလုပ်အကိုင်ကို လုပ်ရပြန်၍ တစ်နေ့ထက်တစ်နေ့ ပိုမို ပိန်ပိန်သွားရှာသည်။ မူရင်းဇာတိအားဖြင့် သူဌေးသမီးပင်ဖြစ်ခဲ့သော်လည်း ဆင်းရဲနွမ်းပါးခြင်းဟူသော ဘဝနှင့်ကြုံရသောအခါ ရုပ်ဆင်းရောင်ဝါများသည်လည်း မဲမဲခြောက်ခြောက်နှင့် ကောက်တောက်တောက်၊ လိမ်တိမ်တိမ်ကလေး ဖြစ်နေရှာပေသည်။

မိန်းမတို့၏ကိုယ်ပိုင်ဥစ္စာသည် ရုပ်ဆင်းအင်္ဂါလှပခြင်းဟူသော အဓိပ္ပာယ်ဖြင့် "ဣတ္ထိယာ ဓနံ ရူပံ"ဟုအဆိုရှိသည်။ ဆင်းရဲပင်ပန်း၍ မရွှင်မလန်းဖြစ်ပြီး နဂိုရုပ်ပျောက်ပြီး အအိုရုပ်ပေါက်နေသူ အမျိုးကောင်းသမီးသည် အပျိုစင်ကလေးပင်ဖြစ်သော်လည်း လုလင်ပျို ယောကျ်ားပျိုတို့က အဖက်မလုပ်ဘဲ ပယ်ထုတ်ထားကြပေသည်။ ပစ္ဆိမဘဝိကခေါ် နောက်ဆုံးဘဝ လူ့အဖြစ်ကို ရသော်လည်း ဆင်းရဲခြင်းက တွင်းနက်လှပေသည်။

---

* ယခုဘုရားရှင်၏ လက်ထက်တော်၌ ဂေါတမီဟူသော အမည်ဖြင့် ထင်ရှားကျော်စောခဲ့သော ပုဂ္ဂိုလ်သုံးဦးရှိခဲ့သည်။ ဘုရားရှင် တောထွက်တော်မူခါနီး ရင်နှင့်အမျှ ခံစားခဲ့ရသည်ကို ဂါထာဖြင့် ထုတ်ဖော်ကျူးရင့်သူ နှမတော်ဂေါတမီ၊ မိထွေးတော်ဂေါတမီနှင့် ဤကိသာဂေါတမီတို့ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကံကုန်လျှင် စီးပွားပျက်တတ်သည်

'ယဒါ ကမ္မက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ။ ကောင်းမှုကံ အဟုန်ကုန်သောအခါ စီးပွားအားလုံးပျက်တတ်သည်' ဟု နိမိကဏ္ဍသုတ္တန်၌ ဟောတော်မူထားသော တရားရှိသည်။ ထိုအချိန်က သာဝတ္ထိပြည်ဝယ် တစ်ဦးသောသူဌေး၏အိမ်၌ ကုဋေလေးဆယ်သော ရွှေ၊ ငွေပစ္စည်းဥစ္စာများသည် ထိုသူဌေး၏ ကံဟောင်းအဟုန် ကုန်သောကြောင့် အံ့သြဖွယ်ရာ မီးသွေးခဲများဖြစ်သွားရသည်။ သူဌေးသည် ထိုအဖြစ်အပျက်ကြောင့် သောက ကြီးစွာဖြစ်ရကာ အစာအာဟာရကိုပင် မစားနိုင်တော့ဘဲ ညောင်စောင်းထက်၌ လဲလျောင်းကာသာ နေရရှာလေ၏။

တစ်နေ့တွင် သူဌေး၏ အဆွေခင်ပွန်းဟောင်းတစ်ဦး အိမ်သို့ရောက်လာ သည့်အခါ မိမိမိတ်ဆွေ ပူဆွေးသောက ရောက်နေရသည်ကို တွေ့ရှိသဖြင့် မေးမြန်းရာ သူဌေးက ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းပြသည်။ ထိုအခါ မိတ်ဆွေက "သူငယ်ချင်း မစိုးရိမ်ပါနှင့်၊ ငါ အကြံတစ်ခုရသည်။ ထိုအကြံအစည် အတိုင်း သူငယ်ချင်း လက်တွေ့ကြိုးစားကြည့်ပါ"ဟု ပြောလေသည်။ သူဌေးက "ကဲ. . . ကောင်းပြီ မိတ်ဆွေ၊ မိတ်ဆွေရဲ့ အကြံအစည်အတိုင်း လုပ်မည်။ ဘယ်လိုလုပ်ရမှာလဲ ပြောပါ"ဟု မေး၏။ ထိုအခါ မိတ်ဆွေဖြစ်သူက. . .

"သူငယ်ချင်း၊ မိမိ၏အိမ်အတွင်း လူအများမြင်နိုင်လောက်သည့်နေရာ၌ ဖျာကိုခင်းပါ၊ ထိုဖျာပေါ်၌ ရတနာမီးသွေးများကို စုပုံလျက် ဈေးရောင်းသူ တစ်ဦးကဲ့သို့ သူငယ်ချင်း ထိုင်နေပါ။

အိမ်ရှေ့မှ သွားကြ၊ လာကြသူတို့အနက် အချို့က 'အခြားလူများသည် အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ စသည့်တို့ကို ရောင်းကြပါကုန်၏။ အရှင် သူဌေးသည်ကား မီးသွေးတို့ကိုရောင်း၍ နေသကိုး' ဟု ပြောကြလိမ့်မည်။ ထိုအခါ သူဌေးက စကားအရှည်မပြောဘဲ 'ကိုယ့်ဥစ္စာကိုယ်ရောင်းတာ ဘာဖြစ် သလဲ' ဟု တိုတိုတုတ်တုတ်ပင် ပြန်ပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မဟုတ်ဘဲ တစ်ဦးဦးက "သူဌေး အခြားလူများသည် အဝတ် အထည်, ဆီ, ပျား, တင်လဲ စသည်တို့ကို ရောင်းကြပါကုန်၏။ အရှင်သူဌေး သည်ကား ရွှေတွေ ငွေတွေကို ရောင်းချနေသကိုး" ဟု ပြောဆိုလာသူရှိလျှင် ထိုသူကို 'ဘယ်မှာလဲ ရွှေတွေငွေတွေ'ဟု ပြန်၍မေးလိုက်ပါ။ ထိုသူက 'ဒါ ရွှေတွေငွေတွေပဲ'ဟု ပြောဆိုလျှင် 'ထိုရွှေတွေငွေတွေကို ယူပေးပါဦး'ဟု သူဌေး ချင်းက ပြောဆိုကာ လက်နှစ်ဖက်ဖြင့် ခံယူလိုက်ပါ။ ထိုသူသည် ဘုန်းရှင် ကံရှင် ဖြစ်ပါသည်။ ဤနည်းဖြင့် ထိုသူပေးအပ်သောဥစ္စာသည် သူဌေးချင်း၏ လက်ထဲ၌ မူလပကတိအတိုင်း ရွှေတွေ, ငွေတွေ ပြန်ဖြစ်ပါလိမ့်မည်။

"အထူးသတိပေးလိုသည်မှာ ထိုသို့ပြောဆိုလာသူသည် အကယ်၍ အမျိုးသမီးဖြစ်လျှင် ထိုအမျိုးသမီးကို သူဌေးချင်း၏အိမ်၌ သားအတွက် မယား အဖြစ် ဆောင်ယူ၍ ကုဋေလေးဆယ်သော ထိုရွှေ, ငွေဥစ္စာကို ထိုချွေးမအား အပ်နှင်းပါလေ။ ထိုသို့ အပ်နှင်းပြီး ထိုချွေးမက စီမံပေးအပ်သော ဥစ္စာကို သူဌေးချင်း သုံးဆောင်ပါလေ။

အကယ်၍ ထိုသို့ပြောဆိုလာသူသည် အမျိုးသားဖြစ်ခဲ့လျှင် သူဌေးချင်း ၏ အိမ်၌အရွယ်သို့ ရောက်သောသမီးကို ထိုအမျိုးသားအားပေး၍ ကုဋေ လေးဆယ်သော ရွှေ, ငွေများကို ထိုသားမက်အား အပ်နှင်းပြီးလျှင် ထို သားမက်က စီမံပေးအပ်သော ဥစ္စာကို သူဌေးချင်းသုံးဆောင်ပါလေ"ဟု မိတ်ဆွေဖြစ်သူက နည်းလမ်းကောင်းကို ပေးလေသည်။

## ဘုန်းရှင် ကံရှင် ကီသာဂေါတမီ

စီးပွားပျက်သော သူဌေးသည် 'အလွန်ကောင်းသော အကြံအစည် ဖြစ်သည်'ဟု ပြောဆိုကာ သူဌေးချင်းပြောသည့်အတိုင်း သူ၏အိမ်အတွင်း လမ်းသွားလမ်းလာ လူအများ မြင်လောက်သည့်နေရာ၌ ရတနာတဖြစ်လဲ မီးသွေးများကို အစုအပုံပြု၍ ရောင်းနေသကဲ့သို့ ထိုင်နေလေ၏။ 'သူဌေး အခြား လူများသည် အဝတ် အထည်, ဆီ, ပျား, တင်လဲ စသည်တို့ကို ရောင်းကြပါ

www.burmeseclassic.com

www.burmeseclassic.com



ကုန်၏။ အရှင်သူဌေးကမူ မိမိဂုဏ်နှင့်မလိုက်အောင် အဘယ့်ကြောင့် မီးသွေးတို့ကို ရောင်း၍နေသနည်း'ဟု မေးမြန်းပြောဆိုလာသော ဘုန်းကံရှင် မဟုတ်သူ လူတို့အား သူဌေးသည် 'မိမိ၏ဥစ္စာကို မိမိရောင်းတာဘာဖြစ်သလဲ'ဟုသာ တိုတိုတုတ်တုတ် ပြန်ပြောလိုက်လေ၏။

ထို့နောက် တစ်နေ့တွင် အထည်ကြီးပျက် စီးပွားပျက်၊ သူဌေးသမီး ကိသာဂေါတမီသည် မိမိ၏ကိစ္စတစ်ခုဖြင့် ထိုအိမ်ဈေး တံခါးဝသို့ ရောက်ရှိလာသည်။ သူသည် သူဌေးကို မြင်လေလျှင် 'အို. . . ဖခင်၊ အခြားသူများသည် အဝတ်အထည်, ဆီ, ပျား, တင်လဲ စသည်တို့ကို ရောင်းကြပါကုန်၏။ ဖခင်သည်ကား ရွှေတွေ, ငွေတွေကို ထုတ်ရောင်းနေသကိုး'ဟု ပြောဆိုလေ၏။

သူဌေးက 'သမီး ဘယ်မှာလဲ ရွှေတွေငွေတွေ'ဟု မေးသဖြင့် ကိသာဂေါတမီက 'ဖခင်သည် ထိုရွှေတွေ ငွေတွေကိုပင် ကိုင်၍ ထိုင်နေသည် မဟုတ်လော'ဟု ပြောသည်။ ထိုအခါ သူဌေးက 'သမီး၊ ထိုရွှေငွေတွေကို ယူပေးပါဦး'ဟု ပြောဆိုလေ၏။ ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူ၍ သူဌေး၏လက်နှစ်ဖက်တို့၌ လောင်းထည့်ပေးလိုက်လေ၏။ ထိုအခါ ပစ္စည်းအားလုံးသည် မူလပကတိအတိုင်း ရွှေနှင့်ငွေများသာ ဖြစ်သွားကြလေတော့၏။

## ကိသာဂေါတမီ သူဌေးချွေးမဖြစ်လေပြီ

ထိုအခါ ကိသာဂေါတမီကို သူဌေးက "သမီး၊ သမီး၏အမည်၊ အမိအဖနှင့် အမျိုးအနွယ် ဇာတိသည် အသို့ရှိသနည်း"ဟု မေးမြန်း၏။ ထိုအခါ ကိသာဂေါတမီက မိမိ၏ အမည် အမျိုးအနွယ် မိခင်ဖခင်တို့၏ အမည်ကို ပြောပြသည်။ တစ်ဆက်တည်းပင် မိမိ၏ ဘဝဇာတ်ခုံ အဖုံဖုံကိုလည်း သူဌေးအား ပြောပြသည်။ ထိုအခါ သူဌေးက ကိလေသာဂေါတမီကို ချွေးမအဖြစ် ခေါ်ဆောင်သွားပြီး ကုဋေလေးဆယ်သော ဥစ္စာပစ္စည်းတို့ကို အပ်နှင်းသည်။

အိမ်သို့ရောက်သောအခါ သူဌေးကတော်ကြီးနှင့်တကွ သားသမီးအခြွေအရံတို့အား ဈေးအတွင်း ဆိုင်ခင်းရောင်းချခဲ့သမျှ မီးသွေးတို့သည် မူလက

www.burmeseclassic.com

www.burmeseclassic.com



ထေရီ – ကိသာဂေါတမီက သူဌေးကြီးအား မီးသွေးတဖြစ်လဲ ရွှေငွေများကို ယူပေးနေစဉ် ၂၀၉

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရွှေငွေပြန်ဖြစ်ကုန်ပြီဖြစ်ကြောင်း အကြောင်းစုံလင်စွာ သူဌေးကြီးက ပြန်လည် ပြောပြသည်။ သူဌေးကြီးက မိမိသားကြီးကိုလည်း ဘုန်းကံရှိသူ အမျိုးသမီးကလေးနှင့် မကြာမီ လက်ထပ်ထိမ်းမြားပေးမည်ဟုလည်း ပြောဆိုသည်။ ထိုအခါ သူဌေးကတော် ကြီးနှင့်တကွ အိမ်သားအားလုံးက သဘောကျကြသည်။ ကုသိုလ်ကံအရှိန်သေးသဖြင့် မှိန်မှေးခြင်းသို့ရောက်နေသူ ကိသာဂေါတမီ ဂြိုဟ်ဇာတာစန်းပွင့်၍ မြင့်မြတ်သည့်အခြေသို့ ပြန်လည် ဆိုက်ရောက်လာရခြင်းဖြစ်သည်။

## ထိမ်းမြားမင်္ဂလာပြုလုပ်ခြင်း

ထို့နောက် ကုဋေကြွယ် သူဌေးကြီးသည် ကိသာဂေါတမီ၏မိဘများနှင့် ကြောင်းလမ်းစကား ပြောကြားပြီးလျှင်ခမ်းနားကြီးကျယ်စွာ မင်္ဂလာသဘင် ဆင်ယင်ကျင်းပပေးသည်။ ကိသာဂေါတမီကိုလည်း သားနှင့်ထိမ်းမြား လက်ထပ်ပြီး မိမိအိမ်သို့ ခေါ်ဆောင်ထားခဲ့သည်။

## တစတစမျက်နှာငယ်ရသူ

ကိသာဂေါတမီသည် ယောက္ခမများအိမ်၌ ခေတ္တခဏသာ ကြည်ဖြူနှစ်သက်စွာ ချမ်းချမ်းသာသာနေရသည်။ ကာလအတန်ကြာသော် ယောက္ခမမိန်းမသူကြီးက ငါ့သားသည် သူဌေးသား အစစ်အမှန်ဖြစ်သည်။ ဤမျှလောက်ဆင်းရဲရောက်၍ အောက်တန်းကျသူ အမျိုးသမီးနှင့် မထိုက်တန်၊ ပစ္စည်းဂုဏ်သိမ်နှင့် စည်းစိမ်ကြီးသူ သူဌေးသမီး အစစ်နှင့်သာ ထိုက်တန်သည်။ ဂုဏ်သိမ်ကြီးသူ သူဌေးသမီးအစစ်နှင့်သာ လက်ထပ်ရပါလျှင် ခွေးမဘက်မှ ပါလာသော ပစ္စည်းများစွာရမည်။ ယခုတော့ ဂုဏ်သိမ်မရှိ ဆင်းရဲနွမ်းပါးသူ အမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားရသောကြောင့် ဘာပစ္စည်းမှ မရ၊ ဆင်းရဲသူမကို အိမ်ကြီးပေါ် တင်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် အရောင်တင်၍ ပြင်ဆင်ကျွေးမွေးနေရသည် စသည်ဖြင့် သူဌေးကတော်ကြီးက ပြူစူကဲ့သာနှင့် အဘိဗ္ဗာပွားလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချွေးမကလေးအပေါ် မျက်နှာသာ မပေးနိုင်ဘဲ တဆူဆူ တဆောင့်ဆောင့်နှင့် ဖြစ်နေတော့သည်။ သူဌေးအိမ်ရှိ အစေအပါးတို့ကလည်း သူဌေးကတော်၏ အမူအရာကိုလိုက်ကာ ဂေါတမီအပေါ် မလေးမစားဖြင့် အထင်သေးကာ ဆက်ဆံလာကြတော့သည်။

သူဌေးကတော်ကြီးနှင့်တကွ ကျေးကျွန်အပေါင်းတို့က မလေးမခန့် ပြုလုပ်ကြသော်လည်း ကိသာဂေါတမီကလေးသည် စိတ်ခိုင်ခိုင်ကြီးထားပြီး ဝတ်တရားမပျက်အောင် ကြန္တြေရရ နေထိုင်သည်။ အကယ်၍ ကိသာဂေါတမီက စိတ်ပျက်၍ ထွက်သွားခဲ့ပါလျှင် ကုဋေလေးဆယ်မျှရှိ ရွှေငွေတို့သည် မီးသွေးဘဝသို့ တစ်ဖန် ပြန်ရောက်၍ သွားနိုင်ပေသည်။ ဤသို့ မဖြစ်စေရန် ကိသာဂေါတမီသည် သည်းခံ၍နေရတော့သည်။ သို့ဖြင့် ကာလအတန်ကြာသော် ကိသာဂေါတမီ၌ သန္ဓေစွဲငြိလာခဲ့သည်။

## သားယောက်ျားဖွားမြင်ခြင်း

ပဋိသန္ဓေတည်နေပြီး ဆယ်လအချိန်သို့ရောက်သော် ချစ်စဖွယ် တင့်တယ်လှပသော သားရတနာကလေးတစ်ယောက် ဖွားမြင်လာသည်။ ရွှေ တုံး ရွှေခဲ လည်မှာဆွဲသည့် ပုလဲကုံးပမာ ရတနာသားဦး အညွန့်အဖူး ပေါ်ပေါက်လာသဖြင့် သူဌေးကြီးနှင့် သူဌေးကတော်ကြီးမှစ၍ ဆွေမျိုးဉာတိအပေါင်းတို့က ကောင်းမွန်နှစ်ခြိုက် ဝမ်းသာအားရရှိကြသည်။ သား၏မိခင် ကိသာဂေါတမီကိုလည်း ပြန်လည်၍ အရေးတယူ အလေးမူပြီး ကြည်ဖြူ နှစ်ခြိုက်လာကြသည်။

## သားကလေး သေဆုံးသွားခြင်း

အတန်ငယ် အရွယ်ရောက်လာသူ သားရတနာကလေးသည် တစ်နေ့သောအခါ ကံကြမ္မာဖိစီး၍ ရောဂါဝေဒနာကြီးတစ်ခု စွဲကပ်လာသည်။ ဆရာသမား ဆေးဝါးဓာတ်စာတို့ဖြင့် ဂရုတစိုက် ပြုစုကုသကြပါသော်လည်း သက်သာခွင့်မရဘဲ ထိုသားငယ်လေး သေဆုံးသွားရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သောကရှုး ဂေါတမီ

ဆွေမျိုးဉာတိ အကုန်ဝိုင်း၍ ချစ်ချင်တိုင်း ချစ်နေသည့် သားရတနာ အချစ်တုံးကလေး သေဆုံးသွားသဖြင့် ဆွေမျိုးအားလုံး ယူကျုံးမရ ဖြစ်ကြရသည်။ မိခင် ကိသာဂေါတမီမှာလည်း သူ၏စိတ်နှလုံး၌ မီးဟုန်းဟုန်းစွဲလောင်ကာ အပူကောင်လုံးလုံးဖြစ်ပြီး လှိမ့်လိုလှိမ့် ခုန်လိုခုန်ဖြင့် 'သောကုမ္မတ္တက' ခေါ်သော အရူးဘဝ ရောက်သွားရတော့သည်။

ကိသာဂေါတမီသည် 'ငါသည် ဤအိမ်၌ လာဘ်ပူဇော်သက္ကာရ ခေါင်းပါးနွမ်းနယ်ရာမှ သားကလေး မွေးဖွားသော အချိန်ကစ၍ အပူဇော်ခံ၊ အမြတ်နိုးခံဘဝသို့ ရောက်ခဲ့ရသည်။ ဤလူများသည် ငါ့သားလေး၏ ဥတုဇရုပ်ကလာပ်ကို မြို့ပြင်၌ စွန့်ပစ်ရန် အားထုတ်ကြကုန်၏'ဟု တွေးလျက် သားကလေးအလောင်းကို ရင်ခွင့်ဖြင့် ပိုက်ထားသည်။ ထို့နောက် 'ကျွန်မသားကလေးအတွက် အသက်ရှင်ဆေးပေးကြပါ'ဟု နှုတ်မှ တတွတ်တွတ် ပြောဆိုလျက် အိမ်ပေါက်စေ့ လှည့်လည်သွားလာနေလေတော့၏။

လူအများက ကိသာဂေါတမီကို မြင်သောအခါ 'အဘယ်အရပ်၌ သင်သည် သေပြီးသူအတွက် အသက်ပြန်၍ ရှင်စေသောဆေးကို တွေ့ဖူးမြင်ဖူးသနည်း' ဟု ပြက်ရယ်ပြုကာ မေးကြလေ၏။ ကိသာဂေါတမီသည် ထိုလူများ၏ စကားဖြင့်လည်း အသိတရား၊ သတိတရား မရခဲ့ချေ။

## လမ်းညွှန်သူနှင့်တွေ့ပြီ

ထိုအခါ ကိသာဂေါတမီကို ပညာရှိသူ လူတစ်ယောက်က တွေ့မြင်ရ၍ 'ဪ. . . ဤသူငယ်မသည် သားသေသောကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ရှိသည်ဖြစ်လိမ့်မည်။ ဤသူငယ်မအတွက် ရှင်တော်ဂေါတမဘုရားရှင်သည်သာလျှင် အားထားရာဖြစ်လိမ့်မည်'ဟု ကြံစည်ဆင်ခြင်မိသဖြင့် 'ချစ်သမီး၊ သင်ချစ်သမီး၏ သားသေကလေးအတွက် အသက်ပြန်၍ ရှင်မည့်ဆေးကို

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားမှတစ်ပါး အခြား သိနိုင်သောသူ မရှိပါ။ နတ်နှင့်တကွသော သတ္တလောက၌ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူနေ၏။ သင် ချစ်သမီးသည် မြတ်စွာဘုရားရှင်အထံတော်သို့သာ သွားရောက်၍ ထို ဆေးကို မေးပါလေ'ဟု အကြံပေးတိုက်တွန်း စကားပြောကြားလေ၏။

## ဘုရားရှင်ရှိရာသို့ ရောက်ပြီ

ထိုအခါ ကိသာဂေါတမီသည် 'ဤပညာရှိ ပုဂ္ဂိုလ်မြတ်သည် အမှန်ကို ပြောဆို၏' ဟု ယုံကြည်၍ သားကလေး၏ အလောင်းကိုပိုက်ကာ ဘုရားရှင် ထံသို့ ရောက်သွားလေ၏။ ထိုအချိန်က ဘုရားရှင်ကိုယ်တော်မြတ်သည် တရား ဟောရန် ဓမ္မပလ္လင်ဝယ် ထိုင်နေတော်မူသောအချိန် ဖြစ်သည်။ သူသည် ပရိသတ်အစွန်၌ ရပ်တည်ကာ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့် တော်မ၏ သားကလေးအတွက် အသက်ရှင်ဆေးကို ပေးသနားတော်မူပါ ဘုရား' ဟု အများကြားအောင် ဟစ်အော်ကာ လျှောက်ထားလေ၏။

ဘုရားရှင်သည် ကိသာဂေါတမီ၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု ဉပနိဿယရှိသည်ကို မြင်တော်မူ၍ 'ချစ်သမီးဂေါတမီ၊ သားအသက်ရှင်ဆေး ရရန် အတွက် ဤအရပ်သို့ သင်ချစ်သမီးလာရောက်ခြင်းသည် အလွန်ကောင်း မြတ်လှပေ၏။ ချစ်သမီးသွားပါချေအုံး။ သာဝတ္ထိမြို့အတွင်းသို့ဝင်ကာ အစွန် အဖျားဖြစ်သော အိမ်မှအစပြုလျက် တစ်မြို့လုံးကို လှည့်လည်ပြီးလျှင် လူ တစ်ယောက်မျှ မသေဖူးသောအိမ်မှ မုန်ညင်းစေ့ အနည်းငယ်ကို ယူဆောင်ခဲ့ပါ' ဟု မိန့်တော်မူလေ၏။

---

[ ဤနေရာ၌ သတိရှိရန်လို၏၊ ဘုရားရှင်က မုန်ညင်းစေ့ ရှာခိုင်းခြင်းမှာ မုန်ညင်းစေ့ ရလျှင် သားအသက်ရှင်အောင်ကုပေးမည်ဟု ပြောခြင်းမဟုတ်၊ သေခြင်းတရားသည် ဆက်ရှိ အားလုံးနှင့်ဆိုင်ကြောင်း သူ့အားသာ သေရခြင်း မဟုတ်ကြောင်း အသိ အမြင်မှန်ရစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ]

www.burmeseclassic.com

www.burmeseclassic.com



## လူမသေဖူးသောအိမ်မှ မုန်ညင်းစေ့ယူခဲ့

ကိသာဂေါတမီသည် ထိုမုန်ညင်းစေ့ရလျှင် မိမိသားကလေး အသက်ပြန်ရှင်လာမည်ဟု အောက်မေ့ကာ 'ကောင်းပါပြီ မြတ်စွာဘုရား'ဟု လျှောက်ထား ဝန်ခံ၍ အားရဝမ်းသာစွာ မြို့တွင်းသို့ ပြန်ဝင်လာသည်။ ပထမတွေ့ရသော အိမ်တွင် 'မြတ်စွာဘုရားက ကျွန်မ၏သားကလေး အသက်ပြန်ရှင်ရေးအတွက် မုန်ညင်းစေ့ အနည်းငယ်ကို အယူအဆောင် ခိုင်းတော်မူပါသည်။ ကျွန်မအား မုန်ညင်းစေ့ အနည်းငယ်ကို ပေးတော်မူကြပါ'ဟု အိမ်ရှင်တို့အား တောင်းဆို ပြောကြားလေ၏။

## လူမသေဖူးသောအိမ်မရှိ

အိမ်ရှင်များက 'ယူလော့၊ ရော့. . . ဂေါတမီ' ဟု ပြောဆိုကြပြီး မုန်ညင်းစေ့အနည်းငယ်ကို ထုတ်၍ ပေးကြလေ၏။ ထိုအခါ ကိသာဂေါတမီသည် 'ကျွန်မ မေးစရာတစ်ခုတော့ ရှိပါသေးသည်။ ဤအိမ်၌ ရှေးက တစ်စုံတစ်ယောက် သေဖူးသူရှိပါသလော'ဟု မေးလေ၏။ အိမ်ရှင်တို့က 'ဘယ်နှယ့်ပြောပါလိမ့် သမီးဂေါတမီ၊ ဤအိမ်၌ ရှေးက သေဖူးသောသူ အများကြီး ရှိပါသည်။ ထိုသေသောသူတို့ကို အဘယ်သူရေတွက်နိုင်လိမ့်မည်နည်း' ဟု ပြောဆိုကြလေ၏။ ကိသာဂေါတမီသည် 'ထိုသို့ဖြစ်လျှင် တော်ပါပြီ။ ကျွန်မသည် ဤမုန်ညင်းစေ့ကို မယူတော့ပါ။ ကျွန်မကို မြတ်စွာဘုရားရှင်က လူမသေဖူးသော အိမ်မှ မုန်ညင်းစေ့ကိုသာ ဆောင်ယူစေတော်မူခြင်းဖြစ်ပါသည်'ဟု ပြောဆိုကာ ထိုအိမ်မှ ပြန်ထွက်လာခဲ့လေသည်။

## အသိတရားနှင့် သတိသံဝေဂရပြီ

ကိသာဂေါတမီသည် ဤနည်းဖြင့်ပင် နှစ်အိမ်၊ သုံးအိမ် ဝင်ထွက်၍ မုန်ညင်းစေ့ကို တောင်းသည်။ ထိုအိမ်များ၌လည်း လူသေဖူးသည့် အိမ်များသာ ဖြစ်၍ မုန်ညင်းစေ့မရခဲ့။ တတိယအိမ်သို့ ဝင်ရောက်အပြီးတွင်မူ 'တစ်မြို့လုံး၌



www.burmeseclassic.com

www.burmeseclassic.com



ဤနည်းသာလျှင် ဖြစ်ပေလိမ့်မည်။ ဤအချက်ကို သတ္တဝါတို့၏ အကျိုးစီးပွား လိုလားတော်မူသော မြတ်စွာဘုရားရှင်သည် မြင်တော်မူပြီးဖြစ်လိမ့်မည်'ဟု အသိနှင့် သတိသံဝေဂကြီးစွာရလျက် ထိုတတိယအိမ်မှပင် မြို့ပြင်သို့ ထွက်ခဲ့ သည်။

ထို့နောက် သုသာန်သို့ သွားရောက်ကာ သားငယ်၏ရုပ်အလောင်းကို လက်ဖြင့်ကိုင်၍ 'ချစ်သား၊ ငါကား ဤသေခြင်းသဘောသည် သင်ချစ်သားကို သာကွက်၍ဖြစ်၏ဟု ကြံမှားခဲ့လေပြီ။ ဤသေခြင်းသဘောကား သင်ချစ်သား တစ်ဦးသာ ဖြစ်ရသည်မဟုတ်။ ဤသေခြင်း သဘောသည် လူအများနှင့် ဆက်ဆံသော သဘောဖြစ်ပေသည်'ဟု ပြောဆိုကာ သားငယ်၏ ရုပ် အလောင်းကို သုသာန်၌ စွန့်ပစ်ခဲ့သည်။

ထို့နောက် သေခြင်းသဘောသည် တစ်လောကလုံးနှင့် ဆိုင်ကြောင်း သူကိုယ်တိုင်သိရှိကာ ဤသို့ ရွတ်ဆိုသည်။

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော၊

န စာပိယံ ဧကကုလဿ ဓမ္မော။

သဗ္ဗဿ လောကဿ သဒေဝကဿ၊

ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ဘောန္တော၊ အို. . . လူအပေါင်းတို့။ ယဒိဒံ-ယာအယံ အနိစ္စတာ၊ အကြင်မမြဲခြင်းသဘောသည်။ အတ္ထိ၊ လောကတစ်ခွင်၌ အထင်အရှားရှိလေ၏။ သောဓမ္မော၊ ထိုမမြဲခြင်း အနိစ္စသဘောကြီးသည်။ နဂါမဓမ္မော၊ တစ်ရွာတည်း နှင့်သာ ဆိုင်သောတရားသဘောမဟုတ်။ နနိဂမဿ ဓမ္မော၊ နိဂုံးတစ်ခုတည်း နှင့်သာဆိုင်သော တရားသဘောမဟုတ်။ အယံ၊ ဤတရားဆိုးသည်။ နစ ဧကကုလဿဓမ္မော၊ လူမျိုးတစ်မျိုးတည်းနှင့်သာ ဆိုင်သောတရားလည်း မဟုတ်။ ဧကန္တေန၊ တကယ်စင်စစ်အားဖြင့်၊ ဧသေဝဓမ္မော ဤသို့သေရခြင်း သဘောသည်။သဒေဝကဿ၊နတ်နှင့်တကွသော။ သဗ္ဗလောကဿ၊ လောက အားလုံး၏။ ဓမ္မော၊ မပြေးမရှောင်မတိမ်းသာသော တရားကြီးပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုရားရှင်ထံသို့ ပြန်လာခဲ့ရာ ဘုရားရှင်က 'ချစ်သမီး ဂေါတမီ သင်သည် မုန်ညင်းစေ့ကို ရခဲ့ပြီလော'ဟု မေးတော်မူသည်။ ကိသာဂေါတမီ က 'မြတ်စွာဘုရား မုန်ညင်းစေ့ဖြင့် ပြုရန်ကိစ္စကား ပြီးပါပြီ။ ရှင်တော်ဘုရား တို့သည် တပည့်တော်မအား ထောက်တည်ရာ အားကိုးရာ အမြိုက်တရား ကိုသာ ပေးတော်မူပါလော့'ဟု လျှောက်ထားလိုက်သည်။

ဘုရားရှင်သည် ကိသာဂေါတမီအား ဤသို့ ဟောကြားတော်မူ၏။

တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဂေါတမီ၊ ချစ်သမီး ဂေါတမီ။ ပုတ္တပသုသမ္မတ္တံ၊ သမီးနှင့်သား ကျွဲ နွားတို့ ဖြင့်တအားတက်ကာ ယစ်မူးမေ့လျော့၍နေသော။ ဗျာသတ္တမနသံ၊ ရအပ် မရအပ် ဝတ္ထုပစ္စည်းအရပ်ရပ်တို့၌ ငြိကပ်တွယ်တာသော စိတ်ရှိ၍နေသော။ တံနရံ၊ ထိုလူကို။ သုတ္တံ၊ အိပ်ပျော်နေသော။ ဂါမံ၊ ရွာ၌နေသူ လူအပေါင်းကို။ မဟောဃော၊ ချောင်းပြည့်လျှံစီး ရေအယဉ်ကြီးသည်။ အာဒါယ ဂစ္ဆတိဣဝ၊ ခွေး၊ ဝက်စသည်ကိုမျှမကြွင်းမကျန်အောင် တိုက်ဆောင်ယူငင်၍သွားသကဲ့သို့။ မစ္စု၊ မစ္စုခေါ်ပြား သေခြင်းတရားသည်။ အာဒါယ ဂစ္ဆတိ၊ ယူဆောင်၍ သွားလေ၏။

## ကိသာဂေါတမီ သောတာပန်ဖြစ်ပြီ

ကိသာဂေါတမီသည် ဘုရားရှင်၏ တရားဆုံးသောအခါ သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

## ရဟန်းပြုခွင့်တောင်းရာ

ထိုအခါ သဒ္ဓါတရားထက်သန်လှသဖြင့် ထိုနေရာမှမထဘဲ ရှင်တော် ဘုရားအား ဝပ်တွားဦးခိုက်ပြီး 'ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဟော တော်မူအပ်သောတရားအစဉ်ကို တပည့်တော်မသိမြင်ပါပြီ၊ သနားတော်မူ ပါသဖြင့် မြင့်မြတ်လှသောသာသနာတော်အတွင်း၌ ရဟန်းပြု၍ နေထိုင် ခြင်းငှာ အခွင့်ပေးသနားတော်မူပါဘုရား' ဟုလျှောက်ထားတောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကိသာဂေါတမီဘိက္ခုနီ

ထိုအခါ ရှင်တော်မြတ်ဘုရားက ကိလေသာဂေါတမီ၏ တောင်းပန်ချက်အတိုင်းခွင့်ပေး၍ ဘိက္ခုနီကျောင်းတိုက်သို့ စေလွှတ်ကာ ဘုရားအမိန့်တော်ဖြင့် ရဟန်းပြုစေသည်။ ရဟန်းအဖြစ်သို့ ဆိုက်ရောက်သွားသော် မူလအမည်သညာအတိုင်း ကိသာဂေါတမီ ဘိက္ခုနီဟု ထင်ရှားကျော်စောတော်မူလေသည်။

## ဘဝအဖြစ်စုံကို ပြန်ဟောပြပြီ

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ဇာတာ သေဋ္ဌိ ကုလေ အဟံ။
ဒုဂ္ဂတေ အဓနေ နဋ္ဌေ၊ ဂတာ စ သဓနံ ကုလံ။

ပစ္ဆိမေဘဝေ၊ အဆုံးစွန်ဘဝဖြစ်သော။ ဣဒါနိစ၊ ဤယခုဘဝ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ သေဋ္ဌိကုလေ၊ ကြွယ်ဝသောသူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ပေါ်၍ လာခဲ့ပါသတည်း။ ·တတော၊ ထိုအကျွန်ုပ်ကို ဖွားမြင်ပြီးသောနောက်၌။ နဋ္ဌေ၊ စီးပွားဥစ္စာ ပျက်စီးခဲ့သည်ဖြစ်၍။ အဓနေ၊ ဥစ္စာမရှိဘဲ အမွဲကြီးမွဲလျက်။ ဒုဂ္ဂတေ၊ အားကိုးရာမရှိဘဲ ဆင်းရဲခြင်းသို့ ရောက်ခဲ့သည်ရှိသော်။ သဓနံကုလံ၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော လင်၏အိမ်သို့။ ဂတာ၊ လိုက်ပါ၍သွားခဲ့ရပါသတည်း။

ပတိံ ဌပေတွာ သေသာ မေ၊ ဒေဿန္တိ အနေနာ ကတိ။
ယဒါ စ ပသူတာ အာသိံ၊ သဗ္ဗေသံ ဒယိတာ တဒါ။

မေ၊ အကျွန်ုပ်၏။ ပတိံ၊ လင်ယောက်ျားကို။ ဌပေတွာ၊ ချန်ထား၍။ သေသာ၊ ကြွင်းသမျှသောယောက္ခမနှင့် ဆွေမျိုးဉာတိ အပေါင်းတို့သည်။ မံ၊ အကျွန်ုပ်ကို။ အနေနာ ကတိ၊ ပစ္စည်းမွဲသော ဆင်းရဲသူမဟူ၍။ ဒေဿန္တိ၊ မျက်စောင်းတထိုးထိုးနှင့် ရန်ညိုးထားကာ မုန်းကြလေကုန်၏။ ယဒါစ၊ အကြင်အခါ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ ပသူတာ၊ သားဦးကလေးတစ်ယောက်ဖွားမြောက်၍လာသည်။ အာသိံ၊ ဖြစ်ခဲ့လေ၏။ တဒါ၊ ထိုအခါ၌မူကား။ သဗ္ဗေသံ၊ ဆွေမျိုးဉာတိအလုံးစုံတို့၏။ ဒယိတာ၊ သနားချစ်ခင်ခြင်းကို ခံရသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ယဒါ သော တရုဏော ပုတ္တော၊ ကောမလကော သုခေဓိတော။
သပါဏမိဝ ကန္တော မေ၊ တဒါ ယမဝသံ ဂတော။

ယဒါ၊ အကြင်အခါ၌။ တရုဏော၊ ဖွံ့ထွားပျိုမြစ်လှသော။ သောပုတ္တော၊ ထိုသားဦးရတနာကလေးသည်။ သုခေဓိတော၊ ချမ်းချမ်းသာသာ ကြီးပွားလာသည်ဖြစ်၍။ ကောမလကော၊ သစ်ရွက်ညွန့်ပမာ လွန်စွာနူးညံ့သိမ်မွေ့သည်။ အာသိ၊ ဖြစ်လေ၏။ သပါဏမိဝ၊ မိမိ၏အသက်ကဲ့သို့။ မေ၊ အကျွန်ုပ်သည်။ ကန္တော၊ မခွဲခွာရက် နှစ်သက်ချစ်ခင်အပ်သည်။ အာသိ၊ ဖြစ်လေပါ၏။ တဒါ၊ ချစ်လောက် ခင်လောက် အရွယ်ရောက်သော ထိုအခါ၌။ သောပုတ္တော၊ ထိုသားဦးရတနာကလေးသည်။ ယမဝသံဂတော၊ သေမင်းနိုင်ငံသို့ လိုက်ပါသွားရရှာပြီ။

သောကဋ္ဋာ ဒီနဝဒနာ၊ အဿုနေတ္တာ ရုဒမ္မုခါ။
မတံ ကုဏပမာဒါယ၊ ဝိလပန္တီ ဂမာမဟံ။

တေန၊ ထိုသားဦးသေဆုံး အချစ်တုံးကလေး ပျက်စီးခြင်းကြောင့်။ သောကဋ္ဋာ၊ စိတ်မှာမအေး ပူဆွေးတုံလတ် နှိပ်စက်အပ်သည်ဖြစ်၍။ ဒီနဝဒနာ၊ အလွန်ပင်ပန်း ညှိုးနွမ်းကြုံလှီသော မျက်နှာရှိသည်။ အာသိံ၊ ဖြစ်ခဲ့ရပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ အဿုနေတ္တာ၊ မျက်စိအစုံမှ အဟုန်နှင့်တကွ စီးဆင်းယိုကျသော မျက်ရည်ရှိသည်ဖြစ်၍။ ရုဒမ္မုခါ၊ မျက်နှာမရွှင် လွန်ပူပင်သဖြင့် ငြိုငြင်စွာ ငိုကြွေးလျက်။ မတံ၊ သေ၍သွားလေပြီးသော။ ကုဏပံ၊ သားသေကောင်ပုပ်ကလေးကို။ အာဒါယ၊ ပွေ့ချီယူဆောင်၍။ ဝိလပန္တီ၊ တယောင်ယောင် တရမ်းရမ်း မြည်တမ်းဟစ်အော်ကာ။ ဂမာမိ၊ ဟိုရောက် သည်ရောက် အိမ်ပေါက်စေ့အောင် ယောင်တောင်တောင် သွားလာခဲ့ပါသတည်း။

တဒါ ဧကေန သံဒိဋ္ဌာ၊ ဥပေတွာ ဘိသက္ကုတ္တမံ။
အဝေါစံ ဒေဟိ ဘေသဇ္ဇံ၊ ပုတ္တ သဥ္ဇီဝနန္တိ ဘော။

တဒါ၊ ထိုသို့ စိတ်ဖောက်ပြန်၍ ထင်မိထင်ရာ သွားလာနေသောအခါ၌။ ဧကေန၊ တွေးဆမြော်မြင် ပညာရှင်တစ်ယောက်က။ သံဒိဋ္ဌာ၊ လမ်းတွင်

www.burmeseclassic.com



တွေ့လတ် ညွှန်ကြားအပ်သည်ဖြစ်၍။ ဘိသက္ကုတ္တမ်၊ ဆေးဆရာအမြတ်ကြီး ဖြစ်တော်မူသော ဘုရားရှင်သို့။ ဥပေတွာ၊ သားသေကိုပွေ့ပိုက်၍ ဆိုက်ဆိုက် မြိုက်မြိုက် ဝင်သွားပြီးသည်ရှိသော်။ 'ဘော၊ အို- ဆေးဆရာမြတ်ကြီးဘုရား။ ပုတ္တသဉ္ဇီဝနံ၊ သားသေကလေး၏ အသက်ရှင်ကြောင်းဖြစ်သော။ဘေသဇ္ဇံ ဆေးကောင်းဆေးမြတ်ကို။ မေ၊ အကျွန်ုပ်အား။ ဒေဟိ၊ ပေးသနားတော်မူပါ အရှင်ဘုရား။' ဣတိ၊ ဤသို့။ အဟံ၊ အကျွန်ုပ်သည်။ အဝေါစ၊ ဆေးတောင်း လိုသဖြင့် မြွက်ဆိုလျှောက်ထားခဲ့ပါသတည်း။

န ဝိဇ္ဇန္တေ မတာ ယသ္မိံ ဂေဟေ သိဒ္ဓတ္ထကံ တတော။

အာဟရာတိ ဇိနော အာဟ၊ ဝိနယောပါယကောဝိဒေါ။

ဘဒ္ဒေ၊ အို ချစ်သမီး။ ယသ္မိံ ဂေဟေ၊ အကြင်အိမ်၌။ မတာ၊ သေဆုံး ပျက်စီးသောသူတို့သည်။ နဝိဇ္ဇန္တေ၊ တစ်စုံတစ်ယောက်မျှ မရှိဖူးကြလေကုန်။ တတော၊ ထိုအသေအပျောက် မရှိဖူးသော အိမ်မှ။ သိဒ္ဓတ္ထကံ၊ မုန်ညင်းစေ့ကို။ အာဟရ၊ မရ ရအောင် ယူဆောင်ရှာဖွေခဲ့ပါလော့။ ဣတိ၊ ဤသို့။ ဝိနယော ပါယကောဝိဒေါ၊ ယဉ်ကျေးလေအောင် သွေးဆောင်ဆုံးမသောအရာ၌ လွန် စွာ ကျွမ်းကျင်တော်မူပေသော။ ဇိနော၊ ရှင်တော်မြတ်ဘုရားသည်။ အာဟ၊ မှာကြားတော်မူပေ၏။

တဒါ ဂမိတ္ဂာ သာဝတ္ထိံ၊ န လဘိံ တာဒိသံ ဃရံ။

ကုတော သိဒ္ဓတ္ထကံ တသ္မာ၊ တတော သဒ္ဓါ သတိံ အဟံ။

တဒါ၊ ထိုသို့ရှင်တော်ဘုရား မှာကြားမိန့်မြွက်တော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ သာဝတ္ထိံ၊ သာဝတ္ထိနေပြည်တော်ကြီးတစ်ခုလုံးကို။ ဂမိတွာ၊ သွားလာလှည့်ပတ်ကာ ဖွေရှာစုံစမ်းပါသော်လည်း။ တာဒိသံဃရံ၊ ထိုကဲ့သို့ လူမသေမပျောက်ဖူးသော အိမ်ကို။ နလဘိံ၊ စုံစမ်းရှာဖွေ၍မရခဲ့ချေ။ တသ္မာ၊ ထိုသို့ လူမသေဖူးသောအိမ် မရှိလေသောကြောင့်။ သိဒ္ဓတ္ထကံ၊ မုန်ညင်းစေ့ကို။ ကုတောလဘိံ၊ အဘယ်မှာ ရခဲ့နိုင်ပါတော့အံ့နည်း။ တတော၊ ထိုမုန်ညင်းစေ့ကို မရနိုင်သောအခါမှ။ သတိံ၊ သတိတရားကို။ လဒ္ဓါ၊ ရရှိ၍လာခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကုဏပံ ဆင်္ဃယိတွာန၊ ဥပေသိံ လောကနာယကံ။
ဒူရတော၀ မမံ ဒိသွာ၊ အဝေါစ မစုရသာရော။

တဒါ၊ ထိုသတိရလာသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ကုဏပံ၊ သား သေကောင်ပုပ်ကလေးကို။ ဆင်္ဃယိတွာန၊ သုသာန်မြေပြင်မှာ မခင်မတွယ်ဘဲ ပစ်ထားခဲ့၍။ လောကနာယကံ၊ လောကထွတ်ထား မြတ်ဘုရားသို့။ ဥပေသိံ၊ ချဉ်းကပ်ခစားခဲ့ပါသတည်း။ မမံ၊ အကျွန်ုပ်ကို။ ဒူရတော၀၊ အဝေးမှသာလျှင်။ ဒိသွာ၊ တွေ့မြင်တော်မူလေသည်ရှိသော်။ မစုရသာရော၊ ချိုမြိန်သာယာ ဝါ စာသခင် ကျေးဇူးရှင်ဖြစ်တော်မူပေသော ဘုရားမြတ်သည်။ အဝေါစ၊ အမြိုက် တရားဂါထာများကို ဟောကြားတော်မူပေသတည်း။

သာဟံ သုတွာနိမာ ဂါထာ၊ ဓမ္မစက္ခုံ ဝိသောဓယိံ။
• တတော ဝိညာတသဒ္ဓမ္မာ၊ ပဗ္ဗဇိံ အနဂါရိယံ။

သာဟံ၊ ထိုအကျွန်ုပ်သည်။ ဣမာဂါထာ၊ ဤတရားဂါထာတို့ကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော တရားမျက်လုံးကို။ ဝိသောဓယိံ၊ သုတ်သင် ၊ရှင်းလင်းရရှိခဲ့ပါပြီ။ တတော၊ ထိုသောတာပန်ဖြစ်ပြီးသော နောက်၌။ ဝိညာတသဒ္ဓမ္မာ၊ သိမြင်ပြီးသော သူတော်ကောင်းတရား လက်ကိုင်ရှိ သည်ဖြစ်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော သာသနာဘောင်၌။ ပဗ္ဗဇိံ ရဟန်းပြုခဲ့ပါ၏။

## ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခြင်း

ရဟန်းအဖြစ်သို့ ရောက်ရှိပြီးသောအခါ ကိသာဂေါတမီ ထေရီသည် ဥပဇ္ဈာယ် ဆရာမြတ်ကြီးတို့၏ထံပါးမှ ကမ္မဋ္ဌာန်းတရားကို သင်ကြားနည်းယူပြီးလျှင် ဝိပဿနာတရားအလုပ်ကို အားထုတ်တော်မူသည်။ တစ်နေ့သောအခါ ဥပုသ်အိမ် သိမ်အပြင်သို့သွားပြီး ဆီမီးများကို ညှိထွန်းသည်။ ထိန်ထိန်ပြောင်ပြောင် တောက်လောင်နေသော ဆီမီးများကို စေ့စေ့ရှုစားနေစဉ် ဝိပဿနာအလုပ်နှင့်သက်ဆိုင်သော အသိပညာဤသို့ ဖြစ်ပေါ်လာသည်။ ဤဆီမီး

www.burmeseclassic.com

www.burmeseclassic.com



တောက်များသည် မီးစာနှင့်ဆီကို အစွဲပြုကာ တောက်လောင်နေကြသည်။ ဆီနှင့် မီးစာမရှိပါလျှင် ဆီမီးတောက်မဖြစ်နိုင်။ ဆီမီးတောက်သည်လည်း အစဉ်အမြဲ တည်ရှိနေသည်မဟုတ်။ သူ့ဆီနှင့် သူ့မီးတောက်အကြောင်းအကျိုး ဆက်လက်၍ ဖြစ်ပျက်နေခြင်းမျှသာဖြစ်သည်။ အကြောင်းဆီကို အစွဲပြု၍ အကျိုးတေဇောမီး ကလာပ်ကလေးများ အစဉ်မပြတ် ဖြစ်ပေါ်နေမှုသာဖြစ်သည်။ ထိုနည်းအတူပင် သတ္တဝါအကောင်အထည်ကြီးဟူသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တရားများသည်ပဋိစ္စသမုပ္ပါဒ်နည်းလမ်းအတိုင်း အကျိုးအကြောင်း ဆက်လက်ဖြစ်ပေါ်ကာ ခဏမခြား ချုပ်ဆုံးပျက်စီးနေသည့် တရားများသာ ဖြစ်ကြသည်။

ဤသို့ ဆီမီးတောက်ကို ဥပမာထားလျက် ရုပ်နာမ်တရားတို့အပေါ်၌ ဝိပဿနာဉာဏ်ဖြင့် ရှုပွားလေရာ မကြာမီပင် မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေ၏။

ကိသာဂေါတမီထေရီသည် ဆီမီးတောက်ကို အကြောင်းပြု၍ ဝိပဿနာဉာဏ် ထက်သန်လာသောအခါ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်မှ ရောင်ခြည်တော်ခြောက်သွယ်စေလွှတ်ကာ ဤသို့ မိန့်မြွက်တော်မူသည်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ဘဒ္ဒေ၊ အို ချစ်သမီး။ ယော၊ အကြင်သူသည်။ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ အပဿံ-အပဿန္တော၊ မိမိဉာဏ်တွင် မထင်မမြင်ရလေဘဲ။ ဝဿသတံ၊ အနှစ်တစ်ရာ ကာလပတ်လုံး။ စေဇီဝေ၊ အကယ်၍ အသက်ရှင်ကာနေရစေဦးတော့။ သော၊ ထိုသူသည်။ နသေယျော၊ မြတ်သည်မဟုတ်ချေ။ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ ပဿတော-ပဿန္တဿ၊ သိမြင်နိုင်သောသူအား။ ဧကာဟံ၊ တစ်ရက်တည်းမျှ။ ဇီဝိတံ၊ အသက်ရှင်ကာ နေရခြင်းသည်။ သေယျော၊ စင်စစ်ဧကန် အမှန်မြတ်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ပံသုကူသင်္ကန်းကိုသာ ဝတ်ဆင်

ကိသာဂေါတမီ ထေရီအရှင်မြတ်သည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးသောအခါ ရှေးကဆုတောင်းပါရမီအတိုင်း ဒါယကာတို့လှူဒါန်းသော သင်္ကန်းအမွန်အမြတ်များကို ဝတ်ရုံခြင်းမပြုပေ။ ပံသုကူသင်္ကန်းကိုသာ ဆင်မြန်းဝတ်ရုံလေ့ရှိသည်။ ပံသုကူသင်္ကန်းဟူသည် အမြင်ညစ်နွမ်းသော်လည်း သာသနာတော်အနေဖြင့် ကြည့်လျှင် လွန်စွာ သန့်ရှင်းသော သင်္ကန်းမျိုးဖြစ်သည်။ သူတော်ကောင်းတို့ အမြင်အားဖြင့် အလွန်စင်ကြယ်သော အရာဝတ္ထုဖြစ်သည်။

တစ်နေ့သောအခါ 'ဂိဇ္ဈကုဋ်' တောင်၌ ရှင်တော်ဘုရား သီတင်းသုံးတော်မူစဉ် သိကြားမင်းသည် နတ်ပရိသတ်နှင့်တကွ ရှင်တော်ဘုရားထံသို့ ဝင်ရောက်၍ တရားစကားများကို လျှောက်ထားဆွေးနွေးသည်။

ထိုအခါ ကိသာဂေါတမီထေရီသည် ရှင်တော်ဘုရားကို ဖူးမြင်ခြင်းငှာ တန်ခိုးစျာန်ယာဉ်ဖြင့် ကောင်းကင်ခရီးမှ ကြွလာတော်မူသည်။ ရှင်တော်ဘုရား၏ ထံပါးတွင် ခစားဝင်ရောက်လျက်ရှိသော သိကြားမင်းကို မြင်သည်နှင့် အထံ တော်သို့မဝင်ဘဲ ရှုတ်တရက် ပြန်သွားတော်မူသည်။

## သိကြားမင်းက မေးပြီ

ထိုကဲ့သို့ အထံတော်သို့မဝင်ဘဲ ပြန်သွားပုံကို သိကြားမင်းမြင်လေရာ 'အရှင်ဘုရား၊ ကောင်းကင်ခရီးဖြင့် ကြွလာပြီးမှ ပြန်သွားသော ပုဂ္ဂိုလ်အရှင်မြတ်သည် အဘယ်ပုဂ္ဂိုလ်ဖြစ်ပါသလဲ ဘုရား' ဟု လျှောက်ထားမေးမြန်းသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက 'အို. . . သိကြားမင်း၊ မိုးယံကောင်းကင်၌ သင်မြင်လိုက်သောပုဂ္ဂိုလ်သည်ကား အခြားပုဂ္ဂိုလ်မဟုတ်။ ပံသုကူသင်္ကန်းကို ဆင်မြန်းဝတ်ရုံလေ့ရှိသူ ငါ့သမီးတော်ကြီး ကိသာဂေါတမီ ဖြစ်ပေ၏။ တောတောင်အတွင်း၌ တစ်ကိုယ်တည်း နေထိုင်ကာ စျာန်ကိုသာပွားများလျက် နေတော်မူသည်။ ကိလေသာကုန်ခန်းသည့် ရဟန္တာမြတ်ကြီးဖြစ်၍ ပြဟ္မာ နတ်



www.burmeseclassic.com

www.burmeseclassic.com



လူတို့၏ ရှိခိုးဦးတိုက်ခြင်းကို ခံထိုက်သူ သမီးတော်မြတ်ဖြစ်သည်'ဟု မိန့်ကြားတော်မူကာ ကိသာဂေါတမီထေရီကို ဤသို့ချီးကျူး တော်မူသည်။

ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိ သန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

သက္က၊ အို. . . သိကြားမင်း။ ဝနသ္မိံ၊ ဆိတ်ငြိမ်သော တောတောင်အတွင်း၌။ ဧကံ၊ အဖော်မလှော်က တစ်ယောက်ထီးတည်း။ ဈာယန္တံ၊ ဈာန်ဝင်စားကာ နေလေ့ရှိသော။ ပံသုကူလဓရံ၊ ပံသုကူသင်္ကန်းကိုသာ ဆင်မြန်း ဝတ်ရုံလေ့ရှိသော။ တံဇန္တုံ၊ ကိသာဂေါတမီတည်းဟူသော ထိုပုဂ္ဂိုလ်ကြီးကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အကုန်ပယ်၍ စင်ကြယ်မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ချီးကျူးစကား မိန့်ကြားမြွက်ဆိုတော်မူပေ၏။

ကိသာဂေါတမီ၏ ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူသော ရှင်တော်ဘုရား၏ နှုတ်မြွက်စကားကို ကြားလေသောအခါသိကြားမင်းနှင့်တကွ နတ်ပရိသတ်အပေါင်းတို့သည် ခေါင်းပါးသော သင်္ကန်းဖြင့် ရိန္ဓမ်းပိန်ကြုံ၍ နေသော ကိသာဂေါတမီကို အထူး ကြည်ညိုလာကြသည်။

## တေဒဂ်ဘွဲ့ထူး ရရှိခြင်း

ပံသုကူသင်္ကန်းကို ဆောင်ရွက်ခြင်းမှစ၍ သင်္ကန်းခေါင်းပါးမှုအရာတွင် လွန်စွာကျော်စောထင်ရှားသော ကိသာဂေါတမီထေရီအား ရှင်တော်မြတ်ဘုရားက တေဒဂ်ဘွဲ့ထူးဖြင့် ဤသို့ ချီးကျူးမြှောက်စားတော်မူလေသည်။

တေဒဂ္ဂံ ဘိက္ခဝေ မမသာဝိကာနံ ဘိက္ခုနီနံ လူခစီဝရဓာရီနံ ယဒိဒံ ကိသာဂေါတမီ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မေ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မဖြစ်ကြကုန်သော။ လူခစီဝရဓာရီနံ၊ ခေါင်းပါးသော သင်္ကန်းကို ဆောင်လေ့ရှိကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်။ ယဒိဒံ-ယာအယံ

www.burmeseclassic.com



ကိသာဂေါတမီ၊ အကြောင်ကိသာဂေါတမီထေရီသည်။ အတ္တ၊ ရှိ၏။ ဇတံ သော၊ ထိုကိသာဂေါတမီထေရီသည်။ အဂ္ဂ-အဂ္ဂ၊ အမြတ်ဆုံးပေတည်း။

## ဖြစ်ထွေအစုံ ဟောပြပုံ

တထာ ပဗ္ဗဇိတာ သန္တီ၊ ယုဥ္စန္တီ ဇိနသာသနေ။
နစိရေနေဝ ကာလေန၊ အရဟတ္တမပါပုဏိ။

တထာ၊ ထိုသို့ပြဆိုခဲ့ပြီးသောအတိုင်း။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိတာ၊ ရဟန်းပြုခဲ့သည်။ သန္တီ၊ ဖြစ်လျက်။ ဇိနသာသနေ၊ ဘုရားရှင်၏ သာသနာတော်အတွင်း၌။ ယုဥ္စန္တီ၊ မနေမနား ကြိုးစားအားထုတ်လိုက်သည်ရှိသော်။ နစိရေနေဝ ကာလေန၊ မကြာမြင့်မီ ကာလအတွင်း၌သာလျှင်။ အရဟတ္တံ၊ ကိလေသာကင်းပြတ်သော ရဟန္တာမြတ်အဖြစ်သို့။ အပါပုဏိ၊ ဆိုက်ရောက်ခဲ့ပေသတည်း။

ဣဒ္ဓီသု စ ဝသီ ဟောမိ၊ ဒိဗ္ဗာယ သောတဓာတုယာ။
ပရစိတ္တာနိ ဇာနာမိ၊ သတ္ထုသာသနကာရိကာ။

အဟံ၊ ကျွန်ုပ်သည်။ သတ္ထုသာသနကာရိကာ၊ ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ခဲ့သောကြောင့်။ ဣဒ္ဓီသု စ၊ မိုးပျံမြေလျှိုး တန်ခိုးဂုဏ်အမျိုးမျိုးတို့၌လည်း။ ဝသီ၊ ပိုင်စိုးနိုင်နင်းခဲ့သည်။ ဟောမိ၊ ဖြစ်ရပါ၏။ ဒိဗ္ဗာယသောတဓာတုယာ၊ အသံမျိုးစုံကို အကုန်ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဉ်အရာ၌လည်း။ ဝသီဟောမိ၊ ပိုင်စိုးနိုင်နင်းခဲ့ပါ၏။ ပရစိတ္တာနိ၊ သူတစ်ပါးတို့၏ စိတ်အကြံအစည်တို့ကိုလည်း။ ဇာနာမိ၊ ဟုတ်တိုင်းမှန်စွာ သိပါ၏။

ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။
ခေပေတွာ အာသဝေ သဗ္ဗေ၊ ဝိသုဒ္ဓါသိ သုနိမ္မလာ။

ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ခဲ့ဖူးသော ဘဝအလုံးစုံကိုလည်း။ ဇာနာမိ၊ ပိုင်းခြားထင်ထင် သိမြင်ပါ၏။ ဒိဗ္ဗစက္ခုံ၊ အဆင်းအမျိုးမျိုးကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုလည်း။ ဝိသောဓိတံ၊ စင်ကြယ်စွာ သုတ်သင်နိုင်ခဲ့အပ်ပါလေပြီ။ သဗ္ဗေအာသဝေ၊ စီးသွန်းကျလျှော အလုံးစုံသော အာသဝေါတို့ကို။ ခေပေတွာ၊

www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့ကုန်ခန်းစေလျက်။ သုနိမ္မလာ၊ အညစ်အကြေးတို့မှ ကင်းဝေး လွတ်မြောက်သည်ဖြစ်၍။ ဝိသုဒ္ဓါ၊ အရိယာနွယ်ဖြင့် စင်ကြယ်မြင့်မြတ်သည်။ အာသိ၊ ဖြစ်ခဲ့ပါပြီ။

အတ္ထဓမ္မနိရုတ္တီသု၊ ပဋိဘာဏေ တထေဝ စ။

ဉာဏံ မေ ဝိပုလံ သုဒ္ဓံ၊ ဗုဒ္ဓသေဋ္ဌဿ ဝါဟသာ။

ဗုဒ္ဓသေဋ္ဌဿ၊ ကျေးဇူးတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဝါဟသာ၊ တန်ခိုးတော်ဟုန် ကျေးဇူးဂုဏ်ကြောင့်။ အတ္ထဓမ္မနိရုတ္တီသု၊ အတ္ထ ပဋိသမ္ဘိဒါ၊ ဓမ္မ ပဋိသမ္ဘိဒါ၊ နိရုတ္တိ ပဋိသမ္ဘိဒါတို့၌လည်းကောင်း။ တထေဝ၊ ထို့အတူပင်လျှင်။ ပဋိဘာဏေစ၊ ပဋိဘာဏ ပဋိသမ္ဘိဒါ၌လည်းကောင်း။ မေ၊ အကျွန်ုပ်၏။ ဉာဏံ၊ ထိုးထွင်းလျင်မြန် အသိဉာဏ်သည်။ ဝိပုလံ၊ ကြယ်ဝန်း ပြန့်ပြောသည်ဖြစ်၍။ ဝိသုဒ္ဓံ၊ ညစ်ကြေးမတွယ် စင်ကြယ်သန့်ရှင်း လှပါ၏။

သက်ာရကုဋ္ဌာ အာဟိတွာ၊ သုသာနာ ရထိယာပိ စ။

တတော သယ်ာဋိကံ ကတွာ၊ လူခံ ဓာရေမိ စီဝရံ။

အဟံ၊ အကျွန်ုပ်သည်။ သက်ာရကူဋ္ဌာ၊ အမှိုက်ပုံရာအရပ်ဌာနမှလည်းကောင်း။ သုသာနာ၊ သုသာန်သင်္ချိုင်းအရပ်၌ လည်းကောင်း။ ရထိယာပိစ၊ လမ်းဆုံလမ်းမ လမ်းလေးခွမှ လည်းကောင်း။ ဝတ္ထာနိ၊ အဝတ်စုတ်, အဝတ် နွမ်းတို့ကို။ အာဟိတွာ၊ ဖွေရှာကောက်ယူ၍။ သယ်ာဋိကံ၊ အထပ်ထပ် အလွှာလွှာချုပ်သော ဒုကုဋ်သင်္ကန်းကြီးကို။ ကတွာန၊ ပြုလုပ်ချုပ်ဆိုး၍။ လူခံ၊ ညစ်နွမ်းခေါင်းပါးလှစွာသော။ စီဝရံ သင်္ကန်းကို။ ဓာရေမိ၊ ဆောင်ခဲ့ပါ၏။

ဇိနော တသ္မိံ ဂုဏော တုဋ္ဌော၊ လူခစီဝရဓာရဏော။

ဌပေသိ ဧတဒဂ္ဂမှိ၊ ပရိသာသု ဝိနာယကော။

လူခစီဝရဓာရဏော၊ အလွန်ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်းဟု ဆိုအပ်သော။ တသ္မိံဂုဏော၊ ထိုဂုဏ်ထူး၌။ တုဋ္ဌော၊ နှစ်သက်တော်မူသည် ဖြစ်၍။ ဝိနာယကော၊ လူတို့၏ရှေ့ဆောင်ခရီးညွှန်ဖြစ်တော်မူသော။ ဇိနော၊

www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်မြတ်ဘုရားသည်။ ပရိသာသု၊ ဗိုလ်ပုံပရိသတ်အလယ်တို့၌။ မံ၊ အကျွန်ုပ်ကို။ ဧတဒဂ္ဂမှို၊ ဧတဒဂ်ရာထူး၌။ ဌပေသိ၊ တင်ထားမြှောက်စားတော်မူလေ၏။

## မိတ်ဆွေကောင်းရှိခြင်း၏ အကျိုး

ကလျာဏမိတ္တတာ မုနိနာ၊ လောကံ အာဒိဿ ဝဏ္ဏိတာ။
ကလျာဏမိတ္တေ ဘဇမာနော၊ အပိ ဗာလောပဏ္ဍိတော အဿ။

လောကံ၊ လောကကြီး တစ်ခုလုံးကို။ အာဒိဿ၊ ရည်ညွှန်းတော်မူလျက်။ မုနိနာ၊ ရှင်တော်မြတ်ဘုရားသည်။ ကလျာဏမိတ္တတာ၊ ကောင်းမြတ်သော မိတ်ဆွေရှိခြင်းကို။ ဝဏ္ဏိတာ၊ ချီးမွမ်းတော်မူအပ်ပေ၏။ ကလျာဏမိတ္တေ၊ မိတ်ဆွေကောင်း မိတ်ဆွေမြတ်တို့ကို။ ဘဇမာနော၊ မှီဝဲဆည်းကပ်တတ်သော သူသည်။ ဗာလောအပိ၊ သူမိုက်ပင်ဖြစ်လင့်ကစား။ ပဏ္ဍိတော အဿ၊ ပညာရှိ ဖြစ်နိုင်ရာပါ၏။

ဘဇိတဗ္ဗာ သပ္ပုရိသာ၊ ပညာ တထာ ဝဍ္ဎတိ ဘဇန္တာနံ။
ဘဇမာနော သပ္ပုရိသေ၊ သဗ္ဗေဟိပိ ဒုက္ခေဟိ ပမုစ္စေယျ။

သပ္ပုရိသာ၊ ပညာရှိသူတော်ကောင်းတို့ကို။ ဘဇိတဗ္ဗာ၊ မှီဝဲဆည်းကပ်အပ်ကုန်၏။ တထာ၊ ထိုပြဆိုအပ်သောအတိုင်း။ ဘဇန္တာနံ၊ မှီဝဲဆည်းကပ်သော သူအပေါင်းတို့အား။ ပညာ၊ အသိအလိမ္မာဉာဏ်ပညာသည်။ ဝဍ္ဎတိ၊ တိုးပွားလေ၏။ သပ္ပုရိသေ၊ ပညာရှိသူတော်ကောင်းတို့ကို။ ဘဇမာနေ၊ မှီဝဲဆည်းကပ်သောသူသည်။ သဗ္ဗေဟိပိဒုက္ခေဟိ၊ အလုံးစုံသော ဝဋ်ဒုက္ခအပေါင်းတို့မှလည်း။ ပမုစ္စေယျ၊ အလုံးစုံကွင်းကျွတ်၍ ကင်းလွတ်ရလေရာ၏။

ဒုက္ခံ စ ဝိဇာနေယျ၊ ဒုက္ခဿ စ သမုဒယံ နိရောဓံ။
အဋ္ဌင်္ဂိကံ စ မဂ္ဂံ၊ စတ္တာရိပိ အရိယသစ္စာနိ။

သာသနေ၊ သာသနာတော်မြတ်ကြီးအတွင်း၌။ ဒုက္ခံစ၊ ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသဘောကိုလည်း။ ဝိဇာနေယျ၊ ရှုစားသိမြင်ရာ၏။ ဒုက္ခဿ၊ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲမှု၏။ သမုဒယံစ၊ အကြောင်းမှန်ကိုလည်း။ ဝိဇာနေယျ၊ ရှုစားသိမြင်ရာ၏။ နိရောဓံ၊ ဒုက္ခ၏ ချုပ်ခြင်းအမှန်ကိုလည်း။ ဝိဇာနေယျ၊ ရှုစားသိမြင်ရာ၏။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံစ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်း လမ်းမှန်ကိုလည်း။ ဝိဇာနေယျ၊ သိမြင်ရာ၏။ ဣတိ၊ ဤသို့ဆိုအပ်ပြီးသော အတိုင်း။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို လည်း။ ဝိဇာနေယျ၊ သိမြင်ရာသတည်း။

## မိန်းမတို့ဒုက္ခအကြောင်းဟောပြပုံ

ဒုက္ခော ဣတ္ထိဘာဝေါ၊ အက္ခာတော ပုရိသဒမ္မသာရထိနာ။
သပတ္တိကမ္ပိဟိ ဒုက္ခံ၊ အပ္ပေကစ္စာ သကိံ ဝိဇာတာယော။
ဂလကေ အပိ ကန္တန္တိ၊ သုခုမာလိနိယော ဝိသာနိ ခါဒန္တိ။
ဇနမာရကမဇ္ဈဂတာ၊ ဥဘောပိ ဗျသနာနိ အနုဘောန္တိ။

ဣတ္ထိဘာဝေါ၊ မိန်းမအဖြစ်ကို။ ဒုက္ခော၊ အလွန်တရာပင် ပြိုငြင်ဆင်းရဲ လှ၏ဟူ၍။ ပုရိသဒမ္မသာရထိနာ၊ သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမတော် မူတတ်သော ရှင်တော်မြတ်ဘုရားသည်။ အက္ခာတော၊ ဟောကြားတော်မူ အပ်ပေ၏။ ဣတ္ထီနံ၊ မိန်းမတို့အား။ သပတ္တိကမ္ပိ၊ လင်တူမယားအဖြစ်ဖြင့် နေထိုင်ရခြင်းသည်လည်း။ ဒုက္ခံ၊ အလွန်တရာ ဆင်းရဲလှစွာ၏။ သကိံဝိဇာတာ ယော၊ ပထမအကြိမ်သားဖွားရကုန်သော။ အပ္ပေကစ္စာ၊ အချို့သောမိန်းမတို့ သည်၊ ဒုက္ခပီဠိတာ၊ ဆင်းရဲခြင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဂလကေအပိ၊ မိမိလည်ပင်း၌သော်လည်း။ ကန္တန္တိ၊ ဓားဖြင့်လှီးဖြတ်ကြလေကုန်၏။ သုခုမာ လိနိယော၊ လွန်စွာသိမ်မွေ့ နူးညံ့ကုန်သော။ အပ္ပေကစ္စာ၊ အချို့သောမိန်းမ တို့သည်။ ဇနမာရကမဇ္ဈဂတာ၊ မိခင်ကို သတ်တတ်သော ကိုယ်ဝန်ကိုဆောင် ရသည်ရှိသော်။ ဝိသာနိ၊ အဆိပ်တို့ကို။ ခါဒန္တိ၊ စားကြလေကုန်၏။ ဥဘောပိ၊ မိခင်နှင့် ကိုယ်ဝန်နှစ်ပါးစုံတို့သည်လည်း။ ဗျာသနာနိ၊ သေဆုံးပျက်စီးခြင်း ဆင်းရဲတို့ကို။ အနုဘောန္တိ၊ ခံစားရကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## မိမိဘဝ၏ဖြစ်အင်

ခီဏာကုလီနေ ကပဏော၊ အနုဘူတံ တေဒုခံ အပရိမာဏံ။
အသု စ တေ ပဝတ္တံ၊ ဗဟူနိ စ ဇာတိသဟဿာနိ။

ခီဏာကုလီနေ၊ စည်းစိမ်ဂုဏ်တန်ခိုး အမျိုးမျိုးတို့ ပျက်စီးခဲ့သည်ဖြစ်၍။ ကပဏော၊ အားကိုးရာမမြင် ငြိုငြင်ဆင်းရဲခဲ့သည်ရှိသော်။ တေ-တယာ၊ သင်သည်။ ဝါ၊ သင့်ကိုယ်တိုင်။ အပရိမာဏံ၊ အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အနုဘူတံ၊ ခံစားအပ်လေပြီ။ ဗဟူနိ၊ များစွာကုန်သော။ ဇာတိသဟဿာနိ၊ အထောင်မကသောဘဝတို့၌။ တေ၊ သင်၏။ အဿုစ၊ ဆင်းရဲခြင်းကြောင့် ကျဆင်းယိုစီးသော မျက်ရည်များသည်လည်း။ ပဝတ္တံ၊ ကြိမ်ဖန်များစွာ ဖြစ်ပွား ခဲ့ဖူးလေပြီ။ အမတံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကို။ အဓိဂစ္ဆိ၊ ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ပါသတည်း။

## နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီ

ဘာဝိတော မေ မဂ္ဂေါ အရိယော၊ အဋ္ဌင်္ဂိကော အမတဂါမီ။
နိဗ္ဗာနံ သစ္ဆိကတံ၊ ဓမ္မာဒါသံ အပေက္ခိံ ဟံ။

ဣဒါနိ၊ ယခုအခါ၌။ မေ-မယာ၊ အကျွန်ုပ်သည်။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အမတဂါမီ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်စေနိုင်သော။ မဂ္ဂေါ၊ မဂ်တရားကို။ ဘာဝိတော၊ ပွားများအပ်လေပြီ။ နိဗ္ဗာနံ၊ မသေရာမှန် မြိုက်နိဗ္ဗာန်ကို။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်လေပြီ။ ဓမ္မာဒါသံ၊ တရားတည်းဟူသော မှက်မှန်ကို။ အဟံ၊ အကျွန်ုပ်သည်။ အပေက္ခိံ၊ အမြင်ရှင်းအောင် ထင်လင်းစွာ ကြည့်ရှုရလေပြီ။

အဟာမမှိ ကန္တသလ္လာ၊ ဩဟိတဘာရာ ကတံ ဟိ ကရဏီယံ။
ကိသာ ဂေါတမီ ထေရီ၊ ဝိမုတ္တစိတ္တာ ဣမံ အဘာဏီ။

အဟံ၊ အကျွန်ုပ်သည်။ ဣဒါနိ၊ ယခုအခါ၌။ ဩဟိတဘာရာ၊ ချအပ်ပြီးသော ခန္ဓာဝန်ရှိသည်ဖြစ်၍။ ကန္တသလ္လာ၊ ကိလေသာတည်းဟူသော ငြောင့်တံသင်းကို ကင်းရှင်းစွာ ဖြတ်တောက်အပ်ပြီးသည်။ အမှိ၊ ဖြစ်ပါ၏။ ဟိ၊ စင်

www.burmeseclassic.com



စစ်ကေန်။ ကရဏီယံ၊ ပြုဖွယ်ကိစ္စဟူသမျှကို။ ကတံ၊ ကိစ္စတုံးအောင် အလုံး စုံပြုအပ်လေပြီ။ ဣတိ၊ ဤသို့။ ဝိမုတ္တစိတ္တာ၊ ကိလေသာဝဋ်မှ ကျွတ်လွတ်ပြီး သောကိစ္စရှိသော။ ကိသာဂေါတမီထေရီ၊ ကိသာဂေါတမီ ထေရီအရှင်မြတ် သည်။ ဣမံ၊ ဤဂါထာစုကို။ အဘာဏိ၊ မြွက်ဆိုကျူးရင့်တော်မူလေသတည်း။

ကိသာဂေါတမီထေရီ အရှင်မြတ်ကြီးသည် အသက်တမ်း ကုန်ဆုံးသည့် တိုင်အောင် သာသနာရေးနှင့်ဆိုင်သော တာဝန်တို့ကို အားသွန် ကြိုးပမ်း ထမ်းဆောင်ပြီးလျှင် ဘဝအဆုံးစွန်၌ ချမ်းသာတကာတို့ထက်ထူးချွန်၍ အလွန့် အလွန်မှ မြတ်လှစွာသော နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူလေ၏။

ကိသာဂေါတမီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ရူပနန္ဒာထေရီ အပဒါန်ဝတ္ထု

[ပိဋကတော်တို့၌ နန္ဒာထေရီ သုံးပါးရှိသည်။ ၁။ အရှင်အာနန္ဒာမထေရ်၏နှမတော်နန္ဒာ ၂။ ခေမာသာကီဝင်မင်း၏သမီး အဘိရူပနန္ဒာနှင့် ၃။ နန္ဒမင်းသား၏ဇနီးလောင်းလျာဇနပဒကလျာဏီနန္ဒာတို့ဖြစ်ကြသည်။ ဤရူပနန္ဒာထေရီမှာ ဇနပဒကလျာဏီနန္ဒာ၏အပဒါန်ဝတ္ထုဖြစ်သည်။]

လွန်ခဲ့သော ကမ္ဘာတစ်သိန်းကာလတွင် ပဒုမုတ္တရ ရှင်တော်ဘုရား ထင်ရှားပွင့်တော်မူခဲ့သည်။ ထိုအခါက ရူပနန္ဒာထေရီလောင်းလျာသည် ဟံသာဝတီ နေပြည်တော်၌ သူဌေးသမီးတစ်ယောက် ဖြစ်ခဲ့သည်။

တစ်နေ့တွင် ဤထေရီလောင်းလျာသည် ပဒုမုတ္တရ ရှင်တော်ဘုရားထံသို့ သွားရောက် တရားနာသည်။ ထိုအခါ ဘုရားရှင်က ဘိက္ခုနီတစ်ပါးအား ဈာန်ဝင်စားမှု၌ အမြတ်ဆုံးအဖြစ် ဧတဒဂ်ဘွဲ့တံဆိပ်ကြီးဖြင့် ချီးမြှင့်တော် မူသည်ကို မြင်တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆုတောင်းခဲ့ပုံ

ရှုပနန္ဒာလောင်းလျာ သူဌေးသမီးသည် ထိုဘိက္ခုနီကို အလွန် အားကျပြီး ထိုဘိက္ခုနီနည်းတူ ဈာန်ဝင်စားသည့်အရာ၌ ဧတဒဂ်ဘွဲ့ထူးကို ရလိုစိတ်ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ကြီးစွာသော အလှူကြီးကိုပေးလှူပြီး နောင်ပွင့်တော်မူမည့် ဘုရားရှင်တို့ လက်ထက်၌ ဈာန်ဝင်စားသောအရာတွင် ဧတဒဂ်ဘွဲ့ထူးကို ရရပါလို၏ဘုရားဟု ဆုတောင်းခဲ့သည်။

## ဗျာဒိတ်တော်မြွက်ကြား

ပဒုမုတ္တရရှင်တော်ဘုရားသည် အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်တော်မူပြီး နောင်အခါ ဘဒ္ဒကပ်ကမ္ဘာတွင် သာကီနွယ်ဖွား ဂေါတမမြတ်စွာဘုရား ပွင့်တော်မူမည်။ ထိုအခါ သင်၏တောင်းဆုအတိုင်း ပြည့်စုံလိမ့်မည်ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသည်။

ထိုအခါမှစပြီး ရှုပနန္ဒာလောင်းလျာသည် ကုသိုလ်အမျိုးမျိုးပြုခဲ့သောကြောင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဒုဂ္ဂတိဘုံဘဝသို့ မလားခဲ့ရ၊ လူ့ပြည်နတ်ရပ် ကာမသုဂတိဘုံခုနစ်ထပ်တို့၌သာ မြင့်မြတ်သော လောကီချမ်းသာကို ခံစား စံစားခဲ့ရသည်။

## သုဒ္ဓေါဒနမင်း၏ သမီးတော်

ရှုပနန္ဒာ လောင်းလျာသည် ဤဘဒ္ဒကပ်ကမ္ဘာတွင်မူ မြတ်စွာဘုရား၏ ခမည်းတော် 'သုဒ္ဓေါဒန' ၏ သမီးတော်မြတ်ဖြစ်လာသည်။ မယ်တော်မှာ 'ဂေါတမီ' ဖြစ်သည်။ မဟာမာယာဒေဝီနှင့် ဂေါတမီတို့သည် ညီအစ်မအရင်းများဖြစ်ကြသည်။ ရှင်တော်မြတ်ဘုရားနှင့် ရှုပနန္ဒာတို့သည် အဖတူ အမိကွဲမောင်နှမဖြစ်ကြသည်။ နန္ဒမင်းသားသည် ရှုပနန္ဒာ၏ မောင်တော်အရင်းဖြစ်သည်။

ရှုပနန္ဒာကိုယ်တိုင်ပင် သူ့အမည်၏ အဓိပ္ပာယ်ကို ဤသို့ ဟောတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိရိယာ ရူပိနီ ဒိသွာ၊ နန္ဒိတံ အာသိ တံ ကုလံ။
တေန နန္ဒာတိ မေ နာမံ၊ သုန္ဒရံ ပဝရံ အဟု။

သိရိယာ၊ မြင်သူမိန်းမော၍ သက်ဇောကြွေလုခမန်း ထူးဆန်းထွေထွေ အလှဂုဏ်ကျက်သရေဖြင့်။ ရူပိနီ၊ ကမ္ဘာမြေပြင်မှာ မယှဉ်သာအောင်၊ မင်္ဂလာ ဖူးငုံ အဆင်းနှင့်ပြည့်စုံသော ဘုရားနှမတော်ကို။ ဒိသွာ၊ ဖူးခွင့်ကြိုက်ကြုံ မြင်ရကုန်သည် ရှိသော်။ တံကုလံ၊ ထိုသာကီဝင်နွယ် တစ်မျိုးလုံးသည်။ နန္ဒိတံ၊ ဝမ်းမြောက်ရွှင်မြူး၍ အထူးနှစ်သိမ့်ခြင်းသည်။ အာသိ၊ မြင်တိုင်းမသွေ ဖြစ်ရ ပါလေ၏။ တေန၊ ထိုသို့ဖြစ်ပုံ အဆင်းဂုဏ်ဖြင့် လုံးစုံဆပ္ပွား အနှစ်သက် များလေသောကြောင့်။ မေ၊ အကျွန်ုပ်၏။ နာမံ၊ အများတွင်ခေါ် အမည်တော် သည်။ နန္ဒာတိ၊ ရူပနန္ဒာဟူ၍။ သုန္ဒရံ၊ အကောင်းဆုံးသော။ ပဝရံ၊ အမြတ် ဆုံးသော အမည်တော်သည်။ အဟု၊ အနွတ္ထဂုဏ်အလိုက် ထိုက်သည် အလျောက် ပေါ်ပေါက်ဖြစ်ထွန်းလာပေ၏။

ထို့ပြင် ဇနပဒကလျာဏီဟုလည်း ခေါ်ကြသေးသည်။ အပျိုကညာများ တို့တွင် ကောင်းခြင်းငါးဖြာဟူ၍ရှိသည်။ ထိုကောင်းခြင်းငါးဖြာကို 'ပဉ္စ ကလျာ ဏ'ဟု ခေါ်ဆိုကြသည်။ ထိုကလျာဏငါးအင်နှင့် ပြည့်စုံပါလျှင် 'ကလျာဏီ'ဟု ခေါ်ဆိုရသည်။

ဇနပဒကလျာဏီ၏ အဓိပ္ပာယ်မှာ တိုင်းနိုင်ငံဇနပုဒ်ရှိရှိသမျှ၌ ကောင်း ခြင်းငါးဖြာနှင့် ပြည့်စုံသူ အပျိုကညာတို့၏ အထွတ်အဖူးအလှခေါင်ကျူးဟု ဆိုလိုပေသည်။

## အလှမာန်တက်နေသူ

ရူပနန္ဒာသည် သာကီဝင်အပေါင်းတို့၏ ယုယမြတ်နိုးခြင်းကို ခံယူလျက် ကြီးပြင်းခဲ့ရသူဖြစ်သည်။ အချိန်တန်အရွယ်သို့ ရောက်လာသော် လွန်စွာလည်း အလှမာန်တက်သူ ဖြစ်လာလေသည်။ မာန်တက်ရခြင်းမှာ အမျိုးအားဖြင့် လည်း သာကီဝင်၊ ထီးရိုးနန်းရိုး၊ ဘေးဘိုး အစဉ်အဆက်မှစပြီး ခမည်းတော် ဘုရားက ရွှေနန်းရှင်၊ မောင်တော်သိဒ္ဓတ္ထမင်းသားကလည်း စကြာရထားဆိုက် လုခါနီး အလွန်တရာဘုန်းတန်ခိုးကြီးသူ၊ မိမိ၏ရုပ်ဆင်း အင်္ဂါမှာလည်း အစ်မ

www.burmeseclassic.com

www.burmeseclassic.com



တော် ယသော်ဓရာကို ချန်လှပ်၍ လောကဓာတ်တွင် ပြိုင်ဘက်မရှိသူ။ ဤသို့ မာန်တက်စရာ အမျိုးမျိုးနှင့် လောကီတန်ခိုးတို့ ပြည့်စုံနေသဖြင့် မာန်ဟုန်တက်ကြွရခြင်းဖြစ်သည်။

အထူးဝိသေသအားဖြင့် သာကီဝင်ဖြစ်ရခြင်းဟူသော အမျိုးမာန်တို့ထက်ပင် ရုပ်အဆင်းလှပခြင်းဟူသည့် အလှမာန်က ကြွကြွစွင့်စွင့်နှင့် ဘဝဂ်ဘုံသို့တိုင်အောင် မြင့်နေသူဟု ဆိုရမည့်သူဖြစ်သည်။

က္ကတ္တိနဥ ခန် ရှုပ်။ က္ကတ္တိနံ၊ မိန်းမတို့၏။ ခန်၊ ကိုယ်ပိုင်ဥစ္စာသည်ကား။ ရှုပ်၊ အသွေးရုပ်ဆင်း တင့်တယ်လှပခြင်းပေတည်းဟု နီတိကျမ်းဆရာများ၏ အဆိုအမိန့်အတိုင်း မိန်းမတို့၏ ကိုယ်ပိုင်ဥစ္စာသည် ရုပ်ဆင်းအင်္ဂါ လှပခြင်းဖြစ်သည်။ လှပသူတိုင်းသည် အဆင်းမာန်တက်တတ်ကြသည်မှာ ဓမ္မတာ။

## တောင်နန်းမတော် လောင်းလျာ

ရှုပနန္ဒာမင်းသမီး စိတ်ကြီးဝင်၍ ဘဝဂ်သို့တိုင် အဆင်းမာန် နေစဉ်ကာလတွင် သိဒ္ဓတ္ထမင်းသားသည် အစ်မတော် ယသော်ဓရာနှင့် သူမ၏ တူတော် ရာဟုလာတို့ကိုစွန့်ပြီး တောထွက်တော်မူသွားသည်။ သာကီနွယ်တို့၏ အစဉ်အလာအားဖြင့် မောင်တော်နန္ဒမင်းသားသည် ထီးနန်းအမွေကို ဆက်ခံရပြီးလျှင် ရှုပနန္ဒာမင်းသမီးမှာလည်း တောင်နန်းမတော်ကြီး ဖြစ်ရမည်ဖြစ်၍ တောင်နန်းမတော်လောင်းလျာလည်း ဖြစ်သည်။

သို့ရာတွင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သားတော်သိဒ္ဓတ္ထမင်းသား ပြန်လာနိုးနိုး စောင့်တော်မူနေသဖြင့် ထီးနန်းစည်းစိမ်တော်များကို သားတော်နန္ဒသို့ အပ်နှင်းတော်မမူသေးပေ။ သမီးတော်ရှုပနန္ဒာနှင့်လည်း လက်ထပ်ထိမ်းမြားရန် စီမံတော် မမူသေးပေ။

သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ နောက်ပါသံဃာတော်အပေါင်းနှင့် ကပိလဝတ်နေပြည်တော်ကြီးသို့ ကြွတော်မူလာသည်။ ထိုအခါမှ သုဒ္ဓေါဒနမင်းတရားက ငါ၏သားတော် သိဒ္ဓတ္ထမင်းသား

www.burmeseclassic.com

www.burmeseclassic.com



သည် ဘုရားအဖြစ်သို့ ရောက်တော်မူလေပြီ။ လောကီထီးနန်းစည်းစိမ်တော်များကို ခံစားတော်မူတော့မည် မဟုတ်။ မြောက်နန်းမိဖုရားမှ မွေးဖွားသောသားတော်နန္ဒမင်းသားကို သမီးတော် ရူပနန္ဒာနှင့် စုလျားရစ်ပတ်၍ ထီးနန်းကိုအပ်မှ သင့်တော့မည်ဟု အကြံဖြစ်တော်မူသည်။

## မင်္ဂလာငါးမျိုး

ရှင်တော်ဘုရား ကပိလဝတ်နေပြည်တော်သို့ရောက်၍ သုံးရက်မြောက်သောနေ့မှာပင် သုဒ္ဓေါဒနမင်းကြီးက မင်္ဂလာကြီးငါးရပ်ကို မင်းခမ်းမင်းနားတို့ဖြင့် ကြီးကျယ်စွာဆင်ယင် ကျင်းပတော်မူသည်။

မင်္ဂလာ မင်းခမ်းတော်ကြီး ငါးမျိုးဆိုသည်မှာ (၁) နန္ဒမင်းသား၏ ဦးသျှောင်ထုံးမင်္ဂလာ၊ (၂) မကိုဋ်မြှောင်းမင်္ဂလာ၊ (၃) အိမ်တော်တက်မင်္ဂလာ၊ (၄) ဇနပဒ ကလျာဏီမင်းသမီးနှင့် စုလျားရစ်ပတ်၍ လက်ထပ်ခြင်းမင်္ဂလာ၊ (၅) ဥပရာဇ်ဘိသိက်သွန်း၍ အိမ်ရှေ့စံနှင်းသော မင်္ဂလာတို့ ဖြစ်ကြသည်။

## မင်္ဂလာတရားဟောကြား

ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးကလည်း သားတော်နန္ဒမင်းသားနှင့် သမီးတော် ရူပနန္ဒာတို့၏ မင်္ဂလာပွဲကြီး ခင်းကျင်းရာသို့ ရှင်တော်မြတ်ဘုရားကို သံဃာတော်များနှင့်တကွ ပင့်ဖိတ်ထားသည်။ ဘုရားရှင်ကိုယ်တိုင်ကြွရောက်တော်မူလာပြီးလျှင် မင်္ဂလာမဏ္ဍပ်၌ မြင့်မြတ်သောမင်္ဂလာတရားတော်ကို ဟောကြားတော်မူသည်။

ရှင်တော်ဘုရားသည် နန္ဒမင်းသားနှင့် ပတ်သက်၍ ဤသို့ဆင်ခြင်စဉ်းစားတော်မူပေလိမ့်မည်။ နန္ဒမင်းသားသည် ငါ၏ညီတော်ဖြစ်ပေသည်။ ဆွေမျိုးတို့ အကျိုးရှိအောင် ကျင့်ရခြင်းဟူသော ဉာတတ္ထစရိယ တရားနှင့်အညီ ညီတော်နန္ဒကို သုခဖွားကြောင်း လမ်းကောင်းလမ်းမှန်ဖြင့် ချီးမြှောက်မည်။ ညီတော်နန္ဒသည် နှမတော်ရူပနန္ဒာနှင့် လက်ထပ်၍ ထိမ်းမြား၍ ရွှေနန်းစည်းစိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



စံနေပါလျှင် ကိလေသာပွားစီး၍ သံသရာခရီးကျယ်တော့မည်။ ငါ၏ညီတော်ကို သံသရာမှ လွတ်ကင်း၍ ဆင်းရဲဝဋ္ဋ ပြတ်ကြောင်းဖြစ်သော လောကုတ္တရာ စည်းစိမ်ဖြင့် ချီးမြှင့်တော်မူမည်။ သာကီနွယ်မင်းမျိုးတို့၏ ဆောင်းရိုးအစဉ် ဖြစ်သော လောကီထီးဖြူရှစ်စင်းကို မဆောင်းစေဘဲ မဂ်လေးဆိုင်, ဖိုလ်လေးဆိုင် တည်းဟူသော လောကုတ္တရာထီးဖြူ ရှစ်စင်းကို ဆောင်းမိုးစေမည်။ သာကီဝင် မင်းမျိုးတို့၏ ဓမ္မတာ သီဟာသနခေါ်သော လောကီရာဇပလ္လင်၌ မထိုင်စေဘဲ အမြိုက် နိဗ္ဗာန်တည်းဟူသော ဝိသုဒ္ဓိပလ္လင်၌သာ ထိုင်စေမည်။ ငါဘုရားသည် လောကီလူများ၏ အထွတ်ဆုံးဖြစ်သော စကြာမင်း၏ စည်းစိမ်တော်ကြီးကိုပင် စွန့်လွှတ်ပြီးလျှင် ဗောဇ္ဈင်ခုနစ်ပါး တရားစကြာကို အစိုးရသော ဓမ္မစက္ကဝတ် တုလွတ်မှန်ကင်း တရားမင်းကြီးဖြစ်တော်မူသည့်အတိုင်း ညီတော်နန္ဒအား လည်း တရားစကြာရတနာတည်းဟူသော ဗောဇ္ဈင်ခုနစ်ပါးကိုသာ ချီးမြှင့်တော် မူအံ့။

## ညီတော်နန္ဒ ကိုခေါ်သွားပြီ

ဘုရားရှင်သည် မင်္ဂလာတရား ဟောတော်မူပြီးနောက် ညီတော်နန္ဒအား ခေါ်တော်မူကာ သံဃာတော်များနှင့်အတူ ပြန်ကြွသွားတော်မူသည်။

နန္ဒမင်းသားသည် နောင်တော်ဘုရား၏ အမိန့်တော်အတိုင်း သပိတ် တော်ကို ထမ်းပြီး နောက်တော်က လိုက်ပါသွားရရှာသည်။

## ရှုပနန္ဒာ၏အခြေအနေ

မုဟုံ ဉဋ္ဌာယ နန္ဒာ သာ၊ ဝိလမ္ဗကေသဖန္ဒနာ။
အဝေက္ခိ ရုဏ္ဏရူပေန၊ ဒွါရေ ဌတွာန နန္ဒကံ။

ဝိလမ္ဗကေသဖန္ဒနာ၊ ဖရိုဖရဲ တွဲရရဲကျသော ဆံပင်ဖြင့် ညိုငြင်တုန်လှုပ် လျက် နေရှာသော။ သာနန္ဒာ၊ ထိုရှုပနန္ဒာ မင်းသမီးသည်။ မုဟုံ၊ ဘွားခနဲ လျင်မြန်စွာ။ ဉဋ္ဌာယ၊ သလွန်တော်မှီအုံးမှ ရုန်း၍ထတော်မူပြီးလျှင်။ ဒွါရေ၊

www.burmeseclassic.com

www.burmeseclassic.com



ခြူးအုံပန်းနွယ် ဆန်းကြယ်ထုထား နန်းတံခါး၌။ ဌတွာန၊ တလန့်လန့် တဖျပ်ဖျပ်နှင့် တန့်ရပ်တော်မူပြီး၍။ ရုဏ္ဏာရူပေန၊ မောင်တော်အရေးကြောင့် ပူပင်လောင်ဆွေး ငိုကြွေးညှိုးငယ်သော အသွင်တော်ဖြင့်။ နန္ဒကံ၊ လက်ထပ်ခါစရှမဝသည့် နန္ဒတွင်ခေါ် သူ့မောင်တော်ကို။ အဝေက္ခိ၊ သပိတ်တော်ကိုထမ်း၍ အပန်းတကြီး လိုက်သွားရှာရပေပြီတကားဟု ရှုစားတော်မူရှာလေ၏။

> ပသာရေတွာန ဂီဝံ သာ၊ တုရံ အာဂစ္ဆမာစိရံ။
> ပိယာတိ ဘာသတေ သဒ္ဒေါ၊ သော နန္ဒဟဒယေ ဌိတော။

သာ၊ ထိုဇနပဒကလျာဏီ မင်းသမီးသည်။ ဂီဝံ၊ နွဲ့သွယ်ကြော့ရှင်းရွှေလည်ပင်းကို။ ပသာရေတွာန၊ လွမ်းဆွတ်တဲ့ ဟန်ပန်ဖြင့် အတန်ကလေးမော့တော်မူ၍။ ပိယ၊ ချစ်ဦးရတနာ ပျို့သက်လျာ။ တုရံ၊ လျင်လျင်မြန်မြန်။ အာဂစ္ဆ၊ သလွန်ပေါ်က မယ်မျှော်လို့ စောင့်ရစ်မယ် တအောင့်ကလေးနှင့်ပြန်တော်မူခဲ့ပါ။ စိရံ၊ ကြာကြာမြင့်မြင့် အချိန်ဖင့်အောင်။ မာဝသ၊ မျှော်ရသူမောလိမ့်မယ် တမေ့တမောကြီးနေတော်မမူပါနှင့်။ ဣတိ၊ ဤသို့။ ဘာသတေ၊ အသံစာစာကလေးနှင့် အရေးတကြီး ကျူးရင့်မှာထားတော်မူလိုက်ရှာလေ၏။ သောသဒ္ဒေါ၊ ထိုရူပနန္ဒာမင်းသမီး၏ အသံတော်ကလေးသည်။ နန္ဒဟဒယေ၊ နန္ဒမင်းသား၏နှလုံးသား၌။ ဌိတော၊ ဖြေပါသော်လည်း ပျောက်နိုင်ဘဲမို့ အမြဲတည်တံ့၍ နေလေသတည်း။

## နိဂြောဓာရုံ ကျောင်းတော်သို့

နန္ဒမင်းသားကို ရှင်တော်ဘုရားက ပြန်၍မလွှတ်ဘဲ နိဂြောဓာရုံကျောင်းတော်ကြီးသို့တိုင်အောင် ခေါ်သွားတော်မူသည်။

## ညီတော်ကို ရဟန်းပြုပေးလိုက်ပါ

နန္ဒမင်းသားသည် နိဂြောဓာရုံကျောင်းတော်သို့ ရောက်သောအခါ ရှင်တော်ဘုရားက "ညီတော်နန္ဒ၊ ရဟန်းပြုနိုင်ပါ့မလား" ဟု မေးမြန်းတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒမင်းသားကလည်း နောင်တော်ဘုရားကို ခန့်ညားကြောက်ရွံ့လှသဖြင့် "မပြုနိုင်ပါဘုရား"ဟု မလျှောက်ထားဝံ့ဘဲ "ရဟန်းပြုနိုင်ပါကြောင်း" လျှောက်ထားရှာသည်။ ထိုအခါ ရှင်တော်မြတ်ဘုရားက "သာရိပုတ္တရာ၊ ညီတော်နန္ဒကို ရဟန်းပြုပေးလိုက်ပါ"ဟု မိန့်ကြားတော်မူသည်။

အရှင်သာရိပုတ္တရာ မထေရ်ကြီးသည်လည်း ရှင်တော်မြတ်ဘုရား၏ အမိန့်အတိုင်း ညီတော်နန္ဒမင်းသားကို ပရိက္ခရာရှစ်ပါးနှင့် ရဟန်းပြုပေးတော်မူသည်။ နံနက်ခင်းက မင်္ဂလာပွဲကြီးငါးရပ်ကို မင်းခမ်းမင်းနားဖြင့် မကိုဋ်သရဖူဆောင်ပြီး ဘိသိက်ကို ခံယူခဲ့သော နန္ဒမင်းသားသည် မွန်းလွဲအချိန်တွင်မူ ဆံပင်ကိုရိတ်ပြီး သပိတ်သင်္ကန်းနှင့် ရှင်ရဟန်းအဖြစ်သို့ ရောက်သွားတော့သည်။

## သဒ္ဓါနည်းသော်လည်း ပါရမီရှင်

သဒ္ဓါမရှိဘဲနှင့်မလွှဲသာ၍ ရဟန်းပြုခဲ့ရသော်လည်း ပါရမီရှင်ပီပီ နောက်မကြာမီကာလတွင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ပထမရှေးဦးစွာ သဒ္ဓါတရားမရှိသော်လည်း နောက်အခါ သဒ္ဓါတရားရှိလျှင်လည်း အကျိုးများနိုင်ပေသည်။

နှမတော် ရှုပနန္ဒာသည် မောင်တော် နန္ဒမင်းသား ရဟန်းပြုပြီဟု ကြားသဖြင့် သလွန်တော်ပေါ်မှာ လူးပြီးရှူးတော့မလောက် လူးလှိမ့်ခံစားရရှာပေသည်။

## သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်ပြုပြီ

ထို့နောက် များမကြာမီပင် တူတော်ကလေး ရာဟုလာသည်လည်း ရှင်သာမဏေပြုသွားပြန်တော့သည်။ ထိုနောက်တစ်ဖန် လေးနှစ်ကြာပြန်သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် ထီးဖြူအောက်မှာပင် လူဝတ်ကြောင်ဘဝဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလျက် ဘဝဇာတ်သိမ်း၍ ဒုက္ခငြိမ်းသွားလေပြီ။ ရှုပနန္ဒာမှာ အားကိုးရာမဲ့ ဖြစ်သွားတော့သည်။ သူ့အတွက် အားကိုးရာဟူ၍ မယ်တော်ဂေါတမီသာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှ ပူပင်များသောက ဗျာပါရရောက်နေရသော်ငြားလည်း နန္ဒာမင်းသမီးသည် အဆင်းမာန၊ အမျိုးဂုဏ် မာနကိုကား မလျှော့သေးပေ။ ရှင်တော်မြတ်ဘုရားက ဤခန္ဓာကိုယ်ကြီးသည် ၃၂-ပါးသော အသွေးအသား အရိုးအကြော စသည်တို့၏ အစုအဝေးအဖြစ် ခွဲခြမ်းစိတ်ဖြာလျက် မတင့်တယ်သည့် အသုဘ ကိုယ်ခန္ဓာကြီးသာဖြစ်ကြောင်း ဟောသော်လည်း နန္ဒာမင်းသမီးကမူ နားမဝင်နိုင်သေးပေ။

## ပို၍အားထားရာမဲ့သူ

ခမည်းတော်ကြီး ပရိနိဗ္ဗာန်စံတော်မူပြီးနောက် များမကြာမီ ဂေါတမီမယ်တော်ကြီးသည်လည်း ဝေသာလီပြည်ရှိ ဘုရားရှင်ထံ၌ ဘိက္ခုနီ ပြုလုပ်သွားပြန်တော့သည်။ သည်အခါ ရူပနန္ဒာမှာ ပိုမို၍ အားကိုးရာမဲ့ ဖြစ်ရပြန်သည်။

ရူပနန္ဒာမင်းသမီးသည် အစ်မတော် ယသော်ဓရာနှင့်အတူ ရွှေနန်းထက်၌ ကျန်ရှိနေသည်။ အစ်မတော်ကို အားကိုးအားထားပြုနေရင်းမှာပင် သည်အစ်မတော်က လောကီဘုံဝလေ့ကို ထုံမွှေ့စရာဟု မမြင်တော့သည့် အဆုံး ဂေါတမီ မယ်တော်ကြီးရှိရာသို့ လိုက်ပါက ဘိက္ခုနီဝတ်သွားတော့သည်။ နန်းရိုးပျောက်၍ ခြောက်ခြောက်သွေ့သွေ့ဖြစ်နေသည့် သာကီဝင်မင်းတို့၏ နန်းထက်၌ ရူပနန္ဒာ တစ်ပါးတည်းသာ ထီးမွေနန်းမွေအဖြစ် ကျန်ရှာတော့သည်။

မောင်တော်၊ မယ်တော်၊ အစ်မတော်နှင့် တူတော်ကစ ရှိသမျှ အားလုံးတို့သည် လောကီကိုရှောင်ခွာ လောကုတ္တရာသို့ လှမ်းကြွသွားကြလေပြီ။ နန်းတော်အတွင်း ဘယ်နေရာကြည့်ကြည့် ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့စရာပင်။ ယခင်အခါက စောင်းသံ၊ တရောသံ၊ စည်တီးသံတို့ဖြင့် ညှင်းညှင်းသာသာ တီးမှုတ်ကခုန်ကာ ပျော်မွေ့နေရှာကြကုန်သော နန်းတွင်းသူ နန်းတွင်းသာ အများတို့သည် အစ်မတော်၊ မယ်တော်ကြီးတို့နှင့်အတူ ဘိက္ခုနီပြုသွားကြပေပြီ။ လူသူကင်းဆိတ်တိတ်နေပြီဖြစ်သည့် ဤရွှေနန်းထက်၌ ရူပနန္ဒာ ဘာလုပ်ပါမည်နည်း။ မောင်တော်ကြီးဖြစ်သည့် ရှင်တော်ဘုရားထံတော်ပါးတွင် တရား

www.burmeseclassic.com

www.burmeseclassic.com



ရှာသည့် ဘိက္ခုနီပြုလုပ်လျှင် ရှေးဦးစွာ ဆံပင်ကို ရိတ်ပယ်ရမည်။ နက်မှောင်ကော့ရှင်းကောင်းခြင်းနှင့် ပြည့်စုံသည့် သူ့ကေသာကို နှမြောတသနေမိသည်။ ထို့ပြင် တစ်ဝ၊ ဝတ်စားတန်ဆာ အလှအပ မဆင်ရ။ ဖန်ရေဆိုးသော သင်္ကန်းကိုသာ ဝတ်ဆင်ရမည်ဆိုသည်ကို သူ မနှစ်သက်။ အခြွေအရံမဲ့ရှိ မိမိတစ်ကိုယ်တည်းသာ နေရမှာကိုလည်း မလိုလား။ ပန်းမွေ့ရာအလား အိစက်ညက်ညောသည့် အိပ်ရာထက်၌လည်း စက်တော်မခေါ်ရသဖြင့် သူ့အတွက် ဘဝင်မကျနိုင်။ နေလွဲညစာကိုပယ်ကာ တစ်ထပ်တည်းသာ စားရမည်ဆိုသဖြင့် သူ့စိတ်တွေ မရွှင်နိုင်။ ထိုထက်ဆိုးသည်ကား ထိုတစ်ထပ်တည်းသာ စားရမည့်ဆွမ်းကို ကိုယ်တိုင် သပိတ်စွဲ၍ ရပ်ထဲ ရွာထဲတွင် ဆွမ်းခံစားရမည်ဆိုတော့ သူ့သိက္ခာနှင့် မာန်မာနကြောင့် လက်မခံနိုင်ပေ။ ထို့ကြောင့် ဘိက္ခုနီ ရဟန်းပြုချင်စိတ် သူ့စိတ်မှာ မပေါ်လာပေ။

သို့သော် သို့သော် နောက်ဆုံးတော့ ထီးနန်းကိုစွန့်ခွာလျက် အစ်မတော်နှင့် မယ်တော် ဘိက္ခုနီကြီးတို့ရှိရာသို့ အခြွေအရံများနှင့်အတူ လိုက်လာတော်မူရရှာသည်။ မယ်တော်ကြီးနေထိုင်ရာ ဘိက္ခုနီကျောင်းရောက်သော် လူဝတ်ကြောင်နှင့်ပင် နေနေသေးသည်။ တရား နာခြင်း၊ ဥပုသ်ဆောက်တည်ခြင်းကို မပြုသေးဘဲ သူ့ကိုယ်ကိုသာ တဖီးဖီး, တလိမ်းလိမ်းနှင့် အလှပြင်၍ နေခဲ့သည်။ ရှင်တော်ဘုရားထံသို့သွားရောက်၍ တရားနာရန် မယ်တော်ဘိက္ခုနီ ဂေါတမီကြီးက နားချပါသော်လည်း ရူပနန္ဒာက ငြင်းဆန်နေခဲ့သေးသည်။

၂ခဇိဂုဏ

## သမီးတော်ကို နားချပြောပြပုံ

ရူပနန္ဒာသည် ဘိက္ခုနီကျောင်း၌ အတန်ကြာနေမိသော် ဘိက္ခုနီတို့၏ သိမ်မွေ့နူးညံ့သော အပြောအဆို၊ နှိမ့်ချသော အမူအရာများကို မြင်ဖန်များလာရသဖြင့် သူ့စိတ်တွင် နှစ်မျိုးနှစ်ဖုံ ဖြစ်ပေါ်နေသည်။ ထိုအခါ မယ်တော် ဂေါတမီထေရီကြီးက သမီးတော်ကိုခေါ်ပြီး ဤသို့ပြောဆို နားချတော်မူရှာသည်။ ချစ်သမီး၊ ဆင်ခြင် စဉ်းစားစမ်းပါ။ သမီးတော်၏ ဘဝသည် ဘယ်ကလောက် မြင့်မြတ်သည်။ မောင်တော်ကြီးကလည်း လောကသုံးပါးတွင်

www.burmeseclassic.com

www.burmeseclassic.com



အတုမရှိဘုရားဖြစ်တော်မူသည်။ မောင်တော်နန္ဒမင်းသားကလည်း ကိလေသာကုန်ခန်း၍ ရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူပြီ။ အစ်မတော် ယသော်ဓရာထေရီဆိုလည်း ရဟန္တာမကြီးအဖြစ်သို့ ရောက်၍ ဈာန်အဘိညာဉ် ရတော်မူလေပြီ။ ဆွေတော်, မျိုးတော်တို့သည် လွန်စွာ မြင့်မြတ်သောဘဝသို့ ရောက်တော်မူကြပြီ။ ချစ်သမီးမှာမူကား လောကီဘုံဝလေ့တွင် ကြုံတွေ့နေရသည့် ဘဝတဏှာကို မစွန့်နိုင်၊ မခွာနိုင်ဘဲ တစ်ယောက်တည်းတည်း တဝဲလည်လည် ဖြစ်နေရသည်။ ဆွေတော် မျိုးတော်တို့နှင့် တန်းတူဖြစ်အောင် သမီးတော်လည်း ကြိုးစားပါ။

## မယ်တော်ကြီးက တရားပြပြီ

ဣဒ္ဓံပိ တေ သုဘံ ရူပံ၊ သသီကန္တံ မနောဟရံ။
ဘူသနာနံ အလင်္ကာရံ၊ သိရိသင်္ဃာရ သန္နိဘံ။
ပုဥ္ဆိတံ လောကသာရံဝ၊ နယနာနံ ရသာယနံ။
ပုညာနံ ကိတ္တိဇနနံ၊ ဥက္ကာကကုလနန္ဒနံ။
န စိရေနေဝ ကာလေန၊ ဇရာ သမဓိသေဿတိ။
ဝိဟာယ ဂေဟံ ကာရုညေ၊ စရ ဓမ္မမနိန္ဒိတေ။

နန္ဒေ၊ နန္ဒာမည်ခေါ် သမီးတော်။ တေ၊ သင်ချစ်သမီး၏။ ဣဒ္ဓံရူပံ၊ ရှေးကံဟုန်ကြောင့် ဘက်စုံတောက်လင်း ဤကိုယ်ရုပ်အဆင်းသည်။ သုဘံ၊ မြင်သမျှအံ့သြလျက် ပြော၍မပြီး အတင့်တယ်ကြီး တင့်တယ်လှပါပေ၏။ သသီကန္တံ၊ လဝန်းတန္တု ကျက်သရေ ပေါင်းစုသဖြင့် နှစ်သက်မှုကိုလည်း တိုးပွားနိုင်ပါပေ၏။ သိရိသင်္ဃာရသန္နိဘံ၊ ကျက်သရေ အလုံးစုံကို အကုန်စု၍ ပေါင်းထားသကဲ့သို့ ထိပ်ဆောင်ထွတ်ဖူး လှခေါင်ကြူးသော အဆင်းပါပေတည်း။

အနိန္ဒိတေ၊ တစ်ကိုယ်လုံးဝယ် ကဲ့ရဲ့ဖွယ်မရှိ ပကတိထူးမြတ်၍ အလှဓာတ် ပေါင်းဆုံလျက် အလှဂုဏ်လွန်ကဲပေသော အို. . . ချစ်သမီးနန္ဒာ။ တေ၊ သင် ချစ်သမီး၏။ ရူပံ၊ အဆင်းကိုယ်ဟန် ရုပ်သဏ္ဍာန်သည်။ လောကသာရံဝ

www.burmeseclassic.com

www.burmeseclassic.com



ပုဋ္ဌိတာ၊ အနှစ်သာရ ကမ္ဘာ့မြေတေ အလှတွေကို မကွေမကွဲ တစ်ပေါင်းတည်းပုံ၍ စုဆုံနေသကဲ့သို့ အတူမရှိအောင် လှတတ်ပါပေ၏။ နယနာနံ၊ ကမ္ဘာလောက အနန္တတွင် ရှိကြလေတောင်း မျက်လုံးပေါင်းတို့အား။ ရသာယနံ၊ နှစ်သက်ဖွယ် အရသာကိုပေးတတ်သော ရသာယန အမြိုက်ဆေးကြီးနှင့်လည်း တူပါပေ၏။ ပုညာနံ၊ ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့၏။ ကိတ္တိဇနနံ၊ ကျော်စောခြင်း သတင်း ဂုဏ်ကိုလည်း တသုန်သုန် မွှေးပြန့်စေနိုင်ပါပေ၏။ ဥက္ကာကကုလနန္ဒနံ၊ ဥက္ကာ ကရာဇ် နေမြစ်နန်းရိုး သာကီမျိုးတို့၏ ရွှင်ဖြိုးနှစ်သက် အားတက်လေအောင် ရွှက်ဆောင်သယ်ပိုးနိုင်ပါပေ၏။

ကာရုညေ၊ အဆင်းမာန်ဖြင့် ထက်သန်မြင့်မား စွန့်စွန့်ကြွားသည့် တရား မကြွယ် သနားစဖွယ်လျှင် တင့်တယ်ထိန်ညီးချစ်သမီး။ တေ၊ သင်ချစ်သမီး၏။ ဣဒံရုပ်၊ ဤရုပ်အဆင်းကို။ န စိရေနေဝ ကာလေန၊ လေးဆယ်၊ ငါးဆယ် အရွယ်ရင့်သီ မကြာမီပင်လျှင်။ ဇရာ၊ ချည့်နဲ့ရင့်ရော် အိုရုပ်ပေါ်အောင် နှိုးဆော်ဖန်တီး ဇရာမီးသည်။ သမဓိသေဿတိ၊ အတင်းဆွဲ၍ ညှဉ်းဆဲဖျက်ခြေ နှိပ်စက်ပေအံ့။ ကာရုညေ၊ အို. . . သနားဖွယ်ကောင်းလှသော ချစ်သမီး။ ဝေဟာ၊ အိမ်ငွေ့ အိမ်သက် မဖျက်နိုင်အောင် သွေးဆောင်တတ်စွာ အိမ်တဏှာကို။ ဝိဟာယ၊ ဇရာမလာခင် အဆောတလျင် ခွာစွန့်၍။ ဓမ္မံ၊ မောင်ကြီးဘုရား ဟောကြားတုံလတ် တရားမြတ်ကို။ စရ-စရာဟိ၊ ဖန်ဝါသက်နှ်း ဆင်မြန်း သက်ဆုံး ဦးခေါင်းတုံး၍ လက်သုံးပြုကာ ကျင့်ကြံပါတော့ ချစ်သမီး။

## ထပ်၍ဆုံးမပြန်ပြီ

ဇရာဝသာနံ ယောဗ္ဗနံ၊ ရူပံ အသုစိသမ္ဘတံ။
ရောဂန္တမပိ စာရောဂျံ၊ ဇီဝိတံ မရဏန္တိကံ။

နန္ဒေ၊ ချစ်သမီးရှုပနန္ဒာ။ ယောဗ္ဗနံ၊ အရွယ်အဆင်း တင့်တယ်ပျိုနုခြင်း သည်။ ဇရာဝသာနံ၊ ရှုံ့တွသားရေ သွားတွေကြွေ၍ ကိုယ်တွေကုန်းကုန်း အိုရ ခြင်းသာလျှင် အဆုံးရှိချေ၏။ ရူပံ၊ ဝတ်စားတန်ဆာ များစွာဆင်ယင် အမွှမ်း

www.burmeseclassic.com

www.burmeseclassic.com



တင်၍ ပြုပြင်မပြီး ဤရုပ်ကြီးသည်။ အသုစိသမ္ပတံ၊ အညစ်အကြေးထုပြော၍ မစင်တောကြီးဟု သမုတ်အပ်သည်သာလျှင်တည်း။ အာရောဂျံစာပိ၊ သန်သန်မာမာ ရောဂါကင်းရှင်း အားတက်ခြင်းသည်လည်း။ ရောဂန္တံ၊ မထနိုင်ဘဲ လဲတခွေခွေ လျောင်းစက်နေ၍ မှိုင်တွေချကာ ရောဂါစွဲပြီး မချိတရိ ပင်ပန်းရခြင်းသာလျှင် အဆုံးရှိချေ၏။ ဇီဝိတံ၊ ငါယောင်သူယောင် ထူထောင်မားမားလာသွားကြည်လင် အသက်ရှင်၍နေခြင်းသည်။ မရဏန္တံ၊ စိတ်သာချပေတော့ ဒိဋ္ဌမသေ့ သေရခြင်းလျှင် အဆုံးရှိချေ၏။

မယ်တော်ဂေါတမီထေရီ၏ တရားပြဟောကြားမှုကြောင့် ရူပနန္ဒာသည် ဘိက္ခုနီအဖြစ် ရဟာန်းပြုရန်သဘောတူလာသည်။ သို့ဖြင့် မယ်တော်ထေရီ၏ ကြီးကြပ်ပေးမှုဖြင့် ရူပနန္ဒာသည် ဘိက္ခုနီအဖြစ်သို့ ရောက်သွားတော့သည်။

ထိုအတိတ်အကြောင်းအရာတို့ကို ရူပနန္ဒာထေရီ ကိုယ်တိုင်ပင် ဤသို့ ပြန်လည်ဟောပြခဲ့သည်။

## ရူပနန္ဒာပြန်လည်ဟောပြပုံ

သုတွာဟံ မာတု ဝစနံ၊ ပဗ္ဗဇ္ဇိံ အနဂါရိယံ။

ဒေဟေန န တု စိတ္တေန၊ ရူပယောဗ္ဗန လာဠိတာ။

အဟံ၊ ရူပနန္ဒာ သညာသမုတ် အကျွန်ုပ်သည်။ မာတုဝစနံ၊ မယ်တော်ထေရီကြီး ဟောကြား ဆုံးမတော်မူအပ်သော စကားတော်ကို။ သုတွာန၊ ကြားရလေသည်ရှိသော်။ ဒေဟေန၊ အပြင်ဗန်းကိုယ်ဖြင့်။ အနဂါရိယံ၊ အိမ်ရာမထောင်သော သာသနာတော်၌။ ပဗ္ဗဇ္ဇိံ၊ ဆံပင်ဝတ်ကြောင် ခွာရှောင်စွန့်ကာ ရဟာန်းပြုလာခဲ့ပါပေ၏။ တုဧကန္တေန၊ အမှန်ထင်လင်း သဘောရင်းကို ဘွင်းဘွင်းကြီးဖွင့်၍ ပြောရပါမူကား။ ရူပယောဗ္ဗနလာဠိတာ၊ ရုပ်ရေအဆင်း ပျိုနုခြင်းဝယ် လွှန်မင်းနှစ်သက် မာန်စွယ်ထွက်နေသောကြောင့်။ စိတ္တေန၊ တကဲ့ အတွင်းစိတ် သဘောအားဖြင့်မူကား။ နပဗ္ဗဇ္ဇိံ ရဟာန်းပြုလို၍ ရဟာန်းပြုလာခဲ့သည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ရှုပနန္ဒာသည် မိမိအလိုဆန္ဒကြောင့်၊ ဘိက္ခုနီဘဝ ရောက်ရသည် မဟုတ်ဘဲ မရှောင်မလွှဲသာသဖြင့် ဘိက္ခုနီ ဝတ်ရကြောင်းကို ဝန်ခံခဲ့၏။ ဘိက္ခုနီဘဝသို့ ရောက်သွားပြီဖြစ်သော်လည်း ဘုရားရှင်ထံသို့ကား မသွားလိုဘဲ ရှောင်လွှဲ၍သာနေသည်။ ဘုရားရှင်က အလှအပကို အပြစ်ပြော၍ ဟောနေသဖြင့် သူ မကျေနပ်။ တရားတော်ကို နားမလည်၊ လက်ခံလိုခြင်း မရှိသေးပေ။ သို့ဖြင့် ရှုပနန္ဒာသည် ဘုရားရှင်ထံ မသွားဘဲနေနေသေးသည်။

## ကိုယ်တိုင်မသွားခဲ့

ဘုရားရှင်သည် ဘိက္ခုနီတို့အား လပြည့်နေ့ တစ်ကြိမ်နှင့် လကွယ်နေ့ တစ်ကြိမ် တစ်လလျှင် နှစ်ကြိမ် ဩဝါဒခံယူရန် ပညတ်တော်မူထားသည်။ ရှုပနန္ဒာကား ဩဝါဒခံယူရန် ကိုယ်တိုင်မသွားဘဲ ဘိက္ခုနီတစ်ပါးပါးကို ဆန္ဒပေးကာ ကိုယ်စားလှယ်ပင် လွှတ်ခဲ့သေးသည်။

ထို့ကြောင့် ဘုရားရှင်က ဘိက္ခုနီများအား တစ်လလျှင်နှစ်ကြိမ် ဩဝါဒခံယူရန် လာရမည်။ မလာလျှင် အာပတ်သင့်စေဟု ပညတ်ချက် ထုတ်ပြန်တော်မူရပြန်လေသည်။

## သွားတော့သွားပါ၏ သို့သော်

ထိုအခါ ရှုပနန္ဒာသည် မသွားလျှင် မဖြစ်တော့၍ ဘုရားရှင်ထံ ဩဝါဒခံယူရန် သွားတော့သွားပါ၏။ သို့သော် ပရိသတ်၏နောက်ကွယ်နားတွင် နေကာ ဘုရားရှင် မမြင်မတွေ့စေရန် ပုန်းကွယ်၍နေခဲ့သည်။

ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဖြစ်သည်နှင့်အညီ သတ္တဝါအားလုံးတို့၏ အတွင်းအပြင် သဘောတို့ကို သိတော်မူသကဲ့သို့ တစ်ဦးချင်း၏ စိတ်နေစိတ်ထားကိုလည်း သိတော်မူသည်။ ထိုသို့ သိတော်မူသည့်အတိုင်းပင် သတ္တဝါဝေနေယျတို့ အကျိုးအတွက် အကျိုးမရှိ ရှိအောင်လည်း ဆောင်ရွက်နိုင်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိမ္မိတအပျိုစင် ဖန်ဆင်းထားပြီ

ဘုရားရှင်သည် ရူပနန္ဒာ၏ အလှမာန်တက်မှု ပြေပျောက်စေရန်နှင့် တရားအသိဝင်လာစေရန် ရည်ရွယ်လျက် ရူပနန္ဒာ၏ အလှထက် ဘက်ပေါင်းစုံမှ သာလွန်သူ ကညာပျိုတစ်ဦးကို ဖန်ဆင်း၍ ဘုရားရှင်အနီး၌ ဘုရားရှင်အား နဝရတ် ခြယ်စီသော ယပ်ဖြင့် ယပ်လေကိုခတ်လျက်နေစေသည်။ ရူပနန္ဒာသည် မိမိထက် ဘက်ပေါင်းစုံမှ သာလွန်သူက ဘုရားရှင်အနီး၌နေကာ ဘုရားရှင်အား ကြည်ညိုလေးမြတ်စွာဖြင့် ယပ်ခတ်နေပုံကို မြင်ရသည့်အခါ သူ့တွင် ရှိသမျှ မာန်မာနသည် အရည်ပျော်ကျသွားတော့သည်။ ထိုအခါမှ ဘုရားရှင်၏ မြင့်မြတ်ပုံ၊ တန်ခိုးတော်နှင့် ပြည့်စုံပုံ စသည်တို့ကို မြင်ရသဖြင့် ယုံကြည်အားထားလာရသည်။

ထို့အကြောင်းများကို ရူပနန္ဒာထေရီ ရဟန္တာဖြစ်ပြီးသောအခါ ဤသို့ ကိုယ်တိုင်ပင် ပြန်လည် ဟောပြတော်မူခဲ့သည်။

သကေန အာနုဘာဝေန၊ ဣတ္ထိံ မာပေသိ သောဘိနိံ။
ဒဿနီယံ သုရုစိရံ၊ မမတောပိ သုရူပိနိံ။

ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် ပြိုင်သူဘက်ကင်း တရားမင်းသည်။ သကေန အာနုဘာဝေန၊ ကိုယ်တော်၏ ဘုန်းတန်ခိုးတော် အာနုဘော်ဖြင့်။ သောဘိနိံ၊ ရုပ်ဆင်းအင်္ဂြာန် ပုံဟန်ဆန်းကြယ် လွန်တင့်တယ်သော။ ဒဿနီယံ၊ ရှုဆဲ၊ မြင်ဆဲ ရောင့်မရဲအောင် လွန်ကဲထပ်လောင်း ကြည့်ရှုဖွယ်လည်း ကောင်းလှသော။ သုရုစိရံ၊ ရုပ်ဝါရောင်ဆင်း ပြောင်ပြောင်ဝင်းသဖြင့် ထိန်လင်းထွန်းတောက်စွာ မူပေထသော။ မမတောပိ သုရူပိနိံ၊ ကျွန်ုပ်မျှမက လှပဂုဏ်နေ ကျက်သရေကွန့်မြူး အညွန့်အဖူးဟု ဆိုလောက်အောင် လှပယဉ်ကျေးပေထသော။ ဣတ္ထိံ၊ မိန်းမရတနာ ကညာထွတ်ထား လှခေါင်ဖျားကို။ မာပေသိ၊ ကရုဏာတော်နှိုးဆော်တဲ့အကြောင်းရင်းဖြင့် ဖန်ဆင်း၍ ပြတော်မူပါပေ၏။

တမဟံ ဝိမှိတာ ဒိသွာ၊ အတိဝိမှိတဒေဟိနိံ။
ဝိန္တယိံ သဖလံ မေတိ၊ နေတ္တလာဘဉ္စ မာနုသံ။

www.burmeseclassic.com



အဟံ၊ ဇနပဒကလျာဏီ တွင်မည်သမုတ် အကျွန်ုပ်သည်။ အတိဝိမှိတ ဒေဟိနီ၊ ရင်ကိုမ၍ မြင်ရသူတိုင်း အလှိုင်းတကြီး လက်ဖျစ်တီး၍ အံ့ချီးဖွယ် ပြည့်စုံ အလှဂုဏ်မောက်ပေထသော။ တံ၊ ထိုနိမ္မိတကညာ၏ ရုပ်သွင်ကို။ ဒိသွာ၊ ရှေ့တော်ပါးတွင် တွေ့မြင်ဒိဌ ကြည့်ရှုရလေသည်ရှိသော်။ ဝိမှိတာ၊ မတွေ့စဖူး မေ့မူးစိတ်ဇော အလွန်ပင် အံ့ဩမိသည်ဖြစ်၍။ မေ၊ ငါရှုပနန္ဒာ အား။ မာနုသံ၊ လူ့ဘဝဌ်ဖြစ်သော။ စက္ခုလာဘဥ္စ မျက်စိကို ရခဲ့ခြင်းသည်ကား။ သဖလံတိ၊ ယခုလို အဆင်းကိုမြင်ရသဖြင့် အလွန်ပင်အကျိုးကြီးပါပေသည် တကားဟူ၍။ စိန္တယိ၊ ကြံစည်တွေးတော်လျက် စိတ်သဘော သက်ဝင်မိ ပါပေ၏။

န ပဥ္စကာလော သုဘဂေ၊ ဥဇ္ဇဂေ် မေ နိဝါသယ။
သီဒန္တိဝ မမင်္ဂါနိ၊ ပသုပ္ပယ မုဟုတ္တကံ။

သုဘဂေ၊ အို့ . . . သုဘလက္ခဏာ အင်္ဂါရုပ်သွင် ရှုချင်စဖွယ် တင့်တယ် ထွန်းသစ် မိတ်ဆွေချစ်။ အယံ၊ ဤအခါသည်ကား။ နပဥ္စကာလော၊ နှုတ်ခွန်း ဆက်ကမ်း မေးမြန်းစိစစ်၍ နေရအံ့သော အချိန်အခါ မဟုတ်ပေ။ မေ၊ ငါ၏။ ဥဇ္ဇဂေ်၊ နူးညံ့ပျော့ပျော့ ရင်ခွင်ပေါ်၌။ နိဝါသယ၊ ချစ်မှုချစ်ဟန်ဖြင့် အမြန်တက်၍ စံလှည့်ပါလော့။ မမင်္ဂါနိ၊ မှီအုံးတန္တ ညှံ့နုလှစွာ ငါ၏ ကိုယ်အင်္ဂါတို့ကို။ သီဒန္တိဝ၊ လျှောကာမှိုကာ နွဲ့ယှဉ်ကာလျှင်။ မုဟုတ္တကံ၊ တစ်ခဏကလေး တမှေးတမှိတ် လောက်ကလေးကို။ ပသုပ္ပယ၊ ခေါ်တာကို မငြင်းပါနှင့် လှရုပ်ဝါသွင်အဆင်းရဲ့ ချစ်ရည်တူ ညီမအံရင်းကဲ့သို့ ရဲတင်းစွာ စက်တော်ခေါ် လှည့်ပါ ပျော်အောင် သိပ်ပါ့မယ်ညီမလေး။

ရှုပနန္ဒာသည် ဖန်ဆင်းထားသော နိမ္မိတလှကညာကို သူ့ရင်ခွင်၌ ခေါ် သိပ်ထားလိုသည်အထိ အလှအပအပေါ် အထင်ကြီးစွဲမက်သူဖြစ်သည်။ နိမ္မိတ လှကညာသည် သူ့ထက်ဘက်ပေါင်းစုံမှ သာလွန်သဖြင့် ညီအစ်မသဖွယ် သဘောထားကာ သူ့ရင်ခွင်၌ ခေါ် သိပ်ထားလိုသည်အထိ နှစ်သက်ခံခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလှအစစ်မဟုတ်

ထိုလှကညာသည် အလွန်အလွန်ကို လှပါ၏။ သူ့ထက် ဘက်ပေါင်းစုံမှ ပိုလွန်၍ လှပါ၏။ သို့သော် တကယ့်အလှ အစစ်မဟုတ်။ နိမ္မိတဖန်ဆင်းထားသည့် အလှရုပ်သာဖြစ်သည်ကိုမူ ရူပနန္ဒာ နောက်တော့မှ သိလာခဲ့ရပေသည်။

သူခေါ် သိပ်ထားလိုသည့် အလှပိုင်ရှင်ကလေးသည် ရူပနန္ဒာ၏ မျက်မှောက်၌ပင် လှရာမှ တဖြည်းဖြည်းပင် ဇရာရုပ်ပေါ် လာသည်။ အဖုအပိန့် အညှိအမည်း အကွက်ကလေးများသည် အလှပိုင်ရှင်၏ကိုယ်၌ တစ်ခဏချင်း ပေါ် ထွက်လာသည်ကိုလည်း ရူပနန္ဒာ မြင်နေရသည်။ ထိုအဖုအပိမ့် အညှိအမည်း အကွက်ကလေးများသည် ငယ်ရာမှ ကြီးလာပြီး ကြီးရာမှ သွေးပြည်တို့ ယိုစီးပေါ် ထွက်လာကြသည်။

ထိုအခါ လှကညာကလေး၏ ရုပ်သွင်သည် မကြည့်ဝံ့စရာ မမြင်ရက်စရာ မသတီစရာ ဖြစ်လာတော့သည်။ တဖြည်းဖြည်းဖြင့် ဖူးဖူးရောင်လာသည်။ ထို့မှတစ်ဆင့် မကြည့်ဝံ့လောက်အောင် ပုံကြွေကျသွားတော့သည်။ ထိုကဲ့သို့ ရုပ်ခန္ဓာတို့၏ အတည်မမြဲ ပြောင်းလဲဖောက်ပြန်ပုံများကို မြင်တွေ့ရသော ရူပနန္ဒာသည် အလွန်ထိတ်လန့်သွားသည်။ ထို့မှ ဘုရားရှင်ဟောကြားသည့် တရားတို့ကို တဖြည်းဖြည်း တစ်စတစ်စ သိမြင်ခံစား နားလည်လာရတော့သည်။

## နန္ဒာနှင့်ကညာရုပ်တို့ အပြန်အလှန်ပြောကြပုံ

ဒုက္ခေန ဒုက္ခိတာ ဟောမိ၊ ဖုသယန္တိ စ ဝေဒနာ။
မဟာ ဒုက္ခေ နိမုဂ္ဂမှိ၊ သရဏံ ဟောဟိ မေ သခီ။

သခီ၊ ရင်ခွင်ပေါ်တွင် ပျော်ပျော်သိပ်ပေ အို. . . ချစ်မိတ်ဆွေ။ အဟံ၊ ကျွန်တော်မသည်။ ဒုက္ခေန၊ ဖူးရောင်ညှိကွက် သွေးပြည်ထွက်၍ မသက်မသာ လွန်စွာ ပင်ပန်း၍ ကြမ်းတမ်းသောဆင်းရဲ ဒုက္ခကြီးဖြင့်။ ဒုက္ခိတာ၊ လိမ်ကာ, လွန့်ကာ ငြီးတွားကာဖြင့် မသက်သာအောင် လွန်စွာ ဆင်းရဲပင်ပန်း၍ နေရ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ဝေဒနာ စ၊ တစ်ကိုယ်လုံးပင် ထိုးကျင်ကိုက်ခဲ ဆင်းရဲလှစွာ ဝေဒနာတို့သည်လည်း၊ ဖုသယန္တိ၊ အပ်သွားချစရာမလပ်အောင် ထိကပ်ဆိုက်ရောက်၍ နေကြပါကုန်၏။ မဟာဒုက္ခေ၊ ဘင်ပုပ်ငရဲ ပြာပူထဲသို့ ဆွဲ၍ချဟန် ပူပန်လောင်စပ် မရပ်မနား အင်အားထန်ပြင်း ဆင်းရဲတွင်း၌။ နိမုဂ္ဂမှိ၊ နစ်မြုပ်သက်ဆင်း၍ အပူတပြင်း ထိုးကျင်လှပါ၏။ သခိ၊ သနားခံ၍ တောင်းပန်သင့်ပေ ချစ်မိတ်ဆွေ။ မေ၊ တလိမ်လိမ် တလွန့်လွန့်နှင့် တွန့်ကာတွန့်ကာ မသက်သာဘဲ ဝေဒနာကြီးလှ ကျွန်တော်မ၏။ သရဏံ၊ ကူဖော်ကယ်ဖော် ဖြေဖျော်သနား အားထားလောက်စွာ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါ ဘုရား။

ကုဟိံ ဝဒနသောဘံ တေ၊ ကုဟိံ တေ တုင်္ဂနာသိကာ။
တမ္ဗဗိမ္ဗ ဝရောဋံ တေ၊ ဝဒနံ တေ ကုဟိံ ဂတံ။

သုဘာဂေ၊ အင်္ဂါတင့်တယ် ကောင်းကြွယ်ပြည့်စုံ လှဂုဏ်ကျက်သရေပြည့်ဖြိုးစေသည့် ချစ်မိတ်ဆွေ။ တေ၊ သင်ချစ်ဆွေနှမ၏။ ဝဒနသောဘံ၊ မကြာမီပင် တွေ့မြင်တုံရ အလှတင့်ဆန်း မျက်နှာပန်းသည်။ ကုဟိံ ဂတံ၊ ဘယ်ကိုရောက်၍ ဘယ်သို့ပျောက်ရှာ လေဘိသနည်း။ တေ၊ သင်ချစ်ဆွေမ၏။ တုင်္ဂနာသိကာ၊ မြင့်သွယ်ချွန်းချွန်း ရွှေကိုသွန်းသို့ လုံးဝန်းဖြောင့်ဟန် ရွှေနှာတံသည်။ ကုဟိံဂတာ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေဘိသနည်း။ တေ၊ သင်ချစ်ဆွေမ၏၊ တမ္ဗဗိမ္ဗ ဝရောဋံ၊ ကောင်းစွာမှည့်ပြီး ကျီးအာသီးနှင့် ပုံမှီးနှိုင်းရာ နီတျာလှဆန်း သင့်နှုတ်ခမ်းသည်။ ကုဟိံ ဂတံ၊ ဘယ်သို့ရောက်၍ ဘယ်သို့ ပျောက်ရှာလေဘိသနည်း၊ တေ၊ သင် ချစ်ဆွေနှမ၏။ ဝဒနံ၊ ပန်းကြာတိုက်သဖွယ် မွှေးကြွယ်ပျံ့သင်း လှခံတွင်းသည်။ ကုဟိံ ဂတံ၊ ဘယ်သို့ရောက်၍ ဘယ်သို့ ပျောက်ရှာလေဘိသနည်း။

ကုဟိံ သသီနိဘံ ဝဏ္ဏံ၊ ကမ္ဗုဂီဝါ ကုဟိံ ဂတာ။
ဒေါ ဠာလောလာ ဝတေ ကဏ္ဏာ၊ ဝေဝဏ္ဏံ သမုပါဂတာ။

သုဘာဂေ၊ အင်္ဂါတင့်တယ် ကောင်းကြွယ်ပြည့်စုံ လှဂုဏ်ကျက်သရေပြည့်ဖြိုးဝေသည့် ချစ်မိတ်ဆွေ။ သသီနိဘံ၊ စန္ဒာဘုံနန်း ယုန်စန်းအသွင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်အေးမြ ရှုတိုင်းလှသော။ တေ၊ သင်ချစ်ဆွေနှမ၏၊ ဝဏ္ဏ၊ ပြောင်ပြောင် ထိန်လင်း ကိုယ်အဆင်းသည်။ ကုဟိံ ဂတာ၊ ဘယ်သို့ရောက်၍ ဘယ်သို့ ပျောက်ရှာလေဘိသနည်း။ ကမ္ဗုဂီဝါ၊ ရွှေမုရိုးစည်သဖွယ် ကြော့သွယ်သေးသေး ရွှေလည်တိုင်မော့ကလေးသည်။ ကုဟိံဂတာ၊ ဘယ်သို့ရောက်၍ ဘယ်သို့ ပျောက်ရှာလေဘိသနည်း။ ဒေါဠာလောလာဝ၊ မြအေးယဉ်နွဲ့သလို တလွဲ့လွဲ့ လှုပ်၍နေသော။ တေ၊ သင်ချစ်ဆွေ နှမ၏။ ကဏ္ဏာ၊ ပတ္တမြားစိန် အရှိန် လက်လက် နားကလေးနှစ်ဖက်တို့သည်။ ကုဟိံဂတာ၊ ဘယ်သို့ရောက်၍ ဘယ်သို့ ပျောက်ရှာလေကုန်ဘိသနည်း။ ဝေဝဏ္ဏာ၊ ရှေးနှင့်မတူ အမူအဆင်း ပျောက်ယွင်းခြင်းသို့။ သမုပါဂတာ၊ သိသိသာသာ မြင့်ဆဲမှာပင် လျင်စွာ ဆိုက်ရောက်ကြလေကုန်တော့ပြီတကား။

မကုဋ္ဌခါရကာကာရာ၊ ကလိကာဝ ပဓေယ္ဘာရော။
ပဘိန္နာ ပူတိကုဏပါ၊ ဒုဌဂန္ဓိတ္တမာဂတာ။

သုဘာဂေ၊ အင်္ဂါတင့်တယ် ကောင်းကြွယ်ပြည့်စုံ လှဂုဏ်ကျက်သရေ ပြည့်ဖြိုးဝေသည့် ချစ်မိတ်ဆွေ။ တေ၊ သင်ချစ်ဆွေနှမ၏။ မကုဋ္ဌခါရကာကာရာ၊ ရွှေတည်သီးပုံ ပုန်းငုံ့ ပန်းဖူး ဆန်းထူးမောက်မို့ နှစ်လို့စဖွယ် လွန်တင့်တယ် ကုန်ထသော။ ပယောဓရာ၊ ရင်ဦးရတနာ နှစ်ဖြာယှက်စုံ ပန်းနှစ်ငုံတို့သည်။ ကလိကာဝ၊ ပျောင်းအိရော့ရဲ မကြော့ဘဲလျှင် တွဲရရွဲကျ၍ နေကြကုန်ပြီ တကား။ ပဘိန္နာ၊ ဖူးဖူးရောင်လျက် အခြေပျက်၍ ကွဲအက်ပွင့်ပေါက် ရှာကြ လေကုန်ပြီတကား။ ပူတိကုဏ ပါ၊ အကောင်ပုပ်ကဲ့သို့ စက်ဆုပ်ထို့ဖွယ် ရွံစဖွယ် လျှင် တင့်တယ်ကင်းပ ပျက်စီးကြကုန်ပြီတကား။ တွံ၊ သင်ချစ်ဆွေနှမသည်။ ဒုဌဂန္ဓိတ္တံ၊ ညှီဟောင်ပုပ်သိုး အနံ့ဆိုးသည်၏ အဖြစ်သို့။ အာဂတာ၊ ယခု မျက်မှောက်မှာ ဆိုက်ရောက်၍ နေချေပြီတကား။

ဝေဒိမဇ္ဈာဝ သုသောဏီ၊ သူနာဝနီတကိဗ္ဗိသာ။
ဇာတာ အမေဇ္ဈဘရိတာ၊ အဟော ရူပမသဿတံ။

သုဘာဂေ၊ အင်္ဂါတင့်တယ် ကောင်းကြွယ်ပြည့်စုံ လှဂုဏ်ကျက်သရေ ပြည့်ဖြိုးဝေသည့် အို. . . ချစ်မိတ်ဆွေ။ ဝေဒိမဇ္ဈာဝ၊ ရွှေပွတ်တိုင် အလယ်

www.burmeseclassic.com

www.burmeseclassic.com



ချက်နှင့် တူသော။ တေ၊ သင်ချစ်ဆွေနှမ၏။ သုသောဏိ၊ တင်ချီချီ, ရင်ချီချီ အလယ်ဆီမှာ သိမ်သေး၍ တင့်တယ်တဲ့ ရွှေတိုင်ကလေးသည်။ ဒါနိ၊ အခု အခါ၌။ သူနာဝနီတကိဗ္ဗိသာ၊ ဖူးဖူးရောင်သော သူသေကောင်ကဲ့သို့ မမြင်ဝံ့အောင် အသွင်မကောင်းဘဲ ဖောင်းဖောင်းပွပွကြီး ဖြစ်၍နေပြီတကား။ အမေဇ္ဈဘရိတာ၊ မစင်ဖြင့် ပြည့်သိပ်သော သားရေအိတ် အပွကြီးကဲ့သို့။ ဇာတာ၊ ဖြစ်၍နေခဲ့ပါပြီတကား။ ရူပံ၊ လှတယ်, ယဉ်တယ်, ခင်ဖွယ်ထင်ခြင်း ရုပ်အဆင်းသည်၊ အဟော သ-သဿတံ၊ ကြာမြင့်အောင် မတည်နိုင်တဲ့ ခြော်. . . မခိုင်မြဲသော သဘောကြီး ရှိပါသည်တကား။

သဇ္ဇံ သရီရသင်္ဃာတံ၊ ပူ တိဂန္ဓိ ဘယာနကံ။
သုသာနမိဝ ဗီဘစ္ဆံ၊ ရမန္တေ ယတ္ထ ဗာလိသာ။

သဇ္ဇံ သရီရသင်္ဃာတံ၊ သည်ကိုယ်ကြီးနှင့် စပ်ဆိုင်သမျှ လုံးဝမကြွင်း ခပင်း များစွာအရာရာသည်။ ပူတိဂန္ဓိ စက်ဆုပ်ဖွယ်အနံ့ဆိုးဖြင့် သိုးပုပ်ညှီဟောက်၍သာ နေကြလေသည်တကား။ ဘယာနကံ၊ မရှုဝံ့ မမြင်သာသဖြင့် မျက်နှာလွှဲရှောင်၍ ဝေးအောင်ပြေးပုန်းရသော ဘေးတုံး, ဘေးခဲ, အစစ်ကြီးတွေသာ ဖြစ်ကြလေသည်တကား။ သုသာနမိဝ၊ သူသေမြှုပ်နှံ မြေသုသာန်ကဲ့သို့။ ဗီဘစ္ဆံ၊ အသံကိုမျှ မကြားဝံ့အောင် ကြောက်ရွံ့ကာ သွေးခုန်၍ နှလုံးတုန်ဖွယ် အစစ်ကြီးပင်တည်း။ ယတ္ထ၊ အကြင်စက်ဆုပ်ရွံဖွယ် မတင့်တယ်၍ အကယ်သိုးပုပ် ဤကိုယ်ရုပ်၌။ ဗာလိသာ၊ တရားသဘော တွေးတောမရှိ မသိယောင်ဝါး လူငနွားတို့သည်။ ရမန္တေ၊ မလွှတ်နိုင်ဘဲ မခွဲနိုင်ရက် မက်ကြီးမက်၍ နှစ်သက်ခြိမ့်အုံး တပြုံးပြုံးနှင့် သုံးကာဆောင်ကာ ပျော်နေကြကုန်သတည်း။

ထိုအခါ ဘုရားရှင်သည် ရူပနန္ဒာ၏ အသိအမြင် ရင့်ကျက်ပြောင်းလဲလာပုံကို သိတော်မူသဖြင့် ဤသို့ ဟောတော်မူပြန်သည်။

## သောတာပန်ဖြစ်ပြီ

အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

www.burmeseclassic.com

www.burmeseclassic.com



ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
ဓာတုတော သုညတော ပဿ၊ မာ လောကံ ပုနရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တာ စရိဿသိ။

နန္ဒေ၊ ချစ်သမီး ရူပနန္ဒာ။ ဣဒံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်။ အနိစ္စာဒိဓမ္မံ့ယထာ၊ မမြဲသောအနိစ္စ သဘောရှိသကဲ့သို့။ ဧတံ၊ ထိုဗဟိဒ္ဓ သင်မြင်ရသည့် အပြင်အပကိုယ်သည်။ ဥဒ္ဓုမာတကာဒိဘာဝပ္ပတ္တံ့ယထာ၊ အစဉ်အတိုင်း အရွယ်အစုစု အနုအရင့်တွေကို စွန့်ကာ ဖူးဖူးရောင်သော သူကောင်စသည်အဖြစ်သို့ ရောက်သကဲ့သို့။ ဣဒံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ ကိုယ်သည်။ တထာ၊ ထို့အတူ အရွယ်အစုစု အနုအရင့်တွေကို စွန့်၍ ဖူးဖူးရောင်သော သူကောင်စသည်အဖြစ်သို့ရောက်သည်။ ဘဝိဿတိ၊ စင်စစ်ကေန်ဖြစ်လတ္တံ့။ တွံ၊ သင်ချစ်သမီးသည်။ ကာယဒွယံ၊ အဇ္ဈတ္တဗဟိဒ္ဓ ကိုယ်ကာယနှစ်ပါးအပေါင်းကို။ ဓာတုတော၊ ပထဝီစသော ဓာတ်အားဖြင့်။ သုညတော၊ အတ္တ အတ္တနိယ စသည်မှ ဆိတ်သုဉ်းသောအားဖြင့်။ ပဿ-ပဿာဟိ၊ ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုပါလေလော့။ လောကံ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကသို့။ မာပုနအာဂမိ၊ တစ်ဖန်ထပ်လျှောက် ချစ်သမီး မလာရောက်ချင်နှင့်။ ဘဝေ၊ ကာမ, ရူပ, အရူပအားဖြင့် ဘဝသုံးဆင့်၌။ ဆန္ဒံ၊ တွယ်တာစုံမက် တပ်နှစ်သက်သည့် တဏှာဆန္ဒကို။ ဝိရာဇေတွာ၊ သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်လှန်ဖြတ်ရှင်း ကင်းစေသည်ရှိသော်။ တွံ၊ သင်ချစ်သမီးသည်။ ဥပသန္တာ၊ ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်သည်ဖြစ်၍။ စရိဿသိ၊ ချမ်းကြည်အေးမြ ဘေးမခဘဲ နေရပါလိမ့်မည်။

ဤသို့ဘုရားရှင်က ဟောတော်မူပြီးသောအခါ ဇနပဒကလျာဏီခေါ် ရူပနန္ဒာထေရီသည် သောတာပတ္တိ ဖိုလ်၌တည်လေ၏။

ထို့နောက် ဘုရားရှင်သည် ရူပနန္ဒာထေရီ အထက်မဂ်ဖိုလ်တို့ကို ဆက်လက်၍ ရရှိစေရန် သုညတ အခြံအရံရှိသည့် ဝိပဿနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူလိုသဖြင့် ဝိဇယသုတ္တန်ကို ဟောတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာဖြစ်ပြီ

ရူပနန္ဒာထေရီသည် ဝိဇယသုတ္တန်ဒေသနာတော်ကို အဖန်ဖန် နှလုံးသွင်းလျက် သုညတကမ္မဋ္ဌာန်းကို စည်းဖြန်းကြိုးကုတ်အားထုတ်ပွားများသည်။ ထို့နောက် နှစ်ရက်သုံးရက်အတွင်း၌ပင် ရူပနန္ဒာထေရီသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာ ဖြစ်လေ၏။

## ဧတဒဂ်ဘွဲ့ထူးရရှိ

ရူပနန္ဒာထေရီသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအချိန်မှစ၍ ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်ကြသော ဘိက္ခုနီတို့တွင် အထွတ်အဦးရောက်အောင် ထူးချွန်စွာ ဈာန်ဝင်စားသူဖြစ်လေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် အစဉ်အတိုင်း ဘိက္ခုနီတို့ကို ဧတဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူသည်ရှိသော် နန္ဒာထေရီ ဘိက္ခုနီကို ဤသို့ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးလေ၏။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဈာယီနံ ယဒိဒံ နန္ဒာ။

ရဟန်းတို့ ဈာန်ဝင်စားလေ့ရှိကြသော ငါဘုရား၏တပည့်မ သာဝိကာ ဘိက္ခုနီတို့တွင် နန္ဒာထေရီ ဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

**ရူပနန္ဒာထေရီအပဒါန်ဝတ္ထု ပြီး၏။**

■ ■ ■

---

ရူပနန္ဒာထေရီအား ဘုရားရှင်ဟောသော ဝိဇယသုတ္တန်သည် အလွန်သိဖွယ်၊ မှတ်ဖွယ်၊ ကျင့်ဖွယ်ကောင်းသော တရားတော်ဖြစ်သည်။ အသီးအခြား မရှာဖွေရဘဲ စာဖတ်သူတို့ လေ့လာနိုင်ရန် တိပိဋကဓရဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်မှ ကူးယူဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိဇယသုတ္တန်ပါဠိ၊ အနက်နှင့်အဓိပ္ပာယ်

ဤသုတ္တန်ကား သုတ္တနိပါတ်ပါဠိတော်၌ ပါရှိသည်။ ဝိဇယသုတ္တန်ဟူ၍လည်းကောင်း၊ ကာယဝိစ္ဆန္ဒနိကသုတ္တန်ဟူ၍လည်းကောင်း၊ နန္ဒသုတ္တန်ဟူ၍လည်းကောင်း ခေါ်သည်။ ဝိဇယသုတ္တန်၏ အဓိပ္ပာယ်မှာ ကိုယ်ကာယ၌ တပ်မက်သော ဆန္ဒရာဂကို အောင်နိုင်ကြောင်းဖြစ်သောကြောင့် ဝိဇယသုတ္တန်ဟု ခေါ်သည်။ ကိုယ်ကာယ၌ တပ်မက်သော တဏှာလောဘကို ဖြတ်ပယ်ကြောင်းဖြစ်သောကြောင့် ကာယဝိစ္ဆန္ဒနိက သုတ္တန်ဟူ၍လည်း ခေါ်သည်။ [ဇနပဒကလျာဏီ နန္ဒာထေရီကိုအကြောင်းပြု၍ သာဝတ္ထိပြည်၌ ဤသုတ္တန်ကို ပထမအကြိမ် မြတ်စွာဘုရား ဟောတော်မူသဖြင့် နန္ဒသုတ္တန်ဟု ခေါ်ခြင်းဖြစ်သည်။ ဒုတိယအကြိမ်အဖြစ် ရာဇဂြိုဟ်၌ ဟောတော်မူခြင်းမှာ သီရိမာပြည့်တန်ဆာမကို အကြောင်းပြုကာ ဟောတော်မူခြင်း ဖြစ်သည်။]

စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။

စရံဝါ၊ သွားလည်း သွား၏။ ယဒိ၊ ထိုမျှ။ တိဋ္ဌံဝါ၊ ရပ်လည်းရပ်တည်၏။ နိသိန္နောဝါ၊ ထိုင်လည်းထိုင်နေ၏။ ဥဒ၊ ထိုမျှ။ သယံဝါ၊ လျောင်းလည်းလျောင်းစက်၏။ သမိဉ္ဇေတိ၊ ထိုထို အဆစ်တို့ကို ကွေးလည်းကွေးညွတ်၏။ ပသာရေတိ၊ ဆန့်လည်း ဆန့်တန်း၏။ ဧသာ၊ ဤ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ရှေ့နှောင်း တက်၊ ဆုတ်၊ ကွေးရုပ်၊ ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဣဉ္ဇနာ၊ လှုပ်ရှားမှုသာတည်း။

(ဤဂါထာဖြင့် ဤဆိုလတ္တံ့သော အနက်အဓိပ္ပာယ်ကို ဖော်ပြသည်)

ဤခန္ဓာကိုယ်၌ အခြားတစ်ပါးသော တစ်စုံတစ်ယောက်သော သွားတတ်သူပုဂ္ဂိုလ်သတ္တဝါ၊ ရပ်တတ်သူပုဂ္ဂိုလ်သတ္တဝါ၊ (ပ) ဆန့်တတ်သူပုဂ္ဂိုလ်သတ္တဝါ စသည်ဟူ၍ မရှိ၊ စင်စစ်သော်ကား-

(က) သွားလို ရပ်လို ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။

(ခ) စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော့ကိုယ်ဝယ်ပြည့်၊

(ဂ) ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော်သွားပေ၏။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။

(င) ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။

(စ) ပုဂ္ဂိုလ်မထိုင်၊ ငါ မထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။

(ဆ) ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့် သိ။

(ဇ) ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။

(ဈ) ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့် ရုပ်ဆန့်ဉာဏ်ဖြင့်သိ ဟူသည့်အတိုင်း

(၁) သွားလိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့လေသည်။

ထိုသို့ ဝါယော ဓာတ် တစ်ကိုယ်လုံး ပျံ့နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ သွားလိုရာအရပ်သို့ ရှေ့ရှုဆောင်ခြင်းသည် ဖြစ်၏။ သွားလိုရာ အရပ်တစ်ပါး ဘက်၌ သွားသော အမူအရာအားဖြင့် ရုပ်ထူးကို ထင်ရှားဖြစ်ပေါ်လာကြ၏ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အဆက်ဆက်တို့၏ သွားသော အမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) 'သွား၏' ဟူ၍ လောကပညတ်ခေါ် ဆိုအပ်ပေသည်။

(၂) ထို့အတူ ရပ်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လေသည်။ ထိုသို့ ဝါယောဓာတ် တစ်ကိုယ်လုံး ပျံ့နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ မတ်မတ်စိုက်ထောင်ခြင်းသည် ဖြစ်၏။ အထက် အထက်ဌာနဖြင့် ရုပ်အထူးတို့၏ အဆင့်ဆင့် ဖြစ်ပေါ်ခြင်း ဖြစ်သည်ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အဆက်ဆက်တို့ အောက်နှင့်အထက် အဆင့်ဆင့်ရပ်သော အမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်သည် ကိုပင်) 'ရပ်၏'ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

(၃) ထို့အတူ ထိုင်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လေသည်။ ထိုသို့ ဝါယောဓာတ် တစ်ကိုယ်လုံး ပျံ့နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ အောက်ပိုင်းက ကွေးသော အမူအရာ၊ အထက်ပိုင်းကစိုက်ထောင်သောအမူအရာဖြစ်ပေါ်လာ၏၊အောက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကိုယ်ကာယက ကွေးသောအမူအရာ၊ အထက်ပိုင်း ကိုယ်ကာယက စိုက်ထောင်သော အမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှားဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်။ ထိုသို့ရုပ်အထူးတို့ ထိုင်သောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) 'ထိုင်၏' ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

(၄) ထို့အတူ လျောင်းလို အိပ်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လေသည်။ ထိုသို့ ဝါယောဓာတ် တစ်ကိုယ်လုံး ပျံ့နှံ့ခြင်းကြောင့် ကိုယ်ကာယ၏ ဖီလာကန့်လန့် ဆန့်သော အခြင်းအရာ ဖြစ်ပေါ်လာ၏။ ဖီလာကန့်လန့် ဆန့်သောအမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှားဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အထူးတို့ ဖီလာကန့်လန့် ဆန့်သောအမူအရာ = လျောင်းအိပ်သော အမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) 'လျောင်း၏=အိပ်၏' ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

ထို့အတူ 'ကွေး၏ ဆန့်၏' ဟု ဆိုရာ၌လည်း ကွေးလို၊ ဆန့်လိုသောစိတ် ဖြစ်လတ်သော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် ထိုထိုအဆစ်တို့သို့ ပျံ့နှံ့လေသည်။ ထိုသို့ ဝါယောဓာတ် ပျံ့နှံ့ခြင်းကြောင့် အဆစ်တို့၏ ကွေးသောအမူအရာ၊ ဆန့်သောအမူအရာ ဖြစ်ပေါ်လာလေသည်။ ကွေးသောအမူအရာ၊ ဆန့်သောအမူအရာဖြင့် ရုပ်အထူးတို့ ထင်ရှားဖြစ်ပေါ်ကြသည်ဟု ဆိုလိုသည်။ ထိုသို့ ရုပ်အထူးတို့ ကွေးသော အမူအရာ၊ ဆန့်သောအမူအရာဖြင့် ဖြစ်ကြသောကြောင့်ပင် (ဝါ-ဖြစ်ကြသည်ကိုပင်) 'ကွေး၏၊ ဆန့်၏'ဟူ၍ လောကပညတ် ခေါ်ဆိုအပ်လေသည်။

ထို့ကြောင့် ဖော်ပြပါ လောကပညတ် ခေါ်ဆိုအပ်သည့် သွားမှု၊ ရပ် မှု၊ ထိုင်မှု၊ လျောင်းမှု၊ အိမ်မှု၊ ကွေးမှု၊ ဆန့်မှု အမူအရာ အစုစုသည် ဤကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာဖြစ်၏။ ထိုထိုအမူအရာဖြင့် ရုပ်တရားအထူးတို့ ထင်ရှားဖြစ်ပေါ်မှုသာဖြစ်၏ဟု ဆိုလိုသည်။

ဤခန္ဓာကိုယ်၌ အခြားတစ်ပါး တစ်စုံတစ်ယောက်သွားတတ်သော ပုဂ္ဂိုလ်သတ္တဝါ၊ ရပ်တတ်သော၊ ထိုင်တတ်သော၊ လျောင်းတတ်၊ အိပ်တတ်သော၊ ကွေးတတ်သော ပုဂ္ဂိုလ်သတ္တဝါ၊ ဆန့်တတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမှ ဆိတ်သုဉ်း၏။ စင်စစ်သော်ကား. . .

www.burmeseclassic.com

www.burmeseclassic.com



စိတ္တနာနတ္တမာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ။

စိတ်ထူးခြားမှုကို အစွဲပြု၍ ဝါယောဓာတ်၏ ထူးခြားမှုသည် ဖြစ်၏။ ဝါယောဓာတ် ထူးခြားမှုကြောင့် ဤကိုယ်ခန္ဓာ၏ လှုပ်ရှားမှု အထူးထူး အထွေထွေ ဖြစ်ပေါ်လေသည်။ ဤကား ဤဂါထာ၌ ပရမတ္ထသဘော အနက် အဓိပ္ပါယ်တည်း။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဤပထမဂါထာဖြင့် အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ = သုံးပါးကို ထင်ရှားပြတော်မူ၏။ ပြတော်မူပုံမှာ -

သွား, ရပ်, ထိုင်, လျောင်း = ဣရိယာပုထ် လေးပါးတို့အနက် တစ်ခုသော ဣရိယာပုထ်၌ ကြာမြင့်စွာနေသဖြင့် ကိုယ်ဆင်းရဲနာကျင်မှုသည် ဖြစ်ပေါ်လာ၏။ ထိုကိုယ်ဆင်းရဲနာကျင်မှုကို ပယ်ဖျောက်ရန် အခြား ဣရိယာပုထ်တစ်ပါးသို့ ပြောင်းလဲမှုကို ပြုရတော့၏။ ကိုယ်ဆင်းရဲနာကျင်မှု = ဒုက္ခသဘော လက္ခဏာကို ဣရိယာပုထ်ဖြင့် ဖုံးထားအပ်လေသည်။ ဝါ-ဒုက္ခသဘော လက္ခဏာ မပေါ်နိုင်အောင် အခြားဣရိယာပုထ် တစ်ပါးပါးဖြင့် ပြောင်းလဲဖုံးအုပ်၍ ထားလေသည်။

ထို့ကြောင့် 'ဒုက္ခ လက္ခဏာကို ဣရိယာပုထ်ဖုံးအုပ်သည်'ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။ သို့ရကား 'စရံ ဝါ ယဒိ ဝါ တိဋ္ဌံ' စသော ဂါထာ သုံးပိုဒ်ဖြင့် ဣရိယာပုထ် တစ်မျိုးတစ်မျိုး ပြောင်းလဲဖုံးအုပ်၍ထားအပ်သော ဒုက္ခလက္ခဏာကို ပြတော်မူ၏။ (ကိုယ်ဆင်းရဲသောကြောင့် ဣရိယာပုထ် အမျိုးမျိုး ပြောင်းလဲရမှုတည်းဟူသော အကျိုးကို ဖော်ပြသဖြင့် အကြောင်းဖြစ်သည့် ကိုယ်ဆင်းရဲမှု = ဒုက္ခလက္ခဏာကို သိရလေသည်)။

ထို့အတူ သွားသောအခါ၌ ရပ်ခြင်း စသည်တို့ မရှိသောကြောင့် 'ဧသာ ကာယဿ ဣဉ္ဇနာ = ဤသွား, ရပ်, ထိုင်, လျောင်း, ရှေ့နောင်းတက်, ဆုတ်, ကွေးရှုပ်, ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာတည်း' ဟု ဟောတော်မူသော မြတ်စွာဘုရားရှင်သည် သန္တတိဖြင့် ဖုံးလွှမ်းအပ်သော အနိစ္စလက္ခဏာကို ပြတော်မူ၏။

34A ပေမဒိုက္ခပါဒါန်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်တရားတို့၏ အဆက်မပြတ် ဖြစ်ပွားနေမှုကို သန္တတိဟူ၍ ခေါ်ဆိုသည်။ ယင်းသို့ ရုပ်နာမ်တို့၏ အဆက်မပြတ် ဖြစ်ပွားနေမှု = သန္တတိကြောင့် ထိုရုပ်နာမ်တရားတို့၏ သူ့ခဏနှင့် သူ ချုပ်ပျောက်ပျက်ဆုံး၍ သွားမှုတည်းဟူသော = အနိစ္စလက္ခဏာကို မမြင်ရခြင်းဖြစ်သည်။ ထိုအကြောင်းကို အစွဲပြု၍ 'အနိစ္စလက္ခဏာကို သန္တတိ ဖုံးအုပ်ထားသည်' ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။ 'သော ကာယဿ ဣဋ္ဌနာ = ဤ သွား, ရပ်, ထိုင်, လျောင်း, ရှေ့, နောင်းတက်, ဆုတ်, ကွေးရုပ်, ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုသာတည်း' ဟု ဟောတော်မူလိုက်ခြင်းဖြင့်. . .

'ဣရိယာပုတ် အမူအရာ တစ်ခုတစ်ခု၌ သဘောတူသောနာမ်ရုပ် တစ်စုတစ်စု တို့ အဆက်မပြတ် ဖြစ်ပေါ်နေကြသည်။ ဣရိယာပုတ်တစ်ပါး အမူအရာတပါး ပြောင်းလဲသွားသောအခါ ထိုနာမ်ရုပ် တရားတို့သည် အစုလိုက် အစုလိုက်ပင် ပြောင်းလဲ၍ သွားကြသည် = ချုပ်ပျောက်၍သွားကြသည်' ဟူသော အနက်အဓိပ္ပါယ်ကို သိစေတော်မူ၏။

ထို့ကြောင့် ထိုနောက်ဆုံး စတုတ္ထပိုဒ်ဖြင့် သန္တတိဖြင့် ဖုံးလွှမ်းထားသည့် အနိစ္စလက္ခဏာကို မြတ်စွာဘုရား ထင်ရှားပြတော်မူသည်ဟု အဓိပ္ပါယ်ကို သိရလေသည်။

ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ပရမတ္ထ သဘာဝ စင်စစ်အားဖြင့် သွားလို ရပ်လို, ထိုင်လို, လျောင်းလိုသောစိတ်ကြောင့် စိတ္တဇဝါယောဓာတ်ဖြစ်သည်။ ထို ဝါယောဓာတ် တစ်ကိုယ်လုံး ပျံ့နှံ့သောကြောင့် သွားသော အမူအရာ, ရပ်သော အမူအရာ, ထိုင်သော အမူအရာ, လျောင်းသောအမူအရာဖြင့် ရုပ်အထူးတို့ ဖြစ်ကြသည်။

ထိုသို့ဖြစ်ကြသည်ကိုပင် လောက ပညတ်အားဖြင့် သွားသည်, ရပ်သည်, ထိုင်သည်, လျောင်းသည်, ရှေ့သို့တက်သည်, နောက်သို့ ဆုတ်သည်, ကွေးသည်, ဆန့်သည်ဟူ၍ ခေါ်ဆိုအပ်လေသည်။ ပရမတ္ထ အားဖြင့်ကား ထိုထို အကြောင်း စုပေါင်းညီညွတ်သဖြင့် ရုပ်အထူးတို့ဖြစ်ကြခြင်းသာ ဖြစ်သည်။ ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၏ ဆိုင်ရာအကြောင်း စုပေါင်းညီညွတ်သဖြင့် ထိုထို

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်း, ရပ်ခြင်းစသော အမူအရာအားဖြင့် ရုပ်အထူး တို့၏ ဖြစ်ကြခြင်းသာ ဟုဆိုလိုသည်။

ဤအချက်ကို လေးနက်စွာ မသိသောကြောင့် အတ္တဝါဒသမားတို့က 'အတ္တလိပ်ပြာသည်ပင် သွား၏, ရပ်၏, ထိုင်၏, လျောင်း၏'ဟု ပြောဆိုကြလေသည်။ ထိုသူတို့ အလိုအားဖြင့် 'အတ္တ လိပ်ပြာ၏ သွားမှု, ထိုင်မှု, လျောင်းမှု' ဟု ဆိုကြသည်ကို မြတ်စွာဘုရားရှင်က 'အတ္တလိပ်ပြာ၏ သွားမှု, ရပ်မှု, ထိုင်မှု, လျောင်းမှုမဟုတ်။ သော ကာယဿ ဣဠနာ = ဤ အပြုအမူ အလုံးစုံသည် ကိုယ်ခန္ဓာ၏ လှုပ်ရှားမှု ထိုထိုအကြောင်း စုပေါင်းညီညွတ်သဖြင့် ထိုထို အမူအရာအားဖြင့် ရုပ်အထူးတို့၏ ထင်ရှားဖြစ်ပွားခြင်းမျှသာ ဖြစ်သည်'ဟု ဟောတော်မူသည်။

## ယနလေးပါး

ဤ၌ (၁) သန္တတိယန၊ (၂) သမူဟယန၊ (၃) ကိစ္စယန၊ (၄) အာရမ္မဏယန ဟူ၍ ယနလေးပါးရှိသည်။

(၁) ထိုလေးပါးတို့တွင် ရှေ့နောက်ဖြစ်သော ရုပ်နာမ်တရားတို့၏ အခြားမရှိ အကြားမထင်သောအားဖြင့် တရားလုံး တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်း စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သန္တတိယန မည်၏။

ဤ၌ 'အခြားမရှိသောအားဖြင့်ဖြစ်ခြင်း' ဟူသည်မှာ ရှေ့တရား၏ ဘင်ခဏနှင့် ပြိုင်လျက် နောက်တရားကဖြစ်ခြင်း တစ်နည်း ရှေ့တရားချုပ်သည်၏ အခြားမဲ့မှာပင် နောက်တရားက ထင်ရှားဖြစ်ခြင်းကို ဆိုလိုသည်။

၎င်းကို (ပုရိမပစ္ဆိမာနံ နိရန္တရတာ = ရှေ့တရား နောက်တရားတို့၏ အကြားမရှိ ဖြစ်သည်၏အဖြစ်)ဟူ၍ ဋီကာဆရာကြီးများ ခေါ်ဆို အသုံးပြုတော်မူကြသည်။ ယင်းကဲ့သို့ အခြားမရှိ အကြားမထင်အောင် ဖြစ်ပွားခြင်းဖြင့် အဖြစ်တရားဘက်က အားရှိကာ ဖုံးလွှမ်းအပ်သကဲ့သို့ဖြစ်၍ အပျက်တရားဘက်က မထင်ရှားသောကြောင့် 'ယခု တွေ့မြင်ရသော တရားသည် ယခင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသော တရားပင်တည်း'ဟု မှတ်ယူသောအနေဖြင့် လူများအပေါင်းတို့ ဖောက်ပြန်ထွေပြား အထင်မှား အမှတ်မှားကြရလေသည်။ ဤသဘောကို 'ထင်းမီးစတစ်ခုကို ကိုင်၍ ဝှေ့ယမ်းလျှင် မီးဝိုင်းကြီးဟု ထင်ရမှု'က သက်သေခံလျက်ရှိသည်။ ဤကား သန္တတိဃနတည်း။

(၂) ဖဿ-အစရှိသော နာမ်တရား, ပထဝီ-အစရှိသော ရုပ်တရားတို့၏ ထိုထို နာမ်ကလာပ် ရုပ်ကလာပ်တို့၌ တစ်ပေါင်းတည်း တစ်စုတည်းအနေဖြင့် ပရမတ္ထတရားသား တစ်ခုတည်းကဲ့သို့ ထင်မှတ်ရအောင် စုလျက်တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းသည် သမူဟဃနမည်၏။

နာမ်တရား ရုပ်တရားတို့သည် ဖြစ်ပွားကြသောအခါ တရားလုံး (သဘာဝသတ္တိ) တစ်ခုတည်းသာ ဖြစ်ကြသည်မဟုတ်။ နာမ် တရားဘက်ကလည်း အနည်းဆုံး ရှစ်မျိုး (စက္ခုဝိညာဉ်နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးကို ဆိုလိုသည်။) ရုပ်တရားဘက်ကလည်း အနည်းဆုံး ရှစ်မျိုးပင် (အဋ္ဌကလာပ်ရုပ်ကို ရည်ညွှန်းသည်) ဖြစ်ပွားကြသည်။ ယင်းကဲ့သို့ အနည်းဆုံး သဘာဝသတ္တိရှစ်မျိုးတို့ သဘာဝသတ္တိတစ်မျိုးတည်းဟု ထင်မှတ်ယူရအောင် စုလျက် ပေါင်းလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းကို သမူဟဃနခေါ်သည် ဟု ဆိုလိုသည်။ ဤကား သမူဟဃနတည်း။

(၃) နာမ်ကလာပ်တစ်ခုတစ်ခု, ရုပ်ကလာပ်တစ်ခုတစ်ခု၌ ပါရှိကြသည့် နာမ်တရား ရုပ်တရားအသီးသီးတို့သည် ဆိုင်ရာဆိုင်ရာ မိမိမိမိတို့၏ ကိစ္စအလုပ်တို့ကို ပြုလုပ်ပြီးပြေစေကြလျက် ဖြစ်ပွားကြလေသည်။ ထိုသို့ ဖြစ်ပွားကြရာ၌ (အဘိဓမ္မာ ဉာဏ်ပညာမျက်စိ မရှိသောသူတို့အဖို့မှာ) ဤကား ဖဿ၏အလုပ်ကိစ္စ, ဤကား ဝေဒနာ၏အလုပ်ကိစ္စ, ဤကား သညာ၏အလုပ်ကိစ္စ စသည်ဖြင့်လည်းကောင်း၊ ဤကား ပထဝီ၏ကိစ္စ၊ ဤကား အာပေါ၏ကိစ္စ၊ ဤကား ဝါယော၏ကိစ္စ၊ ဤကား တေဇော၏ကိစ္စ စသည်ဖြင့်လည်းကောင်း အလုပ်ကိစ္စအထူးကို သိဖို့ရန် ခဲယဉ်းလှကုန်၏။ ယင်းသို့ နာမ်တရား ရုပ်တရားတို့၏ မိမိတို့၏ ဆိုင်ရာကိစ္စအထူးကို သိနိုင်ခဲသောအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တရားလုံး တစ်ခုတည်းဟု ထင်မှတ်ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားမှုကို ကိစ္စဃနခေါ်သည်။ ဤကား ကိစ္စဃနတည်း။

(၄) နာမ်ကလာပ်တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုနာမ်တရားတို့၏ အာရုံ တစ်ခုကို စု၍ပေါင်း၍ အာရုံပြုသောအနေဖြင့်လည်းကောင်း၊ ရုပ်ကလာပ် တစ်ခုတစ်ခု၌ ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံတစ်ခုတည်းအနေဖြင့် လည်းကောင်း ပရမတ္ထတရားသာ (သဘာဝသတ္တိ) တစ်ခုတည်းဟု ထင်မှတ် ရအောင် စုလျက် တွဲလျက် ခဲလျက် ဖြစ်ပွားခြင်းကို အာရမ္မဏဃန ခေါ်သည်။ ဤကား အာရမ္မဏဃနတည်း။

အချုပ်အားဖြင့် အကြောင်းပစ္စည်းတရား အကျိုးပစ္စယုပ္ပန်တရားအနေဖြင့် ဖြစ်ပွားကြသည့် များစွာသော ရုပ်နာမ်တရားတို့၏ ကာလအားဖြင့်, သဘာဝ အားဖြင့်, ကိစ္စအားဖြင့်, အာရုံသဘောအားဖြင့် အထူးအပြားကို သိနိုင်ခဲသော အနေအားဖြင့် တရားလုံး တရားသား တစ်ခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်းကို အစဉ်အတိုင်း သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏ ဃနဟူ၍ ခေါ်ဆိုအပ်လေသည်။ (ဤ ဃနလေးပါးအကြောင်းကို ဓမ္မသင်္ဂဏီ မူလဋီကာ စာမျက်နှာ ၆၀ နှင့် ဓမ္မသင်္ဂဏီအနုဋီကာ စာမျက်နှာ ၆၆ တို့မှ ထုတ်နုတ် ဖော်ပြအပ်သည်။)

"ငရုတ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတည့်၊ ရှုမျှော်ကြည့်သို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ"ဟူသောအတိုင်း ထိုထိုနာမ်ရုပ်တရားတို့၏ သဘာဝသတ္တိကို ဉာဏ်မျက် စိဖြင့် ရှုကြည့်နိုင်မှ ပရမတ္ထသို့ အမြင်ဆိုင် ရောက်သည်။ ပရမတ္ထသို့ အသိဉာဏ် အမြင်ဆိုက်ရောက်မှ ဃနပြိုသည်၊ ဃနပြိုမှ အနတ္တအသိဉာဏ်ကို ရနိုင်သည်။ သဘာဝသတ္တိကို ဉာဏ်မျက်စိဖြင့် မဆိုက်လျှင် ဃနမပြို၊ ဃနမပြိုလျှင် အနတ္တအသိဉာဏ်ကို မရနိုင်။ ထို့ကြောင့် "အနတ္တ လက္ခဏာကို ဃနဖုံးသည်"ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။

ဤပထမဂါထာ၌ မြတ်စွာဘုရားရှင်သည် စတုတ္ထပါဒ "သော ကာယသ ဣဥ္စနာ = ဤအပြုအမူ အလုံးစုံသည် ပုဂ္ဂိုလ်သတ္တဝါ အတ္တလိပ်ပြာ၏ အပြု

www.burmeseclassic.com



အမူမဟုတ်၊ စင်စစ်ကား ထိုထိုရုပ်နာမ်တရား အစု၏ ဆိုင်ရာဆိုင်ရာ မိမိ မိမိ တို့၏ အလုပ်ကိစ္စကို ပြုလုပ်ပြီးပြေစေသောအားဖြင့် ဖြစ်ပွားမှု၊ လှုပ်ရှားမှုသာ တည်း”ဟု ဟောတော်မူလိုက်သဖြင့် ယနဖြင့် ဖုံးလွှမ်းအပ်သော အနတ္တ လက္ခဏာသဘောကို ပြတော်မူ၏။ ဤအရာစုကား နက်နဲဘိတောင်း၊ သာမန် ဉာဏ်မျက်စိဖြင့် မသိနိုင်ချေ။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် လက္ခဏာရေးသုံးပါးကို ပြတော်မူ သောအားဖြင့် နိစ္စသဘော, သုခသဘော, အတ္တသဘောမှ ဆိတ်သုဉ်းသည့် သုညတကမ္မဋ္ဌာန်းကို ဟောတော်မူပြီးလျှင် တစ်ဖန် သဝိညာဏက အသုဘ= သက်ရှိအသုဘ, အဝိညာဏက အသုဘ = သက်မဲ့အသုဘ နှစ်ပါးကို ပြအံ့ သောငှာ နောက်ဂါထာများကို ဆက်၍ ဟောကြားတော်မူလေသည်။

(၂) အဋ္ဌိနဟာရုသံယုတ္တော၊
တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊
ယထာဘူတံ န ဒိဿတိ။

ကာယော၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်သည်။ အဋ္ဌိနဟာရုသံ ယုတ္တော၊ (သုံးရာသော) အရိုး, အရိုးကိုဖွဲ့သည့် (ကိုးရာသော) အကြော, အရသာကိုဆောင်သည့် (ခုနစ်ထောင်သော) အကြောတို့နှင့် ဖွဲ့ယှက်ရစ်ပတ် စပ်ယှဉ်သည်ဖြစ်၍။ တစမံသာဝလေပနော၊ အဆင်းဖွေးဖြူ ထူသောအတွင်း ရေ, ကိုးရာသော သားတစ်တို့ဖြင့် လိမ်းကျံအပ်သည်ဖြစ်၍။ (ပရမဒုဂ္ဂန္ဓ ဇေဂုစ္ဆပဋိကူလော၊ အလွန်ပင် ရွံ့ပုပ်လှောင်း စက်ဆုပ်ဖွယ် ရွံရှာဖွယ် ကောင်း လှ၏။) ကာယော၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်ကို။ ဆဝိယာ၊ အဆင်း ထူးထွေ အပေါ် ရေဖြင့်။ ပဋိစ္ဆန္နော၊ အိမ်နံရံကို အညိစသည် ဆိုးရည်သုတ်မွမ်း ပုံနှုန်းနှုန်းလျှင် ဖုံးလွှမ်းခြယ်လှယ်အပ်သည်ဖြစ်၍။ ယထာ ဘူတံ၊ ဟုတ်မှန် လှစွာ အသုဘအခြင်းအရာကို။ န ဒိဿတိ၊ ပညာအန္ဓ လူဗာလတို့ လုံးဝမထင် မမြင်ကြရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤကိုယ်၏ သဘောကား အိမ်၌ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြား၊ အမာခံများကို မရွေ့ရှားအောင် ကြိမ်နွယ်ဖြင့် တုပ်နှောင် ဖွဲ့ချည်အပ်သကဲ့သို့ အမာခံဖြစ်သော အရိုးပေါင်းသုံးရာ့ခြောက်ဆယ်တို့ကို မရွေ့မရှား တည်ရှိအောင် ကြိမ်နွယ်နှင့်တူသော အကြောပေါင်း ကိုးရာတို့ဖြင့် ဖွဲ့ယှက်တုပ်နှောင်၍ ထားအပ်လေသည်။ ထို၏ အပေါ်မှ ဘိတ္တိခေါ်သော မျက်ကွက်နံရံကို နွားချေးမြေညက်စိုင်တို့ဖြင့် မွမ်းမံလိမ်းကျံအပ်သကဲ့သို့ အသားတစ် အသားစိုင်ပေါင်း ကိုးရာတို့ဖြင့် လိမ်းကျံမွမ်းမံအပ်လေသည်။ ထို၏အထက်မှ တစ်ဖန် အင်္ဂတေအချောကိုင်သကဲ့သို့ အရေထူဖြင့် ရစ်ပတ်ဖွဲ့ယှက်၍ ထားအပ်လေသည်။ ဖော်ပြရာပါ အရိုး, အကြော, အသားတစ်, အရေထူများကား ပင်ကိုသဘာဝအားဖြင့် ရန့်ပုပ်လှောင်း စက်ဆုပ်ဖွယ် ရွံရှာဖွယ်ကောင်းလှ၏။ သို့သော် အိမ်နံရံကို ကြည့်ရှု၍ တင့်တယ်အောင် အညို၊ အဝါ၊ အစိမ်း၊ အနီစသော ဆေးအမျိုးမျိုးတို့ဖြင့် အသွေးအမျိုးမျိုးဖြစ်ရန် ခြယ်လှယ်ဖုံးအုပ်ထားသကဲ့သို့ ထိုအရိုး, အကြော, အသားတစ်, အရေထူတို့ကို ဆိုးဆေးနှင့်တူသည့် အညို, အရွှေ, အနီ, အဖြူ အဆင်းအမျိုးမျိုးရှိသော ယင်ကောင်၏ တောင်ပံအလား (တစ်ကိုယ်လုံးကို ခွာ၍ လုံးလိုက်လျှင် ဇီးစေ့ခန့်မျှသာ ပမာဏရှိသည့်) သိမ်မွေ့လှစွာသော အပေါ်ရံ အရေပါးက ဖုံးအုပ်၍ ထားအပ်သောကြောင့် ပညာမျက်စိ မရှိသူတို့သည် ဟုတ်တိုင်းမှန်စွာ အသုဘ အခြင်းအရာကို မမြင်ကြရချေဟု ဆိုလိုသည်။

ယင်းသို့ အရေပါးတည်းဟူသော ဆိုးရေတပ်စွန်းအပ်သည့် အရေထူဖြင့် ရစ်ပတ်ဖွဲ့ယှက်၍ ထားအပ်သောကြောင့် လူအပေါင်းအား မထင်ရှားသည့် အလွန်လျှင် မစင်ကြယ်, ရန့်မကောင်း, စက်ဆုပ်ဖွယ်, ရွံရှာဖွယ်ကောင်းသည့် အထူးထူးသော အတွင်းအသုဘ ကောဋ္ဌာသတို့ကို ပညာမျက်စိဖြင့် ထိုးဖောက်၍ ဤသို့မြင်အောင် ကြည့်ရှုရမည်ဟု ပြတော်မူလိုသဖြင့် ဤဂါထာတို့ကို ဆက်၍ ဟောတော်မူအပ်လေသည်။

(၃) အန္တပူရော ဥဒရပူရော၊
ယကနပေဠသ ဝတ္ထိနော။

www.burmeseclassic.com

www.burmeseclassic.com



ဟာဒယဿ ပပ္ဖါသဿ၊
ဝက္ကဿ ပိဟကဿ စ။

(၄) သိယ်ာဏိကာယ ခေဠဿ၊
သေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊
ပိတ္တဿ စ ဝသာယ စ။

(အဟံ ကာယော၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်သည်။ န စန္ဒနာဒိပူရော၊ စန္ဒကူးနံ့သာ စသည်တို့ဖြင့် ပြည့်သည်မဟုတ်။ အထ ခေါ၊ အဟုတ်သော်ကား)။ အယံ ကာယော၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်သည်။ အန္တပူရော၊ အူမဖြင့်ပြည့်၏။ (ဝါ-အန္တပူရော၊ ယောက်ျားဒွတ္တိံ မိန်းမ ဌာဝီအတောင်ရှည်သား ဖြူသည်အဆင်း ကတေအင်းသို့ သွေးကျင်းမှာခွေခေါင်းပြတ်မြွေလို လည်မျိုဝစ္စ ပဒေသဝယ် နှစ်ဆယ်တတွန့် လိမ်တွန့်ရစ်နေအူမခွေဖြင့် ပြည့်၏။) [ဝါ-ပေါက်သည့် နောက်အနက်ကား မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အနက်များဖြစ်သည်။ နောက်၌လည်း ဤနည်းအတူပင်။]

ဥဒရပူရော၊ အစာသစ်ဖြင့်ပြည့်၏။ (ဝါ-ဥဒရပူရော၊ စားသည့်အစာသွင်လျာရူပ အူမထက်ဖျား ဆန့်ထုပ်လားသို့ ပ-ကား သန့်ရှင်း၊ တွင်း၊ ပိန္နဲခွံရွံဖွယ်ဘိခြင်း တစ်စိတွင်းနှယ် သုံးဆယ်နှစ်မျိုး ပိုးတို့နေရာ အူထုံးမှာဝယ် လျှာရည်တံထွေး သွားမြေးအာစေး ထိုထိုကြေးကို သိမ်းထွေးပေါင်းစု ထောင်းထုဝါးချေ မှိုလေဆင်းသက် ဓာတ်မီးချက်၏ ပရွက်အူ ကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ ပိုးစာ, လောင်မီး, ကျင်ကြီး, ကျင်ငယ် တသွယ်သွေးသား ငါးပါးကွဲလျက်ခွေးစားခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေးအန်ဖတ်တရှိ အစာသစ်ဖြင့်ပြည့်၏။)

ယကနပေဠဿ၊ အသည်းစိုင်ဖြင့်၊ ပူရော၊ ပြည့်၏။ (ဝါ-ယကနပေဠဿ၊ ကုမုဒြာ ကြာချပ်ကျောက်နှယ် စဉ်းငယ်နီလျက် ကသစ်ရွက်သဏ္ဍာန် ညဏ်မဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီး တစ်ခုတည်းသာ ပညာရှိဝယ် နှစ်, သုံး ငယ်လတ် ထနဗ္ဗန္တ-ရေညာ မှာနေသော အသည်းစိုင်ဖြင့်။ ပူရော၊ ပြည့်၏။)

ဝတ္ထိနော၊ ကျင်ငယ်ဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-ဝတ္ထိနော၊ ပဲပြာရည် အဆင်း ဆီးစတွင်းဝယ် သက်ဆင်းကိုယ်မှ မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ဟဒယဿ၊ နှလုံးသားဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-ဟဒယဿ၊ ဆင်းရွက် ပဒုံ ကျောပြင်ပုံတည်း ကြာငုံအောက်ရှု ဉာဏ်ရှိသူဝယ် စဉ်းငယ်ပွင့်တုံ, စုငုံ မန္တ အပသန့်ရှင်း တွင်းသပွက်အူ နှစ်ဆူဓာတ်မှီ နီသည်ရာဂ, ဒေါသမည်းပြား, သားဆေးရည် မောဟ, တက္ကပဲရည်, ဝါသည်သဒ္ဓါ, ပညာပြိုးပြက် ဇောတ မြက်သွင် ဖြူစင်လွန်ကဲ လက်ဆွဲ့ခွဲမျှ လောဟိတသည် ပုန္နာဂဋ္ဌိ တွင်းမှာ ရှိလတ် သားမြတ်လယ်ဗွေ ရင်မှာနေသော နှလုံးသားဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)

ပပ္ဖါသဿ၊ အဆုတ်အစုဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-ပပ္ဖါသဿ၊ ရွှမ်းမှည့် သဖန်း နီမြန်းဆင်းဟန် သဏ္ဌာန်စုတ်ပဲ့ မုန့်ယှက်ကဲ့နှုန်း သည်းနှလုံးကို အုပ်ဖုံး တွဲရရွဲ အစာနဲက ထန်ကဲတေဇာ ပူလောင်လာ၍ ဩဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့်နှစ် အသားတစ်ဟူသော အဆုတ်အစုဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ဝက္ကဿ၊ အညှိ့နှစ်ခုဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-ဝက္ကဿ၊ ကသစ်စေ့နှယ် စဉ်းငယ်နီမှု တန္တုတညှာ နှစ်မွှာသရက် လည်မှသက်သည့် တစ်ချက်နှစ်ခု ကြောဖွဲ့ပြုလျက် ဝတ္ထုပတ်လည် ရံ၍တည်သော အညှိ့နှစ်ခုဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ပိဟကဿ စ၊ အဖျဉ်းဖြင့်လည်း။ ပူရော၊ ပြည့်၏။ (ဝါ-ပိဟကဿ စ၊ ကြောင်ပန်းပွင့်သွင် ညိုရောင်ထင်သော သတ္တဂိုလာ နွားလျှာပုံတု ဝတ္ထုဝဲဖက် သရက်ရွက် ဝမ်းလျှာ ဘေးသညာတွင်သော အဖျဉ်းအစုဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

35A ပေတနိဒါန

www.burmeseclassic.com

www.burmeseclassic.com



အယံ ကာယော၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်သည်။ သိယ်ာ ဏိကာယ၊ နှပ်အစုဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-သိယ်ာဏိကာယ၊ ငိုယ်ိုသောက် စား ဓာတ်ချောက်ချား၍ ဖောက်ထားသိမ်းအုပ် ကြာရွက်ထုပ်မှ နို့ခမ်းကျသို့ နုလှထန်းဆန် ဆင်းဟန်မယုတ် သလိပ်ပုပ်အဖြစ် စင်စစ်ဖြစ်မြောက် ဦးနှောက် ရည်လျှင်း ဦးခေါင်းတွင်းမှ သက်ဆင်းအာစောက် အထက်ပေါက်ဖြင့် လျှော လျှောက်နှာဖု တည်ယိုစုသော နှပ်အစုဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ခေဠဿ၊ တံထွေးဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-ခေဠဿ၊ ချဉ်, ငန်, စပ်, ခါး မြင်, စား, ကြံမိ စိုစိစက်ဆုပ် နှလုံးလှုပ်၍ ရေမြုပ်မယွင်း ပါးမှဆင်းလျက် လျှာရင်း ပျစ်ချွဲ လျှာဖျားကျဲသည် လျှာ၌တည်သော တံထွေးဖြင့်။ ပူရော၊ ရွံဖွယ် လိလိပြည့်၍နေ၏)။

သေဒဿ စ၊ ချွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ (ဝါ-သေဒဿ စ၊ ဓာတ် ဝိပရိ ပူမညီ၍ နှမ်းဆီအဆင်း ဆံမွေးတွင်းမှ သက်ဆင်းယိုကျသော ချွေး ဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

မေဒဿ စ၊ အဆီခဲ အစုဖြင့်လည်း။ ပူရော၊ ပြည့်၏။ (ဝါ-မေဒဿ စ၊ ထက်ခြမ်းခွဲသည့် နနွင်းခဲတူ ဆူသောသူအား ရေသားကြား၌၊ ကြုံသူအားမှာ ဆူ ရာရာမှီသော အဆီခဲဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

လောဟိတဿ၊ သွေးဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-လောဟိတဿ၊ ချိပ် ရည်အဆင်း တစ်ခွက်ခင်းမျှ ရင်တွင်းဆုပ်ညို့ နှလုံးတို့ထက် တစက်စက်ကျ *ယကနအောက်နေ ဤလေးထွေကို စိုစေလျက် စုဝေးသောသွေး (သန္နိစိတ သွေးကို ဆိုလိုသည်။) ကျဲသောချိပ်ရည် ပမည်ပိုက်ကျုံး ကိုယ်လုံးနှံ့ရောက် အကြောလျှောက်သော သွေး (သံသရဏသွေးကို ဆိုလိုသည်) အားဖြင့် နှစ် ပါးသော သန္နိစိတ, သံသရဏသွေးအစုဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍ နေ၏)။

လသိကာယ၊ အစေးပုပ်ဖြင့်။ ပူရော၊ ပြည့်၏။ (ဝါ-လသိကာယ၊ မဟာ လှေကား စေးလားသဖွယ် ရာရှစ်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည်နဲ ပျစ်၍ချွဲသော အစေးပုပ်ဖြင့်။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)

---

* ယကန-အသည်း

www.burmeseclassic.com

www.burmeseclassic.com



ပိတ္တာသ စ၊ သည်းခြေဖြင့်လည်း။ ပူရော၊ ပြည့်၏။ (ဝါ-ပိတ္တာသ စ၊ ဆုပ်နှလုံးကြား အသည်းနား၌ ထွားထွားကြီးကြီး သပွတ်သီးနှယ် အအိမ် ဝယ်တည် မည်စည်ဆီကဲ့ အိမ်ဖွဲ့သည်းခြေ (ဗဒ္ဓသည်းခြေကို ဆိုလိုသည်) စိုလေရာရာ ရေမှာ ဆီဆမ်း ပမာ လှမ်းသား ညှိုးနွမ်းပျဉ်းပွင့် ကစော့ပွင့် တောင်ကြာ ပန်းဆင်းဝါသို့ အိမ်မှာ မနေ (အဗဒ္ဓသည်းခြေကို ဆိုလိုသည်) နှစ်ပါးသော ဗဒ္ဓ သည်းခြေ၊ အဗဒ္ဓသည်းခြေဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ဝသာယ စ၊ ဆီကြည်ဖြင့်လည်း။ ဝါ-ခြင်ဆီဖြင့်လည်း။ ပူရော၊ ပြည့်၏။ (ဝါ-ဝသာယ စ၊ သဘောမတူ ရှိန်ပူဆာလျှင်း နှိပ်စက်ခြင်းကြောင့် အဆင်း အုန်းဆီ ရေပေါ်ဆီသဏ္ဌာန် ပြည့်ဟန်မသွေ လက်၊ ခြေ၊ နှာစွန်း ပခုံးစွန်းမှို ခြင်ဆီဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ ပြည့်၍နေ၏)။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် အန္တပူရော စသော နှစ်ဂါထာတို့ ဖြင့် 'ဤကိုယ်အတွင်း၌ ပုလဲပတ္တမြား စသည်အတူ အမြတ်တနိုးယူလောက် သည့် ကောဋ္ဌာသဟူ၍ မြူမျှမရှိ၊ စင်စစ်သော်ကား ဤကိုယ်ကောင်သည် မစင်မကြယ် ရွံဖွယ်တို့ဖြင့်သာလျှင် ပြည့်၍နေ၏' ဟု ကိုယ်တွင်း၌ဖြစ်သော ရွံရှာဖွယ်ကို ပြတော်မူပြီး၍ ထိုကိုယ်တွင်း၌ဖြစ်သော ရွံရှာဖွယ်ကိုပင် အပ၌ ဖြစ်သော ရွံရှာဖွယ်ဖြင့် ထင်စွာပြ၍ ရှေး၌ဆိုပြီး၊ မဆိုရသေးသည်ကိုပါ သိမ်း ရုံး၍ ပြတော်မူလိုရကား ဤဆိုလတ္တံ့သော နှစ်ဂါထာကို ဟောတော်မူသည်။

(၅) အထဿ နဝဟိ သောတေဟိ၊
အသုစီ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊
ကဏ္ဏမှာ ကဏ္ဏဂူထကော။

(၆) သိင်္ဃာဏိကာ စ နာသတော၊
မုခေန ဝမတေကဒါ။
ပိတ္တံ သေမှဉ္စ ဝမတိ၊
ကာယမှာ သေဒဇလ္လိကာ။

www.burmeseclassic.com

www.burmeseclassic.com



အထ၊ ထိုမှတစ်ပါး။ အဿ ကာယဿ၊ သဝိညာဏကခေါ် ဆို ဤခန္ဓာကိုယ်၏။ နဝဟိ သောတေတိ၊ ကိုးပေါက်ဒွါရ အမာဝတို့မှ။ သဗ္ဗဒါ၊ နေ့နေ့ညည ခပ်သိမ်းသောကာလဌ်။ အသုစိ၊ မစင်မကြယ် ရွံရှာဖွယ် အစုသည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ကျ၏။ (ကိ သဝတိ၊ အဘယ်သို့ ယိုစီး၍ကျသနည်း ဟူမူ)၊ အက္ခိမှာ၊ မျက်စိနှစ်ဖက်မှ။ အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေး အညစ်အကြေးသည်။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ ကဏ္ဏမှာ၊ နားတွင်းနှစ်ဖက်မှ။ ကဏ္ဏဂူထကော၊ နဖာနားချေး အညစ်အကြေးသည်။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ (၅)

သိင်္ဃာဏိကာ စ၊ နှာရည်နှပ်ချေး အညစ်အကြေးသည်လည်း။ ကေဒါ၊ တစ်ရံတစ်ခါ။ နာသတော၊ နှာခေါင်းနှစ်ဖက်မှ။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ ကေဒါ၊ တစ်ရံတစ်ခါ၊ မုခေန၊ ခံတွင်းဖြင့်။ ဝါ-ခံတွင်းမှ။ ဝမတိ၊ တပွက်ပွက်ပျို့အန်၍ထွက်၏။ ပိတ္တဥ္စ၊ ဗဒ္ဓ, အဗဒ္ဓ နှစ်ဝသော သည်းခြေသည်လည်းကောင်း။ သေမှဥ္စ၊ သလိပ်သည်လည်းကောင်း။ (ဝါ-သေမှဥ္စ-ဝက်ချေးဘနဲပျစ်ချွဲရွှက်ရည် ပုံပမည်သို့ ဖြူသည်အဆင်း တခွက်ခင်းမျှ အူတွင်းစာထက်စာနှံ့သက်ကို ဆီစွလျက်ဖုံးပိတ်သော သလိပ်အညစ်အကြေးသည်လည်းကောင်း)။ ကေဒါ၊ တစ်ရံတစ်ခါ။ မုခေန၊ ခံတွင်းဖြင့်။ ဝါ-ခံတွင်းမှ။ ဝမတိ၊ တစိစိတပွက်ပွက်ပျို့အန်၍ထွက်၏။ ကာယမှာ၊ ကိုယ်အလုံးမှ။ သေဒ ဇလ္လိကာ၊ ချွေး, ဆား, အရေလွှာ, မြူ အညစ်အကြေးသည်။ သဗ္ဗဒါ၊ နေ့နေ့ ညည ခပ်သိမ်းသောကာလဌ်။ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။ (၆)

ဤဌ်။ ဝစ္စမဂ်မှကျင်ကြီး, ပဿာဝမဂ်မှ ကျင်ငယ်တို့ ယိုစီး၍ကျမှုကို လူအသိများ ထင်ရှားသောကြောင့်လည်းကောင်း၊ အခါ, ပုဂ္ဂိုလ်, ပရိသတ်ကို သိတော် မူသောကြောင့်လည်းကောင်း မြတ်စွာဘုရားရှင်သည် အထူးဟောတော်မမူဘဲ အခြား တစ်နည်းတစ်ဖုံအားဖြင့် တစ်ကိုယ်လုံးမှပင် မစင်မကြယ် ရွံရှာဖွယ်တို့သာ ယိုစီး၍ကျသည်ကို ပြတော်မူလိုသောကြောင့် 'ကာယမှာ သေဒဇလ္လိကာ' ဟု ချုပ်၍ပြတော်မူသည်။

ထိုဖော်ပြရာပါ နှစ်ဂါထာတို့ဖြင့် မြတ်စွာဘုရားရှင်သည် ထမင်းချက်လျှင် ဆန်ရေအညစ်အကြေးများသည် အမြှုပ်နှင့်တကွ တက်ပြီးလျှင် ထမင်းအိုး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဝကို လိမ်းကျံ၍ အပသို့လျှောကျသကဲ့သို့ ထိုအတူ စားသောက်အပ်သော အစာကို ကမ္ဗဇတေဇော ခေါ်တပ်မီးဖြင့် ချက်အပ်သည်ရှိသော် အစာ၏ အညစ်အကြေးများ တက်ပြီးလျှင် မျက်စိသည်မှ မျက်ဝတ် မျက်ချေး စသော အညစ်အကြေးတို့ထွက်၍ အပသို့ ယိုစီးလျှောကျကြောင်းကို ပြတော်မူသည်။

ယခုအခါ လောက၌ အမြတ်ဆုံးအင်္ဂါဟူ၍ သမုတ်အပ်သော အကြင်ဦးခေါင်းသည် ရှိ၏။ အလွန်ထွတ်မြတ်သောကြောင့်ပင် ယင်းဦးခေါင်းအင်္ဂါဖြင့် ခိုက်၍ ရှိခိုးထိုက်သောသူတို့အားသော်မှလည်း (မာနခံကာ တစ်ရံတစ်ခါ) ရှိခိုးမှုကို မပြုကြကုန်။ ထိုဦးခေါင်းအင်္ဂါ၏လည်း အနှစ်မရှိသည်၏အဖြစ် မစင်ကြယ်သည်၏အဖြစ်ဖြင့် ဤခန္ဓာကိုယ်၏ မစင်မကြယ် ရွံရှာဖွယ်အဖြစ်ကို ပြတော်မူလိုပြန်သောကြောင့် ဤဂါထာကို ဟောတော်မူ၏။

(၇) အထဿ သုသိရံ သီသံ၊
မတ္တလုင်္ဂဿ ပူရိတံ။
သုဘတော နံ မညတိ ဗာလော၊
အဝိဇ္ဇာယ ပုရက္ခတော။

အထ၊ ထိုမှတစ်ပါး။ အဿ ကာယဿ၊ သဝိညာဏကခေါ်ဆို ဤခန္ဓာကိုယ်၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္တလုင်္ဂဿ၊ ဦးနှောက်ဖြင့်။ (ဝါ-မတ္တလုင်္ဂဿ၊ ဦးခွံထဲချောင် မှို့ခဲလျှောင်သို့ ဆင်းရောင်ဖြူစွာ ဦးချာ လေးဆက် လေးပုံဝက်သည် မုန့်ညက်စိုင်အတု ဦးနှောက်အစုဖြင့်) ပူရိတံ၊ ရွံဖွယ်လိလိ ပြည့်၍နေ၏။ ဗာလော၊ ပညာအန္ဓ လူ့ဗာလသည်။ နံ၊ ထိုမစင်မကြယ် ရွံဖွယ်အတိ ပြည့်၍နေသောကိုယ်ကို။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားသည်။ ဝါ-အဝိဇ္ဇာတရားဖြင့်။ ပုရက္ခတော၊ ရှေ့ရှုပတ်ကုံး ဖုံးလွှမ်းပိတ်ပင်အပ်သည် ဖြစ်၍။ ဝါ-ပိတ်ပင်အပ်သောကြောင့်။ သုဘတော၊ ငါ့ကိုယ်ကာယ တင့်တယ်စွာ့, ငါ တင့်တယ်စွာ့, ငါ၏ တင့်တယ်ခြင်းကား နိစ္စဟူ၍။ မညတိ၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့် အမှားမှားပင် မှတ်ထင်အောက်မေ့၏။

သဝိညာဏက အသုဘခန်းပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သဝိညာဏက (သက်ရှိ) အသုဘခန်းကို ပြတော်မူပြီး၍ ယခုအခါ အဝိညာဏက (သက်မဲ့) အသုဘကို ပြတော်မူအံ့သောငှာ (တစ်နည်း) စကြာမင်း၏ကိုယ်ပင်သော်လည်း ဆိုအပ်ပြီးသော အပုပ်အတိ ပြည့်သည်သာတည်းဟူသော သမ္ပတ္တိဘဝ၌ အသုဘကို ပြတော်မူပြီး၍ ယခုအခါ ပျက်စီးခြင်းတည်းဟူသော ဝိပတ္တိဘဝ၌ အသုဘကို ပြတော်မူအံ့သောငှာ ဤဂါထာကို ဟောတော်မူ၏။

(၈) ယဒါ စ သော မတော သေတိ၊
ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊
အနပေက္ခာ ဟောန္တိ ဉာတယော။

ယဒါစ၊ အကြင်အခါ၌ကား။ သော ကာယော၊ ထိုကိုယ်သည်။ (အာယု ဥသ္မာဝိညာဏာနုပဂမေန၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဉ်တည်းဟူသော သုံးပါးသောတရားတို့ ကင်းသဖြင့်)။ မတော၊ စုတိပြတ်ကြွေ သေလွန်သည်ဖြစ်၍။ ဥဒ္ဓုမာတော၊ သေသည်မှအထက်၌ လေပြည့်သောသားရေအိတ်ကဲ့သို့ ဖူးဖူးရောင်ပွလျက်။ ဝိနီလကော၊ နဂိုအဆင်း ပျက်ယွင်းယုတ်ယိုမည်းညိုသောအဆင်းရှိသည်ဖြစ်၍။ သုသာနသ္မိံ၊ သူကောင်ပစ်ချ သုသာန်တစ်စ သင်းချိုင်းဝ၌။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ်လျောင်းရလေ၏။ တဒါ၊ ထိုအခါ၌။ ဉာတယော၊မသေမီခါ ချစ်လှစွာသည့် ဆွေဉာတိရင်း မိတ်ခပင်းတို့သည်။ အနပေက္ခာ၊ 'ထိုသူတစ်ဖန် ပြန်၍အသက်မဆက်တော့ပြီ မှန်လှသည်' ဟု ရွယ်ရည်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤဂါထာ၌။ 'မတော၊ စုတိပြတ်ကြွေ သေလွန်'ဟူသော စကားရပ်ဖြင့် မမြဲသော အနိစ္စသဘောကို ပြတော်မူ၏။ 'သေတိ၊ မသာခေါင်းဝယ် လျောင်းရလေ၏' ဟူသော စကားရပ်ဖြင့် ထိုသူ၏ လှုံ့လဝီရိယ လုံးဝမရှိတော့သည်ကို ပြတော်မူ၏။ ထိုနှစ်ပါးစုံဖြင့် အသက်ရှည်မှုကို စွဲ၍ဖြစ်သော စိတ်တက်ကြွမှု ဇီဝိတမာန်, အင်အားကောင်းမှုကို စွဲ၍ဖြစ်သော စိတ်တက်ကြွမှု ဗလမာန်၊ ဤမာန်နှစ်ပါးကို ပယ်ရှားရန် တိုက်တွန်းတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဥဒ္ဓုမာတကာ၊ ဖူးဖူးရောင်ပွ' ဟူသော စကားရပ်ဖြင့် ပုံပန်းသဏ္ဍာန် ပျက်စီးခြင်းကို ပြတော်မူ၏။ 'ဝိနီလကော၊ မည်းညိုသော အဆင်းရှိသည်ဖြစ်၍' ဟူသော စကားရပ်ဖြင့် ပင်ကိုကရှိရင်း အရေအဆင်းတို့၏ ပျက်စီးခြင်းကို ပြတော်မူ၏။ ထိုနှစ်ပါးစုံဖြင့် ရုပ်ရည်အဆင်း တင့်တယ်လှပခြင်းကို စွဲ၍ဖြစ်သော စိတ်တက်ကြွမှု၊ မာန်မာနကို ပယ်ရှားရန် (နှင့်) ပုံပန်းသဏ္ဍာန် တင့်တယ်လှပမှုကို စွဲ၍ဖြစ်သော စိတ်တက်ကြွမှု၊ မာန်မာနကို ပယ်ရှားရန် တိုက်တွန်းတော်မူ၏။

'အပဝိဒ္ဓေါ၊ စွန့်ပယ်အပ်သည်ဖြစ်၍' ဟူသော စကားရပ်ဖြင့် ယူစရာ, ရစရာ ဘာမျှမရှိတော့သည်ကို ပြတော်မူ၏။ 'သုသနသ္မိံ၊ သုသာန်တစ သင်းချိုင်းဝ၌' ဟူသော စကားရပ်ဖြင့် အိမ်တွင်း၌ထားရန် မထိုက်တန်အောင်ပင် စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို ပြတော်မူ၏။ ထိုနှစ်ပါးစုံဖြင့် ငါ့ဥစ္စာဟု စွဲလမ်းမှုကို ပယ်ရှားရန် (နှင့်) သုဘ၊ တင့်တယ်သည်ဟု မှတ်ထင်မှုကို ပယ်ရှားရန် တိုက်တွန်းတော်မူ၏။

'အနပေက္ခာ ဟောန္တိ ဉာတယော၊ ဆွေမျိုးမိတ်သင်္ဂဟတို့က အပြီးတိုင် ငဲ့ကွက်ခြင်းကင်းကြသည်' ဟူသော စကားရပ်ဖြင့် မိမိကို ရှေးက မြတ်နိုးမှု ပြုခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟတို့က မြတ်နိုးမှု မပြုကြတော့ခြင်းကို ပြတော်မူ၏။ ယင်းသို့ပြသခြင်းဖြင့် အခြံအရံများမှုကို စွဲ၍ဖြစ်သော စိတ်တက်ကြွမှု၊ ပရိဝါရမာန်ကို ပယ်ရှားရန် တိုက်တွန်းတော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဤဂါထာဖြင့် အကောင်မပျက်သေးသော အဝိညာဏက (သက်မဲ့) အသုဘကို ပြတော်မူ၏။

ယခုအခါ အကောင်ပျက်စီးသော အဝိညာဏက (သက်မဲ့) အသုဘကို ပြတော်မူလို၍ ဤဂါထာကို ဟောတော်မူ၏ -

(၉) ခါဒန္တိ နံ သုဝါနာ စ၊
သိင်္ဂါလာ စ ဝကာ ကိမီ။
ကာကာ ဂိဇ္ဈာ စ ခါဒန္တိ၊
ယေ စညေ သန္တိ ပါဏိနော။

www.burmeseclassic.com

www.burmeseclassic.com



န် ကာယ်၊ ထိုသုသာန်တစ သင်းချိုင်း၌ ပစ်ချအပ်သောကိုယ်ကို။ သုဝါနာ စ၊ အိမ်ခွေးတို့သည်လည်းကောင်း။ သိင်္ဂါလာ စ၊ မြေခွေး (တောခွေး) တို့သည်လည်းကောင်း။ ဝကာ၊ သစ်ကျူတ်တို့သည်လည်းကောင်း၊ ကိမိ၊ ပိုးလောက်တို့သည်လည်းကောင်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ ကာကာ စ၊ ကျီးတို့သည်လည်းကောင်း။ ဂိဇ္ဈာ စ၊ လင်းတတို့သည်လည်းကောင်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ အညေ၊ ဆိုအပ်ပြီးသည်မှ တစ်ပါးကုန်သော။ ယေ စ ပါဏိနော၊ အကြင်အသားစား သစ်, ကျား, သိန်း, စွန် စသော သတ္တဝါတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေ စ ပါဏိနော၊ ထိုသတ္တဝါတို့သည်လည်း။ ခါဒန္တိ၊ ခဲစား ကြကုန်၏။

အဝိညာဏက အသုဘခန်း ပြီး၏။

ဤသို့လျှင် 'စရံ ဝါ ယဒိ ဝါ တိဋ္ဌံ' စသော ပဌမဂါထာဖြင့် သုညတကမ္မဋ္ဌာန်း၏ အစွမ်းဖြင့်လည်းကောင်း၊ 'အဋ္ဌိနဟာရု သံယုတ္တော' အစရှိသော ခြောက်ဂါထာတို့ဖြင့် သဝိညာဏက အသုဘ၏အစွမ်းဖြင့်လည်းကောင်း၊ 'ယထာ စ သော မတော စေတိ' အစရှိသောနှစ်ဂါထာတို့ဖြင့် အဝိညာဏက အသုဘ၏ အစွမ်းဖြင့်လည်းကောင်း ဤကိုယ်၏ သဘောကို ပြပြီးလျှင် ဤသို့ စင် နိစ္စ, သုခ, အတ္တအဖြစ်မှ ဆိတ်သုဉ်းသော စင်စစ်အသုဘဖြစ်သော ဤကိုယ်၌ 'အဝိဇ္ဇာဖုံးလွှမ်းသော သူမိုက်သည် သုဘဟု အောက်မေ့ထင်မှတ်ဘိ၏' ဟုသူမိုက်၏ဖြစ်ပုံကိုပြလျက် အဝိဇ္ဇာကို အဦးမူသဖြင့် ဝဋ်ကိုပြပြီးလျှင် ယခု အခါ ထိုသို့ သဘောရှိသော ကိုယ်၌ ပညာရှိ၏ ဖြစ်ပုံကိုလည်းကောင်း၊ ပရိညာသုံးပါးကို အဦးမူသဖြင့် ဝိဝဋ္ဋကို လည်းကောင်း ပြတော်မူခြင်းငှာ မြတ်စွာဘုရားရှင်သည် ဤဂါထာတို့ကို ဟောတော်မူ၏ -

(၁၀) သုတွာန ဗုဒ္ဓဝနံ၊
ဘိက္ခု ပညာဏဝါ ဣဓ။
သော ခေါ နံ ပရိဇာနာတိ၊
ယထာဘူတဉှိ ပဿတိ။

www.burmeseclassic.com

www.burmeseclassic.com



ဣုံ၊ အံ့ဖွယ်ရှစ်ဖြာ ဤသာသနာ၌။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်ဖြစ်သော ဤဝိဇယသုတ် (တစ်နည်း ကာယဝိစ္ဆန္ဒနိကသုတ်) ဒေသနာတော်ကို။ သုတွာန၊ အသင့်အားဖြင့် နာကြားရသောကြောင့်။ ပညာဏဝါ၊ ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံသော။ သော ဘိက္ခု၊ ထိုပုထုဇဉ်, သေက္ခ ယောဂါဝစရ ရဟန်းသည်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယထာဘူတံ၊ ဟုတ်မှန်သော အတိုင်း။ ပဿတိ၊ ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ရှုမြင်၏။ တသ္မာ၊ ထို့ကြောင့်။ နံကာယံ၊ ထိုကိုယ်ကို။ ပရိဇာနာတိ၊ ဉာတ, တီရဏ, ပဟာနအားပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လေ၏။

ဤအရာ၌ ပရိညာသုံးပါးဖြင့် ဤကိုယ်ကို သိပုံမှာ -

လိမ္မာသော ကုန်သည်သည် မိမိဝယ်ယူမည့်ဘဏ္ဍာ အမျိုးမျိုးကို သေချာစေ၍ ကြည့်ရှုပြီးမှ 'အဖိုး ဤမျှဖြင့် ဝယ်ယူလျှင် အမြတ်အစွန်း ဤမျှဖြစ်လိမ့်မည်' ဟု ရှေးဦးစွာ ဉာဏ်ဖြင့် နှိုင်းချိန်စဉ်းစား၍ ထိုသို့ နှိုင်းချိန်စဉ်းစား တိုင်းပြပြီးလျှင် တစ်ဖန် အမြတ်အစွန်းနှင့်တကွ အရင်းဥစ္စာကိုယူလျက် ထိုဘဏ္ဍာကို ရောင်းချစွန့်လွှတ်သကဲ့သို့ ဤအတူပင် ပုထုဇဉ်, သေက္ခ ယောဂါဝစရ ရဟန်းသည် 'ဤကိုယ်၌ တကယ်စင်စစ် ရှိနေသောတရားတို့ကား (ပါဠိတော်၌ တိုက်ရိုက်ထုတ်ဖော် ဖောပြတော်မူအပ်သော) အရိုးအကြော စသည် (ပါဠိတော်၌ တိုက်ရိုက်မဟောအပ်သော) ဆံပင်, မွေးညှင်း စသည်တို့သာတည်း' ဟု ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုဆင်ခြင်သောအခါ ဉာတပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြား၍ သိ၏။ ဤကိုယ်၌ ရှိကြသော တရားတို့ကား အနိစ္စ, ဒုက္ခ, အနတ္တတရားတို့သာတည်းဟု ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုသုံးသပ်ဆုံးဖြတ်သောအခါ တီရဏပရိညာဖြင့် ဤကိုယ်ကို ပိုင်းခြား၍သိ၏။ ဤသို့ 'အနိစ္စ, ဒုက္ခ, အနတ္တတရားတို့သာတည်း' ဟု ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုသုံးသပ် ဆုံးဖြတ်၍ အရိယမဂ်သို့ ဆိုက်ရောက်သောအခါ ဤ ကိုယ်ခန္ဓာ၌ တွယ်တာတပ်မက်မှု ဆန္ဒရာဂကို ပယ်စွန့်သောအားဖြင့် ဤကိုယ်ကို ပဟာနပရိညာဖြင့် ပိုင်းခြား၍ သိ၏။

(ဤ၌ ခပ်သိမ်းအားပင် မျက်မြင်ထင်ရှားဖြစ်သော ဤကိုယ် ကို (ယင်းသို့ မျက်မြင်ထင်ရှားဖြစ်လင့်ကစား) ဘုရားစကားတော်ကို မကြား မနာရလျှင်



www.burmeseclassic.com

www.burmeseclassic.com



သုညတ စသော အခြင်းအရာကို ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ မသိနိုင်သော ကြောင့်လည်းကောင်း, ဘုရားစကားတော်ကို ကြားနာရမှသာ သိနိုင်သော ကြောင့်လည်းကောင်း, ထိုသုညတ စသောအခြင်းအရာကို ပရိညာသုံးပါးဖြင့် ပိုင်းခြား၍သိခြင်း၏အကြောင်းကိုလည်းကောင်း၊ ဤ သာသနာတော်မှ ပြင်ပ ဗာဟိရကအယူရှိကြသူတို့မှာ ဤသို့ရှုမြင်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကို လည်းကောင်း ပြတော်မူလို၍ "သုတ္တာန ဗုဒ္ဓဝစနံ ဣဓ" ဟူသော ဤစကားရပ် တို့ကို ဟောတော်မူ၏။

BURMESE CLASSIC

နန္ဒာထေရီ ဘိက္ခုနီမကိုလည်းကောင်း၊ သိရိမာ၏ ရုပ်အဆင်း၌ တပ်စွန်း ဖောက်ပြန်သော စိတ်ရှိသည့်ရဟန်းကိုလည်းကောင်း အကြောင်းပြု၍ ဤယခု ဝိဇယသုတ္တန် (တစ်နည်း ကာယဝိစ္ဆန္ဒနိကသုတ္တန်) ဒေသနာတော်ကို ဟောကြား အပ်သောကြောင့်လည်းကောင်း၊ ပရိသတ်လေးပါးတို့တွင် ရဟန်းပရိသတ်က အမြတ်ဖြစ်သောကြောင့်လည်းကောင်း၊ ထိုရဟန်းပရိသတ်ကသာ ဘုရား အနား နီးပါးစွဲမြဲသောကြောင့်လည်းကောင်း၊ ထိုအသုဘဟု ရှုသော အကျင့် ပဋိပတ် အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုသောအကျင့်ပဋိပတ်သို့ ဆိုက်ရောက်သူ မှန်က ရဟန်းရှင်လူ မည်သူမဆို 'ဘိက္ခု' မည်သည်၏အဖြစ် ကို ပြတော်မူ လိုသောကြောင့်လည်းကောင်း ဘိက္ခုဟူ၍ ဟောတော်မူ၏။ ရဟန်းများမှသာ ပရိညာသုံးပါးဖြင့် သိကောင်းသောကြောင့် ဘိက္ခုဟုဟောတော်မူသည်မဟုတ်။ ဤအနက်အဓိပ္ပါယ်ကိုလည်း အထူးမှတ်ယူရာ၏)။

ယခုအခါ မြတ်စွာဘုရားရှင်သည် 'ယထာဘူတဥ္စ ပဿတိ'ဟူသော စကားအရ ယထာဘူတ အဟုတ်အမှန်ကျအောင် ရှုကြည့်ပုံကို ပြတော်မူလို၍ ဤဂါထာကို ဟောတော်မူ၏။

(၁၁) ယထာ ဣဒံ တထာ ဧတံ၊
ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါ စ၊
ကာယေ ဆန္ဒံ ဝိရာဇယေ။

www.burmeseclassic.com

www.burmeseclassic.com



ဣတ္ထံ သဝိညာဏကာသုဘံ၊ ဤသက်ရှိ အသုဘကောင်သည်။ (အာယုဥသ္မာ ဝိညာဏာနုပဂမာ၊ ရုပ်နာမ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဉ်တည်းဟူသော သုံးပါးသောတရားတို့ မကင်းခြင်းကြောင့်။ စရတိ တိဋ္ဌတိ နိသီဒတိ သယတိ ယထာ၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း သကဲ့သို့) တထာ၊ ထို့အတူ၊ ဧတံ ဧတရဟိ သုသာ နသယိတမ္ပိ၊ ယခုသုသာန်၌ လျောင်းသည့် အသက်မဲ့ အသုဘကောင်သည်လည်း။ (ပုဗ္ဗေ၊ မသေမီရှေးအခါက။ တေသံ၊ ထို တရားသုံးမျိုးတို့၏။ အနုပဂမာ၊ မကင်းခြင်းကြောင့်။ စရဏာဒိဓမ္မံ၊ သွား, ရပ်, ထိုင်, လျောင်းခြင်းသဘောရှိသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ)

ဧတံ ဧတရဟိ မတသရီရံ၊ ယခုသေသော ထိုအဝိညာဏက အသုဘအကောင်သည်။ (တေသံ ဓမ္မာနံ၊ ထိုဆိုအပ်ပြီး တရားသုံးမျိုးတို့၏။ အပဂမာ၊ ချုပ်စဲပြတ်ကင်းခြင်းကြောင့်။ န စရဏာဒိဓမ္မံ ယထာ၊ သွား, ရပ်, ထိုင်, လျောင်းခြင်းသဘောမရှိသကဲ့သို့)။ တထာ၊ ထို့အတူ။ ဣဒံ သဝိညာဏကမ္ပိ၊ ဤသဝိညာဏက အသုဘအကောင်သည်လည်း။ (တေသံ ဓမ္မာနံ၊ ထိုဆိုအပ်ပြီး တရားသုံးမျိုးတို့၏။ အပဂမာ၊ ချုပ်စဲပြတ်ကင်းခြင်းကြောင့်။ န စရဏာဒိဓမ္မံ၊ သွား, ရပ်, ထိုင်, လျောင်းခြင်းသဘောမရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့)

ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မြင် ပညာရှင်သည်)။ အဇ္ဈတ္တဉ္စ ကာယေ၊ အတွင်းအဇ္ဈတ္တ ကိုယ်ကာယ၌ လည်းကောင်း။ ဗဟိဒ္ဓါစ ကာယေ၊ အပြင်ဗဟိဒ္ဓ ကိုယ်ကာယ၌ လည်းကောင်း။ ဆန္ဒံ၊ တွယ်တာငြိကပ် တပ်မက်ခြင်း ဆန္ဒရာဂ ကို။ ဝိရာဇယေ- ဝိရာဇေယျ၊ လေးပါး မဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းကာ ကင်းကွာစေနိုင်ရာ၏။

ဤဂါထာ၌ - 'ယထာ ဣဒံ တထာ ဧတံ၊ ဤသက်ရှိ သဝိညာဏက ငါ၏ ကိုယ်ကဲ့သို့ပင် ထိုသက်မဲ့ အဝိညာဏက အသုဘကောင်သည်လည်း ရှေးကဖြစ်ခဲ့ဖူးလေပြီ' ဟု မိမိနှင့် သေသောသူကောင်ကို ထပ်တူထပ်မျှပြုကာ ရှုကြည့်ခြင်းဖြင့် အပြင်ဗဟိဒ္ဓ ကိုယ်ကာယ၌ (ဖြစ်မည့်) ဒေါသကိလေသာကို ပယ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ယထာ ဧတံ တထာ ဣဒံ၊ ထိုသေသောသူကောင်ကဲ့သို့ပင် ဤငါ၏ သက်ရှိ သဝိညာဏက ကိုယ်ကောင်သည်လည်း နောက်တစ်ချိန်၌ ဖြစ်လိမ့်မည်' ဟု သေသောသူကောင်နှင့် မိမိကို ထပ်တူထပ်မျှပြုကာ ရှုကြည့်ခြင်းဖြင့် အတွင်းထပ်တူ အဇ္ဈတ္တ ကိုယ်ကာယ၌ (ဖြစ်မည့်) ရာဂကိလေသာကို ပယ်၏။

အဇ္ဈတ္တဗဟိဒ္ဓ ကိုယ်ကာယနှစ်ပါးကို (တစ်နည်း) သက်ရှိသက်မဲ့ ကိုယ်ကာယနှစ်ပါးကို ထပ်တူထပ်မျှပြုကာ ရှုကြည့်နိုင်ကြောင်းဖြစ်သော အခြင်းအရာကို ပညာဖြင့် သိရကား ထိုကိုယ်ကာယနှစ်ပါး၌ သဘောသွားကို မသိခြင်း = မောဟကိလေသာကို ပယ်၏။

ဤသို့လျှင် ရှေ့ပိုင်းဝိပဿနာဉာဏ်အခိုက်၌ပင် အမှန်အတိုင်း သိမြင်သဖြင့် လောဘ, ဒေါသ, မောဟ အကုသိုလ်မူလသုံးပါးကို တဒင်္ဂပဟာန်ဖြင့် ပယ်ရှားနိုင်ပြီးလျှင် ထိုဝိပဿနာဉာဏ်မှ အထက်မဂ်လေးပါးအစဉ်ဖြင့် အလုံးစုံသော ဆန္ဒရာဂကို သမုစ္ဆေဒပဟာန်အနေအားဖြင့် အကြွင်းမဲ့ ပယ်စွန့်နိုင်လေသည်ဟု ဆိုလိုရင်း အဓိပ္ပါယ်ကို သိမှတ်ရာ၏။

ဤသို့လျှင် သေက္ခဘုံကို ပြပြီး၍ ယခုအခါ အသေက္ခဘုံကို ပြတော်မူလိုရကား ဤဂါထာကို ဟောတော်မူ၏။

(၁၂) ဆန္ဒရာဂဝိရတ္တော သော၊
ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊
နိဗ္ဗာနံ ပဒမစ္စုတံ။

ဣဓ၊ အံ့ဖွယ်ရှစ်ဖြာ ဤသာသနာတော်၌။ (ဝါ) သဝိညာဏက အဝိညာဏက အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော ဤကိုယ်ကာယ၌။ ဆန္ဒရာဂဝိရတ္တော၊ တဏှာ ဆန္ဒ ဟူသမျှကို တစ်စမကျန် ပယ်လှန်ဖြတ်ရှင်း ကင်းတော်မူပြီးသော။ ပညာဏဝါ၊ အရဟတ္တမဂ်ပညာရှိသော။ သော ဘိက္ခု၊ ထိုမဂ္ဂါနုဋ္ဌရဖိုလ်သို့ ရောက်ပြီးသော။ ရဟန္တာပုဂ္ဂိုလ်သည်၊ အမတံ၊ သေခြင်းကင်းသော။ ဝါ- အမြိုက်သုဒ္ဓါ အရသာသို့ လွန်စွာ မွန်မြတ် သော။ သန္တိံ သခိရပ်သိမ်းငြိမ်းရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော။ ဝါ - သန္တိလက္ခဏာ ငြိမ်းလှစွာသော။ နိဗ္ဗာန်၊ တဏှာမှ လွတ်မြောက်ရာ ဖြစ်သော။ အစွတံ၊ လျှောကျ သက်ကြွေ စုတေရခြင်း အလျှင်း မရှိသော။ ပဒံ၊ မဂ်ဉာဏ်စသည်ဖြင့် ရောက်အပ်သော နိဗ္ဗာန်သို့။ အဇ္ဈဂါ၊ ရောက်လေပြီ။

ဤဂါထာဖြင့် ဖော်ပြရာပါအတိုင်း ကျင့်ကြံ အားထုတ်သောသူသည် ဤတဏှာဆန္ဒ (တဏှာဆန္ဒ အဦးပြုသော ကိလေသာအပေါင်း)ကို စွန့်ပယ်၍ နိဗ္ဗာနဓာတ်နှစ်ပါးကို ရရှိကြောင်း ပြဆိုတော်မူသည်။

ဤသို့လျှင် သက်ရှိ သက်မဲ့ သဝိညာဏက, အဝိညာဏက၏ အစွမ်းဖြင့် အသုဘကမ္မဋ္ဌာန်းကို မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော အပြီးအဆုံးနှင့်တကွ ဟော တော်မူပြီး၍ တစ်ဖန် အကျဉ်းချုပ်ဖြစ်သော ဒေသနာဖြင့် သို့စင် ကြီးကျယ် ဖွံ့ဖြိုး အကျိုးအာနိသင်ရှိသည့် ကမ္မဋ္ဌာန်း၏ အန္တရာယ်ကိုပြုတတ်သည့် ပမာဒဝိဟာရ မေ့လျော့စွာနေခြင်းကို ကဲ့ရဲ့ ရှုတ်ချတော်မူလိုရကား ဤ နောက်ဆုံး နှစ်ဂါထာကို ဟောတော်မူ၏။

(၁၃) ဒွိပါဒကော ယံ အသုစိ၊
ဒုဂ္ဂန္ဓော ပရိဟီရတိ။
နာနာကုဏပ ပရိပူရော၊
ဝိဿဝန္တော တတော တတော။

(၁၄) ဧတာဒိသေန ကာယေန၊
ယော မညေ ဥဏ္ဏမေတဝေ။
ပရံ ဝါ အဝဇာနေယျ၊
ကိမညတြ အဒဿနာ။

ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော။ အယံ ကာယော၊ ဤလူ၏ ကိုယ် သည်။ အသုစိ၊ မစင်မကြယ် ရွံ့ဖွယ်အတိ ပြည့်သည်ဖြစ်၍။ ဒုဂ္ဂန္ဓော၊ ပုပ်နံ့ ညှီဟောင်း ရနံ့မကောင်းသည်ဖြစ်၍။ ပရိဟာရတိ၊ ရေချိုးခြင်း, နံ့သာလိမ်း ခြင်း စသည်ဖြင့် နေ့ဆက်ရက်စဉ် ပြုပြင်ဆောင်ရွက်၍နေရ၏။ (အထ၊ ထိုသို့ နေ့ဆက်ရက်စဉ် ပြုပြင်ဆောင်ရွက်၍ ပေးနေပါလျက်)။ နာနာကုဏပ

www.burmeseclassic.com

www.burmeseclassic.com



ပရိပူရေ၊ အထူးထူး အပြားပြား တစ်ပါးမက များလှစွာဘိ အပုပ်အတိ ပြည့်မြဲပြည့်၍နေ၏။ တတော တတော၊ ထိုထို ကိုးပေါက်ဒွါရ အမာဝခပင်း ဆံမွေးတွင်းတို့မှ။ ဝိဿဝန္တော၊ နံ့သာလိမ်းကျံ ပန်းကိုပန်၍ ဖန်ဖန်ကြိုးကုတ် ဖုံးလွှမ်းရန်အားထုတ်သော်လည်း ပြုလုပ်သမျှ ကျိုးမရဘဲ ခေဠုတံတွေး မျက်ဝတ်ချွေးနှင့်နှပ်စေးနဖာ ရွံဖွယ်ရာတို့ များစွာ ဒီးဒီး တတွေတွေယိုစီးလျက် ရှိပေ၏။

ဧတာဒိသေန၊ ဤသို့ မစင်မကြယ် ရွံဖွယ်အတိပြည့်၍နေသော။ ကာယေန၊ ကိုယ်ဖြင့်။ ဝါ-ကိုယ်ကြောင့်။ ယော၊ အမှတ်မထား ယောက်ျားမိန်းမအကြင်သို့သော လူဗာလသည်။ ဥဏ္ဏမေတဝေ၊ မာန်တကြွားကြွားငါတကားဟု ထောင်လွှားခြင်းငှာ။ မညေ - မညေယျ၊ တဏှာအားဖြင့် ငါ၏ကိုယ်, မာနအားဖြင့် ငါတကား, ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်နိစ္စဟု တက်ကြွစိတ်ဝင်မှတ်ထင်လေရာ၏။ ပရံ ဝါ၊ သူတစ်ပါးကိုမူလည်း။ အဝဇာနေယျ၊ ဇာတိနာမဂေါတ္တ စသည် ထိုထိုသို့သော ဂုဏ်ရည်ဖြင့် မထီမဲ့မြင် ရှုတ်ချရာ၏။ (အတြ၊ ထိုသို့ ကိုယ့်ကိုမြှောက်လျှင်း သူ့ကို ဖိနှိပ်ခြင်း၌)။ အဒဿနာ၊ သစ္စာ လေးအင်အမှန်အတိုင်း မသိမြင်ခြင်းကို။ အညတြ၊ မယူကြဉ်ဖဲ ရှောင်လွှဲ ဖယ်ရှားအလွတ်ထား၍။ ကာရဏံ၊ အခြားတစ်ပါး အကြောင်းတရားသည်။ ကိံသိယာ၊ အဘယ်မှာလျှင် ဖြစ်ရာတော့အံ့နည်း။ (သစ္စာလေးပါးတရားကို မသိခြင်းကြောင့်သာ ထိုကဲ့သို့ မိမိကိုယ်ကို မြှောက်ပင့်၍ သူ့ကိုနှိပ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။)

ဝိဇယသုတ္တန်ပြီး၏။

■ ■ ■

ဒေသနာနိဂုံး ဆုံးလတ်သောအခါ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။ သိရိမာနတ် မိဖုရားသည်လည်း အနာဂါမိဖိုလ်သို့ ရောက်ရှိလေသည်။ သိရိမာကို တပ်မက်သော ရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



# ကုဏ္ဍလကေသာထေရီ အပဒါန်ဝတ္ထု

ကုဏ္ဍလကေသာ ထေရီလောင်းလျာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်း ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်၌ ဟံသာဝတီ နေပြည်တော်ကြီး၌ ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ ခြေရွှေကျေးကျွန်တို့ဖြင့် ပြည့်စုံသော သူဌေးသမီး တစ်ယောက် ဖြစ်ခဲ့သည်။

ထိုသူဌေးသမီး အရွယ်သို့ ရောက်သောအခါ ပါရမီဓာတ်ခံနှင့် ပညာဉာဏ်ပါရှိလာသူ အမျိုးသမီးကလေးဖြစ်သည်နှင့်အညီ ရတနာသုံးပါး ဦးထိပ်ထားပြီး ဘုရားရှင်ထံသို့ မကြာမကြာ တရားနာသွားလေ့ရှိသည်။

တစ်နေ့သောအခါ ဤထေရီလောင်းလျာသည် ကျောင်းတော်သို့ သွားရောက်၍ တရားနာနေစဉ် ဘိက္ခုနီတစ်ပါးကို ရှင်တော်မြတ်ဘုရားက ခိပ္ပါဘိညာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူပုံကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ခဲ့ရသည်။ သူဌေးသမီးကလေး၏ စိတ်ထဲတွင် လွန်စွာအားတက်ခြင်းဖြစ်ပြီး 'နောင်ပွင့်တော်မူလတ္တံ့ဖြစ်သော ဘုရားရှင်တို့၏ လက်ထက်တော်၌ ထိုထေရီကဲ့သို့ဖြစ်လိုသော ဆန္ဒများ ဖြစ်လာခဲ့သည်။

## ကျွတ်တမ်းဝင်ရပါလို၏

ထို့နောက် မကြာမီ အတောအတွင်းမှာပင် အလှူမဏ္ဍပ်ကြီးကို တခမ်းတနားဆောက်လုပ်စေပြီး သံဃာတော်များနှင့် ရှင်တော်မြတ်ဘုရားကို ပင့်ဆောင်ကာ ကြီးကျယ်သော အလှူဒါနပြုသည်။ လှူဖွယ်ဝတ္ထု အစုစုတို့ကို သာစုခေါ်ကြစေရန် ရေစက်သွန်းချသည်။ ထို့နောက်တွင် ဘုရားရှင်ထံပါးသို့ ဝပ်တွားချဉ်းကပ်လျက် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤအလှူတော်ကြီးကို ပေးလှူရသော စေတနာကြောင့် နောင်ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့ လက်ထက်တော်တွင် ခိပ္ပါဘိညာဧတဒဂ် ဘွဲ့ထူးကို ရရှိ၍ သံသရာဝဋ်စခန်းမှ ကျွတ်တမ်းဝင်ရပါလို၏ဘုရား'ဟု လျှောက်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗျာဒိတ်ကြားပြီ

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်ပြီးလျှင် နောင်ကမ္ဘာတစ်သိန်း လွန်လေသောအခါ ဂေါတမမြတ်စွာဘုရားထင်ရှားစွာ ပွင့်တော်မူလိမ့်မည်။ ထိုဘုရားရှင် လက်ထက်တော် အခါ၌ သင်သည် ကုဏ္ဍလကေသာဟူသောအမည်ဖြင့် ခိပ္ပါဘိညတေဒဂ်ဘွဲ့ထူးကို ရ၍ သံသရာဝဋ်စက်မှ ကျွတ်လွတ်ရလိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

## စာဂါနုဿတိကုသိုလ်

ထိုဗျာဒိတ်စကားကို သူဌေးသမီးကလေး ကြားသောအခါ များစွာအားတက်ခြင်းဖြစ်ပြီး စာဂါနုဿတိ သဘောဖြင့် လှူဒါန်းခဲ့ပြီးသည့် ကုသိုလ်များကိုအမြဲတမ်း ဆင်ခြင်ပွားများသည်။ မပြုရသေးသော ကုသိုလ်များကိုလည်းအဆင့်ဆင့် ပြုလုပ်နိုင်ရန် ကြိုးစားသည်။ တစ်သက်ပတ်လုံး ရတနာသုံးပါးဦးထိပ်ထားလျက် ကုသိုလ်တရားများကိုသာ ပွားများဆည်းကပ်လေ့ရှိသည်။

ဤထေရီလောင်းလျာသည် ထိုဘဝမှ စုတေသွားသော် ပြုခဲ့သောကုသိုလ်စေတနာအဟုန်ကြောင့် တာဝတိံသာဘုံမှာ ပြည့်စုံသော စည်းစိမ်ချမ်းသာဖြင့် ဒေဝစ္ဆရာကညာနတ်သမီးကလေး ဖြစ်ရလေသည်။

## ကိုယ်တိုင်ပြန်လည်ဟောပြပုံ

တဒါဟံ ဟံသဝတိယံ၊ ဇာတာ သေဋ္ဌိကုလေ အဟုံ။
နာနာရတနပဇ္ဇောတေ၊ မဟာသုခသမပ္ပိတာ။

တဒါ၊ ထိုပဒုမုတ္တရာဘုရားရှင် ထင်ရှားပွင့်တော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီ နေပြည်တော်ကြီး၌။ နာနာရတနပဇ္ဇောတေ၊ ပတ္တမြားစိန်ကြောင် ရတနာအရောင်တို့ဖြင့် ထိန်ပြောင် ပြိုးပြက်၍နေသော။ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌။ ဇာတာ၊ ခမ်းခမ်းနားနား ဖြစ်ပွားပေါ် ပေါက်လျက်။ မဟာသုခသမပ္ပိတာ၊ ကြီးကျယ်ရိပ်ငြိမ် စည်းစိမ်ခံစားခမ်းနားထိန်ညီး တင့်တယ်သော သူဌေးသမီးသည်။ အဟုံ၊ ဖြစ်ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥပေတွာ တံ မဟာဝီရံ၊ အဿောသိံ ဓမ္မဒေသနံ။
တတော ဉာတပသာဒါဟံ၊ ဥပေသိံ သရဏံ ဇိနံ။

အဟံ၊ အကျွန်ုပ်သည်။ တံမဟာဝီရံ၊ ထိုပဒုမုတ္တရ ဘုရားရှင်သို့။ ဥပေတွာ၊ ခစားဆည်းကပ်လျက်။ ဓမ္မဒေသနံ၊ ဟောကြားတော်မူအပ်သော တရား တော်မြတ်ကို။ အဿောသိံ၊ သဒ္ဓါနားဖြင့် နာကြားခဲ့ပါပြီ။ တတော၊ ထို တရားတော်ကို နာကြားသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဉာတပသာဒါ၊ ကြည်ညိုလှစွာ၊ သဒ္ဓါတရားပေါ်ပေါက်လာသည်ဖြစ်၍။ သရဏံ၊ သုံးလောကလုံး ညွှတ်ရုံးမှီခိုရာဖြစ်တော်မူပေသော။ ဇိနံ၊ ငါးမာရ် အောင်မြင်ဘုရားရှင်ကို။ ဥပေသိံ၊ ရှိသေလေးမြတ် ဆည်းကပ်ခံစားခဲ့ပါပြီ။

တဒါ မဟာကာရုဏိကော၊ ပဒုမုတ္တရနာမကော။
ခိပ္ပါဘိညာနမဂ္ဂန္တိ၊ ဌပေသိ ဘိက္ခုနိံ သုဘံ။

တဒါ၊ ထိုအခါ၌။ မဟာကာရုဏိကော၊ သုံးဘုံတိုက်သား သတ္တဝါ အများတို့၌ အသနားတော် ကြီးမြတ်တော်မူပေသော။ ပဒုမုတ္တရနာမကော၊ ပဒုမုတ္တရ နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်။ သုဘံ၊ တရားစာတ်ဖြင့် ကောင်းမြတ်တင့်တယ်သော။ ဘိက္ခုနိံ၊ ဘိက္ခုနီတစ်ပါးကို။ ခိပ္ပါဘိညာနံ၊ အလျင်အမြန် တရားသိသော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ အဂ္ဂန္တိ၊ အမြတ်ဆုံး ဟူ၍။ ဌပေသိ၊ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတင်ထားတော်မူလေ၏။

တံ သုတွာ မုဒိတာ ဟုတွာ၊ ဒါနံ ဒတွာ မဟေသိနော။
နိပစ္စ သိရသာ ပါဒေ၊ တံ ဌာနံ မဘိပတ္ထယိံ။

တံ၊ ထိုဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးတော်မူသည်ကို။ သုတွာ၊ အထင် အရှား နာကြားရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ မုဒိတာ၊ ကြည်လင် ရွှင်ပြုံး နှလုံးဝမ်းမြောက်သည်။ ဟုတွာ၊ ဖြစ်၍။ မဟေသိနော၊ ရှင်တော်မြတ် ဘုရားအား။ ဒါနံ၊ ကြီးကျယ်ခမ်းနား များပြားလောက်လုံ ဗိုလ်ပုံဘွဲ့ချီး အလှူ ကြီးကို။ ဒတွာ၊ စေတနာဖွေးဖြူ ပေးလှူစွန့်ကြဲလျက်။ ပါဒေ၊ ခြေတော်အစုံကို။ သိရသာ၊ ဦးခေါင်းဖြင့်။ နိပစ္စ၊ ရှိခိုးဝပ်တွား၍။ တံဌာနံ၊ ထိုဧတဒဂ်ရာထူးကို။ အဘိပတ္ထယိံ၊ နောင်အခါရပါစေကြောင်း ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ဆုတောင်းခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အနုမောဒိ မဟာဝီရော၊ ဘဒ္ဒေ ယံ တေဘိပတ္ထိတံ။
သမိဒ္ဓိသတိ တံ သဗ္ဗံ၊ သုခိနီဟောဟိနိဗ္ဗုတာ။

မဟာဝီရော၊ ဝီရိယစွမ်းအင် ထက်သန်ကြီးမား မြတ်ဘုရားသည်။ အနုမောဒိ၊ အကျွန်ုပ်၏ဆုတောင်းချက်ကို နှစ်ဘက်ဝမ်းမြောက်တော်မူ၏။ 'ဘဒ္ဒေ၊ အို. . . ချစ်သမီး။ တေ၊ သင်ချစ်သမီးသည်။ ယံ၊ အကြင်ဇာတဒဂ်ရာထူးကို။ အဘိပတ္ထိတံ၊ ရလိုကြောင်းဖြင့် ဆုတောင်းအပ်လေပြီ။ တံ သဗ္ဗံ၊ ထို ဆုတောင်းချက် အလုံးစုံသည်။ သမိဒ္ဓိသတိ၊ မချွတ်ကေန် အမှန်ပြည့်စုံလတ္တံ့။ နိဗ္ဗုတာ၊ ကိလေသာမီး ကင်းငြိမ်းပြီးသည်ဖြစ်၍။ သုခိနီ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ခံစားကာလျှင် လိုရာပြီးမြောက် ချမ်းသာခြင်းသို့ ရောက်ရှိ သည်။ ဟောဟိ၊ ဖြစ်ပါစေသတည်း။

တေန ကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသ မဂစ္ဆဟံ။

သုကတေန၊ ကောင်းစွာပြုလုပ် ဆည်းပူးခဲ့သော။ တေန ကမ္မေန၊ ထို ကုသိုလ် အထူးကြောင့်လည်းကောင်း။ စေတနာပဏိဓီဟိစ၊ စေတနာဆုတောင်း အကြောင်းကြောင်းတို့ကြောင့်လည်းကောင်း။ မာနုသံဒေဟံ၊ လူ့ဘဝကို။ ဇဟိတွာ၊ စွန့်လွှတ်သောထွေ စုတေချုပ်ဆုံးခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ တာဝတိံသာ ဘုံနန်းပြည်သို့။ အဂစ္ဆိံ၊ သွားရောက် ခံစားခဲ့ရပါပြီ။

တတော စုတာ ယာမမဂံ၊ တတောဟံ တုသိတံ ဂတာ။
တတော စ နိမ္မာနရတိံ၊ ဝသဝတ္တိပုရံ တတော။

အဟံ၊ အကျွန်ုပ်သည်။ တတော၊ ထို တာဝတိံသာ နတ်ပြည်မှ။ စုတာ၊ သက်တမ်းကြွေ၍ စုတေခဲ့သည်ရှိသော်။ ယာမံ၊ ယာမာနတ်ဘုံသို့။ အဂံ၊ သွားရောက်ခံစားခဲ့ရပါပြီ။ တတော၊ ထိုယာမာဘုံမှ။ စုတာ၊ အသက်တမ်းကြွေ၍ စုတေခဲ့သည်ရှိသော်။ တုသိတံ၊ တုသိတာနတ်ဘုံသို့။ ဂတာ၊ သွားရောက်ခံစားခဲ့ရပါပြီ။ တတော၊ ထိုတုသိတာနတ်ဘုံမှ၊ စုတာ၊ သက်တမ်းကြွေ၍ စုတေခဲ့ပြန်သည်ရှိသော်။ နိမ္မာနရတိံ၊ နိမ္မာနရတီနတ်ဘုံသို့။ ဂတာ၊ သွားရောက် ခံစားခဲ့ရပါပြီ။ တတော၊ ထိုနိမ္မာနရတီနတ်ပြည်မှ။ စုတာ၊

www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းကြွေ၍ စုတေခဲ့သည်ရှိသော်။ ဝသဝတ္တိပုရံ၊ ဝသဝတ္တိနတ်ပြည်သို့။ တတော၊ သွားရောက် ခံစားခဲ့ရပါပြီ။

ယတ္ထ ယတ္ထူပပဇ္ဇာမိ၊ တဿ ကမ္မဿ ဝါဟသာ။
တတ္ထ တတ္ထေဝ ရာဇူနံ၊ မဟေသိတ္တမကာရယိံ။

အဟံ၊ အကျွန်ုပ်သည်။ ယတ္ထယတ္ထ၊ အကြင်အကြင်ဘုံဘဝတို့၌။ ဥပပဇ္ဇာမိ၊ ကပ်ရောက်ဖြစ်ပွားရလေ၏။ တတ္ထတတ္ထေဝ၊ ထိုထိုဖြစ်ရာ ဘုံဘဝတို့၌သာလျှင်။ တဿကမ္မဿ ထိုပြုလုပ်ဆည်းပူးခဲ့သော ကုသိုလ်ကံ၏။ ဝါဟသာ၊ အစွမ်းရှိန်စော် အာနုဘော်ကြောင့်။ ရာဇူနံ၊ နတ်တို့သနင်း နတ်မင်းဘုရင်မြတ်ကြီးတို့၏။ မဟေသိတ္တံ၊ ဖိဖုရားခေါင်ကြီး၏အဖြစ်ကို။ အကာရယိံ၊ ပြုလုပ်ခံစားခဲ့ရပါပြီ။

တတော စုတာ မနုဿေသု၊ ရာဇူနံ စက္ကဝတ္တိနံ။
မဏ္ဍလီနဉ္စ ရာဇူနံ၊ မဟေသိတ္တမကာရယိံ။

တတော၊ ထိုပျော်ခင်းပြည့်စုံ နတ်ခြောက်ဘုံမှ။ စုတာ၊ မပျော်မမွေ့ ငြီးငွေ့စုတေ သက်တမ်းကြွေခဲ့သည်ရှိသော်။ မနုဿေသု၊ လူ့ဘုံလူ့ဘဝတို့၌။ စက္ကဝတ္တိနံ၊ စကြာပတ္တမြား ဆင်မြင်းများနှင့် ဖိဖုရား, သူဌေး, ရင်သွေးဥက္ကဌ်, သားမြတ်ဘုန်းလှိုင် လက်ကိုင်ရှိငြား ရတနာခုနစ်ပါးတို့ သခင်ဖြစ်တော်မူကုန်သော။ ရာဇူနံ၊ လေးကျွန်းသနင်း စကြဝတေးမင်းတို့၏။ မဟေသိတ္တံ၊ သောင်းရှေ့ဦးသျှောင် အရှင်မိဖုရားခေါင်ကြီး၏ အဖြစ်ကို လည်းကောင်း။ မဏ္ဍလီနံ၊ ဇမ္ဗူမဏ္ဍလင် ကျွန်းအပြင်ကို ဂုဏ်အင်ဖြန့်မိုး၍ ပိုင်စိုးတော်မူကြကုန်သော။ ရာဇူနံ၊ ဧကရာဇ်မင်းတို့၏။ မဟေသိတ္တံစ၊ တောင်ညာတင်ထား အရှင်မိဖုရားခေါင်ကြီးအဖြစ်ကို လည်းကောင်း။ အကာရယိံ၊ ပြုလုပ်ခံစားခဲ့ရပါပြီ။

သမ္ပတ္တိံ အနုဘောတ္ဝာန၊ ဒေဝေသု မာနုသေသု စ။
သဗ္ဗတ္ထ သုခိတာ ဟုတွာ၊ နေကကပ္ပေသု သံသရိံ။

www.burmeseclassic.com

www.burmeseclassic.com



အပဟ်၊ အကျွန်ုပ်သည်။ ဒေဝေသုစ၊ နတ်နန်းဘုံဆောင် ပြိုးပြောင်ထိန်ဝင်း ပျော်ခင်းပြည့်စုံ နတ်ခြောက်ဘုံတို့၌လည်းကောင်း။ မာနုသေသုစ၊ ကမ္ဘာဝန်းကျင် လူ့တိုင်းခွင်တို့၌လည်းကောင်း။ သမ္ပတ္တိ၊ ကောင်းဆိုသမျှ လောကရိပ်ငြိမ် မြတ်စည်းစိမ်ကို။ အနုဘောတွာန၊ အလိုရှိတိုင်း မဆိုင်းနယ်ချဲ့ ခံစားခဲ့၍။ သဗ္ဗတ္ထ၊ ဖြစ်လေရာရာ များစွာဘဝ ဘုံဌာနတို့၌။ သုခိတာ၊ ဆင်းရဲဟူ၍ မြူမငွေ့ဘဲ ပြကတေ့ ချမ်းသာခဲ့သည်။ ဟုတွာ၊ ဖြစ်၍။ နေကကပ္ပေသု၊ များပြားလှစွာ ကပ်ကမ္ဘာတို့၌။ သံသရိ၊ အမြင့်ဆုံးအတန်းအားဖြင့် ပျော်ပါးကျင်လည်ခဲ့ရပါပြီ။

## ကဿပရှင်တော်ဘုရား လက်ထက်

ကဿပ ဘုရားလက်ထက်တော်အခါ၌ ကာသိတိုင်း ဗာရဏသီပြည့်ရှင်ဘုရင်ကိကီမင်းကြီး၏ သမီးတော်တစ်ယောက် ဖြစ်လာခဲ့သည်။ ထိုကိကီမင်းကြီး၌ သမီးတော်ခုနစ်ပါးရှိရာ ကုဏ္ဍလကေသာ ထေရီလောင်းလျာသည် ဘိက္ခုဒါယိကာ အမည်ရှိ စတုတ္ထသမီးတော်ဖြစ်လာရသည်။

ထိုအခါ ကဿပရှင်တော်ဘုရား၏ တရားတော်ကို ကြားနာရသဖြင့် ငယ်ရွယ်စဉ်ကပင် လူတို့ဘောင်၌ ဝတ်ကြောင်နှင့် မနေလို၍ သာသနာတော်ဘောင်သို့ဝင်ပြီး ရဟန်းပြုရန် စိတ်အလွန်ထက်သန်နေသူဖြစ်ခဲ့သည်။

ခမည်းတော်ကိကီမင်းတရားကြီးထံသို့ ရဟန်းပြုလိုကြောင်း ခွင့်တောင်းသော်လည်း ခွင့်မရခဲ့။ သမီးတော်ခုနစ်ပါးကို တစ်သက်လုံး လူဝတ်ကြောင်ဘဝဖြင့် မြင်လို၍ သာသနာတော်ဘောင်၌ ရဟန်းပြုရန် ခွင့်မပေးခြင်းဖြစ်သည်။ သမီးတော်ခုနစ်ပါးတို့ ကုသိုလ်ရေးနှင့် ပျော်မွေ့လိုကြပါလျှင် လူဝတ်ကြောင်နှင့်သာ အလိုရှိသမျှ လှူဒါန်းစွန့်ကြ၍ သီတင်းသီလကို စောင့်သုံးနေကြရမည်။ ကုသိုလ်ရေးများ၌ လိုက်စားပျော်မွေ့သည်ကို တားမြစ်တော်မမူဘူးဟု ကိကီမင်းကြီးက သမီးတော်များကို မိန့်ကြားတော်မူထားသည်။

ခမည်းတော်ဘုရားကြီးထံမှ ရဟန်းပြုရန် အခွင့်မရ၍ ငယ်ရွယ်စဉ်ကစပြီး အသက်ဆုံးသည့်တိုင်အောင် သမီးတော် ခုနစ်ဦးစလုံးတို့သည် ကောမာရိ ဗြဟ္မစရိယအကျင့်ကို ကျင့်သုံးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကောမရီအကျင့်ဟူသည်

ကောမာရီဗြဟ္မစရိယအကျင့်ဟူသည်မှာ ယောကျ်ားများနှင့်မဆိုင် မိန်းမတို့နှင့်သာ သက်ဆိုင်သည့် အကျင့်မြတ်ဖြစ်ပေသည်။ ထိုအကျင့်မြတ်ကို ကျင့်သူ အမျိုးသမီးကလေးများသည် အသက် ၁၂-နှစ် အရွယ်ကစပြီး ဆယ်ပါးသီလကို မကျိုးမပေါက်ရအောင် စင်စင်ကြယ်ကြယ် စောင့်သုံးရသည်။ ယောကျ်ားတို့နှင့် စပ်လျဉ်းပြီး ခြေဖျား, လက်ဖျားတို့ထိခြင်း၊ မရိုးဖြောင့်သော စိတ်မျိုးဖြင့် ယောကျ်ားတို့၏ မျက်နှာကိုကြည့်ရှုခြင်း၊ ပြုံးပြုံးရယ်ရယ် စကားပြောဆိုခြင်း၊ အနီးအနားကပ်၍ ထိုင်နေခြင်း စသည်မျှပင် မပြုလုပ်ရပေ။

ကောမာရီဗြဟ္မစရိယအကျင့်ကို အသက်ဆုံးသည်တိုင်အောင် ကျင့်ကြံသွားနိုင်ခဲ့လျှင် လွန်စွာအကျိုးကြီးလှပေသည်။ သို့ကြောင့် ကိုယ့်အကျိုး, ကိုယ့်စီးပွားအရာတွင် လိမ္မာမြော်မြင်၍ နောင်သံသရာ တစ်ခွင်တွင် အစဉ်သဖြင့် ချမ်းသာလိုကြပါလျှင် ကောမာရီဗြဟ္မစရိယအကျင့်ကို တစ်ဘဝကလေးလောက် ဖြစ်ဖြစ် ကျင့်ကြံအားထုတ်သင့်ကြပေသည်။

ဤကုဏ္ဍလကေသာထေရီလောင်းလျာ၊ စတုတ္ထသမီးတော် ဘိက္ခုဒါယိကာသည် ကောမာရီဗြဟ္မစရိယအကျင့်ကို စင်စင်ကြယ်ကြယ် ကျင့်ကြံရုံမျှမက အထူးအားဖြင့် သံဃာတော်များ သီတင်းသုံးနေထိုင်တော်မူကြရန် ကျောင်းကန်တိုက်တာအရံကြီး တစ်ခုကိုလည်း ပြုလုပ်တည်ထောင်ကာ သံဃိကဒါနအဖြစ်ဖြင့် လှူဒါန်းခဲ့သည်။ အသက်တမ်း နှစ်သောင်းကာလပတ်လုံး လောကီဓလေ့ဘက်၌ အငွေ့အသက်လောက်မျှကိုပင် မလိုက်စားဘဲ သူတော်ကောင်းတရားဖြင့်သာ အချိန်ကို လွန်စေလျက် အသက်တမ်းပြည့်၍ စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေသည်။

## အဆုံးဘဝသို့ ရောက်လာခြင်း

ယခုရှင်တော်ဘုရားလက်ထက်တော်သို့ ရောက်သောအခါ ထိုအမျိုးသမီး ကလေးသည် ရာဇဂြိုဟ်ပြည်တွင် ကြီးကျယ်ခမ်းနားပစ္စည်းဥစ္စာပေါများသူ သူဌေးကြီး၏ သမီးကလေးဖြစ်လာရပြန်သည်။ အမည်အားဖြင့် 'ကုဏ္ဍလ

www.burmeseclassic.com

www.burmeseclassic.com



ကေသာ' ဟု ခေါ်ကြသည်။ ငယ်မည်အားဖြင့် 'ဘဒ္ဒါ' ဟုလည်း ခေါ်ကြသေးသည်။

## တစ်နေ့တည်းဖွားမြင်သူတစ်ဦး

ဘဒ္ဒါသူဌေးသမီးကလေးဖွားမြင်သည့် ညမှာပင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားကြီး၏အိမ်၌ သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်သည်။ ထိုသားလေး ဖွားမြင်သည်နှင့် ရာဇဂြိုဟ်တစ်ပြည်လုံးရှိ လက်နက်များ ပြိုးပြိုးပြောင်ပြောင်နှင့် အရောင်ထွက်ကြသည်။ ထိုအခါ တစ်မြို့လုံး အထိတ်တလန့် ဖြစ်သွားခဲ့ကြရသည်။

## နက္ခတ်ကိုကြည့်ရှုခြင်း

ဤသို့ ထူးဆန်းသော နိမိတ်ဖြစ်ပေါ်လာသဖြင့် ဖခင်ပုရောဟိတ်ပုဏ္ဏားကြီးက ကောင်းကင်ကိုမော်၍ ကြည့်လိုက်ရာ စောရနက္ခတ် မွန်းတည့်ခိုက်နှင့် ကြုံနေသည်ကိုတွေ့ရသည်။ လောကီဗေဒင်ကိန်းများအရ သူခိုးနက္ခတ်နှင့် ယှဉ်၍ မွေးဖွားသူသည် ပစ္စည်းဥစ္စာ မည်မျှရှိရှိ တစ်စုံတစ်ရာကို မခိုးဘဲမနေနိုင်၊ စောရနက္ခတ်ကြောင့် ခိုးကိုခိုးသည်ဟု သိမှတ်ယူဆထားကြသည်။

ပုရောဟိတ် ပုဏ္ဏားကြီးသည် နောက်တစ်နေ့ နံနက်တွင် ညီလာခံသို့ ဝင်မြဲတိုင်း ဝင်သွားလေရာ ဘုရင်မင်းမြတ်က လွန်ခဲ့သောညက လက်နက်များ အရောင်ထွက်၍ ပြိုးပြိုးပြောင်ပြောင် တောက်ပသဖြင့် စက်တော်ခေါ်၍ မရကြောင်း မိန့်တော်မူသည်။

## စောရနက္ခတ်နှင့် ယှဉ်သည့်လူဆိုး

ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးက လက်နက်များ အရောင်ထွက်၍ ပြိုးပြိုးပြက်ပြက် တောက်ပခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ ဘုရား ကျွန်တော်မျိုးအိမ်၌ လွန်ခဲ့သည့်ညက သားတစ်ယောက်ဖွားမြင်ပါသည်။ စောရနက္ခတ်နှင့် ယှဉ်၍ ဖွားမြင်သူဖြစ်သဖြင့် နိုင်ငံတော်တစ်ဝှမ်းတွင် လူသွမ်းလူဆိုးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါလိမ့်မည် ဘုရား။ ဘုရင်မင်းမြတ်၏ အတွက်မှာမူ စိုးရိမ်ဖွယ်ရာ မရှိပါဟု လျှောက်ထားသည်။

## နက္ခတ်အရ အမည်ပေးပြီ

ထိုအခါ ဘုရင်မင်းမြတ်က 'ထီးနန်းစည်းစိမ်အတွက် စိုးရိမ်စရာမရှိလျှင် အရေးမကြီးဘူး။ ဆုံးမသွန်သင်၍သာ မွေးမြူပေတော့' ဟု မိန့်တော်မူသဖြင့် ပုရောဟိတ်ပုဏ္ဏားကြီးလည်း အိမ်သို့ ပြန်လာခဲ့သည်။ ထို့နောက် သူ့သားကို နက္ခတ်အားလျော်စွာ 'သတ္တုက' ဟု အမည်ပေးလိုက်သည်။ သတ္တုကဟူသည် 'မောင်ရန်စွယ်'ဟု အဓိပ္ပာယ်ယူနိုင်သည်။

မောင်ရန်စွယ် သူငယ်ကလေး ရှစ်နှစ်, ကိုးနှစ် အရွယ်ရောက်လာသော် သူတစ်ပါးတို့အိမ်တွင်ရှိ တွေ့သမျှ ပစ္စည်းတို့ကို ခိုးယူပြီး မိဘတို့အိမ်သို့ ဆောင်ယူလာတတ်သည်။ ပုရောဟိတ်ပုဏ္ဏားကြီး၏အိမ်၌ ထိုကဲ့သို့ ခိုးရာပါ ပစ္စည်းတို့ဖြင့် တဖြည်းဖြည်း ပြည့်နှက်နေတော့သည်။ ဖခင်ပုရောဟိတ် ပုဏ္ဏားကြီးက မိမိသားငယ်အား ဝါသနာစရိုက်ဆိုးများ ပျောက်ကင်းအောင် အမျိုးမျိုး ပြောဆိုဆုံးမသည်။ သို့ရာတွင် စောရနက္ခတ်နှင့်ယှဉ်လျက် မွေးဖွားလာသူဖြစ်၍ ဆုံးမလေသမျှ သဲထဲရေသွန်သာ ဖြစ်ရသည်။ ထိုပုရောဟိတ်ပုဏ္ဏားကြီးသည် ဘုရင်မင်းမြတ်ကို အကြောင်းအကျိုးပြ၍ ဆုံးမတတ်သူ မင်းဆရာပင်ဖြစ်သော်လည်း သူ၏သားကိုမူ လူကောင်းဖြစ်အောင် မဆုံးမနိုင်ပေ။

သူငယ်ကလေး မောင်ရန်စွယ်သည် ရုပ်ဆင်းအင်္ဂါအားဖြင့် ရှုချင်စဖွယ် တင့်တင့်တယ်တယ် ရှိသည်။'အဆင်းကောင်းသော်လည်း အချင်းမကောင်း' ဟူသော စကားအတိုင်း ရုပ်ဆင်းရူပကာယ လှပတင့်တယ်သော်လည်း အရည်အချင်းစရိုက်ကမူ ပြောမရ ဆိုမရ မိုက်ချင်တိုင်း မိုက်နေသူဖြစ်သည်။ လူလားမြောက်၍ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သော် ထွားထွားကျိုင်းကျိုင်း ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် လူခန့်လူချောကလေးတစ်ယောက် ဖြစ်လာသည်။ အခြားတစ်ဖက်တွင်လည်း 'သံပုရာသီးလို ကြီးလေချဉ်လေ'ဟူသော စကားအတိုင်းပင် သူသည် ကြီးလာလေလေ ဆိုးရွားလာလေလေ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်တစ်မြို့လုံးရှိ အိမ်များလည်း သူမခိုးဖူးသောအိမ်၊ သူမဖောက်ထွင်းဖူးသော အိမ်ဟု မရှိသလောက်ဖြစ်သည်။ အစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်၍ သူ့ကို မိအောင်မဖမ်းနိုင်ကြပေ။ ထို့ပြင် ထင်ရှားသူ ပုရောဟိတ်ပုဏ္ဏားကြီး၏သားဖြစ်၍ အများက ကြောက်ရွံ့ထိတ်လန့်ကြသည်။ ပုရောဟိတ်ပုဏ္ဏားကြီးက သားကို မနိုင်သည့်အတွက် "ယနေ့မှစ၍ ငါ့တို့ကို မိဘလို့ မပြောနှင့်တော့၊ အိမ်ကိုလည်း ဘယ်အခါမှ ပြန်မလာနှင့်၊ မောင့်သဘောအတိုင်းစိုင်းချင်တိုင်း စိုင်းပေတော့၊ မိဘတို့အပေါ်မှာ ရာဇဝတ်အပြစ်ဒဏ် အထိအခိုက်မခံနိုင်ဘူး"ဟု ပြောဆိုကာ သားသတ္တုကကို အိမ်မှ နှင်ထုတ်လိုက်သည်။ သတ္တုကဆိုသူ မောင်ရန်စွယ်ကလည်း ရွှင်လန်းဝမ်းမြောက်စွာပင် အိမ်မှထွက်သွားတော့သည်။

## ကုဏ္ဍလကေသာ အရွယ်ရောက်လာခြင်း

သူဌေးသမီးကလေး ကုဏ္ဍလကေသာသည် သူဌေးသမီးတို့၏ သဘာဝအတိုင်း ချမ်းချမ်းသာသာ ကြီးပြင်း၍လာခဲ့ရာ တစ်ဆယ့်ခြောက်နှစ်ကျော်ကျော်အရွယ်သို့ ရောက်လာသည်။ လှပတင့်တယ်၍ ချစ်ခင်ဖွယ်ကောင်းသောအဆင်းအသရေနှင့် ပြည့်စုံသူလည်း ဖြစ်လာသည်။ မိဘနှစ်ပါးက သမီးကလေးတစ်ယောက်ကို ချီးမြှောက်ချင်တိုင်း ချီးမြှောက်၊ အလိုလိုက်ချင်တိုင်းလိုက်ပြီး သမီးအကြိုက်ကိုသာ လိုက်၍ လုပ်ဆောင်ပေးနေကြသည်။

ကုဏ္ဍလကေသာ၏ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည့်သတင်းကို ကြားကြရသော အဝေးအနီးမှ သူဌေးသားများစွာတို့သည် ဘာသာရမွှက် နှစ်သက်ခုံမင် ပေါင်းဖက်ချင်ကြသဖြင့် လက်ဆောင်ပဏ္ဏာ မြောက်မြားစွာဖြင့် ကမ်းလှမ်းလာကြသည်။ ထိုအခါ ဖခင်ကြီးနှင့် သမီးဖြစ်သူ နှစ်ဦးစလုံးက ကမ်းလှမ်းလာသူများကို အဖက်မတန်ဟုဆိုကာ ပြစ်ပြစ်ခါခါ ငြင်းပယ်နေကြသည်။

## မာန်တက်နေသူ

မိန်းကလေး ကုဏ္ဍလကေသာကလည်း ချဉ်းကပ်လာသူ သူဌေးသားများကို လုံးဝ စိတ်ဝင်စားမှုမရှိဘဲ မတူမတန်သူများဟု သဘောထားကာမာန်တက်ပြီး စိတ်ကြီးဝင်နေသူ ဖြစ်သည်။ မိဘများကလည်း တစ်ပင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မြနန်းစံ မင်းသမီးကလေးများကဲ့သို့ သမီးကို အလွန်ခမ်းနားသော ဘုံပြာသာဒ် တစ်ခုကို ဆောက်လုပ်ပြီး အခြွေအရံပေါင်း များစွာတို့ဖြင့် တခမ်းတနား အစွမ်းရှိသမျှ ချီးမြှောက်ထားကြသည်။

## ဘုရင်ကိုယ်တိုင် စုံစမ်းပြီ

သတ္တုကခေါ် မောင်ရန်စွယ်၏ သောင်းကျန်းဆိုးရွားပုံများကို တိုင်းသူ ပြည်သားတို့က မခံနိုင်ကြသဖြင့် ဘုရင်မင်းမြတ် ရွှေနားတော်ကြားအောင် ဆူဆူပူပူ အော်ဟစ်လာကြသည်။ ထိုအခါ ဘုရင်မင်းမြတ်က ကိုယ်တော်တိုင် ထွက်၍ မြို့ကိုလှည့်ပတ် စုံစမ်းသည်။ တစ်မြို့လုံးရှိသမျှ အိမ်တိုင်းသည် သတ္တုကခိုးသူ၏ လက်ချက်နှင့်မကင်းဘဲ အညှဉ်းဆဲခံကြရပုံများကို ဘုရင် ကိုယ်တိုင် ဒိဋ္ဌသိရှိတော်မူသွားသည်။

ထိုအခါ မြို့ဝန်ကိုခေါ်ပြီး "ငါ၏နိုင်ငံတော်အတွင်း၌ သတ္တုကဆိုသည့် ခိုးသား လွန်စွာသောင်းကျန်းနေသည် မဟုတ်လော။ သူ့လက်ချက်ကြောင့် တစ်မြို့လုံး ဆူပွက်ကုန်ကြပြီ။ နေ့ရောညဉ့်ပါ ကောင်းစွာ မစားရ မအိပ်ရဖြင့် တိုင်းသူပြည်သားများ ဒုက္ခရောက်နေကြသည်။ မောင်မင်းတို့ သူ့ကို မဖမ်း မဆီးဘဲ ဘယ်အတွက်ကြောင့် လျစ်လျူရှု နေနိုင်ကြသနည်း။ ယခု ချက်ချင်း သတ္တုကသူခိုးကို ဖမ်းဆီး၍ ရွှေလက်တော်အရောက် ဆက်သကြရမယ်။ မဆက်သနိုင်လျှင် မောင်မင်းတို့ကို ရာဇဝတ်ပြစ်ဒဏ်ဖြင့် အဆုံးတိုင် စီရင်တော် မူမယ်"ဟု တစ်ချက်လွှတ် အမိန့်ကို ထုတ်ပြန်တော်မူသည်။

ထိုအခါ မြို့ဝန်ကြီးက "သတ္တုကခိုးသူကြီးကို မကြာမီဖမ်းဆီး၍ ရွှေလက် တော်ရောက်ဆက်သပါမည်။ အေးအေးသာသာ စံနေတော်မူပါ"ဟု လျှောက် ထားပြီး ဘုရင့်ထံပါးမှခွာခဲ့၍ စစ်သည်ဗိုလ်ထုများကို စုဆောင်းသည်။

တိုင်းသူ ပြည်သားလူအများတို့ကလည်း သတ္တုကခိုးသူကြီးကို လက်ရ ဖမ်းဆီးမည်ဆိုသော သတင်းကိုကြားရသဖြင့် သူ့ထက်ငါမြို့ဝန်ကြီးအထံသို့ လာပြီး ဖမ်းဆီးမည့်အရေးတွင် ပါဝင်လိုပါကြောင်း ခွင့်တောင်းလာကြသည်။

## သူခိုးမိပြီ

သို့ဖြင့် တစ်နိုင်ငံလုံး စစ်တပ်ကြီးဖွဲ့ကာ မြို့ရော တောပါမကျန် ကွက်စိပ် တိုက်ရှာဖွေကြသည်။ သတ္တုကခိုးသူကြီးလည်း လက်နက်ချပြီး အဖမ်းခံရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သတ္တုက ခိုးသူကြီးကို အရှင်လတ်လတ် ဖမ်းဆီးရမိသဖြင့် နှောင်ကြိုးဖြင့် မြဲမြံစွာ ချည်နှောင်ကာ မြို့ဝန်ကြီးက ဘုရင့်လက်တော်သို့ ဆက်သလိုက်သည်။

## တစ်ချက်လွှတ် အမိန့်တော်

ဘုရင်မင်းမြတ်သည် သတ္တုက ခိုးသူကြီးကို စိစစ်မေးမြန်းတော်မူပြီးလျှင် 'မောင်မင်းတို့ တိုင်းနိုင်ငံ ဆူပွက်အောင် ရက်စက်သောင်းကျန်းလှသည့် ခိုးသူကို ငါ့နိုင်ငံတွင်း၌ အရှင်ထားရန် မသင့်လျော်။ ခိုးသူကို တောင်တံခါးမှ ထုတ်၍ တစ်မြို့လုံး လှည့်လည်ပြသကာ လမ်းဆုံလမ်းမ လမ်းလေးခွတိုင်း၌ ရိုတ်ခတ်မောင်းတီးပြီးလျှင် ခိုးသူကို ရိုက်ပုတ်ကြ။ ထိုမှတစ်ဖန် သုသာန်သို့ထုတ် အဆုံးစီရင်ကြရမယ်'ဟု တစ်ချက်လွှတ်အမိန့်ကို ထုတ်ပြန်တော်မူသည်။

မြို့ဝန်ကြီးကလည်း ဘုရင့်အမိန့်တော်အတိုင်း သတ္တုကခိုးသူကြီးကို ကြိုးဖြင့်တုပ်ကာ အာဏာပါးကွက်သားများ ခြံရံလျက် တိုင်းသူပြည်သားလူအများ သိမြင်စေရန် တစ်မြို့လုံးလှည့်လည်ပြသသည်။ လမ်းဆုံလမ်းမ လမ်းလေးခွရောက်တိုင်း နွားကျွဲကိုရိုက်သကဲ့သို့ ပြင်းပြင်းထန်ထန် ရိုက်နှက်ကြသည်။

ခိုးသူကြီးကလည်း သတ္တိနှင့်ပြည့်စုံသည့်အတိုင်း တစ်စုံတစ်ရာ ငြီးတွားဟစ်အော်မှုကိုမပြုဘဲ 'ငါ့အပြစ်နှင့် ငါ့ကံ ခံနိုင်အောင် ခံမယ်'ဟု သဘောထားသည်။ ဘယ်လိုပင် ရိုက်နှက်သော်လည်း မျက်နှာမပျက်ပေ။ ခိုးသူကြီးကို အာဏာသားတို့က နှိပ်စက်ညှဉ်းပန်းကြပုံကိုမြင်တွေ့ရသော မြို့သူမြို့သားလူအများတို့သည် အားရဝမ်းသာ ကခုန်ကြသည်။ အချို့မိန်းမများကမူ လူလှလူချော တစ်ယောက်အကြီးအကျယ် ဒုက္ခရောက်နေသည်ကို မြင်ရသဖြင့် ရင်ဝကို လက်နှင့်အုပ်ပြီး 'ဩော် . . . ဖြစ်မှဖြစ်ရပလေ။ ရုပ်ကလေးက လှပါဘိသနှင့် အဆင်းရဲခံနေရတာ အလွန်သနားစရာကောင်းပါကလား'ဟု စုပ်သပ်ကာ ပြောဆိုကြသေးသည်။

## ကုဏ္ဍလကေသာက မြင်လေသော်

ဤသို့ ခိုးသူကြီးကို ရိုက်နှက်ခေါ်ဆောင်လာခဲ့ကြရာ လမ်းဆုံလမ်းမ လမ်းလေးခွဖြစ်သည့် ကုဏ္ဍလကေသာတို့၏ စံအိမ်တော်ကြီးအနီး ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ရပ်နားကြသည်။ ထိုစဉ် လူအုပ်ကြီးသည် ခိုးသူကြီးသတ္တုကကို ဝိုင်းဝန်း ရိုက်နှက်ထိုးပုတ်ကြသည်။ အလဲလဲ အကွဲကွဲ သွေးသံရဲရဲဖြစ်နေသည့် သတ္တုကကို ဘုံခုနစ်ဆင့်၌ စံမြန်းနေသည့် ကုဏ္ဍလကေသာက မြင်သွားသည်။ အညှဉ်းဆဲခံ အနှိပ်စက်ခံနေရသည့် သတ္တုကအပေါ် ကြင်နာသနား ကရုဏာပွားမိသည်။ လက်ခြေကိုတုပ်၊ ငုတ်တုတ်ခံနေရသူကို လက်စွမ်းပြ ရမ်းကားနေသည့် လူအုပ်ကြီးကိုလည်း မကျေနိုင် မချမ်းနိုင် ဖြစ်နေသည်။ သို့ မကျေနိုင် မချမ်းနိုင်ဖြစ်နေရသော်လည်း သူ့ခမျာ သနားရုံကလွဲပြီး ဘာမှ မတတ်နိုင်ရှာ။ ထို့ကြောင့် နှုတ်မှ "နတ်အများနှင့် သိကြား ဗြဟ္မာတို့ . . ကူညီကြပါ၊ ကယ်မပါ"ဟု ဆုတောင်းနေမိသည်။ စိတ်ထဲမှလည်း ဤမျှ ကြံခိုင်ထွားကျိုင်းသည့် ကိုလူချောကို "ခိုးသူကြီး"ဟု ပြောကြသည်ကိုလည်း သူမအနေဖြင့် မယုံကြည်နိုင်။ ထို့ကြောင့် ကိုလူချောကြီး "အသက်ဘေးမှ လွတ်ပါစေ"ဟု အကြိမ်ကြိမ် ဆုတောင်းနေမိသည်။ သူမရဲ့ ခိုးသူကြီးအပေါ် သနားရာမှ ဖြစ်ပေါ်လာသည့် ကြင်နာစိတ်သည် တရိပ်ရိပ်တက်ကာ သည်းအူနှလုံး ပြတ်ကြွေလုမတတ် ခံစားလာခဲ့ရပေသည်။ သို့ဖြင့် အပေါင်းအသင်း အခြွေအရံများကိုလည်း စကားစမြည်ပြောဖော်မရ၊ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့်ဖြင့် ကျိတ်မှိတ်ကာ ခံစားနေရရှာသည်။

သတို့သမီး ကုဏ္ဍလကေသာ၏ အခြွေအရံ အပေါင်းအသင်းတို့သည် သူတို့သခင်မကလေး မရွှင်သောနှလုံး မပြုံးသော အမူအရာဖြင့် ငူတူတူ ငိုင်တိုင်တိုင် ငေးမှိုင်နေသည်ကို လည်းကောင်း၊ တစ်ခါတစ်ရံ ရှိုက်ငင်ငိုကြွေး ပူဆွေးနေတတ်သည်ကိုလည်း တွေ့နေရသည်။ ထို့ကြောင့် မိခင် သူဌေးကတော်ကြီးကို အလျင်အမြန် သွားရောက်၍ အဖြစ်မှန်ကို ပြောပြကြသည်။ သူဌေးကတော်ကြီးလည်း ချက်ချင်းလိုက်လာပြီး သမီးအား ကြောင်းကျိုးကိစ္စ ဖြစ်သမျှကို ပြောပြရန် နားချတိုက်တွန်းသည်။ ထိုအခါ သမီးလုပ်သူက ခိုးသူကြီးကို ဝိုင်းဝန်းရိုက်ပုတ် နှိပ်စက်ကြသည်ကို သူ မြင်တွေ့ရသည်မှစကာ သူ့စိတ်၌ ပေါ်ပေါက်ခဲ့သည့် ကြင်နာစိတ်၊ ထိုမှတစ်ဆင့်ကျော်၍ ခိုးသူကြီးအပေါ်သို့ မေတ္တာသက်ဝင်မိပုံ စသည့် သူ ခံစားရသမျှကို မိခင်အား ပြောပြသည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးတွင် ခိုးသူ၏အသက်ကို ကယ်တင်ပေးရန်၊ အကယ်၍ ခိုးသူကြီး၏ အသက်ကိုကယ်၍ မရပါက သူလည်း လောကကြီးအတွင်း၌နေတော့မည် မဟုတ်ကြောင်း ပြောပြလိုက်သည်။

မိခင်သူဌေးကတော်ကြီးသည် ဖခင် သူဌေးကြီးထံသို့ အမြန်ပြေးလာပြီးလျှင် သမီး၏ဖြစ်ပုံအလုံးစုံကို အကုန်မြန်မြန်ပြောဆိုသည်။ သူဌေးကြီးကလည်း မိခင်ကြီး၏ ပြောစကားကို ကြားသော် 'ကဲ. . . ကဲ. . . နောင်ခါလာ, နောင်ခါ ချေးပေါ့၊ သမီးကလေး စိတ်ချမ်းသာရင်ပြီးရော၊ သည်အရေးကို ဇော့်တစ်တွေ ဆောင်ရွက်လို့ပေးမယ်'ဟု ပြောဆိုကာ အသပြာထောင်ထုပ်ကိုယူပြီး မြို့ဝန်ကြီးထံသို့ အမြန်လိုက်သွားသည်။

## ခိုးသူလွတ်ဖို့ အသပြာပေးပြီ

မြို့ဝန်ထံရောက်သောအခါ သူဌေးကြီးက တိုးတိုးတိတ်တိတ် အသာကျိတ်ပြီး 'သည်အသပြာထောင်ထုပ်ကို ယူတော်မူပါ။ မောင်ရန်စွယ်အစား အခြားရာဇဝတ်သားတစ်ယောက်ကို အစားထိုး စီရင်လိုက်ပါ။ ကျွန်ုပ်၏ သမီးကလေးအတွက် ကြံစည်ရတာပါ'ဟု ပြောဆိုကာ အသပြာ ထောင်ထုပ်ကို အပ်နှင်းလိုက်သည်။

ထိုအခါ မြို့ဝန်မင်းက "ကဲဂေါ့ရှိပါစေတော့ လျှို့ဝှက်ပေးပါနော်။ လူအများ မသိပါစေနှင့်၊ သူဌေးကြီးရဲ့ သမက်လောင်းကို ကောင်းကောင်း ဆောင်ယူလို့ သွားပေတော့'ဟု တိုတိုပင်ပြောဆိုပြီး လူများမသိအောင် သူဌေးကြီးလက်သို့ မောင်ရန်စွယ်ကို အပ်နှင်းလိုက်သည်။ ထို့နောက် မြို့ဝန်ကြီးက နှောင်အိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားသော ရာဇဝတ်သားတစ်ယောက်ကို မောင်ရန်စွယ်အစား လူစားထိုးကာ စီရင်လိုက်တော့သည်။

## ကုဏ္ဍလကေသာနှင့် မောင်ရန်စွယ်

ဖခင်သူဌေးကြီးသည် သတ္တုကခိုးသားကြီးကို တိတ်တဆိတ် ခေါ်လာခဲ့ပြီးနောက် သူဌေးကတော်လက်သို့ အပ်လိုက်သည်။ သူဌေးကတော်ကြီးက သမက်လောင်းကိုခေါ်ပြီး သမီးကလေးရှိရာ စံအိမ်ကြီးပေါ်သို့ ပို့ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုဏ္ဍလကေသာကလည်း မောင်ရန်စွယ်ကို တခါးဝမှ ဆီးကြိုသည်။ မောင်ရန်စွယ်ကလည်း 'စားရက်ကြ၍ မုတ်ဆိတ်ပျားစွဲ'ဟူသော စကားအတိုင်း ငါ့ကုသိုလ်ကံမြောက်လို့ သူဌေးအိမ်သို့ ရောက်လာရတာဟု တွေးပြီး ဝမ်းသာနေသည်။ ထိုမှစ၍ ကုဏ္ဍလကေသာနှင့် သတ္တုက သူခိုးကြီးတို့ နှစ်ဦးသား ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာ ပေါင်းသင်းဆက်ဆံနေကြတော့သည်။

ကုဏ္ဍလကေသာသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းအခါကာလ ပဒုမုတ္တရဘုရားရှင် ရွှေလက်ထက်တော်ကစ၍ သိမ်သိမ်မွေ့မွေ့ ဣန္ဒြေရှိစွာဖြင့် ဘဝကို ကျင်လည်လာခဲ့ရသူ ဖြစ်သည်။ ယခု အဆုံးဘဝမှာတွင်မူ ဣန္ဒြေ ပျက်ယွင်း၍ ရှက်ခြင်း ကြောက်ခြင်း ကင်းနေရရှာသည်။

အတိတ်အကြောင်း

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ဂိရိဗ္ဗဇပုရုတ္တမေ။

ဇာတာ သေဋ္ဌိကုလေ ဖီတေ၊ ယဒါဟံ ယောဗ္ဗနေ ဋ္ဌိတာ။

အဟံ၊ အကျွန်ုပ်သည်။ ပစ္ဆိမေ၊ အဆုံးစွန်ဖြစ်သော။ ဣဒါနိဘဝေ၊ ဤယခုဘဝ၌မူကား။ ဂိရိဗ္ဗဇပုရုတ္တမေ၊ တောင်ငါးတန်တို့ဖြင့် ပတ်ခြံဝန်းဝိုင်းအပ်သောရာဇဂြိုဟ်မြို့တော်မြတ်ကြီး၌။ ဖီတေ၊ ကြွယ်ဝကုံလုံ ပြည့်စုံချမ်းသာ လှစွာသော။ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌။ ဇာတာ၊ ဖြစ်ခဲ့ရပါ၏။ ယဒါ၊ အ ကြင်အခါကာလ၌။ အဟံ၊ အကျွန်ုပ်သည်။ ယောဗ္ဗနေ၊ ရုပ်ဆင်းတင့်တယ်သက်ရွယ်နုမြစ် အပျိုခေတ်၌။ ဋ္ဌိတာ၊ ဆိုက်ရောက်ရပ်တည်၍နေခဲ့ပါ၏။

စောရံ ဝဓတ္ထံ နီယန္တံ၊ ဒိသွာ ရတ္တာ တဟိံ အဟံ။

ပိတာ မေ တံ သဟဿေန၊ မောစယိတွာ ဝဓာ တတော။

အဒါသိ တဿ မံ တာတော၊ ဝိဒိတွာန မနံ မမ။

တဟိံ၊ ထိုသက်ရွယ်နုမြစ် အပျိုခေတ်သို့ ရောက်သောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဝဓတ္ထံ၊ သတ်ရန်အလို့ငှာ။ နီယန္တံ၊ ထုနှက်ရိုက်ပုတ်၍ မြို့တွင်းမှ ထုတ်လာသော။ စောရံ၊ ခိုးသူကို။ ဒိသွာ၊ ပြာသာဒ်ထက်မှ တွေ့မြင်ရသည်

www.burmeseclassic.com



ရှိသော်။ ရတ္တာ၊ သာယာနှစ်သက် စုံမက်မြတ်နိုးသော စိတ်ရှိသည်။ အာသိ၊ ဖြစ်ခဲ့ပါပြီ။ မေ၊ အကျွန်ုပ်၏။ ပိတာ၊ ဖခင် သူဌေးကြီးသည်။ တံ၊ ထိုသတ်ရန် အလို့ငှာ မြို့မှထုတ်ယူလာသော ခိုးသူကြီးကို။ သဟဿေန၊ အသပြာတစ်ထောင်ဖြင့်။ တတောဝဓာ၊ ထိုသတ်မည့်ဘေးကြီးထဲမှ။ မောစယိတွာ၊ လွတ်ရလေအောင် ကြံဆောင်ပြီးသည်ရှိသော်။ တာတော၊ ဖခင်သည်။ မမ၊ အကျွန်ုပ်၏။ မနံ၊ ကြိုက်ချစ်သောစိတ်နှလုံးကို။ ဝိဒိတွာန၊ သိလေသာကြောင့်။ မံ၊ အကျွန်ုပ်ကို။ တဿ၊ ထိုခိုးသားကြီးအား။ အဒါသိ၊ ထိမ်းမြားလက်ထပ်၍ ပေးလေသတည်း။

## သတ္တုက၏ သူခိုးဉာဏ်

ခိုးသားကြီးသည် သူဌေးသမီးနှင့် အတူတူ ကြည်ဖြူရွှင်ပျော်ပြာသာဒ်ပေါ်၌ အဖျော်အဖြေ ခြွေရွေအမျိုးမျိုးတို့ဖြင့် နေထိုင်ရာမှ သုံးရက်လောက်ကြာသောအခါ ‘ဤသူဌေးသမီး၏ အဆင်တန်ဆာ ရွှေငွေဘဏ္ဍာအားလုံးသည် ငါ့ဥစ္စာဖြစ်ရမည်။ တစ်နည်းနည်းဖြင့် ဤအဆင်တန်ဆာများကို ရယူတော့အံ့’ ဟု ယုတ်မာစွာကြံစည်၏။ ထို့နောက် မိမိကိုမှီ၍ ချမ်းသာစွာ ထိုင်နေသော ဘဒ္ဒါသူဌေးသမီးကို ‘ရှင်မ သင့်ကို အကျွန်ုပ် စကားတစ်ခွန်းပြောဆိုရန် ရှိသည်’ ဟု ဆိုသည်။

## နတ်မင်းကိုပူဇော်ရန်ပြင်ပါ

သူဌေးသမီးသည် ပျော်ရွှင်ဖွယ်ရာ အထောင်အသောင်းကို ရသည့်အလား အားရဝမ်းသာစွာ ‘ရဲရဲဝံ့ဝံ့သာ ပြောဆိုပါအရှင်’ဟု အားကိုးကြီးစွာဖြင့် ပြန်ကြားပြောဆိုရှာလေ၏။ ထိုအခါ သတ္တုကလူဆိုးသည် ဘဒ္ဒါသူဌေးသမီးကို ‘ဘဒ္ဒါ၊ သင်ကတော့ ဤသတ္တုကသည် ငါ့ကိုအမှီပြု၍ အသက်ရှင်လေပြီ’ဟု အောက်မေ့ပေလိမ့်မည်။ စင်စစ်သော်ကား ငါသည် အဖမ်းခံရလျှင် ခံရချင်းပင် စောရပပါတ တောင်စောင့်နတ်မင်းအား အကယ်၍ အကျွန်ုပ်သည် အသက်ရှင်နေခဲ့ပါမူ အရှင်နတ်မင်းအား ပူဇော်ပွဲကို ပေးဆက်ပါမည်’ဟု အဓိဋ္ဌာန်ပြု တောင်းပန်ခဲ့သည်။ ထို့ကြောင့် ငါသည် ထိုစောရပပါတ တောင်စောင့်နတ်

www.burmeseclassic.com

www.burmeseclassic.com



မင်းကို အမှီပြု၍ အသက်ရှင်ရခြင်း ဖြစ်သည်။ ငါ့အသက်ကို ကယ်ခဲ့သော နတ်မင်းအား ပူဇော်ဖို့ ပွဲများကို စီရင်ဖြင်ဆင်ပေးပါလော့'ဟု ပြောဆိုလေ၏။

ဘဒ္ဒါသူဌေးသမီးသည် 'ငါသည် ငါ့အရှင်သခင်လင်ယောကျ်ား သတ္တုကာ၏ စိတ်အလိုဆန္ဒကို ဖြည့်ဆည်းပေးမည်'ဟု ဆုံးဖြတ်ကာ နတ်ပူဇော်ပွဲအတွက် လိုအပ်သည်များကို စီရင်ပြင်ဆင်သည်။ ဘဒ္ဒါသည် လက်ဝတ်ရတနာ အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် သတ္တုကနှင့်အတူတကွ ယာဉ်တစ်ခုတည်း၌ စီးနင်းလိုက်ပါလာခဲ့သည်။ စောရပပါတတောင်သို့ ရောက်သွားသော် ဘဒ္ဒါသူဌေးသမီးသည် ရိုးသားသောစိတ်ဖြင့်ပင် 'တောင်စောင့်နတ်မင်းအား ပူဇော်မှု ပြုပေတော့အံ့' ဟု အဖော်များနှင့် အတူတကွ တောင်ပေါ်သို့ တက်ရောက်ရန် စီမံလေ၏။

ထိုအခါ သတ္တုကလူဆိုးကြီးက 'အတူပါလာသူအားလုံး တောင်ပေါ်သို့ တက်ရောက်ကြလျှင် သူဌေးသမီး၏ လက်ဝတ်တန်ဆာ အဆင်တန်ဆာများကို လုယူရန် အခွင့်အရေးရလိမ့်မည်မဟုတ်' ဟု ကြံစည်ပြီး အတူပါလာသူများကို တောင်ခြေ၌သာနေရစ်စေသည်။ ဘဒ္ဒါသူဌေးသမီးကိုမူ ပူဇော်ဖွယ်တို့ကို ရွက်စေလျက် စောရပပါတတောင်သို့ခေါ်ကာ တောင်ပေါ်သို့တက်လေ၏။

## သတ္တုက ပြောပုံဆိုပုံ

သတ္တုကနှင့် ဘဒ္ဒါသူဌေးသမီးတို့ နှစ်ယောက်သား တောင်ပေါ်သို့ တက်ကြသောအခါ လမ်းခရီးတွင် သတ္တုကက သူဌေးသမီးကို ကြင်ကြင်နာနာ ချစ်ဖွယ်စကား လုံးဝမပြောကြားဘဲ ကြမ်းတမ်းရုန့်ရင်းသော စကားကိုသာလျှင် ပြောဆိုလေ၏။ ဘဒ္ဒါသူဌေးသမီးသည်လည်း ပါရမီရှင်ဖြစ်၍ ပါးနပ်သူဖြစ်ရကား ခိုးသူကြီး စကားပြောပုံကို ကြည့်ရှုဖြင့်ပင် သတ္တုကလူဆိုး၏ ကောက်ကျစ်သောအကြံကို ကောင်းစွာ ရိပ်မိသိရှိလေ၏။ တောင်ပေါ်သို့ ရောက်သောအခါ သတ္တုကလူဆိုးသည် ဘဒ္ဒါသူဌေးသမီးကို 'ဘဒ္ဒါ၊ သင်၏ အပေါ်ရုံအဝတ်ကိုချွတ်ပါ။ ပြီးလျှင် သင့်ကိုယ်မှာ ဆင်လာသည့် အဆင်တန်ဆာ အားလုံးကို ဤတဘက်၌ထည့်ကာ အထုပ်ထုပ်လိုက်'ဟု ရိုင်းပျရင့်သီးစွာ ပြောဆိုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒါသူဌေးသမီးက 'အို. . . အရှင်၊ ကျွန်မမှာ အရှင် သည်းမခံနိုင်စရာ ဘယ်လိုအပြစ် ရှိပါသနည်း' ဟု ချစ်ဖွယ်ရာ မေးမြန်းသေးသည်။ သတ္တုကလူဆိုးသည် လူဆိုးပီပီ 'ဟယ်. . . အမိုက်မ၊ ငါသည် နတ်ပူဇော်ရန် လာရောက်သည်ဟု သင်မှတ်သလော။ ငါကား နတ်ပူဇော်ရန် မဆိုထားဘိ ဤတောင်စောင့်နတ်၏ အသည်းကိုပင် ထုတ်နုတ်၍စားဝံ့သူဖြစ်သည်။ ငါသည် သင်၏ အဆင်တန်ဆာများကို လုယူလိုသည်ဖြစ်၍ ဤတောင်ထိပ်သို့ သင့်ကို ဖျားယောင်းခေါ်ဆောင်လာခြင်းဖြစ်သည်' ဟု ရိုင်းပျစွာ ပြောဆိုလေ၏။

## တဒ္ဒါ၏ အလိမ္မာစကား

အလွန် ပါးနပ်လိမ္မာလှသော ဘဒ္ဒါသူဌေးသမီးက 'အရှင်၊ ဤအဆင်တန်ဆာများသည် အဘယ်သူ၏ အဆင်တန်ဆာများ ဖြစ်ပါနည်း။ အရှင် ပိုင်ဆိုင်သော အဆင်တန်ဆာများပင် ဖြစ်သည်မဟုတ်လော။ ကျွန်တော်မသည်လည်း အဘယ်သူ၏ဇနီး ဖြစ်ပါနည်း။ အရှင်၏ဇနီးပင်ဖြစ်သည် မဟုတ်ပါလော။ ထို့ကြောင့် ကျွန်တော်မ အပါအဝင် အဆင်တန်ဆာ ဥစ္စာရတနာ အားလုံးတို့သည် အရှင်ပိုင်သည့် ပစ္စည်းများသာ ဖြစ်ပါသည်'ဟု ပြောသည်။ ထိုအခါ သတ္တုကလူဆိုးက 'ငါသည် ဤသို့သော စကားမျိုးကို နားမလည်။ သင့်ဥစ္စာကားတစ်ပါး၊ ငါ့ဥစ္စာကား တခြားသာလျှင်ဖြစ်၏'ဟု ပြောကြားလေ၏။

ထိုအခါ ဘဒ္ဒါသူဌေးသမီးသည် 'ကောင်းပါပြီအရှင်၊ အထူး တောင်းပန်လိုပါသည်။ ကျွန်တော်မ၏ အလိုတစ်ခုကိုမူ ဖြည့်ဆည်းပေးစေချင်ပါသည်။ ယခု တန်ဆာဆင်ထားသည့်အတိုင်း ကျွန်တော်မအား အရှင့်ကို ရှေ့မှ လည်းကောင်း၊ နောက်မှလည်းကောင်း လှည့်လည်ကာ လည်ပင်းဖက်၍ ယုယခြင်းငှာ အခွင့်ပေးစေလိုပါသည်'ဟု အလိမ္မာစကားပြောကြားလေ၏။ သတ္တုကလူဆိုးသည် 'ကောင်းပြီ'ဟု လက်ခံလေ၏။

ဘဒ္ဒါသူဌေးသမီးသည် သတ္တုကလူဆိုးက လက်ခံသည်ကို သိရလျှင် အချိန်မဆွဲဘဲ လူဆိုး၏ရှေ့မှ ယုယပွေ့ဖက်ပြီးလျှင် နောက်ဖက်မှလည်း ယုယပွေ့ဖက်လိုသည့်ဟန်ဖြင့် သတ္တုကလူဆိုးကို ချောက်အတွင်းသို့ တအား တွန်းချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ သတ္တုကလူဆိုးသည် တောင်ပေါ်မှ ဒလိမ့် ခေါက်ကွေးကျကာ ပျက်စီးလေတော့၏။

## တောင့်စောင့်နတ်မင်း ချီးကျူးခြင်း

ဘဒ္ဒါသူဌေးသမီး အလိမ္မာသုံး၍ သတ္တုကို အဆုံးစီရင်ပုံကို တွေ့မြင်ရသော စောရပပါတ တောင်စောင့်နတ်မင်းသည် သူဌေးသမီး၏ ပညာဂုဏ်ကျေးဇူးကို ဤသို့ ချီးကျူးလေ၏။

န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

သဗ္ဗေသု ဌာနေသု၊ ခပ်သိမ်းဉသံ့ အလုံးစုံသော အရာဌာနတို့၌။ ပုရိသော ဟိ- ပုရိသော ဧဝ၊ အမျိုးကောင်းသား ယောက်ျားသည်သာလျှင်။ ပဏ္ဍိတော၊ ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်သည်ကား။ န၊ မဟုတ်။ ဣတ္ထီပိ၊ မာတုဂါမ မိန်းမသည်လည်း။ တတ္ထ တတ္ထ၊ ထိုထိုကိစ္စအဝဝတို့၌။ ဝိစက္ခဏာ၊ ကောင်းစွာမြော်မြင် ဆင်ခြင်နိုင်သူဖြစ်ဘိမူကား။ ပဏ္ဍိတာ၊ ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်၏။

န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ လဟုံ အတ္ထဝိစိန္တိကာ။

သဗ္ဗေသု ဌာနေသု၊ ခပ်သိမ်းဉသံ့ အလုံးစုံသော အရာဌာနတို့၌။ ပုရိသော ဟိ-ပုရိသော ဧဝ၊ အမျိုးကောင်းသား ယောက်ျားသည်သာလျှင်။ ပဏ္ဍိတော၊ ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်သည်ကား။ န၊ မဟုတ်။ ဣတ္ထီပိ၊ မာတုဂါမ မိန်းမသည်လည်း။ လဟုံ၊ လျင်မြန်စွာ။ အတ္ထဝိစိန္တိကာ၊ အကျိုးရကြောင်း နည်းလမ်းကောင်းကို မစောင်းမဖည် ကြံစည်ဆင်ခြင်နိုင်သူ ဖြစ်ဘိမူကား။ ပဏ္ဍိတာ၊ ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်နိုင်၏။

39A | ထေရီအပဒါနမှ

www.burmeseclassic.com

www.burmeseclassic.com



## ဘဒ္ဒါသူဌေးသမီး ပရိဗိုဇ်ဝတ်ခြင်း

ဘဒ္ဒါသူဌေးသမီးသည် 'ငါကား ဤပုံပန်းသွင်ပြင်ဖြင့် အိမ်သို့ပြန်၍ မဖြစ်တော့ချေ။ ဤကောင်မှပင် ရှေ့ဦးတည့်ရာသို့ သွားရောက်မည်။ ရောက်ရာအရပ်၌ ရဟန်းအဖြစ်သို့ ကူးပြောင်းပေတော့အံ့' ဟု ကြံစည် ဆင်ခြင်မိကာ ဦးတည့်ရာသို့ သွားလေ၏။ ထို့နောက်သူမသည် လမ်းတွင် တွေ့ရှိသည့် တက္ကတွန်းကျောင်းသို့ ရောက်သည်။ ထိုကျောင်းရှိ တက္ကတွန်းဆရာတို့ထံ၌ မိမိအား ရဟန်းပြုပေးရန် တောင်းပန်လေ၏။

ထိုအခါ တက္ကတွန်းဆရာတို့က ဘဒ္ဒါအား 'အဘယ်နည်းဖြင့် ရဟန်းဖြစ်လိုသနည်း။ အညံ့စားရဟန်း ဖြစ်လိုသလော သို့မဟုတ် အမြတ်စားရဟန်းဖြစ်လိုသလော'ဟု မေးမြန်းကြသည်။ ဘဒ္ဒါ သူဌေးသမီးက 'အရှင်တို့၏သာသနာ၌ အမြတ်ဆုံးသော ရဟန်းအဖြစ်ကိုသာ ပြုပေးကြပါ'ဟု ပြောကြားလေ၏။

## ထန်းစေ့မှုတ်ဖြင့် ဆံပင်နုတ်ပြီးလျှင်

တက္ကတွန်းဆရာတို့သည်'ကောင်းပြီ'ဟုဝန်ခံကြကာ ဘဒ္ဒါသူဌေးသမီး၏ ဆံပင်တို့ကို ထန်းစေ့မှုတ်ဖြင့်နုတ်၍ ရဟန်းပြုပေးကြလေ၏။ သူတို့၏ အယူဝါဒ၌ ကပ်ကြေး, ဓားတို့ဖြင့် ဆံကိုရိတ်ဖြတ် ရဟန်းပြုပေးခြင်းမျိုးကို အညံ့စားရဟန်းအဖြစ် သမုတ်ကြသည်။ ထန်းစေ့မှုတ်ဖြင့် အနာခံကာ ဆံပင်တို့ကိုနုတ်၍ ရဟန်းပြုပေးခြင်းမျိုးကို အမြတ်စားရဟန်းဖြစ်သည်ဟု သတ်မှတ်ကြလေသည်။

## ကုဏ္ဍလကေသာ၏ အဓိပ္ပာယ်

ထို့ကြောင့် အမြတ်စားရဟန်း အဖြစ်ကိုရစေရန် ဆံပင်တို့ကို ထန်းစေ့မှုတ်ဖြင့်နုတ်ကာ ရဟန်းပြုပေးခြင်း ဖြစ်သည်။ ထိုသို့ ဆံပင်တို့ကို ထန်းစေ့မှုတ်ဖြင့်နုတ်၍ ရဟန်းပြုခဲ့သောကြောင့် ဆံပင်အသစ်များ နောက်ထပ် တစ်ဖန်ပေါက်လာသည့်အခါ အစုလိုက် အပြုံလိုက် နားတောင်းပမာ ဝိုင်းလျက်ဝိုင်းလျက် ပေါက်လာကြလေသည်။ ထိုအကြောင်းကြောင့်ပင် ထိုသူဌေးသမီး

www.burmeseclassic.com

www.burmeseclassic.com



ပရိဗိုဇ်မကို 'ကုဏ္ဍလကေသာ = နားတောင်းပမာ အစုလိုက် ဝိုင်းသော ဆံပင်ရှိသူ'ဟူ၍ အမည်တွင်လေသည်။

## ပြိုင်ဝံ့သူမရှိဟု ထင်နေပုံ

ကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမသည် သူရဟန်းပြုရာ တက္ကတွန်းတို့အထံ၌ အတတ်ပညာအလုံးစုံကို အချိန်တိုအတွင်း ဆုံးခန်းတိုင်အောင် သင်ယူသည်။ သူသည် ပါရမီရှိသူဖြစ်ရကား 'ဤတက္ကတွန်းတို့အထံ၌ ဤထက်သာလွန်မြင့်မြတ်သော တရားထူးဟူ၍မရှိ' ဟု ချက်ချင်း သိမြင်သွားသည်။ ထို့ကြောင့် ထိုတက္ကတွန်းတို့ထံမှ ထွက်ခွာခဲ့ပြီး ထိုထိုသောရွာ, နိဂုံး, မင်းနေပြည်တို့သို့ လှည့်လည်လျက် ပညာရှိများရှိသည့် အရပ်သို့ သွားရောက် တွေ့ဆုံသည်။ ထိုထိုပညာရှင်တို့ တတ်သိသော အတတ်ပညာ အားလုံးကိုလည်း တပည့်ခံကာ သင်ယူခဲ့သည်။ ထိုသို့ ကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမသည် များစွာသော အရပ်ဌာနတို့၌ အတတ်ပညာ သင်ယူခဲ့သူဖြစ်သောကြောင့် သူနှင့် ဝါဒပြိုင်၍ နိုင်သူမရှိသလောက်ပင် ဖြစ်သည်။ သူ့ကိုယ်သူလည်း လောကတွင် အတော်ဆုံး အတတ်ဆုံးဟု အထင်ရောက်နေလေ၏။

## သပြေခက်ထောင်ထားပြီ

သို့ဖြင့် ကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမသည် မိမိနှင့်ဝါဒ ယှဉ်ပြိုင်ပြောဆိုနိုင်မည့်သူကို အလွယ်တကူ မတွေ့ရသောကြောင့် မိမိဝင်ရောက်ရာရွာ၊ နိဂုံးတို့၏ တံခါးဝ၌ သဲပုံပြုလုပ်ကာ ထိုသဲပုံထက်၌ သပြေခက်ကို စိုက်ထူထားပြီး ဝါဒယှဉ်ပြိုင်ရန် စိန်ခေါ်ခဲ့သည်။ အနီးရှိ ရွာသူရွာသားတို့အားလည်း 'ငါနှင့်ဝါဒယှဉ်ပြိုင်လိုသောသူသည် ဤသပြေခက်ကို နင်းကြိတ်ချေဖျက်စေ'ဟု မှာကြားကာထားလေ၏။

ထိုသပြေခက်ကို ခုနစ်ရက်ပြည့်သည့်တိုင် နင်းကြိတ်ချေဖျက်မည့်သူ မရှိသောအခါ ကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမသည် ထိုသပြေခက်ကို ယူ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကာ အရပ်တစ်ပါးသို့ ဆက်၍ထွက်ခွာသွားပြီး ဝါဒယှဉ်ပြိုင်လိုသူကို ရှာသည်။

## သာဝတ္ထိမြို့တွင်းဝင်လာပြီ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ်က ဖြစ်သည်။ ကုဏ္ဍလကေသာတက္ကတွန်း ရဟန်းမသည် လည်း အစဉ်အတိုင်း ထိုထိုသော ရွာ, နိဂုံး, မင်းနေပြည်တို့သို့ ခရီးလှည့်လည် လာရာ သာဝတ္ထိမြို့သို့ ရောက်ရှိလာသည်။ ရှေးက ပြုမြဲ နည်းလမ်းအတိုင်း မြို့အဝင် တံခါးဝ၌ သဲပုံ၍ သပြေခက်ကို စိုက်ထူထားပြီး အနီးအပါးရှိ သူငယ်တို့ အား ရှေးနည်းအတိုင်း မှာကြားပြောဆိုကာ သာဝတ္ထိမြို့တွင်းသို့ ဝင်လေသည်။

ထိုအခါ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ် မြတ်သည် ရဟန်းသံဃာများ ဆွမ်းခံကြွသွားကြသော် ဇေတဝန်ကျောင်း တိုက်ကြီးတစ်ခုလုံးကို လှည့်လည်ကာကြည့်ရှုသည်။ နေရာမကျသော ပရိက္ခရာ များကို ကြည်ညိုဖွယ်ရှိအောင် ခေါက်လိပ်သိမ်းထားခြင်း, သောက်ရေသုံးရေ မရှိသောကျောင်းများ၌ သောက်ရေသုံးရေတို့ကို တည်ထားခြင်း, အမှိုက်သရိုက် ထူပြောသော ကျောင်းများ၌ တံမြက်လှည်း သုတ်သင်ခြင်း, ဂိလာနရဟန်း တို့အား မေးမြန်း၍ သပ္ပါယဖြစ်မည့် ဆေးစသည်ကို ရှာဖွေယူဆောင်ခဲ့မည့် အကြောင်း အားပေးစကား ပြောကြားခြင်းစသော ပြုမြဲဝတ်ကို ပြုလုပ်ပြီးလျှင် တစ်ပါးတည်း မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ မြို့အဝင်တံခါးဝ၌ သဲပုံပေါ်တွင် သပြေခက် စိုက်ထူထားသည်ကို မြင်တော်မူ၍ အနီးရှိ သူငယ်လေးများကို 'အဘယ့်ကြောင့် ဤကဲ့သို့ သပြေခက်ကို စိုက်ထူထားသနည်း' ဟု မေးတော် မူလေ၏။

သူငယ်တို့သည် ကုဏ္ဍလကေသာတက္ကတွန်းမ ပြောဆိုခဲ့သမျှသော အကြောင်းအရာကို မခြွင်းမချန် ပြန်ကြားလျှောက်ထားကြလေကုန်၏။

## သူငယ်လေးတို့က သပြေခက်ကို နင်းကြိတ်ချေဖျက်ပြီ

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက 'ကလေးတို့၊ ဤသို့ ဖြစ်လျှင် ဤသပြေခက်ကို ဆွဲယူကာ သင်တို့ နင်းကြိတ်ချေဖျက်ကြလော့'ဟု

www.burmeseclassic.com

www.burmeseclassic.com



မိန့်ဆိုတော်မူလေ၏။ ကလေးသူငယ်တို့အနက် အချို့ကလေးသူငယ်တို့သည် သပြေခက်ကို မနင်းကြိတ် မချေဖျက်ဝံ့ကြသော်လည်း သတ္တိကောင်းသည့် ကလေးသူငယ်တို့သည်မူကား အရှင်သာရိပုတ္တရာ၏စကားကို ကြားရသော ခဏမှာပင် အားတက်ကာ သပြေခက်ကို နင်းကြိတ်ချေဖျက်၍ မှုန့်မှုန့် ညက်ညက်ဖြစ်အောင် ပြုလုပ်ကြလေကုန်၏။

ကုဏ္ဍလကေသာသည် သာဝတ္ထိမြို့တွင်းမှ ဆွမ်းစားပြီး ပြန်လာလတ်သော် ကြိတ်ချေနင်းနယ်ထားသော သပြေခက်ကို မြင်သွားသည်။ ထို့ကြောင့် သူက 'အဘယ်သူ ဤသို့ ပြုလုပ်သနည်း'ဟု အနီးရှိ ကလေးတို့ကို မေးမြန်းလေ၏။

ထိုအခါ ကလေးသူငယ်တို့သည် ကုဏ္ဍလကေသာ ပရိဗိုဇ်ရဟန်းမအား တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မိမိတို့ကို ကြိတ်ဖျက်နင်းချေခိုင်းကြောင်း ပြန်ကြားပြောဆိုကြလေ၏။

ကုဏ္ဍလကေသာသည် 'မိမိအစွမ်းကို မသိသောသူသည် ဤသပြေခက်ကို ကြိတ်ဖျက်နင်း ချေစေခြင်းငှာ ခိုင်းစေလိမ့်မည်မဟုတ်ချေ။ မချွတ်ဧကန် အမှန်ပင် ဤယခု သပြေခက်ကို ကြိတ်ဖျက်နင်းချေစေသူ မထေရ်သည် ကြီးမြတ်သူဖြစ်လိမ့်မည်။ သို့ဖြစ်လျှင် ငါသည်လည်း တစ်ယောက်တည်းသွားလျှင် တင့်တယ်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ငါသည် မြို့တွင်းသို့ ဝင်ရောက်ကာ ငါ၏ပရိသတ်အား 'အရှင်သာရိပုတ္တရာမထေရ်နှင့် ငါတို့ ဝါဒပြိုင်ဆိုင်ကြမည့်အကြောင်း အသိပေးမှ သင့်တော်တော့မည်'ဟု ကြံစည်ကာ ထိုအကြံအစည် အတိုင်းပင်ပြုလေ၏။

အိမ်ခြေ ရှစ်သောင်းခန့်ရှိသော သာဝတ္ထိမြို့၌ ထိုကဲ့သို့ ဝါဒပြိုင်မည့် အကြောင်းကို နီးစပ်ရာရာ ဆင့်ကဲဆင့်ကဲ အချင်းချင်း ပြောကြားကြသဖြင့် သာဝတ္ထိ ပြည်သူပြည်သား အားလုံးတို့သည် အချိန်အနည်းငယ်အတွင်း အားလုံး သိရှိကြလေကုန်၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း ဆွမ်းကိစ္စပြုပြီးလတ်သော် တစ်ခုသော သစ်ပင်ရင်း၌ ကုဏ္ဍလကေသာနှင့် အပေါင်းပါတို့ အလာကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းကာ ထိုင်နေတော်မူလေ၏။ မကြာမီ ကုဏ္ဍလကေသာတို့ ရောက်ရှိလာကြသည်။ ကုဏ္ဍလကေသာသည် မထေရ်မြတ်ထံသို့ သွားရောက်ကာ မထေရ်မြတ်နှင့် အပြန်အလှန် ဤသို့ စကားပြောကြားလေသည်။

ကုဏ္ဍလကေသာ။ ။အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သပြေခက်ကို ကြိတ်ဖျက်နင်းချေစေခိုင်းပါသလော။

အရှင်သာရိပုတ္တရာ။ ။အိမ်း. . . ငါ ကြိတ်ဖျက်နင်းချေစေခဲ့သည်။

ကုဏ္ဍလကေသာ။ ။အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် အရှင်ဘုရားသည် တပည့်တော်မနှင့် ဝါဒပြိုင်တော့မည်လား။

အရှင်သာရိပုတ္တရာ။ ။အိမ်း. . . ပြိုင်မည်။

ကုဏ္ဍလကေသာ။ ။မည်သူ ရှေးဦးစွာ မေး၍ မည်သူက ဖြေဆိုပါမည်နည်း ဘုရား။

အရှင်သာရိပုတ္တရာ။ ။သင်တက္ကတွန်းမကလေးသည်ပင် ရှေးဦးစွာ မေးလိုသော အချက်ကို မေးလော့။

ကုဏ္ဍလကေသာသည် မထေရ်မြတ်၏ ခွင့်ပေးချက်အရ သူ မေးလိုသမျှကို မေးလေ၏။ မထေရ်မြတ်သည်လည်း မေးသမျှ အားလုံးကို ဖြေကြားတော်မူလေ၏။

ထို့နောက်မှ မထေရ်မြတ်က ဤသို့ မေးမြန်းလေ၏။

အရှင်သာရိပုတ္တရာ။ ။တက္ကတွန်းမကလေး၊ သင်သည် ငါ့ကို များစွာသော ပုစ္ဆာကို မေးပြီးပြီ။ ငါကလည်း ဖြေပြီးလေပြီ။ ငါတို့ကလည်း သင့်ကိုပြဿနာ တစ်ခု မေးကြကုန်အံ့။

ကုဏ္ဍလကေသာ။ ။မေးတော်မူကြပါ အရှင်ဘုရားတို့။

အရှင်သာရိပုတ္တရာ။ ။ဧကံ နာမ ကိံ=တက္ကတွန်းမကလေး ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့် တရားတစ်မျိုးဟူသည် အဘယ်တရားနည်း။

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကုဏ္ဍလကေသာ။ | ။တပည့်တော် မသိပါ အရှင်ဘုရား။ |
| အရှင်သာရိပုတ္တရာ။ | ။တက္ကတွန်းမကလေး၊ သင်သည် ငါတို့ သာသနာဝယ် သာမဏေငယ်ကလေးများ ပင် ဤအဖြေကို သိကြသည်။ သင် မသိလျှင် အခြား အဘယ်တရားကို သင် သိနိုင်လိမ့် မည်နည်း။ |

ဤကဲ့သို့ မထေရ်မြတ်က မိန့်ဆိုလျှင်ပင် ပါရမီရှင်ဖြစ်သော ကုဏ္ဍလကေသာသည် မထေရ်၏ခြေရင်း၌ ဝပ်စင်း၍ 'အရှင်ဘုရား၊ တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏ ဘုရား' ဟု လျှောက်ထားရှာလေ၏။

မထေရ်မြတ်သည် ကုဏ္ဍလကေသာအား 'ငါ့ကို ကိုးကွယ်အားထားရာ ဆရာဟု သိမှတ်ဆည်းကပ်မှုပြုရန်မရှိ၊ နတ်နှင့်တကွသော သတ္တလောကကြီး တစ်ခုလုံး၌ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတိုက်တော်ဦး ဂန္ဓကုဋီကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူ လျက်ရှိ၏။ သင်သည် ထိုမြတ်စွာဘုရားကို ကိုးကွယ်အားထားရာ ဆရာဟု သိမှတ်ဆည်းကပ်လော့' ဟု မိန့်တော်မူလေ၏။

ကုဏ္ဍလကေသာသည် 'ကောင်းပါပြီ လိုက်နာပြုကျင့်ပါမည် အရှင် ဘုရား'ဟု လျှောက်ထားကာ ညနေချမ်းအခါ မြတ်စွာဘုရားရှင် တရားဟော တော်မူ နေသောအချိန်၌ ဘုရားရှင်ထံတော်သို့ သွားရောက်ဆည်းကပ်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် ကုဏ္ဍလကေသာ၏ ဉာဏ်ရင့်ကျက်ချိန်ကို သိမြင် တော်မူသဖြင့် ဤသို့ဟောတော်မူလေသည်။

'သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

သဟဿမပိ စေ ဂါထာ၊ အထောင်သချာ ဂါထာတို့ပင် ဖြစ်လင့်ကစား။ အနတ္ထပဒသံဟိတာ၊ အကျိုးမရှိ မိုးဖွဲ့၊ တောင်ဖွဲ့ စသော ပုဒ်ဝါကျနှင့် စပ်

www.burmeseclassic.com



ယှဉ်ဘိမူ။ နသေယျော၊ အဘယ်နည်းဖြင့်မျှ မချီးမွမ်းအပ် မမြတ်ပါချေ။ ယံ၊ အကြင် 'အပ္ပမာဒေါ အမတံ ပဒံ' အစရှိသော ဂါထာပိုဒ်ကို။ သုတွာ၊ သဒ္ဒါနားဖြင့် နာကြားရသည်ရှိသော်။ ဥပသမ္မတိ၊ ကိလေသာဟူ အပူခပ်သိမ်းအပြီးတိုင်ငြိမ်းအေး၏။ တံ ဧကံ ဂါထာပဒံ၊ ထိုကိလေသာငြိမ်းကြောင်း တရားဂါထာကောင်း တစ်ပိုဒ်ကသာလျှင်။ သေယျော၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏'

## ကုဏ္ဍလကေသာ ရဟန်းပြုပြီ

ကုဏ္ဍလကေသာသည် ဂါထာနိဂုံးဆုံးလတ်သောအခါ ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေ၏။ ထို့နောက် မြတ်စွာဘုရားအား ရဟန်းပြုပေးပါရန် တောင်းပန်လျှောက် ထားလေ၏။ မြတ်စွာဘုရားသည် ကုဏ္ဍလကေသာအား ရဟန်း ပြုပေးရန် လက်ခံခွင့်ပြုတော်မူလေ၏။ ကုဏ္ဍလကေသာသည် ဘိက္ခုနီကျောင်းတိုက်သို့ သွားရောက်ပြီး ရဟန်းပြုလေ၏။

ထို့နောက် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါးအလယ်၌ 'ဤဘဒ္ဒါ ကုဏ္ဍလကေသာထေရီကားကြီးမြတ်သော ဉာဏ်ပညာရှိလှပါဘိ၏။ ယင်းထေရီသည် လေးပိုဒ်မျှရှိသည့်ဂါထာ တစ်ခု၏ အဆုံး၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့လေပြီ'ဟု ချီးမွမ်းကြလေသည်။ မြတ်စွာဘုရားသည် ထိုသို့ချီးမွမ်းကြသည်ကို အကြောင်းပြုလျက် ဘဒ္ဒါကုဏ္ဍလကေသာထေရီကို ဤသို့ ဧတဒဂ်အရာပေးတော်မူသည်။

## ဧတဒဂ်ရပြီ

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ခိပ္ပါဘိညာနံ ယဒိဒံ ဘဒ္ဒါ ကုဏ္ဍလကေသာ ။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့ လျင်မြန်စွာရအပ်သည့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရှိကြသည့် ငါဘုရား၏တပည့်မ = သာဝိကာ ဘိက္ခုနီ များစွာတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာ ဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

ကုဏ္ဍလကေသာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

## သောဏာထေရီ အပဒါန်ဝတ္ထု

သောဏာထေရီ (ဗဟုပုတ္တိကာ) လောင်းလျာသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်တွင် ပစ္စည်းဥစ္စာ လွန်စွာ ပေါကြွယ်ဝသော သူဌေးအမျိုး၌ သူဌေးသမီးတစ်ယောက် ဖြစ်ခဲ့သည်။

ထိုထေရီလောင်းလျာသူဌေးသမီး အရွယ်သို့ရောက်သောအခါ တစ်သိလိမ္မာပညာအမြော်အမြင်နှင့် ပြည့်စုံသူဖြစ်၍ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်သို့ အမြဲမပြတ် သွားရောက်၍ တရားတော်ကို နာယူလေ့ရှိသည်။ တစ်နေ့တွင် ထိုထေရီလောင်းလျာသည် ဘုရားရှင်ထံတော်၌ တရားနာယူစဉ် ဘုရားရှင်က ဘိက္ခုနီတစ်ပါးအား တရားအားထုတ်ရာတွင် လုံ့လဝီရိယ ထက်သန်သော အရာ၌ ဧတဒဂ်ရာထူးဖြင့် ချီးမြှင့်တော်မူသည်ကို တွေ့မြင်ခဲ့ရသည်။

### ဆုတောင်းခဲ့ပုံ

သောဏာထေရီလောင်းလျာသည်လည်း ထိုဘိက္ခုနီကဲ့သို့ ဖြစ်လိုသော ဆန္ဒများ ဖြစ်ပေါ်ခံစားရသည်။ ထိုသို့ခံစားရသည့်အလျောက် သူသည် သံဃာ



www.burmeseclassic.com

www.burmeseclassic.com



တော်များနှင့်တကွ ဘုရားရှင်ကိုပင့်ဖိတ်ပြီး အလှူကြီး ပေးလှူသည်။ ထို့နောက် ဘုရားတပည့်တော်သည် နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်တော်၌ ဤထေရီကဲ့သို့ ဧတဒဂ်ဘွဲ့ထူးကို ရလိုပါသည်ဘုရား'ဟု ဆုတောင်းခဲ့သည်။

## ဗျာဒိတ်တော်မိန့်ကြား

ထိုအခါ ရှင်တော်မြတ်ဘုရားကာ အနာဂတံသ ဉာဏ်တော်ဖြင့် ရှုဆင်ခြင်တော်မူပြီး 'အို. . . ချစ်သမီး၊ ဧတဒဂ်ဘွဲ့ထူးကိုရည်မှန်း၍ လှူဒါန်းရသောကုသိုလ်စေတနာအဟုန်ကြောင့် နောင်အခါကမ္ဘာတစ်သိန်းထက်၌ ဂေါတမမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူလတ္တံ့။ ထိုအခါ သင် ချစ်သမီးသည် သောဏာထေရီ ဘိက္ခုနီဖြစ်ပြီးလျှင် အာရဒ္ဓဝီရိယာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရလတ္တံ့'ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

ထေရီလောင်းလျာသည် ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရသောအခါ ယနေ့နက်ဖြန်ပင် အကျိုးပေးခံရတော့မလောက် ဝမ်းမြောက်ခြင်းဖြစ်ပြီး ထိုနေ့မှစ၍ အသက်ဆုံးသည်တိုင်အောင် ပဒုမုတ္တရ ရှင်တော်ဘုရားအား ကြည်ညိုသော စေတနာ သဒ္ဓါသန့်သန့်ဖြင့် ပြုစုလုပ်ကျွေးသည်။

## စုတေပြီးနောက် နတ်ပြည်ရောက်

ထိုဘဝတွင် အသက်အတိုင်းနေ၍ စုတေသွားသော် တာဝတိံသာ နတ်ပြည်၌ ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာဖြင့် နတ်သမီးဖြစ်ရသည်။

## ပြန်လည်ဟောပြော

ဤအကြောင်းများကို ဤသို့ပြန်လည် ဟောတော်မူခဲ့သည်။

တဒါ သေဋ္ဌိ ကုလေ ဇာတာ၊ သုခိတာ ဒယိတာ ပိယာ။

ဥပေတ္စာ တံ မုနိဝရံ၊ အသောသိံ မဓုရံ ဝစံ။

ဘောန္တော၊ ပရိသတ်အပေါင်း အို. . . သူတော်ကောင်းတို့။ တဒါ၊ ထိုပဒုမုတ္တရဘုရား ထင်ရှားပွင့်တော်မူစဉ် အခါ၌။ အဟံ၊ အကျွန်ုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေဋ္ဌိကုလေ၊ ဥစ္စာစည်းစိမ် ဂုဏ်သိန်ပြည့်ဖြိုး သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ပွား ပေါ်ပေါက်၍လာခဲ့ပါ၏။ သုခိတာ၊ ဆင်းရဲဟူသမျှ မြူမခဘဲ သုခအမှန်ဖြင့် အလွန်ချမ်းသာခဲ့ပါ၏။ ဒယိတာ၊ သူတစ်ပါးကိုလည်း သနားကြင်နာခဲ့ပါ၏။ ပိယာ၊ သူတစ်ပါးတို့၏ ချစ်ခြင်းကိုလည်း ခံရပါ၏။ တဒါ၊ ထိုသူဌေးသမီး ဖြစ်စဉ်အခါ၌။ တံ မုနိဝရံ၊ ထိုပဒုမုတ္တရ မည်ရတွင်လတ် ဘုရားမြတ်ကို။ ဥပေတွာ၊ တစ်ရံမလတ် မပြတ်မပြယ် ဆည်းကပ်ကိုးကွယ်လျက်။ မဓုရံ၊ သာယာချိုမြိန် နှလုံးအိမ်ကို ငြိမ်စေနိုင်သော။ ဝစံ၊ မိန့်မြွက်ဟောဖော် စကား တော်ကို။ အသောသိ၊ သဒ္ဓါတရားဖြင့် နာကြားခဲ့ရပါပြီ။

အာရဒ္ဓ ဝီရိယာနဂ္ဂံ၊ ဝဏ္ဏေသိ ဘိက္ခုနိံ ဇိနော။
တံ သုတွာ မုဒိတာ ဟုတွာ၊ ကာရံ ကတွာန သတ္ထုနော။
အဘိဝါဒိယ သမ္ဗုဒ္ဓံ၊ ဌာနံ တံ ပတ္ထယိံ တဒါ။
အနုမောဒိ မဟာဝီရော၊ သိဇ္ဈတံ ပဏိဓိ တဝ။

တဒါ၊ ထိုသို့တရားနာသွားရောက်စဉ်အခါ။ အာရဒ္ဓဝီရိယာနံ၊ ကြိုးကြိုး စားစားတရားအားထုတ်သော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ ဘိက္ခုနိံ၊ ရဟန္တာမတစ်ပါးကို။ ဝဏ္ဏေသိ၊ ချီးကျူးနေတော်မူသော။ ဇိနောနံ၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကို။ အဒ္ဒသိ၊ ကြည်ကြည်လင်လင် ဖူးမြင်ရပါပြီ။ တံ၊ ထိုဟောကြားမိန့်မြွက် ဧတဒဂ်တရားတော်ကို။ သုတွာ၊ ကြားနာရသည် ရှိသော်။ မုဒိတာ၊ ဝမ်းမြောက်နှစ်သက် အားထက်ရွှင်လန်းခဲ့သည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထုနော၊ ရှင်တော်မြတ်ဘုရားအား။ ကာရံ၊ ပြုသင့်ပြုထိုက်သော ကုသိုလ်ဝတ်တရားကို။ ကတွာန၊ ပြုလုပ်ကြိုးစားပြီးသော်။ သမ္ဗုဒ္ဓံ၊ ရှင်တော် မြတ်ဘုရားကို။ အဘိဝါဒိယ၊ အလွန်အကျူး အထူးရှိခိုးလျက်။ တံဌာနံ၊ ထိုဧတဒဂ်ရာထူးကို။ ပတ္ထယိံ၊ ဆုတောင်းပတ္ထနာ ပြုခဲ့ပါသတည်း။ တဒါ၊ ထို အခါ၌။ မဟာဝီရော၊ လုံ့လတော်ဓာတ်ကြီးမြတ်ပေပြား မြတ်ဘုရားသည်။ အနုမောဒိယ၊ အတွန့်ပ်၏ ဆုတောင်းချက် နှစ်သက်ဝမ်းမြောက်တော်မူသည် ဖြစ်၍။ ဘဒ္ဒေ၊ အိုချစ်သမီး။ တဝ၊ သင်ချစ်သမီး၏။ ပဏိဓိ၊ ဘွဲ့ထူးဧတဒဂ်

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းချက်သည်။ သိဗ္ဗတိ-သိဗ္ဗတု၊ မချွတ်ကေန် အမှန်ပြည့်စုံစေသတည်း' ဣတိ၊ ဤသို့။ အဝေါစ၊ ဗျာဒိတ်စကား၊ မိန့်ကြားတော်မူလေသတည်း။

သတ သဟာဿိတော ကပ္ပေ၊ ဩက္ကာကကုလသမ္ဘဝေါ။
ဂေါတမော နာမ ဂေါတ္တေန၊ သတ္ထာ လောကေ ဘဝိဿတိ။
တဿ ဓမ္မေသု ဒါယာဒါ၊ ဩရသာ ဓမ္မနိမ္မိတာ။
သောဏာတိ နာမ နာမေန၊ ဟေဿတိ သတ္ထုသာဝိကာ။

ဘဒ္ဒေ၊ အို. . . ချစ်သမီး။ ဣတော၊ ဤကမ္ဘာမှ။ သတသဟာဿေကပ္ပေ၊ နောင် ကမ္ဘာတစ်သိန်းအခါ၌။ ဩက္ကာကကုလသမ္ဘဝေါ၊ ဩက္ကာကရာဇ် နေမြစ်နန်းရိုး သာကီမျိုးမှ ဖွားမြင်တော်မူသော။ ဂေါတ္တေန၊ အနွယ်တော်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမအမည်ရှိသော။ သတ္ထာ၊ ဆုရာထွတ်တင် ဘုရားရှင်သည်။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဘဝိဿတိ၊ အထင်အရှား ဖြစ်ပေါ်တော်မူလတ္တံ့။ တဿ၊ ထိုဂေါတမ မြတ်စွာဘုရား၏။ ဓမ္မေသု၊ တရားရောင်ဝါ သာသနာတို့၌။ ဒါယာဒါ၊ ကောင်းသော အမွေခံဖြစ်ပေသော။ ဓမ္မနိမ္မိတာ၊ တရားဖြင့် ဖန်ဆင်းအပ်သည်ဖြစ်၍။ ဩရသာ၊ ရွှေရင်တော်နှစ် သမီးချစ်သည်။ ဟုတွာ၊ ဖြစ်၍။ သောဏာတိနာမနာမေန၊ သောဏာထေရီ ဘိက္ခုနီဟူသော အမည်ဖြင့်။ တွံ၊ သင်သည်။ သတ္ထုသာဝိကာ၊ ဘုရားရှင်၏ တပည့်မသည်။ ဟေဿတိ၊ ဖြစ်လတ္တံ့။

တံ သုတွာ မုဒိတာ ဟုတွာ၊ ယာဝဇီဝံ တဒါ ဇိနံ။
မေတ္တစိတ္တာ ပရိစရိံ၊ ပစ္စယေဟိ ဝိနာယကံ။
တေန ကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံ အဂစ္ဆဟံ။

အဟံ၊ အကျွန်ုပ်သည်။ တံ၊ ထိုဗျာဒိတ်တော်စကားကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ မုဒိတာဟုတွာ၊ ယနေ့နက်ဖြန်ပင် အကျိုးပေးခံရတော့ မလောက် ဝမ်းမြောက်တက်ကြွသည်ဖြစ်၍။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ဝိနာယကံ၊ လူသုံးပါးတို့၏ ရှေ့သွားခရီးညွှန်ကြီးဖြစ်တော်မူပေသော။ ဇိနံ၊ မြတ်စွာဘုရားကို။ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ မေတ္တာ

www.burmeseclassic.com



စိတ္တာ၊ ချစ်ခင်နှစ်လို ကြည်ညိုမြတ်နိုးသောစိတ်ရှိသည်ဖြစ်၍။ ပရိစရိ ကုသိုလ် မာတ်ကို မပြတ်မွေးလျက် လုပ်ကျွေးခဲ့ပါသတည်း။ သုကတေန၊ ကောင်းစွာ ပြုလုပ်အားထုတ်ခဲ့သော။ တေန ကမ္မေန၊ ထိုကုသိုလ်ကံထူးကြောင့် လည်း ကောင်း။ စေတနာ ပဏိဓီဟိစ၊ နှစ်စေတနာစူးစိုက်၍ အထူးဆုတောင်းချက် တို့ကြောင့် လည်းကောင်း။ မာနုသံဒေဟံ၊ ယုတ်ညံ့စွာလှ လူ့တာဝကို။ ဇဟိတွာ၊ စွန့်လွှတ်ခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ တာဝတိံသာ နတ်တို့ပြည်သို့။ အဂစ္ဆိံ၊ သွားရောက် ခံစားခဲ့ရပါသတည်း။

## ဂေါတမဘုရားရှင်လက်ထက်

ယခုဘဒ္ဒကပ်အခါ ဂေါတမရှင်တော်ဘုရား ထင်ရှားပွင့်တော်မူသည်တွင် သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသူ သူဌေးမျိုးမှာပင် တန်ခိုးအရှိန်အစော်နှင့် ပြည့်စုံစွာ လိမ္မာယဉ်ကျေးသူ အမျိုးသမီးကလေးဖြစ်ရသည်။ အမည်အားဖြင့် 'သောဏာ'ဟုခေါ် တွင်ကြသည်။ ကောင်းခြင်းငါးရပ် မိန်းမမြတ်ဂုဏ်အင်္ဂါစုံ လင်စွာ ပြည့်ဖြိုးသဖြင့် အမျိုးမျိုးသောသူဌေးသားတို့က လိုလားနှစ်သက် စုံ မက်မြတ်နိုးစွာ ရလိုကြောင်းနှင့် ခွင့်တောင်းလာကြသည်။

## အိမ်ထောင်သည်ဘဝ

မိဘနှစ်ပါးတို့က သူဌေးသားတစ်ဦးနှင့် သဘောတူသဖြင့် ကြည်ဖြူနှစ် သက်စွာ လက်ထပ်မင်္ဂလာကိစ္စကို ဆောင်ရွက်ပေးသဖြင့် သူ့အိမ်ထောင်ပြုခဲ့ သည်။ ထို့နောက် သူဌေးသမီးကလေးသည် အရှင်သခင် လင်ယောကျ်ားထံ သို့ လိုက်ပါသွားရသည်။

## လင်ယောကျ်ားရဟန်းပြုသွားပြီ

သူတို့ဇနီးမောင်နှံ ချစ်ချစ်ခင်ခင်နှင့် နေထိုင်လာခဲ့ကြရာ သားဆယ် ယောက် ရရှိခဲ့သည်။ သားဆယ်ယောက်ရပြီးသော တစ်နေ့သ၌ အရှင်သခင် ခင်ပွန်းလင် သူဌေးကြီးသည် ဘုရားရှင်တော်ထံသို့ သွားပြီး တရားနာလေရာ

www.burmeseclassic.com



ထူးဆန်းနက်နဲ၍ မှတ်စွဲဖွယ်ကောင်းသော တရားများကို ကြားနာခဲ့ရသည်။ ထို့ကြောင့် သူဌေးကြီးသည် ဒုက္ခများမြောင် လူတို့ဘောင်တွင် လူဝတ်ကြောင်ဖြင့် မနေလိုသဖြင့် ရှင်တော်ဘုရားထံ ရဟန်းပြုရန် ခွင့်တောင်းတော့သည်။

ရှင်တော်ဘုရားကလည်း ရှေးပါရမီစုံညီ ပြည့်ဝခဲ့သူ ဖြစ်သည်ကို သိမြင်တော်မူ၍ ဆိုင်းတွခြင်းမရှိဘဲ ရဟန်းပြုရန် ခွင့်ပေးတော်မူလိုက်သည်။

သူဌေးမင်းသည် ရဟန်းပြုရန် အခွင့်ရသဖြင့် သားမယားကိုမျှ ပန်ကြားခြင်းမပြုဘဲ ထိုနေ့ရက်အတွင်းမှာပင် ရဟန်းပြုသွားသည်။

## သောဏာစိုးရိမ်ပူပန်ရပြီ

သားတို့ဖခင်သည် အကြောင်နာတရား ကင်းမဲ့စွာဖြင့် မယားကိုမကြောင်သားကိုမခင်ဘဲ ရဟန်းပြုသွားသည်ဟု ကြားရသောအခါ သောဏာ၏ နှလုံးအိမ်၌ ကြိမ်မီးအုံးသကဲ့သို့ ပူပန်သောက ဖြစ်သွားရတော့သည်။

## ပစ္စည်းတွေ ခွဲဝေပေးပြီ

အရွယ်ရောက်လာပြီဖြစ်သော သားဆယ်ယောက်တို့၏ မိခင် သောဏာသည် "သား"ဟူသော "အား"ကြောင့် သောကကို ကြာရှည် မခံစားလိုက်ရပေ။ "ငါ့သားကလေး ဆယ်ယောက်ဟာလည်း လူလားမြောက်လာကြပြီ၊ သူတို့အစွမ်းသတ္တိနှင့် လုပ်နိုင်၊ ကိုင်နိုင် ရှာဖွေနိုင်သည့် အခြေသို့ရောက်ကြပြီ။ ပစ္စည်းဥစ္စာကို ခွဲဝေပေးကမ်းလျက် ငါသည်လည်း ချမ်းချမ်းသာသာ ရတနာ သုံးပါးဖိုသာ ခိုလှုံဆည်းကပ်၍နေတော့မည်"ဟု စဉ်းစားပြီး ပစ္စည်းဥစ္စာရှိသမျှကို ဆယ်ပုံပုံကာ သားဆယ်ယောက်တို့အား ခွဲဝေပေးလိုက်တော့သည်။

သားဆယ်ယောက်တို့သည် ဝမ်းမြောက်သော အမူအရာဖြင့် ကြည်လင်ရွှင်ပြုံးကာ မိခင်ကြီးတရားဘက်ကိုလိုက်စားလျက် အေးအေးဆေးဆေးနေတော်မူပါ။ မိဘတို့ကျေးဇူးဂုဏ်ကို သားသမီးတို့ဆပ်၍မကုန်နိုင်ပါ။ ကျွန်တော်တို့ သားဆယ်ယောက်က အလှည့်ကျစီ ကျွေးမွေးပြုစုပါမည် ဟု ပြောကြားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သားသမီးတို့ သဘာဝ

ထို့နောက် သားဆယ်ယောက်တို့သည် ရှိသမျှ ပစ္စည်းကို အသီးသီး ခွဲပေ၍ ယူပြီးလျှင် မိခင်ကြီးကို တစ်လစီတစ်လစီ အလှည့်ကျ လုပ်ကျွေးပြုစုရန် တာဝန်ယူကြသည်။ သားအကြီးဆုံးအိမ်ကစပြီး ပြုစုကျွေးမွေးသည်။ 'မိဘပစ္စည်းကိုတော့ သုံးလားစွဲလား။ သားသမီးတို့ ပစ္စည်းကျတော့ မူးတင်းပဲတင်း' ဟူသော စကားအတိုင်း သားသမီးများတွင်လည်း အချို့က တာဝန်သိတတ်ကြသည်။ အချို့က တာဝန်မသိတတ်။ 'မိဘနှောင့်ယှက် သားသမက်။ ချွေးမပြုစု မိဘပူ' ဟူသော စကားလည်း ရှိသေးသည်။ လောကမှာ မိအိုဖအိုတို့ကို လုပ်ကျွေးရမှန်း သိသူ သားသမီးတို့ ရှိဖို့လိုပေသည်။ သမက်တို့ ချွေးမတို့တွင်လည်း သိတတ်သူရှိသကဲ့သို့ မသိတတ်သူလည်း ရှိတတ်သည်။

သောဏာသူဌေးကတော်ကြီးသည် ပစ္စည်းများကို အကုန်ခွဲဝေပေးပြီးသောအခါ အခက်အခဲ အချို့ကြုံလာရပြန်သည်။ သားအကြီးဆုံးအိမ်၌ နေထိုင်စားသောက်ရသည်မှာ အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေဖြစ်ရသည်။

## သားသမီးအိမ်၌ အဆင်မပြေ

သို့ဖြင့် သားဆယ်ယောက်တို့ထံ တစ်ယောက်ပြီးတစ်ယောက် ပြောင်း၍ နေလာခဲ့ရသည်။ သို့သော် 'ကြံသာအစဉ်ချိုသည်၊ လူကတော့ အစဉ်မချို' ဟူသော စကားအတိုင်း မိခင်၌ ပစ္စည်းမရှိတော့သည်ကို အကြောင်းပြုကာ သားသမီးချွေးမတို့အိမ်၌ နေထိုင်ရသည်မှာ အဆင်မပြေဖြစ်လာရတော့သည်။

'အစွန်သာရှိ အဆန်မရှိ' ဟူသော စကားကဲ့သို့ မိဘတို့ ပစ္စည်းဥစ္စာများကသာ သားသမီးတို့အပေါ်သို့ စုန်လေ့ရှိသည်။ သားသမီးတို့၏ ပစ္စည်းဥစ္စာများမှာ မိဘများဘက်သို့ ဆန်တက်လေ့မရှိ ဟူသော အချက်ကိုလည်း မိဘတို့ သိရှိ သတိပြုဖို့ လိုပေသည်။ သမုဒ္ဒရာကြီးထဲ၌ အလွန်များပြားသောရေကိုမြင်ရသော်လည်း သောက်ဖို့ရေချိုကို မရနိုင်သကဲ့သို့ သားသမီးမည်မျှပင် များသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဝတ်တရားသိသိနှင့် လိမ္မာယဉ်ကျေးလုပ်ကျွေးပြုစုသူ သားသမီး လွန်စွာ ရနိုင်ခဲတတ်သည်မှာ လောကတံထွာ ဓမ္မတာပင်ဖြစ်သည်။

## သောဏာထေရီဘိက္ခုနီ

သောဏာသူဌေးကတော်ကြီးသည် သားဆယ်ယောက်တို့ အိမ်၌ နေထိုင်ရသည်မှာ အဆင်မပြေဖြစ်ပြီး စိတ်ညစ်ဖွယ်ရာ ကြုံနေရသည်။ သို့ဖြင့် သူဌေးကတော်ကြီးသည် မည်သူ့ကိုမျှ တိုင်ပင်ပြောကြားခြင်းမပြုဘဲ ရဟန်းပြုရန် ဘိက္ခုနီကျောင်းသို့ ထွက်သွားခဲ့သည်။ ဘိက္ခုနီများက အမယ်အိုကြီးကို သနားသဖြင့် လျင်မြန်စွာပင် ရဟန်းပြုပေးကြသည်။ ထိုအခါမှစ၍ သောဏာထေရီ ဘိက္ခုနီဟု ထင်ပေါ်ခဲ့တော့သည်။

## ထေရီကြီးပြန်ဟောပြပုံ

ပစ္ဆိမေ စ ဘဝေ ဒါနိ၊ ဇာတာ သေဋ္ဌိကုလေ အဟံ။
သာဝတ္ထိယံပုရေရမ္မေ၊ ဣဒ္ဓေဖီတေမဟဒ္ဓနေ။

ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော။ ဣဒါနိဘဝေစ၊ ဤယခုဘဝ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော။ သာဝတ္ထိယံ၊ သာဝတ္ထိ အမည်ရှိသော။ ပုရေ၊ မြို့တော်ကြီး၌။ ဣဒ္ဓေ၊ ကြွယ်ဝသော။ ဖီတေ၊ စည်းစိမ်အမျိုးမျိုးတို့ဖြင့် ပြည့်ဖြိုးကုံလုံသော။ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌။ ဇာတာ၊ ဖြစ်ခဲ့ရပါပြီ။

ယဒါ စ ယောဗ္ဗနပ္ပတ္တာ၊ ဂန္တွာ ပတိကုလံ အဟံ။
ဒသ ပုတ္တာနိ အဇနိံ၊ သုရူပါနိ ဝိသေသတော။

ယဒါစ၊ အကြင်အခါ၌ မူကား။ အဟံ၊ အကျွန်ုပ်သည်။ ယောဗ္ဗနပ္ပတ္တာ၊ ပျိုသောအချိန်သို့ ရောက်လတ်သည်ရှိသော်။ ပတိကုလံ၊ လင်၏အိမ်သို့။ ဂန္တွာ၊ မိန်းမတို့ဓမ္မတာ လိုက်သွားရသည်ဖြစ်၍။ ဒသပုတ္တာနိ၊ သားဆယ်ယောက်တို့ကို။ အဇနိံ၊ မွေးဖွားခဲ့ရ၏။ ဝိသေသတော၊ သူတစ်ပါးတို့ထက် ထူးချွန်

www.burmeseclassic.com

www.burmeseclassic.com



သောအားဖြင့်။ တာနိ၊ ထိုသားဆယ်ယောက်တို့သည်။ သုရူပါနိ၊ ရှုချင်စဖွယ် တင့်တယ်ရူပ အဆင်းလှကြပါပေကုန်၏။

သုခေဓိတာ စ တေ သဗ္ဗေ၊ ဇနနေတ္တမနောဟရာ။
အမိတ္တာနမ္ပိ ရုစိတာ၊ မမ ပဂေဝ တေ ပိယာ။

တေသဗ္ဗေစ၊ ထိုအလုံးစုံသော သားဆယ်ယောက်တို့သည်ကား။ သုခေဓိတာ၊ ပန်းပွင့်ကလေးကဲ့သို့ အေးအေးသာသာ ကြီးပွား၍ လာကြကုန်၏။ ဇနနေတ္တမနောဟရာ၊ မြင်သူအပေါင်းတို့၏ မျက်လုံးကို ရွှင်ပြုံးနှစ်သိမ့် ပီတိစိမ့် စေနိုင်သော အဆင်းဂုဏ်နှင့်လည်း ပြည့်စုံကြပေကုန်၏။ အမိတ္တာနမ္ပိ၊ ရန်ဘက်ဖြစ်သော သူတို့ကပင်သော်လည်း။ ရုစိတာ၊ မြင်လျှင်နှစ်သက် စုံမက် မြတ်နိုးဖွယ် ဖြစ်ကြပေကုန်၏။ မမ၊ အကျွန်ုပ်ကိုယ်တိုင်မူကား။ တေ၊ ထို သားဆယ်ယောက်တို့ကို။ ပဂေဝပိယာ၊ အဘယ်မှာ မချစ်ဘဲ ရှိပါကုန်အံ့နည်း။

တတော မယှံ အကာမာယ၊ ဒသပုတ္တ ပုရက္ခတော။
ပဗ္ဗဇိတ္တ သမေဘတ္တာ၊ ဒေဝဒေဝဿ သာသနေ။

တတော၊ ထိုသားဆယ်ယောက် မွေးဖွားပြီးသောနောက်၌။ ဒသပုတ္တပုရက္ခတော၊ သားဆယ်ယောက်ဝန်းရံလျက် အပုံကြီးအားတက်ဖွယ်ကောင်းသော။ မေ၊ အကျွန်ုပ်တို့၏။ သသောဘတ္တာ၊ ထိုလင်ယောက်ျားသည်။ ဒေဝဒေဝဿ၊ နတ်ထက်နတ်မြတ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၏။ သာသနေ၊ အေးမြရိပ်ကျယ် တင့်တယ်လှစွာ သာသနာ၌။ မယှံ၊ အကျွန်ုပ်သည်။ အကာမာယ၊ အလိုမတူပါဘဲ။ ပဗ္ဗဇိတ္တ၊ သားနှင့်မယား စွန့်သွား ရှောင်ထွက် မငဲ့ကွက်ဘဲ ရဟန်းပြုသွားတော်မူလေပြီ။

တဒေကိကာ ဝိစိန္တေသိံ၊ ဇီဝိတေနာလမတ္တု မေ။
စတ္တာယ ပတိပုတ္တေဟိ၊ ဝုဍ္ဎာယ စ ဝရာကိယာ။

တဒါ၊ ထိုလင်ကလည်းပစ်သွား သားတို့ကလည်း မခန့်မညားပြုသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဧကိကာ၊ တစ်ယောက်တည်း။ ဝိစိန္တေ သိံ၊

www.burmeseclassic.com



မှိုင်တွေးကြံစည်မိပါသတည်း။ ပတိပုတ္တေဟိ၊ လင်သားတို့မှ။ စတ္တာယ၊ ဆုံးရှုံး၍ ကျန်ရစ်ခဲ့သော။ ဝုဗှာယစ၊ ရုပ်သွင်ယိုယွင်း အိုမင်းအားလျော့၍နေသည်လည်း ဖြစ်သော။ ဝရာကိယာစ၊ အားကိုးရာမမြင် ပူပင်ဆင်းရဲ၍လည်း နေသော။ မေ၊ ငါ့အား။ ဇီဝိတေန၊ ဤ လူပြည်တွင် အသက်ရှင်၍ နေသဖြင့်။ နာလံအတ္ထု၊ အကျိုးရှိနိုင်တော့မည် မဟုတ်ချေ။ ဣတိ၊ ဤသို့။ ဝိစိန္တေသိ၊ မှိုင်တွေးကြံစည် မိပါပြီ။

အဟမ္ပိ တတ္ထ ဂစ္ဆိဿံ၊ သမ္ဗုဒ္ဓော ယတ္ထ မေ ပတိ။
ဧဝါဟံ စိန္တယိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

ယတ္ထ၊ အကြင်သာသနာတော်အတွင်းသို့။ မေ၊ အကျွန်ုပ်၏။ ပတိ၊ အရှင်သခင် ခင်ပွန်းလင်သည်။ သမ္ဗုဒ္ဓော၊ ရဟန်းပြုသောအားဖြင့် ဆိုက်ရောက်၍ သွားတော်မူလေပြီ။ အဟမ္ပိ၊ ငါသည်လည်း။ တတ္ထ၊ ထိုသာသနာတော်မြတ်အတွင်းသို့။ ဂစ္ဆိဿံ၊ ရဟန်းပြုသောအားဖြင့် ဆိုက်ရောက်သွားတော့အံ့။ ဧဝံ၊ ဤဆိုအပ်ပြီးခဲ့ ပြီးသောအတိုင်း။ အဟံ၊ အကျွန်ုပ်သည်။ စိန္တယိတွာန၊ ကြံစည်ဆင်ခြင်ပြီးသည်ရှိသော်။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါပြီ။

သောဏာထေရီဘိက္ခုနီကြီးသည် အသက်အရွယ်ကြီးမှ ရဟန်းဖြစ်လာသူဖြစ်၍ အချို့ဘိက္ခုနီများက အလုပ်အမျိုးမျိုးကို အရွယ်နှင့်မမျှအောင်လုပ်ခိုင်းကြသည်။

တစ်နေ့သောအခါ ဘိက္ခုနီအပေါင်းတို့သည် အမယ်အိုဘိက္ခုနီကြီးကို ခေါ်ပြီး 'ရေနွေးအိုးကျိုထားလိုက်ပါ။ ငါတို့ပြန်လာသည့်အခါ ကောင်းမွန်စွာ ရေချိုးကြမည်'ဟု အမိန့်ပေးပြီး ပင့်ဖိတ်ရာသို့ တစ်ကျောင်းလုံး ကြွသွားတော်မူကြသည်။

သောဏာထေရီဘိက္ခုနီကြီးသည် ကျောင်းမှာတစ်ယောက်တည်း ချန်နေရစ်ပြီးလျှင် ရေနွေးကျိုရန် ရေတွင်းမှ ရေများကို ဆင်းရဲပင်ပန်းစွာ ခပ်ရှာသည်။ အရွယ်ကလည်း အိုမင်း၊ ရေတွင်းကလည်း နက်နက်၊ ရွက်ရသောရေအိုးကြီးကလည်း လေးသောကြောင့် မောဟိုက်ပင်ပန်းကာ ခြေမလှမ်းနိုင်တော့သဖြင့် ရေချိုခန်း၌ပင် လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာဖြစ်ပြီ

ထိုအခါ 'သည်ခန္ဓာဝန်ကြီးနှင့် သတ္တဝါဖြစ်နေရသည်မှာ အလွန်ဆင်းရဲပါကလား၊ ခန္ဓာဝန်ကြီးက လေးရသည့်အထဲ ကိစ္စအမျိုးမျိုးကို သယ်ပိုးဆောင်ရွက်နေရပြန်သေးသည်။ သည်ခန္ဓာဝန်ကြီးနှင့် မကင်းသမျှ ဘယ်အခါမှာမျှ ချမ်းသာခွင့်ကို ရနိုင်တော့မှာမဟုတ်'ဟု စိတ်၌ ခံစားလာရသည်။ ရှေးကံ ပါရမီနှီးဆော်သည့်အတိုင်း သမာဓိအင်အားတရားသဘောများ ဖြစ်လာသောအခါ ခန္ဓာငါးပါး ရုပ်နာမ်တရားအစုကို အနိစ္စ၊ အမြဲမရှိ။ ဒုက္ခ၊ ဆင်းရဲ၏။ အနတ္တ၊ သူ့အလို ဆန္ဒသို့လိုက်၍ မဖြစ်ဟု ဝိပဿနာဉာဏ်ဖြင့် ထက်သန်စွာ ရှုဆင်ခြင်လိုက်ရာ ရေချိုးခန်းအတွင်း၌ပင် ကိလေသာကုန်ခန်းလျက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေ၏။

အခြားဘိက္ခုနီအပေါင်းတို့ ကျောင်းသို့ပြန်ရောက်လာသောအခါ အမယ်အိုကြီးကို ရုတ်တရက် မမြင်ကြသဖြင့် လိုက်လံ ရှာဖွေကြသည်။ ရေချိုးခန်းအတွင်း၌ ချမ်းသာရွှင်လန်းစွာ ထိုင်နေသည်ကို တွေ့မြင်ကြသည်။ 'ပုထုဇဉ်ဘိက္ခုနီကလေးများက ရေနွေးကျိုထားလိုက်ပါဆိုသည့်စကားကို နားမထောင်ဘဲ ရေချိုးအိမ်ထဲမှာ ပုန်းအိပ်နေသည်'ဟု အပြစ်တင်စကား ပြောဆိုကြလေသည်။

ထိုအခါ သောဏာထေရီ ဘိက္ခုနီ ရဟန္တာမကြီးက ယဉ်ကျေးပျူငှာချိုသာသောစကားလုံးဖြင့် ပြုံးပြုံးရွှင်ရွှင်မျက်နှာထားလျက် 'ရေနွေးအတွက် စိုးရိမ်တော်မမူပါနဲ့၊ ယခုပင် ရေနွေးကို ရပါစေ့မယ်'ဟု ပြောဆိုပြီး တေဇောကသိုဏ်းကို ဝင်စားလိုက်သည်။ 'ရေချိုးခန်းအတွင်းရှိ ရေပြည့်အိုးကြီးများ ရုတ်တရက် ပွက်ပွက်ဆူကြပါစေ' ဟု မိန့်ဓာန်လိုက်သည်နှင့် တစ်ပြိုင်နက် ရေပြည့်အိုးကြီးများ ဆူပွက်လာကြသည်။ ထိုအဖြစ်ဆန်းကို မြင်ရသောအခါ ပုထုဇဉ် ဘိက္ခုနီကလေးများက ရေချိုးခန်းထဲမှ ထွက်ပြေးပြီး ဘိက္ခုနီမအိုကြီး၏ တန်ခိုးကြောင့် ရေအိုးကြီးတွေ ဆူလာကုန်ပြီ'ဟု အလန့်တကြား ဟစ်အော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှိခိုးပူဇော်ကြပြီ

ရဟန္တာဖြစ်ပြီးသော ဘိက္ခုနီ အရှင်မကြီးများ ရေချိုးခန်းအတွင်းသို့ ဝင်၍ ကြည့်ရှုကြလေရာ သောဏာထေရီ ဘိက္ခုနီကြီး၏ ရဟန္တာဖြစ်ကြောင်းနှင့်တကွ ဣဒ္ဓိပါဒ်တန်ခိုးဂုဏ်နှင့် ပြည့်စုံကြောင်းကို ကောင်းစွာသိတော်မူသွားကြသည်။

ထိုအခါ ကျောင်းတိုက်အတွင်း ရှိရှိသမျှသော ဘိက္ခုနီများကို ခေါ်ယူ စည်းဝေးစေလျက် 'အို. . . သီတင်းသုံးဖော်အပေါင်းတို့။ အရွယ်ကြီးရင့်မှ ရဟန်းဘောင်သို့ ခိုဝင်လာသူ သောဏာထေရီ ဘိက္ခုနီမကြီးသည် ရဟန်းကိစ္စ ပြီးဆုံးပေပြီ။ ဣဒ္ဓိပါဒ်တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူလေပြီ။သက်ရွယ် ယိုယွင်း၍ အိုမင်းလေပြီးသော သောဏာထေရီဘိက္ခုနီ၏ ဝီရိယအစွမ်းကို ကြည့်ရှုကြပါကုန်။ ရိုသေမြတ်နိုးစွာ ရှိခိုးပူဇော်လိုက်ကြပါကုန်'ဟု အကြီးအမှူး ဘိက္ခုနီကြီးက မိန့်ကြားပြောဆိုသောအခါ ပုထုဇဉ် ဘိက္ခုနီအပေါင်းတို့က သောဏာထေရီ၏ အရဟတ္တဖိုလ်ဂုဏ်ကို ယုံကြည်လေးမြတ်စွာ ရှိခိုးပူဇော် ကြသည်။

ထိုအခါမှစပြီး သောဏာထေရီဘိက္ခုနီ၏ တန်ခိုးဂုဏ်သည် ထင်ရှား ကျော်စောလာတော့သည်။

## မြတ်သောအသက်ရှည်ခြင်း

သောဏာထေရီ ဘိက္ခုနီကြီး၏အကြောင်းကို ဘုရားရှင်အား လျှောက် ထားကြသည်။ ထိုအခါ ဘုရားရှင်က ပရိသတ်အပေါင်းတို့အား စည်းဝေး တော်မူစေပြီးလျှင် 'အို ချစ်သား ချစ်သမီးတို့၊ အသက်အရွယ်ကြီးရင့်ခြင်းမှာ ပမာနမဟုတ်။ စွမ်းအင်လုံ့လ ဝီရိယသာလျှင် ပမာနဖြစ်သည်။ အသက်တစ်ရာ နေရသော်လည်း ပျင်းပျင်းရိရိဖြင့် ဝီရိယပေါ့လျော့ခဲ့ပါလျှင် ထိုကဲ့သို့ အသက် ရှင်ခြင်းမျိုးကို မြင့်မြတ်သည်ဟူ၍ ငါဘုရားချီးမွမ်းတော်မမူ။ တစ်နေ့တစ်ရက် မျှပင် အသက်ရှင်၍ နေရပါသော်လည်း မပျင်းမရိ ဝီရိယသန်သန်ဖြင့် လုံ့လ ကြိုးကုတ်အားထုတ်၍ နေခဲ့ပါလျှင် ထိုကဲ့သို့သော အသက်ရှည်ခြင်းမျိုးကို မြင့်မြတ်သည်ဟူ၍ ငါဘုရားချီးမွမ်းတော်မူသည်။ အိုချစ်သား ချစ်သမီးတို့၊

www.burmeseclassic.com

www.burmeseclassic.com



သောဏာထေရီဘိက္ခုနီကြီးကို ကြည့်ကြကုန်လော့။ အသက်အရွယ်ကြီးရင့်မှ သာသနာဘောင်သို့ ခိုဝင်လာရသော်လည်း ဝီရိယအစွမ်းကြောင့် ရဟန္တာဖြစ်သွားပြီ။ ဝီရိယထက်သန်သည့် အရာ၌ ငါ့သမီးတော်ကြီး၏ ဝီရိယအစွမ်းလွန်စွာ ထူးမြတ်ပါပေသည်' ဟု မိန့်ကြားတော်မူပြီး ဘုရားရှင်က ဤသို့ ဟောကြားတော်မူလေ၏။

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။

ဘိက္ခဝေ၊ ဝီရိယစွမ်းအင် ထက်သန်ကြီးမား အိုချစ်သားတို့။ ယော၊ အကြင်သူသည်။ ဟီနဝီရိယော၊ ဝီရိယဓာတ်လျော့ပါးသည်ဖြစ်၍။ ကုသီတော၊ ပျင်းပျင်းရိရိဖြင့်။ ဝဿသတံ၊ အနှစ်တစ်ရာကာလပတ်လုံး။ စေဇီဝေ၊ အကယ်၍ အသက်ရှင်ကာ နေရစေဦးတော့။ တဿ၊ ထိုဝီရိယမရှိ လူပျင်းရိ၏။ ဇီဝိတံ၊ ရှည်လျားစွာ အသက်ရှင်နေခြင်းသည်။ နသေယျော၊ ချီးမွမ်းအပ်၍ မြတ်သည် မဟုတ် ချေ။ ဒဠှံ၊ ပြင်းပြင်းထန်ထန် ဖွဲသန်သန်ဖြင့်။ ဝီရိယမာရဘတော၊ ဝီရိယဓာတ် လှုံ့လမြတ်ဖြင့် မပြတ်ကြိုးစား၍နေသောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ကာ တည်နေရခြင်းသည်။ သေယျော၊ ချီးမွမ်းအပ်၍ မြင့်မြတ်လှပေသတည်း။

## ဧတဒဂ်ပေးပြီ

ဘုရားရှင်သည် ပရိသတ်တို့အား ဤသို့ဟောတော်မူပြီးလျှင် သောဏာထေရီ ဘိက္ခုနီကြီးအား အာရဒ္ဓဝီရိယဧတဒဂ် ဘွဲ့ထူးဖြင့် ဤသို့ ချီးကျူးတော်မူလေသည်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ
ယဒိဒံ သောဏာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ သမီးတော်တပည့်မ ဖြစ်ကြကုန်သော။ အာရဒ္ဓဝီရိယာနံ၊ တရားအလုပ်ကို အားထုတ်ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်။ ယဒိဒံ-ယာအယံ သောဏာ၊ အကြင်သောဏာထေရီ ဘိက္ခုနီသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-သော၊ ထိုသောဏာထေရီ ဘိက္ခုနီသည်။ အဂ္ဂံ-အဂ္ဂါ အမြတ်ဆုံးပေတည်း။

## နောက်ကြောင်းပြန်တရားတော်

သောဏာထေရီက သူ့ဘဝအတိတ်အကြောင်းကို ဤသို့ ပြန်လည် ဟောတော်မူခဲ့သည်။

တတော စ မံ ဘိက္ခုနိယော၊ ဧကံ ဘိက္ခုနုပဿယေ။
ဝိဟာယ ဂစ္ဆုမောဝါဒံ၊ တာပေဟိ ဥဒကံ က္ကတိ။

တတော၊ ထိုသာသနာဘောင် ခိုလှုံဆည်းကပ်ပြီးသော အခါ၌။ ဧကသ္မိံ ဒိဝသေ၊ တစ်နေ့သောအခါ၌။ ဥဒကံ၊ ရေကို။ တာပေဟိ၊ ပွက်ပွက်ဆူ၍ ပူအောင် ကျိုထားလိုက်လော့။ က္ကတိ၊ ဤသို့။ ဩဝါဒံ၊ ခိုင်းစေညွှန်ကြား ဩဝါဒစကားကို။ ဒတွာ၊ ပေးကြကုန်ပြီးသည်ရှိသော်။ မံ၊ အကျွန်ုပ်ကို။ ဧကံ၊ တစ်ယောက်တည်း။ ဘိက္ခုနုပဿယေ၊ ဘိက္ခုနီတို့ကျောင်း၌။ ဝိဟာယ၊ ချန်ထားခဲ့၍။ ဘိက္ခုနိယော၊ ကျောင်းရှိအကုန် အလုံးစုံသော ဘိက္ခုနီတို့သည်။ ဂစ္ဆုံ၊ ကျောင်းမှထွက်တော်မူကြကာ ပင့်ထားရာသို့ ကြွကြလေကုန်သတည်း။

တဒါ ဥဒကမာဟိတွာ၊ ဩကိရိတွာန ကုမ္ဘိယာ။
စုလ္လေ ဌပေတွာ အာသီနာ၊ တတော စိတ္တံ သမာဒဟိံ။

တဒါ၊ ထိုသို့ဘိက္ခုနီများ ခိုင်းစေ၍ ထွက်သွားကြသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဥဒကံ၊ ရေကို။ အာဟိတွာ၊ ခပ်၍။ ကုမ္ဘိယာ၊ ရေအိုးကြီးထဲ၌။ ဩကိရိတွာန၊ လောင်းပြီးသည်ရှိသော်။ စုလ္လေ၊ ရေချိုးခန်းထဲ၌။ ဌပေတွာ၊ ရွက်လာသောရေအိုးကိုချထား၍။ အာသီနာ၊ အပန်းဖြေ နားနေခဲ့ပါသတည်း။ တတော၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ စိတ္တံ၊ မိမိစိတ်ကို။ သမာဒဟိံ၊ တရားအာရုံ ပွားထုံ စူးစိုက်လေသတည်း။ (ဝါ) တည်ငြိမ်အောင် ပြုခဲ့ပေ သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓေ အနိစ္စတော ဒိသွာ၊ ဒုက္ခတော စ အနတ္တတော။
ခေပေတွာ အာသဝေ သဗ္ဗေ၊ အရဟတ္တမပါပုဏိံ။

အဟံ၊ အကျွန်ုပ်သည်။ ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ အနိစ္စတော၊ ပြုတ်ပြုတ်ပြုန်းပြုန်း ချုပ်ဆုံးဖွားဖွား မမြဲသောသဘောအားဖြင့်။ ဒိသွာ၊ ဉာဏ်သွားဆင်ခြင် ထင်မြင်ပေါ်ပေါက်သဘောရောက်ပြီးသည်ရှိသော်။ ဒုက္ခတော စ၊ မမြဲသောဒုက္ခအနေအားဖြင့်လည်းကောင်း။ အနတ္တ တော စ၊ အနတ္တအနေအားဖြင့် လည်းကောင်း။ အဒက္ခိံ၊ ဘာဝနာဉာဏ် ထက်သန်သောဇွဲ မြင်ခဲ့ပေသတည်း။ တတော၊ ထိုတရားဆင်ခြင် ထင်မြင်ပေါ်ပေါက် မြင်ပြီး နောက်၌။ သဗ္ဗေအာသဝေ၊ စီးသွန်ကျလျှော အာသဝေါမြုံ အလုံးစုံတို့ကို။ ခေပေတွာ၊ အပြီးအပိုင် ခုတ်ချိုင်ကုန်ခန်းစေလျက်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့ အပါပုဏိံ၊ ဝီရိယအစွမ်းဖြင့် ပေါက်ရောက်ခဲ့ပါသတည်း။

တဒါဂန္ဒွာ ဘိက္ခုနိယော၊ ဥဏှောဒကမပုစ္ဆိသုံ။
တေဇောဓာတုံ အဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိံ ဇလံ။

တဒါ၊ ထိုရဟန္တာဖြစ်ပြီးသောအခါ၌။ ဘိက္ခုနိယော၊ ကျောင်းမှထွက်သွားကြသော ဘိက္ခုနီအပေါင်းတို့သည်။ အာဂန္တွာ၊ ပြန်လာကြကုန်၍။ ဥဏှောဒကံ၊ အကျိုခိုင်းထားခဲ့သော ရေနွေးကို။ အပုစ္ဆိသုံ၊ ဘယ်မှာလဲဟုမောင်းမဲကာ မေးမြန်းကြကုန်၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တေဇော ဓာတုံ၊ တေဇောမှတ်ပိုင်း ဓာတ်ကသိုဏ်းကို။ အဓိဋ္ဌာယ၊ ဝင်စားဆောက်တည်၍။ ခိပ္ပံ၊ လျင်လျင်မြန်မြန်။ ဇလံ၊ ရေချိုးခန်းအတွင်း၌ရှိသော ရေအပေါင်းကို။ သန္တာပယိံ၊ ပွက်ပွက်ဆူဝေ ပူစေသောဟူန် တန်ခိုးဂုဏ်ကို အစွမ်းကုန်ပြလိုက် ပါတော့သတည်း။

ဝိမှိတာ တာဇိနဝရံ၊ တေမတ္တမသာဝယုံ။
အာရာဓိတော မဟာဝီရော၊ မမ သုပ္ပဋိပတ္တိယာ။
အာရဒ္ဓဝီရိယာနဂ္ဂံ၊ မမာဟ သ မဟာမုနိ။

www.burmeseclassic.com

www.burmeseclassic.com



တဒါ၊ ထိုသို့တန်ခိုးစွမ်းအဟုန်ကို ကမ်းကုန်အောင် ပြလိုက်သောအခါ၌။ တာ၊ ထိုဘိက္ခုနီအပေါင်းတို့သည်။ ဝိမှိတာ၊ အထိတ်တလန့် တအံ့တသြ ပြောမပြီးကုန် ချီးမွမ်းကုန်လျက်။ တေမတ္ထံ၊ ထိုတန်ခိုးပြပုံအကြောင်းစုံကို။ ဇိနဝရံ လောကထွတ်ထား မြတ်စွာဘုရားသို့။ အသာဝယုံ၊ တပြိုင်နက်သွား၍ လျှောက်ထားကြလေကုန်သတည်း။ တဒါ၊ ထိုသို့ လျှောက်ထားကြသော အခါ၌။ မဟာဝီရော၊ လုံ့လအင်အား စွမ်းပကားကြီးတော်မူသော မြတ်စွာဘုရားသည်။ မမ၊ အကျွန်ုပ်၏။ သုပ္ပဋိပတ္တိယာ၊ ကောင်းမွန်မြင့်မြတ် အကျင့်ခတ်ကြောင့်။ အာရာဓိတော၊ နှစ်သက်အားရ သဘောကျတော်မူသည်ဖြစ်၍။ မမ၊ အကျွန်ုပ်အား၊ အာရဒ္ဓဝီရိယာနံ၊ လုံ့လစွမ်းအားဖြင့် ကြိုးစားကြသော ဘိက္ခုနီအပေါင်းတို့တွင်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ သမဟာမုနိ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အာဟ၊ ပရိသတ်အလယ်တွင်၊ တင့်တယ်စွာ ကျူးရင့်၍ ချီးမြှင့် မိန့်ကြားတော်မူလေသတည်း။

ဒသ ပုတ္တေ ဝိဇာယိတွာ၊ အသ္မိံ ရူပသမုဿယေ။
တတောဟံ ဒုဗ္ဗလာ ဇိဏ္ဏာ၊ ဘိက္ခုနိံ ဥပသင်္ကမိံ။

အဟံ၊ အကျွန်ုပ်သည်။ အသ္မိံ ရူပသမုဿယေ၊ ဤမျက်မှောက်ဖြစ်သော ရုပ်ကောဋ္ဌာသ ဘဝကြီးအတွင်း၌။ ဒသပုတ္တေ၊ သားဆယ်ယောက်တို့ကို။ ဝိဇာယိတွာ၊ ဖွားမြင်ခဲ့ပြီးသည်ရှိသော်။ တတော၊ ထိုနောက်၌။ ဇိဏ္ဏာ၊ သက်ရွယ်ယိုယွင်း အိုမင်းဆွေးမြည့်သည်ဖြစ်၍။ ဒုဗ္ဗလာ၊ ရုပ်သွင်မဟန် အားအန် ချို့တဲ့ ချည့်နဲ့ပျော့ပျောင်းသော။ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခုနိံ၊ ဘိက္ခုနီ အရှင်မြတ်တစ်ပါးထံသို့။ ဥပသင်္ကမိံ၊ ဆည်းကပ်ခိုလှုံခဲ့ပါသတည်း။

သာ မေ ဓမ္မမဒေသေသိ၊ ခန္ဓာယတနဓာတုယော။
တဿာ ဓမ္မံ သုဏိတွာန၊ ကေသေ ဆေတွာန ပဗ္ဗဇိံ။

သာ၊ ထိုဘိက္ခုနီအရှင်မြတ်ကြီးသည်။ မေ၊ အကျွန်ုပ်အား။ ခန္ဓာယတနဓာတုယော၊ ခန္ဓာသဘော, အာယတနသဘော, ဓာတ်သဘောတို့ကို လည်းကောင်း။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို လည်းကောင်း။ အဒေသေသိ၊ လွယ်လွယ်နှင့်မြင်အောင် ထင်ထင်ရှားရှား ဟောကြားတော်မူပေပြီ။ တဿာ၊ ထိုဘိက္ခုနီ အရှင်မြတ်ကြီး၏။ ဓမ္မံ၊ ဟောကြားတော်မူသော တရားတော်ကို။ သုဏိတွာန၊ မှတ်မှတ်သားသား ကြားနာပြီးသည်ရှိသော်။

www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ ကေသေ၊ စိမ်းညို့ရှည်လျားဆံပင်များတို့ကို။ ဆေတွာန၊ ရိတ်ဖြတ်၍။ ပဗ္ဗဇိံ၊ ဖန်ဝါသကင်္န်းဖြင့် ရဟန်းပြုခဲ့ပါပြီ။

တဿာ မေ သိက္ခမာနာယ၊ ဒိဗ္ဗစက္ခုံဝိသောဓိတံ။
ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ယတ္ထ မေ ဝုသိတံ ပုရေ။

တဿာမေ၊ ထိုအကျွန်ုပ်သည်။ သိက္ခမာနာယ၊ သိက္ခာသုံးပါး တရားအလုပ်ကို အားထုတ်၍နေစဉ်။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို။ ဝိသောဓိတံ၊ အလင်းမြင်အောင် သုတ်သင်ရှင်းလင်းခဲ့လေပြီ။ ပုရေ၊ ရှေးအတိတ်သံသရာ၌။ မေ၊ အကျွန်ုပ်သည်။ ယတ္ထ၊ အကြင်, အကြင်ဘုံဘဝ၌။ ဝုသိတံ၊ ခိုအောင်းနေထိုင်ခဲ့ဖူး၏။ တံပုဗ္ဗေနိဝါသံ၊ ထိုရှေးဘဝတို့၌ ဖြစ်ဖြစ်သမျှ အလုံးစုံကိုလည်း။ ဇာနာမိ၊ မကျန်မကြွင်း အလင်းထင်ထင် သိမြင်ခဲ့ပါသတည်း။

အနိမိတ္တဉ္စ ဘာဝေမိ၊ ဧကဂ္ဂါ သုသမာဟိတာ။
အနန္တရာဝိမောက္ခာ’သိံ၊ အနုပါဒါယ နိဗ္ဗုတာ။

အဟံ၊ အကျွန်ုပ်သည်။ ဧကဂ္ဂါ၊ အာရုံတစ်ခုတည်း၌ စွဲစွဲစူးစိုက်လျက်။ သုသမာဟိတာ၊ ကောင်းစွာ တည်ကြည်သော စိတ်နှလုံး ရှိသည်ဖြစ်၍။ အနိမိတ္တဉ္စ၊ ရုပ်နာမ်ခပင်းတို့၏ မြဲခြင်းမရှိပုံကို အစွမ်းကုန် ရှုဆင်ခြင်နိုင်သော အနိမိတ္တ ဘာဝနာကို။ ဘာဝေမိ၊ မနားမနေ ပွားများခဲ့ပါ၏။ အနန္တရာ၊ အရဟတ္တမဂ်၏ အခြားမဲ့၌။ ဝိမောက္ခာ၊ ကိလေသာဝဋ်အလုံးမှ ဖွတ်ရှန်း၍ ထွက်မြောက်လာခဲ့သည်။ အာသိံ၊ ဖြစ်ပါသတည်း။ အနုပါဒါယ၊ ဘယ်အာရုံတစ်ခုကိုမျှ စွဲလမ်းမှုမရှိဘဲ။ နိဗ္ဗုတာ၊ ဆင်းရဲငြိမ်းလတ် ချမ်းသာဓာတ်ဖြင့် အမြတ်နိဗ္ဗာန် ပိုင်ယူပိုက်သိမ်းခဲ့ပါသတည်း။

ပဉ္စက္ခန္ဓာ ပရိညာတာ၊ တိဋ္ဌန္တိ ဆိန္နမူလကာ။
ဓိ တဝတ္ထု ဇရေ ဇမ္မေ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ဓာတ်တရားတို့ကို။ မေ၊ အကျွန်ုပ်သည်။ ပရိညာတာ၊ ပိုင်းခြားထင်ထင် သိမြင်အပ်ကုန်ပြီ။ တေ၊ ထိုခန္ဓာငါးပါးတို့သည်။ ဆိန္နမူလကာ၊ သံသရာဝဋ်နယ်မှာ ငြိတွယ်သောအမြစ် ပြတ်ကြလေကုန်လျက်။ တိဋ္ဌန္တိ၊ တည်နေရစ်ကြလေကုန်၏။ ဓိတဝတ္ထုဇရေ၊ ထွီဖွယ် စက်ဆုတ်ဖွယ် အမျိုးမျိုးကို ဖြစ်စေတတ်သော။ ဇမ္မေ၊ ဟယ်တဏှာမကြီး။ ဒါနိ-က္ကဒါနိ၊ ယခုအခါ၌။ မေ၊ ငါ့အား။ ပုနဗ္ဘဝေါ၊ ဘဝအသစ်ဖြစ်ရန် အရေးသည်။ နတ္ထိ၊ မရှိတော့ပြီတကား။



www.burmeseclassic.com

www.burmeseclassic.com



ဤထေရီသည် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးနီး အသက်အရွယ်ကြီးခါမှ ရဟန်းဘောင်သို့ ခိုဝင်ခဲ့သည်၊ ငြိုငြင်ပင်ပန်းခြင်း ဒုက္ခအမျိုးမျိုးကို ဖွဲ့လုံ့လဖြင့် အားထုတ် ကြိုးစားလေရာ တေဒဂ်ဘွဲ့ထူးနှင့်တကွ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ ရောက်သည့်အတွက် သောဏာထေရီဘိက္ခုနီ၏ ဂုဏ်သတင်းသည် သာသနာတော်အတွင်း ကျော်ကြားသွားလေတော့သည်။

## ဖခင်ကြီးကြွလာ

ဤအကြောင်းများကို ရဟန်းပြုနေသူ သားဆယ်ယောက်တို့၏ ဖခင်ကိုယ်တော်မြတ်ကြီးကလည်း ကြားသိသွားလေရာ ဝမ်းမြောက် နှစ်သက်ခြင်းဖြစ်ပြီး တရားဓမ္မအရေး ဆွေးနွေးတွေ့ဆုံတော်မူလိုသောကြောင့် သောဏာထေရီ ဘိက္ခုနီကြီးထံသို့ တောင်ဝှေးကိုထောက်ပြီး ကြွတော်မူလာသည်။ သည်ကိုယ်တော်မြတ်ကြီးသည်လည်း ကိလေသာကုန်ခန်း ရဟန္တာအစစ် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ထိုသို့တွေ့ဆုံပြီးနောက် အာသဝေါကုန်ပြီးသော ရဟန္တာတို့၏ စရိုက်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် စပ်သော တရားစကားများကို အပြန်အလှန် ဆွေးနွေးမေးမြန်းနေကြစဉ် သားဆယ်ယောက်တို့သည် သူတို့အထံတော်သို့ အစုံအညီရောက်လာကြသည်။ သူတို့ မိခင် သောဏာထေရီဘိက္ခုနီကြီး ရဟန္တာဖြစ်ကြောင်း ကြားသိရသဖြင့် ဝမ်းသာအားရ လာရောက်ကြခြင်းဖြစ်သည်။

သောဏာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# နန္ဒုတ္တရာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်ခဲ့သော ဘဝသံသရာ အဆက်ဆက်တို့၌ ကုသိုလ်ပါရမီသမ္ဘာရများစွာကို ပြုစုဆည်းပူးခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤဘုရားရှင်လက်ထက်

ဤငါတို့ဘုရားရှင် လက်ထက်တွင်မူ ကုရုတိုင်း၊ ကမ္မာသဒမ္မအမည်ရှိ နိဂုံးရွာကြီးတွင် ပုဏ္ဏားမျိုး၌ ဖြစ်လာခဲ့သည်။ ထိုထေရီလောင်းလျာသည် ပညာဓာတ်ခံ ရင့်သန်လာခဲ့သူဖြစ်၍ မည်သည့်အတတ်ပညာကိုမဆို လွယ်ကူစွာ သင်ယူတတ်သိသူလည်း ဖြစ်သည်။

ထေရီလောင်းလျာ၏အမည်မှာ 'နန္ဒုတ္တရာ' ဖြစ်သည်။ အဓိပ္ပာယ်မှာ နန္ဒ = နှစ်သက်ဖွယ်ဟု ဆိုလိုပြီး၊ ဥတ္တရ = လွန်ကဲခြင်းဟု အဓိပ္ပာယ်ရှိသည်။ 'လွန်ကဲတင့်တယ်နှစ်သက်ဖွယ်ရှိသော အမျိုးသမီးကလေး'ဟုဆို လိုသည်။

နန္ဒုတ္တရာ အသက်နှစ်ဆယ်ခန့်အရွယ်သို့ ရောက်သောအခါ ရုပ်အဆင်းကလည်း တင့်တယ်၊ ဉာဏ်ပညာကလည်း ပြည့်ကြွယ်သဖြင့် 'သည်ဇမ္ဗူဒီပါကျွန်းမှာ ငါကဲ့သို့သော အမျိုးသမီးတစ်ယောက်မျှ မရှိ' ဟု ထင်မြင်မှတ်ယူကာ မာန်မာနတက်ကြွနေခဲ့သည်။ ထိုအချိန်အခါက သူသည် ဘုရားရှင်၏ သာသနာနှင့်တွေ့ကြုံခြင်းမရှိသေးဘဲ မိစ္ဆာဒိဋ္ဌိအယူကိုသာ သက်ဝင်ယုံကြည်သူ ဖြစ်သည်။

ထေရီလောင်းလျာသည် ဘဝသံသရာ အဆက်ဆက်ကပါရှိလာခဲ့သော အထုံဝသီ ပါရမီစွမ်းအားကြောင့် ကာမဂုဏ်အာရုံဘက်၌ နှစ်သက်မွေ့လျော်ပျော်ရွှင်လိုစိတ်မရှိဘဲ အဖော်မမှီး တစ်ကိုယ်တည်းသာ ဆိတ်ငြိမ်ရာ၌ နေလိုသည့်စိတ်ဖြင့် တရားဓမ္မ အမျိုးမျိုးကို ရှာဖွေစုံစမ်းနေခဲ့သည်။

ထိုအချိန်အခါက ဇမ္ဗူဒီပါတစ်ကျွန်းလုံးတွင် အယူအဆအမျိုးမျိုး၊ ဂိုဏ်းဂဏာမျိုးစုံတို့ ထွန်းကားနေစဉ် ကာလဖြစ်သည်။ နန္ဒုတ္တရာ သတို့သမီးလေးသည်လည်း ဂိုဏ်းဆရာကြီးပေါင်းများစွာထံ တပည့်ခံ၍ တရားဓမ္မကို ရှာမှီးခဲ့သော်လည်း စိတ်ကျေနပ်လောက်စရာကောင်းသည့် တရားဓမ္မကိုမူ မရရှိခဲ့ပေ။

## တိတ္ထိဆရာကြီးတို့အယူဝါဒများ

ထိုဂိုဏ်းကြီးတို့အနက် အချို့တိတ္ထိဂိုဏ်း ဆရာကြီးတို့က နေကို ရှိခိုးရမည်။ နေမင်းကြီးသည် လူတို့၏ ကိုးကွယ်ရာအစစ်ဖြစ်သည်။ နေကိုရှိခိုးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်နိုင်သည်ဟု ဟောပြောသည်။ နန္ဒျတ္တရာသည် ထိုတိတ္ထိဆရာကြီးတို့ ဟောပြောသည့်အတိုင်း နေမင်းကို ရှိခိုးလျက် ဒုက္ခ အမျိုးမျိုးမှ လွတ်မြောက်ရန် ကြိုးစားခဲ့သည်။

ဂိုဏ်းဆရာအချို့က လ,ကိုသာ ရှိခိုး၍ ကိုးကွယ်ရမည်။ အချို့က မီးကို ရှိခိုး၍ ကိုးကွယ်ရမည်ဟု ဟောပြောကြသလို လောကကို ဖန်ဆင်းသူ နတ်မင်းကြီးကို ရှိခိုး၍ ကိုးကွယ်ရမည်ဟု ဟောပြောသူလည်းရှိ၏။ သစ်ပင် တောတောင်များကို ဆည်းကပ်ကိုးကွယ်ရမည်ဟုလည်း အမျိုးမျိုး ပြောကြသည်။

## ဆရာအမျိုးမျိုးနှင့်တွေ့ကြုံရသောဘေးဆိုး

ဂင်္ဂါမြစ်ကြီးသည် ဒုစရိုက်မှုများနှင့် ကိလေသာ အညစ်အကြေးများကို စင်ကြယ်အောင် ဆေးကြောပြနိုင်သည်။ ရက်မှန်မှန်သွား၍ ဂင်္ဂါမြစ်အတွင်း ရေဆင်းချိုးခဲ့ပါလျှင် ဒုစရိုက်အပြစ်များနှင့် ကိလေသာကင်းရှင်း၍ ဗြဟ္မာမင်းကြီးအထံတော်သို့ ရောက်နိုင်သည် စသည်ဖြင့် ဟောသူတို့ကလည်း ဟောကြသေးသည်။ ဘဝပါရမီ ရင့်သန်ပြီး ကျွတ်ထိုက်သည့် အဆုံးဘဝသို့ ရောက်နေရသူဖြစ်သော်လည်း ဆရာအမျိုးမျိုး၊ ဘုရားတုအမျိုးမျိုးတို့နှင့် တွေ့ကြုံရပြီး ဝဋ်ဒုက္ခမှ လွတ်ရေးတွင် ကြံ့ကြာနေတတ်ပေသေးသည်။ ဤသို့ ကြုံတွေ့ရသည့် ဘေးမျိုးကို 'နာနာသတ္ထာရဉ္စလ္လောကန' ဘေးဆိုးကြီးဟု ခေါ်ဆိုကြသည်။

## ဒုက္ခမှ မလွတ်စေနိုင်သော အားထားရာများ

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ'မုတ္တမံ။
နေတံ သရဏ'မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

မနုဿာ၊ လူအပေါင်းတို့သည်။ ဘယတဇ္ဇိတာ၊ ဘေးအမျိုးမျိုးတို့မှ ထိတ်လန့်ကြကုန်သောကြောင့်။ ပဗ္ဗတာနိစ၊ တောင်ကြီးတို့ကိုလည်းကောင်း။ ဝနာ

www.burmeseclassic.com

www.burmeseclassic.com



နိစ၊ တောကြီးတို့ကို လည်းကောင်း။ အာရာမရုက္ခစေတျာနိစ၊ သစ်ပင်အရံ သစ်ပင်စေတီတို့ကို လည်းကောင်း။ ဗဟုံ၊ များပြားစွာ။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ယန္တိ၊ သွားရောက် ဆည်းကပ်ကြလေကုန်၏။

ဧတံ၊ ဤသို့ ဆည်းကပ်ခြင်းသည်။ ခေါ၊ စင်စစ်။ ခေမံ၊ ဘေးရန်ကင်းကွာ လွန်ချမ်းသာသော။ သရဏံ၊ တကယ့် ကိုးကွယ်အားထားရာသည်။ န ဟောတိ၊ မဖြစ်နိုင်။ ဧတံ၊ ဤသို့ဆည်းကပ်ခြင်းသည်။ ဥတ္တမံ၊ မွန်မြတ်သော။ သရဏံ၊ ကိုးကွယ်အားထားရာသည်။ နဟောတိ၊ မဖြစ်နိုင်ချေ။ ဧတံသရဏံ၊ ဤကဲ့သို့သော ကိုးကွယ်ရာကို။ အာဂမ္မ၊ အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းမှ။ နပမုစ္စတိ၊ ကျွတ်လွတ်နိုင်လိမ့်မည်မဟုတ်ချေ။

ဤသို့လျှင် ဘုရားရှင်ဟောထားခဲ့ပြီးဖြစ်သည်။

နန္ဒုတ္တရာသည် မိစ္ဆာဝါဒ အယူမှားများကို ကြံနေမိရုံမျှမက အကျိုးမဲ့ အပင်ပန်းခံရသည့် အလေ့အကျင့်ဖြစ်သော အတ္တကိလမထာနုယောဂအကျင့်ကို ပြင်းပြင်းပြင်ပန်းစွာ ကျင့်ကြံနေခဲ့မိသည်များလည်း ရှိခဲ့သည်။ ပဉ္စာတပခေါ် အပူ ဓာတ်ငါး အကျင့်ကိုလည်း ကျင့်ခဲ့သည်။ ထိုအပူဓာတ် ငါးမျိုးဟူသည် အရပ် လေးမျက်နှာမှ မီးပုံကြီးလေးပုံ၊ အထက်ဦးခေါင်းပေါ်၌ အပူရှိန်ပြင်းသည့် နေမင်း။ နေရှိန်ပူပြင်းသည့် နေ့အခါ၌ ထိုအပူဓာတ် ငါးမျိုးတို့၏အလယ်တွင် ထိုင်ကာ အပူသောကဟူသမျှ ခံနိုင်ရည်ရှိအောင် ကျင့်ကြံရသော အကျင့်မျိုး ဖြစ်၍ အလွန်ပင် ပင်ပန်းသော အကျင့်မျိုးကိုလည်း ကျင့်ခဲ့သည်။

နန္ဒုတ္တရာသည် ဤသို့လျှင် အမှားသံသရာထဲရောက်နေသော်လည်း သတိမရနိုင်သေးပေ။ သတိဝင်ကာ အသိမယှဉ်သေးသည့်အပြင် မာန်မာနပင် ထပ်၍တက်နေပြန်သေးသည်။ ငါကဲ့သို့ ဝါဒအမျိုးမျိုးကို တတ်ကျွမ်းသူ ငါနှင့် တူသူမရှိ။ ယခုအခါ ဇမ္ဗူဒီပါတွင် ငါသာအတတ်ဆုံး အတော်ဆုံး စသည်ဖြင့် မာနထန်နေသေးသည်။

ထို့ကြောင့် သူသည်သပြေပန်းခက်ကိုကိုင်ပြီး အရပ်တကာသို့ လှည့် လည်ကာ ဝါဒပြိုင်ရန် သွားလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိက္ခုနီဘဝသို့

ထိုသို့ လှည့်လည်၍ နေခဲ့ရာမှ သာဝတ္ထိ နေပြည်တော်ကြီးသို့ သူရောက်သော် အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးနှင့် တွေ့ကြုံရတော့သည်။ အရှင်မဟာမောဂ္ဂလာန်နှင့် တွေ့ကြုံကာ ဝါဒပြုပ်ရာမှ ရှုံးနိမ့်သဖြင့် တပည့်ခံပြီး ရဟန်းပြုပေးရန် ခွင့်တောင်းသည်။ အရှင်မဟာမောဂ္ဂလာန်သည် နန္ဒုတ္တရာကို ဘိက္ခုနီကျောင်းသို့ ပို့ဆောင်ပြီး ရဟန်းပြုရန် စီစဉ်ပေးတော်မူသည်။ ဘိက္ခုနီ ဆရာကြီးများက ရဟန်းပြုပေးလိုက်သဖြင့် နန္ဒုတ္တရာသည် ဘိက္ခုနီကလေးဘဝ ရောက်ရတော့သည်။

ဘိက္ခုနီဖြစ်ပြီး မှားမကြာမီပင် ဉပဇ္ဈာယ်ဆရာများထံမှာ ကမ္မဋ္ဌာန်းနည်းကိုသင်ယူကာ ဆိတ်ငြိမ်ရာသို့သွားပြီး ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ ကိလေသာကင်းစင်၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသည်။

ထိုအခါ လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် မိမိ၏မှောက်မှောက်မှားမှားဖြစ်ခဲ့ရပုံများကို ဤသို့ ပြန်လည်ဟောပြတော်မူခဲ့သည်။

## အမှားကိုပြန်ဟောပြပုံ

အဂ္ဂိံ စန္ဒဉ္စ သူရိယဉ္စ၊ ဒေဝတာ စ နမဿိဟံ။

နဒီတိတ္ထာနိ ဂန္တွာန၊ ဥဒကံ ဩရုဟာမိ'ဟံ။

ဘောန္တော၊ အို. . . လူ နတ်ပြဟ္မာ သတ္တဝါအပေါင်းတို့။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ အမှန်သို့မရောက်မီ မှောက်မှောက်မှားမှားဖြစ်၍နေသော ရှေးအခါက။ အဂ္ဂိံစ၊ မီးနတ်ကိုလည်းကောင်း။ စန္ဒဉ္စ၊ လနတ်ကိုလည်းကောင်း။ သူရိယဉ္စ၊ နေနတ်ကိုလည်းကောင်း။ ဒေဝတာနဉ္စ၊ နတ်အပေါင်းတို့ကို လည်းကောင်း။ နမဿိ၊ ဟုတ်ဟုတ်နိုးနိုးနှင့် ရှိခိုးပူဇော်ခဲ့ဖူးပါပြီ။ နဒီတိတ္ထာနိ၊ ဂင်္ဂါ, ယမုနာ, အစရှိသော မြစ်ဆိပ်အမျိုးမျိုးတို့ကို။ ဂန္တွာန၊ သွားရောက် ချဉ်းကပ် အဟုတ်ကြီး ထင်မှတ်၍။ ဥဒကံ၊ မြစ်ရေထဲသို့။ ဩရုဟာမိ၊ တငုပ်ငုပ် တလျှိုးလျှိုးနှင့် ရေချိုးခြင်းငှာ ဆင်းသက်ခဲ့မိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဗဟူ ဝတသမာဒါနာ၊ အမုံ့ သီသဿ ဩလိခိံ။
ဆမာယ သေယျံ ကပ္ပေမိ၊ ရတ္တိံ ဘတ္တံ န ဘုဥ္စဟံ။

တတော၊ ထိုပြင်တစ်ပါး။ အဟံ၊ အကျွန်ုပ်သည်။ ဗဟူ၊ တိတ္ထိဆရာကြီးတို့၏ နိဿရည်းဖြင့် များပြားလှကုန်သော။ ဝတသမာဒါနာ၊ ပဉ္စာတပ စသော အကျင့်မှုစ၍ ကျင့်ဝတ်ဆောက်တည်နည်း အမျိုးမျိုးတို့ကို လည်းကောင်း။ အကာသိံ၊ ဆင်းရဲကိုမငဲ့ကွက် အသက်ကိုမညှာတာဘဲ ရဲရင့်စွာပြုလုပ် ခဲ့ပါပြီ။ တတော၊ ထို့ပြင်မှတစ်ပါး။ အမုံ့ သီသဿ၊ ဦးခေါင်းထက်၌ ရှိသော ဆံပင်တစ်ခြမ်းကိုလည်း။ ဩလိခိံ၊ မြင့်မြတ်သည်ဟု ထင်သောစိတ်ဖြင့် ရိတ်ပယ်ဖြတ်ရှင်း၍လည်း ထားခဲ့ဖူးပါပြီ။ တတော၊ ထို့ပြင်မှတစ်ပါး။ ဆမာယ၊ အခင်းမရှိသော မြေအပြင်၌။ သေယျံ၊ မသန့်ရှင်းဘဲ လူးလဲညစ်ပေသော အိပ်ခြင်းကို။ ကပ္ပေမိ၊ ကျွတ်လွတ်လိုသည့် အမှုကြောင့် ပြုလုပ်ခဲ့ရပါသတည်း။ တတော၊ ထို့ပြင်မှ တစ်ပါး။ အဟံ၊ အကျွန်ုပ်သည်။ ရတ္တိံဘတ္တံ၊ ထမင်းညစာကို။ နဘုဥ္စေ၊ ရှောင်ကြဉ်သောအားဖြင့် မစားဘဲ နေခဲ့ရပါပြီ။

ဝိဘူသာမဏ္ဍနရတာ၊ နှာပနုစ္ဆာဒနေဟိ စ။
ဥပကာသိံ ဣမံ ကာယံ၊ ကာမရာဂေန အဋ္ဋိတာ။

အဟံ၊ အကျွန်ုပ်သည်။ ကာမရာဂေန၊ ကာမဂုဏ် လိုက်စားသော အလေ့အားဖြင့်။ အဋ္ဋိတာ၊ အနှိပ်စက်ခံရလေသောကြောင့်။ ဝိဘူသမဏ္ဍနရတာ၊ တင့်တယ်ပြုပြင် တန်ဆာဆင်ခြင်းအရေး၌ အလေးပြုကာ တွယ်တာနှစ်သက်လေသောကြောင့်။ ဣမံကာယံ၊ ဤကိုယ်ကောင်အထည်ဒြပ်ကလေးကို။ နှာပနုစ္ဆာဒနေဟိစ၊ အကြိမ်ကြိမ် ရေချိုးခြင်း၊ အမျိုးမျိုး အမွှမ်းတင်ခြင်း စသည်တို့ဖြင့်။ ဥပကာသိံ၊ အလိုလိုက်၍ နှစ်ခြိုက်အောင် ပြုပြင်ခြယ်လှယ်ခဲ့ပါသတည်း။

တတော သဒ္ဓံ လဘိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။
ဒိသွာ ကာယံ ယထာဘူတံ၊ ကာမရာဂေါ သမူဟတော။

တတော၊ ထိုအမှန်မတွေ့အကွေ့အကောက် မှောက်မှောက်မှားမှား လိုက်စားကျင့်ကြံပြီးနောက်၌။ သဒ္ဓံ၊ ရတနာသုံးစုံ ကြည်ယုံလေးမြတ် သဒ္ဓါ

www.burmeseclassic.com



ခေတ်ကို။ လဘိတွာန၊ အခွင့်ကြိုက်ကြုံရလေတုံ၍။ အနုဂါရိယံ၊ ဗုဒ္ဓမြတ်စွာ သာသနာဘောင် အိမ်ထောင်ညွှတ်ကွင်း လွတ်ကင်းနေပျော် အရိပ်တော်၌။ ပဗ္ဗဇိ၊ ရဟန်းပြုခဲ့ပါသတည်း။ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီး၏ ဖြစ်ပုံသဘောကို၊ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဒိသွာ၊ ရုပ်မျိုးနာမ်မျိုး ကြောင်းကျိုး စပ်ဆက် ဖြစ်ပျက်နေဟန် အမှန်တိတိ ဉာဏ်ဖြင့်သိ၍။ ကာမရာဂေါ၊ လောဘ အငတ် ကာမခေတ်ကိုယ်။ သမူဟတော၊ အမြစ်ပါမကျန်အောင် တွန်းလှန် ဖြိုဖြတ်အပ်လေသတည်း။

သဗ္ဗေ ဘဝါ သမုစ္ဆိန္နာ၊ ဣစ္ဆာ စ ပတ္ထနာပိ စ။

သဗ္ဗယောဂါ ဝိသံယုတ္တာ၊ သန္တိံ ပါပုဏိ စေတသော။

မယာ၊ အကျွန်ုပ်သည်။ သဗ္ဗေဘဝါ၊ သုံးဆယ့်တစ်ဘုံ ဝဋ်မြုံတကြော အမှိုက်တောကို။ သမုစ္ဆိန္နာ၊ အကုန်ခုတ်ရှင်း၍ ပြောင်တလင်း လှည်းအပ် ကုန်ပြီ။ ဣစ္ဆာစ၊ အာရုံမြင်လျှင် လိုချင်နှစ်ခြိုက်ဣစ္ဆာသိုက်ကို လည်းကောင်း။ ပတ္ထနာပိစ၊ ငါရလျှင် ကောင်းလေစွဟု တောင့်တမျှော်စိုက် အာသာသိုက်ကို လည်းကောင်း။ သမုစ္ဆိန္နာ၊ အကုန်ခုတ်ရှင်း၍ ပြောင်တလင်းလှည်းအပ်ကုန်ပြီ။ သဗ္ဗယောဂါ၊ ဖွဲ့နှောင်တတ်လှ ယောဂသမုတ် တရားယုတ်တို့သည်။ ဝိသံ ယုတ္တာ၊ ကိုယ်နှင့်မယှဉ်ဘဲလွှင့်စဉ် ထွက်ပြေးကြလေကုန်ပြီ။ ဣဒါနိ၊ ဤယခု အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ စေတသောသန္တိံ၊ ဘယ်အပူမျိုးမှ မငွေ့ဘဲ အရိယာတို့အလေ့ဖြင့် စိတ်နှလုံးချမ်းမြေ့ခြင်းသို့။ ပါပုဏိ၊ အစိုးရိမ် မနှောင့် ယှက်ဘဲ ဆိုက်ရောက်ခဲ့လေပြီတကား။

## မသိသေး၍

နန္ဒုတ္တရာထေရီသည် ဘဝါဘဝက စုဆောင်းပြုစုခဲ့သော ကုသိုလ် ပါရမီ အဟုန်ကြောင့် လည်းကောင်း၊ ယခုပစ္စက္ခ ဘဝတွင်လည်း ဆရာမှန်လမ်းမှန် မတွေ့သေး၍ အမှားမှား အယွင်းယွင်းဖြင့် မင်္ဂဖိုလ်လမ်းနှင့်ဝေးသော အမူ အကျင့် အလုပ်တို့ကို လုပ်ခဲ့မိသေးသည်။

သို့သော် တရားမသိခင်က အမှားမကျင့်မိသေးသဖြင့် ဘဝအဖုံဖုံ ဒုက္ခ ဘုံမှ မလွတ်မြောက်သေးသော်လည်း ဆရာကောင်း ဆရာမြတ်နှင့်တွေ့၍

www.burmeseclassic.com

www.burmeseclassic.com



နည်းမှန်လမ်းမှန် အကျင့်မှန်တို့ကို ကျင့်သုံးလေသော် လူမှုဘဝဒုက္ခ အဖုံဖုံမှ ကျွတ်လွတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရပြီဖြစ်သည်။

ထိုကြောင့် အကျင့်မှန်လမ်းမှန်သိကာ ဘဝလမ်းအဆုံးသို့ရောက်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ချမ်းသာအစစ်အမှန်ကို ခံစားရအောင် ကျင့်ကြံကြဖို့ လိုအပ်ပေသည်။

နန္ဒုတ္တရာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဝိဇယာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် သံသရာတည်းဟူသော ဘဝအစုံစုံ ဒုက္ခဘုံမှ လွတ်မြောက်နိုင်စေရန် ဘဝအဆက်ဆက်တို့၌ ကုသိုလ်ပါရမီတို့ကို ဖြည့်ဆည်းခဲ့သည်။ ထိုသို့ ကုသိုလ်ပါရမီများ ဖြည့်ဆည်းခဲ့သည့်အလျောက် ဤထေရီလောင်းလျာသည် ဘဝများစွာ၌ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို အကြိမ်များစွာ ခံစားခဲ့ရသည်။

## ယခုဘုရားရှင်လက်ထက်

ယခု ဤဘဒ္ဒကမ္ဘာ၌ ပွင့်ထွန်းတော်မူသော ဂေါတမဘုရားရှင်လက်ထက်တော်အခါတွင်မူ ထေရီလောင်းလျာသည် ရာဇဂြိုဟ်ပြည်၌ ချမ်းသာကြွယ်ဝသူ မိဘများမှ ဖွားမြင်လာခဲ့ရသူ အမျိုးသမီးကလေးတစ်ယောက်ဖြစ်လာခဲ့သည်။

ထိုအမျိုးသမီးကလေး ဖွားမြင်လာသည့်အချိန်မှစ၍ သူ့မိဘများသည် အကြံအစည် အမျိုးမျိုး အောင်မြင်ခြင်း၊ ဘေးရန်အပေါင်းတို့မှ လွတ်ကင်းခြင်း စသည်တို့ ကြုံတွေ့ရသည်။ အတိတ်ကောင်း၊ နိမိတ်ကောင်းတို့နှင့်သာ တွေ့ကြုံဖြစ်ပွားခံစားခဲ့ရသည်။ သို့အတွက် သမီး၏အမည်ကို 'ဝိဇယာ'ဟု ပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇယာ၏ ရုပ်ဆင်းအင်္ဂါလက္ခဏာသည် ပြောစရာမရှိအောင် လှပသည့်အပြင် အလိမ္မာဂုဏ်တို့နှင့်လည်း ပြည့်စုံ တင့်တယ်သည်။ အထူးသဖြင့် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး ခေမာဒေဝီနှင့် အကျွမ်းတဝင် ရှိသည်။

တစ်နေ့သောအခါ ခေမာမိဖုရားကြီးသည် လောကီစည်းစိမ်ကို စွန့်လွှတ်ပြီး သာသနာတော်ဘောင်သို့ခိုဝင်ကာ ရဟန်းပြုသွားသည့် သတင်းကိုကြားသော် ဝိဇယာက ဤသို့ကြံစည် စဉ်းစားသည်။ ငါ၏အဆွေတော်ကြီး ခေမာမိဖုရားသည် ရွှေနန်းကြီးပေါ် မှာ ရံရွေတော်အများနှင့် ပျော်ပါးချင်တိုင်း ပျော်ပါးခံစားချင်တိုင်း ခံစားနေရသော်လည်း လောကီစည်းစိမ်တို့ကို ပယ်ဖြတ်စွန့်ခွာပြီး သာသနာဘောင်သို့ ဝင်ကာ ရဟန်းပြုသွားပြီ။ ဤသို့ ကြီးကျယ်သော စည်းစိမ်ရှင်ကြီးသော်မှ ရဟန်းပြုနိုင်သေးလျှင် ငါသည်လည်း အဘယ်ကြောင့် ရဟန်းမပြုနိုင်ဘဲ ရှိပါမည်နည်း။

## တရားဟောပြ

ဤသို့ အကြံဖြစ်ပြီးနောက် ထိုအကြံထမြောက်အောင်မြင်စေရန် ဝိဇယာသည် ခေမာထေရီ ဘိက္ခုနီထံသို့ သွားရောက်ချဉ်းကပ်ပြီး တရားတော်မြတ်ကို ရိုသေစွာကြားနာသည်။ ခေမာထေရီဘိက္ခုနီ အရှင်မြတ်ကလည်း ဝမ်းမြောက်အားရစွာနှင့် ကာမဂုဏ်တို့၏ အပြစ်နှင့်ဆိုင်သော တရား၊ သံသရာဝဋ္ဋ ဒုက္ခနှင့်ဆိုင်သောတရား၊ သာသနာဘောင်သို့ ခိုဝင်ကာ ရဟန်းပြုရခြင်း၏ အကျိုးတရားတို့ကို ဟောပြတော်မူသည်။

ဝိဇယာ အမျိုးသမီးသည် ခေမာထေရီဘိက္ခုနီ ဟောကြားသည့်အတိုင်း တရားအမွန်အမြတ်ကို ကြားနာရသော် သဒ္ဓါတရား အတိုင်းထက်အလွန် တိုးပွားလာသည်။ ထို့ကြောင့် ခေမာထေရီ ဘိက္ခုနီ အရှင်မြတ်ထံ၌ ရဟန်းပြုရန် ရိုသေလေးမြတ်စွာ လျှောက်ထားပန်ကြားသည်။

## ဝိဇယာထေရီ

ခေမာထေရီ အရှင်မြတ်ကလည်း ကျွတ်ထိုက်သူ အမျိုးသမီးဖြစ်ကြောင်း ကောင်းစွာ သိမြင်တော်မူသည်နှင့် ရဟန်းဘောင်သို့ ရောက်အောင်ရွက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်ပေးတော်မူသည်။ ရဟန်းအဖြစ်သို့ရောက်သောအခါ မူလအမည်သညာ အတိုင်းပင် ဝိဇယာထေရီဟု သာသနာတော်မှာ ထင်ရှား လူသိများလာခဲ့သည်။

## ဘာဝနာအားထုတ်

ဝိဇယာထေရီအား ဥပဇ္ဈာယ် ဆရာဖြစ်သည့် ထေရီမကြီးက ကမ္မဋ္ဌာန်း အလုပ်အားထုတ်ပုံနည်းလမ်းများကို သင်ကြားပြသပေးတော်မူသည်။ ဥပဇ္ဈာယ် ထေရီကြီး သင်ကြားပြသပေးသည့် နည်းလမ်းများကို အလေးအနက် နာယူပြီး ကမ္မဋ္ဌာန်းကျောင်းသို့ဝင်ကာ ဘာဝနာအလုပ်ကို အားထုတ် ကြိုးစားတော် မူခဲ့သည်။

ကမ္မဋ္ဌာန်းကျောင်းသို့ဝင်ပြီး အားထုတ်သည့်အခါ စိတ်များလွင့်ပါးလျက် သမာဓိမရနိုင်ဘဲ ရှိနေသည့်အတွက် ဝိဇယာထေရီသည် စိတ်ဓာတ်ကျမှုများ ဖြစ်ပွား ခံစားခဲ့ရသည်။ သမာဓိမရဘဲ ငုတ်တုတ်ထိုင်နေခြင်းဖြင့် ဘာမျှအကျိုး မရှိနိုင်။ သို့အတွက် ကမ္မဋ္ဌာန်းအလုပ်ကို မလုပ်တော့ဘဲ အခြားကောင်းမှု ကုသိုလ်များကိုသာ ကြိုးစားပြုလုပ်ရန် စိတ်အကြံများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် ချီတုံချတုံဖြင့် ကမ္မဋ္ဌာန်းကျောင်းမှ ထွက်ခွာသွားလိုက်၊ ပြန်ဝင် လာလိုက်ဖြင့် လေးငါးကြိမ်တိုင်တိုင် ပြုလုပ်မိခဲ့သေးသည်။

## ကျိုးကြောင်းစုံလျှောက်ထားပြီ

နောက်ဆုံးတွင်မူ ဥပဇ္ဈာယ်ဖြစ်တော်မူသော ခေမာထေရီ ဘိက္ခုနီထံသို့ ရှိသေလေးမြတ်စွာ ချဉ်းကပ်ပြီး မိမိ သမာဓိမရနိုင်ပုံ အလုံးစုံကို လျှောက်ထား လိုက်သည်။ ထိုအခါ ဥပဇ္ဈာယ်ဆရာမကြီးက သမာဓိရကြောင်း နည်းနိသျ တို့နှင့်တကွ ခန္ဓာ, အာယတန, ဓာတ် အစရှိသော ပရမတ်သဘောတရားများကို နက်နဲစွာ ထပ်မံ၍ ဟောကြားပြသတော်မူသည်။

## ရဟန္တာဖြစ်ပြီ

ထိုသို့ ပရမတ်တရားများကို ကြားနာရသောအခါ ဉာဏ်ပညာ ပွင့်လင်း လာသည်။ သို့ဖြင့် ဥပဇ္ဈာယ်ဆရာမကြီးထံမှခွာပြီး ကမ္မဋ္ဌာန်းကျောင်းသို့ ပြန်ဝင်

www.burmeseclassic.com

www.burmeseclassic.com



တော်မူသည်။ အရိုးကြေကြေ အရေခန်းခန်း သဘောမျိုးဖြင့် သတိကို ရှေ့ရှု ထားလျက် ဝီရိယဖြင့် ကြိုးစားအားထုတ်တော်မူခဲ့သည်။ ထိုသို့ အားထုတ်ရာမှ သမာဓိတရား ရလာသည်။ ရရှိဖြစ်ပေါ်လာသော သမာဓိနှင့်ပညာ မျှတစွာ အချိုးကျကျ ရှုဆင့်ခြင်တော်မူလေရာ မဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် ပေါက် ရောက်လျက် ခုနစ်ရက်မြောက်သောညဌ် ကိလေသာကုန်ခန်းကာ ရဟန္တာ အဖြစ်သို့ ရောက်တော်မူလေသည်။

ထေရီသည် ကမ္မဋ္ဌာန်းကျောင်း အတွင်း၌ ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် ထိုင်နေသော အချိန်မှစပြီး ခုနစ်ရက်မြောက်သောနေ့တွင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန်းကိစ္စ ပြီးဆုံးတော်မူသဖြင့် မိမိ၏ကျင့်စဉ်ကို ဆင်ခြင်တွေးဆကာ ဤဥဒါန်းဂါထာတို့ကို ကျူးရင့်တော်မူသည်။

## မိမိဖြစ်ခဲ့ပုံကို ပြန်ဟောပြခြင်း

စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ၊ ဝိဟာရာ ဥပနိက္ခမိံ။
အလဒ္ဓါ စေတသော သန္တိံ၊ စိတ္တေ အဝသဝတ္တိနီ။

အဟံ၊ အကျွန်ုပ်သည်။ စေတသော၊ အာရုံများ၌ ပြေးသွားချင်တိုင်း တခုန်ခုန် တစိုင်းစိုင်းနှင့် မိုက်မှိုက်ရိုင်းသော စိတ်ဓာတ်၏။ သန္တိံ၊ ငြိမ်သက်တည် ကြည်ခွင့်ကို။ အလဒ္ဓါ၊ အလိုကျအောင် မရလေသောကြောင့်။ အဟံ၊ အကျွန်ုပ် သည်။ စိတ္တေ၊ ရိုင်းစိုင်း၍နေသော စိတ်အပေါင်းတို့ကို။ အဝသဝတ္တိနီ၊ ကိုယ့် အလိုသို့ပါအောင် မဆွဲဆောင်နိုင်သည်ဖြစ်၍။ ဝိဟာရာ၊ တရားအလုပ်ကို အားထုတ်ရာဖြစ်သော ကမ္မဋ္ဌာန်းကျောင်းတွင်းမှ။ စတုက္ခတ္တုံ၊ လေးကြိမ် တိုင်တိုင်။ ပဉ္စက္ခတ္တုံ၊ ငါးကြိမ်တိုင်တိုင်။ ဥပနိက္ခမိံ၊ သမာဓိ မတည်တံ့သဖြင့် ကြောက်လန့်ကာ ဆင်းပြေးခဲ့ရပါ၏။

ဘိက္ခုနိံ ဥပသင်္ကမ္မ၊ သက္ကစ္စံ ပရိပုစ္ဆ'ဟံ။
သာ မေ ဓမ္မမဒေသေသိ၊ ဓာတုအာယတနာနိ စ။

စတ္တာရိ အရိယသစ္စာနိ၊ ဣန္ဒြိယာနိ ဗလာနိ စ။
ဗောဇ္ဈင်္ဂဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဥတ္တမတ္ထာယ ပတ္တိယာ။

www.burmeseclassic.com

www.burmeseclassic.com



တတော၊ ထိုလေးကြိမ်, ငါးကြိမ် စိတ်မငြိမ်တိုင်း ထွက်ပြေးရပြီးသော နောက်၌။ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခုနိံ၊ ဥပဇ္ဈာယ်ဆရာဖြစ်သော ခေမာထေရီ ဘိက္ခုနီအရှင်မြတ်ကြီးထံသို့။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပသင်္ကမ္မ၊ ချဉ်းကပ်၍။ ပရိပုစ္ဆိံ၊ သမာဓိရကြောင်း နည်းလမ်းကောင်းတို့ကို တောင်းပန်ကာ မေးမြန်းခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ သာ၊ ထိုကျေးဇူးရှင် ဘိက္ခုနီကြီးသည်။ မေ၊ အကျွန်ုပ်အား။ ဓမ္မံ၊ နည်းမှန်ရကြောင်း တရားကောင်းကို။ အဒေသေသိ၊ ဟောကြားတော်မူလေသတည်း။ ဥတ္တမတ္ထံ၊ နိဗ္ဗာန်တည်းဟူသော အကျိုးမြတ်ကို။ ပတ္တိယာ၊ ဆိုက်ရောက်စေခြင်းငှာ။ ဓာတုအာယတနာနိစ၊ ဓာတ်တရား, အာယတနတရားတို့ကိုလည်းကောင်း။ စတ္တာရိ အရိယသစ္စာနိစ၊ သစ္စာလေးပါး မြတ်တရားတို့ကိုလည်းကောင်း။ ဣန္ဒြိယာနိစ၊ ဣန္ဒြေတရားတို့ကိုလည်းကောင်း။ ဗလာနိစ၊ ဗိုလ်တရားတို့ကိုလည်းကောင်း။ ဗောဇ္ဈင်္ဂ၊ ဗောဇ္ဈင်တရား ခုနစ်ပါးကို လည်းကောင်း။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂံ၊ မဂ်တရားကို လည်းကောင်း။ အဒေသေသိ၊ ဟောကြားတော်မူပေသတည်း။

တဿာဟံ ဝစနံ သုတွာ၊ ကရောန္တီ အနုသာသနိံ။
ရတ္တိယာ ပုရိမေ ယာမေ၊ ပုဗ္ဗဇာတိ မနုဿရိံ။
ရတ္တိယာ မဇ္ဈိမေ ယာမေ၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။
ရတ္တိယာ ပစ္ဆိမေ ယာမေ၊ တမောခန္ဓံ ပဒါလယိံ။

အဟံ၊ အကျွန်ုပ်သည်။ တဿာ၊ ထိုကျေးဇူးရှင်ဘိက္ခုနီ အရှင်မြတ်ကြီး၏။ ဝစနံ၊ ဟောပြတော်မူအပ်သော တရားစကားတော်ကို။ သုတွာ၊ ကြားနာရ သည်ရှိသော်။ အနုသာသနိံ၊ ဆုံးမတော်မူသောအတိုင်း။ ကရောန္တီ၊ လိုက်နာ ကျင့်ကြံ၍နေစဉ်။ ရတ္တိယာပုရိမေ ယာမေ၊ ညဉ့်ဦးယံအချိန်၌။ ပုဗ္ဗဇာတိံ၊ ရှေး၌ဖြစ်ခဲ့သမျှသော ဘဝအလုံးစုံကို။ အနုဿရိံ၊ ထင်ထင်မြင်မြင် ဆင်ခြင် အောက်မေ့နိုင်ပါသတည်း။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမေယာမေ၊ အလယ်ဗဟို ဖြစ်သော သန်းခေါင်ယံအခါ၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို။

www.burmeseclassic.com

www.burmeseclassic.com



ဝိသော ဓေယိ၊ စင်ကြယ်စွာ သုတ်သင်ခဲ့ရပါသတည်း။ ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမေ ယာမေ၊ အဆုံးစွန်သော မိုးသောက်ယံ၌။ တမောခန္ဓံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တုံး အမိုက်ခဲကို။ ပဒါလယိ၊ ဖောက်ခွဲဖြိုဖျက်ခဲ့ရပါသတည်း။

ပီတိသုခေန စ ကာယံ၊ ဖရိတွာ ဝိဟရိံ တဒါ။

သတ္တမိယာ ပါဒေ ပသာရေသိံ၊ တမောခန္ဓံ ပဒါလိယ။

တဒါ၊ ထိုဝိဇ္ဇာညာဏ်သုံးပါး ဆိုက်ရောက်ပြီးသောအခါ၌။ ပီတိသုခေနစ၊ ပီတိချမ်းသာဖြင့်သာလျှင်။ ကာယံ၊ မိမိတစ်ကိုယ်လုံးကို။ ဖရိတွာ၊ တစိမ့်စိမ့် နှင့် နှစ်သိမ့်စွာ ပျံ့နှံ့စေလျက်။ ဝိဟရိံ၊ ချမ်းချမ်းသာသာ နေထိုင်ရပါပြီ။ သတ္တမိယာ၊ စ၍ အားထုတ်သည်နောက် ခုနစ်ရက် မြောက်သောနေ့၌။ တမောခန္ဓံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တုံး အမိုက်ခဲကြီးကို။ ပဒါလိယ၊ ဖောက်ခွဲဖြိုဖျက်၍။ ပါဒေ၊ ဖွဲ့ခွေ၍ထားသောခြေတို့ကို။ ပသာရေသိံ၊ ဆန့်တန်းခဲ့ရပါသတည်း။

## လုလင်ပျို့အသွင်ဖြင့် မာရ်နတ်လာပြီ

ဝိဇယာထေရီဘိက္ခုနီ အရှင်မြတ်ကြီးသည် ကိလေသာကုန်ခန်း၍ ရဟန်းကိစ္စပြီးဆုံးပြီးနောက် ဖလသမာပတ်ချမ်းသာဖြင့် ဧအးချမ်းစွာ နေတော်မူလေသည်။ သို့ရာတွင် တစ်နေ့သောအခါ၌ သာဝတ္ထိ နေပြည်တော်ကြီးအတွင်း ဆွမ်းခံလှည့်လည်တော်မူပြီးနောက် တစ်ပါးတည်း ဆိတ်ငြိမ်စွာ စံနေတော်မူခြင်းအလို့ငှာ 'အန္ဓဝန်' တောအုပ်အတွင်းသို့ ကြွတော်မူခဲ့သည်။ အန္ဓဝန်တောအုပ်အတွင်းရောက်သော် တစ်ခုသော သစ်ပင်ရင်း၌ သမာဓိဈာန်ချမ်းသာဖြင့် ငြိမ်သက်စွာ စံနေတော်မူသည်။

ထိုအခါ ယုတ်မာလှစွာသော မာရ်နတ်မိုက်ကြီးသည် ဝိဇယာထေရီ၏ သမာဓိတရားကို ပျက်ပြားစေလိုသောဆန္ဒဖြင့် အလွန်လှပသော လုလင်ပျို ကလေးအသွင် ဖန်ဆင်းပြီး စောင်းကိုပိုက်လျက် ဝိဇယာထေရီဘိက္ခုနီအပါးသို့ လာပြီး ဤသို့ ဖြားယောင်းသွေးဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒဟ်ရာ တွံ ရူပဝတီ၊ အဟဥ္စ ဒဟရော သုသု။
ပဥ္စင်္ဂိကေန တူရိယေန၊ ဧဟိ ဧယျေ ဘိရမာမသေ။

အယျေ၊ အို. . . ရှင်မဝိဇယာ။ တွံ၊ သင်အရှင်မ ဝိဇယာသည်။ ဒဟရာ၊ အသက်အရွယ်လည်း နုနယ်ပျိုမြစ်ပါသေး၏။ ရူပဝတီ၊ ချစ်ခင်စဖွယ် တင့်တယ်သော ရုပ်အဆင်းလည်းရှိပေ၏။ အဟဥ္စ၊ အကျွန်ုပ်သည်လည်း။ ဒဟရော၊ အသက်အရွယ် ပျိုနုနယ်သည်ဖြစ်၍။ သုသု၊ လုလင်ပျိုကလေးပါပေတည်း။ အယျေ၊ အို. . . ရှင်မဝိဇယာ။ ဧဟိ၊ အကျွန်ုပ်အထံသို့ အမြန်လာခဲ့ပါလော။ ပဥ္စင်္ဂိကေန၊ အင်္ဂါငါးပါးရှိသော။ တူရိယေန၊ သာယာနွဲ့ပြောင်း တူရိယာစည်စောင်းဖြင့်။ အဘိရမာမသေ၊ ကြည်ကြည်ဖြူဖြူ အတူတူမွေ့လျော် အပျော်ကြီးပျော်ပါးကြပါကုန်စို့။

ထိုအခါ ဝိဇယာထေရီက မာရ်နတ်မိုက်ကြီးလာ၍ ယုတ်ယုတ်မာမာ ပြောဆိုကြောင်းကို သိတော်မူသည်နှင့် တွန်းလှန်ကြိမ်းဝါးကာ ဤသို့ မိန့်တော်မူလိုက်သည်။

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊ ဖောဋ္ဌဗ္ဗာ စ မနောရမာ။
နိယျာ တယာမိ တုယှေဝ၊ မာရ နာ ဟံ တေ နတ္ထိကာ။

မာရ၊ ကာမဂုဏ်ပိုက်တန်းဖြင့် လိုက်ဖမ်းသွေးဆောင် ဟယ်. . . မာရ်နတ် အယုတ်ကောင်။ ရူပါ၊ အဆင်းမျိုးစုံ ရူပါရုံတို့သည်လည်းကောင်း။ သဒ္ဒါ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်လည်းကောင်း။ ဂန္ဓာ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည်လည်းကောင်း။ ရသာ၊ အရသာမျိုးစုံ ရသာရုံတို့သည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း။ မနောရမာ၊ ပုထုဇဉ်တို့ စရိုက်ဖြင့် နှစ်ခြိုက်လေအောင် သွေးဆောင်ဖျော်ဖြေတတ်ကြ လေကုန်၏။ တေ၊ ထိုလောကီအာရုံကာမဂုဏ်တို့ကို။ တုယှေဝ၊ သင့်လက်တွင်းသို့သာလျှင်။ နိယျာတယာမိ၊ ငါစုပုံအပ်နှင်းလိုက်ပါ၏။ အဟံ၊ ငါသည်မူကား။ တေန၊ ထိုကာမဂုဏ်ရိုင်း လောကီမှိုင်းဖြင့်။ နတ္ထိကာ၊ မသာယာ မစုံမက် မနှစ်သက် မမြတ်နိုး အလိုမရှိရိုး မှန်သည်သာလျှင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဣမိနာ ပူတိကာယေန၊ ဘိန္နနေန ပဘင်္ဂုနာ။
အင်္ဂယာမိ ဟရာယာမိ၊ ကာမတဏှာ သမူဟတာ။

မာရ၊ အမှောင်မှိုင်းတိုက် ဟယ်. . . မာရ်နတ်မိုက်။ ဘိန္နနေန၊ ဖရိုဖရဲ ပြိုကွဲပျက်စီးလေ့ရှိသော။ ပဘင်္ဂုနာ၊ မှုန့်မှုန့်ညက်ညက် ကြေပျက်ပြုန်းတီးလေ့ ရှိသော။ ဣမိနာ ပူတိကာယေန၊ ဤအပုပ်ကောင် ကိုယ်ခန္ဓာကြီးဖြင့်။ အင်္ဂယာမိ၊ ငြီးငွေ့ရွံ့မုန်းလှပါ၏။ ဟရာယာမိ၊ ရှက်လည်းရှက်ပါ၏။ မယာ၊ ငါသည်။ ကာမတဏှာ၊ ကာမဂုဏ်ငါးဖြာ၌ တွယ်တာစုံလတ် ကာမဓာတ်ကို။ သမူဟတာ၊ အမြစ်ပါမကျန်အောင် ပယ်လှန်နုတ်ပစ်အပ်လေပြီ။

ယေစ ရူပူပဂါ သတ္တာ၊ ယေ စ အရူပ ဂါမိနော။
ယာ စ သန္တာ သမာပတ္တိ၊ သဗ္ဗတ္ထ ဝိဟတော တမော။

မာရ၊ ကာမဂုဏ် အောင်လံစိုက်၍ အမိုက်ထွတ်ခေါင် ဟယ်. . . မာရ်နတ်အယုတ်ကောင်။ ရူပူပဂါ၊ ရူပါဝစရပြဟ္မာဘုံ၌ ဖြစ်နေကြကုန်သော။ ယေစသတ္တာ၊ အကြင်သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ အရူပဂါမိနော၊ အရူပဘုံသို့ သွားရောက်ဖြစ်နေကြကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါ အပေါင်းတို့သည် လည်းကောင်း။ သန္တိ၊ ထင်ရှားရှိကြလေကုန်၏။ သန္တာ၊ ငြိမ်သက်တည်ကြည်သော။ ယာ စ သမာပတ္တိ၊ အကြင်သမာပတ်ရှစ်ပါး ဈာန်တရားသည်လည်း။ အတ္ထိ၊ ရှိလေ၏။ သဗ္ဗတ္ထ၊ ကာမဂုဏ်မှ လွတ်မြောက်၍ အထက်တန်းရောက်သော တရားအလုံးစုံတို့၌။ တမော၊ မသိမမြင်အောင် မှောင်ချ၍ထားသော မောဟဓာတ်ကို။ မယာ၊ ငါသည်။ ဝိဟတော၊ ပယ်သတ် အပ်ပေပြီ။

## မာရ်နတ်ပြေးပြီ

ဝိဇယာထေရီက ဤသို့ ကြိမ်းဝါးတော်မူလိုက်သောအခါ မာရ်နတ်မိုက် အယုတ်တမာသည် လွန်စွာထိတ်လန့်ခြင်းဖြစ်ပြီး ငါ့အကြောင်းကို ကောင်းစွာ သိလေပြီဟု တွေးတော ဆင်ခြင်ကာ ထိုနေရာ၌ပင် လျင်မြန်စွာ ကွယ်ပျောက် ၍ ထွက်ပြေးလေသတည်း၊ မာရ်နတ်၏ရန်ကို တွန်းလှန်ဖြိုဖျက်၍ ဝိဇယာ

www.burmeseclassic.com

www.burmeseclassic.com



ထေရီ၏ အောင်မြင်ကြောင်းကို ကြားသိကြလေရာ လူရှင်ပရိသတ်အပေါင်းတို့က ကောင်းချီးပေးကာ ချီးမွမ်းကြလေသတည်း။

ဝိဇယာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ကာဠီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် သံသရာ ဘဝအဆက်ဆက်တို့၌ ကုသိုလ်ကောင်းမှုမျိုးစုံတို့ကို ပြုလုပ်ဆည်းပူးကာ ပါရမီတော်များကို ဖြည့်ဆည်းခဲ့သည်။

ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော ဂေါတမဘုရားရှင် လက်ထက်တွင်မူ ပုဏ္ဏား အမျိုးအနွယ်မှ မွေးဖွားလာသော ပုဏ္ဏေးမကလေးတစ်ယောက် ဖြစ်နေခဲ့ရသည်။ သူမွေးဖွားရာဒေသမှာ ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးဖြစ်သည်။ သူ့အသားအရေမှာ ဖြူဖြူသန့်မဟုတ်ပေ။ မှိုင်းညိုသော အသားအရေပိုင်ရှင်ဖြစ်၍ သူ့အမည်ကိုမိဘများက 'ကာဠီ'ဟု အမည်ပေးခဲ့ကြသည်။

## မဟာသတိဌာန်ဟောရာဒေသ

ကာဠီ၏မွေးဖွားရာဒေသည် ဘုရားရှင်က မဟာသတိပဋ္ဌာန်တရားတော်ကြီးကို ဟောကြားရာနေရာဌာနဖြစ်သည်။ မဟာသတိပဋ္ဌာန်တရားတော်ကို ဘုရားရှင်သည် ကာဠီဖွားမြင်ရာဒေသ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ ဟောတော်မူခဲ့သည်။

---

**တိုယ်စိတ်ကျန်းမာသူများ**

ကုရုတိုင်းသားတို့သည် ကောင်းမွန်ဖြူစင် သာယာသော ရာသီဥတု၊ သင့်လျော်သော အသုံးအဆောင်ပစ္စည်းတို့နှင့် ပြည့်စုံသူများကြသည်။ ထိုအခြေအနေ၊ ထိုအကြောင်းတို့ကြောင့် ကုရုတိုင်းသားရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် အများအားဖြင့် ကိုယ်ကျန်းမာသူ၊ စိတ်ချမ်းသာသူတို့ ဖြစ်ကြသည်။

44A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



## အာဂုံဆောင်ခဲ့သည်

အမျိုးသမီးကလေး ကာဠီသည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသူ ဖြစ်သည်နှင့်အညီ မဟာသတိပဋ္ဌာန်တရား ဒေသနာတော်ကို ကြားနာသည်။ ကြားနာရသဖြင့်လည်း အသိတရားရရှိပြီးသူ ဖြစ်သည်။ ထိုအသိတရားကြောင့်ပင် မဟာသတိပဋ္ဌာနသုတ်တော်ကို အာဂုံဆောင်သည်။ အဓိပ္ပာယ်တို့ကိုလည်း လေးလေးနက်နက် သိရှိအောင် အားထုတ်သင်ကြားသည်။ ထို့ကြောင့် သူ့ကို နိဂုံးသူ နိဂုံးသားတို့က 'မဟာသတိပဋ္ဌာန်ကာဠီ'ဟူပင် အမွှန်းတင် ဂုဏ်ပြု ခေါ်ဝေါ်ကြသည်။

## သူတစ်ပါးကိုလည်း သင်ပြ

ကာဠီသည် မဟာသတိပဋ္ဌာန်တရားတော်ကို ကိုယ်တိုင်သိရှိနားလည်ကာ လိုက်နာကျင့်သုံးသည်။ သူတစ်ပါးတို့ကိုလည်း သူကဲ့သို့ နားလည်သိရှိ လိုက်နာကျင့်ကြံပွားများစေနိုင်ရန် အလေးအနက်ထား၍ သင်ကြားပြသပေးသည်။ ထိုအခါ သူ့ကို ဒေသသူ ဒေသသားတို့က မဟာသတိပဋ္ဌာန် ဆရာမဟု ကင်ပွန်းတပ် ခေါ်ဝေါ်ဂုဏ်ပြုကြသည်။

## မဟာသတိပဋ္ဌာန်တရားတော်သည်

မဟာသတိပဋ္ဌာန် တရားတော်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝက၊ အလောင်းအလျာများ လက်ကိုင်ထားကြသော တရားတော်ဖြစ်သည်။

---

**မဟာသတိပဋ္ဌာန်ဟောခဲ့အံ့**


ထိုသို့ကိုယ်တျန်းမာကာ စိတ်ချမ်းသာသူများဖြစ်ကြသဖြင့် အသိပညာရှိသည်။ လေးနက်သော အကြောင်းအရာတို့ကို လက်ခံနိုင်၊ တွေးခေါ်သိမြင်နိုင်ကြသည်။ ထို့ကြောင့် ဘုရားရှင်သည် ကုရုတိုင်းသားတို့အား မဟာသတိပဋ္ဌာနသုတ်ကို အဦးအစ ဟောတော်မူခဲ့ခြင်းဖြစ်သည်။

**အခြားသောတရားများလည်းဟောခဲ့**

အလားတူ အခြားသော လေးနက်သည့် တရားတို့ကိုလည်း ဘုရားရှင်သည် ကုရုတိုင်း၌ ဟောတော်မူခဲ့သေးသည်။ ၎င်းတို့မှာ ဒီဃနိကာယ်လာ မဟာနိဒါနသုတ်၊ မဇ္ဈိမနိကာယ်လာ သာရောပမာသုတ်၊ ရုက္ခောပမာသုတ်၊ ရဋ္ဌပါလသုတ်၊ မာဂဏ္ဍိယသုတ် စသည်တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် သတိပဋ္ဌာနသုတ္တန် ဟောကြားရာနေရာအား ယနေ့မြင်တွေ့ရပုံ (ဒေလီမြို့)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အားလုံးသော သတ္တဝါအပေါင်းတို့ အတွက် စိတ်အညစ်အကြေးမှ ကင်းဝေးစေသော တစ်ခုတည်းသော လမ်းကြောင်းလမ်းမှန် တရားလည်း ဖြစ်သည်။ သောက၊ ပရိဒေဝဟူသော စိုးရိမ်ပူဆွေးခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်နှလုံး မသာမယာဖြစ်ရခြင်းတို့ကို ချုပ်ဆုံး ငြိမ်းအေးစေသော တရား ဖြစ်သည်။ အလားတူ အရိယာမဂ်ကို ရစေခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုစေခြင်းငှာလည်း စွမ်းဆောင်ပေးနိုင်သော တစ်ခုတည်းသော လမ်းမှန်တရားတော် ဖြစ်သည်။

## သာသနာ့ဘောင်သို့ဝင်ပြီ

အမျိုးသမီးကလေးကာဠီသည် ဤသို့ ထူးခြားလေးနက်သည့် မဟာ သတိပဋ္ဌာန်တရားကို အစဉ်ပွားများကာ နေထိုင်သူဖြစ်သည်။ ထို့ကြောင့်ပင် သူသည် လောကီလူ့ဘောင်တွင် လူ့ဝတ်ကြောင်ဖြင့် နေရခြင်းကို ငြီးငွေ့သည်။ ဤသို့ဖြင့် မိဘများထံ ခွင့်ပန်ကာ သာသနာ့ဘောင်သို့ ဝင်သည်။ ဘိက္ခုနီ အဖြစ်သို့ရောက်သော် မူလအမည်နောက်တွင် ထေရီဟူသော ဝေါဟာရ တိုးလာကာ ကာဠီထေရီဟု ဖြစ်လာတော့သည်။

---

**သတိပဋ္ဌာန်မပွားများသူ သေသူနှင့်တူ**

အထူးသဖြင့် ကုရုတိုင်းသား ကမ္မာသဒမ္မနိဂုံး သားတို့သည် သတိပဋ္ဌာန်အလုပ်ကို အမြဲ မပြတ် အားထုတ်လုပ်ကိုင်ကြသည်ဟု ပိဋကတ်ကျမ်းတို့၌ အဆိုရှိသည်။ တစ်စုံတစ်ယောက်သော အမျိုးသမီးကို 'အသင် အဘယ်သတိပဋ္ဌာန်တရားကို ပွားများသနည်း'ဟုမေးလျှင် အမေးခံရ သူက ဘယ်သတိပဋ္ဌာန်တရားကိုမှ မပွားများပါဟုဖြေလျှင် သင်အသက်ရှင်နေရခြင်းဟာ အချည်း နှီးပဲ၊ အသက်ရှင်နေပေမယ့် သူသေနှင့်တူသည်ဟု ကဲ့ရဲ့ကြသည်။

ထို့နောက် သူ့အား ထိုသို့ ဆက်၍မနေရန် ပညာပေးကြပြီး သတိပဋ္ဌာန် ပွားများ အားထုတ်နည်းကို သင်ပေးကြသည်။ ကုရုတိုင်းသူပြည်သားတို့သည် လူတို့သာမက အတူနေ တိရစ္ဆာန်တို့ကိုပင် သတိပဋ္ဌာန်တရား ပွားများစေကြသည်။ ထို့ကြောင့် ဘုရားရှင်သည် မဟာ သတိပဋ္ဌာန် တရားတော်ကို ကုရုတိုင်းသားတို့အား အဦးအစ ဟောတော်မူခဲ့ခြင်းဖြစ်သည်။

**ယနေ့တည်နေရာ**

ကုရုတိုင်း၏ တည်နေရာသည် ယခု ဒေလီမြို့ရှိ နေရာ ဖြစ်သည် ဟု သုတေသီတို့ အဆိုအရ သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သတိပဋ္ဌာန်တရားကို လူဝတ်ကြောင်ဘဝကပင် စွဲလမ်း၍ လာခဲ့သည့်အတိုင်း ဘိက္ခုနီဖြစ်သောအခါမှာလည်း ထိုတရားကိုပင် ဟောကြားပြသနေသည်။ ကာင်္ဂထေရီ ဘိက္ခုနီထံသို့ မဟာသတိပဋ္ဌာန်တရား လာရောက်ကြားနာသူတို့ နေ့စဉ်မပြတ် စည်ကားနေသည်။ တရားဟောကောင်းသည်ဆိုသော သတင်းကြောင့် အများတကာတို့က သူ့ထံ လာကြသည်။ လှူကြတန်းကြသည်။

## လာဘ်လာဘထဲနစ်နေခဲ့သူ

ထိုအခါ လာဘ်လာဘများလည်း များပြား၊ တရားဟောကောင်းသည်ဟူသော သတင်းကလည်း ကြီးမား၊ ထိုအကြောင်းများကြောင့် ဂုဏ်အားဖြင့်ထင်ရှား ကျော်စောပြီးရင်း ကျော်စောနေသည်။ ကိုယ်ရေးကိုယ်တာ ကိုယ့်တာဝန်ဖြစ် သည့် တရားအလုပ်ကို အားမထုတ်နိုင်ဘဲ လာဘ်လာဘဟူသော လှိုင်းကြီးထဲတွင် ခုနစ်နှစ်တိုင်တိုင် နစ်မြုပ်နေမိခဲ့သေးသည်။ လာဘ်လာဘဟူသော အနှောင်အဖွဲ့ ရှိလာသောအခါ နှောင်ကြိုးဖြင့် အမိခံရသော ငှက်များကဲ့သို့ ရှောင်လွှဲထွက်သွားခြင်းငှာ အလွန်ပင် ခက်ခဲလှသည်။

## ကောင်းသောအကြံဖြစ်

ခုနစ်နှစ်တိုင်တိုင် လာဘ်လာဘ ကြော့ကွင်းတွင် နစ်မွန်း အမိခံရပြီးနောက်သော် 'သြော် . . . ငါ ရှင်ယာန်းအဖြစ်သို့ ရောက်ခဲ့ရပါသော်လည်း ကိုယ့်လိုရင်းကိစ္စ ရဟန်းအလုပ်ကို အားမထုတ်မိသေးပါကလား။ မိမိထံသို့လာရောက်ကြသူ ပရိသတ်အပေါင်းတို့အား တရားဟောရသည့်ကိစ္စ။ ပင့်လျှောက်ကြရာ အရပ်ဌာန အမျိုးမျိုးသို့ လိုက်သွားရသည့်ကိစ္စ၊ ကြည်ညိုစွာလှူဒါန်းကြ၍ ပစ္စည်းပရိက္ခရာ အလှူခံရသည့်ကိစ္စ စသည့် ဗာဟိရကိစ္စအမျိုးမျိုးနှင့်သာ အချိန်ကုန်ဆုံးခဲ့ရသည်။ မိမိ ရဟန်းပြုလာခြင်းမှာ လာဘ်လာများဖို့မဟုတ်၊ သံသရာဝဋ် ကဋ္ဌတ်ခွေမှ လွတ်ပစေ၊ ကျွတ်ပစေဟူသောစိတ်မျိုးဖြင့် ရဟန်းပြုလာခဲ့ခြင်းဖြစ်သည်။ သို့အတွက်ကြောင့် တရားဟောမှုနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအလှူခံခြင်းကိုဖြတ်၍ ဆိတ်ငြိမ်ရာသို့ သွားရောက်ကာ တရားအလုပ်ကို အားထုတ်မှ သင့်လျော်တော့မည်ဟု အကြံဖြစ်ပေါ်လာခဲ့သည်။

## ရဟန္တာဖြစ်ပြီ

ဤသို့ အကြံဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာကြီးတို့ထံ အခွင့်ပန်ကာ ဆိတ်ငြိမ်သော တောအုပ်တစ်ခုအတွင်းသို့ ကြွသွားသည်။ တောအုပ်အတွင်း၌ မဟာသတိပဋ္ဌာန် သုတ္တန်ကျမ်းမြတ်ကြီး၌ ဟောတော်မူသော နည်းလမ်းအတိုင်း သမထ ဘာဝနာကို အရင်းခံပြုကာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသည်။ ထို့နောက် မကြာမီ အချိန်ကာလအတွင်းမှာပင် ကိလေသာ ပြတ်ကင်းလျက် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။

ကာဠဳထေရီသည် ရဟန္တာဖြစ်ပြီးသော် နောက်နောက်က ဖြစ်ပျက်ခဲ့သမျှသော ကြောင်းရာဥဿုံ အလုံးစုံကို ဤသို့ ပြန်လည်ဟောတော်မူသည်။

## နောက်ကြောင်းပြန် တရားဟောခဲ့

သဒ္ဓါယ ပဗ္ဗဇိ တွာန၊ အဂါရသ္မာ နဂါရိယံ။
ဝိစရိဟံ တေန တေန၊ လာဘသက္ကာရ ဥဿုကာ။

အဟံ၊ အကျွန်ုပ်သည်။ သဒ္ဓါယ၊ လေးမြတ်ကြည်ယုံ သဒ္ဓါဟုန်ဖြင့်။ အဂါရသ္မာ၊ အိမ်ရာထောင်သော လူ့ဘောင်မှ။ နိက္ခမ္မ၊ ထွက်ရှောင်၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီးသည်ရှိသော်။ လာဘသက္ကာရ ဥဿုကာ၊ လာဘ်လာဘပေါ်များမှုကို ဂရုစိုက်လျက်။ တေနတေန၊ ထိုထိုအရပ်ဌာနတို့သို့။ ဝိစရိံ၊ တရားဟောရန် ပင့်သည်တို့ကို လက်ခံ၍ လှည့်လည်၍ နေခဲ့ပါသည်။

ရိဥ္စိတွာ ပရမံ အတ္ထံ၊ ဟီန မတ္ထံ အသေဝိဟံ။
ကိလေသာနံ ဝသံ ဂန္တွာ၊ သာမညတ္ထံ နဗုဇ္ဈိ'ဟံ။

အဟံ၊ အကျွန်ုပ်သည်။ ပရမံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော။ အတ္ထံ၊ အကျိုးစီးပွားကို။ ရိဥ္စိတွာ၊ ရှောင်လွှဲချော်ချွတ်စေ၍။ ဟီနံ၊

www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းကျသော။ အတ္ထံ၊ လာဘ်လာဘ ပေါ်များခြင်းဟူသော အကျိုးစီးပွားကို။ အသေဝိ၊ မှီဝဲသော်အားဖြင့် ကြိုးစားမိလေပြီ။ ကိလေသာန်၊ ကိလေသာတရားတို့၏။ ဝသံ၊ အလိုသို့။ ဂန္တ္ဝာ၊ လိုက်ပါ၍။ သာမညတ္ထံ၊ ရဟန်းပြုလုပ်မှု၏ အကျိုးစီးပွားကို။ အဟံ၊ အကျွန်ုပ်သည်။ နဗုဇ္ဈိံ၊ မသိမမြင်ဘဲ အလွဲကြီး လွဲခဲ့ပါသတည်း။

တဿာ မေ အဟု သံဝေဂေါ၊ နိသိန္နာယ ဝိဟာရကေ။
ဥမ္မဂ္ဂပဋိပန္နာမှိ၊ တဏှာယ ဝသမာဂတာ။

ဝိဟာရကေ၊ ကျောင်းငယ်တစ်ဆောင်၌။ နိသိန္နာယ၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြိုးစား၍နေစဉ်။ တဿာမေ၊ ထိုအကျွန်ုပ်အား။ သံဝေဂေါ၊ တုန်လှုပ်လန့်ထိတ် သံဝေစိတ်သည်။ အဟု၊ ဖြစ်ပေါ်၍လာ၏။ အဟံ၊ ငါသည်။ ဥမ္မဂ္ဂပဋိပန္နာ၊ လမ်းမှောက်လမ်းမှားသို့ လိုက်သွားတွေ့ဝေ၍နေသည်။ အမှိ၊ ဖြစ်ရပါသည်တကား။ တဏှာယ၊ ပစ္စည်းများကြောင်း စုဆောင်းသိမ်းပိုက်တဏှာမိုက်၏။ ဝသံ၊ အလိုသို့။ အာဂတာ၊ ဆိုက်ရောက်၍နေပါသည်။ ဣတိ၊ ဤသို့။ သံဝေဂေါ၊ တုန်လှုပ်လန့်ထိတ် သံဝေစိတ်သည်။ အဟု၊ ဖြစ်ပေါ်၍လာ၏။

အပ္ပကံ ဇီဝိတံ မယှံ၊ ဇရာဗျာဓိ စ မဒ္ဒတိ။
ပုရာယံ ဘိဇ္ဇတိ ကာယော၊ န မေ ကာလော ပမဇ္ဇိတုံ။

မယှံ၊ ငါ၏။ အပ္ပကံ၊ တိုတောင်းသေးသိမ်လှစွာသော။ ဇီဝိတံ၊ အသက်ကလေးတစ်ချောင်းကို။ ဇရာဗျာဓိစ၊ အိုခြင်းတရား၊ နာခြင်းတရားများကလည်း။ မဒ္ဒတိ၊ မရပ်မနေ ကြိတ်ခြေညှဉ်းပန်း၍ နေလေ၏။ အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်။ ပုရာဘိဇ္ဇတိ၊ ပျက်စီးခြင်းသို့ မရောက်သေးမီ။ မေ၊ ငါ့အား။ ပမဇ္ဇိတုံ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေခြင်းငှာ။ နကာလော၊ အခါမဟုတ်ချေ။

ယထာဘူတ မဝေက္ခန္တီ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
ဝိမုတ္တ စိတ္တာ ဥဋ္ဌာသိံ၊ ကတံ ဗုဒ္ဓဿသာသနံ။

www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ ခန္ဓာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥဒယဗ္ဗယံ၊ ခဏကလေးနှင့်ဖြစ် ခဏကလေးနှင့် ပျက်ပုံသဘောကို။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ အဝေက္ခန္တိ၊ ဝိပဿနာ ဉာဏ်အမြင်ဖြင့် ဆင်ခြင်ရှုစားလိုက်သည်ရှိသော်။ ဝိမုတ္တစိတ္တာ၊ ကိလေသာညွှတ်ကွင်းမှ လွတ်ကင်းသော စိတ်ရှိသည်ဖြစ်၍။ ဥဋ္ဌာသိံ၊ ရဟန္တာအဖြစ်သို့ ရောက်သဖြင့် ဝမ်းမြောက်စွာ ထလိုက်ပါသတည်း။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ ဆုံးမနည်းလမ်းစည်းကမ်း ဥဿုံအလုံးစုံကို။ ကတံ၊ မကျန်မကြွင်းအောင် ပြုလုပ်အပ်ခြင်းကိစ္စပြီးလေပြီ။

ဤကဲ့သို့ ရဟန္တာအဖြစ်သို့ရောက်ပြီးသောအခါ ဗုဒ္ဓသာသနာတော်အတွင်းမှာ 'ကာဠိုဒါယီထေရီ' ဘိက္ခုနီတစ်ပါးဟု ထင်ရှားကျော်စောတော်မူလေသတည်း။

ကာဠိုဒါယီထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# သကုလာထေရီ အပဒါန်ဝတ္ထု

ဤသကုလာထေရီလောင်းလျာသည် ဘဝအဆက်ဆက် သံသရာတို့၌ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်ခဲ့ပြီး ပါရမီအဖုံဖုံတို့ကိုလည်း ဖြည့်ကျင့်ဆည်းပူးခဲ့သူ ဖြစ်သည်။

အာနန္ဒာမင်းကြီးသည် ပဒုမုတ္တရ ရှင်တော်မြတ်ဘုရား၏ ခမည်းတော်ကြီးဖြစ်သည်။ သကုလာထေရီလောင်းလျာ မင်းသမီးကလေးသည်လည်း ရှင်တော်မြတ်ဘုရား၏ ဖအေတူ မအေကွဲ နှမတော်တစ်ပါးဖြစ်သည်။ ထိုမင်းသမီးကလေးသည် အလွန်နှစ်သက်ဖွယ် အလှပိုင်ရှင်ကလေး ဖြစ်သည့်အတွက် သူ့ကို 'နန္ဒာ'ဟု ခေါ်ဝေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမင်းသမီးလေးကလေးသည် သုံးလောကထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ နှမတော်ဖြစ်နေသည့်အတွက် လူအများက သာ၍ပင် အလေးအမြတ်ပြုစရာ ဖြစ်နေသည်။ သူသည် အိမ်ရာတည်ထောင် လူ့ဘောင် စရိုက်များကို စိတ်ဝင်စားခြင်းမရှိဘဲ သန့်ရှင်းသော အပျိုကညာအဖြစ်ဖြင့် နေထိုင်သည်။ မောင်တော်ဖြစ်သော ရှင်တော်မြတ်ဘုရားထံတော်သို့ နေ့စဉ် ရက်ဆက် သွားရောက်ဆည်းကပ်သည်။ အလှူဒါနပြုခြင်း၊ တရားနာခြင်း အစ ရှိသော ကုသိုလ်များကိုသာ ကြိုးစား အားထုတ်နေသူဖြစ်သည်။

တစ်နေ့သောအခါ အပျိုစင်သမီးကညာပေါင်း များစွာတို့ ခြံရံလျက် ကျောင်းတော်သို့သွားပြီး တရားနာစဉ် ရှင်တော်မြတ်ဘုရားသည် ဘိက္ခုနီ ရဟန္တာမတစ်ပါးကို ဒိဗ္ဗစက္ခုဧတဒဂ် အရာ၌ ခန့်ထားချီးမြှင့်သည်ကို ဖူးတွေ့ ခဲ့ရသည်။ နန္ဒာမင်းသမီးကလေးသည် ထိုဒိဗ္ဗစက္ခုဧတဒဂ်ရ ဘိက္ခုနီတစ်ပါးကို မြင်သော် ဝမ်းမြောက်ဝမ်းသာ လွန်စွာ အားတက်ခြင်းဖြစ်ပြီး 'နောင်ပွင့် တော်မူမည့် ဘုရားရှင်တို့၏ လက်ထက်တော်တွင် ဒိဗ္ဗစက္ခုဧတဒဂ်ကို ရအောင် ကြံဆောင်ကြိုးစားမည်'ဟု အကြံဖြစ်ပေါ်၍ လာခဲ့သည်။

## ဒါနပြုရန်

ထို့ကြောင့် တရားတော်ကိုနာပြီး နန်းတော်သို့ပြန်ကာ နန်းရင်ပြင်၌ ကြီးကျယ်ခမ်းနားသော အလှူမဏ္ဍပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်စေသည်။ ထို့နောက် ရဟန်းသံဃာတော်တို့နှင့် သင့်လျော်လျောက်ပတ်သော ပစ္စည်း ပရိက္ခရာအမျိုးစုံကို ဝယ်ယူပြီး မဏ္ဍပ်ကြီးအတွင်း၌ ကြည်ညိုဖွယ်ဖြစ်အောင် ခင်းကျင်းပြင်ဆင်ထားလေသည်။ ဤသို့ အလှူဒါနနှင့်သက်ဆိုင်သော ပစ္စကိစ္စ အမျိုးစုံကို စီမံပြီးစီးသောအခါ သံဃာတော်များနှင့်တကွ ရှင်တော်မြတ်ဘုရားကို အလှူမဏ္ဍပ်ကြီးသို့ ကြွရောက်ပါရန် ပင့်လျှောက်သည်။

ရှင်တော်မြတ်ဘုရားလည်း သံဃာတော်များစွာ ခြံရံလျက် နှမတော်၏ အလှူမဏ္ဍပ်ရှိရာသို့ ကြွတော်မူလာသည်။ နှမတော် နန္ဒာမင်းသမီးသည် သာဟတ္ထိက ဒါနမြောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လှူဒါန်းကာ တရား

www.burmeseclassic.com

www.burmeseclassic.com



နာသည်။ ထို့နောက် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဘုရာ့နှမတော်သည် ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော အလှူတော်ကြီးကို လှူဒါန်းပူဇော်ရသည့် စေတနာကြောင့် နောင်ပွင့်တော်မူမည့် ဘုရားရှင်တို့၏ လက်ထက်တော်တွင် ဒိဗ္ဗစက္ခု ဧတဒဂ်ရာထူးဖြင့် ချီးကျူးခြင်းခံရပြီးလျှင် ကိလေသာကုန်ခန်းလျက် ရဟန္တာဖြစ်ရပါလို၏'ဟု ဆုပန်လျှောက်ထားတောင်းပန်သည်။

## ဗျာဒိတ်ရပြီ

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူပြီး "အို. . . နှမတော်နန္ဒာ၊ သင်၏အလှူတော်ကြီးသည် အလွန်တစ်ရာပင် ဖြူစင်သန့်ရှင်းလှပါ၏။ သင် ဆုတောင်းသည့်အတိုင်း နောင်အနာဂတ်အခါ ကမ္ဘာတစ်သိန်းလွန်လေသော် လောကသုံးပါး၌ ဂေါတမမြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူမည်။ ထိုအခါ သင်နှမတော်သည် 'သကုလာ'ဟူသော အမည်ဖြင့် ထေရီဘိက္ခုနီတစ်ပါးဖြစ်ပြီးလျှင် သင် တောင့်တသည့်တိုင်း ဒိဗ္ဗစက္ခုဧတဒဂ်ကိုရရှိပြီး ရဟန္တာအဖြစ်ဖြင့် ကျွတ်တမ်းဝင်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။

နှမတော် နန္ဒာမင်းသမီးကလေးသည် မောင်တော်ဘုရား၏ ဗျာဒိတ်စကားကို ကြားရသော် ယနေ့နက်ဖြန်ပင် မိမိ အာသာဆန္ဒ ပြည့်ဝတော့မလောက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ထိုနေ့မှစ၍ ကုသိုလ်ပါရမီများကို အထူးကြိုးစား ဖြည့်ဆည်းပွားသည်။

ဤအကြောင်းတို့ကို သကုလာထေရီ ဘိက္ခုနီအရှင်မြတ်ကိုယ်တိုင်က ဤသို့ ဟောကြားထားတော်မူခဲ့သည်။

တဒါဟံ ဟံသဝတိယံ၊ ဇာတာ ခတ္တိယနန္ဒနာ။
သုရူပါ သဓနာစာသိ၊ ဒယိတာ စ သိရီမတာ။

တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသာဝတိယံ၊ ဟံသာဝတီနေပြည်တော်ကြီး၌။ ခတ္တိယနန္ဒာ၊ ခတ္တိယနွယ်ဝင် ဘုရင်အပေါင်းတို့ နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



အပ်သော မင်းသမီးသည်။ ဇာတာ၊ ဖြစ်ခဲ့ဖူးပါပြီ။ တဒါ၊ ထိုသို့မင်းသမီးဖြစ်စဉ် အခါ၌။ သုရူပါ၊ ရှုချင့်စဖွယ် တင့်တယ်သောအဆင်းရှိသည်။ သဝနာ၊ သူတော်ကောင်းတို့၏ တရားကို နာကြားလိုသော အလေ့ရှိသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ စ၊ ထိုပြင် တစ်ပါး။ ဒယိတာ၊ သူတစ်ပါးတို့အား သနား ကြင်နာတတ်သောအလေ့ရှိသည်။ သီရိမတာ၊ မိန်းမတို့၏ ကျက်သရေဂုဏ်နှင့် ပြည့်စုံသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

အာနန္ဒဿ မဟာရညော၊ ဓီတာ ပရမသောဘနာ။
ဝေမာတာ ဘဂိနီ စာပိ၊ ပဒုမုတ္တရနာမိနော။

အဟံ၊ အကျွန်ုပ်သည်။ အာနန္ဒဿ၊ အာနန္ဒာအမည်ရှိသော။ မဟာရညော၊ ခမည်းတော်မင်းတရားကြီး၏။ ဓီတာ၊ ရင်သွေးမျက်ဖျော်သမီးတော်သည်။ ဟုတ္တာ၊ ဖြစ်ခဲ့၍။ ပရမသောဘနာ၊ သူတစ်ပါးတို့ထက် ထူးချွန်၍ အလွန်အကဲတင့်တယ်ခဲ့ပါသတည်း။ ပဒုမုတ္တရနာမိနော၊ ပဒုမုတ္တရ အမည်ရှိသော ရှင်တော်မြတ်ဘုရား၏။ ဝေမာတာ၊ အဖတူအမိကွဲဖြစ်သော။ ဘဂိနီ စာပိ၊ နှမတော်တစ်ပါးသည်လည်း။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

ရာဇကညာဟိ သဟိတာ၊ သဗ္ဗာဘရဏဘူသိတာ။
ဥပါဂမ္မ မဟာဝီရံ၊ အသောသိံ ဓမ္မဒေသနံ။

တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ရာဇကညာဟိ၊ ထီးဘွားနန်းဘွား ရာဇကညာများတို့နှင့်။ သဟိတာ၊ အတူတကွစုရုံးကြလျက်။ သဗ္ဗာဘရဏဘူသိတာ၊ အဖိုးတန်ရတနာ တန်ဆာအမျိုးမျိုး ဝင်းဝင်းထိန်လျှပ်ဆင်ယင်အပ်သည်ဖြစ်၍။ မဟာဝီရံ၊ လောကထွတ်တင် မောင်တော်ကြီးဘုရားရှင်သို့။ ဥပါဂမ္မ၊ ရှိသေလေးမြတ် ချဉ်းကပ်ခိုလှုံပြီးသော်။ ဓမ္မဒေသနံ၊ ဟောကြားတော်မူအပ်သော တရားတော်မြတ်ကို။ အသောသိံ၊ သဒ္ဓါတရားဖြင့် နာကြား မှတ်ယူခဲ့ပါသတည်း။

တဒါ ဟိ သော လောကဂရူ၊ ဘိက္ခုနိံ ဒိဗ္ဗစက္ခုကံ။
ကိတ္တယံ ပရိသာမဇ္ဈေ၊ အဂ္ဂဋ္ဌာနေ ဌပေသိ တံ။

www.burmeseclassic.com

www.burmeseclassic.com



ဟိ၊ သဒ္ဓါတရားတိုးပွားလာပြန်သည်ကား။ တဒါ၊ ထိုတရားနာသွားစဉ် အခါ၌။ လောကဂရု၊ တစ်လောကလုံးညွှတ်ရုံးပေါင်းစု အလေးပြုအပ်သော ထိုရှင်တော်မြတ်ဘုရားသည်။ ဒိဗ္ဗစက္ခုကံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံသော။ ဘိက္ခုနိံ၊ ရဟန္တာမတစ်ပါးကို။ ပရိသာမဇ္ဈေ၊ ပရိသတ်လေးပါးအလယ်၌။ ကိတ္တယံ-ကိတ္တယန္တော၊ ချီးကျူးမြှောက်စားတော်မူလျက်။ တံ၊ ထိုဘိက္ခုနီကို။ အဂ္ဂဋ္ဌာနေ၊ ဧတဒဂ်ရာထူး၌။ ဋ္ဌပေသိ၊ တင်ထားတော်မူလေ၏။

သုဏိတွာ တမဟံ ဟဋ္ဌာ၊ ဒါနံ ဒတွာန သတ္ထုနော။
ပူဇိတွာန သမ္ဗုဒ္ဓံ၊ ဒိဗ္ဗစက္ခုံ အပတ္ထယိံ။

အဟံ၊ အကျွန်ုပ်သည်။ တံ၊ ထိုဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စား သော တရားတော်မြတ်ကို။ သုဏိတွာ၊ ကြားနာရသည်ရှိသော်။ ဟဋ္ဌာ၊ အား တက်သရော ရွှင်ဇောစိတ်ပွား၍ များစွာဝမ်းမြောက်ခဲ့ပါသတည်း။ တတော၊ ထို့နောက်၊ သတ္ထုနော၊ မောင်တော် ဘုရားရှင်အား။ ဒါနံ၊ ကြီးကျယ်ခမ်းနား လှစွာသော အလှူတော်ကြီးကို။ ဒတွာနစ၊ စေတနာဖွေးဖြူ ပေးလှူစွန့်ကြဲ၍ လည်းကောင်း။ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ ပူဇိတွာနစ၊ ပူဇော်ရိုကျိုး ရှိခိုးဦးနှိမ်၍လည်းကောင်း။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု ဧတဒဂ်ရာထူးကို။ ပတ္ထယိံ၊ ရလိုကြောင်းနှင့် ဆုတောင်းခဲ့ပါပြီ။

တတော အဝေါစ မံ သတ္ထာ၊ နန္ဒေ လစ္ဆသိ ပတ္ထိတံ။
ပဒီပဓမ္မဒါနာနံ၊ ဖလမေတံ သုနိစ္ဆိတံ။

တတော၊ ထို အကျွန်ုပ်ဆုတောင်းလိုက်သောအခါ၌။ သတ္ထာ၊ ရှင်တော် မြတ်ဘုရားသည်။ မံ၊ အကျွန်ုပ်ကို။ အဝေါစ၊ ဗျာဒိတ်စကား ဤသို့မိန့်ကြား တော်မူလေ၏။ နန္ဒေ၊ အိုး ... နှမတော်နန္ဒာ၊ ပတ္ထိတံ၊ သင် တောင့်တသည် အတိုင်း။ လစ္ဆသိ၊ မချွတ်ကေန် အမှန်ရရှိတော့လတ္တံ့။ ပဒီပဓမ္မဒါနာနံ၊ ဆီမီး အလှူကို ပေးလှူခြင်းတို့၏။ ဧတံဖလံ၊ ဤဒိဗ္ဗစက္ခုဧတဒဂ်တည်း ဟူသော အကျိုးကို။ သုနိစ္ဆိတံ၊ သင် အလိုရှိအပ်သောအတိုင်း။ လစ္ဆသိ၊ မချွတ်ကေန် အမှန် ရရှိလတ္တံ့။

www.burmeseclassic.com

www.burmeseclassic.com



## နတ်သမီးဘဝ

နန္ဒာထေရီလောင်းလျာသည် ထိုဘဝမှ သက်တမ်းစေ့ကုန်၍ စုတေသောအခါ ကံကုသိုလ် အဟုန်ကြောင့် တာဝတိံသာနတ်ဘုံ၌ ပြည့်စုံခြွေရံရေကန်ဥယျာဉ် မြူးရွှင်ပျော်ခန်း ဘုံနန်းအဆောင်ဆောင်တို့ဖြင့် ပြည့်စုံသောနတ်သမီးဘဝသို့ ရောက်ခဲ့လေသတည်း။

နန္ဒာဒေဝီမင်းသမီးကလေးသည် တာဝတိံသာနတ်ပြည်၌ နတ်တို့၏စည်းစိမ်ချမ်းသာကို ပျော်ရွှင်စွာ ခံစားလျက် နတ်တို့ အသက်တမ်းကုန်၍ နတ်ဘုံမှ စုတေသောအခါ ဒုဂ္ဂတိဘုံ အပါယ်လေးပါးသို့ မလားမရောက်ရဘဲ သုဂတိသံသရာတို့၌သာ ကြိမ်ဖန်များစွာ ကျင်လည်ခဲ့ရသည်။

ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်မှစ၍ ယခုရှင်တော်ဘုရားလက်ထက်သို့တိုင်အောင် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်ဘုံသို့ မကပ်မရောက်ရဘဲ မြင့်မြတ်သော ဘဝဘုံတို့၌သာ ချမ်းသာအမျိုးစုံတို့ကို ခံစားနေခဲ့ရသည်။

## ပရိဗိုဇ်ဘဝ

ယခုဘဒ္ဒကမ္ဘာသို့ရောက်ခဲ့သောအခါ ကဿပရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူပြီးနောက် ကြွယ်ဝချမ်းသာသည့် ပုဏ္ဏားမျိုး၌ အမျိုးသမီးကလေးတစ်ယောက်ဖြစ်လာရပြန်သည်။ အရွယ်ရောက်သောအခါ ကာမဂုဏ်ချမ်းသာတို့ကို ခံစားလိုသော စိတ်ဆန္ဒမရှိသဖြင့် လူ့ဘောင်မှ ခွာရှောင်၍ပရိဗိုဇ် အသွင်ဝတ်ဆင်ကာ တောထွက်သွားခဲ့သည်။

ထိုပရိဗိုဇ်မကလေးသည် အရပ်ဒေသပေါင်းများစွာသို့ တရားဓမ္မ ရှာမှီးသောအလုပ်ဖြင့် လှည့်လည်၍နေစဉ် တစ်နေ့သောအခါ မိမိဆွမ်းခံရာ အရပ်မှဆီတစ်သပိတ်ကို ရလာသည်။ ထိုအခါ လွန်စွာ ဝမ်းမြောက်ခြင်းဖြစ်ပြီးကဿပရှင်တော်ဘုရား၏ ဓာတ်တော်မွေတော်များကို ဌာပနာထားသည့်စေတီတော်ကြီးသို့ ဆီတစ်သပိတ်လုံးကို ဆောင်ယူသွားသည်။ စေတီတော်ကြီးရှိရာသို့ ရောက်သောအခါ အလွန်ကြည်ညိုသော စေတနာဖြင့် ကြိမ်ဖန်များစွာ

www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးပြီး တစ်ညဥ့်ပတ်လုံး တမှေးတမှိတ်မျှ အိပ်စက်ခြင်းမပြုဘဲ ဆီတသပိတ်ကို ဆီမီးထွန်းညှိကာ လှူဒါန်းပူဇော်သည်။

ကဿပရှင်တော်ဘုရား၏ ဓာတ်တော်များကို ဌာပနာသွင်းကာ တည်ထားသော စေတီတော်မြတ်ကြီးကလည်း ရွှေသားပကတိဖြစ်တော်မူသည်။ တစ်ညလုံး ထွန်းညှိထားသော ဆီမီးရောင် လာဟပ်သဖြင့် အရောင်တလျှပ်လျှပ်နှင့် ရွှေသောရောင်ခြည်တော်ဓာတ်ကွန့်မြူးနေခဲ့သည်။

ထို့နောက် "ဘုရားတပည့်တော်မ လှူဒါန်းရသော ဤဆီမီးကုသိုလ်ကြောင့် ထိုထို သံသရာဘဝတို့တွင် အရောင်အဝါနှင့် ပြည့်စုံ၍ ပညာဂုဏ်တဝင်းဝင်းဖြင့် ထွန်းလင်းတောက်ပပါစေဘုရား။ အဆုံးစွန်သော ဘဝသို့ရောက်သောအခါ သူတကာတို့ထက် အမြင်သန်၍ ဒိဗ္ဗစက္ခုဉာဏ်ကို ရပါလို၏ ဘုရား"ဟု ဆုတောင်းခဲ့သည်။

## တာဝတိံသာသို့

ထိုပရိဗိုဇ်မကလေးသည် ထိုဘဝမှ အသက်တမ်းကြွေ၍ စုတေသွားသော် ကုသိုလ်ကံ အဟုန်ကြောင့် တာဝတိံသာနတ်ဘုံ၌ ပြည့်စုံသော နတ်ချမ်းသာတို့ဖြင့် နတ်သမီးဖြစ်လာရပြန်သည်။ ဆီမီးလှူဒါန်းခဲ့ရသော ကုသိုလ်ထူးကြောင့် အခြားနတ်တို့၏ ဘုံဗိမာန်နှင့်မတူဘဲ ထိုနတ်သမီး၏ ဘုံဗိမာန်သည် ရတနာမီးရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍နေသည်။

တာဝတိံသာမှ အသက်တမ်းကြွေ၍ စုတေပြန်သောအခါ ယခုဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်တိုင်အောင် ဘုရားတစ်ဆူနှင့် တစ်ဆူ၏အကြားအပါယ်လေးပါးသို့ မလားမရောက်ရဘဲ မြင့်မြတ်သော ဘုံဘဝတို့၌သာ ကျင်လည်ဖြစ်ပွား ပျော်ပါးခံစားခဲ့ရသည်။

## သာဝတ္ထိသူဘဝ

ထိုအမျိုးသမီးကလေးသည် သံသရာတစ်ခွင်တွင် ဤသို့ကျင်လည်ခဲ့ရပြီးနောက် ယခု ရှင်တော်ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌မူ သာဝတ္ထိ နေပြည်တော်ကြီးရှိ ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်လာခဲ့ပြီး "သကုလာ"ဟု အမည်တွင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကလေးသည် အရွယ်သို့ ရောက်သောအခါ မိဘတို့၏ ဝတ်တရားအတိုင်း ပုဏ္ဏားလုလင်တစ်ဦးနှင့် ထိမ်းမြားမင်္ဂလာပြုပြီးလျှင် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝစွာနှင့် တင့်တင့်တယ်တယ်ပင် နေထိုင်နေခဲ့သည်။

တစ်နေ့သောအခါ အနာထပိဏ် သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် သံဃာတော်အများနှင့် ရှင်တော်ဘုရားအား လျှုဒါန်း၍ ကျောင်းသာဓုခေါ်ပွဲကြီး ကျင်းပပြုလုပ်ရန် မြတ်စွာဘုရားကို သာဝတ္ထိနေပြည်တော်ကြီးသို့ ပင့်ဆောင်လာခဲ့သည်။

ထိုအခါ သကုလာအမျိုးသမီးကလေးသည် တစ်မြို့လုံး သိမ့်သိမ့်လှုပ်မျှ သဲသဲရုတ်ရုတ်အသံကို ကြားသဖြင့် ပြတင်းတံခါးကို ဖွင့်လှစ်ပြီး ကြည့်လိုက်သည်။ ရောင်ခြည်တော်ခြောက်ဖြာတို့ဖြင့် လွန်စွာတင့်တယ်၍ ကြည်ညိုဖွယ် ဘုရားရှင်ကို ဖူးတွေ့မြင်လိုက်ရသည်။ ထိုအခါ ဘုရားရှင်ကို လွန်စွာ မြတ်နိုးလျက် လက်အုပ်ချီမိုး ရှိခိုးပူဇော်ခဲ့သည်။

အမျိုးသမီးကလေး သကုလာသည် ရှင်တော်ဘုရားကို ဖူးမြင်လိုက်ရသည့်နေ့မှစပြီး ပြာဗွဇာဝါဒခေါ် ပုဏ္ဏားအယူကို စွန့်ပယ်လိုက်သည်။ ရတနာသုံးပါး၏ဂုဏ်ကို ကြည်ယုံမြတ်နိုးကာ ရဟန်းသံဃာတော်များအား လျှုဒါန်းပူဇော်ခြင်း၊ သီလ သိက္ခာများကို ဆောက်တည်ခြင်းမှစ၍ ကုသိုလ်တရားတို့ကို ပွားများအားထုတ်သည်။

ထို့နောက် များမကြာမီ အရှင်သခင် လင်ယောကျ်ားဖြစ်သူ ပုဏ္ဏားကြီး သေဆုံးသွားလေရာ သားသမီးများနှင့်တကွ ပစ္စည်းဥစ္စာ အလုံးစုံ ကျန်ရစ်ခဲ့သည်။

## ရဟန္တာဖြစ်ပြီ

တစ်နေ့သောအခါ ရဟန္တာအရှင်မြတ်တစ်ပါးကို အိမ်သို့ပင့်ဆောင်ပြီး ပစ္စည်းပရိက္ခရာတို့ဖြင့် လျှုဒါန်းကာ တရားနာသည်။ ရဟန္တာကိုယ်တော်မြတ်ကြီးက သိမ်မွေ့နက်နဲသော တရားထူးများကို ဟောကြားတော်မူသည်။ ထိုတရားကို ကြားနာရသော် သကုလာသည် သတိသံဝေဂကြီးစွာရပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



သားသမီးနှင့် ပစ္စည်းဥစ္စာတို့ကို စွန့်ခွာလျက် ဘိက္ခုနီကျောင်းသို့သွားပြီး ရဟန်းပြုသည်။ ရဟန်းအဖြစ်သို့ ရောက်ပြီးသောအခါ ဆိတ်ငြိမ်ရာ၌ တရားဘာဝနာပွားများရာ အာသဝေါကင်းကွာပြီး ရဟန္တာအဖြစ်သို့ ရောက်လေတော့သည်။

ရဟန္တာအဖြစ်သို့ရောက်ပြီးသောအခါ သကုလာထေရီ ဘိက္ခုနီဟု ထင်ရှားကျော်စောတော်မူသည်။ သကုလာထေရီ ရဟန္တာဖြစ်ပြီးနောက် ဤအကြောင်းစုံတို့ကို ပြန်လည်ဟောပြတော်မူသည်။

သကုလာထေရီဘိက္ခုနီသည် ရဟန္တာအဖြစ်သို့ ရောက်ပြီးနောက် ဈာန်အဘိညာဉ်တရားတို့ကို ဆက်လက် ကြိုးစားအားထုတ်တော် မူပြန်သည်တွင် အဘိညာဉ်ခြောက်ပါး ရရှိတော်မူသည်။

### ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်

ဘုရားရှင်သည် သကုလာထေရီအား ဒိဗ္ဗစက္ခုအဘိညာဉ် အရာတွင် အသာဆုံး အမြတ်ဆုံးဟု ချီးမြှင့်မြှောက်စား ဂုဏ်ပြုတော်မူသည်။

**သကုလာထေရီ အပဒါန်ဝတ္ထု ပြီး၏။**

■ ■ ■

# အညတရာထေရီ အပဒါန်ဝတ္ထု

အညတရာထေရီလောင်းလျာသည် လွန်လေပြီးသော ဘုရားရှင်တို့ လက်ထက်တော်တို့၌ အမျိုးမျိုးသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ ပါရမီတော်များ ဖြည့်ဆည်းခဲ့သည်။

ယခု ဂေါတမဘုရားရှင် လက်ထက်တော်သို့ရောက်သော် ကံအားလျော်စွာ ဒေဝဒဟပြည်ကြီး၌ အမျိုးသမီးကလေး တစ်ယောက်ဖြစ်လာခဲ့သည်။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူမဟုတ်ပေ။ သို့အတွက်ကြောင့် အမည်သညာ အားဖြင့်လည်း မထင်ရှားခဲ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



## မိထွေးတော်ဂေါတမီ၏ လက်သုံးအပျိုတော်

အရွယ်သို့ရောက်သောအခါ မိထွေးတော်ဂေါတမီထံပါး၌ လက်သုံးတော် အပျိုတော်အဖြစ်ဖြင့် အမှုထမ်းရသည်။ မိထွေးတော် ဂေါတမီသည် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားကို မွေးမြူပြုစုသော အခါမှာလည်း ထိုအမျိုးသမီးကလေးသည် သိဒ္ဓတ္ထမင်းသားကို ပြုစုလုပ်ကျွေးထိန်းပေးခဲ့ရသည်။

## မိထွေးတော်နှင့် အတူလိုက်ပါခဲ့

မိထွေးတော် ဂေါတမီ ရဟန်းအဖြစ်ကို မရသေးဘဲ နန်းတော်အတွင်း၌ စံနေတော်မူစဉ် ထိုအပျိုတော်ကလေးသည် မိထွေးတော် ဂေါတမီနှင့် မခွဲဘဲ အမြဲပင် အတူနေထိုင်ခဲ့သည်။ ထို့နောက် မိထွေးတော် ဂေါတမီ ရဟန်းပြုရန် ဘုရားရှင်ထံသို့ သွားသောအခါ၌လည်း ထိုအပျိုတော်ကလေးသည် မိထွေးတော်နှင့်အတူ လိုက်ပါသွားခဲ့သည်။

ဘုရားရှင်ထံမှ ရဟန်းပြုရန် အခွင့်ကိုရ၍ မိထွေးတော် ဂေါတမီရဟန်းပြုသောအခါ ထိုအပျိုတော်ကလေးသည် မိထွေးတော်နှင့်အတူပင် ရဟန်းပြုခဲ့သည်။ သို့သော်သူ၏ ရဟန်းပြုခြင်းမှာ သာသနာတော်ကို ကြည်ညိုလှ၍ ရဟန်းပြုခြင်း မဟုတ်ဘဲ အမြဲခစားနေရသူ သူ့သခင်မကြီးနှင့် မခွဲနိုင်၍သာ လိုက်ပါပြီး ရဟန်းပြုခဲ့သူဖြစ်သည်။

## သာသနာတော်၌ မပျော်မွေ့သူ

ထိုထေရီလောင်းလျာသည် ဗဟုသုတကလည်း နည်းပါး၊ သဒ္ဓါတရားကလည်း မထက်သန်၍ သာသနာတော်၌ မပျော်မွေ့ဘဲ အမြဲပင် ငြီးငွေ့၍နေသည်။ အိမ်ရာတည်ထောင် လူဘောင်သို့သာ စိတ်ရောက်နေပြီး အမျိုးသမီးတို့ ဓမ္မတာ ကာမဂုဏ်အလေ့နှင့် ပျော်မွေ့ချင်နေသူ ဖြစ်သည်။

သို့ဖြင့် ရဟန်းပြုပြီးနောက် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် ရဟန်းအဖြစ်ဖြင့် နေခဲ့သော်လည်း တစ်နေ့မှ ပျော်မွေ့ခြင်းမရှိ။ တရားအလုပ်၌လည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်လောက်မျှပင် စိတ်တည်ကြည်မှု သမာဓိမရရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ ကာမဂုဏ်စိတ်များ ပြင်းထန်စွာ ဖြစ်ပေါ်လာသဖြင့် ဖြေဆီး၍ မရနိုင်သောကြောင့် ငိုယိုကာ မိမိ ကျောင်းခန်းအတွင်းသို့ အတင်း ပြန်ဝင်ပြေးခဲ့ရသည်။

## ဓမ္မဒိန္နာ ထေရီထံသို့

နှစ်ဆယ့်ငါးနှစ်တိုင်တိုင် သည်ကဲ့သို့ နေထိုင်နေခဲ့ပြီးနောက် နှစ်ဆယ့်ခြောက်နှစ်အတွင်းသို့ရောက်သော် ဓမ္မဒိန္နာထေရီ အထံသို့သွားပြီး တရားတော်များကို နာကြားသည်။ ဓမ္မဒိန္နာထေရီသည် ဇာတဒဂ်ရပြီးသော ရဟန္တာ အရှင်မကြီး ဖြစ်သည်နှင့်အညီ တရားနာလာရောက်သူ ထေရီတို့အား ခန္ဓာငါးပါးနှင့် စပ်သောတရား၊ အာယတန တစ်ဆယ့်နှစ်ပါးနှင့် စပ်သောတရား၊ ဓာတ် တစ်ဆယ့်ရှစ်ပါးနှင့် စပ်သောတရားနှင့် သစ္စာလေးပါး တရားများကို နာကြားသူတို့ သိလွယ်မြင်လွယ် သဘောပေါက်လွယ်အောင် ဟောကြားတော်မူနိုင်သည်။

ထို့ပြင် သမထကမ္မဋ္ဌာန်းဖြင့် သမာဓိစခန်း ထူထောင်ပုံ၊ ဝိပဿနာကမ္မဋ္ဌာန်းဖြင့် ပညာစခန်းထူထောင်ပုံနှင့် ယောဂီအလုပ်ဖြင့် တရားအားထုတ်ပုံနည်းနိသျှည်းများကိုလည်း အထူးကျွမ်းကျင်စွာ ပြသတော် မူလေ့ရှိသည်။ ဓမ္မဒိန္နာထေရီ၏ တရားဒေသနာများကို ကြားရသောအခါ အညတရာထေရီ လောင်းလျာသည် သတိသံဝေဂများ ဖြစ်ပေါ်လာပြီး တရားတို့၌ လေးလေးနက်နက်စိတ်ပါဝင်စားလာလေသည်။

## ရဟန္တာဖြစ်ပြီ

ထို့နောက် များမကြာမီမှာပင် အညတရာထေရီသည် ဆိတ်ငြိမ်ရာသို့သွားရောက်ကာ ဓမ္မဒိန္နာထေရီ ဆုံးမတော်မူသော နည်းအတိုင်း ခန္ဓာ, အာယတန,ဓာတ်တရားတို့ကို ပွားများအားထုတ်လေရာ ကိလေသာ အာသဝေါ ကင်းရှင်းပြီး ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ရဟန္တာအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်မှစ၍ အဘိညာဉ်ခြောက်ပါးတို့ကိုလည်း ရရှိတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



အညတရာထေရီသည် ရဟန္တာဖြစ်ပြီးနောက် အလွန်ဝမ်းမြောက်တော်မူလှသဖြင့် မိမိ၏ ဘဝသံသရာတစ်လျှောက် ဖြစ်ခဲ့ရပုံ အတိတ်အကြောင်းများကို ဤသို့ ပြန်လည်ဟောပြတော်မူသည်။

## ပြန်လည်ဟောပြပြီ

ပဉ္စဝီသတိ ဝဿာနိ၊ ယတော ပဗ္ဗဇိတာ အဟံ။
နစ္ဆရာ သံဃာတမတ္တံပိ၊ စိတ္တဿုပသမဇ္ဈဂံ။

အဟံ၊ အကျွန်ုပ်သည်။ ယတော၊ အကြင်အခါ၌။ ပဗ္ဗဇိတာ၊ သာသနာတော်တွင် ခိုဝင်၍ရဟန်းပြုခဲ့ပါ၏။ တတော၊ ထိုအခါမှ။ ပဉ္စဝီသတိဝဿာနိ၊ နှစ်ဆယ့်ငါးနှစ်ပတ်လုံး။ အစ္ဆရာသံဃာတမတ္တံပိ၊ လက်ဖြစ်တစ်တွက်၊ လျှပ်တပြက်ကလေးလောက်မျှလည်း။ စိတ္တဿ၊ စိတ်၏။ ဥပသမံ၊ ငြိမ်သက်တည်ကြည်ခွင့်ကို။ နဇ္ဈဂံ၊ မရခဲ့ပါ။

အလဒ္ဓါ စေတသော သန္တိံ၊ ကာမရာဂေန ဝဿုတာ။
ဗာဟာ ပဂ္ဂယှ ကန္ဒန္တီ၊ ဝိဟာရံ ပါဝိသိံ အဟံ။

အဟံ၊ အကျွန်ုပ်သည်။ ကာမရာဂေန၊ ကာမဂုဏ်တွင် ခုံမင်တပ်မက်ခြင်းဖြင့်။ အဝဿုတာ၊ မတားမဆီးနိုင် အမြဲယိုစီးလေသည်ဖြစ်၍။ စေတသော သန္တိံ၊ စိတ်၏တည်ငြိမ်ခွင့်ကို။ အလဒ္ဓါ၊ လျှပ်တစ်ပြက်ကလေးမျှ မရလေသောကြောင့်။ ဗာဟာ၊ လက်ရုံးနှစ်ဖက်တို့ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ကန္ဒန္တီ၊ ဝမ်းနည်းဆူလှိုက် ရှုိက်ငိုကြွေးလျက်။ ဝိဟာရံ ကျောင်းခန်းအတွင်းသို့၊ ပါဝိသိံ၊ အတင်းပြေးကာ ဝင်ခဲ့ရပါသတည်း။

တံ ဘိက္ခုနိမုပဂစ္ဆိံ၊ ယာ မေ သဒ္ဓါယိကာ အဟု။
သာ မေ ဓမ္မ မဒေသေသိ၊ ခန္ဓာယတန ဓာတုယော။

တတော၊ ထိုနှစ်ဆယ့်ငါးနှစ်လွန်, ခြောက်နှစ်မြောက်ပြီးသောနောက်မှ။ အဟံ၊ အကျွန်ုပ်သည်။ တံဘိက္ခုနိံ၊ တရားဟောသောအရာတွင် လွန်စွာထက်

www.burmeseclassic.com

www.burmeseclassic.com



မြွက်၍ ဧတဒဂ်ရတော်မူသော ထိုဓမ္မဒိန္နာ ဘိက္ခုနီအရှင်မထံသို့။ ဥပဂစ္ဆိ၊ ဆည်းကပ်ခဲ့ပါပြီ။ ယာ၊ အကြင်ဓမ္မဒိန္နာ ထေရီအရှင်မသည်။ မေ၊ အကျွန်ုပ်အား။ သဒ္ဓါယိကာ၊ သဒ္ဓါပန်းကို လန်းလန်းတင့်တင့် ပွင့်စေနိုင်သည်။ အဟု၊ ဖြစ်တော်မူပေ၏။ သာ၊ ထိုဓမ္မဒိန္နာ ထေရီအရှင်မသည်။ မေ၊ အကျွန်ုပ်အား။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အဒေသေသိ၊ ဟောကြားတော်မူပေ၏။ ခန္ဓာယတနဓာတုယော၊ ခန္ဓာတရား, အာယတနတရား, ဓာတ်တရားတို့ကိုလည်း။ အဒေသေသိ၊ ခွဲခြမ်းဝေဖန်၍ ဉာဏ်အမြင် ပွင့်လင်းအောင် ရှင်းရှင်းကြီး ဟောတော်မူပါပေ၏။

တဿာ ဓမ္မံ သုဏိတွာန၊ ဧကမန္တေ ဥပါဝိသိံ။
ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခုံ ဝိသောဓိတံ။

အဟံ၊ အကျွန်ုပ်သည်။ တဿာ၊ ထိုဓမ္မဒိန္နာ ထေရီ၏။ ဓမ္မံ၊ ဟောတော်မူအပ်သောတရားတော်ကို။ သုဏိတွာန၊ မိမိစိတ်ထဲ၌ စွဲအောင်ကြားနာပြီးသော်။ ဧကမန္တေ၊ ဆိတ်ငြိမ်သော အရပ်တစ်ခု၌။ ဥပါဝိသိံ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရန်အမှတ်ဖြင့် ကပ်ရောက်ခိုဝင်ခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ခဲ့ဖူးသော ဘဝအမျိုးမျိုးကို။ ဇာနာမိ၊ မကျန်မကြွင်း ထင်လင်းဉဿုံ အလုံးစုံကို သိရပါ၏။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို။ ဝိသောဓိတံ၊ အကုသိုလ် ရှင်းလင်းသုတ်သင်ကာ အပိုင်ရခဲ့ပါပြီ။

စေတောပရိယဉာဏဉ္စ၊ သောတဓာတု ဝိသောဓိတာ။
ဣဒ္ဓီပိ မေ သစ္ဆိကတာ၊ ပတ္တော မေ အာသဝက္ခယော။

မေ၊ အကျွန်ုပ်သည်။ စေတောပရိယဉာဏဉ္စ၊ သူတစ်ပါးစိတ်အကြံကို အမှန်အတိုင်းသိသော စေတောပရိယဉာဏ်ကိုလည်း။ ဝိသောဓိတံ၊ ရှင်းလင်းသုတ်သင်အပ်ပေပြီ။ သောတဓာတု၊ ဒိဗ္ဗသောတ အဘိညာဉ်ဓာတ်ကိုလည်း။ ဝိသောဓိတာ၊ ရှင်းလင်းသုတ်သင်အပ်ပေပြီ။ မေ၊ အကျွန်ုပ်အား။ အာသဝက္ခယော၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်မှုကြီးသည်။ ပတ္တော၊ ဆိုက်ရောက်ခဲ့လေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



အမည်အားဖြင့် မထင်ရှား၍ အညတရဟု ခေါ်ဆိုခံရသော ထေရီသည်ရဟန္တာဖြစ်တော်မူပြီးနောက် အသက်ဆုံးသည့်တိုင်အောင် သာသနာတာဝန်ကို ရွက်ဆောင်ပြီး နိဗ္ဗာန်သောင်တစ်ဖက်ကမ်းသို့ ကြွမြန်းတော်မူလေသတည်း။

အညတရာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဝိမလာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် သံသရာဘဝအဆက်ဆက်တို့၌ အမျိုးမျိုးသော ကောင်းမှုကုသိုလ်များကို ပြုလုပ်ကာ ပါရမီများကို ဖြည့်ဆည်းခဲ့သူဖြစ်သည်။

## ဝေသာလီပြည်သူ

ယခု ဂေါတမရှင်တော်ဘုရား လက်ထက်တော်တွင်မူ ဝေသာလီပြည်၌ ပြည့်တန်ဆာမတစ်ဦး၏ သမီးဘဝသို့ ရောက်လာခဲ့ရသည်။ ကံအကျိုးပေးပုံဆန်းကြယ်သဖြင့် အန္တိမဘဝိကခေါ် အဆုံးစွန်ဘဝ၌ လူဖြစ်နေရသော်လည်း သူ၏ဘဝအဖြစ်ကား ဆိုးဝါးလှသည်။

ငှက်ပျောပင်စိုက် မိလိုက်ဖပါဆိုသော စကားအတိုင်း မိဘတို့၏ ဓလေ့ဝသီစရိုက်သည် သားသမီးများသို့ လိုက်လေ့ရှိသဖြင့် ထိုအမျိုးသမီးကလေး အချိန်တန်အရွယ်သို့ ရောက်လာသောအခါ မိခင်ဖြစ်သူ၏ ပြည့်တန်ဆာအလုပ်ခွင်သို့ ဝင်ခဲ့ရရှာသည်။

## ဝိမလာခေါ် ခင်သန့်စင်

သူ၏ရုပ်အဆင်း တင့်တယ်ခြင်းကြောင့် ဝေသာလီပြည်ကြီးအတွင်းရှိ လိစ္ဆဝီမင်းများမှအစ သူဌေးကြီး၊ သူကြွယ်ကြီးများ အပါအဝင် ကျားပေါင်းစုံ

www.burmeseclassic.com

www.burmeseclassic.com



တို့သည် ဝိမလာထံသို့ သွားလာဝင်ထွက် ဆက်ဆံကြသည်။ ဝိမလာသည် အသက်အရွယ်ကလေးကလည်းငယ်တုန်း၊ အရွယ်ကလေးကလည်း ကောင်းတုန်း၊ ရုပ်အဆင်းကလည်း လှတုန်းပတုန်း၊ အမူအရာကလည်း ပြေပြစ်၊ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောကြောင့် စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေတို့သည် ပေါချင်တိုင်းပေါ၊ များချင်တိုင်း များနေအောင် ရနေခဲ့တော့သည်။

ဝိမလာသည် စည်းစိမ်ချမ်းသာကလည်း များပြား၊ အခြွေအရံကလည်း ပေါများ၊ ဂုဏ်တန်ခိုးရှိသူတို့၏ နှစ်သက်ခြင်းကိုလည်း ခံရသော လောကီသမ္ပတ္တိဂုဏ် အမျိုးမျိုး ပြည့်စုံနေသောကြောင့် မာန်တက်ခြင်း အမျိုးမျိုးဖြင့်လည်း မာန်တက်နေလေသည်။

## သားမုဆိုးတို့တဲ့သို့

ဝိမလာသည် သူ၏ကိုယ်ကို အမျိုးမျိုးသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်ပြီး အိမ်တံခါးဝ၌ ရပ်လျက် ယောကျ်ားမြင်သမျှကို မြူဆွယ်သည်။ ကျားဟူသမျှ သူ့လက်က မလွတ်ရအောင် ညွှတ်ကွင်းထောင်သည်။ ဤမျှသာမက ယောကျ်ားတို့ နှစ်သက်လာအောင် ဝတ်စားတန်ဆာများကို လျှော့ဖြေလျက် မမြင်စကောင်းသော ကိုယ်အင်္ဂါများကိုလည်း လှုပ်လှုပ်ရှားရှား အမှတ်မထင် ပြသလေ့ရှိသူ ဖြစ်သည်။

## အရှင်မဟာမောဂ္ဂလာန်ကိုပင် ဖြားယောင်းခဲ့ပုံ

တစ်နေ့သောအခါ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည် ဝေသာလီပြည်အတွင်းသို့ ဆွမ်းခံကြွတော်မူရာ ဝိမလာ၏ အိမ်အနီးသို့ ရောက်သွားသည်။ ထိုအခါ ဝိမလာက အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး အပေါ် သာယာတပ်မက် နှစ်သက်မြတ်နိုးစိတ် ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ဝိမလာသည် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို မြင်လျှင်မြင်ချင်း ငါ့အလိုသို့ပါအောင် မိန်းမတို့ အမူအရာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ညွတ်ကွင်းထောင်ကာ အရဆွဲဆောင်မည်ဟု ကြံစည်ပြီး အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး သီတင်းသုံးရာဌာနသို့ သူကိုယ်တိုင် လိုက်သွားခဲ့သည်။

မထေရ်မြတ်ကြီး၏ အထံတော်သို့ ဝိမလာရောက်သောအခါ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက သူ၏ထံသို့ တံရားနာရန် လာရောက်သည်ထင်သောကြောင့် လက်ခံထားတော်မူသည်။ ထိုအခါ ဝိမလာက သူ့အစွမ်းရှိသမျှ မိန်းမတို့၏ ပရိယာယ်မာယာ အမျိုးမျိုးတို့ဖြင့် အရှင်မြတ်ကြီးကို သူ့အလိုသို့ပါအောင် သွေးဆောင်ဖြားယောင်းသေးသည်။

## အသုဘတရားဟောပြီ

အမူအရာ အမျိုးမျိုးဖြင့် ဝိမလာက ဖြားယောင်း သွေးဆောင်သောအခါ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက ဝိမလာအား ဤသို့ အသုဘတရားကို ဟောကြားတော်မူသည်။ "အိုး . . မာတုဂါမကလေး၊ အလွန် ကြီးကျယ်လှသော ကျောက်တောင်ကြီးကို ပဒုမ္မာကြာရိုးဖြင့် ထိုးဖောက်၍ ဖြိုမည်ကြံစည်သော်လည်း ဘယ်နည်းနှင့်မျှ မဖြစ်မြောက်နိုင်သကဲ့သို့ သင် ပိုင်ဆိုင်သော မိန်းမပရိယာယ် အသွယ်သွယ်တို့ဖြင့် ဘယ်လိုပင် ဖြားယောင်း သွေးဆောင်သော်လည်း သင့်အလိုသို့ ငါ လိုက်ပါလိမ့်မည်မဟုတ်။ သင်၏ ရုပ်ဆင်းသဏ္ဌာန်သည် လောကီလူတို့၏အလယ်တွင် မည်မျှလောက်ပင် တင့်တယ်သော်လည်း သင့်ရုပ်မျိုး အပုပ်အိုးကို ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ်မှာ တပ်မက်နိုင်ပါမည်နည်း"

"တရားကိုမသိသော လူဗာလတို့သည်သာလျှင် သင်၏ ရုပ်သွင်ကို ခင်မင် တပ်မက်ကြပေလိမ့်မည်။ ရုပ်ဆင်းသဏ္ဌာန်ဆိုသည်မှာ ကိလေသာထူပြော၍ မောဟကြီးသူများကိုသာ အလိုသို့ပါအောင် သွေးဆောင်နိုင်သည်။ တရားကို သိပြီးသော ပုဂ္ဂိုလ်မှန်လျှင် လူတို့၏ ရုပ်သွင်သဏ္ဌာန်ကို ဘယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တပ်မက်နိုင် မည်နည်း။ မစင်ကြယ်သော အပုပ်အမျိုးမျိုးတို့၏ စုဝေးရာ လူတို့၏ ကိုယ်ခန္ဓာကို တရားဖြင့် ကြည့်ရှု ဆင်ခြင်ပါလျှင် စက်ဆုပ်ဖွယ်ရာသာ အမှန်ဖြစ်သည်"

"တဏှာမှိုင်းတိုက်၍ အမိုက်မှောင် မိနေကြသူ ပုထုဇဉ် သတ္တဝါများသာလျှင် သင် ပိုင်ဆိုင်သော သည်လိုကိုယ်ခန္ဓာမျိုးကို မြတ်မြတ်နိုးနိုးနှင့် ခုံမင်နိုင်ကြပေမည်။ သင်သည် သင့်အလိုကို ပါလိမ့်မည်အထင်နှင့် ငါ့ထံသို့လာပြီး သွေးဆောင်ဖြားယောင်သည်မှာ သင်၏ အကြံနှင့် သင်၏ ဝီရိယများသည် အလကား အချီးနှီးဖြစ်ကုန်ကြပြီ"

"သင် မာတုဂါမကလေးသည်လည်း မိမိ၏ရုပ်အသွင်ကို အမျိုးမျိုးပြင်ဆင်ပြီး ကိုယ့်အဆင်းသဏ္ဌာန်အတွက်နှင့် မာန်တက်၍ မနေလေနှင့်။ ပကတိ သဘောအားဖြင့် မစင်ကြယ်သော အပုပ်ကောင်ကို ဟန်ဆောင်ကာ ပြုပြင်နေကြသော်လည်း တကယ် စင်စစ်အားဖြင့် ချစ်ခင်နှစ်သက်ဖွယ်ရှိသော သုဘသဘောသို့ ပြောင်းလဲ၍ လာမည်မဟုတ်"

"အို. . . မာတုဂါမကလေး၊ မိမိ၏ရုပ်အဆင်းဖြင့် ရင်းနှီးပြီး အကုသိုလ်တရားပွားများအောင် မလုပ်ပါနှင့်။ သင်သည် နစ်သည်ထက် နစ်မွန်းသွားလိမ့်မည်။ ဤယခု ငါဟောကြားသည် အသုဘတရားကို သတိထားပြီး ပွားများဆင်ခြင်လေတော့"

## သံဝေဂရပြီ

အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ယင်းသို့ အသုဘတရားဟောကြားတော်မူသောအခါ ပြည့်တန်ဆာမ ဝိမလာသည် ရှေးရှေးသောအခါက ပါရမီဓာတ်ခံ ရင့်သန်ခဲ့ဖူးသူဖြစ်သောကြောင့် အသုဘတရားကို ကြားလျှင်ကြားချင်း ထိုနေရာမှာပင် သတိသံဝေဂရသည်။ ထိုကြောင့် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးထံမှာပင် သရဏဂုံသီလများကိုခံယူလျက် ဤသို့ လျှောက်ထားပြန်သည်။ "အရှင်မြတ်ကြီးဘုရား။ ယနေ့မှစ၍ တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်မကို ဘုရားကို ဆည်းကပ်သောသူ၊ တရားကို ဆည်းကပ်သောသူ၊ သံဃာကို ဆည်းကပ်သောသူ၊ ဘုရားသမီးတော်၊ တရားသမီးတော်၊ သံဃာ့သမီးတော် ဟူ၍မှတ်ပါ ဘုရား။ ယနေ့ကစ၍ ယုတ်မာသောအကျင့်များကို ပယ်ရှားပြီးလျှင် သူတော်ကောင်းတို့၏အလေ့ဖြင့် မြင့်မြတ်စွာ နေထိုင်ပါတော့မည် ဘုရား"

## ပြည့်တန်ဆာအလုပ်စွန့်လိုက်ပြီ

ဝိမလာသည် အရှင်မြတ်ကြီးအား ယင်းသို့ လျှောက်ထားကာ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်သို့ပြန်ရောက်သောအခါ ရှေးက အမှုအရာ အလုံးစုံကို အကုန်ပယ်ဖြတ်ပြီး မြင့်မြတ်သူတို့ အနေမျိုးဖြင့် နေထိုင်သည်။ ပြည့်တန်ဆာအလုပ်ကိုလည်း ထိုနေ့မှစ၍ စွန့်လွှတ်လိုက်တော့သည်။

## စင်ကြယ်သန့်ရှင်းသူဖြစ်လာ

ခင်သန့်စင်ဟု ခေါ်ဆိုထိုက်သူ ဝိမလာသည် ဝါသနာဟောင်းများကို စွန့်ပြီး ရတနာသုံးပါးထံ ခိုလှုံသည်။ ထိုသို့နေသောအခါ ဝိမလာဟူသော အမည်နှင့်အညီ စင်ကြယ်သူသန့်ရှင်းသူဖြစ်သွားတော့သည်။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးထံ ပထမသွားစဉ်တုန်းက ယုတ်မာသော စိတ်တို့ဖြင့် သွားခဲ့သည်။ သို့သော်လည်း ပြန်လာသောအခါ၌မူ မြင့်မြတ်သော ကုသိုလ်ဂုဏ်နှင့် ပြည့်စုံလာသည်။

အကုသိုလ်တရားဟူသော အကြောင်းကြောင့် ကုသိုလ်ဖြစ်ရသည်ဟူသောဘုရားရှင်၏ ပဋ္ဌာန်းဒေသနာ တရားတော်သည် ဤသို့လျှင် အလွန်မှန်ကန်သည့် တရားတော်ဖြစ်ကြောင်း သာဓကပင်ဖြစ်သည်။

ဝိမလာသည် ရတနာသုံးပါးထံ ခိုလှုံလျက် ဘုရားသမီးတော်အဖြစ်နှင့် နေထိုင်သည်။ ထို့နောက် ဤသို့ အကြံဖြစ်လာပြန်သည်။ သာသနာတော်ကြီး ထွန်းကားနေပါလျက် လူ့အဖြစ်နှင့် နေထိုင်နေခြင်းသည် လွန်စွာ အောက်တန်းကျသည်။ သာသနာတော်သို့ဝင်ပြီး ဘိက္ခုနီအဖြစ်နှင့်နေရလျှင် လွန်စွာမြင့်

www.burmeseclassic.com

www.burmeseclassic.com



မြတ်၍ လူဖြစ်ကျိုးနပ်မည်။ ထိုသို့ အကြံဖြစ်ပြီး မကြာမီ မိမိပိုင် စည်းစိမ်ချမ်းသာအားလုံးကိုစွန့်လွှတ်ကာ ဘိက္ခုနီတို့ကျောင်းသို့သွားပြီး ရဟန်းပြုလေတော့သည်။

## ရဟန္တာ အရှင်မ ဝိမလာ

ဝိမလာသည် ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ဆိတ်ငြိမ်ရာဖြစ်သော သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်သို့ သွားကာ ဝိပဿနာတရားကို အားထုတ်သည်။ ပါရမီငုံ ရင့်စုံနေသူဖြစ်သည်နှင့်အညီ မကြာမီအတွင်း မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ရောက်လေတော့သည်။

ရဟန္တာအဖြစ်သို့ ရောက်ပြီးသော် ဝိမလာထေရီက အတိတ်အကြောင်းစုံကို ဤသို့ ပြန်လည်ဟောပြတော်မူသည်။

## အတိတ်အကြောင်းစုံ

မတ္တာ ဝဏ္ဏေန ရူပေန၊ သောဘဂ္ဂေန ယသေန စ။
ယောဗ္ဗနေန စုပတ္ထဒ္ဓါ၊ အညာသမည မညိဟံ။

အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေးလူဖြစ်စဉ် အခါ၌။ ဝဏ္ဏေန၊ ရုပ်အဆင်း လှပခြင်းဖြင့်လည်းကောင်း။ ရူပေန၊ ရုပ်သွင်သဏ္ဍာန် ဟန်ပန်မူရာကြောင့်လည်းကောင်း။ သောဘဂ္ဂေန၊ လူတို့၏စက္ခုဖြင့် ကြည့်ရှုချင်သဖွယ် အလွန်တင့်တယ်ခြင်းကြောင့်လည်းကောင်း။ ယသေနစ၊ ဖျော်ဖြေခစား အခြံအရံတွေများခြင်းကြောင့်လည်းကောင်း။ ယောဗ္ဗနေနစ၊ အရွယ်အဆင်း နုပျိုခြင်း ကြောင့်လည်းကောင်း။ ဥပတ္ထဒ္ဓါ၊ မာန်တက်လေအောင် သွေးဆောင်မြှောက်ပင့်လေသည်ဖြစ်၍။ အညာသံ၊ တစ်ပါးသော မိန်းမတို့အား။ အဘိမညိံ၊ ငါနှင့်မတူသူများဟု ဝါကြွားသမှု မထီမဲ့မြင် ပြုမိခဲ့ပါပြီ။

ဝိဘူသေတွာ ဣမံကာယံ၊ သုစိတ္တံ ဗာလလာပနံ။
အဋ္ဌာသိ ဝေသိဒွါရမှိ၊ လုဒ္ဒေါပါသမိ ဝေါဍ္ဍိယ။



www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီးကို။ သုစိတ္တံ၊ ဆန်းကြယ်သည်ထက် ဆန်းကြယ်လေအောင်။ ဗာလလာပနံ၊ လူမိုက်အများ လိုက်စား ချီးမွမ်းကြအောင်။ ဝိဘူသေတွာ၊ ပြုပြုပြင်ပြင် တန်ဆာဆင်၍။ ဝေသိဒွါရမှိ၊ ပြည့်တန်ဆာမတို့၏ အိမ်တံခါးဝ၌။ အဋ္ဌာသိံ၊ ငါ့လက်က မလွတ် အောင် ကျားတွေကို ထောင်မည်ဟု ရုပ်ဆောင်ဇန်းပြကာ ရပ်တည်၍ နေခဲ့ ပါပြီ။ ကိမိဝ၊ အဘယ်ဥပမာကဲ့သို့ နည်းဟူမူကား။ ပါသံ၊ ကျော့ကွင်းကို။ ဩဍ္ဍိယ၊ ထောင်၍။ လုဒ္ဒေါ၊ မုဆိုးကြီးသည်။ အဋ္ဌာသိဣဝ၊ သမင်အပေါင်းကို ချောင်းကာမြောင်းကာ ရပ်တည်ကာ နေလေဘိသကဲ့သို့တည်း။

ပိဠန္ဓနံ ဝိဒံသေန္တီ၊ ဂုယှံ ပကာသိတံ ဗဟုံ။
အကာသိံ ဝိဝိဓံ မာယံ၊ ဥဇ္ဈဂ္ဃန္တီ ဗဟုံ ဇနံ။

အဟံ၊ အကျွန်ုပ်သည်။ ပိဠန္ဓနံ၊ ဝတ်စားတန်ဆာများကို။ ဝိဒံသေန္တီ၊ တလှုပ်လှုပ် တရှားရှား လူအများမြင်အောင်ပြုလျက်။ ဂုယှံ၊ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါကို။ ဗဟုံ၊ အကြိမ်ပေါင်းများစွာ။ ပကာသိတံ-ပကာသေန္တီ၊ လူအများ မြင်အောင် အထင်အရှားဖော်ပြလျက်။ ဝေသိဒွါရမှိ၊ ပြည့်တန်ဆာမတို့၏ အိမ်တံခါးဝ၌။ အဋ္ဌာသိံ၊ ရပ်တည်၍နေခဲ့ပါသည်။ ဗဟုံဇနံ၊ များစွာသော လူအပေါင်းကို။ ဥဇ္ဈဂ္ဃန္တီ၊ ချစ်ကြိုက်ဖို့အရေး မျက်နှာချိုသွေးလျက်။ ဝိဝိဓံ မာယံ၊ မာယာအသွယ်သွယ် ပရိယာယ်အမျိုးမျိုးကို။ အကာသိံ၊ ပြုလုပ်သွေး ဆောင်ခဲ့ပါလေပြီ။

သာ'ဇ္ဇပိဏ္ဍံ စရိတွာန၊ မုဏ္ဍာ သံဃာဋိပါရုတာ။
နိသိန္နာ ရုက္ခမူလမှိ၊ အဝိတက္ကဿ လာဘိနီ။

အဇ္ဇ၊ ယခုအခါမူကား။ သာ၊ ထိုပြည့်တန်ဆာမ ဖြစ်ခဲ့ဖူးသော အကျွန်ုပ် သည်။ မုဏ္ဍာ၊ ဆံပင်ကို ပြောင်အောင်ရိတ်၍။ သံဃာဋိပါရုတာ၊ ဒုကုဋ် သင်္ကန်းကြီးကို ဝတ်ရုံလျက်။ ပိဏ္ဍံ၊ ဆွမ်းခံခြင်းအလုပ်ကို။ စရိတွာန၊ လှည့် လည်၍။ အဝိတက္ကဿလာဘိနီ၊ ဝိတက်ကင်းသော ဈာန်အလုံးစုံကို အကုန် ရရှိပြီးသော်။ ရုက္ခမူလမှိ၊ သစ်ပင်ရင်း၌။ နိသိန္နာ၊ ကမ္မဋ္ဌာန်း အလုပ်မျိုးဖြင့် ပုန်းလျှိုး၍ နေရပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗေ ယောဂါ သမုစ္ဆိန္နာ၊ ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
ခေပေတွာ အာသဝေ သဗ္ဗေ၊ သီတိဘူတာမှိ နိဗ္ဗုတာ။

အဇ္ဇ၊ ယခုအခါ၌။ သဗ္ဗေယောဂါ၊ အလုံးစုံသော ဝဋ်ဆင်းရဲနှင့် ယှဉ်စေတတ်သော တရားတို့ကို။ သမုစ္ဆိန္နာ၊ မကျန်မကြွင်း ရှင်းလင်း ပယ်ဖြတ် အပ်ကုန်ပြီ။ ယေဒိဗ္ဗာစ၊ အကြင်နတ် ပြည်နှင့်ဆိုင်သော ကာမဂုဏ် အလုံးစုံ တို့ကို လည်းကောင်း။ ယေမာနုသာ စ၊ အကြင်လူ့ပြည်နှင့်ဆိုင်သော ကာမဂုဏ် အလုံးစုံတို့ကို လည်းကောင်း။ သမုစ္ဆိန္နာ၊ မကျန်မကြွင်း ရှင်းလင်း ပယ်ဖြတ်အပ် ကုန်ပြီ။ အဇ္ဇ ယခုအခါ၌။ သဗ္ဗေ၊ ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော။ အာသဝေ၊ စီးသွန်ကျလျှော အာသဝေါတို့ကို။ ခေပေတွာ၊ မကျန်မကြွင်း ရှင်းလင်းကုန်ခန်း စေပြီး၍။ နိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းလျက်။ သီတိဘူတာ၊ အေးမြ ချမ်းသာစွာ နေထိုင်ရသည်။ အမှိ၊ ဖြစ်၍နေပါပြီ။

ဝိမလာထေရီအပဒါန် ဝတ္ထု ပြီး၏။

■ ■ ■

# သီဟာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်ခဲ့သော ဘဝသံသရာ အဆက်ဆက် တို့၌ ကုသိုလ်ကောင်းမှု မျိုးစုံပြုလုပ်ခဲ့သည်။ အထူးထူးသော ပါရမီမြောက် သည့် ဒါန၊ သီလ၊ စသည်တို့ကိုလည်း ဆည်းပူးအားထုတ်လျက် ကောင်းမှု များပြုလုပ်ခဲ့သည်။

## ဂေါတမဘုရားရှင်လက်ထက်

ဤသို့ဘဝအဆက်ဆက် သံသရာတို့၌ ကုသိုလ်ကောင်းမှုများပြုကာ ကုသိုလ်အကျိုးများ ခံစားခဲ့ရပြီးနောက် ဂေါတမရှင်တော်ဘုရား လက်ထက်

www.burmeseclassic.com

www.burmeseclassic.com



တော်သို့ ရောက်သောအခါ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ စစ်သူကြီးဖြစ်သော 'သီဟ' စစ်သူကြီး၏ တူမကလေးဖြစ်လာခဲ့ရပြန်သည်။

သီဟစစ်သူကြီးသည် ရှင်တော်ဘုရား လက်ထက်တော်၌ လွန်စွာထင်ရှားသူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဤတူမကလေးကိုလည်း အလွန်တစ်ရာချစ်ခင်မြတ်နိုးလှသဖြင့် မိမိ၏ အမည်အတိုင်း ခေါ်တွင်စေလိုသောကြောင့် အမည်ပေးသောအခါ 'သီဟာ' ဟုပင် အမည်ပေးခဲ့သည်။

## ယဉ်ကျေးလိမ္မာသူ

သီဟစစ်သူကြီး၏ တူမကလေးဖြစ်သူ သီဟာသည် ရှေးရှေးဘဝများစွာက ပါရမီဖြည့်ကျင့် ဆည်းပူးခဲ့သည့်အတိုင်း ယဉ်ကျေးလိမ္မာသူကလေးဖြစ်သည်။ အရွယ်ရောက်လာသောအခါ ကောင်းမှုပါရမီ စိတ်ဓာတ်ဝသီပါခဲ့သည့်အတိုင်း အိမ်ရာတည်ထောင် လူ့ဘောင်၌ မနေလိုပေ။ သာသနာတော်၏ တာဝန်တိုထမ်းဆောင်၍ ရဟန်းပြုကာ နေချင်သော ဆန္ဒက သူ့ကိုကြီးစိုးလွှမ်းမိုးနေလေသည်။

## ရဟန်းပြုရန် သန္နိဋ္ဌာန်ချပြီ

တစ်နေ့သောအခါ သီဟစစ်သူကြီးသည် မိမိ၏အိမ်သို့ သံဃာတော်များနှင့်တကွ ရှင်တော်ဘုရားကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ်သည်။ ရှင်တော်ဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ အနုမောဒနာတရား ဟောကြားတော်မူသည်။ သီဟာအမည်ရှိ အမျိုးသမီးကလေးသည်လည်း ရှင်တော်ဘုရား၏ တရားကို နာကြားနေသည်။ တရားတော်ကြီး ဆုံးသွားသော် သီဟာသည် တရားအရသာကို လွန်စွာနှစ်ခြိုက်လှသဖြင့် ထိုနေ့မှာပင် လူ့ဘောင်မှခွာရှောင်၍ ရဟန်းပြုရန် သန္နိဋ္ဌာန်ချလိုက်တော့သည်။ သီဟစစ်သူကြီးအိမ်မှရှင်တော်ဘုရား ကြွသွားပြီးနောက် မကြာမီမှာပင် သီဟာသည် ဦးကြီးဖြစ်သူ သီဟစစ်သူကြီးနှင့်တကွ မိဘတို့ထံသွားပြီး ရဟန်းပြုရန် ခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com





သီဟစစ်သူကြီး၏တူမကလေး သီဟာ ဘိက္ခုနီပြုခွင့်ရရန် စစ်သူကြီးထံခွင့်တောင်းနေပုံ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးနှင့် မိဘများက သာသနာတော်ကို ကြည်ညိုရင်း ရှိကြသူများဖြစ်၍ တားဆီးကန့်ကွက်ခြင်း မပြုကြဘဲ အကြည်အသာဖြင့်ပင် ခွင့်ပေးကြသည်။

## ဘိက္ခုနီကျောင်းသို့

သီဟာသည် ခွင့်ပြုချက်ရသဖြင့် ရွှင်လန်းဝမ်းသာစွာဖြင့် ဘိက္ခုနီကျောင်းသို့ အရောက်သွားပြီး ရဟန်းပြုတော့သည်။ ရဟန်းပြုပြီးနောက် ဘိက္ခုနီတို့၏ ကျင့်ဝတ်တရားတို့ကို သင်ကြားသည်။ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရန် ဆိတ်ငြိမ်ရာအရပ်တွင် တစ်ကိုယ်တည်း သွားရောက်နေထိုင်သည်။

## သမာဓိမရ

သီဟာထေရီ တရားအားထုတ်သောအခါ သမာဓိမရနိုင်ဘဲ သူ၏ စိတ်များသည် ပြန့်လွင့်ပြေးလွှား၍သာနေခဲ့သည်။ သမာဓိ မရသည့်အတွက် စိတ်ကို မထိန်းသိမ်းနိုင်ဘဲ အပြင်အာရုံ နှောင့်ယှက်သဖြင့် ဝိတက်အမျိုးမျိုး ဝင်လာကာ စိတ်အကြံအမျိုးမျိုး ဖြစ်နေတော့သည်။ လောကီလူ့ဘုံတွင် ကာမဂုဏ်အာရုံများကို ပျော်ပျော်ပါးပါး ခံစားချင်သည့်စိတ်များ မပြတ် ဖြစ်ပေါ် လျက်ရှိသည်။

## ကိုယ့်ကိုကိုယ် သတ်သေရန်ကြံ

သီဟာထေရီ ဘိက္ခုနီသည် အပြင်အာရုံ နှောင့်ယှက်၍ အကြံအစည်များပြားကာ တလှုပ်လှုပ် တရှားရှားနှင့် သမာဓိတရား မရဘဲဖြစ်နေခဲ့သည်မှာ ခုနစ်နှစ်တိုင်တိုင် ကြာသွားသည်။ ထို့ကြောင့် ထေရီသည် အလွန် စိတ်နှလုံး မချမ်းသာသဖြင့် "ငြော် လူ့ဘောင်မှခွာရှောင်ပြီး ရဟန်းပြုလာပါသော်လည်း ချမ်းသာခွင့်ကို မရပါကလား။ ဝိပဿနာအလုပ်ကို အားထုတ်ပြန်တော့လည်း တရားထူးကို မရနိုင်။ အပြင်အာရုံ အစဉ်မပြတ် နှောင့်ယှက်၍ ဝိတက်ကိုပင် ငြိမ်းအောင်မတတ်နိုင်။ သာသနာဘောင်မှာ မပျော်သည့်အတွက် လူထွက်မည်

www.burmeseclassic.com

www.burmeseclassic.com



ကြံလျှင်လည်း ဘကြီးဖြစ်သူ သီဟစစ်သူကြီးနှင့် မိဘဆွေမျိုးတို့ မျက်နှာကို ဘယ်သို့ ကြည့်ရပါ့မလဲ။ ဒါကြောင့် ကိုယ့်အသက်ကို ကိုယ်ခြွေပြီး ခပ်မြန်မြန် သေလိုက်ရလျှင် ကောင်းလိမ့်မည်' ဟု ကြံစည်မိသည်အထိ ဖြစ်နေရသည်။

## တောအုပ်တွင်းသို့ဝင်လျက်

သီဟာထေရီ ဘိက္ခုနီသည် ကိုယ့်အသက်ကို ကိုယ်တိုင် သတ်ရန် ဆုံးဖြတ်ပြီး ကြိုးတစ်ခုကိုယူလျက် သီတင်းသုံးဖော် ဘိက္ခုနီများ မသိအောင် တောအုပ်တစ်ခုအတွင်းသို့ တစ်ကိုယ်တည်းထွက်သွားခဲ့သည်။ ထိုတောအုပ် အတွင်းသို့ရောက်သော် ကြိုးစကိုကိုင်လျက် သစ်ပင်တစ်ပင်ပေါ်သို့ တက်ခဲ့ သည်။ သစ်ပင်ပေါ်သို့ ရောက်သောအခါ သစ်ကိုင်းတစ်ခုတွင် တစ်ဖက်သော ကြိုးစကို ချည်နှောင်ပြီး အခြား ကြိုးစတစ်ဘက်ကို ကွင်းလျှော ပြုလုပ်ကာ လည်ပင်းကို စွပ်လိုက်သည်။

## ရဟန္တာဖြစ်ပြီ

ထေရီသည် ထိုသို့ မိမိလည်ပင်းကို ကြိုးကွင်းစွပ်လိုက်သည်နှင့် တစ်ပြိုင်နက် ရှေးကံပါရမီအဟုန် ထောက်ကူသဖြင့် သူစီးဖြန်းခဲ့သည့် ဝိပဿနာ ကမ္မဋ္ဌာန်း အာရုံများ အလုံးစုံ ထင်မြင်လာတော့သည်။ ထိုအခါ သမာဓိနှင့် ပညာ အခိုက်သင့်လျော်စွာ အချိုးကျဖြစ်ပေါ်ပြီး ပထမသောတာပတ္တိမဂ်မှစ၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့တိုင်အောင် တရှိန်တည်း ပေါက်ရောက်လျက် ရဟန္တာ ဖြစ်သွားလေတော့သည်။

ထေရီသည် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်သည်နှင့် တပြိုင်နက် လည်ပင်း၌စွပ်ထားသော ကြိုးကွင်းကြီးသည် မည်သူမှ မချွတ်ရဘဲ သူ့ အလိုလို ကျွတ်သွားတော့သည်။

## လုပ်ကြံ၍ မသေနိုင်

သီဟာထေရီသည် သစ်ပင်ပေါ်သို့ တက်ပြီး အသက်ကို ဖြတ်မည်ဟု ကြံစည်လျက် လည်ပင်း၌ ကြိုးတန်းလန်းနှင့် ရဟန္တာအဖြစ်သို့ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အန္တိမ ဘဝိကခေါ် အဆုံးဘဝတွင် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်များသည် မိမိကိုယ်တိုင်ဖြစ်စေ, သူတစ်ပါးကဖြစ်စေ အသက်သေဆုံးအောင် ဘယ်လိုပင် ကြံသော်လည်း ရဟန္တာ မဖြစ်သမျှ ဘယ်လိုနည်းနှင့်မျှ မသေနိုင်ဟု ကျမ်းဂန်တို့အရ သိရသည်။

သီဟာထေရီ ဘိက္ခုနီသည် သစ်ပင်ထက်မှာပင် ရဟန္တာအဖြစ်သို့ ရောက်သွား၍ ဝမ်းမြောက်ဝမ်းသာဖြင့် ဤသို့ ဥဒါန်းကျူးခဲ့လေသည်။

## ဥဒါန်းကျူးပြီ

အယောနိသော မနသိကာရာ၊ ကာမရာဂေန အဋ္ဋိတာ။
အဟောသိံ ဥဒ္ဓတာ ပုဗ္ဗေ၊ စိတ္တေ အဝသဝတ္တိနီ။

အဟံ၊ အကျွန်ုပ်သည်။ အယောနိသော မနသိကာရာ၊ မသင့်, မတင့်နှလုံးသွင်းမိသည်ဖြစ်၍။ ပုဗ္ဗေ၊ ရဟန္တာ, မဖြစ်မီ ရှေးကာလ၌။ ကာမရာဂေန၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခုန်မင်နှစ်သက်သောစိတ်ဖြင့်။ အဋ္ဋိတာ၊ နှိပ်စက်အပ်သည်ဖြစ်၍။ စိတ္တေ၊ မိမိစိတ်၌။ အဝသဝတ္တိနီ၊ ကိုယ့်အလိုသို့ပါအောင် မစိုးမပိုင်ဘဲ။ ဥဒ္ဓတာ၊ ပြန့်ပွားချောက်ချား သမာဓိတရားနှင့် ဝေးကွာခဲ့သည်။ အဟောသိံ၊ ဖြစ်ရပါပြီ။

ပရိယုဋ္ဌိတာ ကိလေသေဟိ၊ သုခသညာနုဝတ္တိနီ။
သမံ စိတ္တဿ နာလဘိံ၊ ရာဂစိတ္တဝသာနုဂါ။

အဟံ၊ အကျွန်ုပ်သည်။ ကိလေသေဟိ၊ ကိလေသာတရားတို့ဖြင့်။ ပရိယုဋ္ဌိတာ၊ နှိမ်နင်းလို့မရအောင် ထကြွသောင်းကျန်းသည်ဖြစ်၍။ ရာဂစိတ္တဝသာနုဂါ၊ ရာဂစိတ်မိုက်၏ အလိုသို့လိုက်လျက်။ သုခသညာနုဝတ္တိနီ၊ ကာမဂုဏ်ငါးဖြာ၌ ချမ်းသာသည်ဟူသော စွဲလမ်းထင်မြင်ချက်ကြောင့်။ စိတ္တဿ၊ မိမိစိတ်၏။ သမံ၊ သက်သာချမ်းမြေ့ခွင့်ကို။ နလဘိံ၊ မရခဲ့ပါ။

ကိသာ ပဏ္ဍုဝိဝဏ္ဏာ စ၊ သတ္တဝဿာနိ စာရိဟံ။
နာဟံ ဒိဝါ ဝါ ရတ္တိံ ဝါ၊ သုခံ ဝိန္ဒိံ သုဒုက္ခိတာ။

www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ ကိသာစ၊ ပိန်ကြုံသော ကိုယ်ရှိသည်ဖြစ်၍လည်းကောင်း။ ပဏ္ဍုစ၊ ဖြူဖပ်ဖြူယော် အမြင်မတော်သော ကိုယ်ရှိသည်ဖြစ်၍လည်းကောင်း။ ဝိဝဏ္ဏာစ၊ အရုပ်အဆင်း ချို့ယွင်းပျက်စီးသည်ဖြစ်၍လည်းကောင်း။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ စရိံ၊ တလှုပ်လှုပ်တရှားရှားနှင့်သွားလာနေထိုင်ခဲ့ရပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ ဒိဝါဝါ၊ နေ့အခါ၌သော်လည်းကောင်း။ ရတ္တိံဝါ၊ ညဉ့်အခါ၌သော်လည်းကောင်း။ သုခုက္ခိတာ၊ မသက်မသာ လွန်စွာဆင်းရဲလှသည်ဖြစ်၍။ သုခံ၊ သက်သာသဖြင့် ချမ်းသာခွင့်ကို။ နဝိန္ဒိံ၊ မရခဲ့ပါ။

တတော ရဇ္ဇုံ ဂဟေတွာန၊ ပါဝိသိံ ဝနမန္တရံ။

ဝရံ မေ ကာလ ဥဗ္ဗန္ဓံ၊ ယဉ္စေ ဟီနံ ပုနာစရေ။

အဟံ၊ အကျွန်ုပ်သည်။ တတော၊ ထိုနေ့ရောညဉ့်ပါ ဘယ်အခါမျှ ချမ်းသာခွင့်ကို မရသောကြောင့်။ ရဇ္ဇုံ၊ ကြိုးခွေတစ်ခုကို။ ဂဟေတွာန၊ ယူဆောင်၍။ ဝနမန္တရံ၊ တောအုပ်တစ်ခုအတွင်းသို့။ ပါဝိသိံ၊ ဝင်ရောက်ခဲ့ပါပြီ။ ကာလ၊ ဤတောအုပ်အတွင်း၌။ မေ၊ ငါ့အား။ ဥဗ္ဗန္ဓံ၊ ကြိုးဆွဲချ၍ သေလိုက်ရခြင်းသည်။ ဝရံ၊ မြတ်ပါသေး၏။ ဟီနံ၊ ယုတ်ယုတ်မာမာ။ ပုနာစရေ၊ ရှေးကလိုတစ်ဖန် အသက်ရှင်၍ နေခဲ့ပြန်ပါမူကား။ ယဉ္စေဝရံ၊ မမြတ်ရိုးအမှန်ပါတည်း။

ဒဠ္ဟံ ပါသံ ကရိတွာန၊ ရုက္ခသာခါယ ဗန္ဓိယ။

ပက္ခိပိံ ပါသံ ဂီဝါယံ၊ အထ စိတ္တံ ဝိမုစ္စိ မေ။

အဟံ၊ အကျွန်ုပ်သည်။ ဓဝံစိန္တေတွာ၊ ဤသို့ကြံစည်ပြီးသော်။ ရုက္ခံ၊ သစ်ပင်တစ်ပင်သို့။ အာရောဟိတွာ၊ တက်၍။ ပါသံ၊ ကြိုးကွင်းတစ်ခုကို။ ဒဠ္ဟံ၊ ခိုင်ခိုင်မြဲမြဲ။ ကရိတွာန၊ ချည်နှောင်ပြုလုပ်ပြီးလျှင်။ ရုက္ခသာခါ၊ သစ်ကိုင်းတစ်ခု၌။ ဗန္ဓိယ၊ ချည်နှောင်လျက်။ ပါသံ၊ ကြိုးကွင်းကို။ ဂီဝါယံ၊ လည်ပင်း၌။ ပက္ခိ ပိံ၊ စွပ်လိုက်ပါသတည်း။ အထ၊ ထိုလည်ပင်း၌ ကြိုးကွင်းစွပ်လိုက်သည်နှင့်တစ်ပြိုင်နက်။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စိ၊ ကိလေသာ ဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်၍ သွားပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



### အမြိုက်ကြဋ္ဌန်းသို့ ကြွလှမ်းပြီ

ထေရီသည် ဤကဲ့သို့ သစ်ပင်ပေါ်၌ ကြည်လင် ဝမ်းမြောက်စွာ ဥဒါန်းစကားရွတ်ဆိုပြီး သစ်ပင်အောက်သို့ ဆင်းခဲ့သည်။ ထို့နောက် ဘိက္ခုနီကျောင်းသို့ ပြန်ရောက်သောအခါ မိမိ၏ဖြစ်ပုံပျက်ပုံ အလုံးစုံကို သီတင်းသုံးဖော်များအား ပြောကြားသည်။ သီတင်းသုံးဖော်တို့သည်လည်း များစွာ အံ့အားတသင့် ဖြစ်ကြကုန်သည်။ ထို့နောက် ရဟန္တာအဖြစ်သို့ရောက်ကြောင်း သိကြသောအခါ ဝမ်းမြောက်ဝမ်းသာ ဝိုင်းအုံကာ ချီးကျူးကြသည်။

သီဟာထေရီ ဘိက္ခုနီသည် အသက်ရှည်သမျှကာလပတ်လုံး ဘုရားသမီးတော်ကြီးအဖြစ်ဖြင့် သာသနာတာဝန်ကို အားသွန်ကြိုးပမ်းကာ ထမ်းဆောင်ပြီး နောက် အသက်တမ်းကုန်သောအခါ အမြိုက်ကြဋ္ဌန်းသို့ ကြွမြန်းလှမ်းဆိုက်ရောက်တော်မူလေ၏။

သီဟာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

## ဥတ္တရာထေရီအပဒါန် ဝတ္ထု

ဤထေရီလောင်းလျာသည် ရှေးရှေးအခါက ပွင့်တော်မူပြီးသော ဘုရားရှင်တို့လက်ထက်တွင် ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ကာ ဆုတောင်းမှုများ ပြုခဲ့သည်။

### စည်းစိမ်ခံစားခဲ့ရ

ထိုသို့ ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်တို့ကြောင့် ဘဝသံသရာ အဆက်ဆက်တို့၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ခံစားစံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဥတ္တရာဖြစ်လာ

ယခု ပွင့်တော်မူသော ဂေါတမဘုရားရှင် လက်ထက်တွင်မူ သာဝတ္ထိပြည်၌ မထင်ရှားသောအမျိုးတွင် ဥတ္တရာဟူသော အမည်ဖြင့် လူ့ဘဝသို့ ရောက်ခဲ့ရပြန်သည်။

ဤထေရီလောင်းလျာ အရွယ်သို့ရောက်သောအခါ ပါရမီထက်သန်ရင့်မာသူပီပီ အိမ်ရာတည်ထောင် လူတို့ဘောင်၌ မမွေ့လျော်ပေ၊ ကာမဂုဏ်ဘောင်မှ ထွက်ရှောင်လိုသော ဆန္ဒသာ ဖြစ်ပွားနေခဲ့သည်။ မကြာမကြာ ပဋာစာရီထေရီကြီးအထံသို့သွားပြီး တရားနာလေ့ရှိသည်။ ပဋာစာရီထေရီ အရှင်မြတ်ကလည်း အမျိုးသမီး ဥတ္တရာအား သံသရာငြီးငွေ့ကြောင်းမှစ၍ ထူးမြတ်သည့် တရားတို့ကို ဟောကြားလေ့ရှိသည်။ ကြိမ်ဖန်များစွာ တရားနာရသဖြင့် သူသည် လူ့ဘဝဝတ်ကြောင်ကို စွန့်ခွာလျက် သာသနာ့ဘောင်၌ ရဟန်းပြုလိုကြောင်း ပဋာစာရီ ဘိက္ခုနီထံ အခွင့်တောင်းသည်။ ထိုအခါ ပဋာစာရီဘိက္ခုနီ အရှင်မကြီးကလည်း လွယ်ကူစွာဖြင့် အခွင့်ပေးပြီး ရဟန်းဘောင်သို့ သွင်းဆောင်ချီးမြှင့်တော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်သောအခါ သူငယ်မည်အခေါ် အတိုင်း ဥတ္တရာထေရီ ဘိက္ခုနီဟု ထင်ရှားကျော်စောသည်။

## ပဋာစာရီထေရီမကြီး၏ ဆုံးမလေ့ရှိသောတရား

ထို့နောက် ဥပဇ္ဈာယ်ဆရာမကြီးထံမှ ကမ္မဋ္ဌာန်းနည်းကို သင်ကြားသည်။ တစ်ကိုယ်တည်း ဆိတ်ငြိမ်စွာဖြင့် လွတ်လွတ်လပ်လပ် အားထုတ်နိုင်ရန် ကမ္မဋ္ဌာန်းကျောင်းသို့ ကြွသွားသည်။ ပဋာစာရီအရှင်မကြီး ဆုံးမတော်မူလေ့ရှိသော အချက်တစ်ခုမှာ "ကမ္မဋ္ဌာန်းကျောင်းသို့ တက်သည့်အခါ မိမိတို့ခြေကို ရေဆေးကြ၊ ရေဆေးပြီးသည့်အခါ ခြေဆေးရေ၏ တရွေ့ရွေ့ ပျောက်ဆုံးသွားပုံများကို ကြည့်ရှုဆင်ခြင်ကြ"ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာဖြစ်ပြီ

ဥတ္တရာထေရီသည် ကမ္မဋ္ဌာန်းကျောင်းသို့ တက်ခါနီးတွင် ခြေကိုဆေး၊ ရေဆေးပြီး ခြေဆေးရေတို့ကို ကြည့်ရှုပြီးမှ တက်တော်မူသည်။ ကမ္မဋ္ဌာန်းကျောင်းပေါ်သို့ ရောက်သောအခါ 'တရားထူးကို မရသမျှ ထိုင်ရာက မထတော့ပြီ' ဟု အဓိဋ္ဌာန်ပြုကာ ခြေဆေးရေတို့ ပျောက်ပျက်ပုံသဘောကို မူရင်းထားပြီး ဝိပဿနာတရားကို အားထုတ်သည်။ ပါရမီထက်သန်၍ ပညာဉာဏ်ရင့်ပြီးသော ပုဂ္ဂိုလ်ဖြစ်၍ မကြာမီအတွင်းမှာပင် ကိလေသာကင်းရှင်းကာ အလင်းဉာဏ် ပွင့်ပေါ်ကာ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။

## ပြန်လည်ဟောပြပုံ

ဥတ္တရာထေရီသည် ရဟန္တာဖြစ်ပြီးသောအခါ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ခဲ့သည့် ကျင့်စဉ်နည်းလမ်းများကို ဖော်ပြလိုသည်ကတစ်ကြောင်း၊ အခြားပုဂ္ဂိုလ်တို့အားလည်း မိမိကဲ့သို့ ကျင့်ကြံအားထုတ်စေရန် နှိုးဆော်တိုက်တွန်းလိုသည်က တစ်ကြောင်း၊ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော ပဋာစာရီထေရီ အရှင်မကြီး၏ ဂုဏ်ကျေးဇူးကို ချီးကျူးလိုသည်က တစ်ကြောင်းတို့ကြောင့် မိမိဘဝ အတွေ့အကြုံများကို ဤသို့ ပြန်လည် ဟောပြတော်မူခဲ့သည်။

မုသလာနိ ဂဟေတွာန၊ ဓည် ကောဋ္ဋေန္တိ မာဏဝါ။

ပုတ္တဒါရာနိ ပေါသေန္တာ၊ ဓနံ ဝိန္ဒန္တိ မာဏဝါ။

မာဏဝါ၊ လောကီလူများအပေါင်းတို့သည်။ မုသလာနိ၊ ကျည်ပွေ့တို့ကို။ ဂဟေတွာန၊ ကိုင်ဆောင်ကြကုန်လျက်။ ကောဋ္ဋေန္တိ၊ ထောင်းကြလေကုန်၏။ မာဏဝါ၊ လောကီလူများအပေါင်းတို့သည်။ ပုတ္တဒါရာနိ၊ သားမယားတို့ကို။ ပေါသေန္တာ၊ ကျွေးမွေးကြကုန်လျက်။ ဓနံ၊ ပစ္စည်းဥစ္စာရတနာတို့ကို။ ဝိန္ဒန္တိ၊ ရအောင်ရှာမှီးနိုင်ကြလေကုန်၏။

ဃဋေထ ဗုဒ္ဓသာသနေ၊ ယံ ကတွာ နာနုတပ္ပတိ။

ခိပ္ပံ ပါဒါနိ ဓောဝိတွာ၊ ဧကမန္တံ နိသီဒထ။

www.burmeseclassic.com

www.burmeseclassic.com



ဘောန္တော၊ အို. . . သူတော်ကောင်းအပေါင်းတို့။ ဗုဒ္ဓသာသနေ၊ ဘုရားရှင် သာသနာတော်မြတ်အတွင်း၌။ ယံ၊ အကြင်ဘာဝနာကိစ္စကို။ ကတ္တာ၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်လိုက်သည်ရှိသော်။ နာနုတပ္ပတိ၊ နောင်တတစ်ဖန် ပူပန်စိုးရိမ်ရခြင်း မရှိချေ။ တံ၊ ထိုအစိုးရိမ် ကင်းပြုတ်သော ဘာဝနာကမ္မဋ္ဌာန်းအလုပ်ကို။ ယင္မေထ၊ တကယ်တမ်း စွန့်စား၍ အားထုတ်ကြိုးစားကြကုန်လော့။ ခိပ္ပံ၊ လျင်လျင်မြန်မြန်။ ပါဒါနိ၊ ခြေတို့ကို။ ဓောဝိတွာန၊ ဆေး၍။ ဧကမန္တံ၊ သင့်လျော်လျောက်ပတ် ဆိတ်ငြိမ်သောအရပ်၌။ နိသီဒထ၊ မထသော ထိုင်ခြင်းဖြင့် မြဲမြဲစွဲစွဲ ထိုင်နေကြကုန်လော့။

စိတ္တံ ဥပဋ္ဌပေတွာန၊ ဧကဂ္ဂံ သုသမာဟိတံ။

ပစ္စဝေက္ခထ သင်္ခါရေ၊ ပရတော နော စ အတ္တတော။

ဘောန္တော၊ အို. . . သူကောင်းအပေါင်းတို့။ စိတ္တံ၊ မိမိစိတ်ကို။ ဧကဂ္ဂံ၊ အာရုံတစ်ခုတည်း၌ စွဲမြဲ စူးစိုက်သည်ဖြစ်၍။ သုသမာဟိတံ၊ ငြိမ်သက်တည်ကြည်လေအောင်။ ဥပဋ္ဌပေတွာန၊ ပြုပြင်ထူထောင်၍။ သင်္ခါရေ၊ ရုပ်, နာမ် ခန္ဓာ သင်္ခါရတို့ကို။ ပရတော၊ ကိုယ်နှင့်မဆိုင် ကိုယ်ပိုင်မဟုတ်သော အနေအားဖြင့်။ ပစ္စဝေက္ခထ၊ ထင်ထင်မြင်မြင် ဆင်ခြင် ရှုစားကြပါကုန်လော့။ အတ္တတော၊ စိုးရပိုင်ပိုင် ကိုယ်တိုင်သဘော အနေအားဖြင့်။ နောစ ပစ္စဝေက္ခထ၊ မဆင်ခြင် မရှုစားကြပါကုန်လင့်။

တဿာဟံ ဝစနံ သုတွာ၊ ပဋ္ဋာစာရာ နုသာသနိံ။

ပါဒေ ပက္ခာလယိတွာန၊ ဧကမန္တေ ဥပါဝိသိံ။

အဟံ၊ အကျွန်ုပ်သည်။ တဿာ ပဋ္ဋာစာရာနုသာသနိံ၊ ထိုပဋ္ဋာစာရီထေရီ အရှင်မကြီး၏ အဆုံးအမတော်ဖြစ်သော။ ဝစနံ၊ စကားတော်မြတ်ကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလယိတွာန၊ ဆေးကြော၍။ ဧကမန္တေ၊ သင့်တင့်လျောက်ပတ် ဆိတ်ငြိမ်ရာအရပ်၌။ ဥပါဝိသိံ၊ ခိုဝင်ကပ်ရောက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရတ္တိယာ ပုရိမေယာ မေ၊ ပုဗ္ဗဇာတိ မနုဿရိံ။
ရတ္တိယာ မဇ္ဈိမေ ယာမေ၊ ဒိဗ္ဗစက္ခုံ ဝိသောဓယိံ။
ရတ္တိယာ ပစ္ဆိမေယာ မေ၊ တမောခန္ဓံ ပဒါလယိံ။
တေဝိဇ္ဇာ အထ ဝုဋ္ဌာသိံ၊ ကတာ တေ အနုသာသနီ။

ရတ္တိယာ၊ ညဉ့်၏။ ပုရိမေယာမေ၊ ပထမယံ၌။ ပုဗ္ဗဇာတိ၊ ရှေးဘဝဖြစ်ခဲ့သမျှကို။ အနုဿရိံ၊ သိရှိအောက်မေ့နိုင်ခဲ့ပြီ။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမေယာမေ၊ သန်းခေါင်ယံ၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို၊ ဝိသောဓယိံ၊ သုတ်သင်ခဲ့ပြီ။ ရတ္တိယာ၊ ညဉ့်၏။ ပစ္ဆိမေယာမေ၊ ပစ္ဆိမယံ၌။ တမောခန္ဓံ၊ အဝိဇ္ဇာအမိုက်တိုက်ကို။ ပဒါလယိံ၊ ဖောက်ခွဲနိုင်ခဲ့ပြီ။

အထ၊ ထို့နောက်။ တေဝိဇ္ဇာ၊ အမြင်သုံးတန် ဝိဇ္ဇာဉာဏ်ပေါက်ရောက်ပြီးသည်ဖြစ်၍။ ဝုဋ္ဌာသိံ၊ ကမ္မဋ္ဌာန်းကျောင်းမှ ထခဲ့ပါသတည်း။ တေ၊ အရှင်ပဋာစာရီ ထေရီမကြီး၏။ အနုသာသနီ၊ လေးလေးနက်နက် ဆုံးမချက်ကို။ ကတာ၊ လိုက်နာဆောင်ရွက်ခြင်း ကိစ္စပြီးစီးခဲ့လေပြီ။

သက္ကံဝ ဒေဝါ တိဒသာ၊ သင်္ဂါမေ အပရာဇိတံ။
ပုရက္ခိတ္ဝာ ဝိဟာရာမိ၊ တေဝိဇ္ဇမှိ အနာသဝါ။

သင်္ဂါမေ၊ အသူရာတို့နှင့် တွေ့ဆိုင်၍ စစ်ပြိုင်ရာဖြစ်သော စစ်မြေပြင်အရပ်၌။ အပရာဇိတံ၊ အောင်လံကို စိုက်ထူ၍ အောင်ပွဲယူကာ, အောင်တော်မူ၍ လာပေသော။ သက္ကံ၊ တစ်ထောင်မျက်လုံး စက်ဘုန်းထိန်လင်း သိကြားမင်းကို။ တိဒသာ၊ ဝတိံသာတွင် ပျော်ရွှင်စံစားလေ့ရှိကြကုန်သော။ ဒေဝါ၊ နတ်ပေါင်းများစွာတို့သည်။ ပုရက္ခိတ္ဝာ၊ သောင်းသောင်းဖြဖြ ခြံရံကြကုန်လျက်။ ဝိဟရန္တိဣဝ၊ မြိုင်မြိုင်ဆိုင်ဆိုင် နေထိုင်ကြလေကုန် ဘိသကဲ့သို့။ ဝိဟာရာမိ၊ ပျော်ရွှင် ချမ်းသာစွာ နေထိုင်ရပေတော့အံ့။ အဟံ၊ အကျွန်ုပ်သည်။ ဣဒါနိ၊

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးတန် အမြင်ဉာဏ်ပေါက်ရောက်ခဲ့သည်ဖြစ်၍။ အနာသဝါ၊ ကိလေသာ အာသဝေါ ကွာလျော့ကုန်ခန်းခဲ့သည်။ အမှိ၊ ဖြစ်ပါသတည်း။

ဥတ္တရာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# စာလာထေရီ အပဒါန်ဝတ္ထု

စာလာထေရီလောင်းလျာသည် လွန်ခဲ့သော ကပ်ကမ္ဘာ အဆက်ဆက်တို့၌ ကြုံကြိုက်ခဲ့ရသော ဘုရားရှင် အဆူဆူတို့ထံတွင် ကောင်းမှုကုသိုလ် အမျိုးမျိုးပြုခဲ့သည်။ ထိုသို့ပြုခဲ့သော ကောင်းမှုကုသိုလ် အားလျော်စွာ သံသရာ ဘဝအဆက်ဆက်တို့၌ ကောင်းကျိုးချမ်းသာ အမျိုးမျိုးကို ခံစားစံစားရင်း လူ ရပ်နတ်ပြည်တို့၌သာ ကျင်လည်ကျက်စားခဲ့ရသည်။

## ဂေါတမဘုရားရှင်လက်ထက်၌

ယခု ဤကမ္ဘာ၌ ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ 'မာဂဓ' တိုင်း အဝင်အပါ 'နာဠန္ဒ' မြို့၏အနီး နာဠကရွာကြီး၌ 'ရူပသာရီ' အမည်ရှိသော သူဌေးပုဏ္ဏေားမကြီး၏ သမီးဖြစ်ခဲ့ရသည်။

## ပစ္စည်းတော့ရှိပါ၏ အယူဝါဒမှန်မရှိသူ

ထိုရူပသာရီ ပုဏ္ဏေားမကြီးသည် ပစ္စည်းဉစ္စာအားဖြင့် ရှစ်ဆယ့်ခုနစ်ကုဋေ ချမ်းသာကြွယ်ဝသည်။ သို့သော် အယူဝါဒအားဖြင့် မဖြောင့်မမှန်၊ သူ့အယူ ဝါဒမှာ မှားယွင်းဖောက်ပြန်သော မိစ္ဆာဒိဋ္ဌိ အယူဝါဒ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သားသမီး ခုနစ်ယောက်ရှိသူ

ထိုသူဌေးမကြီးတွင် သားသမီးခုနစ်ယောက် ရှိသည်။ (၁) ဥပတိဿ၊ (၂) စုန္ဒ၊ (၃) ဥပသေန၊ (၄) ရေဝတ ဟု သားလေးယောက်ဖြစ်ပြီး သမီးများမှာ (၁) စာလာ၊ (၂) ဥပစာလာ၊ (၃) သီသူပစာလာ ဟု သုံးယောက်၊ အားလုံး သားသမီး ခုနစ်ယောက်ရှိသည်။

သားအကြီးဆုံးဖြစ်သည့် ဥပတိဿ ဆိုသည်မှာ အခြားသူ မဟုတ်၊ ရှင်တော်ဘုရား၏ လက်ယာတော်ရံ ပညာတေဒဂ်ရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဖြစ်သည်။ အလားတူ ညီတော်များဖြစ်သော စုန္ဒ၊ ဥပသေနနှင့် ရေဝတတို့သည်လည်း သာသနာတော်၌ ထင်ရှားကျော်ကြားသော မထေရ်ကျော်များ ဖြစ်ကြသည်။*

စာလာသည် ရုပ်အဆင်း လှပသူကလေးဖြစ်သည်။ သူ့ကို မြင်တွေ့ကြရသူ ကျားသတ္တဝါတို့၏ ဘဝင်နှလုံးသည် ငြိမ်သက်စွာ မတည်တံ့နိုင်ဘဲ တဖြတ်ဖြတ် ခုန်၍ တုန်လှုပ်ကြရသည်။ ထို့ကြောင့် သူ့ကို 'စာလာ' ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်သည်။

သူဌေးသမီးကလေး စာလာသည် မိခင်၏ အယူဝါဒအတိုင်း မိစ္ဆာဒိဋ္ဌိ အယူရှိနေခဲ့သူဖြစ်သည်။ အရွယ်သို့ရောက်သောအခါ အမျိုးတူ, ဝါဒတူဖြစ်သည့် သတို့သားတစ်ယောက်နှင့် ထိမ်းမြားနေထိုင်ခဲ့ရာ သားတစ်ယောက် ရရှိခဲ့သည်။ ထိုသားကလေးကိုလည်း ချစ်ခင်မြတ်နိုးလှသဖြင့် မိမိအမည်ကို ပေးပြီး 'စာလ'ဟုပင် ခေါ်ခဲ့ကြသည်။

## စိတ်အကြံဖြစ်ပုံ

တစ်နေ့သောအခါ မောင်တော်ကြီးဖြစ်သူ ဥပတိဿသည် ဂေါတမဘုရားရှင်၏ အထံတော်သို့ ခိုဝင်ကာ ရဟန်းပြုသွားပြီဆိုသော သတင်းကို စာလာ ကြားရသည်။ ထိုသို့ ကြားရသောအခါ စာလာ၏စိတ်ထဲ ဤသို့ အကြံ

---

* ထိုမထေရ်တို့အကြောင်းကို ခင်ချိုထွန်းစာပေထုတ် ထေရအပဒါန်ဝတ္ထုတော်ကြီး၌ အပြည့်အစုံ ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။ ငါ၏ မော်တော်ကြီးသည် အမြော်အမြင် အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ပေသည်။ ယခုအခါ သူသည် မိဘတို့၏ အယူဝါဒကို စွန့်ပယ်ပြီး ဂေါတမဘုရားရှင်၏ အထံတော်သို့ ဝင်ရောက်၍ ရဟန်းပြုတော်မူသွားပြီ။ ထိုကဲ့သို့ ရဟန်းပြုခြင်းသည် ကောင်းမြတ်သောအလုပ်မျိုး မဟုတ်ခဲ့ပါလျှင် အရှင်ဂေါတမထံမှာ သူ ရဟန်းပြုလိမ့်မည်မဟုတ်။ အယူဝါဒ ဖြောင့်မတ်မှန်ကန်သောကြောင့်သာ ထိုသို့ ရဟန်းပြုတော်မူခြင်း ဖြစ်ပေမည်။ မောင်တော်ကြီး၏ လမ်းစဉ်အတိုင်း ငါကိုယ်တိုင် လျှောက်လှမ်းရပါလျှင် ငါသည်လည်း မောင်တော်ကြီးကဲ့သို့ အမှန်မြင်ကာ လမ်းမှန်သို့ ရောက်ရပေလိမ့်မည်။

## သာသနာတော်တွင်းသို့ ဝင်ခဲ့ပြီ

ဤသို့ အကြံဖြစ်ပေါ်ပြီးနောက် ကြာရှည်စွာ မဆိုင်းငံ့တော့ဘဲ လှူဘောင်မှ ခွာရှောင်ပြီး ရှင်တော်ဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ မိခင် သူဌေးကတော်ကြီးနှင့်တကွ ဆွေမျိုးဉာတိအပေါင်းတို့က ထိုသို့ မပြုလုပ်ရန် ငိုယိုကာ တောင်းပန်တားမြစ်ကြသည်။ သို့သော် ဆွေမျိုးဉာတိအပေါင်းတို့က မည်မျှပင် ဖျောင်းဖျတောင်းပန်ကြသော်လည်း အရေးမစိုက်ဘဲ မိမိစိတ်အကြံကို မြန်မြန်ကြီး အောင်မြင်စေခြင်းငှာ အိမ်မှ အလျင်အမြန် ထွက်လာခဲ့သည်။

## သောင်းသောင်းဖြဖြကြိုဆို

ထိုအချိန်အခါ၌ ဘိက္ခုနီ သာသနာတော်ကြီးသည်လည်း ထွန်းကားနေပြီ ဖြစ်လေသောကြောင့် စာလာသည် ဘိက္ခုနီတို့၏ ကျောင်းတိုက်သို့ ဝင်ရောက်ကာ ရဟန်းပြုလေတော့သည်။ ရဟန်းပြုပြီးသော် မူလ အမည်အတိုင်း စာလာထေရီ ဘိက္ခုနီဟုပင် ကျော်စောသည်။ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၏ နှမတော်အရင်းဖြစ်သည့်ပြင် မိစ္ဆာဒိဋ္ဌိဝါဒကို စွန့်ပယ်ခဲ့လျက် ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်လာသူဖြစ်၍ စာလာထေရီ ဘိက္ခုနီ အရှင်မြတ်ကို အားလုံးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဖြစ်ပြီးသောအခါ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းနည်းများကို လေးလေးနက်နက် သင်ကြားနာယူသည်။ ထို့နောက် ဆိတ်ငြိမ်ရာသို့ သွားရောက်လျက် ရဟန်းအလုပ်ကို အားထုတ်ကြိုးစားတော်မူသည်။ ဘဝါဘဝက ပါရမီ ဖြည့်ခဲ့သူဖြစ်သည်နှင့်အညီ မကြာမီအတွင်းမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်လေသည်။

## သမာပတ်ချမ်းသာ ခံစားနေ

တစ်နေ့သော နံနက်အခါ စာလာထေရီ ဘိက္ခုနီသည် သာဝတ္ထိမြို့တော်ကြီးအတွင်းသို့ ဆွမ်းခံလှည့်လည်ခဲ့သည်။ ထို့နောက် နေ့လည်ခင်းအခါ သမာပတ် ချမ်းသာဖြင့် ငြိမ်သက်စွာ နေလိုသောကြောင့် အန္ဓဝန်တောကြီးအတွင်းသို့ တစ်ကိုယ်တည်း ကြွတော်မူလျက် ဆိတ်ငြိမ်ရာ သစ်ပင်ရင်းမှာ ချမ်းချမ်းသာဖြင့် စံနေတော်မူသည်။

## မာရ်နတ်က မေးပြီ

ထိုအခါ သာသနာတော်ရေးကိစ္စများကို လိုက်လံဖျက်ဆီးလေ့ရှိသော မာရ်နတ်မိုက်ကြီးသည် စာလာထေရီဘိက္ခုနီ၏ သမာဓိစျာန်တရားကို ပျက်ပြားစေရန် အနီးသို့ ချဉ်းကပ်လျက် ဤသို့ မေးမြန်းလေသည်။

"အို . . . ရှင်မ၊ သင်သည် ရဟန်းမကြီး မဟုတ်ပါလော။ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဦးခေါင်းတုံးကာ ရဟန်းပြုလာခဲ့ပါသနည်း။ သင်သည် ပါသဏ္ဍဂိုဏ်းဝင်ဖြစ်သူများကို မကြည်ညိုသူ ဖြစ်သည်။ သင်သည် ကား မှောက်မှောက်မှားမှား မောဟများ၍ နေခဲ့လေပြီ။ ဘယ်အတွက်ကြောင့် အကျိုးမရှိသော ဤအကျင့်များကို ကျင့်ကြံနေချင်ပါသနည်း"

ထိုအခါ စာလာထေရီ ဘိက္ခုနီက မာရ်နတ်မိုက်ကြီးလာ၍ နှောင့်ယှက်ကြောင်းကို သိရှိတော်မူသည်နှင့် တွန်းလှန် နိမ်နှင်းသောအားဖြင့် ဤသို့ ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ထေရီရှင်းပြပြီ

ဣတော ဗဟိဒ္ဓါ ပါသဏ္ဍာ၊ ဒိဋ္ဌိယော ဥပနိဿိတာ။
န တေ ဓမ္မံ ဝိဇာနန္တိ၊ န တေ ဓမ္မဿ ကောဝိဒါ။

မာရ၊ ဒိဋ္ဌိညွတ်နှောင် ထောင်ပေတတ်ပြား အို. . . မာရ်နတ်သား။ ပါသဏ္ဍာ၊ ပါသဏ္ဍဂိုဏ်းဝင်ဖြစ်ကြကုန်သော တိတ္ထိတဏ္ဍတွန်းတို့သည်။ ဣတော၊ ဤဘုရားရှင် သာသနာတော်ကြီးမှ။ ဗဟိဒ္ဓါ၊ အသုံးမဝင် အပြင်အပ တို့သာ ဖြစ်ကြလေကုန်၏။ တေ၊ ထို ဒိဋ္ဌိတဏ္ဍတွန်းတို့သည်။ ဒိဋ္ဌိယော၊ လွဲချော် ဖောက်ပြား၍ မှောက်မျှားသော အယူတို့ကို။ ဥပနိဿိတာ၊ မှီခိုအားထားကာ နေကြလေကုန်၏။ တေ၊ ထို တိတ္ထိတဏ္ဍတွန်းတို့သည်။ ဓမ္မံ၊ ဟုတ်မှန်သော တရားကို။ နဝိဇာနန္တိ၊ မသိမမြင်နိုင်ကြလေကုန်။ တေ၊ ထိုဒိဋ္ဌိတဏ္ဍတွန်း တို့သည်။ ဓမ္မဿ၊ ကောင်းမွန်ဖြောင့်မှန်သော တရားအရာ၌။ နကောဝိဒါ၊ ကျွမ်းကျင်လိမ်မာကြသည် မဟုတ်ကုန်။

အတ္ထိ သကျကုလေ ဇာတော၊ ဗုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။
သော မေ ဓမ္မံ မဒေသေသိ၊ ဒိဋ္ဌီနံ သမတိက္ကမံ။

မာရ ဟယ်. . . မာရ်နတ် အယုတ်ကောင်။ သကျကုလေ၊ သာကီဝင် မင်းမျိုး၌။ ဇာတော၊ ဖွားမြင်ပေါ်ပေါက်၍ လာတော်မူသော။ အပ္ပဋိပုဂ္ဂလော၊ ဂုဏ်တူချင်းချင်း ပြိုင်ဘက်ကင်းတော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးလီ နှင်းဆီပန်း ခိုင် လှမ်းကိုင် ဆွတ်ခူး ထွတ်ဖူးထိပ်တင် ဘုရားရှင်သည်။ အတ္ထိ၊ တင့်တယ် ထင်ရှားစွာ ရှိတော်မူပေ၏။ သော၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဒိဋ္ဌီနံ၊ မှားယွင်းဖောက်ပြန်သော ဒိဋ္ဌိအမျိုးမျိုးတို့ကို။ သမတိက္ကမံ၊ ကျော်နင်း လွန်မြောက်ခြင်းအကျိုးငှာ။ ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ အဒေသေသိ၊ ထင်ထင်ရှားရှား ဟောကြားတော်မူပေသည်။

ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။

www.burmeseclassic.com

www.burmeseclassic.com



မာရ၊ ဒိဋ္ဌိဖွဲ့နှောင် ဟယ်. . . မာရ်နတ်အယုတ်ကောင်။ ဒုက္ခံ၊ ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာကို လည်းကောင်း။ ဒုက္ခသမုပ္ပါဒံ၊ ဆင်းရဲကြောင်းဖြစ်သော သမုဒယသစ္စာကို လည်းကောင်း။ ဒုက္ခဿ စ အတိက္ကမံ၊ ဆင်းရဲဝဋ်မှ ကျွတ်လွတ်လွန်မြောက်ကြောင်းဖြစ်သော နိရောဓသစ္စာကို လည်းကောင်း။ ဒုက္ခူပ သမဂါမိနံ၊ ဒုက္ခကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ အရိယံ၊ မွန်မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂံစ၊ မဂ္ဂသစ္စာကို လည်းကောင်း။ အဒေသေသိ၊ အထင်အရှား ဟောကြားတော်မူပေသည်။

တဿာဟံ ဝစနံ သုတွာ၊ ဝိဟရိံ သာသနေ ရတာ။

တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

မာရ၊ ဒိဋ္ဌိဖွဲ့နှောင် ဟယ်. . . မာရ်နတ်အယုတ်ကောင်။ အဟံ၊ ငါသည်။ တဿ၊ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။ ဝစနံ၊ သစ္စာလေးပါး ထင်ရှားပြတတ် တရားမြတ်ကို။ သုတွာ၊ ကြားနာရသည်ဖြစ်၍။ သာသနေ၊ သာသနာတော်မြတ်ကြီးအတွင်း၌။ ရတာ၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ရွှင်လန်းစွာ။ ဝိဟရိံ နေထိုင်ခဲ့ပါပြီ။ တိဿော ဝိဇ္ဇာ၊ အမြင်သုံးတန် ဝိဇ္ဇာဉာဏ်တို့ကို။ အနုပ္ပတ္တာ၊ အစဉ်အတိုင်း ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ အဆုံးမတော်ကို။ ကတံ၊ လိုက်နာပြုကျင့်ခြင်းကိစ္စ ပြီးစီးခဲ့လေပြီ။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမောက္ခန္ဓော ပဒါလိတော။

ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွံ မသိ အန္တက။

ပါပိမ၊ အမိုက်တွင်အချုပ် အယုတ်တွင်ထွတ်ခေါင် ဟယ်. . . မာရ်နတ်အဆိုးကောင်။ မယာ၊ ငါသည်။ သဗ္ဗတ္ထ၊ ဘုံဘဝအာရုံ အလုံးစုံတို့၌။ နန္ဒီ၊ နှစ်သက်သော တဏှာစာတ်ကို။ ဝိဟတာ၊ ပယ်သတ် ဖျက်ဆီးအပ်ခဲ့လေပြီ။ တမောက္ခန္ဓော၊ အဝိဇ္ဇာတည်းဟူသော အမိုက်တုံး အမိုက်ခဲကိုလည်း။ ပဒါလိတော၊ ဖောက်ခွဲဖြိုဖျက်အပ်လေပြီ။ ဧဝံ၊ ဤငါဆိုခဲ့ပြီးသောအတိုင်း။ ဇာနာဟိ၊ သင်သိလေတော့။ အန္တက၊ ယုတ်မာမိုက်မှောင် ဟယ်. . . မာရ်နတ်အဆိုးကောင်။

www.burmeseclassic.com

www.burmeseclassic.com



တွံ၊ သင်သည်။ နိဟတော၊ ယခုလုံးလုံး ဆုံးရှုံးပျက်စီးလေသည်။ အသိ၊ ဖြစ်ခဲ့လေတကား။

ဤကဲ့သို့ စာလာထေရီ ဘိက္ခုနီ အရှင်မက မာရ်နတ်မိုက်ကြီးအား ကြိမ်းဝါးပြောဆိုသောအခါ မာရ်နတ်သည် ပြန်လှန်ကာ မတုံပြန်နိုင်သဖြင့် လက်မှိုင်ချကာ ထိုနေရာမှ ပျောက်ကွယ် ထွက်ပြေးသွားလေသတည်း။

**စာလာထေရီအပဒါန်ဝတ္ထု ပြီး၏။**

■ ■ ■

## ဥပစာလာ ထေရီအပဒါန်ဝတ္ထု

ဥပစာလာသည် ပညာတေဒင်္ဂရ လက်ယာရံ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ နှမတော်ဖြစ်သည်၊ စာလာထေရီ၏ ညီမတော်လည်းဖြစ်သည်။ မောင်တော်ကြီး ရဟန်းပြုသွားကြောင်းကို ကြားလေသောအခါ ဥပစာလာထေရီသည်လည်း ဒုက္ခများမြောင် လူတို့ဘောင်မှာ အတင်းရှောင်ခွာ၍ သာသနာဘောင်သို့ဝင်ကာ ရဟန်းပြုခဲ့သည်။ သာသနာတော်အတွင်း၌ ဥပစာလာထေရီသည်လည်း ထင်ရှားကျော်စောသော ထေရီတစ်ပါးဖြစ်သည်။

ထေရီသည် ရဟန်းပြုပြီးနောက် ဆိတ်ငြိမ်ရာသို့ သွားရောက်၍ မွန်မြတ်သော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လေရာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသည်။ ရဟန္တာဖြစ်ပြီး လွန်စွာဝမ်းမြောက်လှသဖြင့် ဤသို့ ဥဒါန်းကျူးရင့်တော်မူခဲ့သည်။

သတိမတီ စက္ခုမတီ၊ ဘိက္ခုနီ ဘာဝိတိန္ဒြိယာ။
ပဋိဝိဇ္ဈိ ပဒံ သန္တံ၊ အကာပုရိသ သေဝိတံ။

သတိမတီ၊ ခိုင်မြဲသော သတိနှင့်ပြည့်စုံသော။ စက္ခုမတီ၊ ဉာဏ်မျက်စိအမြင်နှင့်ပြည့်စုံသော။ ဘာဝိတိန္ဒြိယာ၊ ပွားများအပ်ပြီးသော ဣန္ဒြေရှိသော။

www.burmeseclassic.com

www.burmeseclassic.com



အကာပုရိသသေဝိတံ၊ ယုတ်ညံ့သော ယောက်ျားတို့မှီဝဲခြင်းငှာ မထိုက်သော။ သန္တံ၊ ငြိမ်သက်တည်ကြည်သော။ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ အဟံ၊ ငါသည်။ ပဋိဝိဇ္ဈိံ၊ အမြင်လင်း၍ ထိုးထွင်း သိမြင်လေပြီတည်း။

## မာရ်နတ်လာ၍ နှောင့်ရှက်ခြင်း

တစ်နေ့သောအခါ ဥပစာလာထေရီ ဘိက္ခုနီအရှင်မြတ်သည် အန္ဓဝန်တောကြီးအတွင်း သစ်ပင်ရင်းတစ်ခု၌ ငြိမ်သက်စွာ သီတင်းသုံးနေတော်မူသည်။ ထေရီ၏ သမာဓိစျာန်တရားကို ပျက်ပြားစေလိုသော ဆန္ဒဖြင့် မာရ်နတ်မိုက်ကြီးက ဤသို့ ပြောဆို နှောင့်ယှက်လေသည်။

အို . . ရှင်မ ဘိက္ခုနီ သင်သည် ပဋိသန္ဓေနေမှုကို မနှစ်သက်သောကြောင့် ဦးခေါင်းတုံးကာ ဘဝအဆုံးရှုံးခံလျက် ကျင့်ကြံနေသည်။ ဘယ်အတွက်ကြောင့် ပဋိသန္ဓေနေမှုကို မနှစ်သက်ပါသနည်း။ ပဋိသန္ဓေတည်နေကာ ဖွားမြင်လာကြသူတို့သည် လောကီတစ်ခွင်တွင် ပျော်ရွှင်ဖွယ် ကာမဂုဏ်ကို ခံစားနေကြရသည်သာ မဟုတ်ပါလား။ ယခုလို နုနုပျိုပျို အရွယ်ကလေးတွင် လူအများတို့နှစ်သက်ခုံမင်ကြသည်။ ကာမဂုဏ်အာရုံ အပျော်သိုက်တို့ကို နှစ်နှစ်ခြိုက်ခြိုက် ပျော်ပိုက် ခံစားလိုက်ပါ။ အသက်ကြီးရင့်၍ အရွယ်လွန်သွားသည့်အခါကြမှ သူတကာနည်းတူ မခံစားခဲ့ရလေခြင်းဟု နောင်တ တစ်ဖန် ပူပန်စိုးရိမ်မှု မဖြစ်ပါစေနှင့်ဟု ပြောဆိုနှောင့်ယှက်လေသည်။

ထိုအခါ ဥပစာလာထေရီ ဘိက္ခုနီ အရှင်မြတ်က မာရ်နတ်မိုက်၏ နှောင့်ယှက်လာပုံကို သိလေသောကြောင့် ပဋိသန္ဓေနေမှုနှင့် စပ်လျဉ်းသော အပြစ်မျိုးစုံကို ဤသို့ပြောပြလိုက်သည်။

## ထေရီက ပြန်လည်ချေပပုံ

ဇာတိကို နှစ်ခြိုက်၍ ကာမဂုဏ်အလိုသို့လိုက်နေသော မာရ်နတ်အယုတ်တမာကြီး၊ အသင်က ဇာတိဂုဏ်ကျေးဇူးကို ချီးကျူးကာ ပြောဆိုသော်လည်း သင်နှစ်ခြိုက်သော ဇာတိမှာ တစ်စုံတစ်ရာမျှ ချီးမွမ်းဖွယ်မရှိပေ။ ဇာတိကို

www.burmeseclassic.com

www.burmeseclassic.com



အရင်းခံထားပြီး ဖြစ်ပွားပေါ်ပေါက်လာသမျှ သတ္တဝါတို့သည် အမြဲနေရသည် ဟူ၍မရှိ သေခြင်းဖြင့် အဆုံးသတ်ကြရသည် မဟုတ်လော။ လက်ကိုဖြတ်ခြင်း၊ ခြေကိုဖြတ်ခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း အမျိုးမျိုးတို့ကို ဖြတ်တောက်ခံရ၊ အသတ်ခံရခြင်း၊ အနှောင်အဖွဲ့ခံရခြင်း၊ ငြိငြင်ပင်ပန်း ညှိုးနွမ်းဆင်းရဲရခြင်းမှစ၍ ဘေးဒုက္ခအမျိုးမျိုးတို့ကို ခံစားကြရသည်မဟုတ်လော။ ပဋိသန္ဓေ တည်နေခြင်း ဟူသော ဇာတိသဘော မရှိခဲ့ပါလျှင် ဤကဲ့သို့သော ဒုက္ခမျိုးများကို ခံစားရမည် မဟုတ်။ စင်စစ်အားဖြင့် ပဋိသန္ဓေနေခြင်းဟူသည် ဘေးဒုက္ခ အမျိုးမျိုးတို့ ဖြစ်ပေါ်အောင် ထူထောင်ပေးသည့် ပင်မအရေးကိစ္စမျှသာ ဖြစ်သည်။ ထို့ကြောင့် သင်္ချိုက်နှစ်ခြိုက်သော ဇာတိကို ဘယ်လို နှစ်သက်နိုင်ပါမည်နည်းဟု မိန့်ကြားတော်မူလိုက်သည်။

ထို့နောက်တစ်ဖန် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ချီးကျူးလျက် မိမိ၏ အစွမ်းသတ္တိကို ပြတော်မူလိုပြန်သဖြင့် ဤသို့ မိန့်တော်မူပြန်လေ၏။

ဟယ်. . . မာရ်နတ် အယုတ်ကောင်၊ ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာကို လည်းကောင်း၊ ဒုက္ခဆင်းရဲဖြစ်ရခြင်း၏ အကြောင်းအမှန်ဖြစ်သော သမုဒယ သစ္စာကို လည်းကောင်း၊ ဆင်းရဲဒုက္ခအပေါင်းမှ ကျွတ်လွတ်လွန်မြောက်ကြောင်း ဖြစ်သော နိရောဓသစ္စာကို လည်းကောင်း၊ ဒုက္ခဆင်းရဲကင်း၍ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အင်္ဂါရှစ်ပါးရှိသော မြတ်သော မဂ္ဂသစ္စာကို လည်း ကောင်း ဘုရားရှင်သည် အထင်အရှား ဟောကြားထားခဲ့ပြီ။

ဟယ်. . . မာရ်နတ်အယုတ်ကောင်၊ ငါသည် ထို ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သစ္စာလေးပါးတည်းဟူသော ထင်ထင်ရှားရှား ပြသဟောကြားထားသည့် တရားတော်မြတ်ကို ကြားနာရ၍ ထိုဘုရားရှင်၏ သာသနာတော် အတွင်း၌ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်ရွှင်လန်းစွာ နေထိုင်နေခဲ့ပါပြီ။ ပု-ဒိ- အာ ဟူသော သိသင့်သိထိုက်သိရမည့် ဝိဇ္ဇာဂုဏ်များသို့ အစဉ်အတိုင်း ရောက်ရှိခံစားနေရပြီ။ ဘုရားရှင်၏ အဆုံးအမကိုလည်း လိုက်နာပြုကျင့်နေခဲ့ပြီ။

ဟယ်. . . အယုတ်ကောင် မာရ်နတ်၊ ငါသည် ဘဝ အာရုံအလုံးစုံတို့၌ ကြိုက်နှစ်သက်တတ်သော တဏှာစာတ်ကိုလည်း ပတ်သတ် ဖျက်ဆီးခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာတည်း ဟူသော အမိုက်အမှောင်ကိုလည်း ဖောက်ခွဲပစ်ပြီးပြီ။ ဤအကြောင်းများကို အသင်မာရ်နတ်ယုတ် သိထားပါလော။

ဥပစာလာထေရီ ဘိက္ခုနီအရှင်မြတ်က ဤကဲ့သို့ ကြိမ်းဝါးတော်မူလိုက်သောအခါ ယုတ်မာလှစွာသော မာရ်နတ်ကြီးသည် ငါ၏စိတ်အကြံကို သူသိလေပြီတကားဟု များစွာ ထိတ်လန့်ခြင်းဖြစ်ပြီး ထိုနေရာဌာနမှ လျင်မြန်စွာ ပျောက်ကွယ် ထွက်ပြေးသွားလေသတည်း။

ဥပစာလာထေရီ အပဒါန်ဝတ္ထုပြီး၏။

■ ■ ■

## သီသူပစာလာထေရီ အပဒါန်ဝတ္ထု

ဤသီသူပစာလာထေရီသည်လည်း အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ နှမတော် အငယ်ဆုံးဖြစ်သည်။ မောင်တော်ကြီးဘုရား ရဟန်းပြုသွားပြီဟု ကြားရသဖြင့် အားတက်ဝမ်းသာဖြစ်ပြီး အိမ်ရာထောင်သော လူတို့ဘောင်မှ အတင်းခွာရှောင်ကာ သာသနာဘောင်တွင် ရဟန်းပြုတော်မူခဲ့သည်။ ထိုအချိန် မှစ၍ 'သီသူပစာလာထေရီ'ဟု ထင်ရှားကျော်စောတော်မူခဲ့သည်။

ရဟန်းဖြစ်ပြီးသောအခါ ရဟန်းအလုပ်ကို အားထုတ်တော်မူရာ၌ ပါရမီရင့်သန်၍ ပညာဉာဏ်ထက်မြက်သောသူ ဖြစ်သည်နှင့်အညီ ကိလေသာ အာသဝေါတို့ ခွာလျှောပယ်ဖြတ်ပြီး မြတ်သောရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။

ရဟန္တာဖြစ်ပြီးသောအခါ လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် ဤသို့ ဥဒါန်းကျူးရင့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥဒါန်းကျူးပုံ

ဘိက္ခုနီ သီလသမ္ပန္နာ၊ ဣန္ဒြိယေသု သုသံဝုတာ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ အသေစနက မောဇဝံ။

သီလသမ္ပန္နာ၊ သီလအကျင့်ဂုဏ်နှင့် ပြည့်စုံသော။ ဣန္ဒြိယေသု၊ စောင့်စည်းအပ်သော ဣန္ဒြေခြောက်ပါးတို့၌။ သုသံဝုတာ၊ ကောင်းစွာစောင့်စည်း၍ လုံခြုံစေအပ်သော။ ဘိက္ခုနီ၊ သီသူပစာလာမည်သော ဘိက္ခုနီသည်။ အသေစနကံ၊ ဖြည့်စွက်သွန်းလောင်းဖွယ်မရှိဘဲ။ ဩဇဝံ၊ ပကတိသဘောအားဖြင့် ဩဇာအရသာရှိသော။ သန္တံ၊ ငြိမ်သက် တည်ကြည်သော။ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ရောက်တော်မူလေပြီ။

## မာရ်နတ်လာ၍ နှောင့်ယှက်ခြင်း

တစ်နေ့သောအခါ သီသူပစာလာထေရီ ဘိက္ခုနီသည် ဆွမ်းကိစ္စပြီးစီး၍ အန္ဓဝန်တောကြီးအတွင်း တစ်ခုသောသစ်ပင်ရင်း၌ ဖလသမာပတ္တိချမ်းသာဖြင့် ဆိတ်ငြိမ်စွာ စံနေတော်မူနေသည်။ ဘိက္ခုနီအရှင်မြတ်၏ သမာဓိတရားကို ပျက်ပြားရွေ့လျားစေလိုသောဆန္ဒဖြင့် မာရ်နတ်မိုက်ကြီး ရောက်လာပြီး ဤသို့ ပြောကြားလေသည်။

အို. . . ရှင်မ၊ ရှေးအခါ သင်အရှင်မသည် တာဝတိံသာ နတ်ပြည်အစ ရှိသည်တို့၌ ချမ်းသာစွာ ခံစား, စံစား, ခဲ့ရဖူးပေပြီ။ ထိုတာဝတိံသာမှစ၍ ယာမာ, တုသိတာ, နိမ္မာနရတိ, ပရိနိမ္မိတဝသဝတ္တိ ဟူသော နတ်ပြည်၌ ရှိကြပါသေးသည်။ ယခု သင်ကျင့်ဆောင်နေသောအကျင့်ဖြင့် ထိုနတ်ပြည်များ၌ သွားရောက်ခံစားစံစားရလေအောင် သင့်စိတ်ကို မျှော်မှန်းရည်ရွယ်ပါလော။

ထိုအခါ ဘိက္ခုနီ အရှင်မြတ်က မာရ်နတ်မိုက်၏ စကားကို ပယ်ရှားတွန်းလှန်လိုသဖြင့် နတ်ဘုံ နတ်ဘဝတို့ကို ကဲ့ရဲ့နှိပ်နင်းသော သဘောအားဖြင့် ဤသို့ ပြန်လည်ချေပမိန့်ကြားတော်မူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြန်လည်ချေပပုံ

"ဟယ်. . . မာရ်နတ်မိုက်၊ ဂုဏ်တင်၍ သင်ချီးမွမ်းအပ်သော နတ်ဘုံ၊ နတ်ဘဝတို့သည် သံသရာတစ်ခွင်မှာ ကျင်လည်၍နေစဉ်အခါ ရနိုင်ဖို့ ခဲယဉ်းသည်မဟုတ်။ ထိုဘဝတို့သို့ကူးပြီး ရွှင်မြူးနှစ်ခြိုက်စွာ ခံစားနိုင်ပါသည်။ သင်ချီးမွမ်းသော နတ်ဘုံ၊ နတ်ဘဝသည် သက္ကာယတည်းဟူသော ခန္ဓာငါးပါးတို့၌သာလျှင် ထောက်တည်ရာပြု၍ တည်နေကြရသည်။ ခန္ဓာငါးပါး၏ နယ်ပယ်ကို မလွန်မြောက်နိုင်ကြ။ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဟူသော ဘေးတို့၏ နောက်သို့သာ တကောက်ကောက်ဖြင့် အမြဲလိုက်နေကြရသည်။ အိုဘေး၊ နာဘေး၊ သေဘေးမှ မလွတ်မြောက်နိုင်ကြ။ ဤသို့ ဘေးဒုက္ခ အမျိုးစုံ ဝိုင်းအုံညှဉ်းဆဲပြီး ဆင်းရဲနေရခြင်းကို ငါအဘယ်မှာ နှစ်သက်နိုင်ပါ မည်နည်း"

"ဟယ်. . . မာရ်နတ် အယုတ်ကောင်၊ သုံးဆယ့်တစ်ဘုံ တည်းဟူသော အလုံးစုံသော လောကဓာတ်ကြီးသည် ရာဂအစရှိသော မီးတို့ဖြင့် တညီးညီး တပြောင်ပြောင် တောက်လောင်ခြင်းကို ခံနေရလေ၏။ သုံးဆယ့်တစ်ဘုံတည်းဟူသော အလုံးစုံသော လောကဓာတ်ကြီးသည် အိကြွမ်ကြွမ် အဖန်ဖန် ပူပန်လေအောင် တောက်လောင်ငြိစွဲခြင်းကို ခံနေရလေ၏။ သုံးဆယ့်တစ်ဘုံတည်းဟူသော အလုံးစုံသော လောကဓာတ်ကြီးသည် ရာဂအစရှိသော မီးရှိန်တို့ဖြင့် တထိန်ထိန်စွဲငြိ၍ တရဲရဲတောက်ပြောင်ကာ နေရလေ၏။ သုံးဆယ့်တစ်ဘုံတည်းဟူသော အလုံးစုံသော လောကဓာတ်ကြီးသည် မရပ်မတည်ဘဲ တစ်ပတ်လည်လည် လှုပ်ရှား၍သာနေလေသည်"

"ဟယ်-မာရ်နတ်အယုတ်ကောင်၊ တုန်လှုပ်ချောက်ချားခြင်းလည်း မရှိ၊ ပြိုင်ဆိုင် တုနှိုင်းဖွယ်လည်းမရှိသော အောက်တန်းကျသူ လူပုထုဇဉ်တို့ မှီဝဲသုံးဆောင်ခြင်းငှာ မထိုက်တန်သော အမြိုက်နိဗ္ဗာန်တရားကို ဘုရားရှင်သည် အထင်အရှား ဟောကြားထားပြီး ဖြစ်လေပြီ။ ထိုအမြိုက် နိဗ္ဗာန်တရား၌ ငါ၏ စိတ်နှလုံးသည် စူးစူးစိုက်စိုက် နှစ်ခြိုက်ပျော်ပိုက်၍နေပေပြီ။ သို့အတွက် သင်မာရ်နတ်မိုက်သည် ငါ့သမာဓိ ချမ်းသာကို ဖျက်ဆီးဖို့လာပြီး မကြိုးစားနှင့်တော့"



www.burmeseclassic.com

www.burmeseclassic.com



မာရ်နတ်ပြေးပြီ

သီသူပစာလာထေရီက မာရ်နတ်မိုက်ကြီးအား ဤသို့လျှင် သူ့ဘဝ အခြေ အနေနှင့် သူခံစားနေရသည့် ချမ်းသာအကြောင်းကို မိန့်ကြားလိုက် သည်။

ထိုအခါ မာရ်နတ်မိုက်သည် သူလာရောက်ပြောဆိုသည့် ရည်ရွယ်ချက် ကို ထေရီအရှင်မသိလေပြီဟု တွက်ဆကာထေရီအနီးမှ လုံးဝပျောက်ကွယ် ထွက်ပြေးသွားလေတော့သည်။

သီသူပစာလာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဝမှမာတာထေရီ အပဒါန်ဝတ္ထု

ဤဝမှမာတာထေရီလောင်းလျာသည် လွန်လေပြီးသော ဘုရားရှင်တို့ လက်ထက်တော်က ကောင်းမှုကုသိုလ်အမျိုးမျိုးတို့ကို ပြုလုပ်ခဲ့သည်။ ထိုသို့ ကုသိုလ်ကောင်းမှု အမျိုးမျိုး ပြုလုပ်ခဲ့သဖြင့် ကောင်းမှုကုသိုလ်၏ အကျိုး ထူးများ ခံစားရကာ လူ့ပြည်နတ်ပြည်တို့၌ လူစည်းစိမ်၊ နတ်စည်းစိမ်တို့ဖြင့် တင့်တယ်စွာ ခံစားနေထိုင်ခဲ့ရသည်။

ဂေါတမ ဘုရားရှင်လက်ထက်

ယခု ဂေါတမဘုရားရှင်လက်ထက်တော်တွင်မူ 'ဘာရုကစ္ဆာ' မြို့ရှိ ချမ်း သာကြွယ်ဝသော အမျိုး၌ အမျိုးသမီးကလေးတစ်ယောက် အဖြစ် ဖွားမြင်ခဲ့ ရသည်။ ငယ်စဉ်အခါက သူ့အမည်မှာ ထင်ရှားခြင်း မရှိခဲ့ပေ။

သူ့အရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးတို့က ဝတ္တရားရှိသည့် အတိုင်း သင့်လျော်သူ အမျိုးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးခဲ့၍

www.burmeseclassic.com

www.burmeseclassic.com



လင့်အိမ်သို့ သူလိုက်ပါသွားခဲ့ရသည်။ ထိုလင်နှင့် ပေါင်းသင်းနေထိုင်ခဲ့ရာ ကာလအတန် ကြာသောအခါ သားယောက်ျားလေးတစ်ဦး ဖွားမြင်ခဲ့သည်။ ထိုသားကလေး ဖွားမြင်လာသည့်အခါ၌ ပစ္စည်းဥစ္စာတိုးပွားကြောင်းကို နိမိတ်ယူပြီး သားကလေး၏ နာမည်ကို "ဝမု"ဟု အမည်ပေးခဲ့သည်။ ဝမုဟူသည်မှာ တိုးပွားခြင်းဟု အဓိပ္ပာယ်ရသည်။

## ဝမုမာတာဖြစ်လာ

ရွှေတုံး၊ ရွှေခဲနှင့်တူသော သားကလေးသည် ရွှန်းလဲ့လဲ့မျက်လုံးကြီးဖြင့် အသည်းစွဲ ချစ်ခင်ဖွယ်ရာ သားဦးရတနာကလေး ဖြစ်သည်။ သူ့ကို ဖွားမြင်သည့်အခါမှစ၍ မိခင်ကိုလည်း သား၏အမည်ကို အစွဲပြုပြီး 'ဝမုမာတာ' ဝမု၏မိခင်ဟု ခေါ်ဝေါ်ကြသည်။

ထို့နောက် မျှားမကြာမီကာလအတွင်း၌ သားကလေး၏ဖခင်ဖြစ်သူ သေဆုံးသွားသဖြင့် မိခင်မှာ မုဆိုးမလေးအဖြစ် ကျန်နေခဲ့သည်။ သားကလေးမှာလည်း အရွယ်မရောက်သေး၍ သူ့ဘဝသည် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိသော ဘဝကား မဟုတ်တော့ပေ။

သို့သော်သူသည် သားငယ်လေးကို ပွေ့ချီကာ ဘိက္ခုနီတို့ကျောင်းသို့ သွားပြီး တရားနာလေ့ရှိသည်။ ထိုသို့ တရားနာရာမှ ဘဝါဘဝကပြုခဲ့ဖူးသော ပါရမီဓာတ်ခံ ရင့်သန်သူပီပီ ဟောသမျှတရားတို့ကို ကြားတိုင်းကြားတိုင်း အသိဉာဏ်ပွင့်ပြီး သူ၏ပူပန်မှုများ ကင်းပျောက်လျက် စိတ်နောက်ကျခြင်းမရှိဘဲ အေးမြချမ်းသာစွာ နေလာနိုင်ခဲ့သည်။

## သားသံယောဇဉ်ကြောင့်

တရားအာရုံ သမာဓိဂုဏ်နှင့် ပြည့်စုံလာသောအခါ လူတို့ဘောင်၌ နေထိုင်လိုသည့် ဆန္ဒမရှိတော့ဘဲ ဘိက္ခုနီတို့ ကျောင်းသို့သွားပြီး ရဟန်းဘောင်သို့ ဝင်လိုသော စိတ်ဆန္ဒများ သူ့မှာ ဖြစ်နေတော့သည်။ သို့သော် အရွယ်မရောက်သေးသည့် သားသံယောဇဉ်ကြောင့် သူ့ ရည်ရွယ်ချက်ကို အလျင်အမြန် အကောင်အထည် မဖော်နိုင်ဘဲ ဖြစ်နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗျာများခဲ့ရ

သို့ဖြင့် သူသည်သားသံယောဇဉ်နှင့် ရဟန်းပြုလိုစိတ် နှစ်ခုကြား၌ အချိန် အတော်ကြာကြာ ဗျာများနေခဲ့ရသည်။

## ရဟန်းမပြုရလျှင်

သို့သော် တစ်နေ့တွင် သူဤသို့ စဉ်းစားလေသည်။ အဆုံးအစမရှိသော သံသရာ၌ လင်ယောက်ျားရဖို့ မခက်ခဲသကဲ့သို့ လင်ရှိလျှင်လည်း သားသမီး ရနိုင်သည်။ သာသနာတော်နှင့် ကြုံကြိုက်ပါလျက် ရဟန်းပြုခွင့် မရလိုက်လျှင် သူ့ဘဝသည် ဆုံးရှုံးမှုကြီးသာ ဖြစ်ပေလိမ့်မည်။ ယင်းသို့ တွေးခေါ် စဉ်းစား မိရာမှ သူ့အကြံအောင်မြင်စေရန် ရှိသမျှပစ္စည်းများကို ထုတ်ရောင်းလိုက်သည်။ သားသံယောဇဉ် အမျှင်တန်းကလေးကိုလည်း ဆွေမျိုးတို့ထံ အပ်နှံကာ ဘိက္ခုနီ တို့ကျောင်းသို့ ရဟန်းပြုရန် ထွက်လာခဲ့တော့သည်။

## ရဟန်းဖြစ်၍ ကျွတ်တမ်းဝင်ခြင်း

ဘိက္ခုနီတို့ကျောင်းသို့ ရောက်သောအခါ ရဟန်းပြုပေးပါမည့်အကြောင်း ခွင့်တောင်းသဖြင့် ဘိက္ခုနီကြီးများက သူ့အား ရဟန်းဘောင်သို့ရောက်အောင် တင်ဆောင်ချီးမြှောက်ကြသည်။ သူ့အမည်မှာလည်း ထိုအခါမှစပြီး 'ဝဍ္ဎမာတာ ထေရီ' အရှင်မြတ်ဟု ထင်ရှားကျော်စောသွားတော့သည်။

ထို့နောက် သူ၏ ဥပဇ္ဈာယ်ဆရာမကြီးများထံမှ ဘာဝနာနည်းလမ်းနှင့် တကွ ကမ္မဋ္ဌာန်း စီးဖြန်းပုံအမျိုးမျိုးကို သင်ကြားနည်းယူသည်။ ဆိတ်ငြိမ်ရာသို့ သွားရောက်ချဉ်းကပ်ပြီး လုံ့လဓာတ်သန်သန်ဖြင့် မှန်မှန်ကြီး ကြိုးစားကာ ဘာဝနာပွားများခဲ့လေရာ မကြာမီ အတွင်းမှာပင်လျှင် ကိလေသာ ကုန်ခန်း လျက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သားကလေးကို ချီးမြှောက်ခြင်း

ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးသောအခါ အရှင်မသည် ဖလသမာပတ်ချမ်းသာကို ဝင်စားလျက် နေ့ရက်ပေါင်းများစွာ ကုန်လွန်စေခဲ့သည်။ ထို့နောက် တစ်နေ့သောအခါ ကရုဏာတရားက နှိုးဆော်သဖြင့် မိမိရင်သွေး သားကလေးကို သတိရလာသည်။ ထို့ကြောင့် သားကလေးရှိရာ ဆွေမျိုးများထံသို့ လာခဲ့သည်။ သူ၏ရည်ရွယ်ချက်မှာ သားကလေးအား လောကီ လူ့ဘောင်တွင် မနေစေဘဲ သာသနာ့ဘောင်သို့ ပို့ဆောင်ရန်ဖြစ်သည်။ သားကလေးကို ပြန်ခေါ်ရန် သူ့ရည်ရွယ်ချက်ကို ပြောပြသောအခါ သူ့ဆွေမျိုးတို့က ကြည်ကြည်ဖြူဖြူဖြင့်ပင် သူ့သားကလေးကို သူ့ထံသို့ ပြန်၍ အပ်နှံလိုက်ကြသည်။

သားကလေးကို ပြန်ခေါ်လာပြီးသော် ထေရီအရှင်မြတ်သည် 'ဝေဠုဒတ္တ' အမည်ရှိ မထေရ်မြတ်ကြီးထံသို့ သားကလေးကို အပ်နှံကာ ရှင်သာမဏေအဖြစ်ဖြင့် ပို့ထားလိုက်သည်။ ဝေဠုဒတ္တမထေရ်မြတ်ကြီးကလည်း အရှင်မ၏ သားကလေးကို လိမ္မာယဉ်ကျေးလာစေရန်နှင့် အကျင့်သိက္ခာနှင့် ညီညွတ်စွာ နေထိုင်စေရန် ဆုံးမ၍ ပဋိကတ်တော်များကို သင်ကြားပို့ချပေးလေသည်။

## ရဟန်းအဖြစ်ပို့ဆောင်

ထိုသားကလေး အသက်နှစ်ဆယ် ပြည့်သောအခါ ထေရီအရှင်မြတ်သည် ရဟန်းဘောင်သို့ ပို့ဆောင်ချီးမြှောက်လိုက်သည်။ သားကလေးသည်လည်း ထိုအခါမှစ၍ ဝမုမထေရ်ဟု သာသနာတော်အတွင်း၌ ထင်ရှားလာခဲ့သည်။ သာမဏေဘဝကပင် အခြေရလာခဲ့သောကြောင့် မကြာမီအတွင်းမှာပင် ဝမုထေရ်သည် ပိဋကတ်သုံးပုံကို တတ်မြောက်ကျွမ်းကျင်သူ ရဟန်းတော်တစ်ပါး ဖြစ်လာခဲ့သည်။

## လာဘ်လာဘပေါ်များသူဖြစ်လာ

တရားဟောမှုကို လေ့ကျင့်တော်မူပြန်လေရာ အသံသြဇာနှင့် ပြည့်စုံ၍ သာယာနာပျော်ဖွယ်ရှိအောင် ဟောကြားနိုင်သဖြင့် ဓမ္မကထိကပုဂ္ဂိုလ် တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်လာခဲ့သည်။ ပိဋကတ်သုံးပုံကိုလည်း တတ်ကျွမ်း၊ တရားဟော ကလည်း အလွန်ကောင်းသောဂုဏ်နှင့် ပြည့်စုံသဖြင့် ကြည်ညိုသူပေါ်များလျက် လာဘ်လာဘပေါ်များ ပြည့်စုံလာသည်။

ထိုအလုပ်များကြောင့် မထေရ်သည် အချိန်ကာလအတော်ကြာသည့် တိုင်အောင် ပရိသတ်တို့ကိုခွဲခွာ၍ ဘာဝနာအလုပ်ခွင်သို့ ဝင်နိုင်ရန် အချိန် မရဘဲ ဖြစ်နေရသည်။

## ဆုံးမရန် မျှော်လင့်နေ

မိခင်ထေရီကြီးသည်ကား သားရဟန်းတော်လေး ဤသို့ တရားဟော အလုပ်, ဂန္ထဓုရအလုပ်နှင့် နေ့ရက်ပုပ်၍ အချိန်ကုန်နေသည်များကို လားလားမျှ မနှစ်သက်နိုင်ပေ။ ဘာဝနာအလုပ်ခွင်သို့ဝင်ပြီး တွင်တွင်ကြီး အားထုတ်စေလို သော ဆန္ဒသာရှိသည်။ ထို့ကြောင့် တစ်နေ့နေ့တွင် သား ရဟန်းတော်နှင့် ဆုံတွေ့ပြီး အကျိုးအကြောင်းပြသကာ ဆုံးမရန်အချက်ကို မိခင်ထေရီကြီးက မျှော်လင့်နေသည်။

## မိခင်ထေရီမကြီးက ဆုံးမပြီ

တစ်နေ့သောအခါ သားဖြစ်သူ ရဟန်းတော်အရှင်မြတ်သည် မိခင်ထေရီ ကြီးနှင့်တွေ့လိုသောဆန္ဒဖြင့် တစ်ပါးတည်း မိမိကျောင်းမှ ထွက်ခဲ့၍ ဘိက္ခုနီ တို့ကျောင်းတိုက်သို့ ကြွလာခဲ့သည်။ ထိုအခါ မိခင် ဘိက္ခုနီကြီးက သားရဟန်း တော်၏ အမူအရာကို မနှစ်သက်လှသောကြောင့် ကြမ်းကြမ်းကြီးဖြင့် 'နှင်တံ'ကို ပြပြီး "အို. . . သားတော်ရဟန်း၊ ဘယ့်အတွက်ကြောင့် သက်နီးမရှုံဘဲ ဘိက္ခုနီ ကျောင်းတိုက်ထဲသို့ ဝင်လာရပါသနည်း။ သင်၏အမူအရာသည် သင့်လျော် ပါ၏လော။ သင်သည် တရားဟောအလုပ်, ဂန္ထဓုရအလုပ်နှင့်သာ အချိန်ပုပ်နေ သည်။ မာန်, မာနနှင့်တက်ကြွနေခြင်းသည် အသင့်မှာ ဘာမျှအကျိုးမရှိနိုင်။ တကယ့်လိုရင်းကိစ္စဖြစ်သည့် ဘာဝနာအလုပ်ကိုသာလုပ်ပါ။ ကိုယ်ဟန်ကြော့ ကြော့နှင့် မော့တော့တော့နေသည့် အသွင်ကို ပြင်ပါ"ဟု ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သားရဟန်းတော် အရှင်မြတ်သည် ရုတ်တရက် သတိရတော်မူသည်နှင့် "အို. . . မိခင်၊ အကျွန်ုပ် မှားပါပြီ။ နောက်အခါ သည်လိုအမူအရာနှင့် မနေထိုင်တော့ပါ"ဟု ဝန်ခံတော်မူသည်။ ပါရမီရင့်သန်သူ ပုဂ္ဂိုလ်မြတ်ဖြစ်၍ ထိုသို့ ပျော့ပျောင်းသောစိတ်ထားဖြင့် သားဖြစ်သူ ရဟန်းတော်က ဝန်ချလေသောအခါ မိခင်ရဟန္တာမကြီးသည် မိမိသားကို ထပ်မံကာ ဆုံးမတော်မူလိုသဖြင့် ဤသို့ ထပ်မံဟောကြားတော်မူသည်။

## မိခင်ရဟန္တာထေရီဟောပြပုံ

မာ သု တေ ဝုမ္မ လောကမှိ၊ ဝနထော အဟု ကုဒါစနံ။
မာ ပုတ္တက ပုနပ္ပုနံ၊ အဟု ဒုက္ခဿ ဘာဂိမာ။

ဝမ္မ၊ ချစ်သား။ တေ၊ သင်ချစ်သား၏။ ဝနထော၊ ကိလေသာတည်းဟူသော တောချုံအရှုပ်အထွေးသည်။ ကုဒါစနံ၊ တစ်ရံတစ်ဆစ်မျှ။ မာသုအဟု၊ မဖြစ်ပွားပါစေလင့်။ ပုတ္တက၊ အို. . . ချစ်သား။ တွံ၊ သင်သည်။ ပုနပ္ပုနံ၊ အဖန်ဖန်။ ဒုက္ခဿ ဘာဂိမာ၊ ဆင်းရဲခြင်းအဖို့ရှိသော အပိုကိစ္စများကို လိုက်စား၍နေသည်။ မာ အဟု၊ မဖြစ်ပါစေလင့်။

သုခံ ဟိ ဝမ္မ မုနယော၊ အနေဇာ ဆိန္နသံသယာ။
သီတိဘူတာ ဒမပ္ပတ္တာ၊ ဝိဟရန္တိ အနာသဝါ။

ဝမ္မ၊ အို. . . ချစ်သား ဝမ္မ။ မုနယော၊ ကိလေသာ ကုန်ခန်းပြီးသော ရဟန်းတော်အရှင်မြတ်တို့သည်။ ဟိ၊ စင်စစ်ကေန်။ အနေဇာ၊ တဏှာရာဂ ကင်းကွာကြကုန်သည်ဖြစ်၍။ ဆိန္နသံသယာ၊ ယုံမှားခြင်းအမျိုးမျိုးကို ဖြတ်ချိုးပယ်လှန်ကြကုန်လျက်။ သီတိဘူတာ၊ အေးမြငြိမ်သက်သော ကိုယ်စိတ်ရှိကြကုန်သည်ဖြစ်၍။ ဒမပ္ပတ္တာ၊ ယဉ်ကျေးခြင်းသို့ ဆိုက်ရောက်တော်မူကြကုန်လျက်။ အနာသဝါ၊ အာသဝေါမရှိကြကုန်ဘဲ။ သုခံ၊ ချမ်းချမ်းသာသာ။ ဝိဟရန္တိ၊ နေထိုင်တော်မူကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



တေဟာ' နုစိဏ္ဏံ ဣသိဘိ၊ မဂ္ဂံ ဒဿနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ တွံ ဝမု အနုပြုဟယ။

ဝမု၊ အို. . . ချစ်သားဝမု။ တေဟိဣသိဘိ၊ ထိုရဟန်းမြတ် ရဟန်းကောင်း အရိယာပုဂ္ဂိုလ်အပေါင်းတို့သည်။ အနုစိဏ္ဏံ၊ ကျင့်ကြံရာ လမ်းအစဉ်ဖြစ်သော။ မဂ္ဂံ၊ မဂ္ဂင်တရားကို။ ဒဿနပတ္တိယာ၊ အရိယာဉာဏ်အမြင်သို့ဆိုက်ရောက်ခြင်း ငှာ။ တွံ၊ သင်ချစ်သားသည်။ အနုပြုဟယ၊ ကြိုးကြိုးစားစားပွားများအားထုတ်လိုက်ပါလော့။

မိခင်၏ ထပ်မံဆုံးမသောစကားကို ကြားရသော် သားရဟန်းတော်သည် ဤသို့ အကြံဖြစ်တော်မူသည်။ ဩော်. . . ငါ့မယ်တော်ကြီးသည် ရဲရဲဝံ့ဝံ့ထက်ထက်မြက်မြက် ဆုံးမတော်မူပါကလား။ သည်ဆုံးမချက်ကို ထောက်ထားလိုက်လျှင် ငါ့မယ်တော်ကြီး၏ သန္တာန်၌ ကိလေသာအာသဝေါ ယုတ်ညံ့သောအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်လျက် အငြိအတွယ် ကင်းပြတ်နေပြီးမြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူနေပြီ။

## သားက မေးမြန်းပြီ

ဤသို့ အကြံဖြစ်ပေါ်ခဲ့ပြီးနောက် မယ်တော်ကြီး၏အကြောင်းကို ပွင့်ပွင့်လင်းလင်း သိလိုလှသဖြင့် သားရဟန်းက ဤသို့မေးမြန်းစုံစမ်းလိုက်သည်။

"အို. . . မယ်တော်မြတ်ကြီး၊ နက်နဲသော တရားတို့ကို ကျွန်ုပ်အား ရဲရဲရင့်ရင့် ပြောကြားဆုံးမတော်မူပေ၏။ မယ်တော်ကြီး၏ သန္တာန်၌ ဘုံဘဝကိုသာယာသော တဏှာလောဘဓာတ် အလုံးစုံ ကင်းပြတ်၍ မြင့်မြတ်သည့်ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူပြီဟု ထင်မြင်မိပါသည်။ သားတော်ရဟန်း၏ မေးမြန်းစကားကို ကြားရသောအခါ မိခင်ထေရီကြီးက ဤသို့ဖြေကြားတော်မူသည်။

## မိခင်၏ အဖြေ

ယေ ကေစိ ဝမု သင်္ခါရာ၊ ဟီနာ ဥက္ကဋ္ဌ မဇ္ဈိမာ။
အဏူပိ အဏုမတ္တောပိ၊ ဝနထော မေ န ဝိဇ္ဇတိ။

www.burmeseclassic.com

www.burmeseclassic.com



ဝမှု၊ ချစ်သားဝမှု။ ဟီနာ၊ ယုတ်ညံ့သည်ဟု ဆိုအပ်ကုန်သော။ ဥက္ကဋ္ဌ မဇ္ဈိမာ၊ အမြတ်စား အလတ်စားဟု ဆိုအပ်ကုန်သော။ ယေကေစိသင်္ခါရာ၊ အကြင်အလုံးစုံသော သင်္ခါရတရားတို့သည်။ သန္တိ၊ ထင်ရှားစွာ ရှိကြလေကုန်၏။ တေသု၊ ထိုပြုပြင်အပ်သမျှ သင်္ခါရဉသုံအလုံးစုံတို့၌။ အဏုပိ၊ အနည်းငယ်မျှ ကလေးပင်သော်လည်း။ အဏုမေတ္တာပိ၊ အဏုမြူမှုန့်ကလေးမျှလောက်ပင် သော်လည်း။ မေ၊ အကျွန်ုပ်အား။ ဝနထော၊ သာယာခုံမင် လိုချင်တုံလတ် တဏှာမာတ်သည်။ နဝိဇ္ဇတိ၊ မရှိရုံးကေန် ကင်းပြတ်ပြီး အမှန်သာလျှင်တည်း။

သဗ္ဗေ အာသဝါ ခီဏာ၊ အပ္ပမတ္တာယ ဈာယတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဝမှု၊ အို. . . ချစ်သားဝမှု။ အပ္ပမတ္တာယ - အပ္ပမတ္တာယ၊ မမေ့မလျော့ မပေါ့မတန်။ ဈာယတော - ဈာယန္တိယာ၊ ဈာန်ဝင်စား၍နေသော။ မေ၊ သင့် မယ်တော်ကြီးဖြစ်သော အကျွန်ုပ်အား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာသဝါ၊ စီးသွန်ကျလျှော အာသဝေါတို့သည်။ ခီဏာ၊ မရှိလုံးလုံး ကုန်ဆုံးကွယ်ပျောက် ကြလေကုန်ပြီ။ တိဿောဝိဇ္ဇာ၊ အမြင်သုံးတန် ဝိဇ္ဇာဉာဏ်တို့ကို။ အနုပ္ပတ္တာ၊ အစဉ်အတိုင်း ဆိုက်ရောက်ခဲ့လေပြီ။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ အဆုံးအမ ဟူသမျှကို။ ကတံ၊ လိုက်နာပြုကျင့်ခြင်းကိစ္စ ပြီးဆုံးခဲ့ လေပြီ။

## မိခင်ကျောင်းမှ ပြန်လာခဲ့ပြီ

မယ်တော်ကြီးမိန့်ကြားသော စကားကိုကြားသော် သားတော်ရဟန်း တော်၏ စိတ်၌ အားတက်သရော ကုသိုလ်ဇောထက်သန်စွာ ဤသို့ဖြစ်ပေါ် လာသည်။ "ဩော်. . . ငါ့မယ်တော်ကြီးကား ရဟန်းကိစ္စပြီးဆုံး၍ အမြတ်ဆုံးခေါ် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေပြီ။ သားဖြစ်သူ ငါ့မှာကား ကျမ်းဂန် ပို့ချ ဂန္ထဓုရအလုပ်, တရားဟောရသော ဓမ္မကထိက အလုပ်တွေဖြင့်သာ အချိန် ကုန်လာခဲ့သည်။ ငါစာတတ်သည်၊ ငါတရားဟောကောင်းသည် ဟူသော

51A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



အထင်မျိုးနှင့် ကြွားဝါပြီး မာန်မာနတံခွန်ကို ချွန်ချွန်ကြီးထောင်လို့နေခဲ့သည်။ ငါ့အပေါ်၌ လွန်စွာ သနားတော်မူလှသဖြင့် လိုရင်းကိစ္စကို မြန်မြန်ကြီး အားထုတ်ရလေအောင် နှင်တံကိုပြပြီး ဆုံးမတော်မူပေသည်။ ယနေ့မှစပြီး တရားအလုပ်ကိုသာ အားထုတ်ကြိုးစားတော့မည်ဟု စဉ်းစားဆင်ခြင်ပြီး မိခင်ကြီးကျောင်းမှ ပြန်လာခဲ့သည်။

## သားတော်ရဟန္တာဖြစ်ပြီ

သားတော်သည် ထိုနေ့မှစ၍ စာပေပို့ချမှု၊ တရားဟောမှုတို့ကို မပြုလုပ်တော့ဘဲ ဆိတ်ငြိမ်ရာ ဌာနရှိ ကမ္မဋ္ဌာန်းကျောင်းသို့ ခိုဝင်ကာ ဝိပဿနာဘာဝနာအလုပ်ကို အားထုတ် ကြိုးစားတော်မူသည်။ ပညာပါရမီစာတ်ခံရင့်သန်သူပုဂ္ဂိုလ်ဖြစ်၍ ဝိပဿနာဉာဏ်အဟုန်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ဖြတ်ပြီး မကြာမီပင် မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသည်။

ရဟန္တာဖြစ်တော်မူပြီးသောအခါ မိခင်ကြီး၏ ဂုဏ်ကျေးဇူးကို ချီးကျူးရန်နှင့် မိမိ၏အကြောင်းတို့ကို ပြောကြားတော်မူရန်အတွက် ကမ္မဋ္ဌာန်း အားထုတ်နေရာကျောင်းမှဆင်းလျက် မိခင်အထံသို့ ကြွလာခဲ့သည်။ မိခင်ထံရောက်သောအခါ ဤသို့ -

ဉဠာရံ ဝတ မေ မာတာ၊ ပတောဒံ သမဝဿရိ။
ပရမတ္ထ သံဟိတာ ဂါထာ၊ ယထာပိ အနုကမ္ပိကာ။

မေ၊ အကျွန်ုပ်၏။ မာတာ၊ မယ်တော်ကြီးသည်။ ပတောဒံ၊ နှင်တံကို။ သမဝဿရိ ပြကာပြကာ ဆုံးမတော်မူရှာပေ၏။ တံ၊ ထိုနှင်တံပြ၍ ဆုံးမတော်မူခြင်းသည်။ ဉဠာရံဝတ၊ အကျိုးပြီးစီး၍ အမွန်မြတ်ကြီး မွန်မြတ်ပေသည်တကား။ မာတာ၊ ကျေးဇူးရှင် မယ်တော်ကြီးသည်။ ယထာပိအနုကမ္ပိတာ၊ အလွန်မွန်မြတ်သော အကျိုးစီးပွားနှင့်သက်ဆိုင်ကုန်သော။ ပရမတ္ထသံဟိတာ၊ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်နှင့် သက်ဆိုင်ကုန်သော။ ဂါထာ၊ တရားဒေသနာမြတ်ဂါထာတို့ကို။ အဒေသေယိ၊ ကရုဏာပို့လွှန်၍ ဟောညွှန်ဆုံးမခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တဿာဟံ ဝစနံ သုတွာ၊ အနုသိဋ္ဌိ ဇနေတ္တိယာ။
ဓမ္မသံဝေဂ မာပါဒိ၊ ယောဂက္ခေမဿ ပတ္တိယာ။

တဿာဇနေတ္တိယာ၊ ထိုကျေးဇူးရှင်မယ်တော်ကြီး၏။ အနုသိဋ္ဌိ၊ ဆုံးမချက်ဖြစ်သော။ ဝစနံ၊ တရားစကားကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ ယောဂက္ခေမဿ၊ ယောဂလေးသွယ်၏ ပျောက်ကွယ်ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ဆိုက်ရောက်ခြင်း အကျိုးငှာ။ ဓမ္မသံဝေဂံ၊ တရားနှင့်ယှဉ်သော ထိတ်လန့်ခြင်းသို့။ အပါဒိ၊ ဆိုက်ရောက်ခဲ့ပါပြီ။

သော ဟံ ပဓာနပဟိတတ္တော၊ ရတ္တိံဒိဝ မတန္ဒိတော။
မာတရာ စောဒိတော သန္တော၊ အဖုသိံ သန္တိ မုတ္တမံ။

တတော၊ ထိုတရားသံဝေဂတို့ ရရှိပြီးသောနောက်၌။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ ပဓာနပဟိတတ္တော၊ ကမ္မဋ္ဌာန်းအလုပ်ခွင်၌ စွန့်လွှတ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍။ ရတ္တိံဒိဝံ၊ နေ့ရောညဉ့်ပါ။ အတန္ဒိတော၊ ပျင်းရိခြင်း မရှိဘဲ အားခဲ၍ ကြိုးစားလိုက်သည်ရှိသော်။ မာတရာ၊ မယ်တော်ကြီးက။ စောဒိတောသန္တော၊ တိုက်တွန်းအပ်သောကြောင့်။ ဥတ္တမံ၊ အလွန်တရာ မွန်မြတ်စွာသော။ သန္တိံ၊ ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ဓမ္မ မြို့ကိုသုခကို။ အဖုသိံ၊ ကိုယ်တိုင် တွေ့ထိ ရမိဆိုက်ရောက်ခဲ့ပါသတည်း။

## သားအမိနှစ်ပါးနိဗ္ဗာန်စံ

သားရဟန်းတော်အရှင်မြတ် ကိလေသာကင်းပြတ်၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသောအခါ မယ်တော်ကြီးကလည်း ရဟန္တာ၊ သားတော်မြတ်ကလည်း ရဟန္တာ လွန်စွာတင့်တယ်တော်မူကြပေသည်။ ရဟန္တာဖြစ်တော်မူကြပြီးသော ထိုသားအမိ နှစ်ပါးတို့သည် အသက်ဆုံးသည်တိုင်အောင် သာသနာတော်ဝန်ကို ရွက်ဆောင်တော်မူကြပြီးလျှင် ခန္ဓာဝန်ကို ပစ်ချ၍ စုတေတော်မူကြသောအခါ ချမ်းသာတကာတို့၏ ထွတ်စွန်, အလွန် မွန်မြတ်သော နိဗ္ဗာန်၌ သားအမိနှစ်ပါး စံစားတော်မူကြရလေသတည်း။

ဝဓုမာတာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ထေရိကာထေရီ အပဒါန်ဝတ္ထု

ဤဘဒ္ဒကပ်ကမ္ဘာ၌ပင် ကောဏာဂုံ မြတ်စွာဘုရားသည် ထင်ရှား ပွင့်တော်မူခဲ့သည်။ ထိုအခါက ဤထေရိကာထေရီလောင်းလျာ အမျိုးသမီး ကလေးသည် သာသနာတော်ကို အလွန်ကြည်ညိုလှသဖြင့် မိမိတတ်စွမ်းသမျှ လှပသော သစ်ခက်, သစ်ညွန့်တို့ကို စုဆောင်းပြီး သစ်ခက်မဏ္ဍပ်ကြီးကို ဆောက်လုပ်ခဲ့သည်။ မဏ္ဍပ်တစ်ပြင်လုံး သဲဖြူများ ခင်းထားသည်။ မဏ္ဍပ် အမိုးကို ဖြိုးဖြိုးဝေအောင် အထွေထွေ အရောင်အဆင်းရှိ ပန်းမျိုးစုံတို့ဖြင့် ဗိတာန်(မျက်နှာကြက်)ကြီး ပြုလုပ်ထားလိုက်သည်။

ထိုသို့ သစ်ခက်မဏ္ဍပ်, ပန်းမဏ္ဍပ်ကြီးကို ပြုလုပ်စီရင်ပြီး ရှင်တော်ဘုရား နှင့်တကွ သံဃာတော်များကို ပင့်ဆောင်ကာ ဆွမ်းဘောဇဉ်အရသာများကို ကပ်လှူသည်။ ဆွမ်းစားပြီးနောက် တိစီဝရိက် သင်္ကန်းသုံးထည်ကိုလည်း ဘုရားရှင်နှင့် သံဃာတော်အားလှူဒါန်းခဲ့သည်။

## ပြုခဲ့သော ကောင်းမှုနှင့် ကောင်းကျိုး

ကောဏာဂုံ မြတ်စွာဘုရားသည် ထိုအမျိုးသမီးကလေးအား လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား ဟောကြားတော်မူပြီး 'အိုချစ်သမီး၊ သင်သည် ဤဘဒ္ဒကပ်အခါ၌ပင် ဂေါတမဘုရားထင်ရှားပွင့်တော်မူသောအခါ ဘိက္ခုနီဖြစ်၍ နိဗ္ဗာန်သောင် ခေမာကမ်းသို့ စံမြန်းရလိမ့်မည်'ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး ဆွမ်းကျွေးမဏ္ဍပ်မှ ပြန်လည် ကြွသွားတော်မူသည်။

## တာဝတိံသာနတ်သမီးဘဝသို့

အမျိုးသမီးကလေးသည် သစ်ခက်မဏ္ဍပ်, ပန်းမဏ္ဍပ်ကြီးကို အဆန်း တကြယ် ဆောက်လုပ်ပြီး ဆွမ်း, သင်္ကန်းကို လှူဒါန်းရခြင်း၊ ရှင်တော်ဘုရား ဟောကြားတော်မူသော ဒေသနာနှင့် ဗျာဒိတ်စကားကို ကြားနာရခြင်း တို့ကြောင့် လွန်စွာ နှစ်သိမ့်ကာ လူ့ဘဝကို အရဖျော်စွာ ငါရလာပြီဟု များစွာ

www.burmeseclassic.com

www.burmeseclassic.com



အားတက်မှုဖြစ်သည်။ ထိုသို့ နေထိုင်ရင်း ထိုဘဝမှ သက်တမ်းကုန်သည် ရှိသော် တာဝတိံသာနတ်ပြည်၌ လွန်စွာ အဆင်းလှသူ နတ်သမီး ဖြစ်ရသည်။ ကုသိုလ်ကောင်းမှု ရှိသူဖြစ်၍ နတ်စည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားခဲ့ရသည်။

ကောဏာဂုံ မြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရား ဤဘုရားနှစ်ဆူတို့၏အကြား အလွန်ရှည်ကြာသော အန္တရကပ်ကြီးတစ်ကပ်လုံး အပါယ်လေးပါးသို့ မလားရဘဲ လူ့ရွာနှင့် နတ်ပြည်တို့၌သာ စုန်ချည်ဆန်ချည် ဖြစ်နေခဲ့ရသည်။

## သူဌေးသမီးဘဝ

ထို့နောက် ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ ဗာရာဏသီ နေပြည်တော်ကြီး၌ သူဌေးသမီးဖြစ်လာရပြန်သည်။ ဆွမ်းနှင့်သင်္ကန်းကို လှူဒါန်းခဲ့သောစေတနာကြောင့် ပစ္စည်းဥစ္စာအလွန်ပေါ်လျက် ရုပ်ကလည်းချော အမျိုးကလည်းမြတ်သူ ပညာတတ်ကလေး ဖြစ်လာခဲ့ရပြန်သည်။

## ဘိက္ခုနီဖြစ်လိုသော်လည်း

အရွယ်သို့ရောက်သောအခါ ပါရမီဓာတ်ခံရှိသူကလေးဖြစ်သောကြောင့် လူ့ဘဝတွင် ကာမဂုဏ် ဘုံခလေ့ဖြင့် ပျော်မွေ့လိုသောစိတ်မရှိဘဲ သာသနာတော်ကို ဝင်ပြီး ဘိက္ခုနီဖြစ်လိုသော ဆန္ဒသာရှိနေခဲ့သည်။ ထို့ကြောင့် မိဘတို့ထံတွင် ရဟန်းပြုခွင့် တောင်းသည်။ သို့သော် မိဘတို့က ခွင့်မပြုခဲ့ပေ။

အကြိမ်ကြိမ်အခါခါ တောင်းပန်သောအခါ မိဘများက မတားတော့ဘဲ သမီးကလေး၏ ဆန္ဒအတိုင်း ခွင့်ပြုလိုက်ကြသည်။

## နှစ် နှစ်သောင်းကြာ ဘာဝနာပွားခဲ့သူ

ထိုအခါ ဤထေရီလောင်းလျာသည် ဘိက္ခုနီတို့ကျောင်းသို့သွားပြီး ဘိက္ခုနီဝတ်လိုက်သည်။ ဘိက္ခုနီဖြစ်ပြီးသော် သီလ သိက္ခာကို လုံခြုံစွာ စောင့်ထိန်းလျက် ထိုအချိန်က သက်တမ်းအတိုင်း နှစ်ပေါင်း နှစ်သောင်းတိုင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဘောင်၌နေကာ ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွားများအားထုတ်ခဲ့သည်။ ထိုဘဝမှတစ်ဖန် စုတေပြန်သော် နတ်ပြည်သို့သာ ရောက်ခဲ့ရပြန်သည်။

ကဿပမြတ်စွာဘုရား၏ သာသနာတော်အတွင်း ကောင်းစွာ ကျင့်ကြံနေထိုင်ခဲ့သော ကုသိုလ်ထူးကြောင့် ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ အန္တရကပ် တစ်ခုလုံး အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရဘဲ လူ့ရပ်နတ်ရွာတို့၌သာ စည်းစိမ်ချမ်းသာများကို ခံစား စံစား၍နေခဲ့ရသည်။

## ဂေါတမဘုရားရှင် လက်ထက်၌

ဂေါတမထွတ်ထား ဘုရားမြတ်စွာ ပွင့်တော်မူလာသောအခါ ဝေသာလီပြည်တွင် မင်းမျိုးမှပေါက်ဖွားသော မင်းသမီးကလေးတစ်ပါး ဖြစ်လာရသည်။ ပါရမီဘုန်းကံ ရင့်သန်ထူးကဲသူဖြစ်သည့်အတွက် မိန်းမမြတ်တို့၏ ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်။ အကျင့်အာစရတို့မှာလည်း လွန်စွာ စင်ကြယ်သူဖြစ်သည်။ ကိုယ်နေပုံပန်း ခန့်ခန့်ညားညား ထွားထွားကျိုင်းကျိုင်းနှင့် လုံးကြီးပေါက်လှဖြစ်သဖြင့် သူ့အမည်ကို 'ထေရိကာ' ဟု ခေါ်ဝေါ်ခဲ့ကြသည်။

## ဝေသာလီပြည်သားနှင့် လက်ထပ်ခဲ့ရ

ထေရိကာ အရွယ်ရောက်သော် မယ်တော်, ခမည်းတော်တို့၏ အလိုဆန္ဒကို မလွန်ဆန်နိုင်ဘဲ အမျိုးတူ အရွယ်တူ ဂုဏ်တူဖြစ်သူ ဝေသာလီမင်းသားပျိုကလေးတစ်ပါးနှင့် လက်ထပ်ထိမ်းမြားခဲ့ရသည်။ ထို့နောက် အိမ်ထောင်ရှင်ဘဝဖြင့် မယားဝတ္တရား ကျေပွန်စွာ ပြုစုလုပ်ကိုင်ပေးရင်း နေထိုင်ခဲ့သည်။

## ဥပါသိကာအဖြစ်ခံယူ

တစ်နေ့သော် ဝေသာလီပြည်သို့ ရှင်တော်ဘုရားကြွလာတော်မူသည်။ ဘုရားရှင်သည် ပြည်သူပြည်သားတို့အား ဒေသနာအမြိုက်ဆေး တိုက်ကျွေးတော်မူသောအခါ ထေရိကာ မင်းသမီးသည်လည်း ဘုရားရှင်၏ တရားတော်ကို နာကြားရသည်။ ထိုသို့နာကြားရသဖြင့် ဘုရားရှင်နှင့် တရားတော်တို့ကို လွန်စွာ ကြည်ညိုမြတ်နိုးလှ၍ သရဏဂုံသီလ ဆောက်တည်လျက် ဥပါသိကာအဖြစ် ခံယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိထွေးတော် ဂေါတမီထံသို့သွားရောက်ပြီး တရားတော်ကို အကြိမ်ကြိမ် အထပ်ထပ် ကြားနာပြန်သည်။ ထိုသို့ တရားတော်ကို နာကြားရဖန်များသော် လူ့ဘုံဓလေ့တွင် ပျော်မွေ့ခြင်း မရှိတော့ဘဲ ဘိက္ခုနီပြုလိုသော်လည်း ခင်ပွန်းသည်က ခွင့်မပြုခဲ့ပေ။

## မြင်တွေ့ခဲ့ရသော အဖြစ်အပျက်

သို့ဖြင့် ထေရိကာသည် အခြေနေပေးမည့်အခါကို စောင့်နေခဲ့သည်။ ထိုသို့စောင့်နေစဉ် တစ်နေ့သောအခါ၌ ကျေးကျွန်အစေခံများ ထမင်းဟင်း ချက်ပြုတ်ကြသည့် စားဖိုဆောင်ထဲသို့ ဝင်ရောက်ပြီး ကြည့်မိသည်။ မီးတောက် အားကြီးသည်နှင့် ထောပတ်ဖြင့် ကြော်လှော်သော ဟင်းအိုး မီးလောင်ပြီး ဖျစ်ဖျစ် ဖျစ်ဖျစ်နှင့် မြည်သံများကို သူကြားလိုက်ရသည်။ ထို့ပြင် ပွက်ပွက်ဆူနေသည့် ဟင်းအိုးထဲသို့ လတ်ဆတ်သော ဟင်းရွက်များ ထည့်လိုက်ရာ မကြာခင် ညှိုးနွမ်းသွားပုံများကိုလည်း မြင်ရသည်။

## တရားရပြီ

ထိုအခါ ရုပ်ပစ္စည်းတို့၏ ဖြစ်ပျက်ပြောင်းလဲပုံကို မျက်မြင်ဒိဋ္ဌတွေ့သိလိုက်ရ၍ ဤသို့ဆင်ခြင်မိသည်။ ပျက်ခြင်းဆိုသောတရားသည် လွန်စွာထင်ရှားလှပါကလား။ ထောပတ်ထည့်ကြော်သော ဟင်းအိုးသည် ငါ့ရှေ့မှာပင် ပျက်စီးယိုယွင်းသွားသည်။ စိမ်းလန်းလတ်ဆတ်သည့် ဟင်းရွက်များ ငါ့ရှေ့မှာပင် လျင်မြန်စွာ ညှိုးနွမ်းပျက်စီးသွားကြသည်။ ငါ၏ကိုယ်ခန္ဓာကြီးသည်လည်း ဤနည်းအတိုင်းပင် ဖြစ်သည်။ သည်ကိုယ်ကြီးအတွင်း၌ အမြဲလောင်ကျွမ်းနေသော တေဇောဓာတ်မီး အပြည့်ရှိသည်။ ယင်းတေဇောသည် စားသမျှသောက်သမျှ အစာ အာဟာရနှင့်တကွ ဤကိုယ်ကာယကြီးကို နေ့ညမစဲ အမြဲလောင်မြိုက်နေသည်မှာ အမှန်ပါကလား။ တေဇောဓာတ် လောင်မြိုက်ခြင်းကြောင့် အရွယ်ယိုယွင်း၍ အိုမင်းသည်အဖြစ်သို့ ရောက်ရသည်မှာ အမှန်ပင်။ သေခြင်းသို့လည်း ရောက်ရမည်မှာ အမှန်ပင်။ ငြင်းဆန်၍ရနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုးမဟုတ်။ ဤရုပ်ကမ္ဘာလောကသည်လည်း သည်နည်းအတိုင်းပင်ဟု ဆင်ခြင် စဉ်းစားမိရာမှ ဝိပဿနာဉာဏ်အမြင် ရင့်သည်ထက် ရင့်သန်ပြီး သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်ဘဝသို့ရောက်လျက် တရားရသွား တော့သည်။

အနာဂါမ်အဖြစ်သို့ ရောက်ရှိသွားသောအခါ ထေရိကာသည် လူ့ဘဝ၌ လူ့စည်းစိမ်ခံစားကာ နေထိုင်ချင်စိတ်များ လုံးဝကင်းပျောက်သွားတော့သည်။ အနာဂါမ်သည် ဒေါသနှင့် ကာမတဏှာကို အပြတ်ပယ်သတ်ပြီးသူ ပုဂ္ဂိုလ် မြတ်မဟုတ်ပါလော။

## ခင်ပွန်းသည်ထံ ခွင့်တောင်းပြီ

ထိုအခါ အရှင်သခင်ဖြစ်သူ မင်းသားသည် ထေရိကာမင်းသမီး၏ ထူးဆန်းစွာ ပြောင်းလဲနေသော အမူအရာကိုမြင်သဖြင့် အကြောင်းကို သိရှိရန် မေးမြန်းလေသည်။ ထေရိကာမင်းသမီးက "အရှင်မင်းသား၊ ယခုအခါ အကျွန်ုပ် သည် သင်ကဲ့သို့ ပုထုဇဉ်မျိုး မဟုတ်တော့ပါ။ အရိယာအမှန် အနာဂါမ် အဖြစ်သို့ ရောက်ပါပြီ။ အရှင်မင်းသားနှင့် အတူနေခြင်းငှာ မစွမ်းနိုင်တော့ပါ။ ရဟန်းပြုရန်ကိုသာ အမြန်ခွင့်ပြုပါတော့"ဟု တောင်းဆိုသည်။

## ဘိက္ခုနီကျောင်းသို့ပို့ပြီ

ခင်ပွန်းဖြစ်သူ မင်းသားသည် တားမြစ်၍ မဖြစ်နိုင်သောအခြေသို့ ဆိုက်ရောက်ကြောင်း သိသဖြင့် ကြည်သာစွာ အခွင့်ပေးလိုက်သည်။ ဇနီး ထေရိကာမင်းသမီးကို ကြီးကျယ်လှစွာသော ရဟန်းပြုမင်္ဂလာ အခမ်းအနား ကိုလည်း ဆင်ယင် ကျင်းပပေးကာ ဘိက္ခုနီတို့ကျောင်းသို့ လိုက်ပို့ပေးသည်။

## ထေရိကာဘိက္ခုနီဖြစ်လာ

မိထွေးတော် ဂေါတမီထေရီကြီးအထံတော်တွင် လောကီ လူ့အသွင်ကို ပယ်စွန့်၍ ဘိက္ခုနီအသွင်ကို ဝတ်ဆင်ပြီးသောအခါ ထေရိကာသည် ထေရိကာ ဘိက္ခုနီဟု ထင်ရှားလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ မိထွေးတော်ဂေါတမီ အရှင်မကြီးသည် ရဟန်းပြုပြီးခါစ ထေရိကာဘိက္ခုနီကိုခေါ်ပြီး ရှင်တော်ဘုရားအထံတော်သို့သွားသည်။ ထေရိကာ၏ ရဟန်းပြုခဲ့ပုံ အကြောင်းများကိုလည်း ဘုရားရှင်အား လျှောက်ထားသည်။

ဘုရားရှင်သည် ထေရိကာ၏ ဘဝအဆက်ဆက်မှ ပါရမီအစဉ်ကို ဆင်ခြင် ရှုစားတော်မူရာ လွန်စွာ ရင့်သန်၍ ပညာဉာဏ်ထက်မြက်ကြောင်း မြင်တော်မူသည်နှင့် တင့်တယ်လျောက်ပတ်သော ဒေသနာတော်ကိုပြ၍ ရဟန္တာအဖြစ်သို့ လျင်မြန်စွာရောက်စေရန် ဤသို့ ဟောကြားတော်မူလေသည်။

## ဘုရားရှင်ဟောကြား မြတ်တရား

သုခံ သုပါဟိ ထေရိကေ၊ ကတွာ စောလေန ပါရုတာ။
ဥပသန္တောဟိ တေ ရာဂေါ၊ သုက္ခဍာကံဝ ကုမ္ဘိယံ။

ထေရိကေ၊ ချစ်သမီး ထေရိကာ။ ကုမ္ဘိယံ၊ ပွက်ပွက်ဆူ၍နေသော ဟင်းအိုးထဲ၌။ သုက္ခဍာကံဝ၊ ညှိုးနွမ်း၍နေသော ဟင်းရွက်ကဲ့သို့။ တေ၊ သင်ချစ်သမီး၏။ ရာဂေါ၊ နှစ်သက်သာယာသော တဏှာရာဂသည်။ ဟိ၊ စင်စစ်ဧကန်။ ဥပသန္တော၊ မထကြွ မသောင်းကျန်းဘဲ ညှိုးနွမ်း၍ သွားလေပြီ။ ထေရိကေ၊ ချစ်သမီး ထေရိကာ။ စောလေန၊ တရားသဖြင့်ရသော အဝတ်မျိုးဖြင့်။ စီဝရံ၊ သာသနာ့တံခွန် အမွန်အမြတ်ဖြစ်သော သင်္ကန်းကို။ ကတွာ၊ အရဟတ္တဖိုလ်ရကြောင်း ကောင်းစွာပြုလုပ်၍။ ပါရုတာ၊ ထိုသင်္ကန်းကို ဝတ်ရုံလျက်။ သုခံ၊ ဘယ်အရေးနှင့်မျှ ကြောင့်ကြခြင်းမရှိဘဲ ပကတိချမ်းသာစွာ။ သုပါဟိ - ဝသာဟိ၊ ငါ၏သာသနာတော်တွင် ပျော်ရွှင်စွာနေပေတော့ ချစ်သမီး။

ဘုရားရှင် ဟောတော်မူသော ဒေသနာ၌ ဟင်းရွက်၏ ဉပမာကိုပြတော်မူခြင်းမှာအခြားကြောင့်မဟုတ်။ ထေရိကာ ဘိက္ခုနီသည် ရှေးလူဝတ်ကြောင်ဘဝက ပွက်ပွက်ဆူသည့် ဟင်းအိုးအတွင်း၌ ရုတ်တရက် ညှိုးနွမ်းသွားသည့်ဟင်းရွက်ကို မြင်၍ ဝိပဿနာဉာဏ်ပွားပြီး တရားရခဲ့သည်။ ဤသည်ကို အခြေ

52A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



ပြုကာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်စေရန် ရှေးအာရုံကို ဖော်ပြသည့် အနေအားဖြင့် ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

## ရဟန္တာဖြစ်ပြီ

ထေရိကာ ဘိက္ခုနီသည် ရှင်တော်ဘုရား ဟောကြားသော ဟင်းရွက် ဥပမာတရားကို ကြားနာရသဖြင့် ဘွားခနဲ ဉာဏ်အမြင် ထင်မြင်ပြီး ရှင်တော်မြတ်ဘုရား၏ ရှေ့တော်၌ပင် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသည်။ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်ပြီးသောအခါ ပါရမီ အရင်းခံထက်သန်ခဲ့သူဖြစ်၍ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးတို့နှင့်လည်း ပြည့်စုံတော်မူသည်။

## ဘဝအဖြစ်စုံ ပြန်လည်ဟောပြ

ထိုအခါ ရှေးရှေးဘဝတို့၌ ဖြစ်ပျက်ခဲ့ဖူးသော သူ၏ ဘဝါဘဝတို့ အကြောင်းကို ကြားရသူအပေါင်း သဒ္ဓါတရားတိုးပွားကြစေရန် ဤသို့ ပြန်လည် ဟောပြတော်မူသည်။

ကောဏာဂမန ဗုဒ္ဓဿ၊ မဏ္ဍပေါ ကာရိတော မယာ။
ဘိက္ခံ တိစီဝရံ ဒါသိံ၊ ဗုဒ္ဓဿ လောကဗန္ဓုနော။

ဘောတိယော၊ အို. . . အမျိုးသမီးအပေါင်းတို့။ မယာ၊ အကျွန်ုပ်သည်။ ကောဏာဂမန ဗုဒ္ဓဿ၊ ကောဏာဂုံ မြတ်စွာဘုရားအား။ ဒါတုံ၊ လှူဒါန်းပူဇော်ခြင်းငှာ။ မဏ္ဍပေါ၊ သစ်ခက်မဏ္ဍပ်ကြီးကို။ ကာရိတော၊ အဆန်းတကြယ် တင့်တယ်စွာ ဆောက်လုပ်အပ်စေခဲ့ပြီ။ လောက ဗန္ဓုနော၊ သုံးလောက၏ အဆွေတော်ကြီး ဖြစ်တော်မူပေသော။ ဗုဒ္ဓဿ၊ ကောဏာဂုံ မြတ်စွာဘုရားအား။ ဘိက္ခံ၊ မြိန်မြတ်သော ဆွမ်းကိုလည်းကောင်း။ တိစီဝရံ ဖန်ဝါနီမြန်း တိစီဝရိက် သင်္ကန်းကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အဒါသိံ၊ ကြည်ကြည်ဖြူဖြူ ပေးလှူဆက်ကပ်ခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ယံ ယံ ဇနပဒံ ယာမိ၊ နိဂမေ ရာဇဓာနိယော။
သဗ္ဗတ္ထ ပူဇိတာ ဟောမိ၊ ပုညကမ္မဿိဒံ ဖလံ။

အဟံ၊ အကျွန်ုပ်သည်။ ယံယံဇနပဒံ၊ အကြင်အကြင် တိုင်းနိုင်ငံဇနပုဒ်သို့။ ယာမိ၊ ဒေသစာရီ လှည့်လည်သွားရောက်၏။ နိဂမေ၊ ရွာနိဂုံးတို့ကို လည်းကောင်း။ ရာဇဓာနိယော၊ မင်းနေပြည်ကြီးတို့ကို လည်းကောင်း။ ယာမိ၊ လှည့်လည်သွားရောက်၏။ သဗ္ဗတ္ထ၊ သွားလေရာရာ မြို့ရွာနိဂုံး တိုင်းနိုင်ငံ အလုံးတို့၌။ ပူဇိတာ၊ လူရောနတ်ပါ များစွာကော်ရော် အပူဇော်ခံရသည်။ ဟောမိ၊ ဖြစ်ရပါ၏။ ဣဒံ၊ ဤသို့ရောက်လေရာရာ များစွာကြည်ညို၍ ထိုထို အပူဇော်ကိုခံရခြင်းသည်။ ပုညကမ္မဿ၊ ကောဏာဂုံဘုရား ရှေ့လက်ထက် တော်အခါက ကောင်းစွာပြုခဲ့သော ကောင်းမှုကြီး၏။ ဖလံ၊ အကျိုးဆက် အာနိသင်ပေတည်း။

ကိလေသာ ဈာပိတာ မယှံ၊ ဘဝါ သဗ္ဗေ သမူဟတာ။
နာဂီဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝါ။

ဘောတိယော၊ အို. . . အမျိုးသမီးအပေါင်းတို့။ ဣဒါနိ၊ ဤယခုအခါ၌။ မယှံ၊ အကျွန်ုပ်သည်။ ကိလေသာ၊ သံသရာတစ်ခွင် ကျင်လည်စေကြောင်း ကိလေသာမျိုးစေ့အပေါင်းတို့ကို။ ဈာပိတာ၊ မဂ်ဉာဏ်တည်းဟူသော မီးဖြင့် အပြီးသတ် အကြွမ်းလှော်၍ ပစ်အပ်လေပြီ။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။ ဘဝါ၊ တဏှာညွတ်ရှိုသော ဝဋ်ဘုံအမျိုးမျိုးတို့ကို။ သမူဟတာ၊ အမြစ်မကျန်အောင် ပယ်လှန်နုတ်ပစ်အပ်ကုန်ပြီ။ နာဂီ၊ ထူးခတ်၍ လှောင် ထားအပ်သော ဆင်မကြီးသည်။ ဗန္ဓနံ၊ အနှောင်အဖွဲ့ကို။ ဆိန္ဒတိက္ကဝါ၊ ဖြတ် တောက်ပြီးကာ လွတ်လပ်စွာ ထွက်သွားလေဘိသကဲ့သို့။ အဟံ၊ အကျွန်ုပ် သည်။ ဗန္ဓနံ၊ သံသရာထဲတွင် အမြဲချည်နှောင်၍ထားသော ကိလေသာ သံယောဇဉ် အနှောင်အဖွဲ့ကို။ ဆေတွာ၊ မကျန်မကြွင်း အရှင်းပယ်ဖြတ်ပြီး၍။ အနာသဝါ၊ အာသဝေါကင်းကွာ၍ ရဟန္တာအဖြစ်သို့ရောက်လျက်။ ဝိဟာရာမိ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရေးကြောင့်မှ မပူမပန်ရဘဲ ချမ်းမြေအေးကြည်စွာ အတည်အတံ့ နေထိုင်ရပေပြီတည်း။

ထေရိကာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# မုတ္တာထေရီ အပဒါန်ဝတ္ထု

လွန်လေပြီးသော ကမ္ဘာထက်၌ ဝိပဿီဘုရားရှင် ထင်ရှားပွင့်တော်မူခဲ့သည်။ ထိုအခါ ဤထေရီလောင်းလျာသည် အမျိုးကောင်းသမီးတစ်ယောက် ဖြစ်နေခဲ့ရသည်။

တစ်နေ့သောအခါ ဝိပဿီမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ရောင်ခြည်တော် ခြောက်သွယ်ကို တင့်တယ်လှစွာ တဖြာဖြာတထိန်ထိန် အရှိန်တညီးညီး လွှတ်တော်မူပြီး လမ်းမတစ်ခုသို့ ဆွမ်းခံကြွတော်မူလာသည်။

## ဆံပင်ခင်းကို လှူခဲ့ပုံ

ထိုအမျိုးသမီးကလေးသည် လွန်စွာ ကြည်ညိုဖွယ်ကောင်းသော ဘုရားရှင်ကြွလာတော်မူသည်ကို မြင်သဖြင့် ဖရဏာပီတိ လွှမ်းမိုးသောစိတ်ဖြင့် ဖူးမြော်သည်။ ထို့နောက် ရှင်တော်ဘုရား ကြွတော်မူရာ လမ်းခရီးတွင် ရှိသေစွာ ဝပ်တွား၍ အလျားမှောက်လျက် မိမိဆံပင်ကို ဖြန့်၍ခင်းသည်။ ဝိပဿီမြတ်စွာဘုရားရှင်ကလည်း အမျိုးသမီး၏ သဒ္ဓါတရားကို ထောက်ထားငဲ့ညှာ ကရုဏာကြီးမားသော စိတ်နှလုံးဖြင့် ပြုံးတော်မူကာ ဖြန့်ထားသည့် ဆံပင်များကိုနင်း၍ ကြွတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းမှု၏အကျိုး

ထိုအမျိုးသမီးကလေး စုတေပြီးနောက် တုသိတာ နတ်ပြည်သို့ ရောက်သွားရသည်။ နတ်ပြည်သို့ ရောက်သောအခါလည်း မွန်မြတ်သော မိမိ ဆံပင်ကို ဘုရားရှင် ခြေသုတ်ပုဝါအဖြစ်ဖြင့် လှူဒါန်းခဲ့သော ကုသိုလ်ကြောင့် အခြားနတ်သမီးများထက် အဆင်းအားဖြင့်လည်းသာလွန်သည်။ ဂုဏ်အားဖြင့်လည်း သာလွန်သည်။ ကျက်သရေအားဖြင့်လည်း သာလွန်သူဖြစ်လာခဲ့ရသည်။

ထိုမျှသာမက ပြုခဲ့သော ထိုကုသိုလ်အဟုန်ကြောင့် သူသည် ကမ္ဘာတစ်သိန်းအတွင်း ယုတ်ညံ့သည့် ဘဝဇာတ်တို့၌ ဖြစ်ပွားခြင်းမရှိဘဲ သုဂတိဘုံဘဝတို့၌သာ ဖြစ်လာခဲ့ရသည်။

## ဤဘုရားရှင်လက်ထက်

ဤထေရီလောင်းလျာသည် ယခု ဂေါတမမြတ်စွာဘုရား၏ ရွှေလက်ထက်တော်အခါ၌မူ ကုရုရေှစ်ဆယ် ကြွယ်ဝသော ဗြာဟ္မဏမဟာသာလ အမျိုးဇာတ်၌ လူဖြစ်လာခဲ့ရသည်။

ဘုရားရှင်ပွင့်တော်မူချိန်၌ မဇ္ဈိမဒေသ တိုင်းကြီးတွင် ခတ္တိယ-မင်းမျိုး၊ ဗြာဟ္မဏ-ပုဏ္ဏားမျိုး၊ ဝဿ - ကုန်သည်မျိုးနှင့် သုဒ္ဒ - သူဆင်းရဲမျိုးဟု အမျိုးလေးပါး ခွဲခြား၍ထားရာ ဗြာဟ္မဏမဟာသလ အမျိုးသည် အမြင့်မြတ်ဆုံး အမျိုးဖြစ်သည်။

## မုတ္တာဟု အမည်ပေးခဲ့

ဘုန်းကံပါရမီ စုံစေ့၍ပြကတေ့ ထူးမြတ်ခဲ့သူဖြစ်သဖြင့် ရုပ်အဆင်းအင်္ဂါလွန်စွာတင့်တယ်လှပသည့်အပြင် အလွန်ကြည်လင်၍ ဖြူစင်ဖွံ့ထွား သူဖြစ်သောကြောင့် 'မုတ္တာ'ဟုအမည်ပေးကြသည်။ မုတ္တာဟူသည် တိုက်ရိုက်အားဖြင့် ပုလဲဟု အဓိပ္ပာယ်ရသည်။ အပြစ်ကင်းသောပုလဲအသွင် ကြည်ကြည်လင်လင် ဖြူစင်သည့်အတွက်ကြောင့် မုတ္တာဟု မှည့်ခေါ်ကြခြင်း ဖြစ်ပေမည်။ မြန်မာလိုပြန်လျှင် မေပုလဲဟု ခေါ်နိုင်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မုတ္တာအရွယ်ရောက်လာသော် အမျိုးတူ၊ ဂုဏ်တူ လုလင်ပျိုများက လက်ထပ်ထိမ်းမြားရန် အမျိုးမျိုး ဆက်သွယ်မှုပြုကြသည်။ သို့သော် မုတ္တာက အားလုံးကို ငြင်းပယ်ခဲ့သည်။ သူ၏မိဘများကလည်း သမီးလေး ဆင်စီး၍ မြင်းရံလာမည့် အခြေအနေကို မျှော်မှန်းကာ စောင့်စားနေခဲ့ကြသည်။

## အခွင့်ကောင်းကြုံနေ

သို့ရာတွင် အသက်နှစ်ဆယ်အရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါးထံ၌ ဤသို့ ခွင့်တောင်းတော့သည်။ "ကျေးဇူးရှင် မိဘနှစ်ပါးတို့ ကျွန်မသည် ကံအကျိုးပေးကို မလွန်ဆန်သာသဖြင့် လူ့ရွာလောကမှာ မိန်းမတစ်ယောက် ဖြစ်လာခဲ့ရပါပြီ။ ဒွတ္တိံသကာယ ခေါ် အပုပ်စု၊ အပုပ်ခဲဖြစ်သော ဤကိုယ်ခန္ဓာကို ပြင်ဆင်မွမ်းမံပြီး မနေလိုတော့ပါ။ ယခုအခါ မြတ်စွာဘုရား၏ သာသနာတော်လည်း ထွန်းကားနေပါသည်။ သာသနာတော်အတွင်း၌ မိန်းမတို့အား ဘုရားရှင်၏ အမိန့်တော်ဥပဒေဖြင့် ရဟန်းပြုကြစေဟူသော ဝိနည်းတော်ကြီး ရှိနေပါပြီ။ လွန်စွာအခွင့်ကောင်းကြုံသဖြင့် သာသနာတော်အရိပ်တွင် ခိုဝင်ကျင့်သုံးလိုသော ဆန္ဒရှိပါသည်။ အနမတဂ္ဂ သံသရာ၌ လင့်ကိစ္စ, သားကိစ္စ, အများကိစ္စတွေကို ဆောင်ရွက်လျက် မဆုံးနိုင်အောင် ရှိခဲ့ဖူးလှပါပြီ။ သို့ဖြစ်ပါ၍ ကျေးဇူးရှင်မိဘနှစ်ပါးတို့က သမီးကလေးကို သနားသဖြင့် ဘုရားရှင် သာသနာတော်အတွင်း၌ ချမ်းသာစွာ ခိုလှုံဖို့အရေး အခွင့်ပေးတော်မူကြပါ"

## မိဘများကခွင့်ပြုကြပြီ

ထိုသို့ သမီးက အခွင့်တောင်းလာသောအခါ မိဘနှစ်ပါးကလည်း လမ်းကောင်းကိုသွားဖို့ တရားနှင့်အညီ ခွင့်တောင်းသည့်အတွက် 'သမီးသဘော အတိုင်းပါပဲ' ဟု ခွင့်ပေးခဲ့ကြသည်။

## သိက္ခမာန်အဖြစ် နေခွင့်ပြု

မုတ္တာထေရီလောင်းလျာသည် မိဘနှစ်ဦးထံမှ အနူးအညွတ် အခွင့်ရသောအခါ မိထွေးတော်ဂေါတမီ ဘိက္ခုနီ အရှင်မကြီးကျောင်းသို့ သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ဘောင်တွင် ခိုဝင် ကျင့်သုံးလိုကြောင်းကို လျှောက်ထားသည်။ ထိုအခါ မိထွေးတော် ဂေါတမီက ရုတ်တရက် လူဝတ်ကို မချွတ်စေဘဲ သိက္ခမာန်အဖြစ်နှင့် ဘိက္ခုနီတို့ကျောင်းမှာနေရန် အခွင့်ပြုတော်မူသည်။

ဘုရားရှင်လက်ထက်တော်ခါက အမျိုးသမီးတို့ သာသနာ့ဘောင်သို့ ဝင်နိုင်ရန် အဆင့်သုံးဆင့်ခွဲပေးထားသည်။ ၁။ သိက္ခမာန် ၂။ သာမဏေရီ ၃။ ဘိက္ခုနီတို့ဖြစ်သည်။ သာသနာ့ဘောင်သို့ ခိုဝင်လိုသူ အမျိုးသမီးသည် ဘိက္ခုနီတို့ကျောင်း၌ လူဝတ်ဖြင့်နေပြီး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ကြံရသည်။ ထိုသို့နေသူကို 'သိက္ခမာန်' ဟု ခေါ်ဆိုသည်။ 'သိက္ခမာနော' ဟူသော ပါဠိကို 'သိက္ခမာန်'ဟု ရှေးပညာရှိ ပုဂ္ဂိုလ်ကြီးများက မြန်မာလို ပြန်ဆိုထားခဲ့ကြခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ သင်္ကန်းကို ဝတ်ဆင်ရန် အခြေခံသဘောအားဖြင့် လေ့ကျင့်နေဆဲ၊ သင်ကြားနေဆဲ လူဝတ်ကြောင် ဘဝနှင့်ပင် အစမ်းလေ့ကျင့် နေသူဟူသော အဓိပ္ပာယ်ဖြစ်သည်။

သိက္ခမာန်အဖြစ်ဖြင့် အစမ်းလေ့ကျင့်နေဆဲအခါ၌ ခြောက်ပါးသီလကို အမြဲဆောက်တည်ရပြီး ဘိက္ခုနီတို့၏ ဝတ်ကြီး, ဝတ်ငယ် အသွယ်သွယ်ကို ကောင်းမွန်ကျေပွန်စွာ ပြုလုပ်ဆောင်ရွက်ပေးရသည်။

## သိက္ခမာန်တို့၏ သီလ

သိက္ခမာန်တို့ ကျင့်ဆောင်ရသော ခြောက်ပါးသီလမှာ -

၁။ သူ့အသက်မသတ်ရခြင်း ပါဏာတိပါတာ၊ ၂။ သူ့ဉစ္စာ မခိုးရခြင်း အဒိန္နာဒါန၊ ၃။ မေထုန်အကျင့် မကျင့်ရခြင်း အဗြဟ္မစရိယာ၊ ၄။ မုသားမပြော ရခြင်း မုသာဝါဒ၊ ၅။ သေအရက်မသောက်ရခြင်း သုရာမေရယ နှင့် ၆။ နေလွဲ ညစာ မစားရခြင်း ဝိကာလဘောဇနတို့ဖြစ်သည်။

သိက္ခမာန်အဖြစ်ဖြင့် အတန်ကြာနေပြီးမှ အုပ်ထိန်းသူ ဘိက္ခုနီကြီးများက ဆံပင်ကိုရိတ်ကာ လူဝတ်ကြောင်ဘဝကို လဲစေပြီး သာမဏေရီပြုလုပ် ပေး ကြသည်။ သာမဏေရီဟူသော စကားမှာ မိန်းမဖြစ်၍ ဣတ္ထိလိင်ဖြင့် အသုံး ပြုသော စကားဖြစ်သည်။ အမျိုးသမီး ကိုရင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက သာမဏေ ယောကျ်ား, သာမဏေမိန်းမဟု သာမဏေနှစ်မျိုး ရှိခဲ့သည်။

သိက္ခမာန်ဘဝမှ သာမဏေရီဖြစ်သွားသောအခါ အမျိုးသား သာမဏေ (ကိုယ်ရင်)များကဲ့သို့ ဆယ်ပါးသီလနှင့်တကွ သေခိယသိက္ခာပုဒ်များကို ကျင့်သုံးဆောက်တည်ကြရသည်။ သာမဏေရီအဖြစ်ဖြင့်နေ၍ အသက် နှစ်ဆယ်ပြည့်သောအခါ ဉတ်ကမ္မဝါဖြင့် ဘိက္ခုနီအဖြစ်သို့ တက်ကြရသည်။

ဤသည်တို့မှာ အမျိုးသမီးများ သာသနာဘောင်သို့ ဝင်လိုလျှင် ပထမ သိက္ခမာန်၊ ထို့နောက် သာမဏေရီ ထို့နောက် ဘိက္ခုနီအဖြစ်သို့ ဝိနည်း ပညတ် တော်နှင့်အညီ ပြောင်းလဲကြရပုံ အဆင့်ဆင့်ဖြစ်သည်။

## သိက္ခမာန် မုတ္တာ

မုတ္တာသည် မိထွေးတော်ဂေါတမီ၏ကျောင်း၌ သိက္ခမာန်အဖြစ်ဖြင့် နေထိုင်ပြီး ဝတ်ကြီး, ဝတ်ငယ်များကို မချွတ်မယွင်းရအောင်ပြုစုလုပ်ကိုင်သည်။ တစ်နေ့သောအခါ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူကြသော ဘိက္ခုနီတို့၏ ဝေယျာဝစ္စ ဝတ်ကြီး, ဝတ်ငယ်များကို ပြုလုပ်ဆောင်ရွက်ပြီး တစ်ကိုယ်တည်း တရား အားထုတ်ခြင်းငှာ မုတ္တာသည် ကမ္မဋ္ဌာန်းကျောင်းကလေးသို့သွားသည်။ ရုပ်, နာမ်, ခန္ဓာတို့အပေါ် ထက်မြက်သော မိမိ၏ဉာဏ်အစွမ်းဖြင့် ဝိပဿနာ ဘာဝနာ တရားကို ရှုစားဆင်ခြင်သည်။ ထိုအခါ ရှေးရှေးဘဝက ဆည်းပူးခဲ့သော ကုသိုလ်ထူး, ဉာဏ်ထူးများရှိသူဖြစ်၍ ဝိပဿနာဉာဏ် ထက်သန်ပြီး မဂ်ဉာဏ် သို့ ပေါက်လုနီးအခြေသို့ ရောက်တော်မူသွားသည်။

ထိုအခါ ရှင်တော်ဘုရား၏ ရွှေဉာဏ်တော်အတွင်း၌ မုတ္တာ အမျိုးသမီး ကလေးကို ထင်မြင်တော်မူလာသည်။ 'ငါ့သမီးတော်ကလေးသည် လွန်စွာ ဉာဏ်ပညာစွမ်း ထက်မြက်ပါပေသည်။ ငါဘုရား ချီးမြှင့်ထောက်ပင့် ကူညီ လိုက်လျှင် သူသည် လျင်မြန်စွာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော့မည်ဟု ဆင်ခြင်တော်မူကာ ရောင်ခြည်တော် ခြောက်သွယ်ကိုလွှတ်ပြီး ကိုယ်တော်ကို ထင်ရှားပြသကာ ဤကဲ့သို့ ဟောကြားတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှင်က တိုက်တွန်းတော်မူပြီ

မုတ္တေ မုစ္စဿု ယောဂေဟိ၊ စန္ဒော ရာဟုဂ္ဂဟာ ဣဝ။
ဝိပ္ပမုတ္တေန စိတ္တေန၊ အာနဏာ ဘုဉ္ဇ ပိဏ္ဍကံ။

မုတ္တေ၊ ချစ်သမီးမုတ္တာ။ စန္ဒော၊ သော်တာဘုံနန်း လယုန်စန်းသည်။ ရာဟုဂ္ဂဟာ၊ ဖမ်းဆီး၍ထားသော ရာဟုဂြိုဟ်ကြီးလက်မှ။ မုစ္စတိဣဝ၊ လွတ်ထွက်လေဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ တွံ၊ သင်ချစ်သမီးသည်။ ယောဂေဟိ၊ ယောဂဟူသော အဖွဲ့ကြီး လေးဖွဲ့တို့မှ။ မုစ္စဿု၊ အလွတ် ရုန်း၍ အဆုံးတိုင် ကြိုးစားလိုက်ပါလေ။ ဝိပ္ပမုတ္တေန၊ ကျွတ်လွတ် ထွက်မြောက်သော။ စိတ္တေန၊ ဖြူစင်ထိန်လျှပ် မြတ်သည့်စိတ်ဖြင့်။ အာနဏာ၊ ကြွေးမြီမရှိဘဲ။ ပိဏ္ဍကံ၊ တိုင်းသားပြည်သူတို့ပေးလှူသော ဆွမ်းပစ္စည်းကို။ ဘုဉ္ဇ၊ သာသနာတော် အရိပ်အေးတွင် စိုးရိမ်မှုမရှုပ်ထွေးဘဲ စိတ်အေးစွာ ဘုဉ်းပေးသုံးဆောင်ပေတော့ ချစ်သမီး။

## ရဟန္တာဖြစ်ပြီ

ဤသို့ ဘုရားရှင်က ဟောကြားသောအခါ သိက္ခမာန်မုတ္တာသည် လွန်စွာအားတက်ပြီး ကြိုးစားအားထုတ်ခဲ့ရာ ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ မုတ္တာသည် သိက္ခမာန်ဘဝနှင့်ပင် ရဟန္တာအဖြစ်သို့ ရောက်သွားသည့်အတွက် ထိုနေ့မှာပင် သက်နှင်းကိုဝတ်ဆင်ကာ ဘိက္ခုနီအဖြစ်သို့ရောက်အောင် ရွက်ဆောင်ပေးကြရတော့သည်။

ရဟန္တာဖြစ်ပြီးသောအခါ မုတ္တာထေရီသည် ဈာန်အဘိညာဉ်ရပြီး ရဟန်းဖြစ်သွားပြီဖြစ်သဖြင့် ရှေးက ဖြစ်ခဲ့သမျှသော မိမိ၏ အကြောင်းအရာကို ဤသို့ ပြန်လည်ကျူးရင့် ဟောပြတော်မူသည်။

## မုတ္တထေရီဟောပြ သူ့ဘဝ

ဝိပဿိဿ ဘဂဝတော၊ လောကဇေဋ္ဌဿ တာဒိနော။
ရထိယံ ပဋိပန္နဿ၊ တာရယန္တဿ ပါဏိနော။



www.burmeseclassic.com

www.burmeseclassic.com



ယရတော နိက္ခမိတွာန၊ အဝကုဇ္ဇာ နိပ္ပဇ္ဇဟံ။
အနုကမ္ပကော လောကနာထော၊ သီသန္တေ အက္ကမိ မမ။

ဘဂဝတော၊ ဘုန်းတော်ခြောက်ဆိုင်ဖြင့် ပြန့်လှိုင်ဖြိုးမြင့် တန်ခိုးတင့်တော်မူထသော။ လောကဇေဋ္ဌဿ၊ လောကဓာတ်အလုံး၏ အမြတ်ဆုံး, အထွတ်ဆုံး ဖြစ်တော်မူထသော။ တာဒိနော၊ လောကဓံရှစ်ပါးကြောင့် လှုပ်ရှားခြင်းမရှိ ပကတိ တည်တံ့တော်မူပေထသော။ ဝိပဿိဿ၊ ဝိပဿီမြတ်စွာဘုရားသည်။ ပါဏိနော၊ သတ္တဝါအပေါင်းတို့ကို။ တာရယန္တဿ၊ ကယ်တင်ချီးမြှင့်တော်မူလျက်။ ရထိယံ၊ မြို့လယ်လမ်းခရီး၌။ ပဋိပန္နဿ၊ ကြွသွားတော်မူစဉ်။ အဟံ၊ အကျွန်ုပ်သည်။ ယရတော၊ အိမ်ထဲမှ။ နိက္ခမိတွာန၊ ကြည်ညိုသော သဒ္ဓါဇောကြောင့် အဆောတလျင် ထွက်ခဲ့ပြီး၍။ အဝကုဇ္ဇာ၊ ဆံပင်ကိုဖြန့်ထား၍ အလျားမှောက်ကာ။ နိပ္ပဇ္ဇိံ၊ လမ်းမကြီးထဲမှာလှဲ၍ အိပ်လိုက်ပေသတည်း။ တဒါ၊ ထိုအခါ၌။ လောကနာထော၊ ဝိပဿီမြတ်စွာဘုရားသည်။ အနုကမ္ပကော၊ သနားတော်မူသည်ဖြစ်၍။ မမ၊ အကျွန်ုပ်၏။ သီသန္တေ၊ ဦးခေါင်း၏အဆုံးဖြစ်သော ဆံပင်ထက်၌။ အက္ကမိ၊ နင်း၍ကြွသွားတော်မူလေသတည်း။

အက္ကမိတွာန သမ္ဗုဒ္ဓေါ၊ အဂမာ လောကနာယကော။
တေန စိတ္တပ္ပသာဒေန၊ တုသိတံ ဥပပဇ္ဇဟံ။

လောကနာယကော၊ လူသုံးပါးတို့၏ ရှေ့သွားလမ်းညွှန်ကြီးဖြစ်တော်မူသော။ သမ္ဗုဒ္ဓေါ၊ ဝိပဿီမြတ်စွာဘုရားသည်။ အက္ကမိတွာန၊ ဆံပင်ကိုနင်းတော်မူပြီး၍။ အဂမာ၊ ကြွသွားတော်မူလေ၏။ တေနစိတ္တပ္ပသာဒေန၊ ထို ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါ လွန်စွာကြည်ညိုခဲ့သော သဒ္ဓါစိတ်ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ တုသိတံ၊ တုသိတာနတ်ပြည်သို့။ ဥပပဇ္ဇိံ တက်ရောက် ဖြစ်ပွားခဲ့လေပြီ။

မုတ္တာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ပုဏ္ဏာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် သံသရာ ဘဝအဆက်ဆက်တို့က သဗ္ဗညု ဘုရားရှင်တို့ထံ၌ ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုလုပ်ကာပါရမီများ ဖြည့်ဆည်းခဲ့သူဖြစ်သည်။ ဘုရားရှင်တို့ မပွင့်သော လွန်ခဲ့သည့် ၉၄-ကမ္ဘာထက်က သုည ကမ္ဘာတစ်ခုတွင်မူ သူသည် ဟိမဝန္တာတောကြီးအတွင်းရှိ စန္ဒဘာဂမြစ်အနီး၌ ကိန္နရာမလေး ဖြစ်ခဲ့ရဖူးသည်။

တစ်နေ့တွင် သူသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး ကြွလာတော်မူသည်ကို ဖူးတွေ့ရ၍ သူနေထိုင်ရာ စန္ဒဘာဂါမြစ်အနီးရှိ တစ်တောလုံးပွင့်နေသော ကြုတောမှ ကြုပန်းကိုဆွတ်ကာ ပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်သည်။ ထိုကိန္နရာမလေးသည် တိရစ္ဆာန်အမျိုးဇာတ်ပင်ဖြစ်သော်လည်း ဘဝါဘဝက ရရှိခဲ့သောပါရမီ အဟုန်ကြောင့် ပစ္စေကဗုဒ္ဓါအား ကြုပန်းလှူရန် အသိရှိနေခြင်း ဖြစ်ပေသည်။

## ရည်မှန်းသော ဆုနှင့်ပြည့်ပါစေ

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း ကိန္နရာမလေးလှူသော ကြုပန်းများကို အလှူခံကာ ဤဒါနကြောင့် သင်တောင့်တ ရည်မှန်းသောဆုနှင့် ပြည့်ပါစေဟု ဆုပေးပြီး ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတော်မူသည်။

ကိန္နရာမကလေးသည် ပြန်ကြွသွားသော အရှင်ပစ္စေကဗုဒ္ဓါကို မျက်စိတစ်ဆုံး ဖူးမြော်ရင်း လှူခဲ့သော ဒါနအတွက် ဆတက်ထမ်းပိုး တိုးကာ ဝမ်းသာကြည်နူးနေခဲ့သည်။

## စေတနာထက်သန်မှုကြောင့်

ကြုပန်းဟူသည်မှာ ထူးဆန်းမွန်မြတ်သော ပန်းတစ်မျိုး မဟုတ်ပေ။ ကိုင်းပွင့်၊ ကြာပွင့်များကဲ့သို့ ပေါပေါများများ အလေ့ကျပွင့်နေတတ်သော ပန်းတစ်မျိုးသာဖြစ်သည်။ သို့သော် ထူးမြတ်သောပန်းကို လှူခြင်းမဟုတ်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိန္နရာမလေး၏ စေတနာ, သဒ္ဓါထက်သန်မှုကြောင့် အကျိုးပေးခံရသော ကြီးကျယ်သော အကျိုးပေးကိုသာ ရနိုင်သည်။

ထိုကိန္နရာမလေးသည် ထိုဘဝမှ စုတေသွားသော် ပစ္စေကဗုဒ္ဓါအား ကြူပန်းလှူခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာ၌ သိကြားမင်း၏ မိဖုရားဖြစ်ရသည်။ ကံအကျိုးပေးဆန်းကျယ်ပုံကို ဘုရားရှင်တို့သာ သိနိုင်တော်မူကြသည် မဟုတ်ပါလား။ ထိုကုသိုလ် အဟုန်ကြောင့်ပင် သံသရာ တစ်ခွင်၌ ကျင်လည်နေခဲ့ရာဝယ် ချမ်းသာသုခတို့ကိုသာ စံစားခဲ့ရသည်။

## လပြည့်ဝန်းနှင့်တူ၍

ယခု ရှင်တော်ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် ဤထေရီလောင်းလျာသည် သာဝတ္ထိပြည်ရှိ ဂဟပတိမဟာသာလ သူကြွယ်ကြီး၏ သမီးကလေးဖြစ်လာရသည်။ ရုပ်ဆင်းလက္ခဏာနှင့် လွန်စွာ ပြည့်စုံသည့်ပြင် မျက်နှာပုံပန်းမှာ လပြည့်ဝန်းနှင့်တူသည့်အတွက် ပုဏ္ဏာဟု မိဘများက သူ့ကို အမည်ပေးကြသည်။

## သာသနာ့အရိပ်ခိုရန်

ပုဏ္ဏာထေရီလောင်းလျာသည် အသက်နှစ်ဆယ်အရွယ်သို့ရောက်သည့်တိုင်အောင် ကာမဂုဏ်အာရုံ အမျိုးမျိုးကို ဝေးစွာ ကြဉ်ရှောင်နေခဲ့သူကလေးဖြစ်သည်။ ကံတရားကြောင့် လူ့ဘောင်လောက၌ လူဖြစ်နေခဲ့ရသော်လည်း လူတို့၏ ဓလေ့ဆိုး စရိုက်ဆိုး အမျိုးမျိုးကို စက်ဆုပ်ရွံရှာနေခဲ့သည်။ သို့ဖြင့် ထေရီလောင်းလျာသည် မိဘများအား သာသနာ့အရိပ်သို့ ခိုဝင်ရန် ခွင့်တောင်းသည်။ မိဘများကလည်း ကြည်ဖြူစွာ ခွင့်ပေးခဲ့ကြသည်။

## သိက္ခမာန်အဖြစ်ဖြင့်နေကာ

မိဘများထံမှ ခွင့်ပြုချက်ရသောအခါ သူသည် မိထွေးတော်ဂေါတမီကျောင်းသို့သွားပြီး သိက္ခမာန်အဖြစ်ဖြင့်နေကာ ဘိက္ခုနီတို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ပြုစုပေးနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ သူသည် ဆိတ်ငြိမ်ရာသို့သွားပြီး ရုပ်ခတ်, နာမ်ခတ်တို့၏ အဖြစ်အပျက်များကို ဝိပဿနာရှုပွားဆင်ခြင်သည်။ ထိုအခါ ရှင်တော်ဘုရားက ဂန္ဓကုဋီတိုက်တော်မှ ရောင်ခြည်တော်ခြောက်ပါးကိုလွှတ်ပြီး ကိုယ်တော်တိုင် ကြွတော်မူလာဘိသည့်အလား မားမားမတ်မတ် တန့်ရပ်တော်မူကာ ဤသို့တိုက်တွန်းဟောကြားတော်မူသည်။

## အဝိဇ္ဇာကိုဖြိုဖျက်လိုက်ပါ

အို. . . ချစ်သမီးပုဏ္ဏာ၊ တစ်ဆယ့်ငါးရက်မြောက်သော လပြည့်နေ့အခါ လဝန်းကြီးသည် ပြည့်ဝလာသကဲ့သို့ သင်၏ အတွင်းသန္တာန်တွင် ကောင်းမွန်သောတရားတို့ဖြင့် ပြည့်စေပါလော့။ ပြည့်စုံသော ဉာဏ်ပညာဖြင့် အဝိဇ္ဇာတည်းဟူသော အမှောင်တုံးကို ဖျက်ဖြုန်းဖြိုခွဲလိုက်ပါလော့။

## ရဟန္တာဖြစ်ပြီ

ဘုရားရှင် တိုက်တွန်းဟောကြားသော ဤဒေသနာတော်ကြီးကို ကြားသောအခါ ရှင်တော်ဘုရားကိုယ်ဇတ်တိုင် ကြွလာပြီး ချီးမြှင့်အားပေးတော်မူပါပေတကားဟု အားတက်သရော တွေးတောပြီး ဉာဏ်အရှိန်ကို မြင့်ကာ ကြိုးစားအားထုတ်လိုက်ရာ ရဟန္တာဖြစ်တော်မူသွားသည်။ ထို့နောက် ဘိက္ခုနီအဖြစ်သို့ တက်ရောက်သွားသည်။

## ရှေးကံပါရမီအကြောင်း စဉ်းစား

ဘိက္ခုနီဖြစ်ပြီးသောအခါ မိမိ၏ရှေးကံပါရမီများကို စဉ်းစားဆင်ခြင်သည်။ ထိုအခါ လွန်ခဲ့သော ကိုးဆယ့်လေးကမ္ဘာထက်က ကိန္နရာမဖြစ်စဉ်မှစပြီး မိမိအဖြစ်တော်များကို ဤသို့ ပြန်လည်ဟောပြသည်။

စန္ဒဘာဂနဒီ တီရေ၊ အဟောသိံ ကိန္နရီ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။

www.burmeseclassic.com

www.burmeseclassic.com



ဘောန္တော၊ အို. . . သူတော်ကောင်းအပေါင်းတို့။ အဟံ၊ အကျွန်ုပ်သည်။ စန္ဒဘာဂနဒီတီရေ၊ စန္ဒဘာဂမြစ်၏ ကမ်းအနီး၌။ ကိန္နရီ၊ တိရစ္ဆာန်ဇာတ်ဖြစ်သော ကိန္နရီမကလေးသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးပါပြီ။ တဒါ၊ ထိုကိန္နရီမကလေးဖြစ်ခဲ့သောအခါ၌။ ဝိရဇံ၊ ကိလေသာ ကင်းစင်၍ အညစ်အကြေးမတင်သော။ အပ္ပရာဇိတံ၊ ကိလေသာဟူသော ရန်ကိုပယ်လှန်နှိပ်နင်းအောင်မြင်ခြင်းသို့ ရောက်တော်မူပြီးထသော။ ဗုဒ္ဓံ၊ အရှင်ပစ္စေကဗုဒ္ဓါကို။ အဒ္ဒသံ၊ ကံထောက်ပံ့သဖြင့် အသင့်တော်စွာ ဖူးမြော်ခဲ့ရဖူးပါပြီ။

ပသန္နစိတ္တာ သုမနာ၊ ဝေဒဇာတာ ကတဥ္စလီ။
နဋမာလံ ဂဟေတွာန၊ သယမ္ဘုံ အဘိပူဇယိံ။

တဒါ၊ ထိုသို့ အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်ခဲ့ရသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ပသန္နစိတ္တာ၊ ကြည်လင်နှစ်သက် သဒ္ဓါရောင် ပြောင်ပြောင်လက်သည် ဖြစ်၍။ သုမနာ၊ အကုသိုလ် အရှိန်မဟပ်ဘဲ ကောင်းမြတ်သောစိတ်ရှိသည်ဖြစ်၍။ ဝေဒဇာတာ၊ မဖြစ်စဖူး အထူးဝမ်းမြောက်လေသောကြောင့်။ နဋမာလံ၊ ကြူပန်းကို။ ဂဟေတွာန၊ ခူးယူ၍။ သယမ္ဘုံ၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကို။ ကတဥ္စလီ၊ တင်ချီရှိခိုး လက်အုပ်မိုးလျက်။ အဘိပူဇယိံ၊ ကြည်ကြည်နူးနူး ပူဇော်ခဲ့ဖူးပါပြီ။

စတုနဝုတိတော ကပ္ပေ၊ ယံ ပုပ္ဖမဘိပူဇယံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖပူဇာ ယိဒံ ဖလံ။

ဘော၊ အို. . . သူတော်ကောင်းအပေါင်းတို့။ အဟံ၊ အကျွန်ုပ်သည်။ စတုနဝုတိတောကပ္ပေ၊ လွန်ခဲ့သော ကိုးဆယ့်လေးကမ္ဘာထက်၌။ ယံပုပ္ဖံ၊ အကြင်ကြူပန်းကို။ အဘိပူဇယိံ၊ လှူဒါန်းပူဇော်ခဲ့ဖူးပါပြီ။ တေနကမ္မေန၊ ထိုကြူပန်းကို လှူဒါန်းခဲ့ရသော ကောင်းမှုကံကြောင့်။ ဒုဂ္ဂတိံ၊ အပေါယ်လေးပါးနှင့် ယုတ်ညံ့သော ဘဝဂတိများကို။ နာဘိဇာနာမိ၊ ကျရောက်မည်ဝေးရော သိရုံကလေးမျှ မသိရပါ။ ဣဒံ၊ ဤသို့ယုတ်ညံ့သော ဒုဂ္ဂတိကို တရံတစ်ဆစ်မျှ

www.burmeseclassic.com

www.burmeseclassic.com



မသိခဲ့ရခြင်းသည်။ ပုပ္ဖပူဇာယ၊ ကြျုပန်းကို လျှုဒါန်းပူဇော်ခဲ့ရသော စေတနာ၏။ ဖလံ၊ ယုံမှားဖွယ်မရှိသည့် အစိကအကျိုးထူးပေတည်း။

ပုဏ္ဏာဒေထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# စန္ဒာထေရီ အပဒါန်ဝတ္ထု

စန္ဒာထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ လက်ထက်တွင် ကောင်းမှုအမျိုးမျိုးပြုလုပ်ကာ ပါရမီတော်များကို ဖြည့်ဆည်းခဲ့သူဖြစ်သည်။ ထိုကုသိုလ်တို့ကြောင့် သံသရာခရီးတစ်လျှောက်တွင် သုဂတိဘဝတို့၌သာ ကျင်လည်ခဲ့ရကာ ကောင်းကျိုးများလည်း ခံစားခဲ့ရသည်။

ယခု ဂေါတမ ရှင်တော်ဘုရားလက်ထက်တော်သို့ ရောက်သော် ပုဏ္ဏားရွာတစ်ခု၌ အတော်အတန် ချမ်းသာကြွယ်ဝသော ပုဏ္ဏားကြီး၏ သမီးကလေး ဖြစ်လာခဲ့ရသည်။

## ယခုဘဝ၌မူ

ဘဝများစွာတို့၌ ကံအကျိုးပေးကောင်းခဲ့သော်လည်း ယခုဘဝ လူဖြစ်လာသည်၌မူ သူ ပဋိသန္ဓေတည်နေစဉ် အခါကာလမှစ၍ မိခင်ဖခင် ပုဏ္ဏားကြီးတို့မှာ ပစ္စည်းဥစ္စာ တဖြည်းဖြည်း ဆုတ်ယုတ်လာကြသည်။ တစ်နေ့တစ်ခြား ရေနည်းငါးဆိုသလို မိဘတို့၏ ပစ္စည်းဥစ္စာများသည် တဖြည်းဖြည်း ကုန်ခန်း၍ လာခဲ့ရသည်။ သူ မွေးဖွားပြီး နောက်တွင် သူတို့မိသားစုထံ၌ ကုန်းကောက်စရာ မရှိအောင်ပင် ဆင်းရဲမွဲတေသွားကာ အတိဒုက္ခ ရောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလေး၏ ရုပ်အဆင်းမှာမူကား သူပြုခဲ့သော ကံအား လျော်စွာ ချစ်ခင်ဖွယ်ရာ လှပတင့်တယ်လျက်ပင် ရှိသည်။ သူ့မျက်နှာဝင်းဝင်း ကလေးသည် လမင်းနှင့်တူသည့်အတွက် စန္ဒာဟု သူ့ကို အမည်ပေးခဲ့ကြသည်။

## နေမရှိလျှင်တန်ဖိုးမထား

စန္ဒာလေးသည် အရွယ်သို့ရောက်သည်တိုင်အောင် မိဘတို့လက်ထဲမှာပင် ဆင်းဆင်းရဲရဲနှင့် ကြီးပြင်းလာခဲ့ရရှာသည်။ ရုပ်ရည်ရူပကာယကလေး တင့်တယ်သော်လည်း ပစ္စည်းဥစ္စာ မကြွယ်ဝသူဖြစ်၍ ထင်ပေါ်သင့်သလောက် မထင်ပေါ်ခဲ့ရပေ။ လောကကြီး၏ဓလေ့ထုံးစံအရ ရွှေ ငွေရတနာက မျက်နှာ အလွန်ကြီးနေသည့်အတွက် ရုပ်ဆင်းအင်္ဂါ ဘယ်လောက်ပင် လှပသော်လည်း နေမရှိလျှင် ဂုဏ်ကြီးရှင်တို့က တန်ဖိုးမထားလိုကြပေ။ ပစ္စည်းမပေါ်လျှင် ရုပ်ချောသော်လည်း ဂုဏ်ရောင်မထွန်း ပြောင်နိုင်ပေ။

စန္ဒာသည် ရှေးကံပါရမီ စုံညီပြည့်ဝခဲ့သူ ဖြစ်သည်နှင့်အညီ စိတ်နေ စိတ်ထားကောင်းသည်။ ပြောဆိုဆက်ဆံရာ၌ လိမ္မာသည်။ ပြုံးချိုသော မျက်နှာ ရှိသူလည်းဖြစ်သည်။ သူ အရွယ်သို့ရောက်လာသော် မိဘများက ဝတ္တရား ရှိသည့်အတိုင်း စန္ဒာကို အရွယ်တူ ဆင်းရဲသားတစ်ယောက်နှင့် ထိမ်းမြား လက်ထပ်ပေးလိုက်ကြသည်။

## သားသမီး မရခဲ့

စန္ဒာသည် အိမ်ထောင်မကျမီကပင်လျှင် ဆင်းရဲပြိုငြင်စွာဖြင့် အလုပ်များ ကို လုပ်ကိုင်စားသောက်ခဲ့ရရာ အိမ်ထောင်ကျသောအခါ လင့်တာဝန်က တစ်မျိုးတိုးလာသဖြင့် ဒုက္ခပိုကြီးလာရသည်။ သို့ရာတွင် ပုထုဇဉ်တို့ဓမ္မတာ လင့်အပေါ်မှာ ချစ်ခင်မြဲဖြစ်၍ ဘယ်လိုပင် ဆင်းရဲသော်လည်း ကောင်းတူ ဆိုးတူ ခံစားပြီး နေ့ရက်တို့ကိုသာ ကုန်ဆုံးစေခဲ့သည်။ ချစ်ခင်သူနှင့် အတူနေရ သဖြင့် ဆင်းရဲကို ဆင်းရဲဟု အထူး ထည့်မတွက်နိုင်တော့ပေ။ ထိုကဲ့သို့ ရှည်ကြာ စွာ နေထိုင်ခဲ့ပါသော်လည်း ဆွေးမေးမီးယူ နောင်ရေးနောင်ရာ အားကိုးဖွယ်ရာ သားသမီးကမူ တစ်ယောက်မှ မထွန်းကားခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ရောဂါဆိုးကြီး ဖြစ်ပေါ်

ထိုသို့နေထိုင်ကြရင်း တစ်နေ့တွင် လွန်စွာ ကြောက်မက်ဖွယ် ကောင်းသော အဟိဝါတ ရောဂါဆိုးကြီး ဖြစ်ပေါ်လာသည်။ ပိဋကတ်ကျမ်းဂန်များ အဆိုအရ အဟိဝါတရောဂါသည် အလွန်ကြောက်ဖွယ်ကောင်းသော ရောဂါဆိုးကြီးဖြစ်သည်။ သည်ရောဂါမျိုး ဝင်လာပြီဆိုလျှင် တစ်ရွာလုံး, တစ်မြို့လုံး ပြုတ်ပြုတ်ပြုန်းအောင် သေကြရသည်။ အရပ်ဝေးသို့ အတင်းထွက်ပြေးနိုင်သူများသာ လွတ်တတ်ကြသည်။ တစ်ခါတလေမှာ ဖြစ်လာတတ်သည့် ပလိပ်ရောဂါဆိုးကြီးနှင့် တူပေသည်။

အဟိဝါတရောဂါဟူရာ၌ အဟိ-သဒ္ဒါက မြွေငန်းကိုဟောသည်။ ဝါတသဒ္ဒါက အလွန်ကြမ်းတမ်းသောလေကို ဟောသည်။ အဓိပ္ပာယ်မှာ အလွန်ဆိုးဝါးကြမ်းတမ်းသည့် မြွေငန်းနှင့်တူသော လေငန်းရောဂါဖြစ်သည်။ လေဓာတ်၊ မီးဓာတ်နှစ်မျိုးလွန်ကဲသောကြောင့် ဖြစ်ရသောရောဂါဖြစ်သည်။

ထိုရောဂါဖြစ်သောအခါ အသက်ကြွင်း, ကံကြွင်းရှိသေးသူ လူများသည် တိုက်နံ့ရံစသည်တို့ကို ဖောက်ထွင်းပြီး အတင်းလက်လွတ်ထွက်ပြေးနိုင်ကြသည်။ ထွက်ပြေးနိုင်သူများ ရောဂါဘေးမှ လွတ်တတ်ကြသော်လည်း ကံဆိုးသူများမှာ ထွက်မပြေးနိုင်သဖြင့် အသက်ဘေးကြုံကြရသည်။

## စန္ဒာထွက်ပြေးခဲ့ခြင်း

သေကံမရောက် သက်မပျောက် ဆိုသော စကားအတိုင်း ကျွတ်ထိုက်သော ပစ္ဆိမဘဝိက အဆုံးဘဝသို့ ရောက်နေသူဖြစ်၍ စန္ဒာသည် ထိုဘေးဆိုးမှ ထွက်ပြေးလွတ်မြောက်ခဲ့ရသည်။ ထိုရောဂါဆိုးဖြစ်ပေါ်လာသောအခါ သူက ဤသို့ စဉ်းစားခဲ့သည်။ အလွန် ကြောက်မက်ဖွယ်ကောင်းသော အဟိဝါတရောဂါဆိုးပါလား။ ထွက်မပြေးလျှင် အသက်ဘေးမှ လွတ်တော့မည်မဟုတ်။ လူ့ဘဝသည် လွန်စွာရခဲသည်။ သည်လင်နှင့်တကွ မိဘကို တွယ်တာနေလျှင် အမှန်မုချ ငါသေရလိမ့်မည်။ အတ္တာသမံ ပေမံ နတ္ထိ ဆိုသော စကားအတိုင်း ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးမို့ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးတော့မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားဆုံးဖြတ်ပြီး စန္ဒာသည် မည်သူ့ကိုမျှ အသိပေးခြင်းမပြုဘဲ အတင်းလက်လွတ် ထွက်ပြေးခဲ့သည်။

အိမ်၌ ကျန်ရစ်ခဲ့ကြသူ မိဘနှစ်ပါးနှင့် လင်ယောက်ျားတို့ ကွယ်လွန်သွားခဲ့ကြသည်။ စန္ဒာသည် သူထွက်ပြေးခဲ့သည့် အချိန်မှစပြီး အားကိုးရမည့်သူ မတွေ့ရဘဲ ကယောင်ချောက်ချားနှင့် တောင်ရောက် မြောက်ရောက်ဖြစ်နေခဲ့ရသည်။

## ခွက်လက်ဆွဲကာ တောင်းစားခြင်း

အားကိုးရာ မရှိ အတိဒုက္ခရောက်နေသူ မယ်စန္ဒာသည် ခွက်ကလေးတစ်ခုကို လက်စွဲလျက် သူတစ်ယောက်တည်း မွဲမွဲပေပေဖြင့် တောင်းစားခဲ့သည်။ သို့သော် ထိုအချိန်က ရပ်တကာ ရွာတကာတို့တွင် ပစ္စည်းဥစ္စာ ရှားပါးသဖြင့် တောင်းရမ်းစားသောက်သူ များနေသည်။ သို့အတွက် တောင်းစားသူများကို ကောင်းကောင်းမွန်မွန် မပေးမဝေ မလှူနိုင်ကြပေ။

## လာဘ်လာဘပေါများနေသူ ပဋာစာရီ

သို့ရာတွင် ထိုအချိန်က ပဋာစာရီဘိက္ခုနီကြီးသည် မိမိ၏ဘုန်းကံကြောင့် ကျောင်းတွင် ပစ္စည်းလာဘ်လာဘ အလွန်ပေါများသောအခါကြီး ဖြစ်သည်။ မြို့သူမြို့သားများသည် ပဋာစာရီထေရီအား လွန်စွာ ကြည်ညိုကြသဖြင့် နေ့စဉ်အလှူအတန်း မပြတ်ပေ။ ဆွမ်းခဲဖွယ်ဘောဇဉ်တို့သည် စားမကုန်, သောက်မကုန် ဖြစ်နေသည်။ ထို့ကြောင့် မွန်းလွဲချိန်ရောက်သော် ပိုလျှံသော စားသောက်ဖွယ်တို့ကို ဘိက္ခုနီတို့က ကျောင်းဝင်း အပြင်ဘက်သို့ ထွက်ပြီး စွန့်ကြသည်။

## ဘိက္ခုနီတို့ကျောင်းသို့

စန္ဒာသည် ထိုသတင်းကိုကြားသော် သူ့ခွက်ကိုလက်ဆွဲလျက် ဘိက္ခုနီကြီး ပဋာစာရီကျောင်းသို့ အရောက်လာခဲ့သည်။ သူ ကျောင်းဝင်းအပြင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



နားသို့ ရောက်သောအခါ တောင်းစားနေသူ လူအုပ်ကြီးကို တွေ့ရသဖြင့် ထို လူအုပ်ထဲ မဝင်ဝံ့၍ အနီးတစ်နေရာ၌ထိုင်ကာ မှိုင်နေခဲ့ရသည်။ စန္ဒာသည် ဆင်းရဲလွန်း၍ တောင်းစားနေရသော်လည်း ဇာတိက အမျိုးကောင်း သမီး ကလေးဖြစ်နေ၍ အရှက်အကြောက် ရှိရှာသည့်သဘောပင် ဖြစ်သည်။

## ဘိက္ခုနီတို့က ခေါ်သွားပြီ

အကြွင်းအကျန်ကို ကျောင်းဝင်းအပြင်ဘက်သို့ ထုတ်ပြီး စွန့်ပစ်ကြသူ ဘိက္ခုနီများသည် ထိုင်ပြီး မှိုင်နေသူ စန္ဒာကို မြင်သွားကြသည်။ သို့ဖြင့် ဘိက္ခုနီ တို့က သူ့အား အကျိုးအကြောင်း မေးကြသည်။ ထိုအခါ စန္ဒာက သူ့ဘဝ အကြောင်းစုံကို ပြောပြလိုက်သည်။ စန္ဒာ့အကြောင်း သိသွားကြသော ဘိက္ခုနီ များက စန္ဒာကို သူတို့ကျောင်းသို့ ခေါ်သွားခဲ့ကြသည်။

ဘိက္ခုနီတို့သည် စန္ဒာအား စားဖွယ်သောက်ဖွယ်အမျိုးမျိုးကို ကျွေးမွေး ကြသည်။ ထိုသို့ ကျွေးပြီးသောအခါ ဘိက္ခုနီတို့က သူတို့၏ ဆရာသခင် ကျေးဇူးရှင် ဘိက္ခုနီအရှင်မကြီး ပဋာစာရီထံ စန္ဒာကို ခေါ်ဆောင်သွားပြီး အကြောင်းမျိုးစုံကို လျှောက်ထားပေးကြသည်။ ပဋာစာရီ ထေရီကြီးကလည်း စန္ဒာကလေးအား အကြောင်းစုံကို ထပ်မံမေးမြန်းသည်။

ထိုသို့ အစုံစုံသော အကြောင်းများကို မေးမြန်းသိရှိတော်မူသဖြင့် ပဋာစာရီထေရီကြီးက စန္ဒာအား ဤသို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလိုက်သည်။

အို. . . ချစ်သမီး၊ သံသရာဆိုတာဟာ အဆုံးရော အစပါ ဘယ်လိုမှ ရှာမရသည့် ကန္တာရခွဲကြီးနှင့်တူသည်။ ထို့ပြင် စုန်ရေဆန်ရေကို လိုက်ပြီး တဟိုက်ဟိုက် တမောမောနှင့် သတ္တဝါတို့ နစ်မျောနေရကြရသည့် ဝဲသြဂ ကြီးလည်း ဖြစ်သည်။ သတ္တဝါအပေါင်းတို့သည် သံသရာ ဝဲသြဂကြီးထဲ၌ ဒုက္ခကို ဒုက္ခဟု မသိနိုင်ကြဘဲ တဝဲလည်လည် နစ်မွန်းနေကြရသည်။ ယခုအခါ ဗုဒ္ဓ၏ သာသနာတော်ကြီးသည် နေလိုလလို ထွန်းလင်း၍နေသည်။ သာသနာ့ အရိပ်ကို ခိုလှုံမှ ဒုက္ခများက လွတ်ပေမည်။ သင်ချစ်သမီးသည် ငါတို့ သာသနာ့ အရိပ်မှာ ခိုလှုံကာ ဘိက္ခုနီ ပြုလုပ်နိုင်မည်လား”ဟု အရှင်မကြီးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘိက္ခုနီပြုပေးဖို့တောင်းပန်ပြီ

ပဋာစာရီထေရီကြီးက ယင်းသို့ တရားပြကာ မေးလေသော် စန္ဒာထေရီလောင်းလျာသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သူ့အား ဘိက္ခုနီပြုပေးရန် တောင်းပန်လျှောက်ထားလိုက်သည်။ ထေရီကြီးသည်လည်း စန္ဒာအား ဘိက္ခုနီအဖြစ်သို့ သွတ်သွင်းပို့ဆောင်ပေးတော်မူသည်။

စန္ဒာထေရီလောင်းလျာသည် ဘိက္ခုနီဖြစ်ပြီးနောက် ဥပဇ္ဈာယ် ဆရာမကြီး ပဋာစာရီ၏ အဆုံးအမကို လိုက်နာကာ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီး အမြတ်တရားကို ကြိုးစားအားထုတ်သည်။ ပါရမီဓာတ်ခံ ရင့်သန်ပြီးသူဖြစ်သည့်အတွက် မကြာမီပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူသည်။ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးသောအခါ စန္ဒာထေရီ ဘိက္ခုနီဟု သာသနာတော်တွင် အကျော်တစော ထင်ရှားတော်မူလေသည်။

## အဖြစ်စုံကို ကျူးရင့်ပြပြီ

စန္ဒာထေရီ အရှင်မြတ်သည် ရဟန္တာဖြစ်ပြီးနောက် ဝမ်းမြောက်တော်မူလှသဖြင့် သူတွေ့ကြုံ ဖြစ်ပျက်ခဲ့ရသမျှသော အကြောင်းအရာများကို ပြန်လှန်ကာ ဆင်ခြင်တော်မူပြီး ဤသို့ ကျူးရင့်မြွက်ဆိုတော်မူခဲ့သည်။

ဒုဂ္ဂတာဟံ ပုရေ အာသိံ၊ ဝိဓဝါ စ အပုတ္တိကာ။

ဝိနာ မိတ္တေဟိ ဉာတီဟိ၊ ဘတ္တစောဠဿ နာဓိကံ။

ဘောန္တော၊ အို . . သူတော်ကောင်းအပေါင်းတို့။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရဟန်းမဖြစ်မီ ရှေးအခါ၌။ ဒုဂ္ဂတာ၊ ပစ္စည်းဥစ္စာ လွန်စွာချို့ငဲ့ဂုဏ်မဲ့ညံ့ဖျင်း ကံရင်းမှိန်မှေး သနားဖွယ်ကောင်းသော ဆင်းရဲသူမကလေးသည်။ အာသိံ၊ ဖြစ်ခဲ့ရပါဖူးပါပြီ။ ဝိဓဝါစ၊ ချစ်လင်သေဆုံး အပူတုံးခေါ် မုဆိုးမကလေးသည်လည်း။ အာသိံ၊ ဖြစ်ခဲ့ရဖူးပါပြီ။ အပုတ္တိကာ၊ အားကိုးဖွယ်ရာ သားသမီးကလေးတစ်ယောက်မျှလည်း မရှိခဲ့ပါ။ မိတ္တေဟိ၊ ကြီးဖော်ငယ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကောင်းတို့နှင့် လည်းကောင်း။ ဉာတီဟိ၊ နှီးနှီးရင်းရင်း သားချင်းပေါက်ဖော်တို့နှင့် လည်းကောင်း။ ဝိနာ၊ ကွေကွင်းကုန်လျက် တစ်ကောင်ကြွက်သည်။ အာသိံ၊ ဖြစ်ခဲ့ဖူးပါပြီ။ ဘတ္တစောဠသာ၊ စားသောက်ရန်အစာ, ဝတ်ရုံရန် အထည်လွှာကလေးကိုမျှ။ နာဓိကံ၊ ပိုမိုမည်ဝေးစွ လုံလောက်ရုံကလေးမျှ မရခဲ့ပါ။

ပတ္တံ ဒဏ္ဍံ စ ဂဏှိတွာ၊ ဘိက္ခမာနာ ကုလာကုလံ။

သီတုဏှေန စ ဍယှန္တီ၊ သတ္တဝဿာနိ စာရိဟံ။

အဟံ၊ အကျွန်ုပ်သည်။ ပတ္တံစ၊ မြေအင်တုံပဲ့ကလေး တစ်လုံးကိုလည်းကောင်း။ ဒဏ္ဍံစ၊ ကျွဲ, နွား, ခွေး, ဝက်တို့ကို မောင်းနှင်ရန် တုတ်ကလေး တစ်ချောင်းကိုလည်းကောင်း။ ဂဏှိတွာ၊ စွဲကိုင်၍၊ ကုလာကုလံ၊ တစ်အိမ်မှ တစ်အိမ်သို့၊ ဘိက္ခမာနာ၊ လှည့်လည်ကာ တောင်းရမ်း၍ စားသောက်ခဲ့ရသည်။ အာသိံ၊ ဖြစ်ခဲ့ဖူးပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ သီတုဏှေနစ၊ ကိုယ်ဝတ်မလုံသဖြင့် ပူတုံ ချမ်းတုံ အလုံးစုံသော ဆင်းရဲဒုက္ခဖြင့်လည်း။ ဍယှန္တီ၊ နေပူမရှောင် မိုးရွာမရှောင် ပူလောင်ပြင်းပြဟုန် ခိုက်ခိုက်တုန်လျက်။ စာရိံ၊ ဟိုရောက်သည်ရောက် တောင်မြောက်လှည့်လည်ကာ ပတ်ချာလည်အောင် မျက်နှာပြောင်တိုက်လျက် တောင်းရမ်းစားသောက်ခဲ့ရပါသည်။

ဘိက္ခုနိံ ပုန ဒိသွာန၊ အန္နပါနဿ လာဘိနိံ။

ဥပသင်္ကမ္မ အဝေါစိံ၊ ပဗ္ဗဇ္ဇံ အနဂါရိယံ။

တတော၊ ထိုခုနစ်နှစ်လောက် ဒုက္ခရောက်ပြီးသောနောက်မှ။ အန္နပါနဿလာဘိနိံ၊ ပစ္စည်းလေးပါးနှင့် စားဖွယ်သောက်ဖွယ် အမျိုးမျိုးတို့ကို ဘုန်းတန်ခိုးအားဖြင့် များစွာရတော်မူလေ့ရှိပေထသော။ ဘိက္ခုနိံ၊ ပဋာစာရီထေရီဉက္ကဌ ဘိက္ခုနီအရှင်မြတ်ကြီးထံသို့။ ဥပသင်္ကမ္မ၊ ချဉ်းကပ်ဝပ်တွား ခစားရှိခိုးပြီးသော်။ အဝေါစိံ၊ ရဟန်းပြုရန် ခွင့်ပန် လျှောက်ထားခဲ့ပါသတည်း။ တတော၊ ထိုမှ နောက်၌။ အဟံ၊ အကျွန်ုပ်သည်။ အနဂါရိယံ၊ အိမ်ရာမထောင် သာသနာဘောင်၌။ ပဗ္ဗဇ္ဇံ၊ ဖန်ဝါသင်္ကန်း ဆင်မြန်းသမှု ရဟန်းပြုခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



သာ စ မံ အနုကမ္ပာယ၊ ပဗ္ဗာဇေသိ ပဋ္ဌာစာရာ။
တတော မံ ဩဝဒိတွာန၊ ပရမတ္ထေ နိယောဇယိ။

သာပဋ္ဌာစာရာ၊ ကျေးဇူးတော်သခင် ထိုပဋ္ဌာစာရီဘိက္ခုနီ အရှင်မကြီးသည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပာယ၊ ကယ်ဆယ်သောအား သနားတော်မူလှသဖြင့်။ ပဗ္ဗာဇေသိ၊ ရှင်ရဟန်းပြုပေးတော်မူလေသည်။ တတော၊ ထိုရဟန်းပြုပြီးသော နောက်၌။ မံ၊ အကျွန်ုပ်ကို။ ဩဝဒိတွာန၊ နည်းညွှန်လမ်းပြ ဆုံးမတော်မူပြီးသည် ရှိသော်။ ပရမတ္ထေ၊ မြင့်မြတ်သော အကျိုးစီးပွားတို့ကို။ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်း၌။ နိယောဇယိ၊ အမြန်ဆိုက်ရောက်အောင် ဆွဲဆောင်တော်မူပေသတည်း။

တဿာဟံ ဝစနံ သုတွာ၊ အကာသိံ အနုသာသနိံ။
အမောဃော အယျာယော ဝါဒေါ၊ တေဝိဇ္ဇာမှိ အနာသဝေါ။

တဿာ၊ ထိုပဋ္ဌာစာရီ ထေရီဥက္ကဋ္ဌ အရှင်မြတ်၏။ ဝစနံ၊ ဟောကြားတုံ လတ်စကားမြတ်ကို။ သုတွာ၊ သဒ္ဓါဇောထက်ထက်မြက်မြက်နှင့် နှစ်သက်စွာ ကြားနာရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ အနုသာသနိံ၊ ထေရီကြီး ဟောကြားဆုံးမတော်သည့်အတိုင်း။ အကာသိံ၊ မတွန့်မဆုတ် အဟုတ်ကြိုးစားကာ လိုက်နာကျင့်ကြံခဲ့ပါသည်။ အယျာယောဝါဒေါ၊ ကျေးဇူးတော်သခင် အရှင်ထေရီမကြီး၏ ဆုံးမပြောကြား ဩဝါဒစကားတော်သည်။ အမောဃော၊ အချည်းနှီး မဟုတ်ပါတကား။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည်ဖြစ်၍။ အနာသဝေါ၊ စီးသွန်းကျလျှော အာသဝေါ ကင်းပြတ်၍ မြင့်မြတ်သောရဟန္တာသည်။ အမှိ၊ ဖြစ်၍နေပါသတည်း။

စန္ဒာထေရီ ဘိက္ခုနီ အရှင်မသည် ရဟန္တာဖြစ်သည်ကစ၍ အသက်ကုန်ဆုံးသည်တိုင်အောင် သာသနာတော်ဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်တော်မူပြီးလျှင် အမြိုက်ကြင့်နန်း နိဗ္ဗာန်နန်းသို့ စံမြန်းသွားတော်မူပေပြီ။

စန္ဒာထေရီအပဒါန်ဝတ္ထု ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# ဘိက္ခုနီသုံးကျိပ်တို့၏ အပဒါန်ဝတ္ထု

ရှေးလွန်လေပြီးသော ဘုရားရှင်တို့၏ လက်ထက်တော်အခါတို့၌ အမျိုးကောင်းသမီး သုံးကျိပ်တို့သည် ကုသိုလ်ရေးနှင့်ဆိုင်သော အသင်းတစ်သင်းကို ဖွဲ့စည်းသည်။ သူတို့၏ ရည်ရွယ်ချက်မှာ သံသရာဝဋ်မှ အတူတကွ ကျွတ်လွတ်ကြရန် ဖြစ်သည်။ သူတို့သည် လှူဒါန်းခြင်း, သီတင်းသီလ ဆောက်တည်ခြင်း, ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်း အစရှိသော ပါရမီ အမျိုးမျိုးတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့ကြသည်။

ထို အမျိုးသမီးသုံးကျိပ်တို့သည် ယခုရှင်တော်ဘုရား လက်ထက်တော်သို့တိုင်အောင် သံသရာဘဝအစဉ်အဆက်တို့၌ အဖော်တစ်စုအဖြစ် ချမ်းချမ်းသာသာ ကျင်လည်၍ လာခဲ့ရသည်။ အသင်း၏ဥက္ကဋ္ဌမှာ ပဋာစာရီထေရီလောင်းလျာဖြစ်သည်။

## ပါရမီရင့်သူများ

ယခုရှင်တော်ဘုရားလက်ထက်တော်အခါတွင်မူ သုံးကျိပ်သောသူတို့သည် သာဝတ္ထိနယ်တစ်ဝန်းတွင် ချမ်းသာသော အမျိုးသမီးကလေးများ ဖြစ်လာကြသည်။ ပါရမီဓာတ်ခံ ရင့်သန်လာခဲ့ကြသူများပီပီ သူတို့တစ်သိုက်သည် အရွယ်သို့ ရောက်သော် လူတို့ဘောင်၌ အိမ်ရာထောင်ပြီး မနေလိုကြပေ။

သူတို့၏ အလေ့အကျင့်နှင့် အလုပ်သည် ဘုရားသွားခြင်း၊ ကျောင်းတက်ခြင်း၊ ဝတ်တက်ခြင်း၊ တရားနာခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ခြင်း၊ ပါဠိသုတ္တန်တို့ကို ရွတ်အံသရဇ္ဈာယ်ခြင်း၊ ယုဝတီအပျို သူငယ်ချင်းတို့အား သဒ္ဓါတရားတက်ကြွအောင် စွမ်းနိုင်သမျှ တရားဟောပြောခြင်း စသည့် ကုသိုလ်ရေးအလုပ်များသာဖြစ်သည်။ သူတို့၏ လှုပ်လှုပ်ရှားရှား အပြုအမူများသည်လည်း လောကီအာရုံ ကာမဂုဏ်နှင့်စပ်သည့် လျှပ်ပေါ်လော်လည်သော အပြုအမူမျိုး မဟုတ်ကြပေ။ စကားမှာလည်း ဟီရိဩတ္တပ မပြတ်ဆင်ခြင် ရုပ်နာမ်ခန္ဓာ အဘိဓမ္မာနှင့် စပ်ဆိုင်သည့် တရားစကားများသာ ဖြစ်ကြသည်။ ဝတ်ပုံ, စားပုံ,

www.burmeseclassic.com

www.burmeseclassic.com



သွားလာပုံတို့သည် တရားရှင် ဥပါသိကာမတို့၏ အမူအရာများဖြစ်၍ မြင်ရသူအဖို့ လွန်စွာ ကြည်ညိုဖွယ်ကောင်းသူများ ဖြစ်သည်။

ထိုအမျိုးသမီးသုံးကျိပ်တို့၏ သွားကြလာကြ အားထုတ်ကြပုံကိုမြင်သော သာဝတ္ထိမြို့တော်သူ မြို့တော်သားတို့က သူတို့သုံးကျိပ်ကို လေးစားချစ်ခင်ကြသည်။ သုံးကျိပ်သော အမျိုးသမီးတို့က ကြည်ညိုလေးစားသော ပုဂ္ဂိုလ်မှာ ပဋာစာရီရဟန္တာထေရီကြီးဖြစ်သည်။

ထို့ကြောင့် သူတို့သည် ပဋာစာရီ ဘိက္ခုနီထံသို့ မကြာမကြာ သွားရောက်ပြီး တရားနာလေ့ရှိကြသည်။ တစ်နေ့သောအခါ ပဋာစာရီ ဘိက္ခုနီထေရီကြီးက ထိုအမျိုးသမီးသုံးကျိပ်တို့အား ရုပ်တရား နာမ်တရား နှစ်ပါးအပေါ် တရားအမြင်ထင်အောင် ဤသို့ ဟောပြတော်မူသည်။

## ပဋာစာရီဟောပြပုံ

ထိုအမျိုးသမီးသုံးကျိပ်တို့ကို ကမ္ဗဋ္ဌာန်း ကျောင်းသို့ ဝင်ခါနီးတွင် 'သင်တို့၏ ခြေများကို ဆေးကြောကြ၊ ခြေဆေးသည့်အခါ စီးကျသွားသော ခြေဆေးရေများကို သေသေချာချာ စိုက်၍ကြည့်ကြ၊ ခြေဆေးရေများသည် မြေကြီးအတွင်းသို့ စိမ့်ဝင်ပျောက်ဆုံးသွားသကဲ့သို့ ရုပ်နာမ်ခန္ဓာတရားတို့သည်လည်း မြဲသည်ဟုမရှိ။ အလုံးစုံ ချုပ်ဆုံးကုန်ရသည်ချည်းသာ ဖြစ်သည်။ မမြဲသော တရားမှန်သမျှ ချမ်းသာသည်ဟု မဆိုနိုင်။ အမှန်စင်စစ် ဆင်းရဲတုံးဖြစ်သည့် မမြဲသောတရား, ဆင်းရဲသော တရားများကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဟု ဘယ်မှာ စွဲလမ်းထိုက်ပါ့မည်နည်း။ အချုပ်အားဖြင့် ငါမဟုတ်၊ အနတ္တအစစ်သာ ဖြစ်သည်။

ပဋာစာရီ ဘိက္ခုနီအရှင်မြတ်ကြီးသည် 'ခြေဆေးကြ၊ ခြေဆေးကြ'ဟု အမြဲ ဟောကြားဆုံးမလေ့ရှိတော်မူသည်။ ခြေဆေးရေ တရားကို ဟောကြားတော်မူရခြင်းမှာ ထေရီကြီးကိုယ်တိုင် ခြေဆေးရေကိုကြည့်ကာ ဝိပဿနာတင်ပြီး တရားအားထုတ်ရာမှ ရဟန္တာဖြစ်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ ကိုယ်တွေ့ဒိဋ္ဌ တရားဖြစ်၍ ပိုမိုအလေးထားဟောကြားခြင်းလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူ သုံးကျိပ်သော အမျိုးသမီးတို့သည် ထေရီကြီး ဟောပြောပြသသည့်တရားကို အလွန်သဘောကျ နှစ်ခြိုက်ရုံသာမက လက်တွေ့ဒိဋ္ဌ မျက်မြင်တရားဟုလည်း ခံယူကြသည်။ ထို့ကြောင့် သူတို့သည် ပုဂ္ဂိုလ်လည်း ခင်၊ တရားလည်း မှင်ကြသဖြင့် ဤထေရီကြီးထံ၌ပင် ရဟန်းပြုကြတော့သည်။

## ပုဂ္ဂိုလ်လည်းခင်၊ တရားလည်းမင်

ရဟန်းအဖြစ်သို့ ရောက်ပြီးသောအခါ သုံးကျိပ်သောထေရီတို့သည် ပဋာစာရီထေရီ၏ နည်းပေးလမ်းညွှန်ပြုမှုနှင့်အညီ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း ပွားများအားထုတ်ကြရာ သုံးကျိပ်စလုံးပင် ရဟန္တာဖြစ်တော်မူကြသည်။

ထို့နောက် ကျေးဇူးရှင် ပဋာစာရီ ဘိက္ခုနီ အရှင်မကြီး၏ထံ၌ ဝပ်တွား ရှိခိုးပြီး သုံးကျိပ်သော ထေရီတို့က ဤသို့လျှောက်ထားကြပြန်သည်။ "ကျေးဇူး ဂုဏ်ထု မေရုသဖွယ် ကြီးကျယ်မြင့်မြတ်လှပေသော အို . . . အရှင်မကြီးဘုရား၊ ဆုံးမသြဝါဒပေးသည့်အတိုင်း လိုက်နာကျင့်ကြံကြသဖြင့် တပည့်တော်တို့မှာ ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်ကြပါကုန်ပြီ။ ကျေးဇူး တော်ကို ရှုမျှော်ဆင်ခြင်သောအားဖြင့် ယနေ့မှစ၍ တပည့်တော်မတို့သည် ကျေးဇူးရှင် သခင်မကြီးဘုရားကို မခွဲမခွာ အမြဲခြံရံကာ လုပ်ကျွေးခစားနေကြပါမည် ဘုရား၊ အသူရာစစ်မြေပြင်၌ အောင်မြင်တော်မူသော အရှင်သိကြားမင်းကို တာဝတိံသာနတ်များအပေါင်းတို့ ခြံရံခစားကြသကဲ့သို့ပါ ဘုရား"

ဘိက္ခုနီသုံးကျိပ်တို့၏ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# အဘယမာတာထေရီ အပဒါန်ဝတ္ထု

လွန်ခဲ့သော ကိုးဆယ့်နှစ် ကမ္ဘာထက်တွင် တိဿအမည်တော်ရှိသော ရှင်တော်ဘုရား ပွင့်တော်မူသည်။ ထိုဘုရားရှင်လက်ထက်တော်အခါ၌



www.burmeseclassic.com

www.burmeseclassic.com



ဤထေရီလောင်းလျာ အမျိုးသမီးကလေးသည် မထင်ရှားသော အမျိုးအနွယ် တစ်ခုတွင် လူဖြစ်ခဲ့ရသည်။

## ဘုရားရှင်အား တစ်ဇွန်းစာဆွမ်းဦးလှူဖူးသူ

တစ်နေ့တွင် တိဿမြတ်စွာဘုရားသည် တစ်ပါးတည်း ဆွမ်းခံကြွတော်မူလာသည်။ ဆွမ်းခံကြွတော်မူလာသော တိဿမြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် အမျိုးကောင်းသမီးကလေးသည် သဒ္ဓါတရား နိုးထဖြစ်ပေါ်လာပြီး ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းမရှိသော်လည်း စေတနာ ကြွယ်ဝချမ်းသာသူဖြစ်၍ ချက်ပြီး အသင့်ရှိသော ထမင်းအိုးထဲမှ တစ်ဇွန်းစာမျှလောက်ရှိသော ဆွမ်းဦးကို ခူးကာ ဘုရားရှင်အား လောင်းလှူလိုက်သည်။

## စေတနာအဓိက

ဆွမ်းကလေးတစ်ဇွန်း တစ်ယောင်းမျှစာသည် ပြောပလောက်အောင် တန်ဖိုးကြီးမားသည့် ပစ္စည်းမဟုတ်ပါ။ သို့သော် အလှူပေးလှူရာ၌ စေတနာသည် အဓိကကျသည် မဟုတ်ပါလော။ မလှူမီ၊ လှူဆဲနှင့်လှူပြီး ကာလသုံးပါးတွင် ဖြစ်ပေါ်သော စေတနာသုံးတန် ထက်သန်ရေးသည်သာ အရေးကြီးလှပေသည်။ အလှူဝတ္ထုတန်ဖိုး နည်းပါးသော်လည်း စေတနာအား သဒ္ဓါအားများလျှင် ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးပေးတတ်သည်။ အလှူဝတ္ထု ပစ္စည်းတန်ဖိုးများသော်လည်း စေတနာမပါသည့် အလှူဖြစ်လျှင် ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်မျှသာ အကျိုးကိုရခွင့်ကြုံမှ ရတတ်ကြသည်။

## ဘုရားရှင်က ဗျာဒိတ်ပေးပြီ

ဤထေရီလောင်းလျာ အမျိုးသမီးကလေးသည် စေတနာထက်ထက်သန်သန်ဖြင့် တစ်ဇွန်း တစ်ယောင်းမျှသော ဆွမ်းကိုလှူဒါန်းသည့်အခါ တိဿရှင်တော်မြတ်ဘုရားက ဤဒါနတန်ခိုးကြောင့် အကျိုးမည်မျှလောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်ပါမည်နည်းဟု အနာဂတံသဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူသော် ရရှိလာမည့် အကျိုးတရားကို မြင်တော်မူသဖြင့် အလျှုရှင်ကလေးအား ဤသို့ ဗျာဒိတ်ပေးတော်မူသည်။

ပဋိဂ္ဂဟေတွာန သမ္ဗုဒ္ဓေါ၊ တိသော လောကဂ္ဂနာယကော။

ဝီထိယံ သဏ္ဌိတော သတ္ထာ၊ ဗျာကာသိ အနုမောဒနံ။

လောကဂ္ဂ နာယကော၊ လောကသုံးပါး၏ ရှေ့သွားဦးဆောင် အခေါင်အဖျား ဖြစ်တော်မူသော။ တိသော၊ တိဿ အမည်ရှိသော။ သမ္ဗုဒ္ဓေါ၊ တရားဉသုံ အလုံးစုံကို အကုန်သိမြင်တော်မူပြီးသော။ သတ္ထာ၊ ရှင်တော်မြတ်ဘုရားသည်။ ပဋိဂ္ဂဟေတွာန၊ ဆွမ်းခံတော်မူရင်းပင်လျှင်။ ဝီထိယံ၊ ခရီးလမ်း၌။ သဏ္ဌိတော၊ ရပ်တန့်တော်မူလျက်။ အနုမောဒနံ၊ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ စကားကို။ ဗျာကာသိ၊ ခံတွင်းတော်ကြိုင်ရနံ့ဖြင့် လှိုင်ပြန့်စွာ ဤသို့ မိန့်ကြားတော်မူလေသည်။

ကဋစ္ဆုဘိက္ခံ ဒတွာန၊ တာဝတိံ သံ ဂမိဿသိ။

ဆတ္တိံ သ ဒေဝရာဇူနံ၊ မဟေသိတ္တံ ကရိဿသိ။

ဘဒ္ဒေ၊ အို. . . အမျိုးသမီး။ ကဋစ္ဆုဘိက္ခံ၊ တစ်ဇွန်း တစ်ယောင်းမ စာမျှလောက်သော ဆွမ်းကို။ ဒတွာန၊ စေတနာဖြူဖြူဖြင့် ပေးလှူရသော ကောင်းမှုကြောင့်။ တာဝတိံ သံ၊ တာဝတိံသာနတ်ပြည်သို့။ ဂမိဿသိ၊ ယခုဘဝ အဆုံးတွင် ဖြူးခနဲ ဆိုက်ရောက်ရလတ္တံ့။ ဆတ္တိံ သဒေဝရာဇူနံ၊ သုံးကျိပ်ခြောက်ပါးသော နတ်မင်းကြီး တို့၏။ မဟေသိတ္တံ၊ နတ်မိဖုရားကြီးအဖြစ်ကို။ ကရိဿသိ၊ ပြုရလတ္တံ့။

သမ္ပတ္တိံ အနုဘဝိတွာန၊ ပဗ္ဗဇိဿသိ ကိဉ္စနာ။

သဗ္ဗာသဝေ ပရိညာယ၊ နိဗ္ဗာယိဿသိ နာသဝေါ။

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗုတ္တိ၊ လူနတ်စည်းစိမ် ကြီးရိပ်ငြိမ်ကို၊ အနုဘဝိတွာန၊ တင်းတိမ်အောင် ခံစားစံစားပြီးသည်ရှိသော်။ အနာဂတေ၊ နောင်ပွင့်လတ္တံ့သော ဂေါတမမြတ်စွာဘုရား၏ သာသနာတော်၌။ အကိဉ္စနာ၊ ကြောင့်ကြစိုးရိမ်ရခြင်းမရှိဘဲ။ ပဗ္ဗဇိဿသိ၊ ရဟန်းပြုရလတ္တံ့။ တဒါ၊ ထိုသို့ရဟန်းပြုသောအခါ၌။ သဗ္ဗာသဝေ၊ အလုံးစုံသော ကိလေသာ အာသဝေါတရားတို့ကို။ ပရိညာယ၊ ပဟာန ပရိညာဏ်ဖြင့် စွန့်ခွာ၍။ အနာသဝ၊ အာသဝေါကင်းပြတ် ရဟန္တာမြတ်ဖြစ်လျက်။ နိဗ္ဗာယိဿသိ၊ သံသရာဇာတ်သိမ်း၍ အငြိမ်းကြီးငြိမ်းလတ္တံ့။

တိဿမြတ်စွာဘုရားသည် လမ်းခရီး၌မဟုတ်တာပ် တန့်ရပ်တော်မူလျက် ဆွမ်းအလှူရှင်မကလေးအား ဗျာဒိတ်စကား ပြောကြားတော်မူပြီး ကောင်းကင်ခရီးသို့ ဈာန်ယာဉ်စီး၍ ပြန်ကြွတော်မူသည်။

ဤသို့ ဘုရားရှင်ဈာန်ယာဉ်စီးလျက် ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူသည်ကို မြင်ရသော် ကောင်းကင်သို့ မော့ပြီး မျက်စိတစ်ဆုံး ဖူးမြော်လိုက်သည်။ ထို့နောက် သူပြုလုပ်လှူဒါန်းခဲ့သော ဒါနကိုခဏခဏ, အာရုံပြုကာ ဝမ်းသာကြည်နူးမှု ဖြစ်နေရှာသည်။

## သတိရလေအကျိုးကြီးလေ

ပြုလုပ်ပြီးဖြစ်သော ကုသိုလ်တရားကို အမြဲမပြတ် ပွားများဆင်ခြင်ကြရမည်ဟု ရှင်တော်ဘုရား ပြောကြားတော်မူခဲ့သည် မဟုတ်ပါလော။ ဒါန, သီလ, ဘာဝနာ အစရှိသော ကောင်းမှုကုသိုလ်များကို ပြုလုပ်ပြီးသည့်အခါ အမြဲမပြတ် ဆင်ခြင်ပွားများနိုင်လေ ပို၍ အကျိုးရှိလေဖြစ်သည်။

## ဒါနအကျိုးခံစားရ

ဆွမ်းအမကလေးသည် ထိုဘဝမှ စုတေကွယ်လွန်သွားသော် လှူခဲ့သော ဆွမ်းတစ်ဇွန်း တစ်ယောင်းမှု၏ ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိသွားရသည်။ ထိုတာဝတိံသာနတ်ပြည်တွင် အခြားနတ်သမီးများထက် အရောင်အဆင်းနှင့် ဂုဏ်သတင်း သာလွန်သူဖြစ်ရသည်။

www.burmeseclassic.com



## ငါတို့ဘုရားရှင်လက်ထက်

တိဿမြတ်စွာဘုရား လက်ထက်တော်မှစ၍ ယခု ရှင်ဂေါတမမြတ်စွာဘုရားပွင့်သည့်တိုင်အောင် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး လူ့ဘဝ, နတ်ဘဝတို့၌သာ ကောင်းမွန်စွာ ကျင်လည်ခဲ့ရသည်။

ယခုရှင်တော်ဂေါတမဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သောအခါ ကောသမ္ဗီပြည်၏ မြို့တော် ဥဒ္ဒေနီရှိသူဌေးမျိုး၌ လူဖြစ်လာခဲ့ရပြန်သည်။ သူ၏ ရုပ်အဆင်းသည် လွန်စွာလှပ၍ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်းရှိကာ ပဒုမ္မာကြာပန်းနှင့် တူသောကြောင့် 'ပဒုမဝတီ'ဟု အမည်ထူးရရှိသည်။ အရွယ်ရောက်လာသော် သူ၏ထူးခြားသော အလှအပနှင့် အခြားအကြောင်းများကြောင့် ကျော်ကြားသည်ထက် ကျော်ကြားကာ လူသိများသည်ထက် များလာတော့သည်။

## အပြုအစုအယုအယကောင်းသူ

သို့သော် သူသည် အိမ်ထောင်မပြု၊ သူ့ဝန်းကျင်၌ သာမန်အရပ်သားယောက်ျားများ၊ နန်းတော်အသိုင်းအဝိုင်းမှ မင်းညီမင်းသားများ အပါအဝင် အမျိုးသားတို့ ဝိုင်းဝိုင်းလည်နေကြသည်။ သူဌေးသူကြွယ်တို့လည်း ပါသည်။ ထိုကဲ့သို့ အလွှာစုံမှ ပူရိသမရိုသတ် ဝိုင်းဝိုင်းလည်နေရခြင်းမှာ အခြားကြောင့်မဟုတ်။ သူ၏ အပြုအစု အယုအယ ကောင်းလွန်းသောကြောင့် ဖြစ်သည်။

## နဂရရသောဘိနီ

သူ့အလုပ်ကား သူ၏ကိုယ်ခန္ဓာတစ်ခုလုံးကို ရင်းနှီးရသည့်အလုပ် ဖြစ်သည်။ ထိုခေတ်ထိုအချိန်က သူ၏အလုပ်မျိုးသည် အများတကာတို့ စက်ဆုပ်ရွံရှာအထင်သေးခြင်းခံရသော အလုပ်မဟုတ်ပေ။ ပါဠိစာပေကျမ်းဂန်တို့၌ သူတို့လိုအလုပ်မျိုး လုပ်ရသူ အမျိုးသမီးများကို နဂရရသောဘိနီဟု ခေါ်ဆိုဖော်ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂရသောဘိနီ၏ အခိပ္ပာယ်မှာ မြို့ရွာကို တင့်တယ်အောင်၊ စည်ကားအောင်လုပ်သူဟု အဓိပ္ပာယ်ရှိသည်။ ထိုအချိန်က နဂရသောဘိနီခေါ် ပြည့်တန်ဆာမတို့ထံ ယောက်ျားတိုင်း သွားလာနိုင်ကြသည်မဟုတ်ပေ။ ထိုခေတ်အခါ၏ ငွေကြေးအရပင် ဈေးကြီးလွန်း၊ ကြေးကြီးလွန်းသောကြောင့်ဖြစ်သည်။

ထိုခေတ်က မြို့ရွာတည်လျှင် နဂရသောဘိနီခေါ်သည့် အမျိုးသမီးတို့လည်းရှိရသည်။ သို့မှ ထိုမြို့ထိုရွာ စည်ကားသည်။ ပဒုမဝတီ၏ ဂုဏ်သတင်းသည် သူနေထိုင်သည့် တိုင်းနယ်ပြည်နယ်တွင်သာမက သူနေရာဌာနနှင့်ဝေးကွာသော ရာဇဂြိုဟ်ပြည်အထိပင် ကျော်ကြားနေသည်။ ရာဇဂြိုဟ်ပြည့်ရှင်သည် ထိုအချိန်က ဗိမ္ဗိသာရမင်းကြီး ဖြစ်သည်။ မင်းကြီး ဗိမ္ဗိသာရသည် ပဒုမဝတီအကြောင်းကို ကြားသိရာမှ သူမနှင့်တွေ့လို၊ ဆက်ဆံလိုသော ဆန္ဒများ အပြင်းအထန် ဖြစ်လာသည်။

## မင်း၏ဆန္ဒဖြည့်ရန်

ဗိမ္ဗိသာရမင်းကြီးသည် သူ့ဆန္ဒဖြစ်ပေါ်နေပုံအကြောင်းကို သူ၏ပုရောဟိတ်အမတ်ကြီးအား ပြောပြသည်။ ပုရောဟိတ်အမတ်ကြီးက ထိုကိစ္စအောင်မြင်အောင် ဆောင်ရွက်နိုင်မည့် ကမ္ဘဇိဒ္ဓိတန်ခိုးရှိသူ နတ်ဘီလူးကြီးကုမ္ဘီရကိုခေါ်ကာ ထိုကိစ္စဆောင်ရွက်ပေးရန် ပြောပြလိုက်သည်။ နတ်ဘီလူးကြီးသည် သူ၏တန်ခိုးဖြင့် ဘုရင်ဗိမ္ဗိသာရအား ဥဇ္ဇေနီပြည်ရှိ ပဒုမဝတီခန်းကြာဆောင်သို့ အရောက်ပို့ပေးလိုက်သည်။

## လက်စွပ်ပေးပြီးပြန်ပြီ

ဘုရင်ဗိမ္ဗိသာရမင်းကြီးနှင့် ပဒုမဝတီတို့ ထိုသို့ဆက်ဆံရာမှ ပဒုမဝတီတွင် သန္ဓေရသွားတော့သည်။ သူ့၌ သန္ဓေစွဲတည်ပြီဖြစ်ကြောင်း ပဒုမဝတီက ဘုရင်ကြီးအား ပြောပြသည်။ ထိုအခါ ဘုရင်ကြီးက သားယောကျ်ားကလေး ဖွားမြင်လျှင် ကောင်းမွန်စွာ ပြုစုပြီး ငါ့ထံပို့ပါဟု မှာသည်။ မင်းတံဆိပ် ခတ်နှိပ်ထားသော လက်စွပ်ကိုလည်း သားယောကျ်ားဖွားမြင်လျှင် အတူပို့ရန် မှာထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် နတ်ဘီလူး၏တန်ခိုးဖြင့် သူစံရာ ရာဇဂြိုဟ်သို့ ပြန်သွားခဲ့သည်။

## ပဒုမမင်းသားဖွားမြင်

သားသန္ဓေတည်၍ ဆယ်လစေ့သောအခါ ပဒုမဝတီသည် သားကလေးဖွားမြင်သည်။ ဘေးရန် အန္တရာယ် ကင်းရှင်းစွာဖြင့် မွေးဖွားလာသော သားဖြစ်၍ 'အဘာယ'ဟု နာမည်ပေးထားသည်။ ပဒုမဝတီသည် မဟာမျိုး မဟာနွယ်ဖြစ်သော သားကလေးကို ကောင်းကောင်းမွန်မွန် ပြုစုပျိုးထောင်ပေးသည်။

## သားတို့အမျိုးသည် မဟာမျိုးမဟာနွယ်

အဘာယ သတို့သား တတ်သိနားလည်တတ်သော အရွယ်ရောက်သောအခါ သူ့ဖခင်၏ အကြောင်းကိုမေးသည်။ ထိုအခါ ပဒုမဝတီက ငါ့သားသည် မဟာမျိုး မဟာနွယ်ဖြစ်သည်။ သား၏ဖခင်သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရဖြစ်ကြောင်း ပြောပြသည်။ မင်းကြီးပေးခဲ့သော မင်းတံဆိပ်ပါ လက်စွပ်ကိုလည်း သားအား ပြလိုက်သည်။

ထို့နောက် သား၏ဆန္ဒနှင့်အညီ သားဖြစ်သူ အဘာယကို လက်စွပ်နှင့်တကွ ဘုရင်ဗိမ္ဗိသာရထံပို့ပေးလိုက်သည်။

## ခွဲခွာနေခဲ့ရပြီ

ပဒုမဝတီကိုယ်တိုင်မှာမူ သူ့ဘဝသည် နာဂရသောဘီနိခေါ် ပြည့်တန်ဆာဘဝဖြစ်၍ သား နှင့်အတူ လိုက်မသွားခဲ့ဘဲ ခွဲခွာကာနေခဲ့ရသည်။

## မင်းမှာသစ္စာ

ဗိမ္ဗိသာရမင်းကြီးသည် ရောက်လာသော သားတော်နှင့် သူပေးခဲ့သော လက်စွပ်တို့ကို မြင်သော် သားဟူသော ချစ်ခြင်းဖြင့် အဘာယကို ကောင်းမွန်

www.burmeseclassic.com

www.burmeseclassic.com



စွာ လက်ခံသည်။ ချစ်ခင်ရသော သားတော်လည်းဖြစ်၊ မိမိကတိအတိုင်းလည်း ပို့ရောက်လာသူဖြစ်၍ အဘယကို နယ်စားပယ်စားအရာပေးသည်။ အမည်ကိုလည်း အဘယကုမာရဟုတွင်စေလိုက်သည်။ မင်းမှာ သစ္စာ၊ လူမှာကတိ ဆိုသောစကားနှင့်အညီ မင်းကြီးကျင့်သုံးလိုက်ခြင်း ဖြစ်ပေသည်။

အဘယကုမာရသည် ထိုအချိန်မှစပြီး မင်းသားတစ်ဦး၏ အဆောင်အယောင်ပြည့်စုံစွာဖြင့် စတင်နေခဲ့ရသည်။

## သမားကျော် ဇီဝက

ထိုခေတ်အခါ၏ ဝှေလှေ့ထုံးစံဟုပင် ဆိုရမည်လားမသိပါ။ အဘယမင်းသားသည်လည်း အရွယ်ရောက်သောအခါ ပြည်တန်ဆာတို့နှင့် ဆက်ဆံခဲ့ဖူးသည်။ ဘုရားရှင်လက်ထက်တော်က သမားအကျော်အမော် ဆရာကြီး ဇီဝကသည် ဤအဘယမင်းသားနှင့် ပြည့်တန်ဆာမတို့ ဆက်ဆံရာမှ မွေးဖွားလာခဲ့သူဖြစ်သည်။

နဂရသောဘိနီဘဝတွင် ရှိနေခဲ့သော အဘယမင်းသား၏ မိခင် ပဒုမဝတီသည် ကျော်ကြားလာသော သားတော် အဘယကုမာရ ဂုဏ်ကြောင့် သားတော်ကို ထောက်ထားကာ သူ့လုပ်ငန်းကို စွန့်လွှတ်လိုက်သည်။ သို့သော် သားနှင့်အမိတို့ ချမ်းမြေ့စွာ အတူနေရခွင့်ကိုမူ မရသေးပေ။

## သံဝေဂကြောင့် ရဟန်းဘောင်ဝင်ပြီ

အဘယမင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီး စိုးစံစဉ်အခါက ချမ်းသာစွာ စံစားနေခဲ့ပြီးနောက် အဇာတသတ်၏ ကြံစည်ချက်ဖြင့် ခမည်းတော်မင်းတရားကြီး နတ်ရွာလားတော်မူခဲ့ရသည်။ ထိုအခါ အဘယမင်းသားမှာ သံဝေဂများစွာဖြစ်ပွားပြီး လူတို့ဘောင်ကို ခွာရှောင်ကာ သာသနာ့ဘောင်တွင် ရဟန်းပြုသွားတော့သည်။ ထိုအခါမှစ၍ အဘယမထေရ် ဖြစ်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သားနှင့်လည်းပြန်တွေ့၊ တရားလည်းနာ

အဘယမင်းသား ရဟန်းပြုသွားပြီဟု သိရသောအခါ သူ့မိခင်သည် ဝမ်းမြောက် ဝမ်းသာဖြစ်ရှာသည်။ ထိုသို့ဖြစ်ရခြင်းမှာ မင်းသားဘဝတုန်းကလို မဟုတ်ဘဲသားထံ ထွက်ခွင့်ဝင်ခွင့်၊ ဖူးမြော်ခွင့်နှင့် တရားနာခွင့်ရရှိကာ နှစ်ပေါင်းများစွာ ကွေကွင်းနေရပြီးကာမှ သားနှင့် ပြန်လည်ဆုံတွေ့ရသော ကြောင့်ဖြစ်သည်။ ထို့ပြင် သားရဟန်းအား ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ် ထောက်ပင့်ချီးမြှင့်နိုင်သည်။

မယ်တော်ကြီးပဒုမဝတီ၏ နဂိုမူလစရိုက် သဘာဝမှာ ရူပတဏှာ အမြဲမပြတ် အာသာဆန္ဒကြီးသူ ဖြစ်သည်။ ကိုယ်ကိုသာ လှအောင်ပအောင် ပြုပြု ပြင်ပြင် ဝတ်ဆင်ဖီးလိမ်းနေသူဖြစ်သည်။ မယ်တော်ကြီး၏ အလေ့ဝါသနာ စရိုက်များကို သားဖြစ်သူ အဘယမထေရ်က သိမြင်တော်မူ၍ ဓမ္မကထာဖြင့် ဆုံးမတော်မူမည်ဟု ကြံစည်ပြီး တစ်နေ့သောအခါ မယ်တော်ကြီး တရားနာလာ သည်တွင် ကာယဂတာ သတိပဋ္ဌာန်းကို ဤသို့ ဟောကြားတော်မူလေသည်။

## သားကဟောသော တရား

ဥဒ္ဓံ ပါဒတလာ အမ္မ၊ အဓော ဝေ ကေသမတ္ထကာ။

ပစ္စဝေက္ခသု မံကာယံ၊ အသုစိံ ပူတိဂန္ဓိကံ။

အမ္မ၊ မယ်တော်ကြီး။ ပါဒတလာ၊ အောက်ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက် ဆံဖျားသို့တိုင်အောင်။ ကေသမတ္ထကာ၊ အထက်ဆံဖျားမှ။ အဓော၊ အောက် ခြေဖဝါးသို့တိုင်အောင်။ ဝေ-ဧကန္တေန၊ စင်စစ်အမှန် ဧကန်စူးစိုက် သောနည်းဖြင့်။ တွံမံကာယံ၊ ဤကိုယ်တစ်ခုလုံးကို။ ပစ္စဝေက္ခသု၊ စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ပါလော့။ အသုစိံ၊ ခင်ဖွယ်မင်ဖွယ်စင်ကြယ်သောအစု ဘဲ တစ်ခုမျှမရှိဘဲ ပကတိစက်ဆုပ်ဖွယ်ကြီး ဖြစ်နေပုံကို။ ပစ္စဝေက္ခသု၊ ဉာဏ်ဖြင့် မိအောင် ထိထိခိုက်ခိုက်ရှုလိုက်ပါလော့။ ပူတိဂန္ဓိကံ၊ ဘယ်နေရာ တစ်ကွက်

56A တေဇော၀ါဒါ

www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ မွေးတယ်လို့မရှိ ပကတိဟောင်ပုပ်၍ စက်ဆုပ်ဖွယ်ကြီးဖြစ်ပုံကို။ ပစ္စဝေက္ခသုံ၊ ဉာဏ်မှီတိုင်းပေါ် အောင် စူးစူးစိုက်စိုက်ကြီး ရှုလိုက်ပါလော့။

## ပုဂ္ဂိုလ်လည်းခင် တရားလည်းမြင်

ဤသို့ မထေရ်က ဟောကြားသောအခါ ပုဂ္ဂိုလ်ခင်ပြီးဖြစ်၍ တရားလည်း မြင်ပြီဖြစ်ရာ သားဟောသောတရားကို သဘောအကျကြီးကျလျက် သူ၏ ကိုယ်ခန္ဓာအပေါ် စက်ဆုပ်ဖွယ်အဖြစ် မြင်လာတော့သည်။

## အဘယမာတာရဟန်းဖြစ်ပြီ

အဘယမာတာ ခေါ် အဘယထေရ်၏ မယ်တော်ကြီးသည် ကျွတ်တမ်း ဝင်လုနီးနီး ပါရမီရင့်သန်ပြီးသော ပုဂ္ဂိုလ်လည်းဖြစ်သည်။ ဘဝါဘဝက ပါရမီ တို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့ဖူးသူလည်း ဖြစ်သည်။ တရားသဘောသက်ဝင်၍ မိမိကိုယ်ပေါ် တွင် ခင်မင်တွယ်တာခြင်း ကင်းသည်ထက် ကင်းသွားသည်။ ထို့နောက် မျှားမကြာခင်လှူဘောင်မှာပင် နေချင်သောဆန္ဒမရှိသဖြင့် ဘိက္ခုနီတို့ ကျောင်းသို့သွားပြီး ရဟန်းပြုသည်။

## ရဟန္တာဖြစ်ပြီ

အဘယမာတာသည် ဘိက္ခုနီရဟန်းဖြစ်ပြီးသော် သားတော်ဟောကြား မြတ်တရားကို ပွားများဆင်ခြင်ရာ ဉာဏ်ပညာပွင့်လင်း၍ ကိလေသာကို ဖြိုခွင်းပြီး အရဟတ္တဖိုလ်ဖြင့် ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်သွားတော့ သည်။

ရဟန္တာအဖြစ်သို့ ရောက်သော် ဝမ်းမြောက်ဝမ်းသာဖြင့် သားတော်၏ ကျေးဇူးကြောင့် ထူးမြတ်သော အဖြစ်သို့ ရောက်ရပေသည်တကားဟု အားရ နှစ်သက်စွာ ဤသို့ဥဒါန်းကျူးရင့်လေတော့သည်။

## ဥဒါန်းကျူးပုံ

ဝဲ ဝိဟာရမာနာယ၊ သဗ္ဗော ရာဂေါ သမူဟတော။
ပရိဠာဟော သမုစ္ဆိန္နော၊ သီတိဘူတာမှိ နိဗ္ဗုတာ။

www.burmeseclassic.com

www.burmeseclassic.com



ဧဝံ၊ ဤသို့ သားတော်ဟောကြားသော တရားအတိုင်း။ ဝိဟာရမာနာယ၊ ဆင်ခြင်ပွားများတရားအားထုတ်၍ နေသော အကျွန်ုပ်သည်။ သဗ္ဗောရာဂေါ၊ တပ်မက်သမျှ ရာဂဉသုံ အလုံးစုံကို။ သမူဟတော၊ မကျန်မကြွင်း အရှင်းပင် နုတ်ပယ်အပ်လေပြီ။ ပရိဠာဟော၊ ကိလေသာဟူ မီးအပူကို။ သမုစ္ဆိန္နော၊ အလုံးစုံခုတ်ထွင်၍ သုတ်သင်ရှင်းလင်းအပ်လေပြီ။ အဟံ၊ အကျွန်ုပ်သည်။ နိဗ္ဗုတာ၊ ကိလေသာမီးငြိမ်းလေပြီးသည်ဖြစ်၍။ သီတိဘူတာမှိ၊ သံသရာဝဋ် ဘေး ကျွတ်လွတ်ဝေး၍ အအေးကြီး အေးခဲ့လေပြီတကား။

## ဘဝဖြစ်စုံပြန်ဟောပြ

အတိတ်မှ ဘဝဇာတ်ကြောင်းစုံ၏ ဖြစ်ပျက်ပုံကိုလည်း အဘယထေရီသည် ဤသို့ ပြန်လည် ဟောပြတော်မူပြန်သည်။

ဒွေနဝုတေ ဣတော ကပ္ပေ၊ ယံကမ္မ မကရိံ တဒါ။

ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဘိက္ခာဒါနဿိဒံ ဖလံ။

ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ဒွေနဝုတေ၊ ကိုးဆယ့်နှစ်ကမ္ဘာ မြောက်သော။ တဒါ - တသို့ ကပ္ပေ၊ ထိုကပ်အခါ၌။ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို။ အကရိံ၊ ပြုလုပ်ဆည်းပူးခဲ့လေ၏။ တေန၊ ထိုကုသိုလ်ကံကြောင့်။ ဒုဂ္ဂတိံ၊ အပါယ်လေးဘုံ ဒုဂ္ဂတိဘဝစုံကို။ နာဘိဇာနာမိ၊ မသိခဲ့စဖူးပါ။ ဣဒံ၊ ဤကဲ့သို့ အကျိုးပေးထူးခြင်းသည်။ ဘိက္ခာဒါနဿ၊ ဆွမ်းတစ်ဇွန်း တစ်ယောင်းမ လှူခဲ့ခြင်း၏။ ဖလံ၊ အကျိုးဖြစ်ထွေ အမှန်ပေတည်း။

သုဒိန္နံ မေ ဒါနဝရံ၊ သုယိဋ္ဌာ ယာဂသမ္ပဒါ။

ကဋစ္ဆုဘိက္ခံ ဒတွာန၊ ပတ္တာဟံ အစလံပဒံ။

မေ၊ အကျွန်ုပ်သည်။ ဒါနဝရံ၊ မြင့်မြတ်ထွတ်ဖူး အလှူထူးကို။ သုဒိန္နံ၊ ကောင်းစွာ လှူဒါန်းခဲ့ရပေပြီ။ ယာဂသမ္ပဒါ၊ ပြည့်စုံဖွယ်အကြောင်း ပူဇော် ကောင်းကို။ သုယိဋ္ဌာ၊ ကောင်းစွာပူဇော်ခဲ့ရပေပြီ။ ကဋစ္ဆုဘိက္ခံ၊ တစ်ဇွန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောင်းမစာမျှလောက်သော ဆွမ်းကို။ ဒတ္တာန၊ စေတနာ ဖွေးဖြူလျက် ပေးလှူခဲ့ရသည့် အတွက်ကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ အပာ၊ အကျွန်ုပ်သည်။ အစလံ၊ ဘယ်လိုဆင်းရဲမှ ဖောက်လွဲဖောက်ပြန်ဖြစ်အောင် မလှုပ်မရှားနိုင်သော။ ပဒံ၊ ချမ်း သာအခေါင် ခေမာသောင်ကမ်းယံ မြတ်နိဗ္ဗာန်သို့။ ပတ္တာ၊ နှစ်နှစ်ခြိုက်ခြိုက် ဆိုက်ရောက်ခဲ့ရပေပြီ။

အဘယမထေရ်နှင့် မယ်တော်ကြီးဖြစ်သူ အဘယမာတာ ဘိက္ခုနီတို့သည် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်ကြပြီးသောအခါ အသက်တမ်းအတိုင်း တည်နေ၍ စုတိအဆုံးတွင် ဝင့်သုံးပါးတို့၏ချုပ်ရာ မဟာအသခ်တ နိဗ္ဗာန်အမြိုက်ကြွင်းနှံ၌ စံမြန်းခိုလှုံတော်မူသွားကြလေပြီတည်း။

**အဘယမာတာထေရီအပဒါန်ဝတ္ထု ပြီး၏။**

■ ■ ■

# သုဇာတာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့လက်ထက်တော်တွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ ပါရမီတို့ကို ဖြည့်ဆည်းခဲ့သူဖြစ်သည်။

**သာကေတသူလေး**

ထိုသို့ဖြည့်ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်နှင့် ပါရမီတော်တို့အရ ဤ ထေရီလောင်းလျာသည် ဗုဒ္ဓဂေါတမလက်ထက်တော်၌ သာကေတပြည်ရှိ ချမ်းသာကြွယ်ဝသူ သူဌေးတစ်ဦး၏ သမီးရတနာကလေးဖြစ်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွားမြင်သောအခါ ကျက်သရေမင်္ဂလာနှင့်တကွ မိဘတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ကြည်လင်စေလျက် ကောင်းမွန်စွာ ဖွားမြင်လာသူဖြစ်၍ 'သုဇာတာ' ဟု သူ့ကို အမည်ပေးကြသည်။ ပြုခဲ့သော ကုသိုလ်ကံက အကျိုးပေးသဖြင့် ရုပ်ဆင်းအင်္ဂါ အလိမ္မာမှစ၍ ကောင်းခြင်းငါးဖြာ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံခဲ့သည်။

## အိမ်ထောင်ကျခဲ့

အရွယ်ရောက်လာသောအခါ မိဘနှစ်ပါးတို့က ဝတ္တရားရှိသည့်အတိုင်း အမျိုးတူ, အနွယ်တူ, အရွယ်တူ, စည်းစိမ်တူ သူဌေးသားကလေးတစ်ယောက်နှင့် ကြီးကျယ်ခမ်းနားစွာ ထိမ်းမြားမင်္ဂလာပြုလုပ်ပြီး အိမ်ထောင်ချပေးခဲ့သည်။ မိန်းမတို့ဓမ္မတာအတိုင်း လင်၏အိမ်သို့ လိုက်သွားခဲ့ရာ လင့်အိမ်သို့ရောက်သောအခါ ယောက္ခမကြီးများက သမီးရတနာကလေးတစ်ပါး ထွန်းကားလာသည်ဟု သဘောထားပြီး မြတ်မြတ်နိုးနိုး သိမ်းပိုက်ကာ ယုယုယယပင် အလိုလိုက်ကြသည်။

## မာနကြီးသူ

ထေရီလောင်းလျာသည် လင်ယောကျ်ားနှင့်အတူထကွ နေထိုင်ကာ လောကီစည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစား၍နေခဲ့သည်။ ယင်းသို့နေခဲ့ရမှုကြောင့် သူသည် အခြေကြီးရာမှ အနေကြီးလာကာ မာန်မာနလည်း ကြီးလာခဲ့သည်။ ကောင်းမွန်ထူးဆန်းသော ဝတ်စားတန်ဆာတို့ကိုသာ ဝတ်စားဆင်ယင်သည်။ ကျွန်အမှုလုပ်ပေါင်း များစွာတို့က သုဇာတာ့ထံပါးမှာ အမြဲမပြတ်ခစားသည်။ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကိုလည်း ကြည်ဖြူစွာပင် ဆောင်ရွက်ပေးကြသည်။ လောကီစည်းစိမ်တွင် နစ်မွန်းပြီး အလွန် မာန်တက်နေသောကြောင့် တရားမေ့လုပ်ငန်းများနှင့် ကင်းကွာနေခဲ့သည်။ လင်ယောကျ်ားနှင့် သွားအတူလာအတူ ကြည်ဖြူယှဉ်တွဲလျက် ပျော်ပွဲရွှင်ပွဲ သဘင်ပွဲ အမျိုးမျိုးတို့ကိုသာ တွဲကာန္တဲကာ လိုက်စား၍သာနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## နက္ခတ်သဘင်သို့

တစ်နေ့သောအခါ ကြတ္တိကာနက္ခတ်ပွဲကြီးသည်နှင့် ကျေးကျွန်ပရိသတ်အပေါင်း ခြံရံကာ မိမိတို့ပိုင် ဥယျာဉ်ကြီးတစ်ခုသို့ ထွက်ခဲ့ကြသည်။ ဥယျာဉ်သို့ထွက်သောအခါ လမ်းခရီးတစ်လျှောက်တွင် လိုအပ်သည့် အစားမျိုးစုံ အသောက်မျိုးစုံ အတီးအမှုတ်မျိုးစုံတို့ကို ဆောင်ယူ၍သွားခဲ့ကြသည်။

ဥယျာဉ်အတွင်းသို့ရောက်သောအခါတွင်လည်း သူဌေးသမီး သုဇာတာသည် ပျော်ရွှင်စရာ အမျိုးမျိုးတို့ဖြင့် မိမိအလိုရှိသမျှ အစွမ်းကုန် ပျော်ပါး၍ ရွှင်မြူးနေခဲ့သည်။ လင်ယောကျ်ားကလည်း သုဇာတာ၏ အကြိုက်ကို လိုက်ကာ တစ်နေ့ပတ်လုံး တပြုံးပြုံးဖြင့် သုဇာတာ၏ ပျော်ရွှင်မြူးတူးနေပုံကို ဝမ်းမြောက်ဝမ်းသာ ကြည့်ရှုနေခဲ့သည်။

ထေရီလောင်းလျာသည် ဥယျာဉ်ဂနိုင် ပန်းမြိုင်ကြီးအတွင်း၌ အလိုရှိသမျှ ပျော်ရွှင်မြူးတူးပြီး ညနေချမ်းရောက်သောအခါ လင်ယောကျ်ားနှင့်အတူ ယာဉ်ရထားစီးကာ အိမ်သို့ပြန်လာသည်။ အပြန်လမ်းခရီးတွင် 'အဥ္စန' အမည်ရှိ တောအုပ်ကိုရောက်သော် သုဇာတာက တောအုပ်အတွင်းသို့ဝင်၍ ပျော်ရွှင်နှစ်ခြိုက်စွာ ရှုစားလိုပြန်သည်နှင့် လင်ယောကျ်ားကို တိုင်ပင်ပြီး ထိုအဥ္စနတောအုပ်အတွင်းသို့ ဝင်လာခဲ့ကြသည်။

## ဘုရားရှင် သီတင်းသုံးရာနေရာ

ထိုအခါ ရှင်တော်မြတ်ဘုရားသည် အဥ္စန တောအုပ်အတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသည်။ အဥ္စနတောအုပ်သည် သာကေတမြို့နယ်အတွင်း၌ ရှိသည်။ သာယာနုပျို၍ စိမ်းစိုထူးဆန်းသော တောအုပ်တစ်ခုလည်း ဖြစ်သည်။ သစ်ပင်များသည် မနိမ့်မမြင့် အဆင့်ဆင့် ပေါက်ရောက်ပြီး အကိုင်းအခက်တို့ဖြင့် မြေးယှက် အုပ်ဆိုင်းနေကြသည်။ အောက်မြေတလင်းသည် သဲဖြူခင်းထားသည့်ပမာ သာယာပြန့်ပျူးပြီး အထူး မွေ့လျော်ဖွယ်ကောင်းသည်။ မနီးမဝေးရှိ တောင်စောင်းမှ စီးကျနေသော စမ်းချောင်းကလေးသည်လည်း အေးမြကြည်လင်လျက် တသွင်သွင်စီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရဟန်းပြုရန် ဘုရားရှင်ထံခွင့်ပန်

ခင်ပွန်းသည်ထံမှ ခွင့်ပြုချက်ရရှိသောအခါ သုဇာတာသည် ဘုရားရှင် ရှိရာသို့ ပြန်လာခဲ့သည်။ ဘုရားရှင်ထံ ရဟန်းပြုခွင့် ရရန်လည်း ခွင့်ပန် လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က ဘိက္ခုနီတို့ထံ သုဇာတာအား ရဟန်းပြုပေးရန် လွှဲအပ်တော်မူသည်။ ရဟန်းဖြစ်တော်မူချိန်မှစပြီး သုဇာတာ သည်လည်း ရဟန္တာ အရှင်မ သုဇာတာထေရီအဖြစ် ကျော်ကြားသွားတော့ သည်။

## ဥဒါန်းကျူးပုံ

ရဟန်းအဖြစ်သို့ ရောက်ပြီးသောအခါ မိမိဖြစ်ခဲ့ပုံအကြောင်းစုံကို ဆင် ခြင်တွေးတောကာ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဤသို့ ဥဒါန်းကျူးတော်မူသည်။

အလင်္ကတာ သုဝသနာ၊ မာလိနီ စန္ဒနောက္ခိတာ။
သဗ္ဗာဘရဏသဉ္ဆန္နာ၊ ဒါသီဂဏပုရက္ခတာ။
အန္နပါနံ စ အာဒါယ၊ ခဇ္ဇံ ဘောဇ္ဇံ အနပ္ပကံ။
ဂေဟတော နိက္ခမိတွာန၊ ဥယျာန မဘိဟာရယိံ။

အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရဟန်းမဖြစ်မီ ရှေးအခါ၌။ အလင်္ကတာ၊ တင့်တင့်တယ်တယ် ခြယ်လှယ်ပြုပြင် တန်ဆာဆင်လျက်။ သုဝသနာ၊ ပိုးဖဲ ထည်လှာ ကတ္တီပါကို ကောင်းစွာဝတ်ရုံလျက်။ မာလိနီ၊ မွှေးနံ့ကြိုင်ထုံ ပန်း မျိုးစုံတို့ကို အငုံအခိုင်နှင့်တကွ ပန်ဆင်လျက်။ စန္ဒနောက္ခိတာ၊ ရနံ့ကြိုင်မြူး စန္ဒကူးနံ့သာတို့ဖြင့် လိမ်းကျံခြယ်လှယ်လျက်။ သဗ္ဗာဘရဏသဉ္ဆန္နာ၊ အဆင် တန်ဆာအလုံးစုံကို အကုန်ဆင်မြန်းလျက်။ ဒါသီဂဏပုရက္ခတာ၊ ကျွန်မ အပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍။ အနပ္ပကံ၊ အလွန်တရာများပြားလှစွာ သော။ အန္နပါနံစ၊ ထမင်းဟင်းအဖျော် ယမကာများကိုလည်းကောင်း။ ခဇ္ဇံ၊ ခဲဖွယ်အမျိုးမျိုးကိုလည်းကောင်း။ အာဒါယ၊ အပြည့်အစုံ လုံလုံလောက် လောက် ယူဆောင်ခဲ့ပြီးသော်။ ဂေဟတော၊ နေအိမ်မှ။ နိက္ခမိတွာန၊ တပျော်

57A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



တပါး ခမ်းနားထိန်ညီး ထွက်ခဲ့ပြီး၍။ ဥယျာန်၊ ပျော်ခင်းပြည့်စုံ ခိုင်ငုံပျံ့သင်း ဥယျာဉ်တွင်းသို့။ အဘိဟာရယိ၊ နက္ခတ်သဘင် ပျော်ရွှင်ခြင်းငှာ သွားရောက်ခဲ့ပါသတည်း။

တတ္ထ ရမိတွာ ကီဠိတွာ၊ အာဂစ္ဆိ သကံ ယရံ။
ဝိဟာရံ ဒဠှ် ပါဝိသိံ၊ သာကေတေ အဥ္ဇနံ ဝနံ။

တတ္ထ၊ ထိုဥယျာဉ်ကြီးအတွင်း၌။ ရမိတွာ၊ စိတ်အလိုသို့လိုက်၍ နှစ်ခြိုက်စွာ ပျော်ပါးခဲ့ပြီးသော်။ ကီဠိတွာ၊ ရံရွေအများနှင့် ကစားခဲ့ပြီးသော်။ သကံ ယရံ၊ မိမိအိမ်သို့။ အာဂစ္ဆိံ၊ ပြန်၍လာစဉ်။ ဝိဟာရံ၊ ကျောင်းတော်မြတ်ကို။ ဒဠှံ၊ ရှုမြင်ခြင်းငှာ။ သာကေတေ၊ သာကေတမြို့တော်အနီးရှိ။ အဥ္ဇနံ ဝနံ၊ အဥ္ဇနအမည်ရှိသော တောအုပ်အတွင်းသို့။ ပါဝိသိံ၊ ဝင်ရောက်ခဲ့ပါသတည်း။

ဒိသွာန လောကပဇ္ဇောတံ၊ ဝန္ဒိတွာန ဥပါဝိသိံ။
သော မေ ဓမ္မမဒေသေတိ၊ အနုကမ္ပာယ စက္ခုမာ။

တသ္မိံ ဝနေ၊ ထိုအဥ္ဇန တောအုပ်အတွင်း၌။ လောကပဇ္ဇောတံ၊ သုံးလောကတိုက်ဘောင်ဝယ် အလင်းရောင်ကြီးသဖွယ် ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ ဒိသွာန၊ အခွင့်ကြုံ၍ တွေ့ဆုံဖူးမြင်ရသည်ရှိသော်။ ဝန္ဒိတွာန၊ ရှိခိုးဝပ်တွားလျက်။ ဥပါဝိသိံ၊ ထံတော်ပါးဝယ် ခစားဆည်းကပ်ခဲ့ပါပြီ။ စက္ခုမာ၊ စက္ခုငါးအင် အမြင်ပွင့်လင်း တုဖက်ကင်း ဖြစ်တော်မူပေသော။ သော၊ ထိုရှင်တော်မြတ်ဘုရားသည်။ အနုကမ္ပာယ၊ အစဉ်သနား ငဲ့ညှာတော်မူသောအားဖြင့်။ မေ၊ အကျွန်ုပ်အား။ ဓမ္မံ၊ အမြိုက်တရားကို။ အဒေသေသိ၊ ကယ်တင်သောအားဖြင့် ဟောကြားတော်မူလေ၏။

သုတွာ စ ခေါ မဟာသိဿ၊ သစ္စံ သမ္ပဋိဝိဇ္ဈ'ဟံ။
တတ္ထေဝ ဝိရဇံ ဓမ္မံ၊ ဖုသယိံ အမတံ ပဒံ။

ခေါ၊ စင်စစ်။ မဟာသိဿ၊ ရှင်တော်မြတ်ဘုရား၏။ ဝိရဇံ၊ ကိလေသာ မြူအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။

www.burmeseclassic.com

www.burmeseclassic.com



သုတွာစ၊ ကြားနာရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ သစ္စံ၊ တရားလေးတန် သစ္စာမှန်ကို။ သမ္ပဋိဝိဇ္ဈိ ကောင်းမွန်စွာထိုးထွင်း၍ သိမြင်ခဲ့ပါပြီ။ တတ္ထေဝ၊ ထိုအဥ္စန တောအုပ်အတွင်း၌ပင်လျှင်။ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်သို့။ ဖုသယိံ၊ တွေ့ထိဆိုက်ရောက်ခဲ့ပါပြီ။

တတော ဝိညာတသဒ္ဓမ္မာ၊ ပဗ္ဗဇိံ အနဂါရိယံ။

တိသော ဝိဇ္ဇာ အနုပ္ပတ္တာ၊ အမောဃံ ဗုဒ္ဓသာသနံ။

တတော၊ ထိုနောက်။ ဝိညာတသဒ္ဓမ္မာ၊ တရားလက်ကိုင် ပိုင်ပိုင်သိမြင်ပြီးသော။ အဟံ၊ အကျွန်ုပ်သည်။ အနာဂါရိယံ၊ အိမ်ရာမထောင်သော သာသနာဘောင်၌။ ပဗ္ဗဇိံ ရဟန်းပြုခဲ့ပါသတည်း။ တိသောဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သုံးပါးတို့သို့။ အနုပ္ပတ္တာ၊ အစဉ်အတိုင်း ဆိုက်ရောက်အပ်ကုန်ပြီ။ ဗုဒ္ဓသာသနံ၊ ရှင်တော်ဘုရား၏ အဆုံးအမတော်သည်။ အမောဃံ၊ အချည်းအနှီးမဟုတ်ပါတကား။ ဝါ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် မြားမြောက်စွာ အကျိုးရှိလှပါသတည်း။

သုဇာတာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ပုဏ္ဏိကာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ဝိပဿီဘုရားရှင်၏ လက်ထက်တော်တွင် သာသနာတော်ထမ်း အမျိုးသမီး ရဟန်းတစ်ပါးဖြစ်နေခဲ့၏။ အကျင့်သီလနှင့် ပြည့်စုံ၍ ဉာဏ်ပညာထက်မြက်သူဖြစ်ခဲ့သည်။ ဘုရားရှင်၏ ဒေသနာတော်များကို သင်ယူကာ သူကလည်းတစ်ဆင့် ပြန်လည်၍ ပို့ချခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားခုနစ်ဆူတို့ လက်ထက်တိုင်

ထိုမှတစ်ဖန် သိခီမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုဏ် မြတ်စွာဘုရားနှင့် ကဿပမြတ်စွာဘုရားတို့ သာသနာတော်တွင်လည်း ထို့အတူပင် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သူ အမျိုးသမီးဖြစ်ခဲ့သည်။ အကျင့်သီလနှင့် ဉာဏ်ပညာနှစ်ပါးပြည့်စုံသူလည်း ဖြစ်သည်။ သို့သော် သူသာ တတ်သည်။ သူသာ မြတ်သည်ဟူသော မာန်မာန တို့ လွှမ်းမိုးနေသဖြင့် ကိလေသာပယ်ဖြတ်နိုင်သော မဂ်ဉာဏ်ကိုကား မရ နိုင်ခဲ့ချေ။

## ကျွန်၏သမီးဖြစ်လာ

သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော ကုသိုလ်ကံ အမြောက် အမြားကိုမူ ပြုခဲ့ပါ၏။ သို့ရာတွင် မာန်မာနနှင့်ယှဉ်စပ်ခဲ့သဖြင့် နောက်ဆုံးဘဝ၌ လူ့အဖြစ်ကို ရရှိသော်လည်း ကျွန်မတစ်ယောက်၏ သမီးဖြစ်လာရသည်။ ဇေတဝန်ကျောင်း တော်ကြီး၏ ဒါယကာ အနာထပိဏ်သူဌေးကြီး၏ အိမ်တွင် ကျွန်ပေါင်း အများအပြားရှိကြသည်။ ဤထေရီလောင်းလျာ၏ မိခင်ဖြစ်သူ လည်း အပါအဝင် ဖြစ်၏။ မိခင်ဖြစ်သူနှင့်တကွ ကျွန်းပေါင်း ၉၉ ယောက် ရှိနေခဲ့ရာ တစ်ယောက် ဖွားမြင်လာသောအခါ ကျေးကျွန်ပေါင်းတစ်ရာတိတိ ဖြစ်သွားတော့သည်။ ကျွန်တစ်ရာတိတိပြည့်ကြောင်းဖြစ်သောကြောင့် သူ့ကို အမည်ပေးသောအခါ ပုဏ္ဏိကာဟူ၍ အမည်ပေးခဲ့ကြသည်။

အိမ်မွေးခြံပေါက်ကျေးကျွန်တစ်ယောက်အဖြစ်ဖြင့် လူဖြစ်လာခဲ့ရသော ပုဏ္ဏိကာသည် မိမိလက်ခြေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သောအရွယ်မှစ၍ အိမ်မှုကိစ္စများ လုပ်ကိုင်လာခဲ့၏။ သို့ရာတွင် ဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီတို့ကြောင့် သူကလေးသည် ဉာဏ်ပညာထက်မြက်၏။ အရှင်သခင်များ၊ လူကြီးသူမများနှင့် စကားပြောရာတွင် လိမ္မာရေးခြားရှိလှသူဖြစ်၏။ အိမ်သို့ နေ့စဉ်နေ့တိုင်း ကြွလာကြသော သံဃာတော်များ၏ တရားစကားများကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရဖန်များသဖြင့် တရားသဘောကို နားလည် သဘောပေါက်နေသူလည်း ဖြစ်သည်။

သို့ဖြစ်၍ ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးက ပုဏ္ဏိကာအား တောအလုပ်များလုပ်ရန် တောသို့ မစေလွှတ်ဘဲ အိမ်အလုပ်များ လုပ်ကိုင်ရန်သာ သူကို တာဝန်ပေးထားခဲ့သည်။

## ရေခပ်ရန် တာဝန်ယူရသူ

ပုဏ္ဏိကာ၏ နေ့စဉ်တာဝန်မှာ ရေခပ်ခြင်းပင်ဖြစ်၏။ နေ့စဉ် ဆွမ်းခံကြွလာကြသော သံဃာတော်များ သုံးဆောင်ရန်နှင့် အရှင်သခင်များသောက်ရန် အစီရဝတီမြစ်သို့ နေ့စဉ်သွား၍ ရေခပ်ရ၏။ ရေခပ်တာဝန်ချထားခြင်းခံရသော အခြား ကျွန်မများရှိကြသော်လည်း ပုဏ္ဏိကာသည် လုံ့လဝီရိယရှိသူဖြစ်၍ အခြားသူတို့ နိုးအောင်မစောင့်။ ဆွမ်းခံသံဃာတော်များ ကြွလာလျှင် အရန်သင့်ရှိနေစေရန် ဝေလီဝေလင်း အချိန်ကပင် အိုးတစ်လုံး ရွက်ကာ ရေခပ်ရန် အိမ်မှ ထွက်လာလေ့ရှိသူဖြစ်သည်။

သူဌေးကြီး၏ တစ်အိမ်လုံးတွင် အရေးကြီးသောနေရာဖြစ်သဖြင့် ပုဏ္ဏိကာမှာ တစ်ရက်တစ်လေမျှ အနားမရချေ။ နံနက်စောစော နေပူဒဏ်ကို ခံရလေ့မရှိသော်လည်း လေဒဏ် မိုးဒဏ်များကိုမူ မကြာခဏ ခံရသူဖြစ်သည်။ ဆောင်းတွင်းအခါဆိုလျှင် ရိုးတွင်းခြင်ဆီအထိ ကိုက်ခဲလာအောင် ချမ်းအေးလှသောဒဏ်ကို ရင်ဆိုင်ခဲ့ရ၏။

သို့ရာတွင် ပုဏ္ဏိကာမှာ ထိုရာသီဥတုဒဏ်များခံရသော်လည်း ညည်းညူခြင်းမရှိ။ အရှင်သခင်များက ပေးအပ်ထားသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်သာ ဖြစ်လေသည်။

ယနေ့သည်ကား ဆောင်းဥတုဖြစ်၍ သာဝတ္ထိမြို့တော်ကြီးတစ်ခုလုံး နှင်းမှုန်များအောက်တွင် ငြိမ်သက်နေလေသည်။ ဟိမဝန္တာမှ နှင်းမှုန်များကို သယ်ဆောင်လာသော မြောက်ပြန်လေတို့ကလည်း တသုန်သုန် တိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ မိန်းမသားဖြစ်ပါလျက် ပုဏ္ဏိကာသည် အပေါ်ရုံ တဘက်ကလေးကို ကျစ်ကျစ်ပါအောင် ဆွဲစုကာ နှင်းမှုန်များကြား၌ သွားလာလုပ်ကိုင်နေသည်။ ခြေထောက်နှစ်ချောင်းတို့သည် အအေးဒဏ်ကြောင့် ထုံကျဉ်နေကြသည်။ ခြေထောက်များသည် နူးညံ့သော သဲလမ်း၊ မြေလမ်းများတွင် နာကျင်ခြင်း မရှိသော်လည်း ခလုတ်ကန်သင်းများနှင့် တိုက်မိလျှင်ကား အသည်းခိုက်အောင် နာကျင်ရသည်။

## ပုဂ္ဂိုလ်တစ်ယောက်နှင့်တွေ့ရပုံ

နေ့စဉ်နေ့တိုင်း ထိုဒဏ်များနှင့် ကြုံရသော်လည်း ပုဏ္ဏိကာသည် ကြားနာဖူးသော တရားဒေသနာတော်များဖြင့် မိမိကိုယ်ကိုမိမိ အားပေးခဲ့သည်။ သို့ဖြင့် အစီရဝတီမြစ်ဆိပ်သို့ သူရောက်လာခဲ့ရာ မိမိထက် အဆများစွာ ပို၍ အအေးဒဏ်ခံနေရသော ပုဂ္ဂိုလ်တစ်ယောက်နှင့် တွေ့ရပေတော့သည်။

မိမိမှာ အရှင်သခင်များမနိုးမီ ရေအသင့်ရှိအောင် မနက်ဝေလီဝေလင်း ထလာခဲ့ရ၏။ ထိုပုဂ္ဂိုလ်တမူ ဘယ်အချိန်က ထလာခဲ့ရသည်မသိ။ ပုဏ္ဏိကာရောက်လာသောအချိန်တွင် ထိုသူသည် မြစ်ရေထဲမှ ပြန်၍ပင်တက်လာပေပြီ။ မိမိမှာ အရှင်သခင်များ ပေးသနားထားသော အဝတ်အစားများဖြင့် အအေးဒဏ်ကို အတန်အသင့် ကာကွယ်နိုင်သေး၏။ ထိုပုဂ္ဂိုလ်ကြီးကား အဝတ်မပါ ဗလာကိုယ်တည်းဖြစ်နေ၏။ မြစ်ရေထဲမှ တက်လာသည့်တိုင်အောင်ပင် သူ့မှာ အအေးဒဏ်က သက်သာသွားသည်ကို မတွေ့ရ။

ထိုပုဂ္ဂိုလ်ကြီးမှာ နှုတ်ခမ်းများပြာလျက် တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက်ဖြစ်နေ၏။ သူ၏အထက်သွားနှင့် အောက်သွားများ တခြစ်ခြစ်ဖြင့် တိုက်သံများပင် ကြားနေရသည်။

ပုဏ္ဏိကာသည် ထိုပုဂ္ဂိုလ်ကြီးကို မြင်ဖူးသလိုလိုရှိ၍ အကဲခတ်နေမိသည်။ အဝတ်အစားများ ဝတ်ဆင်ပြီးသောအခါတွင်မူ ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားကြီးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။ သာဝတ္ထိမြို့တော်မှ ထင်ရှားကျော်ကြားသူ ပုဏ္ဏားပညာရှိကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို ပုဏ္ဏိကာ မြင်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ပုဏ္ဏိကာသည် ထိုပုဏ္ဏားကြီးထံ ရှိသေစွာ ချဉ်းကပ်ကာ ဤသို့မေးလိုက်သည်။

"အရှင်ပုဏ္ဏားကြီး၊ အရှင်သခင်တို့၏ ဒဏ်ပေးခြင်း၊ ကြိမ်းမောင်းရေရွတ်ခြင်းကို ကြောက်ရွံ့သဖြင့် ကျွန်မသည် နေ့စဉ်နေ့တိုင်း ရေခပ်လာနေရပါ၏။ အရှင်ပုဏ္ဏားကြီးကား မည်သူ့ကို ကြောက်၍ ရေထဲသို့ဆင်းနေရပါသနည်း၊ အဘယ့်ကြောင့် အအေးဒဏ်ကို ဤမျှခံစား၍ နေရပါသနည်း"

ထိုအခါ ပုဏ္ဏိကာ၏အမေးကို ပညာရှိပုဏ္ဏားကြီးကလည်း အဖြစ်မှန်အတိုင်း ဤသို့ပြန်လည်၍ ရှင်းပြသည်။

"အို . . . မိန်းကလေး၊ ယခုငါရေချိုးခြင်းကား ပြုခဲ့မိသော အကုသိုလ်ကံများ ပ,ပျောက်စေရန်ဖြစ်၏။ အသက်ငယ်သူဖြစ်စေ၊ အသက်ကြီးသူဖြစ်စေ တစ်စုံတစ်ယောက်သောသူသည် မကောင်းမှုကို ပြုမိခဲ့ငြားအံ့၊ ထိုသူသည် ရေချိုးခြင်းဖြင့် ထိုမကောင်းမှုမှ လွတ်မြောက်နိုင်သည်"

ပုဏ္ဏားကြီး ပြန်လည်ပြောပြချက်များကို ကြားရသောအခါ ပုဏ္ဏိကာသည် မကောင်းမှုမှ လွတ်မြောက်ရေးအတွက် လမ်းလွဲလိုက်မှားကာ အဆင်းရဲခံနေရရှာသော ပုဏ္ဏားကြီးကို မိမိသိရှိနားလည်ထားသော တရားစကားများဖြင့် ဤသို့ဟောပြလေ၏။

## မကောင်းမှုကို ရေချိုးခြင်းဖြင့် စင်ကြယ်လျှင်

"အို . . . အရှင်ပုဏ္ဏားကြီး၊ အကယ်၍ အရှင်ပုဏ္ဏားကြီး ပြောကြားသည့်အတိုင်း ရေချိုးခြင်းဖြင့် မကောင်းမှုတို့ကို ပပျောက်စေနိုင်လျှင် ရေထဲ၌နေကြသော ဖားများ၊ လိပ်များ၊ နဂါးများ၊ မိကျောင်းများနှင့် အခြား ရေသတ္တဝါများတို့သည် မကောင်းမှုများ ပပျောက်ကာ နတ်ပြည်သို့သာ ရောက်ကြကုန်ရာ၏"

"အို . . . အရှင်ပုဏ္ဏားကြီး၊ ဤမြစ်ရေများသည် အရှင်ပုဏ္ဏားကြီး၏ မကောင်းမှုများကို မျှောချသွားသည်မှန်ပါလျှင် အရှင်ပုဏ္ဏားကြီး၏ ကုသိုလ်ကောင်းမှုများကိုလည်း မျှောချသွားနိုင်ပေလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ပုဏ္ဏားကြီး၊ အရှင်ပုဏ္ဏားကြီးသည် မကောင်းမှုကို ကြောက်သဖြင့် နေ့စဉ်ရေချိုး၏။ အမှန်အားဖြင့် ထိုမကောင်းမှုကို ကြောက်လျှင် မကောင်းမှုကို မပြုဘဲနေရုံသာရှိပါ၏"

## အကျင့်မှန်သိရ၍ ပုဏ္ဏားကြီးဝမ်းသာ

ပုဏ္ဏိကာက မကောင်းမှုမှ လွတ်မြောက်ကြောင်း အကျင့်မှန်ကို ခွဲခြားဝေဖန်၍ ပြောပြလိုက်သောအခါ ပုဏ္ဏားကြီးသည် ဝမ်းသာအားရ ကျေနပ်လှသဖြင့် မိမိဝတ်ရုံနေကျ အပေါ်ရုံပုဆိုးကို ပုဏ္ဏိကာအား ဆုအဖြစ် ပေးအပ်သည်။ သို့ရာတွင် ပုဏ္ဏိကာသည် ထိုအပေါ်ရုံပုဆိုးကို လက်ခံရယူခြင်း မပြုဘဲ တရားသဘောများကိုသာ ဤသို့ ဆက်လက်၍ ဟောပြီသည်။

"အို. . . အရှင်ပုဏ္ဏားကြီး၊ အရှင်ပုဏ္ဏားကြီး၏ အပေါ်ရုံပုဆိုးသည် အရှင်ပုဏ္ဏားကြီးအတွက်သာ ဖြစ်ပါစေ။ အကယ်၍ အရှင်ပုဏ္ဏားကြီးသည် မကောင်းမှုကို ကြောက်ရွံ့ငြားအံ့၊ မကောင်းမှုကို ရွံမုန်းငြားအံ့။ မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ မကောင်းမှုကို မပြုပါလင့်။ အကယ်၍ မကောင်းမှုကို ယခုထက်တိုင် ပြုနေငြားအံ့၊ နောက်နောင်တွင်လည်း ပြုနေငြားအံ့၊ သင်ပုဏ္ဏားကြီးအနေဖြင့် မကောင်းမှုမှ လွတ်မြောက်မည် မဟုတ်ပါ"

## ပုဏ္ဏားကြီး ဥပါသကာဖြစ်ပြီ

ပုဏ္ဏိကာက သူသိမြင်ထားသော တရားသဘောများကို ပုဏ္ဏားကြီးအားယင်းကဲ့သို့ ရှင်းလင်းဟောပြလိုက်သည်။ ထိုအခါ ပုဏ္ဏားကြီးသည် ကျေးဇူးတင်လွန်းသဖြင့် ဤတရားသဘောများကို ဟောကြားခဲ့သော မူလအစ ဆရာဖြစ်သည့် ဘုရားရှင်ထံ ချဉ်းကပ်လာတော့သည်။ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်ကိုလည်း ခံယူကာ သီလများဆောက်တည်လေတော့သည်။

## ပုဏ္ဏိကာ ကျွန်အဖြစ်မှလွတ်ပြီ

ထင်ရှားကျော်ကြားသော ပုဏ္ဏားကြီးတစ်ယောက်အား လမ်းမှန်ရောက်အောင်တရားပြပို့ဆောင်ပေးနိုင်ခဲ့သော ပုဏ္ဏိကာ၏ ဂုဏ်သတင်းကို အနာထပိဏ်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး ကြားသိသွားသည်။ ထို့ကြောင့် သူဌေးကြီးသည် ပုဏ္ဏိကာအား ကျေးကျွန်အဖြစ်မှ လွတ်မြောက်ခွင့် ပေးလိုက်လေတော့သည်။

ကျေးကျွန်အဖြစ်မှ လွတ်မြောက်ပြီဖြစ်၍ ပုဏ္ဏိကာသည် ဤအိမ်ကြီး၌ ဆက်၍ နေလိုလျှင် နေနိုင်၏။ အခြားသို့ လွတ်လပ်စွာ သွားလိုလျှင်လည်းသွားနိုင်ပြီဖြစ်၏။ ထို့ထက် တန်ဖိုးကြီးသော အခွင့်ထူးကြီးကိုလည်း သူရနိုင်ပြီဟု သိသွားသည်။ ထိုအခွင့်ထူးမှာ သံသရာမှ လွတ်မြောက်စေမည့် ရဟန်းပြုခွင့်ပင်ဖြစ်သည်။

## သံသရာမှလည်း လွတ်ပေတော့မည်

ဘုရားရှင်၏ ဝိနည်းပညတ် သိက္ခာပုဒ်တော်တို့တွင် ကျေးကျွန်များအား ရှင်ရဟန်းမပြုရဟူသော ပညတ်တော်ရှိသည်။ ထိုပညတ်တော်ကြောင့် ပုဏ္ဏိကာသည် ရဟန်းပြုလိုသော်လည်း မပြုနိုင်ခဲ့။ ကျွန်ဖြစ်နေသောကြောင့် ဖြစ်၏။ ယခု အနာထပိဏ်သူဌေးကြီးသည် သူ့အား ကျွန်အဖြစ်မှ လွတ်ပေးလိုက်ပြီဖြစ်၏။ ကျွန်အဖြစ်မှ လွတ်မြောက်ပြီဖြစ်၍ သူ ရဟန်းပြုနိုင်ပြီ။ ရဟန်းပြုပြီး ရဟန်းတရားနှင့်အညီ နေထိုင်ကျင့်ကြံနေလျှင် သူသည် ဧကန်မုချ သံသရာမှလည်း လွတ်နိုင်ပေတော့မည်။

ဤသို့ အတွေးအသိတို့ကြောင့် ပုဏ္ဏိကာသည် မိခင် ဖခင်များနှင့်တကွ အနာထပိဏ်သူဌေးကြီးထံ ပန်ကြားပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွားရောက်သည်။ ဘိက္ခု - ဘိက္ခုနီ သံဃာ နှစ်ရပ်လုံးထံတွင် သာသနာတော်ကို ဝင်ရောက်လိုကြောင်း လျှောက်ထား၏။ သံဃာနှစ်ရပ်လုံးကလည်း ပုဏ္ဏိကာအား ဝမ်းသာအားရ ကြိုဆိုလက်ခံကြကာ ရဟန်းပြုပေးကြလေသည်။

## အရဟတ္တဖိုလ်ရပြီ

ရဟန်းဖြစ်ပြီးနောက် ပုဏ္ဏိကာထေရီသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလေရာ မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏိကာထေရီသည် အရဟတ္တဖိုလ် ချမ်းသာကို ခံစား၍နေရင်း ခန္ဓာဝန်ချတော်မူပြီးနောက် အစဉ်ထာဝရ အေးမြချမ်းသာသော သန္တိသုခချမ်းသာ အစစ်ဖြစ်သော နိဗ္ဗာန်ကို ဆက်လက်ခံစားတော်မူသွားပြီဖြစ်သည်။

ပုဏ္ဏိကာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဝါသိဋ္ဌီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ လက်ထက်တော်တွင် အထူးထူးသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုဆည်းပူးခဲ့သူဖြစ်သည်။ ဤသို့ပြုခဲ့သော ကောင်းမှုကုသိုလ်များရှိသည်နှင့်အညီ သံသရာတစ်ခွင် ကျင်လည်ရာတွင်လည်း လူ့ပြည်နတ်ရပ်တို့၌သာ ကျင်လည်ခဲ့ရသည်။

## ဝေသာလီသူ

ပြုခဲ့သော ကောင်းမှုရှိသူလေးပီပီ ဝါသိဋ္ဌီထေရီလောင်းလျာသည် ဤရှင်တော်ဂေါတမဘုရားရှင်လက်ထက်တွင်မူ ဝေသာလီပြည်ရှိ ချမ်းသာကြွယ်ဝသော မိဘနှစ်ပါးတို့မှ မွေးဖွားလာသော အမျိုးသမီးကလေး ဖြစ်လာခဲ့ရသည်။ ဝါသိဋ္ဌီပုဏ္ဏားမျိုးနွယ်ဖြစ်၍ သူ့အမည်ကို ဝါသိဋ္ဌီဟု မှည့်ခေါ်ခဲ့ကြသည်။

## အိမ်ထောင်ကျခဲ့

သူသည် ချမ်းသာကြွယ်ဝသူတို့၏ သမီးဖြစ်၍လည်း ပစ္စည်းပစ္စယ ပြည့်ပြည့်စုံစုံဖြင့် ကြီးပြင်းခဲ့ရသူဖြစ်သည်။ သူအရွယ်သို့ရောက်သော် မိဘများက အမျိုးတူ၊ အနွယ်တူ၊ အရွယ်တူ၊ ဂုဏ်သရေရှိ သတို့သားတစ်ယောက်နှင့် အိမ်ထောင်ချပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သားဦးလေးဖွားမြင်ပြီ

ဒေသ၏ မိရိုးဖလာ ဓမ္မတာထုံးစံများနှင့်အညီ အိမ်ထောင်ကျပြီးသော် သူသည် လင်၏အိမ်သို့ လိုက်သွားခဲ့ရသည်။ သုံးနှစ်ခန့်ကြာသော် သူတို့ ဇနီးမောင်နှံအတွက် သားဦးလေးတစ်ယောက် ရရှိခဲ့သည်။

ထိုသားဦးကလေးကို သားဦးအရှုးဟူသော စကားနှင့်အညီ မိဘ ညီအစ်ကိုများကရော သူတို့ဇနီးမောင်နှံကပါ လွန်စွာချစ်ခင်ခဲ့ကြသည်။ ထိုသို့ တစ်အိမ်သားလုံးကချစ်၍မဆုံးတပြုံးပြုံးဖြင့် တယုတယရှိနေကြချိန်တွင် သားဦးကလေးသည် ရုတ်တရက် ရောဂါရရှိကာ တစ်နေ့တွင် သေဆုံးသွားခဲ့တော့သည်။

## နှလုံးသွေးပျက်ခဲ့ရသူ

သားကလေး၏ မိခင် ဝါသိဋ္ဌီသည် သားကလေး သေဆုံးသွားသည့်အတွက် အကြီးအကျယ် ပူဆွေးရရှာသည်။ ပူဆွေးရသော ရက်များတာရှည်လာသောအခါ နှလုံးသွေးပါ ပျက်သဖြင့် ဘာကိုမျှ ကောင်းကောင်းမွန်မွန် သတိမရတော့. . .။ လင်ကိုလည်း လင်ဟုမသိတော့၊ မိဘကိုလည်း မိဘမှန်းမသိတော့ဘဲ နောက်ဆုံး သူ့ကိုယ်သူပင် ထိန်းသိမ်းနိုင်ခြင်း မရှိတော့ပေ။ စားရမှန်းလည်း မသိ။ သောက်ရမှန်းလည်း မသိ။ သည်အတိ အခြေအနေ ဆိုးလာတော့သည်။

## ကုသော်လည်း မရ

မိဘနှင့် လင်ယောကျ်ားတို့ကလည်း ဝါသိဋ္ဌီအား ကောင်းပေ့ဆိုသော ဆရာသမားတို့ကိုခေါ်ပြီး အမျိုးမျိုးကုသပေးကြသည်။ သို့သော် နှလုံးသွေးပျက်ကာ ရူးသွပ်နေသဖြင့် ပျောက်ကင်းအောင် ကုမရနိုင် ဖြစ်နေသည်။ ထိုဝါသိဋ္ဌီ အရူးမကလေးကို အခြားတစ်ပါးသို့ ထွက်မပြေးနိုင်ရန် အိမ်ခန်းထဲတွင် ပိတ်လှောင်ထားကြသည်။ အိမ်ခန်းထဲ၌ ပိတ်လှောင်ထားသဖြင့် သူ၏ အရူးရောဂါမှာ သက်သာလာခြင်းမရှိဘဲ သွက်သွက်ခါအောင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်မှထွက်ပြေးပြီ

တစ်ခုသောညအခါ စောင့်ကြပ်နေကြသူ မိဘ, လင်ယောကျ်ားတို့ မရှိခိုက် ကြုံသည်နှင့် ဝါသိဋ္ဌီအရူးမကလေးသည် အိမ်မှ ထွက်ပြေးသွားတော့သည်။ ရူးသူတို့ သဘာဝအတိုင်း သူသွားချင်ရာ သွားသည်။ နေချင်ရာ၌ နေသည်။ စိတ်နောက်ကိုယ်ပါ လုပ်နေတော့သည်။ မိဘများက ရှာဖွေကြသော်လည်း သူ့အကြောင်း သတင်းအစအနကိုမျှ မကြားရတော့ပေ။ ဝေသာလီပြည် အနှံ့အပြား၌ ရှာကြသော်လည်း မတွေ့ရတော့ပေ။ ဤသို့ဖြင့် သူ ထွက်သွားသည်မှာ သုံးနှစ်ခန့် ကြာသွားခဲ့ပြီဖြစ်သည်။

တစ်နေ့တွင် ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်အတူ မိဓိလာမြို့တော်အတွင်း ဆွမ်းခံကြွတော်မူသည်။ ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်နှင့် သံဃာတော်များကို မြို့လူထုက သောင်းသောင်းဖြဖြ ကြိုဆို ဖူးမြော်ကြသည်။

## ဘုရားရှင်ကို ဖူးတွေ့ရသော်

ထိုအချိန်အခါတွင် ဝေသာလီမြို့မှ ထွက်လာခဲ့သော အရူးမကလေး ဝါသိဋ္ဌီသည် မိဓိလာမြို့တော်သို့ ရောက်နေသည်။ ဆွမ်းခံကြွတော်မူနေသော ဘုရားရှင်ကို သူသည် လမ်းခုလတ်၌ ဖူးတွေ့လိုက်ရသည်။ ရှင်တော်ဘုရား၏ ရူပအဆင်းတော်ကျက်သရေကို ဖူးမြင်လိုက်ရသည်နှင့် သူ့ခန္ဓာကိုယ်တွင်းရှိ နှလုံးသွေးများလည်း တဖြည်းဖြည်း ကြည်လင်လာကြသည်။ နှလုံးသွေးတို့ ကြည်လင်လာသည်နှင့်အမျှ သူ့ရူပ်ရေသည်လည်း ပြောင်းလဲလာသည်။ စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နုဟူသည်နှင့်အညီ အရူးမလေး ဝါသိဋ္ဌီ၏ အရူးရောဂါသည် ထိုခဏမှာပင် ပျောက်ကင်းသွားသည်။ ဘုရားရှင်၏ ရူပါရုံအဆင်းတော် ကျက်သရေနှင့် တွေ့ရသော် သူ့ခန္ဓာကိုယ်တွင်းရှိ နောက်ကျုနေသော သွေးသားတို့ ပြောင်းလဲသွားကြခြင်းဖြစ်ပေသည်။

## ဗုဒ္ဓ၏ ရူပကျက်သရေတော်အစွမ်း

စိတ်ကိုကြည်လင်စေနိုင်သော ဆေးဓာတ်အပေါင်းတို့တွင် ဘုရားရှင်၏ ရူပအသရေတော်တည်းဟူသော ရူပါရုံဆေး[illegible]တ်သည် အထွတ်အမြတ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ဘုရားရှင်၏ အဆင်းတော်ကို မြင်လိုက်ရလျှင် သတ္တဝါတိုင်း ငေးစိုက်ပြီး ဦးခိုက်ကြရသည်။ အသရေတော်ကို အကြောင်းပြုပြီး ရရှိသော ဝမ်းသာခြင်း ပီတိအရသာသည်လည်း လွန်စွာအကျိုးကြီးလှသည်။

လူကိုမဆိုထားနှင့် တိရစ္ဆာန်များပင်သော်မှ ဘုရားရှင်၏ ရူပါရုံကို မြင်ရတွေ့ရ ဖူးမြင်ရလျှင် ရူပါရုံဓာတ်ခိုက်သဖြင့် ငေးစိုက်၍ နေကြရသည်။ အစာအတွက် သမင်ကို အတင်းလိုက်နေသည့် ကျားများသည်ပင် ဘုရားရှင်၏ အဆင်းတော်ကိုမြင်လျှင် သမင်ကို မေ့သွားတတ်သည်။ ကျားဘေးမှ လွတ်ကင်းအောင် ပြေးနေသည့် သမင်တို့သည်လည်း ဘုရားရှင်၏ အဆင်းတော်ကို တွေ့ရလျှင် ရန်သူဟော်ကျားကိုမေ့ပြီး ရှေ့သို့မလှမ်းနိုင်ဘဲ အဆင်းတော်ဓာတ်ခိုက်သဖြင့် ငေးစိုက်သွားတတ်ကြသည်။

## ထူးခြားသော အကျိုး

ဤသည်တို့ကို ဗုဒ္ဓနှင့် ဗုဒ္ဓဂုဏ်တော်များ ပွားများဖူးသူတိုင်း တွေ့ကြုံခံစားရဖူးသည့် ထူးခြားသော အကျိုးထူးများဖြစ်သည်။

ဝါသိဋ္ဌီ အမျိုးသမီးကလေးသည် ဘုရားရှင်ကို ဖူးမြင်ရရာမှ အရူးရောဂါ ပျောက်သည်နှင့် တစ်ပြိုင်နက် သူ့တွင် စိတ်ကောင်းစိတ်မြတ်များ ဖြစ်ပေါ်လာရသည်။ အသိအမြင် ပြန်လည်၍ ကြည်လင်လာကြသည်။ သို့ဖြစ်၍ သူသည် ကျောင်းတော်သို့ ရောက်သည်အထိ ဘုရားရှင်နောက်တော်မှ လိုက်လာခဲ့သည်။

## ရဟန်းပြုခွင့်တောင်းပြီ

ဝါသိဋ္ဌီသည် ကျောင်းတော်သို့ ရောက်သောအခါ ဘုရားရှင်ကို မနီးမဝေးမှ နေလျက် ဖူးမြော်သည်။ ဟောတော်မူသော တရားတော်ကိုလည်း နာကြားသည်။တရားနာရာမှတရားအသိဝင်လာပြီး ရဟန်းပြုချင်လာသည်။ ထို့ကြောင့် သူသည် ဘုရားရှင်အား ရဟန်းပြုခွင့်ရရန် လျှောက်ထား ပန်ကြားလိုက်တော့သည်။ ထိုအခါ ဘုရားရှင်သည် ဝါသေဋ္ဌီ အမျိုးသမီးကလေး၏ ယခုဘဝသည်

www.burmeseclassic.com

www.burmeseclassic.com



သံသရာ၌ နောက်ဆုံးဘဝ (ပစ္ဆိမ ဘဝိက)ဖြစ်၍ ကျွတ်ထိုက်သူဖြစ်ကြောင်း မြင်တော်မူသဖြင့် ဝါသိဋ္ဌီကို ရဟန်းပြုခွင့်ပေးတော်မူသည်။ ဝါသိဋ္ဌီသည် ရဟန်း အဖြစ်သို့ ရောက်ပြီးသောအခါ သာသနာတော်အတွင်း၌ ဝါသိဋ္ဌီထေရီဟု ထင်ရှားကျော်စောတော်မူသည်။

ထို့နောက် ဝါသိဋ္ဌီထေရီသည် ဆိတ်ငြိမ်ရာသို့သွား၍ ဝိပဿနာတရား မြတ်ကို သုံးသပ်ဆင်ခြင် အားထုတ်ပွားများလေရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အမြတ်တရားများရရှိပြီး မြတ်သောရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ရဟန္တာဖြစ်တော်မူပြီးနောက် ဝါသိဋ္ဌီထေရီသည် မိမိဘဝအဖြစ်စုံကို ဤသို့ ဥဒါန်းကျူးတော်မူသည်။

## အဖြစ်စုံကို ဥဒါန်းကျူးပုံ

ပုတ္တသောကေနဟံ အဋ္ဋာ၊ ခိတ္တစိတ္တာ ဝိသညိနီ။
နဂ္ဂါ ပကိဏ္ဏကေသီ စ၊ တေန တေန ဝိစာရိဟံ။

အဟံ၊ အကျွန်ုပ်သည်။ ပုတ္တသောကေန၊ သားဦးကလေး သေဆုံးသွား သည့်အရေးကြောင့် ပူဆွေးနာကျင်သော ဝေဒနာဖြင့်။ အဋ္ဋာ၊ မခံသာအောင် လွန်စွာနှိပ်စက်အပ်သည်ဖြစ်၍။ ခိတ္တစိတ္တာ၊ ထိန်းလို့မရအောင် စိတ်တွေလွင့် ပါးလျက်။ ဝိသညိနီ၊ အမှတ်သညာ ကင်းကွာလွတ်ဝေး အရူးမကလေးသည်။ ဟုတ္တာ၊ ဖြစ်၍။ နဂ္ဂါ၊ အဝတ်မဆီး အချည်းနှီးသာလျှင်။ ပကိဏ္ဏကေသီစ၊ ဖရိုဖရဲ ကြဲဖြန့်သော ဆံပင်ရှိသည်ဖြစ်၍။ တေနတေန၊ ထိုထိုအရပ်ဌာနသို့။ ဝါ၊ ဟိုရောက် သည်ရောက်။ ဝိစာရိံ စိတ်နောက်ကိုယ်ပါ လှည့်လည်သွားလာ ခဲ့ပြီ။

ဝီထိသင်္ကာရကူဋေသု၊ သုသာနေ ရထိယာသု စ။
အစရိံ တီဏိ ဝဿာနိ၊ ခုပ္ပိပါသ သမပ္ပိတာ။

အဟံ၊ အကျွန်ုပ်သည်။ တီဏိဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ ခုပ္ပိပါသ သမပ္ပိတာ၊ မစားရ, မသောက်ရခြင်းတည်းဟူသော ဆာလောင်မွတ်သိပ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍။ ဝီထိသက်ာရက္ခေသုစ၊ လမ်းဆုံ လမ်းခွနှင့် အမှိုက်သရိုက် အညစ်အကြေးသွန်ရာ ဌာနတို့၌ လည်းကောင်း။ သုသာနေစ၊ သူသေမြှုပ်နှံသော သုသာန်အရပ်၌ လည်းကောင်း။ ရထိယာသုစ၊ ရထားတွေမောင်း လှည်းတွေမောင်း ဖုန်တထောင်းထောင်းနှင့် လမ်းကြောင်း ခရီးတို့၌ လည်းကောင်း။ အစရှိ တညစ်ညစ် တပေပေနှင့် လှည့်လည်၍ နေခဲ့ဖူးပါပြီ။

အထ' ဒ္ဒသာသိံ သုဂတံ၊ နဂရံ မိဓိလံ ဂတံ။
အဒန္တာနံ ဒမေတာရံ၊ သမ္ဗုဒ္ဓမကုတောဘယံ။

အထ၊ ထိုသို့ သုံးနှစ်တိုင်တိုင် လှည့်လည်၍နေစဉ်အခါ၌။ မိဓိလံ နဂရံ မိဓိလာနေပြည်တော်ကြီးသို့။ ဂတံ၊ တပည့်နောက်ပါ သံဃာအများနှင့် ကြွ သွားဆိုက်ရောက်တော်မူလာသော။ အဒန္တာနံ၊ မယဉ်ကျေးသော သတ္တဝါ အပေါင်းတို့ကို။ ဒမေတာရံ၊ ယဉ်ကျေးအောင် ဆုံးမတော်မူလေ့ရှိပေထသော။ အကုတောဘယံ၊ အဘယ်မှာမှ ဘေးရန်မရှိသော။ သုဂတံ၊ ကောင်းသော စကားကို မိန့်ကြားမြွက်ဆိုတော်မူလေ့ရှိပေထသော။ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ် ဘုရားကို။ အဒ္ဒသာသိံ၊ ကံကောင်းကြုံကြိုက် လာဘ်ကြီး တိုက်သဖြင့် ဖူးမြင် ခဲ့ရပါ၏။

သစိတ္တံ ပဋိလဒ္ဓါန၊ ဝန္ဒိတွာန ဥပါဝိသိံ။
သော မေ ဓမ္မမဒေသေသိ၊ အနုကမ္ပာယ ဂေါတမော။

တဒါ၊ ထိုဘုရားရှင်ကို ဖူးမြင်ကြုံကြိုက်ရသောအခါ၌။ သံစိတ္တံ၊ စိတ် ကောင်းစိတ်မြတ်ကို။ ဝါ၊ ရူးသွပ်ခြင်းကင်းသော ပကတိသော မိမိစိတ်ကို။ ပဋိလဒ္ဓါန၊ တစ်ဖန်ပြန်၍ ရရှိခြင်းကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ ဝန္ဒိတွာန၊ ဝပ်တွားရိုကျိုး လက်စုံမိုးလျက်။ ဥပါဝိသိံ၊ ကယ်တော်မူပါရန် ခစားဆည်းကပ်ခဲ့ပါပြီ။ ဂေါတမော၊ ဂေါတမနွယ်စပ် သာကီမြတ် ဖြစ်တော်မူသော။ သော၊ ထိုရှင်တော်မြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ အနုကမ္ပာယ၊ အရှုဝင်မှ ကျွက်စေသောအား သနားငဲ့ညှာတော်

www.burmeseclassic.com



မူသဖြင့်။ ဓမ္မံ၊ နိဗ္ဗာန်ရောက်စေ မြိုက်ရေတွင်လတ် တရားမြတ်ကို။ အဒေ သေသိ၊ ဟောကြား ဆုံးမတော်မူပါ၏။

တဿ ဓမ္မံ သုဏိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

ယုဥ္စန္တီ သတ္ထုဝစနေ၊ သစ္ဆာကာသိ ပဒံ သိဝံ။

တဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ ဓမ္မံ ဟောကြားတုံလတ် တရားမြတ် ကို။ သုဏိတွာန၊ စိတ်ဖြူဖြူနှင့် နာယူမှတ်သားပြီးသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ အနာဂါရိယံ၊ အိမ်ရာမထောင်သော သာသနာဘောင်၌။ ပဗ္ဗဇိံ၊ ရှင်ရှင်လန်းလန်း ရဟန်းပြု၍လာခဲ့ပါပြီ။ တတော၊ ထို့နောက်။ အဟံ၊ အကျွန်ုပ် သည်။ သတ္ထုဝစနေ၊ ရှင်တော်ဘုရား၏ သာသနာတော်၌။ ဝါ၊ ရှင်တော် ဘုရား၏ စကားတော်အတိုင်း။ ယုဥ္စန္တီ၊ မနေမနား ကြိုးစားအားထုတ်လိုက် သည်ရှိသော်။ သိဝံ၊ ကိလေသာဘေး ကင်းစင်ဝေး၍ အေးမြချမ်းသာစွာသော။ ပဒံ၊ အမြိုက်နိဗ္ဗာန်ကို။ သစ္ဆာကာသိ၊ ဒိဋ္ဌကိုယ်တိုင် ပိုင်ပိုင်ကြီး ဆိုက်ရောက်၍ မျက်မှောက်ပြုခဲ့ရပါပြီ။

သဗ္ဗသောကာ သမုစ္ဆိန္နာ၊ ပဟီနာ တေဒန္တိကာ။

ပရိညာတာ ဟိ မေ ဝတ္ထူ၊ ယတော သောကာန သမ္ဘဝေါ။

မေ၊ အကျွန်ုပ်သည်။ သဗ္ဗသောကာ၊ ပူရေးပင်ရေး အလုံးစုံသော သောက ဘေးကို။ သမုစ္ဆိန္နာ၊ အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက် ခုတ်ထွင် အပ်ကုန်ပြီ။ ပဟီနာ၊ သောကအလုံးစုံကို အကုန်ပယ်အပ်လေကုန်ပြီ။ တေ ဒန္တိကာ၊ ဤအရဟတ္တဖိုလ်ကို ရသဖြင့် သောကအားလုံး ကိစ္စတုံးကြလေပြီ။ ယတော၊ အကြင်အကြောင်းကြောင့်။ သောကာနံ၊ ပူရေး ပင်ရေး သောက ဘေးတို့၏။ သမ္ဘဝေါ၊ ဖြစ်ပေါ်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဝတ္ထူ၊ သောကတည် ရာဖြစ်သော အကြောင်း ဝတ္ထုအလုံးစုံကို။ မေ၊ အကျွန်ုပ်သည်။ ဟိ၊ စေကန် စင်စစ်အားဖြင့်။ ပရိညာတာ၊ ဒိဋ္ဌကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင်ကြီး သိအပ်လေပြီ တကား။

www.burmeseclassic.com

www.burmeseclassic.com



ဝါသိဋ္ဌီထေရီသည် ဤသို့မိမိဘဝအဖြစ်စုံကို ဥဒါန်းကျူးရင့်တော်မူပြီးနောက် သာသနာ့တာဝန်ကို သက်ဆုံးတိုင် ထမ်းရွက်တော်မူပြီးလျှင် ဒုက္ခအားလုံးတို့ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဝင်စံသွားတော်မူလေပြီ။

ဝါသိဋ္ဌီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# သုဘာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ဘဝ သံသရာ အဆက်ဆက်တို့၌ ပြုခဲ့ဖူးသော ကုသိုလ်ပါရမီရှိသူဖြစ်သည်။ ဤဂေါတမ ဘုရားရှင်၏ လက်ထက်တော်တွင်မူ ရာဇဂြိုဟ်မြို့တော်ရှိ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေးကြီးတစ်ဦး၏ သမီးဖြစ်လာ၏။ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်သဖြင့် မိဘများက သူ့ကို "သုဘာ" သတို့သမီးဟူ၍ အမည်နာမပေးခဲ့ကြသည်။

## မျက်လုံးအလှပိုင်ရှင်

ထေရီလောင်းလျာ အမျိုးသမီးလေး ကြီးပြင်းလာသည်နှင့်အမျှ သူမ၏ လှပသော ဂုဏ်သတင်းသည်လည်း တိုး၍တိုး၍ ကျော်စောလာသည်။ လှပတင့်တယ် ရှုချင့်စဖွယ်ကောင်းလှသော ကိုယ်အင်္ဂါတို့တွင် သူ့မျက်လုံးတို့၏ အလှမှာ အထူးခြား၊ အတောက်ပဆုံးဖြစ်သည်။ ကြာညိုပန်း၏ ဝတ်ဆံမှုန်များကဲ့သို့ လှပစွာ ကော့ထောင်နေကြသည့် မျက်တောင်များကြားဝယ် သမင်မငယ်၏ မျက်လုံးကဲ့သို့ ရွှန်းလဲ့တောက်ပနေသော သူ့မျက်လုံးအစုံသည် မြင်သူတကာတို့၏ စိတ်ကို အထူး ဆွဲဆောင်နိုင်ကြသည်။

ထိုအချိန်မှာပင် ဘုရားရှင်သည် ဗိမ္ဗိသာရမင်း၏ ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်မြို့တော်သို့ ကြွတော်မူလာပြီး ရာဇဂြိုဟ်မြို့တော်အနီးရှိ ဝေဠုဝန်

www.burmeseclassic.com



ကျောင်းတော်၌ သီတင်းသုံးတော်မူကာ ဝေနေယျသတ္တဝါအပေါင်းအား သံသရာမှ လွတ်မြောက်ရေးတရားများ ဟောကြားတော်မူနေသည်။

ရှေးဘဝ အဆက်ဆက်တို့က ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကြောင့် သုဘာသည် ဘုရားရှင်၏ တရားတော်ကို ကြားနာခွင့်ရခဲ့သည်။ ထို့ကြောင့် သူသည် လူ့ပတင့်တယ်မှုတွင် တပ်မက်တွယ်တာမှု မရှိတော့ပေ။ သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ရမည်ကို ကြောက်ရွံ့ထိတ်လန့်လာပြီး သံသရာမှ လွတ်မြောက်ရေးအတွက် သာသနာတော်တွင်းသို့ဝင်ရောက်ရန် စိတ်အားထက်သန်လာခဲ့သည်။

## မဟာပဇာပတိ ဂေါတမီထံသို့

သို့ဖြစ်၍ သုဘာထေရီလောင်းလျာသည် မိဘများထံ ခွင့်ပန်ကာ မဟာပဇာပတိဂေါတမီ အရှင်မကြီးထံသို့လာရောက်လျက် ရဟန်းပြုပေးပါရန် လျှောက်ထားသည်။ မဟာပဇာပတိဂေါတမီကလည်း ဘိက္ခု ဘိက္ခုနီ သံဃာ နှစ်ရပ်၌ ရဟန်းခံနိုင်ရန် စီစဉ်ဆောင်ရွက် ပေးခဲ့သည်။

ရဟန်းအဖြစ်ကို ရရှိပြီးလျှင် သုဘာထေရီသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းလေရာ တစ်ရက် နှစ်ရက်အတွင်းမှာပင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေသည်။

အနာဂါမိပုဂ္ဂိုလ် သုဘာထေရီသည် အရဟတ္တမဂ်အထိ ဆက်လက်ရရှိရန် ယခင်ကထက် ပိုမို၍ ကြိုးစားအားထုတ်သည်။ ထို့သို့အားထုတ်နေစဉ် သူ၏ စိတ်အာရုံတွင် သမားတော် ဇီဝက၏ သရက်ဉယျာဉ်ကိုလှမ်း၍ မြင်လိုက်မိ၏။

## သရက်ဉယျာဉ်သို့ ကြွလာစဉ်

ထိုသရက်ဉယျာဉ်သည် အရိပ်အာဝါသ ကောင်းသည်။ သောက်ရေ သုံးရေ များနှင့်လည်း ပြည့်စုံသည်။ သရက်ပင်များကို အဓိကထားစိုက်ကာ အမျိုးမျိုးသော သီးပင်ပန်းပင်များကိုလည်း အကွက်ချ၍ စိုက်ပျိုးထားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးမွေ့လျော်ဖွယ် ကောင်း၏။ ထို့ကြောင့် သုဘာထေရီသည် ဆွမ်းကိစ္စများ ပြီးစီးသည်နှင့် တစ်ပြိုင်နက် ထိုသရက်ဥယျာဉ်ဆီသို့ ကြွလှမ်းလာခဲ့သည်။

သရက်ဥယျာဉ်သို့ သွားလာရာတွင် ယာဉ်ရထားဖြင့် သွားလာနိုင်သော လမ်းကြီးများလည်း ရှိပါ၏။ သို့ရာတွင် သုဘာထေရီကား လူသူလေးပါးနှင့် မတွေ့မဆုံမိစေရန် ထိုလမ်းမကြီးမှ မလာခဲ့ပေ။ ဖြတ်လမ်းဖြစ်သော ကျဉ်းမြောင်းသည့် လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့၏။ ထိုလမ်းကလေးမှာ လူတစ်ယောက် သွားလောက်ရုံမျှသာရှိ၏။ နှစ်ယောက် ရင်ပေါင်တန်း လျှောက်၍ မရနိုင်ပေ။ လမ်းကလေး၏ ဝဲယာဘက်တို့တွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ဝန်းရံဆို့ပိတ်လျက် ရှိနေပေသည်။

ထေရီသည် တစ်ယောက်သွားလမ်းကျဉ်းကလေးအတိုင်း လျှောက်လာခဲ့ရာ သရက်ဥယျာဉ်ဝအနီးသို့ရောက်သော် အနှောင့်အယှက်နှင့် တွေ့ရတော့သည်။ သူ့ရှေ့တွင် ရာဇဂြိုဟ်မြို့တော်သား လူရမ်းကားတစ်ယောက်။ လက်နှစ်ဖက်ကို ဆန့်တန်းကာ တားဆီးနေခြင်းဖြစ်သည်။

## လူရမ်းကား ရွှေပန်းထိမ်သည်၏သား

ထိုလူရမ်းကားသည် ရာဇဂြိုဟ်မြို့တော်မှ ရွှေပန်းထိမ်သည်၏သား ဖြစ်၏။ အသက်အရွယ် နုပျိုသေးသည်။ ယောကျ်ားပီသသော အလုံးအရပ်ဖြင့် ကြည့်၍ကောင်းသူ လူချောတစ်ယောက်ဖြစ်၏။

သို့ရာတွင် သူ၏စိတ်ဓနစိတ်ထားကား ယုတ်ညံ့လှ၏။ မိန်းကလေး ချောချောလှလှတွေ့လျှင် ဥစ္စာအားကိုး၊ အပေါင်းအသင်းအားကိုးဖြင့် မရရအောင် ကြံဆောင်ဖျက်ဆီးတတ်သူဖြစ်သည်။

လူရမ်းကားသည် ထေရီ အရှင်မသွားမည့်လမ်းကို ပိတ်ဆို့ကာ ရပ်နေ၏။ သုဘာထေရီ သူ့အနီးသို့ရောက်လာလျှင် တအားကျုံး၍ ဖက်ထားလိုက်မည်ဟု စိတ်ကူးကာ လက်နှစ်ဖက်ကို ဆန့်တန်းထားသည်။ သုဘာထေရီ သူ့အနီးသို့ ရောက်သော် ဤသို့ ပြောကြား၏။

"အို . . . နှမ၊ သင်သည် ငယ်ရွယ်နုနယ် အပျိုအရွယ်ကလေးဖြစ်၏။ ရုပ်ရည်အဆင်းလည်း ကျော့ရှင်းလှပ၏။ သင်ကဲ့သို့သော မိန်းမချောကလေး

www.burmeseclassic.com

www.burmeseclassic.com



သည် ရဟန်းပြုခြင်းဖြင့် ဘာအကျိုးရှိမည်နည်း။ သင် ဝတ်ရုံထားသည့် သင်္ကန်းကြီးကို ယခုပင် ချွတ်လိုက်ပြီး မောင့်ဆီသို့ လာခဲ့ပါ။ ပန်းမျိုးစုံ ရနံ့တို့ဖြင့် ထုံပျံ့ကြိုင်လှိုင်နေသည့် ဥယျာဉ်ထဲဝယ် ငါတို့ ပျော်ကြပါးကြပါစို့”

ဤကဲ့သို့ လူရမ်းကားက ကာမဂုဏ်ခံစားရန် သွေးဆောင်စကား ပြောကြားလာသော်လည်း ကာမဂုဏ်အာရုံ ခံစားလိုစိတ်ကို ဆိုပိတ်ပယ်သတ်ပြီးဖြစ်သော သုဘာထေရီသည် သူ့စကားကြောင့် တုန်လှုပ်မှုမရှိပေ။ လူရမ်းကား၏ အလိုဆန္ဒကို ဖြတ်တောက်နိုင်ရေးအတွက် ကိုယ်ခန္ဓာ၏ သဘာဝအမှန်ကို ဤသို့ ထုတ်ဖော်ဟောကြားလိုက်သည်။

“အို. . . ရွှေပန်းထိမ်သည်၏ သား၊ ဆံပင် စသော အမျိုးမျိုးသော စက်ဆုပ်ဖွယ်တို့ဖြင့် ပြည့်နှက်နေသော၊ သုသာန်မြေကို တိုးပွားစေသော၊ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသော ဤကိုယ်ခန္ဓာ၌ အဘယ်အရာကို အနှစ်သာရဟူ၍ သင် ထင်မှတ်နေပါသနည်း။ ဤကိုယ်ခန္ဓာ၌ သင်သည် အဘယ်အစိတ်အပိုင်းကို နှစ်လိုအားရ ရှုမြင်ရပါသနည်း”

## အဖျက်သမားပြောစကား

သုဘာထေရီက ဤသို့ ပြောပြသော် အဖျက်သမားလူရမ်းကားက သူ စွဲမက်လှသော ကိုယ်အင်္ဂါအကြောင်းကို ဤသို့ ပြန်လည်ပြောပြသည်။

“အို . . . နှမ၊ သင်နှမ၏ မျက်လုံးအစုံတို့သည် သမင်မငယ်၏ မျက်လုံးများကဲ့သို့ ရွှန်းလက်တောက်ပ၍ နေကြကုန်၏။ တောကြားတောင်ကြား၌ သွားလာပျံဝဲ ပျော်မြူးနေသော ကိန္နရီမ၏ မျက်လုံးများနှင့်လည်း တူလှ၏။ သင်နှမ၏ လှပသောမျက်လုံးများကို မြင်ရသဖြင့် ငါ၏စိတ်တွင် တလှုပ်လှုပ် တရှားရှား ခံစားနေရသည်”

ဤကဲ့သို့ လူရမ်းကားက သုဘာထေရီ၏ လှပသော မျက်လုံးများကို ချီးမွမ်းခန်းဖွင့်ပြီး သူ၏ခံစားရမှုကို ရင်ဖွင့်ပြောဆိုသော်လည်း ထေရီက သူ၏အလိုဆန္ဒများကို မလိုက်လျောနိုင်ကြောင်း ပြဆိုရန် ဤသို့ ပြန်လည် ပြောကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ရာဂကိုပယ်ပြီးပြီ

"အို. . . ရွှေပန်းထိမ်သည်၏သား၊ လောကတွင် မိန်းကလေးပေါင်း မြောက်မြားစွာ ရှိပါသည်။ သို့ပါသော်လည်း သင်သည် ငါကဲ့သို့ ဘုရားရှင်၏ သမီးတော်တစ်ပါးကိုမှ မိုက်မဲစွာ စွဲလမ်းနေ၏။ နတ်နှင့်တကွသော ဤလောက၌ ငါ့အဖို့ သာယာစရာ၊ တပ်မက်စရာ၊ စွဲလမ်းစရာဟူ၍ ဘာတစ်ခုမျှ မရှိချေ။ လိုချင်တပ်မက်သော တဏှာရာဂကို အမြစ်အရင်းနှင့်တကွ ငါ ပယ်နုတ်၍ ပြီးပေပြီ"

## မျက်စိထုတ်ပေးလိုက်ပြီ

ဤသို့ ပြောကြားပြီးနောက် သုဘာထေရီသည် လူရမ်းကားက မက်မောလှပါသည်ဆိုသော လှပသည့် မျက်လုံးတစ်ဖက်ကို မိမိလက်ဖြင့် နှိုက်ထုတ်ကာ လူရမ်းကားအား ပေးလိုက်၏။ ဤတွင် လူရမ်းကားလည်း ထိတ်လန့်တုန်လှုပ်ကာ သုဘာထေရီကို ဝန်ချတောင်းပန်လျက် ထွက်ပြေးသွားလေတော့သည်။

ထိုသို့ မျက်လုံးတစ်ဖက်ထုတ်လိုက်သဖြင့် သွေးထွက်သံယို ဖြစ်နေသော သုဘာထေရီသည် ဘုရားရှင်ထံသို့ အရောက်လာကာ ဘုရားရှင်ကိုဖူးမြော်၏။ ဘုရားရှင်ကို ဖူးမြော်ရသည်နှင့် တစ်ပြိုင်နက် ပျက်စီးခဲ့သော မျက်လုံး တစ်ဖက်သည် ပကတိအတိုင်းပြန်၍ ကောင်းသွားလေသည်။ သုဘာထေရီသည် ဘုရားရှင် ဂုဏ်တော်များကို အခါခါပွားများလျက် ဝမ်းသာပီတိ ဖြစ်နေ၏။

ဘုရားရှင်သည်လည်း သုဘာထေရီ၏ ရင့်ကျက်နေပြီဖြစ်သော အခြေအနေကို သိရှိတော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သော ကမ္မဋ္ဌာန်းကို ပေးသနားတော်မူသည်။ သုဘာထေရီသည် ဖြစ်ပေါ်နေသော ပီတိတို့ကို ခွာထုတ်လျက် ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းလေရာ ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

သုဘာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ဣသိဒါသီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ လက်ထက်၌ အမျိုးကောင်းသားအဖြစ်ဖြင့် ဗောဓိဉာဏ်ရင့်သန်စေရန် ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့သူဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သည့် ခုနစ်ဘဝမြောက် အခါတွင်ကား ကုသိုလ်ကောင်းမှုပြုလုပ်ရင်း အကုသိုလ်အမှုကို သူကျူးလွန်မိခဲ့ဖူးသည်။

## ရွှေပန်းထိမ်သည်ဘဝကပြုခဲ့သော မကောင်းမှု

ထိုအကုသိုလ်မှု ကျူးလွန်ခဲ့သောဘဝက သူသည် ဧရကစ္ဆဟူသောမြို့၌ ရွှေပန်းထိမ်သည်တစ်ယောက် ဖြစ်ခဲ့သည်။ သူသည် စည်းစိမ်ဥစ္စာကြွယ်ဝသူ ဖြစ်၍ ခနမာန်မာနကြီးနေခဲ့သည်။ သူ့မှာ စည်းစိမ်ဥစ္စာရှိသဖြင့် ငါဘာကိုပဲ လုပ်လုပ် ငါလုပ်လျှင် ဖြစ်ရမည်ဟူသော မာနဖြစ်၏။

ဤမာနကြောင့်ပင် တစ်နေ့၌ သူသည် သူတစ်ပါးမယားကို ကာမေသု မိစ္ဆာစာရအမှုကို ကျူးလွန်ခဲ့မိသည်။ ကျူးလွန်စဉ်က သူ့မှာ ငွေကြေးဥစ္စာ ရှိသဖြင့် ဘာမျှမဖြစ်ခဲ့သော်လည်း ထိုဘဝမှ သူကွယ်လွန်ခဲ့သော် ကျူးလွန်ခဲ့သော ကာမေသုမိစ္ဆာစာရကံကြောင့် ငရဲသို့ ကျရောက်ခဲ့ရသည်။ ငရဲမှ လွတ်လာသော် တိရစ္ဆာန်ဘဝတွင် မြောက်မတစ်ကောင်၏ ဝမ်း၌ ပဋိသန္ဓေ နေကာ ဖွားမြင်လာခဲ့ရသည်။ ထိုမြောက်ကလေး အသက်ခုနစ်ရက် အရွယ် ရောက်လာသောအခါ အကြီးအမှူးဖြစ်သော မြောက်ကြီးက သူ၏ဝှေးစေ့ များကို ကိုက်ဖြတ်ပစ်ခဲ့သည်။

ထိုမျောက်ဘဝမှ ကွယ်လွန်ပြန်သောအခါ သိန္ဓဝတိုင်း၌ အပါအဝင် ဖြစ်သော တောကြီးထဲတွင် မျက်စိကန်း၍ ခြေခွင်နေသော သိုးမတစ်ကောင်မှ ဖွားမြင်လာသည့် သိုးကလေးဘဝသို့ ရောက်ခဲ့ရသည်။ ထိုဘဝတွင်လည်း ဝှေးစေ့အထုတ် ခံရခဲ့ရပြန်သည်။ ထိုဘဝမှ ကွယ်လွန်ပြန်သော် နွားကုန်သည် တစ်ဦး၏ နွားတစ်ကောင်ဖြစ်ရပြန်၏။ ထိုဘဝတွင်လည်း ဝှေးစေ့အထုတ်ခံရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ လယ်ထွန်ပေးရ၍ ကုန်အပြည့်တင်ထားသော လှည်းကိုလည်း ရုန်းပေးခဲ့ရလေသည်။

## လူ့ဘဝရပြန်သော်လည်း

ထိုကဲ့သို့ တိရစ္ဆာန်ဘဝများမှ လွန်မြောက်လာပြီးသည်၏ နောက်၌ လူ့ဘဝကို ရရှိခဲ့၏။ သို့သော် သူတစ်ပါးမယားကို ပြစ်မှားခဲ့သော အကုသိုလ်ကံအရှိန်အဟုန် မကုန်သေးသဖြင့် ကျွန်မတစ်ယောက်မှ ဖွားမြင်ကာ အလိုအလျောက် အိမ်ပေါက်ကျွန်ကလေး ဖြစ်လာရသည်။ အိမ်ပေါက်ကျွန် ဖြစ်ခဲ့ရသော်လည်း သူ့မှာ ယောကျ်ားခေါ်စရာ၊ ယောကျ်ားကိုယ်အင်္ဂါမပါ။ မိန်းမဟုခေါ်ရန်မှာလည်း မိန်းမကိုယ်အင်္ဂါမရှိသဖြင့် လူတောမဝင်ရဲအောင် ဖြစ်ရပေသည်။

## မိန်းမဘဝ

ထိုကဲ့သို့ လူရာမဝင်သော နပုံးပဏ္ဍုက်အဖြစ်ဖြင့် အနှစ်သုံးဆယ်မျှနေလာရ၍ ကွယ်လွန်သောအခါ မိန်းမတစ်ယောက် ဖြစ်လာခဲ့ရ၏။ သို့ရာတွင် သူ့ခမျာ ဆင်းရဲတွင်းမှ မလွတ်နိုင်သေးချေ။ သူ၏မိဘများမှာ လှည်းငှားလှည်းတိုက်၍ အသက်မွေးကြရ၏။ စားဝတ်နေရေး အကျပ်အတည်းတွေ့သဖြင့် ကြွေးယူ၍ စားသောက်ကြရ၏။ အလုပ်အကိုင် မကောင်းသဖြင့် ယူထားသော ကြွေးများကို မဆပ်နိုင်ကြပေ။ ကြွေးရှင်ဖြစ်သော သူဌေးသူကြွယ်များ၏ ကြိမ်းမောင်းနှိပ်စက်ခြင်းကို ကြိမ်ဖန်များစွာ ခံလာကြရသည်။

ဤထေရီလောင်းလျာ အမျိုးသမီးကလေးသည် လူမှန်းသိလာကတည်းက ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် တွေ့ကြုံကာ မဝရေစာ စားသောက်လာရ၏။ သို့ရာတွင် ကိုယ်တွင်းဓာတ်ခံ ကောင်းလှသဖြင့် စားရသမျှနှင့် အသားအသွေးဖြစ်ကာ သူများနည်းတူ ကြီးထွားဖွံ့ဖြိုးလာခဲ့၏။ ဤလိုဖြင့် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်ကာ ဆံတောက်ကြီး တဖားဖားနှင့် ဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မတရားသိမ်းပိုက်ခံခဲ့ရသူ

ဤတွင် အလုပ်ရှင်လည်းဖြစ်၍ ကြွေးရှင်လည်းဖြစ်သော လှည်းကုန်သည်၏သားက သူ့ကို မျက်စိကျလာသည်။ ထိုလုလင်မှာ ဂိရိဒါသဟု အမည်ရသူဖြစ်၏။ ဂိရိဒါသသည် မိမိဖခင်ထံမှ ချေးယူထားသောငွေများမှ အတိုးငွေများအတွက် သမီးပျိုကို အတင်းဆွဲခေါ်၍ယူခဲ့၏။ ကြွေးယူထားပြီး ပြန်မဆပ်နိုင်သော မိဘများမှာ ရှိုက်ကြီးတငင် ငိုကြွေးရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ဖြစ်ခဲ့ရသည်။

ငွေကြေးအားကိုးဖြင့် နိုင်ထက်စီးနင်း ဆွဲခေါ်လာခဲ့သော ဂိရိဒါသသည် ထိုမိန်းကလေးကိုကား နှိပ်စက်ညှဉ်းပန်းမှုမပြု။ မိန်းကလေး၏ ချစ်ခင်နှစ်သက်ဖွယ် ပြုမူပြောဆိုတတ်ပုံများကြောင့် မေတ္တာရှိသည်။ ထို့ကြောင့် မိမိအိမ်မှာ ကျွန်အဖြစ် မထားတော့ဘဲ ဇနီးအဖြစ် သိမ်းပိုက်လိုက်တော့သည်။

ကံကောင်းထောက်မ၍ ဇနီးအရာ ရောက်လာရသော မိန်းမပျိုသည် ကောင်းနေသောကံကို ဆက်လက်၍ ကောင်းနေအောင်ကား မကြိုးစားမိပေ။ ဂိရိဒါသ၏အိမ်တွင် လက်ရှိမယားကြီးနှင့်အတူ မယားပြိုင်အဖြစ်ဖြင့် နေထိုင်ခွင့်ရရုံမျှနှင့် အားမရတော့ဘဲ မိမိသာလျှင် တစ်ဦးတည်းသော မယားဖြစ်ချင်လာ၏။ ထို့ကြောင့် အခါအခွင့်ရလေတိုင်း မယားကြီး၏ မကောင်းသတင်းများကို လင်ဖြစ်သူထံ လုပ်ကြံပြောကြား၏။ ပြောဖန်များ၍ မယားငယ်လေး၏ စကားကို ယုံစားမိသည်တွင် ဂိရိဒါသသည် မယားကြီးကို ဆူပူကြိမ်းမောင်းလေတော့သည်။

## ဤဘုရားရှင်လက်ထက်၌

ထိုအမျိုးသမီးသည် ဤဘုရားရှင်၏ လက်ထက်တော်တွင် ဥဇ္ဇေနီမြို့တော်၌ သူဌေးကြီးတစ်ဦး၏ သမီးဖြစ်လာ၏။ ဖခင်ဖြစ်သူ သူဌေးကြီးသည် ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ကာ ကိုယ်ကျင့်သီလ ဖြူစင်သူဖြစ်၏။ ထို့ကြောင့် မိဘနှစ်ပါးတို့သည် ချစ်လှစွာသော သမီးကလေးကို ရဟန်းများနှင့် ဆက်နွယ်ကာ 'ဣသိဒါသီ' သတို့သမီးဟူ၍ အမည်နာမပေးထားခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဣသိဒါသီ သတို့သမီး အရွယ်ရောက်လတ်သော် မိခင်ဖခင်တို့က သာကေတမြို့မှ သူဌေးသားတစ်ဦးနှင့် လက်ထပ်ပေးကြ၏။ လင့်အိမ်သို့ ရောက်သည့် အချိန်မှစ၍ ဣသိဒါသီသည် ယောက္ခမနှစ်ဦးကို မိဘများနှင့် မခြား ရိုသေလေးစားစွာ ဆက်ဆံသည်။ နံနက်အိပ်ရာမှထချိန်နှင့် ညအိပ်ရာ ဝင်ချိန်အားဖြင့် တစ်ရက်လျှင်နှစ်ကြိမ် ယောက္ခမများကို ဦးခိုက်ရှိခိုးသည်။ လူကြီး မိဘများကိုသာမက လင်ဖြစ်သူ၏ မွေးချင်းပေါက်ဖော်များကိုပါ အလေးထား ဆက်ဆံနေထိုင်သည်။ မိမိရှိရာသို့ သူတို့ရောက်လာကြလျှင် နေရာမှ ထပေး သည်။ တစ်အိမ်သားလုံးအတွက် စားဖွယ်သောက်ဖွယ်များကို ကိုယ်တိုင် ချက်ပြုတ်တည်ခင်းပြီး ပေးသည်။ တစ်အိမ်သားလုံးအတွက် ထိုက်သင့်သော အဝတ်တန်ဆာတို့ကိုလည်း ဝယ်ယူချုပ်လုပ်၍ ပေးသည်။

လင့်အိမ်မှ မိသားစုများကို မိမိ သွေးသားရင်းချာကဲ့သို့ ပြုစုလုပ်ကျွေး ယုံမျှမက လင်ဖြစ်သူကိုလည်း သားကလေးသဖွယ် အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်သည်။ လင်ဖြစ်သူ၏ ခန်းဆောင်သို့ ဝင်ရောက်သောအခါ ခြေဆေးပြီးမှ ဝင်သည်။ တံခါးဝမှ ဝင်လာသည်ဆိုလျှင် အရှင်သခင်ကို ရိုသေစွာ လက်အုပ် ချီပြီး ဝင်လာခဲ့၏။ ထို့နောက် ဘီးတစ်ချောင်းဖြင့် လင်ဖြစ်သူ၏ ဆံပင်များကို ဖြီးသင်ပေး၏။ ဖြီးသင်ပြီးသော ဆံပင်များကို အမွှေးနံ့သာဆီများ လိမ်းကာ ကျနသေသပ်စွာ ဦးသျှောင်ထုံး၍ပေး၏။ လင်ဖြစ်သူ၏ မျက်နှာကို လှပ တင့်တယ်အောင် မျက်နှာချေများ လိမ်းခြယ်ပေး၏။ မျက်ခုံးနှင့် မျက်လုံး မျက်ကွင်းများ ထင်ရှားလာစေရန် မျက်စဉ်းများဖြင့် ခြယ်သပေး၏။ ကြည့်မှန် တစ်ချပ်ကို လင်၏လက်ထဲမှာထားပေးကာ လင်ဖြစ်သူ၏ စိတ်တိုင်းကျ ပြုပြင် မွမ်းမံ၍ပေးလေသည်။

## အခိုင်းစေကဲ့သို့ ပြုစုပေးခဲ့သော်လည်း

လင်ဖြစ်သူအား စိတ်တိုင်းကျ ပြုပြင်ပေးပြီးလျှင် လင်ဖြစ်သူ၏ အလိုကျ ချက်ပြုတ်ထားသော စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ပြင်၍ ကျွေးမွေး

www.burmeseclassic.com

www.burmeseclassic.com



၏။ လင်ဖြစ်သူ စားသောက်ထားသော ပန်းကန်ခွက်ယောက်များကို အခိုင်းအစေများအား တာဝန်မပေးဘဲ မိမိကိုယ်တိုင်သာ ဆေးကြော၏။ ဘာမဆို လိုရာရသော သူဌေးသမီးပင် ဖြစ်ပါလျက် လင်ဖြစ်သူကို ချစ်မြတ်နိုးမှုကြောင့် အခိုင်းအစေတစ်ယောက်ကဲ့သို့ ကျိုးနွံစွာပြုစုလုပ်ကျွေး၍ လာခဲ့ပေသည်။

ဤကဲ့သို့ မိမိဘက်က အစစအရာရာ အနွံတာခံ၍ ပြုစုလုပ်ကျွေးခဲ့ပါသော်လည်း ဣသိဒါသီမှာ အိမ်ထောင်ရေးသုခကို မခံစားရပေ။ ရှေးက ပြုခဲ့ဖူးသော အကုသိုလ်ကံက ဝင်ရောက်နှောင့်ယှက်လာသဖြင့်လင်ဖြစ်သူကသူ့ကို ငြီးငွေ့လာ၏။ မယားအလိမ္မာ၏ ပြုစုယုယမှုများကိုပင် မသာယာနိုင်တော့ဘဲ 'ဣသိဒါသီနှင့် တစ်အိမ်တည်း မနေနိုင်တော့ပါ' ဟူ၍ပင် အတိအလင်း ထုတ်ဖော်ပြောလာလေတော့သည်။

ယောက္ခမမိဘများသည် ချွေးမအလိမ္မာ၏ ဝတ္တရား ကျေပြွန်လှပုံကို သိရှိထားကြသဖြင့် သားဖြစ်သူကို ဖျောင်းဖျကြ၏။ သို့ရာတွင် သားဖြစ်သူက ခါးခါးသီးသီးသာငြင်းနေသည်။ 'ဣသိဒါသီသာ ဤအိမ်မှာရှိနေလျှင် သူ လွတ်ရာ ကျွတ်ရာသို့ ထွက်သွားတော့မည်'ဟုပင် ခြိမ်းခြောက်လာသည်အထိ ဖြစ်လာခဲ့၏။ ဤတွင် မိဘများသည် တစ်ဦးတည်းသောသားကို မစွန့်လွှတ်နိုင်ကြသဖြင့် ချွေးမအလိမ္မာအား သူ့မိဘထံ ပြန်ပို့ကြရပေတော့သည်။

## ဒုတိယအိမ်ထောင်ကျ

ပထမအိမ်ထောင်နှင့် အဆင်မပြေခဲ့ရသော ဣသိဒါသီအား မိဘများက အခြား သူဌေးသားတစ်ယောက်နှင့် လက်ဆက်ပေးကြပြန်၏။ ဒုတိယလင်ယောကျ်ားကိုလည်း ဣသိဒါသီသည် ကျွန်မ တစ်ယောက်ကဲ့သို့ ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေး၏။ သို့ပါသော်လည်း သုခမျှ မျက်နှာကောင်း မရရှိရှာပေ။ တစ်လတာမျှ အတူနေရရုံဖြင့်ပင် ထိုသူဌေးသားသည်လည်း ဣသိဒါသီကို ငြီးငွေ့ကာ ပစ်ထားခဲ့တော့သည်။

ဒုတိယအကြိမ်မြောက် အိမ်ပြန်ရောက်လာသော ဣသိဒါသီအား မိဘများသည် အခြားသူဌေးသားများထံ မပို့တော့ပေ။ သင့်လျော်သော အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဘက်နှင့်တွေ့မှ ပေးစားတော့မည်ဟု ကြံစည်ထားသည်။ ကာလအတန် ကြာပြီးနောက် တစ်နေ့တွင် သူတောင်းစားတစ်ယောက်သည် ထိုအိမ်ဝသို့ ရောက်လာခဲ့၏။ သူပိုင်ပစ္စည်းဆို၍ အရှက်လုံအောင် ဖုံးအုပ်ထားသော ပုဆိုးပိုင်းကလေးတစ်ခုနှင့် စားစရာထည့်ရန် မြေခွက်တစ်လုံးသာပါ၏။ ဆင်းရဲတွင်းနက်လှသဖြင့် အိမ်ပေါက်စေ့ တောင်းစားနေရသူဖြစ်သော်လည်း ထိုလုလင်၏ အမူအရာမှာ ယဉ်ကျေးသိမ်မွေ့၏။

ထို့ကြောင့် ဖခင်သူဌေးကြီးသည် ထိုသူတောင်းစားလုလင်ကို စေ့စပ် သေချာလေ့လာပြီးလျှင် အိမ်ထဲသို့ ခေါ်ခဲ့ကာ ဤသို့ပြောဆိုသည်။ အမောင် လုလင်၊ သင်၏ပုဆိုးပိုင်းနှင့် မြေခွက်တို့ကို စွန့်ပစ်ကာ ငါတို့နှင့် အတူနေ ပါလော့၊ ငါတို့၏ သမက်အဖြစ်နေပါလော့။

## ရွှေပုံပေါ်မှာနေရသော်လည်း မပျော်သူ

တောင်းစားနေရသူသည် ထိုသူဌေးစကားကြားသောအခါ မိမိကိုယ်ကို မယုံကြည်နိုင်လောက်အောင် ဖြစ်လာ၏။ သို့သော် သူသည် သူဌေး၏ အစီ အစဉ်အတိုင်းနေထိုင်ကာ သူဌေးတို့၏ စည်းစိမ်ချမ်းသာနှင့် ဇနီးသည်၏ ပြုစု လုပ်ကျွေးမှုကို ခံယူခဲ့သေး၏။ သို့ရာတွင် သူသည်လည်း ဣသိဒါသီ၏ ရှေး အကုသိုလ်ကံအရှိန်ဟပ်ကာ ထိုသို့နေရသည်ကိုပင် မပျော်ပိုက်နိုင်အောင် ဖြစ် လာသည်။

ထို့ကြောင့် သူဌေးကြီးထံ အပ်နှံထားသော ပုဆိုးပိုင်းနှင့် မြေခွက်တို့ကို ပြန်တောင်းကာ သူနေထိုင်ရာ မြို့ပြင်တဲကုပ်သို့ ပြန်သွားလေတော့သည်။

## ရွေးချယ်ရမည့် လမ်းနှစ်သွယ်

သူတောင်းစားကပင် မပေါင်းချင်လောက်အောင် အိမ်ထောင်ရေး ကံကြမ္မာဆိုးခဲ့ရသော ဣသိဒါသီအဖို့ ရှေ့ရေးအတွက် ရွေးစရာ လမ်းနှစ်မျိုး သာ ရှိတော့၏။ လင်ကံဆိုးလှသော မိမိမျက်နှာကို ရပ်ထဲရွာထဲ၌ မပြချင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို သတ်သေရန်ဖြစ်၏။ အခြားတစ်နည်းမှာ သာသနာတော်တွင်းသို့ ဝင်ရောက်ရန်ဖြစ်သည်။

## ကောင်းကျိုးပေးချိန်ရောက်သော်

ထိုသို့ရှိနေစဉ် ဘဝါဘဝက သူပြုခဲ့ဖူးသော ကုသိုလ်ကံများ အကျိုးပေးရန် အချိန်ကျရောက်လာတော့သည်။ သူ့အိမ်သို့ ဆွမ်းခံကြွလာနေကျဖြစ်သော ဇိနဒတ္တာထေရီသည် ထိုအချိန်ကလေးမှာပင် ဆိုက်ဆိုက်မြိုက်မြိုက် သူ့အိမ်သို့ ကြွရောက်လာသည်။ အရှင်မဇိနဒတ္တာကို ဖူးမြင်ရခါမှ ဣသိဒါသီသည်လည်း မိမိရွှေချယ်သင့်သောလမ်းကို ပြတ်ပြတ်သားသား ရွေးချယ်ကာ အရှင်မထံလာရောက် ရှိခိုးဦးချ၏။ မြိန်မြတ်လှစွာသော ဆွမ်းခဲဖွယ်များ ဆက်ကပ်၏။ ဆွမ်းကိစ္စများ ပြီးစီးသောအခါ ဇိနဒတ္တာထေရီ၏ ခြေအစုံကို ဦးခိုက်လျက် 'အရှင်မဘုရား၊ ဘုရားရှင်၏ သာသနာတော်၌ တပည့်တော်မလည်း ခိုလှုံ၍ ရဟန်းပြုလိုပါသည် ဘုရား' ဟု လျှောက်ထားလေသည်။

## ရဟန္တာဖြစ်ပြီ

ဇိနဒတ္တာထေရီကလည်း 'အို. . . ညီမ၊ လူအပေါင်းတို့ထက် မြင့်မြတ်တော်မူသော ဘုရားရှင်မျက်မှောက်ပြုတော်မူခဲ့သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ကို ကိုယ်တိုင်ဒိဋ္ဌ ရရှိပါစေသတည်း'ဟု အနုမောဒနာစကားမြွက်ကြားကာ ဣသိဒါသီကို ကျောင်းသို့ ခေါ်ဆောင်လာခဲ့သည်။

ထို့နောက် ဣသိဒါသီအား ဘိက္ခုနီအဖြစ် ပြုပေးလိုက်ကြသည်။ ရဟန်းဖြစ်ပြီးနောက် ဣသိဒါသီထေရီသည် ဆိတ်ငြိမ်ရာသို့ သွား၍ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းလေရာ ရဟန်းပြု၍ ခုနစ်ရက်အရမှာပင် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်များနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဣသိဒါသီထေရီဟု ကျော်ကြားလာခဲ့သည်။ ဣသိဒါသီထေရီသည် ဘဝသံသရာတစ်လျှောက် သူ့ဘဝကျင်လည်ခဲ့ရပုံများကို ပြန်လည်ဟောပြခဲ့သည်။

ဣသိဒါသီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# အဘယထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့လက်ထက်တို့၌ ကောင်းမှုကုသိုလ်များ ပြုလုပ်လျက် ပါရမီတော်များကို ဖြည့်ကျင့် ဆည်းပူးခဲ့သူဖြစ်သည်။

## သိခီဘုရားရှင်လက်ထက်

လွန်ခဲ့သော ၃၁ ကမ္ဘာထက်က ပွင့်တော်မူသော သိခီဘုရားရှင် လက်ထက်တွင်မူ ခတ္တိယမဟာသာလမျိုးမှ ဖွားမြင်လာခဲ့သောအမျိုးသမီးတစ်ယောက်ဖြစ်ခဲ့သည်။ အရွယ်သို့ရောက်သောအခါ ရုပ်ဆင်းအင်္ဂါ လက္ခဏာနှင့်ပြည့်စုံသူဖြစ်သည့်အလျောက် အရုဏဝတီပြည့်ရှင် အရုဏမင်းကြီးက တော်ကောက်တော်မူလျက် တောင်ညာစံဒေဝီမဟေသီမိဖုရားအရာ၌ထားခြင်း ခံရသည်။

ဘုရင်မင်းတရားကြီးက သူ့ကို အလွန်တရာ မြတ်နိုးတော်မူသည်။ တစ်နေ့သောအခါ လွန်စွာ ထူးဆန်းသော ပန်းခိုင် ခုနစ်ခိုင်ကို ရတော်မူသဖြင့် ဘုရင်မင်းမြတ်က အရှင်မိဖုရားခေါင်ကြီးအား ထိုပန်းခိုင်ကြီး ခုနစ်ခိုင်ကို ပေးသနားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာမင်းကြီးကား သိဒ္ဓိဘုရားရှင်ကို အလွန်ကြည်ညိုသူ မင်းကြီးတစ်ပါးဖြစ်သည်။ သို့ရာတွင် ထူးဆန်းသော ပန်းခိုင်ကိုရသောအခါ ဘုရားရှင်ကို လှူဒါန်းရန် သတိမရဘဲ သူ့မိဖုရားကိုသာ သူသတိရသဖြင့် ထိုပန်းတို့ကို မိဖုရားကြီးအားပေးအပ်လိုက်သည်။ "အထူးအဆန်းရလျှင် ချစ်ခင်မြတ်နိုးသူကို သတိရသည်"ဟု ပညာရှိပုဂ္ဂိုလ်ကြီးများ မိန့်ဆိုတော်မူထားကြသော စကားရှိသည်။ ဘုရားကို လှူဒါန်းခြင်းသည် သဒ္ဓါအစစ်ဖြစ်သည်။ မယားကို ပေးကမ်းခြင်းကား တဏှာအချစ်ဖြစ်ပေသည်။ ဘုရားကို လှူဒါန်းလျှင် နောင်ဘဝအကျိုး၊ မယားကိုပေးကမ်းလျှင် ယခုဘဝ လက်ငင်းအကျိုးဖြစ်ပေသည်။

## မိဖုရားကြီးစဉ်းစားပုံ

အရှင်မဟာမင်းတရားကြီးသည် ပန်းခိုင်ခုနစ်ခိုင်ကို မိဖုရားကြီးအား ပေးလိုက်သောအခါ မိဖုရားကြီးက ဤသို့ဆင်ခြင်စဉ်းစားသည်။ ဤပန်းခိုင်သည် လွန်စွာလှပတင့်တယ်သည်။ ရနံ့အားဖြင့်လည်း လွန်စွာကြိုင်လှိုင်သည်။ ဘုရင်မင်းမြတ်သည် ငါ့ကိုချစ်ခင်မြတ်နိုးတော်မူသည့်အတွက် ဆင်မြန်းဖို့ပေးသနားတော်မူခြင်းဖြစ်သည်။ ဤပန်းခိုင်သည် လွန်စွာသန့်ရှင်းသည်။ ဤကိုယ်ကာယကား ပန်းခိုင်လို သန့်ရှင်းစင်ကြယ်သည် မဟုတ်။ အသိုးအပုပ်တို့ဖြင့် စက်ဆုပ်ဖွယ် ပြည့်လျှံနေသောကိုယ်ကာယဖြစ်သည်။ သန့်ပြန့်သော ပန်းကို မသန့်ရှင်း မစင်ကြယ် မတင့်တယ်သည့် ကိုယ်ခန္ဓာကြီး၌ ပန်ဆင်ခြင်းသည် ဘာမှအကျိုးမထူး။ ပန်းပန်ခြင်းအတွက်ကြောင့် ကိုယ်အပုပ်ကောင်ကြီးကလည်း တစ်မျိုးတစ်မည် ထူးဆန်းလာမည်မဟုတ်။ ပန်းနံ့သာပန်ဆင်ခြင်းသည် တဏှာလောဘကိုသာ ပို၍ဖြစ်ပွားစေမည်။ ကုသိုလ်တရားကို တိုးပွားစေနိုင်သည် မဟုတ်။ ဘုရားရှင်ကို ကပ်လှူပူဇော်ခဲ့ပါလျှင် သဒ္ဓါအစစ်ဖြစ်၍ ကုသိုလ်အထူး ဖြစ်နိုင်သည်။ သို့အတွက်ကြောင့် လှပထူးဆန်း၍ ရနံ့ကြိုင်လှိုင်သည့် ပန်းခုနစ်ခိုင်ကို ကိုယ်တိုင်မပန်ဆင်ဘဲ ရှင်တော်မြတ်ဘုရားကို လှူဒါန်းပူဇော်မည်။ မွန်မြတ်သော ပစ္စည်းဝတ္ထုသည် ကိလေသာကုန်ခန်း၍ ပန်းတကာတို့ထက် သန့်ရှင်းစင်ကြယ်တော်မူသော ဘုရားရှင်တို့နှင့်သာ ထိုက်တန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အစိဋ္ဌာန်ဖြင့် ပူဇော်ပြီ

ဤသို့ ဆင်ခြင်စဉ်းစားပြီးလျှင် ပန်းခုနစ်ခိုင်ကို လက်ဖြင့်ကိုင်ကာ မိဖုရားကြီးသည် ရှင်တော်ဘုရား ဆွမ်းခံကြွလာတော်မူချိန်ကို စောင့်ဆိုင်းနေသည်။ နန်းတော်တံခါးကို ဖွင့်ပြီး မျှော်လင့်စောင့်ဆိုင်းနေစဉ် သုံးလောကထွတ်ထား သိဒ်ဓိမြတ်စွာဘုရားသည် ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် ဆွမ်းခံကြွတော်မူလာသည်။ ရောင်ခြည်တော်များဖြင့် ကြည်ညိုဖွယ်ကောင်းလှသော ရှင်တော်ဘုရား၏ အသရေတော်ကို ဖူးမြင်ရသောအခါ မိဖုရားသည် လွန်စွာ ကြည်နူးမှုဖြစ်တော်မူသည်။

ထို့ကြောင့် ရှင်တော်ဘုရား နန်းတံခါးအနီးသို့ ရောက်တော်မူလာသော် မိဖုရားသည် ပန်းခုနစ်ခိုင်ကို ကောင်းကင်သို့ ပစ်မြှောက်ပြီး ရှင်တော်ဘုရား၏ ဦးခေါင်းတော်ထက်တွင် ထီးဝန်းအသွင်သဏ္ဌာန် မိုးကာ၍ လိုက်ပါစေသားဟု အဓိဋ္ဌာန်ကာ လှူဒါန်းပူဇော်လိုက်သည်။

ထိုအခါ ကောင်းကင်သို့ ပစ်မြှောက်ကာ ပူဇော်လိုက်သော ပန်းခုနစ်ခိုင်သည် ရှင်တော်ဘုရား၏ ဦးခေါင်းအထက် ကောင်းကင်၌ ပန်းထီးပမာ ဆန်းကြယ်စွာမိုး၍နေသည်။ ရှင်တော်ဘုရား ကြွသွားတော်မူရာသို့လည်း အစဉ်အတိုင်း မိုးကာ၍ လိုက်သွားသည်။

## ဝမ်းသာပီတိဖြစ်ရပြီ

ပန်းထီးအသွင် ကောင်းကင်ထက်မှ အုပ်မိုး၍ ဘုရားရှင်နှင့်အတူ ပန်းများ လိုက်ပါသွားပုံကို မြင်ရသောအခါ မိဖုရားကြီးသည် သဒ္ဓါတရား ပိုမိုဖြစ်ပေါ်လာကာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်မျှ ဝမ်းသာပီတိများ ဖြစ်ရသည်။

ဤကဲ့သို့ မမေ့နိုင်စဖွယ် ဆန်းကြယ်သော ပန်းအလှူကို လှူဒါန်းပြီးသောအခါ မိဖုရားကြီးသည် ပြုခဲ့သောဒါနကို ကြိမ်ဖန်များစွာ ပြန်လည်သတိရကာ ပွားများမှုကို အကြိမ်ကြိမ်ပြုလုပ်သည်။ ထိုမိဖုရားကြီးဘဝတွင် အသက်

www.burmeseclassic.com

www.burmeseclassic.com



တမ်း အတိုင်းနေပြီး ကွယ်လွန်သွားသောအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်သွားရသည်။ တာဝတိံသာ နတ်ဘုံ၌လည်း ပန်းအလှူကြောင့် ထူးခြား ဆန်းကျယ်စွာ စံစားခဲ့ရသည်။

ဤပန်းလှူသော ကုသိုလ်စေတနာကြောင့် သိခီဘုရားရှင် လက်ထက် တော်မှအစပြု၍ ယခု ရှင်တော် ဂေါတမဘုရားရှင် လက်ထက်တော်သို့တိုင် အောင် သုံးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားမရောက်ခဲ့ရ ပေ။ လူ့ရပ်နတ်ပြည်တို့၌သာ ချမ်းသာစွာနေထိုင်ခဲ့ရသည်။

## ဂေါတမဘုရားရှင်လက်ထက်

ယခုရှင်တော်ဂေါတမ ဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သော အခါ ဥဇ္ဇေနီပြည်ရှိ မြင့်မြတ်သောအမျိုး၌ လူလာဖြစ်ခဲ့ရသည်။ ဤထေရီ လောင်းလျာ မွေးဖွားလာချိန်မှစ၍ ဆွေမျိုးမိဘတို့၌ ဘေးဒုက္ခ အမျိုးမျိုး အန္တရာယ် အမျိုးမျိုးတို့မှ ကင်းဝေးခဲ့ကြရသည်။ ထို့ကြောင့် သူ့အား "အဘယာ" ဟု အမည်ပေးခဲ့ကြသည်။

သူအရွယ်ရောက်သောအခါ အဘယမာတာသည် သူနှင့် အလွန်ခင်မင် ရင်းနှီးသည့် ပဒုမဝတီသည် လောကီစည်းစိမ် ချမ်းသာများကိုစွန့်ထားခဲ့ပြီး သာသနာဘောင်မှာ ရဟန်းပြုပြီဟုသိရသော် သူ၏မိဘများကို ခွင့်ပန်ပြီး ဥဇ္ဇေနီပြည်မှ ရာဇဂြိုဟ်ပြည်သို့သွားကာ ရဟန်းပြုသည်။ ရဟန်းဖြစ်တော်မူ ချိန်မှစ၍ သူ့အမည်မှာလည်း အဘယထေရီဟု ကျော်ကြားခဲ့သည်။

## အသုဘဘာဝနာပွားများ

ထို့နောက် အဘယထေရီသည် ဥပဇ္ဈာယ်ဆရာဖြစ်တော်မူကြသော ဘိက္ခုနီကြီးတို့၏ ဩဝါဒပေး သင်ကြားပြသမှုကြောင့် သီတဝနခေါ် ရင်းတိုက် တောသို့သွားရောက်လျက် အသုဘကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းအားထုတ် သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယထေရီ အသုဘကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ပုံကို ဘုရားရှင်က သိမြင်တော်မူသည်။ ထိုသို့ သိမြင်တော်မူသည်နှင့်အညီ ဘုရားရှင်သည် အသုဘ အာရုံအမျိုးမျိုးကို ဂန္ဓကုဋိတိုက်တော်မှနေလျက် တစ်မျိုးပြီးတစ်မျိုး ဖန်ဆင်းပြတော်မူသည်။ ထိုအခါ အဘယထေရီသည် သူ၏ ရုပ်နာမ်နှစ်ဖြာ ပေါင်းစပ်တည်ရှိနေသော ကိုယ်ကာယအပေါ်တွယ်တာမှုများ ကင်းလာသည်။

ထိုအခါ ဘုရားရှင်သည် အဘယထေရီ၏ အခြေအနေနှင့် ကိုက်ညီသော အမြိုက်တရားတော်ကို ဤသို့ ဟောတော်မူသည်။

## ဘုရားရှင်ဟောသော တရားတော်

အဘယေ ဘိဒုရော ကာယော၊ ယတ္ထ သတ္တာ ပုထုဇ္ဇနာ။
နိက္ခိပိဿာမိမံ ဒေဟံ၊ သမ္ပဇာနာ သတီမတီ။

အဘယေ၊ အို . . ချစ်သမီး အဘယထေရီ။ ကာယော၊ ဤကိုယ် ကောင်ကြီးသည်။ ဘိဒုရော၊ ဘယ်မှာမှမလုံ ပျားအုံပျားသလက်အလား အပေါက်တွေမှ လွန်စွာ များလှသည်သာလျှင်တည်း။ ယတ္ထ၊ အကြင်အပေါက် တွေမှ အပုပ်ရည်စီးယိုသော ဤကိုယ်ကာယကြီး၌။ ပုထုဇ္ဇနာ၊ အသိဉာဏ် အမြင်မလင်းသော ပုထုဇဉ် လူတစ်သင်းတို့သည်။ သတ္တာ-သဋ္ဌိတာ၊ ချစ်ဖွယ်, ခင်ဖွယ်, သာယာဖွယ်ဟု တွယ်တွယ်တာတာ စွဲလမ်း၍ နေကြလေကုန်၏။ အဟံ၊ ငါသည်။ ဣမံဒေဟံ၊ ပဒ္ဒအုံအလား ပျားသလက်အသွင် ခင်မင်ဖွယ် မရှိသော ဤကိုယ်ကြီးကို။ သတီမတီ၊ ရံခါမျှမလစ်စေဘဲ စွဲမြဲသော သတိ ရှိသည်ဖြစ်၍။ သမ္ပဇာနာ၊ ကိုယ်ကြီး၏ဖြစ်ပုံကို အလုံးစုံမြင်အောင်ပြုလျက်။ နိက္ခိပိဿာမိ၊ တဏှာဖြင့် မတွယ်ဘဲ တကယ်ပင် စွန့်ပစ်လိုက်တော့အံ့။ ဇဝံ၊ ဤသို့၊ မနသိ ကရောဟိ၊ နှလုံးသွင်းလေတော့ ချစ်သမီး။

## ရဟန္တာဖြစ်ပြီ

ဘုရားရှင်က ဤသို့ တရားပြတော်မူသောအခါ အဘယထေရီသည် ဉာဏ်ပညာအလင်းဖြာပြီး အဆင့်ဆင့်အားဖြင့် မြင့်သထက်မြင့်လျက် ရဟန္တာ အဖြစ်သို့ ရောက်တော်မူလေသည်။

61A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဘယထေရီ ဝမ်းသာလွန်းသဖြင့် ဤသို့ ဥဒါန်းကျူးတော်မူလေသည်။

ဗဟူဟိ ဒုက္ခဓမ္မေဟိ၊ အပ္ပမာဒရတာယ မေ။
တဏှက္ခယော အနုပ္ပတ္တော၊ ကတံ ဗုဒ္ဓဿ သာသနံ။

ဗဟူဟိ၊ အနမတဂ္ဂသံသရာတွင် လွန်စွာများပြားလှကုန်သော။ ဒုက္ခဓမ္မေဟိ၊ ချမ်းသာမဖက် သက်သက်ဆင်းရဲ အမြဲပင်ပန်းစေသော တရားလမ်းတို့ကြောင့်။ အပ္ပမာဒ ရတာယ၊ မမေ့မလျော့ မပေါ့မတန် ထက်သန်စွာအားထုတ်၍ နေသော။ မေ၊ အကျွန်ုပ်အား။ တဏှက္ခယော၊ အမြစ်ပြတ်၍တဏှာခတ် ချုပ်ဆုံးခြင်းသည်။ အနုပ္ပတ္တော၊ ဖြစ်ပေါ်ဆိုက်ရောက်ခဲ့ပြီတကား။ ဗုဒ္ဓဿ၊ သစ္စာလေးချက် နဲနက်သိမြင် ဘုရားရှင်၏။ သာသနံ၊ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းမိန့်မြွက် ဆုံးမချက်ကို။ ကတံ၊ ကိစ္စကုန်အောင် အလုံးစုံ ပြုအပ်လေ ပြီတကား။

ထေရီသည် ဤသို့ဥဒါန်းကျူးရင့်ပြီး ဘုရားရှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ကာနေရင်း သူ့ထံသို့ လာရောက်ကြကုန်သော အမျိုးသမီးတို့အား သူ၏အတိတ်အကြောင်းတို့ကို ဤသို့ ပြန်လည် ဟောတော်မူသည်။

## ပြန်လည်ဟောပြပုံ

နဂရေ အရုဏဝတိယာ၊ အရုဏွာ နာမ ခတ္တိယော။
တဿ ရညော အဟံ ဘရိယာ၊ ဝါရိတံ ဝါရယာမဟံ။

အတီတေ၊ ရှေးလွန်လေပြီးသော သုံးဆယ့်တစ်ကမ္ဘာထက်၌။ အရုဏဝတိယာ၊ အရုဏဝတီအမည်ရှိသော။ နဂရေ၊ မြို့တော်ကြီး၌။ အရုဏွာနာမ၊ အရုဏွာ အမည်ရှိသော။ ဝါ - အရုဏအမည်ရှိသော။ ခတ္တိယော၊ မင်းကြီးသည်။ အဟောသိ၊ ဖြစ်တော်မူလေ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တဿရညော၊ ထိုအရုဏမင်းကြီး၏။ ဘရိယာ၊ တောင်ညာတင်ထား

www.burmeseclassic.com

www.burmeseclassic.com



ချစ်သော မိဖုရားကြီးသည်။ အာသိ၊ ဖြစ်ခဲ့ဖူးပါပြီ။ ဝါရိတ်၊ မိန်းမကောင်း မိန်းမမြတ်တို့ ရှောင်ကြဉ်အပ်သော အရာဟူသမျှကို။ ဝါရယိ၊ အပြစ်ကင်း အောင် ရှင်းရှင်းကြီး ရှောင်ကြဉ်ခဲ့ပါပြီ။

သတ္တမာလာ ဂဟေတွာန၊ ဥပ္ပလာ ဒေဝဂန္ဓိကာ။

နိသဇ္ဇ ပါသာဒေ ဝရေ ဇဝံ စိန္တေသိ တာဝဒေ။

တာဝဒေ၊ ထိုအခါ၌။ ရာဇာ၊ ပြည့်ရှင်မင်းကြီးသည်။ ဒေဝဂန္ဓိကာ၊ နတ် ပန်းရနံ့ကဲ့သို့ တပြန့်ပြန့်ကြိုင်လှိုင်ကုန်သော။ ဥပ္ပလာ၊ ကြာညိုမျိုးဖြစ်ကုန်သော။ သတ္တမာလာ၊ ပန်းခုနစ်ခိုင်တို့ကို။ အဒါသိ၊ မြတ်နိုးတော်မူသည့်အရေးကြောင့် ငါ့အား ပေးသနားတော်မူခဲ့ပြီ။ အဟံ၊ အကျွန်ုပ်သည်။ သတ္တမာလာ၊ ပန်း ခုနစ်ခိုင်တို့ကို။ ဂဟေတွာန၊ ကိုင်၍။ ပါသာဒေ ဝရေ မြင့်မြတ်သော ပြာသာဒ် ထက်၌။ နိသဇ္ဇ၊ ထိုင်လျက်။ ဇဝံစိန္တေသိ၊ ဤသို့ကြံစည်စဉ်းစားမိခဲ့ပါပြီ။

ကိံ မေ ဣမေဟိ မာလာဟိ၊ သိရသိ ရောပိတာဟိ မေ။

ဝရံ မေ ဗုဒ္ဓ သေဋ္ဌဿ၊ ဉာဏမှိ အဘိရောပိတံ။

မေ၊ ငါ၏။ သိရသိ၊ ဦးခေါင်းထက်၌။ ရောပိတာဟိ၊ ပန်ဆင်အပ်ကုန် သော။ ဣမေဟိ မာလာဟိ၊ ဤပန်းခုနစ်ခိုင်တို့ဖြင့်။ မေ၊ ငါ့အား။ ကိံ၊ ဘာ အကျိုးရှိမည်နည်း။ ဗုဒ္ဓသေဋ္ဌဿ၊ လောကအထွတ် တမွတ်ခေါင်ဖျား၊ ရှင်တော်မြတ်ဘုရားအား။ ဉာဏမှိ၊ ရွှေဉာဏ်တော်မြတ်၌။ အဘိရောပိတံ၊ တင်လှူ ပ,သပူဇော်ရမူကား။ မေ၊ ငါ့အား။ ဝရံ၊ နောင်သံသရာကပ်ကမ္ဘာတို့၌ မြတ် သည်ထက်မြတ်လိမ့်မည်သာတည်း။

သမ္ဗုဒ္ဓံ ပဋိမာနေန္တီ၊ ဒွါရာသန္နေ နိသီဒဟံ။

ယဒိ ဇေဟိတိ သမ္ဗုဒ္ဓေါ၊ ပူဇယိဿံ မဟာမုနိံ။

အဟံ၊ အကျွန်ုပ်သည်။ သမ္ဗုဒ္ဓံ၊ ကြွတော်မူလာမည့် ရှင်တော်မြတ်ဘုရား ကို။ ပဋိမာနေန္တီ၊ စောင့်ဆိုင်းမျှော်လင့်သည်ဖြစ်၍။ ဒွါရာသန္နေ၊ နန်းတော်၏ မုခ်တံခါးဝအနီး၌။ နိသီဒိံ၊ ပန်းခုနစ်ခိုင်ပူဇော်ရန်အတွက် ထိုင်စောင့်နေခဲ့မိပါ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ နိသီဒိတွာ၊ ထိုသို့ ထိုင်စောင့်နေပြီး၍။ သမ္ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ ယဒိဟေတိ၊ အကယ်၍ ကြွလာတော်မူခဲ့ပါအံ့။ မဟာမုနိ၊ ရဟန်းတို့သနင်း အမင်းမင်းတို့၏ထွတ်ထား မြတ်ဘုရားကို။ ပူဇယိဿံ၊ ဤပန်းခုနစ်ခိုင်ကို လှူဒါန်းပူဇော်ပါမည်။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံစည်စဉ်းစားနေခဲ့မိပါ၏။

ကကုဓောတိလသင်္ကာသော၊ မိဂရာဇာဝ ကေသရီ။

ဘိက္ခုသံဃေန သဟိတော၊ အာဂစ္ဆိ ဝီထိယာ ဇိနော။

ကကုဓော၊ မင်းမြောက်တန်ဆာကောင်းစွာ ဆင်ယင်ထားအပ်သော မင်းမြတ်သည်။ တိလသင်္ကာသော၊ မင်းပွဲအလယ်၌ တင့်တယ်လေဘိသကဲ့သို့။ မိဂရာဇာ၊သားတို့သနင်း တောစိုးမင်းဖြစ်သော။ ကေသရီ ခြင်္သေ့မင်းကြီးသည်။ ဝိလသင်္ကာသော၊ ရွှေဂူအထွတ်တွင် နှစ်သက်စဖွယ် တင့်တယ်လေဘိ သကဲ့သို့။ ဇိနော၊ ငါးမာရ်နင်းနှိပ် အောင်တံဆိပ်ဖြင့် အောင်ဟိတ်ယူတော်မူပြီးသော ဘုရားရှင်သည်။ ဘိက္ခုသံဃေန၊ မြားမြောင်လှစွာ ထေရ်သံဃာဖြင့်။ သဟိတော၊ ခြံရံတော်မူအပ်သည်ဖြစ်၍။ ဝီထိယာ၊ မင်းလမ်းမခရီးဖြင့်။ အာဂစ္ဆိ၊ ရောင်ကြည်ခြောက်သွယ်ဖြင့် တင့်တယ်စွာ ကြွလှမ်းလာတော်မူလေပြီ။

ဗုဒ္ဓဿ ရံသိံ ဒိသွာန၊ ဟဋ္ဌာ သံ ဝိဂ္ဂမာနသာ။

ဒွါရံ အဝါပူရေတွာန၊ ဗုဒ္ဓသေဋ္ဌမပူဇယိံ။

အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ ရံသိံ ဝင်းထိန် တင့်တယ် ရောင်ခြည်တော်ခြောက်သွယ်ကို။ ဒိသွာန၊ ဖူးမြင်ရလေသည် ရှိသော်။ ဟဋ္ဌာ၊ မဖြစ်စဖူး အထူးရွှင်လန်းသည်ဖြစ်၍။ သံဝိဂ္ဂမာနသာ၊ ပီတိအဟုန်ဖြင့် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍။ ဒွါရံ၊ လေသာနန်းတံခါးကို။ အဝါပူရေတွာန၊ ဖွင့်လှစ်ပြီးမှ။ ဗုဒ္ဓသေဋ္ဌံ၊ အမြတ်တကာ့ ထွတ်တင် ဘုရားရှင်ကို။ အပူဇယိံ၊ သဒ္ဓါညွတ်နူးလျက် အထူးပင် ပူဇော်ခဲ့ပါပြီ။

သတ္တ ဥပ္ပလပုပ္ဖာနိ၊ ပရိကိဏ္ဏာနိ အမ္ဗရေ။

ဆာဒိံ ကရောန္တော ဗုဒ္ဓဿ၊ မတ္ထကေ ဓာရယန္တိ တေ။

www.burmeseclassic.com

www.burmeseclassic.com



သတ္တ ဥပ္ပလပုပ္ဖာနိ၊ ကြာပန်းခုနစ်ခိုင်တို့သည်။ အမ္ဗရေ၊ ကောင်းကင်ထက်၌။ ပရိကိဏ္ဏာနိ၊ ပြိုးပြိုးပြွမ်းပြွမ်း အဆန်းတကြယ်အံ့ဩဖွယ်ဖြစ်၍ တည်ရှိနေကြလေကုန်၏။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ မတ္ထကေ၊ ဦးခေါင်းတော်အထက်၌။ ဆာဒိ၊ ထီးဝန်းပမာဖြန့်မိုးကာခြင်းကို။ ကရောန္တော၊ ပြုလုပ်ဆောင်ရွက်နေကြကုန်လျက်။ တေ၊ ထိုပန်းခုနစ်ခိုင်တို့သည်။ ဓာရယန္တိ၊ ရှင်တော်ဘုရားကြွသွားလေရာလမ်းတကာတို့၌ မိုးကာ၍လိုက်ကြလေကုန်၏။

မဟာနေလဿ ဆာဒနံ၊ ဓာရေန္တိ မမ မုဒ္ဓနိ။
ဒိဗ္ဗံ ဂန္ဓံ ပဝါယာမိ၊ သတ္တုပ္ပလဿိဒံ ဖလံ။

မမ၊ အကျွန်ုပ်၏။ မုဒ္ဓနိ၊ ဦးခေါင်းထက်၌။ မဟာနေလဿဆာဒနံ၊ ပတ္တမြားညို ထီးဝန်းကြီးသည်။ ဓာရေတိ၊ အမြဲဆောင်းထားလေ၏။ ဒိဗ္ဗံဂန္ဓံ၊ နတ်ပန်းရနံ့ကို။ ပဝါယာမိ၊ ကြိုင်လှိုင်မွှေးကြူအမြဲပင် ရှူရှိုက်၍နေရလေ၏။ ဣဒံ၊ ဤကဲ့သို့သော အကျိုးထူးသည်။ သတ္တုပ္ပလဿ၊ ကြာပန်းခုနစ်ခိုင်ကို စေတနာပြဋ္ဌာန်းကာ လှူဒါန်းရခြင်း၏ ဖလံ၊ အကျိုးထူးပေတည်း။

သတ္တတိ ဒေဝရာဇူနံ၊ မဟေသိတ္တမကာရယိံ။
သဗ္ဗတ္ထက္ကဿရာ ဟုတွာ၊ သံသရာမိ ဘဝါဘဝေ။

အဟံ၊ အကျွန်ုပ်သည်။ သတ္တတိဒေဝရာဇူနံ၊ ခုနစ်ကျိပ်သော နတ်မင်းကြီးတို့၏။ မဟေသိတ္တံ၊ နတ်မိဖုရားအဖြစ်ကို။ အကာရယိံ၊ ပြုခဲ့ရဖူးပေပြီ။ ဘဝေ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝအသွယ်သွယ်၌။ သဗ္ဗတ္ထက္ကဿရာ၊ အလုံးစုံသောဌာနတွင် စိုးရပိုင်နိုင်သည်။ ဟုတွာ၊ ဖြစ်ရလျက်။ သံသရာမိ၊ ချမ်းချမ်းသာသာကျင်လည်ခဲ့ရပါ၏။

ဧကတိံသေ ကပ္ပေ၊ ယံ ပုပ္ဖမဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖဒါနဿိဒံ ဖလံ။

ဘောတိယော၊ အိုး . . အမျိုးသမီးတို့။ အဟံ၊ အကျွန်ုပ်သည်။ ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ တဒါဧကတိံသေကပ္ပေ၊ ထိုသုံးဆယ့်တစ်ကမ္ဘာထက်၌။ ယံပုပ္ဖမဘိပူဇယိံ၊ အကြင်ပန်းလှူခြင်းဒါနကံကို။ အကရိံ၊ ပြုခဲ့ဖူးပါပြီ။ တတော

www.burmeseclassic.com



ပဌာယ၊ ထိုအခါမှစ၍။ ဒုဂ္ဂတိ၊ အောက်ကျနောက်ကျ ဘဝစုတ်နုပ် အယုတ်ခေါ်ဘိ ဒုဂ္ဂတိကို။ နာဘိဇာနာမိ၊ ဘယ်အခါမျှ မဖြစ်ဖူး မကြုံဖူး မသိခဲ့ရဖူးပါ။ ဣဒံ၊ ဤကဲ့သို့ ဒုဂ္ဂတိကိုသွေရှောင်၍ သုဂတိဘောင်၌သာ ကျင်လည်ခဲ့ရခြင်းသည်။ ပုပ္ဖဒါနဿ၊ ပန်းလှူခဲ့ရခြင်း၏။ ဖလံ၊ အဖိုးတန်သော အကျိုးမှန် အစစ်ကြီးပေတည်း။

အဘယထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# အဘယ်ပါလီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ဖုဿဘုရားရှင်၏ လက်ထက်တော်တွင် ဘုရားရှင်၏နှမတော် မင်းသမီးတစ်ပါးဖြစ်ခဲ့သည်။ မောင်တော်ဖြစ်သူ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဟောကြားသော တရားတော်ကို ကြားနာရသည်။ ရတနာမြတ်သုံးပါးတို့အား ကြည်ညိုစွာ ပြုစုလုပ်ကျွေးသည်။ အလှူတော်ကြီးများ ပေးလှူပြီးလျှင် 'ဖြစ်လေရာဘဝတိုင်း၌ ရုပ်ဆင်းအင်္ဂါ ချောမောလှပသူ ဖြစ်ရပါလို၏' ဟူ၍ ဆုတောင်းခဲ့သူဖြစ်သည်။

## ပြုခဲ့ဖူးသော အကုသိုလ်

ထိုထေရီလောင်းလျာသည် သိခီမြတ်စွာဘုရားရှင်၏ လက်ထက်တော်တွင် အရုဏပုရမြို့တော်၌ ပုဏ္ဏားမျိုးမှ ဖွားမြင်လာခဲ့၏။ ရှေးဘဝက ပြုခဲ့သောကောင်းမှုနှင့် ဆုတောင်းရှိခဲ့သူဖြစ်သည့်အတိုင်း ရုပ်ဆင်းအင်္ဂါ ချောမောလှပသူဖြစ်ခဲ့ရ၏။ သို့ရာတွင် သူ၏ရုပ်ရည်အဆင်းလှပခြင်းသည် မာန်မာန ထောင်လွှားရေးကို အထောက်အကူပြုလေရာ သိခီဘုရားရှင်၏တပည့် ရဟန္တာထေရီတစ်ပါးအား "ပြည့်တန်ဆာ၊ အကျင့်ပျက်၊ သာသနာဖျက်သူ"ဟူ၍ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှားမိခဲ့ဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမကောင်းမှုကြောင့် သူသည် ငရဲသို့လားရပြီး ဒုက္ခကြီးစွာ ခံစားခဲ့ရ၏။ ငရဲမှ လွတ်သောအခါတွင်လည်း ဘဝတစ်သိန်းတိုင်တိုင် ပြည့်တန်ဆာ ဖြစ်ခဲ့ရ၏။

## ကဿပဘုရားရှင်လက်ထက်

ကဿပဘုရားရှင်၏ သာသနာတော်တွင်ကား လူတို့ဘောင်မှ စွန့်ခွာ၍ သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထိုစဉ်တုန်းက အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေရခြင်းကို ရွံမုန်းကာ 'အကယ်၍လူ့ဘဝ၌ နောက်တစ်ဖန် ပြန်၍ဖြစ်ရပါလျှင် ဥပပတ္တိပဋိသန္ဓေနေသူအဖြစ်ဖြင့်သာ ဘွားခနဲ ဖြစ်ပေါ်လာရပါလို၏'ဟူ၍ ဆုတောင်းခဲ့လေသည်။ ထိုဒုတောင်းကောင်းမှုကြောင့် သူသည် နတ်ပြည်သို့ လားရောက်ရ၏။

## ဤဘုရားရှင်လက်ထက်၌

ဤဘုရားရှင်၏ လက်ထက်တော်တွင် နောက်ဆုံးဘဝ ပစ္ဆိမဘဝိက အဖြစ်ဖြင့် ရောက်ရှိလာခြင်းဖြစ်၍ ယခင်က ဆုတောင်းရှိခဲ့သည့်အတိုင်း ဝေသာလီမြို့တော်အနီးရှိ သရက်ဥယျာဉ်တစ်ခု၌ ဥပပတ္တိ ပဋိသန္ဓေအဖြစ်ဖြင့် မွေးဖွားလာခဲ့သည်။ ရုပ်ဆင်းအင်္ဂါ ချောမောလှပသူ သတို့သမီးငယ်ကလေး တစ်ယောက် ဖြစ်လာ၏။ ဥယျာဉ်စောင့်သည် ထိုသတို့သမီးငယ်ကို မြင်လျှင် မြင်ချင်း သမီးဟူသော ချစ်ခြင်းဖြင့် ပွေ့ချီကာ ဝေသာလီမြို့တော်အတွင်းသို့ ခေါ်ယူသွားခဲ့ပြီး ချစ်ခင်မြတ်နိုးစွာ မွေးမြူပြုစုထားသည်။ သရက်ပင်မှ ဖွားမြင်လာသဖြင့် ထိုသတို့သမီးငယ်ကို "အမ္ဗပါလီ"ဟူ၍ အမည်ပေးခဲ့လေသည်။

အမ္ဗပါလီ အရွယ်ရောက်လတ်သော် ဝေသာလီမြို့တော် တစ်ခုလုံး၌ ပြိုင် စံနိုင်မည့်သူ မရှိအောင် ချောမောလှပသူ ဖြစ်လာ၏။ ကခုန်ခြင်း၊ သီဆို တီးမှုတ်ခြင်းတို့၌လည်း ကျွမ်းကျင်လိမ္မာ၍ သူ့ကို လူအပေါင်းတို့က ချစ်ခင် မြတ်နိုးကြ၏။ ဝေသာလီမြို့တော်မှ လိစ္ဆဝီမင်းညီမင်းသားတို့၏ ချစ်ခင်မြတ်နိုး မှုကိုရရှိမကတော့ဘဲ အသည်းစွဲသူကလေးလည်း ဖြစ်လာခဲ့သည်။ အမ္ဗပါလီကို

www.burmeseclassic.com

www.burmeseclassic.com



ရယူသိမ်းပိုက်နိုင်ရေးအတွက် သူ့ထက်ငါ အပြိုင်အဆိုင် ကြိုးစားကြသည်။ အမ္ဗပါလီက တစ်ယောက်ယောက်ကို မျက်နှာသာပေးလိုက်လျှင်ပင် အခြားသူများက မနာလိုဝန်တိုဖြစ်ကာ ခိုက်ရန်ဖြစ်ပွားကြပြီး မင်းညီမင်းသားအချင်းချင်း သွေးယွက်သံယို ဖြစ်သည်အထိ ပဋိပက္ခများ ဖြစ်ကြရသည်။

## လက်ထပ်ခွင့်မပေး

ဤတွင် လိစ္ဆဝီခေါင်းဆောင်တို့သည် သန္ထာဂါရလွှတ်တော်၌ ဤကိစ္စကို အလေးအနက်ထား၍ စဉ်းစားဆွေးနွေးကြသည်။ လိစ္ဆဝီမင်းညီမင်းသားတို့အတွင်း၌ ခိုက်ရန်ဖြစ်ပွားမှု မရှိစေရန် အမ္ဗပါလီအား မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ လက်ထပ်ခွင့် မပေးဘဲ ပြည့်တန်ဆာတစ်ယောက်အဖြစ်ဖြင့် ကြေညာထားကြရလေတော့သည်။

အမ္ဗပါလီသည်ကား ပြည့်တန်ဆာဖြစ်ရန် စိတ်မပါသော်လည်း လွှတ်တော်၏ အမိန့်ကြောင့် ထိုဘဝ၌နေခဲ့ရသည်။ ခေါင်းဆောင်ဖြစ်သူများက အမ္ဗပါလီကို ငဲ့ညှာသောအားဖြင့် ထိုက်တန်သောနှုန်းထားများ သတ်မှတ်ပေးထားကြသည်။ လိစ္ဆဝီမင်းညီမင်းသားတို့သည် အမ္ဗပါလီကို အပိုင်ရယူခွင့် မရှိကြသော်လည်း တစ်ညတာ၊ နှစ်ညတာ စသည်ဖြင့် ပေါင်းသင်းခွင့်ရ၍ ကျေနပ်သင့်သလောက် ကျေနပ်နိုင်ကြသည်။

## နိုင်ငံငယ်သော်လည်း စည်းလုံးမှုရှိ

မဂဓတိုင်းကြီးအရှင် ဘုရင်ဗိမ္ဗိသာရမင်းသည် ထိုအချိန်က အသက်အရွယ် နုပျိုသေးသူဖြစ်သည်။ သူသည် အမ္ဗပါလီ၏ဂုဏ်သတင်းကို ကြားရသဖြင့် မရလျှင် မနေနိုင် ဖြစ်နေ၏။ မိမိ၏မဂဓတိုင်းသည် လိစ္ဆဝီတို့၏ နိုင်ငံထက် အဆများစွာ ကြီးမားနေသည်။ သို့သော် လိစ္ဆဝီတို့မှာ နိုင်ငံအတိုင်းအတာ သေးငယ်သော်လည်း စည်းလုံးညီညွတ်သူများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## သားရတနာဖွားမြင်

ထိုအကြောင်းများကြောင့် ဗိမ္ဗိသာရသည် မင်း၏အဆောင်အယောင်ဖြင့် အမ္ဗပါလီထံမသွားဘဲ သဘင်သည်တစ်ဦးကဲ့သို့ ရုပ်ဖျက်ကာ အမ္ဗပါလီနှင့် နီးစပ်အောင် ဖန်တီးသည်။ အမ္ဗပါလီကလည်း ဗိမ္ဗိသာရကို ချစ်ခင်ကြင်နာစွာ လက်ခံကြိုဆို၏။ ဤသို့ဖြင့် သူတို့နှစ်ဦး ဆက်ဆံပေါင်းသင်းမိခဲ့ရာမှ ဝိမလကောဏ္ဍညဟူသော သားရတနာတစ်ယောက် မွေးဖွားခဲ့ပေသည်။

ဘုရားရှင်သည် လိစ္ဆဝီမင်းများ၏ ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်မြို့တော်မှ ဝေသာလီမြို့တော်သို့ ကြွရောက်တော်မူကာ ရတနသုတ်ပရိတ်တော်ကို ဟောကြားတော်မူ၏။ ရတနသုတ် ပရိတ်တော်၏ အာနုဘော်ကြောင့် ဝေသာလီမြို့တော်တွင် ကျရောက်နေသော ကပ်ကြီးသုံးပါးတို့ ကင်းစင်ပပျောက်သွားကြသည်။ ထိုအခါမှစ၍ အမ္ဗပါလီသည် ရတနာမြတ်သုံးပါးကို ကြည်ညိုလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်လေသည်။

သာသနာတော်ကြီး၏ အရိပ်ကို ခိုလှုံမိသည့်အချိန်မှစ၍ အမ္ဗပါလီသည် မိမိကိုယ်ခန္ဓာဖြင့် ရင်းနှီး၍ရလာသော ပစ္စည်းဥစ္စာတို့ကို အသုံးမပြုတော့ဘဲ သာသနာတော်ကြီးအတွက်သာ အသုံးပြု၏။ ဘုရားအမှူးရှိသော သံဃာတော်များအတွက် ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းခဲ့သည်။ သားဖြစ်သူ ဝိမလကောဏ္ဍည သာသနာတော်၌ ရဟန်းပြုသောအခါ ပစ္စည်းလေးပါးတို့ဖြင့် လိုအပ်သမျှ ထောက်ပံ့ပေးလှူခဲ့လေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ အချိန်ကြာလာခဲ့သည်။ ဘုရားရှင်ကိုယ်တော်မြတ်သည်လည်း ပရိနိဗ္ဗာန်ပြုရန် တစ်နှစ်နီးပါးမျှသာ လိုသောအချိန် ဖြစ်၏။ ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်တကွ ဝေသာလီမြို့ တော်သို့ နောက်ဆုံးအနေဖြင့် ကြွရောက်တော်မူလာရင်း ဝေသာလီအနီးရှိ အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ ခရီးတစ်ထောက် နားတော်မူ၏။

ထေရီအပဒါန 62A

www.burmeseclassic.com

www.burmeseclassic.com



## ဆွမ်းအလှူခံရန်ပင့်ပုံ

အမ္ဗပါလီသည် ဘုရားရှင် သရက်ဥယျာဉ်၌ ယာယီသီတင်းသုံးတော်မူနေသည့် အကြောင်းကို ကြားသဖြင့် ရထားစီးကာ ဘုရားရှင်ထံသို့ သွားရောက်သည်။ ထို့နောက် ဘုရားရှင်အား သံဃာတော်များနှင့်အတူ ဆွမ်းအလှူခံရန် ပင့်ဆောင်ခဲ့သည်။

ထို့သို့ ပင့်ဆောင်ခဲ့ပြီးနောက် အမ္ဗပါလီသည် အားရရွှင်လန်းစွာဖြင့် ရထားစီးကာ ပြန်လာခဲ့သည်။ လမ်းခရီးတစ်နေရာသို့ရောက်သော် ဝေသာလီမြို့တော်မှ ထွက်လာခဲ့ကြသော လိစ္ဆဝီမင်းတို့၏ ရထားများနှင့်ဆုံမိကြ၏။ အမ္ဗပါလီသည် သူ၏ရထားကို လမ်းဘေးမှာချ၍ရပ်မပေးဘဲ အရှိန်မပျက်မောင်းလာခဲ့ရာ လိစ္ဆဝီမင်းတို့၏ ရထားနှင့် ဝင်ရိုးစွန်းချင်း တိုက်မိတော့သည်။

ထိုအခါ လိစ္ဆဝီမင်းတို့သည် အမျက်ဒေါသ ထကြကုန်လျက် 'ဟယ် အယုတ်မ၊ အဘယ်ကြောင့် ငါတို့ရထားနှင့် တိုက်အောင် မောင်းရပါသနည်း' ဟု ကြိမ်းမောင်းကြသည်။ ထိုအခါ အမ္ဗပါလီက သူသည် ဘုရားရှင်ထံမှ ပြန်လာခြင်း ဖြစ်ကြောင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သတိမမူမိသဖြင့် ဤသို့ဖြစ်သွားရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သောအခါ လိစ္ဆဝီတို့ စိတ်ပြေသွားကြတော့သည်။

လိစ္ဆဝီမင်းတို့သည် ခရီးဆက်ကာ ဘုရားရှင်ထံသွားရောက်ပြီး နောက်နေ့တွင် သံဃာတော်များနှင့်တကွ ဆွမ်းအလှူခံ ကြွပါရန် ဘုရားရှင်အား ပင့်လျှောက်ကြသည်။

ထိုအခါ ဘုရားရှင်က 'လိစ္ဆဝီတို့၊ အမ္ဗပါလီ၏ ဆွမ်းအလှူခံ ပင့်လျှောက်ခြင်းကို ငါဘုရား လက်ခံထားလိုက်ပြီ'ဟု မိန့်ကြားတော်မူလိုက်သည်။ ဤတွင် လိစ္ဆဝီတို့သည် 'ယုတ်ညံ့သူက ငါတို့ကို အနိုင်ယူလေပြီတကား'ဟု ကြွေးကြော်ကြကုန်၏။

အမ္ဗပါလီသည် အိမ်သို့ရောက်သောအခါ ဆွမ်းချက်ရန် ကိစ္စအဝဝကို အစေအပါးများဖြင့် အားကြိုးမာန်တက်စီစဉ်ရာ နံနက်လင်းသည်နှင့် တစ်

www.burmeseclassic.com

www.burmeseclassic.com



ထေရီ – ဘုရားရှင်ထံမှပြန်လာသော အမ္ဗပါလီနှင့် လိစ္ဆဝီမင်းတို့လမ်း၌ဆုံမိကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ပြိုက်နက် ဆွမ်းခဲဖွယ် ဘောဇဉ်အားလုံး ချက်ပြုတ်ပြင်ဆင်သည့်ကိစ္စများ ပြီးသွားခဲ့တော့သည်။

## သရက်ဥယျာဉ်ကိုလှူပြီ

ဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်တကွ အမ္ဗပါလီ၏ အိမ်သို့ ကြွတော်မူလာသည်။ ဘုရားအမှူးရှိသော သံဃာတော်များအား အမ္ဗပါလီတို့က ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် အားပါးတရ ပြုစုလုပ်ကျွေးသည်။ ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးကြသောအခါ ဘုရားရှင် ရှေ့တော်မှာပင် ရွှေကရားမှ ရေစင်သွန်းလောင်းလျက် 'အရှင်ဘုရား၊ တပည့်တော်မ၏ သရက်ဥယျာဉ်ကို ကျောင်းမြေနေရာအလို့ငှာ လှူဒါန်းပါ၏' ဟု လှူဒါန်းလိုက်သည်။

ထိုသို့ ကျောင်းမြေနေရာအဖြစ် လှူဒါန်းပြီးနောက် အမ္ဗပါလီသည် ထိုဥယျာဉ်ထဲ၌ ကျောင်းများ ဆောက်လုပ်စေကာ ဆက်လက်လှူဒါန်းသည်။ ထိုအချိန်၌ ကျောင်းအမကြီးဖြစ်လာသူ အမ္ဗပါလီသည် အသက်အရွယ် ရရှိလာပြီဖြစ်သဖြင့် အိုမင်းမစွမ်းလည်း ဖြစ်လာပြီဖြစ်သည်။ သားတော် ရဟန်း အရှင်ဝိမလကောဏ္ဍည၏ တရားတို့ကိုလည်း အမြဲမပြတ် နာယူနေပြီဖြစ်သည်။ တရားစကားများ ကြားနာရာမှ လူ့ဘောင်လောကတွင် မပျော်မွေ့တော့သဖြင့် သာသနာတော်၌ ရဟန်းပြုလေသည်။

## အရဟတ္တဖိုလ်ရောက်ပြီ

ရဟန်းအဖြစ်ကို ရပြီးသော် အမ္ဗပါလီထေရီသည် မိမိ၏ရုပ်ဆင်းအင်္ဂါတို့ ရင့်ရော်ပျက်စီးလာရပုံများကို ကြည့်ရှုကာ အနိစ္စစသော လက္ခဏာယာဉ်တင်၍ ဆင်ခြင်သုံးသပ်သည်။ ဤသို့ ဆင်ခြင်သုံးသပ်သော် ဝိပဿနာ အဟုန်ကြောင့် သူသည် မကြာမီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်တော်မူပြီးနောက် အမ္ဗပါလီထေရီသည် မိမိ၏ ဘဝဖြစ်စဉ်များကို ပြန်လည်ဖောပြသည်။

အမ္ဗပါလီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဥတ္တမာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့လက်ထက်တွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ဖူးသူဖြစ်သည်။ သို့သော်လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီဘုရားရှင်လက်ထက်တော်တွင်မူ ဗန္ဓုမတီမြို့တော်ရှိ သူဌေးတစ်ဦး၏အိမ်၌ ကျွန်မတလေး ဖြစ်ခဲ့ရသည်။ ပစ္စည်းဥစ္စာဆင်းရဲသူ ကျွန်မဘဝ၌ လူဖြစ်နေခဲ့ရသော်လည်း ဘဝါဘဝကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်အရှိန်ကြောင့် သဒ္ဓါတရားရှိသူ စေတနာကောင်းသူလေးဖြစ်သည်။ ပစ္စည်းဥစ္စာ ဆင်းရဲသော်လည်း အသိပညာအနေဖြင့်မူ မဆင်းရဲခဲ့ပေ။

ဗန္ဓုမတီမြို့သူမြို့သားတို့သည် ဥပုသ်နေ့များ၌ သီတင်းသီလ ဆောက်တည်ကြရန် ဘုရားကျောင်းကန်သို့ သွားကြသည်။ သို့သော်လည်း ဤထေရီလောင်းလျာကလေး၏ ဘဝသည် သူတစ်ပါးအတွက် အလုပ်လုပ်ပေးနေရသော ကျွန်ပီပီ အလုပ်ချိန် အကန့်အသတ်မရှိဘဲ အလုပ်နှင့်လက် မပြတ်အောင် အလုပ်လုပ်နေခဲ့ရသည်။

## သီလဆောက်တည်သောမင်း

ထိုအချိန်၌ နိုင်ငံကို အုပ်ချုပ်သူမင်းတရားကြီးကား တရားရှိသူဖြစ်သည်။ သာသနာတော်ကိုလည်း ကြည်ညိုသည်။ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



အားထားသည်။ ဥပုသ်နေ့သို့ရောက်သော် ကျောင်းကန်ဘုရားသို့ မိဖုရားမောင်းမမိဿံတို့ဖြင့် ခမ်းနားစွာ သွားရောက်ပြီး ဥပုသ်သီလ ဆောက်တည်နေသော မင်းတရားကြီးဖြစ်သည်။

ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် ဥပုသ်သီတင်းနေ့တွင် ကျောင်းတော်သို့ ထွက်ပြီး ဥပုသ်စောင့်သုံးတော်မူလေ့ရှိသည့်အတွက် သူဌေးသူကြွယ်မှစ၍ တိုင်းသူပြည်သား လူအများတို့လည်း သီတင်းနေ့တိုင်း မိမိတို့အိမ်ကိုတံခါးပိတ်ပြီး ကျောင်းတော်သို့သွား၍ ဥပုသ်စောင့်ကြလေ့ရှိသည်။

ထိုသို့ တစ်မြို့လုံး၊ တစ်ရွာလုံး အုံးအုံးကျွက်ကျွက် ဥပုသ်စောင့် ထွက်ကြသဖြင့် မြို့ထဲ ရွာထဲ၌ ကျေးကျွန်များနှင့် ကွဲနွား တိရစ္ဆာန်တို့သာ ကျန်ရစ်လေ့ရှိသည်။

ဘာသာတရားလည်း လေးစား၊ ကိုယ်တိုင်လည်း ဥပုသ်သီလကို အလေးထား၍ စောင့်ထိန်းသူဖြစ်သောကြောင့် မင်းကြီးက ဤသို့သော အမိန့်ကိုထုတ်ပြန်ထားသည်။

"တစ်လလျှင် လေးခါ၊ သီတင်းနေ့များတွင် ဥပုသ်စောင့်သုံးလိုသူကျေးကျွန်များကို ဥပုသ်စောင့်ခွင့်ပေးကြစေ။ သီတင်းနေ့တိုင်း လောကီရေးရာအလုပ်များကို ဖြုတ်၍ထားစေ"

## ငါလုပ်နိုင်သောအလုပ်

ဤထေရီလောင်းလျာသည် မင်းတရားကြီးထုတ်ပြန်ထားသော ဤအမိန့်ကို သိရှိသဖြင့် တစ်နေ့တွင် သူက ဤသို့စဉ်းစားလေသည်။ ငါ့ဘဝသည် သူတစ်ပါးအတွက် အလုပ်လုပ်ပေးရသူ ကျွန်ဖြစ်သည်။ သို့အတွက် များပြားသော ပစ္စည်းဥစ္စာတော့မရှိ ဒါနပြုသော လှူဒါန်းမှုအလုပ်သည် ပစ္စည်းဥစ္စာရှိမှ ဖြစ်နိုင်၊ ပြုနိုင်သည်။ ဥပုသ်သီတင်းသီလ စောင့်သုံးခြင်းကား ပစ္စည်းဥစ္စာရှိရန် မလို၊ ကိုယ်နှင့်နှုတ်ကို စောင့်ထိန်းရခြင်းသာဖြစ်၍ ငါလုပ်နိုင်သောအလုပ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တွေးတောကြံစည် စဉ်းစားမိသဖြင့် ဥပုသ်နေ့တစ်နေ့တွင် သူက သူဌေးထံသွားပြီး ဥပုသ်သီတင်း စောင့်ခွင့်ပေးရန် ပန်ကြားသည်။

ကျွန်တို့၏သခင်ဖြစ်သူ သူဌေးထံမှ ခွင့်ပြုချက်ရသောအခါ ဤထေရီလောင်းလျာသည် ဥပုသ်စောင့်ရန် သွားသူတို့နောက်မှ လိုက်ကာ ကျောင်းတော်သို့သွားပြီး ဥပုသ်သီလဆောက်တည်သည်။

## သီလာနုဿတိကမ္မဋ္ဌာန်းစီးဖြန်း

ဤသို့ ဥပုသ်သီတင်း သီလဆောက်တည်ပြီး ဆောက်တည်ခဲ့သော သီလကိုလည်း အမြဲတမ်းပင် မကျိုးမပေါက် မပျောက်မကြားရအောင် ထေရီလောင်းလျာသည် အားထုတ်ခဲ့သည်။ ထိုမျှသာမက မိမိ စောင့်သုံးခဲ့သော သီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့ပြီး သီလာနုဿတိ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းသည်။

အဆင်တန်ဆာတကာတို့တွင် သီလသည် အမြတ်ဆုံးသော အဆင်တန်ဆာဖြစ်သည်။ အနံ့တကာတို့တွင်လည်း သီလ၏အနံ့သည် လေအောက်လေညာနေရာဒေသအားလုံးသို့ ပျံ့နှံ့သည်။ ဘဝါဘဝက စောင့်သုံးခဲ့သော သီလတို့ကြောင့် ဤထေရီလောင်းလျာသည် သီလအကြောင်းကို ယင်းသို့ သိနေခဲ့သူဖြစ်သည်။

## နတ်သမီးဖြစ်ရပြီ

ဤထေရီလောင်းလျာ ကျွန်မကလေးသည် အသက်တမ်းအတိုင်းနေ၍ ထိုဘဝမှ စုတေသွားသော် သီလ၏အဟုန်ကြောင့် တာဝတိံသာ နတ်ဘုံ၌ အလုံးစုံသော စည်းစိမ်းချမ်းသာတို့ဖြင့် ပြည့်စုံသူ နတ်သမီးဖြစ်ရသည်။

ဤသို့ ဥပုသ်သီတင်း သီလတန်ခိုးကြောင့်ပင် သူသည် ကိုးဆယ့်တစ်ကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမရောက်ရဘဲ သုဂတိဘဝများ၌သာ ဖြစ်ပွားကျင်လည်၍ လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥတ္တမာဟု အမည်ပေးခဲ့

ယခုရှင်တော်ဘုရား လက်ထက်တော်အခါတွင် ဤထေရီလောင်းလျာသည် သာဝတ္ထိပြည်ရှိ ကြွယ်ဝချမ်းသာသူ သူဌေးကြီးတစ်ဦး၏ သမီးကလေးဖြစ်လာရသည်။ သူ့ကို အမည်ပေးသောအခါ အပြစ်ကင်းစွာဖြင့် မြင့်မြတ်စွာ ဖွားမြင်လာသူဖြစ်၍ "ဥတ္တမာ"ဟု အမည်ပေးခဲ့ကြသည်။

ပဋာစာရီထေရီကြီးသည် ဥတ္တမာတို့အိမ်သို့ မကြာမကြာ ကြွလာသဖြင့် ဥတ္တမာသည် အသက်ခုနစ်နှစ်အရွယ်ကပင် ပဋာစာရီထေရီကြီးနှင့် ရင်းနှီးအကျွမ်းဝင်သည်။ ထေရီကြီး၏ တရားစကားကိုလည်း ကြားရဖန်များသဖြင့် နားရည်ဝနေသူဖြစ်သည်။ ထို့ကြောင့် ဥတ္တမာသည် ပဋာစာရီထေရီကြီးထံ၌ သာမဏေရီမလေးအဖြစ်ဖြင့် နေထိုင်ခဲ့သည်။

သို့သော် အသက်ခုနစ်နှစ်အရွယ် ငယ်နုသေးသူဖြစ်၍ ဘာဝနာပွားများရာ၌ အောင်အောင်မြင်မြင် မဖြစ်ခဲ့ပေ။ တစ်ခါတစ်ခါ ပျင်းရိထိုင်းမှိုင်းသည့်စိတ်ကလေးဝင်လာသဖြင့် တရားရှုမှတ် ပွားများရာ၌ ငြီးငွေ့သလို ဖြစ်မိနေသေးသည်။

ထေရီကြီးပဋာစာရီက ပျင်းရိခြင်း၏အပြစ်များနှင့် တရားအားထုတ်ခြင်း၏ အကျိုးများကိုပြောပြပြီး အားပေးသောကြောင့် ဥတ္တမာကလေးသည် အားထုတ်ချင်စိတ်ပေါ်လာပြီး ဆက်လက် ကြိုးစားအားထုတ်ပြန်သည်။

## ရဟန္တာဖြစ်ပြီ

"အရိုးကြေကြေ၊ အရေခန်းခန်း ကမ္မဋ္ဌာန်းမပေါက်သမျှ ငါမထတော့၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ရင်း သေသွားခြင်းက မြတ်သေးသည်"ဟု မြဲမြံစွာ သန္နိဋ္ဌာန်ချကာ ပဋာစာရီထေရီ အရှင်မကြီး ဟောကြားသည့်အတိုင်း မိမိကိုယ်အတွင်းရှိ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန တရားတို့ကို ဝိပဿနာပွားသည်။ ခုနစ်ရက်အတွင်း ဣရိယာပုတ် ပြောင်းလဲခြင်းမပြုဘဲ အားထုတ်လိုက်ရာ ဝိပဿနာဉာဏ်အလင်း ပေါ်ပေါက်ပြီး ရဟန္တာအဖြစ်သို့ ရောက်သွားလေတော့

www.burmeseclassic.com



သည်။ ရဟန္တာဖြစ်ပြီးနောက် ရှစ်ရက်မြောက်သောနေ့ရောက်ခါမှ တင်ပလ္လင်ခွေထားသော ဣရိယာပုတ်ကို ဖျက်သည်။

ထို့နောက် ကမ္ဘဒွာန်းကျောင်းမှထွက်ပြီး စင်္ကြံလျှောက်သွားရင်း မိမိ၏ ကြိုးစားအားထုတ်ခဲ့မှုများကို ဆင်ခြင်ရာ လွန်စွာ ဝမ်းမြောက်လှသဖြင့် ဤသို့ ဥဒါန်းကျူးတော်မူသည်။

စတုက္ခတ္တုံ ပဥ္စက္ခတ္တုံ၊ ဝိဟာရာ ဥပနိက္ခမိံ။
အလဒ္ဓါ စေတသော သန္တိံ၊ စိတ္တေ အဝသဝတ္တိနီ။

အဟံ၊ အကျွန်ုပ်သည်။ စေတသော၊ စိတ်နှလုံး၏။ သန္တိံ၊ ငြိမ်သက်တည်ကြည်ခွင့်ကို။ အလဒ္ဓါ၊ မရလေသောကြောင့်။ စိတ္တေ၊ မိမိစိတ်၌။ အဝသဝတ္တိနီ၊ ကိုယ့်အလိုသို့လိုက်အောင် မစွမ်းဆောင်နိုင်သောကြောင့်။ စတုက္ခတ္တုံ၊ လေးကြိမ်။ ပဉ္စက္ခတ္တုံ၊ ငါးကြိမ်။ ဝိဟာရာ၊ ကမ္ဘဒွာန်းကျောင်းထဲမှ။ ဥပနိက္ခမိံ၊ မပျော်မမွေ့ ငြီးငွေ့သည့်အရေးကြောင့် ထွက်ပြေးလို့ နေခဲ့ရပါပြီ။

တံ ဘိက္ခုနိံ ဥပါဂစ္ဆိံ၊ ယာ မေ သဒ္ဓါယိကာ အဟု။
သာ မေ ဓမ္မမဒေသေသိ၊ ခန္ဓာယတန ဓာတုယော။

ယာ၊ အကြင်ပဋာစာရီ ဘိက္ခုနီထေရီကြီးသည်။ မေ၊ အကျွန်ုပ်အား။ သဒ္ဓါယိကာ၊ သဒ္ဓါထက်အောင် ရွက်ဆောင်တတ်သည်။ အဟု၊ ဖြစ်ပေ၏။ အဟံ၊ အကျွန်ုပ်သည်။ တံဘိက္ခုနိံ၊ ထိုပဋာစာရီဘိက္ခုနီ ထေရီကြီးထံသို့။ ဥပါဂစ္ဆိံ၊ ချဉ်းကပ်ခဲ့ပေ၏။ သာ၊ ထိုပဋာစာရီ ဘိက္ခုနီထေရီကြီးသည်။ မေ၊ အကျွန်ုပ်အား။ ခန္ဓာယတန ဓာတုယော၊ ခန္ဓာငါးပါး အာယတန တစ်ဆယ့်နှစ်ပါးနှင့် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ကို။ ဝိဘဇ္ဇိတွာ၊ ခွဲခြမ်းဝေဖန်၍။ ဓမ္မံ၊ နက်နဲလှစွာ ဝိပဿနာရည်စူး တရားထူးကို။ အဒေသေသိ၊ ဟောကြားတော်မူပါပေသတည်း။

တဿာ ဓမ္မံ သုဏိတွာန၊ ယထာ မံ အနုသာသိ သာ။
သတ္တာဟံ ဧကပလ္လင်္ကေန၊ နိသီဒိံ ပီတိသုခသမပ္ပိတာ။
အဋ္ဌမိယာ ပါဒေ ပသာရေသိံ၊ တမောခန္ဓံ ပဒါလိယ။

www.burmeseclassic.com

www.burmeseclassic.com



သာ၊ ထိုပဋာစာရီ ဘိက္ခုနီထေရီကြီးသည်။ မံ၊ အကျွန်ုပ်ကို။ ယထာ၊ အကြင် အကြင်သို့သော နည်းလမ်းအားဖြင့်။ အနုသာသိ၊ ဆုံးမတော်မူပေ၏။ တထာ၊ ထိုသို့ဆုံးမသောအတိုင်း။ အဟံ၊ အကျွန်ုပ်သည်။ တဿာ၊ ထိုပဋာစာရီ ဘိက္ခုနီထေရီကြီး၏။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ သုဏိတွာန၊ သတိစိုက်ကာ ကောင်းကောင်းနာ၍။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်။ ဧကပလ္လင်္ကေန၊ တင်ပလ္လင်ခွေမှု တစ်ခုတည်းသော ဣရိယာပုတ်ဖြင့်။ သုခသမပ္ပိတာ၊ တရားစူးစိုက် နှစ်ခြိုက်လှစွာ လွန်ချမ်းသာလျက်။ နိသီဒိံ၊ တရားအလုပ်ဖြင့် မတုန်မလှုပ် နေထိုင်ခဲ့ပါပြီ။ အဋ္ဌမိယာ၊ ရှစ်ရက်မြောက်သောနေ့၌။ တမောခန္ဓံ၊ အဝိဇ္ဇာတည်းဟူသော အရိပ်တုံးကြီးကို။ ပဒါလိယ၊ ဖောက်ခွဲ၍။ ပါဒေ၊ ခြေတို့ကို။ ပသာရေသိံ၊ ဆန့်တန်းခဲ့ပါသတည်း။

ဇာတိယာ သတ္တဝဿာဟံ၊ ပဗ္ဗဇိံ အနဂါရိယံ။

အဋ္ဌမာသေ အသမ္ပတ္တေ၊ အရဟတ္တမပါပုဏိံ။

အဟံ၊ အကျွန်ုပ်သည်။ ဇာတိယာ၊ ဖွားမြင်သည်မှ။ သတ္တဝဿာ၊ ခုနစ်နှစ်ရွယ်ရှိလတ်သော်။ အနဂါရိယံ၊ အိမ်ရာမထောင်သော သာသနာတော်ဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါ၏။ အဋ္ဌမာသေ အသမ္ပတ္တေ၊ တရားအားထုတ်၍ တစ်လခွဲမတိုင်မီ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိံ၊ ဆိုက်ရောက်ပြီးခါ ရဟန္တာဖြစ်ခဲ့ပါသတည်း။

ဧကနဝုတိတော ကပ္ပေ၊ ယံ ဉပေါသထံ ပါဝသိံ။

ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဉပေါသထဿိဒံ ဖလံ။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ဧကနဝုတိတေကပ္ပေ၊ ကိုးဆယ့်တစ်ကမ္ဘာထက်၌။ အဟံ၊အကျွန်ုပ်သည်။ ယံဉပေါသထံ၊ အကြင်ရှစ်ပါးသော ဉပုသ်သီလကို။ ဉပါ ဝသိံ၊ စောင့်သုံးဆောက်တည်ခဲ့ပါ၏။ ဒုဂ္ဂတိံ၊ အပါယ်လေးပါး ယုတ်ညံ့သော ဘုံဘဝကို။ နာဘိဇာနာမိ၊ မသိခဲ့စဖူးပါ။ ဣဒံ၊ ဤကဲ့သို့ ဒုဂ္ဂတိ

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို မသိ ခဲ့ခြင်းသည်။ ဥပေါသထသ၊ ဥပုသ်သီလ၏။ ဖလံ၊ အကျိုးအမှန် ပါတည်း။

ဥတ္တမာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# သုဇာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်လေပြီးသော ဘဝအဆက်ဆက်တို့၌ ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ ပါရမီတော်များကို ဖြည့်ကျင့်ဆည်းဖူးခဲ့သူ ဖြစ်သည်။

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဤထေရီလောင်းလျာသည် ဗန္ဓုမတီနေပြည်တော်ကြီး၌ မထင်ရှားသော အမျိုးသမီးကလေးဖြစ်ခဲ့သည်။ အရွယ်သို့ရောက်သော် သဒ္ဓါတတ်ခဲ ရင့်သန်ခဲ့သူဖြစ်၍ တရားတော်ကို နာလိုသောစိတ်များ အမြဲမပြတ် ဖြစ်ပေါ်နေခဲ့သည်။

## တရားနာကြားခဲ့ပြီး ပြန်လည်ဟောပြ

တစ်နေ့သောအခါ တရားနာသွားကြသူ အမျိုးသမီးတို့နှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်သွားခဲ့သည်။ ရှင်တော်ဘုရား ဟောကြားတော်မူသောတရားတော်ကို စိတ်ဝင်စားစွာဖြင့် လေးလေးနက်နက် နာကြားခဲ့သည်။ တရားနာရာမှ ပြန်လာပြီး အိမ်သို့ ရောက်သည့်အခါ မိဘများအား သူနာကြားခဲ့ရသည့် တရားဓမ္မကို ပြန်၍ ဟောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကလေးသည် ပထမတစ်ခေါက် တရားနာပြန်လာသော အချိန်မှစပြီး ဘုရားကျောင်းတော်သို့ သွားလျက် အမြဲပင် တရားနာကြားသည်။ ကြားနာခဲ့၍ သိရသောတရားအကြောင်းနှင့် တရား၏အနှစ်သာရကိုလည်း မိဘများအား ပြန်လည်ဟောကြားလေ့ရှိသည်။ သို့ဖြင့် တရားနာလိုက်၊ သိခဲ့၊ ကြားခဲ့သော တရားကို ပြန်လည်ဟောပြလိုက်ဖြင့် နေခဲ့ရာ သူ့ဘဝသည် တရားဖြင့် ထုံမွှမ်းနေသော ဘဝဖြစ်လာခဲ့သည်။

## အိမ်ထောင်ပြုရန် ငြင်းပယ်

သူ့အရွယ်သို့ရောက်လာသောအခါ မိဘများက ဝတ္တရားရှိသည့်အတိုင်း အိမ်ထောင်ချပေးရန် တိုင်ပင်ဆွေးနွေးသည်။ သို့သော် သူက တရားအကြောင်းအမျိုးမျိုးပြောပြကာ အိမ်ထောင်ပြုရန် ငြင်းပယ်သည်။

ထို့ကြောင့် မိဘများကလည်း သူ့ဆန္ဒအတိုင်း နေထိုင်ရန် ခွင့်ပြုခဲ့ကြသည်။ မိဘများက အိမ်ထောင်မှုကိစ္စကို နောက်ထပ် ထပ်မံ၍ တိုက်တွန်းခြင်း မပြုတော့သဖြင့် သူမသည် ကောမာရီဗြဟ္မစရိယ အကျင့်ကိုသာ ကျင့်နေတော့သည်။

သို့ဖြင့် သူသည်အိမ်ထောင်မပြုဘဲ ကောမာရီဗြဟ္မစရိယအကျင့်ဖြင့် နေထိုင်၍တရားအားထုတ်သည်။ သိလာသောတရား၏အရသာကိုလည်း မိဘများအပါအဝင် အခြားသူတို့ နားလည်သဘောပေါက်အောင် တရားအရသာကို သူ့နည်းတူ သိရှိခံစားလာတတ်အောင် ဟောပြောပြသည်။ ဤသို့နေရင်း လူဝတ်ကြောင် ဘဝကို ပိုမိုငြီးငွေ့လာသဖြင့် ဘိက္ခုနီတို့ကျောင်းသို့ သွားသည်။ သာသနာဘောင်သို့ ဝင်ရောက်ကာ သာသနာ့အရိပ်ကို ခိုလှုံ၍ နေလိုကြောင်း ပြောကြားသည်။

## ဘိက္ခုနီဘဝ

သို့ဖြင့် သူ့ကို ဘိက္ခုနီဘဝသို့ရောက်အောင် ပို့ဆောင်ကူညီပေးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိက္ခုနီဖြစ်ပြီးသော် သူသည် ဘိက္ခုနီဘဝဖြင့် တရားဟောသည်။ သူဟောသောတရားကို တရားနာကြသူတို့ နှစ်ခြိုက်သဘောကျကြသည်။ သို့ဖြင့် သူသည် နာမည်ကျော်ကြား လူသိများသော ဓမ္မကထိက ဘိက္ခုနီတစ်ပါး ဖြစ်လာခဲ့သည်။

## တုသိတာနတ်ပြည်သို့

ထိုဘဝမှ သက်တမ်းကြွေ၍ စုတေ ကွယ်လွန်သောအခါ သူသည် ဥပပတ်ပဋိသန္ဓေဖြင့် တုသိတာနတ်ပြည်သို့ ရောက်ရသည်။

တုသိတာနတ်ပြည်၌ နတ်တို့ချမ်းသာဖြင့် ကြီးကျယ်စွာ ခံစားနေခဲ့ပြီးနောက် သိခီဘုရားရှင် လက်ထက်တော်သို့ ရောက်သောအခါ လူ့ပြည်တွင် အမျိုးသမီးကလေး ဖြစ်လာရပြန်သည်။

## ဝါသနာဘာဂီဆက်တိုင်းမီ

ဝါသနာဘာဂီ ဆက်တိုင်းမှီ ဟူသော စကားနှင့်အညီ ဘဝတစ်ခု၌ စွဲလမ်းကာ ပါရှိလာခဲ့သည့် အထုံဝါသနာသည် နောက်ဘဝတစ်ခုသို့ လိုက်ပါတတ်မြဲဖြစ်သည်။ ထိုအမျိုးသမီးကလေးသည် သိခီမြတ်စွာဘုရား လက်ထက်တော်တွင်လည်း ကိစ္စများမြောင် လူတို့ဘောင်၌ မနေလို။ ကာမဂုဏ်ကို စက်ဆုပ်ရွံမုန်းသောကြောင့် အလုံးစုံခွာစွန့်ကာ သာသနာဘောင်သို့ ဝင်ရောက်ကာ ရဟန်းပြုခဲ့သည်။

ထိုသိခီဘုရားရှင် လက်ထက်တော်၌လည်း ပိဋကတ်သုံးပုံ အလုံးစုံကို အာဂုံဆောင်နိုင်သူ တိပိဋက ဘိက္ခုနီဖြစ်ပြီး ဓမ္မကထိက ပုဂ္ဂိုလ်ကြီးဟုလည်း ကျော်စောခဲ့ရပြန်သည်။ ထိုဘဝ၌ အသက်အတိုင်းနေကာ စုတေပြန်သော် ယခင်က မိမိနေထိုင်ဖူးခဲ့ဖူးသော တုသိတာနတ်ပြည်သို့ပင် ရောက်ခဲ့ရပြန်သည်။

သို့ဖြင့် သူ့ဘဝသည် ဘုရားပွင့်၍ သာသနာထွန်းလင်းသည့်အခါ လူ့ပြည်သို့လာလျက် ထိုမှတစ်ဖန် တုသိတာ နတ်ပြည်သို့ ပြန်ရကာ အစုန်အဆန် ခရီးကိုနှင်ရင်း ပါရမီအထူးကို ဆည်းပူးနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝေဿဘူမြတ်စွာဘုရား ပွင့်တော်မူလာပြန်သောအခါ ထို အမျိုးသမီးကလေးသည် တုသိတာနတ်ပြည်မှ လူပြည်သို့ ရောက်လာပြီး လူဖြစ် ခဲ့ရပြန်သည်။

## သာသနာတွင်းနေခဲ့သူ

ထိုဘဝတွင် သူအရွယ်ရောက်လာသော် လူ့ဘဝ လူ့စည်းစိမ်တို့ကို တွယ်တာမက်မောခြင်းမရှိဘဲ သာသနာတော်တွင်းသို့ဝင်ကာ ဘိက္ခုနီပြုသည်။ ဘိက္ခုနီဘဝဖြင့် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ရုံမျှမက အဟောအပြော ကောင်းသဖြင့်လည်း ဓမ္မကထိက အကျော်အမော်ကြီး ဖြစ်ရပြန်သည်။

ထိုဘဝက စုတေပြန်သော် မိမိအမြစ်ပျော်ခဲ့ရာ တုသိတာနတ်ပြည်သို့ ရောက်ရပြန်သည်။ အရိယာရဟန္တာအဖြစ်သို့ မရောက်ရသေးသမျှ သံသရာ ဘုံဘဝတို့၌ အပြန်ပြန် အလှန်လှန် ကျင်လည်နေရသည်မှာ ပုထုဇဉ်တို့ ဓမ္မတာ ဖြစ်ပေသည်။

## ကကုသန်ဘုရားရှင်လက်ထက်

ယခုဘဒ္ဒကပ်ကမ္ဘာသို့ ရောက်သောအခါ ကကုသန်ရှင်တော်ဘုရား ထင်ရှားပွင့်တော်မူလာပြန်သည်။ ဤဘုရားရှင် လက်ထက်တွင်လည်း သူသည် အမျိုးသမီးဘဝဖြင့်ပင် လူဖြစ်ခဲ့ရပြန်သည်။

ကကုသန်မြတ်စွာဘုရား လက်ထက်တော်မှာလည်း အခြားဘဝများ နည်းတူပင် သူသည် သာသနာဘောင်သို့ဝင်ပြီး ရဟန်းပြုခဲ့ပြန်သည်။ ရဟန်း ဖြစ်ပြီးသော် ဓမ္မကထိက ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ခဲ့ရပြန်သည်။ ဝိပဿီမြတ်စွာ ဘုရားလက်ထက်တော်မှစပြီး ဘုရား ပွင့်တိုင်းပွင့်တိုင်း သူ ဟောကြားသည့် တရားတို့ ကြားနာရသဖြင့် တရားသိသွားသူ၊ သံသရာမှ လွတ်မြောက်သွားသူ အမြောက်အမြား ရှိပေသည်။ ဤသို့ဖြင့် သူသည် ဓမ္မဒေသနာ ကုသိုလ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝအဆက်ဆက်တို့တွင် တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်ပြီး ပါရမီတော်များ ပြည့်ဝလာသူဖြစ်သည်။ ထိုဘဝတွင် အသက်ဆုံးသည်တိုင်အောင် သာသနာတော်အကျိုးကို ရွက်ဆောင်ပြီး စုတေခဲ့ရပြန်သည်။

## ဓမ္မကထိကဘိက္ခုနီ

တစ်ဖန် ယခုဘဒ္ဒကပ်ကမ္ဘာ၌ ကောဏာဂုံ မြတ်စွာဘုရားပွင့်တော်မူခဲ့ပြန်သည်။ ဤကောဏာဂုံ ဘုရားရှင်လက်ထက်တော်တွင်လည်း သူသည် နတ်ပြည်မှ နတ်သက်ကြွေခဲ့ကာ လူ့ဘဝ၌ လူဖြစ်ခဲ့ရပြန်သည်။ ဤဘဝ၌လည်း သူသည် လူ့ဘောင်တွင်မနေဘဲ ရဟန်းပြုသည်။ ရဟန်းဖြစ်သောအခါ ပိဋကတ်သင်သည်။ ပိဋကတ်တော်၌ ကျွမ်းကျင်သူဖြစ်ပြီး ဓမ္မကထိက ဘိက္ခုနီဖြစ်ခဲ့ရပြန်သည်။

## ကဿပဘုရားရှင်လက်ထက်

အလားတူပင် ကဿပရှင်တော် ဘုရားလက်ထက်တွင်လည်း သူသည် အမျိုးသမီးဘဝ၌ လူဖြစ်လာခဲ့ရပြန်ကာ ဘိက္ခုနီပြုသည်။ တရားဟောခဲ့သည်။

## ရာဇဂြိုဟ်ပြည်သူ ဘဝ

ဤကမ္ဘာတွင် ဂေါတမရှင်တော်ဘုရား ပွင့်တော်မူသောအခါ သူသည် ရာဇဂြိုဟ်ပြည်တွင် အမျိုးသမီးဘဝဖြင့်ပင် လူဖြစ်လာခဲ့ရပြန်သည်။ သူ လူဖြစ်လာခဲ့ရသော အမျိုးသည် ဂဟပတိမဟာသာလခေါ် စည်းစိမ်ဥစ္စာပေါများ ချမ်းသာသော အမျိုးဖြစ်သည်။ သူ့ကို ဖွားမြင်သောအခါ ဖြူစင်သန့်ရှင်းစွာဖြင့် အပြစ်ကင်းကင်း ဖွားမြင်လာသူဖြစ်၍ သူ့ကို "သုဏ္ဍာ"ဟုအမည်ပေးခဲ့ကြသည်။

သုဏ္ဍာ-သဒ္ဒါက ဖြူစင်ခြင်းအနက်၊ သောကြာကြယ်ဟူသော အနက်မှ စ၍ အနက်ပေါင်းများစွာကို ဟောသည်။ ဤနေရာတွင် ဖြူစင် သန့်ရှင်းခြင်း အနက်၊ သောကြာကြယ်ဟူသော အနက်များသည်သာ သူနှင့်လိုက်ဖက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးကလေး၏ မျက်လုံးက အမြဲမပြတ် ကြည်ပြုံး၍ သောကြာကြယ်ကြီးနှင့် တူသည်။ ထို့ကြောင့်လည်း သူ့ကို'သုက္ကာ'ဟု အမည်ပေးခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

သူ့မိခင်ဖခင်များသည် သမီးကလေး၏ သဘောသဘာဝကို မသိရှာကြသည့်အတွက်ကြောင့် အရွယ်ရောက်သောသမီးကို လောကီမင်္ဂလာအရေး ဖြစ်သည့် အိမ်ထောင်ရေးဖြင့် စီမံရန် သမီးကိုနားချကြသည်။ ထိုအခါ သမီးက မိဘများအား ဤသို့ပြန်ပြောပြခဲ့သည်။

## သမီးက ပြန်ပြောပြပုံ

နာဟံ ပသေ ပိယံ သောဘံ၊ ကာမမှိ ဘူမိမဏ္ဍလေ။
ဇေဂုစ္ဆော ဝိယ မညာမိ၊ ကိံ မေ တေဟိ ဘိနိက္ခမေ။

မာတာပိတရော၊ အို. . . မိခင်ဖခင်ကျေးဇူးရှင်တို့။ ကာမမှိဘူမိမဏ္ဍလေ၊ ကမ္ဘာဝန်းကျင် ဤမြေအပြင်၌။ ပိယံ၊ မပစ်ရက်အောင် အနှစ်သက်ကြီး နှစ်သက်ဖွယ်ကောင်းသော အာရုံမျိုးကို လည်းကောင်း။ သောဘံ၊ လှတယ်ပတယ် ဆန်းတကြယ်ဟု အတင့်အတယ်ဆိုလောက်သော အာရုံမျိုးကို လည်းကောင်း။ အဟံ၊ ကျွန်တော်မသည်။ နပဿေ-နပဿာမိ၊ တစ်ကြိမ်တစ်ခါကလေးမျှ တွေးတောဆင်ခြင် သိမြင်ခြင်းမရှိစဖူးပါ။ ဇေဂုစ္ဆောဝိယ၊ ထွီဖွယ်ရွံ့ဖွယ် စက်ဆုပ်ဖွယ်တွေကဲ့သို့။ မညာမိ၊ အမှန်ပဲ ယုံပါတော့ စကားကုန်ပြောပါ့ မယ်သဘော၌ ထင်မြင်မိပါသတည်း။ တေဟိ၊ ထိုရွံ့ဖွယ်အာရုံ အလုံးစုံတို့ဖြင့်။ မေ၊ ကျွန်တော်မအား။ ကိံ၊ အဘယ်အကျိုးရှိပါအံ့နည်း။ အဟံ၊ ကျွန်တော်မသည်။ အဘိနိက္ခမေ - အဘိနိက္ခမိဿာမိ၊ ကာမဂုဏ်ဗွက်ယုတ်ကို အလွန်တစ်ရာ စက်ဆုပ်သမို့ အဖက်မလုပ် ရှောင်ရှား၍ လွတ်လွတ်ထွက်သွားပါအံ့။

သမီးသုက္ကာက သူ့သဘောဆန္ဒကို ဤသို့ ပြန်ကြားပြောဆိုသဖြင့် မိဘများအနေဖြင့် ဘာမျှ ထပ်၍ စီမံခြင်း မပြုကြတော့ဘဲ သမီးဆန္ဒအတိုင်း နေပါစေဟု ခွင့်ပြုထားလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းသာပီတိဖြစ်နေ

ထိုအခါ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအား ပဋိညာဉ် ပေးထားတော်မူခဲ့သည့်အတိုင်း ရဟန္တာတစ်ထောင်တို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်တော်ကြီးသို့ ရှေးဦးစွာ ဘုရားရှင်ကြွတော်မူလာသည်။ တစ်မြို့လုံးရှိ ယောက်ျား၊ မိန်းမအားလုံး ဘုရားရှင်အား ဖူးမြော်ကြရာတွင် သုဗ္ဗာထေရီလောင်းလျာလည်း ပါလာလေသည်။ သူသည် ဘုရားဟူသောအသံကို ကြားရသည်နှင့် ဘုရားအာရုံဖြင့် တစ်ကိုယ်လုံးထုံကာ အကြီးအကျယ် ဝမ်းသာ ပီတိ ဖြစ်နေခဲ့သည်။

ဘုရားရှင်ကို ရှေးဦးစွာဖူးမြင်ရပြီးသည့် အခါမှစ၍ သာသနာဘောင်သို့ ဝင်ပြီး ရဟန်းပြုရန် သုဗ္ဗာထေရီလောင်းလျာ အမြဲတမ်း ကြံစည် စဉ်းစားနေခဲ့သည်။ သို့သော် ထိုအချိန်က ဘုရားရှင်သည် ဘိက္ခုနီသာသနာကို ခွင့်ပြုခြင်းမရှိသေးသော ကာလဖြစ်နေသဖြင့် သူ့အကြံ မအောင်သေးပေ။

## လူဝတ်ကြောင်ဘဝဖြင့်

ထို့ကြောင့် သုဗ္ဗာထေရီလောင်းလျာသည် ရဟန်းမပြုဖြစ်သေးဘဲ လူဝတ်ကြောင်ဘဝဖြင့် သာသနာတော်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နေထိုင် နေခဲ့သည်။

သို့သော် နောက်မကြာမီ နှစ်များအတွင်းမှာပင် မိထွေးတော်ဂေါတမီကို အကြောင်းပြုကာ ဘုရားရှင်က အမျိုးသမီးများအား သာသနာတွင်းသို့ ဝင်ကာ ဘိက္ခုနီ ပြုနိုင်ရန် ခွင့်ပေးတော်မူသည်။

ဘိက္ခုနီ သာသနာတော်ကြီး ထွန်းကားလာသောအခါသာသနာတော်၌ ဓမ္မကထိက အကျော်အမော်လည်းဖြစ်၊ ဓမ္မကထိက ဧတဒဂ်လည်း ရတော်မူသည့် လက်ဝဲတော်ရံ ဓမ္မဒိန္နာထေရီကြီး ပေါ်ပေါက်လာခဲ့သည်။ သုဗ္ဗာထေရီလောင်းလျာသည် ထိုဓမ္မဒိန္နထေရီ၏ တရားတော်မြတ်ကို ကြားနာသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆံပင်ရိတ်မပြီးမီ ရဟန္တာဖြစ်ပြီ

သို့ဖြင့် တစ်နေ့တွင် မိဘများအား ပန်ကြား၍ ထေရီလောင်းလျာသည် ဓမ္မဒိန္နာထေရီကြီးအထံ၌နေကာ ဘိက္ခုနီဝတ်သွားတော့သည်။ ဘိက္ခုနီဝတ်ရန် ဆံပင်ကို ရိတ်သောအခါ ဦးခေါင်းမှ ကျလာသော ဆံပင်ကို ဖြစ်ပျက်ရှုရင်း ဝိပဿနာပွားများသည်။ ဆံပင်ရိတ်၍ မပြီးသေးမီမှာပင် ဤထေရီလောင်းလျာသည် ရဟန္တာဖြစ်တော်မူသွားသည်။

သုက္ကာထေရီလောင်းလျာသည် ဘိက္ခုနီအဖြစ်သို့ ရောက်သောအခါ မူလ အမည်ရင်း အတိုင်းပင် သုက္ကာထေရီဟု ထင်ရှားကျော်စောသည်။

## ရုပ်သပ္ပာယ်သကဲ့သို့ အသံလည်းသာယာ

သုက္ကာထေရီသည် တရားဟောကောင်းရာ၌ အလွန်ကျော်ကြားတော်မူသောထေရီတစ်ပါးဖြစ်သည်။ ထေရီသည် ရုပ်အဆင်းအားဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ရှိသကဲ့သို့ အသံတော်အားဖြင့်လည်း သာယာသော အသံတော်ရှင်ထေရီဖြစ်သည်။

တစ်နေ့တွင် သုက္ကာထေရီသည် မိမိကျောင်းအနီး၌ တရားဟောကြားနေသည်။ မြို့သူမြို့သားတို့ကလည်း ထေရီ၏ တရားဟောရာသို့လာပြီး တရားနာနေကြသည်။

## ရုက္ခစိုးက နှိုးဆော်ပြီ

ထိုအခါ ထေရီ၏ ကျောင်းအနီးသစ်ပင်ကြီးတစ်ပင်၌ နေထိုင်သော ရုက္ခစိုးကြီးက ထေရီ၏တရားတော်သည် လေးနက်ကောင်းမွန်လှကြောင်း၊ အားလုံးသော လူနတ်ပြဟ္မာတို့ လာရောက်တရားနာသင့်ကြောင်း ရာဇဂြိုဟ်မြို့တော်၏ ကောင်းကင်မှနေကာ ဤသို့နှိုးဆော်တိုက်တွန်းလေသည်။

ကိံ ကတာ ရာဇဂဟေ မနုဿာ၊ မဓုံ ပီတာဝ အစ္ဆရေ။
ယေ-သုက္ကံ န ဥပါသေန္တိ၊ ဒေသေန္တိံ ဗုဒ္ဓသာသနံ။



www.burmeseclassic.com

www.burmeseclassic.com



ဘောန္တော၊ အို . . သူတော်ကောင်းအပေါင်းတို့၊ ရာဇဂဟ၊ ရာဇဂြိုဟ် မြို့တော်ကြီး၌။ ဝသန္တာ၊ နေကြကုန်သော။ မနုဿာ၊ ဖြဟ္မာနတ်တို့ အပါအဝင် သူတော်စင် လူအပေါင်းတို့သည်။ ကိံကတွာ၊ အဘယ်လုပ်၍နေကြကုန်သနည်း။ မဓုပီတာဝ၊ ပျားအရက်ကို သောက်သဖြင့် မူးနောက်မေ့မောသော သူတို့ကဲ့ သို့၊ အစ္စရေးအစ္စန္တိ၊ မူးယစ်ပျော်ပါး၍ အလကားနေနေကြကုန်သည်တကား။ ယေ၊ အကြင်သူတော်ကောင်းတို့သည်။ ဗုဒ္ဓသာသနံ၊ ရှင်တော်ဘုရား နှုတ် ထွက်ဆုံးမချက်ကို။ ဒေသေန္တိ၊ သာယာရင့်ကျူး၍ အထူးသဖြင့် ဟောကြား ၍နေသော။ သုက္ကံ၊ သုက္ကာထေရီ ဘိက္ခုနီကို။ နဥပါသေန္တိ၊ မဆည်းကပ်ဘဲ မျက်နှာလွှဲ၍နေကြကုန်၏။

တဉ္စ အပ္ပဋိဝါနီယံ၊ အသေစနကမောဇဝံ။

ပိဝန္တိ မညေ သပ္ပညာ၊ ဝလာဟက မိဝဒ္ဓဂူ။

ဉ္စ၊ ထိုသုက္ကာထေရီ ဘိက္ခုနီ ဟောသောတရားတော်သည်ကား။ အပ္ပ ဋိဝါနီယံ၊ ဘဝနိဂ္ဂံသို့ ထိုနောက်တစ်ဖန် မပြန်စေသော တရားတော်မြတ်ကြီး ဖြစ်ပေ၏။ အသေစနကံ၊ ဖြည့်စွက်ဖွယ်မရှိအောင် အနှစ်သာရအတိဖြစ်ပေ ၏။ ဩဇဝံ၊ ဘယ်ဩဇာနှင့်မျှ တုမရှိအောင် မမြသဇာ အရသာအမွန်သည် ထူးချွန်၍ အလွန်လည်း အရသာရှိလှပါပေ၏။ ဝလာဟကံ၊ မိုးတိမ်ထဲမှ ဖြုန်းခနဲ ရွာချသော မိုးရေအေးကို။ အဒ္ဓဂူ၊ ခရီးပန်းသောသူတို့သည်။ ပိဝန္တိယထာ၊ နှစ်နှစ်ခြိုက်ခြိုက် သောက်လိုက်ရကုန်ဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ။ တံ၊ ထိုသုက္ကာထေရီ ဘိက္ခုနီဟောသော တရားအရသာကို။ သပ္ပညာ၊ တကယ့် တကယ်ပညာရှိ၍ အနှစ်အရသာကိုသိသော သူတို့သည်သာလျှင်။ ပိဝန္တိ မညေ၊ နှစ်နှစ်ခြိုက်ခြိုက် သောက်ထိုက်ကုန်ပြီဟု ထင်မိပေသတည်း။

ရုပ်ကွာစိုးနတ်ကြီးက ထိုသို့လှုံ့ဆော်လိုက်သောအခါသူတော်စင်အပေါင်း တို့ သောင်းသောင်းဖြဖြထပ်မံ၍ ရောက်လာကြလေသည်။

သုက္ကာထေရီဘိက္ခုနီသည် မေ့ကထိက ဘွဲ့ထူးဖြင့် လူနတ်တို့၏ ချီးကျူး ခြင်းကို ခံရလျက် တစ်သက်ပတ်လုံး သာသနာတော်၏အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သုက္ကာထေရီသည် ဝိပဿီအစ ဂေါတမရှင်တော်ဘုရားအထိ ဘုရားရှင်ခုနစ်ဆူတို့နှင့် ဆုံဆီးခဲ့ရသောထေရီဖြစ်သည်။ ဤခုနစ်ဆူသော ဘုရားရှင်တို့၏ လက်ထက်တော်၌ တွေ့ကြုံဖြစ်ခဲ့ရသမျှကို ဘုရားရှင်တစ်ဆူစီ၏ အချိန်ကာလကိုခွဲခြားလျက် ပရိနိဗ္ဗာန်စံလွန်ခါနီး၌ ဤသို့ ပြန်လည်ဟောတော်မူခဲ့သည်။

**ပရိနိဗ္ဗာန်စံခါနီး ဟောပြသောတရား**

ဧကနဝုတေ ကပ္ပေ၊ ဝိပဿီ နာမ နာယကော။
ဥပ္ပဇ္ဇိ စာရုဒဿနော၊ သဗ္ဗဓမ္မဝိပဿကော။

ကတော၊ ဤဘဒ္ဒကမ္ဘာမှ။ ဧကနဝုတေကပ္ပေ၊ လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာထက်၌။ စာရုဒဿနော၊ ဖူးမြင်သူကို ကြည်ညိုလေအောင် ဆောင်ရွက်တော်မူတတ် ခြောက်ရောင်ခတ်ဖြင့် မြင့်မြတ်သော အဆင်းတော်လည်းရှိထသော။ သဗ္ဗဓမ္မ ဝိပဿကော၊ တရားဥဿုံ အလုံးစုံကို အကုန်သိမြင်တော်မူပြီးထသော။ ဝိပဿီနာမ၊ ဝိပဿီအမည်ရှိတော်မူသော။ နာယကော၊ သုံးလူထွတ်တပ် ဘုရားရှင်မြတ်သည်။ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူခဲ့လေ၏။

တဒါဟံ ဗန္ဓုမတိယံ၊ ဇာတာ အညတရေ ကုလေ။
ဓမ္မံ သုတွာန မုနိနော၊ ပဗ္ဗဇိံ အနဂါရိယံ။

တဒါ၊ ထိုဝိပဿီဘုရားရှင်လက်ထက်တော်အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗန္ဓုမတိယံ၊ ဗန္ဓုမတီနေပြည်တော်ကြီး၌။ အညတရေ ကုလေ၊ မထင်ရှားသောအမျိုး၌။ ဇာတာ၊ ဖြစ်ခဲ့ရပါပြီ။ မုနိနော၊ ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ ရသာအမြိုက် နှစ်ခြိုက်ထူးလွန် တရားမွန်ကို။ သုတွာန၊ ကြားနာရသောကြောင့်။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြု၍နေခဲ့ပါပြီ။

ဗဟုဿုတာ ဓမ္မဓရာ၊ ပဋိဘာဏဝတီ တထာ။
ဝိစိတ္တကထိကာ စာပိ၊ ဇိနသာသနကာရိကာ။

www.burmeseclassic.com



တထာ၊ ထိုသို့ ရဟန်းပြု၍နေခဲ့သောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဗဟုဿုတာ၊ အကြားအမြင်နှင့်လည်း ပြည့်စုံခဲ့လေ၏။ ဓမ္မဓရာ၊ ရှင်တော်ဘုရားဟောကြားတော်မူလတ် ပိဋကတ်သုံးဖြာကိုလည်း ကောင်းစွာဆောင်နိုင်ခဲ့လေ၏။ တထာ၊ ထို့ပြင်တစ်ပါး။ ပဋိဘာဏဝတီ၊ ဉာဏ်ပဋိဘာန်လျှင်မြန်တဲ့လျက် အစွမ်းလည်းထက်ခဲ့ပေ၏။ ဝိစိတ္တကထိကာစာပိ၊ အဆန်းတကြယ် ဥပမာ အသွယ်သွယ်ဖြင့် နှစ်သက်ဖွယ်သောတရားကို ဟောကြားနိုင်ခဲ့လေ၏။ ဇိနသာသနကာရိကာ၊ ရှင်တော်ဘုရား၏ သာသနာကို ကောင်းစွာ ရွက်ဆောင်၍ ပျံ့နှံ့အောင်လည်း ကြိုးစားခဲ့ပေ၏။

တဒါ ဓမ္မကထံ ကတွာ၊ ဟိတာယ ဇနတံ ဝရံ။

တတော စုတာဟံ တုသိတံ၊ ဥပပန္နာ ယသဿိနီ။

တဒါ၊ ထိုရှင်တော်ဘုရား၏ လက်ထက်တော်၌။ ဇနတံ-မဟာဇနာခံ၊ လူများအပေါင်းတို့၏။ ဟိတာယ၊ သံသရာကောင်းကျိုး ဖွံ့ဖြိုးကြီးကျယ်စိမ့်သောငှါ။ ဝရံ၊ မြတ်လှစွာသော။ ဓမ္မကထံ၊ တရားဟောမှုအလုပ်ကြီးကို။ ကတွာ၊ ပြုလုပ်ဆည်းပူးခဲ့ပြီး၍။ တတော၊ ထိုဘဝမှ။ စုတာ၊ သေလွန်ချုပ်ဆုံးလေပြီးသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ တုသိတံ၊ တုသိတာနတ်ပြည်၌။ ဥပပန္နာ၊ ဥပပါတ်ပဋိသန္ဓေတည်နေဖြစ်ပွားခဲ့ရပါပြီ။ ယသဿိနီ၊ အခြံအရံအားဖြင့် များပြားကျော်စော စည်းစိမ်ပေါ်သော နတ်သမီးသည်။ အဟောသိ၊ ဖြစ်ခဲ့ရပါသတည်း။

## သိခီဘုရားရှင်လက်ထက်

ဧကတီသေ ဣတော ကပ္ပေ၊ သိခီ ဝိယ သိခီ ဇိနော။

တပန္တော ယသသာလောကေ၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ ဧကတီသေကပ္ပေ၊ သုံးဆယ့်တစ်ကမ္ဘာထက်၌။ သိခီဝိယ၊ ထိန်တပြောင်ပြောင် တောက်လောင်ညီးညီး မီးလျှံကြီးကဲ့သို့။ လောကေ၊ လောကတစ်ခွင် ဘုံအပြင်၌။ ယသသာ၊ ယသဂုဏ်မှန် ထူးချွန်လျှံညီး ဘုန်းရောင်မီးဖြင့်။ တပန္တော၊ ထွန်းလင်းတောက်ပတော်မူပေထသော။

www.burmeseclassic.com



ဝဒတံဝရော၊ ဝါစာဝိလာသဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် တရားဟော ပုဂ္ဂိုလ်အပေါင်းတို့ထက် ထွတ်ဆောင်မှန်ကူ သရဖူအစစ်ကြီး ဖြစ်တော်မူပေ ထသော။ သိခီဇိနော၊ သိခီအမည်တော်ရှိသော ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ ထင် ရှားပွင့်တော်မူခဲ့လေပြီ။

တဒါပိ ပဗ္ဗဇိတွာန၊ ဗုဒ္ဓသာသနကောဝိဒါ။

ဇောတေတွာ ဇိနဝါကျာနိ၊ တတောပိ တိဒိဝံ ဂတာ။

တဒါပိ၊ ထိုသိခီမြတ်စွာဘုရားလက်ထက်တော်၌လည်း။ အဟံ၊ အကျွန်ုပ် သည်။ ပဗ္ဗဇိတွာန၊ ရဟန်းပြု၍။ ဗုဒ္ဓသာသနကောဝိဒါ၊ ရှင်တော်ဘုရား ဟောကြားဆုံးမ သုံးဝအမြတ်ပိဋကတ်ကို တတ်မြောက်လိမ္မာသည်ဖြစ်၍။ ဇိနဝါကျာနိ၊ ရှင်တော်ဘုရား၏စကားအမိန့်တော်တို့ကို။ ဇောတေတွာ၊ ကိုယ် တိုင်ကြိုးစား ထွန်းကားလေအောင် ရွက်ဆောင်အားထုတ်ပြီး၍။ တတောပိ၊ ထိုဘဝမှလည်း။ စုတာ၊ စုတေခဲ့သည်ရှိသော်။ တိဒိဝံ၊ တုသိတာမည် နတ်တို့ ပြည်သို့။ ဂတာ၊ သွားရောက်ခံစားခဲ့ရပါပြီ။

## ဝေဿဘူဘုရားရှင်လက်ထက်

ကေတီသေဝ ကပ္ပမှိ၊ ဝေဿဘူ နာမ နာယကော။

ဥပ္ပဇ္ဇိတ္ထ မဟာဉာဏီ၊ တဒါပိ စ တထေဝါဟံ။

ကေတီသေဝ ကပ္ပမှိ၊ လွန်ခဲ့သော သုံးဆယ့်တစ်ကမ္ဘာ၌ပင်လျှင်။ မဟာ ဉာဏီ၊ ထက်မြက်ကြီးကျယ် ဉာဏ်စွယ်ကွန့်မြူး အထူးသိမြင်တော်မူလေ့ရှိ ပေသော။ ဝေဿဘူနာမ၊ ဝေဿဘူအမည်တော်ရှိသော။ နာယကော၊ လူ တို့၏ရှေ့သွား ရှင်တော်မြတ်ဘုရားသည်။ ဥပ္ပဇ္ဇိတ္ထ၊ ပွင့်တော်မူခဲ့လေပြီ။ တဒါပိ၊ ထိုဘုရားထက်တော်အခါ၌လည်း။ အဟံ၊ အကျွန်ုပ်သည်။ တထေဝ၊ ထို ရှေးဘုရားတို့ လက်ထက်တော်မှာကဲ့သို့ပင်။ ပဗ္ဗဇ္ဇိ၊ ရဟန်းပြုခဲ့ပါပြီ။

ပဗ္ဗဇိတွာ ဓမ္မရော၊ ဇောတယိ ဇိနသာသနံ။

ဂန္တွာမရုပုရံ ရမ္မံ၊ အနုဘောသိ မဟာသုခံ။

www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီးသော်။ ဓမ္မဓရာ၊ ပိဋကတ်သုံးပုံအလုံးစုံကို အကုန်ဆောင်နိုင်သည်ဖြစ်၍။ ဇိနသာသနံ၊ တွက်ရေသုံးရပ် အမြတ်ထွတ်ချာ သာသနာကို။ ဇောတယိံ၊ ဟောကာပြောကာ ထိန်ထိန်သာအောင် ကောင်းစွာရွက်ဆောင်ခဲ့ပါပြီ။ စုတာ၊ ထိုဘဝမှ စုတေခဲ့သည်ရှိသော်။ ရမ္မံ၊ ချမ်းသာအားလုံးဖြင့် ပြုံးရအောင် ပျော်မွေ့ဖွယ်ကောင်းလှသော။ မရုပုရံ ဘုံတုသိတာ ရတနာကြငှန်း ဗိမာန်နန်းသို့။ ဂန္တာ၊ သွားရောက်ဖြစ်ပေါ်လေ၍။ မဟာသုခံ၊ အတိုင်းမသိ အနှိုင်းမရှိ အဓိပတိစည်းစိမ်ချမ်းသာကို။ အနုဘောသိံ၊ တရားပြော့မောလျက် တဘောသောခံစားခဲ့ရပါပြီ။

ကကုသန်ဘုရားရှင်လက်ထက်

ကပ္ပမှိ ဘဒ္ဒကေ ကပ္ပေ၊ ကကုသန္ဓော အနုတ္တမော။

ဥပ္ပန္နေ နရသရဏော၊ တဒါပိ စ တထေဝဟံ။

ဘဒ္ဒကေ၊ ကမ္ဘာအပေါင်းတို့တွင် အကောင်းဆုံးဟုဆိုအပ်သော။ ကပ္ပမှိ ကပ္ပေ၊ ဤဘဒ္ဒကမ္ဘာ၌။ အနုတ္တမော၊ တုဖက်ပြိုင်ကင်း တရားမင်းအစစ်ဖြစ်တော်မူသော။ နရသရဏော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အားကိုးရာကြီးလည်း ဖြစ်တော်မူပေထသော။ ကကုသန္ဓော၊ ကကုသန်မြတ်စွာဘုရားသည်။ ဥပ္ပန္နေ၊ ပွင့်တော်မူခဲ့လေပြီ။ တဒါပိစ၊ ထိုကကုသန်မြတ်စွာဘုရား၏ ရှေ့လက်ထက်တော်၌လည်း။ တထေဝ၊ ထိုရှေးနည်းအတူပင်လျှင်။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိ ရဟန်းပြုခဲ့ရပြန်ပါပြီ။

ပဗ္ဗဇိတွာ မုနိမတံ၊ ဇောတယိတွာ ယထာယုကံ။

တတော စုတာဟံ တိဒိဝံ၊ အဂံ သဘာဝနံ ယထာ။

ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီးသော်။ ယထာယုကံ၊ ဘဝတုံး၍ အသက်ဆုံးသည့်တိုင်အောင်။ မုနိမတံ၊ ရှင်တော်ဘုရား၏ အလိုတော်ကျ သုံးဝသာသနာ မိန့်ရှေ့ဗျာကို။ ဇောတယိတွာ၊ လူတို့တောင်ဝယ် တပြောင်ပြောင်ထွန်းပစေပြီး၍။ တတော၊ ထိုဘဝမှ။ စုတာ၊ သက်တမ်းစေ့၍ ပြောင်းရွှေ့စုတေခဲ့သည်ရှိသော်။

www.burmeseclassic.com

www.burmeseclassic.com



သဘာ၀ဇန်ယထာ၊ မှိုမိုကိုယ်ပိုင် ဘုံကြီးသဖွယ်ဖြစ်သော။ တိဒိဝ၊ တွိုသိတာနတ်နန်း နတ်ကြငှာန်းသို့။ အင်္ဂ-အင်္ဂဋ္ဌ၊ သွားရောက်ခံစားခဲ့ရပြန်ပါပြီ။

## ကောဏာဂုံဘုရားရှင်လက်ထက်

ဣမသ္မိ ယေဝကပ္ပမှိ၊ ကောဏာဂမနာနာယကော။

ဥပ္ပဇ္ဇိ တာဒိ ပဝရော၊ ဝိမောက္ခ ပဒဒေသကော။

ဣမသ္မိ ယေဝကပ္ပမှိ၊ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင်လျှင်။ ဝိမောက္ခ ပဒဒေသကော၊ သံသရာဝဋ်ကျွတ်လွတ်ရာမှန် နိဗ္ဗာန်တရားတော်ကြားညွှန်ပြတော်မူပေထသော။ ပဝရော၊ တုပြိုင်ညှိုကင်းလွန်ကဲ၍ အထွတ်ဆုံး အမြတ်ဆုံးလည်းဖြစ်တော်မူပေထသော။ တာဒိ၊ လောကဓံအာရုံတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ပကတိတည်ခိုင် ကျောက်မဏ္ဍိုင်ကြီးသဖွယ်လည်း ဖြစ်တော်မူပေထသော။ ကောဏာဂမနာနာယကော၊ ကောဏာဂုံမြတ်ဘုရားသည်။ လောကော၊ လောကတစ်ခွင် ဘုံအပြင်၌။ ဥပ္ပဇ္ဇိ၊ အခွင့်ပေါ်၍ ပွင့်တော်မူခဲ့ပြန်ပါပြီ။

တဒါပိ ပဗ္ဗဇိတွာန၊ သာသနေ တဿ တာဒိနော။

ဗဟုဿုတော ဓမ္မဓရော၊ ဇောတယိံ ဇိနသာသနံ။

တဒါပိ၊ ထိုအခါ၌လည်း။ တဿတာဒိနော၊ ထိုရှင်တော်မြတ်ဘုရား၏။ သာသနေ၊ သာသနာတော်မြတ်ကြီးအတွင်း၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဗဟုဿုတာ၊ အကြားအမြင်နှင့် ပြည့်စုံသည်ဖြစ်၍။ ဓမ္မဓရော၊ ပိဋကတ်သုံးဖြာကို ဆောင်နိုင်သည်ဖြစ်၍။ ဇိနသာသနံ၊ ငါးမှာန်အောင်မြင် ချစ်ရှင် ညွှန်ပြ ဆုံးမသာသနာ မြတ်ဓမ္မကို။ အဟံ၊ အကျွန်ုပ်သည်။ ဇောတယိံ၊ မောက္ကာပြောကာ ထွန်းထိန်ပြ အောင်ကောင်းစွာ ထွန်းလင်းစေခဲ့ပါပြီ။

## ကဿပဘုရားရှင်လက်ထက်

ဣမသ္မိ ယေဝကပ္ပမှိ၊ ကဿပေါပုရိသုတ္တမော။

ဥပ္ပဇ္ဇိလောကနာယကော၊ သရဏော မရဏန္တဂူ။

www.burmeseclassic.com

www.burmeseclassic.com



ဣမသို့ ယေဝကပ္ပမှို၊ ဤဘဒ္ဒကမ္ဘာအတွင်း၌ပင်လျှင်။ မရဏန္တဂူ၊ သေခြင်းမှ လွတ်မြောက်၍ နိဗ္ဗာန်လမ်းပေါက်တော်မူပြီးထသော။ သရဏော၊ လူ နတ်ဗြဟ္မာ သတ္တဝါတို့၏ မှီခိုရာအစစ်ကြီးလည်း ဖြစ်တော်မူပေထသော။ လောကနာယကော၊ တစ်လောကလုံး၏ ရှေ့ဆုံးလမ်းညွှန်ကြီးလည်း ဖြစ်တော်မူပေထသော။ ပုရိသုတ္တမော၊ ယောကျ်ားတကာတို့၏အထွတ် တုလွတ်မှန်ကူ သရဖူလည်း ဖြစ်တော်မူပေထသော။ ကဿပေါ၊ ကဿပမြတ် စွာဘုရားသည်။ ဥပ္ပဇ္ဇိ၊ သစ္စာလေးပွင့် ငွားငွားစွင့်၍ ပွင့်တော်မူခဲ့ပါပြီ။

တဿပိနရဝီရဿ၊ ပဗ္ဗဇိတွာန သာသနေ။

ပရိယာ ပုဋ္ဌ သဒ္ဓမ္မာ၊ ပဋိပုစ္ဆာဝိသာရဒါ။

အဟံ၊ အကျွန်ုပ်သည်။ နရဝီရဿ၊ လူတို့မှန်ကင်း ရဲဗိုလ်မင်းကြီးဖြစ်တော်မူသော။ တဿ၊ ထိုရှင်တော်မြတ်ဘုရား၏။ သာသနေ၊ သာသနာတော်အတွင်း၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြု၍။ ပရိယာပုဋ္ဌသဒ္ဓမ္မာ၊ သူတော်ကောင်းတို့၏တရား သုံးပါးအမြတ် ပိဋကတ်ကို ကမ်းခတ်အောင် တတ်မြောက်ခဲ့သည်ဖြစ်၍။ ပဋိပုစ္ဆာဝိသာရဒါ၊ အမေးနှင့်ကြုံလျှင် အာဂုံကဲမြင့် ပွဲ လယ်တင့်အောင် ရဲရင့်ခဲ့ပါသတည်း။

သုသီလာ လဇ္ဇိနီ စေဝ၊ တီသု သိက္ခာသု ကောဝိဒါ။

ဗဟူမ္မကထံ ကတွာ၊ ယာဝဇီဝံ မဟာမုနေ။

မဟာမုနေ၊ အို. . . ရှင်တော်မြတ်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တဒါ၊ ထိုကဿပရှင်တော်ဘုရား၏ သာသနာ၌။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဗဟူ၊ အကြိမ်ပေါင်းများစွာ။ ဓမ္မကထံ၊ ပရိသတ်ပွဲခွင်ဝယ် ဖြ...ာင်အ... တရားဟောခြင်းကိစ္စကို။ ကတွာ၊ သာသနာတော်ထွန်းကားအောင် ရွက်ဆောင်ခဲ့သည်ဖြစ်၍။ တီသုသိက္ခာသု၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်ဝတ်တရားတို့၌။ ကောဝိဒါ၊ သူထက်သာအောင် လိမ္မာကျွမ်းကျင်ခဲ့ပါပေ၏။ သုသီလာစ၊ စိန်သားအထူး ဘော်ငွေကြူးကဲ့သို့ စင်ဖြူသော အကျင့်သီလနှင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံခဲ့ပါ၏။ လဋ္ဌိနီစေဝ၊ မကောင်းမှုကိုပြုရန်အတွက် အရှက်ကြီး ရှက်မိခဲ့သည်လည်း။ အပေဟာသိ၊ ဖြစ်ခဲ့ပေသတည်း။

## ဝေါတမဘုရားရှင်လက်ထက်

ဒိသွာန ဘဂဝန္တံဟံ၊ သုတ္ဂာန ဂုဏာသဥ္စယံ။
ဗုဒ္ဓစိတ္တံ ပသာဒေတွာ၊ ပူဇယိံ တံ ယထာဗလံ။

တဒါ၊ ထိုသို့ ဘုရားရှင်ကြွလာတော်မူသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ဆင့် ထွန်းတင့်ပေပြား မြတ်ဘုရားကို။ ဒိသွာန၊ ဖူးမြင်ရသည်ရှိသော်။ ဂုဏာသဥ္စယံ၊ အတိုင်းမသိ များဘိသိန်းသောင်း ဂုဏ်တော်အပေါင်းကို။ သုတ္ဂာန၊ ကြားရသည်ရှိသော်။ ဗုဒ္ဓေ၊ ရှင်တော်မြတ်ဘုရား၌။ စိတ္တံ၊ ဘုရားအာရုံ ပွားထုံစေအပ် စိတ်အမြတ်ကို။ ပသာဒေတွာ၊ ပီတိဟုန်ဖြင့် အစွမ်းကုန်ကြည်ညိုစေပြီး၍။ တံ ဗုဒ္ဓံ၊ သာကီနွယ်ဖွား ထိုရှင်တော်မြတ်ဘုရားကို။ ယထာဗလံ၊ သဒ္ဓါလွှမ်းခြုံ အစွမ်းကုန်ဖြင့်။ ပူဇယိံ၊ အကြိမ်ကြိမ်လျှင် ဦးနှိမ်မြတ်နိုး ရှိခိုးပူဇော်မိပါပြီ။

အပရေန စ ကာလေန၊ ဓမ္မဒိန္နာယ သန္တိကေ။
အဂါရာ နိက္ခမိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

စ၊ ရဟန်းပြုပုံအကြောင်းကို ဟောပြပါဦးအံ့။ အပရေနကာလေန၊ တစ်ပါးသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ အဂါရာ၊ အိမ်ရာထောင်သော လူ့ဝတ်ကြောင်ဘဝမှ။ နိက္ခမိတွာန၊ လတ်လွတ်ကြီး ထွက်မြောက်၍။ အနဂါရိ ယံ၊ အိမ်ရာမထောင် ရဟန်းဘောင်ဟု ဆိုအပ်သော။ ဓမ္မဒိန္နာယံ၊ ဓမ္မဒိန္နာထေရီအရှင်မကြီး၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါပြီ။

ကေသေသု ဆိဇ္ဇမာနေသု၊ ကိလေသေ ဈာပယိံ အဟံ။
ဥဂ္ဂဟိံ သာသနံ သဗ္ဗံ၊ ပဗ္ဗဇိတွာ စိရေနဟံ။

65A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



ကေသေသု၊ ဆံပင်တို့ကို။ ဆိဇ္ဇမာနေသု၊ ရိတ်အပ်ကုန်သည်ရှိသော်။ (ဝါ) ဆံပင်ရိတ်ဆဲအခိုက်မှာပင်လျှင်။ အဟံ၊ အကျွန်ုပ်သည်။ ကိလေသေ၊ ညစ်ညမ်းလှစွာ ကိလေသာတို့ကို။ ဈာပယိံ၊ ဉာဏ်မီးတိုက်၍ လောင်မြိုက်ကုန်ခန်းစေခဲ့ပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ ပဗ္ဗဇိတ္ဝာ၊ ရဟန်းပြုပြီး၍။ အစိရေနေဝ၊ မကြာမြင့်မီ အချိန်အတွင်းမှာပင်လျှင်။ သဗ္ဗံ ခပ်သိမ်းဉသည့် အလုံးစုံသော။ သာသနံ၊ ပိဋကသုံးဖြာသာသနာကို။ ဥဂ္ဂဟိံ၊ ဉာဏ်ထွင်းဖောက်၍ တတ်မြောက်ခြင်းကိစ္စ ပြီးစေခဲ့ပါပြီ။

သုတ္တာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# စာပါထေရီ အပဒါန်ဝတ္ထု

ထေရီလောင်းလျာသည် ရှေးရှေးသော ကမ္ဘာအဆက်ဆက်တို့၌ ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ လက်ထက်တော်တို့တွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ ပါရမီတော်များကိုလည်း ဖြည့်ကျင့်ဆည်းပူးခဲ့ဖူးသူဖြစ်သည်။

## မုဆိုး၏သမီးဘဝ

ဤဂေါတမရှင်တော်ဘုရား လက်ထက်တွင်မူ ဤထေရီလောင်းလျာသည် ဝင်္ကဟာရဇနပုဒ်ရှိ မုဆိုးရွာ တစ်ရွာမှ ရွာ၏ခေါင်းဆောင်ဖြစ်သူ စန္ဒာမိမုဆိုးကြီး၏သမီး ဖြစ်လာခဲ့သည်။ စန္ဒာမိ မုဆိုးကား မုဆိုးဟူသည့်အတိုင်း သားသမင်တောကောင်များကို ရှာဖွေဖမ်းဆီး သတ်ဖြတ်ကာ အသက်မွေးနေသူဖြစ်သည်။

သမီးဖြစ်သူ စာပါသည် ချောသည်၊ လှသည်၊ ယဉ်သည်၊ မြင်သူယောကျာ်း တကာတို့က စွဲမက်ရသူဖြစ်သည်။ တစ်နေ့တွင် ဉပကအမည်ရှိ

www.burmeseclassic.com



အသက်ရှယ် အိုမင်းနေသူ တက္ကတွန်းကြီး သူတို့ရွာသို့ ရောက်လာသည်။ ဤတက္ကတွန်းကြီးသည် ဘုရားရှင်ဘုရားဖြစ်တော်မူရာ ဗောဓိပင်အနီးရှိ နာဠွ ရွာတွင် မွေးဖွားကြီးပြင်းလာသူဖြစ်သည်။ ဥပကတက္ကတွန်းကြီးကို စန္ဒာမိ မုဆိုးကြီးက ရွာအနီး၌ ကျောင်းငယ်တစ်ဆောင်ဖြင့် ပြုစုလုပ်ကျွေး ကိုးကွယ် ထားသည်။

## ဘုရားရှင်နှင့်ဥပကတို့ ခရီးတစ်နေရာ၌ တွေ့ကြပြီ

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးဒေသနာဖြစ်သော ဓမ္မစကြာတရားတော်ကိုဟောရန် မဟာဗောဓိမှ ဗာရာဏသီပြည်သို့ ခြေလျင်ခရီး ကြွတော်မူခိုက် ဖြစ်သည်။ ထိုအချိန်တွင် ဥပကတက္ကတွန်းကြီးသည် မဟာဗောဓိနှင့် ဗုဒ္ဓဂယာအကြား၌ ခရီးသွားနေစဉ် ဖြစ်သည်။ လမ်းခရီးတစ်နေရာ၌ ဘုရားရှင်နှင့် ဥပကာတို့ ဆုံမိကြသည်။

ထိုအခါ အလွန်ကြည်ညိုဖွယ်ကောင်းသော ဘုရားရှင်ကို တွေ့ရ၍ဥပက ကြီးက ဘုရားရှင်အား ဤသို့ မေးမြန်းသည်။

## သင့်ဆရာအဘယ်သူနည်း

ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် အလွန်တစ်ရာ ကြည်လင်လှပါကုန်၏။ ကိုယ်ရေအဆင်းသည်လည်း သန့်ရှင်းစင်ကြယ်ပါပေ၏။ ငါ့ရှင်၊ သင်သည် အဘယ်ဆရာကို ရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း။ သင်၏ဆရာကား အဘယ် သူနည်း။ အဘယ်သူ၏တရားကို သင် နှစ်သက်ပါသနည်း။

## ငါ့မှာဆရာမရှိ

ထိုအခါ ဘုရားရှင်က ဤသို့ပြန်လည်ဖြေကြားသည်။ ဥပက၊ ငါသည် တရားအလုံးစုံကို အကုန်အစင် အကြွင်းမဲ့သိမြင်ပြီးသူ ဖြစ်သည်။ တေဘူမက တရားတို့၌ တပ်မက်တွယ်တာခြင်း၊ ဖြစ်ပွားခြင်း၊ တွေဝေခြင်းစသည်တို့မှလည်း

www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်သူ ဖြစ်သည်။ တရားအလုံးစုံကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိမြင်သူဖြစ်သောကြောင့် ငါ၌ ဤသူကား ငါ့ဆရာဟု ညွှန် ပြရမည့်သူ မရှိ။ ငါသည် လောက၌ ပူဇော်အထူးကို ခံယူထိုက်သော အရဟံဂုဏ်ရှင် ဖြစ်သည်။ ဥပက၊ ငါဘုရားသည် တရားဦးဒေသနာ ဓမ္မစကြာတရား ဟောရန် ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့သွားမည်။

ထိုအခါ ဥပကက ဤသို့ပြန်လည်ပြောကြားသည်။ ငါ့ရှင် သင်ဝန်ခံသည့် အတိုင်းသာဆိုလျှင် သင်သည် အနန္တဉာဏ်ရှင် မာရ်ငါးပါးကို အောင်မြင်ပြီးသူ ဖြစ်ပေလိမ့်မည်။

## အပြန်အလှန်ပြောကြပုံ

ဥပက၊ ငါသည် ယုတ်မာဆိုးရွားအကုသိုလ်တရားတို့ကို ဖယ်ရှားအောင်မြင်တော်မူပြီးဖြစ်သောကြောင့် အနန္တ "ဇိန"အမည်ရှိတော်မူပေ၏။

ငါ့ရှင်၊ သင်ပြောသည့်အတိုင်း ဟုတ်ကောင်းဟုတ်ပေရာ၏။

ဥပကတက္ကတွန်းကြီးသည် ဘုရားရှင်အား ဤသို့ပြောကြားပြီးနောက် ခေါင်းကိုညိတ်ကာညိတ်ကာဖြင့် သူသွားလိုရာ ဝင်္ကဟာရ ဇနပုဒ်ဆီသို့ ဦးတည်ထွက်ခွာသွားတော့သည်။

(ဤနေရာ၌ ဥပကသည် ဘုရားရှင်ထံမှ တရားစကားနာကြားခဲ့ရသော်လည်း ဓမ္မစကြာတရားမဟောမီ ဘုရားရှင်ဟောကြားသည့်တရားကို နာကြားရသူတို့မှာ မဂ်ဖိုလ်မရ၊ တရားအထုံ ဝါသနာပါရုံမျှသာ အကျိုးခံစားရသည်။)

## သမီးစာပါကိုမှာခဲ့ပုံ

တစ်နေ့တွင် စန္ဒာမိမုဆိုးသည် တောသို့သွား၍ သားသမင် ရှာဖွေဖမ်းဆီးရန် ပြင်ဆင်သည်။ ထိုသို့ပြင်ဆင်ရင်း သမီးဖြစ်သူစာပါအား ဥပကတက္ကတွန်းကြီးကို ဆွမ်းကွမ်းတို့ဖြင့် စနစ်တကျပြုစုပေးရန် မှာကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံချိန်သို့ ရောက်သော် ဥပကတက္ကတွန်းကြီးသည် စန္ဒာမိမုဆိုးကြီး အိမ်သို့ ဆွမ်းခံရန် ရောက်လာသည်။ ယခင်နေ့များတွင် မုဆိုးကြီးကိုယ်တိုင် ဆွမ်းကွမ်းများကို လောင်းလှူသည်။ ယနေ့တွင်မူကား ဖခင်မုဆိုးကြီး မရှိသဖြင့် သမီးချောစာပါသည် တက္ကတွန်းကြီးအား ဆွမ်းလောင်းသည်။

## သက်ကျားအိုနှင့် ငယ်နုသူ

ဥပကကြီးသည် စာပါကိုမြင်သည်နှင့် သူ့မျက်လုံးအစုံကို ပြန်မှိတ်၍ မရ နိုင်အောင် ဖြစ်သွားခဲ့ရသည်။ အသက်အရွယ်ချင်း နှိုင်းယှဉ်လျှင် စာပါနှင့် ဥပကတို့သည် မြေးကလေးနှင့် အဘိုးအိုပမာ ကွာခြားလှသည်။ ဥပကသည် တစ်စုံတစ်ခုသော တရားကို လိုက်နာကျင့်သုံးနေသူ တရားတစ်မျိုးမျိုး၏အရှင် တရားရှင် ဖြစ်သည်။ စာပါကား ငယ်ရွယ်နုနယ်ကာ အလှသွေးကြွယ်ဝနေ ကလေး ဖြစ်သည်။ ဥပကသည် အသက်အရွယ်အရ အတွေ့အကြုံများသူ အကြားအမြင် အသိရှိသူ ဖြစ်သည်။ စာပါကား အသက်အရွယ်အရ နုငယ် သေးသူဖြစ်၍ အတွေ့အကြုံနည်းသေးသူ ဖြစ်သည်။

သူတို့နှစ်ယောက် တွေ့ဆုံမိကြသောအခါ နုနယ်ငယ်ရွယ်သူ စာပါ အတွက် မည်သည့်ထူးခြားမှု တစ်စုံတစ်ရာမျှ မဖြစ်သော်လည်း ရင့်အိုသူ ဥပက ကြီး၌ ဇာစ်မျိုးတစ်မည် ဖြစ်နေသည်။

သို့ဖြင့် မတည်မငြိမ်ဖြစ်နေသော ကာယိန္ဒြေကို မထိန်းနိုင်တော့ဘဲ ဥပက ကြီးသည် စာပါတို့အိမ်မှ သူ့နေရာကျောင်းငယ်သို့ ပြန်ခဲ့သည်။ သူ့ကျောင်း ငယ်သို့ ပြန်ရောက်သော် ဆွမ်းစားရန်ပင် သတိမရ၊ ညောင်စောင်းထက်တွင် ပစ်လှဲအိပ်လိုက်သည်။ ရိုးရိုးငြိမ်ငြိမ် အိပ်နေခြင်းမျိုးမဟုတ်။ ဘယ်လူးညာလှိမ့် ဖြင့် ဂဏှာမငြိမ်ဖြစ်ကာ နှုတ်မှလည်း "စာပါ . . . စာပါ"ဟု အော်နေတော့ သည်။

ရက်အတန်ကြာသောအခါ စာပါ၏ဖခင် စန္ဒာမိမုဆိုးကြီးသည် တော လိုက်သွားရာမှ ပြန်ရောက်လာသည်။ ဆရာတက္ကတွန်းကြီးအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



သမီးအား မေးမြန်းသည်တွင် တစ်ရက်သာ ဆွမ်းခံလာပြီး နောက်ရက်များတွင် မလာတော့ကြောင်း သမီးက အကြောင်းစုံ ပြောပြသည်။

## မုဆိုးကြီးကျောင်းသို့လိုက်သွားပြီ

သို့ဖြင့် အကြောင်းစုံကိုသိရန်အတွက် မုဆိုးကြီး စန္ဒာမိသည် တက္ကတွန်းကြီးကျောင်းငယ်သို့ လိုက်သွားသည်။ တက္ကတွန်းကြီး ဥပကသည် ညောင်စောင်းထက်၌ လဲနေသည်ကို မုဆိုးကြီး မြင်သွားသည်။ မုဆိုးကြီးက သူ့ဆရာ ဥပက၏ ကိုယ်ခန္ဓာတို့ကို ဆုပ်နယ်ကြည့်သည်။ အသားအရေတို့ ပျော့အိအားနည်းကာ ဖျော့တော့တော့ဖြစ်နေသည်ကို ကိုင်စမ်းမိသည်။ သူ့အနီး၌လည်း နံ့ဟောင်နေကာ အနံ့လွှက်နေသည့် ဆွမ်းဟင်းများနှင့် ဆွမ်းထည့်သည့် ပစ္စည်းကိရိယာတို့ ပြန့်ကြဲနေသည်ကို တွေ့ရသည်။ စိုးရိမ်သဖြင့် စန္ဒာမိ မုဆိုးကြီးက ဆရာဖြစ်သူ ဥပကကို ဤသို့မေးလိုက်သည်။

"အရှင်ဘုရား၊ အဘယ်သို့သော နာလိုခံခက် စိတ်ချမ်းသာမှုကို ဖျက်ဆီးသည့် ဝေဒနာမျိုးကို ခံစားနေရပါသနည်း"

ဥပကကြီးက ချက်ချင်း အဖြေမပေးဘဲ ညည်းညူသံသဲ့သဲ့ဖြင့် မသဲကွဲသည့် စကားသံဖြင့် ပြန်ပြောသည်။ ထို့နောက် မေးသူ မုဆိုးကြီးကို ကျောပေးလျက် တစ်ဖက်သို့လှိမ့်ကာ လှည့်စောင်းသွားသည်။

မုဆိုးကြီးက စိတ်မချမ်းမသာဖြင့် ထပ်မေးပြန်သည်။

"အရှင်ဘုရား အလိုရှိတာကို မိန့်ကြားပါ။ တပည့်တော်အဖြစ်နိုင်ဆုံး ဖြည့်ဆည်းပေးပါမည်"

## ဥပကကြီးက ပြောပြပြီ

ဤတွင်မှ ဥပကကြီးက နာလိုခံခက်သူကို နှိပ်စက်နေသော အကြောင်းများဖြစ်သည့် စာပါကို မြင်ခဲ့ရပုံမှစကာ ယခုအခြေအနေအထိ သူခံစားနေရပုံများကို ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ သမီးစာပါကိုရမှ ဆက်လက် အသက်ရှင်နိုင်မည်ဆိုလျှင် သမီးစာပါနှင့် ပေးစားပါမည်။ လူ့လောက စားဝတ်နေရေးအတွက် တတ်သိထားသော အသက်မွေးဝမ်းကျောင်းပညာ တစ်စုံတစ်ရာများ အရှင်ဘုရားမှာ ရှိပါရဲ့လား ဘုရား"

"ဒါယကာကြီး၊ ကျွန်ုပ် တတ်သိထားသော အသက်မွေးဝမ်းကျောင်း ပညာ တစ်စုံတစ်ရာမျှ မရှိပါ"

"အရှင်ဘုရား၊ အသက်မွေးမှုပညာ ဘာမျှမတတ်ပါလျှင် လူ့ဘဝ၌ မယားကျွေးမှု၊ သားကျွေးမှုအတွက် စားဝတ်နေရေး ခက်ခဲပါမည်"

"ဒါယကာကြီး၊ တတ်ကျွမ်းထားသော အသက်မွေးမှုပညာမရှိသော်လည်း အသင်တို့နှင့်အတူ တောသို့လိုက်ကာ ရရှိလာသော သားကောင်များကို ထမ်းပါမည်။ အမဲများကိုလည်း ရောင်းပေးနိုင်ပါသည်"

မုဆိုးကြီးသည် ဒွေးနိုင်၊ ကြွယ်နိုင်သည့် အတတ်ပညာအကြောင်းနှင့် ရာထူးရာခံကြီးကြီးမားမားရနိုင်သည့် အသိပညာအကြောင်းတစ်စုံတစ်ရာမျှ ဥပကကြီးထံ၌ရှိသည်ဟု မကြားလိုက်ရ။ သို့သော်လည်း သားကောင်ကို ထမ်းကာ ရောင်းပေးနိုင်ပါသည်ဆိုသော စကားဖြင့်ပင် ကျေနပ်သွားလျက် သမီးစာပါကို ဥပကကြီးနှင့် ပေးစားလိုက်တော့သည်။

## သားသုဘဒ္ဒ

ထို့နောက် ဥပကကြီးဝတ်ရန် အပေါ်ရုံ အဝတ်တစ်ထည်ပေးလိုက်သည်။ ဥပကတို့ ဇနီးမောင်နှံသည် မိဘအိမ်၌ မိဘများနှင့်အတူ နေထိုင်လုပ်ကိုင် စားသောက်ကြသည်။ အတူပေါင်းသင်းနေထိုင်ရာမှ သူတို့ဇနီးမောင်နှံအတွက် သုဘဒ္ဒဟူသော သားလေးတစ်ယောက် ရရှိခဲ့သည်။

## သီချင်းဖြင့် ခံစားချက်ဖော်ထုတ်

စာပါသည် သားကလေးသုဘဒ္ဒကို ဂရုတစိုက် ပြုစုယုယသည်။ နို့ချို တိုက်ကျွေးကာ ကောင်းကောင်းမွန်မွန် မွေးမြူသည်။ ကလေးသိပ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆို၍သိပ်သည်။ သို့သော် သူဆို၍သိပ်သော သားချော့သီချင်းတွင် သက်ကျားအိုဖြစ်သူ သူ့အဘိုးအရွယ် ဥပကကြီးကို စောင်းကာချိတ်ကာဖြင့် သီချင်းဆိုလေ့ရှိသည်။ မိဘစကားနားထောင်သောအားဖြင့် သက်ကျားအိုကြီးနှင့် ပေါင်းသင်းနေရသည်ကို စာပါမကျေနပ်။ ဤအကြောင်းကို ဥပကြီးနှင့် ရရှိလာသော သားကလေးသုဘဒ္ဒအား ချော့မြှူသိပ်သည့်အခါတိုင်း သီချင်းဖြင့် သူ့ခံစားချက်ကို ဖော်ထုတ်သည်။

စာပါဆို၍သိပ်သော သားချော့သီချင်း *

အမဲသားထမ်း တက္ကတွန်း ရဟန်းလူထွက်သား၊ မုဆိုးနောက်လိုက် ငါ့ကိုကြိုက် အမိုက်လူထွက်သား။ မိခင်ချော့သိပ် အငိုတိတ် မောင်အိပ်ပါတော့လား။

မြကြိုးလိမ် စိန်ပုခက်ကယ်နှင့် စက်ပါတော့သားရွှေစင်။ ပျော်ကြောင်းငယ် မာယာနှင့် ဖွဲ့ဆိုကာ အမေလွှဲမယ်ပ၊ ရွှေခဲအငိုတိတ် မင်းအိပ်စေချင်။ မောင့်ဖခင် လူတွင်နောက်ဆုံး။ သည့်နှယ်ကိုရှောင်ခွာလို့ နောက်နောင်ခါ လွတ်အောင်ရှားပါတော့ မွေးမယ်တော် ခုမှာထားလိုက်မယ် သားလှရွှေကုံး။ ။

သား သုဘဒ္ဒကို သိပ်လေတိုင်း စာပါက သူ့ကိုစောင်းချိတ်၍ သီဆိုသော ဤသီချင်းဆိုသဖြင့် ဥပကကြီး ရှက်လာသည်။ သို့ဖြင့် တစ်နေ့တွင် သူက စာပါကို ဤသို့ ခြိမ်းခြောက်ပြောဆိုလိုက်သည်။

"ရှင်မ၊ သင်သည် ငါ့ကို အားကိုးရာမဲ့သူဟု မှတ်ထင်နေသလော။ ငါ့မှာ အနန္တဇိနအမည်ရှိ မိတ်ဆွေကောင်းကြီးရှိသည်။ ထိုမိတ်ဆွေကြီးထံသွား၍ ငါ ရဟန်းပြုရမည်လော"

ဥပကကြီးသည် စာပါအား ယင်းသို့ ပြန်ပြောရင်း အိမ်မှထွက်သွားရန် ပြင်သည်။ ထိုအခါ စာပါက 'အိုအရှင်၊ ဤသို့ မပြုပါလင့်၊ ယခင်အတိုင်း

* [ဤသားချော့သီချင်းကို မန်လည်ဆရာတော်ဘုရားကြီးရေးသည်]

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်တို့ကို ခံစားကာနေပါလော့၊ ကျွန်ုပ်နှင့်တကွ ဆွေမျိုးများကပါ သင့်အလိုကျ လိုက်နာကြပါမည်'ဟု ပြန်ပြောလေသည်။

ဥပကကြီးသည်လည်း ဘဝ ထိုထိုတို့တုန်းက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုထားရှိသူ ဖြစ်ပေသည်။ ထိုကောင်းမှုကုသိုလ် အရှိန်ကြောင့် သူသည် ကျွတ်တမ်းဝင်ချိန် နီးနေပေပြီ။

## ဥပကကြီး အိမ်မှထွက်ခဲ့ပုံ

"စာပါ၊ ဆင်ပြောင်ကြီးသည် ချည်နှောင်ထားသော အနှောင်အဖွဲ့တို့ကို ချိုးဖျက်ကာ သူသွားလိုရာကို သွားနိုင်သကဲ့သို့ ပညာရှိပုဂ္ဂိုလ်မြတ်တို့သည်လည်း သားကိုသော် လည်းကောင်း၊ မယားကိုသော် လည်းကောင်း စွန့်လွှတ်နိုင်ကုန်၏။ ဆွေမျိုးနှင့် စီးပွားဥစ္စာတို့ကိုလည်း အလွယ်တကူ စွန့်လွှတ်ကာ ရဟန်းပြုနိုင်ကြကုန်၏"

ဤသို့သော စကားများကို စာပါအားပြောဆိုကာ ဥပကကြီးသည် အိမ်မှ ထွက်လာခဲ့တော့သည်။ ထိုအချိန်တွင် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက်ရှိသည်။ ဥပကတက္ကတွန်းကြီး မိမိကို ရည်စူးလာနေကြောင်းကို သိရှိတော်မူသည်။ ထို့ကြောင့် တပည့်သား သံဃာတော်တို့အား ဤသို့ ဘုရားရှင်က မိန့်မှာတော်မူထားသည်။

"ရဟန်းတို့၊ အနန္တဇိနဟု ပြောဆို မေးမြန်းလာသူရှိလျှင် ထိုသူအား ငါဘုရားထံ အရောက်ခေါ်ခဲ့ကြ"

ဥပကကြီးသည် အနန္တဇိနဘယ်မှာရှိသနည်းဟု အိမ်မှထွက်ကတည်းက မေးမြန်းရင်းလာခဲ့ရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်လာခဲ့သည်အထိ ဖြစ်သည်။ ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းတို့က ဥပကကြီးအား မြတ်စွာဘုရားထံ ခေါ်ဆောင်သွားကြသည်။

ဥပကသည် ဘုရားရှင်ကို ဖူးတွေ့ရသည်နှင့် 'အနန္တဇိန အရှင်ဘုရား၊ အရှင် ဘုရားတို့သည် တပည့်တော်ကို မှတ်မိသိရှိကြပါကုန်သေး၏လော'ဟု မေးမြန်းလျှောက်ထားသည်။

66A ထေရီအပဒါန်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားရှင်က ဥပကကြီးအား မှတ်မိသိရှိကြောင်း ဖြေကြားတော်မူကာ ယခု ဥပကကြီး နေရာအရပ်ကို မေးတော်မူသည်။ ဥပကကြီးကလည်း ဝင်္ကဟာရ ဇနပုဒ်၌နေကြောင်း၊ မုဆိုးကြီးစန္ဒာမိသမီး စာပါနှင့် အိမ်ထောင်ကျခဲ့၍ သားတစ်ယောက်ရခဲ့ကြောင်း ပြန်လည် လျှောက်ထားသည်။

## အသက်ကြီးပြီ၊ ရဟန်းပြုနိုင်မည်လား

ဘုရားရှင်က "ဥပကကြီး၊ သင်သည် အသက်အရွယ်ကြီးပြီ၊ သာသနာတော်၌ ရဟန်းပြုနိုင်မည်လောဟု မေးတော်မူသဖြင့် ဥပကကြီးက ရဟန်းပြုနိုင်ကြောင်း ဖြေကြားသည်။ ဘုရားရှင်သည် ဥပကကြီးအား ရဟန်းပြုစေပြီးလျှင် သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးသည်။

ဥပကကြီးသည် ဘုရားရှင်ပေးသော ကမ္မဋ္ဌာန်းကို ယူပြီးလျှင် ကြိုးစားအားထုတ်လေရာ အနာဂါမ်ဖြစ်သွားလေသည်။

ဥပကကြီးသည် ထိုဘဝမှ စုတေကွယ်လွန်သော် သုဒ္ဓါဝါသ ပြဟ္မာ့ဘုံတို့တွင် ပထမဘုံဖြစ်သော အဝိဟာဘုံသို့ လားရောက်ရလေသည်။ အဝိဟာဘုံသို့ လားရောက်ပြီးနောက်သော် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

## စာပါလိုက်လာပြီ

ဥပကတက္ကတွန်းကြီး အိမ်မှ ထွက်ခွာသွားပြီးနောက် စာပါသည် သားသုဘဒ္ဒကို အဘိုးအဘွားတို့ထံ အပ်နှံသည်။ ထို့နောက် ဥပကကြီးအကြောင်းကို မေးမြန်း စုံစမ်းပြီး ဥပကကြီးရှိရာသို့ လိုက်လာခဲ့သည်။

ဇေတဝန်ကျောင်းတော်သို့ စာပါ ရောက်လာသောအခါ ဥပကကြီးသည် ရဟန်းပြုသွားပြီဖြစ်ကြောင်း သိသွားသည်။ သို့ဖြင့် စာပါသည် ဘိက္ခုနီတို့ထံသွားကာ သူ့ကိုလည်း ရဟန်းပြုပေးပါရန် ပန်ကြားသည်။ ဘိက္ခုနီများက စာပါ၏ ဆန္ဒနှင့်အညီ စာပါအား ရဟန်းပြုပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာပါရဟန္တာဖြစ်ပြီ

စာပါသည် ရဟန်းဖြစ်ပြီးသောအခါဆိတ်ငြိမ်ရာသို့သွားလျက် ဝိပဿနာပွားများအားထုတ်ရာ မကြာမီအချိန်မှာပင် စာပါထေရီသည် ရဟန္တာ ဖြစ်တော်မူလေသည်။

စာပါထေရီသည် ရဟန္တာဖြစ်ပြီးနောက် မိမိဘာဝအဖြစ်စုံကို ပြန်လည်ဟောပြတော်မူသည်။

စာပါထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# သုမင်္ဂလမာတာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော်တွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ ပါရမီများ ဖြည့်ကျင့်ဆည်းပူးခဲ့သူဖြစ်သည်။ သို့ရာတွင် တစ်စုံတစ်ခုသော အကုသိုလ်ကံ၏ အကျိုးပေးမှုကြောင့် ဤဘုရားရှင်၏ လက်ထက်တော်တွင် သာဝတ္ထိမြို့တော်၌ သူဆင်းရဲ၏သမီးတစ်ဦး ဖြစ်လာရ၏။

## အိမ်ထောင်ပြုခဲ့ရ

ထေရီလောင်းလျာ သတို့သမီး အရွယ်ရောက်လတ်သော် မိဘများကဝါးများဖြင့် ထီးလုပ်ကိုင် စားသောက်ရသော အမျိုးသားတစ်ယောက်နှင့် လက်ထပ်ပေးသဖြင့် အိမ်ထောင်ကျကာ ခင်ပွန်းနှင့်အတူနေခဲ့သည်။

## သုမင်္ဂလမာတာ

ထိုအမျိုးသားနှင့် ပေါင်းဖော်သဖြင့် သုမင်္ဂလမည်သော သားကလေးတစ်ယောက် ရရှိခဲ့သည်။ ထိုသားကလေးကို အကြောင်းပြုကာ မိခင်ဖြစ်သူကိုလည်း သုမင်္ဂလမာတာဟူ၍ပင် အများတကာက ခေါ်ဝေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သုမင်္ဂလသတို့သား အရွယ်ရောက်လတ်သောအခါ သာသနာတော်၌ ရဟန်းပြု၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားသည်။ ဤတွင် မိခင်ဖြစ်သူ သုမင်္ဂလမာတာသည်လည်း မိမိ၏အိမ်၌နေထိုင်ရသည်ကို ငြီးငွေ့လျက်ရှိသည်။ ဆင်းရဲသူဖြစ်သဖြင့် မိမိဝမ်းစာဆန်ကို မိမိဘာသာလက်ဆုံဖြင့် ထောင်းဖွပ်လျက် စားသောက်ခဲ့ရ၏။

## ဘဝကိုငြီးငွေ့လာ၍

လင်ဖြစ်သူမှာလည်း ဝါးများကို ရှာဖွေစုဆောင်းကာ နေ့စဉ်နှင့်အမျှ ထီးလုပ်၍ အသက်မွေးရသူဖြစ်သဖြင့် ဆင်းရဲပင်ပန်းလှသည်။ လင်ဖြစ်သူ၏ ထီးလုပ်ရန်ဝါးများကို ခွဲစိတ်သံသည်လည်း ဤထေရီလောင်းလျာအတွက် နားငြီးစရာပင်။ ဆင်းရဲပင်ပန်းလှသည့်ပြင် ဆူညံသည့် အသံဗလံတို့ကြောင့် သူ့ဘဝကို ပို၍ ငြီးငွေ့စရာဖြစ်စေသည်။ သူတို့ဘဝသည် ထမင်းချက်သည့် အိုးကိုပင် လဲလှယ်ခြင်းမပြုနိုင်။ ထပ်ကာ ထပ်ကာ သုံးနေရသဖြင့် ရေမြွေ အနံ့နံနေသည်အထိ ဖြစ်နေရသည်။

## အရဟတ္တဖိုလ်ရပြီ

ဤသို့သော ဆင်းရဲဒုက္ခတို့ကြောင့် သုမင်္ဂလမာတာသည် လင်ကို ခွင့်ပန်ကာ သာသနာတော်၌ ရဟန်းပြု၏။ ဘိက္ခုနီအဖြစ်ကို ရရှိပြီးနောက် သုမင်္ဂလမာတာထေရီသည် လူ့ဘဝတုန်းက မိမိပင်ပန်းခဲ့ရပုံများကို သံဝေဂယူလျက် ဝိပဿနာတရား ပွားများအားထုတ်ရာ ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

## မိမိဘဝအကြောင်း ပြန်ပြောင်းဟောပြ

ရဟန္တာပုဂ္ဂိုလ် သုမင်္ဂလမာတာထေရီသည် အတိတ်က မိမိပင်ပန်းဆင်းရဲခဲ့ပုံများနှင့် ယခု ဘိက္ခုနီဘဝ၏ ချမ်းသာနေပုံတို့ကို နှိုင်းယှဉ်ကာ ဤသို့ ပြန်လည်ဟောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါသည် ရှေးရှေးသော ဘဝတို့၌ ကုသိုလ်ပါရမီများပြုခဲ့သော်လည်း ယခုဘဝတွင် ဆင်းရဲသူတစ်ယောက် ဖြစ်ခဲ့ရသည်။ အိမ်ထောင်ကျသဖြင့် သားတစ်ယောက်ရရှိခဲ့သည်။ ထိုသားသည် သာသနာတော်၌ ရဟန်းပြု သွားကာ ရဟန္တာ ဖြစ်ခဲ့ပြီ။ ငါသည်လည်း ထိုသားကို အမှီပြုကာ သာသနာ တော်၌ သုမင်္ဂလမာတာဟု ထင်ရှားခဲ့ပြီ။

ဘဝ၌ ဆင်းရဲပင်ပန်းစွာ အသက်မွေးနေခဲ့ရာမှမိမိဘဝကို ငြီးငွေ့ခဲ့ပြီး ဘိက္ခုနီပြုခဲ့သည်။ ထို့နောက် ဥပဇ္ဈာယ်ဆရာတို့၏ အဆုံးအမအတိုင်းလိုက်နာ အားထုတ်ခဲ့သဖြင့် ဘဝဒုက္ခမှ ကျွတ်လွတ်ခဲ့ရပြီ။

သုမင်္ဂလမာတာထေရီ အပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# ဥပ္ပရီထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီနေပြည်တော်တွင် ပန်းသည် အမျိုးသမီး ဖြစ်ခဲ့သည်။ သူသည် ပြုလုပ်ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ် ရှိသူပီပီ လိမ္မာယဉ်ကျေးသူလေး တစ်ယောက်ဖြစ်နေခဲ့သည်။

## ဆွမ်းခံကြွလာထေရ်ရဟန္တာ

တစ်နေ့တွင် သူသည် အိမ်၌ တစ်ယောက်တည်း ရှိနေစဉ် အချိန်ကို အလဟဿ ကုန်လွန်စေခြင်း မပြုဘဲ ရတနာသုံးပါးကို အာရုံပြုလျက် ကုသိုလ် စိတ်ကို ပွားထုံပြီး သူတော်ကောင်းဂုဏ်နှင့် ပြည့်စုံစွာ နေထိုင်နေခဲ့သည်။ ထိုသို့နေစဉ်အခိုက်တွင် ရဟန္တာအရှင်မြတ်တစ်ပါးသည် မွန်းတည့်လုနီး နေ့အပူ ကြီးသည့်အချိန်တွင် သပိတ်ကိုပိုက်ကာ ဆွမ်းခံကြွလာတော်မူသည်ကို မြင်တွေ့ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူသည် အိမ်ပေါ်မှဆင်းပြီး 'တပည့်တော်မအိမ်သို့ ကြွတော်မူပါ။ ဆွမ်းလှူပါရစေဘုရား'ဟု လျှောက်ထားသည်။ ရဟန္တာအရှင်မြတ်ကြီးက လည်း သည်းခံတော်မူပြီး ပင့်လျှောက်သည့်အတိုင်း သူ့အိမ်ပေါ်သို့ ကြွတော် လာခဲ့သည်။

## မိမိစားဖွယ် ရဟန္တာကိုလှူပြီ

အိမ်ပေါ်သို့ ကြွလာသော ရဟန္တာအတွက် ကောင်းမွန်သစ်လွင်သော အခင်းများကို သူက ရိုသေစွာ ခင်း၍ပေးသည်။ အခင်းပေါ်၌ ရဟန္တာ အရှင် မြတ်ကြီး စံနေတော်မူသော် အမျိုးသမီးကလေးက သပိတ်တော်ကိုယူပြီး သူ စားမည့် အစားအစာ ခဲဖွယ်ဘောဇဉ်များကို သူမစားတော့ဘဲ သပိတ်တော် ထဲသို့ အကုန် လောင်းထည့်လှူလိုက်သည်။ ထိုအခါ ရဟန္တာ အရှင်မြတ်က အမျိုးသမီးကလေးအား သဒ္ဓါတရား ပွားစေရန် ဆွမ်းအနုမောဒနာ တရား ဟောကြားပြီး ပြန်ကြွသွားတော်မူသည်။

ထိုအမျိုးသမီးကလေး စားရန်အတွက် မိဘများက သီးသန့် ချန်ထား ခဲ့သည့် စားဖွယ်များကို မစားဘဲ ရဟန္တာ အရှင်မြတ်အား လှူဒါန်းလိုက်ရသည့် အတွက် နှစ်သက်ဝမ်းသာခြင်း ဖြစ်ရသည်။ ထိုနှစ်သက်ဝမ်းသာမှု အစွမ်း ကြောင့် အမျိုးသမီးကလေး၌ ဆာလောင်မှုမဖြစ်ဘဲ အဆာပြေနေခဲ့သည်။ ဝမ်းသာမှု ပီတိ၏အရသာသည် ဤသို့လည်းဖြစ်စေနိုင်သည်ကို ဝမ်းသာဖူး သူတို့ ကြုံတွေ့ ခံစားရဖူးပေမည်။

ဤသို့ လှူဒါန်းလိုက်ရသည့် ဆွမ်းဒါနကို သူ့ဘဝတစ်လျှောက် အကြိမ် ကြိမ် သတိရ ပွားများနေမိသည်။ ထိုဘဝမှ သူ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ရသည်။ ယူဇနာခြောက်ဆယ်ကျယ်သည့် ဗိမာန်ကြီးအတွင်း အခင်းအမျိုးမျိုး၊ ပလ္လင်ညောင်စောင်းအမျိုးမျိုးတို့ဖြင့် ခမ်းနား ပြည့်စုံစွာ ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထေရီ၏ ပြန်လည်ပြောပြချက်

ထိုအမျိုးသမီးလေး၏ လျှုဒါန်းလိုသော ဆန္ဒဖြစ်ပေါ်ပုံနှင့် လျှုဒါန်းလိုက်ပုံကို ထေရီအပဒါန် ပါဠိတော်ကြီး၌ ဤသို့ ဖော်ပြခဲ့သည်။

နဂရေ ဟံသာဝတိယာ၊ အဟောသိ မာလိကာ တဒါ။
မာတာ စ မေ ပိတာစေဝ၊ ကမ္မန္တံ အဂမံသု တေ။

တဒါ၊ ထိုရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသာဝတိယာ၊ ဟံသာဝတီနေပြည်တော်ကြီး၌။ မာလိကာ၊ ပန်းသည်အမျိုးသမီးကလေးသည်။ အဟောသိ၊ ဖြစ်ခဲ့ရဖူးပါပြီ။ မေ၊ အကျွန်ုပ်၏။ မာတာစ၊ မိခင်သည်လည်းကောင်း။ ပိတာစေဝ၊ ဖခင်သည်လည်းကောင်း။ တေ၊ ထိုမိဘနှစ်ပါးတို့သည်။ ကမ္မန္တံ၊ ဆိုင်ရာအလုပ်ခွင်သို့။ အဂမံသု၊ ထွက်သွားကြလေကုန်၏။

မဇ္ဈန္ဟိကမှိ သူရိယေ၊ အဒ္ဒသံ သမဏံ အဟံ။
ဝီထိယာ အနုဂစ္ဆန္တံ၊ အာသနံ ပညပေသဟံ။

သူရိယေ၊ ရှင်နေမင်းသည်။ မဇ္ဈန္ဟိကမှိ၊ မွန်းတည့်ချိန်အနီးသို့ ရောက်လတ်သည်ရှိသော်။ ဝီထိယာ၊ အလွန်ပူသော လမ်းခရီး၌။ အနုဂစ္ဆန္တံ၊ အစဉ်အတိုင်းလှမ်း၍ ဆွမ်းခံကြွမြန်းတော်မူလာသော။ သမဏံ၊ ရဟန္တာအရှင်မြတ်ကြီးတစ်ပါးကို။ အဟံ၊ အကျွန်ုပ်သည်။ အဒ္ဒသံ၊ ဖူးမြင်ရပါပြီ။ တဒါ၊ ထိုအခါ၌။ အာသနံ၊ ကောင်းမွန်မြင့်မြတ်သော နေရာကောင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ပညာပေသိ၊ ခင်း၍လှူဒါန်းပါပြီ။

သန္တတ္တာ ကုထိတာ ဘူမိ၊ သူရော မဇ္ဈန္ဟိကေ ဋ္ဌိတော။
မာလုတာ စ န ဝါယန္တိ၊ ကာလော စေဝေတ္ထ မေဟိတိ။

ဘန္တေ၊ အရှင်ဘုရား။ ဘူမိ၊ မြေအပြင်သည်။ ကုထိတာ၊ ကြိုက်ကြိုက်ဆူမျှ။ သန္တတ္တာ၊ လွန်စွာပူပြင်းလှပါ၏။ သူရော၊ နေမင်းသည်။ မဇ္ဈန္ဟိကေ၊ မွန်းတည့်ချိန်အနီးကလေး၌။ ဋ္ဌိတော၊ တည်၍နေပါပြီ။ မာလုတာစ၊ လေပြည်

www.burmeseclassic.com

www.burmeseclassic.com



လေညင်းတို့သည်လည်း။ နဝါယန္တိ၊ မလာကြကုန်။ ထွေ၊ ဤလောလော ပူသော လမ်းခရီး၌ပင်လျှင်။ ကာလောစေဝ၊ နေ့ဆွမ်းစားချိန်သည်လည်း။ ဟောတိ၊ ဆိုက်ရောက်ပါတော့မည်။

ပညတ္တမာသနမိဒံ၊ တဝတ္ထာယ မဟာမုနိ။
အနုကမ္ပံ ဥပါဒါယ၊ နိသီဒ မမ အာသနေ။

မဟာမုနိ၊ ရဟန္တာအရှင်မြတ်ကြီးဘုရား။ ဣဒံအာသနံ၊ ဤထူးမြတ်သော နေရာကို။ တဝတ္ထာယ၊ အရှင်ဘုရား၏အလို့ငှာ။ ပညတ္တံ၊ အသင့်ခင်း၍ ထားအပ်ပါပြီ။ အနုကမ္ပံ၊ တပည့်တော်မအား သနားတော်မူသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ မမအာသနေ၊ တပည့်တော်မ ခင်းထားအပ်သော နေရာ ထက်၌။ နိသီဒ၊ ကြည်လင်ရွှင်ပြုံး သီတင်းသုံးနေတော်မူပါဘုရား။

နိသီဒိ တတ္ထ သမဏော၊ သုဒန္တော သုဒ္ဓမာနသော။
တဿ ပတ္တံ ဂဟေတွာန၊ ယထာရန္ဓံ အဒါသဟံ။

သုဒန္တော၊ ကောင်းစွာ ယဉ်ကျေးတော်မူပြီးထသော။ သုဒ္ဓမာနသော၊ ကိလေသာမြူ ကင်းသဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်နှလုံးရှိတော်မူပေထသော။ သမဏော၊ ရဟန္တာအရှင်မြတ်ကြီးသည်။ တတ္ထ၊ ထိုခင်းထားအပ်သော နေရာ တော်မြတ်၌။ နိသီဒိ၊ ချမ်းသာရွှင်ပြုံးသီတင်းသုံးနေထိုင်တော်မူပေပြီ။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထိုရဟန္တာအရှင်မြတ်ကြီး၏။ ပတ္တံ၊ သပိတ်တော်ကို။ ဂဟေတွာန၊ ယူ၍။ ယထာရန္ဓံ၊ ကျွန်ုပ်စားဖို့အတွက် အရံသင့် ချက်ပြုတ်ထားအပ်ပြီးသော ဘောဇဉ်ကို။ အဒါသိ၊ လှူဒါန်းဆက်ကပ် လိုက်ပါသတည်း။

ဤဒါနရှင် အမျိုးသမီးကလေးသည် ဤသို့လှူခဲ့သည့် စေတနာကြောင့် တာဝတိံသာ၌ သုခံစားခဲ့ပြီးနောက် ဘဝများစွာတို့တွင်လည်း အပါယ်မလား ရဘဲ သုဂတိဘုံဘဝတို့၌သာ ဖြစ်နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤဘုရားရှင်လက်ထက်၌

ယခု ရှင်တော်ဂေါတမဘုရား လက်ထက်တော်အခါတွင်မူ ဤထေရီလောင်း လျာသည် သာဝတ္ထိမြို့တော်ကြီးဝယ် သူဌေးကြီးတစ်ဦး၏ သမီးဖြစ်လာရသည်။ ဘုန်းကံပါရမီ စုံညီပြည့်ဖြိုးစွာပါရှိလာသူဖြစ်၍ သူ့ကုသိုလ်ကံ အကျိုးပေးအရ သူသည် အမျက်ဒေါသနည်းသည်။ စိတ်နှလုံးပူပန်မှုမဖြစ်။ ရုပ်ဆင်းအင်္ဂါလှပသူ ဖြစ်ခဲ့သည်။

သူ့ကိုမွေးဖွားပြီးသောအခါ သူ့အမည်ကို "ဥပ္ပလဝဏ်"ဟု မိဘများက အမည်ပေးလိုက်ကြသည်။ အဓိပ္ပာယ်အားဖြင့် မြင့်မြတ်သူဟု အဓိပ္ပာယ်ရှိသူဖြစ်သည်။

အရွယ်သို့ရောက်သော် နတ်သမီးပျိုတစ်ဦးကဲ့သို့ လှပယဉ်ကျေးသည်။ သူ့အကြောင်းများကို ကောသလမင်းကြီး ကြားသိသောအခါ သူ့ကိုသိမ်းပိုက်သည်။ မဟေသီအဖြစ်သော်ကား ချက်ချင်း ချီးမြှင့်တော်မမူသေးပေ။

## သမီးဇီဝါဖွားမြင်

ကောသလမင်းကြီး သိမ်းပိုက်ပြီးနောက် သုံးနှစ်ခန့်ကြာသော် ဥပ္ပလဝဏ်သည် သမီးတော်လေးတစ်ပါး ဖွားမြင်တော်မူသည်။ သမီးတော်ကလေးကို ကောသလမင်းကြီးက အလွန် ချစ်ခင်တော်မူသည်။ သမီးတော်ကလေး၏ မျက်နှာကြောင့် ဥပ္ပလဝဏ်မိဖုရားကို မဟေသီမိဖုရားကြီးအရာသို့ ဘိသိက်သွန်း၍ မြှောက်စားတော်မူသည်။ သမီးတော်ကလေး၏အမည်ကိုလည်း "ဇီဝါ"ဟု ပေးထားကြသည်။ အသက်ရှည်သူဟု ဆိုလိုသော အဓိပ္ပာယ်ရှိသည့် အမည်ဖြစ်သည်။

သို့သော် အသက်ရှည်စေလို၍ မိဘများက ဇီဝါဟုအမည်ပေးခံရသူ သမီးတော်ကလေးသည် တီတီတာတာဖြင့် ချစ်စရာကောင်းသည့် အရွယ်မှာပင် ရောဂါတစ်ခုကြောင့် ကွယ်လွန်သွားခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## သမီးတော်သောက

ထိုအခါ မယ်တော် မိဖုရားကြီးမှာ သမီးကလေးကြောင့် သောက ပယ်လယ်ဝေ၍ ဒုက္ခလှလှကြီး တွေ့ရရှာသည်။ အပူမီးဝိုင်းသဖြင့် အရှူးတစ်ပိုင်း ဖြစ်သွားရသည်အထိပင် ဖြစ်ခဲ့ရသည်။ သို့ဖြင့် ဥပ္ပရီမိဖုရားသည် သမီးတော် ကလေးကြောင့် နေ့စဉ် ပူဆွေးငိုကြွေးနေခဲ့သည်။ သမီးကလေး သင်္ဂြိုဟ်ရာ အစိရဝတီ မြစ်ကမ်းပါးရှိ သုသာန်သို့လည်း သွားရောက် ငိုကြွေးနေခဲ့သည်။ ကောသလမင်းကြီးသည်လည်း မိဖုရား၌ ဖြစ်ပေါ်ခံစားနေရသော သောကကို ငြိမ်းအောင် ပြုလုပ်မပေးနိုင် ဖြစ်နေခဲ့သည်။

## နန်းတော်မှထွက်ကာ ဘုရားရှင်ထံသို့

တစ်နေ့တွင်မူ ဥပ္ပရီမိဖုရားသည် သမီးသောကမှ ကင်းစေတော့ဟူသော စိတ်ကူးဖြင့် နန်းတော်မှ ရုတ်တရက်ထွက်ခဲ့ပြီး ဘုရားရှင်ရှိရာ ဇေတဝန် ကျောင်းတော်သို့ သွားသည်။ ဘုရားရှင်ထံသို့ရောက်သော်လည်း သူ့တွင် လောင်မြိုက်နေသော အပူသောကမီးသည် မငြိမ်းနိုင်သေးပေ။ ထို့ကြောင့် သူသည် ဘုရားရှင်ထံမှ ထွက်ခွာလာခဲ့ပြီး သမီးလေး၏ သင်္ချိုင်းရှိရာ အစိရဝတီ မြစ်ကမ်းပါးသို့ သွားရောက်ပြီး ငိုကြွေးနေခဲ့သည်။

## နိမ္မိတ ဘုရားရှင်နှင့်တွေ့ပြီ

ဘုရားရှင်သည် ဥပ္ပရီမိဖုရားကြီး ကျွတ်တမ်းဝင်တော့မည့် အရေးကို မြင်တော်မူသဖြင့် နိမ္မိတ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖန်ဆင်းသည်။ ထိုဖန်ဆင်း ထားသော နိမ္မိတရုပ်ပွားတော်ကို ကြည်ညိုဖွယ်ရာကောင်းသော ရောင်ခြည် တော်များ လွှတ်စေကာ မိဖုရားအနီးသို့ ပို့တော်မူသည်။ နိမ္မိတရုပ်ပွားတော် သည် သောကရှင် မိဖုရားအနီးသို့ရောက်သော် ဤသို့ မေးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သမီး၊ စိုးရိမ်ကြီးစွာဖြင့် အဘယ့်ကြောင့် ဤနေရာသို့ လာရောက်ကာ ငိုကြွေးနေရပါသနည်း"

"တပည့်တော်မ၏ သမီးကလေး ဇီဝါကွယ်လွန်သွားသဖြင့် ပူဆွေးသောက ဖြစ်ပွားပြီး သမီးကလေး မြှုပ်နှံရာသင်္ချိုင်းသို့လာရောက် ငိုကြွေးနေရပါသည် အရှင်ဘုရား"

"ချစ်သမီး ဥပ္ပရီ၊ ဤသင်္ချိုင်းမြေတွင် သင့်သမီး ဇီဝါပေါင်း များစွာ ကွယ်လွန်ခဲ့ကြ၍ မြှုပ်နှံစွန့်ပစ်ခဲ့ဖူးလေပြီ။ ဤသို့ များပြားလှသော သမီး ဇီဝါတို့အနက် အဘယ်သမီး ဇီဝါကို စွဲလမ်းကာ ပူဆွေးသောက ဖြစ်နေရပါသနည်း"

ဤသို့ နိမ္မိတရုပ်ပွားတော်နှင့် အပြန်အလှန် မေးမြန်း လျှောက်ထားပြီးသည့်အခါ ပြုခဲ့ဖူးသော ပါရမီရှိသူပီပီ မိဖုရားကြီး ဥပ္ပရီသည် သတ္တဝါတို့ သေကြေကြရသည့် မရဏဒုက္ခအကြောင်း စိတ်၌ ထင်မြင် သဘောပေါက်လာသည်။ သမီး ဇီဝါသာမက သူသည်လည်း တစ်နေ့တွင် ထိုသမီး ဇီဝါကဲ့သို့ သေရဦးမည်ဟုလည်း အတွေးအသိများ ဝင်လာသည်။

## အတွေးမှ အမြင်အသိသို့

ထို့နောက် သူသည် သူ တွေးမြင်သိရှိသည့်အတိုင်း ဝိပဿနာဉာဏ်သို့ ကူးပြောင်းကာ ပွားများအားထုတ်သည်။ ဘဝပေါင်းများစွာက ပြုခဲ့ဖူးသော ကောင်းမှုနှင့် ပါရမီရှိသူဖြစ်သဖြင့် မကြာမီပင် ဥပ္ပရီမိဖုရားကြီးသည် ရဟန္တာ ဖြစ်တော်မူသည်။

## ဥဒါန်းကျူးပြီ

ရဟန္တာဖြစ်တော်မူပြီးနောက် ဥပ္ပရီ မိဖုရားကြီးသည် နန်းတော်သို့ ပြန်ကာ ဘိက္ခုနီပြုခွင့်ရရန် ကောသလမင်းကြီးကို ပန်ကြားသည်။ မင်းကြီး၏ခွင့်ပြုချက် ရသောအခါ ဘိက္ခုနီကျောင်း၌ ဘိက္ခုနီပြုတော်မူသည်။

ရဟန္တာဖြစ်တော်မူပြီးနောက် ထေရီသည် ဝမ်းသာလွန်းသဖြင့် ဤသို့ ဥဒါန်းကျူးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥဒါန်းကျူးပုံ

အပ္ပဟီ ဝတ မေ သလ္လံ၊ ဒုဒ္ဒသံ ဟဒယဿိတံ။
ယံ မေ သောကပရေတာယ၊ ဓီတုသောကံ ဗျပါနုဒိ။

မေ၊ အကျွန်ုပ်၏။ ဟဒယဿိတံ၊ နှလုံးအတွင်း၌ ကိန်းဝပ်၍နေသော။ ဒုဒ္ဒသံ၊ ပကတိမျက်စိဖြင့် ရှုကြည့်တွေ့မြင်ခြင်းငှာ မစွမ်းနိုင်သော။ သလ္လံ၊ စိုးတကြောင့်ကြောင့် သောကငြောင့်ကို။ အဟံ၊ အကျွန်ုပ်သည်။ အပ္ပဟီ၊ မကျန်မကြွင်းအောင် ခုတ်ထွင်ရှင်းလင်းအပ်လေပြီတကား။ ယံ-ယသ္မာ၊ အကြင်သို့သော အကြောင်းကြောင့်။ သောကပရေတာယ၊ စိုးရိမ်ပူဆွေး သောကဘေးဖြင့် မအေးနိုင်အောင် နှိပ်စက်ခြင်းခံ၍နေရသော။ မေ၊ အကျွန်ုပ်၏။ ဓီတုသောကံ၊ သမီးတော်အရေးကြောင့် ပူဆွေးထိန်ညီး သောကမီးကို။ ဗျာပါနုဒိ၊ ပယ်ရှားနိုင်ခဲ့ပေပြီတကား။

သာ'ဇ္ဇ အဗ္ဗူဠှ သလ္လာဟံ၊ နိစ္ဆာတာ ပရိနိဗ္ဗုတာ။
ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဥပေမိ သရဏံ မုနိံ။

အဇ္ဇ၊ ယခုအခါ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ အဗ္ဗူဠှသလ္လာ၊ သောကငြောင့်ကြီး နုတ်အပ်ပြီးသည်ဖြစ်၍။ နိစ္ဆာတာ၊ ဘယ်အရာကိုမှ တွယ်တွယ်တာတာနှင့် ဆာလောင်တောင့်တခြင်းမရှိဘဲ။ ပရိနိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း ဇာတ်ကုန်သိမ်း၍ အငြိမ်းကြီးငြိမ်းခဲ့လေပြီတကား။ အဟံ၊ အကျွန်ုပ်သည်။ မုနိံ၊ မုနိအပေါင်းတို့၏ မကိုဋ် အမြိုက်နန်းကြီး၏သခင် နိဗ္ဗာန်ရှင် ဖြစ်တော်မူသော။ ဗုဒ္ဓဉ္စ၊ ရှင်တော်ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ၊ အားကိုးပြုကာ ကိုးကွယ်ရာဟူ၍။ ဥပေမိ၊ အသက်ပါနှင်းအပ်၍ ဆည်းကပ်ကိုးကွယ်ခဲ့ပါပြီ။

ဥပ္ပရီထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



# ဒန္တိကာထေရီ အပဒါန်ဝတ္ထု

ဤဒန္တိကာထေရီလောင်းလျာသည် ဘုရားရှင်များ ပွင့်ထွန်းတော်မူခြင်း မရှိသည့် သုညကမ္ဘာတစ်ခုတွင် ကိန္နရီမလေးဖြစ်ခဲ့ရဖူးသည်။ ထိုကိန္နရီမလေးသည် ထူးဆန်းလှပသော ပန်းများကို ဆွတ်ခူးပြီး ပန်းဝတ်ရုံကဲ့သို့ ပြုလုပ်ဆင်မြန်းလျက် စန္ဒဘာဂါ အမည်ရှိ မြစ်ကမ်းတစ်ခွင် သဲသောင်ပြင်တို့၌ မြူးထူးစွာ ကခုန်ပျော်မြူးနေလေ့ရှိသည်။

## အင်ကြင်းပန်းလှူလိုက်ပြီ

တစ်နေ့ ထိုသို့ ပျော်ရွှင်မြူးထူးကာ ကခုန်နေခိုက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါး မြစ်ကမ်းပါးအနီး သစ်ပင်ကြီးတစ်ပင်အောက်တွင် သမာပတ်ချမ်းသာဖြင့် ငြိမ်သက်စွာ သီတင်းသုံးနေတော်မူသည်ကို သူ မြင်တွေ့ရသည်။ သူတို့ပျော်စံရာ တောတောင်တစ်ခွင်၌လည်း အင်ကြင်းပန်းများ လှိုင်လှိုင်မြိုင်မြိုင် ပွင့်နေချိန်ဖြစ်၍ ထိုပန်းများကို ခူးယူကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆက်ကပ်လှူဒါန်းခဲ့သည်။

## ကုသိုလ်အကျိုး ခံစားရပြီ

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း တိရစ္ဆာန်ဇာတ်ဖြစ်သော ကိန္နရီမကလေးသည် လိမ္မာပေစွ၊ နောင်အနာဂတ်သံသရာ၌ ကြီးကျယ်စွာ အကျိုးပေးလတ္တံ့သည်ကို မြင်တော်မူ၍ ကိန္နရီမလေး လှူဒါန်းသော အင်ကြင်းပန်းကို ခံယူတော်မူသည်။ ထိုကိန္နရီမကလေးသည် အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေသွားသောအခါ အင်ကြင်းပန်း လှူဒါန်းရသော ဒါနစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရသည်။

ဤအကြောင်းများကို ထေရီအပဒါန်၌ ဤသို့ဖော်ပြထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ထေရီအပဒါန်၌ ဖော်ပြထားပုံ

စန္ဒဘာဂနဒီတီရေ၊ အဟောသိံ ကိန္နရီ တဒါ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ သယမ္ဘုံ အပရာဇိတံ။

အဟံ၊ အကျွန်ုပ်သည်။ အတီတေ၊ ရှေးလွန်လေပြီးသောအခါ၌။ စန္ဒဘာဂ နဒီတီရေ၊ စန္ဒဘာဂမည်သော မြစ်၏ကမ်းနား၌။ ကိန္နရီ၊ ကိန္နရီမကလေး သည်။ အဟောသိံ၊ ဖြစ်ခဲ့ရဖူးပါပြီ။ တဒါ၊ ထိုကိန္နရီမကလေး ဖြစ်ရသောအခါ၌။ ဝိရဇံ၊ ကိလေသာမြူမှုန်တို့မှ အလုံးစုံ ကင်းဝေးစင်ကြယ်တော်မူပြီးထသော။ အပရာဇိတံ၊ ကိလေသာတည်းဟူသောရန်သည် တစ်ဖန်အောင်ခြင်းငှာ မစွမ်း နိုင်ထသော။ သယမ္ဘုံ၊ ဆရာမကူ သယမ္ဘူမှန် ကိုယ်ပိုင်ဉာဏ်ဖြင့် လျင်မြန်စွာ သိတော်မူပြီးထသော။ ဗုဒ္ဓံ၊ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို။ အဒ္ဒသံ၊ ဖူးမြင် တွေ့ဆုံခဲ့ရပါပြီ။

ပသန္နစိတ္တာ သုမနာ၊ ဝေဒဇာတာ ကတဉ္ဇလီ။
သာလမာလံ ဂဟေတွာန၊ သယမ္ဘုံ အဘိပူဇယိံ။

တဒါ၊ ထိုသို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဖူးမြင်ရသောအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ပသန္နစိတ္တာ၊ သဒ္ဓါစရိုက်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် ကြည်ညိုခဲ့ပေ ၏။ သုမနာ၊ စိတ်ထားမြတ်သဖြင့် အထပ်ထပ် ဝမ်းမြောက်ခဲ့ပေ၏။ အဟံ၊ အကျွန်ုပ်သည်။ သာလမာလံ၊ မွှေးကြိုင်လှဆန်း အင်ကြင်းပန်းကို။ ဂဟေတွာ န၊ အခိုင်အခိုင် လက်ဖြင့်လိုက်လျက်။ ကတဉ္ဇလီ၊ တင်ချီသော လက်အုပ်ရှိ သည်ဖြစ်၍။ သယမ္ဘုံ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို။ အဘိပူဇယိံ၊ ရိုသေကော် ရော် ပူဇော်လှူဒါန်းခဲ့ပါပြီ။

တေန ကမ္မေန သုကတေန၊ စေတနာ ပဏိဓိဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံ သမဂစ္ဆဟံ။

သုကတေန၊ ကောင်းစွာပြုလုပ်အပ်သော။ တေနကမ္မေန စ၊ ထိုအင်ကြင်း ပန်း လှူဒါန်းရသော ကုသိုလ်ကြောင့်လည်းကောင်း။ စေတနာပဏိဓိဟိ စ၊

www.burmeseclassic.com

www.burmeseclassic.com



စေတနာခိုင်ခိုင်နှင့် မယိမ်းမယိုင် ရည်စူးခဲ့သောကြောင့်လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ မာနုသံဒေဟံ၊ လူရုပ်သွင်နှင့်တူသော ကိန္နရီကိုယ်ဘဝကို။ ဇဟိတွာန၊ စွန့်ပယ်ပစ်ခွာခဲ့သည်ရှိသော်။ တာဝတိံသံ၊ တာဝတိံသာမည် နတ်တို့ပြည်သို့။ အဂစ္ဆိံ၊ ရောက်သွားစံစားခဲ့ရပါသတည်း။

## ပုရောဟိတ်ပုဏ္ဏားသမီးဘဝ

ထိုထေရီလောင်းလျာသည် အင်ကြွင်းပန်းလှူခဲ့သော ကုသိုလ်အရှိန်ကြောင့် ကိန္နရီဘဝမှ တာဝတိံသာနတ်ပြည်သို့ ပြောင်းရွှေ့စံစားခဲ့ရသည်မှစ၍ အထက်တန်းကျသော ဘဝတစ်ခွင်၌ အစဉ်သာဖြင့် ကျင်လည်စံစားခဲ့ရသည်။ ယခု ရှင်တော်ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သော် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားအိမ်၌ လူဖြစ်လာခဲ့ရသည်။

သူ မွေးဖွားလာသောအခါ သူ၏ရုပ်သွင်လက္ခဏာ ယဉ်ကျေးသိမ်မွေ့သောကြောင့် "ဒန္တိကာ"ဟု သူ့ကို အမည်ပေးခဲ့ကြသည်။ သူ၏ အမည်သညာနှင့် လိုက်လျောစွာပင် သူကြီးပြင်းလာသော အခါ၌လည်း ယဉ်ကျေးလိမ္မာသူလေးဖြစ်ခဲ့သည်။

## ဇေတဝန်ကျောင်းလှူပွဲ

သူသိကြားတတ်မြောက် အရွယ်သို့ရောက်လာချိန်တွင် အနာထပိဏ်သူဌေးကြီးဆောက်လုပ် လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကြီး ပြီးစီးသဖြင့် ကျောင်းလှူပွဲကြီး ကျင်းပချိန်နှင့်တိုက်ဆိုင် တွေ့ကြုံခဲ့ရသည်။

ဇေတဝန်ကျောင်းလှူပွဲကြီးသည် လွန်စွာ ကြီးကျယ်ခမ်းနားသည်။ မင်းစိုးရာဇာပရိသတ် သူဌေးသူကြွယ် ပရိသတ်၊ ကုန်သည် ပရိသတ်မှစ၍ ပရိသတ်အမျိုးစုံ လာရောက်သည့် ပွဲသဘင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒန္တိကာသည် ကျောင်းလှူပွဲကြီး၏ ကြီးကျယ်ပုံကို မြင်တွေ့ရသောအခါ ဤသို့ ဆင်ခြင်စဉ်းစားမိသည်။ ငါသည် ဘုရင်မင်းမြတ်တို့ ဆင်ယင် ကျင်းပတော်မူကြသည့် နန်းသိမ်းပွဲသဘင်၊ ဘိသိက်ခံပွဲသဘင်၊ ဦးကင်ဖွင့်ပွဲ သဘင်၊ ဥယျာဉ်တော်ပွဲသဘင် စသည့် ပွဲသဘင်များကို ကြုံဖူးခဲ့ဖူးပါပြီ။ သို့သော် ထိုပွဲသဘင်တို့သည် ယခုကျောင်းတော်ကြီး တင်လှူပူဇော်ပွဲလောက် ကြီးကျယ်ခမ်းနားကာ ပရိသတ်စုံလင်မှု မရှိပါ။ အပူဇော်ခံဘုရားရှင်သည်လည်း မြင့်မြတ်တော်မူလှပါလိမ့်မည်။ ထိုဘုရားရှင်တည်ထောင်ထားသော သာသနာတော်ကြီးသည်လည်း မြင့်မြတ်ကြီးကျယ်ခမ်းနားလျက် အေးမြပေလိမ့်မည်။ ငါသည် ဘုရားရှင်သာသနာရိပ်၌ ဝင်ရောက်ခိုလှုံကာ နေရလျှင် ငါ့ဘဝသည်လည်း အေးမြပေလိမ့်မည်။

ထိုသို့ အတွေးအမြင် ပေါက်ကာ သိရှိလာသည့် အချိန်မှစ၍ သူသည် သရဏဂုံသုံးပါးကို အမြဲဆောက်တည်ပြီး သီတင်းသီလများကို ကြိုးစားအားထုတ်ကျင့်သုံးသည်။ သာသနာ့ဘောင်သို့ ခိုဝင်လိုစိတ်များလည်း တစ်နေ့တခြား များပြားတိုးပွားလာခဲ့သည်။

## ဘိက္ခုနီဘဝသို့

သို့ဖြင့် တစ်နေ့တွင် ဤထေရီလောင်းလျာသည် သူ၏မိဘများကို ခွင့်ပန်ပြီး မိထွေးတော်ဂေါတမီထေရီ၏ထံ၌ ဘိက္ခုနီပြုလုပ်၍သွားတော့သည်။

ထေရီလောင်းလျာသည် ဘိက္ခုနီဘဝဖြင့် ဝိပဿနာအလုပ်ကို အားထုတ်ကြိုးစားသည်။ သို့သော် ရုတ်တရက် စိတ်မငြိမ်နိုင်သဖြင့် သမာဓိကို တော်တော်နှင့် မရနိုင်ဖြစ်နေခဲ့ရသေးသည်။ ဘာဝနာအလုပ်သည် အလွန်တရာ နူးညံ့သိမ်မွေ့သောအလုပ်ဖြစ်သည်။ သာမာန်စိတ်တည်ငြိမ်ရုံမျှနှင့် အောင်မြင်နိုင်သော အလုပ်မျိုးမဟုတ်ပေ။ သဒ္ဓါတရားရှိရုံသက်သက်ဖြင့်လည်း မဖြစ်နိုင်ပေ။ ပညာနှင့် သမာဓိ ခိုင်ခိုင်ကြီး ရှိမှ ထိထိမိမိ ပေါက်ရောက်နိုင်သော အလုပ်မျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂိဇ္ဈကုဋ်တောင်ပေါ်သို့ရောက်သော်

တစ်နေ့သောအခါ ဒန္တိကာထေရီသည် စိတ်တည်ငြိမ်မှု သမာဓိ မရသဖြင့် စိတ်ကို ပြုပြင်ထိန်းသိမ်းရန် ဂိဇ္ဈကုဋ်တောင်ကြီးပေါ်သို့ တစ်ကိုယ်တည်း တက်သွားခဲ့သည်။ ထိုတောင်ထိပ်ပေါ်သို့ ရောက်၍ အရပ်လေးမျက်နှာသို့ ရှုမျှော်ကြည့်လိုက်သော် သူ့အတွက် ဝိပဿနာအာရုံပေါ်စေမည့် နိမိတ်တစ်ခုကို သူတွေ့မြင်လိုက်ရသည်။ ထိုနိမိတ်မှာ ရိုင်းစိုင်းသော ဆင်ကို ဆင်ဆရာက ယဉ်ကျေးအောင် ပြုပြင်လေ့ကျင့် သင်ကြားပေးနေပုံ ဖြစ်သည်။

## ဆင်ကို ဆင်ဆရာက ဆုံးမပုံ

ထိုဆင်ဆရာသည် ချွန်းတစ်ခုကို လက်ကကိုင်ပြီး မယဉ်ကျေးသေးသော ဆင်ကို ခြေမြှောက်လိုက်၊ ခြေချလိုက်၊ ရှေ့တိုးခိုင်းလိုက်၊ နောက်ဆုတ်ခိုင်းလိုက်၊ ဝပ်ခိုင်းလိုက်၊ ရပ်ခိုင်းလိုက်၊ နှာမောင်းထောင်ခိုင်းလိုက် စသည်ဖြင့် အမျိုးမျိုး သင်ပြပေးနေသည်ကို မြင်ရသည်။ ဆင်ကလည်း ချွန်းကိုကြောက်လန့်သည့်အတွက် ဆင်ဆရာ၏စကားကို မလွန်ဆန်ဝံ့ဘဲ ဆင်ဆရာ ပြောဆို အမိန့်ပေးသည့်အတိုင်း လိုက်နာပြုလုပ်နေသည်။

## ရဟန္တာဖြစ်ပြီ

ထိုအခြေအနေ အစုံအလင်ကို မြင်ရသောအခါ ဒန္တိကာဘိက္ခုနီသည် ပြန့်လွင့်နေသော သူ၏စိတ်ကို ဆုံးမလျှင်ရနိုင်ကြောင်း နည်းလမ်းရကာ အသိအမြင် ရသွားသည်။ သို့ဖြင့် သူသည် ဝဋ်ဆင်းရဲ၏ အပြစ်များကိုပြလျက် ပြင်းစွာကြိုးစားအားထုတ်သည်။ အာတာပီ ဝီရိယတည်းဟူသော ချွန်းဖြင့် သူ၏စိတ်ကို ယဉ်ကျေးအောင်ဆုံးမသည်။ သို့ဖြင့် တဖြည်းဖြည်းစိတ်များ ကြည်လင်လာကာ သမာဓိလည်းရလာသည်။ ထိုသို့ဖြင့် အဆင့်ဆင့်တက်ကာ ကြိုးစားလျက် ဝိပဿနာပွားများ အားထုတ်ရာ မကြာမီမှာပင် ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်ပြီးသောအခါ မိမိစိတ်ကို ဆုံးမခဲ့ပုံအား ဤသို့ ပြန်လည် ဟောပြသည်။

## ပြန်လည်ဟောပြပုံ

ဒိဝါ ဝိဟာရာ နိက္ခမ္မ၊ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ။
နာဂံ ဩဂါဟမုတ္တိဏ္ဏံ၊ နဒီတီရမှိ အဒ္ဒသံ။

အဟံ၊ အကျွန်ုပ်သည်။ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်၌။ ဒိဝါဝိဟာရာ-ဒိဝါဝိဟာရာယ၊ နေ့အဖို့ အေးမြချမ်းသာစွာ နေခြင်းငှာ။ နိက္ခမ္မ၊ ကျောင်းမှထွက်ခဲ့၍။ နိသိဒိ၊ နေထိုင်ခဲ့ပါပြီ။ တဒါ၊ ထိုသို့ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်၌ နေလတ်သော်။ နဒီတီရမှိ၊ တစ်ခုသော မြစ်ကမ်းပါး၌။ ဩဂါဟမုတ္တိဏ္ဏံ၊ ဆင်းချည်, တက်ချည်ဖြင့် လေ့ကျင့်ခံနေရသော။ နာဂံ၊ ဆင်တစ်ကောင်ကို။ အဒ္ဒသံ၊ တွေ့မြင်ခဲ့ရပါပြီ။

ပုရိသော အင်္ကုသမာဒါယ၊ "ဒေဟိ ပါဒ"န္တိ ယာစတိ။
နာဂေါ ပသာရယီ ပါဒံ၊ ပုရိသော နာဂမာရုဟိ။

ပုရိသော၊ ယဉ်ကျေးအောင် သင်ပေးသော ဆင်ဆရာယောက်ျားသည်။ အင်္ကုသံ၊ ချွန်းကို။ အာဒါယ၊ ကိုင်ဆောင်၍။ ပါဒံ၊ ခြေတစ်ဖက်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ ယာစတိ၊ ယဉ်စေကြောင်းဖြင့် တောင်းလေ၏။ နာဂေါ၊ ဆင်ကြီးသည်။ ပါဒံ၊ ခြေတစ်ဖက်ကို။ ပသာရယိ၊ ဆန့်တန်း၍ ပေးလေ၏။ ပုရိသော၊ ဆင်ဆရာ ယောက်ျားသည်။ နာဂံ၊ ဆင်ကြီးကို။ အာရုဟိ၊ တက်စီးလေ၏။

ဒိသွာ အဒန္တံ ဒမိတံ၊ မနုဿာနံ ဝသံ ဂတံ။
တတော စိတ္တံ သမာဒေသိံ၊ ခလု တာယ ဝနံ ဂတာ။

www.burmeseclassic.com

www.burmeseclassic.com



အဟံ၊ အကျွန်ုပ်သည်။ အဒန္တံ၊ လက်ဦးမဆွတွင် မယဉ်ကျေးသည် မှန်ပါလျက်။ ဒမိတံ၊ သွန်သင်၍ပေးသဖြင့် ယဉ်ကျေးခြင်းသို့ ရောက်လေသော။ မနုဿာနံ၊ လူတို့၏။ ဝသံဂတံ၊ အလိုသို့လိုက်ပါသော။ ဝါ-လူတို့ပြောဆိုသော အတိုင်း လိုက်နာ၍နေသော။ နာဂံ၊ ဆင်ကြီးကို။ ဒိသွာ၊ မြင်ရလေသည် ရှိသော်။ တတော၊ ထိုဆင်ကို ဆုံးမသောနည်းအားဖြင့်။ စိတ္တံ၊ မိမိစိတ်ကို။ သမာဒေမိ၊ ကျောက်မဏ္ဍိုင်ကဲ့သို့ ခန့်ခိုင်စေရန် ပြုပြင်၍တည်စေ၏။ တာယ၊ ထိုဆင်နိမိတ်ဖြင့်။ ခလု၊ စင်စစ်မကြာ လျင်မြန်စွာ။ ဝနံ၊ ဆိတ်ငြိမ်သော တောအုပ်သို့။ ဂတာ၊ တရားအချုပ်ကို အားထုတ်ရန်စိတ်ထားဖြင့် ဝင်သွားခဲ့ရပါပြီ။

ဒန္တိကာထေရီသည် ဤသို့ပြန်လည်ဟောပြပြီးနောက် မိမိရရှိနေသော ဘဝကို ဝမ်းသာပီတိဖြစ်လွန်းသဖြင့် တရားနာပရိသတ်အား ဤအပဒါန်ဂါထာဖြင့် မြွက်ဆိုပြတော်မူသည်။

ကုသလံ ဝိဇ္ဇတေ မယှံ၊ ပဗ္ဗဇိံ အနဂါရိယံ။
ပူဇာရဟာ အဟံ အဇ္ဇ သကျပုတ္တဿ သာသနေ။

ဘောတိယော၊ အို အမျိုးသမီးအပေါင်းတို့။ အတီတေ၊ ရှေးကိန္နရီမဖြစ်စဉ်အခါ၌။ မယှံ၊ အကျွန်ုပ်အား။ ကုသလံ၊ အင်ကြင်းပန်း လှူဒါန်းခဲ့ရသော ကုသိုလ်ထူးသည်။ ဝိဇ္ဇတေ၊ အားကိုးစဖွယ်ရှိခဲ့ပေပြီ။ ဣဒါနိ၊ ယခုအခါ၌။ အနဂါရိယံ၊ ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ဘိက္ခုနီတို့၏ ထုံးထမ်းဖြင့် ရဟန်းပြုခဲ့ပါပြီ။ အဟံ၊ အကျွန်ုပ်သည်။ အဇ္ဇ၊ ယခုမူကား။ သကျပုတ္တဿ၊ သာကီနွယ်ဝင် ဂေါတမရှင်တော်ဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပူဇာရဟာ၊ လူနတ်တို့ ဦးခိုက်ပူဇော်ထိုက်သူဖြစ်ပေ၏။

ဒန္တိကာထေရီ အပဒါန်ဝတ္ထု ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# သေလာထေရီ အပဒါန်ဝတ္ထု

ဤထေရီလောင်းလျာသည် လွန်လေပြီးသောဘဝအဆက်ဆက်တို့၌ ပွင့်တော်မူခဲ့သည့် ဘုရားရှင်တို့လက်ထက်တွင် ကောင်းမှုကုသိုလ်များပြုလုပ်ကာ ပါရမီတော်များကိုလည်း ဖြည့်ကျင့်ဆည်းပူးခဲ့သူဖြစ်သည်။ ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်တွင်မူ သူသည် ဟံသာဝတီ နေပြည်တော်၌ အမျိုးသမီးကလေးတစ်ယောက် ဖြစ်ခဲ့ရသည်။

## ဘုရားရှင်ကို မဖူးမြင်ခဲ့ရသော်လည်း

ဤထေရီလောင်းလျာအမျိုးသမီးသည် ပါရမီသမ္ဘာရကောင်းမှုကုသိုလ်ရှိသူဖြစ်သော်လည်း ပဒုမုတ္တရ ဘုရားရှင်ကိုမူ ဖူးမြင်လိုက်ရခြင်း မရှိပေ။ သို့သော် ထိုဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ခဲ့ရသောကြောင့် ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ခွင့်ရခဲ့သည်။

## ခင်ပွန်းကွယ်လွန်သွားခဲ့

သူအရွယ်ရောက်လာသောအခါ မိဘများက သူ့ကို အမျိုးတူ၊ အနွယ်တူ၊ ဂုဏ်ရည်တူသူ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ချပေးခဲ့သည်။ အိမ်ထောင်သည်ဘဝတွင် သူသည် အိမ်ရှင်မကောင်းတစ်ယောက်အဖြစ်ဖြင့် လင့်ဝတ္တရား၊ မိဘဝတ္တရားနှင့် သားသမီးဝတ္တရားတို့ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ သို့ရာတွင် သူ့ခင်ပွန်းသည်သည် တစ်ခုသောရောဂါကြောင့် ကွယ်လွန်သွားခဲ့ရသည်။

သူသည် မုဆိုးမဘဝဖြင့် သားသမီးနှင့် မိဘဆွေမျိုးတို့၏ တာဝန်များကို အတတ်နိုင်ဆုံး ထမ်းဆောင်နေစဉ်မှာပင် အိမ်ထောင်သည်ဘဝ၏ လူမှုဒုက္ခကို တစ်နေ့ထက်တစ်နေ့ ပိုမို ငြီးငွေ့လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## လောကီရေးကိုလျစ်လျူရှု

သူ့ဘဝသည် နေထိုင်စားသောက်ရေးနှင့် စီးပွားရေးအတွက် ကြောင့်ကြစရာမရှိပေ။ သွားလေသူ ခင်ပွန်းသည်က ရှာဖွေပေးထားခဲ့သဖြင့် ပြည့်ပြည့်စုံစုံဖြင့် မပူမပင်နေရပါ၏။ သို့သော် ကုသိုလ်ရေးဘက်တွင် စိတ်ရှိသမျှ မယိမ်ယိမ်ရရ ဘာမျှ ပြုလုပ်နိုင်ခဲ့ခြင်း မရှိသေးပေ။ ထို့ကြောင့် သူသည် လောကီရေးကို လျစ်လျူရှုကာ ကုသိုလ်ကောင်းမှုဘက်သို့ လှည့်ရန် စဉ်းစားလာခဲ့သည်။

## ဒေါ်စာရိကီဘဝ

ဤကဲ့သို့ ဘဝအလှည့်အပြောင်းပြုလုပ်ရန် တွေးကြံသိရှိလာချိန်မှစပြီး သူသည် ဘုရားကျောင်းကန်သို့ သွားသည်။ တရားနာသည်၊ ဥပုသ်သီလ စောင့်ထိန်းသည်။ သွားလေသူ ခင်ပွန်းသည်နောက်သို့ သူလည်း တစ်နေ့ လိုက်ရမည်ဟု သိလာသဖြင့်လည်း ကုသိုလ်ရေးဘက်၌ သူ့ဘဝကို လှည့်ပြောင်းထားခဲ့သည်။ အလှူဒါနပြုသည်။ တရားနာသည်။ ဤအလုပ်များကို လှည့်လည် လုပ်ကိုင်နေသဖြင့် သူ့ကိုလည်း တွေ့ကြုံမြင်တွေ့ရသူ လူရှင်ရဟန်းတို့က "ဒေါ်စာရိကီ"ဟု ခေါ်ဝေါ်ကြတော့သည်။ ဒေါ်စာရိကီဟူသည်မှာ ကောင်းမှုလုပ်ငန်းတို့၌သာ လှည့်လည်သွားလာလုပ်ကိုင်နေသူဟု အဓိပ္ပာယ်ရှိသည်။

သို့ဖြင့် ဤထေရီလောင်းလျာသည် ကျောင်း ကန် ဘုရား သွားရောက်ခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ တရားနာခြင်းတို့ကိုပင် သူ့အလုပ်ဟု စွဲမှတ်လာကာ ဤအလုပ်များကို နေ့စဉ်ကြိုးစားပန်းစား လုပ်ကိုင်နေခဲ့တော့သည်။ ထိုသို့နေရင်းဖြင့် သူသည်တရားရှင်ဖြစ်သူ ဓမ္မမိတ်ဆွေများ ပေါ်များသည်ထက် ပေါ်များလာသည်။ ပြောစရာ စကားသည်ပင် စားဝတ်နေရေးထက် ဓမ္မအရေး ဓမ္မအကြောင်းသာ သူ့အတွက် ပြောဆိုဆွေးနွေးစရာ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖောမိပင်ရှိရာသို့

တစ်နေ့တွင်မူ ဤထေရီလောင်းလျာသည် တရားပွဲတစ်ပွဲမှ အခြား တရားပွဲတစ်ပွဲသို့ သွားလာရင်း ကျောင်းတိုက်ကြီးတစ်ခုအတွင်းသို့ ရောက်သွား ခဲ့သည်။ ထိုကျောင်းတိုက်တွင် မဟာရံတံတိုင်းဖြင့် သပ်ရပ်စွာ ကာရံထားလျက် စနစ်တကျ စိုက်ပျိုးထားသော ထင်းရှူးဗောဓိပင်ကို သူ တွေ့မြင်သွားသည်။

ဗောဓိပင်ကို တွေ့မြင်ရသောအခါ ဤထေရီလောင်းလျာသည် လွန်စွာ ကြည်ညိုခြင်း ဖြစ်ပေါ်လာပြီး ဤသို့လည်း တွေးကြံ စဉ်းစားမိပြန်သည်။ "ပဒုမုတ္တရ ရှင်တော်မြတ်ဘုရားသည် ဤဗောဓိပင်ရင်း၌ သစ္စာလေးပါးကို သိမြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည်။ ဘုရားကိုအမှီပြု၍ လူနတ် ပြဟ္မာ သတ္တဝါအများ ဝဋ်သုံးပါးမှ ကျွတ်လွတ်ပြီး အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြသည်။ ဤဗောဓိပင်သည် ရှင်တော်ဘုရား သစ္စာလေးပါး ရရှိရေးအတွက် အသုံးပြုတော်မူခဲ့ရာ ဌာနဖြစ်၍ ပရိဘောဂစေတီ အစစ် ကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ဤဗောဓိပင်ကြီးသည်ကား လူနတ်ပြဟ္မာ သတ္တဝါအများ ဝပ်တွားဦးခိုက်၍ ဖူးထိုက်သည့် ဗောဓိပင်ကြီးပါတကား"

ထေရီလောင်းလျာသည် ဗောဓိပင်အကြောင်းယင်းသို့ တွေးကြံစဉ်းစား လျှက် ဗောဓိပင်ကို အကြိမ်ကြိမ်ဦးချပူဇော်သည်။ ထို့နောက် ဤသို့အဓိဋ္ဌာန် ပြုလိုက်လေသည်။ တပည့်တော်သည် ရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော် မူပြီး နောက်မှ လူ့ဘဝကို ရောက်လာရသူ ဖြစ်သဖြင့် ရှင်တော်ဘုရားကို မဖူးမြော်လိုက်ရပါ။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ခြောက်ဖြာသော ရောင်ခြည်တော်အရှိန်ဖြင့် တထိန်ထိန်ထွန်းပ၍ တုဖက်မရ အဂ္ဂပုဂ္ဂလ ဖြစ်တော်မူသော ရှင်တော်ဘုရားကဲ့သို့ သည်ဗောဓိပင်သည် တန်ခိုး ပြတော်မူပါစေသား။

## တန်ခိုးပြပုံ

ထေရီလောင်းလျာ၏ သဒ္ဓါတရား ထက်သန်စွာဖြင့် ကြည်ညိုသော စေတနာ အစွမ်းကြောင့် သူဆုတောင်းပတ္ထနာပြုသည်နှင့် တစ်ပြိုင်နက် မဟာ

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပင်သည် တစ်ခဏချင်း ထူးခြားမှုများ ပြလာသည်။ ရွှေသားပကတိကဲ့သို့ပင် ဝင်းလာပြီး ရှင်တော်ဘုရား၏ ခြောက်ပါးသော ရောင်ခြည်တော်တို့ကဲ့သို့ ပြိုးပြိုးပြက်ပြက် အရောင်များ ထွက်လာသည်။*

ထေရီလောင်းလျာ၏ အမိဋ္ဌာန်ကြောင့် ပရိဘောဂ စေတီဖြစ်သော ဗောဓိပင်မှ တန်ခိုးပြာဋိဟာပြတော်မူခြင်း ဖြစ်ပေသည်။

---

*သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်အခါက ဒက္ခိဏသာခါခေါ် ဗောဓိပင်၏ တောင်ဘက်အကိုင်းကို ရတနာရွှေအိုးဖြင့် စိုက်ပျိုးစဉ်အခါတုန်းကလည်း ရောင်ခြည်တော်ခြောက်ဆိုင်တို့ဖြင့် ဘဝဂ်တိုင်အောင် ထွန်းလင်းလျက် တန်ခိုးပြာဋိဟာကို ကြီးကျယ်ခမ်းနားစွာ ပြတော်မူဖူးသည်ဟု မှတ်သားရမိဖူးပါသည်။

ထိုဒက္ခိဏသာခါ မဟာဗောဓိပင်ကို သမီးတော် သင်္ဃမိတ္တာထေရီသည် သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်ကာ ဒေဝါနံပိယတိဿမင်းကြီးထံသို့ အပ်နှံသည်။ ထို့နောက် အရှင်မဟိန္ဒထေရ် ကြီးမှူးလျက် အနုရာဓမြို့ မဟာမေဃဝန် ဉယျာဉ်တော်ကြီးအတွင်း စိုက်ပျိုးသည့်အခါ၌လည်း ရောင်ဝါတောက်ဝင်း ကပ်လုံးလင်းအောင် လွန်မင်းစွာ အံ့ဩလောက်သော တန်ခိုးတော်ကြီးများကို ပြတော်မူဖူးသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင် ကိုယ်တော်မြတ်အလား ရှိသေအပ်သော အပင်မျိုး ဖြစ်သည်။ ပြစ်မှားလိုသော စေတနာဖြင့် ဗောဓိပင်၏ အကိုင်းအခက်ကို ချိုးလျှင် ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒတကံအလား ကြီးမားသော အကုသိုလ်ဖြစ်ကြောင်းများကို ကျမ်းဂန်တို့၌ ဖော်ပြထားသည်များ ရှိပေသည်။ စေတီတော်တို့မှာ ပြုအပ်သော ဝတ္တရားအတိုင်း ဗောဓိပင်မှာလည်း စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်တို့ ပြုသင့်ကြောင်းလည်း ကျမ်းဂန်တို့၌ ပါရှိသည်။

ဗောဓိပင်စိုက်ပျိုးသည့် ဘိုးတော်ဘုရား

မြန်မာရာဇဝင်၌ အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးသည် မင်းတွန်းစေတီတော်ကြီးကို တည်တော်မူသောအခါ သီဟိုဠ်ကျွန်းမှ ဒက္ခိဏသာခါ မဟာဗောဓိမျိုးစေ့များကို ယူဆောင်တော်မူစေပြီး စေတီကြီး၏ တောင်မျက်နှာ မင်္ဂလာဉယျာဉ်တော်ကြီးအတွင်း စိုက်ပျိုး၍ ကိုးကွယ်တော်မူကြောင်းကို ဖော်ပြထားသည်များ လေ့လာ မှတ်သားရဖူးပါသည်။

လယ်တီဆရာတော်

မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ ဒက္ခိဏသာခါ မဟာဗောဓိပင်မျိုးအစေ့ကို ရတော်မူသဖြင့် လယ်တီဆရာတော်ကြီးသည် လယ်တီတိုက်အတွင်း၌ မဟာဗောဓိပင်

www.burmeseclassic.com



ထေရီလောင်းလျာသည် မိမိ အဓိဋ္ဌာန်ပြုလိုက်သည့်အတိုင်း ဗောဓိမဏ္ဍိုင်မှ ခြောက်ဆိုင်သော ရောင်ခြည်တော် လွှတ်တော်မူပုံကို မြင်ရ၍ ပြောမပြနိုင်အောင် ဝမ်းသာနေမိသည်။ ပီတိ အရှိန်အဟုန်ကြောင့် ဖြိုးဖြိုး သိမ့်သိမ့် တစ်ကိုယ်လုံး စိမ့်သဖြင့် တဖိမ့်ဖိမ့် တုန်၍လည်းနေသည်။

ထေရီလောင်းလျာသည် ထိုနေရာ၌ ခုနစ်ရက်တိုင်တိုင် ထိုင်လျက် မအိပ် မစားဘဲ နေခဲ့သည်။ ပီတိငါးပါးတို့တွင် ဖရဏာပီတိဖြင့် တစ်ကိုယ်လုံး ပျံ့နှံ့နေပြီဖြစ်သဖြင့် အချိန်အကန့်အသတ်အားဖြင့် အာဟာရသိဒ္ဓိ ပြီးစီးခဲ့ပေပြီ။

---

စိုက်ပျိုးတော်မူသည်။ နေ့စဉ်မပြတ် ကိုယ်တော်တိုင်ကြီးကြပ်၍ ဗောဓိယင်္ဂဏဝတ်နှင့် ညောင်ရေသွန်းလောင်းခြင်းများကိုလည်း ပြုတော်မူသည်။

ဆရာတော်ကြီးသည် နေ့စဉ်မပြတ် နံနက်လေးနာရီခွဲအချိန်တွင် ထတော်မူပြီး ကိုယ်တိုင်ရေအိုးများကို ထမ်းတော်မူကာ ဗောဓိပင်ကို ရေသွန်းလောင်းတော်မူသည့်ဝတ်ကြီးကို ခြောက်နှစ်တိုင်တိုင် ဖြည့်ဆည်းဆောင်ရွက်တော်မူခဲ့ကြောင်းလည်း ဖတ်ရမှတ်ရဖူးသည်။

ဗောဓိပင်ကို ကြည်ညိုမြတ်နိုးစွာ ပူဇော်သော ကုသိုလ်၏ အကျိုးကြီး ကျယ်ပုံများကိုလည်း အပဒါန်ပါဠိတော်ကြီး၌ ပြဆိုထားသော ဝတ္ထုပေါင်း များစွာရှိသည်။

သဒ္ဓနိတိကျမ်းလာ ဗောဓိဝန္ဒနာ

ဤနေရာ၌ သဒ္ဓနီတိကျမ်းလာ ဗောဓိဝန္ဒနာ ယမကဂါထာ တစ်ပုဒ်ကို ဖော်ပြလိုက်ပါသည်။

ဝန္ဒေ ဝန္ဒေယမဿတ္ထံ၊ ယတ္ထ သန္တိဋ္ဌိတော ဇိတော။

တာမော တာမောယတိဣ္ဍြေန၊ ဗုဒ္ဓေန ဝသတာ သတာ။

ယတ္ထ၊ အကြင်ဗောဓိညောင်ဗွေ ဗုဒ္ဓဟေ၌။ ဝသတာ-ဝသန္တေန၊ စံနေတော်မူဆဲ ဖြစ်ထသော။ သတာ-သန္တေန၊ သူတော်တကာတို့ ဦးသျှောင်အခေါင်အဖျား သူတော်ကောင်း အမြတ်စားကြီးလည်း ဖြစ်တော်မူပေထသော။ တာမောယတိဣ္ဍြေန၊ တာမမုန်တိုင်း ကာမလှိုင်းတို့ဖြင့် ရှိုင်းစိုင်းကြမ်းတမ်းသော သံသရာမှ ထွက်ခွာကူးမြောက်တော်မူပြီးသော။ ဗုဒ္ဓေန၊ သစ္စာလေးပါး တရားသိမြင်ဘုရားရှင်သည်။ တာမော၊ ညောင်ဗုဒ္ဓဟေ ပလ္လင်ဗွေဝယ် ကြိတ်ခြေနှိပ်နင်း၍ အတင်းချီးဖျက် ချီတက်လာသော မာရ်နတ်အယုတ်တမာကြီးကို။ သန္တိဋ္ဌိတော၊ ပါရမီတရား မြတ်ဆယ်ပါးတို့ဖြင့် ကြိမ်းဝါးခြောက်လှန့်အပ်သည်ဖြစ်၍။ ဇိတော၊ ပလှန်ဂွံ့ဘဲ ရန်ညွန့်တုံးစေ ညတ်ညတ်ကြေအောင် နှိမ်နင်းအောင်မြင်တော်မူအပ်လေပြီ။ တံအဿတ္ထံ၊ ထိုမာရ်နတ်မင်းကို နှိမ်နင်းအောင်မြင်ရာ မဟာဗောဓိ သိရီဖြိုးလှိုင် မဏ္ဍိုင်အောင်ခန်း ရွှေညောင်နန်းကို။ အဟံ၊ အတျွန်ုပ်သည်။ ဝန္ဒေယံဝန္ဒေ၊ အကြိမ်ကြိမ် ဦးနှိမ်မြတ်နိုး ယခုလည်းရှိခိုး၍ နောင်ခါလည်း ရှိခိုးကာ အဖန်ဖန် တုပ်ဝပ်လျှိုးလျက် ရှိခိုးပူဇော်ပါ၏ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



## ပူဇော်ခဲ့ပုံ

ထိုသို့ ဗောဓိပင်ကိုပူဇော်ပြီး ခုနစ်ရက်ကြာသောအခါ ထေရီလောင်းလျာသည် ဗောဓိပင်ကို ညောင်ရေသွန်းလောင်းခြင်း၊ ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်း၊ ညအခါ၌ များစွာသော နံ့သာဆီမီးအလင်းတို့ဖြင့် ထွန်းညှိပူဇော်ခြင်း၊ အမွှေးအထုံ ဂန္ဓာရုံအမျိုးမျိုးတို့ဖြင့် ဖျန်းပက်ခြင်း စသည့် ကုသိုလ်များကိုလည်း ပြုလုပ်ပူဇော်ခဲ့သည်။ ထို့အပြင် နံ့သာဆီမီးတိုင်ကြီး ငါးတိုင်ထွန်းညှိပြီး အထူးပြုပူဇော်ခဲ့သေးသည်။

## ပဉ္စဒီပါဘုံနန်းရှင် *

ဤထေရီလောင်းလျာသည် ထိုဘဝမှကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရလေသည်။ ဆီမီးတိုင်ကြီးငါးတိုင်ဖြင့် အထူးပြုပူဇော်ခဲ့သော ကုသိုလ်ကြောင့် သူ၏ ဘုံဗိမာန်သည် အခါခပ်သိမ်း လင်းထိန်နေခဲ့သည်။ သို့အတွက် သူ၏ ဘုံနန်းကို ပဉ္စဒီပါနတ်ဘုံနတ်နန်းကြီးဟု နတ်အများက သိမှတ်ခေါ်ဝေါ်ကြသည်။

ဤထေရီလောင်းလျာသည် ယင်းသို့ပြုခဲ့သော ကုသိုလ်တို့ကြောင့် ဘဝများစွာတို့ ကာလပတ်လုံး အပါယ်ငရဲသို့ မလားခဲ့ရဘဲ သုဂတိဘုံ ဘဝတို့၌သာ ကျင်လည်ခဲ့ရသည်။

## အဆုံးဘဝ၌ လူဖြစ်လာပုံ

ဤထေရီလောင်းလျာသည် အဆုံးဘဝဖြစ်သော ယခု ဂေါတမဘုရားရှင် လက်ထက်တွင်မူ အာဠဝီပြည့်ရှင် ဘုရင်မင်းတရားကြီး၏ တောင်ညာစံ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်နေလာခဲ့ရသည်။

---

*အရှင်အနုရုဒ္ဓါမထေရ်ကြီး ဒိဗ္ဗစက္ခုတော်ရတော်မူခြင်း၏ ကုသိုလ်ပါရမီတို့တွင် ဆီမီးလှူဒါန်းပူဇော်ခဲ့ခြင်းသည် အဓိက ပါရမီသမ္ဘာရဖြစ်သည်။

ဆီမီး၏သဘာဝသည်အမှောင်ကို ဖျက်ဆီး၍ အလင်းကိုပေးတတ်သည့်အတွက် ဆီမီးကို အထူးသဖြင့် လှူဒါန်းပါလျှင် ဖြစ်လေရာဘဝတိုင်း၌ ထိုင်းမှိုင်းခြင်းဟူသော မောဟ အငွေ့အသက်များ နည်းပါးသည်အထိ အလိမ္မာ ဉာဏ်ပညာ အလင်းဝုဏ်နှင့် ပြည့်စုံနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းစွာ ဖွားမြင်လာပြီ

အဂ္ဂမဟေသီ ဒေဝီမိဖုရားခေါင်ကြီး၏ ကိုယ်ဝန်ပဋိသန္ဓေ ဆယ်လစေ့သောအခါ ပြည့်ရှင်မင်းကြီးက ကြီးကျယ်ခမ်းနား ဆန်းပြားထူးထွေသော သားဖွားရာ နန်းဆောင်ကြီးကို အဆင့်သင့် ဆောက်လုပ်ပေးထားစေသည်။ ကမ္ဗဇလေ လှုပ်ရှား၍ သားဖွားရာနန်းဆောင်ကြီးသို့ ပြောင်းရွှေ့စံနေတော်မူသောအခါ ဖွားခါနီးဆဲဆဲ၌ နံ့သာဆီမီးတို့သည် သားဖွားရာ နန်းမခန်းဆောင်၌ တလျှမ်းလျှမ်း တပြောင်ပြောင် ထူးထူးဆန်းဆန်း ထွန်းလင်းလာကြသည်။ ဤသည်မှာ အကျိုးပေး၏ ထူးဆန်းမှု ဖြစ်ပေသည်။ ဤသို့လျှင် သေလာထေရီလောင်းလျာသည် သူ့ကို ဖွားမြင်ခါနီး အချိန်၌ ထူးခြားမှုများ ဖြစ်လာခဲ့သည်။ ယင်းသို့ ထူးခြားမှုများ ပေါ်ပေါက်ခဲ့ပြီးနောက်တွင် သူ့ကို ဖွားမြင်လာခဲ့ရခြင်းဖြစ်သည်။

## သေလာဟုအမည်ပေးခဲ့

ခမည်းတော်ဘုရင်မင်းတရားကြီးကလည်း ထူးထူးခြားခြား ဖွားမြင်လာခဲ့သူဖြစ်၍ သမီးတော်လေးကို အထူးချစ်ခင်သည်။ သူ့ကိုအမည်ပေးသောအခါ အဖိုးတန် ကျောက်မျက်ရတနာ၏ အနှစ်သာရ အမြုတေနှင့် တူသောကြောင့် သူ့ကို "သေလာ"ဟု အမည်ပေးခဲ့ကြသည်။

တစ်နည်းအားဖြင့် 'အာဠဝိကာ' ဟုလည်း သူကလေးကို ခေါ်ဝေါ်ကြသေးသည်။ အာဠဝီဘုရင်၏သမီး၊ အာဠဝီပြည်ကြီး၏ မျက်ရှုဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ အာဠဝီပြည်ကြီး၏ မျက်ရှု "သေလာ" အမျိုးသမီးကလေး ခုနစ်နှစ်အရွယ်သို့ရောက်သော် အာဠဝီတိုင်း၌ ရှင်တော်မြတ်ဘုရားသည် အာဠဝကဘီလူး၏ မာန်စွယ်ကို နှိမ်နင်းအောင်မြင်တော်မူသော အခမ်းအနားဖြင့်လည်း တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်ခဲ့ရသူ ဖြစ်သည်။

## အာဠဝကဘီလူးချွတ်ခန်း

ရှင်တော်မြတ်ဘုရားသည် ကြမ်းတမ်းခက်ထန်၍ အမျက်မာန်ကြီးလှသော အာဠဝကဘီလူးကို မာန်စွယ်ကျွတ်အောင် ချွေချွတ်နှိပ်ချိုးတော်မူသော

www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲကြီးဖြစ်သည်။ ဘုရားရှင်သည် အာဠဝကဘီလူးအား သက်နံ့သပိတ်ကို လွယ်စေလျက် အာဠဝီနေပြည်တော်ကြီးအတွင်းသို့ ခေါ်ဆောင်ဝင်ရောက်ကြွလာတော်မူခဲ့သည်။ ထိုအခါ ဘုရင်မင်းမြတ်မှစ၍ တိုင်းသူပြည်သားလူအများတို့သည် ပွဲတင်ဟိန်းသကဲ့သို့ ကြွက်ကြွက်ညံအောင် ချီးကျူးကြပြီး ထူးဆန်းစွာ ကျွတ်တမ်းဝင်လာသူ အာဠဝကဘီလူးကို ဝိုင်းဝန်း ကြည့်ရှုကြသည်။

ထိုအခါ အာဠဝီပြည်ရှင် ဘုရင်မင်းမြတ်သည် သမီးတော်ကလေးကို လက်ကဆွဲပြီး ရှင်တော်ဘုရားထံသို့ သွားရောက်ဖူးမြော်ကာ တရားတော်များကို ကြားနာသည်။

## အထူးသဖြင့် ကြည်ညိုပြီ

ခုနစ်နှစ်အရွယ် သေလာအမျိုးသမီးကလေးသည် အာဠဝကဘီလူးအား အောင်မြင်သည့် အောင်ပွဲအခမ်းအနားကို မြင်တွေ့ဖူးမြော်ရသောအခါ ဘုရားရှင်အား အထူးသဖြင့် ကြည်ညိုလာခဲ့သည်။ ထိုသို့ ကြည်ညိုလာသဖြင့် သာမဏေရီ (အမျိုးသမီးကိုရင်) ဖြစ်ချင်သောကြောင့် ဖခင်ဘုရင်ကြီးအား ပန်ကြားသည်။ ဘုရင်ကြီးကလည်း ကြည်ဖြူစွာပင် ခွင့်ပြုခဲ့သည်။

## ခုနစ်နှစ်အရွယ် ရဟန္တာဖြစ်ပြီ

သာမဏေရီမကလေးဖြစ်သွားသောအခါ ပါရမီညွန့်ဖူး အထူးထက်သန်၍ အနေအထိုင် ဣန္ဒြေသမ္ပတ္တိမှစ၍ လွန်စွာကြည်ညိုဖွယ် ပသာဒဂုဏ်တို့နှင့် ပြည့်စုံသူဖြစ်ခဲ့သည်။ တရားထူးများရရေးအတွက် ဥပဇ္ဈာယ် ဘိက္ခုနီကြီးတို့ထံ နည်းနယယူကာ ကြိုးစားအားထုတ် ကျင့်ကြံသည်။ ထိုသို့ နည်းမှန်အကျင့် မှန်ဖြင့် ပွားများအားထုတ်သောကြောင့် အသက်ခုနစ်နှစ်အရွယ်မှာပင် ဤထေရီသည် ရဟန္တာဖြစ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသက်နှစ်ဆယ်မပြည့်မီ ရဟန်းဖြစ်ပြီ

သေလာသာမဏေရီလေး ခုနစ်နှစ်အရွယ်၌ ရဟန္တာဖြစ်ကြောင်း သိတော်မူသဖြင့် ဘုရားရှင်က သေလာသာမဏေရီလေးအား ဥပသမ္ပဒကံဖြင့် ရဟန်းဘောင် တက်ခွင့်ပြုတော်မူလိုက်သည်။ အသက်နှစ်ဆယ်ပြည့်သည် အထိ မနေရဘဲ ဘိက္ခုနီဖြစ်တော်မူသည်။

ဤအကြောင်းများကို သေလာရဟန္တာထေရီက ပြန်လည်ဟော်ပြတော်မူသည်။ ရဟန်းအဖြစ်သို့ ရောက်သည့်အခါ သေလာထေရီ ဘိက္ခုနီဟု ကျော်စော ထင်ရှားသည်။

တစ်နေ့သောအခါ သေလာထေရီဘိက္ခုနီသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် ရှေးလွန်လေပြီးသော ကပ်ကမ္ဘာအဆက်ဆက်တို့၌ ဖြစ်ပျက်ခဲ့ရပြီးသော မိမိအကြောင်းများကို ရှင်တော်ဘုရားအား လျှောက်ထားခဲ့ပြီး ဘုရားရှင်အား ပူဇော်ကန်တော့ခဲ့သည်။

## အန္ဓဝန်တောအုပ်သို့ကြွပြီ

သေလာထေရီ ဘိက္ခုနီသည် တစ်နေ့သောအခါ သာဝတ္ထိနေပြည်တော်ကြီးအတွင်း၌ ဆွမ်းခံလှည့်လည်ပြီး ဝိဝေကပီတိအရသာဖြင့် ချမ်းသာအေးမြစွာနေရန် အန္ဓဝန်တောအုပ်အတွင်းသို့ တစ်ပါးတည်း ကြွလာခဲ့သည်။ အန္ဓဝန်တောအုပ်သည် သာဝတ္ထိမြို့တော်၏ တောင်မျက်နှာ တစ်ဂါဝုတ်ခရီးခန့်အကွာ ဌာန၌ရှိသည်။ လွန်စွာဆိတ်ငြိမ်၍ အရိပ်အာဝါသတို့နှင့်လည်း ပြည့်စုံသည်။ ထိုတောအုပ်အတွင်း သစ်ပင်ရင်းတစ်ခုတွင် ဝိဝေကပီတိအရသာကို ခံစားပြီး တရားနှလုံးသွင်းစဉ် မာရ်နတ်ဆိုးကြီးက လုလင်ပျိုအသွင်ဖန်ဆင်းပြီး သေလာထေရီ ဘိက္ခုနီကို ဤသို့ ဖျားယောင်းသွေးဆောင်သည်။

နတ္ထိ နိဿရဏံ လောကေ၊ ကိံ ဝိဝေကေန ကာဟသိ။

ဘုဉ္ဇဿု ကာမရတိယော၊ မာဟု ပစ္ဆာနုတာပိနီ။

အယျေ၊ ရှင်မ။ လောကေ၊ ဤလောက၌။ နိဿရဏံ၊ ကျွတ်လမ်း လွတ်လမ်း ထွက်မြောက်လမ်းသည်။ နတ္ထိ၊ ဧကန်မှတ်လေ မရှိချေ။ တေ၊ သင့်

www.burmeseclassic.com



အား။ ဝိဝေကေန၊ ဆိတ်ငြိမ်ရာအရပ်ဝယ် ညှိုးညှိုးငယ်ငယ်နေခြင်းဖြင့်။ ကိံ ကာဟာသိ၊ ဘာပြုရမလဲ (ဝါ) ဘာအကျိုးရှိနိုင်မလဲ။ ကာမရတိယော၊ လက်တွေ့ဒိဋ္ဌ ချမ်းသာရသည့် ကာမပျော်မွေ့ လူ့အတွေ့ကို။ ဘုဥ္စဿု၊ အချိန်မဖြုန်း ပါနှင့် ရွှင်ရွှင်ပြုံးပြုံး သုံးဆောင်ခံစားပါလော့။ တွံ၊ သင်သည်။ ပစ္ဆာနုတာပိနီ၊ အချိန်လွန်သောအခါမှ နောင်တပူပန်ခြင်းသည်။ မာအဟု၊ မဖြစ်ပါစေလင့်။

မာရ်နတ်ယုတ်က ယင်းသို့ဖြားယောင်းသွေးဆောင်စကား လာပြောသောအခါ ထေရီက ဤသို့ ပြန်လည်မိန့်ကြားလိုက်သည်။

## မာရ်နတ်ကို ပြန်ရှင်းပြလိုက်ပုံ

အတ္ထိ နိဿရဏံ လောကေ၊ ပညာယ မေ သုဖုသိတံ။
ပမတ္တဗန္ဓု ပါပိမ၊ န တွံ ဇာနာသိ တံပဒံ။

ပါပိမ၊ အယုတ်မျိုးဇာတ် ဟဲ့. . . မာရ်နတ်။ လောကေ၊ လောက၌။ နိဿရဏံ၊ ကျွတ်လမ်း, လွတ်လမ်း, ထွက်မြောက်လမ်းသည်။ အတ္ထိ၊ ဒိဋ္ဌကေန် ရှိရိုးမှန်သည်သာလျှင်တည်း။ မေ၊ ငါ၏။ ပညာယ၊ ထက်မြက်လှစွာ ဉာဏ်ပညာဖြင့်။ သုဖုသိတံ၊ ချွတ်ယွင်းတယ်မရှိ ထိထိမိမိပင် သိအပ်လေပြီ။ ပမတ္တဗန္ဓု၊ တွေဝေမေ့မော အမိုက်တောကြီး၏ မိတ်ဆွေဖြစ်သော ဟဲ့. . . မာရ်နတ်အယုတ်ကောင်။ တွံ၊ သင်သည်။ တံပဒံ၊ ထိုကျွတ်လွတ်ရာမှန် မြတ်နိဗ္ဗာန်ကို။ နဇာ နာသိ၊ အမိုက်မှောင်ဖုံးသဖြင့် လုံးလုံးကြီး မသိပေတကား။

သေလာထေရီဘိက္ခုနီက ယင်းသို့မိန့်ကြားသောအခါမာရ်နတ်အယုတ်တမာကြီးသည် ဘာမျှ ပြန်လှန်မပြောနိုင်ဘဲ ငေးမှိုင်၍သာနေနေရသည်။

ထို့နောက် ခန္ဓာငါးပါးနှင့် ကာမဂုဏ်အပြစ်များကို ထေရီက ဤသို့ မိန့်တော်မူလိုက်ပြန်သည်။

## ကာမဂုဏ်အပြစ်ပါ ဟောလိုက်ပြီ

သတ္တိသူလူပမာ ကာမာ၊ ခန္ဓာသံ အဓိကုဋ္ဋနာ။
ယံ တွံ ကာမရတိံ ဗြူသိ၊ အရတိ ဒါနိ သာ မမ။

www.burmeseclassic.com

www.burmeseclassic.com



မာရေ၊ အမိုက်အမှူး အရှုးရှေ့ဆောင် ဟဲ့မာရ်နတ်အယုတ်ကောင်။ ကာမာ၊ ကာမဂုဏ်ငါးပါးတို့သည်။ သတ္တိသူလူပမာ၊ ဓားလှံအသွင် သံတံကျင်နှင့်သာ တူကြလေကုန်၏။ ခန္ဓာ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာတို့သည်။ တာသံ၊ ထိုကာမဂုဏ်တို့၏။ အဓိကုဋ္ဋနာ၊ ခုတ်နှစဉ်းဖြတ်ပိုင်းရာ စဉ်းတီတုံးပမာတို့သာတည်း။ မာရ၊ အမိုက်အမှူး အရှုးရှေ့ဆောင် ဟဲ့ မာရ်နတ်အယုတ်ကောင်။ တွံ၊ သင်သည်။ ယံကာမာရတိ၊ အကြင်ကာမဂုဏ်အလေ့ဖြင့် မွေ့လျော်ခြင်းအကြောင်းကို။ ဗြူသိ၊ သွေးဆောင်စကား ငါ့အနားမှာ ပြောကြားလာဘိ၏။ ဒါနိ-က္ကဒါနိ၊ ယခုအခါ၌။ မမ၊ ငါ့အား။ သာ၊ ထိုကာမဂုဏ် အတွေ့ဖြင့် မွေ့လျော်ခြင်း အလေ့မျိုးသည်။ အရတိ၊ မွေ့လျော်ဖွယ်မဟုတ် စက်ဆုပ်ဖွယ်အပြီး ရွံဖွယ်ကြီး ဖြစ်၍နေပြီတည်း။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမော ခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

ပါပိမ၊ ယစ်မူးစိမ့်သောငှာ မိစ္ဆာမှိုင်းတိုက် အမိုက်ရှေ့ဆောင် ဟဲ့ မာရ်နတ်အယုတ်ကောင်။ မယာ၊ ငါသည်။ သဗ္ဗတ္ထ၊ လောကီအာရုံ ကာမဂုဏ်နှင့်အလုံးစုံရှိသမျှ ဘုံဘဝတို့၌။ နန္ဒီ၊ အမျှင်တန်း၍ စွဲလမ်းသော တဏှာကြီးကို။ ဝိဟတာ၊ အလျှင်းပယ်သတ်၍ အတင်းဖြတ်အပ်ပြီးလေပြီ။ တမောခန္ဓော၊ အဝိဇ္ဇာ တိုက်ဘောင် အမိုက်မှောင်ကို။ ပဒါလိတော၊ ဝိဇ္ဇာတည်းဟူသော ဖုံးအမြောက် ဖြင့် တိုက်ဖောက်ဖျက်ဆီးအပ်လေ၏။ ဧဝံဇာနာဟိ၊ သည်အတိုင်း သင်မာရ် နတ်သိမှတ်လေလော။ အန္တက၊ ယစ်မူးစိမ့်ငှာ မိစ္ဆာမှိုင်းတိုက် အမိုက်ရှေ့ဆောင် ဟဲ့ မာရ်နတ် အယုတ်ကောင်။ တွံ၊ နင်အယုတ်တမာကောင်ကြီးသည်။ နိဟတောအသိ၊ ငါနှိမ်နင်းသဖြင့် စင်းစင်းကြီးသေ မှိုင်တွေလုံးလုံးရှုံးကြီးရှုံး၍ ဗုန်းဗုန်းကြီးလဲခဲ့ပြီတကား။

ထိုအခါ မာရ်နတ်ကြီးက အရှုံးမပေးသေးဘဲ ဂါထာတစ်ပုဒ်ဖြင့် သို့ကာလို ရွတ်ဆိုမေးမြန်းလိုက်ပြန်တယ်။

ကေနိဒံ ပကတံ ဗိမ္ဗံ၊ ကွစိ ဗိမ္ဗဿ ကာရိကံ။
ကွစိ ဗိမ္ဗံ သမုပ္ပန္နံ၊ ကွစိ ဗိမ္ဗံ နိရုဇ္ဈတိ။

www.burmeseclassic.com

www.burmeseclassic.com



အယျေ၊ အို. . . အရှင်မ။ ဣဒံဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်သည်။ ပကတံ၊ ဖန်ဆင်း၍ ထားအပ်ပါသနည်း။ ဗိမ္ဗဿ၊ ကိုယ်ကောင် အထည်ဒြပ်ကြီးကို။ ကာရိကာ၊ ဖန်ဆင်းသော ပုဂ္ဂိုလ်သည်။ ကွစိ၊ အဘယ်အရပ်မှာ တည်ရှိပါသနည်း။ ကွစိ၊ အဘယ်အရပ်ဌာနၚ်။ ဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ သမုပ္ပန္နံ၊ ဖြစ်ပေါ်၍ လာပါသနည်း။ ကွစိ၊ အဘယ်အရပ်ဌာနၚ်။ ဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ နိရုဇ္ဈတိ၊ ချုပ်ဆုံးပါသနည်း။

မာရ်နတ်ကြီးရဲ့ ဆိုလိုရင်း အဓိပ္ပာယ်က-

၁။ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို ဘယ်ပုဂ္ဂိုလ် ဖန်ဆင်းပါသလဲ။

၂။ ဖန်ဆင်းသည့်ပုဂ္ဂိုလ် ဘယ်မှာ တည်ရှိနေပါသလဲ။

၃။ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည် ဘယ်မှာဖြစ်ပြီး၊ ဘယ်မှာ ချုပ်ဆုံးပါသလဲ။

အဲသည်လို ဆိုလိုတယ်။ သူ မေးပုံကြီးက ထာဝရ ဖန်ဆင်းတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ကိုက်သွားတာပဲ မဟုတ်လား။ သည်မေးပုံကို ထောက်ထားသဖြင့် သည်မာရ်နတ်သားကြီးဟာ ထာဝရဘုရား ဖန်ဆင်းတယ်ဆိုတဲ့ အယူကို ယူကြောင်း ကောင်းစွာ ထင်ရှားသွားတယ်။

ဤကဲ့သို့ သာသနာတော် တရားအချက်နှင့် ဆန့်ကျင်ဘက် မေးမြန်းသည့်စကားကို သေလာထေရီကြားတော့ မော့၍ ကြည့်လိုက်ပြီး မလန့်မထိတ်သော စိတ်ထားနဲ့ ဖြေကြားတဲ့ဂါထာကို ဒီလို ရွတ်ဆိုလိုက်ပါရောတဲ့။

နယိဒံ အတ္တကတံ ဗိမ္ဗံ၊ နယိဒံ ပရကတံ အဃံ။

ဟေတုံ ပဋိစ္စ သမ္ဘူတံ၊ ဟေတုဘင်္ဂါ နိရုဇ္ဈတိ။

ဟရေ၊ ဟယ်. . . မာရ်နတ် အယုတ်တမာကြီး။ ဣဒံဗိမ္ဗံ၊ ဤကိုယ်ကောင်က အထည်ဒြပ်ကြီးသည်။ အတ္တကတံ၊ မိမိကိုယ်တိုင် ဖန်ဆင်း၍ ထားအပ်သော အကောင်ကြီးသည်။ န ဟောတိ၊ စင်စစ်မှန်လေ မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



က္ခဒ်ဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်။ ပရကတံ၊ သူတစ်ပါးတို့ ဖန်ဆင်း၍ ထားအပ်သော အကောင်ကြီးသည်လည်း။ နဟေတံ၊ စင်စစ် မှတ်လေ မဟုတ်ချေ။ ဟေတုံ၊ အကြောင်းပစ္စည်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမ္ဘူတံ၊ အကျိုးပစ္စယုပ္ပန်တွေဖြစ်၍ နေမှုကြီးသာတည်း။ ဟေတုဘင်္ဂါ၊ အကြောင်း ပစ္စည်းတွေ ချုပ်ခြင်းကြောင့်သာ။ နိရုဇ္ဈတိ၊ အကျိုးပစ္စယုပ္ပန်တွေ မဖြစ်နိုင်ဘဲ ချုပ်စဲ ပျက်စီးရလေတော့သတည်း။

သေလာထေရီ ရွတ်ဆိုတဲ့ဂါထာရဲ့ အဓိပ္ပာယ်က-

၁။ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကောင်ကြီးဟာ မိမိကိုယ်တိုင် ပြုလုပ် ဖန်ဆင်းထားတဲ့ အကောင်ကြီးလည်း မဟုတ်ဘူး။

၂။ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါကမှ ပြုလုပ်ဖန်ဆင်းထားတဲ့ အကောင်ကြီးလည်း မဟုတ်ဘူး။

၃။ စင်စစ်မှာတော့ အကြောင်းသမုဒ္ဒာန်ကို အစွဲပြုပြီး အကျိုးပစ္စယုပ္ပန် တရားတွေ ဖြစ်ပေါ်နေတဲ့ ရုပ်ခဲ၊ နာမ်ခဲကြီးမျှသာ ဖြစ်တယ်။

၄။ သတ္တဝါရယ်လို့ မရှိဘူး။

၅။ သတ္တဝါတွေရဲ့ ကိုယ်ကောင်ကြီးလို့လည်း မရှိဘူး။

၆။ သတ္တဝါတွေဖြစ်အောင် ဖန်ဆင်းထားတယ်ဆိုတာလည်း မဟုတ် ဘူး။

၇။ အကျိုး၊ အကြောင်း၊ ပစ္စည်း၊ ပစ္စယုပ္ပန် ဆက်သွယ်ကာ ဖြစ်ပေါ် ဥပါဒ်နေတဲ့ ရုပ်ကလာပ်၊ နာမ်ကလာပ်မျှသာ ဖြစ်တယ်။

ထိုကဲ့သို့ မာရ်နတ်ကြီးကို အချုပ်အားဖြင့် ပြောကြားပြီးသော် ဥပမာ ပုံခင်း၍ အကျယ်တဝင့် ချေပပြောဆိုလိုပြန်တဲ့အတွက် ဒေသနာဂါထာ နှစ်ပုဒ်ကို သို့ကလို ရွတ်ဆိုတော်မူပြန်တယ်။

ယထာ အညတရံ ဗီဇံ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ။

ပထဝီ ရသဉ္စာဂမ္မ၊ သိနေဟဉ္စ တဒူဘယံ။

ဧဝံ ခန္ဓာ စ ဓာတုယော၊ ဆ စ အာယတနာနိ မေ။

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ။ ။

www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ . . . ဟယ် . . . မာရ်နတ် အယုတ်တမာကြီး။ ခေတ္တော၊ ကောင်းစွာတီထွင် လယ်ကွင်းပြင်၌။ အညတရံဗီဇ၊ မျိုးစေ့တစ်ခုခုကို။ ဝုတ္တံ၊ စိုက်ပျိုးအပ်သည်ရှိသော်။ ပထဝီရသဉ္စ၊ မြေဆီသြဇာ အရသာကို လည်းကောင်း။ သိနေဟဉ္စ၊ အေးမြစွတ်စို ရေဓာတ်ကိုလည်းကောင်း။ တဒူဘယံ၊ ထိုမြေဓာတ်၊ ရေဓာတ်နှစ်ပါးစုံကို။ အာဂမ္မ၊ မှီတွယ်သမှု အကြောင်းပြု၍။ ဝိရူဟတိယထာ၊ အမြစ်အညှောက် ပေါက်ရောက်စည်ကား ကြီးထွားသန်စွမ်း လေဘိသကဲ့သို့။

ဧဝံ၊ ဤနည်းအတူသာလျှင်။ ခန္ဓာစ၊ ရုပ်၊ ဝေ၊ သည်၊ သင်၊ ဝိညာဉ်ခေါ်ငြား ခန္ဓာငါးပါးတို့သည် လည်းကောင်း။ ဓာတုယောစ၊ ဓာတ်ဟုခေါ်ငြား တစ်ဆယ့်ရှစ်ပါးတို့သည် လည်းကောင်း။ ဆ၊ အဇ္ဈတ္တိကာယတနခြောက်ပါး၊ ဗာဟိရာတနခြောက်ပါးဟု ဆိုအပ်ကုန်သော။ ဣမေအာယတာနာနိစ၊ ဤအာယတနတရား တစ်ဆယ့်နှစ်ပါးတို့သည် လည်းကောင်း။ အတ္တိသန္တိ၊ ပရမတ္ထသဘောအားဖြင့်။ ထင်ရှားမသေ့ ရှိကြလေကုန်၏။ တာနိ၊ ထိုခန္ဓာ၊ အာယတန၊ ဓာတ်အပေါင်းတို့သည်။ ဟေတုံ၊ အကြောင်းပစ္စည်းကို။ ပဋိစ္စ၊ အစွဲပြု၍။ သမ္ဘူတာ၊ ထပ်တလဲလဲ မပြတ်စဲဘဲ အမြဲပုံသေဖြစ်ပေါ်၍ နေကြလေကုန်၏။ ဟေတုဘင်္ဂါ၊ အကြောင်းပစ္စည်းတို့၏ ပျက်စီးချုပ်ဆုံးခြင်းကြောင့်။ နိရုဇ္ဈရေ-နိရုဇ္ဈန္တိ၊ အသစ်အသစ် မဖြစ်နိုင်ဘဲ ပြတ်စဲချုပ်ဆုံးကြလေကုန်သတည်း။

ဟဲ့ . . . မာရ်နတ် အယုတ်တမာ၊ ပဋ္ဌာန်းနည်းအားဖြင့် ငါ ဟောပြောတဲ့ တရားကို သင် နားထောင်လော့။

လယ်ကွင်းထဲမှာ မျိုးစေ့တစ်ခုခုကို ကြဲချ စိုက်ပျိုးလိုက်တဲ့အခါ မြေဓာတ် အရသာ၊ ရေဓာတ်အရသာနှစ်ပါးကို အကြောင်းပြုပြီး အမြစ်အညှောက် ပေါက်ရောက်ကြီးပွားတယ် မဟုတ်လား။ အဲသည် ဥပမာအတိုင်းပဲ ခန္ဓာငါးပါးဆိုတဲ့ တရားတွေ၊ ဓာတ်တစ်ဆယ့်ရှစ်ပါးဆိုတဲ့ တရားတွေ၊ အဲသည် ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်တရားတွေဟာ ဆိုင်ရာဆိုင်ရာအကြောင်းကို အမှီပြုပြီး ဖြစ်ပေါ် ဥပါဒ်လာကြတယ်။ အကြောင်းမရှိခဲ့ပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခါမှ မဖြစ်ပေါ်နိုင်ကြဘူး။ ဘယ်လိုပင်ဖြစ်ပေါ်၍ နေကြပါသော်လည်း အကြောင်းတရားတွေ ချုပ်ငြိမ်း၍ ရုပ်သိမ်းလိုက်ပြီလို့ ဆိုပါလျှင် အသစ်အသစ် မဖြစ်နိုင်ဘဲ ပြတ်စဲချုပ်ဆုံးကုန်ကြတယ်။ အဓိပ္ပာယ် ထင်ရှားစွာ ပြဆိုရပါလျှင်-

၁။ လောဘဆိုတဲ့ ဟိတ်ကြီးက ကျေးဇူးပြုနေတဲ့အခါ လောဘနှင့်ဆိုင်တဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေ ဖြစ်ပေါ်နေကြတယ်။

၂။ ဒေါသဟိတ်ကြီးက ကျေးဇူးပြုနေတဲ့အခါ ဒေါသနှင့်ဆိုင်တဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေ ဖြစ်ပေါ်နေကြတယ်။

၃။ ရူပါရုံဆိုတဲ့ အဆင်းက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနေပါရင် စက္ခုဝိညာဉ်နှင့်ဆိုင်တဲ့ နာမ်ဓာတ်တွေ ဖြစ်ပေါ်နေလိမ့်မယ်။

၄။ စက္ခုဝိညာဉ် ဖြစ်ပေါ်အောင်လည်း စက္ခုပသာဒဝတ္ထုက နိဿယသတ္တိအားနဲ့ ကျေးဇူးပြုပေးတယ်။ အဲသည်လို အကျိုးအကြောင်းဆက်သွယ်ကာ ဖြစ်ပေါ်နေမှုကြီးကိုပင်လျှင် ပရမတ္ထသဘောကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါတွေက ငါ မြင်တယ်လို့ မှတ်ထင်စွဲလမ်းနေကြတယ်။ စင်စစ်မှာတော့ ငါမြင်တာ မဟုတ်ဘူး။

၅။ အစာအာဟာရကို မျိုသွင်းလိုက်တဲ့အခါ အာဟာရဇရုပ်တွေ ဖြစ်ပေါ်လာတယ်။ ဒီလို အာဟာရပစ္စည်း ကျေးဇူးပြုပုံကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါတွေက ငါအားရှိလာတယ်။ ငါသန်စွမ်းလာတယ်လို့ သက္ကာယဒိဋ္ဌိ တန်ခိုးကြောင့် အမျိုးမျိုး စွဲလမ်းနေကြတယ်။ စင်စစ်မှာတော့ ငါနှင့်မဆိုင် ငါပိုင်မဟုတ်ဘူး။ အာဟာရပစ္စယသတ္တိနဲ့ အာဟာရဇရုပ်တွေ ဖြစ်နေတာ ဖြစ်တယ်။

၆။ ပဋ္ဌာန်းပစ္စည်း သဘောအားဖြင့် အကျိုးအကြောင်း ဆက်သွယ်ဖြစ်ပွားနေကြတဲ့ ရုပ်တရား၊ နာမ်တရားအစဉ်တွေကို ပဋ္ဌာန်းဉာဏ်ကို မမြင်ကြတဲ့ ပုထုဇဉ် သတ္တဝါအပေါင်းက သက္ကာယဒိဋ္ဌိသဘောအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမရယ်လို့ ငါသိတယ်။ ငါမြင်တယ်ရယ်လို့ အကြီးအကျယ် ဖောက်ပြန်ကာ လမ်းလွဲနေကြတယ်။ ပုဂ္ဂိုလ် သတ္တဝါတွေ အကောင်အထည်ရယ်လို့မှ မရှိဘဲ ဖန်ဆင်းတဲ့သူဟာ ဘယ်မှာ ရှိနိုင်ပါ့မလဲ။

အဲဒီလို ပဋ္ဌာန်းဉာဏ်အားဖြင့် ဝေဖန်ခွဲစိတ်၍ မိန့်ကြားတော်မူလိုက်တယ်။

ထေရီမိန့်ကြားသော စကားကို မာရ်နတ်ကောင်ကြီး ကြားသောအခါ ငါ့အကြောင်း ကောင်းကောင်းကြီးသိနေပါတကားဟု ငြီးတွားလျက် မာရ်နတ်သည် ထိုနေရာမှ ပျောက်ကွယ်သွားတော့သည်။

သေလာထေရီအပဒါန်ဝတ္ထု ပြီး၏။

■ ■ ■

# သောမာထေရီ အပဒါန်ဝတ္ထု

သောမာထေရီလောင်းလာသည် ရှေးရှေးသောဘုရားရှင်တို့ လက်ထက်တော်တို့တွင် ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိကာ ပါရမီတော်များကိုလည်း ဖြည့်ကျင့် ဆည်းဖူးခဲ့သူဖြစ်သည်။

သိခီဘုရားရှင် လက်ထက်တော်တွင်မူ ဤထေရီလောင်းလျာသည် ခတ္တိယ မဟာသာလမျိုး၌ အမျိုးကောင်းသမီးကလေးတစ်ယောက် ဖြစ်ခဲ့ရသည်။ ထိုအမျိုးကောင်း သမီးကလေးသည် ပြုခဲ့ဖူးသော ကုသိုလ်ပါရမီ ရှိသူလေးပီပီ ရုပ်ရည်သန့်ပြန့်သည်။ အသိပညာအရ ယဉ်ကျေးလိမ္မာသည်။ စိတ်နေစိတ်ထား ကောင်းမွန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရင်ကသိမ်းပိုက်ပြီး မိဖုရားမြှောက်

ထိုအချိန် အရုဏာဝတီမြို့တော်၌ အရုဏာဝန္တအမည်ရှိ မင်းတရားကြီး စိုးစံအုပ်ချုပ်နေသည်။ ထိုမင်းတရားကြီးသည် သောမာထေရီ လောင်းလျာလေး၏ဂုဏ်သတင်းအမျိုးမျိုးကို ကြားသိရသဖြင့် ထိုအမျိုးသမီးကလေးကို သိမ်းပိုက်ပြီး မိဖုရားကြီးအဖြစ် ချီးမြှင့်မြှောက်စားတော်မူသည်။ မင်းကြီးက သိမ်းပိုက်ကာ မိဖုရားကြီးအဖြစ် ချီးမြှင့်ခြင်းခံရသောအခါ နဂိုရည်ရှိပြီးသူလည်းဖြစ်၊ ပါရမီဓာတ်ခံကောင်းခဲ့သူလည်းဖြစ်သောကြောင့် ထေရီလောင်းလျာ မိဖုရားကြီး၏ သတင်းသည် တိုင်းကျော်ပြည်ကျော် ဖြစ်ခဲ့ရသည်။

## မိဖုရားကြီး၏အတွေး

သို့ရာတွင် မိဖုရားကြီးက သူ့ဘဝကို ဤသို့ ပြန်လည်၍ တွေးကြံစဉ်းစားသည်။ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှုကြောင့် ငါ၏ဘဝသည် တင့်တယ်ကောင်းမွန်လှပါပေ၏။ စည်းစိမ်ဥစ္စာဖြင့်လည်း ပြည့်စုံလှပါပေ၏။ လောကီအရေးတွင် ဤမိဖုရားကြီးဘဝထက် တစ်ဆင့်တက်ကာ ကြီးပွားချမ်းသာဖို့ လမ်းမရှိတော့ပါ။ မိဖုရားဟူသည် မင်း၏တန်ခိုးအာဏာကို အမှီပြု၍ စိုးစံနေရသူဖြစ်သည်။ သံသရာအရေး ကိစ္စအတွက် တွေးကြံ စဉ်းစားရပါလျှင် ဤမိဖုရားဘဝ သည် ထူးထူးခြားခြားအကျိုးရှိစေလှသည့် ဘဝမျိုးမဟုတ်ပါ။

ထေရီလောင်းလျာသည် ဤသို့ တွေးကြံစဉ်းစားပြီးနောက် ဘုရင်ကြီးအား ဤသို့ လျှောက်ထားလိုက်သည်။

"အရှင်မင်းတရားကြီး မြှောက်စားတော်မူသဖြင့် အဂ္ဂမဟေသီ ဒေဝီ ညွန့်ဖူး ဖြစ်ရသည်မှာ လွန်စွာကျေးဇူးကြီးတော်မူလှပါသည်။ သို့ရာတွင် ယခု ချီးမြှင့်တော်မူသော စည်းစိမ်ချမ်းသာသည် မျက်မှောက်ဘဝအတွက်သာ အားကိုးရာ ရနိုင်ပါသည်။ နောင်သံသရာရေးအတွက် အားထားစရာ မဖြစ်သေးပါ။ သို့အတွက် အရှင်မင်းတရားကြီး သနားတော်မူသဖြင့် သံသရာရေး အတွက် ချီးမြှင့်တော်မူပါဦးဘုရား"ဟု လျှောက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးကလည်း ဝမ်းမြောက်တော်မူလှသဖြင့် 'ရှင်မိဖုရားကြီးကို မည်ကဲ့သို့ ချီးမြှောက်တော်မူစေချင်ပါသနည်း' ဟု မေးတော်မူသည်။

## ကုသိုလ်ပြုရာ၌ လွတ်လပ်ခွင့်ပေးပါ

ထိုအခါ မိဖုရားကြီးက "မိမိမှာ မိန်းမဘဝသို့ ရောက်နေသဖြင့် ကုသိုလ်ရေး၌ ထင်တိုင်းမပေါက်ပါ။ ယခုအခါ သိဒ္ဓိမြတ်စွာဘုရား ထင်ရှားစွာ ပွင့်တော်မူခိုက်ဖြစ်၍ သာသနာရောင်ကလည်း ပြောင်ပြောင်ထိန်ဝင်း၊ ထွန်းလင်းတောက်ပ၍ နေပါသည်။ လယ်ယာမြေကောင်းကောင်းတွင် မိုးကောင်းသည့်အခိုက် ကောက်စိုက်သင့်သော အချိန်အခါဖြစ်သကဲ့သို့ ကုသိုလ်ကောင်းမှုများပြုလုပ်ရန် အချိန်အခါကောင်းကြီးလည်း ဖြစ်နေပါသည်။ သို့ပါ၍ မိမိအားသနားတော်မူသောအားဖြင့် ကုသိုလ်ပြုရေးတွင် လွတ်လပ်သော အခွင့်များကို ပေးသနားတော်မူပါ။ ဘုရားကျောင်းတော်သို့ သွားရောက်၍ တရားနာလိုသည့်အချိန်တွင် တရားနာပါရစေ။ နန်းဆောင်အတွင်းသို့ သံဃာတော်များကို ပင့်ဖိတ်ပြီး လှူဒါန်းလိုသမျှ လှူဒါန်းပါရစေ။ သည်အခွင့်များကို ပေးသနားတော်မူပါ။ ဤအခွင့်ကို ပေးသနားတော်မူပါလျှင် သံသရာရေးဖြင့် ချီးမြှောက်ခြင်းဖြစ်ပါသည် ဘုရား" ဟု လျှောက်ထားလိုက်သည်။

ဘုရင်မင်းတရားကြီးသည်လည်း ရတနာသုံးပါးကို ကြည်ညိုသူဖြစ်သည့်အတိုင်း အထူးသဖြင့် ဝမ်းမြောက်တော်မူလှသောကြောင့် 'အရှင်မိဖုရားကြီး အလိုရှိသည့်အတိုင်း ကုသိုလ်ပြုရေးတွင် လွတ်လပ်စွာ ခွင့်ပေးပါသည်။ စိုးရိမ်နှောင့်၍ ကြောင့်ကြတော်မမူပါနှင့်' ဟု မိန့်တော်မူပြီး ကြာပန်းခုနစ်ခိုင်ကိုပါ ပေးသနားတော်မူလိုက်သည်။

## ဘုရင်ပေးသောပန်း ဘုရားလှူ

မိဖုရားကြီးသည် ဘုရင်ကြီး၏ ခွင့်ပြုချက်ကိုသာမက ကြာပန်းကိုပါ ရသဖြင့် ဝမ်းသာစွာဖြင့် မိမိအဆောင်သို့ ပြန်လာခဲ့သည်။ အဆောင်တော်သို့ ရောက်သောအခါ အလွန်လှပသော ကြာပန်းကို သေချာစွာ ရှုစားပြီး ဤ

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းသည် ငါနှင့်မထိုက်တန်၊ ငါသည် ကိလေသာမကုန်သေးသူ ဖြစ်သည်။ ကိလေသာအာသဝေါ လုံးဝ ကင်းစင်တော်မူသည့် ဘုရားရှင်နှင့်သာ ထိုက်တန်သည်ဟု စဉ်းစားပြီး ထိုကြာပန်းများကို သိခီဘုရားရှင်အား လှူဒါန်းလိုက်လေသည်။

သိခီဘုရားရှင်ကလည်း မိဖုရားကြီး၏ စေတနာသဒ္ဓါထက်မြက်ပုံကို သိတော်မူသည်နှင့် ကုသိုလ်တရား တိုးပွားသည်ထက် တိုးပွားစေရန် ကြာပန်းများကို ကောင်းကင်သို့ ပျံတက်စေပြီး ထီးအသွင်ကဲ့သို့ ဘုရားရှင်အား ကောင်းကင်မှ မိုးကာ၍နေစေရန် တန်ခိုးတော်ဖြင့် စီစဉ်တော်မူလိုက်လေသည်။

မိဖုရားကြီးသည် ထိုသို့ထူးဆန်းသော အခြင်းအရာတို့ကို မြင်ရသောအခါ သဒ္ဓါတရားပိုမိုဖြစ်ထွန်းလာကာ အလှူဒါနများကိုသာ ဘဝတစ်လျှောက် ပြုလုပ်၍ နေတော့သည်။

## တရားဘက်ကိုသာ လိုက်စားနေပြီ

မိဖုရားကြီးသည် ဘုရင်ကြီးကပေးထားသော လွတ်လပ်ခွင့်ကြီးကိုလည်း ရထားသဖြင့် ရှင်တော်ဘုရား တရားဟောတော်မူရာသို့ ရှေးဦးစွာ သွားရောက်ပြီး တရားနာသည်။ လပြည့်လကွယ် သီတင်းနေ့တို့၌လည်း ရှစ်ပါးသီလကို မပျက်မကွက်ရအောင် စောင့်သုံးသည်။ မိမိကိုယ်ကို အလှဆင်ခြင်းနှင့် စပ်သော အလုပ်ပိုများကို ဖြုတ်နိုင်သမျှ ဖြုတ်ထားပြီး တရားဘက်ကိုသာ လိုက်စားနေတော့သည်။

ဘုရင်မင်းတရားကလည်း မိဖုရားကြီး ကျင့်ကြံလုပ်ဆောင်နေသော အလုပ်များကို များစွာအားရတော်မူသည်။ နန်းသူနန်းသား ရံရွေတော်အများကလည်း သူတော်ကောင်း မိဖုရားကြီးကို ကြည်ညိုလေးမြတ်ကြသည်။ သူတော်ကောင်းတရားသည် ကောင်းသော အကျိုးပေးမြဲဖြစ်သည့်အတိုင်း တရားသဖြင့် ကျင့်ကြံနေထိုင်သူ မိဖုရားကြီးကို မကြည်ညိုသူ မရှိသလောက်ပင်ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## တာဝတိံသာသို့

ထိုဘဝမှ မိဖုရားကြီးကွယ်လွန်သွားသော် တာဝတိံသာသို့ ရောက်ရကာ ချမ်းသာစည်းစိမ်တို့ဖြင့် တင့်တယ်စွာ ခံစားစံစားရလေသည်။ ဤသို့ ဖြစ်ရသည်မှာ 'ကုသိုလ်ဖန် မိဗာန်အသင့် ဘုံအသင့်' ဟူသော စကားအတိုင်း ခံစားရခြင်း ဖြစ်ပေသည်။

မိဖုရားကြီးသည် သိခီဘုရားရှင် လက်ထက်တော်မှစပြီး ယခု ဂေါတမ မြတ်စွာဘုရား လက်ထက်တော်သို့တိုင်အောင် အပါယ်လေးပါးသို့ မလား မရောက်ရဘဲ မြင့်မြတ်သည့် လူ့ရပ်နတ်ပြည်တို့၌သာ စုန်ချည် ဆန်ချည် ကျင်လည်နေခဲ့ရသည်။

## ဂေါတမဘုရားရှင်လက်ထက်

ဤကမ္ဘာ၌ လေးဆူမြောက် ပွင့်တော်မူသော ရှင်တော်ဂေါတမလက်ထက်တော်သို့ရောက်သောအခါ ဤထေရီလောင်းလျာသည်ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ မင်းဆရာ ပုရောဟိတ် ပုဏ္ဏားကြီးအိမ်၌ သမီးကလေးဘဝဖြင့် လူဖြစ်လာခဲ့ရပြန်သည်။ ပြုခဲ့သော ပါရမီကုသိုလ်ရှိသူလည်းဖြစ်၍ ပစ္ဆိမဘဝိကနောက်ဆုံးဘဝအဖြစ် လူဖြစ်လာရသူပီပီ သူသည် ရုပ်ရည်လှပသည်။ လိမ္မာယဉ်ကျေးသည်။ သူ့မျက်နှာသည် သော်တာငွေစန်း လပြည့်ဝန်းနှင့် တူသည့်အတွက်ကြောင့် ပညာရှိ ဖခင်ပုရောဟိတ် ပုဏ္ဏားကြီးက သမီးကလေး၏အမည်ကို 'သောမာ' ဟု အမည်ပေးထားသည်။ သောမာဆိုသည်မှာ လစန်းဟု အဓိပ္ပာယ်ရသည်။

## အခွင့်ကောင်းကြုံပြီ

ဤသောမာထေရီလောင်းလျာ အရွယ်ရောက်လာသောအခါ ထူးခြားသောအခွင့်အခါကောင်းကြီးနှင့်လည်း ကြုံလာရသည်။ ထိုအခွင့်ကောင်းမှာ ဗိမ္ဗိသာရမင်းကြီးက ရှင်တော်ဘုရားကို ပင့်ဆောင်သည့်အတွက် ရာဇဂြိုဟ်နေပြည်တော်ကြီးသို့ ဘုရားရှင် ရှေးဦးစွာ ကြွတော်မူလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးစအခါ ဥရုဝေလကဿပညီနောင် ရှင်တစ်ထောင်တို့ကို အယူမှားဘဝမှ ချေချွတ်တော်မူပြီး ရာဇဂြိုဟ်ပြည်ကြီးသို့ ကြွရောက်တော် မူလာခဲ့သည်။ ဘုရားရှင် ကြွလာတော်မူသည်ကို ပုရောဟိတ် သမီးလေး သောမာ ဖူးမြင်ရသောအခါ ကြည်ညိုသဒ္ဒါ ရွှင်လန်းစွာဖြင့် ရှင်တော်ဘုရားကို ပန်းတို့ဖြင့် ပူဇော်ကန်တော့သည်။ ထိုအခါမှစ၍ သူသည် ရတနာ သုံးပါး ဦးထိပ်ထားသူ အမျိုးသမီး ဥပါသိကာမကလေး ဖြစ်သွားတော့သည်။

## သိက္ခမာန်အဖြစ်သို့

ထို့နောက် လူဝတ်ကြောင်ဘဝဖြင့် မနေလို၍ မိဘများအား ပန်ကြားရာတွင် ခွင့်ပြုချက်ရသဖြင့် ဘိက္ခုနီတို့ကျောင်းသို့သွားပြီး သိက္ခမာန်အဖြစ်ဖြင့် ကျင့်ကြံနေထိုင်နေခဲ့သည်။ ထိုမှတစ်ဆင့် ဘိက္ခုနီအဖြစ် အမြင့်တန်းသို့ တက်ရောက်ခဲ့သည်။ ဘိက္ခုနီအဖြစ်သို့ရောက်သွားသောအခါ သူ၏ဘွဲ့အမည်မှာ လူ့ဘဝကအတိုင်းပင် သောမာထေရီဟု ကျော်ကြားခဲ့သည်။

## ရဟန္တာဖြစ်ပြီ

ဘိက္ခုနီဘဝဖြင့် နေထိုင်စဉ် သူသည် ဆရာဘိက္ခုနီ ထေရီကြီးတို့၏ ဩဝါဒကို နာခံသည်။ သူတို့ဆုံးမလမ်းညွှန်ပြသည့်အတိုင်း ဝိပဿနာပွားများမှုကိုလည်း ကြိုးစားအားထုတ်ပြုလုပ်သည်။ ထို့နောက်မကြာမီပင် ဘုံသုံးပါးတို့၌ တွယ်တာခြင်း ကင်းပြတ်ကာ အမြတ်ဆုံးဖြစ်သော ရဟန္တာဘဝသို့ ရောက်တော်မူသည်။

တစ်နေ့သောအခါ သောမာထေရီသည်ဆိတ်ငြိမ်သောဌာနတွင် ဝိဝေက ချမ်းသာပီတိအရသာကို ခံစားရင်း အန္ဓဝန်တောရှိ သစ်ပင်တစ်ပင်အောက်တွင် သီတင်းသုံးနေတော်မူသည်။

## မာရ်နတ်နှောင့်ယှက်ပြီ

ထိုအခါ အလွန်ယုတ်မာသော မာရ်နတ်ကြီးက လာရောက်နှောင့်ယှက် လေသည်။ မုဆိုးများသည် သမင်များကို အကြောင်းမဲ့ရန်သူလုပ်နေကြသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



မာရ်နတ်အယုတ်တမာကောင်ကြီးသည်လည်း သူတော်ကောင်းတရားလိုက်စားနေသူ ပုဂ္ဂိုလ်မြတ်များကို အကြောင်းမဲ့ ရန်သူလုပ်နေသူ သတ္တဝါကြီးတစ်ကောင် မဟုတ်ပါလား။ မာရ်နတ်ကြီးသည် တည်ငြိမ်စွာ သီတင်းသုံးနေသူ သောမာထေရီကို မြင်သောအခါ ထေရီ၏ သမာဓိချမ်းသာ ပျက်ပြားစေရန် ဤသို့နှောင့်ယှက် ပြောဆိုလာခဲ့သည်။

ယံ တံ ဣသီဟိ ပတ္တဗ္ဗံ၊ ဌာနံ ဒုရဘိသမ္ဘဝံ။
န တံ ဒွင်္ဂုလပညာယ၊ သက္ကာ ပပ္ပေါတုမိတ္ထိယာ။

ဘောတိ၊ အို . . . မိန်းမကလေး။ သုဏာဟိ၊ စေ့စေ့ နားထောင်ပါလော့။ ဣသီဟိ၊ တကယ့်ရသေ့ တကယ့်ရဟန်း အထက်တန်းရောက်ပြီးသော ပုဂ္ဂိုလ်ကြီးတို့သာလျှင်။ ပတ္တဗ္ဗံ၊ ရောက်သင့်ရောက်ထိုက်သော။ ယံတံဌာနံ၊ အကြင် ရဟန္တာ ရာထူးကြီးသည်။ ဒုရဘိသမ္ဘဝံ၊ ထိထိမိမိ ဆိုက်ရောက်ခြင်းငှာ လွန်စွာ ခဲယဉ်းလှလေ၏။ တံဌာနံ၊ ထိုရာထူးအမြင့်ကြီးကို။ ဣတ္ထိယာ၊ မိန်းမ၏။ ဒွင်္ဂုလပညာယ၊ လက်နှစ်လုံးမျှသာသုံးရသော ဉာဏ်တုံးတာ ပညာကလေးနှင့်။ ပပ္ပေါတုံ၊ ဆိုက်ရောက်ခြင်းငှာ။ နသက္ကာ၊ စိတ်သာချလေတော့ ဒိဋ္ဌပင်စွမ်းနိုင်ခြင်းမရှိပေ။ *

သောမာထေရီဘိက္ခုနီအား မာရ်နတ်က ရုပ်သွင်ကိုမပြဘဲ သားရဲခြောက်သလို ကြောက်ဖွယ် အသံဆိုးကြီးဖြင့် ခြောက်လှန့် ပြောဆိုသောအခါ သောမာထေရီက ဤသို့ ပြန်လည် မိန့်ကြားလိုက်သည်။

---

*(ဤဂါထာပါ မာရ်နတ်၏စကား၌ 'ဒွင်္ဂုလပညာယ'ဟု ဆိုထားသည်။ အဓိပ္ပာယ်မှာ . . . မိန်းမတို့ကို လက်နှစ်လုံး၊ လက်နှစ်ချောင်း၊ လက်နှစ်သစ် ပညာရှင်များဟု ဆိုလိုသည်။ မိန်းမတို့သည် သိတတ်စအရွယ်မှစကာ ထမင်းချက်ရသည်။ ထိုသို့ချက်ရာ၌ ထမင်းနပ်၊ မနပ်ကြည့်သောအခါ လက်နှစ်လုံး၊ လက်နှစ်ချောင်း၊ လက်နှစ်သစ်တို့သုံးလျှက် ထမင်းနပ်၊ မနပ်ကို ဆုံးဖြတ်သူများဖြစ်သောကြောင့် သူတို့ကို ဒွင်္ဂုလပညာရှင်ဟု ထေရီ၏ အမျိုးသမီးဘဝကို နှိမ့်ချ ပြောဆိုခြင်း ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## ထေရီမိန်းကြားပုံ

ကုတ္တိဘာဝေါ် နော ကိ ကိရိယာ၊ စိတ္တမို သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှို၊ သမ္ဘာဝမ္ဓဲ ဝိပဿတော။

ဟာရေမာရ၊ အမှောင်တိုက်၍ အမိုက်ထိပ်ခေါင် ဟဲ့. . . မာရ်နတ်အယုတ်ကောင်။ သုဏာဟိ၊ စေ့စေ့ကြားအောင် နင်နားထောင်။ ဓမ္မံ၊ ကိုယ်ကောင်မဟုတ် နာမ်ရုပ်နှစ်ပါး သည်တရားကို။ သမ္ဘာ၊ သိမ်မွေ့လှစွာ ဉာဏ်ဖြင့်လွှာ၍။ ဝိပဿတော၊ အလင်းမြင်အောင် ဆင်ခြင်ရှုစား၍ နေစဉ်။ စိတ္တမှို၊ စိတ်ဓာတ်သည်။ သမာဟိတေ၊ အပြင်အာရုံတို့ကြောင့် တုန်တုန်လှုပ်လှုပ်မရှိဘဲ ခိုင်မြဲတည်တန့်လေသည်ရှိသော်။ ဉာဏမှိ၊ စူးစိုက်အားသန် ရှုစားဉာဏ်သည်။ ဝတ္တမာနမှို၊ ထိန်တဝင်းဝင်း ထွန်းလင်းဖြစ်ပေါ်သည်ရှိသော်။ နော၊ ငါတို့၏။ ကုတ္တိဘာဝေါ၊ မိန်းမအဖြစ်သည်။ ကိံကိရိယာ၊ ဘာပြုရတော့မည်နည်း။

ထိုအခါ မာရ်နတ်ကြီးဘာမှ ပြန်လည်မပြောမဆိုနိုင်သဖြင့် ထေရီက ဤ သို့ ထပ်မံ၍ဟောတော်မူပြန်သည်။

သဗ္ဗတ္ထ ဝိဟတာ နန္ဒီ၊ တမော ခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

ပါပိမ၊ ယစ်မူးစိမ့်ဝှာ မိစ္ဆာမှိုင်းတိုက် အမှိုက်ရှေ့ဆောင် ဟဲ့. . . မာရ်နတ်အယုတ်ကောင်။ မယာ၊ ငါသည်။ သဗ္ဗတ္ထ၊ လောကီအာရုံ ကာမဂုဏ်နှင့်အလုံးစုံရှိသမျှ ဘုံဘဝတို့၌။ နန္ဒီ၊ အမျှင်တန်း၍ စွဲလမ်းသော တဏှာကြီးကို။ ဝိဟတာ၊ အရှင်းပယ်သတ်၍ အတင်းဖြတ်ခဲ့ပြီးလေပြီ။ တမောခန္ဓော၊ အဝိဇ္ဇာတိုက်

ဤနေရာတွင် မိန်းမများသည် တရားထူးကို ရမှရနိုင်ပါ့မလား။ မိန်းမသည် လွန်စွာဉာဏ်သေးနုတ်သည်။ မွန်မြတ်သော လောကုတ္တရာတရားများနှင့် မထိုက်တန်ဘူးဟု ရှင်တော်ဘုရားလက်ထက်တော်၌ပင် အချို့က ယူဆယုံကြည်ထားကြဖူးသည်။ ဤအယူမှားကို ရှင်တော်ဘုရားက ပယ်ရှားတော်မူလိုသည့်အတွက် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံတော်မူခါနီးချိန်တွင် မိန်းမတို့၏ ဂုဏ်တန်ခိုးများကို အစွမ်းရှိသမျှပြပါဟု တိုက်တွန်းတော်မူသဖြင့် မိထွေးတော်ဂေါတမီသည် တန်ခိုးဣဒ္ဓိပါဋိ အမျိုးမျိုးကို ပြတော်မူခဲ့သည်။

www.burmeseclassic.com



ဘောင် အမိုက်မှောင်ကို။ ပဒါလိတော၊ ဝိဇ္ဇာတည်းဟူသောဖုံးအမြောက်ဖြင့် တိုက်ဖောက်ဖျက်ဆီးအပ်လေပြီ။ ဧဝံဇာနာဟိ၊ သည်အတိုင်း သင်သိမှတ်လေလော့။ အန္တက၊ ယစ်မူးစိမ့်ဌာ မိစ္ဆာမှိုင်းတိုက် အမိုက်ရှေ့ဆောင် ဟဲ့. . . မာရ်နတ် အယုတ်ကောင်။ တွံ၊ နင်အယုတ်တမာကောင်ကြီးသည်။ နိဟတော အသိ၊ ငါနှိပ်နင်းသဖြင့် စင်းစင်းကြီးသေ မှိုင်တွေလုံးလုံး ရှုံးကြီးရှုံး၍ ဗုန်းဗုန်းကြီး လဲခဲ့ပြီတကား။

သောမာထေရီက ဤကဲ့သို့ ရွတ်ဆိုကြိမ်းမောင်းသော် မာရ်နတ်ကြီးမှာ အလွန်စိတ်နှလုံး မသာမယာဖြစ်ပြီး 'ဘုရားသမီးတော်များဟာ လွန်စွာသတ္တိရှိပါကလား'ဟု စဉ်းစားပြီး ထိုအရပ်ဌာနမှ ပြေးသွားလေသတည်း။

**သောမာထေရီအပဒါန်ဝတ္ထု ပြီး၏။**

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းစာ၏ နိဂုံး

မဟာမိတ္တကုလေ ဇာတော၊ သိန်းထွန်းတိ ဒန္တစာရိကော။
ထေရီပါဒါနဋ္ဌကထာ၊ နန္ဒိတာ ပါဠိဘာသိတာ။
မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ ကုမာရကဿပါယတိ။
ပုညထာဝရလာဘာယ၊ မဋ္ဌ ဗုဒ္ဓယုသီယတိ။

မဟာမိတ္တကုလေ၊ သာသနာကပ်ညောင်း သူတော်မြတ်အပေါင်းတို့၏ လမ်းကြောင်းသဘာဝ ကလျာဏမိတ်စစ် ဂုဏ်သနစ်ဖြင့် ထွန်းသစ်ကျော်ဟည်း ကောင်းမြတ်သော မျိုးရိုးကြီး၌။ ဇာတော၊ ပါရမီညွန့်ဖူး ကောင်းမှုထူးကို ဖြည့်ဖူးသည့်အလျောက် ထွန်းပေါက်သန့်စင် ကောင်းစွာဖွားမြင်သော။ ဒန္တစာရိကော၊ ကိုယ်နှုတ်နှလုံး ယဉ်ယဉ်သုံးလျက် ဆုံးမချက်ပိုင် ကိုယ်၌စာနာ ဝါသနာဖြင့် ညီညာတင့်အောင် ကျင့်ဆောင်လေ့ရှိသော။ သိန်းထွန်းတိ၊ ပရိယတ်သာသနာ ပိဋကတ်အဖြာဖြာကို လျင်စွာပြန့်ရေး အဘက်ဘက်မှ အားပေးခဲ့သည့် ဦးသိန်းထွန်းအမည်သာ ဥပါသကာသည်။ နန္ဒိတာ၊ သူမြတ်တို့နှုန်း အမြိုက်ထုံးဟု နှလုံးထွတ်မြတ် မွေ့လျော်အပ်သော။ ပါဠိဘာသိကာ၊ ဘာသာထက်ဖျား ပါဠိအားဖြင့် ထင်ရှားရှိပေ ဟောကြားအပ်ပေသော။ ထေရီပဒါနဋ္ဌကထာ၊ ဘိက္ခုနီသာသနာဝင် အမျိုးသမီးရဟန်းတို့၏ ဘဝအဖုံဖုံ ပါရမီဖြည့်ပုံမှအစ အဆုံးဘဝ နိဗ္ဗာန်သို့ ဝင်စံသည်အထိ အကြောင်းစုံကို ဖော်ပြထားသော ထေရီအပဒါန် ကျမ်းမဟာကို။ မြန်မာ့ဘာသာ ဝတ္ထုဘာဝါ၊ သာသနာမြတ်နိုး မြန်မာမျိုးတို့၏ အကျိုးများစွာ ဖြစ်စိမ့်ငှာဟု မြန်မာသနစ် ဝတ္ထုသွား စကားပြေဖြစ်စေသော အဖြစ်ဖြင့်။ ပုညထာဝရ လာဘာယ၊ ငါး

www.burmeseclassic.com



ထောင်နှစ်စွဲ တည်မလွဲဟု အမြဲထာဝရ မြတ်ပုညကို လက်ရသိမ်းချုပ် ထိန်းအုပ်နိုင်ပါစေခြင်း အကျိုးငှာ။ ကုမာရကဿပါယတိ၊ သီဟိုဠ်ဘာသာ အပဒါန်အဋ္ဌကထာမှ မဂဓဘာသာ အပဒါန်အဋ္ဌကထာဖြစ်အောင် ပြန်ဆိုရေးသားစိမ့်ငှာ အရှင်ဗုဒ္ဓဃောသကို တောင်းပန်သော အရှင်ကုမာရ ကဿပကဲ့သို့ မိမိကိုယ်ကို အတူပြုကျင့်ပေ၏။ မဋ္ဌ၊ များစွာရာကျော် သံဃာတော်၏ နှစ်ဖော်ခုရ ဖြည့်ကြသိပ်သည်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၌ ကထိကဖြစ်ခိုက် ကြုံကြိုက်အခြေ ဥပမထေရ်ကိုလည်း။ ဗုဒ္ဓဃောသီယတိ၊ မာဂဓဘာသာ အပဒါန်အဋ္ဌကထာမှ မြန်မာဘာသာ ပုံတော်စုံထေရီအပဒါန်ဝတ္ထုတော်ကြီး ဖြစ်ပေါ်လာစိမ့်သောငှာ အရှင်ဗုဒ္ဓဃောသမဟုတ်ဘဲ အရှင်ဗုဒ္ဓဃောသမထေရ်ကဲ့သို့ အတူပြုကျင့်ပေ၏။

ဣတိ ဓမ္မဿာမိဘိဝံသောတိ နာမဓေယျေန ထေရေန ဝိရစိတေ
မြန်မာဘာသာ ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး ပကရဏေ
ဗဟူဟိ ဝတ္ထူဟိ ပဍ္ဍိမဏ္ဍိတော ဂန္ထော သိဝံ ဂတော။

ဣတိ၊ ဤဆိုအပ်ပြီးသော အစီအစဉ်အားဖြင့်။ ဓမ္မဿာမိဘိဝံသောတိ နာမဓေယျေန၊ ဆရာသခင် ကျေးဇူးရှင်တို့က ဓမ္မဿာမိဘိဝံသဟု မှည့်ခေါ်အပ်သော ဘွဲ့တော်ရှိသော။ ထေရေန၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်လေ့ရှိသော မထေရ်သည်။ ဝိရစိတေ၊ အထူးသဖြင့် စီရင်ရေးသားအပ်သော။ မြန်မာဘာသာ ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး ပကရဏေ၊ မြန်မာဘာသာ ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီးစကားပြေကျမ်း၌။ ဗဟူသိ ဝတ္ထူဟိ၊ များစွာသော ဝတ္ထုကြီးတို့ဖြင့်။ ပဍ္ဍိမဏ္ဍိတော၊ တန်ဆာဆင်အပ်သော။ ဂန္ထော ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီးသည်။ သိဝံ၊ ဘေးကင်းငြိမ်းချမ်း ပြီးဆုံးခန်းသို့။ ဂတော၊ ရောက်ချေပြီ။

ပုံတော်စုံ ထေရီအပဒါန်ဝတ္ထုတော်ကြီး ဤတွင် ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးချုပ်ကောက်ပိုဒ်

စိတ်ထားကြည်လင်၊ သူတော်စင်တို့၊ ကြည်လင်ရွှင်ပျ၊ ကြည့်နိုင်ကြဖို့၊ စိတ်ကမျှော်တွေး၊ မေတ္တာအေးဖြင့်၊ အလေးထားကာ၊ ရေးသားတာကြောင့်၊ ကျမ်းစာကိုရှု၊ လူပိုလ်ထုတို့၊ ကျမ်းပြုပုဂ္ဂိုလ်၊ သိဖို့လိုလိမ့်၊ တိုတိုချုံးကာ၊ ရေးပြပါအံ့။

မုံရွာခရိုင်၊ အရာတော်ပိုင်ဟု၊ ပြန့်လှိုင်တင့်လှ၊ ဝါးတောမဥ္ဇ၊ နေကြပျော်ရွှင်၊ ဦးပေါ်တင်နှင့်၊ ထို့ပြင်တစ်ဆင့်၊ ဒေါ်စောသင့်မှ၊ ဖြစ်ခွင့်ကြုံလာ၊ ကျမ်းဆရာသည်၊ ဂေ်-ဒွါ-နော-ဆာ (၁၂၉၆ ခု) နှစ်ကောဇာ၌၊ သာယာလှဆုံး၊ တန်ဆောင်မုန်းဝယ်၊ ပျက်ပြုန်းလဆန်း၊ လဆုတ်ခန်း၌၊ ရက်မှန်းဆယ်ပြည့်၊ စနေနေ့တွင်၊ ပျော်မွေ့လူ့ဘုံ၊ ရောက်ခဲ့တုံ၏။ ပြည့်စုံကုသလ၊ ပြုခဲ့ရ၍၊ ဒုလ္လဘအစစ်၊ လူ့အဖြစ်ကို၊ စနစ်ကျစွာ၊ ရခဲ့ပါပြီ၊ လူ့ရပ်လူ့ရွာ၊ ရခဲတာမို့၊ ဘဝါဘဝ၊ နောင်ကာလ၌၊ သုခချမ်းသာ၊ ဆင့်ဆင့်သာ၍၊ မှန်စွာတိုးတက်၊ နိဗ္ဗာန်ဆက်ဖို့၊ မပျက်ကြိုးကုတ်၊ စွမ်းကုန်ထုတ်လျက်၊ အပုပ်ခန္ဓာ၊ မထောက်ညှာဘဲ၊ ကုသလာတိုးမှု၊ နေ့စဉ်ပြု၏။ ယခုအခါ သင့်တင့်ရာက၊ ဘာသာအကျိုး၊ တိုးထက် တိုးဖို့၊ ထေရီအပဒါန်၊ မည်နာမံသာ၊ ဤကျမ်းစာကို၊ ရေးကာပြုစု၊ ကောင်းမှု ပြုသည်၊ ပမာလဆန်း၊ အံ့ဘနန်းမျှ၊ ဤကျမ်းရွှေစာ၊ အကျိုးဖြာစေသော်။

■ ■ ■

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com




**ပုံတော်စုံ ဗိမာနဝတ္ထုတော်ကြီး**

ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရမည်။ ရွှေ၊ ငွေ၊ စိန်၊ မြ၊ ပတ္တမြား ဗိမာန်တို့၌ စံစားနေရသူ နတ်သမီး၊ နတ်သားတို့ အကြောင်းကို ဖော်ပြထားသည်။ သူတို့ဘာကြောင့် ဤသို့ စံစားနေရသနည်း၊ ဤကျမ်းစာကို ဖတ်ခြင်းဖြင့် ယခု လူ့ဘဝဖြစ်နေသူ တစ်ယောက် အဘယ်သို့သော ကောင်းမှုပြုရမည်ကို သိသွားမည်။



**အရှင်ဓမ္မသာမိဘိဝံသ မီရင်ရေးသားသော**
**ပုံတော်စုံ ပေတဝတ္ထုတော်ကြီး**

ပေတဝတ္ထု၏ အဓိပ္ပာယ်မှာ ချမ်းသာသုခ မရှိသူတို့၏ တစ်နည်းအားဖြင့် ဆင်းရဲဒုက္ခအဖုံဖုံ ခံစားနေရသူ ပြိတ္တာအမျိုးမျိုး တို့၏ အကြောင်းခြင်းရာကို ဖော်ပြထားသော ကျမ်းစာဟု ဆိုနိုင် ပေသည်။ သို့သော် ပေတဝတ္ထု၌ပါရှိသည်မှာ ပြိတ္တာတို့၏အကြောင်း ခြင်းရာများနှင့်တကွ ပုံတော်များပါထည့်သွင်း၍ ပါဠိဝါကျများ ဆိုလိုရင်း ကို သဒ္ဒါ၏အနက်အဓိပ္ပာယ် မပျက်စေဘဲ မြန်မာစကားပြေဖြင့် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။



**ဒီပနီပေါင်းချုပ်**


ကျီးသဲညွန့်နိုင်၏ – တပေကပေသော ဘဝတိုးတက်ရေး။
ဆရာဇော်ဂျီ၏ – သူတို့စာရေးကြပုံ။
ဦးမြဝင်း [ဒဿန] ပါမောက္ခ၊ ပြည်တက္ကသိုလ် – ဆရာ့ကျေးဇူး မထိမ်မြှုပ်ခဲ့၊ ရခဲလှတဲ့ ပုဂ္ဂိုလ်နှစ်ဦး။
ဓမ္မာစရိယဦးဌေးရှိုင် – ဆရာတော်ဦးတိလောက၏ ဘဝတစ်ကွေ့ နှင့်စပ်လျဉ်းသော အမြင်များ၊ အဋ္ဌရာယ်ကင်း မဟာပရိတ်တော်ကြီး. ဘုရားရှိခိုး၊ နေကြွမ္ပဝိဓာနဒီပနီကျမ်း၊ လက္ခဏာဒီပနီကျမ်း၊ အရိယာ မဂ္ဂဒီပနီကျမ်း၊ ပဋ္ဌာနသုတ်ပါဠိနိဿယ၊ ဓမ္မရာသီကျမ်း၊ တိုင်းကြီး သောဥဿ ကမ္ဘာမြေပုံကျမ်းနှင့် မှတ်တမ်းတင် ဓာတ်ပုံများ ပါဝင်ပါ သည်။


www.burmeseclassic.com

www.burmeseclassic.com











# ပုံတော်စုံ ခေတ်မီ
# ငါးရာငါးဆယ်နိပါတ်တော်စကားပြေ


## ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ တွဲများထွက်ပြီ

- ခေတ်မီ ငါးရာငါးဆယ် နိပါတ်တော်စကားပြေ ဟူသော ကျမ်းအမည်ဖြင့်ပင် စာအုပ်ပါအကြောင်းအရာများကို မေးစရာမလိုတော့ပါ။
- ဇာတ်တော် ငါးရာငါးဆယ်ကို အတိုဆုံး၊ အရှင်းဆုံး ရေးသားနည်းဖြင့် ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးသားထားသည်။
- တိုတိုရှင်းရှင်း ရေးသားထားသော်လည်း ဇာတ်လမ်းအရသာလုံးဝမပျက်စေဘဲ ရောင်စုံပုံတော်များပါ ထည့်သွင်းဖော်ပြထားပါသည်။
- ခက်ခဲသော၊ ငြီးငွေ့ဖွယ်သော၊ ရှည်လျားသော စာကြောင်း စာပုဒ်များ မပါပါ။
- မြန်မာစာဖတ်တတ်ရုံမျှ ကျွမ်းကျင်လျှင်ပင် ငါးရာငါးဆယ် ဇာတ်လမ်းအစုံ သိရှိနိုင်ပါသည်။
- ကျမ်းကြီးကျမ်းခိုင်နှင့် စာကြီးပေကြီးဖြစ်သော်လည်း စကားပြေဖြင့် ရေးသားထား၍ ဖတ်မှတ်ရာ၌ လွယ်ကူသည်။
- အတွဲငါးတွဲခွဲ၍ ရေးသားထားသော်လည်း တစ်တွဲနှင့်တစ်တွဲ ဇာတ်လမ်းဇာတ်ကွက် ကူးစက်မှုမရှိပါ။
- ထက်၊ လယ်၊ မူ မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ၊ ရဟန်းရှင်လူများအားလုံးဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ချိထားသည်။

ခင်ချိုထွန်းစာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။ ဖုန်း (၀၁) ၅၄၂၀၅၆


www.burmeseclassic.com

www.burmeseclassic.com




## ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ပဌမတွဲ

ဓေဓတ်အလောင်း သေရိဝရွဲကုန်သည်က ဘုရားအလောင်း ရွဲကုန်သည်အား ရန်ငြိုးဖွဲ့ခဲ့ပုံ၊ ယခုဘုရားလက်ထက် ဘုရားရှင်အား လုပ်ကြံခဲ့ပုံအမျိုးမျိုး၊ မာဂဏ္ဍီပုဏ္ဏားကြီးတို့၏ အကြောင်းစုံ၊ ဥဒေန မင်းကြီး၏ မိဖုရားပြိုင်သုံးယောက်တို့ နန်းတွင်းအရှုပ်တော်ပုံစသည့် ဖတ်ဖွယ်မှတ်ဖွယ်အစုံစုံမှအစ ရွှေလက်ထက်တော်က ဝတ္ထု ၁၀၆ ပုဒ် တို့ဖြင့် သားသားနားနား သပ်သပ်ရပ်ရပ် ကာလာစုံ ပုံတော်များဖြင့် ခြယ်မှုန်းဖော်ပြထားသည်။



## ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲ

ကုသိုလ်အထူးပြုဖူးပါလျက် တစ်ခါမျှပျက်မိကာ လိမ်ညာမှုသား ပြောမိမှား၍ အဝီစိငရဲ၌ ကျခံရသော ပသေနဒီ ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီး မလ္လိကာဒေဝီ၊ အလှဘုရင်မ နုဂရသောဘိဏီမော် သီရိမာ၊ အိမ်နောက်ဖေးခြံဝင်းကြီးထဲမှ ရွှေဆိတ်ရုပ်ကြီးများ၏ ပါးစပ် ထဲမှ လိုရာရနေသော သူဌေးကြီးစသည့် ရွှေလက်ထက်တော်က ဖြစ် ရပ်ပေါင်း ၁၃၈ ခုတို့ကို ကာလာစုံ သရုပ်ဖော်ပုံတို့ဖြင့် စေဝေဆာဆာ ဖြန့်ချီလိုက်ပါပြီ။




## ပဏ္ဍိတဝေဒနီယဒီပနီကျမ်း

ပဏ္ဍိတ = ပညာရှိတို့။ ဝေဒနီယ = သိသင့်သိထိုက်သည် များကို။ ဒီပနီ = စုံစုံလင်လင် ရှာဖွေစုဆောင်းတင်ပြထားသော ကျမ်း စာ ... ဖြစ်၍ အရွယ်မရွေး လေ့လာဖတ်ရှုသင့်သည်။ ဖတ်ရှုသူတိုင်း ထူးထူးခြားခြား အကျိုးများစေနိုင်သည်။ ပညာရှိဖြစ်လိုသူတိုင်း၊ ပညာ စုံ ရှာဖွေသိရှိလိုသူတိုင်း၊ လက်ကိုင်ထားရမည့် ကျမ်းကြီးတစ်စောင် ဖြစ်သည်။ ဆရာတော် ဦးတိလောက၏ ထေရုပ္ပတ္တိကိုလည်း အပြည့် စုံဆုံး ဖော်ပြထားပါသည်။


www.burmeseclassic.com

www.burmeseclassic.com




## ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ပထမတွဲ

ရွှေမန်းတင်မောင်၏ နာမည်ကြီး ရွှဲကုန်သည့် ဇာတ်အပြင် ကောသလအိပ်မက်ဆယ့်ခြောက်ချက်၊ အစေးကပ်သောဘီလူးကိုယ်မှာ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းပါကပ်နေသော်လည်း အသက်မသေဘဲ အောင်ပွဲခံသူ၊ ဘုရားလောင်း မိစ္ဆာဒိဋ္ဌိလုပ်ခဲ့ဖူးပုံ၊ ယုတ်မြတ်မရွေး အနာထပိဏ်သူဌေး မိတ်ဆွေဖွဲ့ပုံ၊ ကျားသေကို အသက်သွင်းသူ စသည်စသည်ဖြင့် ဇာတ်ပေါင်း ၁၅၀ တို့ပါဝင်ပြီး ငယ်–လတ်–ကြီး ပြဋ္ဌာန်းချက်ပါ ဇာတ်တော်များအတွက် ဘာသာပြန် ကျမ်းကြီးအဖြစ် အားထားနိုင်ပါသည်။



## ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု ဒုတိယတွဲ

ဥဒေါင်းမင်း ညွှတ်ကွင်းမိပုံ၊ ချစ်လိုက်သည်မှာ မိဖုရားသေလို့တောင် မစွန့်ပစ်နိုင်ပုံ၊ သံကိုကြွက်စား သားကိုစွန်ချီ ဆရာကိုအနိုင်တုရဲ့သော တပည့်စောင်းသမား၊ အတောင်းအရမ်းထူတော့ ကြည်ဖြူမှုသဖွါပျက်၊ သူရဲကောင်းဆိုတာ အသက်ကိုစွန့် သေဝံ့မှ၊ နည်းဗျူဟာကောင်း၍ စစ်နိုင်ပုံ၊ အဆွေခင်ပွန်းသည် အမြတ်ဆုံးစသည်ဖြင့် ဇာတ်ပေါင်း ၂၀၀။




## ပုံတော်စုံ ငါးရာငါးဆယ် ဇာတ်ဝတ္ထု တတိယတွဲ

လူတိုင်းကို သီလပေးဆုံးမ၍မရ၊ နှံပြည်စုပ်ငှက်ကလေးက ဆင်ကြီးကိုပင်သတ်ပုံ၊ လူအဖြစ်နဲ့ ငရဲရောက်သူ၊ ကြာပွင့်သခွေးသူကို မိဖုရားပြုလို၍ သုံးနှစ်စောင့်ရတဲ့မင်း၊ သွေးသွန်ရောဂါကို ဆေးမပါဘဲ ကုပုံ၊ ဂဠုန်ကိုမကြောက်ပေမယ့် ငှက်ငယ်ကိုတော့ ကြောက်ရတဲ့ ရှုကွမိုး၊ ဘုရားရှင် ပါလိလေယျကတောသို့ ဘာဖြစ်လို့ ကြွရ။ ရွှေမန်းတင်မောင်၏ "ဝိသာဘာဂကြောင့် ဈာန်လျှောကျ"တယ်ဆိုတာ စသည် ၁၁၄ ဇာတ်တို့ကို ဖော်ပြထားသည်။


www.burmeseclassic.com

www.burmeseclassic.com



## ပုံတော်စုံ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု စတုတ္ထတွဲ

စိဋ္ဌမာထာ မြေမျိုခံရပုံ၊ မိတ်ဆွေလက္ခဏာ – ရန်သူလက္ခဏာ ခွဲသိရန်၊ ရွှေသမင်ဘယ်ကတွက် မင်းကြီးဘာကတွက်ပုံ၊ တစ်ညရေး တာနှင့် နှစ်ပေါင်း ခုနစ်ရာဆွေးကြွေတဲ့ ကိန္နရာမောင်နှံ၊ နေ့ခံ၍ ညဥ့်စံရသော ပြိတ္တာ၊ အသက်ကယ်တင်ရှင်ကို ပြစ်မှားမိသူ စသည်ဖြင့် ၅၇ ဇာတ်တို့ကို ပြည့်ပြည့်စုံစုံရေးသားခြယ်မှုန်းထားသည့် ကျမ်းစာ။



## ပုံတော်စုံ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ပဥ္စမတွဲ

ဆံပင်တစ်ပင်ဖြူသည်ကို သေးမဆိုးဘဲ တောထွက်၍ ရဟန်းပြုသောမင်း၊ ဣသိသိင်္ဂရသေ့ကို မင်းသမီးဖျက်ပုံ၊ ဉမ္မာဒန္တီအလှမယ်နှင့် သိဝိဘုရင်၊ လူမိန်းမအဖြစ်နှင့် နတ်ပြည်သို့ရောက်ပြီး ခုနစ်ရက် နေခဲ့ရသူ၊ လူသားစားတဲ့ ပေါရိသာဒအကြောင်း စသည်ဖြင့် ၁၇ ဇာတ်တော်များကို ပါဠိပိဋကတ်တော်လာအတိုင်း အနုစိပ် ပြန်ဆိုရေးသား ရေးသားထားသည်။

## ပုံတော်စုံ ဇာတ်တော်ငါးရာ့ငါးဆယ်အနှစ်ချုပ်




အတွဲပေါင်းများစွာဖြင့် ရေးသားဖော်ပြနေကြသော ဇာတ်တော် ငါးရာ့ငါးဆယ်ကို တစ်အုပ်တည်း တစ်တွဲတည်းဖြင့် ပြုစုထားသည်။ စရိတ်ကုန်သက်သာပြီး အချိန်ကုန်လည်း နည်းသွားမည်၊ အနှစ်ချုပ်ဆိုသည့်အတိုင်း အကာမပါ အနှစ်သာရတို့ မကျန် စေရအောင် ပြုစုထားသည်။

ပါဠိမဖက် မြန်မာစကားပြေ သက်သက်ဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းမှသည် တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများ လေ့လာလိုသူများအားလုံးအတွက် ဖတ်ရှု လေ့လာနိုင်ရန် ရည်ရွယ်၍ ပြုစုထားပါသည်။ ဖတ်၍ မငြီးနိုင်အောင် ရေးသားထားသဖြင့် လက်ကမချချင်အောင် ဖြစ်မှာသေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ ပထမတွဲ

ဘုရားအလောင်းတော် တေမိမင်းသား၊ ဇနကမင်းသား၊ သုဝဏ္ဏသာမ၊ နေမိမင်းကြီး၊ မဟောသဓပညာရှိသုခမိန်တို့၏ ဘဝ အဖုံဖုံကို လောကီ-လောကုတ် သိမှတ်ဖွယ်၊ အတုယူဖွယ်တို့ဖြင့် ပြေပြေပြစ်ပြစ် ဖတ်ချင့်စဖွယ် ရေးသားပြန်ဆိုဖော်ပြထားသည်။ လောကီ-လောကုတ္တရာ-လူမှုရေးနယ်ပယ်စုံတို့အတွက် အသုံးဝင်သိရှိမှတ်သားဖွယ် အစုံအလင်တို့ပါဝင်သည်။



## ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ ဒုတိယတွဲ

မဟောသဓသုခမိန်၏ ဘဝဒုတိယပိုင်းမှစကာ အလောင်းတော်မင်းသား၏ ဘူရိဒတ်နဂါးမင်း၊ စန္ဒကုမာရ မင်းသားဖြစ်စဉ်၊ နာရဒဇာတ်တော်၊ ဝိဓူရပညာရှိ၏ ပညာပြခန်းများ၊ ဝေဿန္တရာ မင်းကြီးဘဝ အဖြစ်တော်စုံများ စုံစုံလင်လင် ပါရှိသည်။ ဘုရားဖြစ်ခါနီး အရင့်အမာဘဝ ကျင့်စဉ်များဖြစ်၍ ရဟန်းရှင်လူရော ဘာသာရေး လေ့လာသူတို့အတွက်ပါ လေ့လာမှတ်သားသင့်သည့် ကျမ်းစာဖြစ်သည်။




## ပုံတော်စုံ ဇာတ်တော်ကြီးဆယ်ဘွဲ့အနှစ်ချုပ်

ပါဠိမပါ မြန်မာစကားပြေသက်သက်ဖြင့် ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်အရေးဖြင့် ရှင်းရှင်းလင်းလင်း ရေးသား ပြုစုထားပါသည်။ ဇာတ်လမ်းအီနေခြင်း၊ စာကြောရှည်ခြင်းမရှိ၊ ဖတ်သမျှ မှတ်မိလွယ်သည်။ သိသမျှ ခေါင်းထဲ စွဲသွားစေရမည်။ အနှစ်ချုပ် ဖြစ်သဖြင့် အနှစ်သာရ အားလုံးပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှင်ဓမ္မဿာမိဘိဝံသ စီစဉ်ရေးသားသော

# ပါဠိ - မြန်မာအဘိဓာန် ခေတ်မီ

**အဘိဓာန်ဝင်ပုဒ်ပေါင်း[၃၀၀၀၀]ကျော်ပါဝင်ပါသည်**


တမျက်နှာ(၁၀၀၀)ခန့်၊ သီချုပ်၊ ကဒ်ထူးဖုံး၊ ခန့်ချုပ်၊ ငွေမင်ရိုးစက္ကူရော်၊ ခေတ်မီအဆင့်မြင့် ထုပ်ပိုးစနစ်တို့ဖြင့် ဖြန့်ချိထားပါသည်။

တမူခွင့်ပြုချက်အမှတ် (၃၂၀၁၉၅၀၅၀၃) ဖြန့်ချိခွင့်အမှတ် (၃၂၀၂၃၂၀၅၀၆)



**စေတီယပကာသနီကျမ်း**

မြတ်စွာဘုရားအလောင်းတော် သန္ဓေတည်သည့်မှ ပရိနိဗ္ဗာန်စံတော်မူပြီး ဓာတ်တော်များမြှုပ်နှံထားသည်အထိ ဗုဒ္ဓဝင်အကျဉ်းချုပ်၊ စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်များ ထုလုပ်တည်ထား ကိုးကွယ်ရာ၌ သိသင့်သိအပ်သော အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်များ၊ ရွှေဥမင်ဆရာတော်၏ ပုဂံခေတ်စေတီ တည်ထားပုံနှင့် ရုပ်ပွားဆင်းတုတော် ကိုးကွယ်နည်းများ၊ တောင်ဖီလာ ဆရာတော်နှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဩပမာ သွင်းပုံနည်းစနစ်အမျိုးမျိုး၊ စေတီ၊ ရုပ်ပွားနှင့်သက်ဆိုင်သော အခမ်းအနားများ၌ ရေးခေတ်၊ အလယ်ခေတ်နှင့် ယခုခေတ်သုံး နည်းအဖုံဖုံတို့ကို စုစည်းဖော်ပြထားသည်။




**စွယ်စုံကျော်ထင်ကျမ်း**

၁၂၂၇ ခုနှစ်တွင် ရေးသားပြုစုပြီးခဲ့သော စွယ်စုံကျော်ထင် အဖြေကျမ်းသည် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ မသိတာမရှိအောင် ကြီးမားများပြားလှသည့် မ ့ တစ်လုံးကျေ ပညာပါရမီကြီးရင့်မှုကို ပြသနေပေသည်။ ဤသို့ နက်နဲခက်ခဲလှသည့် လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးရှိမည့် နည်းယူမှတ်သားစရာ ပညာရပ် ဗဟုသုတအထွေထွေကို ကျမ်းအစောင်စောင်မှ ထုတ်နုတ်လက်စွမ်းပြ အဖြေတစ်ထောင်ကျော် ဖြေဆိုထားတော်မူသောကြောင့် လူကြိုက်များလှသော စာအုပ်တစ်အုပ် ဖြစ်နေသည်။

www.burmeseclassic.com


www.burmeseclassic.com

# သိ, ကြား, လိမ္မာစေဖို့ စာဖတ်စို့



## ပုံတော်စုံ ဇိနတ္ထပကာသနီကျမ်း


ဘုရားအလောင်းတော် သေတကေတုနတ်သားဘဝမှ သိဒ္ဓတ္ထမင်းသားဘဝ၊ ထို့နောက် ဘုရားဖြစ်ကာ ပရိနိဗ္ဗာန်ပြုတော်မူပုံ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဓမ္မဒေသနာတော်များအား သင်္ဂါယနာသုံးတန် တင်ကြပုံ၊ ဗုဒ္ဓသာဝက ရဟန္တာအရှင်မြတ်ကြီးများ၊ ထေရီမများ၊ အနာထပိဏ်၊ ဝိသာခါ၊ အောင်ခြင်းရှစ်ပါးနှင့် ဒေဝဒတ်၊ အဇာတသတ်တို့၏ အကြောင်းစုံတို့အပြင် ကျမ်းပြုဆရာတော်ကြီး၏ မဟာနမက္ကာရ ဘုရားရှိခိုးနှင့် သာသနာပြုခရီးစဉ် အကျယ်တို့ ပါဝင်ပါသည်။



## ပုံတော်စုံ မူလမဟာဗုဒ္ဓဝင်

BURMESE CLASSIC

ဘုရားအလောင်းတော်တို့ဘဝများစွာ ပါရမီဖြည့်ရပုံ၊ ဒီပင်္ကရာစသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များ၊ ဗုဒ္ဓဂေါတမ အလောင်းတော် သုမေဓာဘဝမှအစ ဘုရားဖြစ်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဒေါဏပုဏ္ဏားကြီးတို့ ဓာတ်တော်များ ခွဲဝေပုံအထိ ဖြစ်တော်စဉ်များ၊ အထူးသဖြင့် ဗုဒ္ဓပွင့်တော်မူခဲ့ရာ ဒေသရှိ ဗုဒ္ဓ၊ ဗုဒ္ဓသာဝကတို့၏ ဖြစ်တော်စဉ် အထိမ်းအမှတ်ပြု နေရာများကို ရှားရှားပါးပါး ပုံတော်များဖြင့် ခမ်းခမ်းနားနား ရှုဖွယ်ထည့်သွင်းဖော်ပြထားသည်။



## မိလိန္ဒပဉ္ဟာဝတ္ထု

ရတနာသုံးပါးအကြောင်း နိုက်နိုက်ချွတ်ချွတ် မေးသူကမေးပြီး ရှင်းရှင်းလင်းလင်း ဥပမာ – ဥပမေယျတို့ဖြင့် ဖြေသူက ဖြေဆိုထားသည်။ ဤကျမ်းစာကိုဖတ်ခြင်းဖြင့် စာဖတ်သူတွင်ရှိနေသော ဓမ္မ၊ သဘာဝ စသည်တို့နှင့် ပတ်သက်သော သံသယများ ရှင်းလင်းသွားမည်။ ဆွေးနွေးဖော် ဆွေးနွေးဖက်တို့နှင့် ပတ်သက်၍ အချေအတင် ဆွေးနွေးလိုလျှင် ဘယ်နည်းဖြင့် ဆွေးနွေးမလဲ၊ တန်းတူထား၍ ဆွေးနွေးသင့်သူ မသင့်သူ စသည်ကို ရှင်းလင်းစွာ မေးဖြေထားသည်။

www.burmeseclassic.com